LING SHORT STORIES BY AGATHA CHRISTIE



ဝဝဟောင်းသို့တစ်ခေါက်အပြန်

ကျော်ကျော်

ဒို့တာဝန်အရေးသုံးပါး

မြန်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

- မြန်မာအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏မြန်မာ့တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- မြန်မာ့တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးပိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- နိုင်မာသည်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ပြစ်ပေါ်လာသည်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- စက်ွကက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြွရှိခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

စာအုပ်၊၄၇၊

ဘဝဟောင်းသို့ တစ်ခေါက်အပြန်

ကျော်ကျော်

SOME THRILLING SHORT STORIES

BY AGATHA CHRISTIE

ကျော်မွေး ၀၉ ၅၀၅ ၇၇၉၁ မှ ဖြန့်ချိသည်။

စာမူခွင့်ပြုချက်အမှတ်
၅၁၁၇၂၄၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၁၇၁၇၁၂၀၈
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၉၊ ဖေဖော်ဝါရီ "ကျော်မွေး"
အုပ်ရေ
၅၀၀
မျက်နှာဖုံး
မောင်ဒေး
ကွန်ပျူတာစာစီ
Nice Computer
အတွင်းဖလင်
ပုံရိပ်ရှင်
ထုတ်ဝေသူ
ဝင်းကျော်ထွန်း၊ မုံရွေးစာပေ
၈၀(ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်
၈၀(ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
ကိုမြင့်
တန်ဖိုး
၄၀၀၀ ကျပ်

မာတိကာ

၁။	အိမ်ရှင်မတစ်ဦး၏ပြဿနာ (The Case of the Middle-aged wife)	၁
၂။	ဘဝဟောင်းသို့ တစ်ခေါက်အပြန် (The Case of the Rich Woman)	၁၈
၃။	တရားလိုပြသက်သေ (The Witness for the Prosecution)	၃၉
၄။	အန္တရာယ်ကုန်သည် (The Case of the discorrtented Soldier)	၆၇
၅။	မတော်တဆ (Accident)	၈၈
၆။	သံစဉ်ချစ်အိမ်ဝက်ပါ (Philomel Cottage)	၁၀၂
၇။	စတုတ္ထခရီးသည် (The Fourth Man)	၁၂၈
၈။	မီးနီ (THE RED SIGNAL)	၁၅၀
၉။	တန်ဆေးလွန်ဘေး (Problem at Pollensa Bay)	၁၇၆
၁၀။	ကိုယ်ပျောက်သေတမ်းစာ (Motive V Opportunity)	၁၉၅
၁၁။	သွေးစက်ပဟေဠိ (The Bloodstained Pavement)	၂၁၀
၁၂။	အပြာရောင်ကြွေပန်း၏ပဟေဠိ (The Blue Geraniun)	၂၂၈

၁၃။	မျက်နှာဖုံးစွပ်အမျိုးသမီး၏ပဟေဠိ (The Veiled Lady)	၂၃၅
၁၄။	အကြဲကြီးကြဲဝုံသူ (The Adventure of The Claphan Cook)	၂၄၈
၁၅။	လက်မတင်ကလေး (Wasp's Nest)	၂၆၃
၁၆။	ဂျစ်ပစီ (The Gipsy)	၂၇၄
၁၇။	လနတ်သမီး၏ရုပ်ထုစံအိမ် (The Idol House Of Astarte)	၂၈၆
၁၈။	အကြဲသမားနှင့်ဘာဏ်ကစားပွဲ (Comish Mystery)	၃၀၁
၁၉။	ထူးဆန်းသောမင်္ဂလာလက်ဖွဲ့ (The Face Of Helen)	၃၁၈
၂၀။	ကောင်းကင်ပေါ်ကသဲလွန်စ (The Sigin in the Sky)	၃၃၄
၂၁။	မျိုးဆက်ကျိန်စာ (The Iemesurier Inherintance)	၃၅၂
၂၂။	လှည့်စားကြမ္ဘာမလွတ်သာ (The Voice in the Dark)	၃၆၇
၂၃။	နိုင်းမြစ်ပေါ်က မရဏာ (Death on the Nile)	၃၈၃
၂၄။	မအောင်မြင်သောလှည့်ကွက် (The Market Basing Mystery)	၃၉၇
၂၅။	မမျော်လင့်သော ကယ်တင်ရှင် (The coming of Mr. Rurin)	၄၀၈
၂၆။	အတောင်ကျိုးငှက်ငယ်ပမာ (The Bird with me the Broken wing)	၄၂၈

အိမ်ရှင်မတစ်ဦး၏ပြဿနာ

စိတ်တိုင်းမကျမှုများဖြင့် ဒေါသထွက်နေသော မစ္စတာပက်ကင်တန်သည် အိမ်တံခါးကိုဆောင့်ပိတ်ခဲ့ပြီး မြို့ထဲသွားမည့် ၈ နာရီ ၄၅ ရထားမီရန် ခပ်သွက်သွက်ထွက်သွားလေသည်။ မစ္စစ်ပက်ကင်တန်မှာ နံနက်ခင်းစာ စားပွဲတွင် ထိုင်လျက်ကျန်ရစ်ခဲ့၏။ သူမျက်နှာမှာရဲနေသည်။ နှုတ်ခမ်းများ ကိုတင်းတင်းစေ့ထား၏။ သူငိုမချလိုက်ခြင်းအကြောင်းမှာ ဝမ်းနည်းမှု နေရာတွင်ဒေါသက အစားဝင်လာသောကြောင့်ဖြစ်၏။ "ငါသည်းမခံနိုင် တော့ဘူး" မစ္စစ်ပက်ကင်တန် ကပြောလိုက်သည်။ စိတ်ပျက်စရာများကို ထိုင်စဉ်းစားနေရင်းက "အတော် အရှက်မရှိတဲ့မိန်းမပဲ ရွံစရာကောင်းတယ်။ ဟွာ့ကို ဘယ်လိုအရွဲ့လုပ်လိုက် သလဲမသိဘူး"

ဒေါသနေ ရာတွင် ဝမ်းနည်းမှုကဝင်လာပြန်၏။ မျက်ရည်များကပါးပြင် ပေါ်ဖြည်းဖြည်းလိမ့်ဆင်းလာသည်။ "အရွယ်လတ်ပိုင်းရောက်မှ ကလေးလို ဖြစ်နေရပါလား။ ငါ သည်းမခံနိုင်တော့ဘူး။ ဒါပေမဲ့ ငါဘာလုပ်နိုင်လို့လဲ" ခေတ်တရက်ပင် သူ အထီးကျန်သလို ခံစားလိုက်ရသည်။ အကူအညီမဲ့စွာ စိတ်ထိခိုက်နာကျင်နေ၏။ သူက မနက်ခင်းသတင်းစာကို ခပ်ဖြည်းဖြည်း ယူဖတ်လိုက်မြန်သည်။ ရှေ့စာမျက်နှာမှ ကြော်ငြာတစ်ခုကို ထပ်၍ကြည့်မိ ၏။

> "သင်ပျော်ရွှင်နေပါသလား၊ မဟုတ်လျှင်တော့မစ္စတာပါကားပိုင်း နှင့် လာဆွေးနွေးပါ။ ၁၇ ရစ်ချပ္ပန်လမ်း"

"အဓိပ္ပာယ်မရှိဘူး"မစ္စစ်ပက်ကင်တန်ကရေရွတ်လိုက်၏။ "လုံးဝ အဓိပ္ပာယ်မရှိဘူး"ထို့နောက်-"ဘာပဲဖြစ်ဖြစ် သွားစုံစမ်းကြည့် ရုံ ကောင်းမလား"

ဖော်ပြပါတို့မှာ နံနက် ၁၁ နာရီတွင် စိတ်မတည်မငြိမ်ဖြစ်နေသော မစ္စစ်ပက်ကင်တန် တစ်ယောက် မစ္စတာပါကားပိုင်း၏ ရုံးခန်းထဲသို့ ဆောက် နေချခြင်းအကြောင်း ဖြစ်ပါသည်။

စိတ်မငြိမ်သက်စွာ သောကရောက်နေသော မစ္စစ်ပက်ကင်တန်သည် မစ္စတာ ပါကားပိုင်းကိုမြင်လိုက်ရသည်နှင့် အနည်းငယ်စိတ်သက်သာရာရ သွားသည်ကတော့အမှန်ပင်ဖြစ်သည်။ သူသည်ကိုယ်လုံးကိုယ်ထည်ကြီး၏။ ဝသည်ဟုတော့ မပြောနိုင်ပါ။ နဖူးအနည်းငယ်ပြောင်ပြီး ခန့်ညားဟန်ရှိသည်။ မျက်မှန်ထူထူနှင့် တစ်ခါတစ်ရံ မျက်လုံးပုတ်ခတ်ပုတ်ခတ်လုပ်လေ့ရှိသည်။

"ကဲ-ထိုင်ပါဦးခင်ဗျာ" မစ္စတာပါကားပိုင်းကပြော၏။ "ကျွန်တော့် ကြော်ငြာတွေ့လို့ လာခဲ့တယ်ထင်ပါရဲ့" သူက ကူညီလိုဟန်ဖြင့် ဆက်ပြောသည်။

"ဟုတ်ပါတယ်" မစ္စစ်ပက်ကင်တန်ကပြန်ဖြေသည်။ ထို့နောက် ဆက်မပြောတတ်ဟန်ဖြင့် ငြိမ်နေ၏။ "ခင်ဗျား စိတ်မပျော်မရွှင် ဖြစ်နေရတယ်ပေါ့။" မစ္စတာပါကားပိုင်းက နှစ်သိမ့်သောလေသံဖြင့် အလေးအနက်ထား၍ ပြောလိုက်သည်။ "ပျော်ရွှင်ကျေနပ်နေတယ်ဆိုတဲ့လူတွေက လူနည်းစုပါ။ အဲဒီလိုလူမျိုး ဘယ်လောက်နည်းသလဲလို့သိလိုက်ရင် ခင်ဗျား တကယ်အံ့ဩသွားရလိမ့်မယ်"

"ဟုတ်လားရှင့်" မစ္စစ်ပက်ကင်တန်က တခြားလူတွေ ပျော်တာ မပျော်တာ စိတ်မဝင်စားလှဘဲ စကားထောက်လိုက်၏။

"ခင်ဗျားအဖို့မှာတော့ ဒီအချက်က အရေးမပါဘူးပေါ့။ ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ အတော်အရေးကြီးတယ်ဗျ။ စဉ်းစားကြည့်ဗျာ။ ကျွန်တော်ဟာ အစိုးရဌာနတစ်ခုမှာ လူတွေရဲ့ သဘာဝနဲ့ ပတ်သက်တဲ့အချက်အလက်မျိုးစုံ စုစည်းရတဲ့အလုပ်ကို သုံးဆယ့်ငါးနှစ်ကြာအောင် လုပ်ခဲ့ရတာကိုး။ အခု ကျွန်တော် အငြိမ်းစားယူလိုက်တဲ့အခါ ကျွန်တော်ရခဲ့တဲ့ အတွေ့အကြုံတွေကို ပြန်အသုံးချနိုင်တဲ့ အခြေအနေဖြစ်လာတယ်။ တကယ့်တော့ ရိုးရိုးစင်းစင်း အလုပ်ပါပဲဗျာ။ စိတ်မပျော်ရွှင်မှုဆိုတာကို အုပ်စုခွဲလိုက်ရင် ငါးမျိုး ပဲရှိတာပေါ့။ ဒီ့ထက်မပိုပါဘူး။ အနာသိတော့လည်း ဆေးရှိရတော့တာပေါ့ဗျာ"

မစ္စစ်ပက်ကင်တန်က ငေးစိုက်နားထောင်ရင်း တွေးနေ၏။ သူပြောတဲ့အတိုင်း ဖြစ်နိုင်ရဲ့လား။ အဓိပ္ပာယ်မရှိတာတွေများ ဖြစ်နေမလား။

"ကျွန်တော့် အလုပ်က ဆရာဝန်တစ်ယောက်လိုပဲခင်ဗျ။ ဆရာဝန် ဟာ သူ့လူနာ ဘာတွေမူမမှန်ဖြစ်နေသလဲဆိုတာသိရအောင် ပထမဆုံး ရောဂါရှာရတယ်မဟုတ်လား။ ပြီးမှ သင့်လျော်တဲ့ကုထုံးနဲ့ ကုသရတယ်။ တစ်ခါတစ်ရံတော့လည်း ရောဂါကျွမ်းနေတဲ့လူနာမျိုးတွေရှိသလို ဘယ်လိုမှရှင်းမရတော့

တဲ့ကိစ္စမျိုးတွေလည်း ကြုံရတတ်တယ်ဗျ။ အဲဒီကိစ္စမျိုးမှာတော့ ဘာမှမတတ်နိုင်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောလိုက်ရတာပါပဲ။ဒါပေမဲ့မစ္စစ်ပက်ကင်တန်၊ ကျွန်တော် အမှုကိစ္စတစ်ခုကို လက်ခံဆောင်ရွက်ပြီဆိုရင်တော့ အဲဒီကိစ္စအောင်မြင်ရမယ်လို့ အာမခံပါတယ်ဗျာ"

မစ္စစ်ပက်ကင်တန် မျှော်လင့်ချက်များနှင့် အားတက်လာမိသည်။

"ကဲ-ဒီတော့ ခင်ဗျားရဲ့ ကိစ္စကို အဖြေရှာကြည့်ကြစို့လား" မစ္စတာပါကားပိုင်းက ပြုံး၍ ပြောလိုက်သည်။ သူက ကုလားထိုင်နောက်မှီတွင် အေးဆေးစွာ မှီထိုင်လိုက်ရင်း လက်ချောင်းထိပ်များ အချင်းချင်းထိထားလျက် ဧည့်သည်အမျိုးသမီးကို အကဲခတ်လိုက်၏။

"ခင်ဗျားစိတ်အနှောင့်အယှက်ဖြစ်နေရတဲ့ ကိစ္စဟာ ခင်ပွန်းသည်နဲ့ ပတ်သက်လိမ့်မယ်။ ခြုံကြည့်ရင်တော့ ခင်ဗျားမှာပျော်စရာကောင်းတဲ့ အိမ်ထောင်သည်ဘဝကို ရခဲ့တယ်လို့ဆိုရမယ့်။ ခင်ဗျား ခင်ပွန်းသည်ဟာ လုပ်ငန်းတွေ အောင်မြင်တိုးတက်ခဲ့လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်ထင် အမျိုးသမီးငယ်ငယ်တစ်ယောက်နဲ့ ပတ်သက်တာမျိုးဖြစ်နိုင်တယ်။ ခင်ဗျား ခင်ပွန်းသည်ရဲ့ရုံးက မိန်းကလေးတစ်ယောက်ယောက်ဆိုပါစို့"

"လက်နှိပ်စက်စာရေးမ တစ်ယောက်ပါ" မစ္စစ်ပက်ကင်တန်ကပြန်ပြော၏။ "အရှက်မရှိတဲ့ကောင်မလေးပါရှင်။ နှုတ်ခမ်းကို ရဲနေအောင်ဆိုး၊ ဆံပင်တို ခွေလိမ်နေအောင်ကောက်ထား၊ ပိုးသားခြေစွပ်တွေအမျိုးမျိုးနဲ့ - " စကားလုံးများက လူမထံမှ ဆည်ကျိုးသလိုထွက်လာလေသည်။

မစ္စတာပါကားပိုင်းက နားလည်စာနာဟန်ဖြင့် ခေါင်းညိတ်ပါသည်။

"ဘာမှ မဟုတ်ဘူး၊ ဘာမှ မဖြစ်နိုင်ဘူး ဆိုတာတွေပဲ ခင်ဗျား ယောက်ျားခဏခဏပြောနေမယ်ထင်ပါရဲ့"

"အဲဒီအတိုင်းပါပဲရှင်"

"အဲဒီမိန်းကလေးနဲ့က ရိုးရိုးခင်ကြတာ၊ အပျော်သဘောနဲ့ နောက်တာပြောင်တာ သနားစရာလေးမို့ ကူညီစောင့်ရှောက်တာ ဆိုတာမျိုးတွေလည်းကြားရမှာပေါ့ဗျာ"

မစ္စစ်ပက်ကင်တန်က စိတ်ထက်သန်စွာခေါင်းညိတ်ပြပါသည်။ "လိမ်တာရှင့်၊ မရိုးသားတာ၊ ကောင်မလေးကိုခေါ်ပြီး မြစ်ထဲမှာ မော်တော်နဲ့လျှောက်လည်ကြသတဲ့။ ကျွန်မက မြစ်ထဲ အပျော်ခရီးထွက်ရတာကို သိပ်သဘောကျတာ သူသိတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်က အဲဒီလိုလည်ကြဖို့

ပြောတော့ သူ ဂေါက်ရိုက်ပျက်မှာစိုးတယ်တဲ့။ ဟော-ခုတော့ ကောင်မလေး ကြောင့် ဂေါက်ရိုက်တာကို လုံးလုံးစွန့်လိုက်ပါရောလား။ ပြဇာတ်ကလေး ဘာလေး ကျွန်မကြည့်ချင်လို့ သူပြောတော့ သူပင်ပန်းလွန်းလို့ ညဘက်မှာအပြင် မထွက်ချင်ဘူးတဲ့။ ခုတော့-သူကောင်မလေးနဲ့တွဲကလို့ပါတဲ့ရှင်။ သန်းခေါင်ကျော် လင်းအားကြီး သုံးနာရီမှ ပြန်လာတော်မူပါတယ်-ကျွန်မ-ကျွန်မ"

"ပြီးတော့ မိန်းမများ မနာလိုဝန်တိုစိတ်က သိပ်ကြီးတယ်" ဝန်တိုစရာ မရှိရှာကြံပြီး တိုတယ်လို့လည်း အပြစ်ရှာသေးတယ်မဟုတ်လား"

မစ္စစ်ပက်ကင်တန်က ထပ်၍ ခေါင်းညိတ်ပြန်ပါသည်။ "အမှန်ပါပဲရှင်၊ ဒါတွေကို ဘယ်လိုလုပ်များ သိနေတာလဲရှင်"

"အချက်အလက်စုစည်းမှုပေါ့ဗျာ" မစ္စတာပါကားပိုင်းက ခပ်ရိုးရိုးပင် ပြန်ဖြေပါသည်။ "ကျွန်မ သိပ်စိတ်ညစ်ပါတယ်ရှင့်" မစ္စစ်ပက်ကင်တန်က ဆက်ပြောပါသည်။ "ကျွန်မဟာ ဂျော့အတွက် ဇနီးကောင်းတစ်ယောက် အမြဲ ဖြစ်ခဲ့တာပါ။ စောစောပိုင်းကာလကဆိုရင် ကျွန်မတစ်ချက်မှ မနားရအောင် အိမ်အလုပ်တွေ လုပ်ခဲ့ရတာပါပဲ။ သူကိုလည်း အများကြီး ကူညီခဲ့တယ်။ ဘယ်ယောက်ျားမှလည်း ကျွန်မ အာရုံမထားခဲ့ဖူးဘူး။ သူပစ္စည်းတွေဆိုရင် အမြဲ သေသပ်နေအောင်လုပ်ပေးတယ်။ သူ ကောင်းကောင်းစား၊ ကောင်းကောင်း နေခဲ့ရတာပါ။ မကုန်သင့်တာမကုန်ရအောင်လည်း အိမ်မှုကိစ္စတွေ အကွက်စေ့အောင် စီစဉ်ခဲ့တာပါပဲ။ ဒီလိုနဲ့ ကျွန်မတို့ စုမိဆောင်းမိဖြစ်တဲ့ အပြင် ကိုယ်ဆန္ဒရှိတိုင်းဖြစ်နိုင်တဲ့ အခြေအနေမျိုးထိရောက်လာကာမှ အခုတော့ - " သူမ ငိုသံပါလာသည်။

မစ္စတာပါကားပိုင်း လေးနက်စွာခေါင်းညိတ်လိုက်ပြီး - "ခင်ဗျားရဲ့ ပြဿနာကို ကျွန်တော် ကောင်းကောင်းနားလည်ပါတယ်ဗျာ"

"ဒါဖြင့်-ရှင် တစ်ခုခုလုပ်ပေးနိုင်မှာလား" သူမ အသံတိမ်တိမ်ဖြင့် မေးလိုက်ပါသည်။

"အသေအချာလုပ်ပေးနိုင်ပါတယ်ဗျာ။ ဒါက ကုလို့ရတဲ့ရောဂါမျိုးပါဗျ"

"ဘယ်လိုလုပ်မှာလဲရှင့်" သူမကမေးပြီး အဖြေကို မျက်လုံးဝိုင်းလျက် စောင့်နေ၏။

မစ္စတာပါကားပိုင်းက တည်တည်ငြိမ်ငြိမ်နှင့်ပိုင်နိုင်သော လေသံဖြင့် ပြန်ပြောပါသည်။ "ခင်ဗျားကိစ္စကို ကျွန်တော့်လက်ထဲသာ လွှဲထားလိုက်ပါ။ အကျိုးဆောင်ခက ဂီနီနှစ်ရာကျမယ်"

"ရှင်- ဂီနီနှစ်ရာ"

"ဟုတ်ပါတယ်။ ခင်ဗျားတတ်နိုင်တဲ့နှုန်းထားပါ မစ္စစ်ပက်ကင်တန်။ အရေးကြီးတဲ့ ခွဲစိတ်ကုသမှုတစ်ခုလုပ်ရင် အဲဒီလောက် ကုန်မှာပါပဲ။ ပျော်ရွှင်မှုဆိုတာဟာလည်း ခန္ဓာကိုယ်ကျန်းမာရေးလိုပဲ။ အရေးကြီးတာပါ"

"အဲဒီငွေက ကိစ္စပြီးမှ ပေးရမယ် မဟုတ်လား"

"မဟုတ်ဘူးခင်ဗျ" မစ္စတာပါကားပိုင်းက ပြန်ဖြေလိုက်သည်။ "ကြိုပေးရမှာပါ"

မစ္စစ်ပက်ကင်တန် ထရပ်လိုက်၏။

"ကျွန်မ လုပ်ဖြစ်မယ်မထင်ပါဘူး"

"ထမ်းပိုးထက် လက်ခကြီးနေတယ်ထင်လို့လားခင်ဗျ" မစ္စတာပါကားပိုင်းက ပြုံးရွှင်စွာပြောလိုက်သည်။ "အေးဗျာ-ခင်ဗျားဘက်ကကြည့်တော့လည်း မှန်နိုင်ပါတယ်။ စွန့်ပြီးသုံးကြည့်ရမယ့်စရိတ်က နည်းမှမနည်းဘဲကိုး၊ နောက်ပြီး ကျွန်တော့်အပေါ် ယုံကြည်နိုင်ဖို့ကလည်း လိုသေးတာပဲ။ ကျွန်တော်ကတော့ ကျသင့်တာကိုပေး၊ ထိုက်တန်တဲ့ အခွင့်အရေးကိုယူ ဆိုတဲ့ မူနဲ့လုပ်နေတာပါ"

"ဂီနီ-နှစ်ရာတောင်"

"ဟုတ်ပါတယ်၊ ဂီနီ နှစ်ရာပါ။ ငွေကတော့ မနည်းလှဘူးပေါ့ဗျာ။ ကဲ-မင်္ဂလာနံနက်ပါ မစ္စစ်ပက်ကင်တန်။ ခင်ဗျားစိတ်ပြောင်းပြီး အလုပ်အပ်ဖို့ ဆုံးဖြတ်ရင်တော့ လာခဲ့တာပေါ့ဗျာ။" သူကပြုံးလျက်နှင့်ပင် လက်ဆွဲနှုတ်ဆက်ပါသည်။

သူမ ပြန်ထွက်သွားသောအခါ သူက လူခေါ်ခေါင်းလောင်းတစ်ခု၏ ခလုတ်ကိုနှိပ်လိုက်သည်။ မျက်နှာထားတည်တည် ၊ မျက်မှန်တပ်ထားသည့် အမျိုးသမီးတစ်ဦး ဝင်လာ၏။

"ဖိုင်တွဲ တစ်ခုပေးပါ မစ္စလီမွန်။ ပြီးတော့ ကလော့ဒ်ကိုလည်း ဆရာတွေ့ ချင်တယ်လို့ပြောပေးပါ"

"အမှုသည်အသစ်လားဆရာ"

"ဟုတ်တယ်။ လောလောဆယ်တော့ သူစိတ်မဆုံးဖြတ်နိုင်သေးဘူး။ ဒါပေမယ့် ပြန်လာမှာပါ။ နေ့လယ်ပိုင်း လေးနာရီလောက်ဆိုရင်ရောက်လာလိမ့်မယ်။ ကလော့ဒ်ကို ပြောထားဦး။ သိပ်ထူးထူးခြားခြားဖြစ်အောင် မပြင်ပါနဲ့လို့။ အမွေးနံ့သာမလိုဘူး။ ဆံပင်နည်းနည်းတိုအောင် ညှပ်ထားပါလို့"

နေ့လယ်ပိုင်း လေးနာရီဆယ့်ငါးမိနစ်တွင် မစ္စစ်ပက်ကင်တန်သည် မစ္စတာပါကားပိုင်း၏ ရုံးခန်းအတွင်းသို့ ဒုတိယအကြိမ်အဖြစ် ဝင်လာလေ

သည်။ သူမက ချက်စာအုပ်ကိုထုတ်ပြီး ကျသင့်ငွေကို ရေးလိုက်၏။ထို့နောက် မစ္ဆတာပါကားပိုင်းကိုပေးလိုက်ရာ လက်ခံရရှိကြောင်းဖြတ်ပိုင်းကို သူကပြန်ပေးလေသည်။

"ကဲ-အခုဘာလုပ်မလဲ" မစ္ဆစ်ပက်ကင်တန်က မျှော်လင့်ချက်အပြည့်ဖြင့် မေးလိုက်၏။

"ဟုတ်ကဲ့၊ အခု အိုမ်ကိုပဲပြန်ပါ" မစ္ဆတာပါကားပိုင်းက ပြုံး၍ပြန်ဖြေလိုက်ပြီး "မနက်ဖြန်မနက်စောစော စာဝေချိန်မှာ ဆောင်ရွက်ရမယ့် ကိစ္စတွေပါ တဲ့ လမ်းညွှန်တစ်စောင်ရောက်လာပါလိမ့်မယ်။ အဲဒီအတိုင်း လုပ်ဖို့ပါပဲဗျာ"

မစ္ဆစ်ပက်ကင်တန်သည် သူမ၏မျှော်လင့်ချက်များပြည့်ဝလာမည့် အရေးကို စိတ်ကြည်နူးစွာတွေးရင်း အိမ်ပြန်လာခဲ့၏။ မစ္ဆတာပက်ကင်တန်မှာမူ မနက်ကန်နက်ခင်းစာ စားပွဲတွင်စကားများခဲ့ရသည့်ကိစ္စကို သူမိန်းမက ပြန်စလျှင် သူဘက်ကကာကွယ်ပြောရမည့် အကြောင်းပြချက်တို့ကိုစဉ်းစားရင်း အိမ်ပြန်လာခဲ့သည်။ သို့ရာတွင် သူမိန်းမက သူ့ကို စွပ်စွဲတိုက်ခိုက်မည့် ဟန်မပြဘဲ သူ့အတွေးနှင့်သူ နေနေသည်တွေ့ရ၍ မစ္ဆတာပက်ကင်တန် စိတ်သက်သာရာရသွားလေသည်။

ဂျော့သည် ရေဒီယိုနားထောင်ရင်း ကလေးမလေးနှစ်စီကို သိုးမွေးကုတ်အင်္ကျီတစ်ထည် သူပေးသောအခါ ကောင်မလေးကလက်ခံပါ့မလားဟု စဉ်းစားနေ၏။ သူမသည် သွေးကြီးသူတစ်ယောက်ဖြစ်သည်ဟု သူသိထားသည်။ သူမကို စော်ကားသလို မဖြစ်ဖို့သတိထားရမည်။ ရာသီဥတုက တော်တော်အေးလာတယ်ဟု ကောင်မလေးပြောတာကို သူမှတ်မိသည်။ သူမ၏လက်ရှိဝတ်နေသော အနွေးထည်မှာ အကောင်းစားထဲက မဟုတ်ပေ။ အအေးဒဏ်ကို ကာကွယ်ပေးနိုင်ဖွယ်မရှိ။ သူပေးရင် ငြင်းမယ်မထင်ပါဘူးဟု စဉ်းစားနေ၏။

မကြာခင်သူတို့နှစ်ဦး ညဘက်တွင် ထပ်မံလည်ပတ်ရန် အစီအစဉ်ရှိပြီးဖြစ်သည်။ ခမ်းနားသော စားပွဲရုံတစ်ခုသို့ နှစ်စီလို မိန်းကလေးငယ်တစ်ဦးနှင့် အတူသွားရခြင်းမှာ အလွန်ပျော်စရာကောင်းသည်။ လူငယ်အတော်များများသူ့ကို မနာလိုသောအကြည့်ဖြင့် ကြည့်ကြရ၏။ ကလေးမက လှလည်း အတော်လှသည်။ သူ့ကိုလည်း သဘောကျ၏။ သူမအမြင်မှာ သူဟာ သိပ်အသက်မကြီးသေးပါဘူးဟုလည်း ပြောခဲ့ဖူးသည်။

ထိုအတွေးများ တသီတတန်းကြီးတွေးနေရင်းက သူမော့ကြည့်လိုက်သောအခါ သူ့ကိုကြည့်နေသည့် သူမိန်းမ၏မျက်လုံးများကိုတွေ့ရ၍ မလုံမလဲဖြစ်သွားရ၏။ စိတ်အနှောင့်အယှက်လည်းဖြစ်သွားရသည်။ ဘယ်လောက်သဘောထားသေးသိမ်တဲ့၊ သံသယကြီးတတ်တဲ့ မိန်းမလဲ၊ မာရီယာ ဆိုတဲ့ မိန်းမဟာ။ ငါ့ကိုနည်းနည်းလေးမှ စိတ်ချမ်းသာပါစေလို့မရှိဘူး။

သူက ရေဒီယိုပိတ်ပြီး အိပ်ရာဝင်လိုက်တော့သည်။

မစ္ဆစ်ပက်ကင်တန်သည် နောက်တစ်နေ့နံနက်တွင် မျှော်လင့်မထားသော စာသုံးစောင်ကို လက်ခံရရှိလေသည်။ တစ်စောင်မှာ အလှဖန်တီးရှင် တစ်ဦးနှင့် သူ့ကုမ္ပဏီတွင် တွေ့ဆုံခွင့်ပြုသည့်လက်မှတ်တစ်စောင်ဖြစ်၍ နောက်တစ်စောင်မှာ အဝတ်အထည်ဒီဇိုင်းပညာရှင်နှင့် တွေ့ဆုံရန်ချိန်းဆိုချက်ဖြစ်သည်။ ကျန်တစ်စောင်မှာမူ မစ္ဆတာပါကားပိုင်းထံမှဖြစ်ပြီး ရာဇ်ဟိုတယ်တွင် သူနှင့်အတူ နေ့လယ်စာစားရန် ဖိတ်ခေါ်သည့်စာဖြစ်၏။

မစ္ဆတာပက်ကင်တန်က အပြင်မထွက်မီ သူယနေ့ညနေစာမီအောင် ပြန်လာနိုင်မည်မဟုတ်ကြောင်း၊ လုပ်ငန်းကိစ္စအတွက် လူတစ်ယောက်နှင့်တွေ့ဆုံဆွေးနွေးရမည်ဖြစ်ကြောင်းပြောရာ မစ္ဆစ်ပက်ကင်တန်က စိတ်မဝင်စားတန်နှင့် ခေါင်းကိုသာညိတ်ပြပါသည်။ မစ္ဆတာပက်ကင်တန်သည် ဆူပူစကားများရမည့်အခြေအနေကို လွတ်အောင်ရှောင်နိုင်သည့်အတွက် သူ့ကိုယ်သူ ခီးမွမ်းမိလေသည်။

အလှဖန်တီးရှင်၏လက်ရာမှာ အံ့သြကျေနပ်စရာကောင်းလှပါသည်။ မဒမ် ဘာကြောင့်များ ကိုယ့်အလှကိုယ်ဂရုမစိုက်ဘဲ ပစ်ထားရပါသလဲဟု သူကမေးလိုက်သေး၏။ ဘာပဲဖြစ်ဖြစ် နောက်တော့မကျသေးပါဘူးဟု သူက ဆက်ပြောသည်။ သူမ၏ မျက်နှာကို ပုံသွင်း၍ နှိပ်နယ်ပြီး ရေနွေးနွေးဖြင့် ဆေးကြောပေါင်းတင်၏။ ရွှံ့လို၊ ခရင်မ်လို အနှစ်တွေသုတ်၏။ ပေါင်ဒါမှုန့်တွေလည်း တစ်မျက်နှာလုံး လိမ်းရသည်။ အနုစိတ် လုပ်ငန်းများမှာ အတော်များပါ၏။

နောက်ဆုံးတွင် သူမကို မှန်တစ်မျပ်ပေးသည်။ "ကြည့်ရတာ ပိုတော့နူးသွားသလိုပဲ" ဟု သူမ မှတ်ချက်ချသည်။

အဝတ်အထည်ဖက်ရှင်ဒီဇိုင်းပညာရှင်နှင့်တွေ့ရသည်မှာလည်း အလားတူ စိတ်လှုပ်ရှားရပါသည်။ ပြီးသောအခါ သူမသည် အတော်စမတ်တူနေသည်ကို ပြန်မြင်ရလေသည်။ ဖက်ရှင်ဖြစ်လှပါ၏။ ခေတ်မီလှပါ၏။

နေ့လယ် တစ်နာရီခွဲတွင် မစ္စစ်ပက်ကင်တန်သည် မစ္စတာပါကားပိုင်းနှင့် တွေ့ဆုံရန် ရာဇဟိုတယ်သို့ ရောက်လာခဲ့သည်။ မစ္စတာပါကားပိုင်းသည် သေသပ်ကျနစွာဝတ်ဆင်လျက် သူ့ကို စောင့်ဆိုင်းနေ၏။

"သိပ်လှတာပဲဗျို့" မစ္စတာပါကားပိုင်းက အတွေ့အကြုံရင့်ကျက်သည့် မျက်လုံးများဖြင့် ဦးခေါင်းမှ ခြေဖျားအထိကြည့်ပြီး မှတ်ချက်ချလိုက်သည်။ "ဒီလိုထွက်လာအောင် ကျွန်တော် အတော်တိုက်တိုက်တွန်းတွန်း ပြောထားရတာ"

မစ္စစ်ပက်ကင်တန်သည် ကော့ခ်ဘေးလ်ကို ဖြည်းဖြည်းသောက်ရင်း သူမ အတွက် ညွှန်ကြားချက်များကို နားထောင်နေလေသည်။

"ဒီလို မစ္စစ်ပက်ကင်တန်ရေ. . . ခင်ဗျားရဲ့ ခင်ပွန်းကို ခင်ဗျားအပေါ် ချက်ချင်း အာရုံစိုက်လာအောင် လုပ်ရလိမ့်မယ်။ အဲဒီလိုဖြစ်လာအောင် ခင်ဗျားကို ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့ အခုမိတ်ဆက်ပေးမှာပါ။ သူနဲ့ ခင်ဗျား ဒီနေ့ နေ့လယ်စာ စားကြဖို့ပေါ့ဗျာ"

ထိုခဏ၌ပင် လူငယ်တစ်ယောက် ဟိုဟိုဒီဒီကြည့်လျက်ဝင်လာ၏။ သူ မစ္စတာပါကားပိုင်းကို မြင်သွားသောအခါ လန်းဆန်းတက်ကြွသောအပြုံးမျက်နှာဖြင့် သူတို့ထံ ရောက်လာပါသည်။

"မစ္စတာကလော့ဒ်လတ်ထရဲပါ။ ဟောဒါက မစ္စစ်ပက်ကင်တန်"

မစ္စတာကလော့ဒ်လတ်ထရဲသည် အသက်သုံးဆယ်ပြည့်သေးပုံမရ။ မျက်နှာမှာ ကျက်သရေရှိ၏။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် ဆွဲဆောင်မှုရှိလှသူဖြစ်သည်။ အဝတ်များကို သေသပ်စွာဝတ်ဆင်ထားပြီး အလွန်လည်း ချောမောပြေပြစ်သူဖြစ်သည်။

"တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ" သူက အသံမှန်မှန်နှင့်ပြောလိုက်၏။

နောက်သုံးမိနစ်ကြာသောအခါ မစ္စစ်ပက်ကင်တန်သည် နှစ်ယောက်စား စားပွဲတစ်ခုတွင် သူမ၏မိတ်ဆွေသစ်နှင့် မျက်နှာချင်းဆိုင်လျက်ရှိလေသည်။ ပထမတွင် ရှက်နေသော်လည်း မစ္စတာလတ်ထရဲက ခဏနှင့် သူမကို အကျွမ်းတဝင်ဖြစ်အောင် လုပ်နိုင်ခဲ့၏။ သူက ပဲရစ်မြို့ကြီးအကြောင်း ကောင်းစွာသိပြီး ရိုမိုင်းရားကမ်းခြေသို့လည်း အတော်ကြာကြာလည်ပတ်ဖူးသူဖြစ်သည်။ သူက မစ္စစ်ပက်ကင်တန်အား က ရတာကြိုက်မကြိုက်မေးရာ သူမက ကြိုက်သော်လည်း မစ္စတာပက်ကင်တန်က ညဘက်တွင် အပြင်ထွက်လေ့မရှိသောကြောင့် မကဖြစ်တာကြာပြီဟု ပြန်ပြောပါသည်။

"အမေကို အိမ်ထဲမှာပဲ အနေခိုင်းတာကတော့ ညာတာရာမရောက်ပါဘူးဗျာ" ကလော့ဒ်လတ်ထရဲက သွားများပေါ်လာအောင် ပြုံးရင်းပြောလိုက်၏။ "ဒီခက်ထဲမှာတော့ အမျိုးသားတွေ သဝန်တိုတာကို အမျိုးသမီးတွေက သိပ်သည်းခံကြတော့တာမဟုတ်ပါဘူး။

မစ္စစ်ပက်ကင်တန်က သဝန်တိုတာကြောင့် မဟုတ်ဘူးဟု ပြောမည်ပြုပြီး မှန်တော်ပိတ်နေလိုက်ပါသည်။ ဒီလိုထင်နေရင်လည်း ကောင်းတာပါပဲဟု သူမ တွေးမိ၏။ ကလော့ဒ်လတ်ထရဲက ညကလပ်များ၏ပျော်စရာကောင်းပုံတို့ကို ဆက်၍ ပြောပြလေသည်။ သူအပြောကောင်းသည့်အတွက် သူတို့နောက်နေ့ ညနေတွင် "မြားနတ်မောင်" စားပွဲရုံ၌ပြန်ဆုံရန် သဘောတူလိုက်ကြ၏။

မစ္စစ်ပက်ကင်တန်သည် ထိုအစီအစဉ်ကို သူ့ခင်ပွန်းအားပြောပြရန် မရွံ့မရဲဖြစ်နေလေသည်။ ဂျော့သည် ထိုကိစ္စကို အဆန်းတကြယ်သဘောထားပြီး လျော်ပြောင်ရယ်မောနိုင်ပေသည်။ သို့ရာတွင် သူမ အခက်အခဲမတွေ့လိုက်ရပေ။ နံနက်ခင်းစာ စားချိန်တွင် သူမ ဘယ်လိုစကားစရမှန်းမသိ၍ ပြောလိုက်ရပါ။ နေ့လယ်နှစ်နာရီထိုးသောအခါ မစ္စတာပက်ကင်တန်မြို့ထဲ၌ ညစာစားဖြစ်မည်ဖြစ်ကြောင်း တယ်လီဖုန်းဖြင့် အကြောင်းကြားချက်ရရှိလေသည်။

ထိုနေ့ ညနေခင်းမှာ အလွန်ထူးခြားကောင်းမွန်လှပါ၏။ မစ္စစ်ပက်ကင်တန်သည် မိန်းကလေးငယ်ဘဝက အလွန်အကကောင်းသူတစ်ဦးဖြစ်ခဲ့ပေရာ ကလော့ဒ်လတ်ထရဲ၏ ထိန်းသိမ်းညွှန်ပြမှုဖြင့် သူမသည် အချိန်တိုအတွင်း ခေတ်မီကကွက်များကိုပင် ကနိုင်လာလေသည်။ သူက သူမ၏ ဝတ်စုံနှင့် ဆံပင်ပုံစံတို့ကို အံ့သြကြည်နူးစွာ ခီးကျူး၏။ ဆံပင်ပုံစံမှာ နံနက်ပိုင်းကပင် သူမ အလှဖန်တီးရှင်တစ်ဦးထံတွင် ပြုပြင်ထုံးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။ ပြန်ရုန်းဆက်ကြသောအခါ သူက သူမ၏လက်ကို ယုယုယယ နမ်းခဲ့လေသည်။ မစ္စစ်ပက်ကင်တန်အနေဖြင့် ယခုလောက်ပျော်စရာကောင်းသောညချမ်း အချိန်အခါမျိုးမကြုံရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါသည်။

ဆယ်ရက်ကာလသည် လျင်မြန်စွာကုန်ဆုံးသွားခဲ့၏။ မစ္စစ်ပက်ကင်တန်သည် စားပွဲရုံများ၊ ကပွဲရုံများတွင် စားသောက်ရင်း၊ ကခုန်ရင်း ပျော်ရွှင်နေခဲ့သည်။ သူမသည် ကလော့ဒ်လတ်ထရဲ၏ကလေးဘဝက ကြေကွဲဖွယ်ဖြစ်ရပ်များကို သိခဲ့ရသည်။ သူ့ဖခင်စီးပွားပျက်ခဲ့ပုံကို နားထောင်ခဲ့ရသည်၊ သူသည် သူ၏ နှလုံးကြေကွဲခဲ့ရသည့် အချစ်ဇာတ်လမ်းကိုလည်း သိမြင်ခံစားခဲ့ရ၏။ ထို့အခါမှစ၍ သူသည်အချစ်ရေးကိစ္စကိုထပ်မံ မပေါ်ပေါက်စေလိုသည့်

အတွက် မိန်းမများကို ခါးသီးစွာရှောင်နေခဲ့ကြောင်း နားလည်ခဲ့ရ၏။

ဆယ့်တစ်ရက်မြောက်ညတွင် သူတို့သည် "ငွေစင်ရော်" ကပွဲရုံတွင်က နေကြလေသည်။ မစ္စစ်ပက်ကင်တန်သည် ကနေသူများထဲတွင် သူခင်ပွန်းကို မြင်လိုက်ရ၏။ သူခင်ပွန်းက သူ့ကို မမြင်ပါ။ ကျော့သည် သူ့ရုံးမှ မိန်းကလေးငယ်နှင့် အတူကနေသည်။

"ဟဲလို-ကျော့" မစ္စစ်ပက်ကင်တန်က သူတို့အတွဲအချင်းချင်းနီးလာသော အခါလှမ်း၍ နှုတ်ဆက်လိုက်သည်။ သူခင်ပွန်း၏ မျက်နှာမှာ နီသွားရာမှ အုံ့ဩမှုဖြင့် ပြာသွားပြန်သည်။ အုံ့ဩမှုနှင့်အတူ အပြစ်ရှိသူလို မလုံမလဲဖြစ် သွားသည်ကိုလည်း မစ္စစ်ပက်ကင်တန် သတိထားလိုက်မိ၏။

မစ္စစ်ပက်ကင်တန်မှာ အောင်နိုင်သူ တစ်ယောက်ပမာ စိတ်ပျော်ရွှင်မှု ခံစားလိုက်ရသည်။ သနားစရာကောင်းတဲ့ကျော့ပဲ။ သူမ ထိုင်ခုံတွင်ပြန်၍ အနား ယူရင်း သူတို့အတွဲကို စောင့်ကြည့်နေလိုက်၏။ သူယောကျ်ားမှာ အတော်ဝ နေပေပြီ။ နဖူးကလည်းပြောင်ပြောင်နှင့် ခက်ခက်ခဲခဲ ခုန်ဆွခုန်ဆွ လုပ်နေရ ပေသည်။ သူ ကနေသည်မှာ လွန်ခဲ့သောအနှစ်နှစ်ဆယ်က စတိုင် ဖြစ်၏။ သူနှင့်အတူတွဲကနေသည့်မိန်းကလေးမှာ သူ ကသည်ကို နှစ်သက် ဟန်ဆောင်နေမှန်း သိသာပါသည်။ သူပခုံးပေါ်တွင် မေးတင်ထားသည့် မိန်းကလေး၏ မျက်နှာမှာ အတော်ငြီးငွေ့နေဟန်ပေါ်နေပါ၏။

မိမိအခြေအနေမှာ အတော်မနာလိုစရာကောင်းနေလိမ့်မည်ဟု မစ္စစ် ပက်ကင်တန် ကျေနပ်စွာတွေးမိနေလေသည်။ ယခုအခါ ပါးနပ်စွာ ငြိမ်သက် နေသော ကလော့ဒ်ကို သူကြည့်လိုက်၏။ သူမကို သူ ကောင်းကောင်းနား လည်နေပေသည်။ သူက ပြုံးလိုက်သည်။ သူ၏ လှပသည့်မျက်လုံးနက်နက် များ ဆွေးရိပ်သမ်းနေသည့် မျက်ဝန်းများ၊ ချစ်ခင်စွာလွမ်းဆွတ်သည့်အကြည့် များဖြင့် သူမကိုကြည့်နေပါသည်။

"ကျွန်တော်တို့ ထပ်ကကြဦးမလား" သူက ခပ်တိုးတိုး မေးလိုက်သည်။

သူတို့ ထပ်ကကြ၏။ ပျော်စရာနိဗ္ဗာန်ဘုံတစ်ခုအလားပင်။ သူမသည် ကျော့၏သူတို့အတွဲကို လိုက်ကြည့်နေသော တောင်းပန်သည့် မျက်လုံးများကို မြင်ရသည်။ ကျော့ကို မနာလိုဝန်တိုဖြစ်လာစေရန် စီစဉ်ခဲ့သည်ကို သူမပြန် သတိရ၏။ ထိုသို့ စတင်စီစဉ်ခဲ့သည်မှာကြာလှပြီဟု သူမထင်နေမိသည်။ ယခု အခါကျော့၏ မနာလိုဝန်တိုမှုကို သူမ မလိုချင်တော့ပါ။ မနာလိုစိတ် ဖြစ်ရလျှင် သူစိတ်ပျက်အားလျော့သွားပေလိမ့်မည်။ ယခုအခါ အားလုံးပျော် နေကြသည် မဟုတ်လား။

မစ္စစ်ပက်ကင်တန်အိမ်ပြန်ရောက်သောအခါ သူခင်ပွန်းမှာသူထက်စော၍ ပြန်ရောက်နှင့်နေ၏။ သူကြည့်ရသည်မှာ စိတ်ရှုပ်ပြီး ဘာလုပ်ရမှန်း မသိ ဖြစ်နေပုံရသည်။

"ဟော-မင်းပြန်လာပြီကိုး" သူက ထိုမျှသာပြော၏။ မစ္စစ်ပက်ကင်တန် က ပြုံးရွှင်စွာပြန်၍ ပြောလိုက်သည်။ "ဟုတ်တယ်-ကျွန်မပြန်လာခဲ့ပြီ"

ကျော့က ချောင်းတစ်ချက်ဟန့်လိုက်ပြီး-"မင်းနဲ့ဆုံမယ်လို့ ကိုယ်ထင် မ ထားခဲ့ဘူး"

"ဟုတ်လား" မစ္စစ်ပက်ကင်တန်ကပြန်ပြောသည်ဆိုရုံသာပြောပါ သည်။

"ကိုယ်က-အင်း-အဲဒီမိန်းကလေးကို သူမိသားစု ပြဿနာတွေကြောင့် စိတ်ဆင်းရဲနေရတာကို ကူညီတဲ့ အနေနဲ့ အပြင်ခေါ်သွားခဲ့တာပါ။ ဟို-စာနာ တဲ့ သဘောပေါ့ကွာ"

မစ္စစ်ပက်ကင်တန်ခေါင်းညိတ်လိုက်၏။ ကျော့ကို သူ သနားမိသည်။ တပွဲ ရုံကြမ်းပြင်ပေါ်တွင် ခုန်ဆွခုန်ဆွလုပ်ရင်း သူ့ကိုယ်သူကျေနပ်နေရရှာ ၏။

"မင်းနဲ့ကနေတဲ့သူက ဘယ်သူတုံး-ကိုယ်သူ့ကို မသိဖူးဘူးထင်တယ်"

"သူက လတ်ထရဲပါ။ ကလော့ဒ်လတ်ထရဲ လို့ခေါ်တယ်"

"သူနဲ့ ဘယ်လိုဆုံခဲ့သလဲ"

"အင်း-တစ်ယောက်က မိတ်ဆက်ပေးခဲ့တာပါပဲ" မစ္စစ်ပက်ကင်တန်က ဦးတိုးဝါးတား[illegible]ဖြေ၏။

"ဒီအရွယ်ကျမှ ညကပွဲ သွားတာဟာ မင်းအတွက် ကောင်းပါ့မလား။ လူပြောစရာဖြစ်နေပါဦးမယ်ကွာ"

မစ္စစ်ပက်ကင်တန်ပြုံးလိုက်၏။ ယခုအခါ သူမသည် တစ်ကမ္ဘာလုံးကို အကောင်းမြင်နေသည့်အတွက် သူမချက်ချင်းပင် ကောင်းမွန်သောအဖြေ တစ်ခုကို ပေးလိုက်နိုင်ပါသည်။ "အပြောင်းအလဲတစ်ခုဆိုတာ အမြဲလိုအပ် တာပါပဲ" သူမက ကြည်ကြည်သာသာ ပြောလိုက်ခြင်းဖြစ်ပါသည်။

"သတိထားဖို့တော့ လိုတယ်ကွ။ လူငယ်အမျိုးသားတွေ့ထဲမှာ ကိုယ့် ထက်ကြီးတဲ့အမျိုးသမီးတွေကို ကပ်ပြီးချူစားတတ်တဲ့ ကျက္ထိယသိုက်သမား တွေ အများကြီးရှိတယ်။ တချို့ လူလတ်ပိုင်းအမျိုးသမီးတွေဟာ အဲဒီလိုသိုက် သမားတွေနဲ့ ရင်းရင်းနှီးနှီးနေမိရင် လူရယ်စရာဖြစ်ကုန်တော့တာပဲ။ မင်းသတိ ထားနိုင်အောင် ပြောတာပါ"

"ကျွန်မအတွက်ကတော့ အများကြီးအကျိုးရှိပါတယ်ရှင်" မစ္စစ်ပက်ကင်တန်က ပြုံးလျက်ပြန်ပြောလိုက်သည်။ "ရှင်လည်း ဒီလိုပဲမဟုတ်လား။ စိတ်ဆွေးရှင်မှုက အရေးကြီးတယ်လေ။ ကျွန်မ မှတ်မိပါတယ်။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က မနက်ခင်းစာ စားရင်း ရှင် အဲဒီလိုပြောခဲ့တာလေ"

ခင်ပွန်းဖြစ်သူက သူမိကို ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ သို့ရာတွင် သူမ အမူအရာမှာ ထွေငေါ့သည့်သဘောမတွေ့ရပါ။ သူမ သမ်းဝေလိုက်၏။

"ကျွန်မ အိပ်တော့မယ်။ ဒါနဲ့ ဂျော့။ ကျွန်မ ခုတလော အသုံးစရိတ်ဘွဲ့ နည်းနည်းများသွားတယ်။ ငွေတောင်းခံလွှာတွေ မကြာခင် ရောက်လာလိမ့်မယ်။ ပြဿနာမဟုတ်ပါဘူးနော်"

"ငွေတောင်းခံလွှာတွေ" မစ္စတာပက်ကင်တန်က နားမလည်ဟန်ဖြင့်မေး၏။

"ဟုတ်တယ်။ အဝတ်တွေချုပ်တာလေ၊ အနှိပ်ခံတာရယ်။ ဆံပင်အလှပြင်တာလည်းပါတယ်။ ဈေးတွေက အတော်ကြီးတာကိုး။ ဘာပဲဖြစ်ဖြစ်၊ ရှင့်အတွက် ဂရုစိုက်လောက်စရာတော့မဟုတ်ပါဘူး။" ပြောရင်းနှင့်သူမက အပေါ်ထပ်သို့ တက်သွားသည်။ မစ္စတာပက်ကင်တန်မှာ ပါးစပ်ဟောင်းလောင်းနှင့်ကျန်ရစ်ခဲ့၏။ ညနေက ကပွဲခန်းမတွင် မာရီယာကိုအတော်ကြည့်ကောင်းဖွာတွေ့ခဲ့ရသည်။ သူ့ကိုမြင်သွား၍လည်း သူမ စိတ်အနှောင့်အယှက်ဖြစ်ပုံမပေါ်ပါ။ သို့သော် ငွေတွေ ရုတ်တရက် သုံးစွဲနေတာကတော့ သိပ်မကောင်းဟုထင်သည်။ မာရီယာ။ ဘာမဆို စီးပွားရေးမျက်စိနဲ့ စနစ်တကျသုံးခဲ့တဲ့ မိန်းမ။

ဂျော့ ပက်ကင်တန်ခေါင်းခါလိုက်၏။ ကလေးမလေးရဲ့ အစ်ကိုတွေက ကုမ္ပဏီမှာ အလုပ်ခန့်ပေးဖို့ပြောနေကြတာလည်းရှိတယ်။ အင်းလေ-ကိုယ်ကိုယ်တိုင်ကလည်း လိုလိုလားလားနဲ့ကူညီပုံမယ်လို့ပြောထားတာကိုး။ ခုတလော အဆင်မပြေတာတွေက တစ်မျိုးပြီးတစ်မျိုးတွေ့နေရပါလား။ သက်ပြင်းချလျက် သူလှေကားပေါ်သို့ ဖြည်းဖြည်းတက်သွားလေတော့သည်။

တစ်ခါတစ်ရံ၌ စကားတို့သည် ပြောပြီးခါစတွင် သတိမမူမိသော်လည်း နောက်ပိုင်းအနည်းငယ်ကြာမှ သတိရပြီး အလေးထားလာရခြင်းမျိုးရှိပါ၏။ မစ္စတာပက်ကင်တန်ပြောခဲ့သော စကားအချို့သည် နောက်တစ်နေ့နံနက်တိုင်အောင် သူဇနီး၏စိတ်တွင် သတိမူလောက်အောင် မထင်ရှားခဲ့ပါ။

ကျထ္ထိယသိုက်သမား၊ လူလတ်ပိုင်းအမျိုးသမီးတွေ၊ လူရယ်စရာကိစ္စများ၊ ခွင့်ပက်ကင်တန်သည် ဘယ်ကိစ္စမဆို၊ သတ္တိကောင်းသည့်စိတ်မျိုးမွေးပြီး ရဲရင့်ဆိုင်လေ့ရှိပါ၏။ သူမ ယခုထိုင်ပြီး အချက်အလက်တို့ကို ပြန်စဉ်းစားနေသည်။ ကျထ္ထိယသိုက်သမားတဲ့။ ထိုသူများအကြောင်းကို သူမ သတင်းစာများတွင် ဖတ်ခဲ့ရဖူးသည်။ အရွယ်လတ်ပိုင်း အမျိုးသမီးများ၏ ပူရယ်စရာစိတ်ဓာတ်ပေါက်ပုံများကိုလည်း ဖတ်ခဲ့ဖူးပါသည်။

ဤလော့ဒ်က ကျထ္ထိယသိုက်သမားတစ်ယောက်လား။ ဟုတ်ချင်လည်းဟုတ်မှာပေါ့။ ဒါပေမယ့် ကျထ္ထိယသိုက်သမားဆိုတာတွေက သူတို့ကို အမျိုးသမီးများက ပေးရကမ်းရခြင်းဖြစ်၏။ ကလော့ဒ်မှာမူ ကုန်ကျစရိတ်မှန်သမျှ သူကချည့် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ အင်းလေ-ဒီကုန်ကျစရိတ်တွေကို မစ္စတာပါကားပိုင်းပေးနေတာပါ။ ကလော့ဒ်ကုန်ရတာတော့မဟုတ်ပါဘူး။ ဒါမှမဟုတ် သူမ ပေးခဲ့ရသည့် ဂီနီနှစ်ရာထဲကလည်းဖြစ်နိုင်လေသည်။ သူမသည် စိတ်ရှုပ်ပေါက်နေသည့် အရွယ်လတ်မိန်းမတစ်ဦးလား။ ကလော့ဒ်လတ်ဆဲဆဲ သူမကွယ်ရာမှာ ဟားနေမှာလား။ စဉ်းစားရင်း သူမရှက်သွားမိ၏။ ဒါပေမယ့် ဘာဖြစ်သေးလဲ။ သူဟာ ကျထ္ထိယသိုက်သမား၊ ငွေချွေစားတဲ့သူပဲထားပါ။ သူမဟာလည်း အချွေခံအရွယ်လတ်မိန်းမပဲထားပါ။ ထင်ချင်တဲ့သူတွေ ထင်ကြပါစေ။ သူမသူ့ကို တစ်ခုခုပေးဖို့သင့်သည်ဟု စဉ်းစားမိ၏။ ရွှေဆောင်စီးကရက်ထည့်သည့်ဘူးတစ်ခုဆိုပါတော့။ စိတ်ကူးပေါ်သည်နှင့် သူမချက်ချင်းပင် စတိုးဆိုင်တစ်ခုသို့သွား၍ ဝယ်လိုက်သည်။ ယနေ့နေ့လယ်စာကို ကလော့ဒ်နှင့်အတူစားရန် ခိုန်းထားပြီးဖြစ်သည်။

နေ့လယ်စာစားပြီး၍ ကော်ဖီသောက်နေခိုက်တွင် သူမက အိတ်ထဲမှစီးကရက်ထည့်ဘူးလေးကို ထုတ်ယူလိုက်၏။ "မေတ္တာလှုက်ဆောင်ပေါ့နော်"ဟုပြောပြီး လှမ်းပေးလိုက်သည်။ သူက မျက်မှောင်ကြုတ်လျက်မော့ကြည့်၏။

"ကျွန်တော့်အတွက်လား"

"ဟုတ်တယ်လေ-မင်းကြိုက်မှာပါ"

သူလက်က ထိုဘူးကိုအုပ်ကိုင်လိုက်ပြီး သူမဘက်သို့ခပ်ကြမ်းကြမ်းတွန်းလိုက်သည်။ မယူဘူးဗျာ၊ ပြန်ယူထားပါ။ ပြန်ယူပါလို့ ကျွန်တော်ပြောတယ်" သူမ့်က်လုံးများက တဖျပ်ဖျပ်လက်နေသည်။ "ဆောရီးပါကွာ" သူမက ခပ်တိုးတိုးပြောပြီး ပြန်သိမ်းထားလိုက်၏။ ထိုနေ့တွင် သူတို့နှစ်ဦးကြား စိတ်ကျဉ်းကြပ်နေသလို ခံစားကြရလေသည်။

နောက်တစ်ရက်မနက်တွင် သူက တယ်လီဖုန်းဆက်၏။ "ကျွန်တော် အစ်မကိုတွေ့ချင်တယ်၊ နေ့လယ်ပိုင်း ကျွန်တော် အိမ်လာတွေ့လို့ရမလား"

သူမက နေ့လယ်သုံးနာရီတွင် လာရန်ပြန်ပြောလိုက်သည်။

သူက မျက်နှာဖြူရော်ရော်အားမရှိသလိုနှင့် ရောက်လာပါ၏။ သူတို့အချင်းချင်း နှုတ်ဆက်ကြ၏။ စိတ်ကျဉ်းကြပ်နေမှုမှာ ပို၍ပင် သိသာနေပါသည်။ ရုတ်တရက် သူထိုင်ရာမှထပြီး သူမကို မျက်နှာချင်းဆိုင်လိုက်သည်။ "ကျွန်တော့်ကို ဘယ်လိုထင်လို့လဲ။ ကျွန်တော်အဲဒါမေးချင်လို့လာခဲ့တာ။ ကျွန်တော်တို့မိတ်ဆွေတွေဖြစ်ခဲ့ကြတယ်လေ။ ဟုတ်တယ်မဟုတ်လား။ မိတ်ဆွေတွေပါဗျာ။ ဒါပေမယ့် အစ်မက ကျွန်တော့်ကို တစ်မျိုးထင်နေတယ်။ ဟုတ်တယ်။ ကျွန်တော့်ကို ဣတ္ထိယသိုက်သမား။ ချူစားမယ့်သူလို့ထင်နေတယ်မဟုတ်လား။ ပိုက်ဆံရှိတဲ့မိန်းမတွေကို ကပ်ပေါင်းပြီး ကိုယ်ကျိုးရှာတဲ့သူလို့ ကျွန်တော့်ကို အဲဒီလိုကောင်လို့ ထင်တယ်မဟုတ်လား အစ်မ-"

"မဟုတ်ပါဘူးကွယ်-မဟုတ်ပါဘူး"

သူက သူမ၏ ကန့်ကွက်စကားကိုလက်မခံပါ။ သူမျက်နှာမှာ ဖွေးဖွေးဖြူနေသည်။ "ဟုတ်ပါတယ်ဗျာ၊ ဒီအတိုင်းပါပဲ။ ကျွန်တော်ဟာ ခိုင်းတာလုပ်ရတဲ့ကောင်ပါ။ အစ်မကိုပျော်လာအောင် ကျွန်တော်က အဖော်လုပ်ပေးရမယ်။ အစ်မ စိတ်ချမ်းသာအောင် ကျွန်တော်က ပျော်တော်ဆက်ရမယ်။ အစ်မစိတ်ညစ်နေရတဲ့အိမ်ထောင်သည်ဘဝကို မေ့သွားအောင် ကျွန်တော်က အပြောင်းအလဲလုပ်ပေးရမယ်။ အဲဒါ ကျွန်တော့်အလုပ်ပဲ။ ဘယ်လောက် စိတ်ပျက်စရာကောင်းတဲ့အလုပ်လဲဗျာ"

"မင်းဘာလို့ ဒါတွေလာပြောနေတာလဲ" သူမက ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် ဒီဇာတ်ထဲမျောပါနေရလို့ပဲ။ ကျွန်တော်ဒီဇာတ်ကို ဆက်မကနိုင်တော့ဘူး။ အစ်မနဲ့ဆက်ကလို့မဖြစ်တော့ဘူး။ မတူပါဘူးဗျာ။ အစ်မက ကျွန်တော်ယုံကြည်တဲ့၊ လေးစားမြတ်နိုးတဲ့ ကျွန်တော်ချစ်ခင်တဲ့မိန်းမမျိုးပဲ။ ဒါကိုလည်း အစ်မက ကျွန်တော်ဟန်ဆောင်ပြောနေတယ်၊ တာဝန်အရပြောနေတယ်လို့ထင်မှာပါပဲ" သူက သူမအနီးသို့တိုးကပ်လာ၏။ "အဲဒီလိုမဟုတ်ဘူးဆိုတာကို ကျွန်တော်သက်သေပြမှာပါ။ ကျွန်တော်အဝေးကြီးကို ထွက်သွားတော့မယ်။ အစ်မကြောင့်ပဲ"

သူက ရုတ်တရက် သူမကို ပွေ့ဖက်လိုက်ပြီး မျက်နှာကိုနမ်းလိုက်သည်။ ထို့နောက်ပြန်လွှတ်လိုက်ပြီး ခပ်လှမ်းလှမ်းတွင် သွားရပ်နေလိုက်၏။

"နှုတ်ဆက်ပါတယ်ဗျာ-ကျွန်တော်ဟာ မလုပ်သင့်တာတွေလုပ်နေတဲ့ကောင်ပါ။ ဒါပေမယ့် အခုကစပြီး ကျွန်တော်ပြောင်းလဲသွားပါပြီ။ အစ်မပြောခဲ့ဖူးတာမှတ်မိသေးလား။ အစ်မဟာ သတင်းစာထဲက လူမှုရေးကြော်ငြာတွေကို စိတ်ဝင်စားပြီး အမြဲဖတ်တယ်ဆိုတာလေ။ နှစ်တိုင်းနှစ်တိုင်း

ဒီလိုနေ့မှာ ကျွန်တော် အစ်မကို အသိပေးနေတဲ့သတင်းစကားတစ်ခု အစ်မဖတ်ရပါလိမ့်မယ်။ ကျွန်တော် အမြဲသတိရနေပြီး လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေပါတယ်ဆိုတဲ့ သတင်းစကားပါ။ နောက်တစ်ခုရှိပါသေးတယ်။ ကျွန်တော် အစ်မဆီက ဘာကိုမှ မယူခဲ့ဘူးနော်။ အစ်မကို ကျွန်တော်ပေးချင်တာတစ်ခုရှိတယ်"

သူက သူ့လက်ချောင်းမှရွှေသက်သက်ဖြင့် လုပ်ထားသည့် လက်စွပ်ငယ်တစ်ခုကို ချွတ်လိုက်သည်။

"အမေက ကျွန်တော့်ကိုပေးခဲ့တဲ့လက်စွပ်ကလေးပါ။ အစ်မလက်ခံပါဗျာ၊ ကဲ အစ်မ ကျွန်တော် သွားပြီ"

သူမ ကြက်သေသေလျက်ရပ်နေစဉ် သူထွက်သွားလေတော့သည်။ သူမ လက်ထဲတွင် ရွှေလက်စွပ်ကိုကိုင်လျက်ရှိပါ၏။

ထိုနေ့တွင် ဂျော့ ပက်ကင်တန်သည် ခပ်စောစောအိမ်ပြန်လာ၏။ သူ၏ဇနီးကို မီးလင်းဖိုထဲသို့ငေးလျက် အတွေးနက်နေသည်ကိုမြင်ရလေသည်။ သူမက အရုပ်တစ်ရုပ်လို စိတ်မပါဘဲသူကို နှုတ်ဆက်၏။ "ဒီမယ်-မာရီယာရေ-" သူက ရုတ်တရက် စကားလှမ်းပြောလိုက်သည်။ "ဟိုမိန်းကလေးအကြောင်းကိုယ်ပြောမလို့ပါ"

"ဟုတ်ကဲ့၊ ပြောပါ"

"ကိုယ်လေ-ကိုယ်မင်းကိုစိတ်ဆင်းရဲအောင်လုပ်တာမဟုတ်ပါဘူးကွာ-အဲဒီမိန်းကလေးနဲ့ပတ်သက်လို့-တကယ်က ဘာမှလေးလေးနက်နက်မရှိပါဘူး"

"ကျွန်မသိပါတယ်-ကျွန်မကိုယ်ကမိုက်မဲနေခဲ့မိတာပါ။ ရှင်စိတ်ချမ်းသာမယ်ဆိုရင် သူနဲ့ဘယ်လိုနေနေ ကျွန်မ မပြောပါဘူး"

ဤစကားတို့သည် ဂျော့ပက်ကင်တန်ကို အားတက်သွားစေမည့် စကားများဖြစ်ပါ၏။ သို့ရာတွင် ထူးထူးဆန်းဆန်းပင် ထိုစကားများကြောင့် သူ့စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ ဇနီးဖြစ်သူကိုယ်တိုင်က သိသိကြီးနှင့် ပြုလိုက်သလိုတွဲခိုင်းနေသော မိန်းကလေးတစ်ယောက်ကို သူဘယ်လိုလုပ်ပျော်တွဲနေနိုင်ပါမည်နည်း တော်ပါပြီ။ လိုလိုလားလားခွင့်ပြုနိုင်စရာကိစ္စမှမဟုတ်ဘဲ၊ ပြီးတော့ယောကျ်ားရင့်မကြီးက စိတ်အလိုလိုက်ပြီး ဒုက္ခရောက်တော့ဆွေ သွားပုပ်လေလွင့်ပြောတာလည်းခံရဦးမယ်။ ပက်ကင်တန်သည် စိတ်ထဲတွင် ပင်ပန်းငြီးငွေ့သွားသလို ခံစားရသည်။ ကိုယ့်ကိုယ်ကိုယ် လိမ်ညာလည်ဖြားခံနေရသလိုလည်း ထင်နေမိ၏။ ဟိုကောင်မလေးကလည်း တော်ဆော်လည်သည်။

"တို့အဆင်ပြေရင် မင်းသွားချင်တဲ့နေရာ သွားလည်ကြရအောင်လား" သူက ရှက်ရွံ့ရွံ့လေသံဖြင့် တိုင်ပင်လိုက်၏။

"ကျွန်မအတွက်ကိစ္စမရှိပါဘူး။ ကျွန်မ စိတ်ဆင်းရဲစရာမရှိပါဘူး"

"ကိုယ်ကလည်းမင်းနဲ့အတူသွားချင်တာပါကွ။ တို့ ရီဇိုင်းရားကမ်းခြေဖြစ်ဖြစ်သွားကြရအောင်" မစ္စစ်ပက်ကင်တန်က ခပ်လှမ်းလှမ်းမှ သူ့ကိုပြုံးပြလိုက်သည်။ သနားစရာကျော့ပဲ။ တကယ်တော့ သူ့ကိုသူမ ခင်တွယ်နှစ်လိုပါ၏။ သူသည် ကြင်နာနားလည်မှုရှိတတ်သူဖြစ်ပါသည်။ သူ့ဘဝတွင် သူမလို လှိုင်းလှိုင်းဝှက်ဝှက် စိတ်ကြီးဝင်နေစရာကိစ္စမျိုးရှိခဲ့သူမဟုတ်ပေ။ သူမက ကြင်နာစွာပြုံး၍ပြော လိုက်ပါသည်။ "ကောင်းတာပေါ့ကိုယ်ရယ်"

မစ္စတာပါကားပိုင်းသည် မစ္စလီမွန်နှင့်စာရင်းများတွက်နေသည်။ ထိုစဉ် ဘဲခါးပွင့်လာပြီး ကလော့ဒ်လတ်ဆရဲဝင်လာ၏။ သူမျက်နှာမှာအလိုမကျဟန်ပေါ်နေပါသည်။

"လာဟေ့ ကလော့ဒ်" မစ္စတာပါကားပိုင်းက နှုတ်ဆက်လိုက်သည်။ "အစစအရာရာ ချောချောမောမောပဲ မဟုတ်လား"

"အဲဒီလိုပဲ ထင်ပါတယ်"

"လက်စွပ်ကကောနာမည်ဘယ်လိုထိုးလိုက်တာလဲ"

"မတီလ်ဒါ" ကလော့ဒ်က စိတ်မပါဟန်နှင့်ဖြေ၏။ "၁၈၉၉"

"သိပ်ကောင်းတယ်၊ ကြော်ငြာအတွက်က ဘယ်လိုရေးထားသလဲ"

"ကောင်းအောင်ကြိုးစားနေပါတယ်။ သတိရလျက်ပါ။ ကလော့ဒ်"

"မစ္စလီမွန်၊ အဲဒါကိုမှတ်ထားပြီး နိုဝင်ဘာသုံးရက်နေ့တိုင်း နှစ်စဉ်ကြော်ငြာထည့်ပေးပါ။ ဆယ်နှစ်အထိထည့်မယ်။ ကဲ-ဒီတော့စုစုပေါင်းအသုံးစရိတ်ဘယ်လောက်ဖြစ်သွားလဲ။ တစ်ရာ့နှစ်ပေါင်ဆယ့်လေးသိုင်းခြောက်ပဲနိ၊ ကြော်ငြာခနှုတ်ပြီးရင် ကိုးဆယ့်နှစ်ပေါင်၊ ငါးသိုင်းခြောက်ပဲနိ ကျန်တယ်။ လုံလောက်ပါတယ်၊ ကောင်းကောင်း လုံလောက်တယ်" မစ္စလီမွန် ပြန်ထွက်သွား၏။

"ဒီမယ်ဆရာ" ကလော့ဒ်က ပွင့်ထွက်လာသံနှင့်ပြောလိုက်သည်။ "ဒီကိစ္စမျိုး ကျွန်တော် မလုပ်ချင်တော့ဘူး။ အတော်သိက္ခာမဲ့တဲ့အလုပ်ပဲဗျာ"

"မင်းကလည်းကွာ"

"သိက္ခာမရှိပါဘူးဗျာ။ သူဟာ လေးစားလောက်တဲ့ အမျိုးသမီးဗျ။ တစ်ခါနဲ့လုံးသူ့ကို ကျွန်တော်လိမ်နေတယ်။ သူ သနားလာအောင်လုပ်ကြံပြောနေရတယ်။ မကောင်းဘူးဆရာ။ ကျွန်တော် စိတ်ပျက်တယ်"

မစ္စတာပါကားပိုင်းက မျက်မှန်ကို နေရာအတည်တကျရွှေ့လိုက်ပြီး သူ့တပည့်ဖြစ်သူကို ထူးစမ်းလေ့လာသောအကြည့်ဖြင့်ကြည့်နေ၏။ "အင်းပေါ့လေ-မင်းကိုဒီတာဝန်မျိုးတွေခိုင်းတိုင်း မင်းရဲ့ဆင်ခြင်တုံတရားက မင်းကိုဒုက္ခပေးနေလိမ့်မယ်ဆိုတာ ဆရာမစဉ်းစားမိဘူး။ ရီဇိုင်းရားမှာ မင်းလုပ်ခဲ့တုန်းက ဒွတ်ဆွင့်လင်းလင်းလုပ်နိုင်ခဲ့တာပဲ။ ပြီးတော့မစ္စစ်ဟောတီဝက်စ် ကိစ္စတုန်းကလည်း ရဲရဲတင်းတင်းနဲ့ အောင်မြင်အောင်လုပ်နိုင်ခဲ့တယ်။ ကာလီဖိုးနီးယား သူဌေးကြောင်နဲ့လည်း ကိုယ်ကျိုးရှာတဲ့သူတစ်ယောက်အဖြစ် မင်း သရုပ်ဆောင်ခဲ့သေးတယ်လေ"

"အခု ကျွန်တော် အရင်လိုမဟုတ်တော့ဘူး" ကလော့ဒ်က ကန့်ကွက်လိုက်သည်။ "ဒီလိုလုပ်နေရတာတွေ မကြိုက်တော့ဘူးဗျာ"

မစ္စတာပါကားပိုင်းက ကျောင်းသားငယ်လေးတစ်ယောက်ကို သွန်သင်ဆုံးမသော ကျောင်းအုပ်ကြီးတစ်ယောက်လို သူ့တပည့်ကိုပြောလိုက်၏။ "ဒီမယ် ကလော့ဒ်- မင်းဟာကုသိုလ်ရတဲ့အလုပ်မျိုးလုပ်ခဲ့တာကွ။ စိတ်ဆင်းရဲနေတဲ့အမျိုးသမီးတစ်ယောက်ကို စိတ်ပြေပြီးနူးညံ့တည်ငြိမ်သွားအောင် မင်းက စိတ်ချမ်းသာစရာတွေပေးခဲ့တာပဲ။ အမျိုးသမီးရဲ့သူ ဖြစ်ချင်တဲ့ဆန္ဒတွေကို တစ်စစီဖြစ်အောင် ဖျက်ဆီးပစ်လိုက်ရင် ဘာကောင်းကျိုးမှရမှာမဟုတ်ဘူး။ အေး-သူ့အတွက် လွမ်းဆွတ်အောက်မေ့စရာ ဇာတ်လမ်းလေးတစ်ခုဖန်တီး ပေးလိုက်ရင် နောင်နှစ်ပေါင်းများစွာအထိ သူ့စိတ်နှလုံးသိမ်မွေ့ပြီးတည်ငြိမ် အေးချမ်းမှုရသွားနိုင်တယ်။ ဆရာဟာလူတွေရဲ့သဘောသဘာဝကို နားလည် ပါတယ်ကွာ။ တို့ဟာ့ မစ္စစ်ပက်ကင်တန်အပေါ် တကယ်ကျေနပ်စရာကောင်း လောက်အောင် အကျိုးဆောင်နိုင်ခဲ့တာပါကွ"

"ဘာ့ပဲဖြစ်ဖြစ် ကျွန်တော်မကြိုက်ဘူးဆရာ" ကလော့ဒ်ကပြောပြော ဆိုဆိုနှင့် ထွက်သွားလေတော့၏။

မစ္စတာပါကားပိုင်းက ဖိုင်အသစ်ကိုအံဆွဲထဲမှ ဆွဲထုတ်လိုက်သည်။ ထို့နောက် မှတ်ချက်အနည်းငယ်ရေးလိုက်ပါလေ၏။ "ကွက်ထိုယသိုက်သမားသဏ္ဌာန်သရုပ်ဆောင်ရသူတစ်ဦး၏ ဆင်ခြင်တုံတရားမှ စိတ်ဝင်စားဖွယ် တုံ့ပြန်မှုများ။ တိုးတက်ဖြစ်ပေါ်မှုများကို စောင့်ကြည့်လေ့လာရန်။"

ကျော်ကျော်

၁၈ ဟောင်းသို့တစ်ခေါက်အပြန်

မစ္စစ်အက်မနာရိုင်မာဆိုသူ အမျိုးသမီးတစ်ဦး အလုပ်အပ်ရန်ရောက်နေကြောင်း မစ္စတာပါကားပိုင်း သိလိုက်သောအခါ အံ့ဩစိတ်ဖြင့် မျက်လုံးများ ပင့်လိုက်မိ၏။ ထိုခဏခွဲပင် အလုပ်အပ်လိုသည့်အမျိုးသမီးရုံးခန်းထဲဝင်လာသည်။

မစ္စစ်ရိုင်မာသည် အရပ်မြင့်မြင့်အရိုးအဆစ်ကြီးကြီးဖြစ်၏။ ရုပ်လက္ခဏာက ကြည့်ပျော်ရွှေ့ပျော် မဖြစ်လိုက်သည်မှာ ဝတ်ထားသည့်ပိုးသားဝတ်စုံနှင့်သိုးမွေးကုတ်အင်္ကျီတို့ကလည်း ထိုအချက်ကို မပြောင်းလဲစေနိုင်ပေ။ လက်ဆစ်များက သိသိသာသာပေါ်နေသည့်အပြင် ကြီးမားကျယ်ပြန့်သောမျက်နှာတွင်လည်း ရောင်စုံခြယ်ထား၏။ နက်မှောင်သော ဆံပင်ကို ဖက်ရှင်ကျအောင် ပြုပြင်ထားပြီး ဆောင်းလာသည့်ဦးထုပ်မှာ ငှက်ကုလားအုတ်မွေးများစွာဖြင့် တန်ဆာဆင်ထားလေသည်။

မစ္စတာပါကားပိုင်းကို မင်္ဂလာနံနက်ပါဟု ခေါင်းညိတ်နှုတ်ဆက်ရင်း သူမက ထိုင်ခုံပေါ် ထိုင်ချလိုက်၏။ သူမ၏အသံမှာ ရုပ်လက္ခဏာအတိုင်း မာမာကြမ်းကြမ်းဖြစ်သည်ဟု မစ္စတာပိုင်း မှတ်ချက်ချလိုက်သည်။ သူတွေးသည့်အတိုင်းပင် အမျိုးသမီးက ဆိုင်းမဆင့် ဝုံမဆင့်နှင့်-

"ကိုင်း- ရှင်တတ်နိုင်တယ်ဆိုရင် ကျွန်မပိုက်ဆံတွေ ဘယ်လိုသုံးရမယ်ဆိုတာ ပြောစမ်းရှင်"ဟု ပြောလိုက်ပါသည်။ ရှားရှားပါးပါးပဲ ဟု မစ္စတာပိုင်း တွေးမိလေသည်။ ထို့နောက်-

"ဒီခေတ်ထဲမှာတော့ ဒီလိုမေးတာမျိုး သိပ်ရှားတယ်ခင်ဗျ"ဟုပြောလိုက်ပြီး "မစ္စစ်ရိုင်မာအတွက် ငွေသုံးပစ်ဖို့ တကယ်ပဲ အခက်အခဲတွေ့နေတာလား" ဟု မေးလိုက်ပါသည်။

"တကယ်ပြောတာရှင့်"ဟု အမျိုးသမီးက တုံးတိတိပြန်ဖြေ၏။" သိုးမွေးအင်္ကျီတွေရှိတယ်ရှင်၊ ပြင်သစ်ဝတ်စုံလည်းတစ်ထုံကြီး၊ ပတ်ကလိန်းရပ်ကွက်မှာ အိမ်ကြီးတစ်လုံးနဲ့ကားတစ်စီး၊ ရွက်လှေလည်းရှိပါရဲ့၊ ဒါပေမယ့် ကျွန်မက ငင်လယ်ထွက်ရတာမကြိုက်ဘူး။ အထက်တန်းစားလို့ သူတို့ဘာသာ သာယာမြင့်နေတဲ့ အခိုင်းအစေတွေလည်း အများကြီးခန့်ထားပြီးပြီ၊ နောက်ပြီး နိုင်ငံခြား အပန်းဖြေခရီးတွေထွက်ခဲ့တာလည်း မနည်းတော့ဘူးရှင့်၊ ဒီတော့ ဘာတွေ ထပ်ဝယ်ရမလဲ၊ ဘယ်လိုသုံးရဖြန်းရမလဲ၊ ဒါပဲ ကျွန်မသိချင်တယ်ရှင်" ဥမက မစ္စတာပါကားပိုင်း၏ အကြံပေးချက်ကို မျှော်လင့်တကြီး စောင့်နေ၏။

"ဆေးရုံတွေ ရှိသားပဲဗျာ"ဟု မစ္စတာပိုင်းက ပြောလိုက်ရာ-

"ဘယ်လို၊ လျှူပစ်ရမယ်ပေါ့ဟုတ်လား၊ မဖြစ်ဘူးရှင့်၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီငွေတွေက ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးရလာတာရှင့်၊ ချွေးနဲ့ရင်းပြီးရလာတဲ့ငွေတွေကို အမှိုက်ပစ်သလို ပစ်လိုက်လိမ့်မယ်လို့ ရှင်ထင်ရင် မှားမှာပေါ့။ ကျွန်မကငွေကိုသုံးချင်တာပါလို့ပြောပြီးပြီပဲ။ တစ်ခုခုအမြတ်ထွက်အောင် တော့သုံးရမယ်လေ။ ကဲပါရှင်-ရှင့်မှာ ငွေဘယ်လိုသုံးရမယ်ဆိုတဲ့ စိတ်ကူးကောင်းကောင်းရှိရင် ထုတ်သာပြောပါ။ အဲဒီအတွက် ရှင်ထိုက်ထိုက်တန်တန်ရပါစေမယ်"

"ဒီလိုဆိုတော့လည်း စိတ်ဝင်စားစရာပေါ့ဗျာ"ဟု မစ္စတာပိုင်းကပြောထိုက်ပြီး- "ခင်ဗျားပြောတဲ့အထဲမှာ ပျော်ပွဲစားထွက်ဖို့ အပန်းဖြေ ဘိုတဲမျိုး ပါသေးဘူးနော်-"

"ရှိပါ့ရှင်၊ ပြောဖို့မေ့နေလို့၊ သေလုအောင် ပျင်းစရာကောင်းတဲ့နေ့ရက်ပဲ"

"ကဲ-ဒီလိုဖြင့်လည်း ခင်ဗျားအကြောင်း ပြည့်ပြည့်စုံစုံသာပြောပြပါဗျာ၊ ခင်ဗျာ့ပြဿနာက လွယ်လွယ်ဖြေရှင်းလို့ရတာမျိုး မဟုတ်ဘူးဗျ"

"ပြောပါ့မယ်ရှင်၊ ပြောလည်းပြောချင်နေတာပါ။ ကျွန်မ ဘယ်လိုဘဝမျိုးကလာခဲ့ရတယ်ဆိုတာ ပြောရမှာ မရှက်ပါဘူး။ ငယ်တုန်းက ယာခင်းတွေမှာ အလုပ်ကြမ်းလုပ်ခဲ့ရတာပေါ့။ အရွယ်ရောက်တော့ အက်ဗနာနဲ့အိမ်ထောင်ကျ သူကလည်း ရွာနားက စက်ရုံအလုပ်သမားလေ၊ အံမယ်-သူက ကျွန်မကို ရွှစ်နှစ်တောင် ပိုးခဲ့တာရှင့်၊ နောက် ကျွန်မတို့ လက်ထပ်ကြရော"

"ခင်ဗျားတို့ ပျော်ခဲ့ကြမှာပေါ့!" မစ္စတာပိုင်းက ဖြတ်မေးလိုက်သည်။

"ပျော်တာပေါ့ရှင်၊ အက်ဗနာက ကျွန်မအပေါ် ကောင်းပါတယ် ကျွန်မတို့ အတော်တော့ ရုန်းကန်ခဲ့ကြရတာပေါ့။ သူက နှစ်ခါတောင် အလုပ်ထွက်

ခဲ့ရသေးတယ်။ ကလေးတွေလည်း လေးယောက်တောင် မွေးခဲ့ပါရဲ့။ ယောက်ျားလေးသုံးယောက်နဲ့မိန်းကလေးတစ်ယောက်၊ တစ်ယောက်မှ အရွယ်ရောက်သည်အထိ အဖတ်မတင်ခဲ့ကြပါဘူး။ သူတို့အသက်ရှင်ကြရင်တော့ တစ်မျိုးတစ်မည် ဖြစ်ချင်ဖြစ်မှာပေါ့လေ"

ပြောရင်းနှင့်မစ္စစ်ရိုင်မာ၏မျက်နှာမှာ ပျော့ပျောင်းလာသည်။ လူငယ်တစ်ယောက်လို နုသွား၏။

"အက်ဗနာက နှလုံးအားနည်းတယ်ရှင့်၊ ဒါကြောင့် စစ်ထဲကို သူမလိုက်ရပါဘူး၊ အိမ်မှာပဲ မိသားစုအလုပ် လုပ်ရတယ်။ နောက်တော့ သူဖိုမင်ဖြစ်တယ်ရှင့်။ လူတော်ပါရှင်၊ သူတီထွင်တဲ့ပစ္စည်းတစ်ခုက တော်တော်အလုပ်ဖြစ်သွားတော့ သူ့ကိုကောင်းကောင်းမြှောက်စားတော့တာပေါ့။ အဲဒီကရတဲ့ငွေနဲ့ နောက်တစ်မျိုးထွင်ပြန်ပါရော၊ ဝင်လိုက်တဲ့ငွေ ဘာပြောကောင်းမလဲ၊ သောက်သောက်လဲပဲရှင်၊ အဲဒီနောက် ကိုယ်ပိုင်လုပ်ငန်းထောင်၊ ကိုယ့်အလုပ်သမားနဲ့ကိုယ်ပေါ့။ ဒီလိုလုပ်ရင်းက ပျက်စီးခါနီးဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းနှစ်ခုကို ဈေးချောင်ချောင်နဲ့ဝယ်ပြီး သူ့စိတ်ကူးနဲ့ထူထောင်လိုက်တော့ အောင်မြင်သွားရောဆိုပါတော့။ ကျန်တဲ့အပိုင်းတော့ ဘာခက်တော့မလဲရှင်၊ ငွေတွေဆိုတာ အဆက်မပြတ်ဝင်လာတာပဲ။ ခုထိဝင်တုန်း-" မစ္စစ်ရိုင်မာက အတိတ်ကိုပြန်တွေးရင်း ကြည်နူးစွာနှင့်- "အဲဒီတုန်းကနော်- သိပ်ပျော်ရတာပဲ၊ အိမ်ကြီးအိမ်ကောင်းနဲ့၊ အခန့်စားရေချိုးခန်းနဲ့၊ ကိုယ်ပိုင်အခိုင်းအစေနဲ့ ဖြစ်လာခါစကိုး။ မီးဖိုချောင်လည်းဝင်စရာမလို၊ လျှော်ရဖွပ်ရတာလဲမလုပ်ရ။ နားနေခန်းထဲ ပိုးသားခင်းဆိုဖာကြီးပေါ် ကနေ ခေါင်းလောင်းသံပေးလိုက်တယ်ဆို လက်ဖက်ရည်က ရောက်လာရပြီလေ။ တကယ့်မြို့ဝန်အိမ်တော်မှာလို နေခဲ့ရတာ။ ပျော်ပျော်ကြီး စည်းစိမ်ခံခဲ့တာပေါ့။ နောက်ပိုင်း ကျွန်မတို့ လန်ဒန် မြို့တော်ကြီးကို ရွှေ့လာခဲ့ကြတယ်။ တော်ပေ့ဆိုတဲ့ အပ်ချုပ်ဆိုင်တွေကို ကျွန်မ ဝတ်စုံတွေချုပ်ခိုင်းခဲ့တယ်။ ပဲရစ်တို့၊ အလှဆုံး သဲသောင်ကမ်းခြေဆိုတာတွေလျှောက်လည်ခဲ့တာ၊ မရောက်တဲ့နေရာမရှိသလောက်ဘဲ၊ အပျော်ဆုံးအချိန် တွေပေါ့"

"ဟုတ်မှာပေါ့ခင်ဗျာ၊ အဲဒီနောက်ကော" မစ္စတာပိုင်းက ထောက်ပေးလိုက်သည်။

"နောက်တော့ ငြီးငွေ့လာတာပေါ့ရှင်၊ အစားအသောက်တွေတောင် မက်မက်စက်စက်မရှိတော့ပါဘူး။ စားချင်သမျှ ဘာမဆိုရနေတာကိုး။ ရေချိုးဖို့ဆိုတာလည်း တစ်နေ့တစ်ခါတော်ပြီပေါ့။ အက်ဗနာရဲ့ကျန်းမာရေးကလည်း

တဖြည်းဖြည်းချူချာလာတယ်လေ။ ကျော်ကြားပေ့ဆိုတဲ့ အထူးကုတွေပင့်ပြီး ငွေတွေပုံအောကုတာပါပဲ။ သူတို့လည်း အစွမ်းကုန်ပေါ့။ ဒီနည်းနဲ့မရရင် ဟိုနည်းပြောင်းကု ဆိုတာမျိုးပေါ့။ နောက်ဆုံးတော့ လက်လျှော့သွားကြတာပါပဲ။ အက်ဗနာဆုံးတော့ ဘာရှိသေးတုံး။ သူ့အသက်လေးဆယ့်သုံးနှစ်ပဲ ရှိသေးတယ်"

မစ္စတာပိုင်းက ကရုဏာသက်စွာ ခေါင်းညိတ်လိုက်ပါသည်။

"အဲဒါလွန်ခဲ့တဲ့ ငါးနှစ်ကပေါ့။ ငွေကတော့ ခုထိလှိမ့်ဝင်တုန်းပဲ၊ ဝင်လာတဲ့ငွေတွေကို သုံးစရာလည်းမရှိဆိုတော့ အလဟဿဖြစ်နေသလိုပါပဲရှင်၊ ခုနက ရှင့်ကိုမေးသလိုပဲ။ ကိုယ်မရှိသေးတဲ့ဟာ ဘာဝယ်ရကောင်းမလဲလို့ကို မစဉ်းစားတတ်အောင်ဖြစ်နေပြီ"

"တစ်နည်းပြောရရင်တော့-" မစ္စတာပိုင်းက ပြန်ပြောလိုက်သည်။ "ခင်ဗျားရဲ့ဘဝဟာ ငြီးငွေ့စရာကြီးဖြစ်နေတဲ့သဘောပေါ့။ ကိုယ့်ဘဝကိုယ် ကျေကျေနပ်နပ် သဘောမကျနိုင်တာပေါ့ဗျာ"

"သဘောမကျရုံမဟုတ်ဘူးရှင့်။ စိတ်အကြီးအကျယ်ပျက်နေတာ" မစ္စစ်ရိုင်မာက မျှော်လင့်ချက်မဲ့စွာ ပြောလိုက်လေသည်။ "အခုဆိုရင် ကျွန်မမှာ မိတ်ဆွေမရှိသလောက်ဖြစ်နေပြီ။ အပေါင်းအသင်း အသစ်တွေက သူတို့နဲ့ အတူသုံးတာ ဖြုန်းတာတော့ကြိုက်ကြပါရဲ့၊ ကွယ်ရာလည်း ရောက်ကြရော ကျွန်မကို လှောင်ကြဟားကြရောရှင့်။ ပေါင်းဟောင်းသင်းဟောင်းတွေကျတော့ ကျွန်မကို ရှောင်ပြေးနေကြတယ်။ ကျွန်မနဲ့အတူတွဲလိုက်တိုင်း သူတို့ စိတ်အားငယ်ရှု၊ ရှက်ကြရတာကိုး။ အဲဒီတော့ ဘယ့်နှယ်လုပ်နေရတော့မလဲ။ အကြံပေးစမ်းပါဦးရှင်"

"ဒီကိစ္စ ကျွန်တော် ကူညီနိုင်ဖါလိမ့်မယ်" မစ္စတာပိုင်းက မယုတ်မလွန် ပြောလိုက်၏။

"လွယ်တဲ့ကိစ္စတော့မဟုတ်ဘူးဗျ။ ဒါပေမဲ့ အောင်မြင်ဖို့ အခွင့်အလမ်းတစ်ခု ရှာလို့ရနိုင်ပါတယ်။ ဆိုလိုတာက ဟိုးတုန်းက ပျော်ပျော်ရွှင်ရွှင်နေခဲ့ရတဲ့ ခင်ဗျားဘဝမျိုးပြန်ရအောင် ကျွန်တော် ကူညီနိုင်တယ်လို့ပြောတာပါ။ ပျောက်သွားတဲ့ ခင်ဗျားရဲ့ ပျော်ရွှင်ကြည်နူးစရာဘဝဟောင်းကို ကျွန်တော် ပြန်ရှာပေးရမှာပေါ့"

"ဘယ်လိုရှာမှာလဲရှင့်" မစ္စစ်ရိုင်မာက တိုကိုပြတ်ပြတ်ပင်မေးလိုက်၏။ မစ္စတာပိုင်းကလည်း ပြတ်သားစွာပင်-"ဒါက ကျွန်တော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းရဲ့ လျှို့ဝှက်ချက်ပဲဗျ။ ကျွန်တော်ရဲ့လုပ်နည်း လုပ်ဟန် နည်း

ဘူးဘာတွေကို ဘယ်တော့မှကြိုပြီး အသိမပေးဘူး။ သေချာပေါက် ရာနှုန်းပြည့်အောင်မြင်မယ်လို့လည်း ကျွန်တော်အာမ မခံဘူး။ အောင်မြင်ဖို့ အခွင့်အလမ်းရှိတယ်လို့သာ ကျွန်တော်ပြောတာ။ ဒီတော့ အလုပ်အပ်မယ်။ မအပ်ဘူးဆိုတာတော့ ကိုယ့်ဘာသာဆုံးဖြတ်ဖို့ပေါ့ဗျာ။

"ကုန်ကျစရိတ်ကကော ၊ ဘယ်လောက်ပေးရမှာလဲ"

"ခင်ဗျာ့ ကိစ္စမှာတော့ လုပ်ရိုးလုပ်စဉ်နည်းလမ်းတွေနဲ့ မဖြစ်လို့ နည်းသစ်တွေသုံးရလိမ့်မယ်။ ဒီတော့ စျေးကြီးမှာပေါ့။ ကုန်ကျစရိတ်က ပေါင်တစ်ဆောင်ပေါ့။ ငွေကြိုတင်ပေးချေဖို့လိုမယ်"

"ရှင်က တောင်းချင်သလောက် တောင်းလို့ရမယ်ဆိုတာသိနေပြီကိုး" မစ္စစ်ရိုင်မာက ဝံကြွားဟန်ဖြင့် ပြောလိုက်ပြီး-"ကောင်းပြီလေ ၊ စမ်းကြည့်တာပေါ့ ၊ ကျွန်မကလည်း စျေးအကြီးဆုံးဆိုတာပဲ သုံးနေကျဖြစ်နေပါပြီ။ ဘစ်ခုတော့ ရှိတယ်။ ကိုယ်ပေးတာနဲ့ ထိုက်ထိုက်တန်တန် ပြန်ရမရတော့ ကျွန်မ အမြဂရုစိုက်ကြည့်တတ်တယ်နော်"

"ရပါလိမ့်မယ်ဗျာ-" မစ္စတာပိုင်းက ပြောလိုက်၏။ "ဒီအတွက် မပူပါနဲ့"

"ဟုတ်ပါပြီ။ ဒီညနေပဲ ကျွန်မ ချက်လက်မှတ်ပို့ပေးလိုက်မယ်။ "မစ္စစ်ရိုင်မာက ပြောပြောဆိုဆိုနှင့် ပြန်ရန်ထရင်း-"ရှင့်ကိုဘာကြောင့် ယုံယုံကြည်ကြည် အလုပ်အပ်တာလဲလို့ ကိုယ့်ဘာသာတောင် မစဉ်းစားတတ်တော့ဘူး။ သူမိုက်နဲ့ငွေ အတူမနေဆိုတဲ့စကားလိုဆိုရင်တော့ ကျွန်မ လူမိုက်ဖြစ်မယ့်ပုံပဲ။ လူတွေကို ပျော်ရွှင်အောင်လုပ်ပေးနိုင်တယ်လို့ သတင်းစာထဲကြော်ငြာထည့် လောက်အောင် ရှင်ကတော့ အတော်အာမခံရဲတယ်နော်"

"အဲဒီကြော်ငြာဖိုးတွေက မနည်းကုန်တာဗျ" မစ္စတာပိုင်းက ပြန်ပြောလိုက်သည်။ "ကျွန်တော့် ကြော်ငြာမှာပါသလို လုပ်မပေးနိုင်ရင် ကြော်ငြာခတွေ အလကား ဆုံးရှုံးကုန်မှာပေါ့။ စိတ်မပျော်ရွှင်မှုရဲ့ အကြောင်းရင်းတွေကို ကျွန် တော်ရှာတွေ့ထားတယ်ခလေ။ ဒါကြောင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ ပျော်ရွှင်မှု ရလာဖို့နည်းလမ်းတွေ ဖော်ထုတ်နိုင်တာပေါ့"

မစ္စစ်ရိုင်မာကတော့ အလွယ်တကူ မယုံနိုင်ဟန်ဖြင့် ခေါင်းခါ၍ ပြန်ထွက်သွားလေတော့သည်။ အခန်းထဲတွင် တန်ဖိုးကြီးသော ရေနွေးနဲ့မျိုးစုံကျန်ခဲ့လေ၏။

မစ္စစ်ရိုင်မာထွက်သွားပြီး ခဏအကြာတွင် ခန့်ချော ချောလှသည့် ကလေဒိလတ်ထရဲ ဝင်လာလေသည်။

"ကျွန်တော်ဝင်ရမယ့် ကိစ္စမျိုးလား ဆရာ"

မစ္စတာပိုင်းက ခေါင်းခါလိုက်၏။ "ဒီလောက် မလွယ်ဘူးကွ" သူက ဆက်ပြောသည်။

"ဟုတ်တယ်၊ အတော်ခက်မဲ့အမှုပဲ။ ငါတို့တော့ စွန့်စားရမယ့် ပုံပေါ်ပြီ။ ထူးထူးခြားခြားကို လုပ်ရတော့မယ်သဘော ဖြစ်နေတယ်"

"ဒါဖြင့် မစ္စစ် အိုလီဗာနဲ့ဆိုင်မှာပေါ့ ဆရာ"

မစ္စတာပိုင်းက ကမ္ဘာကျော်စိတ်ကူးအကောင်းဆုံး စာရေးဆရာမကြီးအည်ကြောင့် ပြုံးလိုက်မိ၏။

"မစ္စစ်အိုလီဗာက တို့အားလုံးထဲမှာ သမားရိုးကျအဖြစ်ဆုံးပဲကွ။ ငါလို ခင်ဗျာက လုပ်ရဲကိုင်ရဲစွန့်စားရဲတဲ့လူမျိုး၊ ကဲကွာ-အခု အင်ထရိုဘတ်ဆီ သွားခေါ်စမ်းပါ။ ငါ ပြောစရာရှိတယ်လို့"

"ခင်ဗျာ မစ္စတာအင်ထရိုဘတ်"

"အေး ဟုတ်တယ်။ ဒီကိစ္စမှာ သူအကူအညီလိုတယ်"

ရက်သတ္တတစ်ပတ်ကြာသောအခါ မစ္စစ်ရိုင်မာသည် ဒုတိယအကြိမ် အခြေ မစ္စတာပါကားပိုင်း၏ရုံးခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ သူက ဆက်ကြိုဆို၏။

"ဒီလောက်ကြာရတာကတော့ လိုအပ်လို့ပါဗျာ" မစ္စတာပိုင်းက ဦးစွာပြောလိုက်သည်။

"အစီအစဉ်လုပ်ရတာတွေက အတော်များတယ်။ တတ်ကျွမ်းနားလည်သူလည်း ဥရောပတိုက်တစ်ဝက်ခရီးလောက်က လာရတာကိုး"

"အိုး" သူမက သက်ာမကင်းစိတ်ဖြင့် အာမေဋိတ်ပြုလိုက်၏။ သူမ၏ စိတ်ထဲတွင် တောက်လျှောက်ရှိနေသည်မှာ ပေါင်တစ်ထောင်တန်ချက်လက်မှတ်ကို ပို့ပေးခဲ့ရခြင်းနှင့်ထိုင်ငွေကို သူတို့ထုတ်ယူခဲ့ပြီးပြီဆိုသည့် အချက်ပင်။

မစ္စတာပါကားပိုင်းက စားပွဲပေါ်မှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ရာ အသားညိုစိမ့်စိမ့်၊ အရှေ့တိုင်းသူမျက်နှာမျိုးနှင့် ခပ်ငယ်ငယ် အမျိုးသမီးတစ်ယောက်ဝင်လာသည်။ အဖြူရောင် သူနာပြုဝတ်စုံ ဝတ်ထား၏။

"ဆရာမ ဆာရာ-အားလုံးအသင့်ဖြစ်ပြီလား" မစ္စတာပိုင်းက မေးလိုက်ရာ ဆရာမက-

"ဟုတ်ကဲ့၊ ဒေါက်တာ ကွန်စတင်တိုင်း စောင့်နေပါတယ်"

"ရှင်တို့ဘာလုပ်ကြမလို့လဲ" မစ္စစ်ရိုင်မာက စိတ်စနိုးစနောင့်ဖြစ်ဟန်ဖြင့် မေးလိုက်၏။

"ထူးခြားဆန်းကြယ်တဲ့ အရှေ့တိုင်းက မှော်ပညာတစ်မျိုးနဲ့ မိတ်ဆက်

ပေးမလို့ပါ" မစ္စတာပိုင်းက ရင်းနှီးဟန်ဖြင့် ဖြေလိုက်သည်။

အစီအစဉ်အရ မစ္စစ်ရိုင်မာသည် အပေါ်ထပ်သို့ သူနာပြုဆရာမ ခေါ်ရာနောက်လိုက်သွားရ၏။ အပေါ်ထပ်တွင် မည်သည့်အခန်းနှင့်မှ တွဲမနေသော အခန်းတစ်ခန်းထဲသို့ ဝင်ရလေသည်။ ထိုအခန်းထဲတွင် အရှေ့တိုင်း အနုပညာလက်ရာ ကနုတ်ပန်းများကို နံရံများတွင် ခန်းလုံးပြည့် တွေ့ရ၏။ နောက်မှီ မပါသည့်ထိုင်ခုံပုလေးများပေါ်တွင် နူးညံ့သော ကူရှင်များရှိနေပြီး ကြမ်းခင်း ပေါ်တွင်လည်း တစ်ယောက်ထိုင် ကော်ဇောငယ်လေးများ ခင်းထားလေသည်။ လူတစ်ယောက်သည် ကော်ဖီ ကရားတစ်ခုကို ခါးကိုင်း၍ကြည့်နေရာမှ သူတို့ ဝင်လာသည်ကို မြင်သော အခါ ခါးစန့်ပြီး လှမ်းကြည့်လိုက်၏။

"ဒေါက်တာ ကွန်စတင်တိုင်းပါ" သူနာပြုဆရာမက မစ္စစ်ရိုင်မာအား ပြောလိုက်သည်။ ဒေါက်တာသည် ဥရောပဝတ်စုံကို ဝတ်ဆင်ထားသော်လည်း သူ့အသားမှာ ညိုမှောင်နေပြီး မျက်လုံးများက အနက်ဖြစ်သည်။ ထိုမျက်လုံး များသည် လျှို့ဝှက်တတ်ဟန်ရှိပြီး ကြည့်လိုက်လျှင်လည်း ထွင်းဖောက်မြင် နိုင်စွမ်းရှိသည်ဟု မစ္စစ်ရိုင်မာ ထင်မိလေသည်။

"ဒါ-ကျွန်ုပ်ရဲ့လူနာလား" ဒေါက်တာကတိုးသော်လည်း လှိုင်းထသည့် လေသံဖြင့်မေးလိုက်ရာ-

"ကျွန်မ လူနာမဟုတ်ဘူး" မစ္စစ်ရိုင်မာက ကပျာကသီပြောလိုက်၏။

"မဒမ်ရဲ့ကိုယ်ခန္ဓာဟာ ကျန်းမာသန်စွမ်းပေလိမ့်မယ်" ဒေါက်တာက ပြောလိုက်သည်။

"သို့ပေမယ့် စိတ်ဝိညာဉ်က ညှိုးနွမ်းနေပြီ။ နာမကျန်းဖြစ်တဲ့စိတ်ဝိညာဉ် ကို ပြန်လည်လန်းဆန်းကြည်လင်စေဖို့ ကျွန်ုပ်တို့ အရှေ့တိုင်းကသာ ကုစား နိုင်ပေတယ်။ ထိုင်ပါ မဒမ်၊ ကော်ဖီတစ်ခွက်သုံးဆောင်ပါ"

မစ္စစ်ရိုင်မာသည် ထိုင်လိုက်ပြီး သေးငယ်သောကော်ဖီခွက်ကို လှမ်းယူ လိုက်၏။ အနံ့သင်း၍အငွေ့ထနေသောကော်ဖီကို သူဖြည်းဖြည်းသောက် နေစဉ် ဒေါက်တာက ဆက်ပြောနေသည်။

"ဒီမှာရှိတဲ့အနောက်တိုင်းစနစ်ကတော့ သူတို့ဟာ ရုပ်ခန္ဓာကိုသာ ပြု ကုသကြတယ်။ မှားယွင်းတဲ့လုပ်ဆောင်မှုပေပဲ။ ရုပ်ခန္ဓာဟာ တူရိယာပစ္စည် မျှဖြစ်တယ်။ သူ့အပေါ်မှာတေးသွားသံစဉ်တစ်ရပ် တီးခတ်နိုင်တယ်။ ကြေ စရာ အလွမ်းတေးလား။ ပျော်ရွှင်စရာ မြူးကြွသံစဉ်လား၊ ဆန္ဒအတိုင် ရနိုင်ပေတယ်။ အခုကျွန်တော်တို့က မဒမ်ကို ပျော်ရွှင်စရာ သံစဉ်တစ်ပုဒ်

ပေးနေခြင်းပဲ။ မဒမ်မှာ ငွေကြေးပြည့်စုံတယ်။ ဒါကိုသုံးဦးပြီး ပျော်ရွှင်ခံစား ပေတော့။ ဘဝဟာ တန်ဖိုး ရှိစွာ ရှင်သန်တော့မယ်။ လွယ်ကူလှပေတယ်။ လွယ်ကူလှပေတယ်. . "

မစ္စစ်ရိုင်မာသည် စိတ်ပေါ့ပါးသလို ကြည်နူးသလိုခံစားမှုတစ်ခုကို ရလာ ၏။ ဒေါက်တာနှင့်သူနာပြုတို့သည် မှုန်ဝါးဝါးဖြစ်နေကြသည်။ သူမသည် ပျော်စရာတွေဖြစ်နေသလို ခံစားလာရသည်။ တစ်ချိန်တည်းမှာပင် အိပ်ချင် သလိုလိုလည်းဖြစ်လာ၏။ ဒေါက်တာ၏ ကိုယ်လုံးကြီးက တဖြည်းဖြည်းကြီး လာနေသည်။ ဒေါက်တာသာမဟုတ်၊ တွေ့ရသမျှ အားလုံးကြီးလာနေသည်။

ဒေါက်တာက သူမ၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ "အိပ်တော့" ဟု သူကပြောနေသည်။

"အိပ်တော့၊ မျက်ခွံတွေလေးလာပြီး. . လေးလာပြီ။ အိပ်ပျော်တော့မယ်။ အိပ်ပျော်တော့မယ်. . . အိပ်. . . ပျော်. . . တော့. . . မယ်. . . . "

မစ္စစ်ရိုင်မာ၏မျက်ခွံများ ပိတ်သွားသည်။ အလွန်ကြီးမားသည့် ကမ္ဘာ ကောကကြီးပေါ်တွင် သူ လွင့်မျောနေသည်။

သူ့မျက်လုံးများ ပွင့်လာသောအခါ အချိန်တွေများစွာကုန်လွန်ခဲ့ပြီဟု ထင်နေ၏။ အဖြစ်အပျက်များကို သူဝိုးတဝါး မှတ်မိနေသည်။ ထူးဆန်း၍ မစ္စစ်နိုင်သော အိပ်မက်များမက်ခဲ့၏။ ထိုနောက်အိပ်ရာမှနိုးလာသလိုလိုနှင့် နောက်ထပ်အိပ်မက်များ မက်ပြန်သည်။ ကားတစ်စီးနှင့်အသားညိုညို သူနာပြု ဆရာမတစ်ယောက် သူ့ကိုယ်ပေါ်ငုံ့ကြည့်နေသည်ကို မှတ်မိသလိုလိုရှိသည်။ မည်သို့ပင်ဖြစ်စေ၊ ယခုအခါ သူကောင်းစွာ နိုးနေပေပြီ။ သူအိပ်ရာပေါ်တွင် သူရှိနေသည်။

သူ့အိပ်ရာပဲလား၊ အိပ်ရတာ တစ်မျိုးဖြစ်နေသည်။ သူ အိပ်နေကျ အိပ်ရာသည် နူးညံ့ပျော့ပျောင်း၍ဇိမ်ရှိသည်။ အခုအိပ်ရာက. . . အင်း- တစ်မျိုးပါပဲ။ မေ့ပျောက်လုနီးဖြစ်နေတာကို ဝိုးတဝါးသတိရလာသလိုလိုပင်။ သူ ကိုယ်ကို အနည်းငယ်စောင်းလိုက်သည်။ ခုတင်က ကျွှိခနဲ အသံထွက် လာသည်။ ပတ်ကလိန်း နေအိမ်ရှိ သူ့ခုတင်သည် ဘယ်တော့မှအသံမြည် ခြင်းမရှိပေ။ မစ္စစ်ရိုင်မာသည် ဘေးဘီကိုလှည့်ကြည့်လိုက်၏။ ဒါပတ်ကလိန်း အိမ်လည်းမဟုတ်ပါလား။ ဆေးရုံမှာများလား။ မဟုတ်နိုင်ဘူး။ ဆေးရုံမဖြစ် နိုင်ဘူး။ ဟိုတယ်အိပ်ခန်းလည်းမဟုတ်ဘူး။ အခန်းလွတ်တစ်ခုသာဖြစ်သည်။ နံရံများမှာ ခရမ်းရောင်လိုလို ခပ်ဝါးဝါးအရောင်ရှိ၏။ ရေဇလုံနှင့်ရေချိုင့်တင် ထားသော သစ်သားစင်တစ်ခုလည်း တွေ့ရသည်။ ထို့နောက် သစ်သားအံဆွဲ

ဘစ်ခုနှင့်သံသေတ္တာတစ်ခု၊ နံရံတစ်နေရာရှိ ချိတ်တွင် အင်္ကျီလား၊ ဘာလား၊ အဝတ်တွေချိတ်ထားသည်။ ထို့နောက် အိပ်ရာတစ်ခု၊ ချုပ်ရာများစွာနှင့် အိပ်ရာခင်းတစ်ထည်။ ထိုအိပ်ရာခင်းပေါ်တွင် လဲနေသူမှာ သူကိုယ်တိုင်ပါကလား၊

"ငါဘယ်ရောက်နေတာလဲ" မစ္စစ်ရိုင်မာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်၏။

တံခါးပွင့်လာပြီး ပုပုဝ အမျိုးသမီးတစ်ယောက် ခပ်သွက်သွက်ဝင်လာသည်၊ သူသည် ပါးဖောင်းဖောင်း၊ နီနီနှင့် ကြည့်ရသည်မှာ ဘယ်သူနှင့်မဆို ရင်းရင်းနှီးနှီး ပေါင်းတတ်မည့်ပုံမျိုးပင်။ အင်္ကျီလက်များကို လိပ်တင်ထားပြီး ခါးတွင်လည်း အဝတ်တစ်စ ပတ်ထားသည်မှာ မီးဖိုခန်းမှ ထွက်လာပုံမျိုးဖြစ်၏။

"ဟော-သူနိုးနေပြီ" ထိုအမျိုးသမီးက သူ့ကိုကြည့်ပြီး ပြောလိုက်သည်။

"ဒေါက်တာ၊ လာကြည့်ပါဦး"ဟု အပြင်ကို လှမ်းပြော၏။

မစ္စစ်ရိုင်မာက ပြောချင်တာတွေပြောလိုက်မည်ဟု ပါးစပ်ဟလိုက်သော်လည်း ဘာမှမပြောဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးနောက်က ဝင်လိုက်လာသည့် ဒေါက်တာဆိုသူမှာ အသားမည်းမည်း တည်တည်ခန့်ခန့် ရှိသည့် ဒေါက်တာကွန်စတင်တိုင်း မဟုတ်သောကြောင့် ပင်တည်း။ ဒီဆရာဝန်မှာ ခါကိုင်းကိုင်း မျက်မှန်ထူထူနှင့် လူအိုတစ်ယောက်သာ ဖြစ်သည်။

"ကောင်းတယ်၊ ကောင်းတယ်" ဆရာဝန်ကပြော၏။ အိပ်ရာအနီးသို့ လာပြီး မစ္စစ်ရိုင်မာ၏ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ "မပူနဲ့ မိန်းကလေး၊ မကြာခင် နေကောင်းတော့မယ်"

"ကျွန်မ ဘာဖြစ်နေလို့လဲ" မစ္စစ်ရိုင်မာက မေးလိုက်၏။

"လေဖြတ်တာမျိုးပေါ့ကွယ်" ဒေါက်တာကပြော၏။ "မင်း သတိလစ်နေတာ နှစ်ရက်လောက်ရှိပြီ။ ခုတော့ စိုးရိမ်စရာ မရှိတော့ပါဘူး"

"ငါတို့ဖြင့် စိတ်ပူလိုက်ရတာ ဟနာရယ်" ပုပုဝ အမျိုးသမီးက ဝင်ပြော ခြင်းဖြစ်သည်။

"ညည်းက ဘာတွေလျှောက်ပြောနေမှန်းမသိဘူး။ ကယောင်ကတမ်းတွေ ပြောသေးတယ်"

"ကဲ-ကဲ မစ္စစ်ဂါဒ်နာရေ" ဒေါက်တာက အမျိုးသမီးကိုပြောလိုက်၏။ "လူနာကို စိတ်လှုပ်ရှားအောင်လုပ်လို့ မဖြစ်ဘူးကွဲ့" ထို့နောက် မစ္စစ်ရိုင်မာ ဘက်သို့လှည့်၍- "မကြာခင်မှာပဲ နာလန်ထတော့မှာပါကွယ်"ဟု အားပေးလိုက်သည်။

"အလုပ်အတွက်ကတော့ စိတ်ပူမနေနဲ့-ဟနာ" မစ္စစ်ဂါဒ်နာက ဆက်ပြောပြန်သည်။

"မစ္စစ်ရောဘတ်က လာကူလုပ်ပေးလို့ အတော်ကြီးပြီးနေပြီ၊ ညည်းဘာသာ နားနားနေနေနဲ့ သက်သာအောင်နေပေါ့အေရယ်"

"ရှင် ကျွန်မကို ဘာလို့ ဟနာလို့ခေါ်နေတာလဲ" မစ္စစ်ရိုင်မာက မနေနိုင်သံမေးလိုက်၏။

"ဟတော့ အဲဒါ ညည်းနာမည်လေ" မစ္စစ်ဂါဒ်နာက စိတ်ရှုပ်သွားဟန်ဖြင့်ဖြေလိုက်သည်။

"ဘယ်ကလာ ကျွန်မနာမည် အယ်မလီရာပါ။ အယ်မလီရာရိုင်မာ၊ မစ္စစ်အတ်ဗနာရိုင်မာပေါ့" ဒေါက်တာနှင့်မစ္စစ်ဂါဒ်နာတို့ အပြန်အလှန်ကြည့်မိကြ၏။

"ကဲပါလေ-ညည်းငြိမ်ငြိမ်လေးသာ လဲနေလိုက်ပါ" မစ္စစ်ဂါဒ်နာက ပြောသို့တ်ရာ ဒေါက်တာကလည်း- "ဟုတ်တယ်-ဟုတ်တယ်၊ စိတ်အေးအေးဆာထား"ဟု ဝင်ပြောသည်။

ထို့နောက် သူတို့နှစ်ယောက်စလုံးအပြင်ထွက်သွားကြ၏။ မစ္စစ်ရိုင်မာမှာ ခုတင်ပေါ်လဲနေရင်းက မရှင်းနိုင်သော ပဟေဠိနှင့်ကြုံနေရသည်။ သူတို့ ဘာလို့ငါ့ကို ဟနာလို့ခေါ်နေရတာလဲ။ နောက်ပြီး ငါ့နာမည်ပြောလိုက်တာနဲ့ သူတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ယုတ္တိမရှိတာကြားရသလို ဖြစ်သွားတာဘာလို့လဲ။ ငါဘယ်လိုနေရာ ရောက်နေတာလဲ။ ဘာတွေဖြစ်ခဲ့တာလဲ။

သူခုတင်ပေါ်မှဆင်းလိုက်၏။ မတ်တတ်ပင်ကောင်းကောင်းရပ်၍မရချင်။ ညည်းဖြည်းလျှောက်ပြီး ခိုအိမ်ပြတင်းပေါက်ငယ်မှ အပြင်သို့ကြည့်လိုက်ရာ ဘာခင်းကြီးပါလား။ လုံးဝနားမလည်နိုင်အောင် စိတ်ရှုပ်ထွေးသွားပြီး ခုတင်ပေါ်ပြန်လာခဲ့၏။ တစ်ခါမှ မမြင်ဖူးတဲ့ယာခင်းအိမ်ထဲမှာ သူဘာလို့ ရောက်နေရတာလဲ။

မစ္စစ်ဂါဒ်နာက လင်ပန်းတစ်ခုပေါ်တွင် စွပ်ပြုတ်ပန်းကန်တစ်လုံးနှင့် ပြန်ဝင်လာလေသည်။

မစ္စစ်ရိုင်မာက သူ့ကိုကြည့်၍- "ဒီအိမ်ထဲမှာ ကျွန်မ ဘာလုပ်နေခဲ့တာ၊ ဘယ်သူက ကျွန်မကို ဒီအိမ်ခေါ်လာခဲ့တာလဲ"ဟု မေးလိုက်သည်။

"ဘယ်သူကမှ ခေါ်လာတာမဟုတ်ဘူး သူငယ်ချင်း။ ဒါ ညည်းအိမ်ပဲလေ။

ညည်း ငါးနှစ် လုံးလုံး နေလာခဲ့တဲ့အိမ်ပေါ့အေ။ နောက်ပြီး ညည်းအခုလိုမျိုး
ဖြစ်လိမ့်မယ်လို့လည်း ဘယ်တုန်းကမှ တို့မထင်ခဲ့ပါဘူးအေ"

"ဒီမှာနေခဲ့တာ၊ ငါးနှစ်တောင်"

"ဟုတ်တယ်လေ-ဘာဖြစ်လို့လဲ ဟာနာရဲ့။ ညည်းခုထက်ထိ မမှတ်မိ
ဘူးဆိုတာတော့ ဟုတ်ပါ့မလားအေရယ်"

"မဟုတ်ဘူး၊ ကျွန်မ ဘယ်တုန်းကမှ ဒီမှာမနေဖူးဘူး။ ဂျင့်ကိုလဲ ကျွန်မ
အရင်ကတစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်ပါပြီ၊ ညည်းနေမကောင်းဖြစ်ပြီး အားလုံးမေ့ကုန်တာဖြစ်မှာပါပဲ"

"ကျွန်မ ဒီမှာ လုံး၀မနေဖူးဘူးဆိုတာ သေချာတယ်"

"နေခဲ့ပါတယ်ဆိုနေဟာ" မစ္စစ်ဂါဒ်နာက ပြောပြောဆိုဆိုထသွားပြီး သစ်
သားအံဆွဲထဲမှ ပေါင်းသွင်းထားသည့် ဓာတ်ပုံမှိန်မှိန်တစ်ခုကို မစ္စစ်ရိုင်မာထံ
ယူလာပြလေသည်။

ဓာတ်ပုံထဲတွင် လူလေးယောက်ပါ၀င်၏။ မုတ်ဆိတ်နှင့်လူတစ်ယောက်
၀၀အမျိုးသမီး၊ (မစ္စစ်ဂါဒ်နာ)အရပ်ရှည်ရှည်၊ ပါးစပ်ပြဲပြဲလူတစ်ယောက်နှင့်
ချည်ကြမ်း၀တ်စုံ၊ ခါးတွင် အ၀တ်ပတ်လျက် အမျိုးသမီးမှာ- ဘုရားရေ-
သူကိုယ်တိုင်ပါလား။

ဓာတ်ပုံကို ကြည့်ပြီး မစ္စစ်ရိုင်မာကြက်သေသေနေလေသည်။
မစ္စစ်ဂါဒ်နာ က စွပ်ပြုတ်ပန်းကန်ကို သူ့ဘေးတွင်ထားခဲ့ပြီး အခန်းထဲမှ
ကိတ်တိတ်ဆိတ် ဆိတ်ထွက်သွား၏။

မစ္စစ်ရိုင်မာ စက်ရုပ်တစ်ရုပ်လို စွပ်ပြုတ်ကို ယူသောက်၏။ စွပ်ပြုတ်မှာ
ပူပူနှင့်လေးလေးပင်ပင် အရသာရှိပေသည်။ သူ၏ခေါင်းမှာ တစ်ခ်ျိန်လုံး
ဆာ ဆာလည်နေလေ၏။ ဘယ်သူရှားနေတာလဲ။ မစ္စစ်ဂါဒ်နာလား၊ သူလား၊
ဘစ် ယောက်ယောက်တော့ ရှားနေတာဖြစ်မည်။ ဩော်-ဟိုဒေါက်တာလည်း
အတူ တူပဲ။

"ငါဟာ အယ်လီဇာရိုင်မာပဲ"သူကိုယ်သူ ပိုင်ပိုင်နိုင်နိုင် ပြောလိုက်၏
သတင်းစာခေါက်တစ်ခုကို သူမြင်၍ ယူပြီး ရက်စွဲကိုကြည့်လိုက်၏။ အောက်
တိုဘာလ ၁၉ ရက်၊ မစ္စတာပါကားပိုင်းရဲ့ခုံးခန်းကို သွားတာဘယ်နေ့ပါလိမ့်
၁၅ ရက်၊ ဒါမှမဟုတ် ၁၆ ရက်ဖြစ်မည်။ ဒီလိုဆိုရင် သူ နေမကောင်းဖြစ်
နေတာ သုံးရက်ရှိပြီပေါ့။

"ဟိုယုတ်မာတဲ့ဆရာဝန်ကြောင့်ပဲ" မစ္စစ်ရိုင်မာ ဒေါသတကြီးပြောလိုက်
သည်။ ဘာပဲဖြစ်ဖြစ် သူသည် အနည်းငယ်တော့ စိတ်သက်သာရာရ

ပြီး ကိုယ့်ကိုယ်ကိုယ် ဘယ်သူလို့ မမှတ်မိဘဲ နှစ်ပေါင်းများစွာ မေ့နေ
သူများ အကြောင်း၊ သူကြားဖူးခဲ့၏။ ထိုသို့ဖြစ်သွားမှာကိုသာ သူကြောက်ရွံ့
ခဲခြင်းဖြစ် သည်။

သတင်းစာ စာမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်နေ၏။
သတင်းကော်လံများကို ခပ်သွက်သွက်ကြည့်သွားရင်း စာပိုဒ်တစ်ခုကို အာရုံ
စိုက်မိလေသည်။

"- - ထင်ရှားသော စက်အပိုပစ္စည်းထုတ်လုပ်သူ အက်ဇနာရိုင်မာ(ကွယ်
လွန်)၏ ကျန်ရစ်သူဇနီး မစ္စစ်အက်ဇနာရိုင်မာအား ယမန်နေ့က ပုဂ္ဂလိက
စိတ်ရောဂါကုဌာနသို့ ဆေးကုသမှုခံယူရန် ပို့လိုက်ရကြောင်း။ လွန်ခဲ့သည့်
နှစ်ရက်လုံးလုံး သူမသည် သူ့ကိုယ်သူ မစ္စစ်ရိုင်မာမဟုတ်ကြောင်း၊ ဟာနာ
အေဘာက်စ်ဟုခေါ်သည့် ယာခင်းအလုပ်သမတစ်ဦးသာဖြစ်သည်ဟု အဆက်
မပြတ်ပြောနေခြင်းကြောင့်ဖြစ်ကြောင်း--"

"ဟာနာမိုးဟောက်စ်ဆိုပါလား။ လတ်စသတ်တော့ ဒီလိုကိုး" မစ္စစ်ရိုင်မာ
အသံတုံ့ခွာရေရွတ်လိုက်သည်။ "သူကငါဖြစ်နေပြီး ငါကသူဖြစ်နေတယ်။
အခြေခံ လူတူချင်းမှားနေသလိုပါလား။ ဒါဆိုလည်း နှစ်ယောက်ဆုံရှင်းလိုက်ရင်
အဆုံး ပြန်ဖြစ်ပြီပေါ့။ ဟိုပါကားပိုင်းဆိုတဲ့ သူ့ကိုယ်သူ လူတော်လူတတ်လို့
အထင် ရောက်နေတဲ့လူက ဒီလိုဖြစ်အောင် ဘာကံကစားပြီး--"

ထိုခဏခ္ဍဝင် သူမျက်လုံးများက ကွန်စတင်တိုင်းဟူသော အမည်ကို
စိုက်ကြည့်နေမိလေ၏။ သတင်းစာထဲက စာပိုဒ်တစ်ခု၏ ခေါင်းစည်းတွင်
တွေ့လိုက်ရခြင်းဖြစ်သည်။

ဒေါက်တာကွန်စတင်တိုင်း၏ ထုတ်ဖော်ကြေညာချက်
ဒေါက်တာကလောဒီယပ်စ်ကွန်စတင်တိုင်းသည်
ဂျပန်နိုင်ငံသို့ မထွက်ခွာမီ ၎င်းအား နှုတ်ဆက်ဧည့်ခံပွဲ
တွင် သိပ္ပံလောကတစ်ခုလုံး လှုပ်ရှားသွားစေသည့် သီဝရီ
တစ်ရပ်ကို ထုတ်ဖော်ကြေညာလိုက်လေသည်။ သူ၏
သီဝရီမှာ လူ၏စိတ်ဝိညာဉ်၏တည်ရှိမှုကို သက်သေပြရန်
ဖြစ်နိုင်ကြောင်း။ အရှေ့တိုင်းတွင် တွေ့ရှိခဲ့ရသည့် သူ၏
သုတေသနပြုချက်များအရ စိတ်ညို့ခံထားရသူ မစ္စတာ
အေ၏ စိတ်ဝိညာဉ်ကို အလားတူ စိတ်ညို့ခံထားရသူ
မစ္စတာဘီ၏ ခန္ဓာကိုယ်အတွင်းသို့လည်းကောင်း၊ မစ္စတာ

ဘီ၏ စိတ်ဝိညာဉ်ကို မစ္စတာအေ၏ ခန္ဓာကိုယ်အတွင်း သို့လည်းကောင်း၊ လဲလှယ်ကူးပြောင်းပေးခြင်းကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း။ စိတ်ညှိုခြင်း ပျက်ပြယ်သွားချိန်တွင် မစ္စတာအေသည် သူ့ကိုယ်သူမစ္စတာဘီဖြစ်နေသည်ဟုပြောကြားနေပြီး မစ္စတာဘီကလည်း သူ့ကိုယ်သူမစ္စတာအေဟု ယုံမှတ်နေကြောင်း။ ဤစမ်းသပ်ချက်အပြည့်အဝ အောင်မြင်နိုင်ရန်မှာ စမ်းသပ်ခံပုဂ္ဂိုလ်နှစ်ဦးတို့၏ ခန္ဓာကိုယ်နှင့်ရုပ်ဆင်းသဏ္ဌာန်တို့ တူညီနေရန်လိုကြောင်း။ ထိုသို့တူညီသည့် ပုဂ္ဂိုလ်နှစ်ဦးတို့သည် နားလည်ခံယူပုံချင်း ဆက်သွယ်မှုရှိနေသည်မှာ သံသယရှိရန် မလိုသည့်အချက်ပင်ဖြစ်ကြောင်း။ အထူးသဖြင့် အမြွာညီအစ်ကို၊ ညီအစ်မများတွင် ဤအချက်ကိုထင်ရှားစွာ သိမြင်နိုင်ကြောင်း။ လူနေမှုပုံစံနှင့် အသက်မွေးမှုအလုပ်စသည်တို့လုံးဝကွဲပြားသော ပုဂ္ဂိုလ်နှစ်ဦးတို့သည် ခန္ဓာကိုယ်နှင့်ရုပ်သွင်ချင်း တူညီနေကြပါက အလားတူစိတ်ဝိညာဉ်လဲလှယ်ခြင်းကို အောင်မြင်စွာ စမ်းသပ်နိုင်ကြောင်း--

မစ္စစ်ရိုင်မာသတင်းစာကို ပစ်ချလိုက်သည်။ "ဆင်ခြင်တုံတရားမရှိတဲ့လူတွေ၊ အသိဉာဏ်ခေါင်းပါးတဲ့လူညစ်တွေ"

သူ အခုဖြစ်စဉ်တစ်ခုလုံးကို သိလိုက်ပေပြီ။ ဤလုပ်ရပ်မှာ သူ့ငွေများကို ကောက်ကျစ်စွာ အပိုင်စီးတော့မည့်ကြေစည်မှုဖြစ်သည်။ ဟာမိုးဟောက်စ်ဆိုသည့် အမျိုးသမီးသည် မစ္စတာပိုင်း၏ အသုံးချခံဖြစ်ရမည်။ သူမသည် အပြစ်ခဲ့သူတစ်ဦးဖြစ်နိုင်ပါ၏။ မစ္စတာပိုင်းနှင့် ဟိုသတ္တဝါဆိုးကြီး ကွန်စတင်တိုင်းတို့ မူးပေါင်းလျက် ဤမယုံနိုင်လောက်အောင် ထူးဆန်းသည့် နည်းပညာဖြင့် လုပ်ကြံကြခြင်းဖြစ်သည်။ သို့ရာတွင် အဖြစ်မှန်ကို သူဖော်ထုတ်မည်။ အမှန်ပေါ်လာအောင် ဖွင့်ချလိုက်မည်။ ယုတ်ယုတ်မာမာ ကြံစည်သူတို့ကို ဥပဒေဘောင်ထဲပို့လိုက်မည်။ ဖြစ်ခဲ့သမျှကို လူတိုင်းသိအောင်ပြောပြီး -

မစ္စစ်ရိုင်မာသည် မခံမရပ်နိုင်အောင် ဒေါသဖြစ်လျက် တုံ့ပြန်ရန် နည်းလမ်းများကို စဉ်းစားနေရင်း ရုတ်တရက် အတွေးကိုရပ်လိုက်ရသည်။ ပထမစာပိုဒ်ကို သူပြန်သတိရသည်။ ဟာနာမိုးဟောက်စ်သည် သူတို့ကြိုးဆွဲတိုင်းကသည့် ရုပ်သေးရုပ်မဟုတ်ကြောင်းပြခဲ့သည်။ သူမသည် ကြံ့ကြံ့ခံလာသည်

ကိုင်းငြိမ်မနေဘဲ ဆန့်ကျင်ခဲ့သည်။ သူမ၏အစစ်အမှန်ဘဝကို ဖော်ခဲ့သည်။ ဒီတော့ ဘာဖြစ်လာသလဲ။ သူမကို ဖမ်းချုပ်ပြီး ရောဂါကုဌာနသို့ ပို့လိုက်ကြတော့သည်။

"သနားစရာ မိန်းကလေးပေပဲ" မစ္စစ်ရိုင်မာ ကရုဏာသက်မိသည်။ နောက် ကြောက်ရွံ့စိတ်က သူ့ကျောရိုးထဲစိမ့်သွားလေ၏။ စိတ်ရောဂါကုဆိုသည်မှာ လူနာအဖြစ်ရောက်လာပြီးလျှင် ပြန်မထွက်ရတော့သည့်အဖြစ်သည်ဟု သူကြားဖူးသည်။ လူကောင်းပါဟု ပြောလေလေ၊ အရူးဟုခေါ်ခံရလေလေဖြစ်၏။ ထို့ကြောင့် ထိုနေရာရောက်ရပြီဆိုလျှင် နေလေ မဖြစ်ဘူး၊ မဖြစ်ဘူး။ မစ္စစ်ရိုင်မာ ထိုမျှအထိတော့ မစွန့်ရဲပေ။ ခေါ်ခွင့်လာပြီး မစ္စစ်ဂါဒ်နာ့ခေါ်လာ၏။

"ဟော-စွပ်ပြုတ်သောက်ပြီးပြီကိုး။ ကောင်းတယ်အေ့၊ ညည်းအခု အားလည်လာပြီမဟုတ်လား"

"ငါ ဘယ်တုန်းက စပြီး နေမကောင်းဖြစ်တာလဲ" မစ္စစ်ရိုင်မာက သူ့ကို ပြန်လိုက်သည်။

"နေပါဦး-လွန်ခဲ့တဲ့ သုံးရက်ကဆိုတော့ ပုဒ္ဓဟူးနေ့ပေါ့။ ၁၅ ရက်နေ့လေ။ နောင်းပိုင်း လေးနာရီလောက်မှာ ညည်းစပြီး နေမကောင်းဖြစ်တာပဲ။"

"အား" မစ္စစ်ရိုင်မာ၏ အာမေဋိတ်သံမှာ အဓိပ္ပာယ်များစွာပါ၏။

ဒေါက်တာကွန်စတင်တိုင်းနှင့် သူတွေ့ခဲ့ရသည့်အချိန်မှာ လေးနာရီကျော်မှာပဲမဟုတ်လား။

"အဲဒီအချိန်မှာ ညည်း ထိုင်ခုံပေါ် ထိုင်ချလိုက်တာလေ" မစ္စစ်ဂါဒ်နာက ပြော၏။ "အိုး-ဆိုပြီး ငါအိပ်ပျော်တော့မယ်လို့ ညည်း အိပ်ချင်မူးတူးသေးတယ်။ နောက်ပြီး တကယ်အိပ်ပျော်သွားရော။ ဒါနဲ့ တို့လည်း ညည်းဘေးပေါ် ရွှေ့ပေးပြီး ဆရာဝန်ပြေးခေါ်ရတာပေါ့။ အဲဒီကစပြီး တောက်လျှောက် ခုတင်ပေါ်မှာပဲပေါ့အေ"

"ငါတစ်ခုမေးမယ်လေ-" မစ္စစ်ရိုင်မာက လေသံမှန်မှန်နှင့် ပြောလိုက်သည်။

"ငါ့မျက်နှာကိုသာ မမြင်ရရင် ငါဘယ်သူဆိုတာ မသိနိုင်ဘူးမဟုတ်လား"

"အဲဒါတော့ အတော်ပြောရကြပ်တာပဲအေ့" မစ္စစ်ဂါဒ်နာက ပြန်ပြောသည်။

"ဘယ်သူဆိုတာသိအောင် မျက်နှာမကြည့်လို့ ဘာကြည့်ရမှာတုံးအေ့၊

ညည်းမှာ မွေးရာပါ အမှတ်ရှိတာကို ငါသိပေမယ့် ၊ တခြားလူတွေက သိမှာမှ
မဟုတ်ဘဲ"

"မွေးရာပါအမှတ်-ဟုတ်လား" မစ္စစ်ရိုင်မာက အားတက်သရော မေး
လိုက်သည်။ သူ့တွင် ထိုအမှတ်မျိုး ဘယ်နေရာမှ မရှိပေ။

"အေးလေ-ညည်းရဲ့ ညာဘက်တံတောင်ဆစ်အောက်က စတော်ဘယ်ရီ
ရောင်အမှတ်ပေါ့။ ညည်းဘာသာ ညည်းပဲ ပြန်ကြည့်စမ်းပါဦး"

"ဒါဆိုရင် သက်သေပြနိုင်ပြီပေါ့ကွယ်" မစ္စစ်ရိုင်မာက သူ့ကိုယ်သူ ကျေ
နပ်စွာပြောလိုက်၏။ သူ၏ညာဘက်တံတောင်ဆစ်အောက်တွင် ဘာအမှတ်
အသားမှ မရှိသည်ကို သူအသိဆုံးပင်။ ညဝတ်အင်္ကျီ၏လက်ကို တံတောင်
ဆစ်အထိ ပင့်တင်လိုက်သည်။ စတော်ဘယ်ရီရောင်အမှတ်တစ်ခုကို သူတွေ့
ရလေ၏။ မစ္စစ်ရိုင်မာ ချုံးပွဲချ၍ ငိုလိုက်လေတော့သည်။

လေးရက်ကြာသောအခါ မစ္စစ်ရိုင်မာအိပ်ရာပေါ်မှ ဆင်းနိုင်လေပြီ။
သူသည် အိပ်ရာပေါ်တွင်နေရစဉ်အတွင်း လက်တွေ့ဖြေရှင်းမည့် အစီအစဉ်
များ စဉ်းစားနေခဲ့သည်။ သို့ရာတွင် သူ့ဘာသာပြန်ဖျက်လိုက်ရသည့် အစီအ
စဉ်များဖြစ်၏။ သတင်းစာတွင်ပါသည့် အကြောင်းအရာများကို မစ္စစ်ဂါဒ်နာ
နှင့် ဆရာဝန်တို့ကိုပြပြီး အဖြစ်မှန်ကို ရှင်းပြရန် စိတ်ကူးမိ၏။ သူတို့ယုံကြည်
ကြပါ့မလား။ ယုံမှာမဟုတ်တာ သေချာသည်။

သူသည် ရဲစခန်းသို့ သွား၍ တိုင်ချက်ဖွင့်ရန်စဉ်းစားသည်။ သူတို့က
ကော ယုံမှာလား။ ယုံမှာမဟုတ်ပါ။ ထို့ပြင် သူသည်မစ္စကာပိုင်းထံသွားတွေ့
ပြီး ရှင်းရန်လည်း စိတ်ကူးသည်။ ထိုစိတ်ကူးက သူအကျေနပ်ဆုံး စိတ်ကူးဖြစ်
၏။ အဒီလူညစ်ကို မျက်နှာချင်းဆိုင်ပြီး ပက်ပက်စက်စက်ပြောပစ်လိုက်ချင်
သည်။ လောလောဆယ်တွင် ထိုစိတ်ကူးအကောင်အထည်ဖော်ဖို့ အခက်
အခဲရှိနေ၏။ သူသည် ယခုအခါတွင် လန်ဒန်မှ အလွန်ဝေးကွာလှသည့်
ကွန် ဝေါသို့ ရောက်နေသည်ဟု သိရပေရာ လန်ဒန်သို့သွားရန် ခရီးစရိတ်လုံ
လောက်အောင်မရှိသေးပေ။ သူ သိရသလောက် ပိုက်ဆံအိတ်အဟောင်း
တစ်ခုထဲတွင် သူပိုင်ငွေ နှစ်သျှီလင်နှင့် လေးပဲနိမျှသာရှိ၏။

ထို့ကြောင့်ပင် လေးရက်အကြာ၌ မစ္စစ်ရိုင်မာ ဆုံးဖြတ်ချက်ချလိုက်
သည်မှာ လောလောဆယ်တွင် ဖြစ်နေသမျှ အခြေအနေအတိုင်း နေလိုက်ရန်
ပင်တည်း။ သူသည် ဟာနာမိုးဟောက်စ်ဖြစ်သည်ဟု ပြောကြ၏။ ကောင်း
ပါပြီ။ ဟာနာမိုးဟောက်စ်ပဲပေါ့။ လက်ရှိအခြေအနေတွင် ဒီအတိုင်းလက်ခံ
၍နေလိုက်ပြီး ခရီးစရိတ်လုံလောက်အောင် စုမိပြီဆိုလျှင်ကား လန်ဒန်သို့

သွား၍ လူလိမ်ကို ရင်ဆိုင်တွေ့ပြီး အကြောင်းပြလိုက်ရပေဦးမည်။

ဃင်းသို့ဆုံးဖြတ်ပြီး နောက်ပိုင်းတွင် မစ္စစ်ရိုင်မာသည် သူ့အခန်းကဏ္ဍ
ကို ပီပီပြင်ပြင်ခံယူနေထိုင်လေတော့၏။ ထို့ပြင် သူ့ကံကြမ္မာကိုပင် သူလှောင်
ပြောင်နိုင်လောက်အောင် သူ့စိတ်ကို ပြင်ဆင်ထားလိုက်လေသည်။ သမိုင်း
ဆိုသည်မှာ တစ်ပတ်ပြန်၍ လည်တတ်သည်မဟုတ်လား။ ယခု သူကြုံတွေ့
နေရသည့် အခြေအနေက သူ၏ဝယ်စဉ်ဘဝကို ပြန်၍ သတိရစေပါ၏။
ကွန်စွာကြာခဲ့ပြီဖြစ်သည့်ဘဝဟောင်းတွင် တစ်ဖန်ပြန်၍ ကျင်လည်ရခြင်းပါ
တကား။

နှစ်အတန်ကြာအောင် သက်သက်သာသာ နေလာခဲ့ရာမှ အလုပ်ပြန်
လုပ်ရသောအခါ အစတွင်ပင်ပန်းလှ၏။ သို့ရာတွင် တစ်ပတ်ခန့်ကြာပြီး
နောက် ယာလုပ်ငန်းခွင်သို့ သူ အထာကျကျ ဝင်လုပ်နိုင်ပေပြီ။

မစ္စစ်ဂါဒ်နာသည် စိတ်ကောင်းရှိသူ၊ ကြင်နာတတ်သူ ဖြစ်သည်။ ထွား
ကိုင်းသော်လည်း စကားနည်းလှသည့် သူမ၏ ခင်ပွန်းမှာလည်း ကြင်နာတတ်
သူတစ်ဦးပင်။ ဓာတ်ပုံထဲက အရပ်ရှည်ရှည်လူမှာ အခုမရှိတော့။ သူ့အစား
ယာသမားတစ်ယောက်ဝင်လုပ်နေ၏။ အသက်လေးဆယ့်ငါးနှစ်ခန့်ရှိပြီး ပျော်
ပျော်နေတတ်သူဖြစ်သည်။ စကားကို အေးအေးသက်သာပြောတတ်ပြီး ရှက်
တတ်သော မျက်လုံးပြာပြာများရှိသူဖြစ်၏။

ရက်သတ္တပတ်များကုန်လွန်ခဲ့သည်။ နောက်ဆုံးတွင်မူ မစ္စစ်ရိုင်မာထံ
တွင် လန်ဒန်သို့ခရီးထွက်နိုင်လောက်အောင် ငွေကြေးစုမိသည့် ရက်သို့ရောက်
လာလေ၏။ သို့ရာတွင် လန်ဒန်သွားရန် ကိစ္စကို သူရွှေ့ဆိုင်းထားလိုက်သည်။
အခိုန်ရှိသေးတာပဲဟု သူဆင်ခြေလဲလိုက်၏။ အကယ်စင်စစ် စိတ်ရောဂါကု
ဌာနသည် ယခုထိသူ့ကို ချောက်လှန့်နေဆဲဖြစ်သည်။ ပါကားပိုင်းဆိုသည့်
လူသည် လူလည်တစ်ယောက်ဖြစ်သည်။ သူသည် ဆရာဝန်တစ်ယောက်နှင့်
လက်ဝါးချင်းရိုက်ပြီး သူမကို အရူးဟု စွပ်စွဲကာ ဘယ်သူမှ မသိနိုင်သည့်
တစ်နေရာရာသို့ ပို့ပစ်လိုက်မှာစိုးရသည်။

"နောက်ပြီးတော့ အပြောင်းအလဲတစ်ခုခု လုပ်နေရတာလည်း ကောင်း
တော့ကောင်းတာပါပဲ" ဟု သူ့ကိုယ်သူ ပြောမိသည်။

သူသည် ခပ်စောစောအိပ်ရာမှထ၍ အလုပ်ကို ကြိုးစားလုပ်သည်။
ဂျိုးဝဲလ်ဟုခေါ်သည့် ယာသမားအသစ်မှာ ဆောင်းတွင်းတုန်းကဖျားနေ၍
သူနှင့်မစ္စစ်ဂါဒ်နာတို့က ပြုစုပေးကြရသည်။ ဂျိုးဝဲလ်သည် တစ်ကောင်ကြွက်
ဖြစ်၍ နေမကောင်းသောအခါ သူတို့နှစ်ဦးကိုသာ အားကိုးရရှာလေသည်။

နွေဦးပေါက်ပြီ။ သိုးများအကောင်ပေါက်ခိုန်ဖြစ်၏။ ရိုးတစ်လျှောက်တွင်
တောပန်းများအစီအရီပွင့်နေကြသည်။ ကျိုးဝဲလ်က ဟာနာ၏အလုပ်များကို
တစ်လှည့်ပြန်၍ကူလုပ်ပေးနေပါသည်။ ဟာနာကလည်း ကျိုးဝဲလ်၏အဝတ်
များကို ဖာထေးချုပ်လုပ်ပေး၏။ တစ်ခါတစ်ရံ တနင်္ဂနွေနေ့များတွင် သူတို့
နှစ်ဦးလမ်းလျှောက်ထွက်ကြသည်။ ကျိုးသည် မုဆိုးဖိုဖြစ်၏။ သူဇနီးကွယ်လွန်
ခဲ့သည်မှာ လေးနှစ်ရှိပြီ။ ဇနီးဆုံးကာစက သူစိတ်ထွေထွေနှင့်အရက်ကို
အဖော်ပြုခဲ့ရကြောင်း ပြောပြတတ်လေသည်။ ယခုအခါ သူသည် အရက်
ဆိုင်ဘက်သို့ ခြေဦးမလှည့်ဖြစ်တော့ပေ။ အဝတ်အထည်အသစ်တချို့ ဝတ်
ဝတ်သောအခါ မစ္စစ်ဂါဒနာတို့လင်မယားက စကြနောက်ကြ၏။ ဟာနာက
လည်း ကျိုးကို ကျီစယ်တတ်သည်။ သူ၏နှေးကွေးလေးလံမှုကို အပြစ်ဆိုတတ်
ခြင်းဖြစ်သည်။ ကျိုးက စိတ်ဆိုးလေ့မရှိပေ။ ထိုအခါမျိုးတွင် သူ ရှက်သော
လည်း စိတ်ထဲက ပျော်ရွှင်နေတတ်သည်။

နွေဦးပေါက်မှသည် နွေရာသီသို့ရောက်လာ၏။ ထိုနှစ်နွေမှာ မိုးလေဝ
အလွန်ကောင်းသဖြင့် လူတိုင်း အလုပ်ကြိုးစားလုပ်ကြလေသည်။ ရိတ်သိမ်း
ရာသီ ကုန်ခဲ့ပေပြီ။ ရွှေရောင်နှင့်နီနီရဲရဲ သစ်ရွက်များကို အပင်တိုင်းလိုလို
တွေ့ရသည်။

ထိုနွေမှာ အောက်တိုဘာလ ရှစ်ရက်ဖြစ်သည်။ ဟာနာသည် ဂေါ်ဖီထု
ခင်းတွင် အရွက်များလိုက်ညှပ်နေရာမှ မော့ကြည့်လိုက်သောအခါ ခြံစည်းရိုး
ကိုမှီ၍ရပ်နေသော မစ္စတာပိုင်းကို တွေ့လိုက်ရ၏။

"ရှင်-ရှင်-" ဟာနာ (သို့မဟုတ်) မစ္စစ်ရိုင်မာက လက်ညှိုးထိုးလျက် ခြော
လိုက်သည်။ ရုတ်တရက်ထွက်လာသော ဒေါသဖြင့် ရန်စကားများ ဗလုံး
ဗထွေးပြောလျက် ရန်တွေ့လိုက်လေသည်။ မစ္စတာပိုင်းကပြုံးလျက် ယဉ်ကျေး
စွာ တုံ့ပြန်သည်။

"ခင်ဗျားပြောတာတွေ ကျွန်တော်မငြင်းပါဘူးဗျာ၊ လက်ခံပါတယ်"

"ရှင် လူလိမ်လူကောက်ပဲ" မစ္စစ်ရိုင်မာက စွပ်စွဲလိုက်သည်။ "ရှင်နဲ့ရှင့်
ဒေါက်တာကွန်စတင်တိုင်းတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဟိုမိန်းတ
လေး ဟာနာမိုးဟောက်စ်ကို စိတ်ညှိပြီး အရူးထောင်ပို့ခဲ့တာ မဟုတ်လား
ဒီလောက်အကြံပက်စက်ရသလား-ရှင်တို့"

"မဟုတ်ဘူးဗျ"မစ္စတာပိုင်းကငြင်းလိုက်သည်။ ဒီနေရာမှာတော့ ခင်ဗျား
ကျွန်တော့်ကို အမြင်လွဲသွားပြီ။ ဟာနာမိုးဟောက်စ်ဟာ စိတ်ရောဂါကုဌာန
မှာမရှိပါဘူးဗျာ။ ဘာကြောင့်လဲဆိုတော့ ဟာနာမိုးဟောက်စ်ဆိုတာ ဘယ်

တုန်းကမှ မရှိခဲ့လို့ပါဘဲ"

"ဘာရှင့်-" မစ္စစ်ရိုင်မာက အံ့သြစွာမေးလိုက်သည်။ "ဒါဆိုရင်လည်း
ကျွန်မကိုယ်တိုင် မြင်လိုက်ရတဲ့မောတ်ပုံက ဘာသဘောလဲ"

"အတုပါဗျာ" မစ္စတာပိုင်းကဖြေလိုက်သည်။ "ဒါမျိုးကလုပ်ရတာ လွယ်
လွယ်လေးပါ"

"ဒါဖြင့် သတင်းစာထဲပါတဲ့ သူ့အကြောင်းကကော"

"သတင်းအတုနှစ်ပုဒ်ကို ယုတ္တိရှိရှိထည့်ချင်လို့ သတင်းစာတစ်စောင်လုံး
ကို အတုလုပ်လိုက်တာပါပဲဗျာ၊ ခင်ဗျားဖတ်ရတဲ့သတင်းစာက အတုပါ"

"ဟို ဒေါက်တာကွန်စတင်တိုင်းဆိုတဲ့ ဆရာဝန်လူညစ်ကကော"

"ကိုယ့်ဘာသာ ပေးထားတဲ့နာမည်ပါ။ အဲဒီလူက ကျွန်တော့်မိတ်ဆွေ
ပြောတ်သရုပ်ဆောင်တစ်ယောက်ပေါ့။ ဆရာဝန်အစစ်မဟုတ်ပါဘူး" မစ္စစ်
ရိုင်မာက စိတ်မရှည်စွာဖြင့်-

"ဟင်-ဒီလိုဆို ကျွန်မစိတ်ညှို့ခံရတာကလည်း တကယ်မဟုတ်ဘူးပေါ့"

"အမှန်မှာတော့ ခင်ဗျားစိတ်ညှို့မခံခဲ့ရပါဘူး။ ခင်ဗျားသောက်တဲ့ ကော်
ဖီထဲမှာ အိန္ဒိယဆေးခြောက်တစ်မျိုးထည့်ထားတာပါ။ အဲဒီနောက် တခြား
ဆေးဝါးတွေနဲ့ ခင်ဗျားကို ဒီနေရာထိ ကားနဲ့သယ်လာခဲ့တာပါပဲ"

"လတ်စသတ်တော့ မစ္စစ်ဂါဒနာကိုယ်တိုင် ရှင့်ဇာတ်လမ်းထဲမှာတစ်ချိန်
လုံးပါခဲ့ရတာကိုး" မစ္စစ်ရိုင်မာကပြောလိုက်ရာ မစ္စတာပိုင်းက ခေါင်းညိတ်ပြီး
သဘောတူပါသည်။

"ရှင်တို့သူ့ကိုလာဘ်ထိုးပြီးခိုင်းတာပေါ့လေ။ ဒါမှမဟုတ်၊ သူယုံအောင်
လိမ်ခံတာဖြစ်ရမယ်"

"မစ္စစ်ဂါဒနာဟာ ကျွန်တော့်သိက္ခာကို ယုံကြည်တဲ့သူပါ။" မစ္စတာပိုင်း
တရှင်းပြသည်။ "သူရဲ့တစ်ဦးတည်းသောသားကို တစ်ခါတုန်းက ထောင်မကျ
အောင် ကျွန်တော်ကယ်ခဲ့ဖူးတယ်" မစ္စစ်ရိုင်မာ၏ဒေါသများ လျော့သွားလေ
ပြီ။

"ဟောဒီမွေးရာပါ အမှတ်ကကော၊ ဘယ်လိုဖြစ်မှာလဲ"ဟု မေးလိုက်ရာ
မစ္စတာပိုင်းက- "တဖြည်းဖြည်းမှိန်လာပါပြီဗျာ။ နောက်ခြောက်လဆိုရင်
လုံးလုံးပျောက်သွားမှာပဲ"

"နေပါဦး၊ ဒီရှုပ်ရှုပ်ရှက်ရှက်အလုပ်ကြီးတစ်ခုလုံးက ဘာအဓိပ္ပာယ်လဲ
ရှင့်။ ကျွန်မကို အရူးလုပ်ပြီး ဒီယာထဲမှာ အခိုင်းအစေလုပ်ထားတယ်၊
ဒီလောက် ချမ်းသာတဲ့လူကို အေးလေ-ဒါမေးစရာမလိုတော့ပါဘူး၊ ဧဒေတော့-

ရှင်ကအပိုင် စီးထားပြီကိုး။ အားလုံး ဒီရည်ရွယ်ချက်နဲ့လုပ်ခဲ့တာ မဟုတ်လား"

"ငွေတွေ ကျွန်တော် ထိန်းသိမ်းခဲ့တာမှန်ပါတယ်" မစ္စတာပိုင်းက ရှင်းပြလိုက်သည်။ "ခင်ဗျားဆေးမူးနေတဲ့အချိန် ခင်ဗျားရဲ့ ဘဏ္ဍာရေးကိစ္စတွေမှာ ကျွန်တော် ကိုယ်စားလှယ်ပါဝါရယူခဲ့ပြီး ဒီရောက်နေတဲ့ ကာလတစ်လျှောက်လုံးလည်း ထိန်းသိမ်းခဲ့တာပါပဲ။ ဒါပေမဲ့ မစ္စစ်ရိုင်မာ ၊ ကျွန်တော် အာမခံပါတယ်။ ခင်ဗျားကျွန်တော့်ကိုပေးခဲ့တဲ့ ပေါင်တစ်ထောင်ကလွဲရင် ခင်ဗျားပိုင်တဲ့ငွေ တစ်ပြားမှ ကျွန်တော့်အိပ်ထောင်ထဲမဝင်ခဲ့ပါဘူး။ အမှန်တော့ ခင်ဗျားရဲ့ ငွေတွေဟာ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံခဲ့လို့ ခုဆိုရင် အရင်က ထက်တိုးပွားနေပါပြီ" သူက သူမကို ရင်းနှီးစွာပြုံး၍ ပြောလိုက်လေသည်။

"ဒါဖြင့်-ဘာဖြစ်လို့" မစ္စစ်ရိုင်မာက မေးမည်ပြုရာ မစ္စတာပိုင်းက ဖြတ်၍ - "နေဦး မစ္စစ်ရိုင်မာ ၊ ကျွန်တော် ခင်ဗျားကို မေးစရာတစ်ခုရှိတယ်။ ခင်ဗျားဟာ ဖြောင့်မတ်သူ တစ်ယောက်ပါ။ ဒါကြောင့် ကျွန်တော်မေးမှာကို ရိုးရိုးဖြောင့်ဖြောင့်ဖြေမယ်လို့ ယုံပါတယ်။ ကျွန်တော်မေးချင်တာက ခင်ဗျား အခုပျော်နေပြီလား ဆိုတာပါပဲ"

"ပျော်နေပြီလား-တော်တော်ကောင်းတဲ့ မေးခွန်းပဲ၊ အမျိုးသမီးတစ်ယောက်ရဲ့ ငွေတွေယူပြီးပျော်ရဲ့လားလို့ မေးသေးတယ်၊ ရှင့်သိက္ခာကိုတော့ ကြိုက်သွားပြီ"

"ခင်ဗျားစိတ်ဆိုးနေတုန်းပဲကိုး" သူကပြောလိုက်သည်။ "ဖြစ်သင့်ပါတယ်လေ၊ ဒါပေမဲ့ ကျွန်တော်ရဲ့လုပ်ရပ်တွေကို ခဏလေးမေ့ထားလိုက်စမ်းပါ။ မစ္စစ်ရိုင်မာ-ခင်ဗျားကျွန်တော့်ရုံးခန်းကို လွန်ခဲ့တဲ့ တစ်နှစ်တိတိ ဒီလိုနေ့မှာ ရောက်လာခဲ့တုန်းက ခင်ဗျားဟာ ပျော်ရွှင်မှုကင်းမဲ့နေတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ခဲ့တယ်နော်။ ခင်ဗျားအခုထိလည်း ပျော်ရွှင်မှုကင်းမဲ့နေတုန်းပဲလို့ ကျွန်တော့်ကိုပြောမှာလား။ အဲဒီလိုပြောရင်တော့ ကျွန်တော်ဝန်ချတောင်းပန်ပါ့မယ်။ ပြီးရင် ကျွန်တော့်ကို ခင်ဗျားနှစ်သက်ရာ နည်းလမ်းနဲ့ အရေးယူနိုင်ပါတယ်။ ဒါတင်မဟုတ်သေးပါဘူး။ ကျွန်တော်လက်ခံယူခဲ့တဲ့ ပေါင်တစ်ထောင်လည်း ပြန်အမ်းမှာပါ။ ကဲဗျာ-မစ္စစ်ရိုင်မာ-ခင်ဗျားစိတ်ဆင်းရဲနေတုန်းပဲလား"

မစ္စစ်ရိုင်မာ မစ္စတာပိုင်းကို ကြည့်လိုက်သည်။ ထို့နောက်မျက်လွှာချလျက် ပြန်ဖြေလိုက်၏။ "မဟုတ်ပါဘူး ကျွန်မစိတ်ဆင်းမရဲတော့ဘူး" သူမ၏ အသံတွင် ရွှင်လန်းမှုပါဝင်လာ၏။ "ဒီနေရာမှာတော့ ရှင်မှန်တယ်လို့ ဝန်ခံရ

မှာပဲ။ ကျွန်မ အက်ဗနာဆုံးပြီးနောက်ပိုင်း ဘယ်တုန်းကမှ ဒီလောက်မပျော်ခဲ့ရပါဘူး။ ခုဆိုရင် ကျွန်မ-ကျွန်မ ဂျိုးဝဲလ်ဆိုတဲ့ ယာသမားတစ်ယောက်နဲ့ လက်ထပ်တော့မှာ။ လာမယ့် တနင်္ဂနွေနေ့ပဲ။ အဲဒီနေ့မှာ ဘုရားကျောင်းသွားပြီး လက်ထပ်ကြမယ်"

"ဒါပေမဲ့ အဲဒီလိုဆိုရင် အခြေအနေတွေ အားလုံးပြောင်းသွားမှာပေါ့ဗျာ" ဟု မစ္စတာပိုင်းက ပြောလိုက်ရာ မစ္စစ်ရိုင်မာ၏မျက်နှာ ရဲခနဲဖြစ်သွားပြီး ခြေတစ်လှမ်းရှေ့တိုး၍ "ပြောင်းလဲသွားမယ်ဆိုတာ ဘာကိုဆိုလိုတာလဲ မစ္စတာပိုင်း၊ ငွေတွေသုံးမကုန်အောင်ချမ်းသာနေလို့ ကျွန်မဟာ ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်အနေနဲ့ ယာသမားတစ်ယောက်ကို ဘဝကြင်ဖော်အဖြစ် မရွေးသင့်ဘူးလို့ဆိုချင်တာလား။ ကျွန်မ အဲဒီလိုဂုဏ်သရေရှိ အမျိုးသမီး မဖြစ်ချင်ဘူး မစ္စတာပိုင်း၊ ကျေးဇူးတင်တယ်။ ဘာမှသုံးမရတဲ့ ဂုဏ်သရေမို့လို့ပဲ။ ဂျိုးဟာ ကျွန်မအတွက်ကောင်းတဲ့ အဖော်ဖြစ်သလို ကျွန်မလည်းသူ့အတွက်ကောင်းတဲ့အဖော်ဖြစ်နေတယ်။ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် နားလည်ကြလို့ ပျော်ပျော်လက်တွဲနိုင်ကြမှာပဲ။ ဒါဆိုရင် လုံလောက်သွားပြီ။ ရှင့်အတွက်ကတော့ မစ္စတာပါကား။ အေးအေးဆေးဆေး ပြန်သွားပြီး မဆိုင်တဲ့ကိစ္စထဲ ဝင်မပါတာ အကောင်းဆုံးပါပဲရှင်။

မစ္စတာပါကားပိုင်းက သူ့အိတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်၍ သူမကို တမ်းပေးလိုက်၏။ "ကိုယ်စားလှယ် ပါဝါလွှဲစာပါ။ အခုအချိန်ကစပြီး ခင်ဗျားရဲ့ ငွေကြေးကိစ္စအားလုံး ခင်ဗျားကိုယ်တိုင် စီမံခန့်ခွဲရတော့မှာမို့ ကျွန်တော် မလိုတော့ပါဘူး"

မစ္စစ်ရိုင်မာ၏ မျက်နှာတွင်ထူးခြားသည့် အမူအရာဖြစ်လာ၏။ သူမက စာရွက်ကို သူ့ပြန်ပေးလိုက်ပြီး-

"ဒါ-ရှင်ယူထားပါ။ ကျွန်မ ရှင့်ကို ခပ်ကြမ်းကြမ်းပြောမိတယ်။ တကယ်တော့ ရှင့်ကို ကျွန်မယုံပါတယ်။ ဒီရွာကဘဏ်မှာ ကျွန်မ ပေါင်ခုနစ်ရာထားမယ်။ ဒါဆိုရင်ကျွန်မတို့ ယာခင်းတစ်ခင်းဝယ်နိုင်ပြီ။ ကျန်တဲ့ငွေတွေကတော့ ဆေးရုံကိုသာ လှူလိုက်ပေတော့"

"ခင်ဗျား ချမ်းသာသမျှအားလုံး ဆေးရုံတွေကို တကယ်လှူခိုင်းနေတာလား"

"အဲဒီအတိုင်း ကျွန်မပြောနေတာပဲလေ။ ဂျိုးဟာ လူကောင်းတစ်ယောက်ဆိုပေမယ့် သူလည်း ချမ်းသာချင်မှာပဲ။ သူ့ကို ငွေတွေပုံပေးပြီး ဖျက်ဆီးတာမျိုး မလုပ်သင့်ဘူး။ သူ့ကို အရက်ပြတ်အောင် ကျွန်မလုပ်ခဲ့ပြီးပြီ

ကျွန်မစိတ်ကို ကျွန်မနိုင်ပါတယ်။ ကျွန်မနဲ့ပျော်ရွှင်မှုကြားထဲမှာ ငွေကို အဝင်မခံနိုင်တော့ ဘူးရှင့်-"

"ခင်ဗျားဟာလည်း ထူးခြားတဲ့ အမျိုးသမီးပါပဲဗျာ" မစ္စတာပိုင်းက လေးလေးနက်နက် ပြောလိုက်သည်။ "တစ်ထောင်မှာ တစ်ယောက်ဆိုသလိုပါပဲ"

"ဒါဆိုရင် တစ်ထောင်မှာ တစ်ယောက်ပဲ အသိဉာဏ်ရှိလို့ပါရှင်" မစ္စစ်ရိုင်မာကပြုံး၍ ပြောလေသည်။

"မစ္စစ်ရိုင်မာ၊ ကျွန်တော် ခင်ဗျားကို အများကြီးလေးစားပါတယ်ဗျာ" သူ၏အသံတွင် လွန်စွာလေးနက်တည်ကြည်မှု ပါဝင်နေ၏။ ထို့နောက် ဦးထုပ်ကို ချွတ်၍ လေးစားသောအကြည့်ဖြင့် နှုတ်ဆက်ပြီး လှည့်ပြန်သွားလေတော့သည်။

"ဂျိုး ဘယ်တော့မှ မသိစေနဲ့နော်-အဲဒါ ဂရုစိုက်ပါ" မစ္စစ်ရိုင်မာက အော်ပြောလိုက်လေ၏။

နေဝင်ကာနီး အချိန်ဖြစ်သည်။ စိမ်းပြာပြာ ဂေါ်ဖီထုပ်ကြီးကို ကိုင်လျက် နေကို ကျောပေး၍ သူမရပ်နေသည်။ ခေါင်းကိုမော့လျက် ပခုံးမြင့်မြင့်နှင့် ဝုံကြွားစွာရပ်နေသော ယာတောသူမကြီးကား နေရောင်နောက်ခံတွင် ခန့်ညား လှပါပေ၏။

တရားလိုပြဿနာ

မစ္စတာမေဟန်းသည် သူ၏စာကြည့်မျက်မှန်ကို အနည်းငယ်နေရာ ပြင်လိုက်ပြီး သူ့အလေ့အကျင့်အတိုင်း ချောင်းတစ်ချက်ဟန့်လိုက်သည်။ ထို့နောက် မျက်နှာချင်းဆိုင် ထိုင်နေသည့်လူကို စူးစမ်းသောမျက်လုံးများနှင့် ကြည့်လိုက်၏။ ထိုသူသည် ကြီးတင်ကြံရွယ်သည့်လူသတ်မှုဖြင့်တရားစွဲခံထားရသူဖြစ်သည်။

ပစ္စတာမေဟန်းသည် သေသပ်တိကျစွာလုပ်ကိုင်တတ်သည့် အမူအရာရှိပြီးသပ်ရပ်စွာဝတ်ဆင်တတ်၍ ထွင်းဖောက်ကြည့်မြင်နိုင်သည့်မျက်လုံးများပိုင်ရှင်ဖြစ်သည်။ တရားရုံးရှေ့နေတစ်ဦးအနေဖြင့် သူ၏လုပ်ကိုင်ဆောင်ရွက်မှုများသည် အလွန်အဆင့်အတန်းမြင့်ပါ၏။ အမှုသည်များနှင့် စကားပြောဆိုသည့်အခါ သူ့အသံမှာ ခြောက်သွေ့သော်လည်း ကရုဏာနည်းသည်ဟု မဆိုနိုင်ပါ။

"ခင်ဗျားဟာ အင်မတန်အန္တရာယ်ကြီးတဲ့ အကျဉ်းအကျပ်ထဲရောက်နေတယ်ဆိုတာ ကျွန်တော်ထပ်ပြီးအလေးအနက် သတိပေးချင်တယ်၊ ဒါကြောင့် အပင့်လင်းဆုံး ပြောမှ ဖြစ်လိမ့်မယ်"

လီယိုနတ်မိုးက ဘာမှမရှိသည့် နံရံအလွတ်ကို အမှုမဲ့အမှတ်မဲ့ကြည့်နေရာမှ သူ့ရှေ့နေဘက် လှည့်လိုက်ပါသည်။ "ကျွန်တော်သိပါတယ်" သူကမျှော်လင့်ချက်မဲ့စွာ ပြန်ပြော၏။ "ခင်ဗျား ကျွန်တော့်ကို အမြဲပြောနေတာပဲ။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်လည်း လူသတ်မှုနဲ့တရားစွဲခံနေရတာကို နားမလည်နိုင်အောင်ဖြစ်နေတာပါ။ လူသတ်မှုတဲ့ဗျာ၊ ဒီလောက် ကောက်ကျစ်ယုတ်မာတဲ့ အမှုမျိုးနဲ့မှ အစွဲခံနေရတယ်"

မစ္စတာမေဟန်းသည် လက်တွေ့သမားဖြစ်၏။ ခံစားမှုတွေကိုဦးစားပေးသူမဟုတ်ပါ။ သူထပ်၍ချောင်းဟန့်လိုက်ပြီး မျက်မှန်ကိုဖြုတ်ကာအဝတ်ဖြင့် စရတစိုက်သုတ်နေလိုက်ပါသည်။ ထို့နောက်မျက်မှန်ပြန်တပ်လိုက်ပြီး၊ "ဟုတ်ပြီ ဗျာ၊ ဟုတ်ပြီ၊ ကိုင်း မစ္စတာမိုးရေ၊ ကျွန်တော်တို့ဟာ ခင်ဗျားကို ဒီအမှုကလွတ်ရမယ်လို့ဆုံးဖြတ်ပြီးလုပ်နေတယ်နော်၊ ဒီအတိုင်းဖြစ်သာရမယ်ဗျာ။ ဒါပေမဲ့ အချက်အလက်တွေကတော့ အပြည့်အဝရမှဖြစ်မယ်။ ခင်ဗျားကိုစွဲထားတဲ့အမှုဟာ ဘယ်လောက်အထိ ဆိုးကျိုးပေးနိုင်သလဲ ဆိုတာ

သိမှဖြစ်မယ်။ ဒါမှလည်း အကောင်းဆုံး ခုခံရေးလမ်းကြောင်းကို ချမှတ်နိုင်လိမ့်မယ်"

သို့တိုင်အောင် သူ့အမှုသည်ကတော့ မျှော်လင့်ချက်မဲ့နေသည့်ယောင်တောင်တောင်အကြည့်ဖြင့်သူ့ကိုကြည့်နေဆဲပင်။ မစ္စတာမေဟန်းအမြင်တွင် အမှုအခြေအနေက အလွန်ဆိုးနေသည်။ တရားခံ၏အပြစ်ကလည်းသေချာသလောက်ဖြစ်နေသည်။ ယခုအခါ ပထမဆုံးအကြိမ်အဖြစ် သူ့စိတ်ထဲတွင် မရေမရာဖြစ်လာလေသည်။

"ကျွန်တော်အပြစ်ရှိတယ်လို့ ခင်ဗျား ထင်နေတယ် မဟုတ်လား" လီယိုနတ်မိုးက ပြောသည်။ "ဒါပေမဲ့ ကျွန်တော် မသတ်ဘူးဆိုတာ ကျိန်ပြောရဲတယ်။ အခြေအနေက ကျွန်တော့်အတွက် အတော်ဆိုးနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်ဟာ ထောင်ချောက်ထဲ မိနေတဲ့လူလိုဖြစ်နေတယ်။ လှုပ်လေပိုဆိုးလေပဲ။ ဒါပေမဲ့ ကျွန်တော် မသတ်တာအမှန်ပါ မစ္စတာမေဟန်း၊ ကျွန်တော် မသတ်ဘူးဗျ"

ဒီလိုအခြေအနေမျိုးတွင် လူတစ်ယောက်သည် သူအပြစ်ကင်းကြောင်း အကျောက်အကန်ပြောရမည်ဆိုသည်ကို မစ္စတာမေဟန်းသိပါ၏။ သို့တိုင်အောင် သူ့အမှုသည်အပေါ် သူယုံကြည်ချင်နေပေသည်။ လီယိုနတ်မိုးဟာ အပြစ်ကင်းတဲ့သူဖြစ်မယ်ဆိုလည်း ဖြစ်နိုင်တာပါပဲ။

"အင်းလေ၊ ခင်ဗျားမှန်ပါတယ်" သူက ပြန်ပြောလိုက်သည်။ "အမှုကတော့ခင်ဗျားအတွက် အတော်ဆိုးနေတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ခင်ဗျားပြောတာ ကျွန်တော်လက်ခံပါတယ်။ ကဲ၊ ဒီတော့ အချက်အလက်တွေပြန်ကြည့်ကြရအောင်။ ခင်ဗျားဟာ မစ္စအင်မလီဖရင့်နဲ့ဘယ်လိုအသိအကျွမ်းဖြစ်လာတယ်ဆိုတာကို တိတိကျကျပြန်ပြောစမ်းပါဗျာ"

"အောက်စဖို့လမ်းမကြီးမှာပဲဗျ၊ တစ်ရက်မှာ လမ်းဖြတ်ကူးနေတဲ့မိန်းမကြီးတစ်ယောက်ကို ကျွန်တော်တွေ့တယ်။ လက်ထဲမှာ ပစ္စည်းထုပ်တွေလည်း တစ်ထမ်းတစ်ပိုးနဲ့၊ လမ်းလယ်ကောင်ရောက်တော့ အထုပ်တွေလွတ်ကျပါလေရော၊ အဲဒါတွေပြန်ကောက်ဖို့လုပ်ဟုန်း ဘတ်စ်ကားကြီးတစ်စီးကဝင်တိုက်တော့မလိုဖြစ်လို့ လမ်းဘေးကလူတွေကအော်ပြီးသတိပေးတာနဲ့ သူလည်း လူလွတ်အောင်ပြေးလိုက်တာ ကံအားလျော်စွာ လွတ်ရုံကလေး လွတ်ပြီး ပလက်ဖောင်းပေါ် ရောက်သွားတယ်။ ကျွန်တော်က လမ်းပေါ်မှာ ကျန်ခဲ့တဲ့ သူ့အထုပ်တွေကို ကောက်ပြီး ဖုံခါ၊ ကြိုးစည်းပြီးသူ့ဆီသွားပေးလိုက်တယ်"

"ခင်ဗျားကသူ့အသက်ကို ကယ်လိုက်တာလို့တော့မဆိုနိုင်ဘူးပေါ့"

"မဟုတ်ရပါဘူးဗျာ၊ မကယ်ခဲ့ပါဘူး။ ကျွန်တော်လုပ်တာက လုပ်ရိုးလုပ်စဉ် အကူအညီပေးလိုက်တာပဲရှိတယ်၊ သူကတော့ အတော်ကျေးဇူးတင်သွားတယ်။ လူငယ်တွေထဲမှာ ဒီလိုရိုင်းပင်းကူညီတတ်သူဟာ သိပ်ရှားနေတဲ့ အကြောင်းလည်းပြောတယ်၊ သူပြောတာတွေတိတိကျကျတော့မမှတ်မိတော့ပါဘူး၊ ပြီးတော့နှုတ်ဆက်ပြီး ကျွန်တော်ပြန်ခဲ့တာပဲ။ ထပ်တွေ့ရလိမ့်မယ်လို့လည်း လုံးဝမျှော်လင့်မထားပါဘူး။ ဒါပေမဲ့လူဘဝဆိုတာကလည်းတိုက်ဆိုင်မှုတွေက အများသားကိုး၊ အဲဒီနေ့ညနေမှာပဲ မိတ်ဆွေတစ်ယောက်ရဲ့ပါတီပွဲမှာ ပြန်တွေ့ပါလေရော။ သူကကျွန်တော့်ကိုမြင်တာနဲ့ မှတ်မိတယ်။ ဒါ့ကြောင့် မိတ်ဆက်ပေးဖို့ အိမ်ရှင်ကိုပြောသတဲ့။ အဲဒီတော့မှ ကျွန်တော်လည်း သူဟာ မစ္စအယ်မလီဖရင့်ဖြင်စပြီး ခရစ်ကယ်ဝုဒ်မှာနေတယ်ဆိုတာ သိရတာပါ။ ကျွန်တော်တို့ ခပ်ကြာကြာလေး စကားလက်ဆုံကျခဲ့တယ်။ သူ့ကြည့်ရတာ တစ်ယောက်ယောက်ကို အကြောင်းတစ်ခုခုကြောင့် နှစ်သက်သဘောကျတယ်ဆိုရင် ချက်ချင်း ရင်းရင်းနှီးနှီးဆက်ဆံ တတ်ပုံရပါတယ်။ ကျွန်တော့်ကိုလည်း သူတိုင်းလုပ်လေ့ရှိတဲ့အပြုအမှုကိုပဲ ရိုးသားလွန်းလို့ဆိုပြီး တရင်းတနှီးဆက်ဆံနေတာပါ။ ပြန်ကာနီးကျတော့ ကျွန်တော့်လက်ကို လှိုက်လှိုက်လှဲလှဲ ဆုပ်ကိုင်ပြီး သူ့အိမ်ကိုလာလည်ဖို့ဖိတ်တော့တာပဲ။ ကျွန်တော်က လာမှာပေါ့ခင်ဗျာလို့လည်းပြောလိုက်ရော၊ ဘယ်နေ့လဲလို့မေးတယ်ခင်ဗျ။ ကျွန်တော်ကသွားချင်ဒိတ်သိပ်မရှိလှပေမယ့် ငြင်းရင်လည်းရိုင်းရာကျမှာမို့ လာမယ့်စနေနေ့လို့ လွယ်လွယ် ပြောလိုက်ပါတယ်။ သူပြန်သွားပြီးတဲ့နောက် သူငယ်ချင်းတွေဆီက သူ့ အကြောင်းသိရပါတယ်။ သူဟာချမ်းသာတယ်၊ ထူးခြားတယ်။ အဖော်မိန်းမ တစ်ယောက်နဲ့အတူ တစ်ကိုယ်တည်းနေတယ်၊ အိမ်မှာကြောင်ကတော့ ရှစ် ကောင်ထက်အနည်းရှိတယ် စသဖြင့်ပေါ့ဗျာ"

"ဟုတ်ပါပြီ" မစ္စတာမေဟန်းက ထောက်လိုက်၏။ ထို့နောက်"သူချမ်းသာတယ်ဆိုတာကို အဲဒီလောက် စောစောသိခဲ့ရတယ်ပေါ့" ဟု ဆက်မေးသည်။

"ကျွန်တော်လိုက်စုံစမ်းတယ်လို့ ခင်ဗျားဆိုလိုတာလား" လီယိုနတ်မိုးက စိတ်တိုသွားဟန်ဖြင့် မေး၏။ မစ္စတာမေဟန်းက သူ့ကို လက်ဝါးထောင်ပြပြီး ဆက်ပြောပါသည်။

"ဒီအမှုကို ဟိုတစ်ဖက်က ဘယ်လိုခင်းကျင်းပြမလဲဆိုတာကို ကျွန်တော်ကြိုမြင်ဖို့လိုတယ်။ သာမန်လူတစ်ယောက်ကတော့ မစ္စဖရင့်ကို လိမ်မာပါးနှပ်တဲ့ လည်လည်ပတ်ပတ်ရှိသူလို့မြင်မှာ မဟုတ်ဘူး။ သူက ရိုးရိုးနဲ့နှိမ့်နှိမ့်ချခ

နေတတ်တာကိုး။ ခင်ဗျားကိုလည်း သူဟာ လူချမ်းသာတစ်ယောက်ပါလို့ ပြောထားသူမရှိရင် သူ့ကိုခင်ဗျား ဆင်းရဲချို့တဲ့သူလို့ မြင်ခဲ့မိမှာပဲ။ ဘယ်လို ပဲ ဖြစ်ဖြစ်ဗျား ပြန်ဆက်ရရင် သူဟာချမ်းသာတယ်လို့ ခင်ဗျားကို ပြောတာ ဘယ်သူလဲ"

"ကျွန်တော့်မိတ်ဆွေ ကျော့ဟာပေးပါ။ ပါတီပွဲပေးတဲ့အိမ်ရှင်ပေါ့"

"သူအဲဒီလိုပြောခဲ့တယ်ဆိုတာကို သူဟာသူပြန်မှတ်မိမယ်ထင်သလား"

"ထားတော့ဗျာ၊ တစ်ခုရှိတာက တရားလိုဘက်က ခင်းဗျာဟာဘဏ္ဍာ ရေး အခြေအနေဆိုးရွားနေတယ်ဆိုတဲ့ အချက်ကိုဖော်ထုတ်ကြလိမ့်မယ်၊ အဲဒါ အမှန်ပဲမဟုတ်လား"

လီယိုနတ်မိုး မျက်နှာနီသွား၏။

"ဟုတ်ပါတယ်" သူက အသံတိမ်တိမ်ဖြင့် ပြန်ဖြေ၏။ "အဲဒီတုန်းက တော်တော်ကို ကံဆိုးမိုးမှောင်ကျနေခဲ့ပါပဲ"

"ထားပါတော့၊ ခင်ဗျားဟာ ငွေကြေးအခြေအနေ ဆိုးနေခဲ့နှမှာ ချမ်းသာ တဲ့အမျိုးသမီးကြီးကို ရင်းနှီးမှုရအောင် အကွက်ချစီစဉ်အားထုတ်ခဲ့တယ်လို့ လျှောက်လဲကြလိမ့်မယ်။ ကဲ-အခု ကျွန်တော်တို့က ခင်ဗျားဟာ သူချမ်းသာ ဘယ်ဆိုတာကို မသိဘဲနဲ့ စစ်မှန်တဲ့ခင်မင်မှုသက်သက်နဲ့ သူ့အိမ်ကိုသွားလည် ခဲ့ဘာပါလို့ပြောရမယ့် အခြေအနေဖြစ်နေတော့-"

"အဲဒီအတိုင်းအမှန်ပဲလေ"

"ဟုတ်ပါပြီ။ ကျွန်တော်ကလည်း အဲဒါကိုငြင်းနေတာမဟုတ်ပါဘူး။ အပြင်လူတစ်ယောက်အမြင်နဲ့မြင်ကြည့်နေတာပါ။ မစ္စတာဟာဗေးရဲ့ မှတ်ဉာဏ်အပေါ်မှာ အများကြီး တည်တဲ့သဘောဖြစ်နေတယ်။ သူဟာ အဲဒီလိုပြောခဲ့တယ်ဆို တာကို မှတ်မိနိုင်မလား။ တရားလိုရှေ့နေကြီးရဲ့ မေးခွန်းတွေအောက်မှာ သူစိတ်ရှုပ်ပြီး ဇဝေဇဝါဖြစ်မသွားနိုင်ဘူးလား"

လိုယိုနတ်မိုး မိနစ်အနည်းငယ်မျှ ပြန်တွေးနေသည်။ ထို့နောက် ဘည်တည်ငြိမ်ငြိမ်ဖြစ်သော်လည်း မျက်နှာပျက်ပျက်နှင့် ပြန်ပြော၏။

"ဒီနည်းလမ်းကတော့အောင်မြင်မယ်မထင်းဘူး၊ မစ္စတာမေဟန်း။ အဲဒီ တုန်းက သူပြောတာကို အတော်များများကြားခဲ့ကြတယ်။ တစ်ယောက်နှစ် ယောက်တော့ ချမ်းသာတဲ့မိန်းမကြီးကို အပိုင်စည်းရုံးနိုင်တယ်ဆိုပြီး ကျွန်တော့် ကို စလိုက်သေးတယ်."

ရှေ့နေက သူ၏စိတ်ပျက်သွားမှုကို ဖုံးကွယ်နိုင်ရန် လက်ကိုဝှေ့ယမ်းလိုက်၏။

"ကံဆိုးတာပဲဗျာ"ဟုသူပြန်ပြောလိုက်သည်။ "ဘာပဲဖြစ်ဖြစ် မစ္စတာမိုးရေ။ ဒီလိုရိုးရိုးဖြောင့်ဖြောင့်ပြောတာကိုတော့ ကျွန်တော်ချီးကျူးပါတယ်။ ခင်ဗျားစကားတွေပေါ်ကြည့်ပြီး ကျွန်တော်လမ်းကြောင်းလွှဲရမှာကိုး။ ခင်ဗျား ဘာမှန်ပါတယ်။ ဒီလမ်းကြောင်းကို လိုက်မိရင်ဆိုးဆိုးဝါးဝါး ထိခိုက်သွား တယ်။ အဲဒီလမ်းကို ပယ်ရတော့မှာပဲ။ ခင်ဗျား မစ္စတာဖရင့်နဲ့ အသိ ကျွမ်းဖြစ်ခဲ့တယ်။ မစ္စတာဖရင့်ရဲ့အိမ်ကို အလည်အပတ် သွားခဲ့တယ်။ နောက် ပိုပြီးရင်းနှီးကျွမ်းဝင်လာခဲ့တယ်။ ကဲ-ဒီတော့အသက်သုံးဆယ့်သုံး သောရှိသေးတဲ့၊ ရုပ်ရည်အားဖြင့်ကြည့်ကောင်းတဲ့၊ အားကစားလိုက်စားပြီး ပေါင်းအသင်းတွေထဲမှာ ထင်ရှားတဲ့ ခင်ဗျားဟာ အသက်အရွယ်ချင်းကွာ စိတ်နေသဘာဝချင်းလည်းမတူတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို ဘာ ကြောင့် ဒီလောက်ရင်းရင်းနှီးနှီးနဲ့ခင်ဗျားရဲ့အချိန်တွေ အများကြီးပေးနိုင်ရတာ ဆိုရင် ဘယ်လိုဖြေမလဲ"

လီယိုနတ်မိုး စိတ်တုန်လှုပ်စွာနှင့် လက်များကိုရမ်းခါလိုက်ပြီး-"မပြော တော်ဘူးဗျာ၊ မဖြေတတ်ဘူး။ ပထမဆုံးအခေါက်ရောက်သွားတော့ အထီး ကျန်ဖြစ်ပြီး ငြီးငွေ့စိတ်ပျက်နေရတဲ့သူဘဝအကြောင်းတွေပြောပြီး နောက်ထပ် ဆက်သည်လာဖို့ အတင်းအကြပ်ပြောတော့တာပဲ။ ကျွန်တော်ငြင်းရခက်လောက် အောင်ကိုဇွတ်ပြောတာကိုး။ သူက ကျွန်တော့်ကို သိပ်ခင်မင်တဲ့အကြောင်း ရှည်လင်းလင်းပဲပြောတာဆိုတော့ ကျွန်တော်လည်းစိတ်ကျဉ်းကြပ်တာပေါ့ ဗျာ။ ခင်ဗျား နားလည်ပါလိမ့်မယ်။ ကျွန်တော့်စိတ်က ပျော့တယ်။ တစ်ဖက် သားပြောတာကို ငြင်းရမှာအင်မတန် ဝန်လေးတတ်တယ်ဗျ။ အဲဒီတော့ ယုံ ကယုံတာတော့မရှောင်နိုင်ဘူး။ သုံးခေါက်လေးခေါက်လောက်သွားလည်ပြီး နောက် ကျွန်တော်ကိုယ်တိုင်က သူ့အပေါ် သံယောဇဉ်ဖြစ်မိတော့တာပဲ။ ကျွန်တော် ကလေးဘဝမှာပဲ အမေဆုံးသွားခဲ့တယ်။ အဒေါ်က ခေါ်ပြီးမွေး ထားခဲ့တယ်။ အဲဒီ အဒေါ်လည်းကျွန်တော်ဆယ့်ငါးနှစ်မပြည့်ခင်မှာပဲ ဆုံးသွား တယ်။ အခုကျွန်တော်ဟာ ကိုယ့်အပေါ်ကြင်ကြင်နာနာနဲ့ အလိုလိုက်တဲ့ ခင်မေတ္တာမျိုးကို တကယ်အစစ်အမှန်ခံစားနေရပြီလို့ပြောရင် ခင်ဗျားရယ် ခင်မှာပဲ"

မစ္စတာမေဟန်းက မရယ်ပါ။ သူ့မျက်မှန်ကိုသာဖြုတ်၍ အဝတ်ဖြင့် သုတ်နေပြန်ပါသည်။ ဤသည်မှာ သူ နက်နက်နဲနဲ စဉ်းစားနေသည့် အဓိပ္ပာယ်ဖြစ်ပါ၏။

"ခင်ဗျားရဲ့ဖြေရှင်းချက်ကို ကျွန်တော်လက်ခံတယ် မစ္စတာမိုး၊" နောက် ဆုံးတွင်သူက ပြောလိုက်ပါသည်။ "စိတ္တဇေဒရှုထောင့်ကနေ ဒါကိုဖြစ်နိုင်တယ်

လို့ကျွန်တော်ယုံပါတယ်။ ဂျူရီလူကြီးတစ်ယောက်က အဲဒီအမြင်နဲ့ကြည့်မကြည့်ဆိုတာက တစ်ပိုင်းတစ်ကဏ္ဍပေါ့။ ဒီတော့ ဆက်ပြောပါဦးဗျာ။ မစ္စဖရင့်က ခင်ဗျားကို သူ့လုပ်ငန်းကိစ္စတွေထဲ ဝင်ကြည့်ပေးပါလို့ပြောတာက ဘယ်တုန်းကလဲ"

"သုံးခေါက် သို့မဟုတ်လေးခေါက်လောက်ရောက်အပြီးမှာပါပဲ။ သူဟာ ငွေရေးကြေးရေးကိစ္စတွေကို သိမ်မကျွမ်းကျင်ဘူး။ ရင်းနှီးမြှုပ်နှံထားတဲ့ငွေကြေးတချို့အတွက်လည်း ပူပင်သောကရောက်နေရတယ်"

မစ္စတာမေဟန်းက ဖျတ်ခနဲ ကြည့်လိုက်၏။

"သတိထားနော်၊ မစ္စတာမိုး၊ ဂျနက်မက္ကင်ဇီဆိုတဲ့အိမ်ဖော်အမျိုးသမီးက သူ့သခင်မဟာ လုပ်ငန်းကိစ္စတွေကို ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်ပြီး ငွေကြေးကိစ္စတွေမှာလဲကိုယ်တိုင်ဆောင်ရွက်တတ်တယ်လို့ပြောထားတယ်။ မစ္စဖရင့်ဆက်သွယ်အလုပ်လုပ်တဲ့ဘဏ်တွေကလည်း ဒီအချက်ကိုထောက်ခံထားကြတယ်။"

"ဒါတော့ မတတ်နိုင်ဘူးဗျာ" မစ္စတာမိုးက စိတ်ထက်သန်စွာပြောပါသည်။ "သူကိုယ်တိုင် ကျွန်တော့်ပြောပြတာပဲ"

မစ္စတာမေဟန်းက သူ့ကိုခေတ္တမျှစကားမပြန်ဘဲကြည့်နေလိုက်၏။ သူက မှင့်မပြောလိုသော်လည်း ထိုအခိုက်အတန့်တွင်လီယိုနတ်မိုး အပြစ်ကင်းသည်ဟူသော သူ့ယုံကြည်မှုသည် အားကောင်းလာပါသည်။ အသက်အရွယ်ကြီးသောအမျိုးသမီးများ၏ စိတ်သဘာဝအချို့ကို သူနားလည်ပါသည်။ မစ္စဖရင့်သည် ရုပ်ချောသည့်လူငယ်တစ်ဦးကို မိုးမမြင်လေမမြင် သံယောဇဉ်ဖြစ်မိပြီး ထိုလူငယ်သူ့အိမ်ရောက်လာအောင် အကြောင်းအမျိုးမျိုးရှာခဲ့ခြင်းကို သူမြင်မိပါသည်။ ထိုကြံရွယ်ချက်အောင်မြင်စေရန် ငွေကြေးကိစ္စများကိုသူနားမလည်၍ ဝင်ရောက်ကူညီဆောင်ရွက်ပေးပါဟု အကူအညီတောင်းခဲ့သည်ဆိုခြင်းမှာ လွန်စွာသဘာဝကျပေသည်။ ယောကျ်ားဆိုသည်မှာ လူတော်လူတတ်တစ်ဦး အပြစ်မြောက်ပင့်ပြီး ခေါင်းဆောင်တင်လျှင် ကျေနပ်လက်ခံကြမြဖြစ်သည်ဟူသောအချက်ကို လူရေးနပ်လှပြီးသည့်သူလို အမျိုးသမီးကြီးတစ်ဦးကကောင်းစွာ တွေးတော်ကြံဖြစ်ပေမည်။ လီယိုနတ်မိုးသည် စိတ်မြောက်သွားခဲ့၏။ သူမကလည်း ချမ်းသာကြွယ်ဝမှုကို သူသိသွားမည့်အတွက်မစိုးရိမ်ခဲ့ပေ။ အင်မလီဖရင့် သည်စိတ်ဓာတ်ပြင်းထန်ထက်မြက်သော အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ သူမလိုချင်သည့်အရာအတွက် တန်ရာတန်ကြေးပေးရန်လက်မနှေးသူဖြစ် သည်။ ဤအတွေးအမြင်များသည် မစ္စတာမေဟန်း၏

ခေါင်းထဲတွင် လျင်မြန် စွာဖြတ်သွားပါ၏။ သို့ရာတွင် သူက ထိုအတွေးများကို တစ်စွန်းတစ်စမျှထုတ် မပြောဘဲ မေးခွန်းတစ်ခုကိုသာ ဆက်မေးလိုက်ပါသည်။

"ဒီတော့ ခင်ဗျားက သူတောင်းပန်တဲ့အတိုင်း သူ့အလုပ်ကိစ္စတွေကို ဝင်လုပ်ပေးခဲ့ရတယ်ပေါ့"

"ဟုတ်တယ်"

"မစ္စတာမိုး၊ " ရှေ့နေက ဆက်ပြောသည်။ "ကျွန်တော် အခု ခင်ဗျားကို သိပ်အရေးကြီးတဲ့မေးခွန်းမေးမယ်၊ အမှန်အတိုင်း ဖြေဖို့လည်းသိပ်အရေးကြီးတယ်။ ခင်ဗျားဟာ ငွေရေးကြေးရေးအခက်အခဲကို အကြီးအကျယ်တွေ့ကြုံနေချိန်မှာ အမျိုးသမီးကြီးတစ်ယောက်ရဲ့အလုပ်ကိစ္စအဝဝကိုကိုင်တွယ်ဖြေရှင်းပေးရတယ်။ သူ့စကားအတိုင်းဆိုရင် လုပ်ငန်းကိစ္စတွေကိုသိပ်နားမလည်ပါဘူးဆိုတဲ့အမျိုးသမီးကြီးပေါ့။ ခင်ဗျားကိုင်တွယ်ဖြေရှင်းပေးခဲ့ရတဲ့ ဘဏ္ဍာငွေကြေးတွေကို ခင်ဗျားကိုယ်ရေးကိစ္စအတွက် တစ်ခါတစ်ရံ ယူသုံးခဲ့တာမျိုးရှိသလား။ လူသိမခံနိုင်တဲ့ ကိုယ်ကျိုးရှာတဲ့ကိစ္စမျိုးရှိခဲ့ဖူးသလား" သူကတစ်ဆင့်လူစကားမပြန်မီဟန့်တားထားပြီး "မဖြေခင်တစ်မိနစ်လောက်စဉ်းစားပါဦး။ ခင်ဗျားတို့အတွက်လမ်းနှစ်ခုပွင့်နေတယ်။ တစ်ခုက ကျွန်တော်ဟာ၊ သူ့ကိစ္စတွေကို ကိုင်တွယ်ခဲ့စဉ်မှာ ခင်ဗျားရဲ့ ရိုးသားဖြောင့်မှန်မှု၊ ယုံကြည်စိတ်ချရမှုတွေကို သက်သေထူပြီးတော့ ဒီငွေတွေကိုယူသုံးမယ်ဆိုရင် အလွယ်ကလေးယူသုံးနိုင်တဲ့အခြေအနေရှိပါလျက်နဲ့ ငွေအတွက်လူသတ်မှုကျူးလွန်တယ်ဆိုတာဟာ ယုတ္တိမတန်ပါဘူးလို့ ပြောရမယ့်လမ်းကြောင်း။ နောက်တစ်ခုကတော့ တစ်ဖက်က ခင်ဗျားကိုငွေကြေးကိစ္စတွေမှာ လိမ်ညာလှည့်ဖြားခဲ့တယ်လို့ အော်ထုတ်နိုင်တယ်ထား၊ ခင်ဗျားမှာလူသတ်ဖို့အတွက် ရည်ရွယ်ချက်မရှိပါဘူး၊ အမျိုးသမီးကြီးကိုယ်နှိုက်က ခင်ဗျားအတွက် ဝင်ငွေကောင်းဖို့လမ်းဖွင့်ပေးထားပါတယ်လို့ဆိုနိုင်တဲ့လမ်းကြောင်း၊ အဲဒီလမ်းကြောင်းနှစ်ခုပွင့်နေတယ်။ ဒါတွေကိုခင်ဗျားမြင်ပြီနော်။ ကဲ-ခင်ဗျား ပြန်မဖြေခင် အချိန်ယူစဉ်းစားပါဦး။"

သို့ရာတွင် လီယိုနတ်မိုးက လုံးဝအချိန်ယူခြင်းမရှိပါ။

"မစ္စဖရင့်ရဲ့လုပ်ငန်းကိစ္စတွေမှာ ကျွန်တော့်ဆောင်ရွက်ချက်တွေဟာ လုံးဝဖြောင့်မှန်တယ်။ ပွင့်လင်းတယ်။ ဘာမှ အမှားအယွင်းမရှိဘူး။ သူအကျိုးစီးပွားအတွက် ကျွန်တော်စွမ်းနိုင်သလောက် အကောင်းဆုံးလုပ်ပေးခဲ့တယ်။ အဲဒါတွေကို ဘယ်သူမဆို စစ်ဆေးကြည့်ရင်တွေ့မှာပဲ"

"ကျေးဇူးပဲဗျာ" မစ္စတာမေဟန်းက ပြန်ပြောလိုက်၏။ "ကျွန်တော့်စိတ်ထဲ

အတော်ပေါ်ပါးသွားအောင် ခင်ဗျားလုပ်ပေးခဲ့တာပဲ။ ဒီလောက်အရေးကြီးတဲ့
အချက်မှာ ခင်ဗျားကျွန်တော့်ကို လိမ်ညာခဲ့တယ်ဆိုရင်တော့ ခင်ဗျားဟာသိပ်
တော်လွန်းတဲ့လူတစ်ယောက်လို့ ခီးကျူးရတော့မှာပဲဗျ "

"အမှန်မှာလည်းလူသတ်ဖို့အကြောင်းရင်းခံမရှိဘူးဆိုတာ ကျွန်တော့် အ
တွက်အခွင့်သာတဲ့အခိုင်မာဆုံးအချက်ပါပဲဗျာ။" မိုးက ထက်ထက်သန်သန်
ပြောပါသည်။ "ချမ်းသာကြွယ်ဝတဲ့မိန်းမကြီးကို သူငွေတွေအပိုင်စီးနိုင်မယ်ဆို
တဲ့မျှော်လင့်ချက်နဲ့ သူ့ကိုရင်းနှီးအောင် ကြိုးတင်အကွက်ချကြံစည်ခဲ့တယ်လို့
စွပ်စွဲတာဟာ ခင်ဗျား ခုနကပြောနေတာရဲ့ အရင်းခံအချက်လို့ပဲ ကျွန်တော်
ယူဆတယ်။ တကယ်ကတော့ သူသေသွားတာဟာ ကျွန်တော့်မျှော်လင့်ချက်
တွေအားလုံးကို ဖျက်ဆီးလိုက်သလိုပဲ မဟုတ်လား"

ရှေ့နေကသူ့ကိုခပ်အေးအေးနှင့် ကြည့်လိုက်ပါ၏။ ထို့နောက်ဖြည်းဖြည်း
ဆေးဆေးနှင့် သူမျက်မှန်ကိုဖြုတ်၍ ပွတ်တိုက်နေပြန်ပါသည်။ မျက်မှန်ကို
ပြန်တပ်ရင်းနှင့် သူကမေးလိုက်ပါသည်။

"မစ္စတာမိုး၊ မစ္စဖရင့်က ခင်ဗျားအတွက် ငွေတွေအများကြီးအမွေပေးပြီး
သေတမ်းစာထားခဲ့တယ်ဆိုတာ ခင်ဗျားမသိဘူးလား"

"ဗျာ" မိုးက ရုတ်တရက်အော်ရင်း ထရပ်လိုက်၏။ သူအံ့ဩတုန်လှုပ်
သွားပုံမှာ သိသာထင်ရှားလှပါသည်။ "ဘုရား ဘုရား ခင်ဗျားဘယ်လိုပြော
လိုက်တာလဲ၊ ကျွန်တော့်ကို အမွေတွေပေးခဲ့တယ်ဟုတ်လား"

မစ္စတာမေဟန်းက ဖြည်းညင်းစွာခေါင်းညိတ်ပြပါသည်။ မိုးပြန်ထိုင်
လိုက်၏။ ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ထားသည်။

"သေတမ်းစာကိစ္စကို ခင်ဗျားဘာမှမသိဘူးလို့ ဟန်ဆောင်နေတာလား
ဗျာ"

"ဟန်ဆောင်တယ်၊-ဒါနဲ့ပတ်သက်လို့ ဘာမှ ဟန်ဆောင်စရာမရှိဘူး၊
အဲဒီအကြောင်းကို ကျွန်တော် လုံးဝမသိဘူးဗျ"

"အခိုင်းအစေ အမျိုးသမီးဂျနက်မက္ကင်ဇီက ဒီကိစ္စ ခင်ဗျားသိပါတယ်လို့
အခိုင်အမာပြောထားခဲ့တယ်တဲ့။ ဒါကို ခင်ဗျားဘယ်လိုဖြေမလဲ"

"ဘယ်လိုဖြေမလဲဟုတ်လား၊ သူလိမ်နေတာပေါ့ဗျာ၊ မဟုတ်သေးဘူး၊
ကျွန်တော်ရှေ့လောကြီးပြီးပြောမိတယ်။ ဂျနက်ဟာလည်း အသက်ကြီးပြီ၊
သူ့သခင်မအပေါ် အတော်သစ္စာရှိတယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း သူ
သဘောမကျဘူး။ မနာလိုတာရော၊ သံသယတွေရောရှိနေတယ်။ မစ္စဖရင့်က
သူ့ဝိတ်ကူးကို ဂျနက်ကိုဖွင့်ပြောခဲ့လို့မ်ယ်။ ဒီတော့ဂျနက်က ဒါဟာ ကျွန်

တော်က သူ့သခင်မကို သွေးဆောင်ဖြားယောင်းလို့ဖြစ်လာတာပဲလို့ စွဲမှတ်
ထားခဲ့မှာပဲ။ အခုတော့ မစ္စဖရင့်ကိုယ်တိုင် သူ့ကို အဲဒီလိုပဲ ပြောခဲ့တယ်လို့
သိုကြည်နေစာဖြစ်ရမယ်"

"ဒါဖြင့် ဒီကိစ္စနဲ့ပတ်သက်လို့ သေသေချာချာဂရုစိုက်ပြီး လိမ်ပြောရ
လောက်အောင် ခင်ဗျားကို သူမုန်းနေတယ်လို့တော့ မထင်ဘူးပေါ့"

လီယိုနတ်မိုး အံ့ဩပြီး ဇဝေဇဝါဖြစ်သွားပုံရပါသည်။

"မထင်ပါဘူးဗျာ၊ သူက ဘာလို့ လိမ်ပြောရမှာလဲ"

"ဒါတော့မသိဘူးလေ၊" မစ္စတာမေဟန်းက တွေးတွေးဆဆနှင့်ပြော၏။
"သူကတော့ ခင်ဗျားအပေါ် တော်တော်ခါးသီးနေတာအမှန်ပဲ"

စိတ်ပျက်နေသော လူငယ်က ညည်းညူလိုက်ပြန်ပါသည်။ "ကျွန်တော်
သဘောပေါက်လာပြီ။ ကြောက်စရာပဲဗျာ၊ ကျွန်တော်သူ့ကိုရင်းနှီးချင်ယောင်
ဆောင်တယ်။ အဲဒီနောက် အမွေတွေအားလုံးကျွန်တော့်ကို လွှဲပေးတဲ့သေ
တမ်းစာရေးအောင် ကျွန်တော်ကသွေးဆောင်တယ်။ ပြီးတော့ အဲဒီညမှာ
အိမ်ထဲ တခြားဘယ်သူမှမရှိတုန်း ကျွန်တော်ရောက်သွားခဲ့တယ်။ နောက်
တစ်နေ့မှာ သူအလောင်းကို တွေ့တယ်။ ဘုရားဘုရား ဆိုးလှချည့်လားဗျာ"

"အိမ်ထဲမှာ တခြားဘယ်သူမှမရှိဘူးလို့ထင်တာတော့ ခင်ဗျားလွဲသွားပြီ"
မစ္စတာမေဟန်းကပြန်ပြော၏။ "အဲဒီညနေမှာ ဂျနက်အပြင်သွားနေတာ
ခင်ဗျားမှတ်မိမှာပေါ့။ ဒါပေမယ့် ညကိုးနာရီခွဲလောက်မှာ သူ့မိတ်ဆွေတစ်
ယောက်ကို ပြပါမယ်လို့ကတိပေးထားတဲ့ ဘလောက်စ်အက်ပီတစ်ထည်ယူဖို့
သူပြန်လာခဲ့တယ်။ သူကနောက်ဖေးပေါက်ကဝင်ပြီးအပေါ် ထက်မှာတက်ယူ
တယ်။ ပြီးတော့ ပြန်ထွက်သွားတယ်။ ဘာတွေပြောမှန်းမသိပေမယ့် ဧည့်ခန်း
ထဲကစကားပြောသံတွေကြားခဲ့ရသတဲ့။ မစ္စဖရင့်ရဲ့အသံနဲ့နောက်တစ်ယောက်
ကတော့ ယောကျ်ားတစ်ယောက်ရဲ့ အသံလို့ ဆိုတယ် "

"ညကိုးနာရီခွဲမှာ"လီယိုနတ်မိုးကစဉ်းစားရင်းပြောလိုက်၏။"ကိုးနာရီခွဲ-
တုတ်ပြီ" သူကဝုန်းခနဲ ထရပ်လိုက်သည်။ "ကျွန်တော် လွတ်ပြီဗျ၊ လွတ်ပြီ"

"လွတ်ပြီဆိုတာ ဘာကိုဆိုလိုတာလဲ" မစ္စတာမေဟန်းက အံ့ဩစွာ
မေးလိုက်သည်။

"ညကိုးနာရီခွဲမှာ ကျွန်တော့်အိမ်ကျွန်တော်ပြန်ရောက်နေပြီဗျ။ ကျွန်တော့်
မိန်းမကဒါကိုသက်သေခံနိုင်တယ်။ မစ္စဖရင့်အိမ်က ကျွန်တော်ကိုးနာခဲမထိုး
ခင်ငါးမိနစ်လောက်မှာပြန်လာခဲ့တာ။ အိုး-ဘုရားသခင်ကျေးဇူးတော်ကြောင့်
ပဲဗျို့။ ဂျနက်မက္ကင်ဇီရဲ့ဘလောက်စ် အက်ပီကယ်ပေလို့ဗျာ-

ဝမ်းသာအားရနှင့် စိတ်လှုပ်ရှားစွာ ပြောနေစဉ်တွင် သူ့ရှေ့နေ၏ အရေးတကြီးမျက်နှာထားမှာဘာမှ မပြောင်းလဲကြောင်းသူသတိထားမိခြင်းမရှိပေ။ သို့ရာတွင် သူ့ရှေ့နေက ပြန်ပြောသည်ကိုကြားလိုက်ရသောအခါ သူထိုင်ခဲ့ပေါ်ပစ်ချသလို ထိုင်လိုက်ရလေသည်။

"ဒါဖြင့်၊ မစ္စဖရင့်ကိုသတ်တာ ဘယ်သူလို့ ခင်ဗျားထင်သလဲ"

"ဘယ်သူဖြစ်မလဲ အစောပိုင်းကထင်ခဲ့ကြသလို ဖောက်ထွင်းရေးသမား၊ သူခိုးတစ်ယောက်ယောက်ဖြစ်နိုင်တယ်။ ပြတင်းပေါက်ကိုရိုက်ချိုးဖွင့်ထားဘယ်ဆိုတာ ခင်ဗျား မှတ်မိမှာပေါ့။ သူ့ကို သံတူရွင်းကြီးတစ်ချောင်းနဲ့ခိုက်သတ်ထားတာ၊ သံတူရွင်းကိုလည်း အလောင်းဘေးနားမှာတွေ့ရတယ်။ ပစ္စည်းတွေလည်း အတော်များများ ပျောက်နေတယ်။ ဒါပေမဲ့ ကျွန်တော့်ကို မနှာလိုစိတ်နဲ့ သံသယဖြစ်နေတဲ့ဂျနက်စကားကြောင့်ရဲတွေဟာ လမ်းကြောင်းမှန်ကနေလွဲသွားကြရတာ"

"ဒါကတော့ ဖြစ်နိုင်ချေသိပ်မရှိဘူး မစီတာမိုးရဲ့" ရှေ့နေကပြန်ပြော၏။ "ပျောက်နေတဲ့ပစ္စည်းတွေဆိုတာက ဘာမှတန်ဖိုးမရှိတဲ့အသေးအဖွဲတွေပဲ။ မှက်ကန်းတစ်ယောက်က ယူသွားသလိုမျိုးပေါ့။ ပြီးတော့ပြတင်းပေါက်ပေါ်ငေါ်မှာတွေ့ရတဲ့ အမှတ်အသားတွေကလည်းရေရေရာရာမရှိဘူး။ နောက်ပြီး ခင်ဗျား ပဲစဉ်းစားကြည့်လေ။ ကိုးနာရီခွဲမှာ ခင်ဗျားကအဲဒီအိမ်ထဲမှာ မရှိတော့ဘူးလို့ ပြောတယ်။ ဒါဆိုရင်ည့်ခန်းထဲမှာ မစ္စဖရင့်နဲ့စကားပြောနေတာ ဂျနက်ကြား လိုက်တယ်ဆိုတဲ့အမျိုးသားက ဘယ်သူဖြစ်မလဲ။ ဖောက်ထွင်းသူခိုးတစ်ယောက် နဲ့တော့သူ အေးအေးဆေးဆေး စကားပြောမနေလောက်ပါဘူး"

"အဲဒီလိုတော့ မဟုတ်လောက်ပါဘူး" မိုးက ပြန်ပြော၏။ သူစိတ်ရှုပ်ထွေးနေပုံရပါသည်။ "ဒါပေမဲ့ဗျာ၊ ဘာပဲဖြစ်ဖြစ်၊ အဲဒီအချက်ကြောင့် ကျွန်တော်အောက်လွတ်သွားပြီပေါ့" သူက သက်သာရာရသောလေသံဖြင့်ပြောပါသည်။ "ကျွန်တော့်မှာ ခိုင်လုံတဲ့သက်သေ အလီဘိုင် ရှိနေပြီလေ၊ ခင်ဗျားကျွန်တော့်မိန်းမရဲ့မိန်းကို ခွက်ချင်းသွားတွေ့မှကောင်းမယ်"

"သွားတွေ့ရမှာပေါ့" ရှေ့နေက သူတိုက်တွန်းချက်ကို လက်ခံပါသည်။ "ခင်ဗျား အဖမ်းခံရချိန်မှာ သူက ခရီးထွက်နေလို့ ခုထိမတွေ့ရသေးတာ၊ စကော့တလန်ကိုကျွန်တော်ကြေးနန်းနဲ့အကြောင်းကြားထားလို့ ဒီညပဲသူပြန်ရောက်မယ်လို့သိရတယ်။ ဒီကနေပြန်တာနဲ့ ကျွန်တော်သူ့ဆီသွားမှာပဲ"

မိုးကကျေနပ်ပြီး စိတ်အေးသွားပုံရပါသည်။ သူက-"ခင်ဗျားကိုရိုမိန်းက

အသေအချာပြောပြပါလိမ့်မယ်။ တော်ပါသေးရဲ့ဗျာ၊ ကံကောင်းပေလို့ပဲ"

"ဒါနဲ့နေပါဦး မစ္စတာမိုး ခင်ဗျားဟာ ခင်ဗျားဇနီးကို အတော်သံယောဇဉ်ရှိတယ်ထင်တယ်"

"ဟုတ်ပါတယ်ဗျာ"

"သူကကော ခင်ဗျားအပေါ် သံယောဇဉ်ကြီးတာပဲလား"

"ရိုမိန်းက ကျွန်တော့်ကို အတော်ခင်တွယ်ရှာပါတယ်။ ကျွန်တော့်အတွက်ဆိုရင် သူဘာလုပ်ရလုပ်ရ လုပ်မယ့်သူပါပဲ"

သူကစိတ်အားထက်သန်စွာ ပြောလိုက်သော်လည်းရှေ့နေမှာမူစိတ်ဓါတ်အနည်းငယ် ကျဆင်းသွားပါသည်။ သံယောဇဉ်ကြီးတဲ့ဇနီးတစ်ယောက်ရဲ့သက်သေခံချက်။ အဲဒါက အရာရောက်နိုင်ပါ့မလား။

"ကိုးနာရီမိနစ်နှစ်ဆယ်မှာ ခင်ဗျားအိမ်ပြန်ရောက်လာတာကိုမြင်တဲ့သူတစ်ယောက်ယောက်များရှိသလားဗျ။ အခုိင်းအစေတစ်ယောက်ဆိုပါတော့ဗျာ"

"ကျွန်တော်တို့မှာ အခိုင်းအစေ မထားပါဘူး"

"အိမ်အပြန်လမ်းမှာကော တစ်ယောက်ယောက်ကို မတွေ့ခဲ့ဘူးလား"

"သိတဲ့သူဆိုလို့တစ်ယောက်မှ မတွေ့ခဲ့ပါဘူး။ ဘတ်စ်ကားနဲ့ပြန်ခဲ့တာဆိုတော့ လက်မှတ်ရောင်းကတော့ မှတ်မိချင်မှတ်မိနိုင်တယ်"

မစ္စတာမေဟန်းက သံသယဖြင့် ခေါင်းခါလိုက်ပါသည်။

"ခင်ဗျားမိန်းမရဲ့သက်သေခံချက်ကို အတည်ပြုမယ့်သူမရှိဘူးဆိုတဲ့သဘောပေါ့"

"မရှိဘူးဗျ၊ ဒါပေမဲ့ အဲဒါမလိုဘူးမဟုတ်လား"

"မပြောနိုင်ဘူးဗျ၊ ပြောလို့မရဘူး" မစ္စတာမေဟန်းက ခပ်သွက်သွက်ပြန်ပြောပါသည်။ "နောက်တစ်ခု မေးစရာရှိသေးတယ်ဗျာ၊ မစ္စဖရင့်က ခင်ဗျားမှာအိမ်ထောင်ရှိတယ်ဆိုတာကို သိရဲ့လား"

"သိတာပေါ့ဗျာ"

"ဒါနဲ့တောင် ခင်ဗျားကဇနီးဖြစ်သူကို သူနဲ့တွေ့ရအောင်ခေါ်မသွားခဲ့ဘဲကိုး၊ အဲဒါဘာဖြစ်လို့လဲ"

ပထမဆုံးအကြိမ်အဖြစ် လီယိုနတ်မိုး၏အဖြေမှာတုန့်နှေးပြီး မရေမရာဖြစ်နေပါသည်။

"အင်း-ကျွန်တော်မပြောတတ်တော့ဘူး"

"ဂျနက်မက္ကင်ဇီက သူ့သခင်မဟာ ခင်ဗျားကို လူပျိုလူလွတ်တစ်ယောက်လို့သိထားပြီး တစ်နေ့ကျရင် ခင်ဗျားကို လက်ထပ်ဖို့ရည်ရွယ်ထားတယ်လို့

ပြောတာကိုရော၊ ခင်ဗျား သိသလား"

မိုးက ရယ်ပါသည်။

"အလကားပါဗျာ၊ ကျွန်တော်တို့နှစ်ယောက်အသက်ကသုံးဆယ့်လောက် ကွာနေတာဗျ"

"ထားပါတော့လေ"ရွှေနေကလေသံခပ်ခြောက်ခြောက်ဖြင့်ပြန်ပြော၏။ "အဲဒီအချက်ကတော့ ဒီအတိုင်းရှိနေတုန်းပါပဲ။ ခင်ဗျားမိန်းမဟာ မစ္စဖရင့်ကိုတစ်ခါမှ မတွေ့ဖူးဘူးပေါ့"

"မတွေ့ဖူးပါဘူး" သူ့အဖြေမှာ တုန့်နှေးနှေးဖြစ်နေပြန်ပါသည်။

"ဒီကိစ္စမှာတော့ ခင်ဗျားရဲ့ဦးတည်ချက်ကို ကျွန်တော်နားမလည်နိုင်အောင် ဖြစ်နေပြီ" ရွှေနေက ပြောရာ မိုး မျက်နှာနီသွားပြီး ခေတ္တတုံ့ဆိုင်းပြီးမှ ပြန်ဖြေပါသည်။

"ကျွန်တော်ရှင်းပြမယ်။ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က ငွေရေးကြေးရေးမှာအတော်ကြပ်တည်းနေခဲ့တယ်လေ။ မစ္စဖရင့်ဆီက ကျွန်တော်ပိုက်ဆံနည်းနည်းချေးယူနိုင်မယ်လို့ မျှော်လင့်ထားတယ်။ သူကကျွန်တော့်အပေါ် သံယောဇဉ်ရှိနေတာပဲ။ ဒါပေမဲ့သူက လူငယ်အိမ်ထောင်ဖက်နှစ်ယောက်ရုန်းကန်ကြိုးစားနေရတာကို စိတ်ဝင်စားတာမဟုတ်ပါဘူး။ စောစောပိုင်းက ကျွန်တော် သိထားတာကလည်း ကျွန်တော်တို့လင်မယားနှစ်ယောက် အဆင်မပြေလို့ခွဲနေကြတယ်လို့ သူနားလည်လက်ခံထားတယ်ဆိုတာပါပဲ။ မစ္စတာမေဟန်း-ကျွန်တော်ငွေလိုနေတယ်ဆိုတာ ရိုမိန်းအတွက်ပါ။ အဘွားကြီးကိုတော့ သူထင်ချင်သလိုထင်ပစေတော့ဆိုပြီး ဘမှမပြောခဲ့ပါဘူး။ သူက ကျွန်တော့်ကိုသားတစ်ယောက်လို မွေးစားချင်တယ်လို့ပဲ ပြောခဲ့တာပါ။ လက်ထပ်ဖို့ဆိုတဲ့ကိစ္စလည်း ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ပါဘူး။ အဲဒါဟာ ဂျနက်ရဲ့စိတ်ကူးသက်သက်ပဲ ဖြစ်ပါလိမ့်မယ်"

"ဒါပဲလားဗျ"

"ဟုတ်ကဲ့ ဒါပါပဲ"

သူ့အဖြေမှာ နည်းနည်းများတုံ့သွားသလား။ ရွှေနေကထင်မိသလိုလိုဖြစ်သွားသည်။ သူထရပ်လိုက်ပြီးနှုတ်ဆက်ရန်လက်ကိုဆန့်ပေးလိုက်ပါသည်။

"ဝွဒ်ဘိုင် မစ္စတာမိုး" သူကပင်ပန်းမှုဖြင့်သောကရောက်နေပုံရသောအမှုသည်ကိုကြည့်ပြီးအမှတ်မထင်ပြောလိုက်ပါသည်။ "ခင်ဗျားကိုဆန့်ကျင်ထိုးနှက်နေတဲ့အချက်တွေ တသီကြီး ရှိနေလျက်နဲ့ ခင်ဗျားဟာအပြစ်ကင်းဟယ်လို့ကျွန်တော်ယုံနေတုန်းပဲ။ ခင်ဗျားကိုကျွန်တော် ကွင်းလုံးကျွတ်လွတ်

အောင်လုပ်ပေးနိုင်မယ်ထင်ပါရဲ့"

မိုးက သူ့ကိုပြန်ပြုံးပြပါသည်။"ကျွန်တော့်အလီဘိုင်ခိုင်မာတယ်ဆိုတာ ခင်ဗျားတွေ့ရမှာပါ" သူ့အားတက်လာဟန်ဖြင့် ပြောလိုက်ပါသည်။ ယခုတစ်ကြိမ်တွင်လည်း သူ့ရှေ့နေကဘာမှ မတုံ့ပြန်ခြင်းကို သူသတ်ထားမိပုံမရပါ။

"အမှုတစ်ခုလုံးက ဂျနက်မက္ကင်ဇီရဲ့ ထွက်ချက်အပေါ် အများကြီးမှီနေတယ်" မစ္စတာမေဟန်းက သူ့ကို ပြောလိုက်သည်။"သူက ခင်ဗျားကို တော်တော်မုန်းနေတယ်ဆိုတာ သိပ်ထင်ရှားတယ်"

"မုန်းစရာအကြောင်း ဘာမှ မရှိပါဘူးဗျာ" သူက ကန့်ကွက်စကားပြောလိုက်ပါသည်။

ရွှေနေက ခေါင်းခါလျက် ထွက်သွားတော့သည်။

"ကဲ-ဒီတစ်ခါ မစ္စစ်မိုးအလှည့်ပေါ့" သူကသူ့ကိုယ်သူပြောလိုက်၏။ အမှု၏ပုံပေါ် နေသည့်အနေအထားအပေါ် သူစိတ်တိုင်းမကျ ဖြစ်နေပေသည်။

မိုးတို့သည် ပက်ဒင်တန်မြက်ခင်းပြင်အနီးရှိ အိမ်ဟောင်းတစ်လုံးတွင်နေသည်။ ထိုအိမ်သို့မစ္စတာမေဟန်းရောက်လာ၏။ သူကခေါင်းလောင်းကြိုးကိုဆွဲလိုက်သောအခါ ညစ်ပေနေသည့်မိန်းမကြီးတစ်ယောက်က တံခါးလာဖွင့်သည်။ သန့်ရှင်းရေးအလုပ်သမဖြစ်ဟန်တူ၏။

"မစ္စမိုး ပြန်ရောက်နေပြီလား"

"လွန်ခဲ့တဲ့တစ်နာရီလောက်က ပြန်ရောက်တယ်၊ တွေ့နိုင်မတွေ့နိုင်တော့ မပြောတတ်ဘူး"

"ဒီကတ်ကဒ်လေးပြလိုက်ပါလေ" မစ္စတာမေဟန်းက ကတ်ကိုပေးရင်းပြော၏။ "သူတွေ့ချင်မှာပါ" မိန်းမကြီးက သူ့ကို သံသယဖြင့် ကြည့်လျက် လက်ကို ခါးစည်းအဝတ်တွင်သုတ်လိုက်ပြီးကဒ်ကိုလှမ်းယူသည်။ ထို့နောက် သူ့ကို လှေကားထစ်တွင်ရပ်နေစေပြီး တံခါးပြန်ပိတ်သွားလေသည်။ မိနစ်အနည်း ငယ်အတွင်းတွင် သူပြန်လာပြီး အနည်းငယ်ပြောင်းသွားသည့် အမူအရာနှင့်တံခါးဖွင့်၍ ဖိတ်ခေါ်၏။

"ကျေးဇူးပြု၍ အထဲဝင်ပါရှင့်"

ဧည့်ခန်းကျဉ်းကျဉ်းတစ်ခုထဲသို့ သူ့ကိုခေါ်သွားပါသည်။ ဧည့်ခန်းနံရံရှိ ခုပ်ပုံကားတစ်ခုကို ကြည့်နေစဉ် အရပ်မြင့်မြင့်ဖြူရော်ရော် အမျိုးသမီးတစ်ယောက်ကို ဘေးနားတွင် ရုတ်တရက်တွေ့လိုက်ရ၍လန့်ဖျပ်သွားမိ၏၊ ထို အမျိုးသမီးက တိတ်တိတ်ကလေးရောက်လာသောကြောင့်သူဘာသံမမကြား လိုက်ရခြင်းဖြစ်သည်။

"မစ္စတာမေဟန်းလားရှင်၊ ကျွန်မယောက်ျားရဲ့ ရှေ့နေမဟုတ်လား၊ အရေးသူ့ဆီကပြန်လာတာထင်တယ်၊ ထိုင်ပါဦးရှင့်"

သူမ စကားမပြောမီအထိ သူမကို အင်္ဂလိပ်လူမျိုးမဟုတ်ကြောင်း မရိပ်မိပေ။ ယခုအခါ၌ သူမကို အသေအချာကြည့်မိသောအခါ ပါးရိုးမြင့်မြင့်၊ နက်ပြာပြာဆံပင်ကောင်းကောင်းနှင့် တစ်ခါတစ်ရံဖြည်းဖြည်းလှုပ်ရှားသည့် လက်ဟန်တို့ကြောင့် နိုင်ငံခြားသူဖြစ်ကြောင်း သိသာပါသည်။ တိတ်ဆိတ်အေးဆေးလွန်းပြီး ထူးခြားသည့်အမျိုးသမီးဖြစ်ပါ၏။ တစ်ဖက်လူအနေခက်လာလောက်အောင် တိတ်ဆိတ်ငြိမ်သက်သူဖြစ်သည်။ စတွေ့ရသည်နှင့် မစ္စတာမေဟန်းသည်သူနားမလည်နိုင်သည့် ပြဿနာတစ်ရပ်ကိုရင်ဆိုင်နေရသလို ခံစားမိလေသည်။

"ကဲ-မစ္စစ်မိုးရေ-"သူက စကားစလိုက်၏။ "ခင်ဗျားစိတ်လျှော့လို့တော့မဖြစ်ဘူး"သူကစကားကိုရပ်လိုက်သည်။ ရိုမိန်းသည် စိတ်လျှော့မည့်ဟန်ပန်နည်းနည်းလေးမှမရှိကြောင်း အထင်အရှားတွေ့နေရ၍ဖြစ်ပါ၏။ သူမသည် ပကတိအေးဆေးငြိမ်သက်နေသည့်ပြင် သူ့ကိုယ်သူလည်း ကောင်းစွာထိန်းသိမ်းနိုင်ပေသည်။

"ကျွန်မကိုဘာတွေဖြစ်ခဲ့တယ်ဆိုတာ အားလုံးပြောပြပါ" သူမကပြန်ပြော၏။"ကျွန်မ အပြည့်အစုံ သိချင်တယ်။ ကျွန်မကိုဘာမှင့်မနေနဲ့။ အဆိုးဆုံးကိုကျွန်မ သိချင်တယ်" သူမ ခေတ္တနားလိုက်၏။ ထို့နောက်လေသံကိုနှိမ့်လိုက်သော်လည်း အလေးအနက်ပြုသည့်သဘောဖြင့် တစ်ခေါက်ထပ်၍ပြောပြန်သည်။

"အဆိုးဆုံးကို ကျွန်မသိချင်တယ်"

မစ္စတာမေဟန်းက သူမ၏ဦးတည်ချက်ကိုအပြည့်အဝသဘောမပေါက်သော်လည်းလီယိုနတ်မိုးနှင့် တွေ့ဆုံစကားပြောခဲ့သမျှကို ပြန်ပြောလိုက်ပါသည်။ သူမက အာရုံစိုက်၍နားထောင်၏။ တစ်ခါတစ်ရံ ခေါင်းညိတ်၍နားလည်ကြောင်းပြသည်။

"ကျွန်မသဘောပေါက်ပြီ" သူ့စကားအဆုံးတွင် သူမကပြောလိုက်၏။ "သူဟာဟိုညက ကိုးနာရီနှစ်ဆယ်မိနစ်မှာအိမ်ပြန်ရောက်လာတယ်လို့ကျွန်မကိုပြောစေချင်တာမဟုတ်လား"

"အဲဒီအချိန်မှာပဲ သူပြန်ရောက်လာတာလား" မစ္စတာမေဟန်းက ပြန်မေးလိုက်သည်။

"ဒါက အဓိကမဟုတ်ပါဘူး" သူမက အေးစက်စက်ပြန်ဖြေပြီး-"ကျွန်မ

ပြောလိုက်ရင် သူလွတ်မှာလား၊ သူတို့ကကောယုံကြပါ့မလား"

မစ္စတာမေဟန်းအံ့အားသင့်သွား၏။ သူမသည်ပြဿနာ၏အရင်းအမြစ်ကိုချက်ချင်းသိမြင်ပေသည်။

"ကျွန်မ အဲဒါကိုသိချင်တယ်။ အဲဒီလိုပြောတာနဲ့ လုံလောက်သလား။ ကျွန်မသက်သေခံထွက်ဆိုတာကို ထောက်ခံမယ့်သူတစ်ယောက်ယောက်တော ရှိသလား"

သူမကစိတ်အားထက်သန်းမှုကိုထိန်းလျက်မေးလိုက်ခြင်းကြောင့် သူစိတ်တွင် မအီမသာဖြစ်သလို အနည်းငယ်ခံစားလိုက်ရ၏။

"အခုထိတော့ တစ်ယောက်မှမရှိသေးပါဘူး"ဟုသူကခပ်ဖြည်းဖြည်းပြန်ဖြေလိုက်သည်။

"နားလည်ပါပြီ"ရိုမိန်းမိုးက ပြောပြီး ၁ မိနစ် ၂ မိနစ်မျှငြိမ်သက်နေပါသည်။ သူ့နှုတ်ခမ်းတွင် ပြုံးယောင်ယောင်ဖြစ်နေပါ၏။ ရှေ့နေ၏သတိထားစောင့်ကြည့်နေသောစိတ်မှာပို၍ အားကောင်းလာပါသည်။ သူကအမျိုးသမီးကို အကဲခတ်သလိုကြည့်လျက်-"မစ္စစ်မိုး-ခင်ဗျားဘယ်လိုခံစားနေရမယ်ဆိုတာကျွန်တော်နားလည်ပါတယ်" ဟုပြောလိုက်သည်။

"ရှင်နားလည်သလား" သူမကပြန်မေး၏။"ကျွန်မတော့ မထင်ဘူး"

"လက်ရှိအခြေအနေမှာတော့-"

"လက်ရှိအခြေအနေမှာကျွန်မက ကိုယ့်ဘာသာတစ်ယောက်တည်း ရင်ဆိုင်ချင်တယ်"

သူက စိတ်မသက်မသာဖြစ်လျက် သူမကိုကြည့်နေပါသည်။

"ဒါပေမဲ့ မစ္စစ်မိုးရယ်- ခင်ဗျားဟာ သိပ်တွယ်တာသံယောဇဉ်ထားရတဲ့ ခင်ပွန်းသည်အတွက် စိတ်သောကရောက်ပြီးပင်ပန်းဆင်းရဲနေရတာဆိုတော့-"

"ဘယ်လိုရှင့် ပြန်ပြောပါဦး"

သူမ၏ ခပ်ပြတ်ပြတ်လေသံကြောင့် သူစိတ်ထင့်သွားမိ၏။ သူက ဆုတ်ဆိုင်းဆိုင်းအမူအရာနှင့် ထပ်ပြောပါသည်။"ခင်ဗျားက ခင်ပွန်းသည်ကိုသံယောဇဉ်ကြီးလွန်းတာဆိုတော့-"

ရိုမိန်းမိုးက ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ နှုတ်ခမ်းတွင်လည်းထူးဆန်းသည့်အပြုံးကိုတွေ့နေရသည်။ သူမက လေပျာ့ပျော့နှင့်-"ကျွန်မသူ့ကိုသိပ်သံယောဇဉ်ကြီးတယ်လို့သူကပြောလိုက်တယ်ပေါ့၊ ဟုတ်တယ်၊ သူပြောမှာကိုကျွန်မသိနေတယ်။ ယောက်ျားများဘယ်လောက်မိုက်မဲလိုက်သလဲလို့-လူမိုက်၊ လူဖျင်း"

သူမ ရုတ်တရက်ထရပ်လိုက်သည်။ ကံမကောင်းအကြောင်း မလှမူကြောင့် ပေါ်ပေါက်လာရသည့် စိတ်ပင်ပန်း ခံစားရမှုမျိုးကို မကြာသေး မီက မစ္ဆတာ မေဟန်းခံစားသိမြင်ခဲ့သော်လည်း ယခုအခါထိုခံစားမှု မှာမစ္ဆစ်မိုး၏ ပေါက်ကွဲ စွာဖွင့်ထုတ်သံအောက်တွင် ပျောက်ကွယ်သွားရပါ၏။

"ကျွန်မသူ့ကိုမုန်းတယ်-ရှင်မှတ်ထားပါ။ ကျွန်မသူ့ကိုမုန်းတယ်၊ သိပ်မုန်းတယ်၊ သိပ်မုန်းတယ်။ သူ့ကိုမသေမချင်း ကြိုးကွင်းစွပ်သတ်တာကိုကျွန်မမြင်ချင်တယ်"

ရှေနေမှာ ရုတ်တရက်ထိတ်လန့်တကြားဖြစ်သွားသည်။ သူမ၏မျက်လုံးများထဲတွင် ဒေါသမီးတောက်လောင်နေသည်ကိုမြင်နိုင်ပါ၏။ သူမကရှေ့ခြေတစ်လှမ်းတိုးလိုက်ပြီးပြင်းထန်သည့်ခံစားမှုမျိုးနှင့် ဆက်ပြောပါသည်။

"ကျွန်မ မြင်ချင်တာကိုမြင်ရနိုင်ပါတယ်။ ဆိုပါတော့ သူဟာ အဲဒီညက ကိုးနာရီနှစ်ဆယ်မှာ အိမ်ပြန်ရောက်တာမဟုတ်ဘဲ ဆယ်နာရီနှစ်ဆယ်မှ ရောက်လာတာပါလို့ကျွန်မကပြောရင်ကော။ သူဟာသူရလာမယ့် အမွှေတွေ အကြောင်းမသိပါဘူးလို့ရှင်ကပြောတယ်။ ဆိုပါတော့ အဲဒီ အကြောင်းကိုသူကြို သိထားပါတယ်လို့ကျွန်မက ဖွင့်ပြောရင်ကော၊ သိတဲ့အပြင် အဲဒီ အမွှေတွေ အတွက်သူ လူသတ်မှုကျူးလွန်တာပါလို့ပြောရင်ကော၊ ဆိုပါတော့ အဲဒီညက သူလူသတ်ခဲ့ပြီးလို့ ကျွန်မကိုဖွင့်ပြောဝန်ခံ ပါတယ် ဆိုရင်ကော၊ သူ့ကုတ်အင်္ကျီမှာသွေးစွန်းနေတာတွေ့ပါတယ်ဆိုရင်ကော၊ ဘယ်လိုဖြစ်မှာ ပါလိမ့်၊ တရားခွင်မှာ ကျွန်မ အဲဒီအတိုင်းထွက်မယ်လေ"

သူမ၏မျက်လုံးများက သူ့ကိုစိန်ခေါ်သလိုကြည့်နေပါသည်။ သူကကြိုးထွားလာသည့်သူ၏စိတ်ပျက်အားလျော့မှုကို ထိန်းချုပ်ရင်း ပုံမှန်အသံဖြစ်အောင် ကြိုးစား၍ပြန်ပြောလိုက်သည်။

"ခင်ဗျားဟာ ခင်ပွန်းဖြစ်သူကို ဆန့်ကျင်ပြီး သက်သေထွက်လို့မရဘူးလေ"

"သူ-တွန်မယောကျ်ားမှ မဟုတ်ဘဲရှင့်"

သူမတချက်ချင်းတုံ့ပြန်ပြောလိုက်ခြင်းဖြစ်ရာ သူနားကြားလွဲသလားဟု ပင်ထင်လိုက်မိပါ၏။

"ခင်ဗျာ-ဘာကိုဆိုလိုတာပါလိမ့်၊ ကျွန်တော်-"

"သူဟာ ကျွန်မယောကျ်ားမဟုတ်ဘူး"

တိတ်ဆိတ်မှုဖြစ်ပေါ်လာလေရာ အပ်ကျသံကိုပင် ကြားရလောက်ပါသည်။

"ကျွန်မ ဗီယင်နာမှာ ပြဇာတ်သရုပ်ဆောင်လုပ်ခဲ့တယ်။ ကျွန်မခင်ပွန်းက သက်ရှိထင်ရှားရှိပေမယ့် စိတ္တဇဆေးရုံမှာ ဆေးကုခံနေရတယ်၊ ဒါကြောင့် သူနဲ့ကျွန်မ တရားဝင်လက်ထပ်လို့မရဘူး။ ခုတော့ ကျွန်မ ဝမ်းသာသွားပြီ" သူမက အောင်နိုင်သူတစ်ယောက်လို ခေါင်းညိတ်၏။

"ကျွန်တော့်ကို တစ်ခုတော့ပြောစေချင်တယ်" မစ္ဆတာမေဟန်းကပြောလိုက်သည်။ သူသည် ယခုအခါ ခါတိုင်းလိုပင် အေးအေးဆေးဆေးနှင့်ခံစားမှုမပါသော လေသံဖြင့် ပြောနိုင်ပေပြီ။ "ခင်ဗျား ဘာဖြစ်လို့ လီယိုနတ်မိုးအပေါ် ဒီလောက်ခါးခါးသီးသီးဖြစ်နေရတာလဲ"

သူမက အနည်းငယ်ပြုံးလျက် ခေါင်းခါပါသည်။

"အင်းပေါ့လေ၊ ရှင်သိမှာပေါ့၊ ဒါပေမယ့် မပြောနိုင်ဘူးရှင့်၊ ကျွန်မရဲ့လျှို့ဝှက်ချက်ကို ကျွန်မသိမ်းထားရမှာပဲ"

မစ္ဆတာမေဟန်းက ခပ်ခြောက်ခြောက်ချောင်းဟန့်လိုက်ပြီး ထရပ်လိုက်သည်။

"ကဲ-ကျွန်တော်တို့ဆက်ဆွေးနွေးစရာမရှိတော့ဘူးထင်ပါတယ်။" သူက မှတ်ချက်ပေးလိုက်ပြီးနောက်- "ကျွန်တော့်အမှုသည်နဲ့ဆက်သွယ်ပြီးရင် ခင်ဗျားကို အကျိုးအကြောင်းပြန်ပြောပါ့မယ်"

သူမက သူ့အနီးကပ်လာ၏။ သူမ၏လှပသော မျက်လုံးနက်များဖြင့် သူ့ကိုစိုက်ကြည့်ပြီး- "ပြောပါဦးရှင့်၊ ရှင် ဒီကိုလာတဲ့အခါ သူဟာအပြစ်ကင်းစင်လို့ တကယ်ရိုးရိုးသားသားယုံကြည်ထားတာလား"

"တကယ်ယုံကြည်တယ်ဗျ" မစ္ဆတာမေဟန်းက ပြန်ဖြေလိုက်သည်။

"သဘောတူကောင်းတဲ့လူပဲ" သူမကရယ်ရင်း မှတ်ချက်ချလိုက်သည်။

"အခုထိလည်း ဒီအတိုင်းပဲ ကျွန်တော်ယုံနေတယ်" ရှေနေက သူ့စကားကို အဆုံးသတ်လိုက်ပြီး "ဂွဒ်အီးဗနင်း မဒမ်"ဟု နှုတ်ဆက်ကာ ပြန်ထွက်သွားလေ၏။ မစ္ဆစ်မိုးမှာ အကဲခတ်ရခက်သောမျက်နှာနှင့် ကျန်ခဲ့လေသည်။

"တော်တော်ပြဿနာတက်တော့မယ့်အလုပ်ပါလား" အပြန်လမ်းတွင် မစ္ဆတာမေဟန်းက သူ့ကိုယ်သူပြောမိ၏။ "ဖြစ်ရပ်တစ်ခုလုံးက ထူးခြားနေတယ်၊ ဒီမိန်းမကလည်း အတော်ဆန်းတယ်။ သိပ်အန္တရာယ်ကြီးတဲ့မိန်းမပဲ။ ဒီမိန်းမများနောက်ကျောကို ကားနဲ့ထိုးချင်ပြီဆိုရင် သိပ်ကြောက်စရာကောင်းတဲ့ဘီလူးမတွေ့လိုပဲ။ ကဲ အခုဘာလုပ်လို့ရမလဲ။ စိတ်ဓာတ်ပျက်တော့မယ့် ဟိုလူတော့ အားကိုးစရာ ဘာမှမရှိတော့ဘူး။ တကယ်တော့လည်း ဒီလူသတ်မှုကို သူကျူးလွန်ခဲ့ဘာများဖြစ်နေမလား. . . . ။ မဟုတ်နိုင်ဘူး" မစ္ဆတာမေဟန်း

ကိုယ့်ကိုယ်ကိုယ်ပြန်ပြောမိ၏။ "မဖြစ်နိုင်ဘူး၊ သူ့ကိုဆန့်ကျင်နေတဲ့သက်သေ
တွေက များလွန်းနေတယ်။ ဒီမိန်းမကိုလည်း မယုံနိုင်ဘူး၊ ဇာတ်လမ်းတစ်ခု
လုံး ထွင်ပြောတာပဲဖြစ်ရမယ်။ တရားရုံးအထိတော့ အဲဒီထွင်လုံးတွေယူလာ
မှာမဟုတ်ပါဘူး" ဒီအတိုင်းပဲ ယုံကြည်ထားနိုင်ပါစေဟု သူဆန္ဒဖြစ်မိလေ
သည်။

တရားရုံးတော်တွင် ရဲက အမှုတည်ဆောက်၍ ရှင်းလင်းတင်ပြသွားသည်
မှာ တိုတိုနှင့်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ တရားလိုဘက်မှတင်ပြသည့်
အဓိက သက်သေများမှာ သူ၏အိမ်ဖော်ဖြစ်သူ ဂျနက်မက္ကင်ဇီနှင့် တရားခံ၏
ဇနီး ဩစတြီးယားသူ ရိုမိန်းဟီလဂါတို့ဖြစ်သည်။

မစ္စတာမေဟန်းသည် တရားရုံးခန်းအတွင်း ထိုင်လျက်ရိုမိန်း၏
စိတ်ပျက် ဖွယ်ရာအစစ်ခံချက်ကို နားထောင်နေလေသည်။ သူမသည်
သူနှင့်တွေ့ဆုံ ပြောဆိုခဲ့စဉ်ကအတိုင်း အစစ်ခံနေခြင်းဖြစ်ပါ၏။

ပဏာမကြားနာပွဲတွင် တရားခံအား လူသတ်မှုဖြင့် တရားစွဲဆိုကြောင်း
နှင့်ခုခံလျှောက်လဲခွင့်ပြုကြောင်း စီရင်ဆုံးဖြတ်ခဲ့လေသည်။

မစ္စတာမေဟန်းမှာ ဘာဆက်လုပ်ရမှန်းမသိနိုင်လောက်အောင် အကြံ
ကုန်နေပြီဖြစ်သည်။ လီယိုနတ်မိုးအား စွဲဆိုထားသည့်အမှုမှာ စာဖြင့်ဖေါ်ပြ၍
မရနိုင်လောက်အောင်အခြေအနေဆိုးနေပါ၏။ တရားခံအတွက် အစိုးရက
စီစဉ်ပေးသည့်ရှေ့နေကြီးကိုယ်တိုင်ပင်လျှင် မျှော်လင့်ချက်အလွန်နည်းနေ
သည်။

"အဲဒီဩစတြီးယားသူ အမျိုးသမီးရဲ့ထွက်ချက်ကို ယိမ်းယိုင်သွားအောင်
လုပ်လို့ရရင်တော့ တို့တစ်ခုခု လုပ်ပေးနိုင်စရာရှိတယ်"ဟု သူက မရေမရာ
သံသယဖြင့် ပြော၏။ "ဒါပေမယ့် အတော်ခက်ခဲတဲ့အလုပ်ပေါ့ကွာ"

မစ္စတာမေဟန်းသည် သူ၏လုပ်ကိုင်နိုင်စွမ်းရှိသမျှကို အချက်တစ်ခုတည်း
အပေါ် တွင်သာ စုစည်းထား၏။ လီယိုနတ်မိုးသည် အမှန်ကိုပြောခဲ့သည်ဟု
ယုံဆလျှင် ညကိုးနာရီတွင် သေသူမိန်းမကြီး၏ အိမ်မှပြန်ထွက်လာခဲ့ခြင်းမှာ
အမှန်ဟုယုံဆလျှင် ကိုးနာရီခွဲတွင် ဂျွန်နက်ကြားခဲ့သည်ဆိုသော မစ္စဖရင့်နှင့်
စကားပြောနေသည့်အသံရှင်သည် မည်သူဖြစ်မလဲသတည်း။

တစ်ခုတည်းသော မျှော်လင့်ချက်ရောင်ခြည်မှာ အဒေါ်ဖြစ်သူကို သွေး
ဆောင်၍လည်းကောင်း၊ ခြောက်လှန့်၍လည်းကောင်း၊ အကြိမ်ကြိမ်ငွေတောင်း
ခဲ့ဖူးသည့် သေသူ၏တူဖြစ်သူတစ်ယောက်ကို စုံစမ်းရန်ဖြစ်သည်။ ရှေ့နေက

သိထားသည်မှာ ထိုလူငယ်ကိုဂျနက်မက္ကင်ဇီက သံယောဇဉ်ဖြစ်နေသည့်အတွက်
သူတောင်းသည့်ငွေများပေး၍ အဒေါ်ဖြစ်သူ သူ့သခင်မကို တူဖြစ်သူ၏ကိုယ်
ား မကြာခဏပြောပေးခဲ့သည်ဆိုသောအချက်ဖြစ်သည်။ လီယိုနတ်မိုး ပြန်
ထွက်လာခဲ့ပြီးနောက် မစ္စဖရင့်နှင့်စကားပြောနေသူမှာ ထိုလူငယ်ဖြစ်နိုင်စရာ
ရှိပေသည်။

မစ္စတာမေဟန်း၏ အခြားစုံစမ်းမှုများမှာ မကောင်းသောရလဒ်များသာ
ဖြစ်နေပါ၏။ လီယိုနတ်မိုး သူ့အိမ်ပြန်ရောက်လာသည်ကို မြင်သူတစ်ဦးမှ
မရှိပါ။ မစ္စဖရင့်အိမ်မှပြန်ထွက်သွားခြင်းကိုလည်း ဘယ်သူမှမမြင်ပါ။ ခရစ်
တယ်ဝှဲနေအိမ်သို့ အခြားလူစိမ်းတစ်ယောက်ယောက်ဝင်သွားသည်
ကိုလည်း မြင်လိုက်သူတစ်ဦးမှမရှိပါ။ စုံးစမ်းမှုအားလုံးမှာ ဘာအဖြေမှ
မထွက်လာခဲ့ ပေ။

တရားရုံးတော်တွင် စတင်စစ်ဆေးရန် တစ်ရက်အလိုတွင် မစ္စတာ
မေဟန်း၏အတွေးစိတ်ကူးများကို လုံးဝပြောင်းလဲသွားစေသည့် စာတစ်စောင်
ကို သူလက်ခံရရှိခဲ့လေသည်။ ထိုစာမှာ ညနေခြောက်နာရီစာဝေချိန်တွင်
ရောက်လာခြင်းဖြစ်သည်။ စာရွက်အပေါ်စားတစ်ရွက်ပေါ်တွင် စာကောင်း
ကောင်း မတတ်သူတစ်ဦးက ကြောင်ခြစ်သလိုလက်ရေးဖြင့် ရေးထားပြီး
ညစ်ပေနွမ်း ကြေနေသော စာအိတ်တစ်လုံးတွင်ထည့်ကာ တံဆိပ်ခေါင်းကို
လည်း ရွဲ့စောင်းစောင်းကပ်ထား၏။ မစ္စတာမေဟန်းသည် ထိုစာ၏
ဆိုလိုရင်း ကို နားလည်လာစေရန် နှစ်ခေါက်ပြန်ဖတ်ရလေသည်။

ခင်မင်သော သူကြီးမင်း

သင်ဟာ လူငယ်တရုခန်အတွက် လိုက်နေဒဲ့ရှေ့နေဟုတ်လား၊ နိုင်ငံကျား
မိန်းမလိမ်ပြောနေဘါ သက်သေဒေရှီဒယ်၊ လိုချင်ရင်စတက်ပနေးက ရှောအိမ်
ခန်းနံဘတ် ၁၆ ကို ဒီညလာငဲ့ဘာ၊ ၂ရာနဲ့ ရောင်မယ် မစ်ဇစ်မောဂဆွန်လို့
မေးဘာ

ထူးဆန်းသောစာတိုကို ရှေ့နေကထပ်၍ထပ်၍ဖတ်၏။ ဤစာသည်
နောက်ပြောင်မှုတစ်ခုလား၊ သို့ရာတွင် အကြိမ်ကြိမ်ဖတ်ရင်းနှင့်စစ်မှန်သော
စာဖြစ်ကြောင်း သူပို၍ပို၍ယုံကြည်လာလေသည်။ ထို့ပြင်သူ့အမှုသည်အတွက်
ဤစာမှာသူ့ကို ကယ်ကောင်းကယ်နိုင်မည့် မျှော်လင့်ချက်မဖြစ်နိုင်ဘူးလား။
ရိုမိန်းဟီလဂါ၏ထွက်ချက်သည် သူ့ကို ပြင်းထန်စွာထိုးနှက်ခဲ့သည်။ ထို့ပြင်
သူသည်ခုခံရေးလမ်းကြောင်းအဖြစ် အိမ်ထောင်ရေးဖောက်ပြန်သော ကိုယ်
ကျင့်တရားပျက်သည့်မိန်းမတစ်ဦး၏သက်သေခံချက်မှာ ယုံကြည်လက်ခံရန်

မသင့်ပါဟု လျှောက်လဲရန်ရည်ရွယ်ထား၏။ သို့ရာတွင် ထိုလျှောက်လဲချက်မှာ အားမရှိလှကြောင်း သူသိနေပါသည်။

မစ္စတာမေဟန်းစိတ်ပိုင်းဖြတ်လိုက်၏။ မည်သည့်နည်းနှင့်မဆို သူအမှုသည်ကို ကယ်ဆယ်ရန်မှာ သူ့တာဝန်ဖြစ်ပေသည်။ စာတွင်ပါသည့် စတက်ခနရပ်ကွက်ရှိ ရှောအိမ်တန်းသို့ သူသွားမည်။

ထိုလိပ်စာပါအိမ်ကို ခက်ခက်ခဲခဲ ရှာခဲ့ရလေသည်။ နံစော်လှသည့် ဆလမ်မြေပေါ်ရှိ ပြိုလုနီးနီးအိမ်တန်းတစ်ခုဖြစ်၏။ နောက်ဆုံးတွင် အခန်း ၁၆ ရှိ မစ္စစ်မောဂ္ဂဆွန်ကိုစုံစမ်းရာ တတိယထပ်ရှိအခန်းတစ်ခုသို့ ရောက်သွားပါသည်။ တံခါးကို ခေါက်လိုက်ရာ ဘာသံမှမကြားရပေ။ နောက်တစ်ကြိမ်ခေါက်သောအခါ အတွင်းမှလှုပ်ရှားသံကြားရပြီး တံခါးသည်တစ်လက်မခန့်ပွင့်သွား၏။ ခါးကိုင်းကိုင်း လူပုံသဏ္ဌာန်တစ်ခုက အပြင်သို့ချောင်းကြည့်နေလေသည်။ ချက်ချင်းဆိုသလိုပင် ရယ်သံတိုးတိုးကြားရပြီး မိန်းမတစ်ယောက်က တံခါးကိုဖွင့်လိုက်သည်။

"လူကြီးမင်း၊ လာပြီကိုး" ခက်ခက်ခဲခဲ အသက်ရှူရသည့်အသံဖြင့် သိမိန်းမကပြော၏။ "တခြားအဖော်မခေါ်ခဲ့ဘူးမဟုတ်လား၊ ညဏ်မများပါဘူးနော်၊ ဝင်ပါ ဝင်ပါ အိမ်ထဲဝင်ပါ"

စိတ်မပါလှစွာ ရှေ့နေက တံခါးခြေကျော်ကိုကျော်၍ ညစ်ပတ်သောအခန်းငယ်တစ်ခုအတွင်းသို့ ဝင်လိုက်သည်။ မီးအိမ်မှ အားနည်းသည့် မီးရောင်ဖြင့် မြင်ရသည်မှာ အခန်းထောင့်တွင် မသေမသပ်ဖြစ်နေသော အိပ်ရာတစ်ခု၊ ခပ်ကြမ်းကြမ်းစားပွဲတစ်လုံးနှင့် ခနော်နီခနော်နဲ့ ကုလားထိုင်နှစ်လုံးဘို့ဖြစ်သည်။ ထို့နောက် ပထမဆုံးအကြိမ်အဖြစ် မသတီစရာကောင်းသောအိမ်ခန်း၏ပိုင်ရှင်ကို တွေ့မြင်ရပါသည်။ သူသည် ခါးကိုင်းကိုင်းနှင့်အရွယ်လတ်ပိုင်းခွဲသော အမျိုးသမီးတစ်ဦးဖြစ်သည်။ ဆံပင် ညှိုညှိုညစ်ညစ်များကစုခဲနေပြီး မျက်နှာကိုလည်း ပဝါတစ်ထည်ဖြင့် ကြပ်နေအောင်စည်းထား၏။ သူတာ ထိုမျက်နှာကို လှမ်းကြည့်သောအခါ အမျိုးသမီးက အသံနိမ့်မြင့်မရှိသောရယ်သံတိုးတိုးဖြင့် ရယ်ပြန်ပါသည်။

"ကျွန်မမျက်နှာလှလှကို ဘာလို့ဖုံးထားတာလဲလို့ စဉ်းစားနေတာလား၊ ဟီးဟီးဟီး ရှင့်ကို ဆွဲဆောင်သလိုဖြစ်မှာတော့ အစိုးသား ဒါပေမယ့် မြင်ရမယ်လေ မြင်ရမယ်"

သူမကပြောအပြီးတွင် ပုဝါကို ဆွဲဖယ်လိုက်၏။ ရှေ့နေက မျက်နှာဟုပင်မဆိုနိုင်လောက်အောင် ပုံပျက်နေသည့် နီနီပြားပြားမျက်နှာကို မြင်လိုက်ရ၍ အလန့်တကြား နောက်ဆုတ်လိုက်သည်။ သူမက မျက်နှာကိုပြန်စည်းလိုက်၏။

"ကဲ-ရှင်ကျွန်မကို မနမ်းချင်တော့ဘူးမဟုတ်ဘူးလား၊ ဟီးဟီး အံ့သြစရာရှိပါဘူးနော့၊ တစ်ချိန်တုန်းကတော့ ကျွန်မလည်း မိန်းမလှတစ်ယောက်ဆိုရှင်၊ ရှင်ထင်သလောက်တောင် မကြာသေးပါဘူး၊ ရက်စက်တဲ့အမုန်းတွေလေ။ အဲဒါကြောင့် ဒီလိုဖြစ်ရတာပဲ၊ ဒါပေမယ့် ကျွန်မကလည်း ထပ်တူ တုံ့ပြန်မှာပါ-"

သူမက ရုတ်တရက်ရှိက်ကြီးတငင်ငိုချလိုက်ရာ မစ္စတာမေဟန်းပင်လျှင် ဘာဆီးနိုင်စွမ်းမရှိတော့ပါ။ နောက်ဆုံးတွင် သူမငြိမ်သက်သွား၏။ လက်များကိုတော့ စိတ်မတည်ငြိမ်စွာ ဆုပ်လိုက်ဖြန့်လိုက် လုပ်နေပေသည်။

"တော်လောက်ပါပြီ" ရှေ့နေက စိတ်ပျက်သွားဟန်ဖြင့် ပြော၏။ "ကျွန်တော်ဒီကိုလာတာ ကျွန်တော့်အမှုသည် လီယိုနတ်ဇိုးအတွက် လွတ်နိုင်တဲ့သက်သေခံတစ်ခုခု ခင်ဗျားပေးနိုင်မယ်ထင်လို့လာတာပါ။ ဘယ့်နယ်လဲ၊ ခင်ဗျားမှာ ပေးစရာရှိသလား"

အမျိုးသမီးက လောဘမျက်လုံးများဖြင့် မျက်နှာရှုံ့၍ကြည့်လိုက်ပြီး-

"ဝိုတ်ဆံက ဘယ်မှာလဲဆရာကြီး၊ နှစ်ရာလေ နှစ်ရာ ရှင်မှတ်မိတယ်မဟုတ်လား"

"ခင်ဗျားဘက်က အထောက်အထားပြဖို့လိုတယ်လေ၊ ပြီးတော့ တောင်းပေါ့ဗျာ"

"ဒီလိုတော့ မဖြစ်ဘူး ဆရာကြီး။ ကျွန်မက အားရှိတဲ့သူမဟုတ်ဘူး။ ဘာမှလည်းနားလည်တာမဟုတ်ဘူး။ ရှင်နှစ်ရာပေးရင် ရှင့်ကို ကျွန်မ နမူနာတစ်ခုနှစ်ခုပြမှာပေါ့၊ ဟုတ်ပလား"

"ဘယ်လိုနမူနာမျိုးလဲ"

"စာတစ်စောင်ဆိုပါတော့၊ အဲဒီမိန်းမဆီကစာလေ၊ ကျွန်မဘယ်လိုရတယ်ဆိုတာက အရေးမကြီးပါဘူး။ ကျွန်မ လုပ်နေကျအလုပ်ပဲ။ အဲဒီစာက အသုံးကျမှာသေချာပါတယ်။ ဒါပေမယ့် ပေါင်နှစ်ရာပေးမှ ရမယ်နော"

"ကျွန်တော် ဆယ်ပေါင်ပေးမယ်။ ဒါထက်တော့ မပိုနိုင်ဘူး။ ဒါတောင်စာက ခင်ဗျားပြောသလို အသုံးကျမှပေးမှာ"

"ဆယ်ပေါင်" သူမက စူးစူးဝါးဝါးအော်ပြီး ဒေါသဖြင့် ကြည့်လိုက်သည်၊ "ပေါင်နှစ်ဆယ်ဗျာ" မစ္စတာမေဟန်းကပြန်ပြောသည်။ "အဲဒါနောက်ဆုံးပဲ"ပြောပြီး သူကပြန်မည့်ဟန်ဖြင့် ထလိုက်၏။ ထို့နောက် သူမကို စိုက်

ကြည့်ပြီး ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်သည်။ အိတ်ထဲမှ တစ်ပေါင်တန် အရွက်နှစ်ဆယ်ကို ရေပြီးထုတ်ယူ၏။ "ခင်ဗျားမြင်တယ်မဟုတ်လား" သူက ပိုက်ဆံကိုပြပြီး ပြောလိုက်သည်။ "ပါလာသမျှအကုန်ပဲ၊ ခင်ဗျားယူချင်ယူ၊ မယူချင်နေသဘောပဲ"

သို့ရာတွင် ငွေကိုမြင်လျှင် လိုချင်လာမည်ကို သူသိနေ၏။ သူမက ဒေါသနှင့်ရိုင်းရိုင်းစိုင်းစိုင်းကျိန်ဆဲနေသည်။ နောက်ဆုံးတွင် သူမ စိတ်လျှော့လိုက်ရ၏။ အိပ်ရာဆီသို့သွားပြီး မွေ့ရာအစုတ်အောက်မှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။

"ဟောဒီမှာရော့" သူမက စိတ်ဆိုးဆိုးနှင့် ပစ်ချပေးလိုက်၏။ "အပေါ် ဆုံးကစာ ရှင်လိုချင်တဲ့ဟာပဲ"

သူမပစ်ချလိုက်သည်မှာ ကြိုးဖြင့် စည်းထားသော စာများဖြစ်သည်။ မစ္စတာမေဟန်းကကြိုးကို ဖြည်လိုက်ပြီး သူ့ပင်ကိုဟန်အတိုင်း စာတစ်ချောင်းချင်းကို ဂရုစိုက်၍စစ်ဆေး၏။ သူ့ကိုသိလိုစိတ်ဖြင့် ကြည့်နေသော အမျိုး သမီးသည် လုံးဝမပြောင်းလဲသည့် သူ့အမူအရာကြောင့် ဘာကိုမှ အကဲခတ် နိုင်မည်မဟုတ်ပေ။ စာများကို သူကတစ်စောင်ပြီးတစ်စောင် ဖတ်ကြည့်နေ ၏။ ထို့နောက်အပေါ်ဆုံးကစာကို ထပ်၍ဖတ်ပြန်သည်။ ပြီးသောအခါ သူက အားလုံးကို ကြိုးဖြင့်သေချာစွာ ပြန်စည်းလိုက်သည်။

စာများက ရည်းစားစာများဖြစ်လေသည်။ ရိုမိန်းဟီလဂါရေးသောစာများ ဖြစ်ပြီး အမျိုးသားမှာမူ လီယိုနတ်မိုး မဟုတ်ပေ။ အပေါ်ဆုံးစာ၏ ရက်စွဲမှာ လီယိုနတ်မိုးအဖမ်းခံရသောရက်ဖြစ်သည်။

"ကျွန်မပြောတာအမှန်ပဲ၊ ဟုတ်တယ်မဟုတ်လား" အမျိုးသမီးကမေး လိုက်၏။ အပေါ်ဆုံးကစာဟာ အဲဒီမိန်းမကို ဒုက္ခပေးနိုင်တယ် မဟုတ်လား"

မစ္စတာမေဟန်းက စာအထုပ်ကို သူ့အိတ်ထဲထည့်လိုက်၏။ ထို့နောက် မေးခွန်းထုတ်လိုက်သည်။ "ဒီစာတွေ ခင်ဗျား ဘယ်လိုလုပ်ရလာတာလဲ" အမျိုးသမီးက မဲ့ရွဲ့၍ကြည့်လိုက်ပြီး- "ဒါက အရေးကြီးတဲ့ကိစ္စပဲ၊ ဘယ်ပြောနိုင်မလဲ" သူမကဆက်၍ "ဒါတွေမဟုတ်သေးဘူး၊ ကျွန်မသိထားတာရှိသေးတယ်၊ တရားရုံးမှာ အဲဒီမိန်းမက ဆယ်နာရီမိနစ်နှစ်ဆယ်မှာ သူအိမ်မှာရှိတယ်လို့ပြောတယ်မဟုတ်လား။ ခြင်္သေ့မင်းရုပ်ရှင်ရုံသွားမေးကြည့်ရှင်၊ သူတို့မှတ်မိပါလိမ့်မယ်။ လေးစားလောက်တဲ့ဂုဏ်သရေရှိအမျိုးသမီးလေ-အဲဒီကောင်မပေါ့"

"အမျိုးသားကဘယ်သူလဲ" မစ္စတာမေဟန်းကဖြတ်မေးလိုက်၏။ "စာထဲ

မှာ နာမည်ပထမစာလုံးပဲပါတယ်" အမျိုးသမီးက လက်များကို စိတ်တုန်လှုပ်စွာ ဆုပ်လိုက်ဖြန့်လိုက် လုပ်နေ၏။ နောက်ဆုံးတွင် လက်တစ်ဖက်ဖြင့် မျက်နှာကိုထိပြီး- "ကျွန်မကို ရုပ်ပျက်အောင်လုပ်တာ၊ အဲဒီလူပေါ့၊ နှစ်တွေသည်း အများကြီးကြာခဲ့ပါပြီ။ ဟိုမိန်းမက သူ့ကို ကျွန်မဆီက ဆွဲထုတ်သွားခဲ့တယ်။ အဲဒီတုန်းကသူဟာ ကလေးသာသာပဲရှိတဲ့ကောင်မလေးပါ။ နောက်ပိုင်း ကျွန်မသူတို့ဆီလိုက်သွားတယ်။ အမျိုးသားကို ပြန်ရဖို့ကြိုးစားတယ်။ သူက မလိုက်တဲ့အပြင် ကျွန်မမျက်နှာကို တစ်ခုခုနဲ့ပစ်ပေါက်လိုက်တယ်။ ဟိုကောင်မကတော့ ရယ်တောင်နေလိုက်သေးတယ်။ ရယ်နိုင်တုန်းရယ်ပေါ့ ဆိုပြီး ကျွန်မနှစ်ပေါင်းများစွာ အခွင့်အရေးကိုစောင့်ခဲ့ရတယ်။ သူသွားလေ ရာလိုက်တယ်။ သူလုပ်သမျှတွေ့ကို လိုက်စုံစမ်းတယ်။ ကဲ-အခုသူ့ကိုမိပြီ။ သူဒုက္ခရောက်ရမယ်၊ ဟုတ်တယ်မဟုတ်လား ရှေ့နေကြီး၊ သူအကြီးအကျယ် ခံစားစေရမယ်"

"သူဟာတရားရုံးမှာ လိမ်လည်ထွက်ဆိုမှုနဲ့ထောင်ဒဏ်ကျခံရဖို့ရှိတယ်" မစ္စတာမေဟန်းက ခပ်အေးအေးပြန်ပြော၏။

"ကျပစေရှင်၊ ကျွန်မလိုချင်စာလည်း အဲဒါပဲ-ကဲဘယ်မှာလဲငွေ ကျွန်မ အတွက်ငွေ"

မစ္စတာမေဟန်းက ဘာမှမပြောဘဲ ငွေစက္ကူများကို စားပွဲပေါ် ချပေးလိုက်၏။ ထို့နောက် အသက်တစ်ချက်ပြင်းပြင်းရှူလိုက်ပြီး ညစ်ပတ်နံစော်သည့် အခန်းမှ ပြန်ထွက်ခဲ့သည်။ သူပြန်လှည့်ကြည့်လိုက်စဉ်တွင် ငွေစက္ကူများကို ရေတွက်နေသော အမျိုးသမီးကို တွေ့ခဲ့ရ၏။

သူအခိုန်မဖြုန်းပါ။ ခြင်္သေ့မင်းရုပ်ရှင်ရုံတွင် ရိုမိန်းဟီလဂါ၏ဓာတ်ပုံပြ၍ စုံစမ်းသောအခါ ရုံဧည့်ကြိုတစ်ဦးက သူကောင်းစွာမှတ်မိကြောင်းပြော၏။ အမျိုးသမီးသည် ထိုညက ဆယ်နာရီထိုးပြီးခါစတွင် အမျိုးသားတစ်ဦးနှင့် အတူ ရောက်လာခြင်းဖြစ်သည်။ သူ့ကိုပင်လျှင် ပြဆဲရုပ်ရှင်အကြောင်းမေးခဲ့သေး၏။ အတူပါသော အမျိုးသားကိုမူ ကောင်းကောင်းမမှတ်မိပါ။ သူတို့သည် ရုပ်ရှင်ပြီးသည်အထိ တစ်နာရီကျော်ခန့်နေပြီးမှ ပြန်သွားကြပါသည်။ မစ္စတာမေဟန်းကျေနပ်သွားမိ၏။ ရိုမိန်းဟီလဂါ၏တရားရုံးတွင် ထွက်ဆိုချက်များကာ အလိမ်အညာတွေချည့်ဖြစ်နေပေပြီ။ သူမသည် ထိုထွက်ဆိုချက်ကို စွဲကိုင်လိုရေး မုန်းတီးမှုကို အခြေခံလျက် လုပ်ကြံဖန်တီးခဲ့ခြင်းသာဖြစ်သည်။ လီယိုနတ်မိုးက ထိုမုန်းတီးမှုပေါ် ပေါက်အောင် ဘာတွေလုပ်ခဲ့ခဲ့ပါလိမ့်။ လီယိုနတ်မိုးကို မေးကြည့်သောအခါ သူဘယ်လိုမှနားမလည်နိုင်အောင်ဖြစ်နေလေ

သည်။ သူ့ဇနီး၏ ထွက်ဆိုချက်မှာ ယုံနိုင်စရာမရှိပါဟုသာ သူပြောတတ်တော့သည်။ ရှေ့နေကမူ သူသိကိုသိလိမ့်မည်ဟု ယူဆထားပါ၏။ သို့ရာတွင် လောလောဆယ်တွင် သူ့ယူဆချက်ကို ရုပ်လုံးဖော်ရန် ရည်ရွယ်ချက်မရှိပါ။

မစ္စတာမေဟန်းနာရီကို ကြည့်လိုက်၏။ အတော်ပင်မိုးချုပ်နေလေပြီ။ သို့ရာတွင် အချိန်သည် အားလုံးကို အဆုံးအဖြတ်ပေးနိုင်၏။ သူက တက္ကစီတစ်စီးကိုတားလိုက်ပြီး လိပ်စာတစ်ခုပြောလိုက်သည်။ "ဆာချားလ်ကို ဒီကိစ္စအားလုံးအသိပေးမှဖြစ်မယ်" သူကစိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်၏။ တက္ကစီကားသည် အစိုးရခန့်တရားခံရှေ့နေကြီးအိမ်ဆီသို့ ဦးတည်သွားနေလေသည်။

အင်မလီဖရင့်ကို သတ်မှုဖြင့်တရားစွဲခံရသော လီယိုနတ်မိုး၏အမှုသည် ကျယ်ပြန့်စွာစိတ်ဝင်စားခံရသောအမှုဖြစ်သည်။ တရားခံအဖြစ်အစွဲခံရသူသည် လူငယ်တစ်ဦးဖြစ်ပြီး ရုပ်ချောခြင်းကလည်း အာရုံစိုက်စရာဖြစ်ခဲ့သည်။ လူအများစိတ်ဝင်စားသည့်အခြားတစ်ဦးမှာ ရိုမိန်းဟီလဂါဖြစ်၏။ တရားလိုဘက်မှ အဓိကသက်သေဖြစ်သော သူမ၏ဓာတ်ပုံကို သတင်းစာများတွင် ဖော်ပြခဲ့ပြီး သူမနှင့်ပတ်သက်သည့် နောက်ကြောင်းရာဇဝင်ကို စိတ်ကူးမျိုးစုံထုတ်၍ ဖော်ပြခဲ့ကြလေသည်။

တရားခွင်ကို တိတ်ဆိတ်စွာ စတင်ဖွင့်လှစ်ခဲ့သည်။ ကျွမ်းကျင်မှုဆိုင်ရာသက်သေအထောက်အထားများကို ဦးစွာတင်ပြခဲ့ကြ၏။ ထို့နောက် ဂျနက်မက္ကင်ဇီကို သက်သေခုံပေါ်ခေါ်လိုက်သည်။ သူမက ယခင်အစစ်ခံခဲ့သည့် အတိုင်း ပြန်၍ထွက်ဆို၏။ တရားခံရှေ့နေကြီးက ပြန်လှန်မေးခွန်းထုတ်ရာတွင် မစ္စဖရင့်နှင့် မိုးတို့၏ဆက်ဆံရေးနှင့်ပတ်သက်၍ အချက်တစ်ခုနှစ်ခုတွင် သက်သေကိုယ်တိုင် ဇဝေဇဝါဖြစ်နေကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် အခင်းဖြစ်သည့်ညက မစ္စဖရင့်နှင့်စကားပြောနေသည့် လူ၏အသံကို ဝိုးတဝါးကြားခဲ့ခြင်းသာဖြစ်၍ ထိုလူသည် မိုးဖြစ်ပါသည်ဟု မည်သို့မှ အခိုင်အမာမပြောနိုင်ပေ။ ရှေ့နေကြီးက တရားခံအပေါ်ထားရှိသည့်သက်သေ၏ ဝန်တို့မစ္ဆရိယစိတ်သည် သူမသက်သေထွက်ချက်တို့၏ အရင်းခံအကြောင်းဖြစ်နေကြောင်း အလေးထားဖော်ထုတ်ခဲ့လေသည်။

ထို့နောက် အခြားသက်သေတစ်ဦးကို ခေါ်ပါသည်။

"မင်းနာမည် ရိုမိန်းဟီလဂါနော်"

"ဟုတ်ပါတယ်"

"ဩစကြီးယားလူမျိုးလား"

"ဟုတ်ပါတယ်"

"လွန်ခဲ့တဲ့သုံးနှစ်အတွင်း မင်းဟာ တရားခံအဖြစ်စွပ်စွဲခံရသူနဲ့အတူနေခဲ့ပြီး မင်းကိုယ်မင်းသူရဲ့ဇနီးနေရာမှာ တရားမဝင်နေခဲ့တယ်ဆိုတာ မှန်သလား"

ရိုမိန်းဟီလဂါ၏မျက်လုံးများက တရားခံဝက်ခြံအတွင်းရှိလူထံခေတ္တမျှရောက်သွားလေသည်။ သူမ၏အကြည့်မှာ ထူးခြားနေပြီး အဓိပ္ပာယ်ဖော်ရန်ခက်လှပါ၏။

"ဟုတ်ပါတယ်"

မေးခွန်းများဆက်၍မေးသွားရာ မလိုလားအပ်သော အချက်များက တစ်ခုပြီးတစ်ခုပေါ်ပေါက်လာရလေသည်။ အခင်းဖြစ်သည့်ညတွင် တရားခံသည် သံတူရွင်းတစ်ခုကိုယူ၍ထွက်သွား၏။ ဆယ်နာရီမိနစ်နှစ်ဆယ်တွင် ပြန်ရောက်လာပြီး အမျိုးသမီးကြီးကို သူသတ်ခဲ့ကြောင်း ဝန်ခံပြောဆိုပါသည်။ အကျီလက်များတွင် သွေးစွန်းနေ၍ ၎င်းတို့ကို မီးရှို့လိုက်ပါသည်။ သူက သူမကို တိတ်တိတ်နေရန်လည်း ခြိမ်းခြောက်ပါသည်။

ဆက်လက်စစ်မေးချက်များအရှိန်ရလာသည့်အလျောက် တရားခွင်အတွင်းခံစားနားလည်မှုမှာ အစပိုင်းတွင်တရားခံအပေါ်ကရုဏာသက်မှုများရှိနေခဲ့ရာမှ ယခုအခါသူ့အပေါ်အားလုံးကဆန့်ကျင်နေကြပါပြီ။ သူကိုယ်တိုင်မှာမူခေါင်းငိုက်စိုက်ချလျက် အကြီးအကျယ်စိတ်ဓါတ်ပျက်တော့မည့်ပုံ ဖြစ်နေပါသည်။ သို့တိုင်အောင် တရားလိုရှေ့နေကြီးက တရားခံအပေါ်တွင် သူမ၏မုန်းတီးနာကြည်းမှုများပြင်းထန်စွာပေါက်ကွဲခြင်းမရှိစေရန် ထိန်းသိမ်းပေးသည်ကို တွေ့ရပါသည်။ သူ့သက်သေကို တစ်ဖက်သတ်မကျသော အစစ်ခံချက်ကိုသာ ပေးနေစလိုဟန်ရှိပါ၏။

ထို့နောက်ပရိသတ်၏စာနာသော အကြည့်များအောက်တွင် တရားခံရှေ့နေကြီးက လေးလံနှေးကွေးစွာ ထလာပါသည်။ ရှေ့နေကြီးက သက်သေဖြစ်သူအစစ်ခံသွားချက်များသည် အစမှအဆုံးတိုင် တရားခံဖြစ်သူအားပုဂ္ဂိုလ်ရေးမုန်းတီးမှုအခြေခံလျက် လုပ်ကြံထွက်ဆိုခြင်းများသာဖြစ်ကြောင်း သူမအစစ်ခံချက်တွင်ပါဝင်သော အချိန်၌သူမသည် အိမ်ထဲ၌ပင်မရှိခဲ့ကြောင်း၊ သူမသည် အခြားအမျိုးသားတစ်ဦးနှင့်ချစ်ကြိုက်နေပြီး မိုးအားသူကျူးလွန်ခြင်းမရှိသော ရာဇဝတ်မှုဖြင့် သေဒဏ်ပေးခံရစေရန် တမင်ရည်ရွယ်ကြံစည်အားထုတ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြပါ၏။

ရိုမိန်းက တရားခံရှေ့နေ၏စကားတို့သည် သက်သေမပြနိုင်သော စွပ်စွဲချက်များသာဖြစ်ကြောင်း၊ ရိုင်းပျကြမ်းတမ်းသောစကားလုံးတို့ဖြင့် အပြင်းအထန်ငြင်းဆိုပါသည်။

နောက်ဆုံးတွင်ကား အများအံ့အားသင့်ကြရသည့် သက်သေခံပစ္စည်း
ထွက်လာပေတော့၏။ စာတစ်စောင်ဖြစ်ပါသည်။ အားလုံးအသက်မွေ့ရန်ပင်
မေ့လောက်အောင် ထူးခြားလှသည့်စာကို တရားခွင်၌ ခပ်ကျယ်ကျယ်ကြား
ကြရပါသည်။

"အချစ်ဆုံး မက်စ်၊ ကံကြမ္မာကတော့ သူ့ကို ကျွန်မတို့လက်ထဲထည့်
ပေးလိုက်ပါပြီ။ သူ လူသတ်မှုနဲ့အဖမ်းခံလိုက်ရပြီ။ ယင်ကောင်လေးတစ်
ကောင်ကိုတောင် သတ်မှာမဟုတ်တဲ့ လီယိုနတ်ဟာ အမျိုးသမီးကြီးတစ်
ယောက်ကို သတ်ခဲ့သတဲ့။ နောက်ဆုံးတော့ ကျွန်မလက်စားချေနိုင်ပြီပေါ့။
သနားစရာသတ္တဝါဖြစ်နေပြီလေ။ အဲဒီညက သူ့ကိုယ်မှာ သွေးတွေပေပြီ
ပြန်လာတယ်လို့ ကျွန်မအစစ်ခံမယ်။ သူလူသတ်ခဲ့တယ်လို့ ထုတ်ပြောကြောင်း
လည်း သက်သေထွက်လိုက်မယ်။ ကျွန်မသူ့ကိုကြိုးစင်ရောက်အောင် ပို့ရမယ်
မက်စ်။ ကြိုးစင်ပေါ်မှာ သူရဲ့နောက်ဆုံးအချိန်ကိုစောင့်ရင်း ဒီနေရာကို ပို့ပေး
သူဟာ ရိုမိန်းပါလားလို့ သူနားလည်နေရစေမယ်။ အဲဒီနောက်တော့ အပျော်
ဆုံးအချိန်တွေရောက်လာတော့မယ်။ အချစ်ဆုံးနဲ့အတူ အပျော်ဆုံးဖြစ်ရတော့
မှာပေါ့နော်"

စာတွင်ပါသည့်လက်ရေးမှာ ရိုမိန်းဟီလဂါ၏ လက်ရေးဟုတ်မဟုတ်
စစ်ဆေးသက်သေခံကြမည့် လက်ရေးပါရဂူများက အသင့်ရှိနေကြပါသည့်
သို့ရာတွင် သူတို့၏အကူအညီမှာ မလိုအပ်တော့ပါ။ စာဖတ်နေစဉ်မှာပင်
ရိုမိန်းသည် အရှုပ်ကြိုးပြတ်နှင့်ပုံလဲတော့မလိုဖြစ်သွားရပါ၏။ ထို့နောက်တွင်
ကားသူမအားလုံးကို အမှန်အတိုင်းထွက်ဆိုပါတော့သည်။ လီယိုနတ်ဝိုးသည်
သူ့ကြောသည့်အတိုင်းကိုးနာရီနှစ်ဆယ်မိနစ်တွင် အိမ်ပြန်ရောက်သည်မှာ မှန်
ပါသည်။ သူ့ကိုဒုက္ခရောက်စေလို၍ သူမလိမ်လည်လှုပ်ကြွဲထွက်ဆိုခဲ့ခြင်းဖြင့်
ပါသည်။ ရိုမိန်းဟီလဂါ၏ပြိုလဲမှုနှင့်အတူ ရုံးတော်တွင် စွဲဆိုခဲ့သော အ
လည်း ပြိုလဲသွားပါတော့သည်။ လီယိုနတ်ဝိုးသည် သူ့ကိုမေးမြန်းသမ
တည်ငြိမ်စွာဖြေကြားနိုင်ခဲ့ပါ၏။ တရားလိုရှေ့နေကြီးက အမှုကို ပြန်လည်
တည် ဆောက်ရန် ကြိုးစားသော်လည်း အချည်းနှီးဖြစ်သွားရပါသည်
တရားသူကြီး ၏အပြီးသတ်သုံးသပ်ချက်မှာ တရားခံကို လုံးဝအပြစ်ကင်းစင်
သည်ဟူ၍တော့ ဖော်ပြခြင်းမရှိပါ။ သို့ရာတွင် တုံ့ပြန်ချက်အမျိုးမျိုးက
ဝင်ရောက်နေရာယူနေပါပြီ။ ဂျူရီအဖွဲ့သည် သူတို့၏ဆုံးဖြတ်ချက်ကို
ထုတ်ပြန်၍အချိန်အနည်း ငယ်သာလိုအပ်ခဲ့ပါသည်။

"တရားခံသည် အပြစ်မရှိကြောင်း ကျွန်ုပ်တို့ တွေ့ရှိရသည်"

လီယိုနတ်ဝိုး လွတ်မြောက်ပေပြီ။

မစ္စတာမေဟန်းသည် ထိုင်ခုံမှထရန်ဟန်ပြင်လိုက်၏။ သူ့အမှုသည်ကို
နှုတ်ဆက်ပြုရပေမည်။ သူသည် သူ၏မျက်နှာကို ကြေမ်ဖန်များစွာ ပွတ်တိုက်
နေမိလေသည်။ သူက သူ့ကိုယ်သူပြန်စစ်ဆေးကြည့်မိ၏။ မနေ့ညကပင်
သူ့နှီးက သူ့မှာထိုအကျင့်စွဲနေပြီဖြစ်ကြောင်း ပြောခဲ့သေးသည်။ အလေ့
အကျင့်ဆိုသည်မှာ အံ့ဩဖို့ကောင်း၏။ လူအများပင် မိမိ၌စွဲနေသော အလေ့
အကျင့်တစ်ခုခုရှိနေကြောင်း မသိကြပေ။

ဤအမှုမှာ လွန်စွာစိတ်ဝင်စားဖွယ်ဖြစ်ပါ၏။ ရိုမိန်းဟီလဂါ၏ ထူးခြား
သည့် ဟန်ပန်လေသံတို့ကပင် သူ့ကိုလွန်စွာ လွှမ်းမိုးဆွဲဆောင်နိုင်ခဲ့ပေ
သည်။ သူမသည် ပက်ဒင်တန်နေအိမ်တွင် ဖြူရော်ရော်နှင့်အေးဆေးတည်
ငြိမ်လှသော်လည်း တရားရုံးတွင်မူ တိတ်ဆိတ်ငြိမ်သက်သောအခန်း၌
တောက်သလိုလှုပ်ရှားရင်ဆိုင်ခဲ့ပေသည်။ အပူပိုင်းဒေသမှ ပန်းတစ်ပွင့်လို
သူ့ကို တစ်ရုံးလုံးက အာရုံစိုက်နေအောင်ဆွဲဆောင်နိုင်ခဲ့လေသည်။

သူသည် မျက်လုံးများမှိတ်ထားလိုက်ပြီး ရိုမိန်းဟီလဂါ၏ ပုံဟန်ကို ပြန်
ခြင်းကြည့်မိသည်။ အရပ်မြင့်မြင့်နှင့်ပြင်းထန်သော စိတ်ခံစားမှုကို ထိန်းချုပ်
ထားဟန်ရှိသည့်သူမ၏ လှပသောကိုယ်ကို ရှေ့သို့အနည်းငယ်ငုံထား၏။
အမှုမဲ့အမှတ်မဲ့ ညာဘက်လက်ကို ဆိုပ်လိုက်ဖြန့်လိုက် လုပ်နေသည်မှာ
စိတ်ခိုန်လုံးလိုလိုဖြစ်သည်။ ဒါလည်း သူ့ကိုယ်ပိုင် အလေ့အကျင့်တစ်ခု
ဖြစ်ပေမည်။ သို့ရာတွင် တိုအလေ့အကျင့်မျိုး တခြားတစ်ယောက်ယောက်
ဆိုတွင် မကြာသေးမီကမှ သူတွေ့ခဲ့ရသလိုတွေးမိ၏။ ဘယ်သူများပါလိမ့်။
အာမမကြာသေးပါဘူး။ သူသတိရသွားသောအခါ ရုတ်တရက်အံ့အားသင့်
မှာ ပင့်သက်ရှိုက်မိတော့သည်။ "ရှောအိမ်တန်းက မိန်းမကြီးပါလား"

ချက်ချင်းထရပ်လိုက်၏။ သူခေါင်းထဲတွင် ချာချာလည်နေသည်။ မဖြစ်
နိုင်ဘူး။ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ရိုမိန်းဟီလဂါဟာ ပြဇာတ်သရုပ်ဆောင်
ကောင်းခဲ့ဖူးတယ်တဲ့။ ထိုခဏ၌ပင် အစိုးရခန့်တရားခံရှေ့နေကြီးက သူ့ပခုံးကို
ဖက်လိုက်သည်။ "ကျုပ်တို့ရဲဘော်ကိုသွားပြီး ခြိုးကျူးကြဦးစို့၊ လက်မတင်ရေး
ထိုးရမယ်နော် လာဗျာ"

သို့ရာတွင် ရှေ့နေလေးက မလိုက်ပါ။ သူလုပ်ချင်တာတစ်ခုတည်းသာ
ရှိ၏။ ရိုမိန်းဟီလဂါကို မျက်နှာချင်းဆိုင်တွေ့ရန်ဖြစ်သည်။ အချိန်အတော်
ကြာမှ သူမကို သူတွေ့ရပါသည်။ ရှင်းလင်းလွတ်လပ်သောနေရာတွင်

တွေ့ခွင့် ရခဲ့။ သူကသူစိတ်ထဲဖြစ်ပေါ် ခံစားလာရသမျှကို ဖွင့်ပြောလိုက်ရာ
သူမက အေးဆေးစွာ ဘုံပြန်ပါသည်။

"ရှင်ခန့်မှန်းနိုင်သားပဲကိုး၊ မျက်နှာ-ဟုတ်လား၊ လွယ်ပါတယ်ရှင်၊ အလင်း
ရောင်နည်းလွန်းနေတော့ မိတ်ကပ်ကို ရှင် သတိမထားနိုင်ဘူးပေါ့"

"ဒါပေမယ့်-ဘာဖြစ်လို့ ခင်ဗျား"

"ဘာဖြစ်လို့ ကျွန်မတစ်ယောက်တည်းရင်ဆိုင်ရသလဲလို့မေးမလို့ မဟုတ်
လား" သူမက အနည်းငယ်ပြုံး၍ပြောပါသည်။ "အခုတော့ ရှုပ်ရှုပ်ထွေးထွေး
နဲ့ပဲ အောင်မြင်ပြီးဆုံးသွားပြီလေ ဒီမယ်မိတ်ဆွေရဲ့ ကျွန်မသူ့ကို ကယ်
မှာကိုး။ သူ့အပေါ် သံယောဇဉ်ကြီးတဲ့မိန်းမတစ်ယောက်ရဲ့ထွက်ချက်ဟာ အာ
မခံကိုးလောက်ဘူးလို့ ရှင်ကိုယ်တိုင်ပြောခဲ့တာလေ။ ဒါပေမယ့် ကျွန်မက
လုံတွေရဲ့ စိတ္တဇေဒသဘာဝကို နားလည်ထားတယ်။ ကျွန်မသူ့ကို ဒုက္ခရောက်
အောင်ထွက်ဆိုခဲ့သမျှတွေရဲ့နောက်မှာ အားလုံးအလိမ်အညာတွေချည့်ပဲလို့
ပေါ် ပေါက်သွားတဲ့အခါ တရားဥပဒေအရလည်း ကျွန်မဟာ အပြစ်ရှိသူဖြစ်
သွားတယ်။ ဒါနဲ့တစ်ချိန်တည်း တရားခံဟာ အပြစ်မဲ့သူဆိုတဲ့ အမြင်ဝင်
လာရတော့တာပဲ"

"ဘာတွေကကောဗျာ"

"တစ်စောင်တည်းအရေးကြီးတာပါရှင် အစစ်အမှန်လို့ပဲ ထင်ရတယ်
မဟုတ်လား"

"မက်က်စ်ဆိုတဲ့လူက"

"ဘယ်တုန်းကမှမရှိခဲ့ပါဘူး မိတ်ဆွေရဲ့"

"ကျွန်တော်ကတော့ ခုထိထင်နေတုန်းပဲ" မစ္စတာမေဟန်းက မဖြစ်သင့်
ဘာဖြစ်ရသောအမှုအရာမျိုးဖြင့် ပြောလိုက်၏။ "ကျွန်တော်တို့ လုပ်ရိုးလုပ်
စဉ်နည်းလမ်းနဲ့ပဲ သူလွတ်နိုင်ပါတယ်လို့လေ"

"ကျွန်မအဲဒီလိုမလွတ်ရဲဘူးရှင့်၊ ရှင်က သူအပြစ်ကင်းတယ်လို့ ယုံထား
တယ်မဟုတ်လား"

"အင်း-ခင်ဗျားလည်း ဒီလိုပဲ ယုံထားတာကိုး သဘောပေါက်ပါပြီဗျာ"
ရွှေနေကပြန်ပြော၏။

"ဒီမယ် မစ္စတာမေဟန်း" ရိုမိန်းက သူ့ကို စိုက်ကြည့်လျက်ပြောလိုက်
သည်။ "ရှင်သဘောမပေါက်ပါဘူး၊ သူ တကယ်သတ်ခဲ့တာရှင့်"

အန္တရာယ်ကုန်သည်

မေဂျာဝီဗရာဟမ်သည် မစ္စတာပါကားပိုင်း၏ရုံးခန်းတံခါးရှေ့တွင် ခေတ္တ
ရပ်လျက် သူအကြိမ်ကြိမ်ဖတ်ပြီးဖြစ်သော သတင်းစာကြော်ငြာတစ်ခုကို
ဆုတ် ၍ ဖတ်နေလေသည်။ ခပ်ရိုးရိုး ခပ်တိုတို ဖော်ပြထားသော ကြော်ငြာမှာ
အောက်ပါအတိုင်း ဖြစ်သည်။

"သင် ပျော်ရွှင်ကျေနပ်နေပါသလား။ သို့မဟုတ်လျှင်တော့
မစ္စတာပါကားပိုင်းနှင့် လာရောက်ဆွေးနွေးလှည့်ပါ။
အမှတ် ၁၇ ရစ်ချမွန်လမ်း။"

ကြော်ငြာမှာ ထိုမျှသာဖြစ်၏။

မေဂျာသည် ယတိပြတ်ဆုံးဖြတ်လိုက်ဟန်နှင့်အသက်ပြင်းပြင်းရှူ
ထုတ်ပြီး တံခါးကို တွန်းဖွင့်လိုက်လေသည်။ ရုံးခန်းထဲရှိ စားပွဲတစ်လုံးတွင်
ထက်နှိပ် စက်ရိုက်နေသော အမျိုးသမီးတစ်ဦးက သူ့အားမေးခွန်း ထုတ်ဟန်
ဖြင့် လှမ်းကြည့်ပါသည်။

"မစ္စတာပါကားပိုင်းနဲ့တွေ့ချင်လို့ပါ" မေဂျာဝီဗရာဟန်က ပြောလိုက်ရာ
အရေးမက-"ဒီဘက်ကြွပါရှင်"

အတွင်းရုံးခန်းထဲသို့ ဝင်လိုက်သွားသောအခါ သူသည်မစ္စတာပါကား
ပိုင်း ၏ရှေ့သို့ရောက်လေသည်။

"မင်္ဂလာနံနက်ခင်းပါခင်ဗျာ" မစ္စတာပိုင်းက နှုတ်ခွန်းဆက်လိုက်ပြီး-
ဆိုင်ပါခင်ဗျ။ ကျွန်တော် ဘာကူညီရမယ်ဆိုတာ ပြောပါဦး"

"ကျွန်တော့်နာမည်က ဝီဗရာဟမ်ပါ" ဧည့်သည်ကစကားစ၍ပြောရာ
စတာပိုင်းက-

"မေဂျာလား၊ ကာနယ်လား ခင်ဗျ"ဟု မေးခွန်း ထုတ်လိုက်
"မေဂျာပါ"ဟု အဖြေရသောအခါ ဆက်၍ "ညြော်-နိုင်ငံခြားကပြန်ရော
တာမကြာသေးဘူးထင်ပါတယ်၊ ပြောပါဦးဗျာ၊ အိန္ဒိယလား၊ အရှေ့အာဖ
လား"

"အရှေ့အာဖရိကပါ"

"အတော်လှတဲ့နိုင်ငံပဲခင်ဗျ၊ ကဲ-ခုတော့ ကိုယ့်တိုင်းပြည်ကိုယ်
ရောက်ပြီး ငြီးငြီးငွေ့ငွေ့နဲ့စိတ်တိုင်းမကျ ဖြစ်နေတယ်ဆိုပါတော့၊ ပြဿနာ
အဲဒါ ပဲလားဗျာ"

"ခင်ဗျားပြောတာတွေအားလုံးမှန်ပါတယ်၊ ဒါတွေဘယ်လိုလုပ်သိ
သူ့စကားမဆုံးမီ မစ္စတာပါကားပိုင်းက လက်ကာပြလိုက်ပြီး "ကျွန်
အလုပ်ကိုက ဒီလိုအကဲခတ်နိုင်ရတယ်ဗျ၊ အစိုးရဌာနတစ်ခုမှာ သုံးဆယ့်
နှစ်လောက်စာရင်းဇယားအချက်အလက်တွေ လေ့လာခဲ့ရတယ်ဗျာ၊ ဟော
အခု အလုပ်ကပင်စင်ယူပြီဆိုတော့ လေ့လာစုဆောင်းခဲ့တဲ့ အချက်အလက်
အတွေ့အကြုံတွေပြန်အသုံးချပြီး ဒီလုပ်ငန်းထူထောင်ခဲ့တာပါပဲ၊ စိတ်မ
ရှင်မှု၊ သောကဖိစီးမှုတွေရဲ့အရင်းခံအကြောင်းဆိုတာ များများရှိတာမဟု
ပါဘူးဗျာ၊ ရှင်းလို့ရတာချည့်ပါပဲ၊ အနာသိရင်ဆေးရှိတယ်ဆိုသလိုပေါ့"

စိတ်ဝင်စားစွာနားထောင်နေသော မေဂျာအား မစ္စတာပါကားပိုင်း
ဆက်၍ "ဆရာဝန်တစ်ယောက်လိုပေါ့ဗျာ၊ လူနာကို စမ်းသပ်ပြီးရော
ရှာတယ်၊ ပြီးရင်သင့်တော်တဲ့ကုထုံးနဲ့ ကုရတယ်မဟုတ်လား၊ ကုမရတော့
လုနာမျိုး လည်း တစ်ခါတစ်ရံတွေ့ရတတ်သေးတယ်လေ၊ အဲဒါမျိုးကြုံရ
တော့ ဘာမှ မတတ်နိုင်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပဲပြောရတာပေ
ဒါပေမယ့် ကိစ္စတစ်ခု ကျွန်တော်လက်ခံလိုက်ပြီဆိုရင်တော့ အဲဒီက
အောင်မြင်ဖို့ လုံးဝတာ ဝန်ယူတယ်ဗျာ" မစ္စတာပါကားပိုင်းက ခေ
နားလိုက်ပြီး ဆက်ပြောပါသည်။ "ဒီမယ်မေဂျာ၊ အလွန်ကြီးကျယ်
တုမ္ပဏီကြီးတွေက အငြိမ်းစားဥက္ကဋ္ဌတွေ၊ လုပ်ငန်းကြီးတွေရဲ့ ခေါင်းဆော
တွေမှာ စိတ်မပျော်ရွှင်သူတွေ၊ သောကဖိ စီးနေသူတွေဟာ ကိုးဆယ့်ခြော
ရာခိုင်နှုန်းရှိတယ်ဗျ၊ တာဝန်ကြီးကြီးနဲ့ လှုပ်လှုပ်ရှားရှားဦးစီးဦးကိုင်ပြုနေ
က အပြောင်းအလဲဖြစ်သွားတဲ့အခါ စိတ်ပျက် အားလျော့သွားရတာမျိုး
ရေထဲကငါး ကုန်းပေါ်ဆယ် အတင်ခံရသလိုပေါ့ ဗျာ"

မေဂျာက ခေါင်းညိတ်လျက်-"ခင်ဗျားပြောတာ အားလုံးအမှန်တွေပါ
ငြီးငွေ့ရတာကြီးကို ကျွန်တော်သည်းမခံနိုင်တာဗျ၊ နေ့တိုင်းအရည်မရ အဖ

ကားတွေကြားရ၊ တောက်တိုမယ်ရကိစ္စလေးတွေပဲ တွေ့နေရဆိုတာ စိတ်
ကလာတယ်ဗျာ၊ ကိုယ်လည်း ဘာမှအပြောင်းအလဲမလုပ်နိုင်ဘဲကိုး၊ ငွေက
ပင်စင်လစာအပြင် အထိုက်အလျောက် စုမိပါရဲ့၊ အိမ်ကလေးတစ်လုံး
ရှိပါရဲ့၊ ဒါပေမယ့် အမဲလိုက်ဖို့ ငါးမျှားဖို့ဆိုတာတွေကိုလည်း ဝါသနာ
ပြန်ဘူး။ ကျွန်တော်က ခုထိလူပျိုကြီးပါ၊ ပတ်ဝန်းကျင်အိမ်တွေကလည်း
ဖော်ရွေရွှေရှိကြတယ်ဆိုပေမယ့် ရပ်ရေးရွာရေးလောက်ကလွဲလို့ ဘာမှ
သူဘ ရှိကြတာမဟုတ်ဘူးဗျာ"

"တိုတိုပြောရရင်တော့ မေဂျာရဲ့လက်ရှိဘဝက အတော်လေးငြိမ်သက်
တယ်ဆိုပါစို့"ဟု မစ္စတာပိုင်းက ဖြည့်စွက်ပြောလိုက်ရာ မေဂျာက- "လွန်
ကဲကဲကို ငြိမ်သက်နေတာမျိုး"ဟု အဖြေပေးပါသည်။

"ဒီလိုဖြင့် စိတ်လှုပ်ရှားရတာမျိုးကြိုက်မယ်ထင်တယ်၊ ဥပမာ အန္တရာယ်
ခုခုနဲ့ရင်ဆိုင်ရတာမျိုး" မစ္စတာပါကားပိုင်းက ပြောလိုက်ရာ မေဂျာက
တွန့်လျက်- "စည်သွတ်ဘူးလောက်သာကျယ်တဲ့ ဒီမြို့မှာတော့ အဲဒီလို
ဖျိုးမရှိနိုင်ပါဘူးဗျာ"

"နေဦးလေ မေဂျာရဲ့၊ အဲဒီလိုဆိုရင် မေဂျာမှားသွားမှာပေါ့၊ ကိုယ်တွေ့
လို့ကတော့ လန်ဒန်မြို့ကြီးမှာ စိတ်လှုပ်ရှားစရာတွေ ဘေးအန္တရာယ်တွေ
တာ တစ်ပြုံကြီးပါဗျာ၊ ကျွန်တော်တို့အင်္ဂလိပ်လူမျိုးတွေရဲ့ အေးချမ်းတည်
တဲ့ အပိုင်းကိုသာ မေဂျာမြင်နေတာကိုး၊ ဒါနဲ့မတူတဲ့တခြားတစ်ဖက် ရှိ
ကယ်ဗျ၊ မေဂျာသာကြည့်ချင်တယ်ဆိုရင် အဲဒီတစ်ဖက်ကို ကျွန်တော်
ပါတယ်"

မေဂျာဝီဗရာဟမ်က သူ့အားစိတ်ဝင်စားစွာကြည့်မိလေသည်။ မစ္စတာ
ကားပိုင်းသည် တစ်ဖက်လူကို စိတ်သက်သာရာရအောင် ပြောတတ်သည်
တော့ သေချာသည်။ ကိုယ်လုံးကိုယ်ထည်ကြီးကြီး ဝသည်ဟုမဆိုသာဘဲ
ဆိုးအဆက်ကျကျနှင့် မျက်မှန်ထူထူထဲက တောက်ပသောမျက်လုံးများရှိသူ
သည်။ ထို့ပြင်တစ်ဖက်သား၏ ယုံကြည်ကိုးစားမှုကို ရအောင်စွမ်းဆောင်
တ်သူလည်းဖြစ်၏။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်မေဂျာ့ကိုကြိုပြီး သတိပေးထားချင်တာရှိတယ်"
တာပိုင်းက ဆက်၍ပြောသည်။

"စွန့်စားရတဲ့ကိစ္စတွေတော့ ရှိလိမ့်မယ်နော်"

မေဂျာ၏မျက်လုံးများ ကျယ်လာ၏။ သူက "အဲဒါတော့ ရပါတယ်ဗျာ"
ပြန်ပြောပြီး တစ်ဆက်တည်း-

"အလုပ်အပ်ရင် အခကြေးငွေက ဘယ်လောက်"

"ကျွန်တော်ယူတဲ့နှုန်းက ပေါင်ငွေငါးဆယ်ပါ၊ ကြိုတင်ပေးချေရပါ့မ
အဲ-တစ်လအချိန်အတွင်းမှာ မေဂျာဟာ အရင်လိုပဲ ပျင်းရိငြီးငွေ့နေရတုန်
ဆိုရင်တော့ ငွေအားလုံးပြန်အမ်းပေးပါ့မယ်"

ဝီဇရာဟမ်က စဉ်းစားကြည့်လိုက်ပြီး "မျှတပေသားပဲ၊ ကျွန်တော်အ
ချက်ရေးပေးပါ့မယ်"

ငွေပေးချေခြင်းကိစ္စပြီးစီးသောအခါ မစ္စတာပါကားပိုင်းက စားပွဲပေါ်
ခလုတ်တစ်ခုကို နှိပ်လိုက်လေသည်။ ထို့နောက်သူက မေဂျာအား-"အ
တစ် နာရီထိုးပြီ၊ အမျိုးသမီးတစ်ယောက်ကို နေ့လယ်စာလိုက်ကျွေး
အကြံပေးပါ ရစေဗျာ"

တံခါးပွင့်လာပြီးနောက်-"လာ-မယ်ဒီလင်းရေ၊ မိတ်ဆက်ပေးရဦးမ
ဟောဒီမှာ မေဂျာဝီဇရာဟမ်တဲ့။ မင်းကိုနေ့လယ်စာကျွေးဖို့လည်း တာဝန်
ထားသကွဲ့."

ဝီဇရာဟမ်က မသိမသာ အကဲခတ်လိုက်သည်။ အခန်းထဲဝင်လာ
မိန်းကလေးမှာ အသားညိုစိမ့်စိမ့်နှင့် အေးဆေးညင်သာဟန်ရှိသည်။ လှ
သော မျက်လုံးများနှင့်မျက်တောင်နက်နက်များ ရှည်လျသည်။ အသားအ
စိုပြည်ပြီး ကိုယ်ဟန်ကလည်း အချိုးအဆစ်ပြေပြစ်၏။ ဝတ်ဆင်ထားသ
များကလည်း လိုက်ဖက်လှပေသည်။ ဦးခေါင်းမှခြေဖျားသို့တိုင် အစစ
စရာ မရှိသူပင်။

"နာမည်က မစ္စဒီဆာရာပါ" မစ္စတာပါကားပိုင်းက မိတ်ဆက်ပေးလို
သည်။

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်"ဟု မေဂျာကပြောရာ မယ်ဒီလင်း ဒီဆာ
တာ "ခင်တတ်တဲ့မေဂျာနဲ့တွေ့ရလို့ ဝမ်းသာပါတယ်ရှင်"ဟု ယဉ်ကျေးစွ
နှုတ် ဆက်ပါသည်။ မစ္စတာပါကားပိုင်းက-"ကဲ-မေဂျာရဲ့လိပ်စာကို ရပြီး
ဆိုတော့ မကြာခင် ရက်ပိုင်းအတွင်း လုပ်စရာကိစ္စတွေကို ကျွန်တော်
အကြောင်းကြား လိုက်ပါ့မယ်"

ထို့နောက် မေဂျာဝီဇရာဟမ်နှင့်မိန်းမချောလေး မယ်ဒီလင်းတို့နေ့လ
စာစားရန်ထွက်သွားကြလေသည်။

ထို့နေ့မွန်းလွဲ ၃ နာရီတွင် မယ်ဒီလင်းပြန်ရောက်လာ၏။ မစ္စတာပါကာ
ပိုင်းက သူမအားကြည့်ပြီး "ဘယ်လိုလဲ"ဟု မေးလိုက်သည်။ မယ်ဒီလင်းက
ခေါင်းခါ၍ "စိတ်ရှုပ်နေသလား မသိပါဘူး။ ကျွန်မကို ငွေချေမယ့်သူလို့လည်

ဆင်နေပုံရတယ်ဆရာ" မစ္စတာပိုင်းက "ဆရာလည်း ဒါကိုတော့ တွေးထား
ပါတယ်"ဟုပြောပြီး "ညွှန်ကြားချက်တွေအတိုင်းတော့ လုပ်ရဲ့မဟုတ်လား"ဟု
မေးလိုက်ရာ မယ်ဒီလင်းက "လုပ်ပါတယ်ဆရာ၊ စားသောက်ဆိုင်ထဲမှာ
ဘာခြားစားပွဲကလူတွေအကြောင်းလည်း ပြောခဲ့ကြတယ်။ သူသဘောကျတာက
ဆံပင်လှလှမျက်လုံးပြာပြာနဲ့ ဖြူဖျော့ဖျော့အသားရောင်မျိုး အရပ်လဲပျပ်ပျပ်
ဆို့ဆရာ"

"ဒီလိုဆိုရင်တော့ လွယ်ပါလိမ့်မယ်" မစ္စတာပိုင်းကပြောပြီး"ဆရာ့ကို
ဒီမံချက် ၂ ပိုင်း ပေးကွယ်။ လက်ခံထားတဲ့လုပ်ငန်းတွေထဲမှာ ရှာကြည့်ရ
အောင်" မစ္စတာပိုင်းက ဖိုင်တွဲထဲမှာ စာရင်းများကို ရှာဖွေရင်း အမည်တစ်ခု
ကိုရွေးလိုက်၏။ "ဖရီဒါ ကလက်။ ဟုတ်ပြီ သူနဲ့အကိုက်ဆုံးပဲ၊ ဒါဆိုရင်
စစ္စစ်အိုလီဗာနဲ့တွေ့ပြီး စီစဉ်ဖို့ရှိတော့တယ်"

၃ရက်ကြာသောအခါ မေဂျာဝီဇရာဟမ်သည် စာတစ်စောင်ကို လက်ခံ
ရရှိလေသည်။ ထိုစာတွင်ပါသည်မှာ-

"လာမည့်တနင်္လာနေ့နံနက် ၁၁ နာရီတွင် အီးဂဲမောင့်ရပ်ကွက်သို့သွား
၍ ဖရိုင်ရာလမ်း၌ မစ္စတာဂျုံးဆိုသူကို ဆက်သွယ်ပါ။ သင့်ကိုသင် ဂွာဘာ
သင်္ဘောကုမ္ပဏီ၏ကိုယ်စားလှယ်ဟုပြောပြပါ"ဟူ၍ ဖြစ်သည်။

တနင်္လာနေ့နံနက်တွင် မေဂျာဝီဇရာဟမ်သည် စာတွင်ညွှန်ကြားသည့်
အတိုင်း အီးဂဲမောင့်ရပ်ကွက်ရှိ ဖရိုင်ရာလမ်းသို့ထွက်သွားခဲ့လေသည်။ သို့
ရာတွင် မစ္စတာဂျုံးထံ သူမရောက်တော့ချေ။ လမ်းတွင်သူသည် ထူးခြားသော
အဖြစ်အပျက်တစ်ခုကို ကြုံလိုက်ရသောကြောင့် ဖြစ်၏။

အီးဂဲမောင့်သို့သွားရာလမ်းတွင် တစ်ကမ္ဘာလုံးက လူများသွားနေသလား
ထုထင်ရလောက်အောင် စည်ကားလှသည်။ မြေအောက်ရထားထဲတွင်လည်း
အသက်ရှူကြပ်လောက်အောင် ခရီးသည်တွေပြည့်နေ၏။ ဖရိုင်ရာလမ်းမှာမူ
တွေ့အောင်အတော်ရှာယူရလေသည်။ ထိုလမ်းသည် တစ်ဖက်ပိတ်လမ်းသွယ်
တစ်ခုသာဖြစ်ပြီး အသွားအလာမရှိသလောက် ရှင်းလှပေသည်။ မြေလမ်း
ဖြစ်သည့်ပြင် လှည်းဘီးရာနက်နက်များရှိပြီး လမ်းဘေးအိမ်များမှာ တစ်အိမ်
နှင့်တစ်အိမ်ခပ်ကွာကွာရှိကြသည်။ အိမ်များသည် ကြီးမားကြပြီး နွေးက အိမ်
ကြီးအိမ်ကောင်းများ ဖြစ်ခဲ့ဟန်ရှိသော်လည်း မပြုပြင်ဘဲကြာမြင့်စွာပစ်ထား၍
အတော်ဟောင်းမြင်းနေကြပေပြီ။

ဝင်းတံခါးများရှိ ဂိတ်တိုင်ပေါ်မှ တစ်ဝက်တစ်ပျက်သာပေါ်တော့သည့်
အမည်များကိုဖတ်ရင်း လျှောက်လာရာမှ ရုတ်တရက်အော်သံတစ်ခုကြား

လိုက်မိပြီး မေဂျာဝီဗရာဟမ် အသံလာရာဘက်သို့ အာရုံစိုက်ကြည့်လိုက်၏။ အော်သံမှာ ပီပီသသမရှိဘဲညှစ်၍အော်သည့်အသံမျိုးဟု သူထင်မိသည်။ ခဏအကြာတွင် အော်သံကိုထပ်၍ကြားရပြန်ရာ ယခုတစ်ကြိမ်တွင်မူ "ကယ်ကြပါ"ဟူသော အမျိုးသမီးအသံဖြစ်ကြောင်း သိလိုက်ရသည်နှင့် အသံလာရာဘက်သို့ချက်ချင်းပြေးသွားလိုက်လေ၏။ ယိုင်နဲ့နေသော ဂိတ်တံခါးတစ်ခုကို ကျော့်၍ ပေါင်းပင်များကြားမှလမ်းကြောင်းလေးအတိုင်း အိမ်ကြီးဘက်သို့ ပြေးရင်း ခဏတစ်ခုနောက်၌ သူတွေ့ရသည်မှာ နီဂရိုးလူသန်ကြီး နှစ်ယောက်က ရုန်းကန်နေသော မိန်းကလေးတစ်ယောက်ကို ဖမ်းချုပ်ရန် အားထုတ်နေခြင်းပါတကား။ မိန်းကလေးက အားချင်းမျှသည့်တိုင်အောင် ရုန်းလိုက်၊ ကန်ကျောက်လိုက်နှင့် အပြင်းအထန် ခုခံနေရင်း ပါးစပ်ကို ပိတ်ထားသော နီဂရိုး၏လက်မှအော်ရန် ကြိုးစားနေခြင်းဖြစ်ပေသည်။ မိန်းကလေးကို အနိုင်ကျင့်ဖို့စိတ်ထက်သန်နေသော နီဂရိုးနှစ်ယောက်မှာ မေဂျာဝီဗရာဟမ်သူတို့နားအပြေးရောက်လာခြင်းကို သတိမထားမိကြပေ။ မိန်းကလေး၏ပါးစပ်ကို ပိတ်ထားသော နီဂရိုးမှာ ပြင်းထန်သော လက်သီးချက်ကြောင့်နောက်သို့ ယိုင်လဲသွားမှသာ မေဂျာဝီဗရာဟမ်ကို သတိပြုမိကြခြင်းဖြစ်သည်။ ရုတ်တရက်အံ့အားသင့်သွားသော ကျန်နီဂရိုးက မိန်းကလေးကို လွှတ်လိုက်ပြီးရန်သူကို ရင်ဆိုင်လိုက်၏။ သို့ရာတွင် အသင့်စောင့်နေသော မေဂျာဝီဗရာဟမ်၏ လက်သီးချက်ကြောင့် လွှင့်စင်သွားရပြန်လေသည်။ မေဂျာက ပထမတစ်ယောက်ကို လက်သီးစာကျွေးရန် ကြည့်လိုက်ရာ အခြေအနေမဟန်တော့ကြောင်း သိသွားသည့်နီဂရိုးမှာ ဂိတ်တံခါးသို့ပြေးနှင့်ပြီဖြစ်၏။ သူ့အပေါ်မှာလည်း အတော်အထိနာသွားသည်နှင့် အားကုန်ထွက်ပြေးလေတော့သည်။ ဝီဗရာဟမ်ကလိုက်ဖမ်းမည်ပြုပြီးမှ သစ်ပင်တစ်ပင်ကိုမှီပြီး အသက်ကိုကြိုးစားရှူနေရသော မိန်းကလေးကိုတွေ့ရ၍ ဆက်မလိုက်ဖြစ်တော့ပေ။

"ကေးဇူးတင်လိုက်တာရှင်"ပါးစပ်ဟ၍ အသက်ရှူနေရင်း မိန်းကလေးက ပြောလိုက်ခြင်းဖြစ်သည်။

"သိပ်ကြောက်စရာကောင်းတာပဲ"

မေဂျာဝီဗရာဟမ်သည် ယခုမှပင် သူကယ်တင်လိုက်ရသော မိန်းကလေးကို ကြည့်နိုင်လေတော့သည်။ အသက် ၂၁ နှစ်၊ သို့မဟုတ် ၂၂ နှစ်ခန့် သာရှိမည်။ လှပသော ဆံပင်များနှင့်မျက်လုံးပြာပြာများ ပိုင်ရှင်မိန်းကလေးသည် အရောင်ဖျော့ဖျော့အသားအရေရှိသူဖြစ်သည်။ အလွန်ကြည့်ကောင်းသည့်မိန်းကလေးငယ်ပင်။

"ရှင်သာ မရောက်လာရင်တော့"အသက်ရှူမမှန်သေးဘဲ မိန်းကလေးက ဆက်ပြောနေခြင်းဖြစ်သည်။

"အေးပါကွယ်၊ ဟုတ်ပါပြီ" ဝီဗရာဟမ်က နှစ်သိမ့်လိုက်၏။ "အခုအန္တရာယ် မရှိတော့ဘူးမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် တို့ဒီနေရာက မြန်မြန်သွားကြ ရင်ကောင်းမယ်၊ ဟိုကောင်တွေ ပြန်လာချင်လာဦးမှာ"

မိန်းကလေးက ပြုံးယောင်ယောင်ဖြစ်သွားပြီး "လာမယ်မထင်တော့ပါဘူးရှင်း သူတို့ကြောက်ပြီး ပြေးကြတာပါ။ အစ်ကိုက သိပ်သတ္တိကောင်းတာပဲနော်" မေဂျာဝီဗရာဟမ်သည် မိန်းကလေး၏ ခိုးမွှမ်းစကားကြောင့် ရှက်အမ်းအမ်းဖြစ်သွား၏။ "ဒီလောက်လည်းမဟုတ်ပါဘူးကွာ၊ ကဲ-လာလေ၊ ငါတွဲခေါ်မယ်။ မင်းအတော်ပင်ပန်းနေပြီပဲ၊ လမ်းလျှောက်နိုင်ပါ့မလား"

"ဟုတ်ကဲ့၊ ရပါပြီအစ်ကို" ပြောရင်းနှင့် မိန်းကလေးက ဝီဗရာဟမ်တမ်းပေးသော လက်မောင်းကိုတွဲလိုက်၏။ ဖြည်းဖြည်း လမ်းလျှောက်ရင်း အကြောက်ပြေသေးဟန်မတူသော မိန်းကလေးက အိမ်ကြီးကို ပြန်လှည့်ကြည့်ကာ "ကျွန်မတော့ နားမလည်နိုင်အောင် ဖြစ်နေပြီ၊ တကယ် တော့ဒီအိမ်ကြီးမှာ လူမှမရှိဘဲ" မေဂျာကလည်းပိတ်ထားသော ပြတင်းပေါက်များနှင့် အိမ်အိုကြီးကိုကြည့်ပြီး "သေချာတာပေါ့ကွာ၊ လူမနေတဲ့အိမ်ကြီးပဲ"ဟုပြောရင်း ဂိတ်တံခါးဆီရောက်လာကြ၏။

"ဒါပေမယ့် ဒါဟာပို့ကိုဖရိုင်ရာရိပ်သာပဲ" သူမက ဂိတ်တိုင်းရှိ ဆိုင်းဘုတ်ငယ်ပေါ်မှ ခပ်ဝါးဝါးနာမည်ကို လက်ညှိုးထိုးရင်း "ကျွန်မသွားမယ့်နေရာကလည်း ပို့ကိုဖရိုင်ရာရိပ်သာပဲရှင့်"

ဝီဗရာဟမ်က- "ကဲ-ကဲ အခုဘာမှပြန်မစဉ်းစားနဲ့ဦး ဟုတ်လား၊ နောက်တစ်မိနစ်၊ နှစ်မိနစ်ဆိုရင် တက္ကစီတစ်စီးတလေ လာမှာပါ။ ဒီတော့မှ တို့တစ်နေရာရာသွားပြီး ကော်ဖီသောက်ရင်း စကားပြောကြတာပေါ့"

လမ်းသွယ်ထဲမှ ထွက်လာကြပြီး လမ်းမဘက်သို့ရောက်သောအခါ ခရီးသည်ပို့ပြီး ပြန်လာသော တက္ကစီတစ်စီးကို ကံအားလျော်စွာတွေ့၍ စီးနိုင်ခဲ့ကြလေသည်။ ဆယ်မိနစ်ခန့်ကြာသောအခါ သူတို့သည် စားပွဲတစ်လုံးတွင် ကော်ဖီပူပူကို သောက်ရင်း စကားလက်ဆုံကျနေကြပေပြီ။ ဝီဗရာဟမ်က စတင်၍ သူနာမည်ပြောကာ မိတ်ဆက်၏။ ထိုအခါမှကျေးဇူးတင်သောမှက်လုံးများနှင့်ကြည့်နေသော မိန်းကလေးက "ကျွန်မနာမည်က ကလော်ပါဖရီဒါကလက်လို့ ခေါ်ပါတယ်" ထို့နောက်ဆက်၍ "တကယ့်အိပ်မက်လိုပဲရှင့်၊ အိပ်မက်ဆိုးကြီးပါပဲ၊ ကျွန်မက စွန့်စားခန်းတွေ၊ သည်းထိတ်ရင်ဖိုစွေ

သိပ်ကြိုက်တာမဟုတ်ဘူးရှင့်"

"ဘယ်လိုစဖြစ်တယ်ဆိုတာ ပြောပါဦးကွာ"

"အင်း-ဒါမျိုးဆိုရင်တော့ ကိုယ့်အကြောင်းကိုယ် အရင်ဆုံးပြောပြမှဖြစ်
မယ်ထင်တယ်"

"အကောင်းဆုံးပါပဲ ဖရီဒါရယ်" ဝီဗရာဟမ်က ထိုသို့အားပေးလိုက်ရာ
မိန်းကလေးက သူမ၏ဇာတ်ကြောင်းကို ဆက်ပြောပြလေသည်။

"ကျွန်မက မိဘမဲ့ပါ။ ကျွန်မဖေဖေက သင်္ဘောကပ္ပတိန်ပေါ့။ ကျွန်မရှစ်
နှစ်သမီးအရွယ်မှာပဲ ဖေဖေဆုံးသွားခဲ့တယ်၊ မေမေကတော့ လွန်ခဲ့တဲ့ သုံးနှစ်
ကဆုံးတယ်၊ ဒီတော့ ကျွန်မအလုပ်ရှာလုပ်ရတော့တာပါပဲ၊ ဓာတ်ငွေ့ကုမ္ပဏီ
တစ်ခုမှာ စာရေးဝင်လုပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၄-၅ ရက်လောက်ညနေခင်းမှာ
ကျွန်မနေတဲ့ ဘော်ဒါဆောင်ကို ပြန်ရောက်တော့ ဧည့်သည်လူကြီးတစ်ယောက်
ကျွန်မကို ထိုင်စောင့်နေတာတွေ့ရတယ်ရှင့်။ သူက မစ္စတာရိဒ်တဲ့၊ မဲလဘုန်
မြို့က ရှေ့နေလို့ပြောတယ်။ တော်တော်တော့ ယဉ်ကျေးသိမ်မွေ့တဲ့လူကြီး
လူကောင်းပါပဲရှင်၊ ကျွန်မရဲ့မိသားစုအကြောင်း အများကြီးမေးတယ်
သူပြောတာက ဒီလိုရှင့်၊ သူဟာ ကျွန်မဖေဖေကို နှစ်ပေါင်းများစွာကတည်း
သိခဲ့တာတဲ့။ တကယ်တော့ ဖေဖေရဲ့ငွေကြေးကိစ္စတွေကို ဥပဒေအကြောင်
အရ တာဝန်ယူပေးခဲ့ရသူပဲလို့ ပြောပြီး သူကျွန်မကို လာတွေ့ရတဲ့အကြောင်
ကို ဆက်ပြောတယ်ရှင့်။ သူက-မစ္စကလက်တဲ့၊ မင်းရဲ့ဖခင်ကြီးမကွယ်လွန်ခါ
က ရင်းနှီးခဲ့တဲ့ငွေကြေးတွေရှိတယ်တဲ့။ အဲဒီက အကျိုးအမြတ်တွေကို မင်း
ဆက်ခံရမှာမို့ လာအကြောင်းကြားတာပဲတဲ့ရှင့်၊ လုံးဝမမျှော်လင့်တဲ့စကား
ဆိုတော့ ကျွန်မလည်း သိပ်ကို အံ့ဩသွားတာပေါ့"

"နောက်ပြီး သူကပြောသေးတယ်ရှင့်၊ ဒီလိုငွေကြေးကိစ္စတွေကို အရင်
မင်းကြားဖူးခဲ့မယ်မထင်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ မင့်ဖခင် ဂျွန်ကလ
ဟာ ဒီအရင်းအနှီးတွေအပေါ် သိပ်အလေးအနက် အာရုံမထားခဲ့လို့ပဲတဲ့
ဒါပေမယ့် မမျှော်လင့်ဘဲ သူရင်းနှီးခဲ့တဲ့ငွေတွေက အကျိုးအမြတ်တွေ ထွ
လာခဲ့တယ်။ အဲဒါတွေ မင်းဆက်ခံဖို့ပဲတဲ့။ တစ်ချက်တော့ရှိတယ်တဲ့၊ ဥပဒေ
တရားဝင်အောင်လုပ်နိုင်ဖို့ဆိုရင် မင့်ဖခင်ထားခဲ့တဲ့ စာရွက်စာတမ်းတခ
တင်ပြဖို့လိုလိမ့်မယ်တဲ့။ အဲဒါတွေ မင့်မှာရှိသလားလို့မေးတယ်"

"ဒါနဲ့ကျွန်မက ဖေဖေ့ပစ္စည်းတွေကို မေမေက သင်္ဘောသားသုံးသေတ္တာ
ဟောင်းကြီးထဲမှာ စုသိမ်းထားတာသိတော့ အဲဒီထဲ ခဏခဏကြည့်ဖူးပါတယ်
ဘာမှစိတ်ဝင်စားစရာမပါပါဘူးလို့ပြောတော့ သူကပြုံးပြီး မှတ်စုမှတ်တမ်းတွေ

အရေးကြီးတယ် မကြီးဘူးဆိုတာ မိန်းကလေးမသိလို့လည်း ဖြစ်နိုင်တာပေါ့လို့
ပြောသေးတယ်ရှင့်"

"ကျွန်မလည်း သူကိုယ်တိုင်ကြည့်ရအောင် သေတ္တာကြီးထဲက စာရွက်
စာတမ်းတချို့ယူပြီး သူ့ပေးလိုက်ပါတယ်။ သူကစာရွက်တွေကို အခုကြည့်
ရုံနဲ့ ပြောလို့မရဘူးတဲ့။ အသေအချာ စစ်ဆေးပြီးမှသာ ဆိုင်မဆိုင်သိရမှာမို့
သူယူသွားပြီး မကြာခင် ကျွန်မကို ပြန်ဆက်သွယ်မယ်လို့ ပြောတယ်ရှင့်၊
ပြီးခဲ့တဲ့ စနေနေ့ကတော့ သူ့ဆီကစာတစ်စောင်ရောက်လာပါရောရှင်၊ အမွေ
ဆက်ခံဖို့ကိစ္စတွေ ဆွေးနွေးရအောင် သူ့ဆီကိုလာခဲ့ဖို့ခေါ်တာပါ။ လိပ်စာက
ပိုက်ဖရိုင်ရာရိပ်သာ၊ ဖရိုင်ရာလမ်း၊ အီးဂဲမောင့်တဲ့။ ဒီနေ့မနက်က ၁၁ နာရီ
မထိုးခင် ၁၅ မိနစ်အလိုမှာ အရောက်လာပါလို့ ရေးထားတယ်ရှင့်"

"အဲဒီအိမ်လိပ်စာမှာ ရှာရင်း ကျွန်မလည်း နည်းနည်းနောက်ကျသွား
တယ်၊ ဂိတ်ဝက ဆိုင်းဘုတ်တွေလို့ ဒီအိမ်ပဲဆိုပြီး ခပ်မြန်မြန်ဝင်သွားတော့
ဟိုနီဂရိုးကြီးနှစ်ယောက် ချုံထဲက ရုတ်တရက်ထွက်လာကြပြီး ကျွန်မကို ဖမ်း
ဆွဲတော့တာပါပဲ။ အော်ဖို့ သတိမရခင် တစ်ယောက်ကပါးစပ်ကို လှမ်းပိတ်
တယ်။ ဒီတော့ ကျွန်မလည်း ခေါင်းကိုအတင်းယမ်းပြီး အော်ရတာပေါ့။
တော်ပါသေးရဲ့။ ကျွန်မအော်သံ ရှင်ကြားလိုက်ပေလို့-" ဖရီဒါက စကားရှည်
ကြီးပြောပြီး မေဂျာဝီဗရာဟမ်အား တလေးတစားကြည့်နေလေရာ မေဂျာက-
"ကိုယ်လည်း ဒီအချိန်မှာပဲ အဲဒီနေရာရောက်နေမိတာ ဝမ်းသာရသေးတယ်။
ဒါပေမယ့် ဟိုနှစ်ကောင် မဖမ်းလိုက်ရတာ နာတယ်ကွာ၊ သူတို့ကို မင်းအရင်
က မတွေ့ဖူးပါဘူးနော်" သူမက ခေါင်းခါရင်း "အစ်ကိုကော အဲဒါဘယ်လို
ထင်လဲဟင်"

"အင်း-ပြောဖို့တော့ခက်တယ်၊ တစ်ခုသေချာတာက မင်းအဖေရဲ့စာရွက်
စာတမ်းတွေထဲမှာ တစ်ယောက်ယောက်က လိုချင်တာရှိနေလို့ပဲ၊ အဲဒီ ရိဒ်ဆို
တဲ့လူက မင်းကို ယုတ္တိမတန်တဲ့ဇာတ်လမ်းကိုထွင်ပြောပြီး မင်းဆီမှာရှိတဲ့
မှတ်စုမှတ်တမ်းတွ ကြည့်ရအောင် လုပ်သွားတာပေါ့ကွာ၊ ဒါပေမယ့် သူလို
ချင်တာ ရသွားပုံမပေါ်ဘူး"

"အိုး" ဖရီဒါက ရုတ်တရက်သတိရသွားဟန်ဖြင့် အော်လိုက်မိ၏။ "စနေ
နေ့က ကျွန်မအိမ်ပြန်ရောက်တော့ ကျွန်မပစ္စည်းတွေ မွှေနှောက်ခံထားရတာ
ဒီကိစ္စပဲထင်တယ်ရှင့်၊ ကျွန်မက အဆောင်သန့်ရှင်းရေးလုပ်တဲ့မိန်းမကြီးကို
သေင်္ကာဖြစ်နေခဲ့တာ၊ လက်စသတ်တော့-"

"ဖြစ်နိုင်တာပေါ့ကွာ၊ တစ်ယောက်ယောက်က တာဝန်ရှိသူဟန်ဆောင်ပြီး

မင့်အခန်းထဲဝင်ရှာမှာပေါ့၊ လိုချင်တာမတွေ့တော့ မင့်ကိုယ်ပေါ်မှာ သိမ်းထားတယ်လို့တွေးမိလိမ့်မယ်။ ဒါကြောင့် ဒီအကြံနဲ့မင်းကို ခေါ်လိုက်တာပဲ၊ မင်းကိုဖမ်းပြီးကိုယ်ပေါ်မှာရှာမယ်။ မတွေ့ရင် မင်းကိုအကျဉ်းချထားပြီး သူတို့လိုချင်တာ ဘယ်မှာဝှက်ထားတယ်ဆိုတာပေါ်အောင် စစ်တော့မှာပေါ့"

"ဒါပေမယ့်၊ သူတို့ဘာလိုချင်မှန်းမှမသိတာ။ အစ်ကိုကော-စဉ်းစားကြည့်ပါလား"

"ဘာဆိုတာတော့ သိဖို့မလွယ်ဘူးလေ၊ ဒါပေမယ့် ဒီလောက်ထိကြံစည်အားထုတ်လာမှတော့ အဲဒီပစ္စည်းဟာ သူတို့အတွက် အတော်တန်ဖိုးရှိတာဖြစ်လိမ့်မယ်"

"အဲလိုဖြစ်ဖို့ကတော့ အတော်ခဲယဉ်းတာပဲ၊ ကျွန်မတော့ သိပ်မထင်ပါဘူး"

"ကိုယ်လဲ ဒီအတိုင်းပဲလို့ တပ်အပ်ပြောတာမဟုတ်ပါဘူး၊ မင်းရဲ့ဖေဖေကသတော်ကပွတိန်ဆိုတော့ ပင်လယ်ထဲ သူမသွားဖူးတဲ့ဒေသတွေ ရောက်ချင်ရောက်ခဲ့မှာပဲ၊ အဲဒီမှာ တန်ဖိုးရှိမှန်းမသိရှိနေတဲ့ ပစ္စည်းမျိုး သူရခဲ့တာကောမဖြစ်နိုင်ဘူးလား"

"ဟင်-အစ်ကို တကယ်ပဲ အဲဒီလိုထင်သလား" မိန်းကလေးကမေးရင်းမျက်နှာတွင် စိတ်အားထက်သန်မှုကြောင့် ပန်းရောင်သမ်းလာလေသည်။

"ဟုတ်တယ်၊ ဒီအတိုင်းထင်တာပဲ၊ ဒါပေမယ့် မေးစရာဖြစ်နေတာကဘဲ့ဘာဆက်လုပ်ကြမလဲ၊ မင်းက ရဲကိုတိုင်ချက်ဖွင့်တာမျိုးလည်း လုပ်ချင်မယ်မထင်ဘူး"

"အို-မတိုင်ချင်ပါဘူးရှင်"

"အေး-ကိုယ်လည်းမတိုင်စေချင်ဘူး၊ တိုင်လည်း ရဲက လုပ်နိုင်အောင်ဘာမှ ခြေခြေမြစ်မြစ် မရှိဘဲကိုး၊ မင်းအတွက် စိတ်ရှုပ်ရတာပဲ အဖတ်တင်လိမ့်မယ်၊ ကဲ-အခု ကိုယ်အကြံပေးချင်တာကတော့ ကိုယ်မင်းကို ဟိုတယ်တစ်ခုမှာ နေ့လယ်စာကျွေးမယ်၊ ပြီးရင် မင်းရဲ့အဆောင်ကို အနှောင့်အယှက်မရှိရောက်အောင် လိုက်ပို့ပေးမယ်။ အဲဒီနောက် စာရွက်စာတမ်းဆိုတာတွေကြိုးစားပြီး ရှာကြည့်တာပေါ့ကွာ၊ တစ်နေရာရာက ထွက်ချင်ထွက်လာမှာပေါ့"

"ဖေဖေက အဲဒါတွေ သူကိုယ်တိုင် ဖျောက်ဖျက်ပစ်လိုက်တာများ ဖြစ်နေမလား မသိဘူး"

"ဟုတ်ချင်လည်း ဟုတ်မယ်လေ၊ ဒါပေမယ့် တစ်ဖက်က အဲဒီလို မထင်ဘူးဆိုတော့ တို့အတွက် မျှော်လင့်စရာ ရှိနေတာပေါ့"

"ဘယ်လိုတန်ဖိုးရှိတာများ ဖြစ်မလဲ မသိဘူးနော်၊ မြှုပ်ထားတဲ့ရတနာတွေများဖြစ်နေမလား"

"ဟေ-ဟုတ်လိုက်လေကွာ-ဖြစ်နိုင်တယ်၊ သိပ်ဖြစ်နိုင်တာပေါ့" မေဂျာဝီဇရာဟမ်က ကလေးတစ်ယောက်လို ပျော်ရွှင်စွာ အားပေးထောက်ခံလိုက်လေသည်။ "ကဲ-ကဲ တို့ နေ့လယ်စာ သွားစားကြစို့"

သူတို့နှစ်ဦးနေ့လယ်စာစားနေကြစဉ် မေဂျာဝီဇရာဟမ်က ဖရီဒါအား အရှေ့အာဖရိကတွင် သူတွေ့ကြုံခဲ့ရသည့် စွန့်စားခန်းများကို ပြောပြပါသည်။ ဆင်ဖမ်းပွဲများအကြောင်းကို ဖရီဒါ မျက်လုံးအဝိုင်းသားနှင့် နားထောင်ရ၏။ နေ့လယ်စာစားပြီးသောအခါ နှစ်ဦးသားတက္ကစီဖြင့် ပြန်လာခဲ့ကြသည်။ ဖရီဒါ၏အခန်းမှာ အိပ်ခန်းကျဉ်းကျဉ်းတစ်ခန်းနှင့် ဧည့်ခန်းတို့သာ ပါဝင်လေသည်။

"ကျွန်မတို့ထင်တဲ့အတိုင်းပါပဲ၊ စနေနေ့မနက်က မီးပြင်ဖို့ဆိုပြီး လူတစ်ယောက်လာတယ်တဲ့။ ဝါယာကြိုးတွေလဲရမယ်လို့ပြောပြီး ဒီအခန်းမှာ ခပ်ကြာကြာနေသွားတယ်တဲ့"

"မင်းဖေဖေရဲ့ သေတ္တာဟောင်းဆိုတာ ဘယ်မလဲ၊ ကြည့်ရအောင်" ဝီဇရာဟမ်က ပြောသောအခါ ဖရီဒါက ကြေးပြားဖြင့်ပတ်ထားသော သေတ္တာဟောင်းတစ်ခုကို ယူလာ၍ပြလေသည်။ သေတ္တာအဖုံးကိုဖွင့်ပြီးနောက်-"ကဲကြည့်လေ၊ ဘာပစ္စည်းမှ မကျန်ရစ်တော့ပါဘူး"

မေဂျာက သေတ္တာထဲကိုကြည့်ပြီး-"တခြားနေရာတွေမှာကော-စာရွက်တွေမရှိနိုင်ဘူးလား"ဟု မေးလေသည်။

"မရှိတာသေချာပါတယ်ရှင်၊ မေမေက အကုန်ဒီထဲပဲ သိမ်းထားတာပါ"

ဝီဇရာဟမ်က သေတ္တာအတွင်းသို့ စေ့စပ်စွာကြည့်နေရာမှ ရုတ်တရက် တစ်စုံတစ်ခုတွေ့လိုက်ရသလို အသံပြုလိုက်ပြီး "ဒီမှာ ဆက်ရာတစ်ခုပါလား၊ ရှုစိုက်ကြည့်မှမြင်ရတာကိုး" ဆက်ရာတစ်လျှောက် လက်ဖြင့်စမ်းရင်းတစ်နေရာတွင် အထဲက တစ်ခုခုကြောင့် မညီမညာဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ အတွင်းဘက် လက်နှိုက်စမ်းကြည့်ပြီး "တစ်ခုခုရှိနေတာသေချာတယ်"ဟု ဝီဇရာဟမ်က အားတက်စွာပြောလိုက်၏။ တစ်မိနစ်မျှအကြာတွင် သူသည်ထိုတစ်ခုခုကို ထုတ်ယူနိုင်လေတော့သည်။ ညစ်ပေနေပြီးအကြိမ်ပါင်းများစွာ ခေါက်ထားသော စာရွက်ခေါက်တစ်ခုဖြစ်ပေရာ ဝီဇရာဟမ်က စာရွက်ကို ဂရုတစိုက်ဖြန့်လိုက်၏။ ဖရီဒါကသူ့ပခုံးပေါ်မှကျော်ကြည့်နေရင်းက-"ရှုပ်ရှုပ်ထွေးထွေး အမှတ်အသားတွေချည့်ပါလား"ဟု စိတ်မှက်စွာပြောလိုက်လေသည်။ ထိုအခါ စိတ်ထက်သန်စွာကြည့်နေသော ဝီဇရာဟမ်က

"မရှုပ်ဖူးမိန်းကလေးရေ၊ ဒါတွေဟာ ဆွာဟီလီဘာသာနဲ့ရေးထားတာတွေကွဲ့
ကြည့်စမ်း၊ သိပ်အံ့ဩဖို့ကောင်းတာပဲ၊ အရှေ့အာဖရိက တိုင်းရင်းသားတွေ
သုံးတဲ့ ဆွာဟီလီအရေးအသားတွေ ဖရီဒါရဲ့"

"အိုး-ထူးဆန်းလိုက်တာ၊ အဲဒါတွေ အစ်ကိုဖတ်တတ်လား၊ နားလည်
လားဟင်" ဖရီဒါက အံ့ဩဝမ်းသာစွာ ဒရောသောပါး မေးလိုက်လေသည်။

"အင်း-တော်တော်တော့ ထူးခြားတဲ့အမှတ်အသားတွေပဲ" မေဂျာက
စာရွက်ကို ပြတင်းပေါက်ရှိရာသို့ ယူသွား၍ စူးစူးစိုက်စိုက်လေ့လာပြီးမှ ဖရီဒါ
ရှိရာသို့ ပြန်ယူလာခဲ့၏။

"ဘာ-ဘာတဲ့လဲဟင်" ဖရီဒါက အံ့ဩစိတ်ကို မဖျောက်နိုင်သေးဘဲ မေး
လိုက်ရာ မေဂျာက ကျေနပ်စွာပြုံးလိုက်ပြီး "မင်းပြောတဲ့ရတနာသိုက်ဆိုတာ
ပေါ့ကွာ"ဟု ပြန်ပြောလေသည်။ ဖရီဒါက ပို၍အံ့ဩသွားပြီး "ရတနာသိုက်
ဟုတ်လား၊ စပိန်ရွှေချောင်းတွေလား၊ မြှုပ်သွားတဲ့ရတနာသင်္ဘောလိုမျိုး
လားဟင်"

"ဒီလောက်တော့လည်း မဟုတ်ဘူးကွဲ့၊ ဒါပေမယ့် သိပ်မထူးလှပါဘူး
ဒီမြေပုံက ဆင်စွယ်တွေ အစုလိုက်အပြုံလိုက် ဝှက်ထားတဲ့နေရာကို လျှို့ဝှက်
တဲ့နည်းနဲ့မှ မှတ်ထားတဲ့ပုံပေါ့"

"ဆင်စွယ်တွေ-ဟုတ်လား"

"အေး-ဟုတ်တယ်၊ ဆင်စွယ်ရဖို့ ဘယ်လောက်အထိပဲ ပစ်ရမယ်ဆိုတာ
ဥပဒေမှာရှိတယ်၊ ဒါပေမယ့် တချို့မုဆိုးတွေက လောဘတကြီးနဲ့ ဥပဒေ
ချိုးဖောက်ပြီး ပစ်ချင်တိုင်းပစ်ကြတယ်။ အဖမ်းခံရမှာစိုးတော့ စုဆောင်းထား
တဲ့ ဆင်စွယ်တွေကို လူမသိနိုင်တဲ့နေရာမျိုးမှာ ဝှက်ထားကြတာပေါ့၊ နောက်
ပြန်ရှာမယ်ဆိုပြီး ဒီလိုမြေပုံအမှတ်အသား လုပ်ခဲ့ကြတာပဲ"

"ဒါဆိုရင်၊ အဲဒီဆင်စွယ်တွေရတဲ့သူက ငွေတွေအများကြီး ရနိုင်မှာပေါ့
နော်"

"ရမှာပေါ့ကွ၊ တို့သွားရှာလို့ရရင်လည်း တို့သူဌေးဖြစ်မှာပဲ"

"အင်း-ဒါပေမယ့် ဒီမြေပုံက ဘယ်လိုလုပ် ဖေဖေ့ဆီရောက်ရတာတဲ့
မသိဘူး"

ဝီဗရာဟမ်ကစဉ်းစားလိုက်ပြီး- "ဒီလိုဖြစ်လိမ့်မယ်၊ မင်းဖေဖေရဲ့ တိုင်
ရင်းသား မိတ်ဆွေတစ်ယောက်က ဆင်စွယ်သိုက်နေရာကိုသိပြီး သူ့ဒုက
ရောက်ကာနီးမှာ မင့်ဖေဖေကို မြေပုံဝှက်ထားတဲ့ သေတ္တာအပ်ခဲ့ပုံရတယ်
မင့်ဖေဖေကတော့ မြေပုံရှိနေမှန်းတောင် သိချင်မှသိလိမ့်မယ်" ဖရီဒါ

ကပြင်းချလျက်-"စိတ်လှုပ်ရှားစရာကောင်းလိုက်တာနော်"

ဝီဗရာဟမ်က တွေးတွေးဆဆနှင့်-"ဒီလောက်တန်ဖိုးရှိတဲ့မြေပုံကို ဒီမှာ
ထားလို့တော့ဖြစ်မှာ မဟုတ်ဘူး။ လိုချင်တဲ့သူတွေက နောက်ထပ်လာရှာကြ
ဦးမှာပဲ၊ ဒီတော့- "ဝီဗရာဟမ်က ဖရီဒါကို စေ့စေ့ကြည့်ပြီး- "မင်းကိုယ့်ကို
တော့ ယုံကြည်နိုင်လိမ့်မယ်ထင်ပါရဲ့"

"အို-ဘာလို့မယုံကြည်ရမှာလဲ၊ ဒါပေမယ့်၊ ဒီမြေပုံကြောင့် အစ်ကို့ကို
အန္တရာယ်မဖြစ်နိုင်ဘူးလား"

"ဘာအန္တရာယ်မှ ကိုယ့်ကိုအနိုင်မယူနိုင်ပါဘူးကွာ၊ ဒီအတွက်တော့ မစိုး
ရိမ်နဲ့" သူကမြေပုံကိုခေါက်၍ သူ့မှတ်စုစာအုပ်ထဲတွင် ညှပ်ထားလိုက်ပြီး-
"ကိုယ်မနက်ဖြန်ညနေ၊ မင်းကိုလာတွေ့နိုင်မလား"ဟု မေးလိုက်သည်။ ထို့
နောက်ဆက်၍- "ကိုယ်နည်းလမ်းတစ်ခုခုရှာပြီး အစီအစဉ်လုပ်ရလိမ့်မယ်၊
လျှို့ဝှက်မြေပုံထဲက နေရာကိုလည်း အာဖရိကတိုက်မြေပုံကြည့်ပြီး အဖြေ
ထုတ်ရဦးမှာ၊ မင်းအလုပ်ကနေ ဘယ်အချိန်လောက် အိမ်ပြန်ရောက်မလဲ"

"ခြောက်နာရီခွဲလောက်ဆိုရင် ပြန်ရောက်နေကျပါ"

"ကိုင်း-ဒါဖြင့် မနက်ဖြန်အသေးစိတ် တိုင်ပင်ကြမယ်၊ ပြီးရင် ညစာသွား
စားကြပြီး တို့အောင်မြင်မှုအတွက် အောင်ပွဲလေးကျင်းပကြတာပေါ့ကွာ၊ ကဲ-
သွားပြီ မနက်ဖြန်ညနေ ခြောက်ခွဲနော်"

နောက်တစ်နေ့ညနေတွင် မေဂျာဝီဗရာဟမ်သည် အချိန်မှန်စွာရောက်
လာသည်။ လူခေါ်ခေါင်းလောင်းကိုနှိပ်၍ မစ္စကလက်ကို စုံစမ်းသောအခါ
အစောင့်မိန်းကလေးတစ်ယောက်က လှမ်း၍အဖြေပေးသည်။

"မစ္စကလက်၊ ဟုတ်လား၊ သူအပြင်သွားတယ်ရှင့်"

"အိုး" ဝီဗရာဟမ်က သူထိုင်စောင့်လိုကြောင်းမပြောလိုပေ။ သို့နှင့်ခဏနေ
ပြန်လာမည်ဟုပြောပြီး လမ်းဘက်သို့ထွက်လာကာ ဖရီဒါပြန်အလာနှင့်ဆုံ
မည်လားဟု ရှာကြည့်မိလေ၏။ သို့ရာတွင် အချိန်သာကုန်၍ မရီဒါကိုမတွေ့
ပေါ။ ၇ နာရီမတ်တင်း၊ ၇ နာရီ ၁၅။ ဖရီဒါမရောက်လာသေး။ လေးလံသော
စေးမှုမျိုးသူ့တွင်ဖြစ်လာ၏။ အဆောင်သို့တစ်ခေါက်သွား၍ခေါင်းလောင်းကို
နှိပ်ပြန်သည်။

"ဒီမှာကွဲ့၊ မစ္စကလက်နဲ့ငါ ၆ နာရီခွဲမှာဆုံဖို့ချိန်းထားတယ်။ သူဒီမှာ
မရှိဘူးဆိုတာသေချာရဲ့လား၊ ဒါမှမဟုတ် တစ်ခုခုများ မှာမထားခဲ့ဘူးလား"
ထိုအခါမှ အစောင့်မိန်းကလေးက-"လူကြီးမင်းက မေဂျာဝီဗရာဟမ်ဆိုတာ
လားရှင့်" ဟုမေးလေသည်။

"အေး၊ ဟုတ်တယ်"

"ဒါဖြင့် ဒီမှာ စာတစ်စောင်၊ လူကြီးမင်းအတွက်ဆိုပြီးလူတစ်ယောက်
လာပေးသွားတာပါ" ဝိဇရာဟမ်က စာကိုယူပြီးခပ်သွက်သွက်ဖောက်လို
သည်။ စာထဲမှာပါသည်မှာကား-

"ခင်မင်ရသော မေဂျာဝိဇရာဟမ်၊ သိပ်ထူးဆန်းတဲ့ကိစ္စတစ်ခုကြုံရတ
အသေးစိတ်မရေးတော့ဘူး။ ပွိုက်ဖရိုင်ရာရိပ်သာကိုသာ လိုက်လာခဲ့
စာရရချင်းလာခဲ့စေလိုပါတယ်။

သင့်၏ဖြောင့်မှန်သော-ဖရီဒါကလက်"

မေဂျာဝိဇရာဟမ်သည် စာဖတ်ပြီးနဖူးမှားရုံ့လောက်အောင်အမြန်စဉ်း
လိုက်၏။ ထို့နောက်သူ့အိတ်ထဲမှစာတစ်စောင်ကိုဆွဲထုတ်လိုက်သည်။ ထိုစာ
သူ၏အပ်ချုပ်ဆရာထံလိပ်စာတပ်ထား၏။

"ကလေးမရေ၊ တံဆိပ်ခေါင်းတစ်လုံးရနိုင်မလား" အစောင့်မိန်းကလေး
တံဆိပ်ခေါင်းယူလာပေးသောအခါ တစ်သျှီလင်းပေးခဲ့ပြီး မြေအောက်ရထ
ဘူဟာရုံသို့ထွက်လာခဲ့သည်။ လမ်းတွင်ကွေ့သည့်စာတိုက်ပုံးထဲသို့ စာကိုထ
ပြီးနောက် ဘူတာသို့သူရောက်လာ၏။ ဖရီဒါ၏စာမှာ သူကိုစိတ်ဂနာမ
ဖြစ်အောင်လုပ်နေလေသည်။ "ဘာကြောင့်လဲ၊ မနေ့က ဒုက္ခရောက်မ
ဖြစ်ခဲ့တဲ့နေရာကို ဘာအကြောင်းကများ သူကိုဆွဲဆောင်နိုင်ပါလိမ့်" သူခေါ
ခါလိုက်သည်။ "ဘာကြောင့်ဒီလောက်မိုက်မဲရတာလဲ၊ ရိုဒ်ဆိုကဲ့လူပြန်လာ
တစ်နည်းနည်းနဲ့ သူယုံကြည်အောင်သွေးဆောင်ခဲ့တာလား"

သူနာရီကို ကြည့်လိုက်သည်။ ဂိုနာရီ ခွဲပြီ။ သူမကတော့ ၆ နာရီ
ကဘာညီးက သူလိုက်လာနေပြီဟု တွက်နေမပေလိမ့်မည်။ တစ်နာရီတော
နောက်ကျနေပါလား။ နည်းတဲ့အခြိန်မဟုတ်ဘူး။ စာထဲမှာ တစ်ခုခုအရေး
အနေသိရအောင် ရေးထားရင် ဘယ်လောက်ကောင်းမလဲကွာ။ ရထားပေါ်တွ
စာကိုသူပြန်ထုတ်ဖတ်၏။ စိတ်ရှုပ်စရာသာ ဖြစ်ရသည်။ စာအသွားအကဲခ
ရတာ ဖရီဒါရေးတာမှ ဟုတ်ရဲ့လား။

ဖရိုင်ရာလမ်းသွယ်သို့ သူရောက်ချိန်မှာ ရှစ်နာရီဖြစ်ရာမှောင်နေပေပြီ
ပွိုက်ဖရိုင်ရာဂိတ်တံခါးအနီးရောက်သည်အသိ ဘယ်သူ့ကိုမှမမြင်ရပေ။ သူ
ဂိတ်တံခါးကို အသံမထွက်အောင်ညင်သာစွာဖွင့်ပြီးဝင်းထဲသို့ ဝင်လာခဲ့သည်
လမ်းကလေးတွင် ဘယ်သူမှမရှိ။ အိမ်ကြီးကလည်း မည်းမှောင်နေသည်
သူက သတိကြီးစွာ ဝဲယာသို့ကြည့်၍ အိမ်နားကပ်လာခဲ့သည်။ ရုန်သူ
အငိုက်မိ ခံရ၍မဖြစ်။ ရုတ်တရက်သူရပ်လိုက်သည်။ ပြတင်းပေါက်တစ်ခု

ကပ် ကြားမှ မီးရောင်ကိုမြင်လိုက်ရ၍ဖြစ်သည်။ အိမ်ထဲမှာလူရှိတာ
သေချာပြီ။ ဝိဇရာဟမ်က ချုတစ်ခုအကွယ်သို့ဝင်လိုက်ပြီး အိမ်
ဘက်သို့သွား ရန်လမ်းကြောင်းကို ရှာကြည့်၏။ နောက်ဆုံးတွင်
ချင်သည်ကို တွေ့ရပေပြီ။ မြေညီထပ်ရှိ ပြတင်းပေါက်တစ်ခုမှာ
ည်းငယ်ဟနေသည်။ စတို ခန်းတစ်ခု၏ပြတင်းပေါက်ဖြစ်ဟန်ရှိ၏။
ကုပ်ကို အသံမမြည်အောင် ဖြုတ်၍ ပြတင်းကိုဖွင့်ပြီး လမ်းမှဝယ်လာ
လက်နှိပ်ခတ်မီးဖြင့် အထဲသို့ ကြည့်လိုက်ရာ အခန်းလွတ်ဖြစ်နေ
ကြောင်းတွေ့ရသည်။ ပြတင်းမှကျော်ဝင်ပြီး အခန်းတံခါးကို အသာကလေး
ကြည့်ရာ အသံမမြည်ဘဲ ပွင့်သွားသည်။ မီးဖိုခန်းဖြစ်ဟန်ရှိသော်လည်း
ည်းများတော့မတွေ့ရပေ။ အခန်းအပြင်ဘက်ရှိ လှေကားထစ်ခြောက်
ခန့်ထိပ်တွင် တံခါးပေါက်တစ်ခုတွေ့ရ၏။ အိမ်ရှေ့ဘက်သို့ သွားသော
ခါးဖြစ်ရမည်။ ထိုတံခါးကို ဖြည်းဖြည်းညှင်းတွန်းဖွင့်ပြီး နားစွင့်ကြည့်ရာ ဘာသံမှ
ကြားရပေ။ ရှေ့ဆက်တိုးလိုက်၏။ သူအခု အိမ်ရှေ့ခန်းထဲ ရောက်နေပြီ။
ကြောင့်အောင် ဘာသံမှမကြားရသေး။ သူ ရောက်နေရာ၏ ဝဲယာတို့တွင်
ထားသော တံခါးနှစ်ပေါက်တွေ့ရသည်။ လက်ျာဘက်တံခါးကို
လိုက်ပြီး ကပ်၍နားထောင်ကြည့်၏။ ထို့နောက် လက်ဝဲကိုလှည့်ကြည့်
တံခါးပွင့်ကြောင်း တွေ့ရသည့်အတွက် တစ်လက် မပြီးတစ်လက်မဖွင့်၍
ဆဲဝင်လိုက်သည်။ ဓာတ်မီးဖွင့်ကြည့်ပြန်ရာ ဤအခန်းတွင်လည်း ဘာမှမရှိ
ကောင်းလောင်းပင်။

ထိုအချိန်၌ သူ့နောက်ဘက်မှအသံတစ်ခုကြားရ၏။ လှည့်ကြည့်လိုက်
လည်း နောက်ကျသွားပေပြီ။ သူခေါင်းကို တစ်ခုခုနှင့်အရိုက်ခံလိုက်
ရ ဟပ်ထိုးလဲကာ မေ့မြောသွားတော့သည်။

သူပြန်၍ သတိရလာသောအခါ ဘယ်လောက်ကြာခဲ့ပြီဟု မှန်း၍မရပေ။
ခြင်းမှာတော့ နာနေသည်။ လှုပ်ရှားရန် ကြိုးစားကြည့်ရာ မအောင်မြင်ပေ။
ကြိုးများဖြင့် တုပ်ထားကြပါလား။ သူအခုကောင်းကောင်းမှတ်မိပါပြီ။
ခါးကို နောက်ကရိုက်တာခံခဲ့ရပြီး သတိလစ်သွားစဉ် ကြိုးဖြင့်တုပ်၍
ထားချုပ်နှောင်ထားကြခြင်း ဖြစ်သည်။

အလင်းရောင်ခပ်မှိန်မှိန်ထွက်သည့် ဓာတ်ဖွေ့မီးတိုင်တစ်ခု နံရံထိပ်နား
ထိုးနေသည်။ ထိုအလင်းရောင်ကြောင့်ပင် အခန်းထဲကို မြင်နိုင်ခြင်းဖြစ်၏၊
နန်းမှာကျဉ်းလှသည်။ ဘေးဘက်သို့ လှည့်ကြည့်လိုက်ရာ သူနှလုံး ဒိတ်ခ
နှုန်းများ၏။ ဖရီဒါပါလား။ သူနှင့်ပေအနည်းငယ်အကွာတွင် ဖရီဒါသည်

သူလိုပင် ကြိုးတုပ်ခံထားရသည်။ မျက်လုံးများလည်း ပိတ်နေသည်။ သို့ရ
တွင် သူစူးစူးစိုက်စိုက်အကဲခတ်နေစဉ်မှာပင် ဖရီဒါလှုပ်ရှား၍ မျက်စိပွင့်လ
သည်။ စိတ်ရှုပ်ထွေးဟန်အကြည့်က သူမှန်းသိသွားသည့်အခါတွင် ဝမ်းသ
သွားပြီး-"ဟင်-အစ်ကိုလည်း အဖမ်းခံထားရတာကိုး"ဟုပြောလိုက်၏။ တဲ့
ဆက်တည်း "ဘာတွေဖြစ်ခဲ့တာလဲဟင်"ဟု မေးလိုက်သည်။

"ဖရီဒါ-ကိုယ်မင်းကို ဒုက္ခရောက်အောင်လုပ်မိပြီ။ မင်းအခုလို ထော
ချောက်ထဲရောက်ရတာ ကိုယ့်ကြောင့်ပဲ။ ဒါနဲ့-မေးပါရစေဦး။ မင်းကိုယ့်
ဒီလိုက်လာဖို့ စာတစ်စောင်ပို့ခဲ့တယ်မဟုတ်လား" ဝီဗရာဟမ်က ပြောလို
ရာ ဖရီဒါမျက်လုံးများဝိုင်းသွားအောင် အံ့အားသင့်သွားပြီး- "ကျွန်မက-ဟု
လား၊ တကယ်က အစ်ကို ကျွန်မကို စာရေးပြီးခေါ်ခဲ့တာလေ"

"ဟင်-ကိုယ့်ဆီက စာရတယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်မရုံးကို စာရောက်လာတာ၊ အစ်ကိုအိမ်ကိုမလ
တော့ဘဲ ဒီမှာဆုံကြဖို့ရေးထားတာပေါ့"

"ဒီနည်းနဲ့ နှစ်ယောက်စလုံးကို မျှားခေါ်လိုက်တာကိုး"ညည်းညူရင်
ဝီဗရာဟမ်က အဖြစ်အပျက်ကို ရှင်းပြလိုက်လေသည်။ "အင်း၊ ကျွန်မသဘော
ခေါက်ပါပြီ၊ ဒါပေမယ့် ဘာစိတ်ကူးနဲ့မျှား-"

"ဟိုမြေပုံကို လိုချင်လို့ပေါ့ကွာ၊ မနေ့က တို့ကို တစ်ယောက်ယော
နောက်ယောင်ခံလိုက်ခဲ့လို့မဲ့မယ်။ ဒါကြောင့် သူတို့ဒီလိုကြံစည်နိုင်တာ
ဖရီဒါက စိုးရိမ်သံဖြင့်- "ဒါဆို သူတို့မြေပုံရသွားကြပြီလားဟင်"ဟု မေးလို
သည်။ ဝီဗရာဟမ်က သူလက်ကိုချည်တုပ်ထားသည့်ကြိုးများကို မေး
ပြီး "ကိုယ်စမ်းကြည့်လို့မှမရဘဲ ဘယ်သိနိုင်မလဲ"

ထို့နောက် သူတို့နှစ်ဦးစလုံး တိတ်သွားကြ၏။ သူတို့ခေါင်းပေါ်မှ စက
ပြောလိုက်သံထွက်လာသောကြောင့် ဖြစ်သည်။ ထိုအသံမှာ- "မြေပုံကို ကျွ
ရှင်းပါပြီ။ သိပ်ကျေးဇူးတင်တယ်။ ဘာမှမှားစရာမရှိအောင် သေချာသွား
လုပ်မြင်ရဘဲ ကြားရသည့်အသံမှာ သူတို့ကိုချောက်လှန့်လိုက်သလိုပင်။ ဖ
ဒါက ဒီးတိုးသံဖြင့်- "မစ္စဟာရိဒ်ပဲ" "မစ္စတာရိဒ်ဆိုတာ ငါ့နာမည်
အများကြီးထဲက တစ်ခုပါ မိန်းကလေးရဲ့" အပေါ်မှ အသံပေါ်လာပြန်သည်

"အေး- အခုတော့၊ ပြောရမှာအားနာသကွယ်၊ မင်းတို့က ငါ့စီမံကိန်း
အနှောင့်အယှက်ပေးလာကြတာကိုး။ ဒါမျိုးကို ငါဘယ်တော့မှ ခွင့်လွှတ်
ဘူး၊ မင်းတို့ကြောင့် ဒီအိမ်ကို ရဲကသိသွားမှာကိုလည်း ခွင့်ပြုလို့မဖြစ်သ
မင်းတို့ဘယ်လိုကတိပေးပေး၊ ပြန်လွှတ်လို့မဖြစ်တော့ဘူး။ အခုတော့

ကြပြီမဟုတ်လား၊ ဒီအိမ်ဟာ ငါ့အတွက် သိပ်အသုံးကျတဲ့နေရာ၊ ငါဌာနချုပ်
ဆိုပါတော့၊ လာနှောင့်ယှက်သူတွေအတွက်လည်း ပြန်လမ်းမရှိတဲ့နေရာလို့
ဆိုနိုင်တယ်၊ မင်းတို့အတွက်တော့ စိတ်မကောင်းစရာပေါ့ကွာ၊ ဒါပေမယ့်
သိုအပ်လာတော့လည်း လုပ်ရတာပဲ"

အပေါ်မှ အသံခေတ္တပျောက်သွားပြီး ခဏအကြာတွင် ပြန်ကြားရပြန်
သည်။

"သွေးထွက်သံယို မဖြစ်စေရပါဘူးကွာ၊ ငါကလည်း သွေးဆိုရင် သိပ်
မြင်ချင်တာမဟုတ်ဘူး၊ ငါ့နည်းက အင်မတန်ရိုးပါတယ်၊ နောက်ပြီး နာနာ
ကျင်ကျင်ဖြစ်ဖို့လည်း မလိုဘူး၊ ကဲ-ကဲ ငါလည်း ခရီးဆက်ရဦးမယ်၊
နှစ်ယောက်စလုံး နှုတ်ဆက်ခဲ့ပါရဲ့။ မင်္ဂလာညပဲဟေ့၊ ဟားဟား"

"နေဦး၊ နေဦး" ဝီဗရာဟမ်က အပေါ်မော့၍ အော်ပြောလိုက်သည်။ "ခင်ဗျား
ကျုပ်ကို ကြိုက်သလိုစီရင်နိုင်တယ်။ ဘာအပြစ်မှမရှိတဲ့ မိန်းကလေးကိုတော့
သွတ်ပေးလိုက်ပါ။ သူလွတ်လိုက်လို့ ခင်ဗျားမှာ ဘာမှထိခိုက်စရာမရှိပါဘူး
ဗျ" အပေါ်မှတုံ့ပြန်သံမကြားရတော့ချေ။ ထိုအစား ဖရီဒါထံမှ ထိတ်လန့်စွာ
အော်သံကို ကြားရ၏။

"ရေ-ရေတွေ"

ဝီဗရာဟမ်က သူ့ကိုယ်ကိုတွန့်လိမ်ပြီး ဖရီဒါမျက်နှာမူရာဘက်သို့ ကြည့်
သိုက်သည်။ မျက်နှာကြက်အနီး နံရံရှိ အပေါက်ငယ်တစ်ခုမှရေများဖြည်း
ညှင်းချင်း စီးကျလာနေပါလား။ ဖရီဒါက စိတ်ချောက်ချားစွာ အော်ဟစ်ရင်း
"ကျမတို့ကို ရေနှစ်သတ်ကြတော့မှာ-ရှင့်"

ဝီဗရာဟမ်မှာ ချွေးသီးချွေးပေါက်များပင် ကျလာပေပြီ။ သို့ရာတွင် ဖရီဒါ
အားလှမ်း၍- "အားတင်းထားစမ်း ဖရီဒါ၊ တို့အခုအသက်ရှင်လက်ပဲ ရှိသေး
တယ်၊ အော်ကြည့်ရင် တစ်ယောက်ယောက်ကြားပြီး လာကယ်နိုင်မလား မသိ
ဘူး၊ ကဲ-အော်ကြမယ်ဖရီဒါ" နှစ်ယောက်သားပြိုင်တူအော်ကြသည်မှာ အသံ
တွေသာပြာလာသည်။ တုံ့ပြန်မှုမရပေ။ နောက်ဆုံးတွင် လက်လျှော့လိုက်ကြ
၏။

"မရပါဘူးကွာ" ဝီဗရာဟမ်က စိတ်ပျက်စွာပြောလိုက်သည်။ "ကိုယ်တို့
ကို မြေအောက်ခန်းတစ်ခုခုမှာ ထည့်ထားပုံရတယ်၊ တံခါးတွေကိုလဲ အသံ
သုံးအောင် လုပ်ထားတာဖြစ်မယ်၊ တို့အော်သံသာကြားနိုင်ရင် အစကတည်းက
တို့ရဲ့ဆွာန်ကြီးက တို့ကိုပါးစပ်အဝတ်ဆို့ထားခဲ့မှာပေါ့"

"အိုး" ဖရီဒါ ဝမ်းနည်းအားငယ်စွာ ငိုလေသည်။ "ဒါတွေဟာ ကျွန်မ

ကြောင့်ပါအစ်ကိုရယ်၊ ဒီပြဿနာထဲ အစ်ကို့ကို ကျွန်မ ဆွဲသွင်းခဲ့တာပါ"

"ဘာမှ စိတ်မကောင်းမဖြစ်နဲ့ ဖရီဒါ၊ ကိုယ် မင်းလွတ်ဖို့သာ နည်းလမ်းသစ်ရှာနေတာ၊ ကိုယ့်အနေနဲ့အရင်ကလည်း ဒီလိုဘေးကြပ်နံကြပ်အန္တရာယ်ကျူးခဲ့ကြဖူးပြီ။ တစ်နည်းနည်းနဲ့ လွတ်ခဲ့တာချည့်ပဲ၊ အားမငယ်နဲ့ ဖရီဒါလေး၊ စိတ်ကိုသာတင်းထား၊ တို့အကြံထုတ်ဖို့အချိန်ရှိသေးတယ်၊ဒီနှုန်းအတိုင်းသာရေကျနေရင် နာရီပေါင်းအတော်ကြာမှရေပြည့်လာမှာကွ"

"အစ်ကို သိပ်တော်တာပါလား" ဖရီဒါက အားရှိလာပြီးပြောလိုက်သည်။ "အစ်ကို့လိုလူစွမ်းကောင်းမျိုး စာအုပ်တွေထဲမှာသာ ဖတ်ဖူးခဲ့တာ"

"မဟုတ်သေးပါဘူး ဖရီဒါရယ်၊ကိုယ်ပိုင်ဘဏ်သုံးတတ်ဖို့သာ အရေးကြီးတာပါ။ ကဲ-ဟောဒီကြိုးတွေဖြည်နိုင်အောင် အရင်ကြိုးစားရလိမ့်မယ်"

၁၅မိနစ်ခန့်ကြာအောင် ကိုယ်ကိုတွန့်လိမ်လှုပ်ရှားနေခြင်းဖြင့်ကြိုးများအနည်းငယ်ပြေလျော့စပြုလာသည်ကို ဝီဗရာဟမ်ကျေနပ်စွာ ခံစားရ၏။ ခေါင်းကို ငုံ့နိုင်သမျှငုံ့၍လည်းကောင်း၊ လက်များကို မြွောက်နိုင်သမျှမြွောက်၍လည်းကောင်း၊ ကြိုးများကို သွားဖြင့်ကိုက်လျက် ဖြည်ရလေသည်။ နောက်ဆုံးတွင် ကြိုးများပြေသွားသောအခါ ကျန်ကိစ္စများမှာ အချိန်ပေါ်တွင်သာ ဘည်ပေတော့သည်။ ထိုကျဉ်နေသော လက်များဖြင့်ပင် ဖရီဒါကိုလည်း ကြိုးဖြည်ပေးလိုက်၏။ အခုအချိန်ထိတော့ ရေများက သူတို့ခြေမျက်စိကို မကျော်သေးပေ။

"ကဲ-အခု အပြင်ထွက်နိုင်ဖို့ နည်းလမ်းရှာရမယ်" မေဂျာဝီဗရာဟမ်က အခန်းကို စစ်ဆေးရင်းပြောလိုက်သည်။ တံခါးပေါက်မှာ လေ့ကားထစ်အနည်း ငယ်၏ထိပ်တွင်ရှိ၏။ ပျဉ်တံခါးရွက်သည် ခပ်ပါးပါးဖြစ်လေရာ ဝီဗရာဟမ်၏ ကိုယ်လုံးစောင်းဖြင့် လေးကြိမ်ခန့်တိုက်ခြင်းဖြင့် ပတ္တာများကျိုးထွက်ပြီး ပွင့် သွားလေတော့သည်။ အပြင်တွင်လည်း နောက်ထပ်လေ့ကားထစ်များကို တက်ရပြန်သည်။ နောက်တွေ့ရသည့်တံခါးမှာကားပျော့ပျော့မဟုတ်ပေ။ ထုထူသည့်အပြင် သံချောင်းများဖြင့်လည်း ကာထားသေး၏။ "ဒီတံခါးတော့ လွယ်လွယ်နဲ့ မရလောက်ဘူး" ဝီဗရာဟမ်က ခုတ်ချက်ချ၍ တံခါးကိုကြည့် လိုက်ရာ ကံအားလျော်စွာပင် သော့ခတ်ထားခြင်းမရှိကြောင်း တွေ့ရလေသည်။ တွန်းဖွင့်၍ အလွယ်တကူ ပွင့်သွားသောတံခါးမှ သူတို့နှစ်ယောက် ထွက်ခဲ့ကြရာ မီးဖိုခန်းနောက်ဘက် လမ်းသို့ရောက်သွားကြောင်း တွေ့လိုက် ရသည်။ မကြာခင် သူတို့သည် ဖရိုင်ရာလမ်းပေါ် ရောက်သွားကြပြီး ကောင်းကင်ကြယ်များကို ကြည့်နိုင်ကြလေပြီ။

"အိုး-ကြောက်စရာ အန္တရာယ်က လွတ်ပါပြီနော်-" ဖရီဒါက ရှိုက်သံဖြင့် ပြောလိုက်သည်။

"သနားစရာကောင်းလိုက်တဲ့ဖရီဒါလေး" ဝီဗရာဟမ်က သူမကို ညင်သာစွာ ပွေ့ဖက်ထားလိုက်ပြီး-"မင်းလဲသတ္တိကောင်းတာပါပဲ ဖရီဒါ၊ အန္တရာယ်တွေကို တို့နှစ်ယောက်အတူတူ ရင်ဆိုင်ခဲ့ကြရတာပါ။ ကိုယ်လည်းမင်းလိုပဲ၊ မင်းလိုထူးခြားတဲ့မိန်းကလေးမျိုး ခုမှတွေ့ဖူးတာပါ။ ကိုယ်အလေးအနက်ပြောမယ် ဖရီဒါ၊ မင်းကို ကိုယ်စွဲစွဲလမ်းလမ်းမေတ္တာရှိနေပြီ ကိုယ့်ကိုဘဝခရီးဖော်အဖြစ် လက်မတွဲနိုင်ဘူးလားဟင်"

ဖရီဒါက ကြည်နူးစွာခေါင်းညိတ်လျက် ဝီဗရာဟမ်၏ ရင်ခွင်ထဲတွင် ခေါင်းဝှက်ထားလိုက်တော့သည်။ ဝီဗရာဟမ်က သူမ၏ ဆံပင်များကို အသာအယာပွတ်သပ်ရင်း- "တို့ဘဝမှာ ဘာလိုတော့သေးလဲ၊ ခုဘိုရင် ဆင်စွယ်ညှိုက်ကြီးရဲ့ လျှို့ဝှက်ချက်ကိုလဲ ပိုင်ဆိုင်ထားရုံပဲ့" ဖရီဒါက အံ့သြစွာမော့ကြည့် ၍ "သူတို့မယူနိုင်ကြပါဘူးကွာ၊ မနေ့ကတည်းက မြေပုံအတုတစ်ခုကို အစစ် လို့ထင်ရအောင်လုပ်ပြီးသား၊ အစစ်က ဖရီဒါနဲ့တွေ့ဖို့ဒီကိုလာတုန်း အစ်ကို့ အပ်ချုပ်ဆရာဆီ စာတိုက်ကပို့လိုက်ပြီ၊ သူဘို့ရသွားတာ မြေပုံအတုကြီးပါ။ ဒီမယ် ဖရီဒါ၊ အစ်ကို အခုဘာလုပ်မလဲသိလား။ ဘို့နှစ်ယောက်ရဲ့ မင်္ဂလာဦး ပျားရည်ဆမ်းခရီးအဖြစ် အနှေ့အာဖရိကကို သွားမယ်။ ပြီးရင် ဆင်စွယ်သိုက် ကိုတွေ့အောင် ရှာကြစို့ ဟုတ်လား"

မစ္စတာပါကားပိုင်းသည် သူ့ရုံးခန်းထဲမှထွက်ပြီး အပေါ်ထပ်သို့တက်သွားကာ မစ္စစ်အိုလီဗာ၏ ရုံးခန်းသို့ဝင်လိုက်၏။ စိတ်ကူးယဉ်ဝတ္ထုရေးဆရာမဆိုသူ မစ္စစ်အိုလီဗာသည် မစ္စတာပိုင်း၏လုပ်ငန်းအစုဝင်တစ်ယောက်လည်းဖြစ်လေသည်။ ရုံးခန်းထဲတွင် လက်နှိပ်စက်တစ်လုံးဖြင့် အလုပ်ရှုပ်နေသည့် စာရေးဆရာမကြီးကို မစ္စတာပါကားပိုင်းတွေ့ရသည်။ စားပွဲပေါ်တွင် မှတ်စုစာအုပ်များ၊ လက်ရေးစာမူများနှင့်အတူ ပန်းသီးများထည့်သားသည့် စက္ကူဆိတ်ကြီးတစ်လုံးလည်းရှိ၏။

"သိပ်ကောင်းတဲ့ဇာတ်လမ်းပဲဗျ" မစ္စတာပိုင်းက ခွီးကျူးစကားပြောလိုက်ရာ မစ္စစ်အိုလီဗာက "အဆင်ပြေပြေ ပြီးဆုံးသွားပြီပေါ့-ဝမ်းသာပါတယ်ရှင်"

"အင်း-အခန်းထဲရေလွှတ်ပြီးချောက်လှန့်တဲ့နည်းက နည်းနည်းရိုးနေသားလို့ အသစ်အဆန်းထွင်နိုင်ရင် ပိုမကောင်းပေဘူးလားဗျာ" မစ္စတာပိုင်းက ကြံပေးလိုက်ရာ မစ္စစ်အိုလီဗာကခေါင်းခါ၍- "လူတွေက အဲဒါမျိုးတွေ့ စာအုပ်ထဲမှာ ဖတ်ဖူးနေကြတော့ အန္တရာယ်ကို ကိုယ်တွေ့ကြုံတဲ့အခါ ပိုပြီး

စိတ်ချောက်ချားတတ်ကြတယ်ရှင့်၊ ကိုယ်မြင်နေကျ၊ သုံးနေကျတွေကို လွယ်
လွယ်တုံ့ပြန်သလိုပေါ့"

"သြော်-ဒီလိုတော့လည်း ဟုတ်ပေသားပဲ" မစ္စတာပိုင်းက ဝန်ခံလိုက်ပြီ
မစ္စစ်အိုလီဗာ၏ စွမ်းဆောင်မှုများကို သတိရလိုက်၏။ စိတ်ကူးယဉ်ဝတ္ထုပေါင်
၄၆အုပ်ကို ရောင်းအကောင်းဆုံးစာရင်းဝင်ဖြစ်အောင် ရေးခဲ့သည့်အပြင် ဝ
စာအုပ်များမှာ ဘာသာ ၇ မျိုးဖြင့် ပြန်ဆိုထုတ်ဝေခဲ့ရပြီးဖြစ်သည်။

"ကုန်ကျစရိတ်တွေကော၊ ဘယ်နှယ့်နေလဲဗျ"

မစ္စစ်အိုလီဗာက ပန်းသီးတစ်လုံးကိုစားရင်း စာရွက်တစ်ရွက်ပေါ်
စာရင်းများကို ကြည့်လိုက်၏။

"ပုံမှန်လောက်ပါပဲ၊ ပါစီနဲ့ဂျယ်ရီနီဂရိုးနှစ်ယောက်က ဈေးနည်းပါတယ်
မစ္စတာရိဒ်နေရာကို သရုပ်ဆောင်တဲ့ပြဇာတ်သရုပ်ဆောင်လော်ရီဗာကို
ပေါင်ပေးရတယ်"

"ဝှိုက်ဖရိုင်ရာကို ဝယ်ထားမိတာ၊ အတော်အသုံးတည့်တယ်ဗျ။ ခုထိ
ရင် အဲဒီအိမ်ကို အသုံးချရတာ ၁၁ ကြိမ်ရှိပြီ" မစ္စတာပိုင်းက ကျေနပ်စွ
ပြောလိုက်သည်။

"သြော်-မေ့နေလိုက်တာ၊ ဂျွန်နီကိုပေးရတာရှိသေးတယ်ရှင့်၊ ၅သျှီလ
ကျတယ်"

"ဂျွန်နီ-ဘယ်ကဂျွန်နီလဲ"

"ပုံးနဲ့ရေလောင်းပေးရတဲ့ ကလေးလေ"

"သြော်-ဟုတ်သားပဲ၊ ဒါနဲ့ဗျာ၊ ဆွာဟီလီဘာသာကို ခင်ဗျားဘယ်တုန်
ကတတ်ထားလိုက်တာတုံး"

"မတတ်ပါဘူးရှင့်၊ အာဖရိကပြန်ကြားရေး ဗျူရိုမှာ သွားကြည့်ရတာပေါ့

"တော်ပါပေ့ဗျာ"

"မစ္စတာပိုင်း၊ ကျွန်မစိုးရိမ်တာတစ်ခုရှိတယ်ရှင့်၊ မေဂျာဝီဗရာဟမ်
နှစ်ယောက်၊ သူတို့သွားရှာတဲ့နေရာမှ ဘာဆင်စွယ်မှ တွေ့ကြမှာမဟုတ်ဘူ

"မစ္စစ်အိုလီဗာရယ်၊ ကမ္ဘာပေါ်က ဘယ်လူသားဖြစ်ဖြစ် လိုချင်သ
အကုန်ရတယ်လို့တော့ ဘယ်ရှိပါ့မလဲ" မစ္စတာပိုင်းက နှစ်သိမ့်စကား ပြေ
လိုက်သည်။ "ဒါပေမဲ့ သူတို့အတွက် အကောင်းဆုံးပျားရည်ဆမ်းခရီးတေ
ဖြစ်သွားတာပေါ့ဗျာ"

မေဂျာဝီဗရာဟမ်က အနားတွင်ထိုင်နေသော သူ့ဇနီးအား "ဖရီဒါ
ဒီနေ့ဘယ်နှစ်ရက်ပါလိမ့်"

"၁၆-ရက်လေ" ပြန်ဖြေရင်း၊ ဖရီဒါက မေးခွန်ထုတ်သော မျက်လုံးဖြင့်
ကြည့်လိုက်ရာ သူ့ခင်ပွန်းက- "ဘာရယ်မဟုတ်ပါဘူးကွာ၊ အစ်ကိုဂျုံးဆိုတဲ့
တစ်ယောက်နဲ့ သွားတွေ့ဖို့ရှိတာ သတိရလို့ပါ" မေဂျာက ဆက်တွေးနေ
လေသည်။ အဲဒီလူနဲ့ သွားတွေ့ရရင် ငါ့ပေါင်ငွေ ၅၀ ပြန်ရချင်ရမှာ၊
ပေမယ့် ငါကလည်း ညွှန်ကြားတဲ့အတိုင်း မလုပ်မိဘဲကိုး၊ ခုမှတော့ ရက်တွေ
ပြန်သွားပြီ။ တကယ်လို့ သွားတွေ့ဖြစ်ခဲ့ရင် ခုလိုဖရီဒါနဲ့ရေစက်ဆုံဖြစ်မှာ
ဟုတ်တော့ဘူး။ ဒါပဲကောင်းပါတယ်လေ၊ ဖရီဒါလို ဇနီးကောင်းတစ်ယောက်
ပေါင်းဖို့ကံ ဆုံလာတဲ့ကိစ္စမှာ ပေါင်ငွေ ၅၀လောက်ကတော့ ဆုံးစမ်းပါစေ။

ဖရီဒါသည်လည်း အတွေးရေယဉ်ကြောတွင် မျောနေလေသည်။

မစ္စတာပါကားပိုင်းရဲ့ ကြော်ငြာတွေ့လို့ သူ့အကူအညီတောင်းမိတာ
အရှုးထသလိုများ ဖြစ်သွားသလားမသိဘူး။ သူတို့ဘာမှ ထိထိရောက်ရောက်
ကူညီခဲ့ဘဲနဲ့ ငါ့ပိုက်ဆံသုံးပေါင်ခွဲ ယူသွားတယ်။ အေးလေ၊ သူတို့ဆီလည်း
ပ်မဆက်တော့တာ ကောင်းပါတယ်။ အစ်ကိုနဲ့ ဖူးစာဆုံရတဲ့နောက်
ကိုက်ဆံသုံးပေါင်ခွဲလောက်များ နှမြောနေစရာ မရှိတော့ပါဘူး။

ဖရီဒါက သူ့ခင်ပွန်းဘက်သို့လှည့်၍ ချစ်ခင်နှစ်လိုစွာ ကြည့်လိုက်ပါ
တော့သည်။

မတော်တဆ

"ဒီမယ်၊ ကျွန်တော်ပြောရဲတယ်။ အဲဒီမိန်းမပဲ သေချာတယ်ဗျာ၊ ဘာ
သံသယဖြစ်စရာ မရှိဘူး"

ကပ္ပတိန်ဟေးဒေါက်သည် စိတ်ထက်သန်စွာ ပြောနေသော သူ့မိတ်
ကိုကြည့်ပြီး သက်ပြင်းချလိုက်၏။ အီဗင်သည် ဒီလောက်ထိ အခိုင်အမာကြီ
ပိုင်ပိုင်နိုင်နိုင် စွပ်စွဲပြောဆိုတာမျိုး မလုပ်သင့်ဟု သူ ထင်မိသည်။ ပင်လယ်
ပြင်တွင် သူတာဝန်များကို ကာလရှည်ကြာ ထမ်းဆောင်ခဲ့သည့် သင်္ဘော
ကပ္ပတိန်ကြီးသည် ကိုယ်နှင့်မပတ်သက်သောကိစ္စများကို မဆိုင်သလိုနေတတ
ရန် အလေ့အကျင့်ရခဲ့ပြီးဖြစ်၏။ သူ့မိတ်ဆွေဖြစ်သူ စီအိုင်ဒီအင်စပက်တော်
ဟောင်း အီဗင်၏ဘဝအမြင်မှာမူ ဤသို့မဟုတ်ပါ။ "ရရှိသည့်သတင်းများက
အခြေခံ၍ အရေးယူဆောင်ရွက်ခြင်း"ဆိုသည်မှာ သူ၏လက်စွဲဝါဒဖြစ်သည်
ဤဝါဒကို တစ်ဆင့်တက်၍ သတင်းများကို ကိုယ်တိုင်ရသည်အထိ လိုက်လံ
ဆောက်လုပ်ခြင်းသည်လည်း သူ့အကျင့်ဖြစ်လာလေသည်။ အင်စပက်တော်
အီဗင်သည် အလွန်စမတ်ကျပြီး သွက်လက်ဖျတ်လတ်သည့် အရာရှိတစ်ဦး
ဖြစ်ခဲ့၏။ မကြာသေးမီက အငြိမ်းစားယူခဲ့သော်လည်း သူ့စိတ်ကြိုက် ဆင်ခြေ
ပေးနေရုပ်တွင် အေးဆေးစွာ အခြေချနေလိုင်လျက် သူ့အသက်မွေးဝမ်းကျောင်း
အလုပ်ဖြစ်ခဲ့သည့် စုံစမ်းထောက်လှမ်းအဖြေရှာသည့် ဝါသနာမှာမူ ထက်သန်
နေဆဲဖြစ်ပေသည်။

"မျက်နှာတစ်ခုကို တွေ့ပြီးတာနဲ့ မမေ့တတ်ဘူးဗျ" သူက ကျေနပ်ဂုဏ်
ယူစွာ ဆက်ပြောနေပါသည်။ "မစ္စစ်အန်ထနီ-ဟုတ်တယ်၊ မစ္စစ်အန်ထနီ
ပါပဲ။ ခင်ဗျားက မစ္စစ်မာရိုဒင်းလို့ ပြောလိုက်တာနဲ့ ကျွန်တော်ချက်ချင်းသိ
လိုက်တော့တာပေါ့"

ကပ္ပတိန်ဟေးဒေါက် စိတ်မသက်မသာဖြစ်လာရ၏။ မာရိုဒင်းမိသားစုမှာ
နှင့်အနီးဆုံး အိမ်နီးချင်းဖြစ်သည်။ အီဗင်အနေဖြင့် မစ္စစ်မာရိုးဒင်းကို
ခင်ကဖြစ်ပွားခဲ့ဖူးသည့် သံသယဖြစ်ဖွယ် အမှုကိစ္စတစ်ခုအတွက် အဓိက
တန်ရှိသူအဖြစ် ပြောဆိုနေခြင်းကို သူ သဘောမကျပေ။

"အဲဒီကိစ္စက ကြာလှပါပြီကွာ" သူကလေယော့ပျော့နှင့်ပြောလိုက်၏။

"ကိုးနှစ်ရှိပြီဗျ" အီဗန်က သူ့အကျင့်အတိုင်း ပိုင်ပိုင်နိုင်နိုင်ပြောသည်။
"ကိုးနှစ်နဲ့သုံးလဗျာ။ အတိအကျပြောရရင် အမှုအကြောင်းကော ခင်ဗျား
သိမိသေးလား"

"ခပ်ရေးရေးပဲကွ၊ ကောင်းကောင်း မမှတ်မိတော့ဘူး"

"အန်ထနီဟာ အာဆင်းနစ်ကိုဆေးအဖြစ်ပုံမှန်စားနေရတဲ့သူလို့အဖြေထွက်
ခဲ့တယ်"အီဗန်ကဆက်ပြော၏။ "အဲဒီတော့သူ့မိန်းမကိုဖမ်းထားရာက
လိုက်ရတော့တာပေါ့"

"အေးလေ၊ ဘာမလွှတ်နိုင်စရာရှိလို့လဲ"

"ဖမ်းထားစရာအကြောင်းက မခိုင်လုံလို့ပေါ့ဗျာ။ သက်သေအထောက်
ထားပေါ်မှာပဲစီရင်ဆုံးဖြတ်ရတာကိုး၊ ဆုံးဖြတ်ချက်ကလည်း ဥပဒေ
ကြောင်းအရမှန်ပါတယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့ကွာ" ဟေးဒေါက်ကပြန်ပြော၏။ "တို့ကအဲဒီ
တွက် စိတ်ဝင်ပူနေစရာအကြောင်းမရှိပါဘူး"

"ဘယ်သူက ပူနေလို့လဲဗျ"

"မင်းလေကွာ၊ မင်းကဝင်ပူနေတာမဟုတ်ဘူးလား"

"လုံးဝ မဟုတ်ပါဘူးဗျာ"

"အဲဒီကိစ္စက ပြီးသွားခဲ့ပြီပဲ" ကပ္ပတိန်ဟေးဒေါက်က စိတ်အနှောင့်အ
ယှက်ဖြစ်ဟန်ဖြင့်ပြန်ပြောလိုက်၏။

"အဲဒီအမျိုးသမီးဟာ သိပ်စိတ်ပျက်စရာကောင်းတဲ့အတွေ့အကြုံတွေ
ခဲ့မှာဘယ်လိုပဲ ပါခဲ့၊ ပါခဲ့၊ အဲဒီကိစ္စကိုတို့ကပြန်ဖော်နေဖို့အကြောင်း
တာမှမရှိပါဘူး၊ ဟုတ်ရဲ့လား"

အီဗင်ကပြန်မဖြေပါ။

"ကဲ-အီဗင်၊ အဲဒီအမျိုးသမီးဟာ အပြစ်ကင်းတယ်လို့ ကိုယ့်လူပဲ ပြောခဲ့
တယ်မဟုတ်လား"

"သူအပြစ်ကင်းတယ်လို့ကျွန်တော်မပြောပါဘူးဗျ၊ အပြစ်ကလွတ်တယ်

လို့သာပြောတာပါ"

"အတူတူပဲ လေကွာ"

"အမြဲတမ်းတော့ တူတာမဟုတ်ဘူးဗျ"

ကပ္ပတိန် ဟေးဒေါက်သည် ဆေးတံကို ကုလားထိုင်တွင် ခေါက်နေခြ
ကို ရပ်လိုက်ပြီး သူ့မိတ်ဆွေကို တအံ့တသြ ကြည့်လိုက်ပါသည်။

"ဟေ့-ဟေ့-အဲဒါကဘယ်လို အဓိပ္ပာယ်တုံး၊ သူအပြစ်ရှိတယ်လို့ မင်း
ဆိုချင်တာလား"

"ဒီလိုတော့တည်း မဟုတ်ပါဘူး။ ကျွန်တော် ဘယ်လိုပြောရမလဲ မသိ
အန်ထနီဟာ အာဆင်းနစ်ကို ဆေးဖြစ်ဝါးဖြစ် စားနေရတယ်။ သူ့မိန်းမ
အဲဒါကို ရှာပေးရတယ်။ တစ်ရက်မှာတော့မှားပြီး အများကြီးစားလိုက်မိသ
သူမှားတာလား၊ သူ့မိန်းမ မှားတာလား ဆိုတာကို ဘယ်သူမှ မပြောနိုင်
ပေါ့ဗျာ။ ဂျူရီအဖွဲ့ကတော့ သံသယအကျိုးခံစားခွင့်ပေးလိုက်ပါတယ်။ ဒါအ
လျော်ဆုံး ဆုံးဖြတ်ချက်မို့ ဘာမှဝေဖန်စရာမရှိပါဘူး။ အင်း-ဘယ်လိုပဲဖြ
ဖြစ်ခဲ့ သိတော့ သိချင်တာပေါ့ဗျာ"

ကပ္ပတိန်ဟေးဒေါက်က သူ့ဆေးတံကို အာရုံပြန်စိုက်လိုက်ပြီး-"အေး
ဒါ တို့အလုပ်မဟုတ်ပါဘူး" ဟု ခပ်အေးအေး ပြန်ပြောလိုက်ပါသည်။

"ကျွန်တော်ကတော့ အဲဒီလို မထင်ဘူး"

"ဟာ-မင်းကလည်း"

"ခဏလေး နားထောင်ပါဦး၊ မာရှိဒင်းဆိုတဲ့လူဟာ ညနေက သူ့ဓာ
ခန်းထဲမှာ ဆေးတွေအမျိုးမျိုးရောပြီးစမ်းနေတာ ခင်ဗျားမှတ်မိတယ်မဟုတ်လ
"ဟုတ်တယ်၊ အာဆင်းနစ်ကို မားရှ်ရဲ့နည်းနဲ့ စမ်းသပ်နေတာ၊ အဲဒီနည်း
မင်းသိတယ်လို့ပြောတာပဲ၊ မင်းနဲ့ဆိုင်တဲ့ လိုင်းပဲလို့ပြောပြီး ရယ်နေသေးတ
သူသာ တစ်ခုခု သံသယရှိနေရင် ဒီစကားပြောမှာမဟုတ်ဘူးဆိုတာ-"

အီဗင်က သူ့စကားကိုဖြတ်၍-"ခင်ဗျားဆိုလိုတာက ဖြစ်ခဲ့တဲ့ကိစ္စကိုသံသ
ရှိနေရင် သူအဲဒီလိုပြောမှာ မဟုတ်ဘူးလို့ပေါ့။ သူတို့လက်ထပ်ခဲ့တာဘယ်တ
တပါလိမ့် အဲ ခြောက်နှစ်ရှိပြီနော်၊ ခင်ဗျားပြောတာ၊ သူဟာသူ့မိန်းမကို တစ်ချိန်
နာမည်ပျက်ခဲ့ဘူးတဲ့ မစ္စစ်အန်ထနီလို့ သိကိုမသိဘူးဗျာ၊ ကျွန်တော် လောင်းရဲတ

"ငါ့ဆီကနေလည်း သူဘယ်တော့မှသိရမှာမဟုတ်ဘူး" ကပ္ပတိန်ဟေးဒေါ
က ခပ်ပြတ်ပြတ် ပြန်ပြော၏။ အီဗင်က အလေးမထားဘဲ သူ့စကားကိုဆ
ပါသည်။

"ကျွန်တော့်စကား မဆုံးသေးဘူး။ မားရှ်နည်းနဲ့စမ်းသပ်အပြီးမှာ သူ

ကိုစမ်းဖန်ပြွန်တစ်ခုထဲမှာ အဲဒီဒြပ်ပေါင်းကိုထည့်ပြီး အပူပေးလိုက်တယ်။
ယ်ကျလာတဲ့သတ္တုရောကို ရေနဲ့ဖျော်ပြီး ဆီးလ်ဗားနိုက်ထရိတ် ထည့်လိုက်
ကော့ အငွေ့ပျံတာပေါ့။ အဲဒါဟာ ကလိုရိတ်ဖြစ်လာဖို့စမ်းသပ်ချက်တစ်ခုပဲ။
ရှိနိုး စမ်းသပ်ချက်ပါ။ ဒါပေမဲ့ ကျွန်တော်က စားပွဲပေါ်မှာ ဖွင့်ပြီးတင်ထား
ကိုစာအုပ်ကို အမှတ်တမဲ့ ဖတ်လိုက်မိတယ်ဗျ။ အဲဒီမှာပါတာက-" H_2SO_4
ည် ကလိုရိတ်များကို CL_4O_2 လည်ပတ်ဖြစ်စဉ်ကြောင့်ပြိုကွဲသွားစေ၏။
ပူပေးလိုက်လျှင် ပြင်းထန်စွာပေါက်ကွဲစေနိုင်သည်။ ထို့ကြောင့်ထိုဒြပ်ပေါင်း
အေးသောအခြေအနေတွင်သာထားရှိပြီး ပမာဏအနည်းငယ်မျှကိုသာ
ထုံးပြုသင့်သည်" တဲ့

ဟေးဒေါက်က သူ့မိတ်ဆွေကို နားမလည်နိုင်စွာကြည့်နေ၏။

"အင်း-အဲဒီတော့ ဘာဖြစ်လို့လဲ"

"ဒီလိုဗျ၊ ကျွန်တော့်ရဲ့အလုပ်တာဝန်တွေထဲမှာ ခွဲခြားစိတ်ဖြာရတဲ့
စ္စတွေရှိတယ်။ လူသတ်မှုမျိုးဆိုပါတော့၊ အချက်အလက်တွေ ပေါင်းစပ်
တယ်။ အဲဒါတွေကို ချိန်ဆရတယ်။ သုံးသပ်ရလာသမျှတွေကိုအသေးစိတ်
ဆေး ရတယ်။ တချို့အချက်အလက်တွေဟာမမှန်သြဇာလွမ်းတာတို့၊
ကိုသေရဲ့ မတိကျတဲ့ထွက်ချက်တို့ကြောင့်လည်းလွဲနေနိုင်တာကိုး။
ပေမယ့် လူသတ်မှုမှာ နောက်တစ်မျိုးစမ်းသပ်နည်းရှိသေးတယ်။ အတော်
သေးတိကျတဲ့အဖြေ ရနိုင်တယ်။ ဒါပေမယ့်အန္တရာယ်တော့ကြီးတယ်။
လူသတ်သမားဟာအမှုတစ် ခုတည်းနဲ့ကျေနပ်ရောင့်ရဲသွားလေ့မရှိဘူးဆိုတဲ့
ယူအဆပဲ။ သူ့ကိုအချိန် ပေးပြီးစောင့်ကြည့်ရမယ်။ သံသယနဲ့
ကြည့်နေမှန်း သူမသိစေရဘူး။ အဲဒီနောက် သူဟာ နောက်ထပ်တစ်မှု
ပ်ပြီးကျူးလွန်တော့တာပဲ။ လူတစ် ယောက်ကိုဖမ်းမိပြီဆိုပါစို့။ ဒီလူဟာ
မိန်းမကို သတ်ခဲ့သလား၊ မသတ်ခဲ့ဘူး လားဆိုတာ ပြတ်ပြတ်သားသား
ဆုံးဖြတ်နိုင်ခဲ့ဘူး ဆိုပါတော့။ သူရဲ့အတိတ် ဖြစ်ရပ်တွေကို စစ်ဆေးကြည့်
တော့မယ်။ သူဟာ အတိတ်က မိန်းမတွေ အများကြီးယူခဲ့ဖူးမယ်။
ယူခဲ့တဲ့မိန်းမတွေဟာလည်းအားလုံးပဲ အဖြေရှာ မရတဲ့နည်းနဲ့ သေသွားကြ
ယ်ဆိုတာ ဖော်ထုတ်တွေ့ရှိရရင် သိနိုင်ပြီပေါ့ဗျာ။ တရားဝင် ဥပဒေ
တောင်ထဲက ပြောနေတာမဟုတ်ပါ။ တစ်ကြိမ်သိလိုက်ပြီ ဆိုရင်တော့
ကိုသေအထောက်အထားရဖို့ဆက်လုပ်သွားရုံပါပဲ။"

"ဘယ်လိုဆက်လုပ်မှာလဲ"

"ကျွန်တော်အခု အဲဒါပြောမရလို့ပါပဲ၊ အတိတ်ဇာတ်လမ်းတစ်ခု ရှိခဲ့

တယ်ဆိုရင်တော့ လုပ်ရတာလွယ်ပါတယ်။ ဒါပေမယ့် လူသတ်ကောင်
သူရဲ့ ပထမဆုံးအမှုမှာပဲ ဖမ်းမိတယ်ဆိုပါတော့။ စမ်းသပ်ချက်ဟာ ဘာမှ
ပြန်မှုရမှာ မဟုတ်ဘူး။ အဲ-ဒါပေမယ့်လို့ တရားခံဟာ သက်သေမထင်ရှား
လွတ်သွားတယ်ဆိုပါစို့။ သူ့ဘဝကို သူတခြားနာမည်တစ်မျိုးနဲ့ ပြန်စတ
ဆိုပါစို့။ အဲဒီလူက နောက်ထပ်လူသတ်မှု ကျူးလွန်မှာလား၊ မကျူးလွန်တော
ဘူးလား"

"ဒါတော့ အတော်ကြောက်စရာ ကောင်းတဲ့ စိတ်ကူးပဲကွ"

"ဒါကို ခင်ဗျားက တို့အလုပ်မဟုတ်ပါဘူးလို့ ပြောဦးမှာလား

"ပြောရမှာပဲလေ၊ မစ္စစ်မာရိုဒင်းဟာ အပြစ်ကင်းစင်တဲ့ အမျိုးသမီးတ
ယောက်ပဲဆိုတာလွဲပြီး ဘာမှတခြားထင်မြင်ယူဆစရာ အကြောင်းမရှိဘူး

ရဲအင်စပက်တော်ဟောင်းက စကားမပြန်ဘဲ ခေတ္တငြိမ်သက်နေပါ၏
ထို့နောက် သူက ခပ်ဖြည်းဖြည်း ပြန်ပြောပါသည်။

"သူ့ရဲ့အတိတ်မှာ ကျွန်တော်တို့စစ်ဆေးကြည့်ခဲ့ပြီး ဘာမှမတွေ့ပါဘူး
ခင်ဗျားကို ပြောခဲ့တယ်နော်။ အဲဒါမမှန်ဘူးဗျ။ သူ့မှာ ပထွေးတစ်ယောက်ရှိ
တယ်။ သူ့အသက်ဆယ့်ရှစ်နှစ်တုန်းက လူငယ်တစ်ယောက်နဲ့ ရည်းစားဖြစ်
တော့ သူ့ပထွေးက သူတို့နှစ်ယောက်ကို ကွဲသွားအောင် လုပ်လိုက်တယ်
တစ်ရက်မှာ သူ့ပထွေးနဲ့သူ ကျောက်တောင်စွန်းတစ်ခုဆီ လမ်းလျှောက်သွား
ကြရာက မတော်တဆအဖြစ်တစ်ခု ဖြစ်သွားတော့တာပဲ။ သူ့ပထွေးဟာ
ကျောက်တောင်ရဲ့အစွန်းနားကို တိုးပြီးကြည့်နေရင်းက ခြေချော်ကျသွားပြီး
သေသွားရသတဲ့။"

"ဒီတော့ မင်းထင်တာက - "

"မတော်တဆဖြစ်တာလေဗျာ။ မတော်တဆလို့ဆိုတာကိုး၊ အန်ထ
အာဆင်းနစ်အများကြီးစားမိပြီး သေရတာလည်း မတော်တဆပါပဲ။ မစ္စစ်အ
ထနီမှာတခြား လူတစ်ယောက်နဲ့ အဆက်အသွယ်ရှိနေတယ် ဆိုတာသ
ပေါ်မလာရင် သူ့ကိုတရားစွဲဖြစ်မှာတောင် မဟုတ်ဘူး။ ဒါပေမယ့် အဲဒီလူ
တော့ရှောင်ပြေးတော့သတဲ့ဗျ။ ဂျူရီအဖွဲ့က ကျေကျေနပ်နပ်နဲ့ လွှတ်ပေ
လိုက်တာတောင် သူကတော့ ကျေနပ်ပုံမရတဲ့သဘောပဲ။ ကျွန်တော်ပြောမယ်
ဟေးဒေါက်၊ အဲဒီအမျိုးသမီးနဲ့ပတ်သက်လာရင် ကျွန်တော်ကတော့
နောက်ထပ် မတော်တဆ ဖြစ်မှာမျိုးကို စိုးရိမ်နေတယ်ဗျာ"

ကပ္ပတိန်ကြီးက သူ့ပခုံးများကို တွန့်ပြလိုက်ပါသည်။

"အဲဒီကိစ္စဖြစ်ခဲ့တာ ကိုးနှစ်လောက်ကြာခဲ့ပြီးပြီ။ နောက်ထပ် မတော်

ဆမှုက ခုချိန်မှာ ဘာလို့ဖြစ်ရမှာလဲ"

"ဒါကို အခုပြောလို့မရသေးဘူးဗျ။ တစ်ချိန်ချိန်ကျရင်တော့ ပြောပါ့မယ်၊
ဒီလိုမဖြစ်နိုင်တဲ့ ရည်ရွယ်ချက် တစ်ခုခုပေါ်လာတဲ့အချိန်ပေါ့ဗျာ"

ကပ္ပတိန် ဟေးဒေါက်က ထပ်၍ပခုံးတွန့်လိုက်ပြန်ပါ၏။

"အေးလေ . . . အဲဒါမျိုးရှိလာရင် မင်းဘယ်လို ကာကွယ်မှာလဲလို့ ငါ
တော့ မစဉ်းစားတတ်ဘူး"

"ကျွန်တော်လည်း မစဉ်းစားတတ်ပါဘူး" အီဗင်က စိတ်မကောင်းဟန်
ဖြင့် ပြန်ပြောသည်။

"ငါတော့ စဉ်းစားမနေတော့ဘူးကွာ" ကပ္ပတိန်က သူ့ကို ပြောလိုက်
သည်။ "သူတစ်ပါး ကိစ္စတွေထဲ ဝင်ပါရတာကောင်းတဲ့ အလုပ်လည်းမဟုတ်
ပါဘူး"

ထိုအကြံပြုချက်ဆန်သည့်စကားမှာ ရဲအင်စပက်တော်ဟောင်းအတွက်
ဝင်မချိုလှပါ။ သူသည် စိတ်ရှည်သူမှန်သော်လည်း ဆုံးဖြတ်ချက်ခိုင်မာသူ
စ်ဦးဖြစ်သည်။ သူ့စိတ်ထဲတွင်မူ သူ့မိတ်ဆွေမေးခဲ့သည့် ကာကွယ်နိုင်မည့်
ည်းလမ်းများကိုသာ တဝဲလည်လည် စဉ်းစားနေလေသည်။

သူသည် တံဆိပ်ခေါင်းအနည်းငယ် ဝယ်လိုသည့်အတွက် စာတိုက်ရှိရာ
မ်းဘက်သို့ ချိုးလိုက်သောအခါ သူ့အတွေးထဲမှ လူနှင့်တည့်တည့်ဝင်တိုက်
တော့သည်။ ဂျော့မာရိုဒင်း ဖြစ်ပါ၏။ ဓာတုဗေဒ ပါမောက္ခဟောင်းတစ်ဦး
ဖြစ်သော ထိုလူသည် အတွေးလွန်နေသော မျက်နှာမျိုးနှင့် နူးညံ့သိမ်မွေ့လျက်
ကြင်နာတတ်သော အမူအရာရှိသူဖြစ်သည်။ မကြာခဏလည်း လုံးလုံးလျား
ကျား မေ့လျော့တတ်၏။ သူသည် သူနှင့် တိုက်မိသော အီဗင်ကို မှတ်မိပါ
သည်။ သို့ဖြစ်၍ ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ပြီး သူ့လက်မှလွတ်ကျသွား
သော စာများကို ကုန်းကောက်ပါသည်။ အီဗင်က သူ့ထက်ပို၍ မြန်မြန်
ကောက်ပြီး စာအိတ်များကို စုစည်းလျက် တောင်းပန်စကားနှင့်အတူ ပြန်ပေး
လိုက်၏။

စာအိတ်များကို ကောက်ယူရင်း အပေါ်ဆုံးက စာအိတ်ပေါ်တွင်ပါ
သည့် လိပ်စာကို အမှတ်တမဲ့ ဖတ်မိသောအခါ သူ ဒိတ်ခနဲရင်ခုန်သွားပြီး
သံသယစိတ်လည်း ဝင်လာရလေသည်။ လိပ်စာမှာ ထင်ရှားသော အသက်
အာမခံကုမ္ပဏီတစ်ခု ဖြစ်နေပါ၏။ ချက်ချင်းပင် သူ ဆုံးဖြတ်ချက်တစ်ခု
ချလိုက်သည်။ သဘောထားရိုးစင်းလှသည့် ဂျော့မာရိုဒင်းသည် သူနှင့်ရဲအင်စ
ပက်တော်တို့ ရွာထဲသို့ အတူတကွလမ်းလျှောက်လာကြသည့် အကြောင်းရင်း

ကိုလည်းကောင်း၊ သူတို့ပြောနေသည့်စကားသည် အသက်အာမခံထားသ
ကိစ္စဆီသို့ မည်သည့်အတွက် ရောက်ရှိသွားရသည်ကိုလည်းကောင်း လုံ
မရိပ်စားမိပေ။

အီဗင်သည် သူလိုချင်သည့် သတင်းစကားကို ရရန်ခက်ခက်ခဲခဲ မကြ
စားရပါ။ မာရိုဒင်းကိုယ်နှိုက်က သူသည် သူ၏ အသက် အာမခံစာချုပ်
သူ့ဇနီး အား အမွေဆက်ခံလျက် ယခုပင်ချုပ်ဆိုခဲ့ကြောင်း။ အသက်အာ
ကုမ္ပဏီနှင့် ပတ်သက်၍အခြေအနေကောင်းမကောင်း အီဗင်၏အမြင်ကို
တောင်းခံ လိုက်သေး၏။

"ကျွန်တော် သိပ်အကျိုးမရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ခဲ့မိတယ်ဗျ"
ဂျော့မာရိုဒင်းက ဆက်၍ရှင်းပြပါသည်။ "ဒီတော့ ကျွန်တော့်ပုံမှန်ဝင်ငွေ
နည်းသွားတော့တာပေါ့ဗျာ။ ကျွန်တော် တစ်စုံတစ်ရာဖြစ်ရင် ကျွန်တော့်အမျိုးသ
ဟာ အတော်အခြေအနေ ဆိုးသွားနိုင်တယ်လေ။ အခု အသက်အာမခံထ
လိုက်တော့ စိတ်အေးရတာပေါ့ဗျာ"

"အဲဒီလိုထားမယ့်ကိစ္စကို ခင်ဗျားဇနီးက မကန့်ကွက်ဘူးလား" အီဗင်
အမှတ်တမဲ့လိုလိုနှင့်မေးလိုက်ပါသည်။ "တချို့အမျိုးသမီးတွေက နိမိတ်မကော
တို့ဘာတို့ထင်တတ်ကြတယ်လေဗျာ" မာရိုဒင်းကပြုံးလျက်- "အိုး-မာဂရ
က လက်တွေ့သမားဗျ။ အယူမသီးတတ်ပါဘူးဗျ။ အမှန်မှာတော့ ဒီလိုလုပ်ဖြ
တာ သူတိုက်တွန်းလို့ပါ။ ကျွန်တော် စိတ်ပူနေတာကို သူမကြိုက်ဘူးလေ

အီဗင်သည့်သူလိုချင်သည့် သတင်းစကားကို ရလိုက်ပါပြီ။ ခဏအကြ
ကွင် သူတို့နှစ်ဦးလမ်းခွဲခဲ့ကြ၏။ သူ့နှုတ်ခမ်းများမှာ ယခုအခါ တင်းတင်း
နေကြသည်။ မစ္စတာအန်ထနီသည်လည်း သူမသေမီ ရက်သတ္တပတ်အနည်းဝ
တမှ သူ့ဇနီးကို အမွေဆက်ခံသူအဖြစ်ထားလျက် အသက်အာမခံစာချုပ်ချ
ခဲ့သူဖြစ်သည်။

အီဗင်သည် သူ၏အမြင်အယူအဆတို့ကို အမြဲစိတ်ချသူဖြစ်ပါ၏။ ယ
အခါ သူ့စိတ်ထဲတွင် ခိုင်မာသေချာသော အဖြေတစ်ရပ်ရှိနေပါပြီ။ ဘယ်
အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုသည်က တစ်ကိစ္စဖြစ်သည်။ သူသ
ရာဇဝတ်ကောင်တစ်ဦးကို အပြစ်ကျူးလွန်ဆဲတွင် လက်ပူးလက်ကြပ် ဖမ်း
ခြင်းကို မလိုလားပေ။ ဖြစ်နိုင်ပါက မကျူးလွန်မီ တားဆီးကာကွယ်ရခြင်းကို
လိုလားပါ၏။ သို့ရာတွင် ကြိုတင်တားဆီးရန်မှာ အလွန်ခက်ခဲပါသည်။

သူတစ်နေ့လုံး စဉ်းစားခန်းဝင်နေပါသည်။ နေ့ခင်းပိုင်းတွင်သူသည်
ကွင်းပြင်တွင် ပြုလုပ်သော ဖျော်ပွဲရွှင်ပွဲတစ်ခုသို့ သွားသည်။ သူသည် ခွက်တ

ထဲသို့ငွေအကြွေ လှမ်းပစ်ထည့်သည့်ကစားနည်း၊ဝက်၏အလေးချိန်ကိုခန့်မှန်း
သည့်ကစားနည်း၊အုန်းသီးများကိုဘောလုံးဖြင့်ထိမှန်လဲကျအောင် ပစ်၍ကစား
နည်း စသည်တို့တွင် တကယ်စိတ်မပါလှဘဲ ဝင်ကစားနေခဲ့၏။ ခရစ်စတယ်
ဖန်လုံးကိုကြည့်၍ဟောသည့် အကြားအမြင်ဆရာမ ဇာရာထံ၌ပင် ပိုက်ဆံက
ရောင်းဝက်အကုန်ခံလျက် ဝင်မေးပါသည်။ သူတာဝန်ထမ်းဆောင်ခဲ့စဉ်ကာလက
ဗေဒင်လက္ခဏာ ခန်းဖွင့်၍ လိမ်ညာနေသူများကို လိုက်လံရှင်းလင်းခဲ့ရသည်
ကို သတိရပြီး ပြုံးလိုက်မိပါ၏။ ဆရာမဇာရာ၏ အသံနိမ့်မြင့်မရှိ သီချင်းညည်း
နေသလို ဟောပြောချက်များကို သူအာရုံကောင်းစွာမထားမိပါ။ သို့ရာတွင်
အဆုံးသတ် ပြောလိုက်သော စကားတစ်ခွန်းကိုမူ သူသတိပြုလိုက်မိသည်။

"... သိပ်တိုတောင်းလှတဲ့ကာလအတွင်းမှာ သင်ဟာသေရေးရှင်ရေး
ကိစ္စတစ်ခုမှာ ပါဝင်ပတ်သက်ရတော့မယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့
သေရေးရှင်ရေးကိစ္စဖြစ်တယ်.."

"အဲဒါဘယ်လိုကိစ္စလဲဗျ" သူက တဲ့တိုးပင် မေးလိုက်၏။

"ဆုံးဖြတ်ချက်တစ်ခုဖြစ်တယ်။ သင့်မှာဆုံးဖြတ်စရာကိစ္စတစ်ခု ကြုံရ
တော့မယ်။ သတိထားရလိမ့်မယ်။ အကြီးအကျယ် သတိထားလိုက်ပါ။ သင့်
မှားမိရင် အသေးငယ်ဆုံးသော ဆုံးဖြတ်ချက်အမှားအယွင်းဟာ-"

"ဟုတ်ကဲ့-ဘာဖြစ်မှာလဲ"

ဆရာမဇာရာ ကြက်သီးထဟန်ပြု၏။ အီဗင်ကတော့ အဓိပ္ပာယ်
မရှိသော အပိုအလိုတွေဟု ယူဆထားပါသည်။ သို့သော် သူသိတော့သိချင်
နေသည်။

"သင့်ကို သတိပေးမယ်။ မမှားစေနဲ့။ မှားသွားပြီဆိုရင်တော့ ထင်ထင်
ရှားရှား မြင်နေရတာက-သေခြင်းတရားပဲ"

ထူးတော့ထူးတယ်။ သေခြင်းတရားတဲ့။ တော်တော်အလေးအနက် ပြော
နေပုံပဲ။

"ကျွန်တော်အမှားတစ်ခုခုလုပ်မိရင် သေခြင်းတရားတစ်ခု ပေါ်ပေါက်
နိုင်တယ်ပေါ့"

"အဲဒီအတိုင်းပဲ"

"ဒီလိုဆိုရင်လည်း" အီဗင်က ကရောင်းဝက်ကိုပေးလိုက်ပြီးထရင်း-
"မမှားဖို့ ဂရုစိုက်ရမှာပေါ့ဗျာ-ဟုတ်လား"

သူကခပ်ပေါ့ပေါ့ ပြောခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ဟောခန်းအပြင်ဘက်ထွက်
လာသောအခါ သူမေးကြောတွေတင်းနေအောင် အရေးတကြီး စဉ်းစားရလေ

သည်။ ပြောရတာလွယ်ပေမယ့် အလုပ်ကမလွယ်ဘူး။ လုံးဝလွဲချော်သွားလို့ မဖြစ်ဘူး။ အသက်တစ်ချောင်း၊ တန်ဖိုးရှိလှသော လူ့အသက်တစ်ချောင်းသည် သူ့ဆုံးဖြတ်ချက်ပေါ်မူတည်နေသည်။ သူ့ကိုကူညီ အကြံပေးနိုင်မည့်သူလည်း မရှိပါ။

ခပ်ဝေးဝေးတွင် သူ့မိတ်ဆွေဟေးဒေါက်ကို တွေ့ရသည်။ သူကလည်း ကူညီနိုင်မည့်သူမဟုတ်။ "သူဖြစ်ချင်သလိုဖြစ်ပါစေ၊ထားလိုက်စမ်းပါ" ဆိုသည်မှာ ဟေးဒေါက်၏လက်စွဲဝါဒ ဖြစ်သည်။ ထိုဝါဒသည် ယခုကိစ္စတွင် အသုံးဝင်မည်မဟုတ်ပေ။ ဟေးဒေါက်သည် အမျိုးသမီးတစ်ယောက်နှင့် စကားပြောနေ၏။ ထို့နောက်အမျိုးသမီးက ဟေးဒေါက်ထံမှ ခွဲခွာလျက် သူ့ထံသို့ဦးတည်လာနေပါ သည်။ သူချက်ချင်းမှတ်မိလိုက်ပါသည်။ ထိုအမျိုးသမီးမှာမစ္စစ်မာရိုဒင်းကိုယ်တိုင် ဖြစ်ပါလေ၏။ သူကအလိုအလျောက်ပင် မစ္စစ်မာရိုဒင်းလာနေသည့်လမ်းဘက် သို့ဦးလှည့်လိုက်ပါသည်။

မစ္စစ်မာရိုဒင်းသည် အတော်ကြည့်ကောင်းသည့်အမျိုးသမီးတစ်ဦးဖြစ်၏။ တည်ငြိမ်သော မျက်ခုံးကျယ်ကျယ်များနှင့်အလွန်လှပသည့် အညိုရောင်မျက်လုံးများပိုင်ရှင်ဖြစ်သည်။အေးဆေးငြိမ်သက်သည့်ဟန်အမူအရာလည်းရှိ၏။မျက်နှာမှာ အီတလီ သူတော်စင်မေရီကဲ့သို့ရှိပြီး ဆံပင်ကိုအလယ်တွင်ခွဲကာ နားရွက်နှစ်ဖက်အနီးတွင် ခွေလိပ်ထားသည်။ သူမ၏အသံမှာ ခပ်နက်နက်နှင့် မောပန်းသည့်လေသံမျိုးဖြစ်သည်။

သူမက အီဗင်ကိုပြုံးပြ၏။ ကျေနပ်ရောင့်ရဲမှုနှင့် ကြိုဆိုဟန်ရှိသည့် အပြုံးမျိုးဖြစ်ပါသည်။

"ဟော-မစ္စစ်အန်ထနီ-အဲလေ-မစ္စစ်မာရိုဒင်း မဟုတ်လား" သူက အမှတ်တမဲ့မှားသွားဟန်ပြု၍နှုတ်ဆက်လိုက်၏။ သူကအေးအေးဆေးဆေး အမူအရာနှင့် ပြောလိုက်ခြင်းဖြစ်ပြီး သူမကိုလည်း မသိမသာအကဲခတ်နေပါသည်။ သူမမျက်လုံးကျယ်သွားပြီးအသက်ရှူမှားသွားကြောင်းသူသတိပြုလိုက်မိ၏။ သို့သော်ထိတ်လန့်သွားခြင်း၊ အမူအရာပျက်သွားခြင်းတော့မရှိပါ။ သူ ကသူ့ကိုပုံမှန်ပင် အေးအေးဆေးဆေး ပြန်ကြည့်နေပါသည်။

"ကျွန်မခင်ပွန်းကို လိုက်ရှာနေတာပါ"သူမက တည်ငြိမ်စွာပြောနေ၏။ "သူ့ကို တစ်နေရာရာမှာများ တွေ့မိသေးလားရှင့်"

"ခုနကပဲ ဟိုဘက်နားမှာတွေ့ခဲ့တယ်ဗျ"

ထိုနေရာဆီသို့သူတို့နှစ်ဦး ယှဉ်လျက်သွားကြရင်းအေးဆေးစွာစကားပြောကြသည်။ ရဲအင်စပက်တော်ဟောင်းသည် စိတ်ထဲတွင်သူမကိုချီးကျူးနေမိ

လေသည်။ ကြည့်စမ်း-ဘယ်လောက်ကိုယ့်ကိုယ်ကိုယ်ထိန်းနိုင်လိုက်သလဲလို့။ ဘယ်လောက်အံ့ဩဖို့ကောင်းလောက်အောင်တည်ငြိမ်လိုက်သလဲလို့။ အတော်ထူးတဲ့အမျိုးသမီးပဲ။ ကြောက်စရာလည်းကောင်းတယ်။ တကယ်ကြောက်စရာ အနှုရာယ်ပေးနိုင်တဲ့သူပါလား။

အီဗင်သည်သူ၏ပထမခြေလှမ်းတွင် စိတ်ကျေနပ်စရာဖြစ်သော်လည်း စိတ်ကသိကအောက်တော့ဖြစ်နေရဆဲပင်။ သူမကိုသူမှတ်မိကြောင်းအသိပေးပြီးဖြစ်သည်။ ထိုအချက်ကြောင့် သူမ သတိထားနေတော့မည်ဖြစ်၏။ ရုတ်တရက်လက်လွတ်စပယ်တော့ ဘာမှလုပ်ရဲတော့မည်မဟုတ်ပါ။ မာရိုဒင်းကိုသာ ကြိုတင်သတိပေးထားနိုင်မည်ဆိုလျှင်။

သူတို့သည် သူ့ကိုပျော်ပွဲရွှင်ပွဲ၊ ပွဲခင်းအတွင်းရှာတွေ့ခဲ့ကြသည်။ မာရိုဒင်းသည်အကြွေစေ့ပစ်ကစားရင်းသူအနိုင်ရသော ကြွေရုပ်ငယ်ကို တကြည့်ကြည့်ဖြစ်နေ၏။ သူ့ဇနီးကအိမ်ပြန်ရအောင်ခေါ်သောအခါ အသာတကြည်ပင်ပြန်လိုက်လာပါသည်။ မစ္စစ်မာရိုဒင်းက ရဲအင်စပက်တော်ဟောင်းကိုကြည့်လျက် လှမ်းပြောလိုက်၏။"မစ္စတာအီဗင် ကျွန်မတို့နဲ့ လိုက်ခဲ့ပြီး လက်ဖက်ရည် တစ်ခွက်လောက် သောက်ပါဦးရှင့်"

သူမ၏လေသံတွင် စိန်ခေါ်သည့်သဘော အရိပ်အမြွက်ပါနေသလားဟု သူခံစားမိသည်။ ဟုတ်တယ်။ ဒါ စိန်ခေါ်တာဖြစ်ရမယ်။

"ကျေးဇူးပဲ မစ္စစ်မာရိုဒင်း၊ ကျွန်တော်လည်း လက်ဖက်ရည်အတော် ကြိုက်တာဗျ"

သူတို့လမ်းလျှောက်ရင်း သာမန်အကြောင်းကိစ္စလေးများကို အေးဆေးစွာ ပြောသွားကြ၏။ နေသာသောနေ့ ဖြစ်သည်။ လေပြည်ညင်းကလည်း ညင်သာစွာ တိုက်ခတ်နေပါ၏။ အရာရာတိုင်းမှာ ကျေနပ်ဖွယ်ရာ ချမ်းမြေ့သာယာရှိနေပါသည်။

သူတို့ဆွဲဆောင်မှုရှိလှသည့် ခေတ်ဟောင်းပုံစံအိမ်သို့ရောက်လာသောအခါ အိမ်ဖော်မိန်းကလေးမှာ ပွဲတော်သို့သွားလည်နေကြောင်းမစ္စစ်မာရိုဒင်းကရှင်းပြပြီး သူမကိုယ်တိုင်လက်ဖက်ရည်ကရားကိုငွေရောင်မီးဖိုပေါ်တင်၍ကြို၏။ မီးလင်းဖိုအနီးရှိစင်ပေါ်မှ ပန်းကန်လုံးနှင့် ပန်းကန်ပြား သုံးစုံကိုယူ၍ စားပွဲပေါ်တွင် ပြင်ထားလိုက်သည်။

"ကျွန်မတို့မှာ တရုတ်လက်ဖက်ခြောက်ကောင်းကောင်းရှိတယ်ရှင့်" သူမက ရှင်းပြပါသည်။ "ပြီးတော့ ကျွန်မတို့က တရုတ်စတိုင်အတိုင်း သောက်ကြတာလေ။ လက်ဖက်ရည်ပန်းကန်မသုံးဘဲ ပန်းကန်လုံးတွေနဲ့ပဲ သောက်ကြ

ဘယ်"

သူမကပြောရင်း ပန်းကန်လုံးတစ်ခုကို အသေအချာကြည့်၍ အခြား
ဘစ်လုံးနှင့်လဲလိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ဟန်ဖြင့် သူခင်ပွန်းကို အော်
ပြောလိုက်သည်။

"ကျော့-ရှင်တော်တော်မကောင်းတာဘဲ။ ဒီပန်းကန်လုံးတွေ ရှင်ယူသုံး
သားပြန်ပြီ"

"ဆောရီးပါမိန်းမရာ" ပါမောက္ခက အိမ်ခန်းထဲမှနေလှမ်း၍ တောင်းပန်
၏။ "အဲဒါတွေက အနေတော်ဖြစ်နေလို့ ယူသုံးလိုက်တာပါ။ ကိုယ်အော်ဒ
မှာထားတာတွေကလည်း မရောက်လာသေးလို့"

"အင်း-တစ်ရက်ရက်တော့ ရှင် ကျွန်မတို့အားလုံးကို အဆိပ်ခတ်မိတော့
မယ်နော" သူဇနီးက ရယ်သံတစ်ဝက်နှင့်ပြန်ပြောပါသည်။ "ကောင်မလေးက
ဓာတ်ခွဲခန်းထဲမှာ တွေ့လို့ပြန်ယူလာပြီး ဘာမှမပါဘူးထင်ရင် မဆေးဘဲ ထား
သုံးတော့တာပဲ။ တစ်နေ့ကပဲ ဒီပန်းကန်လုံးတွေထဲ ပိုက်တက်စီယမ်ဆိုင်
ယာနိုက်တွေ ရှင်ထည့်သုံးနေသေးတယ်မဟုတ်လား။ တကယ်ပဲကျော့-သတိ
ထားစမ်းပါရှင်။ သိပ်အန္တရာယ်ကြီးတာပဲ"

မာရိုဒင်းသည် အိမ်ခန်းထဲမှ ထွက်လာပြီး အနည်းငယ်စိတ်တိုနေဟန်ဖြင့်
"ကောင်မလေးက ဓာတ်ခွဲခန်းထဲမှာ တွေ့လို့ပြန်ယူလာပြီး ဘာမှမပါဘူးထင်
ရင် မဆေးဘဲထားလိုက်တော့တာပဲ။ တစ်နေ့ကပဲ ဒီပန်းကန်လုံးတွေထဲ
ပိုတက်စီယမ် ဆိုင်ယာနိုက်တွေ ရှင်ထည့်သုံးနေသေးတယ်မဟုတ်လား
ဘကယ်ပဲကျော့-သတိထားစမ်းပါရှင်၊ သိပ်အန္တရာယ်ကြီးတာပဲ"

မာရိုဒင်းသည် အိမ်ခန်းထဲမှထွက်လာပြီး အနည်းငယ်စိတ်တိုနေဟန်ဖြင့်
"ကောင်မလေးက ဓာတ်ခွဲခန်းထဲကို လာရှင်းစရာအကြောင်း ဘာမှမရှိဘူး
အဲဒီထဲမှာ သူဘာကိုမှထိလို့ကိုင်လို့ မဖြစ်ဘူးကွ"

"တစ်ခါတလေ ကျွန်မတို့ လက်ဖက်ရည်သောက်ရင်း ပန်းကန်တွေ
အဲဒီထဲမှာပဲ ထားဖြစ်ခဲ့ကြတယ်မဟုတ်လား။ ကောင်မလေးကတော့ ဘယ်
နားလည်ပါ့မလဲရှင်၊ ကိုကလည်း သဘောပေါက်ရဲ့သားနဲ့"

ပါမောက္ခက တစ်ခုခုရေရွတ်ရင်း သူ့ဓာတ်ခွဲခန်းထဲသို့ ဝင်သွားပါသည်
မစ္စစ်မာရိုဒင်းက ခပ်ပြုံးပြုံးနှင့် ဆူနေပြီဖြစ်သည့်ရေနွေးကို လက်ဖက်ရည်
အိုးခွက်ထဲသို့ လောင်းထည့်လိုက်သည်။ ထို့နောက် ငွေရောင်မီးဖိုကို ပိတ်
လိုက်၏။

အီဗင်သည် ၈၀၈၀ပါဖြစ်နေပါသည်။ သူစိတ်ထဲသို့ အသိတစ်ခု တိုးဝင်
လာနေ၏။ မစ္စစ်မာရိုဒင်းသည် တစ်စုံတစ်ခုသော အကြောင်းကြောင့်
သူ့အကြံ အစည်ကို မသိမသာထုတ်ပြနေပုံရသည်။ မတော်တဆ တစ်ခုခု
ဖြစ်မှသာ တယ်လို့ ပုံဖော်ချင်တာလား။ သူမအနေဖြင့် အပြစ်ကင်း ကြောင်း
သက်သေထူနိုင်အောင် ထိုစကားများကို ကြိုတင်ခင်းကျင်း ပြောဆိုနေခြင်း
လား။ တစ်ချိန်ချိန်တွင် မတော်တဆမှုတစ်ခုခုပေါ် ပေါက်လာသောအခါ
သူကိုယ်တိုင် သူမအတွက် သက်သေထွက်ပေးရစေရန် ကြံရွယ်စီစဉ်နေခြင်း
လား။ ဒီလိုသာဆိုပါက သူမကိုမိုက်မဲသူဟုပြောရတော့မည်။ အဘယ်ကြောင့်
ဆိုသော် ယခင်ကလည်း-"

ရုတ်တရက် သူသက်ပြင်းချိုက်လိုက်မိ၏။ သူမသည် ပန်းကန်လုံးသုံးလုံး
ထဲသို့လက်ဖက်ရည်ကို လောင်းထည့်နေပေပြီ။ တစ်လုံးကို သူ့ရှေ့သို့လာချ
၏။ တစ်လုံးကို သူမရှေ့တွင် ချထားလိုက်သည်။ နောက်တစ်လုံးကိုမူ သူမ၏
ခင်ပွန်းထိုင်နေကျဖြစ်ပုံရသည့် မီးလင်းဖိုအနီးရှိ စားပွဲငယ်တစ်ခုပေါ် တွင်
ထားလိုက်သည်။ ထိုပန်းကန်လုံးတင်လိုက်ချိန်တွင် ထူးဆန်းသောအပြုံး
တစ်ခုကို သူမနှုတ်ခမ်းတွင် မြင်ရပါသည်။ ဒီအပြုံးမျိုးပေါ့။

သူ သိလိုက်ပါပြီ။

အတော်ကြောက်စရာကောင်းတဲ့မိန်းမပါလား။ နည်းနည်းမှမစောင့်ဘူး။
နည်းနည်းမှကြိုတင်ပြင်ဆင်မှု မလုပ်ဘူး။ ဒီနေ့မှာပဲ ချက်ချင်းကြီးပါပဲ။ သူ့ကို
သက်သေအဖြစ် ထားလိုက်သေးတယ်။ ရပါပေ့။ လုပ်ငံ့ပါပေ့။ သူပင်လျှင်
အသက်ရှူမှားမတတ် ဖြစ်ရသည်။

ဤလုပ်ရပ်မှာ ပါးနပ်သည်ဟုတော့ဆိုရမည်။ အံ့တော်ပင် ပါးနပ်ပါ
သည်။ သူ ဘာကိုမှ သက်သေထူ၍ သူမကို စွပ်စွဲနိုင်လိမ့်မည်မဟုတ်။ သူမ
လုပ်ရပ်မှာ စောလွန်းနေသည့်အတွက် ယခုအချိန်တွင် သူ သံသယရှိဦးမည်
ထုတ်ဟုလည်း တွက်ထားပုံရသည်။ စိတ်ကူးအကြံအစည်ကို လက်တွေ့
ကောင်အထည်ဖော်ရာ၌ လျှပ်ပြက်ဒေလို မြန်လှပါပေသည်။

သူက အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး ရှေ့သို့အနည်းငယ် ကိုင်း
ညွတ်၏။

"မစ္စစ်မာရိုဒင်း၊ ကျွန်တော်ဟာ တစ်ခါတစ်ခါ ထူးခြားတဲ့အတွေးအမြင်
တွေ ရုတ်တရက်ပေါ် တတ်တဲ့လူမျိုးဗျ။ အခုလည်း အဲဒီလိုအတွေးမျိုးပေါ်
လာတာမို့ တစ်ခုခုလုပ်ချင်လာတာကို ခင်ဗျားကလည်း ကူညီစေချင်တယ်
ဗျ" သူမက မေးခွန်းထုတ်ဟန်ဖြင့် ကြည့်သော်လည်း သံသယဖြစ်ပုံမရပါ။
သူကထ၍ သူမရှေ့ရှိ ပန်းကန်လုံးကိုယူပြီး စားပွဲငယ်ပေါ် သို့ သွားထား

လိုက်၏။ ထို့နောက် စားပွဲငယ်ပေါ်တွင် ကျောမာရိုးဒင်းအတွက် တင်ထား
သော လက်ဖက်ရည်ပန်းကန်လုံးကိုယူ၍ သူမရှေ့တွင် ပြန်ချပေးလိုက်သည်

"ကဲ-ခင်ဗျား အဲဒါသောက်တာကို ကြည့်ချင်တယ်ဗျာ"

သူမ၏ မျက်လုံးများက သူမျက်လုံးများနှင့်ဆုံမိသည်။ ထိုမျက်လုံးမျာ
သည် တည်ငြိမ်ပါ၏။ နားလည်ရန် မလွယ်ကူပါ။ သူမ၏မျက်နှာတွင်
ဘဖြည်းဖြည်းသွေးရောင်ဖျော့လာသည်ကို တွေ့ရပါသည်။ သူမလက်က
ဆန့် ထုတ်လိုက်၏။ လက်ဖက်ရည်ပန်းကန်လုံးကို မြွောက်လိုက်ပါသည်
သူက အသက်အောင့်လျက် စိုက်ကြည့်နေသည်။ သူတစ်ချိန်လုံး မှားလာတာ
များ ဖြစ်နေလေရော့သလား။

သူမက ပန်းကန်လုံးကို နှုတ်ခမ်းဝသို့ ပို့ထားသည်။ နောက်ဆုံးတွင်
သူမ ထိတ်လန့်တုန်လှုပ်စွာ ရှေ့သို့ကိုင်းလျက် ပန်းကန်လုံးထဲမှ လက်ဖက်
ရည်များကိုအနီးရှိ ရွက်လှပန်းအိုးထဲသို့ လျင်မြန်စွာ သွန်ချလိုက်တော့သည်
သို့နောက် ထိုင်ခုံတွင် မတ်မတ်ပြန်ထိုင်လိုက်ပြီး သူ့ကို ခပ်စိမ်းစိမ်းပြန်ကြည့်
နေ၏။ ထိုအခါမှ သူစိတ်သက်သာရာရပြီး သက်ပြင်းရှည်ကြီးချ လိုက်ပါ
သည်။

"ကဲ-ဘယ်လိုလဲရှင့်" သူမကပြောလိုက်၏။ လေသံမှာ ပြောင်းနေပါ
သည်။ သူမ၏အသုံးအစစ်အမှန်မဟုတ်သလို ဖြစ်နေသည်။ စိတ်လှုပ်ရှား
မှုကြောင့် ဖြစ်ပေလိမ့်မည်။ သူက လေးနက်စွာနှင့်တည်ငြိမ်စွာ သူမကို ပြန်
ပြောပါသည်။

"မစ္စစ်မာရိုဒင်း၊ ခင်ဗျားဟာ အင်မတန်လိမ်မာပါးနပ်တဲ့ အမျိုးသမီးတစ်
ယောက်ပါ။ ခင်ဗျား ကျွန်တော့်ကို နားလည်နိုင်ပါလိမ့်မယ်။ အရင်ကကိစ္စ
မျိုး နောက်တစ်ကြိမ် ထပ်မဖြစ်စေရဘူးဗျာ။ ကျွန်တော် ဘာဆိုလိုတယ်ဆို
တာ ခင်ဗျားသိပါတယ်"

"ရှင်ဆိုလိုတာ ကျွန်မသိပါတယ်"

သူမ၏အသံမှာ တည်ငြိမ်နေပါပြီ။ ဘာခံစားမှုကိုမှ ဖော်ပြခြင်းမရှိပါ
အဒီဇင်က ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ သူမသည် ပါးနပ်ပါ၏။ ကြီး
ခင်တက်ရမည်ကိုတော့ သူမကြောက်ပေသည်။

"ကိုင်း-ခင်ဗျားနဲ့ခင်ဗျားခင်ပွန်းသည်တို့ အသက်ရှည်ကြဖို့အတွက်ပေါ့
ဗျာ" သူက လေးနက်တည်ကြည်စွာ ဆုမွန်ကောင်းတောင်းလိုက်ပြီး
လက်ဖက် ရည်ပန်းကန်ကို မော့သောက်လိုက်ပါသည်။

ချက်ချင်းပင် သူမျက်နှာထား ပြောင်းသွားလေ၏။ မျက်နှာမှာ ကြောက်

ကောင်းလောက်အောင် တွန့်လိမ်ရှုံ့မဲ့နေပေသည်။ သူထရပ်ရန် ကြိုးစား
၏။ အော်ရန်ကြိုးစား၏။ သူခန္ဓာကိုယ် တောင့်တင်းလာသည်။ မျက်နှာမှာ
နှမ်းလာသည်။ သူထိုင်ခုံပေါ်မှ ခြေပစ်လက်ပစ်လန်ကျသွား၏။ သူ့ခြေ
ထောက်တို့မှာ မထိန်းနိုင်လောက်အောင် တုန်ခါနေပေသည်။

မစ္စစ်မာရိုဒင်းသည် ရှေ့သို့ကိုင်း၍ သူ့ကိုစောင့်ကြည့်နေ၏။ သူမ၏
မျက်ခမ်းတွင် အပြုံးတစ်ခုပေါ်လာသည်။ သူမက သူ့ကိုညင်သာတိုးတိတ်စွာ
ပြောလိုက်ပါသည်။

"ရှင်အမှားတစ်ခုကို လုပ်ခဲ့တာကိုး မစ္စတာအီဗင်ရဲ့။ ကျော့ကို ကျွန်မက
ထောက်ချင်တယ်လို့ ရှင်ကထင်နေတယ်၊ မိုက်ပါပေ့ရှင်၊ အတော်မိုက်မဲတဲ့ လူ
တစ်ယောက်"

သူမသည် သေဆုံးသွားသူကို တစ်မိနစ်ခန့် ကြည့်နေ၏။ ထိုသူသည်
သူမ၏ လမ်းကြောင်းကို ဖြတ်တောက်ပိတ်ဆို့ရန်နှင့်သူမကို သူမချစ်ခင်သူ
ထံမှ ခွဲထုတ်ရန်ကြိုးစားသော တတိယမြောက်ပုဂ္ဂိုလ်ဖြစ်သည်။ သူမပိုမိုလွတ်
လပ်စွာပြုံးလိုက်၏။ ထို့နောက်အသံကိုမြှင့်လျက် သူမခင်ပွန်းကို အော်ခေါ်
လိုက်သည်။

"ကျော့၊ ကျော့-မြန်မြန်လာပါ၊ မြန်မြန်၊ ဒီမှာ မစ္စတာအီဗင် ဘာဖြစ်တာလဲ
သိဘူး၊ တစ်ခုခုမတော်တဆဖြစ်သွားတယ်ထင်တယ်။ ဖြစ်မှဖြစ်ရလေတယ်
မစ္စတာအီဗင်ရယ်"

သံစဉ်ချစ်အိမ်ဝင်ပါ

အဲလစ်စ်မာတင်သည် သစ်သားဝင်းတံခါးကလေးကိုမှီလျက် ရွာဘ
ဆီသို့ လမ်းလျှောက်ထွက်သွားသော ခင်ပွန်းဖြစ်သူ တဖြည်းဖြည်းဝေးသွ
သည့်တိုင်အောင် စောင့်ကြည့်နေလေသည်။ ခဏအကြာတွင် သူ့ခင်ပွန်းလ
ကွေ့တစ်ခုသို့ ချိုးဝင်ပျောက်ကွယ်သွား၏။ သို့ရာတွင် အဲလစ်စ်က အိမ်
သို့ ပြန်မသွားသေးဘဲ အဝေးသို့မျှော်ငေးကာ အတွေးတွင် နစ်မျောနေ
သည်။

အဲလစ်စ်မာတင်ကို ချောမောလှပသူတစ်ဦးဟူ၍ကား မဆိုနိုင်ပါ။ သ
သော် မိန်းကလေးငယ်တစ်ဦးမဟုတ်တော့သည့် သူမ၏မျက်နှာမှာ ဝင်း
ပျော့ပျောင်းနေပေရာ ငယ်စဉ်က အတူအလုပ်လုပ်ခဲ့သည့်မိတ်ဆွေများပင်လျှ
ရုတ်တရက်မှတ်မိနိုင်ကြမည်မဟုတ်ပေ။ အပျိုဘဝကမူ မစွမ်းအဲလစ်စ်သည
သေသပ်၍ အလုပ်သဘောဆန်စွာ တိတိကျကျလုပ်ကိုင်နေထိုင်တတ်သူဖြ
၏။ စွမ်းဆောင်ရည်ကောင်းပြီး တိုတိုပြတ်ပြတ် ပြောတတ်သူဖြစ်သည်
အရည်အချင်းရှိသည့်ပြင် အလေးအနက်ထားတတ်သူလည်း ဖြစ်၏။

အဲလစ်စ်သည် စည်းကမ်းကြီးသော ကျောင်းတစ်ကျောင်းမှ ဘွဲ့ရခဲ့
အသက် ၁၈နှစ်မှ ၃၃နှစ်ကြာသည့်တိုင်အောင် လက်ရေ
လက်နှိပ်စက်စာရေးအဖြစ် ဘဝရပ်တည်ခဲ့ရာ ထိုအထဲမှ ၇နှစ်ကြားကာလ
ဒုက္ခိတမိခင်ကြီးကို စောင့်ရှောက်ခြင်းဖြင့် ကုန်လွန်ခဲ့ပေသည်။ ဘဝရပ်တ
ရေး ခွန်းကန်ခဲ့ရင်း သူမ၏ ကလေးဆန်သည့်မျက်နှာမှာ အရေးအကြော
များ ထင်လာခဲ့ရသည်။ သူမတွင် နှလုံးသားရေးရာကိစ္စလည်း အမှန်တ
ခဲ့ခဲ့ဖူးပါ၏။ ဒစ်ခ်ဝင်ဒီဖို့ဟုခေါ်သော ဘဝတူစာရေးတစ်ဦးနှင့်ဖြစ်သည်
သူမကို သူချစ်ခင်နေကြောင်း အဲလစ်ခ်က မိန်းမတို့၏ သဘာဝအသိ
သိခဲ့ပါ၏။ အပြင်ပန်းအားဖြင့်မူ သူတို့သည် ရင်းနှီးသော သူငယ်ချင်းများသ
ထို့ထက် မပိုခဲ့ပေ။ ဒစ်စ်သည် သူ၏နည်းပါးသော လစာဝင်ငွေဖြင့် ညီတစ်
ကိုလည်း ပညာသင်ပေးနေရလေရာလောက်ငမှုမရှိခြင်းကြောင့်လတ်တလော
တွင် အိမ်ထောင်ရေးကို မစဉ်းစားနိုင်ဖြစ်နေရလေသည်။

ထို့နောက်တွင် ရုတ်တရက်ဆိုသလို နေ့စဉ်ကြုံနေရသည့်အခက်အခဲများ
မြောက်ကုန်ဆုံးသွားစေမည့် ဖြစ်ရပ်တစ်ခုကို အဲလစ်စ်မမျှော်လင့်ဘဲ
တွေ့လိုက်ရ၏။ ကွယ်လွန်သွားသော အစ်မဝမ်းကွဲတစ်ဦးက အဲလစ်စ်
တွက် အမွေပေးခဲ့လေရာ ထိုငွေမှန်စစ်စဉ်ပေါင်နှစ်ရာ အတိုးအညွှန့် ရလာ
လေသည်။ အဲလစ်စ်အတွက်မှာမူ ထိုဝင်ငွေသည် လွတ်မြောက်မှုပင်
၏။ ဘဝတိုးတက်ပြောင်းလဲခြင်းလည်းဖြစ်၏။ ယခုအခါ သူမနှင့်ဒစ်ခ်တို့
ခြင်းဆုံရေးအတွက် အချိန်စောင့်ရန် မလိုတော့ပြီ။

သို့ရာတွင် ဒစ်ခ်က ထိုအခြေအနေကို မမျှော်လင့်စွာ တုံ့ပြန်လေသည်။
သည် အဲလစ်စ်ကို တိုက်ရိုက်ချစ်ခွင့်ပန်ခြင်းမပြုခဲ့ဖူးပေ။ ယခုအခါ ထိုသို့
ခွင့်ပန်ရန်မှာ သူ့အတွက် ယခင်ကထက်ပို၍ အလှမ်းဝေးသွားပုံရလေ
သည်။ သူက သူမကို ရှောင်လာ၏။ စကားမပြောချင်သလို လုပ်လာ၏။
ကာသည်စရာ၊ စိတ်ပျက်စရာဖြစ်လာသည်။ အဲလစ်စ်သည် အဖြစ်မှန်ကို
ခြမ်းဆန်ဆန်ပင် သဘောပေါက်လေသည်။ ဒစ်ခ်၏ထိပါးမခံလိုသော
နက သူမကို ချစ်ခွင့်ပန်ဖို့အရေးတွင် ဟန့်တားနေခြင်းဖြစ်ပါ၏။ သူမက
ကာ့ ထိုအချက်ကိုပို၍ နှစ်သက်မိပါသေးသည်။ သူမကစ၍ အိမ်ထောင်ရေး
စ်ကို မဆွေးနွေးဟု စိတ်ပိုင်းဖြတ်ထားသည်ကိုပင် ပြန်စဉ်းစားတော့မလို
မိ၏။ သို့ရာတွင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကို ဒုတိယအကြိမ် ကြုံ
တွေ့လိုက်ရပြန်ပါသည်။

မိတ်ဆွေတစ်ယောက်၏အိမ်တွင်ရောက်ခိုက် ဂျရယ်မာတင်နှင့် သူမ
စဉ်းမိ၏။ သူက သူမကို မြင်မြင်ချင်း အပြင်းအထန်စွဲလမ်းသွားလေရာ
စ်ပတ်အတွင်း၌ပင် သူတို့စေ့စပ်ပြီး ဖြစ်သွားလေတော့သည်။ အဲလစ်စ်
သည် သူ့ကိုယ်သူ စိတ်အလိုလိုက်သည့် မျက်ကန်းအချစ်သမားတစ်ယောက်
ဟုတ်ဟု ခံယူထားသည့်တိုင်အောင် မိုးမမြင်လေမမြင်ဖြစ်သွားသည်ကလည်း
မှန်ပင်။ ထိုကိစ္စမှာ သူမ၏ချစ်သူဟောင်းကို မရည်ရွယ်ဘဲအကြီးအကျယ်
ပ်နှိုးလိုက်သလိုလည်း ဖြစ်သွားပါ၏။ ဒစ်ခ်ဝင်ဒီဖို့သည် သူမထံရောက်
ပြီး ဒေါသတကြီးနှင့် တုန်လှုပ်လျက် အထစ်ထစ်အငေါ့ငေါ့ ပြစ်တင်
ကြာဆိုလသည်။

"ဒီလူဟာ လုံးဝလူစိမ်းသက်သက်ပဲ၊ သူ့အကြောင်း နင်ဘာမှ သိသေး
ာမဟုတ်ဘူး"

"သူ့ကို ငါချစ်တယ်ဆိုတာတော့ ငါသိတာပေါ့"

"တစ်ပတ်လောက် အချိန်အတွင်း နင်ဘယ်လိုလုပ် သိမှာလဲ"

"ဘယ်သူဖြစ်ဖြစ် တစ်ယောက်ယောက်ကို ချစ်နေတယ်ဆိုတာ
သိရအောင် ၁၁ နှစ်အထိ စောင့်ကြည့်စရာမလိုဘူး" အဲလစ်စ်က စိတ်တိုတိ
ဖြင့်အော်လိုက်ရာ သူမျက်နှာသွေးမရှိသလို ဖြူသွားလေသည်။

"နင့်ကို စတွေ့ကတည်းက ငါမြတ်မြတ်နိုးနိုးချစ်ခဲ့တာပါ။ နင်လည်း
ငါ့ကိုချစ်တာပဲလို့ ငါထင်ခဲ့တာကိုး"

အဲလစ်စ်ကလည်း ဖြောင့်ဖြောင့်မှန်မှန်ပင်- "ငါလည်း အဲဒီလို ထင်
ဘာပါပဲ"ဟု ဝန်ခံလိုက်သည်။

"ဒါပေမယ့် အဲဒါက အချစ်ဆိုတာဘာလဲလို့ ငါမသိခဲ့လို့ကိုး"

ထိုစကားကြောင့် ဒစ်ခ်မှာ ဒေါသအိုးပေါက်ကွဲရပြန်သည်။ သူကပြန်စဉ်
ဖားရန် ပြော၏။ အနူးအညွတ်တောင်းပန်၏။ ခြိမ်းခြောက်၏။ သူ့နေရာတ
လုသူကို ခြိမ်းခြောက်ခြင်းဖြစ်သည်။ အဲလစ်စ်သည် သူမ အသေအချာ သ
သည်ဟု ယူဆထားသူတစ်ဦး၏အေးဆေးသော သဏ္ဌာန်အောက်ရှိ မီးတော
ကို တွေ့လိုက်ရသောကြောင့် မယုံနိုင်အောင် အံ့သြသွားရလေသည်။

သူမ၏အတွေးများက ဒစ်ခ်နှင့်အခြေအတင်ပြောခဲ့ရပုံများဆီသို့ ပြ
ရောက်နေခြင်းဖြစ်သည်။ ယခုကဲ့သို့နေသာသော နေ့တွင် သူမ ကျေးလက်
အိမ်ကလေး၏ ဝင်းတံခါးကိုမှီလျက် အဖြစ်ဟောင်းများကို ပြန်တွေးနေမိခြင်
ဖြစ်ပါ၏။ သူမလက်ထပ်ခဲ့သည်မှာ တစ်လသာရှိသေးပြီး အေးချမ်းပျော်ရွှ
စွာနေခဲ့ရလေသည်။ သို့တိုင်အောင် သူမအတွက် အရေးအပါဆုံးဖြစ်သည်
ခင်ပွန်းဖြစ်သူ ခေတ္တအပြင်သွားနေချိန်တွင် သူမ၏ ချမ်းမြေ့ပျော်ရွှင်နေသည်
စိတ်၌ စိုးရိမ်ပူပန်မှုအနည်းငယ် ဝင်ရောက်နေရာယူထားပါ၏။ ထိုစိုးရိမ်
ဖြစ်ပေါ်စေသည့်အကြောင်းရင်းမှာ ဒစ်ခ်ဝင်ဒီဖို့နှင့် ပတ်သက်ပေသည်။

သူမ လက်ထပ်ခဲ့ပြီးနောက်တွင် တစ်မျိုးတည်းသော အိပ်မက်တ
သုံးကြိမ် မြင်မက်ခဲ့ပြီးဖြစ်၏။ ပတ်ဝန်းကျင်အနေအထား အပြောင်းအလဲ
သော်လည်း အဓိကအချက်များမှာမူ သုံးကြိမ်စလုံးတွင် အတူတူပင်ဖြစ်လေ
သည်။ အိပ်မက်ထဲတွင် သူမ၏ခင်ပွန်းသည်လဲကျသေဆုံးနေပြီး ဒစ်ခ်ဝင်ဒီ
က သူ့အပေါ်မိုးလျက်ကြည့်နေ၏။ ဒစ်ခ်၏ပယောဂကြောင့် သူမ၏ခင်ပွန်
သေဆုံးခဲ့ခြင်းဖြစ်သည်ကိုလည်း သူမသိနေရပေသည်။ အိပ်မက်က ကြောင်
စရာကောင်းသလို နိုးလာသောအခါပို၍ပင် ထိတ်လန့်စရာအတွေးများတ
ဝင်ရောက်လာမြဲဖြစ်၏။ အကြောင်းမှာ အိပ်မက်ထဲတွင် သဘာဝကျသည်ဟ
ယူဆရသောအဖြစ်တချို့ကြောင့်ဖြစ်သည်။ သူမသည် ခင်ပွန်းဖြစ်သူ
သေဆုံးခြင်းကြောင့် ဝမ်းသာနေလေသည်။ ယူမသည် ဒစ်ခ်ဝင်ဒီဖို့ကို ကျေးဇူ

ငင်စွာ လက်ကမ်းပေးနေ၏။ သူမ၏အိပ်မက်တိုင်းမှာ ဒစ်ခ်ဝင်ဒီဖို့က သူမ
ကို ပွေ့ဖက်ထားခြင်းဖြင့် အဆုံးသတ်မြဲ ဖြစ်လေသည်။

သူမသည် အိပ်မက်နှင့်ပတ်သက်၍ ခင်ပွန်းဖြစ်သူကို လုံးဝအသိမပေး
သေး။ သို့ရာတွင် အိပ်မက်က သူမ၏စိတ်ကို လျှို့ဝှက်စွာ အနှောင့်အယှက်
ပေးနေခဲ့၏။ ထိုကိစ္စမှာ ဒစ်ခ်ဝင်ဒီဖို့နှင့်ပတ်သက်၍ သတိပေးချက်တစ်ခု
ဖြစ်လား။

အဲလစ်စ်၏အတွေးများသည် အိမ်ငယ်အတွင်းမှ ပေါ်ထွက်လာသည့်
ဘယ်လိဖုန်းသံကြောင့် ပြတ်တောက်သွား၏။ အိမ်ထဲသို့ဝင်၍ ဖုန်းကို
ဆောက်နားထောင်လိုက်သည်။ ရုတ်တရက်ပင် သူမယိမ်းယိုင်သွားပြီး နံရံကို
မှီလိုက်ဖြင့်ထောက်၍ ထိန်းလိုက်ရ၏။

"အခု ပြောနေတာ ဘယ်သူ-ရှင့်"

"ဟေ့-အဲလစ်စ်၊ နင့်အသံက ဘယ်လိုဖြစ်နေတာလဲ၊ ငါဒစ်ခ်ပါဟာ"

"အိုး-နင်-နင် ဘယ်ကပြောနေတာလဲ"

"ရွာထဲက ရွှေညှော့ဆောင်ရိပ်သာကပေါ့။ ငါအလုပ်အားရက်ရတာနဲ့
ဒီမှာထွက်လာရင်း ဒီရောက်နေတာ၊ ဒီနေ့ ညစာစားပြီးခါနီလောက်မှ နင်တို့
နှစ်ယောက်ကို ငါလာနှုတ်ဆက်မလို့-ဘယ့်နှယ်လဲ"

"မဖြစ်ဘူး" အဲလစ်စ်က ခပ်ပြတ်ပြတ်ပြောလိုက်၏။ "မလာပါနဲ့"

ခေတ္တမျှ အသံတိတ်သွား၏။ ထို့နောက် ဒစ်ခ်က ကသိကအောက် ဖြစ်
သွားဟန်ဖြင့်- "ခွင့်လွှတ်ပါဟာ- ငါနင်တို့ကို အနှောင့်အယှက်မပေးချင်ပါ
ဘူး"

အဲလစ်စ်က ကပျာကယာဖြတ်၍ပြောသည်။ သူကတော့ သူမ၏ အပြု
အမူကို ထူးဆန်းသည်ဟုထင်တော့မည်ဖြစ်သည်။ တကယ်လည်း ထူးဆန်း
သည်ပင်။ သူမ၏ အာရုံများ အစိတ်စိတ်ပြိုကွဲနေပုံရ၏။

"ငါဆိုလိုတာက တို့-ဒီည မအားလို့ပါ၊ " သူမကလေသံကို ပုံမှန်ဖြစ်နိုင်
သမျှဖြစ်အောင် ထိန်းရင်းနှင့်ရှင်းပြလိုက်သည်။ "နင်-နင် မနက်ဖြန် ညစာ
စားပါလား"

သို့ရာတွင် သူမ၏အသံ၌ လှိုက်လှိုက်လဲလဲမရှိကြောင်း ဒစ်ခ်သတိပြု
မိလေသည်။

"ကျေးဇူးပါဟာ" သူက လေသံမှန်မှန်ဖြင့်ပြော၏။ "ငါက အချိန်မရွေး
ပြန်ဖြစ်ဖို့ရှိတယ်။ ငါ့မိတ်ဆွေတစ်ယောက် ရောက်လာမလားဆိုတဲ့အပေါ်
မူတည်တာပေါ့။ ဂွဒ်ဘိုင် အဲလစ်စ်" သူခေတ္တနားလိုက်ပြီး လေသံပြောင်းလဲ

ခြစ်သူငယ်ချင်း ကံကောင်းပါစေကွာ"

အဲလစ်စ်က စိတ်သက်သာရာရသွားပြီး တယ်လီဖုန်းကို ပြန်ချိတ်လိုက်

၏။

"သူလာလို့မဖြစ်ဘူး" သူမ သူ့ကိုယ်သူပြောလိုက်၏။ "အင်း-ငါလည်း

ဒီလောက်စိတ်ဗျာများရလောက်အောင် တော်တော်ရူးသေးတာပဲ။ ဘာပဲ

ဖြစ်လေ၊ သူမလာဖြစ်တာ ဝမ်းသာဖို့ပေါ့"

သူမက စားပွဲပေါ်ရှိ ကျူရိုးဦးထုပ်ကိုဆွဲယူဆောင်းလိုက်ပြီး ပန်းခြံထဲ

သွားရင်း အိမ်ရှေ့ဝင်ပေါက်ထိပ်တွင် ထွင်း၍ထားသောအမည်ကို ကြည့်

လိုက်သည်။ "သံစဉ်ချစ်အိမ်"

"နာမည်က စိတ်ကူးယဉ်လွန်းတယ်နော်" သူမက ဂျရယ်ကို သူတို့လာ

မထပ်မီ ပြောခဲ့ဖူး၏။ သူကရယ်လျက်- "နို်က်တင်ဂေးဌက်မြည်သံကို မ

ကြားဖူးမယ်လို့ ကိုယ်မထင်ဘူး၊ အေးလေ-မကြားဖူးသေးတာပဲ ကိုယ်က ဇ

သာတယ်။ နို်က်တင်ဂေးဌက်တွေဟာ ချစ်သူတွေအတွက်သာ သီချင်းဆို

သတဲ့။ နွေတစ်ညနေမှာ ကိုယ်တို့အိမ်ရှေ့ထွက်ပြီး နို်က်တင်ဂေးသီချင်းသံ

အတူတူ နားထောင်ကြမယ်နော်"

သူတို့ ထိုသီချင်းသံကို တကယ်နားထောင်ဖြစ်ခဲ့ရသည်ကို ပြန်သတိရ

အဲလစ်စ်ရှက်သွေးဖြာရင်း ပျော်ရွှင်ကြည်နူးမိလေသည်။

သံစဉ်ချစ်အိမ်ကို စတွေ့ခဲ့သူမှာ ဂျရယ်ဖြစ်သည်။ သူသည် စိတ်လှု

ဖွားမှုအပြည့်ဖြင့် အဲလစ်စ်ထံ ရောက်လာခဲ့၏။ သူက သူတို့နှစ်ဦးအတွ

အိုးတန်ရတနာတစ်ပါးလိုဖြစ်သည့် ယှဉ်ဘက်မရှိ အကောင်းဆုံးဖြစ်သ

တစ် သက်တစ်ခါကြုံရသော အခွင့်အရေးဖြစ်သည့် ထိုအိမ်ကို တွေ့ထ

ခဲ့ခြင်းဖြစ်သည်။ အဲလစ်စ်ကိုယ်တိုင်လည်း အိမ်ကိုမြင်ရသောအခါ အံ

အားယ် ဖမ်းစားခြင်းခံလိုက်ရလေ၏။ နေရာမှာမူ အထီးကျန် ဆန်လှသည်

အနီးဆုံး ရွာနှင့်နှစ်မိုင်ကွာဝေးသည်။ အိမ်ပုံသဏ္ဌာန်မှာ ခေတ်ဟောင်

ကာလကပုံစံ ဖြစ်ပြီး အတွင်းမှာမူ ရေချိုးခန်းများ၊ ရေပူစနစ်၊ လျှပ်စ

ကိရိယာများ၊ တယ်လီဖုန်းတို့ဖြင့် ခေတ်မီစွာ တပ်ဆင်ထားသည့် အတွ

အဲလစ်စ်အဖို့ ချက်ချင်းပင် အိမ်၏ဆွဲဆောင်မှုရှိပုံကို ကျေနပ်သွားရတော

သည်။ ထို့နောက် တွင် အဟန့်အတားတစ်ခုပေါ်လာ၏။ ချမ်းသာသော

အိမ်ပိုင်ရှင်ဖြစ်သူက စိတ်ကူးပြောင်းသွားပြီး ထိုအိမ်ကို မငှားတော့

ဝယ်လိုလျှင်တော့ ရောင်း မည်ဟု ပြောလာသည်။

ဂျရယ်မာတင်မှာ ဝင်ငွေကောင်းသူတစ်ယောက်ဖြစ်သော်လည်း သူအရ

အနှီးများ ထုတ်သုံးရန်အဆင်မပြေဖြစ်နေ၏။ သူတွင်ပေါင်တစ်ထောင်သာ

ရှိသည် အသင့်ရှိနေသည်။ ပိုင်ရှင်ကလိုချင်သည်မှာ ပေါင်သုံးထောင်ဖြစ်သည်။

သူတွင်အိမ်ကို အရူးအမူးကြိုက်နေပြီဖြစ်သော အဲလစ်စ်က သူမ၏အလွယ်

တူထုတ်ယူနိုင်သော ရင်းနှီးငွေ၏တစ်ဝက်ကို အိမ်ဝယ်ရာတွင် ထည့်ဝင်

ရန်ပြောလိုက်ရာ သံစဉ်ချစ်အိမ်မှာ သူတို့အပိုင်ဖြစ်သွားပါ၏။ အဲလစ်စ်သည်

အိမ်အတွက် သူမ၏ငွေများသုံးလိုက်ရခြင်းကို လုံးဝဝမ်းနည်းမှု မဖြစ်ခဲ့ရပေ။

အိမ်အခိုင်းအစေများမှာမူ တစ်လုံးတည်းအထီးကျန်ဖြစ်နေသည့်အိမ်တွင်

အလုပ်လုပ်ရန် စိတ်မပါကြသည့်အတွက် လောလောဆယ်တွင် အိမ်အလုပ်

သမားမရှိဖြစ်နေ၏။ သို့ရာတွင် အဲလစ်စ်မှာ အိမ်မှုကိစ္စများကို ကိုယ်တိုင်

လုပ်ရန်ဆန္ဒရှိသူဖြစ်ရာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ခြင်းနှင့်အိမ်ကို ဂရုစိုက်

ခြင်းမခြင်းတို့ဖြင့် ပျော်ရွှင်စွာ အံ့ချိန်ကုန်လျက် ရှိလေသည်။

ပန်းမျိုးစုံ စိုက်ပျိုးဖူးပွင့်နေသည်။ ပန်းခြံကိုစောင့်ရှောက်ရန်အတွက်မှာမူ

ထမဲမှ အဘိုးအိုတစ်ဦးကို ငှားရမ်းထားရာ တစ်ပတ်လျှင် နှစ်ကြိမ်လာရောက်

ပြုပြင်ရှုလုပ်ကိုင်ပေး၏။

အိမ်ကိုပတ်၍လျှောက်နေသည့် အဲလစ်စ်သည် ပန်းခင်းပေါ်တွင် အလုပ်

များနေသည့်ဥယျာဉ်မှူးကို တွေ့ရ၍ အံ့သြသွားလေသည်။ သူအလုပ်ဆင်းရ

သည့်ရက်များမှာ တနင်္လာနှင့်သောကြာဖြစ်ရာ ယနေ့မှာ ဗုဒ္ဓဟူးနေ့ဖြစ်သည်။

သူမက သူ့ထံလျှောက်သွားလိုက်ပြီး- "ဥယျာဉ်မှူးကြီး ဘာလုပ်နေတာတုံး"

မေးလိုက်၏။ အဘိုးကြီးက ထရပ်၍ခြောက်ကပ်ကပ်ရယ်လိုက်ရင်း- "မဒမ်

အံ့သြသွားမယ်တော့ ထင်မိသား။ ဖြစ်ပုံကဒီလိုပါ။ လာမယ့် သောကြာနေ့

မနက်ရင် ရွာမှာပွဲတော်လုပ်မှာကိုး။ ဒါကြောင့် သောကြာနေ့အစား ဒီနေ့ ဗုဒ္ဓဟူး

မှာ အလုပ်ဆင်းတာကို မစ္စတာမာတင်ရော၊ မဒမ်တို့နှစ်ယောက် စလုံးက

သဘောပြေစ်မတင်လောက်ဘူးလို့ထင်တာနဲ့-"

"ဒါ-ကိစ္စမရှိပါဘူးရှင်" အဲလစ်စ်ကပြန်ပြောလိုက်ပြီး "ပွဲတော်မှာ ပျော်

ရွှင်ပါးပါးလည်ပေါ့"

"ကျုပ်စဉ်းစားမိတယ်လေ-" အဘိုးကြီးက ဆက်ပြောသည်။ "ပိုက်ဆံ

ကုန်ဘဲ စားရသောက်ရတာ တယ်ကောင်းတာကိုး။ ပွဲတော်မှာ မြေပိုင်ရှင်

ကြီးက သူရင်းငှားတွေကို စတုဒီသာကျွေးမှာဗျ။ ပြီးတော့ မဒမ်ခရီးမသွားခင်

တုန်လွတ်မှာ ဘာပင်တွေစိုက်ချင်တယ်ဆိုတာလည်း မေးရဦးမှာမဟုတ်လား။

မဒမ်ဘယ်တော့မှ ပြန်ရောက်မယ်ဆိုတာတော့ မသိသေးဘူးထင်ပါရဲ့ခင်ဗျာ"

"ကျွန်မ ဘယ်မှ ခရီးထွက်စရာမရှိပါဘူး"

အဘိုးကြီးကျော့ သူမ၏စကားကြောင့် တွေသွား၏။ "မဒမ် မနက်ဖြ
လန်ဒန်သွားဖို့ မဟုတ်ဘူးလား"

မဟုတ်ပါဘူးရှင့်-ဘာဖြစ်လို့မျှား အဲလိုထင်နေရတာတုံး"

ကျော့က ခေါင်းကို ဆက်ခနဲလှည့်လိုက်ပြီး- "မနေ့က မစ္စတာနဲ့ ရွာ
တွေ့တယ်လေ။ မနက်ဖြန် လန်ဒန်ကို နှစ်ယောက်လုံး သွားကြမှာတဲ့။ ဘ
တော့ပြန်ရောက်မယ်ဆိုတာလည်း မသေချာဘူးလို့ ကျုပ်ကို ပြောတာ
"အဓိပ္ပာယ်မရှိတာရှင့်" အဲလစ်စ်က ရယ်လျက်ပြန်ပြော၏။ "သူ
ဘာကို ရှင် တလွဲနားလည်လိုက်တာဖြစ်မှာပါ"

မည်သို့ပင်ဖြစ်စေ အိုးကြီးနားလည်မှုလွဲသွားလောက်အောင် ဂျရယ်
ဘာများပြောခဲ့ပါလိမ့်ဟု သူမက သိချင်နေမိသည်။ လန်ဒန်ကို သွားဖို့
သူမသည် လန်ဒန်ကို ပြန်သွားရန် လုံးဝ စိတ်ကူးမရှိပေ။

"လန်ဒန်ကို ကျွန်မ မကြိုက်ဘူး" သူမက ရုတ်တရက် ပြတ်တော
တောင်း ပြောလိုက်သည်။

"အာ-" ကျော့က အေးဆေးစွာ ပြန်ပြော၏။ "ကျုပ်မှားတာထင်ပ
ဒါပေမယ့် သူကလည်း ခပ်ရှင်းရှင်းပြောတာပါ။ မဒမ်တို့ ဒီမှာနေကြ
ကျုပ်ကဝမ်းသာတယ်။ ဟိုသွားဒီသွား သွားရတာမျိုး ကျုပ်တော့မကြိုက်
လန်ဒန်အကြောင်း ကျုပ်မသိပါဘူး။ သွားစရာလဲ မလိုဘဲကိုး။ ကား
ဘအားရှပ်တာပဲတဲ့။ ကားတစ်စီးရှိပြီဆိုရင် တစ်နေရာမှာ အခြေတက်
မနေချင်ကြတော့ဘူးဗျ။ မစ္စတာအမ်းလည်း ကားတစ်စီးဝယ်ပြီးလို့ တစ်
ဒို့သေး ဒီအိမ်ကို ရောင်းပစ်လိုက်တာပဲ။ အိမ်အတွက် ကုန်ထားတဲ့ငွေနဲ့
ဆောလားဗျာ။ ရေရောမီးရော တပ်ထားတာစုံနေတာပဲ။ ကျုပ်ကတောင် သူ
ပြောမိသေးတယ်။ ကုန်ထားတဲ့ငွေတွေပြန်ပြီး ကာမိမှာမဟုတ်ဘူးလို့။ ဒီထ
သူကပေါင်နှစ်ထောင်ကုန်ထားတာ နှစ်ထောင်ပြန်ရမှ ဖြစ်မှာပေါ့တဲ့။ တကယ်
လဲရသွားပါရဲ့"

"သူ သုံးထောင်ရသွားတာရှင့်" အဲလစ်စ်ကပြုံး၍ ပြောလိုက်သည်။

"နှစ်ထောင်ပါဗျာ" ကျော့ကထပ်ပြော၏။ "သူရောင်းမယ့်ဈေး
အဲဒီတုန်း က ကြေညာထားတာပဲ"

"တကယ်က သုံးထောင်ပေးလိုက်ရတာပါရှင့်"

အမျိုးသမီးတွေဟာ ဂဏန်းတွေအကြောင်း သိပ်မသိကြဘဲကိုးဟု တွေ
လက်နှင့်ကျော့က-

"မစ္စတာအမ်းက သူသုံးထောင်လိုချင်တယ်လို့ မဒမ်ကို အရှက်

ောင်းတာပဲလား" ဟု မေးလိုက်၏။

"ကျွန်မကို တောင်းတာမဟုတ်ဘူးရှင့်" အဲလစ်စ်က ဆက်၍ "ကျွန်မ
ဲ့နှုန်းဆီက တောင်းတာပါ"

ကျော့က ပန်းခင်းဘက်သို့ပြန်လှည့်ပြီး "ဈေးက နှစ်ထောင်ပါဗျာ"ဟု
ိုင်အမာ ပြောလိုက်လေသည်။

အဲလစ်စ်က သူနှင့်ဆက်၍ငြင်းမနေတော့ဘဲ ခင်လှမ်းလှမ်းရှိ ပန်းခင်းသို့
းပြီး ပန်းခူးနေလိုက်၏။ မွှေးကြိုင်သောပန်းတစ်ပွေ့တစ်ပိုက်နှင့် အိမ်
က်သို့ပြန်လာစဉ် ပန်းခင်းရှိ သစ်ရွက်များကြား၌ အစိမ်းပုပ်ရောင် အရာ
ူတစ်ခုကို သူမသတိပြုလိုက်မိ၏။ ကုန်း၍ကောက်ယူလိုက်ရာ ထိုအရာ
ခင်ပွန်းဖြစ်သူ၏ ဒိုင်ယာရီစာအုပ်ဖြစ်နေလေသည်။

သူမက စာအုပ်ကိုဖွင့်၍ ခပ်မြူးမြူးနှင့်အသေးစိတ်ဖက်ကြည့်နေ၏။
ဦး၏ အိမ်ထောင်ဦးကာလကတည်းပင် စိတ်လှုပ်ရှားတတ်၍ စိတ်နောက်
ယ်ပါလုပ်တတ်သော ဂျရယ်တွင် သူ့သဘာဝနှင့်မညီသော သေသပ်မှုနှင့်
စ်တကျလုပ်တတ်မှုဟူသည့် ကောင်းကွက်များရှိကြောင်း သူမသိခဲ့ရသည်။
သည် အစားအသောက်အချိန်မှန်ရေးအတွက် လွန်စွာအလေးထားတတ်
ဖြစ်ပြီး လုပ်စရာရှိသည်တို့အတွက် ကြိုတင်၍ အချိန်ဇယားဆွဲထားတတ်
သည်။

ဒိုင်ယာရီထဲ၌ မေလ ၁၄ရက်နေ့တွင် "အဲလစ်စ်နှင့်လက်ထပ်၊ စိန့်ပီတာ
းကျောင်း၊ ၂၃၀ နာရီ"ဟု ရေးသွင်းထားသည်ကို သူမကြည်နူးစွာ တွေ့
း "ရယ်ဖို့ကောင်းတဲ့လူကြီး" အဲလစ်စ်က သူ့ဘာသာပြောပြီး ဆက်ကြည့်
ရှင်းက ရုတ်တရက်ရပ်လိုက်မိ၏။ "ဗုဒ္ဓဟူးနေ့၊ ဇွန်လ ၁၈ရက်-ဘာပါလိမ့်၊
ဒီနေ့ပါလား။" ထိုရက်၏ဘေးကွက်လပ်တွင် ဂျရယ်၏သေသပ်သောလက်
ဖြင့် ည ၉ နာရီဟု ရေးထားသည်။ အခြား ဘာမှမပါပေ။ ည ၉ နာရီမှာ
ယ်ဘာလုပ်မလို့ပါလိမ့်၊ အဲလစ်စ်ကစဉ်းစားနေသည်။ သူမက ဖတ်ဖူးသော
ဝတ္ထုများလို လျှို့ဝှက်ချက်တစ်ခုခု သိရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့်
ခြိမ်၏။ အခြားအမျိုးသမီးတစ်ဦး၏အမည်ကိုလည်း သေချာပေါက်တွေ့ရ
မ့်မည်ထင်သည်။ သူမက စာရွက်များကို တဖျပ်ဖျပ်လှန်ကြည့်၏။ နေ့ရက်
း ချိန်းဆိုချက်များ၊ အလုပ်ကိစ္စ အတိုကောက်အမှတ်အသားများ၊ အမျိုး
သမီးအမည်မှာမူ တစ်ခုသာတွေ့ရသည်။ သူမ အမည်သာပင်။

ဒိုင်ယာရီစာအုပ်ကို အိတ်ထဲတွင်ထည့်၍ပန်းများနှင့်အိမ်သို့ လာခဲ့ရာ
ွင် သူမ၌ စိတ်မအီမသာ အနည်းငယ်ဖြစ်နေလေသည်။ ဒစ်ခ်ဝင်ဒီဖို့ ပြော

ဖူးသောစကားများကို သူမပြန်သတိရနေ၏။ သူမဘေးနားတွင် လာပြော
သလို ထင်မိသည်။ "ဒီလူဟာ လုံးဝ လူစိမ်းသက်သက်ပဲ၊ သူ့အကြောင်
နှင်ဘာမှ သိသေးတာမဟုတ်ဘူး"

မှန်ပါ၏။ သူ့အကြောင်း သူမ ဘာများသိထားသနည်း။ ဂျရယ်သည်
အသက် ၄၀ ရှိပြီ။ ထိုကာလအတွင်း သူ့ဘဝတွင် မိန်းမကိုစွဲရှိခဲ့နိုင်ပေသည်
အဲလစ်စ်က သည်းမခံနိုင်စွာ ခေါင်းယမ်းလိုက်၏။ ဒီလိုအတွေးမျိုး သူ
မတွေးသင့်ပေ။ သူမစိတ်ထဲတွင် လတ်တလော ပူပန်စရာကိစ္စတစ်ခု
ရှိနေသည်။ ဒစ်ခ်ဝင်ဒီဖို့ ဖုန်းဆက်ကြောင်း သူမခင်ပွန်းကို ပြောသင့်သလား
မပြောသင့်ဘူးလား။ ဂျရယ်သည် ရွာထဲသို့သွားရင်း သူနှင့်ဆုံကောင်
ဆုံနိုင်ခဲ့သည်ဟု လည်း စဉ်းစားစရာဖြစ်သည်။ ဤသို့ဖြစ်လျှင် ဂျရယ်
ပြန်ရောက်သည်နှင့် သူမကိုပြောပြပြီး သူသိချင်တာတွေ ဆက်မေး မည်
သေချာသည်။ တခြားကော ဘယ်လိုဖြစ်နိုင်သေးလဲ။ အဲလစ်စ်သည် ထိုကိ
ကို ပြောပြချင်သည့် ဆန္ဒတော့ မရှိပေ။

အကယ်၍ပြောပြလိုက်လျှင် ဒစ်ခ်ဝင်ဒီဖို့ကို အိမ်အလည်ခေါ်ဖို့ ပြော
ပေလိမ့်မည်။ ထိုအခါ ဒစ်ခ်ဝင်ဒီဖို့အိမ်သို့လာလိုကြောင်း၊ သူမက တားလို
ကြောင်း ပြောရမည်ဖြစ်၏။ ဘာလို့တားလိုက်တာလဲဟု မေးသောအခါ မ
သို့ဖြေရပါမည်နည်း။ သူမ၏ အိပ်မက်အကြောင်း ပြောလိုက်ရမလား၊
ခန်းကောင်းရယ်မည်ဖြစ်သည်။ သို့မဟုတ် ပိုဆိုးနိုင်၏။ သူ အလေးမထာ
သောကိစ္စကို သူမက နေကြီးခွင့်ကျယ်လုပ်နေသောကြေင့်ပင်။

နောက်ဆုံးတွင် အဲလစ်စ်ဘာမှမပြောဘဲနေရန် ဆုံးဖြတ်လိုက်သည်
ဤကိစ္စသည် သူမ၏ခင်ပွန်းမသိစေလိုသည့် ပထမဆုံးလျှို့ဝှက်ချက်ဖြစ်
ဆိုအသိဖြင့် သူမစိတ်ပင်ပန်းရလေသည်။

နေ့လယ်စာစားချိန်နီးသောအခါ ဂျရယ်ပြန်လာသံကိုကြားရ၏။ သူမ
မီးဖိုထဲသို့ပြေးသွားပြီး အလုပ်ရှုပ်နေဟန်ဆောင်ကာ သူမ၏စိတ်ရှုပ်မှု
ဖုံးကွယ်ထားလိုက်သည်။ ဒစ်ခ်ဝင်ဒီဖို့ကို ဂျရယ်မတွေ့ခဲ့ကြောင်း သေချာသ
အခါမှသာ သူမစိတ်သက်သာရာ ရသွားခဲ့၏။ ဖုံးကွယ်ထားသင့်သည်ကို
ကွယ်ထားရမည်ဟု ယခုအခါ သူမ နားလည်လက်ခံထားလိုက်ပေပြီ။

သူတို့ညနေစာစားပြီးသောအခါ ဧည့်ခန်းတွင် ထိုင်ကြ၏။ ပြတင်းမှ
ဖွင့်ထားလေရာ ညမွှေးပန်းတို့၏ ရနံ့များဖြင့် လေဝင်လာလျက် ရှိလေသည်
အဲလစ်စ်သည် ဒိုင်ယာရီစာအုပ်ကိစ္စ သတိရလာ၏။

"ဟောဒီမှာ ပန်းပင်တွေနဲ့အတူ ရှင်ရေလောင်းခဲ့တဲ့ဟာ" ပြောရင်း

လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ပန်းခင်းထဲ ကျကျန်ခဲ့တာဖြစ်မယ်"

"ဟုတ်မှာပေါ့-အခု ကျွန်မရှင်ရဲ့လျှို့ဝှက်ချက်တွေ အကုန်သိနေပြီ"

"ကိုယ့်မှာ ဘာမှအပြစ်ဖြစ်စရာမရှိဘူး" ဂျရယ်ကခေါင်းခါလျက်ပြော၏။

"ဒီည ဧနာရီမှာ ရှင်ဘာလုပ်ဖို့ ချိန်းထားတာရှိလဲ"

"အိုး-အဲဒါလား-"သူတစ်ခဏတော့ ဘာပြောရမှန်းမသိဖြစ်သွားသည်။
နောက် သူက ရယ်စရာတစ်ခုခုရှိသလိုပြုံးလိုက်ပြီး- "ကောင်မလေးတစ်
ယောက်နဲ့ချိန်းထားတာပါကွာ၊ အဲဒီကောင်မလေးက ဆံပင်ညိုညိုမျက်လုံး
ပြာပြာနဲ့ မင်းနဲ့အတော်တူတယ်"

"ကျွန်မ နားမလည်ဘူး" အဲလစ်စ်ကအရေးတကြီး မျက်နှာထားဖြင့်-
"ရှင်လှည့်ပတ်ပြောနေတာ"

"မဟုတ်ပါဘူးကွာ၊ တကယ်က ဒီညမှာတ်ပုံကူးစရာတွေရှိလို့ မှတ်ထား
တာ မင်းလည်းကိုယ့်ကို ကူလုပ်ပေးစေချင်တယ်"

ဂျရယ်မှာတင်သည် အပျော်တမ်းမှာတ်ပုံဆရာတစ်ဦးဖြစ်၏။ သူ့တွင်
ကွန်ကောင်းသောမှန်ဘီလူးများတပ်ထားသည့် ခေတ်ဟောင်းကင်မရာတစ်
လုံးရှိသည်။ မှာတ်ပုံများကို အမှောင်ခန်းပြုလုပ်ထားသည့် မြေတိုက်ခန်းထဲတွင်
ကိုယ်တိုင်ဆေးကူးလေ့ရှိ၏။

"အဲဒါက ည ဧနာရီတိတိမှာမှ လုပ်ရမယ်ဆိုပါတော့" အဲလစ်စ်က
မေးသံဖြင့် မေးလိုက်သည်။

ဂျရယ်မှာ စိတ်အနှောင့်အယှက်ဖြစ်သွားပုံရ၏။ "ဒီမယ် မိန်းကလေးရဲ့"
စိတ်မရှည်ဟန်ဖြင့် ပြောသည်။ "အလုပ်ဆိုတာ အချိန်တိတိကျကျ
လုပ်ထားရတယ်၊ ဒါမှအဆင်ပြေပြေ ပြီးစီးနိုင်တာ"

အဲလစ်စ်က ခင်ပွန်းဖြစ်သူကို တိတ်ဆိတ်စွာကြည့်နေလေသည်။ ထို့
နောက် ဘာကြောင့်မှန်းမသိဘဲ ကြောက်ရွံ့သည့်ခံစားမှုက သူမ၏စိတ်တွင်
တိတ်တရက်ပေါ် လာလေရာ သူ့ခင်ပွန်းကို ပြောလိုက်မိ၏။ "ဂျရယ် ကျွန်မ
အကြောင်းတွေပိုပြီး သိချင်တယ်" ဂျရယ်က သူမမျက်နှာကို အံ့သြစွာ
ကြည့်ပြီး- "မင်း-ကိုယ့်အကြောင်းတွေ အားလုံးသိပြီးသားပဲ၊ နော်သမ်ဘာ
မှမှာ နေခဲ့တဲ့ကိုယ့်ကလေးဘဝ၊ တောင်အာဖရိကမှာနေခဲ့ရတာ။ ပြီးခဲ့တဲ့
နှစ်က ကနေဒါမှာနေပြီး ကိုယ့်လုပ်ငန်းတွေ အောင်မြင်ခဲ့ကာ"

"အိုး-အလုပ်ကိစ္စတွေပဲပြောနေတယ်" အဲလစ်စ်က မကျေနပ်သံဖြင့်
ပြောလိုက်ရာ သူကရယ်လျက်-"မင်းဆိုလိုတာ ကိုယ်သိပါတယ်-အချစ်ကိစ္စ

တွေမဟုတ်လား၊ မင်းတို့မိန်းမတွေအားလုံးအတူတူပဲ၊ ကိုယ်ရေးကိုယ်
ကိစ္စတွေကလွဲလို့ ဘာမှစိတ်မဝင်စားဘူး"

အဲလစ်စ်လည်ချောင်းခြောက်လာသည်။ သူမက "အချစ်ကိစ္စတွေဆို
ရှိတော့ရှိခဲ့ဖူးမှာပေါ့၊ ကျွန်မသိထားမယ်ဆိုရင်-" ခေတ္တမျှတိတ်ဆိတ်သွား
သည်။ ဂျရယ်မာတင် တွေးတွေးငေးငေးဖြစ်နေ၏။ သူပြန်ပြောသော
အပျော်အပြက်သဘောမပါဘဲ အလေးအနက် ပြောခြင်းဖြစ်သည်။

"အဲဒါတွေ ပြန်ဖော်နေတာဟာ ဆင်ခြင်တုံတရားရှိရာရောက်ရဲ့လ
ကိုယ့်ဘဝမှာ မိန်းမနဲ့ပတ်သက်တဲ့ကိစ္စရှိခဲ့သလားဆိုတာ ရှိတော့ရှိဖူးတာ
ကိုယ်မငြင်းပါဘူး၊ ငြင်းလည်းမင်းက ယုံမှာမဟုတ်ဘူးလေ။ ဒါပေမယ့် ကို
မင်းကို အဖြောင့်မှန်ဆုံးပြောနိုင်တာကတော့ အဲဒါတွေထဲက တစ်ယောက်
ကိုယ့်အတွက်အလေးထားစရာမဖြစ်ခဲ့ဘူး"

သူ့အသံတွင် ရိုးသားဖြောင့်မတ်မှုကို ခံစားရ၍ အဲလစ်စ်နှစ်သိမ့်
သွားပါ၏။ ဂျရယ်ကဆက်၍- "ကျေနပ်ပြီမဟုတ်လား-ဒါနဲ့နေပါဦး ဒီညတ
မင်းစိတ်ထဲ ဒီအကြောင်းတွေ ဘာလို့ဝင်နေရတာတုံး" အဲလစ်စ်ကထ
ဟိုဟိုဒီဒီလျှောက်နေရင်း-"ကျွန်မလည်းမသိဘူး၊ ဒီနေ့တစ်နေကုန် စိတ်
နေတာပဲ"

"ခါတိုင်း မင်းဒီလိုမဟုတ်ပါဘူးကွာ၊ အမြဲကြည်လို့ရွှင်လို့ ငြိမ်းချမ်
တာပါ"

အဲလစ်စ်ကတမင်ပြုံးပြလိုက်၏။ "ဒီနေ့တော့အကုန်လုံး ကျွန်မကို
ကျင်နှောင့်ယှက်နေသလိုပဲ"သူမကဆက်၍ "အဘိုးကြီးဂျော့ကတောင် ကြိ
ဖန်ဖန်တွေ လာပြောသေးတယ်။ ကျွန်မတို့ လန်ဒန်ကိုသွားကြမလို့တဲ့
သူ့ကိုရှင်ပြောတာလို့လည်း ပြောတယ်"

"သူ့ကို ဘယ်မှာတွေ့လို့လဲ" ဂျရယ်ကပြတ်တောက်တောက်မေးလိုက်
အဲလစ်စ်က- "သူက သောကြာနေ့အစား ဒီနေ့အလုပ်လာဆင်းတာ

"အသုံးမကျတဲ့အဘိုးကြီး" ဂျရယ်ကဒေါသဖြင့် ရေရွတ်လိုက်သည်
လစ်စ်က သူ့ကို အံ့သြစွာကြည့်လိုက်မိ၏။ သူ့ခင်ပွန်း၏မျက်နှာမှာ
မဆောင်နိုင်လောက်အောင် ဒေါသဖြစ်နေသည်ကို တွေ့ရသည်။ ဒီလော
စိတ်ဆိုးသည်ကို အရင်က မတွေ့ဖူးခဲ့ပေ။ သူမ အံ့အားသင့်သွားသည်
မြင်၍ ဂျရယ် သူ့ကိုယ်သူပြန်ထိန်းလိုက်၏။

"အဘိုးကြီးရူးနေလို့ဖြစ်မှာပဲ" သူက မှတ်ချက်ပေးလိုက်သည်။

"သူအဲဒီလိုထင်ရအောင် ရှင်ဘယ်လိုပြောလိုက်လို့လဲ"

"ကိုယ်က - ဘာမှမပြောပါဘူးကွာ၊ တစ်ခုတော့ရှိတယ်။ ကိုယ်မှတ်
မနက်ဖြန်လန်ဒန်ကို သွားဦးမှပဲလို့ အပြောင်အပြက်ပြောလိုက်တာ
တယ်ထင်သွားတာဖြစ်မယ်။ မင်းက မဟုတ်ဘူးလို့ ပြောလိုက်တယ်
တုတ်လား"

"ပြောပါတယ်၊ ဒါပေမယ့် ဒီလူကြီးက သူ့ခေါင်းထဲတစ်ခုခုမှတ်ထားရင်
ဆုတ်လို့ရတော့တာမဟုတ်ဘူး"

ထို့နောက် သူမကအဘိုးကြီး အိမ်တန်ဖိုးကိစ္စ ဇွတ်ငြင်းနေသည်ကိုလည်း
ပြလိုက်သည်။ ဂျရယ်က ခေတ္တမျှ တုံ့ဆိုင်းနေပြီး ဖြည်းဖြည်းချင်းပြော
"အမ်းက လက်ငင်း ပေါင်နှစ်ထောင်ယူပြီး ကျန်တဲ့တစ်ထောင်ကို ချေး
အဖြစ် ထားခဲ့တာပါ။ အဲဒါကြောင့် အမှတ်မှားသွားတာဖြစ်မှာပဲ"

"အဲဒါနဲ့တူပါရဲ့" အဲလစ်စ်က သဘောတူလိုက်သည်။ ထို့နောက် သူမ
နာရီကိုမော့ကြည့်ပြီး လက်ညိုးဖြင့်ညွှန်လျက်- "ကျွန်မတို့အလုပ်သွားလုပ်
ဆင့်ပြီဂျရယ်။ ငါးမိနစ်တောင် နောက်ကျသွားပြီ"

ဂျရယ်မာတင်၏ မျက်နှာတွင် အလွန်ထူးခြားသည့်အပြုံးတစ်ခုပေါ်လာ
သူက တည်ငြိမ်စွာဖြင့်- "ကိုယ်အစီအစဉ်ပြောင်းလိုက်ပြီ။ ဒီညတော့
တ်ပုံကူးတဲ့ကိစ္စမလုပ်သေးဘူး"

အမျိုးသမီးတစ်ယောက်၏စိတ်မှာ နားလည်ရခက်သည်ဟု ဆိုရပါမည်။
ညတွင် အိပ်ရာဝင်သောအခါ အဲလစ်စ်သည် စိတ်ငြိမ်းအေးမှုရနေပြီဖြစ်
ခေတ္တမျှ ကွယ်ပျောက်သွားရသောသူမ၏ ပျော်ရွှင်ချမ်းမြေ့မှုများသည်
င်ကအတိုင်းပင် ပြန်လည်ရောက်ရှိလာကြလေသည်။

သို့ရာတွင် နောက်တစ်နေ့ညနေပိုင်းတွင်မူ ဝေခွဲမရသော အင်အားစုတို့
ဖျက်ဆီးဖြိုခွဲနေသကဲ့သို့ သူ့စိတ်တွင် ဖြစ်မိလာလေသည်။ ဒစ်ခ်ဝင်ဒီဖို့
ည် နောက်ထပ် ဖုန်းဆက်ခြင်း မပြုပေ။ သူမ၏အတွေးထဲတွင် ဒစ်ခ်ပြော
ည့်စကားတို့က ကြိမ်ဖန်များစွာပေါ်လာတတ်၏။ ထို့ပြင် သူ့ခင်ပွန်း၏
ဒ်နှာကိုလည်း မကြာခဏပြန်မြင်မိသည်။ "အဲဒါတွေပြန်ဖော်နေတာဟာ
ခြင်တုံတရားရှိရာ ရောက်ရဲ့လား"ဟု သူပြောခဲ့သည်မှာ သူမကို သတိ
ချင်လို့များလား။ သူ့စကားအဓိပ္ပာယ်မှာ "အဲလစ်စ်၊ မင်း ကိုယ့်ဘဝထဲ
မွှေချင်နဲ့၊ ဝင်မွှေမိရင် မင်း အကြီးအကျယ် ကံဆိုးတဲ့သူ ဖြစ်သွားနိုင်
ယ်"ဟု ယူဆနိုင်၏။

သောကြာနေ့နံနက်တွင်မူ ဂျရယ်၏ဘဝတွင် အမျိုးသမီးတစ်ယောက်
သတ်ခဲ့ရမည်ဟူသော အတွေးက ခိုင်မာလာသည်။ သူမ၏ ဝန်တိုမှုသည်

ပြည်းဖြည်းချင်း သန္ဓေတည်ခဲ့ရာမှယခုအခါ မထိန်းနိုင်အောင် ပုံ့နှံ့သွားလေ
ပြီ။ ဗုဒ္ဓဟူးနေ့ ည ၉နာရီဟု ဒိုင်ယာရီတွင် ရေးမှတ်ထားသည်မှာ ထိုအခ
သမီးနှင့်တွေ့ဖို့လား၊ ဓာတ်ပုံများကူးရန်ဟု သူအကြောင်းပြသည်မှာ ရုတ်တရ
ပေါ် လာသောစိတ်ကူးပဲလား။ လွန်ခဲ့သော သုံးရက်ကမူ သူမသည် ခင်ပွန်
သည်အကြောင်း ကောင်းကောင်းသိသည်ဟုပြောနိုင်ခဲ့မည်ဖြစ်၏။ သို့ရာတွ
ယနေ့မှာကား သူခင်ပွန်းသည် သူဘာမှမသိရသော လူစိမ်းတစ်ယောက်
သို့ ဖြစ်နေပေပြီ။ အဘိုးကြီးကျော့အပေါ် အကြောင်းမဲ့ ဒေါသထွက်ခြင်းမှာလည်
သူ၏စိတ်ကောင်းရှိသောသဘာဝနှင့် ဆက်စပ်မရနိုင်ပေ။ ထိုအချက်
သေးငယ်သည့်ကိစ္စဟု ဆိုနိုင်သော်လည်း သူခင်ပွန်းဖြစ်သူကို သူနားမလည်
သေးကြောင်း ဖော်ပြနေပါ၏။

ယနေ့သောကြာနေ့တွင် အိမ်အတွက် လိုအပ်သောပစ္စည်းကလေးမျ
ဝယ်ရန် ရွာသို့သွားရမည်ဖြစ်၏။ နေ့လယ်ပိုင်းတွင် ဂျရယ်ပန်းခြံကိစ္စလုပ်
ဝဉ် အဲလစ်စ်က ရွာသို့ပစ္စည်းသွားဝယ်မည်ဖြစ်ကြောင်း သူ့ကိုတိုင်ပင်သော
အခါ သူမအံ့သြရလောက်အောင် ဂျရယ်က ဆန့်ကျင်ကန့်ကွက်လေသည်
အဲလစ်စ်အား အိမ်တွင်နေစေပြီး သူသွားဝယ်မည်ဟုပြော၏။ အဲလစ်စ်
ပြောမရသောအခါ သူ့အစီအစဉ်အတိုင်း လက်ခံလိုက်ရသော်လည်း ဂျရ
၏ပြင်းထန်သောကန့်ကွက်မှုကြောင့် အံ့သြရသည့်ပြင် စိုးရွံ့မှုလည်း ဖြစ်
လေသည်။ သူမ ရွာကိုမသွားအောင် သူဘာကြောင့် ဤမျှကာကွယ်နေရ
သနည်း။

ချက်ချင်းပင် သူမသည် ရှင်းလင်းသောအဖြေတစ်ခုကို စဉ်းစားမိ
ဂျရယ်သည် သူမကိုပြောမပြသော်လည်း ရွာတွင် ဒစ်ခ်ဝင်ဒီဖို့နှင့်တွေ့ခဲ့
ဖြစ်နိုင်ပေသည်။ လက်ထပ်ပြီးစအချိန်က သူမတွင်ဝန်တိုစိတ်မရှိခဲ့သော်လည်
နောက်ပိုင်းတွင်ရှိလာပြီး တိုးသည်ထက်တိုးလာခဲ့၏။ ဂျရယ်တွင်လည်း ဤ
ဝင်ရှိပေလိမ့်မည်။ ဒစ်ခ်ဝင်ဒီဖို့နှင့်သူမတွေ့ဆုံမည့်အရေးကို သူလုံးဝကာကွ
ရမည်မဟုတ်လား။ ဤဖြေရှင်းချက်မှာ အချက်အလက်များနှင့်အံဝင်နေသော
ရာ သူမ၏စိတ်ရှုပ်ထွေးမှုတို့ ပြေလျော့သွားပြီး ထိုအတိုင်းပင် သူမလက်
ထားလိုက်လေ၏။

သို့တိုင်အောင် နေ့လယ် လက်ဖက်ရည်သောက်ချိန်တွင် သူမတစ်
တစ်ရာကြောင့် စိတ်တွင်အဖုအထစ်ရှိနေဆဲဖြစ်ကြောင်း ခံစားမိလေသည်
ဂျရယ်ရွာထဲသို့ထွက်သွားချိန်မှစ၍ သူမတွင် ဆန္ဒတစ်ခုနှင့်လွန်ဆွဲနေမိ
နောက်ဆုံးတွင် အခန်းသန့်ရှင်းရေးလုပ်ရန်လိုနေပြီဟု ဆုံးဖြတ်လိုက်

ခြင်းဖြစ်သူ၏ အဝတ်လဲခန်းရှိရာ အပေါ်ထပ်သို့ တံမြက်စည်း၊ အဝတ်
စသည်တို့ယူပြီး တက်သွားတော့၏။

သူမတွေ့လိုနေသည့် မသက်ာဖွယ်အထောက်အထားတို့မှာ ပြီးခဲ့သည့်
လအတန်ကြာကပင် ဖျောက်ဖျက်ခဲ့ပြီးလည်းဖြစ်နိုင်ပေသည်။ သို့ရာတွင်
ာက်ွားများသည် သူတို့စွဲလမ်းခဲ့ဖူးသမျှတို့ကို ကြာမြင့်စွာသိမ်းဆည်းထား
ိုးရှိနိုင်ပါ၏။ သူမ၏ အပြုအမူအတွက် ပါးများနီလာအောင် ရှက်မိ
သည့်ဘိုင် နောက်ဆုံးတွင် အံ့ဆွဲများ၊ အိတ်များကို နှံ့နှံ့စပ်စပ်ရှာလေတော့
သည်။ အံ့ဆွဲနှစ်ခုမှာမူ သော့ခတ်ထား၍ မရှာနိုင်ပေ။ ဂျရယ်သည် သော့
ကို အမှုမဲ့ဖြင့် အောက်ထပ်ဗီရိုပေါ် တွင်ထားခဲ့တတ်သည်ကို သတိရပြီး
၍ ရှာရာ သော့တွဲရလာခဲ့၏။ သော့တွဲထဲမှ တစ်ချောင်းဖြင့် စာရေးစားပွဲ
အံ့ဆွဲကိုဖွင့်၍ ရပေသည်။ ချက်စာအုပ်တစ်အုပ်နှင့်ပိုက်ဆံအိတ်တစ်ခုတို့ကို
တွေ့ရ၏။ အံ့ဆွဲအဆုံးနားတွင်မူ သားရေကြိုးဖြင့် စည်းထားသည့်စာအိတ်
ကို တွေ့ရလေသည်။ သူမအသက်ရှူမြန်လာ၏။ သားရေကြိုးကိုဖြုတ်၍
တစ်စောင်ချင်းကြည့်လိုက်သည်။ ချက်ချင်းပင် သူမရှက်သွေးဖျန်းသွားပြီး
အိတ်များ ပြန်စည်းကာ အံ့ဆွဲကိုပိတ်၍ သော့ခတ်လိုက်တော့၏။ စာများ
ဂျရယ်ထံသို့ သူမကိုယ်တိုင်ရေးပို့ခဲ့သောစာများဖြစ်သောကြောင့်ပင်တည်း။

ထို့နောက် စုပေါင်းအံ့ဆွဲရှိရာသို့ဆက်၍ ရှာလေသည်။ ယခုအခါတွင်
သူမသည် ရှာနေသောအရာတွေ့ရန် မျှော်လင့်ချက်သိပ်မထားတော့ပေ။
နေရာစုံအောင်သာ ရှာကြည့်ခြင်းဖြစ်ပေသည်။ ဂျရယ်ထားခဲ့သည့်သော့တွဲ
တွင် ဤအံ့ဆွဲများဖွင့်ရန် သော့မပါဝင်ပေ။ အခြားအခန်းများကိုရှာရင်း
နောက်ထပ်သော့များတွေ့ခဲ့ရ၏။ ဗီရိုသော့တစ်ချောင်းမှာ ကံအားလျော်စွာ
ပေါင်းအံ့ဆွဲကိုဖွင့်၍ရသွားလေသည်။ သို့ရာတွင် အံ့ဆွဲထဲ၌ သူမမျှော်လင့်
ားသည်များရှိမနေပါ။ ကြာမြင့်လှပြီဖြစ်သည့် သတင်းစာဖြတ်ပိုင်းဟောင်း
များ လိပ်ထားသည်ကိုသာတွေ့ရ၏။

အဲလစ်စ် စိတ်သက်သာရာရပြီး သက်ပြင်းချလိုက်မိသည်။ သတင်းစာ
ဖြတ်ပိုင်းများကို ဘယ်လောက်သတင်းထူးလို့များ ဒီလောက်ကြာအောင် သိမ်း
ားတာပါလိမ့်။ သိချင်စိတ်ဖြင့် ယူကြည့်လိုက်၏။ အားလုံးလိုလို အမေရိ
နတ်သတင်းစာများဖြစ်ပြီး လွန်ခဲ့သော ၇ နှစ်က ဆတင်းစာဟောင်းများဖြစ်
သည်။ သူငှားရမ်းနေထိုင်သည့် အိမ်ကြမ်းခင်းအောက်တွင် လူအရိုးစုတစ်ခု
ကိုတွေ့ခဲ့ရပြီး သူလက်ထပ်ခဲ့သည့်အမျိုးသမီးများမှာ သတင်းအစအနပျောက
အောင် ပျောက်သွားခဲ့ပေသည်။ သူရင်ဆိုင်ရသည့်အမှုများတွင် အဘော်ဆုံး

ရွေးနေများ၏အကူအညီဖြင့် သူကိုယ်သူပိုင်နိုင်စွာ ကာကွယ်နိုင်ခဲ့၏။ အဓိ
ကျသည့်ကြီးလေးသော အမှုဟစ်ခုတွင်သူသည် အပြစ်မရှိဟု ဆုံးဖြတ်ခြင်
ခံခဲ့ရပြီး အခြားအမှုငယ်များစွာအတွက်မူ သူအားနှစ်ရှည်ထောင်ဒဏ်မ
ချမှတ်ခဲ့လေသည်။

ထိုကာလက အမှုကိစ္စမှာ စိတ်ဝင်စားစရာဖြစ်ခဲ့ကြောင်း အဲလစ်စ်မှတ်
လာ၏။ လွန်ခဲ့သော သုံးနှစ်ကထောင်ဖောက်ပြေးသွားသော လီမေတာ
ပြန်လည်ဖမ်းဆီးရမိခြင်းမရှိသေးသည်ကိုလည်း စဉ်းစားမိလေသည်။ ထို
လက ၎င်း၏ပုံပန်းသဏ္ဌာန်နှင့်အမျိုးသမီးများအပေါ် လွယ်ကူစွာဆွဲဆော
လွှမ်းမိုးနိုင်ပုံ။ အမှုအတွက် ထိရောက်စွာလျှောက်လဲချေပခဲ့ပုံတို့ကို အင်္ဂလိ
သတင်းစာများတွင်လည်း ရှည်လျားစွာနေ့စဉ်ရက်ဆက်ဖော်ပြခဲ့၏။ ထို့ပြ
သူ၏နှလုံးအားနည်းရောဝါကြောင့် အမှုရင်ဆိုင်စဉ်လဲကျခဲ့ရပုံတို့ပါမကု
အသေးစိတ် ပါဝင်ခဲ့ပေသည်။

သတင်းစာဖြတ်ပိုင်းတစ်နေရာတွင် သူ၏ဓာတ်ပုံကိုဖော်ပြထား
အဲလစ်စ်ကစိတ်ဝင်တစားစူးစိုက်ကြည့်မိလေသည်။ မုတ်ဆိတ်မွေးရှည်ရှည်
နှင့် ပညာတတ်ပုံစံရှိသူဖြစ်သည်။ သူမသိခဲ့ဖူးသူတစ်ယောက်နှင့် ဆင်သ
ခဲ့နေ၏။ ရုတ်ချည်းပင်-သူမထိတ်လန့်စွာသိလိုက်ရသည်မှာ ဓာတ်ပုံထဲကလူသ
ဂျရယ်ကိုယ်တိုင်ပါပဲလား။ မျက်ဝုံးနှင့်မျက်လုံးတို့မှာ သိသာလှသည်။ ဓာတ်
ဘေးရှိစာပိုဒ်ကိုအဲလစ်စ်ဖတ်ကြည့်လိုက်၏။ တရားခံ၏ အိပ်ဆောင်မှတ်
စာအုပ်တွင် ရက်စွဲအချို့နေ့မှတ်ထားကြောင်း၊ ထိုရက်စွဲများမှာသူ၏သားကော
များကို အဆုံးစီရင်သည့်နေ့ရက်များဖြစ်သည်ဟု ယုံကြည်ဖွယ်ဖြစ်ကြောင်
အမျိုးသမီးတစ်ဦးက အိုင်အမာသက်သေခံသည်မှာ တရားခံ၏လက်ဝဲဘ
လက်ကောက်ဝတ်၊ လက်ဖဝါးအောက်ကပ်လျက်တွင် မဲ့လုံးတစ်ခုရှိကြောင်း
အဲလစ်သည် သတင်းစာဖြတ်ပိုင်းတို့ကို လွှတ်ချလိုက်ပြီး ရပ်နေရင်း
သိမ်းယိုင်သွားမိလေသည်။ သူခင်ပွန်း၏လက်ဝဲဘက် လက်ကောက်ဝတ်
လက်ဖဝါးအောက်ကပ်လျက် အမာရွတ်တစ်ခုရှိနေပါလေ၏။

သူရောက်နေသောအခန်းမှာ ချာချာလည်နေသည်ဟု ထင်မိသည်
ဂျရယ်မာတင်သည် လီမေတာပါကလား။ ထိုသေချာသည့်အချက်ကို သူ
လက်ခံလိုက်ရပေပြီ။ သူမ၏ဦးနှောက်ထဲတွင် တစ်စစီပြန့်နေသော အစိတ်
အပိုင်းကလေးများစုစည်းလာနေ၏။ အရုပ်သွင်းကစားနည်းကဲ့သို့တစ်ခုနှ
တစ်ခု ဆက်စပ်ရင်း အံဝင်ခွင်ကျဖြစ်သွားပါလေသည်။

အိမ်ဖတွက်ပေးခဲ့ရသောငွေ၊ သူမ၏ငွေသက်သက်ပင်။ သူမပိုင်ဆို

သည့်ငွေအားလုံးနှင့် ပတ်သက်သောအာမခံစာချုပ်များကို သူထံယုံကြည်စွာ
အပ်နှံထားပြီးဖြစ်သည်။ သူမ၏အသိစိတ်ထဲတွင်ဂျရယ်မာတင်ကိုကြောက်
နေပြီး သူလက်မှလွတ်မြောက်ရုံစိတ်ကြောင့် အိပ်မက်များထပ်တလဲလဲမက်
ခြင်းဖြစ်ပေလိမ့်မည်။ အိပ်မက်အတိုင်းဆိုလျှင် သူမသည်လွတ်မြောက်ရေး
အတွက် ဒစ်ခ်ဝင်ဒီဖို့ကို အကူအညီတောင်းရတော့မလိုဖြစ်နေ၏။ သို့မဟုတ်
ကာ သူမသည်လီမေတာ၏သားကောင်းများစာရင်းတွင် မကြာမီအတွင်း
တွင် ရပေတော့မည်။

တစ်ခုခုကိုသတိရသွားပြီး ရုတ်တရပ် အဲလစ်စ်အသံထွက်လောက်အောင်
သက်ရှိုက်မိ၏။ ဗုဒ္ဓဟူးနေ့ ည ၉ နာရီ။ မြေတိုက်ခန်းအတွင်းအလွယ်တကူ
သုံနိုင်သောကြမ်းခင်းကျောက်ပြားများရှိ၏။ သူသည် တစ်ခါက သူ၏
အားကောင်တစ်ဦးကို မြေတိုက်ခန်းအတွင်းမြှုပ်ထားခဲ့ဖူးပြီ။ အလားတူအကြံ
အစည်ကို ဗုဒ္ဓဟူး ည ၉ နာရီတွင် စီစဉ်ထားခြင်းဖြစ်ရပေမည်။ သို့ရာတွင်
ဆိုသို့သော အကြံအစည်ကို ကြိုတင်ရေးသားမှတ်တမ်းတင်ထားခြင်းမှာ ရှုး
ပေါ်၍ပဲလား။ မဟုတ်ပါ။ သဘာဝကျပါ၏။ ဂျရယ်သည် သူ၏အလုပ်ကိစ္စ
မှတ်ဆိုချက်များကို မှတ်တမ်းရေးသွင်းလေ့ရှိပေသည်။ လူသတ်ရန်ကိစ္စမှာ
သူအတွက် အခြားသောအလုပ်ကိစ္စများနှင့် အတူတူပင်ဖြစ်ပေလိမ့်မည်။

သို့ရာတွင် ဘယ်အချက်က သူမ်ကို ကယ်ဆယ်လိုက်ပါသနည်း။
နောက်ဆုံးမိနစ်ကျမှ သူစိတ်ပြောင်းသွား၍လော။ မဟုတ်ပါ။ ချက်ချင်းပင်
အဖြေကို သူမရလိုက်၏။ အဘိုးကြီးကျော့ကြောင့်ပင်။ ယခုအခါသူမ၏
ခင်ပွန်း ဘာ့ကြောင့်ဒေါသတကြီးဖြစ်ရသည်ကို နားလည်လိုက်ပါပြီ။ သူသည်
သူ့အကြံ အစည်အတွက် လမ်းခင်းသည့်အနေဖြင့် တွေ့သူတိုင်းအား
နောက်ရက်တွင် လန်ဒန်သို့သွားမည်ဟု ပြောခဲ့သည်မှာ သံသယရှိရန်မလို
တော့ပါ။ ထို့နောက် မမျှော်လင့်ဘဲ ကျော့ကရောက်လာပြီး လန်ဒန်သွားမည့်
အစီအစဉ်ပြောလိုက်ရာ ထိုညတွင်သူ့အကြံအတိုင်း အကောင်အထည်ဖော်ရန်မှာ
နှောင့်နှေးလွန်းရာရောက် မည်ဖြစ်၏။ ကံကောင်းလွန်းလို့ပါလား။ ထိုအသေးအဖွဲ
အကြောင်းကို သူမ ထုတ်မပြောဖြစ်ခဲ့ပါလျှင်- အဲလစ်စ် ကြက်သီးထသွား
လေ၏။

အချိန်မရှိတော့ပါ။ သူပြန်ရောက်မလာမီ သူမချက်ချင်းပင်ထွက်ပြေးမှ
ဖြစ်တော့မည်။ သူမသည်သတင်းစာဖြတ်ပိုင်းများကို အံဆွဲထဲပြန်ထည့်လိုက်ပြီး
သော့ခတ်လိုက်သည်။ ထို့နောက်တွင်ကား သူမသည်ကျောက်ရုပ်တစ်ခုပမာ
လှုပ်ရှားနိုင်အောင် အကြောက်လွန်သွားလေတော့၏။ ဂိတ်တံခါးဖွင့်သံ

ကြားလိုက်ရခြင်းပင်။ သူမခင်ပွန်း ပြန်ရောက်လာလေပြီ။

စိတ်အားတင်းလျက် သူမခြေဖျားထောက်ကာ ပြတင်းပေါက်ဆီသို့သွ
၍ ခန်းဆီးအကာအကွယ်နောက်မှ ဝင်ပေါက်ဆီသို့လှမ်းကြည့်လိုက်၏။ သူ
၏ခင်ပွန်းပင်ဖြစ်ပါသည်။ သူ့အတွေးနှင့်သူပြုံးလျက် လေချွန်ရင်း အိမ်တံ
သို့လာနေသည်။ သူလက်ထဲတွင်ကိုင်လာသောအရာကို တွေ့လိုက်သည်နှ
အဲလစ်စ်နှလုံးသွေးရပ်မတတ်ဖြစ်သွားရ၏။ ထိုအရာမှာ အသစ်စက်စ
ပေါက်ပြားတစ်လက်ဖြစ်လေသတည်း။

ယနေ့ညမှာပင် သူ့အကြံကို အကောင်အထည်ဖော်တော့မည်
အဲလစ်စ်သိလိုက်သည်။ သို့ရာတွင် အခွင့်အရေးတစ်ခု ရှိပါသေး၏။ ဂျရ
သည် လေချွန်ရင်းအိမ်နောက်ဘက်သို့ ပတ်သွားနေသည်။ ခဏမဆိုင်း
သူမအပြေးဆင်း၍ အိမ်ပြင်သို့ ထွက်လိုက်၏။ သို့ရာတွင် သူမတံခါးမှထွ
လျှင်ထွက်ချင်း ဂျရယ်ကအိမ်ထောင့်မှ ပေါ်လာတော့သည်။

"ဟေး" သူကလှမ်းပြောလိုက်သည်။ "အရေးတကြီးနဲ့ပါလား။ ဘယ်မ
သွားမလို့တုံး"

အဲလစ်စ်သည် ဟန်မပျက် အေးအေးဆေးဆေး ပုံစံပေါက်ရန် အတေ
ကြိုးစားလိုက်ရ၏။ လတ်တလောတွင် သူမ၏အခွင့်အရေးမှာ ပျောက်ဆ
သွားလေပြီ။ သို့သော် သူမသတိထားပြီး သူသံသယမရှိအောင်နေနိုင်လျှင်
နောက်ထပ်အခွင့်အရေးပေါ်လာနိုင်ပါသေး၏။ ခုလောလောဆယ်တွင်ကာ

"ဒီလမ်းကလေးအဆုံးထိလျှောက်မလို့" ခွန်အားမရှိသောလေသံဖြ
သူမပြန်ပြောလိုက်သည်။ ဂျရယ်က- "ကောင်းပြီလေ-ကိုယ်ပါလိုက်မယ်

"ကျေးဇူးပြုပြီး မလိုက်ပါနဲ့ဂျရယ်-ကျွန်မအကြောတက်ပြီး ခေါင်းကို
နေလို့ပါ။ ကျွန်မတစ်ယောက်တည်းပဲသွားပါရစေ"

သူက သူမကို ဂရုစိုက်၍ ကြည့်နေလေသည်။ သူ့မျက်လုံးထဲတွ
သံသယ အရိပ်အယောင်အနည်းငယ်ရှိသည်ဟု သူမထင်မိသည်။

"မင်းဘာဖြစ်နေတာလဲ အဲလစ်စ် ဖြူဖပ်ဖြူရော်ဖြစ်ပြီး တုန်နေသလို

"ဘာမှမဖြစ်ပါဘူး" သူမက ဇွတ်အတင်းပြုံးလိုက်ပြီး- "ခေါင်းကိုက်
တာပါ။ လမ်းလျှောက်လိုက်ရင် ကောင်းသွားမှာပါ"

"ဒါဆိုလည်း ကိုယ့်ကိုမလိုလားတဲ့သဘောပြောတာဘယ်ကောင်းမ
ဂျရယ်က ခပ်ပေါ့ပေါ့ရယ်ပြီး ပြောလိုက်သည်။ "မင်းကြိုက်ကြိုက် မကြို
ကြိုက် ကိုယ်လိုက်မှာပဲ"

သူမထပ်၍ မကန့်ကွက်ရဲတော့ပေ။ သူမသိနေပြီဟု သူသံသယဝင်သွား
လျှင်-

သူတို့လမ်းလျှောက်ရာမှ အိမ်ပြန်ရောက်သောအခါ သူကသူမကိုလှဲနေ
ပြီး အော်ဒီကလုံးရေမွှေးကို နားထင်များတွင် ဆွတ်ဖျန်းရန်ယူပေး၏။
အဲလစ်စ်မှာ ခြေရောလက်ပါတုပ်နှောင်ပြီး ထောင်ချောက်တွင်ထည့်ထားခံ
ရသူကဲ့သို့ ကယ်သူဝေးအခြေအနေမျိုးကို ခံစားနေရလေသည်။ သူသည်
သူမကို တစ်မိနစ်မျှပင် အလစ်မပေးပေ။ မီးဖိုထဲသို့ပင်လိုက်လျက် သူမကို
ကုည်လုပ်ကိုင်ပေးနေ၏။ ညစာကိုသူမ မျိုမကျပေ။ သို့ရာတွင် သဘာဝကျကျ
ကြည်ကြည်သာသာဟန်ပြလျက် ဖြစ်အောင်စားရလေသည်။ ယခုအခါ သူမ
သည် ကိုယ့်အသက်အတွက် တိုက်ပွဲဝင်နေရပြီဖြစ်ကြောင်း နားလည်နေရ၏။
အိမ်ထဲတွင် သူတို့နှစ်ယောက်တည်းရှိနေရာ မိုင်အနည်းငယ်အတွင်းမှာပင်
ကုညီမည့်သူ မရနိုင်သည့်အတွက် သူ့လက်ခုပ်ထဲကရေလိုဖြစ်နေပေသည်။
သူမ၏ တစ်ခုတည်းသောအခွင့်အရေးမှာ သူ့တွင်ရှိ သံသယများကို လျော့
သွားစေပြီး သူမကိုတစ်ဦးတည်း ခေတ္တမျှ လွတ်လပ်စွာလှုပ်ရှားခွင့်ပေးရန်ဖြစ်
၏။ ထိုအခါ သူမသည် ဧည့်ခန်းထဲရှိ တယ်လီဖုန်းရှိရာသို့သွားပြီး အကူအညီ
ခေါ်နိုင်မည်ဖြစ်ရာ ယင်းသည်ပင် သူမ၏တစ်ခုတည်းသော မျှော်လင့်ချက်
ဖြစ်လေသည်။

သူ၏အကြံအစည်ကို ထပ်မံရွှေ့ဆိုင်းစေမည့် အကြောင်းတစ်ခုခုရှိနိုင်
မည်လားဟု သူမစဉ်းစားမိသည်။ ဒစ်ခ်ဝင်ဒီဖို့ ယခုညတွင် အလည်လာမည်
ဟုပြောလိုက်လျှင်ကော၊ ပြောမည့်ပြုပြီးမှ သူမ ထိုစိတ်ကူးကို ပြန်ဖျက်လိုက်
၏။ သူသည် သူ့အကြံကို ဒုတိယအကြိမ် အပျက်ခံတော့မည်မဟုတ်ပေ။
သူ၏ အေးဆေးတည်ငြိမ်သည့်အမှုအရာအောက်တွင် ဆုံးဖြတ်ချက်တစ်ခု
တိတ်တိတ်ကြိတ်၍ကျေနပ်နေမှုရှိကြောင်း သူမစိတ်တွင် စိုးရွံ့စွာသိနေရ၏။
အိုး-ဒစ်ခ်ဝင်ဒီဖို့ရောက်လာလိုက်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ-
အကယ်၍ ဒစ်ခ်သာ-

စိတ်ကူးတစ်ခု သူမတွင် ရုတ်တရက်ပေါ်လာလေသည်။ သူမက ခင်ပွန်း
ဖြစ်သူကို ခိုးကြည့်လိုက်၏။ သူမ၏စိတ်ကို အဓိပ္ပာယ်ဖော်လိုက်နိုင်မှာကို
ဒီရိမ်ရသည်။ အကြံအစည်တစ်ခုကို စိတ်ကူးရလိုက်ပြီးနောက် သူမ၏ ရဲစွမ်း
သတ္တိပို၍တောင့်တင်းသလိုဖြစ်လာ၏။ သူမ၏ အမူအရာမှာလည်း ပင်ကို
အတိုင်း အပြည့်အဝ ပုံမှန်ဖြစ်လာလေရာ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်
သွားမိလေသည်။

အဲလစ်စ်စ် စိတ်ဓာတ်ကျသွားလေသည်။ သူမ၏ အကြံအစည်ပျက်ရလေ
တစ်မိနစ်လောက်အတွင်း ဒစ်ခ်ဝင်ဒီဖို့သည် တယ်လီဖုန်းလာကိုင်ပေ
ာ်မည်။ သူမအရဲစွန့်၍ အော်ဟစ်အကူအညီတောင်းလိုက်လျှင် ကောင်း
ာလေး။ သူမသည် ကြံရာမရဖြစ်ပြီး စိတ်ပျက်စွာနှင့်တယ်လီဖုန်းလက်
်တွင်းရှိ အဖွင့်အပိတ်လုပ်သော အဖုကလေးကိုနှိပ်လိုက် လွှတ်လိုက်
်နေမိသည်။ ထိုစဉ်မှာပင် နောက်ထပ်စိတ်ကူးတစ်ခု သူ့ခေါင်းထဲဝင်လာ
၏။

"လွယ်တော့မလွယ်ဘူး" သူ့ကိုယ်သူစိတ်ထဲကပြောမိ၏။ အဲလစ်စ်
ထက်ပြင်းပြင်းရှူလိုက်သည်။ ထို့နောက် အဖွင့်အပိတ်ဖုကို သေချာစွာ
ိုး စကားစပြောလိုက်၏။

"မစ္စစ်မာတင်ပြောနေပါတယ်၊ သံစဉ်ချစ်အိမ်ကပါ" ဖိထားရာမှ လွှတ်
ကာပြီး-"မနက်ဖြန်အသားကောင်းကောင်း ၆ပိုင်းယူ" ဖုလုံးကိုပြန်ဖိ၍-
ာခဲ့ပါ။ သိပ်အရေးကြီးပါတယ်"၊ ပြန်လွှတ်လိုက်ပြီး- "ကျေးဇူးအများကြီး
်တယ်မစ္စတာဟက်စ်ဝါသီ။ ဒီအချိန်မှဖုန်းဆက်တာတော့ ခွင့်လွှတ်နော်။
ီအသား မနက်စောစောရဖို့က" အဖုကိုပြန်ဖိလိုက်ပြီး- "သေရေးရှင်ရေး
်မို့ပါ" ပြန်လွှတ်လိုက်ပြီး "ကောင်းပါပြီ-မနက်ဖြန်မနက်"ပြန်ဖိ၍ "ဖြစ်
သမျှအမြန်ဆုံးနော်"။ သူမသည် တယ်လီဖုန်းကို ပြန်ချိတ်ထားလိုက်ပြီး
ယ်ဘက်သို့ လှည့်ကြည့်လိုက်၏။ ဒစ်ခ်ဝင်ဒီဖို့သည် အဖွင့်အပိတ်ဖုလုံးကို
ားချိန်ပြောသည့်စကားများကိုသာကြားမည်ဖြစ်ပြီး ဖုလုံးကိုလွှတ်လိုက်ချိန်
်မှ တယ်လီဖုန်းထို့ ပိတ်လိုက်ခြင်းဖြစ်သောကြောင့် ထိုအချိန်ပြောသော
ားများကို မကြားနိုင်ပေ။

"ဒါက မင်းအသားသည်ကိုပြောတဲ့ပုံစံဆိုပါတော့" ဂျရယ်က သူမကို
ာလိုက်သည်။

"အမျိုးသမီးတွေရဲ့ပညာပေါ့ရှင်" အဲလစ်စ်က ခပ်ပေါ့ပေါ့ပြန်ပြော၏။
သည် စိတ်လှုပ်ရှားမှုကို အပြင်းအထန်ကြိုးစား၍ ထိန်းနေရသည်။ သူ
ည် သူမအပေါ် သံသယရှိပုံမပေါ်ပါ။ ဒစ်ခ်သည် အပြည်အဝနားမလည်
ည့်တိုင်အောင် ရောက်လာဖို့သေချာသည်။ သူမက ဧည့်ခန်းထဲဝင်ပြီး မီး
ုတ်ကို ဖွင့်လိုက်၏။ ဂျရယ်က နောက်က လိုက်လာသည်။

"အခုတော့ မင်းကြည့်ရတာ ရွှင်ရွှင်လန်းလန်းပါပဲလား" သူက သူမကို
ာင့်ကြည့်နေရင်းပြောလိုက်သည်။ "ဟုတ်တယ်-ကျွန်မ ခေါင်းကိုက်တာ
ာသွားပြီ" အဲလစ်စ်ကပြန်ဖြေလိုက်၏။ ထို့နောက်သူမခါတိုင်းထိုင်နေ

အဲလစ်စ်က ကော်ဖီကရားနှင့်အတူ ညနေဘက်တွင် သူတို့ထိုင်နေ
ဝရန်တာသို့ ယူလာခဲ့၏။

"ဒါနဲ့ ကိုယ်တို့ပြီးရင်ဓာတ်ပုံကူးဖို့ကိစ္စလုပ်ကြရအောင်" ဂျရယ်က လူ
တရက်ပြောလိုက်သည်။

အဲလစ်စ်ကျောရိုးထဲတွင် စိမ့်ဝင်သွား၏။ သို့ရာတွင် ခပ်အေးအေး
သံဖြင့်- "ရှင်တစ်ယောက်တည်းလုပ်လို့မရဘူးလား။ ဒီညကျွန်မ အ
ပင်ပန်းနေလို့"ဟုပြန်ပြောလိုက်၏။

"မကြာပါဘူးကွာ" သူကပြုံးလျက် "ပြီးရင် မင်းမပင်ပန်းစေရပါဘူ
ကိုယ်ကတိပေးပါတယ်"

သူ့စကားကို သူသဘောကျနေဟန်ရှိရာ အဲလစ်စ်ကြက်သီးထသွား
သည်။ သူမ၏အကြံအစည်ကို အခုလုပ်ချင်လုပ်၊ မလုပ်လျှင်နောက်ထ
အခွင့်အရေးမရနိုင်တော့ပေ။ သူမက ထ၍ရပ်လိုက်သည်။

"အသားသည်ဆီ ကျွန်မဖုန်းဆက်ရဦးမယ်" သူမပြောရိုးပြောစဉ်အတို
အေးဆေးစွာပြောလိုက်၏။

"အသားသည်ဆီကို ၊ ဒီအချိန်ကြီးကျမှကွာ"

"ဆိုင်ကတော့ ပိတ်ပြီပေါ့ရှင့်၊ သူအိမ်ကိုခေါ်မှာပါ။ မနက်ဖြန်စနေ
လေ၊ အမဲသားကောင်းကောင်း ခပ်စောစောလာပို့ဖို့ မှာရမယ်။ နောက်
ရှင်မရလိုက်မှာစိုးလို့၊ ကျွန်မပြောထားရင် သူက သေချာပေါက်လာပို့မှာ
ပြောပြီးသည်နှင့်သူမ အိမ်ထဲသို့ ခပ်သွက်သွက်ဝင်လိုက်သည်။ အ
တံခါးကိုလည်း ပိတ်ထားခဲ့၏။ "တံခါးမပိတ်နဲ့လေ"ဟုဂျရယ်ပြောသံကြ
လိုက်သည်။ သူမက ချက်ချင်းပင်- "ပလူတွေဝင်လာလို့ရှင့်၊ ကျွန်မပလူဆို
အရမ်းမုန်းပဲ။ ဘာလဲ ရှင်က ကျွန်မအသားသည်ကို ရည်းစားစကားပြော
ကြောက်နေလို့လား"

အခန်းထဲရောက်ရောက်ချင်း သူမတယ်လီဖုန်းကို နံရံမှဖြုတ်ပြီး ရွှေ
ဆောင်တည်းခိုရိပ်သာသို့ ခေါ်လိုက်ရာ ချက်ချင်းပင်ရလေ၏။

"မစ္စတာဝင်ဒီဖို့အဲဒီမှာ ရှိသေးလားရှင်၊ သူနဲ့ပြောပါရစေ"

ထို့နောက် သူမ၏နှလုံးဒိတ်ခနဲခုန်သွားလေသည်။ သူမ၏ခင်ပွန်း
တံခါးကို တွန်းဖွင့်ပြီး အခန်းထဲသို့ ဝင်လာ၏။

သူကရယ်ရုံသာရယ်လိုက်ပြီး ကုလားထိုင်တစ်ခုပေါ် အို့ ထိုင်ချလိုက်သည်
"အသားသည်ဆီ ဆက်တာရော-ဟုတ်ရဲ့လားကွာ" သူက မေးခွန်းထူ
လိုက်၏။

ကျထိုင်ခုံတွင်ဝင်ထိုင်လိုက်ပြီး သူလိုပင်လာထိုင်သော ခင်ပွန်းဖြစ်သူကို ပြု
လိုက်သည်။ သူမလွတ်မြောက်ပေတော့မည်။ အချိန်မှာ စနာရီ၂၅မိနစ်သ
ရှိသေးသည်။ ဧနာရီမထိုးမီ ဒစ်ခ်ရောက်လာရန် အချိန်ကောင်းစွာ လုံလော
ပါ၏။

"ဒီနေ့ မင်းဖျော်တဲ့ကော်ဖီက တစ်မျိုးဖြစ်နေပါလား" ဂျရယ်ကမျက်
ခွံ့လျက် "သိပ်ခါးလွန်းနေတယ်"

"အဲဒါကော်ဖီအမျိုးအစားအသစ်ပေါ့" ရှင်မကြိုက်ရင် ဆက်မသုံးတော
ဘူးလေ"

အဲလစ်စ်အဝတ်တစ်ထည်စုတ်ပြဲနေသည်ကိုအပ်ဖြင့် ချုပ်နေလိုက်
ဂျရယ်က စာအုပ်တစ်အုပ်ယူ၍ ဖတ်နေလေသည်။ ထို့နောက် နာရီကို
ကြည့်ပြီး "ရှစ်နာရီခွဲပြီပဲ။ အောက်ဆင်းပြီး အလုပ်စလုပ်ကြစို့"

အဲလစ်စ်တွန့်သွားကာ-"နေဦးလေ။ ကိုးနာရီထိုးမှလုပ်ရအောင်"

"မဖြစ်ဘူးမိန်းကလေး။ ကိုယ်သတ်မှတ်ထားတဲ့အချိန်က ရှစ်နာရီခွဲ
မင်းလည်း စောစောအိပ်ရတာပေါ့ကွာ" အဲလစ်စ်က- "ကျွန်မကိုးနာရီအ
ဒါလေးချုပ်လိုက်ချင်သေးတယ်"

"ကိုယ်အချိန်သတ်မှတ်ပြီးရင် အဲဒီအတိုင်းလုပ်တယ်ဆိုတာမင်းသိ
တယ်။ လာပါကွာ အဲလစ်စ်။ ကိုယ်တစ်မိနစ်မှ မစောင့်ချင်တော့ဘူး"

အဲလစ်စ်ကသူ့ကို မော့ကြည့်ရင်း ကြောက်ရွံ့စိတ်ဝင်လာမိ၏။ ယခုအ
မင်းသားမျက်နှာဖုံးကွာကျသွားလေပြီ။ ဂျရယ်ကလက်မှားကို အချင်းချ
တွန့်လိမ်နေသည်။ မျက်လုံးများက စိတ်ထက်သန်မှုဖြင့် တောက်ပနေ
နှုတ်ခမ်းကိုလည်း မကြာခဏလျှာဖြင့်သပ်နေလေသည်။ အဲလစ်စ်တွေးလို
မိ၏။ "သူမစောင့်နိုင်တော့ဘူး၊ အရူးတစ်ယောက်လိုဖြစ်လာပြီ" သူက သ
ထဲလျှောက်သွား၍ ထနိုင်အောင်ထူပေးလိုက်ပြီး- "လာပါမိန်းကလေး
မလိုက်ရင်တော့ မင်းကို ဟိုထဲထိပွေ့ခေါ်သွားရလိမ့်မယ်"

သူ့အသံမှာ ကျိစယ်ဟန်ပါ၏။ သို့ရာတွင် နောက်ကွယ်၌ ရက်စက်
နေလေရာ သူမအသည်းအသန်ထိတ်လန့်သွားရသည်။ သူမအားစိုက်၍ ရ
လိုက်ပြီး နံရံကိုမှီကာ ခေါင်းငုံ့ထား၏။ သူမတွင် ခွန်အားမရှိတော့ပြီ။ ထွက်
လည်းမပြေးနိုင်တော့။ ဘာမှလုပ်နိုင်တာမရှိတော့ပါ။ သူက သူမအနီး
ကပ် လာနေသည်။

"ကဲ-အဲလစ်စ်"

"မဖြစ်ဘူး၊ မဖြစ်ဘူး"သူမက လက်မှားကို ခွန်အားမဲ့စွာ သူ့ဘက်သို့
ပြန်ပြေးပြောလိုက်၏။

"ဂျရယ်-ခဏနေဦး" ရှင့်ကို ကျွန်မပြောပြစရာရှိတယ်။ ရှင့်ကိုဝန်ခံမလို့ပါ"

"ဝန်ခံမလို့" ဂျရယ်က သိချင်စိတ်ဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ ဝန်ခံစရာရှိလို့ပါ" သူမက စိတ်ကူးထဲတွေ့ရာစကားလုံးကို
လိုက်ရခြင်းဖြစ်၏။ သူ၏စိတ်ဝင်စားမှုကိုရယူပြီး အချိန်ဆွဲနိုင်သရွေ့ဆွဲရန်
သည်။

သူ့မျက်နှာပေါ်တွင် အထင်သေးသောဟန်ကို တွေ့ရ၏။

"ရည်းစားဟောင်းနဲ့ပတ်သက်တဲ့ကိစ္စပေါ့လေ"

"မဟုတ်ပါဘူး၊ တခြားကိစ္စပါ" အဲလစ်စ်ကဆက်၍- "ပြောရရင်တော့
ဝတ်မှုဆိုပါတော့"

ချက်ချင်းပင်သူမစကားထိရောက်သွားကြောင်းသိမြင်လိုက်ရ၏။ သူ့စိတ်
စားမှုပို၍သိသာလာသည်။ ထို့ကြောင့်ပင် သူမအားတက်လာလေ၏။
မသည် အခြေအနေကို ထိန်းသိမ်းနိုင်စွမ်းရှိလာပေပြီ။

"ကျွန်မပြောပါ့မယ်။ ခဏပြန်ထိုင်ပါဦး" သူမကတည်ငြိမ်စွာပြောလိုက်
သူမကလည်း ကုလားထိုင်ဆီသို့သွား၍ပြန်ထိုင်လိုက်သည်။ ကြမ်းခင်း
ကျနေသော ချုပ်လက်စတို့ကိုပင် ပြန်ကောက်ယူလိုက်သေး၏။ သို့ရာ
တွင် အေးအေးဆေးဆေးဟန်အမူအရာ၏နောက်ကွယ်တွင် သူ့ကိုစိတ်ဝင်
စားဖမ်းယူထားနိုင်မည့်ဇာတ်လမ်းတစ်ပုဒ်ကို အပူတပြင်းစဉ်းစားနေရလေ
သည်။ သူမက သူ့ကိုခပ်ဖြည်းဖြည်း ဆက်ပြောသည်။

"ကျွန်မလက်ရေးတိုလက်နှိပ်စက် စာရေးအလုပ်ကို ၁၅နှစ်ကြာအောင်
လုပ်ခဲ့တယ်ဆိုတာရှင့်ကိုပြောခဲ့တယ်နော်။ အဲဒါအပြည့်အဝတော့မမှန်ဘူး။
ကြားထဲမှာ နှစ်ကြိမ်ပြတ်တောက်နေခဲ့ဖူးတယ်။ ပထမအကြိမ်က ကျွန်မ
သက် ၂၂နှစ်မှာပေါ့။ လူတစ်ယောက်နဲ့ဆုံရတယ်။ ပစ္စည်းအသင့်အတင့်
တဲ့ခပ်ကြီးကြီးလူတစ်ယောက်ပါ။ သူကကျွန်မကို ချစ်ကြိုက်ပြီး လက်ထပ်ခွင့်
တောင်းလာတော့ ကျွန်မ လက်ခံလိုက်တယ်။ လက်ထပ်လိုက်ကြတယ်ပေါ့"
မက ခေတ္တနားလိုက်ပြီး- "သူ့အသက်အာမခံကို ကျွန်မနာမည်နဲ့လွှဲထားဖို့
ည်း ဆွဲဆောင်သိမ်းသွင်းနိုင်ခဲ့တယ်"

သူမခင်ပွန်း၏မျက်နှာတွင် အတော်စိတ်ဝင်စားလာကြောင်း သူမမြင်
ိုက်ရပြီး ထပ်မံအားတက်လာကာ ဆက်ပြောလေ၏။ "စစ်အတွင်းဘုန်းက
ကျွန်မဆေးရုံတစ်ရုံမှာ အလုပ်လုပ်ခဲ့သေးတယ်။ ဆေးပေးခန်းမှာ တာဝန်ကျ

တာဆိုတော့ ရှားပါးတဲ့ဆေးတွေရော၊ အဆိပ်တွေရော မျိုးစုံအောင် သိ
တယ်"

သူမကခေတ္တစကားရပ်ပြီး စဉ်းစားနေဟန်ဆောင်လိုက်သည်။ သူလွန်
စိတ်ဝင်စားနေသည်မှာ သံသယရှိရန်မလိုတော့ပေ။ လူသတ်သမားသည်
သတ်မှုကို အမြဲစိတ်ဝင်စားတတ်သည်။ သူမက ထိုယုံကြည်ချက်ဖြင့် ဇာ
လမ်းကိုဖွင့်လိုက်ရာ ထင်သည့်အတိုင်းမှန်နေလေသည်။ နာရီကိုမူ သူမဦ
ကြည့်လိုက်၏။ ၉နာရီထိုးရန် ၂၅မိနစ် လိုသေးသည်။

"အဆိပ်တစ်မျိုးက ဖြူဖြူအမှုန့်တွေပဲ၊ တစ်တို့စာလောက်နဲ့ပဲသေ
တယ်။ ရှင်လဲအဆိပ်တွေအကြောင်း သိပြီးသားမဟုတ်လား" သူမက အ
ပေါ်မှာကို စိုးရိမ်စိတ်ဖြင့် မေးလိုက်သည်။ သူသိထားသည့်ဆိုလျှင်မမှားအော
ဂရုစိုက်ရတော့မည်ဖြစ်၏။

"မသိဘူး" ဂျရယ်ကပြန်ဖြေ၏။ "အဆိပ်တွေအကြောင်း ဘာမှသိပ်
ဘူး"

သူမ စိတ်သက်သာရာ ရသွားသည်။

"ဟိုင်အိုစင်း ဆိုတာကြားဖူးမှာပေါ့။ ဘယ်လိုမှ ခြေရာခံလို့မ
အဆိပ်ပဲ။ ဘယ်ဆရာဝန်မဆို နှလုံးရောဂါကြောင့်လို့ အဖြေထုတ်ကြ
သေချာတယ်။ အဲဒီအဆိပ်ကို ကျွန်မနည်းနည်းယူပြီး သိမ်းထားခဲ့တယ်
သူမက ခေတ္တနားလိုက်ပြီး ခွန်အားတို့ကို စုစည်းနေလိုက်၏။
"ဆက်ပြောပါ" ဂျရယ်က တိုက်တွန်းသည်။
"တော်ပါပြီလေ-နောက်မှဆက်ပြောတာပေါ့"
"အခုပြောပါ၊ ကိုယ်နားထောင်ချင်တယ်" ဂျရယ်ကသည်းမခံနိုင်စွာ
ပြော၏။ အဲလစ်စ် ဆက်ပြောလေသည်။ "ကျွန်မတို့လက်ထပ်ပြီး တစ်
လောက်ပဲရှိဦးမယ်။ ကျွန်မက အသက်ကြီးတဲ့ခင်ပွန်းကို ကြင်ကြင်နာ
ဆက်ဆံတာကိုး။ သူက ကျွန်မအကြောင်း အိမ်နီးချင်းတွေကိုပြောပြတာ
အားလုံးပဲ ကျွန်မကို ဇနီးကောင်းတစ်ယောက်လို့မြင်နေကြတာပေါ့။ ည
တိုင်းသူတို့အတွက် ကျွန်မကော်ဖီဖျော်ပေးရတယ်။ တစ်ညနေ ကျွန်
နှစ်ယောက်တည်းရှိတုန်း အဆိပ်တစ်တို့စာလောက်ကော်ဖီခွက်ထဲထည့်
လိုက်တယ်-"

အဲလစ်စ်ရပ်ထားလိုက်ပြီး သူမ၏အပ်ကို အပ်ချည်ပြန်ထည့်နေ၏။
ဘဝတွင် တစ်ကြိမ်တစ်ခါမှ ရုပ်ရှင်၊ ပြဇာတ်သရုပ်ဆောင်မလုပ်ခဲ့ဖူး
လည်း ယခုအခါ ကမ္ဘာကျော်မင်းသမီးတို့နှင့်အဖြိုင် သရုပ်ဆောင်နေရ

ည်။ သူမသည် သွေးအေးသောလူသတ်သမား၏အကျဉ်းသားဖြစ်နေရ
ည်မဟုတ်လား။

"တကယ့်ကိုငြိမ်းငြိမ်းချမ်းချမ်းပါပဲ။ ကျွန်မသူ့ကို ထိုင်စောင့်ကြည့်နေ
ယ်။ သူပါးစပ်ဟပြီး အသက်ရှူမဝဘူးလို့ပြောတယ်။ ကျွန်မပြတင်းပေါက်
ဖွင့်ပေးလိုက်ပါရဲ့။ နောက်တော့ သူကုလားထိုင်ပေါ်က ရွှေ့လို့မရတော့
ဘူး" အဲလစ်စ်ကဆက်၍ "ခဏလေးအတွင်းမှာ သူသေသွားတော့တယ်"
တစ်လုံးချင်းပြောလိုက်သည်။

သူမကခေတ္တနားရင်းပြုံးလိုက်၏။ ၉ နာရီထိုးရန် ၁၅မိနစ်သာလိုတော့
ည်။ သူတို့ခဏအတွင်း သေချာပေါက်ရောက်လာကြပေတော့မည်။

ဂျရယ်က-"အသက်အာမခံငွေဘယ်လောက်ရလိုက်တုံး"ဟုမေးသည်။

"ပေါင်နှစ်ထောင်လောက်ပါပဲ။ ဒီငွေနဲ့ကျွန်မ ရှယ်ယာဝယ်ရောင်းလုပ်
ကိုတာ အားလုံးကုန်ပါလေရော၊ နောက်ကျွန်မ ရုံးအလုပ်ပြန်လုပ်ရတယ်။
ခြံလုပ်ဖို့တော့ မရည်ရွယ်ပါဘူး။ ဒီနောက်မှာကျွန်မအမျိုးသားတစ်ယောက်
ဆပ်တွေ့ရတယ်။ ရုံးမှာက ကျွန်မအပျိုလို့ပဲ စာရင်းပေါက်တာကိုး။ သူက
ငယ် ချမ်းလဲချမ်းသာတယ်။ကျွန်မတို့ဆပ်ဆက်မြို့မှာ တိတ်တိတ်
ဆိတ်ပဲ လက်ထပ်ခဲ့ကြတယ်။ သူကတော့ အသက်အာမခံထားတာကို
ကြိုက်ဘူး" သူပိုင်ဥစ္စာအားလုံးကျွန်မကို လွှဲပေးကြောင်း သေတမ်းစာလုပ်
ထားတယ်။ သူလည်း ပထမယောကျ်ားလိုပဲ ကျွန်မကိုယ်တိုင်ကော်ဖီဖျော်ပေးမှ
သောက်တယ်"

အဲလစ်စ်ပြုံးရင်း စဉ်းစားနေလေသည်။ ထို့နောက်ခပ်ရိုးရိုးပင် ဆက်ပြော
သည်။

"ကျွန်မက ကော်ဖီကောင်းကောင်း ဖျော်တတ်တယ်လေ" ထို့နောက်
ဇာတ်လမ်းဆက်ပြန်သည်။

"ကျွန်မနေတဲ့ရွာမှာ မိတ်ဆွေတွေအများကြီးရှိတယ်။ ညစာစားအပြီး
ည်းရောဂါနဲ့ခင်ပွန်းသည် ရုတ်တရက်ဆုံးသွားတယ်ဆိုတော့ သူတို့အားလုံး
ကျွန်မကိုသနားကြတာပေါ့။ ဆရာဝန်ကိုတော့ ကျွန်မသိပ်မကြိုက်ဘူး။ သူက
ကျွန်မကို သံသယရှိလို့တော့မဟုတ်ဘူး။ ဒါပေမယ့် ကျွန်မခင်ပွန်းက ကျန်း
ည်းမာမာကြီးကနေ ရုတ်တရက်ဆုံးသွားရတာကို သူအရမ်းအံ့သြနေတယ်။
ကျွန်မလည်း ဘာကြောင့်ရယ်မသိဘူး။ ရုံးအလုပ်ပဲပြန်လုပ်မိပြန်တယ်။ ဝါသ
နာပါလေ။ အဲဒီဒုတိယယောကျ်ားက ကျွန်မအတွက် ပေါင်လေးထောင်
ပေးခဲ့တယ်။ ဒီတစ်ခါတော့ ကျွန်မရှယ်ယာမကစားတော့ဘူး။ ရင်းနှီးမြှုပ်နှံ

ဘာပဲ လုပ်တော့တယ်။ အဲဒီနောက်တော့ ရှင်သိတဲ့အတိုင်း-"

သူမ စကားမဆုံးခင်ရပ်လိုက်ရ၏။ ဂျရယ်မာတင်သည် မျက်နှာနီ
အသက်ရှူကြပ်ဟန်ဖြင့် တုန်တုန်ယင်ယင်ဖြစ်ကာ အဲလစ်စ်ကို လက်ညှိုးထိ
ထိုးလျက်-"ကော်ဖီ-အိုး-ဘုရားသခင်-မင်းရဲ့ကော်ဖီ"

သူမက သူ့ကိုစိုက်ကြည့်နေ၏။

"ကော်ဖီဘာလို့ခါးနေတယ်ဆိုတာ ငါနားလည်ပြီ။ မင်း-မကောင်းဆိုး
မိန်းမ။ မင်းထပ်ပြီးမကောင်းကြံတာမဟုတ်လား"

သူလက်မှားက ကုလားထိုင်လက်တန်းကို တင်းကြပ်စွာဆုပ်ထားသည်
သူက အဲလစ်စ်ကို ခုန်အုပ်တော့မည်ဟန်ပြင်နေသည်။ "မင်းငါ့ကို အ
ခတ်တယ်"

အဲလစ်စ်သည် သူ့အနားမှနောက်ဆုတ်လိုက်၏။ နောက်တစ်မိနစ်ဆို
သူကသူမကို ခုန်အုပ်ကာရန်ပြုတော့မည်ဖြစ်သည်။ သူမက ကိုယ်ပိုင်
အားတို့ကို အားတင်း၍စုစည်းလိုက်၏။ သူမ၏မျက်လုံးများက သူ့ကိုတ
ငြိမ်စွာကြည့်လိုက်သည်။ ခွန်အားထည့်ထားသောမျက်လုံးများဖြစ်ပါ၏။

"ဟုတ်တယ်" သူမကပြန်ပြောလိုက်သည်။ "ကျွန်မရှင့်ကို အဆိပ်
ထားတယ်။ အဆိပ်ကရှင့်ကိုယ်ထဲမှာပျံ့နေပြီ။ အခုခဏလေးအတွင်း ရှင်
လားဆိုင်ပေါ်က ထနိုင်မှာမဟုတ်တော့ဘူး။ ရှင်လှုပ်လို့မရတော့ဘူး-"

သူ့ကို ဒီအတိုင်းမိနစ်အနည်းငယ်လောက် ထိန်းထားနိုင်မယ်ဆိုရင်
ဟော-ဘာသံပါလိမ့်၊ လမ်းပေါ်ကခြေသံတွေကြားရတယ်။ ဝင်းတံ
ဖွင့်တဲ့အသံ။ ဝင်းထဲဝင်လာကြပြီ။ အိမ်တံခါးဖွင့်သံကြားနေရပြီ။

"ရှင်မလှုပ်နိုင်တော့ဘူး" သူမကထပ်၍ပြောပြီးတံခါးပေါက်ဆီသို့
သွားသည်။ ထို့နောက်တွင်ကား ဒစ်ခ်ဝင်ဒီဖို့၏ရင်ခွင်အတွင်းဝယ် မေ့
လုံးနီးနီးဖြစ်သွားလေတော့၏။

"ဘုရားသခင်-အဲလစ်စ်၊ အဲလစ်စ်" သူကအော်ခေါ်နေသည်။ ထို့နော
သူက အဘူပါလာသူအရပ်မြင့်မြင့် ရဲယူနီဖောင်းဝတ်ထားသူအား လှမ်းကြ
လှမ်း-"အခန်းထဲမှာ ဘာဖြစ်နေတယ်ဆိုတာသွားကြည့်ပါ"ဟု ပြောလို
သည်။ သူက အဲလစ်စ်ကို ကွပ်ပျစ်တစ်ခုပေါ်လှဲနေစေပြီး အပေါ်မှမိုးကြ
နေသည်။

"မိန်းကလေးရယ်-သနားဖို့ကောင်းလိုက်တဲ့မိန်းကလေး။ သူတို့မင်း
ဘာလုပ်ကြမလို့တဲ့လဲ" သူမ၏မျက်လုံးအနည်းငယ်ပွင့်လာပြီး သူ့အမည်

ထိုးခေါ်လိုက်၏။ ဒစ်ခ်က သူ့လက်မောင်းကို လာတို့သော ရဲသားကို
ကြည့် ကြည့်လိုက်သည်။

"အခန်းထဲက ကုလားထိုင်ပေါ်မှာ လူတစ်ယောက်တွေ့တယ်ဆရာ၊
ခြားဘာမှမရှိပါဘူး၊ သူကြည့်ရတာ အကြောက်လွန်ခဲ့ပုံရတယ်၊ ပြီးတော့-

"ပြီးတော့"

"ဟုတ်ကဲ့၊ အဲဒီလူ အသက်မရှိတော့ဘူးဆရာ"

အဲလစ်စ်၏အသံတိုးတိုးထွက်လာသောကြောင့် သူတို့နားစိုက်ထောင်
ကြ၏။ သူမကမျက်လုံးများကို မှိတ်လျက်အိပ်မက်မက်နေသည့်ပမာ
ကြာနေခြင်းဖြစ်သည်။

"ခဏလေးအတွင်းမှာ -" သူမက တစ်လုံးချင်း ရေရွတ်နေ၏။

"သူ သေသွားတော့တယ်"

စတုတ္ထခရီးသည်

ဂိုဏ်းအုပ်ပါးဖစ်သည် ပထမတန်းမီးရထားတွဲ၏ထောင့်ခုံတစ်ခုတွင် ထိုင်ချ လိုက်ပြီး အမောဖြေနေလိုက်၏။ ရထားမီရန် အမောတကော လာရခြင်းမျိုးသည် သူအသက်အရွယ်နှင့်ဟန်မကျလှပါ။ ရထားတွဲအတွင်းမှာ အန္တေးမာတ်ပေးထားသည့်အတွက် သက်သောင့်သက်သာရှိပါသည် အပြင်တွင်မူ နှင်းတဖွဲဖွဲကျနေပေပြီ။ ညရထားဖြင့် ခရီးရှည် သွားရမည်ဖြစ် ထောင့်ခုံတွင် နေရာရခြင်းကြောင့် ကံကောင်းသည်ဟု ပြောနိုင်ပါသည် ဒီလိုခရီးစဉ်မျိုး တွင် အိပ်ခန်းတွဲပါဖို့ကောင်းသည်ဟု သူတွေးမိ၏။

တွဲထဲရှိ ကျန်သောထိုင်ခုံသုံးခုတွင် ခရီးသည်များနေရာယူထားပြီးဖြစ် အဝေးဆုံးထောင့်ရှိ ခရီးသည်က သူ့ကို တရင်းတနှီးပြုံးပြနေသည်ကို သတိပြုမိလိုက်သည်။ ထိုသူသည် မုတ်ဆိတ်မွေးများ စင်ကြယ်စွာရိတ်ထား ပြီး နားထင်တွင် ဆံပင်များ မီးခိုးရောင်ပြောင်းစပြုနေသူဖြစ်သည်။ မြင်လိုက် ရသည်နှင့် တရားဥပဒေဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိသာ ၏။ မှန်ပါသည်။ ဆာလော့ဒူရန်းသည် အလွန်ကျော်ကြားသည့် ရှေ့နေတစ်ဦး ဖြစ်ပါသည်။

"ဘယ်လိုလဲ ပါးဖစ်၊ မောလာတယ်နဲ့တူပါရဲ့" ထိုသူက ရင်းနှီးဖော်ရွေ သော လေသံဖြင့် နှုတ်ဆက်ရင်းမြောလိုက်ပါသည်။

"နှလုံးကသိပ်မကောင်းတာနဲ့တော့ တယ်မဟန်ဘူးဗျ" ပါးဖစ်က ပြန်ပြော လိုက်၏။ "ခင်ဗျားနဲ့တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေရတယ်၊ မြောက်ပိုင်းတို့ ခရီးထွက်မလို့လား"ဟု တဆက်တည်းမေးလိုက်ပါသည်။

"နယူးကာဆယ်ကိုပါဗျာ"ဆာလော့က ပြန်ဖြေပါသည်။ ထို့နောက် ဆက်၍ - "ဒါနဲ့ဗျာ ခင်ဗျားဒေါက်တာကင်းဘဲကလပ်ကို သိမလားမဆိုနိုင်ဘူး ဟုလူတစ်ယောက်ကို ညွှန်ပြလိုက်မေးလိုက်ပါသည်။ ထိုလူမှာ ဂိုဏ်းအုပ်နှစ်

ဖစ်ဖက်တည်းတွင် ထိုင်နေသည့်ခရီးသည်ဖြစ်၏။ "ကျုပ်တို့ဘူတာပလက်ဖောင်းမှာ ဆုံခဲ့ကြတာလေ"ဟု ရှေ့နေကြီးက ဆက်ပြောပါသည်။ "ဒါလည်း ဘိုက်ဆိုင်မှပဲ ဆိုကြပါစို့"

ဂိုဏ်းအုပ်ပါးဖစ်က ဒေါက်တာကင်းဘဲကလပ်ကို စိတ်ဝင်စားစွာကြည့် သိုက်ပါသည်။ ထိုအမည်ကို သူမကြာခဏကြားဖူးခဲ့ပြီးဖြစ်သည်။ ဒေါက်တာ ကလပ်သည် သမားတော်ကြီးများထဲတွင် ရှေ့တန်းမှထင်ရှားလှသူဖြစ်ပြီး စိတ် ဆေးဆိုင်ရာ ပါရဂူကြီးတစ်ဦးလည်းဖြစ်သည်။ သူရေးသားသည့် "မသိစိတ် ဓါပြဿနာအထွေထွေ" ဟူသောစာအုပ်မှာ ကျန်းမာရေးနယ်ပယ်တွင် အများဆုံး လေ့လာဆွေးနွေးခြင်းခံရသောစာအုပ်ဖြစ်ပေသည်။

သူသည်လေးထောင့်မေးရိုးရှိ၏။ မျက်လုံးပြာများက တည်ငြိမ်အေးဆေး ကြည်ပြီး အနီရောင်ဆံပင်မှာ မီးခိုးရောင်မသမ်းသေးပေ။ သို့ရာတွင် ပါးစပြုံ နေကြသည်ကိုမူ အထင်အရှားမော့ရ၏။ ထို့ပြင် သူသည်လည်း သူ့နယ်ပယ် တွင် စွမ်းအားကြီးလှသည့် ပညာရှင်ဖြစ်ကြောင်း မြင်သည်နှင့်ဘိနိုင်သူဖြစ် ပါပေသည်။

လူသဘာဝသိလိုမှုဖြင့် ပါးဖစ်က သူနှင့်မျက်နှာချင်းဆိုင်ထိုင်ခုံတွင်ရှိ စတုတ္ထမြောက်ခရီးသည်ကို သိကျွမ်းဖူးသူဖြစ်လေမလားဟု မျှော်လင့်လျက် ကြည့်လိုက်၏။ သို့ရာတွင် ထိုသူမှာကား လူစိမ်းသက်သက်သာဖြစ်နေပေ သည်။ နိုင်ငံခြားသားတစ်ဦးဖြစ်ပုံရ၏။ အသားညိုပြီး ပုံပန်းမှာဘာမှမူးခြား ခဲ့မရှိ။ သာမန်ခရီးသွားတစ်ဦးသာဖြစ်သည်။ ကြီးမားလှသည့် အပေါ် ခံတုတ်အင်္ကျီကြီးကိုဘို ခြုံလျက် အိမ်မောကျနေပုံရပါသည်။

"ဘရက်ချက်စတာက ဂိုဏ်းအုပ်ပါးဖစ်ဆိုတာထင်ပါ့ဗျာ" ဒေါက်တာ ကင်းဘဲလ်ကလပ်က လေသံရွှင်ရွှင်နှင့်သူ့ကို လှမ်းပြောလိုက်သည်။ ပါးဖစ် ကျေနပ်သွားမိ၏။ သူ၏သိပ္ပံနည်းကျဟောစဉ်တရားတို့သည် လွန်စွာအောင် မြင်ခဲ့ပေသည်။ စာနယ်ဇင်းတို့က ရည်ညွှန်းဖော်ပြချက်တို့ကြောင့်လည်း ပိုမို ကျော်ကြားလာရပေ၏။ ဘုရားကျောင်းတို့တွင် အမှန်လိုအပ်နေသည်မှာလည်း ထိုတရားစဉ်များပင်ဖြစ်သည်။ ခေတ်မီ၍ သိပ္ပံနည်းကျသော တရားပြပုံရိုလ် တို့၏ ဟောကြားချက်များပင်တည်း။

"ဒေါက်တာကင်းဘဲရဲ့စာအုပ်ကို ကျွန်တော်စေ့စေ့စပ်စပ်ဖတ်ဖူးပါတယ်" ဟု သူကပြန်ပြောလိုက်သည်။ "ကျွမ်းကျင်မှုဆိုင်ရာ အချက်အလက်တချို့ တော့ နားလည်အောင် ကြိုးစားရတာပေါ့ခင်ဗျာ"

ထိုစဉ် ဒူရန်းက ဝင်ပြောပါသည်။

"ပါးဖစ်ရေ-ခင်ဗျား အိပ်လိုက်မှာလား၊ စကားလေး ဘာလေး ပြောကြ
ဦးမလားလို့၊ ကျုပ်ကတော့ အိပ်မပျော်တဲ့ရောဂါရနေလို့ စကားဝိုင်းဖွဲ့ဖို့
စိတ်ကူးနေတယ်"

"ဟာ-ကောင်းတာပေါ့ဗျာ" ပါးဖစ်က စိတ်လိုလက်ရပြန်ဖြေပါသည်
"ညရထားစီးရင် ကျွန်တော်လည်း အိပ်ခဲပါတယ်။ ယူလာတဲ့စာအုပ်ကလည်
ပျင်းစရာဇာတ်လမ်းဖြစ်နေတယ်"

"ကျွန်တော်တို့တွေက ကိုယ်စားလှယ်တွေ လာစုမိသလိုဖြစ်နေတယ်ဗျ
ဒေါက်တာက ပြုံးလျက်မှတ်ချက်ပေးပါသည်။ "ဘုရားကျောင်းရယ်၊ ဥပ
ရယ်၊ ဆေးပညာရယ်"

"ကျုပ်တို့သုံးယောက်ရဲ့အမြင်တွေ၊ အယူအဆတွေ ပေါင်းလိုက်ရ
ဘာမှ မကျန်အောင် ပြည့်စုံတဲ့ရှုထောင့်တွေ ရနိုင်တယ်ဆိုပါတော့" ဒူရန်း
ရယ်လျက်ဝင်ပြောပါသည်။ "ဝိညာဉ်လောကအတွက် ဘာသာရေးဆရာရယ်
ကျုပ်ကတော့ မျက်မှောက်လောကနဲ့တရားမျှတမှုအတွက်ပေါ့၊ ပြီးတော့
ဒေါက်တာရေ ခင်ဗျားကတော့ နယ်အကျယ်ဆုံးပဲ၊ ရောဂါဗေဒကနေ အဆုံ
မြင့်စိတ်ပညာနယ်ပယ်အထိ ဆိုတော့ကာ ကျုပ်တို့သုံးယောက် ဆင်ခြင်သုံ
သပ်သမျှဟာ ဘယ်ဘာသာရပ်ကိုမဆို ပြည့်ပြည့်ဝဝ ခြုံမိငုံမိလိမ့်မယ်ဗျ"

"ခင်ဗျားပြောသလောက်တော့ မပြည့်စုံနိုင်ဘူးထင်တယ်ဗျ" ဒေါက်တာ
ကဆင်မြင်ချက်ပေးပါသည်။ "နောက်ထပ်ရှုထောင့်တစ်မျိုးလိုသေးတယ်လေ
ဘူး အတော်လည်း အရေးပါတဲ့ ရှုထောင့်ကိုးဗျ"

"ဘာပါလိမ့်" ရှေ့နေကြီးက စူးစမ်းလိုက်ပါသည်။

"လမ်းပေါ်က လူတစ်ယောက်ရဲ့ အမြင်ပေါ့ဗျာ"

"အဲဒါ အရေးပါလို့လားဗျ၊ လမ်းပေါ်က လူဆိုတာက မကြာခဏ မှာ
တာတ်တယ်မဟုတ်လား"

"အိုး-မှားတာကတော့ အမြဲလိုလိုပါပဲ၊ ဒါပေမယ့် သူမှာက တျွမ်းကျင်
ပညာရှင်တွေနဲ့မတူတဲ့ အမြင်ရှိတယ်လေ။ ပုဂ္ဂိုလ်ရေးအမြင်သက်သက်ဆို
စို့၊ ကိုယ်ရေးကိုယ်တာ ဆက်နွယ်ပတ်သက်မှုဆိုတာတွေကို ပစ်ပယ်လို့ ဖြ
နိုင်တာမှမဟုတ်ဘဲ။ ကျွန်တော့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တွေ့တွေ့
နေရတတ်တယ်။ မကျန်းမာလို့ဆိုပြီး ကျွန်တော့်ဆီ နေ့စဉ်ရောက်တဲ့လူနာ
တွေထဲမှာ အနည်းဆုံး ငါးယောက်လောက်ကတော့ ဘာမှဖြစ်တာမဟုတ်
ဘူးဗျ။ သူတို့မိသားစုနဲ့အဆင်ပြေပြေနေလို့မရတာဘဲရှိတယ်။ ဒုးကနာနေတာ
တို့ လက်ချောင်းတွေ ကိုက်ခဲနေတာတို့ဆိုတာမျိုးတွေဟာ တကယ်တော့ စိတ်

အဖုအထစ်ဖြစ်နေတာကို နောက်ထပ်စိတ်အဖုအထစ်တစ်မျိုးနဲ့တိုက်သ
ဖြစ်တာကိုးဗျ"

"ဒေါက်တာ့မှာ အာရုံထွေပြားတဲ့လူနာတွေ အများကြီးတွေ့ရမယ်ထင်
ယ်" ပါးဖစ်က ခပ်ပေါ့ပေါ့လေသံဖြင့် မှတ်ချက်ပေးလိုက်၏။ သူ့စိတ်အာ
ားမှာမူ အထူးတည်ငြိမ်ကောင်းမွန်ပေသည်။

"အာ-အဲဒါက ဘယ်လိုအဓိပ္ပာယ်ပါလိမ့်" ဒေါက်တာက သူ့ဘက်လှည့်
ည်ပြီး ကောက်ကာငင်ကာမေးလိုက်ပါသည်။ "အာရုံထွေလို့ လူအတော်
ားများ ခင်ဗျားလိုပဲ ခပ်ပေါ့ပေါ့ပြောတတ်ကြတယ်ဗျ။ အာရုံထွေသွားတာ
းပါလို့ လွယ်လွယ်ပြောကြပေမယ့် တကယ်က အရှုပ်ထွေးဆုံးပြဿနာ
အဲဒီမှာ လာစုနေတာပဲ။ အဖျားအနာ လိုခန္ဓာကိုယ်ထိခိုက်တာတွေက
လွယ်တယ်ဗျ။ ဒါပေမယ့် အာရုံထွေပြားမှုလို ရောဂါပေါင်းသောင်းခြောက်
ောင်နဲ့ပတ်သက်လို့ ခုခေတ်မှာ သိလာတယ်ဆိုတာဟာ အယ်လစ်ဇာတ်
ရောဂါမကြီးခေတ်က သိခဲ့ကြတာတွေထက် မဆိုစလောက်ကလေးပဲပိုတာ
ဗျာ"

"ဘုရားရေ" ဂိုဏ်းအုပ်ပါးဖစ် ဘုရားတလိုက်မိ၏။ မမျှော်လင့်သော
းပညာအယူအဆကြောင့်လည်း စိတ်ရှုပ်ထွေးသွားရသည်။ "ဒီလောက်
ောင်ပဲလားဗျာ"

ဟိုးရှေးတုန်းကတော့ လူဟာလည်းပဲ တိရစ္ဆာန်များနည်းတူ ခန္ဓာကိုယ်နဲ့
ဆိုင်ရှိတဲ့သတ္တဝါလို့ မှတ်ယူခဲ့ကြတယ်။ ခန္ဓာကိုယ်ကိုတော့ ပိုပြီး အလေး
နက်ထားခဲ့ကြတာပေါ့"

"ခန္ဓာကိုယ်ရယ်၊ စိတ်ရယ်၊ ဝိညာဉ်ရယ်ပေါ့ဗျာ" ဂိုဏ်းအုပ်ဆရာက
ည့်စွက်ပြောလိုက်ပါသည်။

"ဝိညာဉ်-ဟုတ်လား" ဒေါက်တာက ခပ်ဆန်းဆန်းပြုံးလျက်မေး၏။
ားပြုဂ္ဂိုလ်တွေက ဝိညာဉ်ဆိုတာကို ဘယ်လိုများ တိတိကျကျအဓိပ္ပာယ်
ထားကြသလဲဗျ၊ ဘယ်သူမှတော့ ရှင်းရှင်းလင်းလင်း သိကြတာ မဟုတ်
နော့၊"

ဂိုဏ်းအုပ်ပါးဖစ်က ပြန်ရှင်းပြရန် လည်ချောင်းရှင်းလိုက်၏။ သို့ရာတွင်
စိတ်ကသိကအောက်ဖြစ်ရလောက်အောင်ပင် ဒေါက်တာက သူ့ကိုပြန်ရှင်း
မပေးဘဲ ဆက်ပြောလိုက်ပါသည်။

"ဝိညာဉ်ဆိုတဲ့စကားလုံးကကော သေချာရဲ့လားဗျာ၊ ဝိညာဉ်စုလို့ မဆို
ဦးပေဘူးလား"

"ဝိညာဉ်စု-ဟုတ်လား" ဆာကျော့ဒူရန်းက မျက်ခုံးများပင့်လျက် လိုက်၏။

"မှန်တယ်ဗျ" ကင်းဘဲကလပ်၏အကြည့်က သူ့ထံရွှေ့လိုက်ပါသည် ထို့နောက် ရှေ့ကိုအနည်းငယ်ကိုင်းလျက် ဆက်ပြော၏။ "ခင်ဗျားရဲ့ ခန္ဓာကို ကြီးထဲမှာ တစ်ဦးတည်းသောနေထိုင်အခြစိုက်သူရှိတယ်လို့ ခင်ဗျား အ အချယ်ကြည်ထားသလား။ ဒီခန္ဓာကိုယ်ဟာ အိမ်ကြီးတစ်လုံးလို့ဆိုကြပါ ပရိဘောဂအပြည့်အစုံနဲ့ နှစ်ရှည်အင်္ဂျားချထားတယ်ပေါ့ဗျာ။ ခုနစ်နှစ်ကာ ဖြစ်ရင်ဖြစ်မယ်၊ ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊ အနှစ်လေးဆယ်၊ အနှစ်ခုနစ်ဆ ဖြစ်ချင်ဖြစ်မယ်။ ဒီအတွင်းမှာ ပစ္စည်းတွေက တဖြည်းဖြည်းပောင်းစီ ယိုယွင်းလာတယ်။ နောက်ဆုံးတော့ အင်္ဂျားနေသူက ထွက်သွားရော။ ဒီ ကတော့ အပျက်အစီးတွေနဲ့ကျန်ရစ်ခဲ့တယ်။ အိမ်အကြီးအကဲကတော့ ဘူးပဲနော်။ ဒါပေမယ့် ဒီအိမ်မှာ တခြားသူတွေရှိနေသေးတယ်ဆိုတာလည် ခင်ဗျားသေသေချာချာမသိဘူး။ ပြီးတော့မိတ်ဆွေအပေါင်းအသင်းတွေ၊ သူ က ခင်ဗျားကို နဂိုမူလနဲ့မတူအောင် ပြောင်းပစ်နိုင်ကြတယ်။ ဒီအိမ်ကြီး ဘုရင်ကတော့ ငေဗျားပါပဲ။ ဒါပေမယ့် လူရှုပ်လူပွေတွေ၊ ဒုက္ခပေးမယ့်သူ လည်းရှိနေကြတယ်။"

"အောင်မယ်လေး ကလပ်ရယ်" ရှေ့နေကြီးက ရင်ဘတ်ကိုဖိလျ ညည်းညူလိုက်ပါသည်။ "ခင်ဗျားကျုပ်ကို နေလို့ထိုင်လို့မရအောင်လုပ်လို့ သလိုပါပဲဗျာ။ ကျုပ်ရဲ့စိတ်ကကော ဆန့်ကျင်ဘက် ရန်သူတွေရဲ့ စစ်တလ ဖြစ်နေသတဲ့လား။ အဲဒါ သိပ္ပံပညာရဲ့နောက်ဆုံးဖော်ထုတ် တွေ့ရှိချက် လားဗျ၊ ဟင်"

ဒေါက်တာက ပခုံးများကို တွန့်ပြပါသည်။

"ခင်ဗျားခန္ဓာကိုယ်က အဲဒီအတိုင်းဖြစ်နေတာအမှန်ပဲ" သူက ခပ်ခြော ခြောက်ဖြေလိုက်ပါသည်။ ထို့နောက်ဆက်၍ - "ခန္ဓာကိုယ်မှာဖြစ်တယ်ဆို စိတ်မှာကော ဘာကြောင့်မဖြစ်နိုင်ရမှာလဲ"

"စိတ်ဝင်စားစရာကောင်းပါပေ့ဗျာ" ဂိုဏ်းအုပ်ပါးဖစ်က ပြောလိုက် သည်။ "အင်း-သိပ္ပံပညာ၊ အံ့သြစရာလည်း ကောင်းပါပေရဲ့"

တစ်ခဏတည်းမှာပင် သူ့ကိုယ်သူ စိတ်ထဲမှပြောနေမိ၏။ "ဒီစိတ်ကူး နဲ့ အင်မတန်ဆွဲဆောင်ဖမ်းစားနိုင်တဲ့ တရားတစ်ပုဒ်ဟောရဦးမယ်"

ဒေါက်တာကင်းဘဲကလပ်မှာမူ သူ့ထိုင်ခုံတွင်မှီ၍ ပြန်ထိုင်လိုက်ပါသည် ခေတ္တမျှ သူစိတ်ထက်သန်စွာပြောနေသော အကြောင်းအရာကို ပြန်တွေး

သည်။

"ပြောရရင်တော့ဗျာ၊ " သူက ဆေးပညာရှင်ကြီးတစ်ဦး၏လေသံဖြင့် ဆက်လိုက်၏။ "စိတ်နှစ်မျိုးကွဲပြားတဲ့ကေ့စ်တစ်ခုကြောင့် ကျွန်တော် နှယ်းကာဆယ်ခရီးစဉ်ကို ထွက်လာဖြစ်တာပါ၊ အတော်စိတ်ဝင်စားဖို့ ကောင်းတဲ့ကေ့စ်ပဲဗျ။ အာရုံကြောဖောက်ပြန်ပြောင်းလဲတာမျိုးပေါ့။ ဒါပေမယ့် အယောက်ဟန်ဆောင်တာမဟုတ်ဘဲ အစစ်အမှန်ဖြစ်နေတယ်"

"စိတ်နှစ်မျိုးကွဲတာ" ဆာကျော့က စဉ်းစဉ်းစားစား အမူအရာဖြင့် ပြော ၏။ "သိပ်ရှားပါးတဲ့ကိစ္စမျိုးတော့ မဟုတ်ဘူးထင်ပါရဲ့။ မှတ်ဉာဏ်ဆုံး ရှုံးတာကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဟုတ်ရဲ့လား။ တစ်နေ့ကပဲ ခွေမှုတရားခွင်တစ်ခုမှာ အဲဒီကိစ္စမျိုးပေါ်လာခဲ့သေးတယ်"

ဒေါက်တာကလပ် ခေါင်းညိတ်ပြ၏။

"အတော်ကျော်ကြားတဲ့ကေ့စ်တစ်ခုဗျ။ ကျွန်တော်ပြောတဲ့ကေ့စ်လေ၊ လဆီဗော့အကြောင်း ကြားနာပွဲတစ်ခုလုပ်ခဲ့တာ ခင်ဗျားတို့ မှတ်မိကြပါ မယ်"

"ဟုတ်ကဲ့" ပါးဖစ်က ဖြေပါသည်။ "သတင်းစာတွေမှာပါလို့ဖတ်ဖူးခဲ့ တာပါ။ အတော်တောင်ကြာပြီပဲ၊ အနည်းဆုံးခုနစ်နှစ်လောက်တော့ရှိပြီ"

ဒေါက်တာကင်းဘဲက ခေါင်းညိတ်ပါသည်။

"အဲဒီမိန်းကလေးဟာ ပြင်သစ်ပြည်မှာ လူသိအများဆုံးဖြစ်ခဲ့တာပေါ့။ သူ့အရပ်ရပ်က သိပ္ပံပညာရှင်တွေ သူ့ကိုလာပြီးလေ့လာကြရတယ်။ သူမှာ ပြောင်းတဲ့သွင်ပြင်လေးမျိုးရှိတယ်လို့ ပြောကြတယ်။ ဖယ်လဆီ ၁၊ ဖယ်လဆီ ဖယ်လဆီ ၃ စသဖြင့်ပေါ့ဗျာ"

ဖယ်လဆီ ၃နဲ့ ဖယ်လဆီ ၄တို့ကိုတော့ သံသယနည်းနည်းရှိခဲ့ကြတယ်" ဒေါက်တာက ဝန်ခံပါသည်။ "ဒါပေမယ့် အဓိက အချက်ကတော့ ပြောင်းလဲပါဘူး။ ဖယ်လဆီတော့ဟာ ဇြတိန်လယ်သမားမိသားစုထဲကပဲ။ အသက်ငါးယောက်ထဲမှာ သူက တတိယပေါ့။ အဖေက အရက်စွဲနေတဲ့သူ၊ အမေက စိတ်မူမမှန်တဲ့ရောဂါသည်၊ အရက်စားပွဲထိုင်ရင်းနဲ့ အဖေက အမေ သူကို လည်ပင်းညှစ်သတ်လိုက်ရော၊ သူလည်း ကျွန်တော်မှတ်မိသလောက် ရှင် တစ်သက်တစ်ကျွန်းကျသွားတယ်။ အဲဒီတုန်းက ဖယ်လဆီဟာ ငါးနှစ် သားပဲရှိသေးတယ်။ လူမှုရေးစိတ်ရှိပြီး ကလေးချစ်တတ်တဲ့သူတချို့က လိုအမျိုးသမီးကြီးတစ်ယောက်ဖွင့်ထားတဲ့ ခိုကိုးရာမဲ့ကလေးစောင့်ရှောက် ရေးဟာ တစ်ခုကိုပို့ပေးလိုက်တယ်။ အဲဒီမှာနေရင်း ပညာလည်းသင်ရတာပေါ့။

ဒါပေမယ့် ဖယ်လဆီဟာ တိုးတက်မှုအတော်နှေးကွေးတယ်လို့ဆိုတ
ရေးတတ်ဖတ်တတ်ရုံလောက်ကို အတော်ခက်ခက်ခဲခဲသင့်ရသတဲ့။ သူလ
တွေကလည်း အတော်ကြမ်းဆိုကိုး။ အဲဒီအမျိုးသမီးကြီးက၊ မစ္စစလိတ်တာ
သူနှာမည်၊ မိန်းကလေးကို အိမ်မှုကိစ္စတွေကျူးစားသင်ခိုင်းပြီး အရွယ်ရော
လာတော့ အိမ်တွေမှာအလုပ်အကိုင်ရအောင်ဆက်သွယ်ပေးခဲ့သေးသ
ဒါပေမယ့်ကလေးမက ဖျင်းတာနဲ့ပျင်းတာနဲ့ပေါင်းပြီး ဘယ်အိမ်မှာမှ ကြာ
မလုပ်ခဲ့ပါဘူးလို့ဆိုတယ်"

ဒေါက်တာက ခေတ္တစကားရပ်ပြီးနားနေလိုက်ပါသည်။ ဂိုဏ်းအုပ်ပါးဖ
ခြေထောက်များကို အညောင်းဆန့်လျက် ထိုင်ခုံကူရှင်ကိုအနည်းငယ်ပြင်
နှင့် မျက်နှာချင်းဆိုင်မှလူ၏လှုပ်ရှားမှုကို သတိထားလိုက်မိ၏။ ယခုအ
ထိုလူ၏မျက်လုံးများ ပွင့်နေပါသည်။ ထိုမျက်လုံးများတွင် လှောင်ပြောင်
သလိုလို အမျိုးအမည်မခွဲခြားနိုင်သော အဓိပ္ပာယ်ကိုဖော်ပြနေပါ၏။ ပါးဖစ် က
ကအောက်ဖြစ်သွားသည်။ ကြည့်ရသည်မှာ ထိုသူသည်သူတို့ပြောနေသ
စကားတို့ကို တိတ်တိတ်ကြိတ်နားထောင်ရင်း ကျေနပ်နေဟန်ရှိပါ၏။

"ဖယ်လဆီဟော့ ဆယ့်ခုနစ်အရွယ်ကရိုက်ထားတဲ့မာတ်ပုံတစ်ပုံရှိတ
ဒေါက်တာက သူစကားကိုဆက်ပါသည်။ "မာတ်ပုံထဲမှာက ရုပ်ရည်ကြမ်းကြ
နဲ့ လယ်သူမတစ်ယောက်ဆိုတာသိသာတယ်။ တုတ်တုတ်ခိုင်ခိုင်ပဲ၊ အဲ
အနေ ကတော့ သူဟာမကြာခင်ပြင်သစ်တစ်ပြည်လုံး ကျော်ကြားသွား
အရိပ်အရောင်ရယ်လို့ လုံးဝမရှိဘူးဗျာ"

"နောက်ငါးနှစ်ကြာတဲ့အခါ၊ သူနှစ်ဆယ့်နှစ်နှစ်မှာပေါ့၊ ဖယ်လဆီ
ဟာ အာရုံကြောထိခိုက်တဲ့အပြင်းဖျားဝေဒနာ ခံစားရတယ်။ အဲဒီဝေဒ
ပျောက် သွားချိန်ကစပြီး ထူးထူးဆန်းဆန်းတွေစဖြစ်လာတော့တာ
ဆင်ရှားကျော့ ကြားတဲ့သိပ္ပံပညာရှင်ကြီးတွေ လက်ခံခဲ့ကြတဲ့အချက်တွေ
ပြောမယ်နော်။ ဖယ်လဆီ ၁ လို့သတ်မှတ်ထားတဲ့သူဟာ လွန်ခဲ့တဲ့နှစ်ဆ
နှစ်နှစ်ကစပြီး ရှိလာခဲ့တဲ့ မယ်လဆီဗော့ပဲ။ ဖယ်လဆီ ၁ ဟာ ပြင်သစ်စာ
အဆစ်ဆစ် အငေါ့ငေါ့ ရေးတတ်တယ်။ နိုင်ငံခြားဘာသာစကားလုံးဝ မ
တတ်ဘူး၊ စန္ဒရားလည်းမတီးတတ်ဘူး။ ဖယ်လဆီ ၂ကတော့ ပြောင်း
အီတလီ စကားကို ကောင်းကောင်းပြောနိုင်တယ်။ ဂျာမန်စကား
အတန်အသင့်ပြော နိုင်တယ်။ သူလက်ရေးက ဖယ်လဆီ ၁နဲ့လုံးဝမတူ
ပြင်သစ်စာကိုတော့ အတော်ကို ပိုင်ပိုင်နိုင်နိုင်ရေးတတ်တယ်။ ပြီး
နိုင်ငံရေးကိစ္စတွေ၊ အနုပညာကိစ္စတွေကို ဝင်ဆွေးနွေးနိုင်တယ်။ စန္ဒ

သည်း ကျွမ်းကျွမ်းကျင်ကျင် တီးတတ်တယ်။ ဖယ်လဆီ ၃ကတော့
အတော်နီးစပ်ပါတယ်။ ပညာတတ်တယ်၊ အသိဉာဏ်ထက်တယ်၊
ဆောတ်မှာကျတော့ ပြောင်းပြန်ဗျ။ တကယ့် ကိုစိတ်ဓာတ် ညံ့ဖျင်းတဲ့သူပဲ
။ ပဲရစ်အထက်တန်းလွှာက အမှုအကျင့်တွေကို ကောင်းကောင်း
တယ်ဗျ၊ ပြောတဲ့စကားကလည်း အတော်ညစ်ညမ်းတယ်။ ဘာသာရေးနဲ့
ိုင်သမျှကိုလည်း အလေးမထားတဲ့အပြင် ဆန့်ကျင်ဘက်တွေချည့်
်တတ် သတဲ့။ ကဲ-နောက်ဆုံးတော့ ဖယ်လဆီ၄ပေါ့ဗျာ။ တွေတွေငေးငေး
စိတ်ပျော့ညံ့တတ်တယ်။ ဘာသာရေးကို သိသိသာသာလိုက် စားတယ်။
ကြားအမြင်ပေါက်တယ်လို့ပြောကြတယ်။ ဒါပေမယ့် ဒီအချက် ကတော့
ှုနှပ်စရာကောင်းအောင် မထင်ရှားပါဘူး။ တစ်ခါတစ်ရံတော့
်လဆီ၃က လှည့်ဖြားတာလို့ထင်ရတယ်။ ဒီတော့ပြောရရင် ဖယ်လဆီ
ို့ ဖယ်ထားပြီး ကျန်တာတွေကတော့ ထင်ထင်ရှားရှားနဲ့ ကွဲကွဲပြားပြား
တယ်။ တစ်ယောက်ကိုတစ်ယောက်လည်း မသိကြဘူး။ ဖယ်လဆီ၂ဟာ
သိသာသာစွမ်းအားရှိတယ်။ တစ်ကြိမ်ကြိမ်မှာ နှစ်ပတ်လောက်ကြာအောင်
နေတတ်တယ်။ အဲဒီနောက် ဖယ်လဆီ၁က တစ်ရက်နှစ်ရက်လောက်ကြာ
အောင် ပေါ်လာတတ်ပြီး၊ ဖယ်လဆီ၃ သို့မဟုတ် ၄က နာရီနည်းနည်း
ကာလောက်ပဲ ကြာတတ်တယ်။ အပြောင်းအလဲဖြစ်တော့မယ့်အခါတိုင်းမှာ
ပြင်းအထန် ခေါင်းကိုက်ပြီး အိပ်ပျော်သွားတတ်တယ်။ နိုးလာပြီဆိုရင်
ဟာ တခြား ဘဝတွေ ဘာမှမသိတော့ဘူး။ ဖြစ်နေတဲ့ဘဝကိုတော့
ရောင်ဖြစ်ခဲ့စဉ်က ထား ခဲ့တဲ့အတိုင်း ဆက်လုပ်သွားတော့တာပဲ။ ကြားထဲမှာ
ချိန်တွေ ခြားနေတာ ကိုလည်း မသိတော့ဘူး"

"အံ့သြစရာကောင်းအောင်ထူးခြားပါပေတယ်" ဂိုဏ်းအုပ်က မှတ်ချက်
းလိုက်သည်။ "တကယ့်ကိုထူးတဲ့အဖြစ်ပါပဲ၊ စကြဝဠာကြီးရဲ့အဆန်းတ
သိပ္ပံကိစ္စတွေကို ကျွန်တော်တို့ ခုချိန်ထိတော့ကောင်းကောင်းဉာဏ်မမီကြ
ေးဘူးဗျို့"

"အဲဒီထဲမှာ ပါးပါးနပ်နပ်နှင့်အယောင်ဆောင်သမားတွေရှိတယ်ဆိုတာ
ော့ ကျုပ်တို့သိထားပါတယ်ဗျ" ရှေ့နေကြီးက ခပ်အေးအေးဝင်ပြောပါ
သည်။ ဒေါက်တာကင်းဘဲကလပ်က သွက်သွက်ပြန်ပြော၏။ "ဖယ်လဆီမော့
ာ်သက်တဲ့ကွေ့စ်ကို ရှေ့နေတွေရော၊ ဆရာဝန်တွေရော၊ သိပ္ပံပညာရှင်
ွေရော စစ်ဆေးခဲ့ကြတာပါဗျာ၊ ပြင်သစ်ကျွမ်းကျင်သူအဖွဲ့က အသေးစိတ်
ေ့စပ်စပ်စစ်ဆေးခဲ့ပြီး ပညာရှင်တွေရဲ့ အယူအဆကို အတည်ပြုခဲ့တယ်။

ဒီတော့လည်း ကျွန်တော်တို့ ဘာကြောင့်လက်မခံနိုင်စရာရှိသလဲ။ အ
နှစ်မျိုးပါတဲ့ကြက်ဥမျိုးတွေ့ဖူးတာပဲဗျာ။ ငှက်ပျောသီးအမြွှာပူးလည်းရှိတ
ပဲ။ စိတ်ခန္ဓာနှစ်မျိုး သို့မဟုတ် လေးမျိုးက ခန္ဓာကိုယ်တစ်ခုတည်းမှာ မနေ
စရာမရှိပါဘူး"

"စိတ်ခန္ဓာနှစ်မျိုးတဲ့လား" ဂိုဏ်းအုပ်ပါးဖစ်က ကန့်ကွက်လိုဟန်
မေးလိုက်သည်။ ဒေါက်တာကင်းဘဲကလပ်က သူ့ကို စူးစူးစိုက်စိုက်ပြန်ကြည့်

"တခြားဘယ်လိုများခေါ်နိုင်လို့လဲဗျာ။ အမူအကျင့်တွေကို စိတ်
သဘာဝလို့ပဲ လက်ခံထားကြတာမဟုတ်လား"

"ရူးသွပ်နေတဲ့လူတစ်ယောက်မှာ အဲဒီအမူအကျင့်မျိုးတွေ့ရရင်တော့လ
အရှင်းသားပဲ" ဆာဂျော့က မှတ်ချက်ပေး၏။ "ရိုးရိုးမှန်မှန်ကေ့စ်ပဲဆိုရင်
အရှင်းရခက်တဲ့အယူအဆတွေ အမျိုးမျိုးပေါ်လာတော့မှာပေါ့"

"အခြေအနေက ဖြစ်ရိုးဖြစ်စဉ်မဟုတ်တာတော့ သေချာပါတယ်" ဒေါ
တာကသဘောတူစွာပြန်ပြောပါသည်။ "ဝမ်းနည်းဖို့ကောင်းတာက လေ့
စူးစမ်းမှုတွေပြည့်စုံအောင် မလုပ်နိုင်သေးခင်မှာ ဖယ်လဆီဗော့ မမျှော်
ဘဲ ဆုံးပါးသွားတော့ ဇာတ်လမ်းရပ်သွားရတော့တာပေါ့"

"ကျုပ်မှတ်မိသလောက်ဆိုရင် အဲဒါနဲ့ပတ်သက်လို့ ထူးခြားတာတစ်
ရှိခဲ့တယ်ထင်တယ်" ရှေ့နေက ခပ်ဖြည်းဖြည်းပြောလိုက်ပါသည်။

ဒေါက်တာကင်းဘဲက ခေါင်းညိတ်၏။

"နားလည်ရအခက်ဆုံးအလုပ်ပါပဲ။ မိန်းကလေးကို တစ်မနက်မှာ အိ
ထဲသေဆုံးနေတာတွေ့ကြရသတဲ့။ လည်ပင်းညှစ်အသတ်ခံရတာလည်း
ရှားနေတယ်။ ဘယ်သူမှ မယုံနိုင်လောက်အောင် တွေ့ရတဲ့အထောက်အ
က မိန်းကလေးဟာ ကိုယ့်ကိုယ်ကိုယ် လည်ပင်းညှစ်သတ်ခဲ့တယ်ဆိုတ
လည်ပင်းမှာတွေ့ရတဲ့လက်ရာတွေဟာ သူလက်တွေရဲ့အရာတွေဆိုတာ
သာနေတယ်။ ဒီနည်းနဲ့ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ဆိုတာ လက်တွေ့မှာ
နိုင်တဲ့ကိစ္စမျိုးပဲ။ ကိုယ်ကာယကြံ့ခိုင်မှုအနေနဲ့ ကြွက်သားတွေဟာ သိ
သန် စွမ်းရမှာဖြစ်တဲ့အပြင် စိတ်ပိုင်းဆိုင်ရာမှာလည်း သိပ်စွမ်းအား
စူပါ လူသားမျိုးမှသာဖြစ်နိုင်တာပါ။ ဒီလိုအခြေအနေမျိုးထိရောက်အ
မိန်း ကလေးကို ဘယ်လိုအင်အားစုက တွန်းပို့လိုက်တာလဲဆိုတာဟာ
ဘယ်တော့မှ အဖြေမတွေ့နိုင်တော့တဲ့ပြဿနာဖြစ်သွားပါပြီ။ တကယ်
လည်း သူရဲ့စိတ်ပိုင်းဆိုင်ရာ တစ်ဖက်စောင်းနင်း ဖြစ်တတ်တာတွေဟာ
အန္တရာယ်ကြီးနေခဲ့တာပါပဲ။ ဘာပဲဖြစ်ဖြစ် ပြီးတာတော့ ပြီးသွားပြီပေါ့။

ဆီဗော့နဲ့ပတ်သက်တဲ့ နားမှလည်နိုင်စရာ ဇာတ်ရှုပ်ကြီးဟာ ထာဝရပြည်
ကားချလိုက်ပြီကိုး"

ထိုအချိန်မှာပင် လူစိမ်းခရီးသည်ထံမှ ရယ်သံထွက်ပေါ်လာခြင်းဖြစ်
ည်။

ကျန်သုံးယောက်မှာ ရုတ်တရက်ပေါက်ကွဲသံကြားရသည့်အလား အထိတ်
လန့်ဖြစ်သွားကြရလေသည်။ စတုတ္ထခရီးသည်ရှိနေခြင်းကို သူတို့လုံးဝမေ့
ကျွန်နေခဲ့ကြ၏။ ထိုသူထိုင်နေသောနေရာကို သူတို့ကြည့်လိုက်ကြစဉ် ထို
မှာ ကုတ်အင်္ကျီကြီးကို ခြုံထားလျက်နှင့်ထပ်၍ရယ်လိုက်ပြန်ပါသည်။

"လူကြီးမင်းတို့ ကျုပ်ကိုခွင့်လွှတ်ကြပေတော့ဗျာ" လူစိမ်းက နိုင်ငံခြား
သံအနည်းငယ်ပါပုံရသည့် အင်္ဂလိပ်စကားဖြင့် စပြောလိုက်သည်။ ထို့
ကတ်သူက ခပ်မတ်မတ်ထိုင်လိုက်ရာ ဖြူရော်ရော်မျက်နှာနှင့် နှုတ်ခမ်းမွှေး
နက်တို့ကို ထုတ်ပြလိုက်သလို ဖြစ်သွားပါ၏။

"ဟုတ်ပါတယ်၊ ကျုပ်ကိုခွင့်လွှတ်ကြမှပဲ"ဟု သူက ထပ်ပြောပါသည်။
ပေမယ့် သိပ္ပံလောကမှာ ထာဝရပြည်ဖုံးကားချလိုက်ပြီလို့ ပြောလို့ဖြစ်ရဲ့
ဗျာ"

"ကျွန်တော်တို့ပြောနေတဲ့ကေ့စ်နဲ့ပတ်သက်လို့ ခင်ဗျားတစ်ခုခုသိထား
ယ်နဲ့တူပါရဲ့" ဒေါက်တာက ယဉ်ကျေးသမှုနှင့်မေးလိုက်၏။

"ကေ့စ်နဲ့ပတ်သက်လို့ ကျွန်တော်မသိပါဘူး၊ သူ့ကိုသာသိတာပါ"

"ဖယ်လဆီဗော့ကို သိတယ်ပေါ့"

"ဟုတ်ကဲ့၊ ပြီးတော့ အင်းနက်ရာဘယ်ကိုလည်းသိပါတယ်။ လူကြီးမင်းတို့
င်းနက်ရာဘယ်အကြောင်း မကြားဖူးကြသေးဘူးထင်တယ်။ အမှန်မှာ တစ်
ယောက်ရဲ့ဇာတ်လမ်းဟာ တခြားတစ်ယောက်ရဲ့ဇာတ်လမ်းနဲ့တစ်တွဲတည်းပါ
ကျွန်တော်ပြောတာယုံကြပါ။ ခင်ဗျားတို့ဟာ အင်းနက်ရာဘယ်ရဲ့နောက်
ကြောင်းသမိုင်းကို မသိသေးဘူးဆိုရင် ဖယ်လဆီဗော့အကြောင်းလည်း မသိ
သေးဘူးလို့ပြောရမှာပါပဲ"

သူကအိတ်ထဲမှ ခရီးဆောင်နာရီကို ထုတ်ကြည့်လိုက်ပါသည်။

"နောက်ဘူတာရောက်ဖို့နာရီဝက်လိုသေးတယ်၊ ဒီဇာတ်လမ်းကိုပြောဖို့
ချိန်လုံလောက်ပါတယ်၊ အဲ-အကယ်၍ခင်ဗျားတို့နားထောင်ချင်တယ်ဆို
ပေါ့လေ"

"ဟုတ်ကဲ့၊ နားထောင်ပါရစေဗျာ"ဒေါက်တာက တည်ငြိမ်စွာပြောလိုက်

"သိပ်နားထောင်ချင်တာပေါ့ဗျာ"ဟု ဂိုဏ်းအုပ်က လိုလိုလားလား
ပါသည်။

ဆာကျော့ကမူ စိတ်ဝင်စားလှသည့်မျက်နှာဖြင့် စောင့်မျှော်နေတ
ပါ၏။

"ကျွန်တော့်နာမည်က ရာအောလ်လေတာဒေါလို့ခေါ်ပါတယ်"ဟု
ခြားသော ခရီးသွားဖော်က စတင်ပြောပါသည်။ "လူမှုရေးစိတ်ဓာတ်ရှိ
မစ္စစလိတ်တာဆိုတဲ့အင်္ဂလိပ်အမျိုးသမီးကြီးအကြောင်း ခုလေးတင်ပဲ ခင်
တို့ပြောခဲ့တယ်နော်။ အဲဒီတံငါရွာလေးမှာ ကျွန်တော့်ကိုမွေးခဲ့တာပါ။ ဒီ
နှစ်ပါးစလုံးမီးရထားမတော်တဆမှုတစ်ခုမှာ အသက်ဆုံးပါးသွားကြလေ
မစ္စစလိတ်တာကပဲ ကျွန်တော့်ကို ကယ်ဆယ်စောင့်ရှောက်ခဲ့တာပါပဲ။
ဂေဟာမှာ ကလေးနှစ်ဆယ်လောက်ရှိပါတယ်။ ယောကျ်ားလေးတွေရော
ကလေးတွေရောပေါ့။ ကလေးတွေထဲမှာ ဖယ်လဆီဗော့နဲ့ အင်းနက်ရာဘ
တို့လည်းပါကြတယ်။ အင်းနက်ရဲ့အမူအကျင့်နဲ့ပတ်သက်လို့ ကျွန်တော်ပြ
စုံအောင် ရှင်းမပြနိုင်ရင် လူကြီးမင်းတို့ ဘာကိုမှနားလည်သဘောပေါက်
မဟုတ်ဘူး။ သူဟာ တီဘီရောဂါကြောင့် ချစ်သူရဲ့စွန့်ပစ်တာခံရပြီး သေ
တဲ့ကချေသည်တစ်ယောက်ရဲ့သမီးပေါ့။ အင်းနက်ဟာလည်း အကအခုန်
ဝါသနာပါတယ်။ သူ့ကိုကျွပ်ပထမဆုံးတွေ့တုန်းက သူ့အသက်ဆယ့်တစ်
လောက်မှာပါ။ မျက်လုံးတွေက လှောင်ချင်ပြောင်ချင်သလိုလုပ်လိုက်၊
ကောင်းသူကောင်းပုံဖမ်းလိုက်နဲ့ အမြဲလှုပ်ရှားတတ်ကြွနေတဲ့ ပုစွန်ဆိ
ကလေးလိုပါပဲ။ တွေ့တွေ့ချင်းဆိုသလို ချက်ချင်းပဲပြောပါတော့။ သူကျွပ်
ခိုင်းဖက်အဖြစ် ချုပ်ကိုင်လိုက်တော့တယ်ဗျ။ ရာအောလ် ဒါလုပ်ပေး
ရာအောလ် ဟိုဟာလုပ်ပေးစမ်းဆိုတာမျိုးတွေပေါ့ဗျာ။ ကျွပ်ကလည်းခိုင်း
လုပ်ပေးပါတယ်။ ကျွပ်သူ့ကို ကိုးစွယ်သလိုကိုဖြစ်နေတော့တယ်။ ဒါတို့
လည်း သိတာပါပဲ"

"တစ်ခါတော့ တို့ကမ်းခြေသောင်ပြင်ကို သွားကြမယ်။ ဖယ်လဆီလည်
ပါမယ်လို့ပြောပါတယ်။ ဟိုရောက်တော့ အင်းနက်က ဖိနပ်တွေ ခြေစွပ်
ချွတ်ပြီး သောင်ပြင်ပေါ်မှာ ကတော့တာပါပဲ။ အဲဒီနောက် မောမောနဲ့ထိုင်
လိုက်ပြီး သူဘာတွေလုပ်မယ်၊ ဘာတွေဖြစ်လာရမယ်ဆိုတာတွေ ပြောနေ
သဗျ"

"နင်တို့ ကြည့်နေကြ၊ ငါဟာ ကျော်ကြားလာလိမ့်မယ်။ တကယ်
ထင်ပေါ်ကျော်ကြားလာမှာပဲ။ ငါ့မှာအကောင်းဆုံးပိုးနဲ့လုပ်ထားတဲ့ ခြေစွပ်

ဆောင်ပုံရာပုံရှိလာလိမ့်မယ်။ ပြီးတော့ သိပ်လှပခဲ့ညားတဲ့အိမ်ခန်းမှာငါ
နေမှာ။ ငါ့နောက်လိုက်နေတဲ့ကောင်လေးတွေဟာ ငယ်ငယ်ချောချောတွေနဲ့
ချစ်မိုးသာတွေချည့်ဖြစ်ရမယ်။ ငါ့ကပွဲကို ပဲရစ်တစ်မြို့လုံးက လာကြည့်ကြ
မယ်။ ငါ ကတာကြည့်ပြီး ပရိသတ်တွေ ရူးသွားရလောက်အောင် အော်
စေ့အားပေးကြလိမ့်မယ်။ ဆောင်းတွင်းမှာ ငါမကဘူး။ နေရောင်ခြည်ရတဲ့
ဆောင်ပိုင်းကိုသွားနေမယ်။ လိမ္မော်သီးတွေစားရင်းနဲ့နေရောင်အောက်မှာ ဖြစ်
ဖြစ် ပိုးသားကူရှင်ပေါ်မှာဖြစ်ဖြစ် ငါလဲနေမယ်။ ဟေ့-ရာအောလ် ငါဘယ်
သောက်ချမ်းသာနေနေ၊ နင့်ကိုမမေ့မှာမဟုတ်ပါဘူး။ ငါနင့်ကိုစောင့်ရှောက်မှာ
ပေါ့။ နင် အလုပ်အကိုင် ကောင်းကောင်းရအောင် လုပ်ပေးမှာပေါ့။ အင်း-
ယ်လဆီကတော့ ငါခိုင်းချင်တာခိုင်းဖို့ အကူမိန်းကလေးဖြစ်ရမယ်။ ဒါပေ
ယ့် သူလက်တွေက တော်တော်ရုပ်ဆိုးတာပဲ ကြည့်ပါလား၊ လက်တွေက
ကြီးပြီး ဘယ်လောက်ကြမ်းလိုက်သလဲဆိုတာ"

"ဖယ်လဆီက သူ့ကို အဲဒီလိုနှိမ်တော့ စိတ်ဆိုးတာပေါ့။ ဒီတော့
အင်းနက်က ထပ်ပြီးစပြန်ရော"

"သူကသိပ်ကိုမိန်းမပီသတယ်ဟေ့၊ ဖယ်လဆီကိုကြည့်လိုက်စမ်း၊ ဘယ်
သောက်ကျက်သရေရှိသလဲလို့၊ သန့်ကသန့်နဲ့၊ မင်းသမီးလေးထင်ရတယ်-
းဟား"

"ငါ့မိဘတွေက လက်ထပ်ယူကြတာဟဲ့၊ နင့်မိဘတွေလိုမဟုတ်ဘူး"
ယ်လဆီဒေါသထွက်ပြီး ပြန်အော်လေ့ရှိပါတယ်။

"အေး-ဒါပေမယ့် နင့်အဖေကနင့်အမေကိုသစ္စာလိုက်တာလေ။ လူသတ်
ကောင်တစ်ယောက်ရဲ့သမီးဖြစ်ရတာ ကောင်းတာပေါ့အေ"

"နင့်အဖေကလည်း နင့်အမေမြန်မြန်သေအောင် ပစ်သွားတာမဟုတ်
း"ဖယ်လဆီကလည်း ကြက်ခေါင်းဆိတ်မခံပြန်ပြောပါတယ်။

"အေးလေ" အင်းနက်ကစဉ်းစဉ်းစားစားနဲ့သူ့ကိုယ်သူပြောလိုက်ပါတယ်။
ာမီဟာသနားစရာပဲ။ လူဟာကျန်းမာပြီးသန်စွမ်းဖို့လိုတယ်။ ကျန်းမာတယ်
သန်စွမ်းတယ်ဆိုရင် ဘာကိုမဆို ရင်ဆိုင်နိုင်မှာပဲ"

"ငါက မြင်းတစ်ကောင်လိုသန်တာ" ဖယ်လဆီက ကြွားဝါသံနဲ့ပြောပါ
တယ်။ တကယ်လည်း သူဟာ မြင်းတစ်ကောင်လိုသန်စွမ်းတာပါ။ ဂေဟာမှာ
ရှိမှ မိန်းကလေးတိုင်းရဲ့နှစ်ဆလောက် သူက အားကြီးပါတယ်။ ပြီးတော့
ေးတယ်၊ နာတယ်လို့လည်း တစ်ခါမှမကြားရဖူးပါဘူး။

"ဒါပေမယ့် သူဟာမိုက်မဲတယ်။ ကြမ်းတယ်၊ မကောင်းဆိုးဝါးလိုကြမ်း

တာမျိုး၊ မကြာခဏဆိုသလို ကျုပ်တွေးမိတယ်၊ သူဘာကြောင့်များ အင်းနက်
နောက် တကောက်ကောက်လိုက်နေရသလဲလို့။ အစွဲအလမ်းလို့ကိုပြော
လောက်တယ်။ တစ်ခါတစ်ရံသူဟာ အင်းနက်ကို မုန်းနေတယ်လို့လည်း ကျ
ထင်မိတယ်။ အင်းနက်ကလည်း သူ့အပေါ်ဘယ်တော့မှကြင်ကြင်နာနာ
ဘူး။ သူနှေးကွေးလေးလံတာ၊ ညံ့ဖျင်းကာတွေကို အင်းနက်က အမြဲသ
နေတာပဲ။ လူရှေ့သူရှေ့မရှောင် နားမခံသာစရာတွေပြောပြီး အမြဲနှိပ်စ
နေတာပေါ့ဗျာ။ အဲဒီလိုအခါတိုင်းမှာ ဖယ်လဆီဟာ ဒေါသနဲ့မျက်နှာဖွေး
ဖြူသွားတတ်တယ်။ တစ်ခါတလေများ သူထပြီး အင်းနက်လည်ပင်း
အားကုန်ညှစ်သတ်လိုက်မှာလားလို့ထင်ရတယ်။ သူကအင်းနက်လိုလည်း
မြန်သွက်သွက်တုံ့ပြန်ပြောနိုင်တဲ့ တခ်နုပ္ပတ္တိဉာဏ်က မရှိရှာဘဲကိုး။ ဒါ
မယ့် ပြန်မပြောဘဲလည်းမနေပါဘူး။ သူပြန်ပြောတတ်တဲ့စကားကတော့
ဟာ ကျန်းမာပြီးသိပ်ကို သန်စွမ်းတယ်ဆိုတဲ့အကြောင်းပေါ့။ အင်းနက်
သူရဲ့ကာယကြံ့ခိုင်သန်မာမှုကို အတော်မနာလိုဖြစ်နေတယ်လို့ သူသိ
တယ်လေ။ အဲဒီအသိနဲ့ သူ့ရန်သူရဲ့အားနည်းချက်ကိုဖော်ပြီး ကုံ့ပြန်
ရှိတာပါပဲ"

"တစ်ရက်မှာ အူရွှင်နေတဲ့မျက်နှာပေးနဲ့ အင်းနက် ကျုပ်ဆီရောက်
ပါရော။ သူက-"ရောအောလ်တဲ့၊ ဖယ်လဆီအတုံးမကို ဒီနေ့ရယ်စရာလုပ်
မယ်ဟေ့၊ ငါတို့တော့ရယ်ရတာနဲ့ သေလောက်တယ်လို့ ပြောပါတယ်"

"နင်ဘာလုပ်မလို့လဲ-လို့ ကျုပ်ကမေးတော့ တဲနောက်ကို ငါနဲ့လိုက်
ငါ ပြောပြမယ်လို့ပြောပြီး ကျုပ်ကိုခေါ်သွားပါတယ်။ အင်းနက်
စာအုပ်တစ်အုပ်ကိုလည်းကိုင်ထားတယ်။ စာအုပ်ထဲက တချို့ အပိုင်း
သူနားလည် မှာမဟုတ်ပါဘူး။ အကြောင်းအရာတစ်ခုလုံးက သူဉာဏ်
နိုင်တဲ့ဟာမျိုး ဖြစ်နေတာကိုး။ စာအုပ်က အိပ်မွေ့ချပညာနဲ့ ပတ်သက်
ရှေးဟောင်းစာအုပ် တစ်အုပ်ပါ"

"တောက်တောက်ပြောင်ပြောင်ပစ္စည်းမျိုးလို့ဆိုတယ်ဟ-လို့ သူကစ
ပါတယ်။ ငါ့ခုတင်က ကြေးဖုလုံးကို သိတယ်မဟုတ်လား၊ လည်အောင်လှ
လို့လည်းရတယ်လေ။ မနေ့ညက အဲဒါကိုကြည့်နေလို့ ဖယ်လဆီကို ခိုင်းလို
တယ်။ မျက်တောင်မခတ်နဲ့၊ စိုက်ကြည့်နေလို့ပြောပြီး ဖုလုံးကိုနည်းနည်းလှ
လိုက်တယ်။ ရာအောလ်ရယ်၊ ငါကြောက်တောင်သွားတယ်၊ သူမျက်လုံးတွေ
သိပ်ထူးဆန်းတာပဲ၊ ငါကဖယ်လဆီ နင်ငါခိုင်းတဲ့အတိုင်း ဘာမဆိုလုပ်ရမ
လို့ပြောလိုက်တော့ သူက နင်ခိုင်းတဲ့အတိုင်းဘာမဆို ငါလုပ်မယ်။ အင်းန

ပြန်ဖြေတယ်။ ဒီတော့ငါက မနက်ဖြန်ဆယ့်နှစ်ရာရီမှာ ကစားကွင်းထဲကို
ယောင်းခဲတစ်ခဲနဲ့ နင်လာရမယ်။ ပြီးတော့ ဖယောင်းခဲကို ကိုက်စားရမယ်။
စ်ယောက်ယောက်ကမေးရင် ငါစားဖူးသမျှ ဒါဟာအကောင်းဆုံးဂျယ်လီပဲ
ပြောရမယ်လို့ သူ့ကိုခိုင်းလိုက်တယ်။ အိုး ရာအောလ်၊ စဉ်းစားသာကြည့်
တော့ဟေ့"

"ဟ-အဲဒါမျိုး သူက ဘယ်လုပ်ပါ့မလဲလို့ ကျုပ်ကပြန်ငြင်းလိုက်ပါတယ်၊
တော့သူက 'စာအုပ်က အဲဒီအတိုင်းဆိုထားတယ်။ ငါ တကယ်ယုံတယ်။
-ရာအောလ် စာအုပ်ထဲကအတိုင်းသာမှန်ရင် ငါတို့ဘယ်လောက်ရယ်ကြ
လဲမသိဘူးနော့လို့ ပြန်ပြောပါတယ်"

သူ့စိတ်ကူးက တကယ်ရယ်ဖို့ကောင်းတာတော့ ကျုပ်လည်းသဘော
ပါတယ်။ အပေါင်းအသင်းတွေကို သတင်းပေးလိုက်ပြီး ဆယ့်နှစ်နာရီ
တော့ ကျုပ်တို့ကစားကွင်းထဲစုမိနေကြပြီပေါ့။ မိနစ်မလွဲအချိန်လည်းစေ့
ဖယ်လဆီဟာ ဖယောင်းခဲတစ်ခုကိုင်ပြီးရောက်လာပါရောဗျား။ ပြောရင်
ကြပါ့မလားမသိဘူး။ ဖယ်လဆီကဖယောင်းခဲကို တစ်ကိုက်ချင်းကိုက်စား
တော့တာပါပဲ။ ကျုပ်တို့အားလုံး လှုပ်လှုပ်ရွရွနဲ့ မယုံနိုင်အောင် စိတ်လှုပ်
ကုန်ကြတော့တာပေါ့။ ကလေးတစ်ယောက်နှစ်ယောက်က ခပ်တည်တည်
စားလို့ကောင်းရဲ့လား ဖယ်လဆီလို့သွားမေးကြတော့ သူကပြန်ဖြေပါတယ်။
စားဖူးသမျှ ဒါဟာအကောင်းဆုံးဂျယ်လီပဲတဲ့။ ကျုပ်တို့အားလုံးအော်ပြီးရယ်
တော့တာပေါ့။ ရယ်သံကကျယ်လွန်းသွားတာမို့ ဖယ်လဆီဟာ အိပ်ရာက
လာသလိုဖြစ်ပြီး သူ့ဘာသူ ဘာလုပ်နေတယ်ဆိုတာ သိသွားပါတယ်။ မျက်
တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ဖယောင်းခဲကိုတစ်လှည့်၊ ကျုပ်တို့ကို
စ်လှည့်ကြည့်ရင်း စဉ်းစားနေပုံရပါတယ်။ နောက်တော့ခေါင်းကုတ်ပြီး ငါဒီ
ဘာလုပ်နေတာလဲလို့မေးလိုက်တယ်။ နင်ဖယောင်းခဲကို ကိုက်စားနေတာ
ပါ့လို့အားလုံးက ဝိုင်းပြောကြတယ်။ အင်းနက်ကတော့ ပျော်လွန်းလို့လှည့်
တ်ကရင်း ငါလုပ်ခိုင်းတာဟေ့-ငါလုပ်ခိုင်းတာလို့ အော်ပြောနေလေရဲ့"

"ဖယ်လဆီက ခဏလောက်စိုက်ကြည့်နေတယ်။ ပြီးတော့ အင်းနက်ဆီ
ဖြည်းဖြည်းလျှောက်သွားတယ်"

"လက်စသတ်တော့ နင်ကိုး၊ ငါ့ကို လူရယ်စရာဖြစ်အောင်လုပ်တာ
ပေါ့။ ငါအခု သတိရလာပြီ။ အေး-ဒီအတွက် နင့်ကိုငါသတ်မယ်"

"သူကအသံမှန်မှန်နဲ့ပြောလိုက်တာပါ။ ဒါပေမယ့် အင်းနက်ကတော့
ကျိုးထပြေးပြီး ကျုပ်နောက်ကိုလာပုန်းရတော့တယ်"

"ရာအောလ်၊ ငါ့ကိုကယ်ပါဦး ငါသူ့ကိုကြောက်တယ်။ ငါအပျော်သဘော
နောက်တာပါဟာ၊ ပျော်စရာလုပ်တာပါဖယ်လဆီရဲ့" အဲဒီလိုပြောပေ
ယ်လဆီကမကျေနပ်ပါဘူး၊ "ဒါပျော်စရာမဟုတ်ဘူး၊ ဒါမျိုးငါမကြိုက်
နှင့်ကိုငါမုန်းတယ်၊ မုန်းတယ်ဟဲ့"

"သူရုတ်တရက် အော်ငိုပြီးထွက်ပြေးသွားတော့တာပဲ၊ အင်းနက်က
ကျုပ်ထင်တယ်၊ သူစမ်းလိုက်တဲ့ကိစ္စရလဒ်ကိုမြင်ရပြီး အတော်ကြောက်သွ
ဲ့ရပါတယ်။ ဒါမျိုးနောက်ထပ်လုပ်ဖို့မကြိုးစားတော့ပါဘူး။ ဒါပေမယ့် အ
နေ့ကစလို့ ဖယ်လဆီအပေါ် သူရဲ့လွှမ်းမိုးမှုဟာ ပိုပိုအားကောင်းလာ
ဘာပါပဲ။ ကျုပ်သိသလောက် ဖယ်လဆီဟာ သူ့ကို အမြဲမုန်းနေတာ
ခက်တာက သူနဲ့ဝေးဝေးလည်းမနေနိုင်ပါဘူး။ အင်းနက်နောက်က တကော
ကောက်လိုက်နေတာမျှား ခွေးတစ်ကောင်လိုပါပဲဗျာ"

"ဒီနောက်ပိုင်းမှာ ကျုပ်အလုပ်တစ်ခုရလို့ဝင်လုပ်တော့ ဂေဟာကိုအ
သပ်ရက်တွေမှပဲရောက်ဖြစ်တော့တယ်၊ ကချေသည်တစ်ယောက်ဖြစ်လာ
ယ်ဆိုတဲ့ အင်းနက်ရဲ့ဆန္ဒကတော့ သိပ်ထက်ထက်သန်သန်မဟုတ်တော့
ဘူး။ ဒါပေမယ့် သူကြီးလာလေလေ သီးချင်းဆိုကောင်းလာလေလေဖြစ်
တယ်။ မစ္စစလိတ်တာက သူ့ကို အဆိုတော်တစ်ယောက်ဖြစ်လာအောင်
ကြိုးသင်ယူဖို့ အားပေးပါတယ်"

"အင်းနက်ဟာ အပျင်းမထူဘူး။ လုံ့လရှိတယ်။ အလုပ်ကိုကျန်းမာ
သီခိုက်လာတဲ့အထိ အသည်းအသန်လုပ်တယ်။ မစ္စစလိတ်တာက သူ့
နေ့ားမနေလုပ်တာကို မကြိုက်ပါဘူး။ တစ်ရက်မှာ ကျုပ်ကိုပြောပါတ
"မင်းဟာ အင်းနက်ကို အတော်ခင်တွယ်တဲ့သူပဲ၊ သူ့ကိုလွန်လွန်ကဲကဲ အ
ပန်းမခံအောင် ပြောပေးပါလား၊ ဟိုတလောလေးက သူချောင်းဆိုနေတာ
ငါမကြိုက်လှဘူး"တဲ့။

"သိပ်မကြာခင် ကျုပ်အလုပ်က ခပ်ဝေးဝေးကိုပြောင်းရတယ်၊ ပထ
အင်းနက်ဆီက စာတစ်စောင်နှစ်စောင်လာပါသေးတယ်၊ နောက်တော့ ဘာ
မကြားရတော့ဘူး။ ဒီနောက်ကျုပ်လည်း နိုင်ငံခြားမှာ ငါးနှစ်လောက်ကြာသ
တယ်။ ပဲရစ်ကိုပြန်ရောက်လာတော့ ကံအားလျော်စွာ ကြော်ငြာပိုစတာထ
ခုမှာ အင်းနက်ရာဘယ်ဆိုတဲ့နာမည်ကို တွေ့လိုက်ပါတယ်။ ဓာတ်ပုံလည်
ပါတယ်။ ချက်ချင်းပဲ ကျုပ်မှတ်မိလိုက်တာပေါ့။ အဲဒီညမှာ ဇာတ်ရုံကို ထ
သွားတယ်။ အင်းနက်က ပြင်သစ်လိုရော၊ အီတလီလိုရော သီချင်းဆိုတ
စင်ပေါ်မှာ သူဟာအတော်လှနေပါတယ်။ ဒီနောက်မှာ သူနှားနေခန်း

သွားတော့ ကျုပ်ကို လှိုက်လှိုက်လဲလဲ ကြိုရှာပါရဲ့။"

"အို၊ ရာအောလ်ပါလားလို့အော်ပြီး သူရဲ့ဖြူဖွေးနေတဲ့လက်တွေကို လှမ်း
ပါတယ်။ ဝမ်းသာလိုက်တာဟယ်၊ နင် ဒီနှစ်တွေထဲ ဘယ်ရောက်နေတာ
မေးပါတယ်၊" ဒါပေမယ့် ကျုပ်ပြန်ဖြေခွင့်မရလိုက်ပါဘူး။ သူကပဲ ဆက်
နေပါတယ်။ 'မြင်တယ်မဟုတ်လား၊ ငါထိပ်ဆုံးကိုရောက်ဖို့သိပ်နီးနေပြီဟ'
နီးထဲမှာ အတော်များများရှိတဲ့ပန်းကုံးတွေကို သူကလက်ဝှေ့ယမ်းပြီး ပြပါ
တယ်။

"အင်း-မစ္စစလိတ်တာကြီးကတော့ နှင့်အောင်မြင်မှုအတွက် ဂုဏ်ယူနေ
ပဲလို့ ကျုပ်သူ့ကိုပြောလိုက်တော့၊ "အဘွားကြီးလား၊ ဘယ်ဟုတ်လိမ့်
သူကငါ့ကို ဂီတသင်တန်းပဲ တက်စေချင်တာ၊ ဂီတဖျော်ဖြေပွဲတွေမှာ
သံချင်းကျေးကျေး သီချင်းဆိုစေချင်တာပေါ့။ ငါက အနုပညာရှင်လေ၊ ငါ့
ကာက ဒီနေရာပဲ၊ ဒီလိုစင်မြင့်မှာ ငါ့အရည်အချင်းကိုပြလို့ရတာ"

"အဲဒီအခိုက်မှာ ရုပ်ခြောခြော လူလတ်တစ်ယောက်ဝင်လာတယ်။ တည
ည်သန့်သန့်နဲ့သူ့အမူအရာကြည့်ရတာ အင်းနက်ရဲ့အစောင့်အရှောက်လို့
ိုရတယ်။ သူကကျုပ်ကိုအကဲခတ်နေတုန်း အင်းနက်က ရှင်းပြလိုက်တယ်"

"ကလေးဘဝကတည်းက ကွန်မ သူငယ်ချင်းပေါ့။ ပဲရစ်တစ်မြို့လုံးလျှောက်
ည်ရင်း ကွန်မ ပိုစတာကိုတွေ့လာတာတဲ့" အဲဒီမှာ ဟိုလူက ဖော်ဖော်ရွေ
လေးတစားဖြစ်လာပါတယ်။ ကျုပ်ရှေ့မှာပဲ သူက စိန်နဲ့ပတ္တမြား စီထားတဲ့
ကောက်ကို ဝတ်ပေးနေတယ်။ ပြန်ဖို့ကျုပ်ထလိုက်တော့ အင်းနက်က
အောင်မြင်တဲ့အပြုံးနဲ့ ကြည့်ပြီးတိုးတိုးပြောတယ်။ "ငါအောင်မြင်နေပြီ၊ ဟုတ်
ယ်မဟုတ်လား၊ တစ်ကမ္ဘာလုံးငါ့ရှေ့ရောက်လာပြီ။" ဒါပေမယ့်ကျုပ်ပြန်ထွက်
တော့ သူချောင်းဆိုသံကိုကြားရတယ်။ ခပ်ခြောက်ခြောက်ပြတ်တောင်း
ောင်း ချောင်းဆိုးသံပဲ။ အဲဒီအဓိပ္ပာယ်ကိုကျုပ်သိလိုက်တယ်။ တီဘီနဲ့ဆုံး
းတဲ့ သူ့မိခင်ထားခဲ့တဲ့အမွေပေါ့ဗျာ"

"အင်း-အဲဒီနောက်ပိုင်းသူ့ကို ထပ်တွေ့ခဲ့ရပုံကို ကျုပ်ဘယ်တော့မှမေ့မှာ
တ်ဘူး၊ သူ့ကို ဥယျာဉ်ထဲမှာ အရိပ်ကလေးတစ်ခုအောက် လဲလျောင်းပြီး
နေတုန်းတွေ့ခဲ့ရတယ်။ နေ့ရောညပါ သူ့ကိုအိမ်ပြင်မှာပဲထားတော့တယ်။
တွေခွက်နေပြီ။ မျက်လုံးတွေက တောက်နေပေမယ့် အဖျားဝေဒနာကို
ခံနေရတယ်။ ပြီးတော့ အဆက်မပြတ်ချောင်းဆိုးနေသေးတယ်။ ကျုပ်ကို
ပြတ်ဓာတ်ကျဆင်းနေပုံနဲ့ ကြိုတာတွေ့ရလို့ ကျုပ်စိတ်မကောင်းဖြစ်ရတယ်။

"ရာအောလ်၊ နင်နဲ့တွေ့ရတာ ဝမ်းသာတယ်ဟယ်၊ သူတို့ပြောနေကြတာ

တွေ နင်ကြားတယ်မဟုတ်လား။ ငါပြန်မကောင်းနိုင်တော့ဘူးတဲ့။ ငါ့ကို
ရာမှာပြောနေကြတာပါ။ ငါ့ကိုတော့ အားပေးနှစ်သိမ့်ကြတာပေါ့။ ဒါပေမ
ရာအောလ်၊ သူတို့မှားနေတယ်၊ ငါမသေနိုင်သေးဘူး။ သာယာဖြောင့်ဖြူ
ဘဝရဲ့အလှအပတွေ ငါရှေ့မှာရှိနေလျက်နဲ့ ငါက သေရမယ်တဲ့လ
အသက်ရှင်နေချင်တဲ့စိတ်ဆန္ဒက အဓိကပါ။ သမားတော်ကြီးတွေ အမြဲ
တဲ့စကားလေ။ ငါဟာလွယ်လွယ်အလျှော့ပေးတတ်တဲ့ လူပျော့မဟုတ်
အခုဆိုရင် ငါ့အခြေအနေအများကြီးကောင်းပြီ။ အများကြီးသက်သာလ
နင် ငါပြောတာကြားရဲ့လား'

"သူကတံတောင်ကိုထောက်ပြီး ထပြောဖို့ကြိုးစားတယ်။ ဒါပေမ
ချောင်းတဟွတ်ဟွတ်ဆိုးပြီး တစ်ကိုယ်လုံးလှုပ်ခါရင်း ပြန်လဲကျသွားတ

"ချောင်းဆိုးတာ ဘာမှအရေးမကြီးပါဘူး၊"လို့ သူပါးစပ်နဲ့အသက်ရှ
ရင်းပြောတယ်။ "သွေးပါလို့လည်း ငါမကြောက်ဘူး၊ ငါဆရာဝန်တွေ အံ့
သင့်သွားအောင်လုပ်ပြလိုက်မယ်။ စိတ်ဆန္ဒထက်သန်ဖို့ပဲ အရေးကြီးတ
မှတ်ထားရာအောလ် ငါနေရဦးမှာ"

"သနားစရာပဲဗျ၊ ခင်ဗျားတို့နားလည်ပါလိမ့်မယ်၊ ဝမ်းနည်းစရာလ
ကောင်းတယ်၊ အဲဒီအချိန်မှာပဲ ဖယ်လဆီဗော့က လင်ပန်းတစ်ခုကိုင်
ရောက်လာတယ်။ နွားနို့ပူပူတစ်ခွက် ယူလာတာပါ။ သူကဖန်ခွက်ကို အ
နက်ပေးလိုက်ပြီး နို့သောက်တာကို စောင့်ကြည့်နေတယ်။ သူ့မျက်နှာထား
ကျုပ်အကဲမခတ်တတ်ခဲ့ဘူး။ ကြိတ်ပြီး ကျေနပ်နေပုံပဲထင်ပါရဲ့"

"အင်းနက်ကလည်း သူကြည့်ပုံကို သတိထားမိတယ်၊ ဒီတော့စိတ်တို
နဲ့ဖန်ခွက်ကိုပေါက်ခွဲပစ်လိုက်ပါရော။ ပြီးတော့ ကျုပ်ကိုလှည့်ပြောတယ်။ "
မြင်တယ်မဟုတ်လား၊ သူအမြဲတမ်းငါ့ကို အဲဒီလိုကြည့်တယ်။ ငါသေတော့
လို့တွေးပြီး သူဝမ်းသာနေတယ်။ ကျိတ်ပြီး ကျေနပ်နေတယ်။ သူကကျန်
ပြီး သန်စွမ်းနေတာကိုး။ သူကြည့်လေ၊ တစ်ရက်ကလေးမှဖျားတယ်နာတ
မရှိဘူး။ ဘာများအသုံးကျမှာမို့လဲ။ အဲဒီသန်စွမ်းတဲ့ခန္ဓာကိုယ်က သူ့ကိုဘာမ
အကျိုးပြုပေးမှာတဲ့တုံး။ သူကကော ဘယ်လိုများ အသုံးချတတ်မှာမို့လဲ"

"ဖယ်လဆီက ခါးကုန်းပြီး ဖန်ခွက်အကွဲစတွေကောက်သိမ်းနေတယ်
'သူပြောတာတွေ ငါ့စိတ်ထဲဘယ်လိုမှသဘောမထားဘူး'လို့ သူကအသံကြ
ကြည်နဲ့ပြောပါတယ်။ 'ပြောတော့ကော၊ ဘာဖြစ်သေးလဲ၊ ငါဟာကိုယ့်သိက
နဲ့ကိုယ်နေနေတာပဲ၊ သိပ်မကြာခင် သူ့ဝိဉာဉ်ဟာ အပူမီးတွေနဲ့ အစမ်းသ
ခံရတော့မည်ဆိုတာ သူသိ့နေပြီ၊ ငါ ဘာမှပြောနေဖို့ မလိုတော့ဘူး'

'နင် ငါ့ကိုမုန်းနေတာ' အင်းနက်က အော်ပြောပါတယ်။ 'နင်ငါ့ကို အမြဲ
နေတာပဲ၊ အေး ဒါပေမယ့် ငါနင့်ကို လွှမ်းမိုးနိုင်တုန်းပဲ။ နင့်ကိုငါ လုပ်
ချင်တာခိုင်းလို့ရတယ်။ ငါကမြက်ခင်းပေါ် ဒူးထောက်လိုက်ဆိုရင် နင်
ထောက်ရမှာပဲ'

'နင်အတော်မကောင်းတာပဲ'လို့ ဖယ်လဆီက စိတ်မသက်မသာနဲ့ပြန်
ပြောပါတယ်။

'အေးဟုတ်တယ်၊ ငါကျေနပ်အောင် ငါခိုင်းသလိုလုပ်စမ်းပါ၊ ဒူးထောက်
ပြီး မြက်ခင်းပေါ် ဒူးထောက်လိုက် ဖယ်လဆီ'

"သူ့အသံမှာ တောင်းပန်တဲ့သဘောပါနေလို့ပဲလား၊ တခြားအကြောင်း
ခုခုကြောင့်လားတော့မသိဘူး။ ဖယ်လဆီကပြောတဲ့အတိုင်း နားထောင်
တယ်။ ဖြည်းဖြည်းချင်း ဒူးထောက်ချလိုက်တယ်။ လက်တွေက ဘေးကို
ထားလို့ မျက်နှာကဘာမှမသိသလိုထုံအအပုံစံမျိုး၊ အင်းနက်ကခေါင်းကို
တပ်ပစ်ပြီး ရယ်နေပါတယ်၊ ထပ်ကာအော်ပြီးရယ်တယ်"

"သူ့ကိုကြည့်စမ်း၊ အတီးအတမျက်နှာနဲ့၊ ဘယ်လောက်ရယ်စရာကောင်း
လဲ၊ နင်ထနိုင်ပြီဖယ်လဆီ ကျေးဇူးတင်တယ်၊ ငါ့ကိုမျက်စောင်းထိုးကြည့်
နေနဲ့၊ ငါဟာ နင့်ရဲ့သခင်မပဲ။ ငါခိုင်းတာ နင်လုပ်ရမှာပဲ'

"ပြောပြီးတာ့ သူမောမောနဲ့ခေါင်းအုံးကိုမှီနေလိုက်ပါတယ်။ ဖယ်လဆီ
လင်ပန်းကို ကောက်ကိုင်ပြီး ဖြည်းဖြည်းပြန်ထွက်သွားတယ်။ ပြန်ရင်းတစ်
ကိုလှည့်ပြီး အကြည့်မှာ သူမျက်လုံးတွေထဲက လောင်နေတဲ့ဒေါသမီးကြောင့်
ပြတောင် ထိတ်သွားမိသေးတယ်"

"အင်းနက်ဆုံးတော့ ကျုပ်အဲဒီမှာမရှိခဲ့ဘူး။ ဒါပေမယ့်သူဟာကြောက်
ကောင်းလောက်အောင် သေခြင်းတရားကို ခုခံခဲ့တယ်။ အသက်ကို သူ
ကျုပ်တမ်း ဖက်တွယ်ထားခဲ့တယ်။ သေခြင်းတရားကို အရူးတစ်ယောက်လို
ဆိုင်တိုက်ခိုက်သွားခဲ့တယ်။ ငါမသေဘူး၊ မသေရဘူး၊ ကြားရဲ့လား၊ ငါ
သေရဘူးလို့ အသက်ငင်နေရင်း ထပ်တလဲလဲပြောသွားခဲ့တယ်"

"နောက်ခြောက်လလောက်ကြာလို့ မစ္စစလိတ်တာဆီ ကျုပ်ရောက်သွား
တာ့ သူက အသေးစိတ်ပြောပြတယ်"

'ရာအောလ်ရယ်'တဲ့၊ သူကကြင်ကြင်နာနာပြောပါတယ်၊ 'မင်းသူ့ကို ချစ်
ပါမဟုတ်လား၊ ဟုတ်ပါတယ်ကွယ်'တဲ့ ကျုပ်က အမြဲတမ်းပါပဲဗျာလို့ ပြန်
ပြုလိုက်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာသူ့အတွက် ဘာအသုံးကျမှာလဲ
ကြောင်းမပြောကြပါစို့နဲ့။ အခု သူသေသွားပြီ။ သိပ်ရဲရင့်တဲ့သူ သိပ်

အောင်မြင်ခဲ့တဲ့သူ၊ သူမရှိတော့ပါဘူးလို့ ပြောလိုက်တယ်"

"မစ္စစလိတ်တာဟာ သနားတတ်တဲ့သူပါ။ တခြားအကြောင်းတွေပဲ
ဆက်ပြောပါတယ်။ ဖယ်လဆီအတွက်လည်း သူသိပ်စိတ်ပူတဲ့အကြော
ကျုပ်ကိုပြောပြတယ်။ မိန်းကလေးဟာ စိတ်ကျရောဂါဖြစ်နေတယ်။ အမူအ
တွေလည်း ထူးခြားနေတယ်တဲ့"

'မင်းသိရဲ့လား'လို့ သူက ခဏနားပြီး တုံ့ဆိုင်းဆိုင်းနဲ့ပြောပါတယ်။
စန္ဒရားအတီးသင်နေတာကို'

"ကျုပ်အဲဒါကိုမသိပါဘူး၊ သိရတော့ အကြီးအကျယ်အံ့အားသင့်
တယ်၊ ဖယ်လဆီက စန္ဒရားတီးသင်သတဲ့လား၊ ကျုပ်ပြောရဲတယ်။ ဒီကလေ
နုတ်တစ်ခုတလေကိုတောင် နားလည်မှာမဟုတ်ဘူးလို့'

"သူတတ်လွယ်တယ်လို့ပြောကြတယ်' မစ္စစလိတ်တာကဆက်ပြော
တယ်။ 'ငါနားမလည်နိုင်တော့ဘူး၊ ငါသူ့ကို အမြဲတမ်း-အေးလေ မင်းလ
သိပါတယ်ရာအောလ်၊ သူကဖျင်းတယ်မဟုတ်လား' ကျုပ်ခေါင်းညိတ်ပြ
ပါတယ်။ 'သူဟာတစ်ခါတလေ ထူးထူးဆန်းဆန်း အမူအရာတွေ လုပ်
တယ်။ ငါတော့ ဘယ်လိုမှ အဓိပ္ပာယ်မဖော်တော့ဘူး'လို့ သူကဆက်ပြော
တယ်။

"အဲဒီနောက် မိနစ်အနည်းငယ်ကြာတော့ ကျုပ်စာသင်ခန်းမထဲ ဝင်
လိုက်တယ်။ ဖယ်လဆီကို စန္ဒရားတီးနေတာတွေ့ရတယ်။ သူတီးနေတဲ့
လုံးက ပဲရစ်မှာအင်းနက်ဆိုခဲ့တဲ့သီချင်းပါပဲ။ ခင်ဗျားတို့သဘောပေါက်ပါ
မယ်။ ကျုပ်တော့အတော်ကို တုန်လှုပ်သွားတယ်။ ကျုပ်ရောက်လာသံ
လို့ သူအတီးရပ်ပြီး လှည့်ကြည်တယ်။ သူ့မျက်လုံးတွေက ထီမထင်သ
အသိဉာဏ်ကြီးပုံကိုလည်း ဖော်ပြနေတယ်။ အဲဒီအခိုက်အတန့်မှာ ကျုပ်
ထဲ ဘာပေါ်လာသလဲဆိုတော့- အင်း အဲဒါကို မပြောတော့ပါဘူးလေ

"ဟော-မွန်ဆီယာရာအောလ်၊ နင်ကိုး'လို့ သူကနှုတ်ဆက်ပါတယ်
ခေါ်ပုံနဲ့ပတ်သက်လို့ကျုပ်ဘယ်လိုပြောရမလဲတောင်မသိပါဘူး။ အင်
အဖို့ကျုပ်ဟာအမြဲတမ်းရာအောလ်ပါပဲ။ ဖယ်လဆီအတွက်မှာတော့ ကျ
အရွယ်ရောက်လို့ပြန်ဆုံကြတဲ့အချိန်ကစပြီး ကျုပ်ကိုမွန်ဆီယာရာအော
ပဲခေါ်လာတော့တာပါ။ ဒါပေမယ့် အခုသူခေါ်လိုက်ပုံက အရင်နဲ့မတူ
နေပါတယ်။ မွန်ဆီယာဆိုတာကို ရယ်စရာလို့ထင်နေပုံရလို့ပါပဲ"

"ဘယ်လိုလဲ၊ ဖယ်လဆီ ဒီနေ့နင့်ကြည့်ရတာ ထူးခြားနေသလိုပါပဲ
လို့ ကျုပ်ထစ်ထစ်ငေါ့ငေါ့နဲ့မေးလိုက်ပါတယ်။ 'ဟုတ်လား'လို့ သူကပြန်

တယ်။ 'နင်ပြောပုံကတစ်မျိုးပါလား၊ ဒါပေမယ့် သိပ်အလေးအနက်ထား
နေစမ်းပါနဲ့ရာအောလ်ရယ်၊ အင်းငါနင့်ကို ရာအောလ်လို့ခေါ်တာပဲကောင်း
တယ်။ တို့ကလေးဘဝတုန်းက အတူတူ ကစားခဲ့ကြတာမဟုတ်လား။ ဘဝ
တာပျော်ပျော်နေဖို့ပဲကောင်းပါတယ်။ ကဲ-တို့အင်းနက်အကြောင်းပြောကြ
အောင် သူကတော့ သေလို့မြှုပ်တောင်ပြီးပြီ။ သူဘယ်ကိုများရောက်သွား
လဲ။ သူ့ဝိဉာဏ်ဟာ အပူမီးတွေနဲ့များ အစမ်းခံနေရပြီလား"

"ခဏနေတော့ သူသီချင်းတစ်ပိုင်းတစ်စကို ညည်းလိုက်ပါတယ်။
ချင်းသံစဉ်ကို အမှုမထားမိပေမယ့် စာသားတွေကို ကျုပ်အလန့်တကြား
ကိပြုမိလိုက်တယ်"

"ဖယ်လဆီ"လို့ ကျုပ်အော်ပြောလိုက်ပါတယ်။ 'နင်အီဘလီစကားပြော
နေပြီလား'လို့မေးတော့- 'ဘာလို့မပြောနိုင်ရမှာလဲ ရာအောလ်ရဲ့၊ ငါက
ဆန်ဆောင်နေသလောက်ဖျင်းတာမဟုတ်ပါဘူး'လို့ ပြောရင်းကျုပ်စိတ်ရှုပ်
ပုံကြည့်ပြီး ရယ်နေလိုက်ပါတယ်။ 'ငါတော့နားမလည်နိုင်တောဘူး'လို့
တဲ့အခါသူက-ငါရှင်းပြပါ့မယ်။ ဘယ်သူမှမရိပ်မိပေမယ့် တကယ်တော့
ပြဇာတ်သရုပ်ဆောင်တစ်ယောက်ပဲ၊ ငါပြဇာတ်တွေအများကြီး သရုပ်
ဆောင်နိုင်တယ်၊ ကောင်းကောင်းကို သရုပ်ဆောင်နိုင်တယ်'

"သူကထပ်ရယ်လိုက်ပြီး ကျုပ်မတားနိုင်ခင်အခန်းထဲက ပြေးထွက်သွား
ပ်ဗျ"

"ကျုပ်အဲဒီကမပြန်ခင် သူ့ကိုတစ်ခါထပ်တွေ့ရတယ်။ လက်တန်းပါ
ားထိုင်တစ်ဇုံးပေါ်မှာ သူအိပ်ပျော်နေတယ်။ တရှူးရှူးနဲ့လည်း
ကက်သံပေးနေတယ်။ ကျုပ်ရပ်ပြီးသူ့ကိုစောင့်ကြည့်နေမိတယ်။ စိတ်ထဲ
တော့ထူးဆန်းသလိုလည်းဖြစ်ရဲ့၊ ကြောက်သလို၊ စိုးရိမ်သလိုလည်းဖြစ်နေ
ပါဗျာ၊ ချက်ချင်းဆိုသလိုပဲ သူနိုးလာပါတယ်။ လန့်နိုးလာတဲ့ပုံမျိုးပါ။ မျက်
တွေက အသက်ကင်းမဲ့သလိုနဲ့ ကျုပ်ကိုကြည့်နေတာပေါ့။ အဲဒီနောက်
ဆီယာရာအောလ်လို့ ကျုပ်ကိုစက်ရုပ်ဆန်ဆန် နှုတ်ဆက်လိုက်ပါတယ်"

"ဟုတ်တယ်၊ ဖယ်လဆီ ငါပြန်တော့မလို့၊ မပြန်ခင်ငါ့ကိုသီချင်းတစ်ပုဒ်
တ်စန္ဒရားတီးပြဦးမလား'လို့ ကျုပ်မေးလိုက်တော့သူက-'ငါက-စန္ဒရား
ပြရမယ်၊ ငါ့ကိုလာမလှောင်စမ်းပါနဲ့မွန်ဆီရာရာအောလ်ရယ်'လို့ပြန်ပြော
ပ်ဗျ။ ဒီမနက်နင်ငါ့ကို စန္ဒရားတီးပြခဲ့တာမမှတ်မိတော့ဘူးလားဆိုတော့
ခေါင်းခါပါတယ်။ ငါ့လိုမိန်းကလေးက ဘယ်လိုလုပ်တီးနိုင်ပါ့မလဲလို့လည်း
ပါတယ်။ သူတစ်မိနစ်လောက်တွေနေပြီး ကျုပ်နားကပ်လာတယ်၊ ပြီး

တော့ 'မွန်ဆီယာရာအောလ်၊ ဒီအိမ်မှာထူးဆန်းတာတွေဖြစ်နေတယ်။ လ
စားတာမျိုးတွေလုပ်နေတယ်၊ နာရီတွေကိုလည်းပြောင်းပစ်တယ်၊ တကယ်
ငါပြောတာ ငါသိပါတယ်၊ ဒါတွေအားလုံး သူလုပ်နေတာပဲ'

"ဘယ်သူလုပ်နေတာလဲ'လို့ ကျုပ်တအံ့တသြမေးလိုက်တော့ 'သူ
'အင်းနက်ပေါ့။ ကောက်ကျစ်တဲ့မိန်းမလေ၊ သူရှိတုန်းက ငါ့ကိုအမြဲအနိုင်
တယ်၊ အခုသူသေပြီဆိုပေမယ့် သေရာကထပြီး ငါ့ကိုလာနှိပ်စက်နေတုန်
လို့ပြောတယ်။ ကျုပ်သူ့ကိုစိုက်ကြည့်နေရင်းနဲ့သူအကြောက်လွန်နေတ
ဆိုတာသိလိုက်ရတယ်။ သူကဆက်ပြီး 'ငါပြောမယ်၊ သူဟာသိပ်ဆိုးတ
ပါးစပ်ထဲက ပေါင်မုန့်ကိုဆွဲယူတယ်။ ဝတ်ထားတဲ့အဝတ်ကိုချွတ်ယူတ
ခန္ဓာကိုယ်ထဲက စိတ်ကိုလုယူတယ်"

"သူကျုပ်ကို ရုတ်တရက်လှမ်းကိုင်လိုက်တယ်။ ငါကြောက်တယ်
အသံကို ငါကြားနေရတယ်၊ နားထဲကမဟုတ်ဘူး၊ ဒီထဲက' သူကသူ့ခေါင်
လက်နဲ့ခေါက်ပြတယ်။ "သူငါ့ကိုမောင်းထုတ်တော့မှာ၊ ငါဘာလုပ်ရမလဲ
ဘယ်လိုဖြစ်သွားမှာလဲ' သူ စူးစူးဝါးဝါးအော်ပြောနေတယ်။ မျက်လုံးထဲမှ
တစ္ဆေသရဲတွေ့နေရသလို ထိတ်လန့်နေပုံပါပဲ" ချက်ချင်းဆိုသလို သူ
လိုက်တယ်၊ ကောက်ကျစ်တဲ့အပြုံးမျိုး၊ ကျုပ်တောင်ကြက်သီးထသွားမိ
တယ်"

"အဲဒီလိုဖြစ်လာလို့ကတော့-မွန်ဆီယာရာအောလ်-ငါ့လက်တွေက
ပါတယ်၊ သိပ်သန်တဲ့လက်တွေငါ့မှာရှိတယ်'လို့သူကပြောတယ်။ သူ့လက်
ကိုကျုပ်ဘယ်တုန်းကမှ သေသေချာချာမကြည့်မိခဲ့ပါဘူး။ အခုမြင်ရတဲ့
လန့်ပြီးတုန်တောင်သွားမိတယ်။ တုတ်တုတ်တိုတိုနဲ့ ကြမ်းတမ်းရက်စက်
လက်ချောင်းတွေ၊ သူပြောသလိုတော်တော်လည်းသန်ပုံရပါတယ်၊ ကျုပ်စိတ်
ပျို့ချင်အန်ချင်သလိုဖြစ်ရလောက်အောင် ညစ်သွားမိတယ်။ သူ့အဖေက
အမေကိုလည်ပင်းညစ်သတ်ခဲ့တာ ဒီလိုလက်ချောင်းတွေနဲ့ဖြစ်မှာပါပဲ။

"အဲဒါဟာ ဖယ်လဆီဗော့ကို နောက်ဆုံးတွေ့လိုက်ရခြင်းပါပဲ၊ ဘာ
ကြာခင် ကျုပ်တောင်အမေရိကကိုသွားရတယ်။ သူဆုံးပြီးနှစ်နှစ်ကြာမှ
လာဖြစ်တယ်။ သူ့အကြောင်းတွေနဲ့ ရုတ်တရက် သေဆုံးတဲ့အကြောင်
သတင်းစာမှာ နည်းနည်းကျဉ်းကျဉ်းဖတ်ခဲ့ရတယ်။ ဒီနေ့ညမှလူကြီးမင်
ဆီက ပြည့်ပြည့်စုံစုံ သိရတော့တယ်"

ရထားအရှိန်လျော့ကျသွားပါသည်။ ထောင့်ခုံမှလူက မတ်မတ်

ပြီး ကုတ်အင်္ကျီကြယ်သီးများကို တပ်နေပါသည်။

"ခင်ဗျားအယူအဆက ဘယ်လိုလဲဗျ" ရှေ့နေက ကိုယ်ကရှေ့ကိုင်းလျက်
လိုက်၏။ "ကျွန်တော်တော့ ယုံဖို့တောင်ခက်နေတယ်" ဂိုဏ်းအုပ်ပါးဖစ်
ဝင်ပြောပါသည်။ ဒေါက်တာ ဘာမှမပြောပါ။ ရာအောလ်လေတာဒေါကို
စူးစမ်းသည့်အကြည့်ဖြင့် ကြည့်နေ၏။

"ဝတ်ထားတဲ့အဝတ်ကို ချွတ်ယူတယ်၊ ခန္ဓာကိုယ်ထဲကစိတ်ကို လုယူ
ယ်" ပြင်သစ်ခရီးသည်က ဖယ်လဆီ၏စကားကို ညွှန်း၍ပြောလိုက်သည်။
ထရပ်၏။ "ကျုပ်ပြောမယ်လူကြီးမင်းတို့၊ ဖယ်လဆီဗော့ရဲ့ဇာတ်ကြောင်း
အင်းနက်ရာဘယ်ရဲ့ဇာတ်ကြောင်းပဲ။ ခင်ဗျားတို့သူ့ကို မသိကြဘူး။
ပ် က သိတယ်။ သူဟာဘဝကို သိပ်ခင်တွယ်တဲ့သူ"

သူကတံခါးရွက်ကိုကိုင်ပြီးဆင်းရန်ဟန်ပြင်၏။ ထို့နောက်ရုတ်တရက်
ည့်လာပြီး ပါးဖစ်၏ရင်ဘတ်ကိုလက်ဖြင့် ခေါက်လိုက်သည်။

"ဟောဟိုက ဒေါက်တာကြီးက ခုနပြောသွားတယ်" သူကဂိုဏ်းအုပ်၏
ဘတ်ကိုလက်ဝါးဖြင့်ပွတ်ရင်း-"ဒါဟာ အိမ်တစ်လုံးပဲတဲ့။ ပြောပါဦးဗျာ၊
ဘူးအိမ်ထဲမှာ ဖောက်ထွင်းသူခိုးတစ်ယောက်တွေ့ရတယ်ဆိုရင် ခင်ဗျား
ကိုဘာလုပ်မလဲ၊ ပစ်သတ်မှာပေါ့ဗျ၊ မဟုတ်ဘူးလား"

"အဲ မဟုတ်သေးဘူးလေ-"ဂိုဏ်းအုပ်က ပြန်ဖြေလိုက်ပါသည်။ "ကျွန်
တ်ဆိုလိုတာက ဒီနိုင်ငံမှာတော့" သူဆက်၍မပြောနိုင်တော့ပါ။ ရထား
ပြန်ပိတ်သွားခဲ့ပေပြီ။

ဂိုဏ်းအုပ်ဆရာ၊ ရှေ့နေနှင့်ဆရာဝန်တို့သုံးဦးသား တိတ်ဆိတ်စွာ ကျန်
။ စတုတ္ထမြောက်ထိုင်ခုံမှာ ဗလာကျင်းလျက်-။

မိုးနီ

"မိန်းမတွေမှာ ဆဋ္ဌမအာရုံရှိတယ်လို့ ပြောကြတယ်။ အဲဒါအမှန်ပဲ
ဆာအလင်တန်" မစ္စစ်အီဗာစလေး၏မေးခွန်းကြောင့် စိတ်ရောဂါကု ပါရ
မှာ ပြက်လုံးတစ်ခုကြားလိုက်ရသလို ပြုံးလိုက်မိလေသည်။ သူသည် အ
မခိုင်သောအရပ်စကားများကိုလည်းကောင်း၊ ထိုစကားမျိုးပြောတတ်သူ
လည်းကောင်း၊ အလေးထားလေ့မရှိပါ။ သူလိုပင် ဧည့်သည်တစ်ယောက်
သော မစ္စစ်အီဗာစလေး၏မေးခွန်းမှာ ထိုစကားမျိုးဖြစ်ပေသည်။ ဆာအ
တန်ဝက်စ်သည် စိတ်ရောဂါတို့နှင့်ပတ်သက်၍ အမြင့်ဆုံးတာဝန်ရှိသူ
သည်။ သူ့အဆင့်နှင့်အရေးပါမှုတို့သည်လည်း ရှင်သန်ထက်မြက်နေ
"တော်တော်တော့ အဓိပ္ပာယ်မဲ့တဲ့စကားပဲ မစ္စစ်အီဗာစလေးရဲ့ ဆ
အာရုံဆိုတဲ့စကားလုံးက ဘာကိုဆိုတာတဲ့တုံး"

"ရှင်တို့သိပ်ပဲပညာရှင်တွေဟာ အမြဲတမ်းပြောလိုက်ရင် အလေးအ
ကြီးတွေချည့်ပဲ။ တစ်ခါတလေ လူတွေဟာ ကိစ္စတစ်ခုခုကို ထူးထူးဆန်း
ကြိုးသိနေတာမျိုးပေါ့ရှင့်၊ အကြောင်းမဲ့သိနေတာ ခံစားရတာမျိုးပေါ့။ ဒ
ပြောချင်တာ ကလယ်ယာ သိပါတယ်။ ဟုတ်တယ်မဟုတ်လား ကလယ်
သူမကအိမ်ရှင်ဖြစ်သူကို လှမ်း၍ စစ်ကူတောင်းလိုက်ပါသည်။ ကလယ်
ထရန်က ချက်ချင်းအဖြေမပေးပါ။ သူမသည်ခင်ပွန်းသည် ဂျက်ထရ
အတူ မိမိတို့အိမ်တွင် ညစာစားပွဲပါတီ ပေးနေခြင်းဖြစ်ရာ ဗိုင်အိုလက်
စလေး၊ ဆာအလင်တန်ဝက်စ်နှင့်သူ၏ တူဒါးမော့ဝက်စ်(အိမ်ရှင်ဂျက်ထ
၏သူငယ်ချင်း)တို့က ဧည့်သည်များအဖြစ်ရောက်ရှိနေကြခြင်းဖြစ်သ
ဂျက်ထရန်သည် အဆင်တန်ဆာအလှအပတို့ဆင်ယင်ထားပြီး ရှင်ပုဆ
အပြုံးနှင့်တစ်ခါတစ်ရံ တဟက်ဟက်ရယ်လျက် စကားဝိုင်းတွင် ဝင်
လေသည်။

"မဟုတ်သေးပါဘူး ဗိုင်အိုလက်ရာ၊ ခင်ဗျားရဲ့ အရင်းနှီးဆုံးမိတ်
တစ်ယောက် မီးရထားမှောက်ပြီးဆုံးသွားတုန်းက ခင်ဗျားသတိရသွား
ရှိတယ်လေ။ ကြောင်နက်တစ်ကောင်ကို ခင်ဗျားအိပ်မက်မက်ပြီး နိမိတ်
ကောင်းဘူး။ တစ်ခုခုဖြစ်တော့မယ်လို့ စိတ်စွဲနေခဲ့တယ်။ အဲဒါမျိုးကို
တာမဟုတ်လား"

"အိုး-မဟုတ်ဘူးဂျက်၊ ရှင်ဟာ အတိတ်နိမိတ်ကောက်တာနဲ့ ကြိုးသီတတ်
နဲ့ကို ရောနေတာပဲ။ ကဲ-ဆာအလင်တန် ကြိုးမြင်တတ်တာတွေ တကယ်
ယ်လို့တော့ ရှင်လက်ခံတယ်မဟုတ်လား"

"အတိုင်းအတာတစ်ခုထိတော့ မှန်ပါလိမ့်မယ်" ပါရဂူကြီးက သတိထား
အဖြေပေးလိုက်၏။ "ဒါပေမယ့် တိုင်ဆိုင်မှုဆိုတာတွေက အတော်များတာ
း။ ပြီးတော့ အဖြစ်အပျက်ရဲ့နောက်ပိုင်းကျမှသာ အရိပ်အယောင်တွေ
ွေးအမြင်တွေကို ပြန်သတိရတာမျိုးက အများစုပဲလေ။ ဒါတွေကို ထည့်
းစားမှုဖြစ်မှာပေါ့"

"ကြိုးမြင်တယ်ဆိုတာမျိုးရှိတယ်လို့ ကျွန်မ မထင်ဘူး" ကလယ်ယာ
နဲ့က တုံးတိတိဝင်ပြောလိုက်သည်။ "အတိတ်နိမိတ်ဆိုတာတွေရော
မ အာရုံဆိုတာရောပေါ့။ လူဘဝဆိုတာ ဘယ်နေရာရောက်လို့ရောက်မှန်း
ိုတဲ့ ရထားကြီးနဲ့အမှောင်ထဲကို ဖြတ်သွားနေရသလိုပါပဲ"

"အင်း-အဲဒီဥပမာပေးကတော့ မကောင်းလှသေးဘူးမှတ်တယ် မစ္စစ်
နဲ့" ဒါးမော့ဝက်စ်က ခေါင်းကိုမော့လျက် ပထမဆုံးအကြိမ်အဖြစ် စကား
ဆိုသို့ ဝင်လိုက်၏။ သူ၏နေစားထားသော အညိုရောင်မျက်နှာမှ မီးခိုး
ောင်မျက်လုံးများတွင် ဝင်းလက်တောက်ပြောင်မှုကို မြင်နေရပါသည်။ "ခင်
း အချက်ပြလက္ခဏာတွေကို မေ့နေတယ်ထင်တယ်"

"အချက်ပြလက္ခဏာတွေ"

"ဟုတ်တယ်၊ ရှင်းတယ် ဘေးကင်းတယ်ဆိုရင် အစိမ်းရောင်ဗျာ၊
ရှာယ်ရှိရင် အနီပေါ့"

"အန္တရာယ်ဆိုရင် အနီရောင်ဟုတ်လား၊ ပြောပုံကလည်း ကြောက်စရာ
ဗိုင်အိုလက်အီဗာစလေးက မှတ်ချက်ပေး၏။ ဒါးမော့က စိတ်မရှည်ဟန်
"အဲဒီအတိုင်း သတ်မှတ်ထားတာပဲလေဗျာ၊ အနီရောင်ပြနေတယ်၊
မှာ အန္တရာယ်ရှိတယ်၊ သတိထားဆိုတာမျိုးပေါ့"

ဂျက်ထရန်က သူ့ကို စူးစမ်းသောမျက်လုံးဖြင့် ကြည့်လိုက်သည်။

"ဒါးမော့ သူငယ်ချင်း မောင်ရင်ပြောပုံက ကိုယ်တွေ့အဖြစ်အပျက်ရှိခဲ့
ဟုပါလား"

"ရှိခဲ့တယ်လေကွာ၊ တကယ်ရှိခဲ့တာပါ"

"ဒီလိုဆိုရင်လည်း အားလုံးသိအောင် ပြောစမ်းပါဦးကွ"

"အဖြစ်အပျက်တစ်ခုကို ပြောပြမယ်လေ၊ မက်ဆိုပိုတေးမီးယားမှာပေါ့
ကြီးပြီးကာစပဲ။ တစ်ညမှာ ငါတဲဆီကို ပြန်လာတုန်း အန္တရာယ်ရှိတယ်

ဆိုတဲ့ အသိကို ရုတ်တရက်ရလိုက်တယ်။ တစ္ဆေသရဲတွေ့မယ်အရိ
လက္ခဏာ မျိုးလည်းမဟုတ်ဘူး။ စခန်းကိုတစ်ပတ်ပတ်ပြီး မလိုအပ်
လိုက်စစ်လိုက်သေးတယ်။ ဒေသခံအာရပ်တွေလာပြီး ရန်မလုပ်နိုင်
အောင်လည်း ကြိုကာ ကွယ်ထားပြီးသားပါ။ အဲဒီနောက် ငါ့တဲကိုပြန်ခဲ့တယ်
အထဲဝင်လိုက်တာနဲ့ အန္တရာယ်ရှိတယ်ဆိုတဲ့ ခံစားမှုဟာ ပိုပြီးထင်ရှားလ
တယ်။ နောက်တော့ စောင်တစ်ထည်ယူပြီး တဲအပြင်မှာပဲ တစ်ကိုယ်
စောင်နဲ့ပတ်ပြီး အိပ်လိုက် တော့တယ်"

"အဲဒီတော့"

"နောက်နေ့မနက်မှာ တဲထဲဝင်သွားလိုက်တော့ ငါ့အိပ်ရာပေါ်
ယောင့်ထွာလောက်ရှိတဲ့ ခားခုတ်ရာကြီး တွေ့ရတယ်။ မကြာ
လက်သည်ကို တွေ့တာပါပဲ။ အာရပ်အခိုင်းအစေတွေထဲကတစ်ယောက်
သူသားဟာ စပိုင်အဖြစ်နဲ့ သေဒဏ်ပေးခံခဲ့ရတာကိုး။ အန်ကယ်အလင်
အဲဒါကျ ဘယ်လိုပြောမလဲ၊ ကျွန်တော်ပြောတဲ့ အနီရောင်အန္တရာယ်သ
ပေးချက်လို့ မဆိုနိုင်ဘူးလား"

ပါရဂူကြီးက အဆုံးအဖြတ်မပေးဘဲ ပြုံးနေပါသည်။

"ငါဘူရဲ့ဇာတ်လမ်းက အတော်တော့ စိတ်ဝင်စားစရာ ကောင်းသား

"အန်ကယ်အနေနဲ့ ချင်းချက်မရှိတော့ လက်မခံနိုင်ဘူးဆိုပါတော့

"အေး-ဒီလိုလေ မင်းမှာအန္တရာယ်ကြုံတော့မယ်ဆိုတဲ့အသိကြိုပြီး ခံ
မိတာကို အန်ကယ်သံသယမရှိပါဘူး။ ပြောချင်တာက အဲဒီကြိုသိတယ်ဆို
ခံစားမှုဟာ ဘယ်ကလာသလဲ။ မင်းပြောသလိုဆိုရင် ပြင်ပ ပယောဂတ
တစ်ခုကြောင့်တော့ မဟုတ်ဘူး။ စိတ်ပညာရဲ့နောက်ဆုံးတွေ့ရှိချက်တွေ
ဖြစ်ရပ်အားလုံးလိုလိုဟာ မသိစိတ်က လာတာချည့်ပဲ"

"မသိစိတ်ဆိုတာကြီး လာပြန်ပြီကိုး" ဂျက်ထရန့်က အော်လိုက်ပါသ
"ခုခေတ်မှာ နေရာတကာသုံးတဲ့ စကားဖြစ်နေပြီဗျ"

ဆာအလင်တန်က ဖြတ်ပြောသည်ကို အလေးမထားဘဲ သူ့စကား
ဆက်ပါသည်။ "ဆိုလိုတာက ဒီအာရပ်ဟာ မကျေမနပ်နဲ့လက်တုံ့ပြန်
အကြည့်မျိုးကြည့်ခဲ့လိမ့်မယ်။ မင်းရဲ့သိစိတ်က အဲဒါကို အလေးမထားမိ
မှတ်လည်းမမှတ်မိဘူး။ ဒါပေမယ့် မသိစိတ်ဆိုတာက ဒီလိုမဟုတ်ဘူး။ သူ
ဘယ်တော့မှ မမေ့ဘူး။ ပြီးတော့သူက သိစိတ်ထက်ပိုပြီး လွတ်လွတ်လပ်
ဆုံးဖြတ်အဖြေထုတ်နိုင်တယ်။ ဒီတော့မင်းရဲ့ မသိစိတ်ဟာ မင်းကိုတစ်ယော
ယောက်က လုပ်ကြံဖို့ စီစဉ်နေတယ်လို့ယုံကြည်ပြီး အဲဒါကို သိစိတ်က လ

အောင် သတင်းပို့လိုက်တာပဲ"

"အတော်သဘာဝယုတ္တိရှိတဲ့အချက်ပါပဲ" ဒါးမော့ကပြုံးလျက် ဝန်ခံ
လိုက်၏။

"ဒါပေမယ့် သိပ်တော့စိတ်လှုပ်ရှားစရာမကောင်းဘူး" မစ္စစ်အီဗာ
လေးက စိတ်တိုင်းမကျဟန်ဖြင့် ဝင်ပြောပါသည်။

"ဖြစ်နိုင်တာက အဲဒီအာရပ်ရဲ့ အမုန်းတရားကို မင်းရဲ့မသိစိတ်က
လက်ခံထားခဲ့လိမ့်မယ်။ တစ်ချိန်တုန်းက တယ်လီပသီဆိုတဲ့ စိတ်စေစားမှု
အစွမ်းကို လူတွေ ဝိုးတဝါးနားလည်ခဲ့သလိုပဲ"

"နောက်ထပ်ကော အဲဒီလိုကြုံတာရှိသေးလား" ကလယ်ယာက ဒါးမော့
ကို မေးလိုက်၏။

"ရှိတယ်ဗျ၊ ဒါပေမယ့် ထင်ထင်ရှားရှားကြီးတော့မဟုတ်ဘူး။ တိုက်ဆိုင်
မှုလို့ပြောရင်လည်းပြောလို့ ရတယ်ပေါ့။ တစ်ခါတုန်းက ကျေးလက်စံအိမ်
တစ်ခုကို အလည်လာဖို့ဖိတ်တာ ကျွန်တော်ငြင်းလိုက်တယ်။ မီးနီအန္တရာယ်
အချက်ပြကို စိတ်ထဲကမြင်လိုက်မိလို့ပါ။ နှစ်ရက်သုံးရက်အတွင်းမှာပဲ အဲဒီ
အိမ် မီးလောင်သွားတယ်။ ဒါနဲ့အန်ကယ် အလင်တန် ဒီကိစ္စမှာကော မသိ
စိတ်ကြောင့်လို့ ဆိုနိုင်မလား"

"ဒါတော့ မဆိုင်ဘူးကွဲ့" ဆာအလင်တန်က ပြုံးလျက်ဖြေပါသည်။

"ဒါပေမယ့် အန်ကယ့်မှာ ဒီအတွက်လည်း ယုတ္တိတန်တဲ့အဖြေရှိမယ်
ထင်ပါတယ်။ လုပ်ပါဦးအန်ကယ်၊ တူအရီးချင်းပဲဟာ ပွင့်ပွင့်လင်းလင်းပေါ့"

"ကောင်းပြီလေ့၊ ငါ့တူသိချင်တော့လည်း ပြောရမှာပေါ့။ ဒီလိုကွယ့်၊ မင်း
ကိုအလည်လာဖို့ဖိတ်တာကို ငြင်းလိုက်တယ်ဆိုတာက သွားချင်စိတ်မရှိလို့ဘဲ
မီးလောင်သွားတဲ့သတင်းကြားတော့ မင်းစိတ်ထဲမှာ အန္တရာယ်သကိပေးချက်
တစ်ခုခုရှိခဲ့တယ်လို့ ဝိုးတိုးဝါးတား ထင်လာတယ်။ အခုတော့ အဲဒါကို အစစ်
အမှန်လို့ မင်းလက်ခံထားလိုက်တာပဲပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ အန်ကယ့်ကို ကျွန်တော်အရှုံးပေးပါပြီ" ဒါးမော့က
ရယ်လျက်ပြောလိုက်၏။

"ကိစ္စမရှိဘူး မစ္စတာဝက်စ်" ဗိုင်အိုလက်အီဗာစလေးက ဝင်ပြောလိုက်
သည်။ "ကျွန်မကတော့ ရှင်ပြောတဲ့ မီးနီအန္တရာယ်အချက်ပြကို စိတ်ထဲမှာ
ခိုင်တယ်ဆိုတာ ယုံပါတယ်။ မက်ဆိုပိုတေးမီးယားမှာ ရှင်အဲဒီလိုမြင်ခဲ့တာ
နောက်ဆုံးအကြိမ်ပဲလား"

"ဟုတ်ကဲ့၊ အဲ. . "

"ပြောဦးရှင့်"

"ဘာရယ်မဟုတ်ပါဘူးဗျာ"

ဒါးမော့က ဆက်မပြောဘဲ ငြိမ်နေလိုက်ပါသည်။ သူပြောမိလုနီးနီး
ခဲ့သော စကားလုံးများမှာ "အဲ-ဒီနေ့ညအထိဆိုပါတော့"ဟူ၍ဖြစ်သည်။
စိတ်ကထင်မိခြင်းကို အခိုင်အမာ လက်မခံနိုင်သေးသောကြောင့် ထုတ်မ
လိုက်ခြင်းဖြစ်၏။ သို့ရာတွင် သူထင်မြင်မိသည်မှ မလွဲနိုင်ဟုလည်း သ
ပြန်သည်။ အနီရောင်အန္တရာယ်အချက်ပြ အမှတ်အသားသည် အမှောင်
ဝိုးတဝါးပေါ်လာခဲ့ခြင်းဖြစ်သည်။ လက်တကမ်း၌ ဘေး အန္တရာယ်ရှိ
ဟူသော သတိပေးချက်ပင်တည်း။

ဒါပေမယ့် ဘာဖြစ်လို့လဲ။ ဒီနေရာမှာ ဘယ်လိုဘေးအန္တရာ
ရှိနိုင်မှာလဲ။ သူ့မိတ်ဆွေတွေရဲ့အိမ်ပဲ။ အန္တရာယ်တစ်မျိုးကတော့ရှိတယ်
ပြောမယ်ဆို ရင် ပြောနိုင်ပါရဲ့။ ကလယ်ယာထရန့်ကို သူလှမ်းကြ
လေသည်။ သူမ၏ ဖြူသန့်သောအသားအရေ သေးသွယ်သောခန္ဓာ
အလွန်လှပ၍ ငုံ့နေ သော ရွှေရောင်ဦးခေါင်း၊ ဒီအန္တရာယ်မျိုးကတော့ ထ
အတန်ကြာကတည်း ကရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ထိုအန္တရာ
ပြင်းထန်ကြီးထွားလာမည့် အနေအထားမရှိခဲ့ပါ။ ဂျက်ထရန့်သည်
အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည်။ ထို့ထက်ပင်ပိုပါသေး၏။ ဖလန်
စစ်မြေပြင်တွင် သူ့အသက်ကို ကယ်ခဲ့ ဖူးသေးသည်။ ထိုအကြောင်း
သူရဲကောင်းဆုတံဆိပ်ချီးမြှင့်ခံရရန်ပင် သတင်းဖြစ်ခဲ့သေး၏။ ဂျက်
လူကောင်းစင်စစ်ဖြစ်ပါပေသည်။ ဒါးမော့ အနေဖြင့် သူငယ်ချင်း၏
ဖြစ်သူအပေါ် ချစ်စိတ်ဝင်မိသည်မှာမူ ကံဆိုး ခြင်းသက်သက်ဖြစ်ပါ
တစ်နေ့နေ့တွင်တော့ ဒီအဖြစ်ကို သူမေ့ပစ်လိုက် နိုင်မည်ထင်ပါ၏။

ကလယ်ယာ ဒီနာမည်ကို စဉ်းစားမိတိုင်း သူ့နှလုံးနာကျင်မိသည်
နိုင်အောင် ကြိုးစားရပေမည်။ ယခင်ကအမျိုးသမီးများအပေါ် စိတ်ဝင်စ
မျိုးရှိဖူးပါသည်။ ဒီလိုစိတ်ဝင်စားမှုမျိုးမဟုတ်ပေ။ ရှိပါစေတော့။ ဒါ
တော့ အန္တရာယ်မကျရောက်နိုင်ပါ။ စိတ်နှလုံးနာကျင်ရခြင်းမျှသ
ဟုတ်ပါတယ်။ အနီရောင်အန္တရာယ်အချက်ပြဟာ တခြားအကြောင်း
သာ ဖြစ် ပါလိမ့်မယ်။

စားပွဲပတ်လည်သို့ဝေ့ကြည့်လိုက်ရင်း ယခုတွေ့ဆုံပွဲမှာ ဖြစ်ရိုး
ကိစ္စတစ်ခုမဟုတ်ကြောင်း သူ ပထမဆုံးအကြိမ်အဖြစ် သတိပြုမိလို
ဥပမာ သူ့အန်ကယ်ဆိုပါတော့။ ဒီလို အိမ်ခန်းကျဉ်းကျဉ်းလေးထဲက သ

ညစာစားပွဲမျိုးကို သူ့အန်ကယ်တက်ရောက်ခဲလှသည်။ ထရန့်လင်မယားသည်
အလွန်ရင်းနှီးသောမိတ်ဆွေများမဟုတ်သလို ခံစားနေရသည်။ အကြောင်း
ရင်းခံတစ်ခုတော့ ရှိပါ၏။ ညစာစားပွဲအပြီးတွင် နာမည်ဆိုးနှင့်သတင်းကြီး
သည့်နတ်ဝင်သည်တစ်ဦးက ဝိညာဉ်ခေါ်ပွဲတစ်ခုလုပ်ရန်ရှိနေခြင်းဖြစ်သည်။
ဆာအလင်တန်က ဝိညာဉ်လောကနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိကြောင်း
ထုတ်ဖော်ပြောကြားခဲ့၏။ ဟုတ်ပါတယ်။ အကြောင်းပြချက်တစ်ခုခုကတော့
အသေအချာ ရှိနေတယ်။

ထိုအကြောင်းပြချက်ဆိုသည်ကိုပင် သူစဉ်းစားနေမိ၏။ ဝိညာဉ်ခေါ်ပွဲ
သည် ပါရဂူကြီး ဤအိမ်သို့ရောက်နေရခြင်း၏ အကြောင်းပြချက်လား။ သို့
ဖြစ်လျှင် သူရောက်နေခြင်း၏ အကြောင်းရင်းအစစ်အမှန်သည် ဘာလဲ။
အသေးစိတ်အချက်အလက်များစွာက သူ့စိတ်ထဲသို့ တိုးဝင်လာနေ၏။ အရေး
ပါသောကိစ္စတို့ကို သူအာရုံမပြုမိပါ။ သူ့အန်ကယ်၏စကားအတိုင်းဆိုလျှင်
တော့ သိစိတ်က သတိမထားမိဟု ဆိုရလိမ့်မည်။

ပါရဂူကြီးကတော့ ကလယ်ယာကို ထူးထူးခြားခြားစိုက်ကြည့်နေ၏။
စောင့်ကြည့်နေသည်ဟု ထင်ရသည်။ သူ စူးစိုက်ကြည့်နေခြင်းကြောင့်
ကလယ်ယာမှာ အနေရခက်နေပုံပေါ်နေပေသည်။ မနေတတ်မထိုင်တတ်
သလိုဖြစ်ပြီး လက်များကို တွန့်လျက်လိမ်လျက်လုပ်နေရ၏။ သူမစိတ်ရှုပ်ထွေး
နေသည်ကတော့ သိသာပါသည်။ ကြောက်နေတာများလား။ ဘာကြောက်
စရာရှိနေလို့လဲ။

ချက်ချင်းဆိုသလို စကားဝိုင်းကို ဒါးမော့ပြန်၍အာရုံပြုမိ၏။ မစ္စစ်အီဗာ
ဒလေးက ပါရဂူကြီးကို သူ့ဘာသာရပ်နှင့်ပတ်သက်၍ သိလိုသမျှမေးနေရာ
ပါရဂူကြီးက ရှင်းပြနေလေသည်။

"ဒီလိုလေ လေဒီရဲ့" သူကစိတ်ရှည်လက်ရှည်ပြောနေ၏။ "ရူးသွပ်တယ်
ဆိုတာဘာတဲ့လဲ။ ဒီကိစ္စကို လေ့လာဆန်းစစ်လေလေ၊ အဖြေထုတ်ဖို့ ခက်
လေလေပဲ၊ ကိုယ့်ကိုယ်ကိုယ်လှည့်ဖြားတာမျိုးကတော့ အနည်းနဲ့အများဆို
သလို ကျုပ်တို့အားလုံးမှာ ရှိကြတာပါပဲ။ အဲဒါက ကိုယ့်ကိုယ်ကိုယ် ရုရှားက
အတုရင်လို့ထင်နေတဲ့အထိ ဖြစ်သွားရင်တော့ ပါးစပ်ပိတ်အောင် ထိန်းသိမ်း
စောင့်ရှောက်တာခံရပြီပေါ့ဗျာ။ ဒါပေမယ့် အဲဒီအခြေအနေရောက်တဲ့အထိ
ဖြစ်ဖို့ဆိုတာ အတော်ခရီးရှည်တယ်လို့ပြောနိုင်တယ်။ ဒီတော့ ခရီးရှည်ကြီးမှာ
တစ်နေရာကို တိုင်စိုက်လိုက်ပြီး ဒီဘက်ကတော့ လူကောင်းပဲ။ ဟိုဘက်က
အရူးလို့ဘယ်လိုသတ်မှတ်နိုင်ပါ့မလဲ။ မဖြစ်နိုင်ဘူးလေ၊ ဒီတော့ကျုပ်ပြော

မယ်။ စိတ်မမှန်တော့တဲ့လူတစ်ယောက်ဟာ တခြားလူတွေမသိအောင်
ပါးစပ်သူထိန်းထားနိုင်ရင် သူ့ကို သာမန်လူကောင်းတစ်ယောက်နဲ့ ဘယ်
မှ ခွဲခြားလို့ရမှာမဟုတ်ဘူး။ ရူးသွပ်နေသူတစ်ယောက် ထူးထူးခြားခြား
မဟောက်မပြန် ရှိနေဘာမျိုးဟာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ဘာသာရပ်

ဆာအလင်တန်က ဝိုင်ဖန်ခွက်ကို ကျေနပ်စွာ တစ်ကျိုက်စုပ်လိုက်
နားဆောင်နေသူများကို အားရပါးရပြုံးကြည့်လိုက်၏။

"သူတို့ဟာအတော်ကောက်ကျစ်ရက်စက်တယ်လို့ ကျွန်မကြားဖူးတ
ရှင့်" မစ္စစ်အီဗာစလေးက မှတ်ချက်ချလိုက်ပါသည်။ "စိတ်ဖောက်ပြန်နေ
လူတွေလေ"

"အဲဒါအမှန်ပဲဗျ။ စိတ်မမှန်တဲ့သူတစ်စုံတစ်ယောက်ရဲ့ အမူအကျင့်
ကို ဖုံးကွယ်ထားတာဟာလည်း မကြဒခဏ အန္တရာယ်ပေါ်ပေါက်စေတ
တယ်။ ဖုံးဖိထားတာမှန်သမျှဟာ အန္တရာယ်ရှိကယ်လို့ စိတ်ခွဲခြမ်းစိတ်
ပညာရှင်တွေက ပြောကြတယ်။ လူတစ်ယောက်ဟာ စိုးရိမ်စရာမရှိတဲ့ပုံမ
ဖြစ်မှုမျိုးရှိနေပြီး သူကိုယ်ကိုင်လည်း အဲဒီလိုဖြစ်နေရတာကို ကျေနပ်နေတ
ဆိုရင် ဒီလူဟာ အစွန်းရောက်တဲ့အထိ ဆိုးသွားဖို့အင်မတန် ခက်တယ်
ဒါပေမယ့် အမျိုးသားတစ်ယောက်" သူက ခေတ္တနားပြီးမှဆက်၍- "
မဟုတ် အမျိုးသမီးတစ်ယောက်ဟာ အမြင်အားဖြင့် လုံးဝပုံမှန်ဖြစ်နေပေ
လှ့အဖွဲ့အစည်းအတွက် ဘေးအန္တရာယ်ရဲ့ အရင်းအမြစ်အဖြစ် ဖြစ်နေတ
ဘာမျိုးလည်းရှိတယ်"

သူကစကားအဆုံးတွင် ကလယ်ယာကို ခပ်ဖြည်းဖြည်းကြည့်လိုက်
မျက်နှာပြန်လွှဲလိုက်၏။ ထို့နောက် ဝိုင်ဖန်ခွက်ကို ဆက်သောက်နေပါသ
ထိတ်လန့်မှုမျိုးမှာ ဒါးမော့ တုန်လှုပ်သွားမိ၏။ သူတစ်ယောက်ယောက်
ရည်ရွယ်ပြောနေတာလား။ ဒီစကားတွေရဲ့ ဦးတည်ချက်ဟာ- မဖြစ်နိုင်
ပါဘူး၊ ဒါပေမယ့်-

"ကျွန်မစဉ်းစားမိတာက လူတစ်ယောက်ဟာ သူ့ရဲ့ကိုယ်ရည်ကိုယ်
ကိုပြဦးအတွက် အတော်သတိထားရမှာပေါ့နော်။" မစ္စစ်အီဗာစလေးက
ပြင်ချက်ပေး၏။ "တခြားတစ်ယောက်ယောက်ရဲ့ အန္တရာယ်က စိုးရိမ်
ဖြစ်နေရင်ပေါ့လေ"

"အင်း-မစ္စစ်အီဗာစလေး၊ ခင်ဗျား ကျွန်တော်ဆိုလိုတာကို နားလည်
ပြဲနေတာကိုးဗျ" ပါရဂူကြီးက ကန့်ကွက်လိုက်သည်။ "မကောင်းတဲ့ ပြသ
တွေပေါ်ပေါက်စေတာက ဦးနှောက်ရဲ့ရုပ်ပိုင်းနဲ့ဆိုင်တယ်ဗျ။ တစ်ခါတ

ပယောဂကြောင့် ဥပမာခေါင်းကို အထိုးခံရတာမျိုးပေါ့။ တစ်ခါတစ်ရံ
လည်း မွေးရာပါ ရောဂါကြောင့်ဗျ"

"မျိုးရိုးလိုက်တာတွေဆိုရင် အတော်စိတ်မကောင်းစရာပဲ။" လေဒီက
ပြင်းချလျက်ပြော၏။ "တီဘီလိုမျိုးပေါ့"

"တီဘီရောဂါက မျိုးရိုးကြောင့်မဟုတ်ပါဘူးဗျာ" ဆာအလင်တန် ခပ်
ခြောက်ခြောက်ပြန်ပြောသည်။

"မဟုတ်ဘူးလား၊ ကျွန်မက ဟုတ်တယ်ထင်နေကာ၊ ရူးတာကျမျိုးရိုး
တယ်နော်၊ တခြားဘာတွေရှိသေးလဲရှင့်"

"ဂေါက်တို့၊ အရောင်ကန်းတာတို့ရှိတယ်ဗျ၊ ကာလာဘလိုင်းဖြစ်တာက
ဝင်စားဖို့ကောင်းတယ်၊ ယောကျ်ားတွေမှာ တိုက်ရိုက်ပါလာတက်ပြီး မိန်းမ
မှာတော့ မိဘနှစ်ပါးစလုံးမှာဖြစ်မှသာ အနည်းအကျဉ်းပါတတ်တယ်။
ခြားတဲ့မျိုးရိုးလိုက်မှုမျိုးပေါ့"

"စိတ်ဝင်စားစရာပဲနော်၊ ဒါပေမယ့် ရူးသွပ်တာကျကော့ ဒီလိုမဟုတ်ဘူး
ပါရဲ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီရောဂါကတော့ ယောကျ်ားရော၊ မိန်းမရော အညီအမျှ
တတ်တယ်" ပါရဂူကြီးက အလေးအနက် အဖြေပေးလိုက်ရာ ကလယ်
ရုတ်တရက်ထရပ်လိုက်သောကြောင့် ကုလားထိုင်ပင် နောက်သို့လဲကျ
ရ၏။ သူမ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး လက်များတုန်ယင်ယင်
နေ သည်မှာလည်း သိသာလှပါသည်။

"ရှင်တို့ဆွေးနွေးပွဲ သိပ်မကြာဘူးမဟုတ်လား၊ မစ္စစ်သွန်ပဆင်း အခုပဲ
တ်လာတော့မှာမို့ပါ" ကလယ်ယာက တောင်းပန်ဟန်ဖြင့် ပြောလိုက်၏။

"ကျုပ်ကတော့ ဝိုင်တစ်ခွက်လောက်သောက်ပြီး ဒီမှာပဲနေဦးမှာပါဗျာ"
အလင်တန်က ကြေညာလိုက်သည်။ "ကျုပ်လာတာကိုက မစ္စစ်သွန်
ရဲ့ ထူးခြားတဲ့စွမ်းရည်တွေကို ကြည့်ချင်လို့ကိုးဗျ၊ ဟုတ်ရဲ့မဟုတ်လား၊
ဟား၊ ကျုပ်ကို နေပါဦးလို့ အထူးတိုက်တွန်းစရာမလိုပါဘူးဗျာနော"

ကလယ်ယာက သိသာရုံမျှပြုံး၍ အသိအမှတ်ပြုလိုက်ပြီး မစ္စစ်အီဗာ
ကိုပခုံးဖက်ကာ အခန်းပြင်သို့ ထွက်သွားလိုက်သည်။

"ကျုပ်ရဲ့ဘာသာရပ်ကိစ္စတွေပဲ ပြောနေတာများသွားတယ်ထင်ပါရဲ့"
ကြီးမှတ်ချက်ပေးရင်း သူ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ "ခွင့်လွှတ်ပေ
မစ္စစ်တာထရန့်ရေ"

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ရပါတယ်" ထရန့်က ဝတ်ကျေဝတ်ကုန်

ပြန်ပြောပါသည်။ သူ့ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်ပြီး ပူပန်သော
ရောက်နေပုံ ရပါသည်။ ဒါးမော့သည် သူ့မိတ်ဆွေ၏ အိမ်တွင် ပထမ
အနေဖြင့် အပြင်လူတစ်ယောက်လို ခံစားမိလာ၏။ ထိုလူနှစ်ယော
ကြားတွင် မိတ်ဆွေ ရင်းချာကိုတောင် ဖွင့်မပြောနိုင်သည့် လျှို့ဝှက်ချက်တ
ရှိနေပုံရသည်။ မြင်ရတွေ့ရသမျှမှာလည်း ထူးဆန်းသလို ခံစားနေရပါ
သူဘာဆက်လုပ် ရမည်နည်း။ အမျိုးသမီးတစ်ယောက်၏ စိတ်အာရုံလှုပ်
နေပုံကို အကဲ ခတ်နေရန်သာ ရှိပါတော့သည်။

သူတို့ခေတ္တမျှ ဝိုင်သောက်ရင်းစောင့်ဆိုင်းနေစဉ်မှာပင် မစ္စစ်သွန်ပ
ရောက်လာ့လေသည်။

နတ်ဝင်သည်ဖြစ်သူမှာ အရွယ်လတ်ပိုင်းရှိပြီး တုတ်တုတ်ခိုင်ခိုင်ဖြစ်
ခရမ်းနီရောင်ကတ္တီပါထည်ကို ပုံဆိုးဆိုးဝတ်ထားပြီး အသံကျယ်ကျယ်
ဘတ်သူဖြစ်သည်။

"မစ္စစ်ထရန့်၊ ကျွန်မနောက်မကျပါဘူးနော" သူမက ခပ်ရွှင်ရွှင်
လိုက်၏။ "ရှင်ချိန်းတာ ကိုးနာရီပဲ ဟုတ်တယ်မဟုတ်လား"

"ရှင် အမြဲအချိန်မှန်ပါတယ် မစ္စစ်သွန်ပဆင်ရယ်၊ ကလယ်ယာ
အနည်းငယ်တိုးသော်လည်း ချိုသာသောအသံဖြင့် ပြန်ဖြေ၏။ "ကျွန်မ
အဖွဲ့ က ဒီမှာပါပဲ"

တစ်ဦးချင်းမိတ်ဆက်ပေးခြင်းမပြုပါ။ ဤသည်မှာ ထုံးစံတစ်ခုဖြစ်
နတ်ဝင်သည်အားလုံးကို ဝေ့၍တစ်ချက် စူးစိုက်ကြည့်လိုက်သည်။

"အကျိုးရလဒ်ကောင်းကောင်း ထွက်လိမ့်မယ်လို့တော့ မျှော်လင့်ရတာ
သူမက ခပ်သွက်သွက်မှတ်ချက်ချ၏။ "အကျိုးမရှိဘဲ ပြန်ထွက်သွားရတာ
ကျွန်မလုံးဝမကြိုက်ဘူး။ အဲဒီလိုအခါမျိုးဆိုရင် တော်တော်စိတ်အနှေ
အယှက် ဖြစ်ရတယ်။ ဒါပေမယ့် ကျွန်မထင်တယ်လေ။ ဒီညမှာတော့
မာကိုက (ကျွန်မရဲ့ ဂျပန်လူမျိုးအစောင့်အရှောက်နော်၊ ရှင်တို့သိပါတ
အဆင်ပြေပြေ လုပ်ပေးပါလိမ့်မယ်။ ကျွန်မလဲ ဒီညကောင်းကောင်းကြံ့ခိ
ရှိနေတယ်။ သိပ်ကြိုက်တဲ့ဝေးလ်စ် ယုန်သားကိုတောင် ဒီညရှောင်ထားတ

ဒါးမော့က နားထောင်ရင်း တစ်ဝက်က ရယ်ချင်စိတ်ဖြစ်သော်လ
ကျန်တစ်ဝက်က စိတ်ပျက်နေမိသည်။ ဘာမှထူးခြားတာမရှိ၊ ငြီးငွေ့စရာ
ကောင်းသေးတော့သည်။ သို့တိုင်အောင် သူ့အမြင်လွဲနေတာဖြစ်ချင် ဖြစ်
ပါသည်။ အရာရာတိုင်းမှာ သဘာဝကျကျဖြစ်နေပါ၏။ နတ်ဝင်သည်တို့
စွမ်းရည်များမှာ သဘာဝတရားကပေးသော စွမ်းရည်များသာဖြစ်ရပါမ

ထိတော့ ထိုစွမ်းရည်များကို အပြည့်အဝနားမလည်နိုင်ကြသေးပါ။ သိမ်
လှသော အရေးကြီးသည့် ခွဲစိတ်ကုသမှုပြုကာနီးတွင် ခွဲစိတ်ဆရာဝန်ကြီး
ဦးသည် သူ၏အစာမကြေရောဂါက ဒုက္ခပေးမလာစေရန် သတိထားသည်
တ်လား။ မစ္စစ်သွန်ပဆင်ကကော ဘာကြောင့်သတိမထားရမှာလဲ။

ကုလားထိုင်များကို စက်ဝိုင်းပုံခင်းကျင်းထားပါသည်။ အလင်းရောင်ကို
နည်းအများလိုသလိုရအောင် စီစဉ်ထား၏။ စစ်ဆေးမေးမြန်းရန်သော်
ည်းကောင်း၊ ဝိဉာဏ်ခေါ်ပွဲအပေါ် ကျေနပ်အားရဟန်ကိုသော်
ည်းကောင်း ဆာအလင်တန်က မပြသည်မှာသေချာပါသည် မှန်ပါ၏။
စ်သွန်ပဆင်၏စွမ်းဆောင်ချက်ကို လေ့လာရန်ဆိုသည်မှာ အကြောင်း
ချက်တစ်ခုသာ ဖြစ်ပါသည်။ ဆာအလင်တန် ဤနေရာတွင် ရောက်နေ
ည်မှာ အခြား ရည်ရွယ်ချက်တစ်ခုခုကြောင့် ဖြစ်ရမည်။ ကလယ်ယာ၏
င်သည် နိုင်ငံရပ်ခြားတွင် ကွယ်လွန်ခဲ့သည်ဟု ဒါးမော့သိထား၏။
ားမလည်နိုင်စရာ ပြဿနာတစ်ခုလည်း ရှိခဲ့သည်ဟု သိရသည်။ အင်း-
ရှိနိုးလိုက်မှုတဲ့။

သူကချက်ချင်းပင် ပစ္စက္ခအခြေအနေအပေါ် အာရုံစိုက်လိုက်ပါသည်။
လူတိုင်းပင်ထိုင်ခုံအသီးသီး၌ နေရာယူထားကြ၏။ မီးများကိုပိတ်လိုက်
ည်။ ခပ်လှမ်းလှမ်းစားပွဲတစ်လုံးပေါ်တွင် နီကြင်ကြင်မီးလုံးတစ်လုံး လင်း
နေ၏။

ခေတ္တမျှနတ်ဝင်သည်၏ မှန်မှန်အသက်ရှူသံမှအပ ဘာမှမကြားရပါ။
ဖြည်းဖြည်းနှင့်အသက်ရှူသံပြင်းလာသည်။ ထို့နောက် ရုတ်တရက်ပင်
ခန်း၏ အစွန်မှတံခါးခေါက်သံလို ကြားလိုက်ရ၍ ဒါးမော့ထခုန်မိတော့မလို
ဖြစ်သွားရ၏။ အခြားအစွန်ဘက်မှလည်း အလားတူအသံကြားရပြန်သည်။
ဖြည်းဖြည်းနှင့်အသံများက စိပ်ပြီးတိုးလာလျက် နောက်ဆုံးပျောက်သွား
တော့သည်။ ချက်ချင်းဆိုသလိုပင် ကျယ်လောင်၍ ပဲ့တင်သံပါသော
ယ်သံကို တစ်ခန်းလုံးပျံ့သွားအောင် ကြားရ၏။ ခေတ္တတိတ်သွားပြီး မစ္စစ်
သွန်ပဆင်ထံမှ အသံထွက်လာသည်။ သူမ၏ပင်ကိုသံတော့ မဟုတ်ပါ။
အသံမြင့်မြင့်နှင့် ရှေးခေတ်ဟောင်းက စကားသံမျိုးပင် ဖြစ်သည်။

"ကျုပ်ရောက်လာပြီလူကြီးမင်းအပေါင်းတို့" ထိုအသံကဆို၏။ "မေးရန်
ထည်တို့ကိုမေးနိုင်ကြပြီး" "အခု ရောက်နေတာ ဘယ်သူပါလဲ၊ ရှိရိုမာကို
ား" "မှန်ပေ၏။ ကျွန်ုပ်ရှိရိုမာကိုဖြစ်သည်။ ကာလများစွာ ကျွန်ုပ်
ကျော်ခဲ့၏။ တာဝန်ထမ်းဆောင်ခဲ့၏။ ပျော်ရွှင်ခဲ့၏"

ထို့နောက် ရှိရိုမာကို၏ဘဝဖြစ်စဉ်ကို ဆက်ပြောနေသည်။ ဒါးမော့သ
ယခင်ကလည်း ထိုအကြောင်းများကို ကြားဖူးခဲ့ပြီဖြစ်သည်။ စိတ်ဝင်စား
မရှိလှပါ။ ကွယ်လွန်ပြီးဖြစ်သူ ဆွေမျိုးသားချင်းတို့အကြောင်း မေးသမျှ
တိုတိုနှင့် ယေဘုယျဆန်ဆန်ဖြေခြင်းဖြစ်ရာ အားလုံးလိုလို မှန်ကန်ကို
သော အဖြေများဖြစ်နေပေသည်။

"တစ်ယောက်ယောက်မှာကား ဇာတ်လမ်းဆုံးဖို့ဖြစ်နေပြီ" ရှိရိုမာ
ကြေညာလိုက်၏။ "လူကြီးလူကောင်း အမျိုးသားတစ်ဦးအတွက် အ
လှသည့် သတင်းစကားတစ်ရပ်ကို လက်ခံရရှိပါ၏"

ခေတ္တစကားရပ်သွားသည်။ ထို့နောက် မတူသောလေသံဖြင့် စ
ဆက်ပြန်သည်။ မကောင်းဆိုးဝါးတစ်ဦးဦး၏ ရယ်မောလှောင်ပြောင်သံ
စတင်လျက် ပြောလိုက်၏။

"ဟား ဟား ဟား၊ ဟီး ဟီး အိမ်ပြန်ဖို့စိတ်မကူးနဲ့၊ မပြန်နဲ့၊ မ
သတိပေးတာကို နားထောင်"

"ဘယ်သူ့ကို ပြောနေတာလဲဗျာ"ထရန့်က မေးလိုက်ပါသည်။

"မင်းတို့သုံးယောက်ထဲက တစ်ယောက်ပေါ့။ ငါသာ သူ့နေရာမှာ
အိမ်ပြန်မှာမဟုတ်ဘူး။ အန္တရာယ်ရှိတယ်။ ဘေးမြင်တယ်။ အများကြီး မ
ဘူး။ လုံလောက်ရုံပဲ၊ မပြန်နဲ့။ အိမ်မပြန်နဲ့။ အိမ်မပြန်နဲ့" အသံမှာ
တိုး၍ သွားရင်း ပျောက်ကွယ်သွား၏။

သူ့သွေးခုန်နှုန်းမြင့်လာသည်ကို ဒါးမော့သတိပြုမိသည်။ ထိုသတ်
ခုက်မှာ သူ့ကို ရည်ရွယ်ခြင်းဖြစ်သည်ဟု သူသိနေသည်။ ယနေ့ညတွင်
အန္တရာယ်တစ်ခုခုမှာ တစ်နည်းနည်းနှင့်ရောက်လာပေတော့မည်။

နှတ်ဝင်သည်ထဲမှ သက်ပြင်းချသံကြားရ၏။ ညည်းညူသံလည်း
ဆက်တည်းထွက်ပေါ်လာသည်။ သူမသတိပြန်လည်လာပေပြီ။ မီးမျှ
လင်းလာသည်။ သူမ မတ်မတ်ထိုင်လိုက်၏။ ဖျက်လုံးများကို ပုတ်ခတ်
ခေါ်လုပ်နေသည်။

"အဆင်ပြေရဲ့မဟုတ်လား၊ ပြေလိမ့်မယ်ထင်ပါရဲ့"

"အဆင်ပြေပါတယ်ရှင့်၊ ကျေးဇူးလည်းတင်ပါတယ် မစ္စသွန်ဆင်"

"ရှိရိုမာကိုပဲ မဟုတ်လား"

"ဟုတ်ကဲ့၊ တခြားဝိညာဉ်တချို့လည်း ပါပါတယ်"

မစ္စသွန်ပဆင် သမ်းဝေလိုက်၏။

"ကျွန်မသိပ်ပင်ပန်းတယ်၊ အားတွေ ဘာမှမကျန်အောင် ကုန်သွား

ခဲ့တဲ့အားလုံးကျေနပ်ကြေတယ်မဟုတ်လား၊ အောင်အောင်မြင်မြင်ပြီးဆုံး
သွား ဝမ်းသာစရာပဲ၊ ကျွန်မက တစ်ခုခုပြဿနာတွေ့မှာကို စိုးရိမ်နေတာ။
မှာ ဟောဒီအခန်းထဲ မကောင်းတဲ့အာရုံရနေတယ်"

သူမက ဘယ်ညာပခုံးများကို တစ်လှည့်စီကြည့်၏။ ထို့နောက် ပခုံးများကို
သေက်မသာနှင့်တွန့်လိုက်သည်။

"ကျွန်မအခြေအနေကို မကြိုက်ဘူး" ဟု သူမကပြော၏။ "မကြာသေး
ခု ရှင်တို့တစ်ဦးဦးမှာ ရုတ်တရက်သေဆုံးတာမျိုး ကြုံခဲ့ဖူးသလား"

"ကျွန်တော်တို့တစ်ဦးဦးမှာ၊ ဘာကိုဆိုလိုတာလဲဗျ"

"ဆွေမျိုးနီးစပ်တွေ ရင်းနှီးတဲ့မိတ်ဆွေတွေပေါ့ရှင်၊ မရှိကြဘူးနော်၊ ကဲ
ခုရင်ခုန်ရတဲ့အကြောင်းပြောပြမယ်။ ဒီညမှာ သေခြင်းတရားက အနီး
းမှာ ရောက်နေတာကို ခံစားရတယ်။ ကျွန်မအဓိပ္ပာယ်မဲ့ တွေးမိနေတာ
ဖြစ်ချင်ဖြစ်မှာပါ။ ကိုင်း အားလုံးကို နှုတ်ဆက်ပါရဲ့။ မစ္စစ်ထရန့်
ကျေနပ်တယ်ဆိုလို့ ဝမ်းသာတယ်ရှင်"

မစ္စစ်သွန်ပဆင်က သူမ၏ခရမ်းနီရောင်အဝတ်ကို လှုပ်ခါလျက် ထွက်
သွားလေတော့၏။

"စိတ်ဝင်စားစရာဖြစ်ရဲ့မဟုတ်လား၊ ဆာအလင်တန်" ကလယ်ယာက
မြီးတိုးမေးလိုက်ပါသည်။

"သိပ်စိတ်ဝင်စားဖို့ ကောင်းတဲ့ညပါပဲ လေဒီ၊ လေ့လာခွင့်ရလို့လည်း
ကြီးကျေးဇူးတင်ပါတယ်။ ကဲ ကဲ ဂွဒ်နိုက်ပါဗျာ၊ ခင်ဗျားတို့ တစ်ဖွဲ့လုံး
သွားကြဦးမှာ မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မတို့နဲ့ လိုက်ခဲ့ပါလားရှင့်"

"မလိုက်တော့ပါဘူး၊ ကျုပ်ကညတိုင်း ဆယ့်တစ်နာရီခွဲမှာ အိပ်ရာဝင်
ကို အလေ့အကျင့်လုပ်ထားလို့ပါ။ ဒါနဲ့ ဒါးမော့ရေ အန်ကယ်မင်းနဲ့စကား
ခဲ့နည်းပြောစရာရှိတယ်။ အန်ကယ်နဲ့ခဏလိုက်ခဲ့ဦး။ ပြီးမှကပွဲမှာ သူတို့
နဲ့ဆုံတာပေါ့"

"ဟုတ်ကဲ့ အန်ကယ်၊ ကဲထရန့်-ကပွဲကျမှ ဆုံကြရအောင်"

ဘာလေလေမ်းသို့ ကားဖြင့်ပြန်ခဲ့ကြစဉ် လမ်း၌သူတို့တူအရီးနှစ်ယောက်
ကားအနည်းငယ်သာ ပြောဖြစ်ခဲ့ကြပါသည်။

"ငါတူပြန်သွားဖို့ ကားစောင့်ခိုင်းထားလိုက်ရမလား" သူတို့ကားပေါ်မှ
ဆင်းတွင် ဆာအလင်တန်ကမေး၏။

"ကိစ္စမရှိဘူးအန်ကယ်၊ ကျွန်တော်တက္ကစီနဲ့ပဲ ပြန်ပါ့မယ်"

"ကောင်းတယ်၊ ကောင်းတယ် ချာလ်ဆန်ကို ဆွဲထားဖို့မလိုတော့ဘူးလေ့
ဂွဒ်နိုက်ချာလ်ဆန်၊ ပြန်လိုက်တော့။ အင်း-သေ့က ဘယ်နားထားပါလိ
ဆာအလင်တန် လှေကားထစ်တွင်ရပ်လျက် အိတ်ကပ်များထဲ သော့စ
ရှာနေစဉ် ကားထွက်သွားလေသည်။

"တခြားကုတ်အင်္ကျီထဲ ထည့်လိုက်မိတယ်ထင်တယ်" နောက်ဆုံးတ
သူပြောလိုက်၏။ "ဘဲလ်သာတီးလိုက်ပါကွာ၊ ဂျွန်ဆင်မအိပ်လောက်သေး
ဘူး"

တစ်မိနစ်အတွင်း ဂျွန်ဆင်တံခါးလာဖွင့်ပေးပါ၏။

"သေ့အထားမှားနေလို့ ဂျွန်ဆင်ရေ၊ စာကြည့်ခန်းထဲကို တို့အတွ
ဝိစကီနဲ့ဆိုဒါလာပို့ပေးကွာ"

ပါရဂူကြီးကပြောပြီး စာကြည့်ခန်းထဲဝင်၍ မီးများဖွင့်လိုက်သည်။ တံ
ပြန်ပိတ်လိုက်ရန် ဒါးမော့ကို သူကလက်ဟန်ပြလိုက်၏။

"သိပ်မကြာပါဘူးကွာ၊ အန်ကယ်မင်းကို ပြောစရာကိစ္စရှိနေတ
အန်ကယ်စိတ်ထင်ပဲလား၊ ဒါမှမဟုတ် တကယ်ဖြစ်နေသလားလို့၊ မစ္စစ်ဂ
ထရန့်အပေါ် မင်းစိတ်အတော်ညွတ်နေတာဟုတ်သလား"

ဒါးမော့ မျက်နှာ သွေးရောင်လျှမ်းသွားပါသည်။

"ဂျက်ထရန့်ဟာ ကျွန်တော်ရဲ့ အကောင်းဆုံးမိတ်ဆွေပါ"

"နေဦးကွယ့်၊ အဲဒါက အန်ကယ့်မေးခွန်းရဲ့အဖြေမဟုတ်ဘူး၊ မင်းသိ
အတိုင်း လူမှုဆက်ဆံရေးကိစ္စတွေနဲ့ပတ်သက်ရင် အန်ကယ်က အတ
စည်းကမ်းထားတယ်၊ လင်မယားကွာရှင်းတာမျိုးတွေအပါအဝင်ပေါ့။ ပြီး
မင်းကိုသတိပေးချင်တာက မင်းဟာအန်ကယ်ရဲ့တစ်ဦးတည်းသော အနီး
ဆွေမျိုးဖြစ်တဲ့အပြင် အမွေဆက်ခံသူလည်းဖြစ်တယ်ဆိုတာပဲ"

"လင်မယားကွာရှင်းတဲ့ကိစ္စဆိုတာမျိုးကို ထည့်ပြောစရာမလိုပါဘူ
ဒါးမော့က ဒေါသဖြင့် ပြော၏။

"အကြောင်းကိစ္စတစ်ခုကြောင့် အဲဒါကိုပြောစရာမလိုတဲ့အကြော
အန်ကယ်မင်းထက် ပိုသိတယ်၊ ဘာအကြောင်းကိစ္စလဲဆိုတာကို အခုမ
ချင်သေးဘူး၊ ဒါပေမယ့် ကလယ်ယာဟာ မင်းအတွက် မဟုတ်ဘူးဆိုတာ
သတိပေးချင်တယ်"

လူငယ်က သူ့အန်ကယ်၏ အကြည့်ကို တည်တည်ငြိမ်ငြိမ်ရင်ဆိုင်လို
၏။

"ကျွန်တော်နားလည်ပါတယ်။ ပြီးတော့ပြောပါရစေ၊ ကျွန်တော်က ဒ

ကယ်ထင်တာထက် ပိုသိနေပါတယ်။ ဒီည ညစာစားပွဲကို အန်ကယ်ဘာ
ကြောင့် ရောက်လာတယ်ဆိုတာပါ ကျွန်တော်သိတယ်"

"ဟေ" ပါရဂူကြီး အံ့သြသွား၏။ "မင်းဘယ်လိုကြောင့်သိတာလဲ"

"မှန်းဆချက်ဆိုပါတော့၊ ကျွန်တော်မှန်းတာ မှန်ဘယ်မဟုတ်လား၊
အန်ကယ်ဟာ တာဝန်တစ်ခုအနေနဲ့ အဲဒီကို ရောက်ခဲ့တာပဲလေ"

ဆာအလင်တန် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

"မင်းပြောတာ မှန်တယ် ဒါးမော့၊ မင်းကိုအန်ကယ် ဖွင့်မပြောချင်လို့
ပြောခဲ့တာ၊ ဒါပေမယ့် အဲဒီကိစ္စဟာ မကြာခင် အားလုံးသိကြတော့မယ့်
ကိစ္စပဲ"

ဒါးမော့ စိတ်နှလုံးထိခိုက်သွားပါသည်။

"အန်ကယ်ဆိုလိုတာက-ဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ်တယ်၊ မိသားစုထဲမှာ စိတ်ဖောက်ပြန်တဲ့ရောဂါရှိနေတယ်၊ မိခင်
ဘက်ကပဲစိတ်မကောင်းစရာပေါ့၊ တော်တော်လေး ဝမ်းနည်းဖို့ကောင်းတယ်"

"ကျွန်တော် မယုံနိုင်ဘူးအန်ကယ်"

"သာမန်လူတွေအဖို့ ယုံနိုင်စရာမရှိဘူး။ ရောဂါလက္ခဏာတွေ တင်ရှား
သာမှ အနည်းအကျဉ်းလောက်က ယုံကြမှာ"

"ကျွမ်းကျင်ပညာရှင်တွေအဖို့ကကော"

"မျက်မြင်အထောက်အထားနဲ့ပဲ အဆုံးအဖြတ်ပေးနိုင်တယ်။ အဲဒီကေ့စ်
မျိုးမှာ လူနာကို မြန်နိုင်သမျှအမြန်ဆုံး တင်းတင်းကြပ်ကြပ် ထိန်းသိမ်းထား
သိုက်ရတယ်"

"ဘုရားရေ" ဒါးမော့တုန်လှုပ်သွား၏။ "ဒါပေမယ့် အဲဒီလိုလုပ်လိုက်ရင်
ပြောကြဆိုကြမယ့်လူတွေရဲ့ပါးစပ်ကို ဘယ်လိုမှပိတ်လို့ရမှာ မဟုတ်တော့ဘူး"

"သြော်-ဒါးမော့ရယ်၊ လူအဖွဲ့အစည်းကို အန္တရာယ်ပြုမယ့်အခြေအနေ
မျိုးမှာတော့ တင်းတင်းကြပ်ကြပ်ထိန်းသိမ်းထားမှ ဖြစ်[illegible]"

"အန္တရာယ်ဖြစ်လောက်အောင်ပလား"

"သိပ်စိုးရိမ်စရာကောင်းတဲ့အန္တရာယ်ပဲ၊ စိတ်ဖောက်ပြန်ပြီး လူတွေလိုက်
သတ်တဲ့ပုံစံမျိုးပေါ့၊ မိခင်ဘက်မှာလည်း အဲဒီကေ့စ်မျိုး ရှိခဲ့ဖူးတယ်"

စိတ်ပျက်စွာ ညည်းညူလျက် ဒါးမော့တစ်ဖက်သို့လှည့်သွား၏။ မျက်
ကို လက်များဖြင့်အုပ်ထားသည်။ ကလယ်ယာ-ဖြူစင်ပြီး ရွှေရောင်ဝင်းတဲ့
ကလယ်ယာရယ်၊ ဖြစ်မှဖြစ်ရလေကွယ်

"ဒီအခြေအနေမျိုးမှာ မင်းကို သတိပေးဖို့ဆိုတာ အန်ကယ့်တာဝန်ပဲ"

ပါရဂူကြီးက ဖျောင်းဖျောင်းဖျဖျ ပြောလိုက်၏။

"ကလယ်ယာ" ဒါးမော့က တိုးတိုးရေရွတ်လိုက်သည်။ "သနားစရာ ကလယ်ယာလေးရယ်"

"မှန်တယ်၊ တို့အားလုံး သူ့အပေါ် ကရုဏာထားကြရမှာပေါ့"

ရုတ်တရက်ဒါးမော့ ခေါင်းထောင်ကြည့်လိုက်၏။

"ကျွန်တော်မယုံဘူး"

"ဘာပြောတယ်ကွယ့်"

"ကျွန်တော်မယုံဘူးလို့ပြောတာ၊ ဆရာဝန်တွေလည်း မှားတတ်တာပဲ ဒါလူတိုင်းသိတယ်။ ပြီးတော့သူတို့က သူတို့ကျွမ်းကျင်မှုအပေါ် အမြဲတမ်း ကပ်တွယ်နေတတ်ကြတာ"

"ဒါးမော့ မင်းဘယ်လိုပြောလိုက်တာလဲ"

"ကျွန်တော်ပြောမယ်၊ ကျွန်တော်လုံးဝမယုံဘူး၊ အဲဒီအတိုင်း တကယ် ဖြစ်နေလည်း ဂရုမစိုက်ဘူး၊ ကျွန်တော်ကလယ်ယာကို ချစ်တယ်၊ သူလိုက်မယ် ဆိုရင် ကျွန်တော်သူ့ကို အဝေးကြီးထိခေါ်သွားမယ်။ နေရာတကာ ဝင်ရှုစိုက် ဘတ်တဲ့ ဆရာဝန်တွေ၊ ပါရဂူတွေမရှိတဲ့နေရာကို သွားမယ်။ သူ့ကို ကျွန်တော် စောင့်ရှောက်မယ်။ ကျွန်တော့်မေတ္တာတွေနဲ့ သူ့ကို ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် ထားမယ်"

"အဲဒီလိုတွေလုပ်လို့မဖြစ်ဘူးကွ၊ မင်းရှူးနေသလား"

ဒါးမော့က နာနာကြည်းကြည်းနှင့်လှောင်ရယ်ရယ်လိုက်၏။ "ခင်ဗျား ဘဲပြောတတ်မှာပေါ့"

"ငါကိုနားလည်စမ်းပါ၊ ဒါးမော့၊ " ဆာအလင်တန်၏မျက်နှာမှာ ဖိနှိပ် ထားရသော ခံစားမှုကြောင့်နီလာ၏။ "မင်းအဲဒီလိုလုပ်ရင်၊ အဲဒီလောက် အသက်မဲ့တဲ့အလုပ်ကိုလုပ်ရင် ကိစ္စအားလုံးအပြီးပဲမှတ်လိုက်။ မင်းကိုပေးနေတဲ့ ထောက်ပံ့ငွေကို ရပ်လိုက်မယ်။ ငါပိုင်သမျှအားလုံးဆေးရုံတွေ လျှပ်စစ်ဖို့သော တမ်းစာအသစ်ရေးမယ်"

"အိုး-ခင်ဗျားပိုက်ဆံ၊ ခင်ဗျားလုပ်ချင်တာလုပ်ပေါ့" ဒါးမော့က ခွန်းထဲ ပြန်လှောက်အော်ပြောလိုက်သည်။ "ကျွန်တော်ချစ်တဲ့မိန်းမကို ကျွန်တော် အောင်ယူမှာပဲ"

"မင်းက အဲဒီလို-"

"ခင်ဗျား သူ့ကိုပက်ပက်စက်စက်ပြောရဲပြောကြည့်၊ ကျွန်တော်ခင်ဗျား ကိုသတ်ပစ်မယ်"

ဖန်ခွက်ချင်းထိခတ်သံတစ်ခုကြောင့် သူတို့နောက်လှည့်ကြည့်လိုက်ကြ၏။ အပြင်းအထန်စကားများနေကြစဉ် သူတို့မသိလိုက်ဘဲ ဖန်ခွက်များတင် ထားသည့် လင်ပန်းတစ်ချပ်ကိုကိုင်လျက် ဂျွန်ဆင်ဝင်လာခြင်းဖြစ်သည်။ သူမျက်နှာမှာ အိမ်အမူထမ်းတစ်ယောက် ပီသစွာပင် ဘာခံစားမှုမှမပြပါ။ သို့ရာတွင် သူဘယ်လောက်အထိ ကြားသွားသလဲဟု ဒါးမော့စဉ်းစားလိုက် မိ၏။

"ရပြီဂျွန်ဆင်" ဆာအလင်တန်က တိုတိုပြတ်ပြတ်ပြောလိုက်သည်။ "ခင်း အိပ်ချေတော့"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဂွဒ်နိုက်ပါဆရာ" ဂျွန်ဆင်ပြန်ထွက်သွား၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။ ဂျွန် ဆင်ဝင်လာခြင်းကြောင့် သူတို့မုန်တိုင်းမှာ အရှိန်သေသွားရ၏။

"အန်ကယ်"ဒါးမော့က စပြော၏။ ကျွန်တော်အဲဒီလောက်ထိမုဆိုးသင့် ပါဘူး၊ အန်ကယ့်ဘက်က အမြင်နဲ့ကြည့်ရင် အန်ကယ်မှန်ပါတယ်။ ဒါပေ မယ့် ကလယ်ယာကို ကျွန်တော်ချစ်နေခဲ့တာ ကြာလှပါပြီ။ ဂျက်ထရန့်ဟာ ကျွန်တော်ရဲ့အကောင်းဆုံးမိတ်ဆွေဖြစ်နေလို့သာ ကလယ်ယာကို ကျွန်တော် ဖွင့်မပြောဖြစ်ခဲ့တာ။ ဒါပေမယ့် လက်ရှိအခြေအနေမျိုးမှာတော့ အဲဒီအချက် သည်း အရေးမကြီးတော့ပါဘူး။ ငွေရေးကြေးရေးကြောင့် တော့လည်း ကျွန်တော့်ကြောင့်ရွယ်ချက်တွေကို ပြောင်းလဲမပစ်နိုင်ပါဘူး။ ကဲ ကျွန်တော်တို့ ပြောစရာတွေ ပြောပြီးကြပြီထင်ပါတယ်၊ ဂွဒ်နိုက်အန်ကယ်"

"နေဦး ဒါးမော့-"

"ကျွန်တော်တို့ နောက်ထပ်အငြင်းပွားနေဖို့ မကောင်းတော့ပါဘူး။ ဂွဒ်နိုက်ပါအန်ကယ်၊ ကျွန်တော်ဝမ်းနည်းပါတယ်။ ဒါပေမယ့် ကျွန်တော့် ဆုံးဖြတ်ချက်ကိုမပြင်နိုင်ပါဘူး" သူကအပြင်သို့ ခပ်မြန်မြန်ထွက်သွားလိုက် ပြီး တံခါးကိုပြန်ပိတ်ခဲ့သည်။ အပြင်ခန်းမမှာ မှောင်နေ၏။ ရှေ့တံခါးမကို ဖွင့်လျက် လမ်းပေါ်သို့ သူထွက်သွားလိုက်သည်။ တံခါးမကြီးကို ဆောင့်ပိတ် ခဲ့၏။

ခပ်လှမ်းလှမ်းမှ အိမ်တစ်လုံးတွင် ခရီးသည်ပို့ပြီး ပြန်ထွက်လာသော ကားတစီးကို သူတားစီးပြီး ဂရမ်တန်ကပွဲရုံသို့ လာခဲ့သည်။

ကပွဲခန်းမအဝင်တွင် သူခေတ္တမျှရပ်နေလိုက်၏။ သူ့စိတ်မှာရှုပ်ထွေးနေ သည်။ ခေါင်းထဲတွင်လည်း ချာချာလည်သလိုမူးနောက်နေ၏။ ဂျပ်စ်ဂီတသံ က ဆူဆူညံညံထွက်ပေါ်နေသည်။ ထို့နောက် ပြုံးနေကြသော အမျိုးသမီးများ၊

သူတခြားကမ္ဘာတစ်ခုသို့ ရောက်သွားသလို ခံစားရလေသည်။ အိပ်မက်မ
နေတာများလား။ သူ့အန်ကယ်နှင့်သူတင်းတင်းမာမာ ပြောဆိုခဲ့သည်များ
မဖြစ်နိုင်သလို ခံစားနေရ၏။ ကလယ်ယာကို သူတွေ့သည်။ သေးသေးသွ
သွယ်ကိုယ်လုံးနှင့် အကိုက်ဖြစ်နေသော အဖြူဝတ်စုံငွေရောင်ဝတ်စုံတို့ဖြ
လွင့်မျောနေသလို လှုပ်ရှားသွားလာနေသည်မှာ နှင်းပန်းကလေးတစ်ပွင့်လ
ပါပေ။ သူမက သူ့ကိုပြုံးပြ၏။ သူမမျက်နှာမှာ တည်ငြိမ်အေးချမ်းနေပါသည်
အိပ်မက်ထဲမှာ တွေ့နေရသလိုပါပဲ။

အကရပ်သွားသည်။ ခဏအတွင်းမှာပင် သူမသူ့အနီးသို့ရောက်လာ
သူ့မျက်နှာကို အပြုံးနှင့်ကြည့်နေပါသည်။ အိပ်မက်ထဲကလိုပင် သူနှင့်အ
ကရန် သူမကို ဖိတ်ခေါ်လိုက်၏။ ယခု သူမ သူ့ရင်ခွင်ထဲတွင် ရောက်
ပေပြီ။ တီးလုံးသံများ ပြန်ကြားရ၏။

သူမ၏ တုံ့နှေးမှုကို သူသတိပြုမိသွားသည်။

"ပင်ပန်းနေပြီလား၊ ရပ်တော့မလားဟင်"

"ရှင်သဘောတူရင်တော့ ရပ်ချင်တယ်၊ စကားပြောလို့ရတဲ့ တစ်နေရာ
သွားရအောင်၊ ကျွန်မရှင့်ကို ပြောစရာရှိတယ်"

အိပ်မက်မဟုတ်ပါလား၊ သူ့လက်တွေ့ဘဝထဲသို့ပြန်ရောက်ရပြီ။ သူ
မျက်နှာကို တည်ငြိမ်အေးချမ်းနေသည်ဟု သူထင်မှတ်ခဲ့၏။ အမှန်မှာ စိုးရွံ
ထိတ်လန့်မှုတို့၏ ချောက်လှန့်ခံနေရသော မျက်နှာဖြစ်ပါသည်။ သူ
ကယ်လောက်အထိ သိထားပြီးပြီလဲ။

တိတ်ဆိတ်သော ထောင့်တစ်နေရာကို ရှာတွေ့ကြသည်။ သူတို့ဘေးချ
ဝင်လျက် ထိုင်လိုက်ကြ၏။ "ကဲ" သူက ခပ်ပေါ့ပေါ့လေသံမျိုး တမင်လ
ကိုက် စပြောလိုက်သည်။ "ကိုယ့်ကို ပြောစရာရှိတယ်ဆို"

"ကိုယ်" သူမက မျက်လွှာချလျက်ပြော၏။ ဝတ်ရုံအနားရှိ ကြ
ရှင်-ရှင်ကို စိတ်လှုပ်ရှားစွာ ဆွဲလိမ်နေရင်း ဆက်ပြောသည်။ "ပြောဖို့ကလ
တော်တော်ခက်တယ်"

"ပြောပြောပါ ကလယ်ယာ"

"ဒီလိုပါ၊ ကျွန်မရှင့်ကို ခဏလောက်ဖြစ်ဖြစ် ဟို-အဝေးကို သွားနေ
ချင်လို့ပါ"

သူအံ့အားသင့်သွားပါ၏။ သူဘာကိုပင် မျှော်လင့်ထားထား ဒီစကား
တော့ မဟုတ်ပေ။

"မင်း ကိုယ်ကို အဝေးထွက်သွားစေချင်တယ်ပေါ့၊ ဘာဖြစ်လို့လဲ"

"ရိုးရိုးသားသားနဲ့ပွင့်ပွင့်လင်းလင်းပြောတာအကောင်းဆုံးပါပဲနော်၊ ဟုတ်
တယ်မဟုတ်လား၊ ကျွန်မသိတယ်လေ၊ ရှင်ဟာ လူကောင်းတစ်ယောက် ကျွန်
မရဲ့မိတ်ဆွေလည်းဖြစ်တယ်၊ ရှင့်ကို အဝေးထွက်သွားစေချင်တာက ကျွန်မ
လေ-ကျွန်မ ရှင့်ကို သံယောဇဉ်ထားနေမိလို့ပဲ"

"ကလယ်ယာ"သူမ၏စကားကြောင့် သူပြန်မပြောနိုင် ဖြစ်သွားရ၏။
ဆွံ့အသွားရ၏။

"ရှင် ကျွန်မကိုချစ်လာမှာပဲလို့ စိတ်ကူးယဉ်ပြီး မျှော်လင့်နေတယ်လို့
တော့ ကျေးဇူးပြုပြီး မထင်လိုက်ပါနဲ့နော်၊ အခုဖြစ်နေတာက ကျွန်မလေ-
ကျွန်မ မပျော်တော့ဘူး၊ ပြီးတော့-အို-ရှင့်ကိုဝေးဝေးသွားနေစေချင်တာပါပဲ"

"ကလယ်ယာ-မင်းမသိဘူးလား၊ ကိုယ်လေ-ကိုယ်မင်းကိုသိပ်ချစ်နေခဲ့
တာပါ၊ မင်းကို စမြင်ကတည်းကပါကွာ"

သူမက စိတ်ရှုပ်အံ့ဩသွားသော မျက်လုံးများဖြင့် သူ့ကို ကြည့်လိုက်၏။

"ရှင်-ရှင်ကျွန်မကိုချစ်နေတယ်၊ ဟိုးတုန်းကတည်းက ဟုတ်လား"

"အစကတည်းကပါကွာ"

"အိုး--"သူမငိုသံပါနှင့်အော်လိုက်၏။ "ရှင်ဘာလို့ကျွန်မကို မပြောခဲ့တာ
လဲ၊ အဲဒီတုန်းကလေ ကျွန်မရှင့်ဆီကိုလာနိုင်တုန်းကလေ၊ အခုသိပ်
နောက်ကျကာမှ ဘာလို့ဖွင့်ပြောရတာလဲ၊ မဟုတ်သေးဘူး၊ ကျွန်မရူးသွားပြီ
ထင်တယ်၊ ဘာတွေပြောမိမှန်းမသိဘူး၊ ရှင်နဲ့ကျွန်မ မတွေ့ခဲ့မိရင်ကောင်း
မှာပဲ"

"ကလယ်ယာ အခုသိပ်နောက်ကျကာမှဆိုတာ ဘာကိုဆိုလိုတာလဲ။
အဲဒါ-ကိုယ့်အန်ကယ်ကြောင့်လား၊ သူဘာသိထားလဲ၊ ဘယ်လိုထင်နေလို့လဲ"

သူမစကားပြန်မပြောနိုင်ဘဲ ခေါင်းကိုသာညိတ်ပြပါသည်။ မျက်ရည်
များက ပါးပြင်ပေါ်စီးကျနေ၏။

"ကလယ်ယာ နားထောင်စမ်းပါ၊ သူပြောတိုင်းယုံဖို့မလိုဘူး၊ အဲဒီအကြောင်း
ကိုလည်း စဉ်းစားစရာမလိုဘူး။ ကိုယ်နဲ့အတူ အဝေးကြီးကိုလိုက်လာဖို့ပဲ လို
တယ်။ ကိုယ်တို့တောင်ပိုင်းပင်လယ်ဘက်ကို သွားကြရအောင်၊ အစိမ်းရောင်
ကျောက်မျက်တွေနဲ့တူတဲ့ ကျွန်းတွေဆီကိုလေ၊ မင်းအဲဒီမှာပျော်မှာပါ။ ကိုယ်
မင်းကို စောင့်ရှောက်မယ်၊ မင်းကိုအမြဲဓာမ်းစိတ်ချမ်းသာအောင် ထားပါ့မယ်
ကွာ"

သူ့လက်ဖျားများဖြင့် သူမကို သိုင်းဖက်လိုက်သည်။ သူမကို သူထံဆွဲယူ
လိုက်သည်။ သူမတုန်လှုပ်နေသည်ကို သူခံစားရ၏။ ထို့နောက် ချက်ချင်း

ဆိုသလို သူမရုန်းထွက်လိုက်သည်။

"အို-မဖြစ်သေးဘူးလေ၊ ရှင်မစဉ်းစားမိဘူးလား၊ အခုမဖြစ်နိုင်တော့ဘူ
လေ၊ သိပ်အရုပ်ဆိုးသွားမှာပေါ့။ ဟုတ်တယ် သိပ်ကို အရုပ်ဆိုးသွားမှာပေါ့
ကျွန်မဘဝတစ်လျှောက်လုံး ကောင်းအောင်နေခဲ့တယ်။ အဲဒီလိုလုပ်ရင် သိ
အရုပ်ဆိုးသွားရလိမ့်မယ်"

သူငြိမ်သွားရ၏။ သူမ၏စကားများကြောင့် စိတ်ယောက်ယက်ခတ်သွ
သည်။ သူမက သူ့ကိုတောင်းပန်သော မျက်လုံးများဖြင့် ကြည့်နေပါသည်

"ကျေးဇူးပြုပြီးတော့-" သူမကပြော၏။ "ကျွန်မ ကောင်းတဲ့သူပဲ ဖြစ်
ရစေ"

စကားမတုံ့ပြန်တော့ဘဲ ဒါးမော့ထလျက် ထွက်သွားလေတော့သည်
ယခုအခါ သူသည် သူမ၏စကားကြောင့် စိတ်နှလုံးထိခိုက်နာကျင်နေရ
သည်။ သူမ၏စကားတို့ကို ငြင်းဆန်နိုင်စွမ်းလည်း မရှိတော့ပါ။ သူဦးထုပ်
ကုတ်အင်္ကျီကိုယူရန် အသွားတွင် ထရန့်နှင့်ဆုံရလေ၏။

"ဟေး-ဒါးမော့ အစောကြီးပြန်တော့မလို့လား"

"ဟုတ်တယ်၊ ဒီည ကချင်စိတ်မရှိလို့"

"နေလို့ထိုင်လို့ မကောင်းတဲ့ညပဲ" ထရန့်က စိတ်ပျက်ဟန်နှင့်ပြော
"ဒါပေမယ့်မောင်ရင်က ငါ့လို ပူပင်သောကရောက်စရာမရှိပါဘူး"

ထရန့် သူ့ကိုတစ်ခုခုဖွင့်ပြောတော့မည်ဟု ဒါးမော့တွေးမိ၏။ အ
အကြောင်းပဲ ဖြစ်မှာပါ။ အဲဒါကိုတော့ သူမကြားချင်တော့ပါ။

"အေးပါကွာ နော်က်မှတွေ့တာပေါ့" သူက အလောသုံးဆယ်ပြောင်
ပြန်ရန်ဟန်ပြင်လိုက်၏။ "ငါအိမ်ပြန်တော့မယ်"

"အိမ်ပြန်မလို့-ဟုတ်လား၊ ဝိညာဉ်တွေက သတိပေးထားတယ်မဟုတ်
လားဟ"

"မတတ်နိုင်ဘူးကွာ၊ ပြန်ရမှာပဲ။ ဂွဒ်နိုက် ဂျက်"

ဒါးမော့၏ အိမ်ခန်းမှာမဝေးလှပါ။ သူလမ်းလျှောက်သွားလိုက်၏။ ရှ
ထွေးပူလောင်နေသော သူဦးနှောက်ကို ညချမ်းလေအေးအေးဖြင့် သက်သာ
သွားစေလိုပါသည်။

အိမ်ရောက်သောအခါ ကိုယ်ပိုင်သော့ဖြင့်ဝင်ပြီး အိမ်ခန်းမီးများဖွင့်လိုက်
၏။ ချက်ချင်းဆိုသလိုပင် ယခုညအဖို့ ဒုတိယအကြိမ်အဖြစ် အန္တရာယ်အ
ချက်ပြမီးနီကို သူခံစား၍ မြင်လိုက်လေသည်။ ထိုခံစားမှာ အလွန်ထင်ရှား
ပေရာ သူစိတ်ထဲတွင် ကလယ်ယာကိုပင် ခေတ္တမေ့လျော့သွားရ၏။ အန္တရာယ်

သူအန္တရာယ်စက်ကွင်းအတွင်း ရောက်နေပေပြီ။ ဒီအခန်းထဲမှာပဲ အခုကိုပဲ
သူ့ကို ဘေးအန္တရာယ်ဝိုင်းနေပြီ။

ကြောက်စိတ်ပျောက်သွားအောင် သူကိုယ်သူရယ်သွမ်းသွေးကြည့်သော်
သည်း မထူးပါ။ အခုထိတော့ အန္တရာယ်အချက်ပြမီးနီက သူ့ကို လွတ်အောင်
ရှောင်ဖို့အချိန်ပေးထားသလိုဖြစ်နေသည်။ အယူသီးမှုအတွက် သူကိုယ်သူ
ဦးမိရင်း အိမ်ထဲ၌ စေ့စေ့စပ်စပ်ရှာကြည့်လိုက်၏။ လူဆိုးသူခိုးတစ်ယောက်
ယောက်ဝင်လာပြီး ပုန်းနေတာမျိုးဖြစ်လေမလား။ သို့ရာတွင် ဘာကိုမှ မတွေ့
ရ။ သူ့တပည့် မီလဆန်မှာ အဝေးသို့ရောက်နေသည်။ တစ်အိမ်လုံးမှာ
သူတစ်ယောက်တည်းသာရှိ၏။

အိပ်ခန်းသို့သူပြန်လာပြီး ခပ်ဖြည်းဖြည်းအင်္ကျီလဲသည်။ မျက်မှောင်
ကြုတ်လျက် စဉ်းစားနေ၏။ အန္တရာယ်ခံစားမှုမှာ ဆက်၍အားကောင်းနေဆဲ
ဖြစ်သည်။ လက်ကိုင်ပဝါယူရန် စားပွဲအံဆွဲတစ်ခုကို ဆွဲဖွင့်၍ နှိုက်လိုက်၏။
ထိတ်တရက် သူ့ကိုယ်တောင့်တောင့်ကြီးဖြစ်သွားသည်။ အံဆွဲထဲတွင်
အကျောကျော အရာဝတ္ထုတစ်ခုကို သူစမ်းမိသည်။ ယခင်ကမရှိခဲ့ဖူးသောအရာ
ဖြစ်ပါ၏။ သူ၏သွက်လက်သောလက်ချောင်းများက လက်ကိုင်ပဝါကို ဘေး
ဖယ်လိုက်ပြီး အောက်မှပစ္စည်းကို ဆွဲထုတ်ယူလိုက်သည်။ အောက်တို့မက်တစ်
စက္ကူတိုတစ်လက်ကို သူတွေ့လိုက်ရ၏။

အကြီးအကျယ်အံ့အားသင့်လျက် လက်ထဲရှိ အရာဝတ္ထုကို ဒါးမော့ စစ်
ဆေးကြည့်နေပါသည်။ ထူးခြား၍ခေတ်မီလက်နက်တစ်ခုဖြစ်ပြီး တစ်ချက်
စစ်ထားပြီးဖြစ်ကြောင်း တွေ့ရသည်။ ဒီထက်ပို၍ သူစဉ်းစားအဖြေထုတ်နိုင်
ခြင်းမရှိပါ။ ထိုညဦးပိုင်းက အံဆွဲထဲသို့တစ်ယောက်ယောက်လာထည့်သွား
ခြင်းဖြစ်ပေလိမ့်မည်။ ညစာစားပွဲသွားရန် သူအင်္ကျီလဲနေစဉ်က ထိုပစ္စည်း
မရှိသေးသည်မှာ သေချာသည်။

အံဆွဲထဲသို့ သေနတ်ကို ပြန်ထည့်ထားနေစဉ်မှာပင် ပေါ်လာသော
သူ့ခေါင်းလောင်းသံကြောင့် သူကြက်သေသေသွား၏။ ခေါင်းလောင်းသံ
ဆက်၍ဆက်၍ မြည်နေသည်။ တိတ်ဆိတ်သော အိမ်ခန်းထဲတွင် ထိုအသံ
က ကျယ်လွန်းလှသည်။

ဒီလိုအချိန်ကြီးမှာ ဘယ်သူများရောက်လာတာပါလိမ့်။ ထိုမေးခွန်း
တွက် တစ်ခုတည်းသော အဖြေသာရှိပါသည်။ အန္တရာယ်-အန္တရာယ်-
အန္တရာယ်။

စိတ်ထဲတွင် ငိုလိုပေါ်လာသောအသိဖြင့် အိပ်ခန်းမီးကို သူပိတ်လိုက်

၏။ ကုလားထိုင်တစ်လုံးပေါ်ရှိနေသော ကုတ်အကျီကို ယူဝတ်လိုက်ပြီး အိမ်ရှေ့တံခါးကို သွားဖွင့်လိုက်သည်။

အိမ်ပြင်တွင် လူနှစ်ယောက်ရပ်နေသည်။ အပြာရောင်ယူနီဖောင်းကို သူသတိပြုမိ၏။ ရဲတွေပါလား။

"မစ္စတာဝက်စ်လား" ရဲတစ်ဦးကမေးခွန်းထုတ်လိုက်သည်။ သူပြန်မဖြေမီ အချိန်ရှည်လျားစွာ ကြာသွားသည်ဟု ဒါးမော့ထင်မိ၏။ အမှန်မှာ စက္ကန့်အနည်းငယ်အတွင်း၌ပင် သူ့တပည့်၏ ခံစားမှုမပါသော လေသံမျိုးဖြင့် ပြန်ဖြေလိုက်နိုင်ပါသည်။

"မစ္စတာဝက်စ်ပြန်ရောက်မလာသေးပါဘူး။ ဒီအချိန်ကြီးကျမှ သူ့ကို ဘာလို့တွေ့ချင်တာလဲခင်ဗျ"

"ပြန်မလာသေးဘူးဟုတ်လား၊ ကောင်းပြီလေ၊ ဒီလိုဆိုလည်း အိမ်ထဲကနေ စောင့်ကြတာပေါ့"

"မဖြစ်ဘူးခင်ဗျ၊ မဖြစ်ပါဘူး"

"ဒီမယ်ငါ့လူ၊ ငါဟာ စကော့တလန်ယာဒ် စုံထောက်ဌာနချုပ်ကရဲအင်စပက်တာ ဗာရောလ်ပဲကွ၊ ငါ့မှာမင်းရဲ့ဆရာကို ဖမ်းဖို့ဝရမ်းပါလာတယ်၊ ဟောဒီမှာ မင်းကြည့်ချင်ရင်ကြည့်"

ဒါးမော့ စာရွက်ကို ယူဖတ်လိုက်၏။ ထို့နောက် နားမလည်ဟန်ဖြင့် ပြန်ပေးရင်း မေးလိုက်သည်။

"ဘာအတွက်လဲခင်ဗျာ၊ ဆရာဘာများလုပ်မိလို့လဲ"

"လူသတ်မှုကွ၊ ဟာဟေလမ်းက ဆာအလင်တန်ကို သတ်သွားတာ"

ခေါင်းထဲတွင် ချာချာလည်နေလျက်နှင့် ဒါးမော့နောက်လှည့်ပြီး ဧည့်ခန်းမီးကို ဖွင့်လိုက်သည်။ ရဲများလည်း ဝင်လိုက်လာသည်။

"အိမ်ထဲမှာရှာကြည့်ကွာ" ရဲအရာရှိက သူ့အဖော်ကို ပြောလိုက်၏။ ထို့နောက် ဒါးမော့ဘက်သို့လှည့်ကြည့်ပြီး-"မင်းဒီမှာပဲနေ၊ မင်းဆရာကို သွားသတိပေးမယ်စိတ်မကူးနဲ့၊ မင်းနာမည်ပြောစမ်းပါဦး"

"မီလဆန်ပါဆရာ"

"ကောင်းပြီ မီလဆန် မင်းဆရာ ဘယ်အချိန်ပြန်ရောက်လာမယ်ထင်သလဲ"

"ကျွန်တော်မသိပါဘူးဆရာ၊ သူသွားထာကတော့ ဂရမ်တန်ကပွဲရုံကိုပါ"

"လွန်ခဲ့တဲ့တစ်နာရီက သူအဲဒီကနေပြန်ထွက်သွားတယ်၊ ဒီပြန်မရောက်သေးတာသေချာရဲ့လား"

"မရောက်သေးပါဘူးဆရာ၊ ရောက်လာရင် ကျွန်တော်သိရမှာပါပဲ"

ထိုအချိန်တွင် ရဲအရာရှိ၏အဖော်ဖြစ်သူ ဧည့်ခန်းထဲသို့ပြန်ဝင်လာ၏။ အော်တိုမက်တစ်သေနတ်မှာ သူ့လက်ထဲတွင် ပါလာသည်။ ရဲအရာရှိလက်ထဲသို့ သေနတ်ကို အပ်လိုက်၏။ အင်စပက်တာဗာရောလ်၏မျက်နှာတွင် ကျေနပ်မှုကို တွေ့ရသည်။

"ဒါဆိုရင် ရှင်းသွားပြီ"သူက မှတ်ချက်ချလိုက်၏။ "မင်းမသိအောင် သူဝင်လာပြီး တိတ်တိတ်ကလေး၊ ပြန်ထွက်သွားတာဖြစ်ရမယ်။ အခုတော့ ပြေးပြီပေါ့။ ငါပြန်မှဖြစ်မယ်။ ကောလေး မင်းဒီမှာစောင့်လိုက်ဦး။ သူပြန်ရောက်ချင်ရောက်လာနိုင်တယ်။ ပြီးတော့ ဒီကောင့်ကိုလည်း စောင့်ကြည့်ထား၊ သူက သူ့ဆရာအကြောင်းကို သူပြောသလောက်ထက် ပိုသိထားပုံရတယ်"

ရဲအင်စပက်တာ ကတိုက်ကရိုက်ပြန်ထွက်သွားလေသည်။ ဒါးမော့က ကောလေးထံမှ အမှုဖြစ်စဉ်ကို အသေးစိတ်စုံစမ်းကြည့်လိုက်၏။ ကောလေးမှာ စကားပြောရခြင်းကို ဝါသနာပါသူတစ်ယောက်ဖြစ်လေသည်။

"အမှုက ရှင်းရှင်းလေးပါကွာ" သူကအားရစွာပြော၏။ "လူသတ်မှုကို ဖြစ်ဖြစ်ချင်းသိရတာပဲ။ ဂျွန်ဆင်ဆိုတဲ့အလုပ်သမားက အိပ်ရာဝင်ကာစလေးမှာ သေနတ်သံလိုလိုကြားလိုက်မိလို့ ဆင်းကြည့်တော့ သေနတ်ဒဏ်ရာနဲ့ ဆာအလင်တန်သေနေတာတွေ့ရတယ်။ သူချက်ချင်း တို့ကိုဖုန်းဆက်ပြောလို့ မြန်မြန်ဆန်ဆန်သိရတာပေါ့ကွာ"

"ဒါဖြင့် အမှုကရှင်းနေတာပေါ့ဆရာ" ဒါးမော့က ထောက်ပေးလိုက်သည်။

"ဒါပေါ့ကွာ ရှင်းရှင်းကြီးပေါ့။ ဒါးမော့နဲ့သူ့အန်ကယ်တို့ စကားများနေတာကို ဂျွန်ဆင်ကသိလိုက်ရတယ်။ ဘိုးတော်က သေတမ်းစာသစ် ပြန်ပြင်ရေးမယ်လို့ပြောတော့ မင်းဆရာက ပစ်သတ်မယ်လို့ခြိမ်းခြောက်သတဲ့။ ငါးမိနစ်တောင်မကြာသေးဘူး၊ သေနတ်သံကြားရတာပဲ။ ရှင်းရှင်းကြီးပါကွာ၊ အတော်လည်းမိုက်တဲ့လူပဲ"

အမှန်ပင်ရှင်းနေပါ၏။ သက်သေအထောက်အထားများက သူ့ကိုတရားခံအဖြစ် ညွှန်ပြနေကြောင်း ဒါးမော့စိတ်ထိခိုက်စွာ တွေးနေမိသည်။ ကြောက်ရာအန္တရာယ်ကြီးပါလား။ ထွက်ပြေးဖို့လည်း အခြေအနေမပေးတော့ပေ။ သူ့ ဦးနှောက်ကို အပြင်းအထန်အလုပ်ပေးလိုက်၏။ ထို့နောက် ကော်ဖီတစ်ခွက် သုံးဆောင်ရန် ကောလေးကို ဖိတ်ခေါ်လိုက်သည်။ ကောလေးက သက်ခံလိုက်[illegible]ဒိပ်ခန်းအနှံ့ သူရှာဖွေပြီးပြီ။ အိမ်နောက်ဘက်သို့

ထွက်သည့်တံခါး မရှိပေ။

ဒါးမော့က မီးဖိုခန်းသို့သွားခွင့်ပြုလိုက်၏။ မီးဖိုခန်းထဲတွင် ရေနွေး
ရားကို တည်လိုက်သည်။ ပန်းကန်လုံး၊ ပန်းကန်ပြားတို့ကို အသံမြည်အော
လုပ်လျက် အလုပ်များနေဟန်ပြု၏။ ထို့နောက်ပြတင်းပေါက်မှ ကျော်ထွ
လိုက်သည်။ အိမ်ခန်းမှာ ဒုတိယထပ်တွင်ရှိသည်။ ပြတင်းပေါက်အပြင်ဘ
တွင် ပြုပြင်ရေးအလုပ်သမားများအသုံးပြုသည့် ဓာတ်လှေကားနှင့်စတီး
ဘယ်ကြိုးရှိနေ၏။ ဒါးမော့ ကေဘယ်ကြိုးအတိုင်း ခပ်သွက်သွက်လျှောဆ
လိုက်သည်။ သူ့လက်များပေါက်ပြဲပြီး သွေးထွက်နေပြီ။ သို့ရာတွင် မရပ်မန
ဆက်ဆင်း လိုက်၏။ မိနစ်အနည်းငယ်အတွင်း သူအဆောက်အ
နောက်ဘက် ဘလောက်မှသတိထား၍ထွက်လာနိုင်ခဲ့လေသည်။ လ
ထောင့်ချိုးတစ်ခုကို တွေ့လိုက်သည်နှင့်လမ်းဘေးတွင်ရပ်နေသော လူတ
ယောက်ကို တိုက်မိလု နီးနီးဖြစ်သွား၏။ သူတအံ့တသြဖြစ်ရလောက်အော
ပင် ထိုလူမှာ ဂျက်ထရန့် ဖြစ်နေလေသည်။

"ဘုရားရေ၊ ဒါးမော့ပါလား၊ မြန်မြန်လာစမ်း၊ ဒီနားမှာ လပ်ယားလပ်ယ
လုပ်မနေနဲ့" သူ့လက်ကိုဆွဲရင်း ဂျက်က လမ်းသွယ်လေးတစ်ခုထဲသို့ခေါ်သွ
၏။ ထို့နောက် နောက်တစ်လမ်း၊ တက္ကစီအလွတ်တစ်စီးကိုတွေ့သောအ
သူတို့ငှားလိုက်ပြီး ထရန့်က သူ့အိမ်လိပ်စာကို ပြောလိုက်သည်။

"လောလောဆယ်တော့ အလုံခြုံဆုံးပဲ။ အဲဒီကျမှ ဟိုကောင်တွေ ရေလို
လွဲအောင် ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားကြတာပေါ့။ ရဲတွေမရောက်ခ
ငါအရင်လာပြီး မောင်ရင့်ကို သတိပေးဖို့ထွက်လာတာပဲ။ ဒါပေမယ့် သူတို့
ဦးသွားတယ်"

"ဒီကိစ္စမင်းကြားပြီးသားဆိုတာ ငါမသိသေးဘူး ဂျက်-မင်းအဲဒါကို မယုံ

"အေးပါဟ၊ နည်းနည်းလေးမှ မယုံပါဘူး။ မင်းအကြောင်း ငါကော
ကောင်း သိပြီးသားပါ။ ဒါပေမယ့်မင်းအတွက် စိတ်ပျက်စရာအခြေအ
တော့ ဖြစ်နေတာပေါ့။ ရဲတွေရောက်လာပြီး အကုန်မေးတော့တာပဲကွာ။ ဂ
ရုံကို မင်းဘယ်အချိန်ရောက်လာသလဲ။ ဘယ်အချိန်ပြန်သွားသလဲဆိုတာ
ပေါ့။ ဒါနဲ့အဘိုးကြီးကို ဘယ်သူသတ်တာလဲကွ"

"ငါလည်းမစဉ်းစားတတ်ဘူး၊ သတ်တဲ့ကောင်က သေနတ်ကို ငါ့စ
အံဆွဲထဲ ထည့်သွားတာဖြစ်ရမယ်။ တို့ကို အနီးကပ်စောင့်ကြည့်နေတဲ့
ဖြစ်မှာပေါ့"

"ဝိညာဉ်ခေါ်ပွဲမှာ နတ်မေးတဲ့ကိစ္စကရယ်စရာ[illegible] တကယ်ဖြစ်

ပါလား။ အိမ်မပြန်နဲ့ဆိုတာ အဘိုးကြီးဝက်စ်ကို ရည်ရွယ်တာကိုး၊ အိမ်
ည်းပြန်ရော ပစ်သတ်တာခံရတော့တာပဲ"

"ငါလည်း အဲဒီလိုပါပဲကွာ" ဒါးမော့ ပြန်ပြော၏။ "ငါအိမ်ပြန်တော့
ောင်ချောက်ဆင်ထားတဲ့သေနတ်တစ်လက်နဲ့ ရဲတွေတွေ့ခဲ့ရတယ်လေ"

"အင်း-ငါ့ကိုတော့ မရည်ရွယ်လောက်ဘူးလို့ မျှော်လင့်ရတာပဲ" ထရန့်က
ပြော၏။ "ကဲ-အိမ်ရောက်ပြီ"

သူက ကားခရှင်းပေးပြီး သော့ဖြင့်တံခါးဖွင့်ဝင်ကာ ပထမထပ်ရှိ သူ့
ပ်ခန်းလေးထဲသို့ လှေကားမှောင်မှောင်မှတစ်ဆင့် ဒါးမော့ကိုခေါ်သွားလိုက်
ည်။ ထရန့်က အခန်းမီးကို ဖွင့်လိုက်၏။

"လောလောဆယ်တော့ ဒီနေရာအကောင်းဆုံးပဲ"ဟု သူကမှတ်ချက်ချ
ည်။ "အခု ငါတို့ ဘာဆက်လုပ်သင့်တယ်ဆိုတာ တိုင်ပင်ကြတာပေါ့"

"ငါတော့ ကိုယ့်ကိုယ်ကိုယ်အရူးလုပ်မိပြီထင်တယ်" ဒါးမော့က ရုတ်တ
က်ပြောလိုက်၏။ "တကယ်တော့ ပြဿနာကို ငါရင်ဆိုင်လိုက်ဖို့ကောင်း
ယ်၊ ငါအခုရှင်းရှင်းလင်းလင်းမြင်လာပြီ။ ဖြစ်ခဲ့တဲ့ကိစ္စတစ်ခုလုံးက ကြိုဆင်
ားတဲ့ကိစ္စပဲ၊ နေပါဦးမင်းက ဘာရယ်နေတာလဲ"

ထရန့်မှာ သူ့ကုလားထိုင်ပေါ်တွင်မှီ၍ထိုင်ရင်း ကိုယ်ကို လှုပ်ယမ်းသည်
ထိ အတောမသတ်ရယ်နေ၏။ သူ့ရယ်သံမှာ ထိတ်လန့်စရာပင် ဖြစ်နေ
ားတော့သည်။ သူ့ကြည့်ရသည်မှာလည်း ကြောက်စရာပုံစံပင်။ သူ့မျက်လုံး
ားထဲတွင် ထူးခြားသည့်တောက်ပမှုကို တွေ့နေရသည်။

"တော်တော်ပါးနပ်တဲ့ဆင်ကွက်ပေါ့ကွာ" သူက အသက်ပြင်းပြင်းရှူလျက်
ပြော၏။

"ဒါးမော့ ကိုယ့်လူမောင်ရင့်အတွက် လမ်းဆုံးပြီ" သူကပြောရင်း တယ်လီ
ဖုန်းကို သူ့ဆီသို့ဆွဲယူလိုက်၏။

"မင်းဘာလုပ်မလို့လဲ"ဒါးမော့က မေးလိုက်သည်။

"စကော့တလန်ယာဒ်ကို ဆက်မလို့ပါကွာ၊ သူတို့လိုက်ဖမ်းနေတဲ့ငှက်ကို
ထားပြီလို့ပြောမလို့။ အိမ်တံခါးကို သော့ခတ်ပိတ်ထားလိုက်ပြီကွ၊ ငါ့နောက်
တံခါးကိုလည်း ထည့်စဉ်းစားမနေနဲ့။ အဲဒါ ကလယ်ယာအခန်းတံခါးပဲ။
ကက်ကနေ အမြဲတမ်း သော့ခတ်ထားနေကျ။ သူငါ့ကိုကြောက်နေတာ
ကြာလှပေါ့ပဲ။ ငါကလည်း မြည့်နေအောင်သွေးထားတဲ့ဓားရှည်ကို သုံးချင်
နေတာ သူသိုတာကိုး၊ ဟေ့-ဟေ့ ငြိမ်ငြိမ်နေစမ်း" ဒါးမော့သူ့ကို ခုန်အုပ်ရန်
ကြိုးစားစဉ် [illegible] တ်တစ်လက်ဖြင့် ထုတ်ချိန်ထားလိုက်၏။ "ဒါနောက်

တစ်လက် ကွ" ထရန့်ကလှောင်ရယ်ရယ်ရင်းပြော၏။ "ပထမတစ်လက်က
မောင်ရင့် အံဆွဲထဲထည့်ခဲ့ပြီးပြီ။ အဘိုးကြီးကိုသတ်ပြီးပြီးချင်းပေါ့ကွာ
ပြေးပေါက်ရှာ မနေနဲ့လေ။ မင်းလှုပ်လိုက်တာနဲ့ပစ်ထည့်လိုက်မှာပဲ
အသေတော့မပစ်ပါဘူး ကွာ။ မပြေးနိုင်ရုံပါ။ ငါလက်ဖြောင့်တာ မင်းသိတယ်
နော်။ မင့်အသက်တောင် ငါကယ်ခဲ့ဖူးသေးတာပဲ။ စိတ်ချကွာ၊ မောင်ရင်
ကြိုးစင်ပဲသွားရမှာပါ။ ဓားက လည်းမောင်ရင့်ဖို့မဟုတ်ဘူး။ ဖြူဖြူသွယ်သွယ်
ကလယ်ယာလေးအတွက်ပါ။ အဘိုးကြီးဝက်စ်က
ငါကိုမသက်ာဖြစ်နေတယ်။ ငါ့ကို ရူးမရူး ဒီညလာကြည့်
လိုက်သေးတယ်လေ။ ကလယ်ယာအတွက် ငါဓားကို မသုံးနိုင်အောင် သူက
တားမလို့ကိုး။ ဘာရလိမ့်မလဲ။ သူ့သော့ ရော၊ မောင်ရင့်သော့ရော ငါကြိုပြီး
ယူထားလိုက်တယ်။ ကပွဲရုံရောက်တာနဲ့ မသိမသာလစ်ထွက်သွားတာပေါ့
သူ့အိမ်ထဲက မောင်ရင်ထွက်လာတာ တွေ့တာနဲ့ ဝင်သွားပြီး သူ့ကိုပစ်သတ်
လိုက်တယ်။ ပြီးတော့မောင်ရင် အိမ်ကိုသွားပြီး သေနတ်ကိုထားခဲ့တယ်
ကပွဲ ရုံကို ပြန်ရောက်တော့ မောင်ရင်ရောက်ခါစပဲရှိသေးတယ်။ မင်းကို
ဌဒ်နိုက် လုပ်ရင်း ကုတ်အင်္ကျီထဲ သော့ပြန်ထည့်ပေးလိုက်တာပေါ့။ ကိုင်း
မောင်ရင် ဒီလောက်ဆိုဇာတ်ရည် လည်လောက်ပါပြီ
ကြိုးစင်ပေါ်မောင်ရင်ရောက်တဲ့ အခါ ငါပို့ပေးတာကို သိစေချင်တယ်ကွာ
ဒါကြောင့် ပြောပြနေရတာပါ။ မောင်ရင့်အတွက် လွတ်လမ်းလည်း
မရှိတော့ဘူးကိုး။ ဟား ဟား ပိရိတယ် မဟုတ်လား၊ ဟီးဟီး တွေးကြည့်လေ
ရယ်ချင်လေပွဲကွ။ ကဲကဲ ဘာတွေစဉ်း စားအကြံထုတ်နေတာ တုံး၊ နေပါဦး
မောင်ရင်ဘာကို ကြည့်နေတာလဲ"

"မင်းခုနကပြောတဲ့စကားကို ပြန်စဉ်းစားနေတာပါ၊ မင်းအနေနဲ့ အိမ်
ပြန်မလာခဲ့မိရင်ကောင်းမှာပဲ"

"ဘာပြောတယ်ကွ"

"မင်းနောက်ကိုသာ လှည့်ကြည့်လိုက်ပါကွာ"

ထရန့်လှည့်ကြည့်လိုက်သည်။ ကလယ်ယာ၏ အခန်းတံခါးပွင့်နေ၏
တံခါးဝတွင် ကလယ်ယာနှင့်အတူ သူ့ကိုသေနတ်ဖြင့်ချိန်ထားသူမှာ အင်စ
ပက်တာ ဗာရောလ်. . ။

ပွဲပြီးသွားပြီဟုသိလိုက်သော ထရန့်က သေနတ်ကို သူ့နှလုံးသားတည်
တည့်ရှိရာတွင်တေ့၍ မောင်းကို ညှစ်လိုက်၏။ ထရန့်စားပွဲပေါ်သို့
မှောက်လျက်လဲကျသွားသည်။ အင်စပက်တာက သူ့နံဘေးသို့ လျင်မြန်စွာ
ရောက်လာသည်။ ဒါးမော့က အိပ်မက်မက်နေသလို ကလယ်ယာကို
ထားကြည့်နေမိ၏။ သူ့ဦးနှောက်ထဲတွင် အတွေးပေါင်းစုံတစ်ခုပြီးတစ်ခုရောက်
လာသည်။ သူနှင့်သူ့အန်ကယ်စကားများခဲ့ပုံ၊ အကြီးအကျယ်နားလည်မှုလွဲ
ခြင်း၊ ကလယ်ယာကိုရူးသွပ်နေသော ခင်ပွန်းသည်ထံမှဘယ်တော့မှ မလွတ်
မြောက်စေမည့် အင်္ဂလန်နိုင်ငံ၏ ကွာရှင်းမှုဥပဒေ၊ တို့အားလုံးသူ့အပေါ်
ကရုဏာထားကြရမှာပေါ့ဟူသော အန်ကယ်၏စကား၊ သူမနှင့်ဆာအလင်တန်
တို့၏ အစီအစဉ်ကို ကောက်ကျစ်ရက်စက်သော ထရန့်က သိသွားပုံ၊ သူ့ကို
သူမငိုယိုပြောခဲ့သောစကား၊ အရုပ်ဆိုးသွားမှာပေါ့၊ သိပ်ကိုအရုပ်ဆိုးသွားတော့
မှာပေါ့ဟူ၍၊ မှန်ပါတယ်၊ ဒါပေမယ့် အခုတော့. . . . . ။

အင်စပက်တာ ထရန့်ကိုစစ်ဆေးပြီး "အသက်မရှိတော့ဘူး"ဟု
ပြောလျက် ထရပ်လိုက်၏။

"ဟုတ်ကဲ့" ဒါးမော့က အလိုအလျောက်ပြောလိုက်မိသည်။ "သူဟာ
ကျွမ်းကျင်တဲ့သေနတ်သမားပါ"

တန်ဆေး လွန်ဘေး

ဘာစီလို့နာမှ မဂျော်ကာသို့ ခုတ်မောင်းလာသော ပင်လယ်ကူးသ
ကြီးသည် နံနက်စောစောတွင် ပယ်လ်မာဆိပ်ကမ်း၌ ဆိုက်ကပ်၏။ ကမ်း
သို့ရောက်သည်နှင့် မစ္စတာပါကားပိုင်း အခြေအနေမှန်ကို စိတ်ပျက်စွာ
လည်လိုက်ရသည်။ ဟိုတယ်အားလုံးလိုလို နေရာပြည့်နေပေပြီ။ အဆော
အအုံများစွာ ဝန်းရံနေသော မြို့လယ်ခေါင်ရှိ ဗီရိုထဲနေရသလို အခန်း
ရှိသောဟိုတယ်တွင် နေနိုင်မည်ဆိုလျှင်တော့ နေရာရနိုင်ပါသည်။ ပယ်လ်
သည် ထင်ရှားကျော်ကြား၍ လူသိများနေပေပြီ။ အင်္ဂလိပ်၊ အမေ ရိက
အများစုသည် ဆောင်းတွင်းတွင် မဂျော်ကာသို့ လာရောက်အပန်းဖြေ ကြ
တစ်မြို့လုံးတွင် နိုင်ငံခြားသားဧည့်သည်များဖြင့် စည်ကားနေပေသည်။

ကော်ဖီနှင့်မုန့်အနည်းငယ်စားသောက်ပြီး ကသီဒရယ်ဘုရားကျောင်း
ရှိရာသို့ မစ္စတာပါကားပိုင်းထွက်လာခဲ့၏။ ဘုရားကျောင်းကြီး၏ ထည်
သော ဗိသုကာလက်ရာကို သူ စိတ်မဝင်စားပါ။ သင့်လျော်သော ဟိုတ
အခန်းတစ်ခန်းရနိုင်ရန် ဖော်ရွေဟန်ရှိသောတက္ကစီယာဉ်မောင်းတစ်ဦး
သူစကားပြောကြည့်၏။ နာမည်ကြီးဖော်မင်တာဟိုတယ်မှာ ဈေးကြီးလွ
လှသည်ဟု ယာဉ်မောင်းကပြော၏။ သူပြောသော တည်းခိုခန်းခနှုန်း
မစ္စတာပါကားပိုင်း အထိတ်တလန့်ဖြစ်လောက်အောင်တော့ မဟုတ်ပါ။
ရှုဆလမ်နှင့်အီဂျစ်တို့ရှိ ဟိုတယ်အခန်းခများနှင့်စာသော် လွန်လွန်ကဲကဲမ
သည်ဟုံ မဆိုနိုင်ပေ။ နောက်ဆုံးတွင် ယာဉ်မောင်းနှင့်ညှိ၍ရ[illegible]ပါသည်
သူ့ခရီးဆောင်သေတ္တာများကို ကားပေါ်တွင် ဖြစ်[illegible]ကလိုက်၏

နောက် ကျွန်းပတ်လမ်းအတိုင်း စထွက်ခဲ့တော့သည်။ အခန်းခသက်သာ
ဟိုတယ်များကို တစ်ခုပြီးတစ်ခု စုံစမ်းသွားကြမည်ဖြစ်သည်။ စုံစမ်း၍
ခဲ့လျှင်တော့ နောက်ဆုံးရည်မှန်းချက်မှာ ဖော်မင်တာဟိုတယ်ပင်ဖြစ်ရပေ
အာ့မည်။

သို့ရာတွင် နှတ်ဘုံနတ်နန်းတမျှ ကြီးကျယ်ထည်ဝါသော ထိုဟိုတယ်သို့
တို့မရောက်တော့ပါ။ ပိုလင်စာကမ်းခြေရှိ လမ်းကျဉ်းကလေးများအတိုင်း
ဝင်းသွားရင်း ပီနို၊ အိုရိုဟု အမည်ရှိသည့် ဟိုတယ်တစ်ခုသို့ သူတို့ရောက်
ားလေသည်။ ပင်လယ်ကမ်းစပ်ကိုမေးတင်ဆောက်ထားသည့် ဟိုတယ်ငယ်
ဖြစ်ပြီး ဝရန်တာမှကြည့်လျှင် မြူဆိုင်းနေသော နံနက်ခင်းမြင်ကွင်းမှာ
နှ်ရှုခင်းဓာတ်ပုံတစ်ခုဟု ထင်မှတ်မှားလောက်ပါ၏။ ချက်ချင်းပင် သူရှာ
သော ဟိုတယ်ကိုတွေ့ပြီဟု မစ္စတာပါကားပိုင်း ဆုံးဖြတ်ချက် ချလိုက်ပါ
ည်။

ဟိုတယ်ပိုင်ရှင် အသက်ကြီးကြီး ဇနီးမောင်နှံနှစ်ဦးမှာ အင်္ဂလိပ်လိုရော
သစ်လိုပါ မတတ်ကြပါ။ မည်သို့ပင်ဖြစ်စေ မစ္စတာပါကားပိုင်းသည် ပင်
ယ်ကို မျက်နှာပြုနေသော အခန်းတစ်ခန်းရလိုက်ပါသည်။ ပစ္စည်းများ
ရာချပေးပြီးနောက် တက္ကစီယာဉ်မောင်းသည် တက္ကစီခကို ကျေကျေနပ်
လက်ခံရယူပြီး စပိန်သားဆန်ဆန် နှုတ်ဆက်လျက် ထွက်သွားတော့သည်။

မစ္စတာပါကားပိုင်း လက်ပတ်နာရီကို ကြည့်လိုက်၏။ ကိုးနာရီလေးဆယ့်
ပြီ။ နံနက်ခင်းအလင်းရောင်ဖြင့် လင်းလင်းချင်းချင်းရှိနေသော ဝရန်တာ
ကသို့ သူထွက်သွားကာ ဒုတိယအကြိမ်အဖြစ် ကော်ဖီနှင့်မုန့်များ မှာလိုက်
သည်။

ဝရန်တာပေါ်တွင် စားပွဲလေးလုံးချထား၏။ တစ်လုံးတွင်သူထိုင်နေပြီး
နှစ်သုံးလုံးမှ နှစ်လုံးတွင် ထိုင်နေသူများရှိသည်။ သူနှင့်အနီးဆုံးစားပွဲတွင်
သက်ကြီးကြီးလင်မယားတစ်စုံနှင့် အရွယ်လတ်ပိုင်းသမီးနှစ်ယောက်တို့
ဝင်နေကြသည်။ ဂျာမန်များဖြစ်ကြ၏။ ဝရန်တာထောင့်တစ်နေရာရှိ စားပွဲ
ပေါ်မှ အင်္ဂလိပ်လူမျိုး သားအမိနှစ်ယောက်ရှိပါသည်။

မိခင်ဖြစ်သူမှာ အသက်လေးဆယ့်ငါးနှစ်ခန့်ရှိပြီ။ မီးခိုးရောင်ဆံပင်
ကောင်းကောင်းရှိ၏။ ဖက်ရှင်မဖြစ်သော်လည်း သေသပ်သည့် သိုးမွေးရောင်
ကတ်အင်္ဂလိပ်စကတ်တိုဝတ်ဆင်ထားသည်။ ခရီးသွားရခြင်းကို လုပ်ရိုး
ပ်စဉ်လိုပြ[illegible] အင်္ဂလိပ်အမျိုးသမီးတစ်ဦး၏ သက်သောင့်သက်

သာရှိနေဟန်ကို တွေ့ရပါသည်။

သူမနှင့်မျက်နှာချင်းဆိုင်ထိုင်နေသော လူငယ်မှာ နှစ်ဆယ့်ငါး
အရွယ် ရှိပြီး ခေတ်လူငယ်တို့ဟန် အပြည့်အဝရှိပေသည်။ သူ့ပုံမှာ အ
မနိမ့်မမြင့် နှင့်လူချောတစ်ယောက်ဟု မဆိုနိုင်သလို ကြည့်မကောင်း
လည်း မပြောနိုင်ပါ။ သူသည် မိခင်ဖြစ်သူနှင့် စကားလက်ဆုံကျနေ
တစ်ခါတစ်ရံ ရယ်စရာများပြောပြီး ရယ်ကြသည်။ သူတို့စကားပြောနေ
အမျိုးသမီးကြီး သည် မစ္စတာပါကားပိုင်းနှင့်အကြည့်ချင်းဆုံမိသည်။ သူ
မျက်လုံးများက တည်တည်ကြည်ကြည်နှင့်အမှတ်တမဲ့ဟန်ဖြစ်နေ
လည်း မစ္စတာပါကားပိုင်းကို စိတ်ထဲမှ မှတ်ထားလိုက်သည်ဟု သူခံစ
လေသည်။ သူ့ကိုအင်္ဂလိပ် လူမျိုးဖြစ်ကြောင်း အမျိုးသမီးသိရှိသွား
အခွင့်ကြုံသည်နှင့် မိတ်ဆက်စကားပြောကာ နှုတ်ဆက်လိမ့်မည်
သူယုံကြည်နေပါ၏။

မစ္စတာပါကားပိုင်း အနေဖြင့် ကန့်ကွက်စရာဘာမှမရှိပါ။ သူ့နိုင်ငံ
အချင်းချင်းတိုင်းတစ်ပါးတွင် ဆုံရသောအခါ နှုတ်ဆက်ကြမြဲဖြစ်သော်လ
ထိုအစဉ်အလာကို သူငြီးငွေ့တတ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယနေ့
တွင် သူကြည်ကြည်သာသာဖြင့် အချိန်ကုန်သွားရန် လိုလားနေပါသ
ဟိုတယ် ငယ်လေးတစ်ခုတွင် ထိုသို့မနေလျှင်လည်း စိတ်လွတ်လ
ရနိုင်မည်မဟုတ်ပါ။ ဤအမျိုးသမီးက သူ့အိတ်ထဲမှသတင်းစာ
ထုတ်ယူကာ ပင်လယ်ဘက် မျက်နှာမူ၍ထိုင်လိုက်သည်။ ထို့နော
ကွန်တီနင်တယ် နေ့စဉ်သတင်းစာ ကိုဖြန့်ဖတ်နေပါ၏။ မစ္စတာပါကား
ကို သူမကျောပေးထားပါသည်။

သူ၏ကော်ဖီကို နောက်ဆုံးတစ်ကျိုက်သောက်ပြီးနောက် မစ္စတာ
ကား ပိုင်း ထိုအမျိုးသမီးကို ကြည့်လိုက်မိသည်နှင့် သူရုတ်တရက် ဆတ်
ဖြစ် သွားရလေသည်။ သူစိုးရိမ်စိတ်ဝင်သွားရ၏။ သူ၏အနားယူကာလ
ပြိမ်း ချမ်းစွာခံစားနေစဉ် အဟန့်အတားတစ်ခုခုရောက်လာတော့မည်
အလိုလို သိနေမိလေသည်။ သူမြင်ရသည့်အမျိုးသမီး၏ နောက်ကျော
စိတ်မသက် မသာစရာဖြစ်နေပါ၏။ မျက်နှာကို မမြင်ရသော်လ
မျက်ရည်များပြည့် နေမည့် မျက်လုံးများကို သူစိတ်ကူးဖြင့် မြင်နေရသ
အမျိုးသမီးသည် သူ့ကိုယ်သူအတော် ကြိုးစားထိန်းသိမ်းနေရပုံ ပေါ်
သည်။

မစ္စတာပါကားပိုင်း ဟိုတယ်ထဲသို့ ခပ်သွက်သွက်ဝင်သွားလိုက်၏။ လွန်
ခဲ့သော နာရီဝက်ကပင် ဟိုတယ်မှတ်ပုံတင်စာအုပ်၌ သူ့နာမည်ဘေးတွင်
လက်မှတ်ထိုးခဲ့ရသည်။ ယခုထိုစာအုပ်တွင် ပြန်ကြည့်သောအခါ သူ့နာမည်၏
အထက်နားတွင် မစ္စစ်အာရ်ချက်စတာ၊ မစ္စတာဘာစီလ်ချက်စတာ ဟုမ်းပန်း
ခြံလမ်း ဒီဗွန်ဟူ၍ တွေ့နေရသည်။

ဘောပင်တစ်ချောင်းဖြင့် သူလက်မှတ်ထိုးထားသည့်အပေါ်တွင် မစ္စတာ
ပါကားပိုင်း ခပ်မြန်မြန်ရေးခြစ်လိုက်သည်။ ယခုအခါသူ့အမည်မှာ ခရစ္စတိုဖာ
ပိုင်းဟူ၍ ခက်ခက်ခဲခဲဖတ်ရမည်ဖြစ်ပါ၏။ မစ္စစ်အာရ်ချက်စတာသည် ပိုလင်
စာ ကမ်းခြေတွင်ရောက်နေစဉ် မပျော်မရွှင် စိတ်သောကခံစားနေရပါက
မစ္စတာပါကားပိုင်းနှင့်ဆွေးနွေးရန် ဖြစ်နိုင်လိမ့်မည်မဟုတ်ပါ။

မစ္စတာပါကားပိုင်းနှင့်ပတ်သက်၍ သူ့အမည်နှင့်သတင်းစာပါ သူ့
ကြော်ငြာကို နိုင်ငံခြား၌ တွေ့ဆုံရသူများကပင်လျှင် သိရှိနေကြသည်မှာ
အတော်ပင် အံ့သြစရာဖြစ်သည်ဟု ဆိုကောင်းဆိုနိုင်ပါလိမ့်မည်။ အင်္ဂလန်
တွင်ကား တိုင်းမ်နေ့စဉ်သတင်းစာဖတ်သူ ထောင်ပေါင်းများစွာ တို့သည်
သူ့အမည်နှင့် ကြော်ငြာကို မတွေ့ဖူးပါဟု ပြောကြမည့်သူများစွာ ရှိပါသည်။
နိုင်ငံခြားရောက်သောအခါ မိမိနိုင်ငံထုတ်သတင်းစာကို ပို၍စေ့စပ်စွာ
ဖတ်ကြသည် မှာ လူတိုင်း၏သဘာဝပင်ဖြစ်ပါ၏။ ကြော်ငြာအပါအဝင်
ဘယ်ကဏ္ဍကိုမှ အလွတ်ပေးကြမည် မဟုတ်ပါ။

သူ၏ အားလပ်ရက်အနားယူကာလများတွင် အနှောင့်အယှက်ကြုံရ
သည်များ မကြာခဏဖြစ်လေ့ရှိပါသည်။ လူသတ်မှုမှအစ ငွေညစ်မှုများ
အပါအဝင် ပြဿနာပေါင်းများစွာကို သူဖြေရှင်းပေးခဲ့ရဖူး၏။ ယခုမဂျော်
ကာတွင် သူ့အနားယူကာလကို အပြည့်အဝရယူမည်ဟု သူဆုံးဖြတ်ထားပါ
သည်။ ထိုဆုံးဖြတ်ချက်ကို စိတ်သောကရောက်နေသော မိခင်တစ်ဦးက
အလွယ်တကူ ချေဖျက်ပစ်နိုင်မည်ဟု သူအလိုလိုသိနေမိလေသည်။

ပီနို-အိုရိုဟိုတယ်တွင် မစ္စတာပါကားပိုင်း အေးအေးဆေးဆေးတည်းခို
လျက်ရှိ၏။ မနီးမဝေးတွင် မာရီပိုဆာအမည်ရှိ ဟိုတယ်ခပ်ကြီးကြီးတစ်ခု
ရှိသည်။ အင်္ဂလိပ်လူမျိုးအများစုမှာ ထိုဟိုတယ်တွင် တည်းလေ့ရှိကြပေသည်။
ပင်လယ်ကမ်းစပ်တစ်လျှောက် အစွန်ဆုံးရွာအထိ လမ်းလျှောက်သွားမည်
ဆိုပါက ဆိုင်အချို့နှင့်လူအများစု၍ဆုံကြသော ကော့ခ်တေးလ်ဘားဆိုင်ရှိ
သည်။ [illegible]ငယ်များ ဘောင်းဘီရှည်နှင့်အပေါ်ပိုင်းတွင် တစ်ဝက်

ဘဝကျင်းကာ ရောင်စုံပဝါပိုင်းလေးများစည်းနှောင်လျက် လမ်းသလားနေ
ကြသည်ကို မြင်နိုင်ပါသည်။ ယောက်ျားလေးများက ဆံပင်ရှည်များပေါ်တွင်
ကက်ဦးထုပ်ဆောင်ထားကြပြီး ဘားဆိုင်များ၌ သူတို့အပေါင်းအသင်းချင်း
စကားပိုင်းဖွဲ့နေတတ်ကြ၏။

မစ္စတာပါကားပိုင်းရောက်လာပြီးနောက်တစ်ရက်တွင် မစ္စစ်ချက်စတာ
ကသူ့ကို ရှုခင်းများနှင့်မိုးလေဝသကောင်းမွန်ကြောင်း ပြောရိုးပြောစဉ်မျှ ပြော
ပြီးနောက် ဂျာမာန်အမျိုးသမီးကြီးနှင့်စကားဆက်ပြောနေပါသည်။ လူငယ်
ဘာစီလ်ချက်စတာမှာ ခင်မင်စရာကောင်းပြီးဖော်ရွေသူဖြစ်သည်။ မစ္စတာ
ပါကားပိုင်းပြောသမျှကိုလည်း တရိုတသေနားထောင်တတ်၏။ ညနေစာစား
ပြီးချိန်တွင် သူတို့အင်္ဂလိပ်သုံးဦး ကော်ဖီအတူသောက်လေ့ရှိနေပြီဖြစ်ပါသည်။
တတိယမြောက်နေ့တွင် ဘာစီလ်ဆယ်မိနစ်ခန့်သာထိုင်ပြီး အပြင်ထွက်သွား
လေရာ မစ္စတာပါကားပိုင်းမှာ မစ္စစ်ချက်စတာနှင့်ဟိုအကြောင်းဒီအကြောင်း
ပြောနေရတော့သည်။

ညနေတိုင်း သူမ၏သားအပြင်ထွက်သွားတတ်ပေရာ မစ္စစ်ချက်စတာ
နှုတ်ခမ်းများတုန်လာသည်ကိုကြိုးစား၍ ဖုံးကွယ်နေရကြောင်း မစ္စတာပါကား
ပိုင်းသတိပြုမိ၏။ သို့ရာတွင် ချက်ချင်းပင် ဂ္ဂမန္ဒေဆည်ပြီး ပန်းဥယျာဉ်စိုက်
ပျိုးခြင်း၊ အင်္ဂလိပ်ပေါင်ငွေ၊ ပြင်သစ်တွင်ဈေးကြီးမြင့်ပုံ၊ နေ့လယ်ခင်း
လက်ဖက်ရည်သိပ်မကောင်းပုံ စသည်တို့ကို သူမပြောပြနေတတ်ပါသည်။
ထို့နောက် ဖြည်းဖြည်းချင်း ဘာစီလ်အကြောင်းတို့ကို ပြောလာပါသည်။
ကျောင်းတွင် သူစာတော်ပုံ၊ ဘောလုံးသင်းလက်ရွေးစင်ဆယ့်တစ်ယောက်တွင်
ပါဝင်ပုံ လူချစ်လူခင်များပုံ၊ သူ့ဖခင်သာရှိဦးမည်ဆိုပါက သူ့အတွက် များစွာ
ဂုဏ်ယူမည့်ပုံ အမြဲယဉ်ကျေးသိမ်မွေ့ပုံတို့ ဖြစ်ပါ၏။

"ကျွန်မသူ့ကို အပေါင်းအသင်းလူငယ်တွေနဲ့အတူ ရောနှောနေဖို့ တိုက်
တွန်းပါတယ်။ ဒါပေမယ့် သူက ကျွန်မနဲ့နေရချိန်တွေကိုပဲ ပိုသဘောကျ
နေတာ"

မစ္စတာပါကားပိုင်းက ခါတိုင်းလို ပရိယာယ်ကောင်းကောင်းနှင့် စကား
လှအောင်မပြောတော့ဘဲ "ဒီနားတစ်ဝိုက် လူငယ်တွေအများကြီးတွေ့နေရတာ
ပဲ၊ ဟိုတယ်ထဲတင်မဟုတ်ပါဘူး။ အပြင်မှာလည်းရှိပါတယ်"ဟုသာ ပြန်ပြော
လိုက်သည်။

ထိုစကားကြောင့် မစ္စစ်ချက်စတာမျက်နှာ တည်သွားသည်ကို [illegible]လိုက်
ရသည်။ သူမက ခေတ်လူငယ်များစွာကို တွေ့ဖူးခဲ့ကြောင်း [illegible] ဘက နောက်

ကျမည်ဖြစ်သော်လည်း လူငယ်အားလုံးလိုလိုမှာ လုပ်ငန်းတစ်ခုခုလုပ်နေသ
လိုလိုနှင့်ဝိုင်းဖွဲ့အချိန်ဖြုန်းနေကြသူများသာဖြစ်ကြောင်း၊ အချို့ပိန်းကလေး
များဆိုလျှင် ယောက်ျားလေးများနှင့်အပြိုင် အရက်သောက်နေကြကြောင်း
များစွာစိတ်ပျက်နေဟန်ဖြင့် ပြောပြပါ၏။

နောက်တစ်ရက်တွင် ဘာစီလ်က မစ္စတာပါကားပိုင်းကို လာပြောသည်။

"လူကြီးမင်း ဒီကိုရောက်လာတာ ကျွန်တော်သိပ်ဝမ်းသာပါတယ်ခင်ဗျာ၊
အထူးသဖြင့် မေမေ့အတွက်ပါ။ မေမေက ညနေဘက်မှာ လူကြီးမင်းနဲ့စကား
လက်ဆုံကျရတာကို အတော်ကျေနပ်နေတာခင်ဗျ"

"ကြာတော့လည်း ကစားရတာပျင်းလာတာပေါ့ခင်ဗျာ၊ မှန်တာပြောရရင်
ကျွန်တော့်သူငယ်ချင်းတချို့ဒီမှာ ရှိပါတယ်။ သိပ်ပျော်စရာကောင်းတဲ့ အ
ပေါင်းအသင်းတွေပါ။ မေမေကတော့ သူတို့ကို သဘောမကျလှဘူးခင်ဗျ"
ပြောရင်းနှင့်ခပ်မြူးမြူးရယ်ပါသည်။ မေမေက အတော်ကို ရှေးဆန်ပါတယ်။
ဘောင်းဘီရှည်ဝတ်တဲ့မိန်းကလေးတွေ့ရင်ကို သူနှာခေါင်းရှုံ့နေတော့တာ"

"ဟုတ်မှာပေါ့လေ"ဟု မစ္စတာပါကားပိုင်းက ထောက်ပေး၏။

"လူဆိုတာခေတ်နဲ့အညီ ပြောင်းနေရတာပဲလို့ ကျွန်တော်သူ့ကို ပြောပါ
တယ်။ ဒီနားပတ်ဝန်းကျင်မှာရှိတဲ့ မိန်းကလေးတွေဟာ ခပ်ရိုးရိုးတွေမို့ ပျင်း
စရာကြီးပါခင်ဗျာ-"

ထိုအကြောင်းအရာများကို သူစိတ်ဝင်စားမိပါသည်။ ပြဇာတ်တိုလေး
တစ်ခုကို သူကြည့်ရှုနေရသလို ဖြစ်နေပေသည်။ ထိုပြဇာတ်တိုတွင် သူပါဝင်
တပြရခြင်းတော့မရှိပါ။

ထို့နောက်တွင်ကား မစ္စတာပါကားပိုင်းအမြင်အရ အဆိုးဆုံး အမြေ
အနေ တစ်ရပ်ပေါ်ပေါက်လာပါတော့သည်။ သူနှင့်သိကျွမ်းသည့် စကား
ရွန်းရွန်းဝေအောင် ပြောတတ်သည့် အမျိုးသမီးတစ်ဦးသည် မာရီပိုဆာ
တိုတယ်တွင် တည်းခိုနေပြီး လက်ဖက်ရည်ဆိုင်တွင် သူနှင့်ဆုံမိပါ၏။
မစ္စစ်ချက်စတာ လည်း အနီးတွင်ရှိနေပါသည်။ ထိုမိတ်ဆွေအမျိုးသမီးက
တွေ့တွေ့ချင်း အော်ဟစ်နှုတ်ဆက်ပါတော့သည်။

"အိုး-မစ္စတာပါကားပိုင်းကြီးပါလား။ ဟော-အေဒယ်လာချက်စတာလည်း
ပါလာတာကိုး။ ရှင်တို့ ဟိုတယ်တစ်ခုတည်းမှာတည်းနေကြတယ်-ဟုတ်လား။
ဟောဒီ[illegible]ကြီးကတော့ တကယ့်မှော်ဆရာကြီးပါပဲ အေဒယ်လာရယ်။ ဘာပြ
ဿနာ[illegible]ပ်ကိုင်လိုက်ရင် အကုန်ရှင်းရောပဲ။ ဟင်-ရှင်မသိဘူးလား

သူကြော်ငြာလေ-"စိတ်ဆင်းရဲနေသလား၊ မစ္စတာပါကားပိုင်းနဲ့သာ ဆွေးနွေးလိုက်ပါ"တဲ့ သူမလုပ်နိုင်တာ ဘာမှမရှိပါဘူးကွယ်။ တကယ့်မှော်ဆရာကွယ့်။

မစ္စတာချက်စတာက သူကိုကြည့်လိုက်သောအကြည့်ကို မစ္စတာပါကားပိုင်း သဘောမတွေ့ပါ။ သူမျှော်လင့်ထားသော အခြေအနေကလည်း သိပ်ကြာကြာမစောင့်ရဘဲ ရောက်လာပါတော့သည်။ ထိုနေ့ညနေခင်းကော်ဖီသောက်ပြီးသောအခါ မစ္စစ်ချက်စတာက- "မစ္စတာပိုင်း-သီးသန့်ဧည့်ခန်းထဲကို ကျွန်မနဲ့ခဏလိုက်နိုင်မလားရှင့်၊ ကျွန်မပြောစရာတစ်ခုရှိလို့ပါ"ဟုဆိုလေရာ သူခေါင်းညိတ်ပြရုံသာ တတ်နိုင်ပါသည်။

မစ္စစ်ချက်စတာ၏ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းနိုင်စွမ်းမှာ အတော်လေးနည်းနေပါပြီ။ သီးသန့်ဧည့်ခန်းတံခါးပြန်ပိတ်လိုက်သည်နှင့် သူမထိုင်ပြီး ငိုချလိုက်ပါတော့သည်။

"ကျွန်မသားလေးကို ကယ်ပါဦး မစ္စတာပါကားပိုင်း၊ ကျွန်မအသည်းတွေကွဲကုန်ပါတော့မယ်။ ကျွန်မတို့သူ့ကို ကယ်ကြရအောင်ပါ"

"ဩော်-ကျွန်တော့်လိုအပြင်လူတစ်ယောက်က. . "

"နီနာဝိုင်ချာလေ က ရှင်ဘာမဆိုလုပ်နိုင်တယ်လို့ပြောတယ်၊ ရှင့်အပေါ် အပြည့်အဝယုံကြည်ဖို့ပဲလိုတယ်တဲ့။ ရှင့်ကို အားလုံးဖွင့်ပြောလိုက်လို့ သူက ပြောတယ်"

မစ္စတာပါကားပိုင်း နီနာဝိုင်ချာလေကို စိတ်ထဲမှကျိန်ဆဲလိုက်မိ၏။ ထို့နောက်ငြင်း၍မရနိုင်မှန်းသိပြီး စိတ်လျှော့လိုက်ကာ-"ကဲပါလေ-ဘယ်လိုပြဿနာလဲလို့ စဉ်းစားကြည့်ကြသေးတာပေါ့၊ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်နေတယ်ထင်ပါရဲ့၊ ဟုတ်လား"

"သားက ရှင့်ကိုပြောပြခဲ့တယ်ပေါ့"

"တစ်စွန်းတစ်စလောက်ပါပဲ"

မစ္စတာချက်စတာ၏ နှုတ်ခမ်းမှ စကားလုံးများသွန်ချလိုက်သလို ထွက်လာတော့သည်။ မိန်းကလေးမှာ ထိတ်လန့်စရာကောင်းသည်။ အရက်သောက်တတ်၏။ စကားပြောကြမ်း၏။ အဝတ်အစားမှာ ဘာမှဝတ်မထားသလောက်ဖြစ်သည်။ သူ့အစ်မတစ်ယောက်မှာ ဒီနားတစ်ဝိုက်တွင်နေသူဖြစ်ပြီး ဒတ်ချ်လူမျိုးပန်းချီဆရာတစ်ယောက်နှင့်အိမ်ထောင်ကျနေသည်။ အခြေအနေမှာ လုံးဝလက်ခံနိုင်စရာမရှိပါ။ ဘာစီလ်သည် အကြီးအက[illegible]ပြောင်းလဲသွားသည်။ အေးအေးဆေးဆေးနေတတ်ခဲ့တဲ့သူ၊ ရှေးခ[illegible]ဘကဝသနလို

အလေးအနက်ကိစ္စတွေကို စိတ်ဝင်စားခဲ့တဲ့သူ၊ အခုတော့-

"ဟုတ်ပါပြီလေ၊ ဟုတ်ပါပြီ"ဟု မစ္စတာပါကားပိုင်းဖြတ်ပြောလိုက်၏။

"သဘာဝတရားကြီးက လက်စားချေတတ်တာကိုး"

"ရှင်ဘာဆိုလိုတာလဲရှင့်"

"လူငယ်တစ်ယောက်အနေနဲ့သိပ်လေးနက်တဲ့ဘာသာရပ်တွေကို စိတ်ဝင်စားရမယ်ဆိုရင် အဲဒါဟာ ကျန်းမာရေးနဲ့မညီဘူးဗျ။ ဒီအရွယ်ဟာ မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်နေရမယ့်အရွယ်ပဲ"

"ကျေးဇူးပြုပြီး အလေးအနက်သဘောထားပေးပါ မစ္စတာပိုင်း"

"ကျွန်တော် တကယ်အလေးအနက်ပြောနေတာပါ။ ဒါနဲ့ အဲဒီမိန်းကလေးဟာ မနေ့က ခင်ဗျားနဲ့ လက်ဖက်ရည်ထိုင်သောက်နေတဲ့တစ်ယောက်လား"

"ရှင်မြင်လိုက်တယ်ပေါ့၊ အတော်ဆိုးပါတယ်ရှင့်၊ ဘာစီလ်ကြိုက်တဲ့ မိန်းကလေးမျိုးမဟုတ်ပါဘူး"

"အရင်က ခင်ဗျားသားဟာ ခင်ဗျားနဲ့သိပ်နီးနီးကပ်ကပ်နေခဲ့ရတာကိုး၊ အဲဒါမကောင်းဘူးဗျ။ ဘယ်လိုပဲဖြစ်ဖြစ် သူဒီကောင်မလေးနဲ့ကြာကြာတွဲမှာ မဟုတ်ပါဘူး။ အဲ-ခင်ဗျားက တွန်းမပို့ဘူးဆိုရင်ပေါ့လေ"

"ရှင်နားမလည်ပါဘူး၊ သူဒီကောင်မလေးကို လက်ထပ်မှာရှင့်။ သူတို့စေ့စပ်တောင်ပြီးနေပြီ"

"အဲဒီအခြေအနေတောင်ရောက်နေပြီလား"

"ဟုတ်တယ်မစ္စတာပါကားပိုင်း ရှင်တစ်ခုခုလုပ်ပေးမှဖြစ်မယ်။ ရှင်သူ့ကို အန္တရာယ်ကြီးတဲ့မိန်းကလေးလက်ထဲက ကယ်ထုတ်ပေးမှဖြစ်မယ်။ သူဘဝပျက်တော့မှာရှင့်"

"ကိုယ်ကိုယ်တိုင်မဖျက်ဘဲ ဘယ်သူ့ဘဝမှ မပျက်ပါဘူးဗျာ"

"ဘာစီလ်ဘဝကတော့ ပျက်မှာပဲရှင့်"ဟု မစ္စစ်ချက်စတာက အခိုင်အမာပြောပါသည်။

"ကျွန်တော်ဘာစီလ်အတွက် မပူပါဘူးဗျာ"

"ရှင်-ဟိုမိန်းကလေးအတွက် ပူနေတာတော့ မဟုတ်ဘူးထင်ပါရဲ့"

"မဟုတ်ပါဘူး၊ ကျွန်တော်ခင်ဗျားအတွက်ပဲပူတယ်၊ ခင်ဗျားက ခင်ဗျားရဲ့မွေးရာပါ အခွင့်အရေးကို ဖြုန်းတီးပစ်နေတာကိုး"

မ[illegible]ချက်[illegible]ာ သဘောမပေါက်ဖြစ်ပြီး သူ့ကို ဇဝေဇဝါကြည့်နေပါ

သည်။

"လူတစ်ယောက်ရဲ့ အသက်နှစ်ဆယ်က လေးဆယ်အတွင်းမှာ ပုဂ္ဂိုလ်ရေးသံယောဇဉ်တွေရဲ့ အနှောင်အဖွဲ့ကို ခံကြရတယ်ဗျ။ ဒါသဘာဝဖြစ်စဉ်ပဲ၊ ဒီနောက်ပိုင်းမှာတော့ အဆင့်တစ်ခုကိုရောက်လာရတယ်၊ ကိုယ့်ဘဝကိုယ် ပြန်စဉ်းစားကြည့်လိုက်ဗျာ။ အဲဒီအပိုင်းမှာ ဘဝဟာ အစစ်အမှန်ဖြစ်လာတယ်။ ပြတ်သားလာတယ်။ ကိုယ်တိုင်ပါဝင်ကပြခဲ့ရတဲ့ဘဝဇာတ်ခုံပေါ်က ဇာတ်လမ်းကို ပြန်သုံးသပ်ကြည့်။ အသက်လေးဆယ့်ငါးနှစ်မကျော်ဘဲ ဘယ်ယောက်ျား ဘယ်မိန်းမမှ လွတ်လပ်ပိုင်နိုင်မှု မရကြဘူးဗျ၊ အဲဒီအချိန်ရောက်တာတောင် ကိုယ်ပိုင်အရည်အသွေးပြဖို့ အခွင့်အလမ်းရပါဦးမှ"

မစ္စတာချက်စတာက-"ကျွန်မဘာစီလ်ကို သိပ်သံယောဇဉ်ကြီးပါတယ်၊ သူဟာ ကျွန်မဘဝပါပဲ"ဟု ပြန်ပြောသည်။

"အင်းလေ-အဲဒီလိုမဖြစ်ခဲ့သင့်ဘူးပေါ့။ အခုတော့ ခင်ဗျားပြန်ပေးဆပ်နေရပြီ။ ချစ်တာက ကြိုက်သလောက်ချစ်ပါဗျာ။ ဒါပေမယ့် ခင်ဗျားဟာ သူမိခင်တစ်ယောက်လို့တင် ယူဆလို့မရဘူး။ ခင်ဗျားဟာ အေဒယ်လာချက်စတာဖြစ်တယ်။ သီးခြားလူတစ်ယောက်ဖြစ်တယ်ဆိုတာ မေ့ထားလို့မရဘူး"

"ဘာစီလ်ဘဝပျက်သွားရင် ကျွန်မရင်ကွဲရမှာပါရှင်"

သူက သူမ၏ မျက်နှာမှ ပေါ်စပြုနေသော အရေးအကြောင်းများကို ကြည့်လိုက်သည်။ ဝမ်းနည်းကြေကွဲနေရသော နှုတ်ခမ်းကိုမြင်ရသည်။ သူမသည် ရိုးသား၍ ခင်မင်စရာကောင်းသူဖြစ်ပါ၏။ သူမနာကျင်ကြေကွဲရမည်ကို သူမ မလိုလားပါ။ သူက- "ကဲပါလေ-ကျွန်တော်ဘာလုပ်ပေးနိုင်မလဲဆိုတာ ကြည့်ပါဦးမယ်" ဟု နှစ်သိမ့်လိုက်ပါသည်။

ဘာစီလ်ချက်စတာနှင့်သူတွေ့ရသောအခါ လူငယ်လေးမှာ သူ့အမြင်နှင့် ခံယူချက်ကို ဖွင့်ပြောပြရန် စိတ်ထက်သန်နေပါသည်။

"သိပ်ကိုစိတ်ညစ်စရာကောင်းတဲ့ကိစ္စပါခင်ဗျာ၊ မေမေဟာလုံးဝအောက်နေပြီ။ အမြင်ကျဉ်းပြီး မလိုမုန်းထားစိတ်တွေကလည်း များလွန်းတယ်။ မျှမျှတတသဘောထားပြီးကြည့်တတ်ရင် ဘက်တီဟာ သိပ်ကောင်းတဲ့မိန်းကလေးဆိုတာတွေ့ရမှာပါ"

"ဘက်တီရဲ့သဘောကကော လယ်လိုလဲ"

သူ သက်ပြင်းချလိုက်ပြီး- "ဘက်တီကလည်း မလွယ်ဘူးလေ-သူသာနည်းနည်းလောက် အစဉ်အလာဟောင်းတွေကို လိုက်နှာ[illegible]တ်ရင်-

[illegible]မာ တစ်ရက်လောက်နှုတ်ခမ်းမဆိုးဘဲနေလိုက်ရင် အခြေအနေက အများကြီးကောင်းသွားနိုင်ပါတယ်။ သူက သူ့နည်းသူ့ဟန်နဲ့ ခေတ်နောက်မကျအောင်နေတယ်။ မေမေအမြင်မှာကျ လုံးဝအဆင်မပြေဘူး"

မစ္စတာပါကားပိုင်း ပြုံးလိုက်၏။

"ဘက်တီနဲ့မေမေထို့က ကမ္ဘာပေါ်မှာ ကျွန်တော်သံယောဇဉ်အရှိဆုံးနှစ်ယောက်ပါပဲ၊ သူတို့တစ်ယောက်အပေါ်တစ်ယောက် မာနတွေမထားဘဲ အမြင်မှန်မှန်ထားကြရင် သိပ်ကောင်းမှာပါ"

"မင်းလေ့လာသင်ယူစရာတွေက အများကြီးရှိသေးတယ်ကွယ့်"ဟု မစ္စတာပါကားပိုင်းကပြော၏။

"အန်ကယ် တစ်ခေါက်လောက် ဘက်တီနဲ့တွေ့ပြီး သူ့ကို ပြောပြပေးစေချင်ပါတယ်ခင်ဗျာ"

မစ္စတာပါကားပိုင်းက လိုလိုလားလားပင် သဘောတူလက်ခံလိုက်ပါသည်။

ဘက်တီနှင့်သူအစ်မ ဇနီးမောင်နှံတို့သည် ကုန်းတွင်းပိုင်းအနည်းငယ်ကျသော အိမ်ဟောင်းငယ်ငယ်တစ်လုံးတွင် နေကြ၏။ သူတို့၏ ဘဝသည် ရိုးရိုးစင်းစင်းနှင့်နှစ်သက်ဖွယ်ကောင်းပါသည်။ ဘက်တီက သူ့ကိုကြိုဆိုပါသည်။ သူမသည် ယခုအခါ ပိုင်နိုး-ဒီ-အိုရိုဟိုတယ်တွင် မနေ့ကတွေ့ခဲ့ရသလို စိတ်ကပ်ခြယ်သထားခြင်းမရှိပါ။ သူမက ကော့ခ်တေးလ်တစ်ခွက် လှမ်းပေးရင်း မျက်စချီလျက် မေးလိုက်၏။

"ရှင့်ဆန့်ကျင်ဘက် တိုက်ပွဲကြီးတစ်ခုကြားထဲ ရောက်နေတယ်ထင်ပါရဲ့ဟုတ်လား"

မစ္စတာပါကားပိုင်းက ခေါင်းညိတ်ပါသည်။

"ဒါဖြင့် ရှင်က ဘယ်ဘက်ကလဲ၊ လူငယ်ချစ်သူနှစ်ယောက်ဘက်ကလား မကျေမနပ်ဖြစ်နေတဲ့ အဘွားကြီးဘက်ကလား"

"ငါမင်းကိုတစ်ခုမေးချင်တယ်ကွယ်"

"အခုကိစ္စမှာ မင်းပါးပါးနပ်နပ် လှုပ်ရှားနေတာလား"

"လုံးဝမဟုတ်ပါဘူး" ဘက်တီဂရက်က ပွင့်ပွင့်လင်းလင်းပြောပါသည်။ "အဘွားကြီးက ကျွန်မကို စိတ်တိုအောင် လုပ်နေတာရှင့်" သူမက ဘာစီလ်ကြားနိုင်ကြောင်း သေချာအောင်လှည့်ကြည့်ပြီးမှ- "ကျွန်မဒေါသတွေနဲ့စိတ်ပြောင်းသူ[illegible]အောင်လုပ်နေတာ ဘာစီလ်ကို သူက သူငယ်နှပ်စားလေးတစ်ယောက်[illegible]နိုးစောင့်ရှောက်နေတာလေ၊ အရွယ်ရောက်နေတဲ့

ယောကျ်ားလေးတစ်ယောက်ကို အဲဒီလိုလုပ်ထားလိုက်တော့ အရှုံးတစ်ယောက်
လို့ထင်စရာဖြစ်သွားကော့တာပေါ့။ တကယ်က ဘာစီလ်ဟာ မရှုံးပါဘူး
အဘွားကြီးကသာ ဆရာကြီးပုံဖမ်းနေတာ"

"ဒီလောက်တော့လည်း မဟုတ်သေးဘူးထင်တယ်ကွယ်၊ အခုလောလော
ဆယ်တွေ့ရသမျှမှာတော့ သူခေတ်နောက်ကျတယ်လို့ပဲ ယူဆစရာဖြစ်
နေတယ်"

ဘက်တီက ခေတ္တမျှစဉ်းစားနေလိုက်ပြီး-"ရှင်-မှန်ပါလိမ့်မယ်လေ။ နို့ပေ
ရှင်းရှင်းပြောရရင် ဘာစီလ်ကိုယ်တိုင်က ကျွန်မစိတ်မရှည်အောင်လုပ်သ
ဖြစ်နေတယ်။ သူ့အမေကျေနပ်အောင် ကျွန်မကိုနေပြစေချင်ပုံရတယ်
ဘယ်နေနိုင်ပါ့မလဲရှင်။ အခုတော့ သူကိုယ်တိုင်က ကျွန်မကို စွန့်ခွာဖို့ စဉ်းစ
နေပြီထင်ပါရဲ့"

"သူအမေက ဒီသဘောထားအတိုင်း မပြောင်းလဲရင်တော့ စဉ်းစားကောင်း
ဦးစားလိမ့်မယ်"

"ပြောင်းလဲသွားအောင် ရှင် လုပ်ပေးမှာလား။ သူ့ဘာသာသူတော့
မပြောင်းမှာ သေချာတယ်။ သူကဒီသဘောထားပဲ အသေဆုပ်ကိုင်ထားတာ
အကယ်၍ ရှင်ကသာတစ်နည်းနည်းကူညီနိုင်ရင်-"သူခေတ္တဆိုင်းပြီးနောက်
"ရှင့်အကြောင်းကျွန်မကြားဖူးပါတယ် မစ္စတာပါကားပိုင်း၊ လူတွေရဲ့သဘော
ထားကို ရှင်ကောင်းကောင်းနားလည်တယ်လို့ပြောကြတယ်။ ရှင်ဘယ်
ဆင်ခြင်သလဲရှင့်၊ ကျွန်မနဲ့ဘာစီလ်တို့ ရှေ့ဆက်လက်တွဲလို့ အဆင်ပြေနိုင်
ယုံကြည်ပါသလား"

"ပြေပါလိမ့်မယ်ကွယ်၊ ကြီးမားတဲ့ အခက်အခဲတွေမှ မရှိဘဲ"

"ဒါပေမယ့် ဝမ်းနည်းစရာကောင်းတော့ကောင်းတယ်"ဟု ဘက်တီက
ပြုံးရယ်ပြော၏၊ "ဘယ်သူမှမပျော်နိုင်ကြဘူးလေ၊ ဘာစီလ်ရော၊ ကျွန်မရော
ဆုံးဖြတ်ချက်ပဲ"

မစ္စတာပါကားပိုင်းက ခေါင်းတစ်ချက်ဟန့်လိုက်ပြီး-"အဲဒါက စီစဉ်
ထားတယ်ကွယ်" ဟုပြောလိုက်သည်။ သူမက သူ့ကိုဇဝေဇဝါသံသယဖြ
ကြည့်၏။ "ရှင်-ကျွန်မကို အယုံသွင်းနေတာများလား"

မစ္စတာပါကားကို သူချော့မော့ရှင်းပြလျှင် ရကောင်းရနိုင်ပါသည်။
ဆုံးဖြတ်ချက်မှာ လက်ထပ်ခြင်းမဟုတ်ပေ။ သူသည်ဆိုးလားမြို့သို့ ရ
ဘဝတစ်ခုကို ခရီးထွက်ရန်ရှိနေပေရာ သူကမစ္စစ်ချက်စတ်ဖို့ အလု
စည်းဝေးခန်း အကြံပေးခဲ့သည်။ အလိုက်သ ပင့်နေ

ည်း ပြောခဲ့၏။

သူသည် ဆိုးလားတွင် ပျော်ရွှင်စရာရက်သတ္တပတ်ကို ကုန်လွန်စေခဲ့
သည်။

သူပြန်ရောက်လာသောအခါ လုံးဝမျှော်လင့်မထားသော တိုးတက်မှု
ခြေအနေတစ်ရပ်ကိုမြင်တွေ့လိုက်ရလေသည်။ ပိုင်နို-ဒီ-အိုရှိ ဟိုတယ်ထဲ
ဝင်ဝင်ချင်းတွေ့ရသည်မှာ မစ္စစ်ချက်စတာနှင့်ဘက်တီဂရက်တို့ လက်
ထပ်ရသည်အတူသောက်နေကြသည်မြင်ကွင်းဖြစ်သည်။ ဘာစီလ်ကတော့ ရှိမ
နေပါ။ မစ္စစ်ချက်စတာမှာ မျက်တွင်းကျပုံပေါ်နေ၏။ ဘက်တီမှာလည်း
အမှုခြယ်သထားခြင်းမရှိ။ မျက်ခွံများက ငိုထားပုံကို ဖော်ပြနေပါသည်။

သူတို့က သူ့ကိုတရင်းတနှီးဖိတ်ခေါ်ကြပါသည်။ ဘာစီလ်အကြောင်း
တော့ မပြောကြပါ။ ရုတ်တရက် သူ့ဘေးမှမိန်းကလေး မကျေမနပ်အသံပြု
ပြောဆိုခြင်းကြောင့် သူလှည့်ကြည့်လိုက်၏။

ဘာစီလ်ချက်စတာသည် ပင်လယ်ကမ်းစပ်မှတိုတယ် လှေကားထစ်များ
တက်လာနေသည်။ သူနှင့်အတူပါလာသည်မှာ ရင်ဖိုသွားရလောက်အောင်
လှပရက်စက်လှပသော မိန်းကလေးတစ်ယောက်ဖြစ်ပါ၏။ မြင်ရသူတိုင်း
အတိမပြုဘဲမနေနိုင်သည့်အချက်မှာ သူမသည် အပြာခြောက်ခြောက် အ
ရောင် ခရစ်စပင်ါတစ်ပိုင်းကို ပတ်ထားခြင်းမှတစ်ပါး အခြား ဘာကိုမှ
မဝတ်ထားခြင်းဖြစ်သည်။ မျက်နှာမှာ မိတ်ကပ်ထူထူခြယ်ထားပြီး နှုတ်ခမ်းကို
နီရွှေ့နှင့်ကြက်သွေးရောထားသည့် အရောင်ဆိုးထား၏။ ထိုအခြယ်အသ
ကို သူမ၏ထူးခြားသောအလှကိုပို၍ ပေါ်လွင်နေစေပါသည်။ ဘာစီလ်
ဖြစ်မှာမူ သူမထံမှ မျက်လုံးများခွာ၍မရလောက်အောင် ဖြစ်နေပုံပေါ်ပါသည်။

"ဘာစီလ်-မင်း သိပ်နောက်ကျတာကိုး"ဟု သူမိခင်ကပြောလိုက်၏။
ဘက်တီကို မက်ဂ်တို့အိမ် လိုက်ပို့ပေးရဦးမယ်လေ"

"ကျွန်မအပြစ်ပါရှင်" ဟု ဧည့်သည်မိန်းကလေးက ပြန်ပြော၏။
"ကျွန်မတို့ လျှောက်လွှင့်နေကြတာ" သူမက ဘာစီလ်ကို ကြည့်ပြီး- "ကိုရေ-
ကျွန်မကို သောက်စရာခပ်ပြင်းပြင်းတစ်ခွက်လောက် ပေးပါလားကွယ်-"

သူမက ဖိနပ်ကို ကန်၍ချွတ်လိုက်ပြီး သေသပ်စွာလှီးဖြတ်ထားသော
ခြေသည်းများရှိသည့် ခြေထောက်ကို ဆန့်ထုတ်လျက် ထိုင်လိုက်သည်။ ခြေ
သည်းများမှာ လက်သည်းများဘာရောင်အတိုင်း မြစိမ်းရောင်ဆိုးထားလေ
သည်။ သူမက ကျွန်အမျိုးသမီးနှစ်ယောက်ကို ဂရုထားခြင်းမရှိပါ။ မစ္စတာ
ပါကားပိုင်းကို ခင်ဗျာ နည်းငယ်ကိုင်းလိုက်ပြီး "အတော်ခေါင်တဲ့ကျွန်မပဲ"

ယောကျ်ားလေးတစ်ယောက်ကို အဲဒီလိုလုပ်ထားလိုက်တော့ အရှုံးတစ်ယောက်
လို့ထင်စရာဖြစ်သွားကော့တာပေါ့။ တကယ်က ဘာစီလ်ဟာ မရှူးပါဘူး
အဘွားကြီးကသာ ဆရာကြီးပုံဖမ်းနေတာ"

"ဒီလောက်တော့လည်း မဟုတ်သေးဘူးထင်တယ်ကွယ်၊ အခုလောလော
ဆယ်တွေ့ရသမျှမှာတော့ သူခေတ်နောက်ကျတယ်လို့ပဲ ယူဆစရာဖြစ်
နေတယ်"

ဘက်တီက ခေတ္တမျှစဉ်းစားနေလိုက်ပြီး-"ရှင်-မှန်ပါလိမ့်မယ်လေ။ နိုင်
ရှင်းရှင်းပြောရရင် ဘာစီလ်ကိုယ်တိုင်က ကျွန်မစိတ်မရှည်အောင်လုပ်သ
ဖြစ်နေတယ်။ သူ့အမေကျေနပ်အောင် ကျွန်မကိုနေပြစေချင်ပုံရတယ်
ဘယ်နေနိုင်ပါ့မလဲရှင်။ အခုတော့ သူကိုယ်တိုင်က ကျွန်မကို စွန့်ခွာဖို့ စဉ်းစ
နေပြီထင်ပါရဲ့"

"သူ့အမေက ဒီသဘောထားအတိုင်း မပြောင်းလဲရင်တော့ စဉ်းစားကော
စဉ်းစားလိမ့်မယ်"

"ပြောင်းလဲသွားအောင် ရှင် လုပ်ပေးမှာလား။ သူ့ဘာသာသူတော့
မပြောင်းမှာ သေချာတယ်။ သူကဒီသဘောထားပဲ အသေဆုပ်ကိုင်ထားတာ
အကယ်၍ ရှင်ကသာတစ်နည်းနည်းကူညီနိုင်ရင်-"သူခေတ္တဆိုင်းပြီးနောက်
"ရှင့်အကြောင်းကျွန်မကြားဖူးပါတယ် မစ္စတာပါကားပိုင်း၊ လူတွေရဲ့သဘော
သဘာဝကို ရှင်ကောင်းကောင်းနားလည်တယ်လို့ပြောကြတယ်။ ရှင်ဘယ်
ထင်သလဲရှင့်၊ ကျွန်မနဲ့ဘာစီလ်တို့ ရှေ့ဆက်လက်တွဲလို့ အဆင်ပြေနိုင်
ပါ့မလား"

"ပြေပါလိမ့်မယ်ကွယ်၊ ကြီးမားတဲ့ အခက်အခဲတွေမှ မရှိဘဲ"

"ဒါပေမယ့် ဝမ်းနည်းစရာကောင်းတော့ကောင်းတယ်"ဟု ဘက်တီက
ပြန်ပြော၏။ "ဘယ်သူမှမပျော်နိုင်ကြဘူးလေ၊ ဘာစီလ်ရော၊ ကျွန်မရော
သူ့မိခင်ရောပဲ"

မစ္စတာပါကားပိုင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး-"အဲဒါက စီစဉ်
ရနိုင်ပါတယ်ကွယ့်" ဟုပြောလိုက်သည်။ သူမက သူ့ကိုဇဝေဇဝါသံသယဖြ
ကြည့်၏။ "ရှင်-ကျွန်မကို အယုံသွင်းနေတာများလား

ဟု ပြော၏။ "ဘာစီလ်နဲ့မတွေ့ခင်တုန်းက သေလုအောင်ပျင်းနေတာ၊ ဆေ
ပါသေးရဲ့-သူကပျော်စရာတွေလုပ်တတ်လို့"

"မစ္စတာပါကားပိုင်း-ဒါမစ္စရာမိုနာပါ"ဟု မစ္စစ်ချက်စတာက မိတ်ဆ
ပေးသည်။ မိန်းကလေးက ပျင်းရိရိအပြုံးဖြင့် တုံ့ပြန်ပါသည်။ "ကျွန်မရှင့်
ပါကားလို့ပဲခေါ်မယ်နော်၊ ကျွန်မကိုလည်း ဒိုလောလို့ ခေါ်နိုင်ပါတယ်"

ဘာစီလ်က သောက်စရာမျိုးယူလျက် ပြန်လာ၏။ မစ္စရာမိုနာ
ဘာစီလ်နှင့်မစ္စတာပါကားပိုင်းတို့နှစ်ဦးနှင့်စကားတွေပြောနေ၏။ စ
ဆိုသော်လည်း အသက်အရွယ်စင်စစ် မျက်လုံးဝင့်လျက် စိုက်ကြည့်နေတာက
ပါသည်။ တစ်ခါတစ်ရံ ဘက်တီက စကားဝိုင်းတွင် ဝင်ပြောသော်လည်
မိန်းကလေးက စိတ်မဝင်စားသလို ပျင်းရိဟန်ဖြင့်သာ ကြည့်တတ်ပါသည်
ထို့နောက်ချက်ချင်းဆိုသလို ဒိုလောထရပ်လိုက်ပြီ-"ပြန်ဦးမှပဲ၊ ကျွန်မတို့ဘ
က ဟိုတယ်မှာတည်းနေတာပါ။ အင်း-တစ်ယောက်ယောက်ကများ လိုက်
ပေးနိုင်မလားမသိဘူး"

ဘာစီလ်ချက်ချင်းထလိုက်သည်။ "ကိုယ်လိုက်ပို့ပါမယ်"

မစ္စစ်ချက်စတာက-"ဘာစီလ်-သား-"ဟု ဟန့်တားလိုဟန်ဖြင့်ပြော
"ကျွန်တော်အခုပြန်လာမှာပါ မေမေ"ဟူသော စကားကိုသာရ၏။

"အမေရင့်ခွင်ထဲက ကလေးပါလား"ဟု မစ္စရာမိုနာက လှောင်သံ
ပြောလိုက်သည်။ ဘာစီလ်ရှက်ရွှက်နှင့် မနေတတ်သလို ဖြစ်နေ၏။ မစ္စရ
နာက မစ္စစ်ချက်စတာကို ခေါင်းညိတ်၍ နှုတ်ဆက်ဟန်ပြလျက် မစ္စတာ
ကားပိုင်းကို စူးစူးစိုက်စိုက်ပြုံးကြည့်ပြီး ဘာစီလ်နှင့်အတူ ထွက်သွားလို
တော့သည်။

ကျန်ခဲ့သူများမှာ ကသိကအောက်ဖြစ်လျက် တိတ်ဆိတ်နေကြ
မစ္စတာပါကားပိုင်းမှာ သူကစ၍ စကားမပြောချင်ဖြစ်နေသည်။ ဘက်
ဂရက်သည် လက်ချောင်းကလေးများကို တွန့်လိမ်ရင်း ပင်လယ်ကို လှ
ကြည့်နေသည်။ မစ္စတာပါကားပိုင်းအား-"ဘယ်လိုလဲရှင့်၊ ကျွန်မတို့ ပိုလင်း
ကမ်းခြေက ကုန်စည်အသစ်အဆန်းကို ဘယ်လို သဘောရသလဲ"
မေးလိုက်ရာ မစ္စတာပါကားပိုင်းက သတိထားလျက် "အင်း အရောင်မျိုး
ထူးပါပေတယ်ကွယ်"ဟု ပြန်ဖြေလိုက်သည်။ မစ္စစ်ချက်စတာက ဒေါသ
"ကြောက်စရာကောင်းတာရှင့်-စိတ်ပျက်စရာကောင်းတာ၊ ဘာစီလ် ရှူးသွား
ဖြစ်မယ်"

ဘက်တီထရပ်လိုက်ပြီး"မစ္စစ်ချက်စတာ ကျွန်မ ဒါကဒီတော့မတ

စားချိန်အထိမနေချင်တော့ဘူး"ဟုပြောရာ မစ္စစ်ချက်စတာက
ဟုတ်တာ သမီးရယ်၊ ဘာစီလ်စိတ်မကောင်းဖြစ်သွားမှာပေါ့"

"သူစိတ်မကောင်းဖြစ်မယ် ဟုတ်လား" ဘက်တီက ရယ်သံဖြင့်ပြော၏
ကျွန်မပြန်တာပဲကောင်းပါတယ်။ ခေါင်းလည်းကိုက်နေလို့"

သူမပြန်သွားပြီးနောက် မစ္စစ်ချက်စတာက မစ္စတာပါကားပိုင်းကို
သည့်၍ပြောသည်။

"ကျွန်မတို့ သားအမိ ဒီကိုလုံးဝမလာခဲ့မိရင်ကောင်းမှာပဲရှင်"

မစ္စတာပါကားပိုင်းက စိတ်မကောင်းစွာ ခေါင်းခါပါသည်။

"ရှင်အဝေးကိုထွက်သွားဖို့မကောင်းဘူး။ ရှင် ဒီမှာ ရှိနေရင် ဒါတွေဖြစ်
မှာမဟုတ်ဘူး"ဟု မစ္စစ်ချက်စတာက ဆက်ပြော၏။ မစ္စတာပါကားပိုင်း
ချက်ချင်းတုံ့ပြန်ပါသည်။

"ဒီမယ်-ကျွန်တော်ပြောမယ်ဗျ။ မိန်းကလေးချောချောတစ်ယောက်နဲ့
တော်သက်လာရင် ခင်ဗျားသားအပေါ် ကျွန်တော်ဘယ်လိုမှ လွှမ်းမိုးကိုင်တွယ်
မိုရဘူး။ သူဟာ ထိခိုက်ခံစားလွယ်တဲ့သူပဲဗျာ"

"သူအရင်က ဒီလိုမဟုတ်ပါဘူးရှင်"ဟု မစ္စစ်ချက်စတာက မျက်ရည်စမ်း
မ်းဖြင့် ပြော၏။

"ဘာပဲဖြစ်ဖြစ်လေ-"မစ္စတာပါကားပိုင်းစိတ်သက်သာမှုရသည့်လေသံ
ဖြင့် ပြန်ပြောသည်။ "ဒီအပြောင်းအလဲကြောင့် သူမစ္စဂရက်ကို အရူးအမူး
ခဲ့နေတာတော့ ပြီးဆုံးသွားပြီပေါ့။ ဒီအတွက် ခင်ဗျားစိတ်ဖြေစရာဖြစ်ဖို့ပေါ့
ဗျာ"

"ရှင်ပြောတာ ကျွန်မနားမလည်ဘူး"ဟု မစ္စစ်ချက်စတာကပြောသည်။
"ဘက်တီဟာချစ်စရာမိန်းကလေးပါ။ ဘာတီကိုလည်း သံယောဇဉ်ကြီးတယ်။
အခုကိစ္စမှာ သူအများကြီးသည်းခံရင်ဆိုင်နေရတယ်။ ကျွန်မသား ရူးသွားပြီ
ဆင်တာပဲ"

မစ္စတာပါကားပိုင်းက ဤမျှတအံ့တသြဖြစ်ရလောက်သည့် စိတ်သဘော
ထားပြောင်းလဲမှုကို ဘာမှမဖြစ်သလို လက်ခံလိုက်ပါသည်။ စိတ်သဘောထား
အမျိုးမျိုးပြောင်းတတ်သည့် အမျိုးသမီးများ၏သဘာဝကို သူကြိမ်ဖန်များစွာ
ကြုံခဲ့ပြီးဖြစ်ပါ၏။ သူက "ရူးသွားတာတော့မဟုတ်ပါဘူး။ အပြုစားခံလိုက်
ရတာပါ"

ထိုစဉ် ဒေါ်ဒေါ်ဒေါ်

"ခေါင်းကိုက်လို့တဲ့ အိမ်ပြန်သွားပြီ။ ငါတော့ ဘာမှမအံ့သြဘူး"

"စိတ်ကောက်သွားတာပေါ့"

"ငါထင်တယ် ဘာစီလ်၊ မင်းဘက်တီအပေါ် သိပ်စိမ်းစိမ်းကားကား [illegible]
နေတယ်"

"အဲဒီလိုမပြောပါနဲ့မေမေရဲ့၊ ကျွန်တော်တခြားမိန်းကလေးတွေနဲ့ စ[illegible]
ပြောတိုင်း ဘက်တီက စူစူအောင့်အောင့်လုပ်နေရင် ကျွန်တော်တို့ ဘယ်[illegible]
လုပ်ရွေ့ဆက်လက်တွဲနိုင်တော့မလဲ"

"မင်းတို့စေ့စပ်ပြီးသားဆိုတာမမေ့နဲ့"

"ဟုတ်ပါတယ်၊ စေ့စပ်ပြီးသားပါ။ အဲဒါကြောင့်တော့ မိတ်ဆွေအ[illegible]
အသင်းမရှိရဘူးလို့ ဘယ်ပြောလို့ရပါ့မလဲ။ ဒီခေတ်ထဲမှာ လူတွေဟာ တို့[illegible]
ဘဝကိုယ် ဖန်တီးယူကြရတယ်။ မနာလိုဝန်တိုတာတွေကို မစဉ်းစား[illegible]
ဘူး"

သူခေတ္တနားပြီးနောက်-"ဘက်တီ ကျွန်တော်တို့နဲ့ ညစာမစားတော့[illegible]
ဆိုရင် ကျွန်တော်မာရီပိုဆာကို ပြန်သွားတော့မယ်။ သူတို့က ညစာစ[illegible]
ဖိတ်နေကြတာ-" ဟုပြောပြီး စိတ်ကုန်စရာမျက်နှာထားမျိုးဖြင့် လှေကား[illegible]
ပြေးဆင်းသွားတော့သည်။ မစ္စစ်ချက်စတာက အဓိပ္ပာယ်ပြည့်ဝသော မျက်[illegible]
များဖြင့် မစ္စတာပါကားပိုင်းကို ကြည့်၏။ "တွေ့တယ်မဟုတ်လား"ဟု သူ[illegible]
ပြောသည်။ သူတွေ့ပါသည်။

နှစ်ရက်ခန့်ကြာသောအခါ ပြဿနာကြီးလာတော့သည်။ ဘက်တီ[illegible]
ဘာစီလ်တို့တစ်နေတာပျော်ပွဲစားထွက်ကြရန် ချိန်းထားပြီး ဟိုတယ်[illegible]
ဘက်တီရောက်လာသောအခါ ဘာစီလ်မှာ အစီအစဉ်ကိုမေ့ပြီး ဒိုလော[illegible]
နာ၏ ပါတီပွဲသို့ ထွက်သွားခဲ့လေပြီ။ ဘက်တီနှုတ်ခမ်းများကို တင်းကြပ်[illegible]
ငေ့ထားပြီး ဘာစကားမှမပြောပါ။ ထို့နောက် မစ္စစ်ချက်စတာရှေ့တွင်[illegible]
ရပ်လိုက်၏။ ဝရန်တာပေါ်တွင် သူတို့နှစ်ဦးတည်းသာ ရှိပါသည်။

"ထားလိုက်ပါတော့လေ"ဟု သူမကပြော၏။ "အရေးမကြီးပါဘူး။ ဒါ[illegible]
မယ့် ကျွန်မထင်တယ်၊ ရပ်တန်းကရပ်လိုက်တာ အကောင်းဆုံးပါပဲ"

သူမက လက်သူကြွယ်မှ စေ့စပ်လက်စွပ်ကိုချွတ်ပြီး မစ္စစ်ချက်စတာ[illegible]
ပေးလိုက်သည်။ "ဒါကို သူ့ပြန်ပေးပေးပါ။ ပြဿနာမရှိဘူး။ ဘာမှစိတ်[illegible]
လို့လည်းပြောပေးပါ"

"ဘက်တီမဟုတ်ဘူးလေကလေးရဲ့၊ သူသမီးကို ဘက်[illegible]ချစ်ပါတ[illegible]
ကွယ်"

"အဲဒီလိုတော့ ထင်ခဲ့ရတာပဲ။ ကျွန်မလည်းမာနရှိသင့်သလောက်ရှိပါ
တယ်။ ကံကောင်းပါစေလို့ ကျွန်မသူ့အတွက် ဆုတောင်းပေးလိုက်ပါတယ်
လို့သာ ပြောလိုက်ပါတော့-"

နေဝင်ချိန်တွင် ဘာစီလ်ပြန်ရောက်လာသောအခါ သူသည် မုန်တိုင်းနှင့်
ရင်ဆိုင်ရတော့၏။ စေ့စပ်လက်စွပ်ကို ကြည့်ပြီး သူက-"ဒီလိုတောင် ဆုံးဖြတ်
လိုက်ပြီလား။ အေးလေ ဒါပဲကောင်းပါတယ်"

"ဘာစီလ်"ဟု သူမိခင်က အော်၏။

"ဟုတ်တယ်မေမေ၊ မှန်တာပြောရရင် ကျွန်တော်တို့ နောက်ပိုင်းသိပ်
အပေါက်အလမ်းမတည့်ကြဘူး"

"အဲဒါ ဘယ်သူ့အပြစ်လဲ"

"ကျွန်တော့်အပြစ်သက်သက်မဟုတ်ဘူးမေမေ၊ သဝန်တိုတာဟာ စိတ်
ဓာတ်စရာကောင်းတယ်။ ပြီးတော့ မေမေဘာလို့ ဒီလိုဖြစ်နေသလဲလို့ ကျွန်
တော်နားမလည်ဘူး။ သူ့ကို လက်မထပ်ဖို့မေမေပဲ တားခဲ့တာ"

"ဒါက-သူ့အကြောင်း ငါမသိသေးခင်ကိုး၊ ဘာစီလ်-ငါ့သား မင်းဟိုတစ်
ယောက်ကို လက်ထပ်ဖို့ စိတ်ကူးနေတာလား"

ဘာစီလ်ချက်စတာက တည်ကြည်အေးဆေးစွာ ပြန်ပြော၏။ "သူသာ
လက်ခံရင် ချက်ချင်းလက်ထပ်လိုက်မှာပဲ။ ဒါပေမယ့် သူလက်ခံမယ် မထင်
ပါဘူး"

မစ္စစ်ချက်စတာ၏ ကျောရိုးထဲတွင် အေးအေးစိမ့်စိမ့်ကြီး ဖြစ်သွားပါ
သည်။ သူမချက်ချင်းမစ္စတာပါကားပိုင်းကို လိုက်ရှာ၏။ အရိပ်ရသော ထောင့်
တစ်နေရာတွင် စာအုပ်တစ်အုပ်ဖတ်နေသည်ကို တွေ့ပါသည်။

"ရှင်တစ်ခုခုလုပ်မှဖြစ်မယ်။ လုပ်ကိုလုပ်မှဖြစ်မယ်။ ကျွန်မသားလေး
ဘဝပျက်တော့မယ်ရှင့်"

ဘာစီလ်ချက်စတာဘဝပျက်ရမည့်ကိစ္စကို မစ္စတာပါကားပိုင်း ငြီးငွေ့
လာပြီ ဖြစ်ပါသည်။

"ကျွန်တော်ဘာလုပ်ပေးရမလဲဗျာ"

"အဲဒီသတ္တဝါမလေးကို သွားတွေ့ရှင်၊ ဒီမှာမနေနိုင်အောင် လုပ်လိုက်ပါ"

"အဲဒီလိုလုပ်ဖို့ဆိုတာ ကုန်ကျစရိတ်တွေ သိပ်များသွားနိုင်တယ်"

"ကုန်စေရှင်၊ ကျွန်မဂရုမစိုက်ဘူး"

ဒီ[illegible]လည်းဘယ်ကောင်းပါ့မလဲ၊ တခြားနည်းလမ်းတွေ ရှိနိုင်ပါသေးတယ်
လေ"[illegible]

သူမက သူ့ကိုမေးခွန်းထုတ်ဟန်ဖြင့် ကြည့်၏။ သူကခေါင်းကို ခါပြသည်။

"ဘာကတိမှတော့မပေးနိုင်ဘူးနော်၊ ကြိုးစားကြည့်ပေးမယ်။ ဒါမျိုးအရင်ကလည်း လုပ်ခဲ့ဖူးပါတယ်။ ဒါနဲ့-ဒီအကြောင်း ဘာစီလ်ကိုတော့ အသိမပေးလိုက်နဲ့နော်၊ အဲဒါသိပ်အရေးကြီးတယ်"

"စိတ်ချပါရှင်၊ မပြောပါဘူး"

မစ္စတာပါကားပိုင်းသည် ညသန်းခေါင်ချိန်ခန့်တွင် မာရီမိုဆာဟိုတယ်မှ ပြန်လာခဲ့၏။ မစ္စစ်ချက်စတာက သူ့ကို မအိပ်ဘဲစောင့်နေပါသည်။

"ဘယ်လိုလဲရှင့်" သူမက အသက်ပင်မရှူဘဲ မေးလိုက်သည်။ မစ္စတာပါကားပိုင်း၏ မျက်လုံးများတောက်ပြောင်နေပါသည်။

"ဂုဏ်သရေရှိ မစ္စဒိုလော ရာမိုနာဟာ ပိုလင်စာကမ်းခြေကနေ မနက်ဖြန်ပြန်ထွက်သွားတော့မယ်။ မနက်ဖြန်ညမှာတော့ ဒီကျွန်းကနေ အပြီးပြန်သွားလိမ့်မယ်"

အိုး-မစ္စတာပါကားပိုင်း ဘယ်လိုများ စီစဉ်လိုက်တာလဲရှင်၊ အံ့သြတ်ကောင်းလိုက်တာ"

"ပိုက်ဆံလည်းတစ်ပြားမှမကုန်ဘူးဗျ။ သူ့ကိုအနိုင်ကိုင်နိုင်မယ့်အချက်တစ်ခုခုရှိရမယ်လို့ ကျွန်တော်တွက်ထားတာ တကယ်လည်းရှိနေတယ်"

"ရှင်တကယ်တော်တဲ့လူကိုး၊ နီနာဝိုင်ချာလေပြောတာ သိပ်မှန်တာပဲ။ တဲ-ရှင်အကျိုးဆောင်ခလေး ပြောပါဦး၊ ကျွန်မဘယ်လောက်-"

မစ္စတာကားပါပိုင်းက လက်သည်းများသေသပ်စွာလှီးဖြတ်ထားသောလက်ဖြင့် ကာပြလိုက်သည်။

"လုံးဝပေးစရာမလိုပါဘူးဗျာ၊ ကျွန်တော့်အတွက် စိတ်ဝင်စားစရာကိုလေးမို့ အကျိုးဆောင်ပေးခဲ့တာပါ။ အခုတော့ အားလုံးအဆင်ပြေသွားဖို့ နှိပါတော့တယ်။ ခင်ဗျားသားတော်မောင်တော့ ခဏတစ်ဖြုတ် စိတ်ပျက်သွားရဦးမှာပဲ။ သူကောင်မလေးက လိပ်စာတောင်မပေးခဲ့ဘဲ ပျောက်သွားတာကိုး၊ တစ်ပတ်နှစ်ပတ်လောက်တော့ သူစိတ်ပြေပျောက်အောင် လွှတ်ပေးထားလိုက်ပါဗျာ"

"အင်း-ဘက်တီတစ်ယောက် သူ့ကို ခွင့်လွှတ်နိုင်ပါ့မလားမသိဘူး"

"ခွင့်လွှတ်မှာပါဗျာ၊ သူတို့ဟာ အတွဲညီတဲ့သူတွေမို့ အဆင်ပြေပါလိမ့်မယ်။ ဩော် ကျွန်တော်လည်း မနက်ဖြန်ပြန်ဖြစ်တော့မယ်ဗျ။ ခင်ဗျားသားတတိယ ကောင်မလေးတစ်ယောက်မတွေ့ခင် ပြန်တာ[illegible]ကောင်း[illegible] ထင်ပါ[illegible]

နော"

"အိုး-မစ္စတာပါကားပိုင်းရယ်၊ ကျွန်မတို့တော့ ရှင့်ကိုသတိရနေကြတော့မှာပါပဲ"

မစ္စတာပါကားပိုင်း သင်္ဘောလက်ရန်းကိုမှီလျက် ပယ်လ်မာဆိပ်ကမ်း၏ ညရှုခင်းကိုကြည့်နေပါသည်။ သူ့ဘေးတွင် ဒိုလော ရာမိုနာ ရပ်နေ၏။ သူကမိန်းကလေးကို ချီးကျူးစကားပြောလိုက်သည်။

"မယ်ဒလင်းရေ-မင်းလုပ်လိုက်ပုံက သေသေသပ်သပ်နဲ့ ပိုင်နိုင်ပါပေတယ်ကွာ၊ မင်းကိုငါကြေးနန်းရိုက်ပြီးခေါ်လိုက်တာ မှန်သွားတာပေါ့။ အိမ်တွင်းပုန်းလုပ်နေတတ်တဲ့မင်းအတွက်တော့ ခရီးထွက်လိုက်ရတာ နည်းနည်းပင်ပန်းသွားမယ်ထင်တယ်"

မယ်ဒလင်း-ဒီ-ဆာရာခေါ် ဒိုလောရာမိုနာခေါ် မဂ္ဂီဆေးယားက မပွင့်တပွင့်နှင့်ပြန်ပြော၏

"ဆရာကျေနပ်တယ်ဆိုလို့ ဝမ်းသာပါတယ်။ အပြောင်းအလဲလေးဖြစ်တော့လဲကောင်းတာပါပဲ။ သင်္ဘောမထွက်ခင် ကျွန်မအိပ်ရာဝင်ဖို့ အောက်ထပ်သွားတော့မယ်ဆရာ၊ ကျွန်မက လှိုင်းမူးတတ်လို့ပါ"

မိနစ်အနည်းငယ်ကြာသောအခါ မစ္စတာပါကားပိုင်းဘေးတွင် လူတစ်ယောက်လာ၍ရပ်၏။ သူလှည့်ကြည့်လိုက်သည်တွင် ဘာစီလ်ချက်စတာကိုတွေ့လိုက်ရသည်။

"ကျွန်တော်လာနှုတ်ဆက်တာပါအန်ကယ်။ ကျွန်တော်နဲ့ဘက်တီနှစ်ယောက်စလုံးက အန်ကယ့်ကို သိပ်ကျေးဇူးတင်နေကြပါတယ်။ အစီအမံကဖြင့် တကယ်အောင်မြင်ပါပေတယ်ခင်ဗျာ။ မေမေနဲ့ဘက်တီဟာ အခုခွဲမရအောင်ကို တတွဲတွဲဖြစ်နေကြပါပြီ။ မေမေ့ကို လှည့်စားရတာကောင်းတော့မကောင်းဘူးပေါ့။ ဒါပေမယ့် ဒီလိုမလုပ်ပြန်ရင်လည်း မေမေက တအားအစွဲကြီးနေတာကိုး။ ခုတော့အားလုံးအဆင်ပြေသွားပါပြီ။ ကျွန်တော်လည်းတစ်ရက်နှစ်ရက်လောက်တော့ စိတ်ဓာတ်ကျတဲ့ပုံဖမ်းနေရဦးမှာပဲ။ ကျွန်တော်တို့ သိပ်ကိုကျေးဇူးတင်ပါတယ်ခင်ဗျာ"

"အေး-အေး-မင်းတို့ပျော်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်ကွာ"

"ကျေးဇူးပါခင်ဗျာ"

ခေတတိတ်ဆိတ်သွား၏။ ထို့နောက် ဘာစီလ်ကအမှတ်တမဲ့ဟန်မျိုးဖြင့် "တို-မစ္စ[illegible]ဒီ[illegible]ရာကောရှိလားမသိဘူး။ ကျွန်တော်သူ့ကို ကျေးဇူးတင်

ခကားလေးပြောရမလားလို့"

မစ္စတာပါကားပိုင်းက သူ့ကိုစူးစိုက်၍ကြည့်လိုက်ပြီး "သူအိပ်ရာဝင်သွားပြီကွယ့်" ဟုပြောလိုက်ပါသည်။

"ဩော်-" ဘာစီလ်အသံခြောက်ခြောက်ဖြင့် ပြန်ပြော၏။ "ဟုတ်ကဲ့ ကျွန်တော် လန်ဒန်ပြန်ရောက်မှပဲ သူ့ကိုသွားတွေ့လိုက်ပါ့မယ်"

"အိုး" ဘာစီလ်အသံတိမ်သွား၏။ "ဟုတ်ကဲ့ပါ-ကျွန်တော်ပြန်ပါဦးမယ် ခင်ဗျာ"

မစ္စတာပါကားပိုင်း ပြုံးလိုက်သည်။ သူ့အိပ်ခန်းသို့အပြန်တွင် မယ်ဒလင်း ၏ အခန်းတံခါးကို သူခေါက်လိုက်ပြီး- "နေရတာသက်သာရဲ့လားကွယ့်၊ တို့ မိတ်ဆွေလေးတော့ပြန်သွားပြီ သုံးစံအတိုင်း မယ်ဒလင်းအဆိပ်တော့ နည်း နည်းတက်နေတာပေါ့ကွယ်၊ ဘစ်ရက်နှစ်ရက်လောက်နေရင် ပြန်ကောင်း သွားမှာပါ။ မင်းကလေးဟာ ဘကယ့်ကို ဇာဆိပ်ရှိတာပါလား၊ ဆေးမလွန်လို့ တော်ပါသေးရဲ့ကွာ"

ကိုယ်ပျောက်သေတမ်းစာ

မစ္စတာပက်ထရစ်က ခါတိုင်းထက်ပို၍ အရေးပါသောဟန်ဖြင့် သည်ချောင်း ရှင်းလိုက်ပါသည်။

"အခုကျွန်တော်ပြောမယ့်ပြဿနာဟာ ခင်ဗျားတို့အတွက် ခပ်ရိုးရိုးဖြစ်နေမှာတော့ စိုးရသဗျ။ ခင်ဗျားတို့က စိတ်လှုပ်ရှားစရာဇာတ်လမ်းတွေ နားထောင်ခဲ့ပြီးသားဖြစ်နေပြီကိုး။ ကျွန်တော့် ဇာတ်လမ်းထဲမှာက သွေးထွက်သံယို ကိစ္စတွေမပါဘူးဗျာ။ အဲ-နိုးရိုးလေးနဲ့စိတ်ဝင်စားစရာတော့ကောင်းပါတယ်။ ကဲအားလျော်စွာ ကျွန်တော်က ပြဿနာရဲ့အဖြေကို သိပြီးသားဖြစ်နေတယ်ဗျ"

"ဥပဒေကြောင်းအရ ရှုပ်ရှုပ်ထွေးထွေးဖြေရှင်းရတာတွေတော့ မပါဘူးဆုတ်လား"ဟု ဝိုလ်ကစ်လင်းက မေးလိုက်သည်။ မစ္စတာပက်ထရစ်က မျက်နှာပေါ်မှကျော်လျက် ဝိုလ်ကစ်လင်းကို ပြုံး၍ကြည့်လိုက်သည်။ "မပါပါဘူးခင်ဗျာ။ အဲဒီအတွက် မစိုးရိမ်ပါနဲ့။ ဘယ်သူမဆို နားလည်နိုင်တဲ့ ဇာတ်လမ်းရိုးရိုးလေးပါ"

"ဥပဒေစာအုပ်ကိုင်ပြီး ကတ်တီးကတ်ဖဲ့ ပြောတာမျိုးတွေ မရှိဘူးဆိုပါတော့"ဟု မစ္စမာပယ်က သူ့ကို ဇာထိုးအပ်လှုပ်ယမ်းပြပြီးပြောရာ "အဲဒါမျိုး လုံးဝမရှိပါဘူးခင်ဗျ"ဟု ရှေ့နေကြီး မစ္စတာပက်ထရစ်က ပြန်ပြောပါသည်။

"သိပ်တော့မထင်ဘူး။ ဒါပေမယ့် နားထောင်ကြည့်ကြတာပေါ့လေ"

"ကျွန်တော်အမှုသည်လို့လည်းပြောလို့ရပြီ။ မိတ်ဆွေလို့လည်းပြောလို့ရတဲ့ လူတစ်ယောက်ရှိတယ်ဗျ။ ဆိုင်မွန်ကလုဒ်တဲ့ သူနာမည်။ အတော်လေးကို ချမ်းသာတဲ့သူပါပဲ။ ဒီကနေ သိပ်ကြီးမဝေးလှတဲ့အိမ်ကြီးတစ်လုံးမှာနေတယ်။ သူမှာ သားတစ်ယောက်ရှိခဲ့တာ စစ်ကြီးအတွင်းမှာ ဆုံးသွားတယ်။ အဲဒီသား[illegible]မွေးတဲ့ ကလေးမလေးတစ်ယောက် ကျန်ခဲ့တယ်။ သူမွေးစဉ်တည်း[illegible]ဆုံးသွားခဲ့တယ်။ သူ့အဖေဆုံးတော့ ကလေးမလေးဟာ

အဘိုးနဲ့လာနေရတော့တာပေါ့။ အဘိုးဖြစ်သူကလည်း မြေးမကလေး
သိပ်ချစ်တယ်တဲ့။ မြေမလေးခရစ်(စ)ဟာ သူ့အဘိုးအိမ်မှာ သူလုပ်ချင်
လုပ်ခွင့်ရသတဲ့။ ကလေးငယ်တစ်ယောက်အပေါ်မှာ ဒီလောက်သံယော
ကြီးတဲ့လူမျိုးကျွန်တော်မတွေ့ဖူးခဲ့ပါဘူး။ ကလေးမလေးဆယ့်တစ်နှစ်အရ
ရောက်တော့ နမိုးနီးယားဖြစ်ပြီး ဆုံးသွားရှာပါရော။ အဘိုးဖြစ်
ဘယ်လောက် စိတ်ဒုက္ခရောက်မလဲ စဉ်းစားသာကြည့်ကြပါတော့"

"သူ့အစ်ကို တစ်ယောက်လည်း မကြာခင်ဆင်းဆင်းရဲရဲနဲ့ ဆုံးသွား
မှာ သမီးနှစ်ယောက်၊ ဂရေ့စ်နဲ့မေရီဆိုတာရယ်၊ သားတစ်ယောက်ကျော
တာရယ်ကျန်ခဲ့တယ်။ ဒီကလေးတွေအတွက် နေစရာစားစရာ မပူရအော
ဆိုင်မွန်ကလုဒ်က ထောက်ပံ့ပေးထားပါတယ်။ တူတူမတွေအပေါ် ဘ
လောက်ပဲ။ အကြင်နာတရားနဲ့ စောင့်ရှောက်တယ်ဆိုပေမယ့် ဆုံးသွား
မြေးမကလေးအပေါ်ထားတဲ့ချစ်ခြင်းမေတ္တာကိုတော့ ဘယ်လိုမှ မျှဝေမ
နိုင်ခဲ့ဘူး။ ဂျော့ကို အနီးအနားက ဘဏ်တစ်ခုမှာ အလုပ်သွင်းပေးထားတ
ဂရေ့စ်က ဖီးလစ်ဂါးရော့ဆိုတဲ့ ဓာတ်ခွဲသုတေသီလူငယ်တစ်ယောက်နဲ့ အ
ထောင်ပြုတယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီး အေးဆေးငြိမ်သက်
မေရီကတော့ ဦးလေးကို ပြုစုစောင့်ရှောက်ရင်း အိမ်ကြီးမှာပဲနေတယ်။ ဒီ
ငြိမ်းငြိမ်းချမ်းချမ်းနေခဲ့ကြတယ်ပြောပါတော့။ အဲ-တစ်ခုရှိသေးတယ်ဗျ။
မလေးခရစ္စတိုဘယ်ဆုံးပြီးမကြာခင်မှာ ဆိုင်မွန်ကလုဒ် ကျွန်တော့်ဆီရော
လာပြီး သူ့သေတမ်းစာကို အသစ်ပြင်ရေးခဲ့တယ်။ အဲဒီဘဝမှာ သူကွယ်လွန်
သူပိုင်ဆိုင်သမျှအားလုံးကို တူ၊ တူမသုံးယောက် အညီအမျှခွဲယူကြဖို့
ထားတယ်"

"ဒီလိုနဲ့ အချိန်တွေကုန်လာခဲ့ပြီး တစ်ရက်မှာတော့ မမျှော်လင့်ဘဲ လ
မှာဂျော့နဲ့ဆုံမိပြီး သူ့ဦးလေးအကြောင်းမေးကြည့်လိုက်တယ်။ ဂျော့မျက်
အတော်ပျက်သွားတယ်ဗျ။ စိတ်ညစ်နေတဲ့လေသံနဲ့သူက "အန်ကယ်ဆိုင်မ
အသိတရားရှိလာအောင် နည်းနည်းပြောပေးစေချင်ပါတယ်ခင်ဗျာ"လို့ ကျ
တော့်ကိုပြောတယ်။ သူဟာ ရိုးသားပေမယ့် ဉာဏ်ထက်တဲ့ပုံမပေါက်ဘဲ စိ
သောကရောက်နေပုံပေါ်ပါတယ်။ 'ဒီဝိဉာဏ်ကိစ္စကြီးဟာ ပိုပိုဆိုးလာတ
ခင်ဗျ'လို့ ဆက်ပြောတယ်။ ကျွန်တော်အံ့သြသွားပြီး ဘယ်လိုဝိဉာဏ်ကိစ္စလဲ
မေးလိုက်တော့ သူက အစအဆုံးပြန်ပြောပြတော့တာပါပဲ။"

"မစ္စတာကလုဒ်က ဝိညာဉ်ခေါ်တဲ့ကိစ္စတွေမှာ [illegible] ယ်းစိတ်

လာပြီး မစ္စစ်ယူရီနိုက်စ်စပရက်ဆိုတဲ့ အမေရိကန် နတ်ဝင်သည်တစ်
ယောက်နဲ့ဆက်မိသွားတယ်။ ဂျော့က လူလိမ်သက်သက်ပဲလို့ သတ်မှတ်ထား
ဒီအမျိုးသမီးဟာ ဆိုင်မွန်ကလုဒ်အပေါ်မှာတော့ အပြည့်အဝလွှမ်းမိုးနိုင်
တယ်။ သူဟာအိမ်မှာ အမြဲရှိနေပြီး ဆိုင်မွန်ကလုဒ်အတွက် သူတုန်နေ
အောင်ချစ်တဲ့မြေးမလေးနဲ့ ဆက်သွယ်ခွင့်ရအောင် ဝိညာဉ်ခေါ်ပွဲတွေ ခဏ
ဏ လုပ်ပေးနေတယ်"

"ဒီနေရာမှာ ကျွန်တော့်သဘောထားကို ဖြတ်ပြောရဦးမယ်။ ဝိညာဉ်
လောကဆိုတာကို ရယ်သွမ်းသွေးတဲ့လူတွေ အပြစ်တင်တဲ့လူတွေထဲမှာ ကျွန်
တော်မပါဘူး။ သိတဲ့အတိုင်း ကျွန်တော်ဟာ သက်သေအထောက်အထား
ပေါ်မှာ ယုံကြည်တဲ့သူ။ ဘက်မလိုက်ဘဲ သမာသမတ်ကျတဲ့ အမြင်နဲ့ကြည့်
ဝိဉာဏ်လောကဆိုတာကို အလိမ်အညာတွေပဲလို့ လုံးလုံးလျားလျား ပစ်
ယ်လိုက်လို့မဖြစ်တဲ့အချက်အလက်တွေ ရှိနေတယ်ဆိုတာ တွေ့နိုင်တယ်။
တော့ကျွန်တော်ဟာ ယုံကြည်တဲ့သူလည်းမဟုတ်ဘူး။ မယုံကြည်နိုင်တဲ့သူ
လည်း မဟုတ်ဘူး။ ငြင်းလို့မရတဲ့ အထောက်အထားတချို့ရှိနေတာလည်း
မှန်ပဲ"

"တခြားတစ်ဖက်မှာလည်း ဝိဉာဏ်ကိစ္စတွေဟာ အလိမ်အညာတွေ
ယောင်ဆောင်တာတွေက သိပ်များနေတယ်။ ဂျော့စကားအတိုင်းဆိုရင်
စ်စပရက်ဆိုတဲ့အမျိုးသမီးဟာ လ်ပ်ညာဟန်ဆောင်နေတာဖြစ်ပြီး ဆိုင်မွန်
ကလုဒ်ကို ကောင်းကောင်း သိမ်းသွင်းထားနိုင်တယ်တဲ့။ သူ့ဦးလေးဟာ
ကတွေ့ကိစ္စတိုင်းမှာ တိတိကျကျမှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်သလောက်
သွားတဲ့မြေးမလေးနဲ့ပတ်သက်လို့ကတော့ ဘာကိုမဆို အလွယ်တကူ ယုံ
ကြည်လက်ခံလိုက်တော့သတဲ့"

"သူတို့မိသားစု ကိစ္စတွေကို အပြန်ပြန်အထပ်ထပ်စဉ်းစားရင်း ကျွန်တော့်
စိတ်မှာပိုပိုပြီး လေးလံလာရတယ်။ ဂျော့တို့မောင်နှမတွေကိုလည်း ကျွန်တော်
ယောဇဉ်ဖြစ်နေတယ်။ သူတို့ဦးလေးအပေါ်မှာ မစ္စစ်စပရက်ရဲ့ လွှမ်းမိုး
နေမှုဟာ တစ်ချိန်မှာ ဆင်းရဲဒုက္ခရောက်လာနိုင်တယ်လို့လည်း သဘောပေါက်
နေမိတယ်"

"သိပ်မကြာခင်မှာပဲ ကျွန်တော်အကြောင်းတစ်ခုပြပြီး ဆိုင်မွန်ကလုဒ်နဲ့
သွားတွေ့လိုက်တယ်။ မစ္စစ်စပရက်ကို လေးစားအပ်တဲ့ဧည့်သည်တော်ကြီး
တစ်ဦးလိုပေါ့ [illegible] ကည်နဲ့အိမ်မှာရှိနေတာတွေ့ရတယ်။ သူ့ကိုတွေ့လိုက်တယ်
ဗျ"

ဆိုရင်ပဲ ကျွန်တော့်စိတ်ထဲမှာ ပြဿနာကြီးတစ်ခုခုတော့ရောက်လာတော့
မယ်လို့ခံစားလိုက်ရပါတယ်။ သူဟာ ခပ်ဝဝနဲ့အရွယ်လတ်ပိုင်းရှိပြီး လူစိတ်
ဝင်စားစရာဖြစ်အောင် ကတောက်ကဆတ်ပြောင်ပြောင်နဲ့ပုံဆန်းဆန်းအဝတ်
တွေ ဝတ်ထားတယ်။ 'ကွယ်လွန်လေပြီးသော ချစ်ခင်သူများ'ဆိုတဲ့စကားခွ
တွေကို မရိုးသားတဲ့ရည်ရွယ်ချက်တွေနဲ့ မကြာခဏသုံးတတ်ပါတယ်"

"မစ္စတာအက်ဗ်ဆလွန်စပရက်ဆိုတဲ့ သူ့ခင်ပွန်းဟာလည်း အိမ်ကြီးမှာ
တည်းခိုနေတယ်။ ပိန်ရှည်ရှည်နဲ့ဝမ်းနည်းကြေကွဲနေတဲ့မျက်နှာ အမူအရာ
လုပ်ထားပြီး မျက်လုံးတွေက လျှို့ဝှက်ချက်တစ်ခုကို ဖုံးကွယ်ထားသလို ခံ
ကြောင်ခိုးဝှက်နဲ့ပါ။ အခွင့်အရေးရတာနဲ့ တစ်ပြိုင်တည်း ဆိုင်မွန်ကလုဒ်က
ကျွန်တော်ပါးပါးနပ်နပ်နဲ့အခြေအနေမှန် သိရအောင် စူးစမ်းကြည့်လိုက်
တယ်။ သူဟာအဲဒီကိစ္စမှာ အတော်ကို စိတ်ထက်သန်နေတာပါ။ ယူရီနိုက်
စပရက်ဟာ သိပ်တော်တယ်တဲ့။ သူရဲ့ဆုတောင်းတွေကို ဘုရားသခင်က ဖြည့်
ဆည်းပေးတဲ့အနေနဲ့ ဒီအမျိုးသမီးကို သူ့ဆီစေလွှတ်ပေးလိုက်တာလို့ ယုံကြည်
နေတယ်။ ကြေကွဲမှုတွေ ဖိစီးနှိပ်စက်ခံနေတဲ့နှလုံးသားတစ်ခုကို ပျော်ရွှင်
တွေ့ရလာအောင် ကူညီဖို့ပဲ သူကအာရုံထားတယ်။ ငွေကြေးကို သူဂရိုစို
တာမဟုတ်ဘူးလို့ ဆိုင်မွန်ကလုဒ်က အားတက်သရောပြောတယ်။ ခရစ်(စ်)
လေးအတွက်လည်း သူဟာမိခင်တစ်ယောက်ရဲ့ခံစားမှုမျိုးရှိနေသတဲ့။ ခုခ
ရင် မစ္စစ်စပရက်ကို သူ့ရဲ့သမီးတစ်ယောက်လိုတောင် သူက သဘောထား
ပြီလို့ပြောတယ်။ ပြီးတော့အသေးစိတ်တွေ ဆက်ပြောပြတယ်။ ခရစ်(စ်)လေး
အသံကို သူကြားရပုံ။ ကလေးဟာ သူမိဘတွေနဲ့ပျော်ပျော်ရွှင်ရွှင်ပေါင်းစည်
မိနေပုံ။ ကလေးက အဘိုးဖြစ်သူကို လွမ်းဆွတ်နေပုံတွေ ကျွန်တော်မှတ်
သလောက် ခရစ္စတိုဘယ်လေးဟာ အဲဒီလိုတွေ မပြောတတ်ပါဘူး။ ပြီးတော့
သူဖေဖေနဲ့မေမေက မစ္စစ်စပရက်ကို သိပ်ချစ်တယ်ဆိုပဲ"

"ဒီမယ်ပက်ထရစ်-ခင်ဗျားလျှောင်ချင်သရော်ချင်နေတယ်မဟုတ်လား
လို့ မေးသေးတယ်။ ကျွန်တော်က-မဟုတ်ပါဘူးဗျာ။ ဝိညာဏ်လောကနဲ့ပတ်
သက်လို့တကယ်ကို လေးစားလောက်တဲ့ပညာရှင်တွေရေးကြပါတယ်။ အဲဒီလို
ပညာရှင်တွေက ထောက်ခံတဲ့ဘယ်နတ်ဝင်သည်ကိုမဆို ကျွန်တော်အပြည့်
အဝယုံကြည်လက်ခံမှာပါပဲ။ ဒီမစ္စစ်စပရက်ဟာလည်း အဲဒီလို အာမခံချက်
ရှိလိမ့်မယ်ထင်ပါရဲ့-ဟုတ်လားလို့ ကျွန်တော်မေးလိုက်တယ်။ ဆိုင်မွန်ကလုဒ်
ဟာမစ္စစ်စပရက်အတွက် အတော်ကို ဘဝင်ကျပြီး ပီတိတွေဖြာနေတာပဲ
အမျိုးသမီးဟာ သူ့အတွက်ကောင်းကင်ဘုံက စေလွှတ်မှာ ဘုရား [illegible]။ နွေတုန်း

ရေထွက်စမ်းတစ်ခုရှိကွဲနေရာမှာ နှစ်လလောက် သူသွားနေခဲ့တုန်းက
ခဲ့ရတာလို့ ဆိုတယ်။ ကံကောင်းလွန်းလို့ ဆုံခွင့်ရတာလို့ သူယုံကြည်နေ
သည်"

"ကျွန်တော် အတော်ကိုစိတ်ပျက်ပြီးပြန်သွားခဲ့ရတယ်။ ဘာလုပ်ရမှန်းမသိ
ပြီး အကြီးမလေးရဲ့ခင်ပွန်းဖိုးလစ်ဂါးဆီကို အကျိုးအကြောင်း စာရေးပြီး
သိပေးလိုက်တယ်။ အဘိုးကြီးရဲ့စိတ်ကို လွှမ်းမိုးထားတဲ့သူ့လိုအမျိုးသမီး
ဟာ အန္တရာယ်များတယ်လို့၊ ဒါ့ကြောင့် ဆိုင်မွန်ကလုဒ်ကို ဝိညာဉ်လောက
ကြောင်းသိပ်ပွန်းကျကျ လေ့လာသိရှိထားတဲ့ ပညာရှင်တစ်ယောက်နဲ့တွေ့
ဆွေးနွေးစေရရင်ကောင်းလိမ့်မယ်လို့ အကြံပေးလိုက်ပါတယ်။ အဲဒီလို
စီအစဉ်မျိုးလုပ်ပေးဖို့ ဖိုးလစ်ဂါးရောဘတွက် သိပ်မခက်ခဲဘူးလို့ ကျွန်
တော်ယူဆထားလို့ပါပဲ"

"ဂါးရောကချက်ချင်းပဲ အစီအစဉ်လုပ်တယ်။ ဆိုင်မွန်ကလုဒ်ရဲ့ကျန်းမာ
အခြေအနေကဲတဲလေးပဲရှိတော့တယ်လို့ သူယုံကြည်ထားတာကိုး။ သူ
လက်တွေ့သမားတစ်ယောက်လည်းဖြစ်တော့ သူ့မိန်းမနဲ့ မောင်နှမတစ်
ခံစားခွင့်ရှိတဲ့ အမွေတွေကို နိုင်ထက်စီးနင်းလုအယူခံရမှာမျိုးအဖြစ်
နိုင်ဘူးပေါ့။ နောက်တစ်ပတ်မှာ အိမ်ကြီးဆီကို သူရောက်လာတယ်။
ဉာဉ် လောကက အယူအဆတွေနဲ့ပတ်သက်လို့ ပါရဂူတစ်ဦးအဖြစ် လေး
ခံရတဲ့ ပါမောက္ခလောင်းမင်းဆိုတဲ့ သိပ္ပံပညာရှင်တစ်ဦးကိုလည်း အတူ
ခေါ်လာခဲ့တယ်။ အဲဒီပုဂ္ဂိုလ်ဟာ ထူးချွန်တဲ့ပညာရှင်ဖြစ်ရုံတင်မဟုတ်ဘဲ
သည်ကြည့်ဖြောင့်မတ်သူလည်းဖြစ်သတဲ့"

"အဲဒီလို ခေါ်လာခဲ့ပေမယ့်လည်း ရလဒ်ကတော့ မကောင်းခဲ့ပါဘူး။
မောက္ခမင်းဟာ အဲဒီအိမ်မှာရှိနေစဉ်အတွင်း စကားနည်းနည်းလေးပဲပြော
တဲ့။ ဝိညာဉ်ခေါ်ပွဲနှစ်ကြိမ်လုပ်ခဲ့တယ်။ အဲဒီအိမ်က ပြန်ခဲ့ပြီးတဲ့နောက်
မောက္ခက ဖိုးလစ်ဂါးရောဘဆီကို စာတစ်စောင်ရေးပို့ခဲ့တယ်။ သူဟာ မစ္စစ်
ရောက်လိမ်ညာဟန်ဆောင်ခဲ့တယ်လို့တော့ မမြင်ခဲ့ရဘူးတဲ့။ ဒါပေမယ့် သူ
ကိုယ်ပိုင်အမြင်အရဆိုရင် ဆန်းကြယ်တဲ့ ဖြစ်ရပ်တွေက အစစ်အမှန် မ
တ်ဘူးလို့ဆိုတယ်။ မစ္စတာဂါးရောအနေနဲ့ သူစာကို သူဦးလေးပြချင်ရင်
ည်းပြနိုင်ပါတယ်တဲ့။ သူသာဆိုရင်တော့ မစ္စတာကလုဒ်ကို ပိုပြီးတည်
ည်သမာဓိပြည့်ဝတဲ့နတ်စစ်သည်မျိုးနဲ့ ဆက်သွယ်ပေးမှာပါလို့ နေးထား
သည်"

"ဖိုးလ[illegible]ာ စာကို ချက်ချင်းပဲသူဦးလေးသွားပြလိုက်ပါတယ်။

ရလဒ်က သူမျှော်လင့်သလိုဖြစ်မလာဘူး။ အဘိုးကြီးဒေါသူပုန်ထသွားတော
တယ်။ ဒါဟာကိုယ်ကျိုးစွန့်အနစ်နာခံတတ်တဲ့သူတော်စင်တစ်ဦးကို အပုပ်
ဖို့ကြံစဉ်တာပဲတဲ့။ ဒီနိုင်ငံထဲမှာ သူ့ကို မနာလိုဖြစ်ပြီး မလိုလားတဲ့သူတွေ
တယ်လို့ သူကပြောထားပြီးသား။ လောင်းမင်းဟာအလိမ်အညာလုပ်တာ
မတွေ့ဘူးလို့ သူ့စာထဲမှာ ဝန်ခံခဲ့ပြီးသားပဲတဲ့။ ယူရီဒိုက်စ်စပရက်ဟာ
ဘဝအမှောင်အကျဆုံးအချိန်မှာ ရောက်လာပြီး ကူညီစောင့်ရှောက်ခဲ့တ
ခိသားစုဝင်တွေကဘယ်လိုပဲ ဆန့်ကျင်နေနေ သူကတော့ အမျိုးသမီးဘ
ကနေမှာပဲတဲ့။ ဒီအမျိုးသမီးဟာ သူ့အတွက် ကမ္ဘာပေါ်က ဘယ်သူ့ထက်
ပြီး အရေးပါတဲ့သူပဲတဲ့"

"ဖီးလစ်ဂါးရော့စိတ်တိုတိုနဲ့ ပြန်ထွက်လာခဲ့တော့တယ်။ သူအဲဒီလို
ပြီးပြောတာဆိုတာတွေကြောင့် အဘိုးကြီးမှာတော့ ကျန်းမာရေးသိသိသာ
ထိခိုက်သွားတော့တာပါပဲ။ တစ်လလောက်အတွင်းမှာ အိပ်ရာပေါ်လဲနေ
ကများနေတော့တယ်။ ဒီလိုနဲ့ အိပ်ရာဖျာကပ်အဖြစ်ဟာသေသည်အထိ
တော့မလို အခြေအနေရောက်လာတယ်ပြောပါတော့။ ဖီးလစ်ပြန်သွား
နှစ် ရက်လောက်မှာ ကျွန်တော့်ကို အမြန်လာဖို့ခေါ်တာ
ရောက်သွားပါတယ်။ ကလုဒ်ဟာ အိပ်ရာထဲမှာပါ။ ကျွန်တော့်
သာမန်လူတစ်ယောက်မြင်မှာကို သူအကြီးအကျ
ကျန်းမာရေးဆိုးနေပြီလို့သိနိုင်ပါတယ်။ သူဟာ အသက် ကိုကြိုးစား
ရှုနေတယ်။"

"ကျုပ်ရဲ့ နောက်ဆုံးအချိန်ကိုရောက်နေပြီ" လို့သူက ပြောတ
'မငြင်း နဲ့ပက်ထရစ်၊ ကျုပ်သိတယ်" တဲ့။ ဒါပေမယ့် ကျုပ်မသေ
ကျုပ်အပေါ် ကောင်းခဲ့သူတစ်ယောက်အတွက် တာဝန်ကျေအော
လုပ်ပေးချင်တာရှိ တယ်။ ကျုပ်သေတမ်းစာ အသစ်ပြန်ရေးချင်တယ်"
ကျွန်တော်လည်း လုပ်ပေးပါ့မယ်။ ခင်ဗျားရေးချင်တာတွေကိုပြောပြ
သေတမ်းစာအသစ် လုပ်ပြီး ခင်ဗျားဆီပို့ပေးမှာပေါ့လို့ ပြောတော့သူ
အဲဒီလိုမဖြစ်ဘူးတဲ့။ ကျုပ် မနက်ဖြန်အထိ အသက်မရှည်တော့
ဘယ့်နှယ်လုပ်မလဲတဲ့။ 'ဟောဒီမှာ ကျုပ်ရေးထားပြီးပြ
သူကခေါင်းအုံးအောက်ကိုစမ်းရှာပြီး 'ခင်ဗျားဖတ်
မှန်မမှန်ဆိုတာသာပြောပေတော့' တဲ့။ ခဲတံနဲ့ သူအကြမ်းရေးထားတဲ့
တမ်းစာကို ကျွန်တော့်ပေးတယ်။ လွယ်လွယ်ရှင်းရှင်းပါ။ သူ တူတူမ

ပေါင်ငါးထောင်စီခွဲပေးပြီးတဲ့နောက် ကျန်သမျှအားလုံးကို ယူရီဒိုက်စ်
ရက်ကို လွှဲပေးထားတယ်။ ကျေးဇူးတုံ့ပြန်သောအားဖြင့်လို့ရေးထားသေး
တယ်"

"ကျွန်တော်မကြိုက်ဘူးဆိုပေမယ့် သူဟာသူလိုကိုယ်လိုစိတ်ကျန်းမာနေ
သူတစ်ယောက်ပဲ။ ရှူးသွပ်နေသူလို့ဘယ်လိုမှ မပြောနိုင်ပါဘူး။ သူဖြစ်စေ
တဲ့အတိုင်းပဲလုပ်ပေးရတော့တယ်။ သူကအစေခံနှစ်ယောက်ကို ဘဲလ်တီး
ခေါ်လိုက်တယ်။ အိမ်အကူ အင်မာဂေါ့န် ဆိုတာက အရပ်မြင့်မြင့်၊ အ
ယ်လတ်ပိုင်းရှိပြီး ကလုဒ်ကို ပြုစုစောင့်ရှောက်ခဲ့တာလည်း နှစ်ပေါင်းမနည်း
ကြာခဲ့ပြီ။ သူနဲ့အတူ တမင်းချက်အမျိုးသမီးလည်းပါလာတယ်။ ဆိုင်မွန်
ကလုဒ်က သူတို့ကို စိုက်ကြည့်ပြီး "ဓင်းတို့ငါရေးတဲ့ သေတမ်းစာမှာ သက်
အဖြစ်လက်မှတ်ထိုးကြရမယ်။ အင်မာ-ငါ့ဖေါင်တိန်ယူပေးစမ်း"လို့ ခိုင်း
တယ်။ အင်မာကရိုရိုသေသေပဲစာရေးစားပွဲဆီသွားယူလိုက်တယ်။ ဆိုင်မွန်က
ကြည့်ပြီး-'ဟဲ့ကောင်မလေး၊ ဘယ်ဘက်အံဆွဲမဟုတ်ဘူးလေ။ ညာဘက်မှာ
အမြဲထားတာ နင်မသိဘူးလား" လို့ပြောတော့ အင်မာက ဖောင်တိန်ကို
ဆုတ်ယူပြပြီး "မဟုတ်ဘူးရှင့်၊ ဘယ်ဘက်အံဆွဲထဲမှာရှိတာပါ" လို့ပြောသတဲ့၊
အဘိုးကြီးက "အဲဒါနင်မှားပြီး ထားလို့ပေါ့။ ပစ္စည်းတွေသူ့နေရာနဲ့သူမရှိတာ
ငါမကြိုက်ဘူး"လို့ပြန်ပြောတယ်။ ကြည့်ရတာ သူ့မှတ်ဉာဏ်တွေချို့ယွင်း
တာဖြစ်နိုင်ပါတယ်"

"ပွစိပွစိပြောရှင်း ဖောင်တိန်ကိုယူပြီး စာရွက်အသစ်ပေါ်မှာ ကျွန်တော်
ပေးထားတဲ့သူ့သေတမ်းစာကို ကူးရေးလိုက်ပါတယ်။ သူ့လက်မှတ်လည်း
တယ်။ အင်မာတို့နှစ်ယောက်လည်း လက်မှတ်ထိုးကြတယ်။ ကျွန်တော်က
သေတမ်းစာကို ခေါက်လိုက်ပြီးအပြာရောင်စာအိတ်ရှည်ထဲထည့်လိုက်တယ်။
ဒီးစာရွက်တစ်ရွက်ပေါ်မှာ ရေးထားတာဖြစ်ပေမယ့် အဲဒါဟာတရားဝင်တဲ့
သေတမ်းစာတစ်စောင်ပါပဲ"

"အစေခံနှစ်ယောက်ပြန်ထွက်မသွားခင်ကလေးမှာ ကလုဒ် မျက်နှာရှုံ့
အသက်ရှူသံပြင်းပြင်းနဲ့ ခေါင်းအုံးပေးလဲ့ချလိုက်တယ်။ ကျွန်တော်
ချင်းထပြီးသူ့ကို သွားကြည့်တုန်း အင်မာဂေါန့်လည်း ခပ်သွက်သွက်
ကြည့်တယ်။ အဘိုးကြီးချက်ချင်းပဲပြန်ကောင်းလာပြီး အားနည်းနည်းနဲ့
ပြပါတယ်"

"ဘာမှ [illegible]စ် [illegible]။ ပက်ထရစ်၊ စိတ်မပူပါနဲ့။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်

လုပ်ချင်တာလုပ်ခဲ့ရပြီမို့ သေမယ်ဆိုသေပျော်ပါပြီဗျာ' လို့ပြောတယ်။ အင်
က သူပြန်ထွက်သွားနိုင်ပြီလားဆိုတဲ့သဘောနဲ့ ကျွန်တော့်ကိုကြည့်တော့ ကျ
တော်ခေါင်းညိတ်ပြလိုက်တာမို့ သူ့တို့ပြန်ထွက်သွားကြတယ်။ အဲ-ထွက်မသ
ခင် ကျွန်တော်ကပျာကသီ ထလိုက်တုန်းက ထွက်ကျသွားတဲ့ စာအိတ်ပြာ
သူကောက်ပေးတယ်။ ကျွန်တော်လည်း ကုတ်အင်္ကျီအိတ်ထဲထည့်ထားလို
တယ်"

"ခင်ဗျား သဘောမကျဘူးမဟုတ်လား ပက်ထရစ်" လို့ ဆိုင်မွန်ကထ
ကမေးတယ်။ "ခင်ဗျားလည်း မလိုမုန်းထားစိတ်ရှိနေတာကိုး။ တခြားလူ
နဲ့ မထူးပါဘူး" တဲ့။ ဒါနဲ့ ကျွန်တော်က သူ့ကို "မလိုမုန်းထားစိတ်မဟုတ်
ဗျ။ မစ္စစ်စပရက်ဟာ သူ့စကားအတိုင်း ဟုတ်ချင်ဟုတ်မှာပဲ။ သူ့ကျေးဇူး
ကြောင့် သူ့အတွက်သင့်တော်တဲ့ ပမာဏခံစားခွင့်ပေးတာမျိုးကို ကျွန်
တာမှကန့်ကွက်စရာမရှိဘူး။ ဒါပေမယ့် ကလုဒ်၊ ကျွန်တော် ပွင့်ပွင့်လင်း
ပဲပြောမယ်။ ကိုယ့်ရဲ့ သွေးသားရင်းချာတွေထက် သူစိမ်းတစ်ယောက်
အများကြီးပိုပြီး အခွင့်အရေးပေးတာဟာတော့ မှားတယ်ဗျာ" ပြောလို
တယ်၊ အဲဒီလိုပြောပြီး ကျွန်တော်ထွက်လာခဲ့တယ်။ ကျွန်တော်ပြောသင့်
ပြောခဲ့ပြီးပြီ။ ကန့်ကွက်သင့်တဲ့ကိစ္စ၊ ကန့်ကွက်ခဲ့ပြီးပြီ"

"သူ့အခန်းထဲထွက်လာပြီး ခန်းမထဲအရောက်မှာ နားနေခန်းထဲကထွက်
ကျွန်တော်ကိုလာတွေ့တယ်။ "မပြန်ခင်လက်ဖက်ရည်သော
ပါဦးခွင့်" လို့ပြောတာနဲ့ကျွန်တော်လည်းနားနေခန်းထဲလိုက်သွားတယ်။ အ
ထဲမှာ မီးဖိုထားလို့နွေးနွေးထွေးထွေးဖြစ်နေပါတယ်။ မေရီကကျွန်
ကုတ်အင်္ကျီတို့ချတ်ပေးနေတုန်းမှာ သူ့အစ်ကိုဂျော့အခန်းထဲဝင်လာတ
သူကမေရီ့ဆီက ကျွန်တော့်ကုတ်အင်္ကျီကိုယူပြီး အခန်းထောင့်နားဆီက
ပေါ်ကမ်းပြတ်တင်ထားလိုက်ပါတယ်။ ပြီးတော့ကျွန်တော်တို့ လက်ဖက်
သောက်နေတုန်း အိမ်ဝိုင်းနဲ့ပတ်သက်တဲ့စာရွက်စာတမ်းတွေအကြော
ပြောရင်း တော့တအဲဒီကိစ္စဦးလေးကသူ့ကိုလွဲထားပေမယ့် မရှင်းတာ
နှိုးမှတယ်လို့ ပြောတယ်ဗျ။ ဒါနဲ့ကျွန်တော်ကြည့် ပေးပါမယ်လို့ပြော
ဆုံးသောက်ထား စာကြည့်ခန်းထဲသွားကြပြီး စာရွက်စာတမ်းမှတ်
တွေကိုကြည့်ကြတယ်။ ဆယ့်ငါးမိနစ်လောက်ကြာမှ ကျွန်တော် ပြန်ဖို့လုပ်
အခါ နားနေခန်းထဲမှာ ကုတ်အင်္ကျီကျန်ခဲ့တာသတိရပြီး သွားယူ
ကုတ်အင်္ကျီတင်ထားတဲ့ထိုင်ခုံ နားမှာ ဒူးထောက်ပြီး [illegible] လုပ်နေ

မစ္စစ်စပရက်ကို တွေ့လိုက်ပါရော။ ကျွန်တော်တို့ဝင်သွားတော့ သူမျက်နှာ
ကြီးနီပြီးထလိုက်တယ်။ "ထိုင်ခုံ၊ အခင်း စွပ်တွေဟာဘယ်တော့မှ အထိုင်မကျ
ဘူး" လို့ပြောတယ်။ ကျွန်တော်ကုတ်အင်္ကျီ ကိုယူဝတ်နေတုန်းမှ သေတမ်းစာ
ပါတဲ့ စာအိတ်ဟာကြမ်းခင်းပေါ်ထွက်ကျနေတာတွေ့လိုက် ရတယ်ဗျ။ ဒါနဲ့
တောက်ယူပြီးအိပ်ထဲထည့်၊ သူတို့ကိုနှုတ်ဆက်ပြီး ပြန်လာခဲ့တော့ပါပဲ"

"ရုံးကိုပြန်ရောက်လာပြီးတဲ့နောက် ကျွန်တော်လုပ်သမျှကိုအသေးစိတ်
ပြောမယ်နော်။ ကုတ်အင်္ကျီချွတ်ပြီးတဲ့နောက်စာအိတ်ရှည်ကိုထုတ်လိုက်တယ်။
အဲဒါကိုကိုင်ပြီးစားပွဲနားမှာ ရပ်နေတုန်းကျွန်တော့်အတွက်တယ်လီဖုန်းလာနေ
တဲ့အကြောင်းစာရေးကလာပြောတယ်။ စားပွဲဘေးမှာရှိတဲ့လိုင်းခွဲဖုန်းက ပျက်
နေတာမို့ သူနဲ့အတူတူအပြင်ရုံးခန်းကိုလိုက်သွားလိုက်ပါတယ်။ ဖုန်းပြော
နေတာငါးမိနစ်လောက်ရှိပါလိမ့်မယ်။ ပြောလို့ပြီးတဲ့အခါစာရေးက ကျွန်တော့်
ကို စောင့်နေတာတွေ့ရတယ်။ သူက-မစ္စတာစပရက်ဆရာ့ကိုလာစောင့်နေပါ
တယ်ဆရာ။ ရုံးခန်းထဲကိုကျွန်တော်လိုက်ပို့ထားပါတယ်လို့ပြောတာနဲ့ ရုံးခန်းကို
ပြန်သွားလိုက်တာမှာ စားပွဲဘေးထိုင်ခုံမှာထိုင်နေတဲ့ မစ္စတာစပရက်ကိုတွေ့
ရတယ်ဗျ။ ကျွန်တော်ကိုမြင်တော့ သူကထပြီး ဟန်ဆောင်ပြုံးနဲ့ကြိုပါတယ်။
ပြီးတော့သူတို့အကြောင်းတွေ ရှည်ရှည်ဝေးဝေးပြောနေပါလေရော။ သူပြောချင်
တဲ့အဓိကအချက်ကတော့ သူတို့လင်မယားဟာအနေရခက်သလိုဖြစ်နေတယ်
တဲ့။ လူတွေကတွေ့ကရာတွေအရမ်းကာရော ပြောနေကြတာဖြစ်တယ်။
သူ့မိန်းမ ဟာစိတ်နှလုံးဖြူစင်သူဖြစ်ကြောင်းကို ကလေးဘဝကတည်းက သိခဲ့
ကြရပြီး သူ့ရည်မှန်းချက်တွေဟာလည်း မွန်မြတ်ပါတယ်တဲ့။ အဲဒါတွေမဆုံး
နိုင်အောင် ပြောနေလို့ ကျွန်တော်လည်းခပ်ပြတ်ပြတ်ပဲ စကားဖြတ်လိုက်ပါ
တယ်။ သူစိတ် ပျက်သွားတဲ့ပုံနဲ့ပြန်သွားတော့တာပါပဲ။ အဲဒီတော့မှ စားပွဲပေါ်
မှာသေတမ်းစာ စာအိတ်ကိုထားပစ်ခဲ့မိတယ်ဆိုတာ ကျွန်တော် သတိရ
တော့တယ်။ စာအိတ်ကိုယူပြီးချိတ်ပိတ်လိုက်တယ်။ အပေါ်မှာစာရေးပြီး
အာမခံသေတ္တာထဲထည့် ထားလိုက်တော့တယ်"

"ကိုင်း-အခုကျွန်တော့်ရဲ့ဇာတ်လမ်းမှာ အထွတ်အထိပ်၊ အရေးအကြီး
ဆုံး၊ အဖြစ်အပျက်ကို ပြောပါတော့မယ်။ နောက်နှစ်လအကြာမှာ မစ္စတာ
ဆိုင်မွန်ကလုဒ် ကွယ်လွန်သွားတယ်။ ငြီးငွေ့စရာကောင်းလောက်အောင်
အချိန်အကြာကြီးတိုင်ပင်ညှိနှိုင်းခဲ့ကြတာတွေမပြောတော့ပါဘူး။ ထင်ရှားတဲ့
အချက်၊ ပဲပြောပါ့မယ်။ "သေတမ်းစာပါတဲ့ချိတ်ပိတ်ထားတဲ့စာအိတ်ကို ဖွင့်
ကြည့်ကျ" [illegible]ခါမှာ ဘာစာမှရေးမထားတဲ့စာရွက်အလွတ်တစ်ရွက်ပဲ

တွေ့ရ ပါတော့တယ်ဗျား"

သူစကားရပ်လိုက်၏။ စိတ်ဝင်စားမှုပြည့်နေသောမျက်နှာများကိုကြည့်နေလိုက်ပါသည်။ ထို့နောက် ကျေနပ်အားရစွာပြုံးနေပါလေ၏။

"အရေးပါတဲ့အချက်ကို ခင်ဗျားတို့မြင်တယ်နော်။ ဟုတ်ရဲ့မဟုတ်လား။ ချိတ်ပိတ်ထားတဲ့စာအိတ်ဟာနှစ်လလုံးလုံး ကျွန်တော့်အာမခံသေတ္တာထဲမှာရှိနေခဲ့တယ်။ ဘယ်လိုမှ နှောင့်ယှက်ဖျက်ဆီးပြုပြင်လို့မရဘူး။ သေတမ်းစာကို လက်မှတ်ထိုးတဲ့အချိန်နဲ့ အာမခံသေတ္တာထဲထည့်ပိတ်လိုက်တဲ့အချိန်ကြားမှာ အတော်ကိုတိုတောင်းတဲ့ကာလပဲရှိတယ်။ ကဲ-ဘယ်သူတွေကဖျက်ဆီးချင်မလဲ ဘယ်သူတွေမှာအခွင့်အလမ်းရခဲ့သလဲဆိုတာ အဖြေထုတ်ကြရအောင်လား"

"အရေးကြီးတဲ့အချက်တွေကို ခပ်တိုတိုပဲ ပြန်ရှင်းပြပါ့မယ်။ မစ္စတာကလုဒ်လက်မှတ်ထိုးထားတဲ့ သေတမ်းစာကို စာအိတ်ထဲထည့်ပြီး ကျွန်တော့်ကုတ်အင်္ကျီထဲ ထည့်လိုက်တယ်နော်။ အခုထိ အိုကေပဲ။ ပြဿနာမရှိဘူး။ ကုတ်အင်္ကျီကို မေရီက ကူချွတ်ပေးပြီး ဂျော့ကိုပေးလိုက်တယ်။ ဂျော့ကုတ်အင်္ကျီသွားထားတာကို ကျွန်တော်မြင်နေရတယ်။ ကျွန်တော်စာကြည့်ခန်းထဲရောက်နေချိန်မှာ မစ္စစ်ယူရီဒိုက်စ် စပရက်ဟာ ကုတ်အင်္ကျီထဲက သေတမ်းစာကို ထုတ်ဖတ်ဖို့အချိန်လုံလောက်အောင် ရခဲ့တယ်။ စာအိတ်ဟာ ကြမ်းခင်းပေါ်မှာရှိနေတာကို ကြည့်ရင်း သူအဲဒီလို လုပ်ခဲ့တယ်လို့ ယူဆစရာဖြစ်နေတယ်။ ဒါပေမယ့် ဒီနေရာမှာထူးခြားတဲ့အချက်တစ်ခုကိုတွေ့လာရတယ်။ မစ္စစ်စပရက်ဟာ သေတမ်းစာအစစ်နေရာမှာ စာရွက်လွတ်တစ်ရွက်နဲ့ အစားထိုးဖို့ 'အခွင့်အလမ်း'ရခဲ့တယ်။ ဒါပေမယ့် အဲဒီလိုလုပ်ရအောင် ခိုင်မာတဲ့ 'ရည်ရွယ်ချက်'မရှိဘူး။ သေတမ်းစာဟာ သူ့ကို အဓိကအကျိုးခံစားနိုင်အောင် ရေးထားတာဖြစ်တယ်။ အဲဒါကို စာရွက်လွတ်တစ်ရွက်နဲ့အစားထိုးလိုက်မယ်ဆိုရင် သူ့သိပ်လိုချင်နေတဲ့ အမွေအနှစ်ငွေပုံကြီးကို သူ့ဘာသာဖျက်ဆီးပစ်လိုက်သလို ဖြစ်တော့မယ်။ မစ္စတာစပရက်လည်း ဒီအတိုင်းပဲ။ သူလည်း အဲဒီ အခွင့်အလမ်းရခဲ့တာကိုး။ ကျွန်တော်ရုံးခန်းထဲမှာ သူတစ်ယောက်တည်း ရှိနေတုန်း စာအိတ်ကို ဖွင့်ကြည့်ဖို့ သုံးမိနစ်လောက်အချိန်ရခဲ့တယ်။ ဒါပေမယ့်စာရွက်ကို လဲထည့်ထားဖို့တော့ လုံးဝ လုပ်မှာမဟုတ်ဘူး။ ဒီတော့ ကျွန်တော်တို့ ထူးခြားတဲ့ပြဿနာနဲ့လာတွေ့နေရပြီ။ စာရွက်လွတ်နဲ့ လဲထားလိုက်ဖို့ အခွင့်အလမ်းရခဲ့တဲ့လူနှစ်ယောက်ဟာ အဲဒီလိုရည်ရွယ်ချက်လုံးဝ မရှိနိုင်တဲ့ လူတွေဖြစ်တယ်။ တစ်ခါ အဲဒီလိုရည်ရွယ်ချက်ရှိနေတဲ့လူ[illegible]ယောက်မှာကျတော့ အခွင့်အလမ်းမရခဲ့ဘူး။ ကြားဖြတ်ပြောရရင် ကျွ[illegible]ခိမ်အကူ

အမျိုးသမီးဖြစ်တဲ့ အင်မာဂေါ့နိုကိုလည်း သံသယဖြစ်စရာ လူထဲက ပယ်မထားပါဘူး။ သူဟာ သူ့သခင်ကလေးတွေဖြစ်တဲ့ ဂျော့တို့မောင်နှမတွေကို သံယောဇဉ်ရှိတယ်။ စပရက်လင်မယားကိုတော့ မေတ္တာမရှိဘူး။ သူသာအခွင့် အလမ်းရှိရင် သေတမ်းစာကို လဲလိုက်ချင်မှာပဲ။ ဒါပေမယ့် ကြမ်းပေါ်ကျနေ တဲ့စာအိတ်ကို သူကောက်ပေးခဲ့တုန်းက တခြားအလားတူစာအိတ်တစ်အိတ် နဲ့လဲပေးလိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒီစာအိတ်ကို ကျွန်တော်ကိုယ်တိုင် ယူလာခဲ့တာဖြစ်ပြီး အဲဒီအိမ်မှာ အလားတူစာအိတ်မျိုးရှိမနေနိုင်လို့ပါပဲ။"

သူကနားထောင်နေသူများကို ပြုံးပြုံးကြီးကြည့်နေပါသည်။ "ကိုင်း- ကျွန်တော်ပြောချင်တဲ့ပြဿနာဟာ အဲဒါပါပဲဗျား။ ကျွန်တော်ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောခဲ့ပြီးပြီနော်။ ခင်ဗျားတို့ အယူအဆတွေ ကြားပါရစေလားဗျာ"

မစ္စမာပယ်က ရုတ်တရက် ဟက်ဟက်ပက်ပက်ရယ်လိုက်ရာ အားလုံးအံ့အားသင့်သွားကြပါသည်။ တစ်စုံတစ်ခုသည် သူ့အတွက် ရယ်စရာပြက်လုံး ဖြစ်နေပုံရပါသည်။

"အန်တီဂျိန်း-ဘာဖြစ်လို့လဲ၊ ကျွန်တော်တို့ကိုလည်း ပြောဦးလေ"ဟု ရေမွန်က တောင်းဆိုလိုက်သည်။

"တော်မီဆိုတဲ့ ခပ်ရှုပ်ရှုပ်လုပ်တတ်တဲ့ကလေးလေးအကြောင်း စဉ်းစားမိလို့ပါကွယ်။ အပြစ်ကင်းတဲ့မျက်နှာလေးနဲ့ အဲဒီကလေးဟာ တစ်ခုခုမဟုတ်တာလုပ်ဖို့ အမြဲကြံနေတတ်တယ်။ တစ်ရက်မှာ သူ့ဆရာမကို သူကမေးတယ်။ ဆရာမတဲ့ ကြက်ဥတွေရဲ့အနှစ်ဟာ ဖြူတယ်လို့ပြောတာနဲ့ ကြက်ဥတွေရဲ့အနှစ်ဟာ ဖြူကြတယ်လို့ပြောတာ ဘယ်ဟာမှန်သလဲတဲ့။ ဒီတော့ ဆရာမက ကြက်ဥတွေရဲ့ အနှစ်တွေဟာ ဖြူကြတယ်လို့လည်း ပြောနိုင်တယ်။ ဒါမှမဟုတ် ကြက်ဥရဲ့ အနှစ်ဟာဖြူတယ်လို့လည်း ပြောနိုင်တယ်လို့ ရှင်းပြလိုက်တယ်။ တော်မီက သူ့ဆရာမကို သားတော့ အဲဒီနှစ်မျိုးစလုံးမပြောဘူးလို့ ပြန်ပြောတယ်။ အဲဒီတစ်မျိုးမျိုးနဲ့မပြောရင် သားမှားမှာပေါ့လို့ ဆရာမကပြောတော့ မမှားနိုင်ဘူးဆရာမတဲ့။ ဒါဖြင့်ပြောစမ်း၊ ဘယ်လိုပြောမှာလဲဆိုတော့ ကြက်ဥရဲ့အနှစ်ဟာ ဝါတယ်လို့ပြောမှာတဲ့။ အဲဒီလိုရှုပ်တဲ့ကောင်လေးကွယ့်"

"ဟား-ဟား အန်တီဂျိန်းပြောတာရယ်ဖို့ကောင်းသားပဲ"ဟု ရေမွန်က အေးဆေးစွာ ပြန်ပြော၏။

"ဒါ[illegible]မယ့် မစ္စတာပက်ထရစ်ပြောနေတဲ့ ပြဿနာနဲ့တော့ မဆိုင်ဘူး[illegible]ဗျ"

သားလို့"

"ဆိုင်တယ်ကွယ်။ အဲဒါ ဖမ်းထားတယ်လေ။ မစ္စတာပက်ထရစ်ရဲ့ ဇာတ်လမ်းမှာလည်း ဖမ်းထားတာရှိတယ်။ သူတို့ရှေ့နေတွေဟာ အဲဒီလိုချည့် ပါပဲကွယ်" မစ္စမာပယ်က မစ္စတာပက်ထရစ်ကို ကဲ့ရဲ့ဟန်ဖြင့် ကြည့်လိုက်ပါသည်။

"ကျွန်တော်တော့ မစ္စမာပယ် တကယ်သိရဲ့လားလို့စဉ်းစားနေတာ"ဟု ရှေ့နေကြီးက မျက်လုံးဝင့်လျက်ပြော၏။

မစ္စမာပယ်က စာရွက်တစ်ရွက်ပေါ်တွင် စာကြောင်းအချို့ရေးလိုက်ပြီး စာရွက်ကို ခေါက်ကာ သူ့ကို လှမ်းပေးလိုက်ပါသည်။ မစ္စတာပက်ထရစ် စာရွက်ကိုဖြန့်ကြည့်၍ ဖတ်ပြီးနောက် အဘွားကြီးကို အံ့သြစွာကြည့်နေပါသည်။

"မစ္စမာပယ်-ကျွန်တော်တို့မိတ်ဆွေကြီးရယ်။ ခင်ဗျားမသိတာများ ရှိသေးရဲ့လားဗျာ"

"ကလေးဘဝကတည်းက ကျွန်မလည်း အဲဒီလိုကစားဖူးတာကိုး"

"ကျုပ်တော့အဖြေမရသေးဘူးဗျို့" ဆာဟင်နရီက ဝင်ပြောပါသည်။" မစ္စတာပက်ထရစ်ဟာ ကျုပ်အထင်တော့ ဥပဒေဆိုင်ရာ မြှုပ်ကွက်တစ်ခုခုကို ချန်ထားပုံရတယ်"

"မဟုတ်ပါဘူးဗျာ"ဟု မစ္စတာပက်ထရစ်ကဖြေ၏။ "လုံးဝမဟုတ်ပါဘူး တကယ့်ကို ရှင်းလင်းပြည့်စုံတဲ့အချက်အလက်တွေ ကျွန်တော်အကုန်ပေးခဲ့တာပါ။ မစ္စမာပယ်ကို ခင်ဗျားတို့ထည့်စဉ်းစားမနေပါနဲ့။ သူကသူ့အမြင်နဲ့ သူအဖြေထုတ်တာပါ"

ကျွန်တော်တို့လည်း အဖြေထုတ်နိုင်ရမှာပေါ့ဗျ"ဟု ရေမွန်ဝက်စ်က မခံချိမခံသာဟန်ဖြင့်ပြောပါသည်။ "အချက်အလက်တွေက ရှင်းနေပုံရပါတယ်။ စာအိတ်ကို ထိကိုင်ခဲ့တဲ့သူ ငါးယောက်ရှိတယ်။ စပရက်လင်မဟားဟာ သေတမ်းစာကို အပြောင်းအလဲလုပ်နိုင်တဲ့သူတွေပါပဲ။ ဒါပေမယ့် သူတို့မလုပ်ခဲ့ဘူးဆိုတာ သေချာတယ်။ သုံးယောက်ကျန်တယ်။ လူတွေရဲ့မျက်စိအောက်မှာ ထူးဆန်းတာတွေပေါ်လာအောင်လုပ်နိုင်တဲ့ မျက်လှည့်ဆရာတွေ ရှိတယ် မဟုတ်လား။ ကျွန်တော့်အယူအဆကတော့ သေတမ်းစာအစစ်ကိုထုတ်ပြီး စာရွက်လွှတ်နဲ့လဲလိုက်တဲ့လှည့်ကွက်ကို ဂျော့ကလုဒ်လုပ်ခဲ့တာလို့ပဲ။ ကုတ်အင်္ကျီကို အခန်းအစွန်ဘက် ယူသွားနေတဲ့အချိန်မှာပေါ့"

"ကျွန်မကတော့ မိန်းကလေးမေရီကိုထင်တယ်"ဟု ဂျွိုက်စ်က ထင်မြင်ချက်ပေး၏။ အိမ်အကူကောင်မလေးက ဘာဖြစ်နေတယ်ဆိုတာ သူ့ဆီပြေးပြောတော့ သူကစာအိတ်ပြာတစ်ခုယူလာပြီး အစားထိုးလိုက်တာဖြစ်မှာပေါ့"

ဆာဟင်နရီကခေါင်းခါပါသည်။ "ကျုပ်တော့အဲဒီအယူအဆ နှစ်မျိုးလုံးကို သဘောမတူနိုင်ဘူး"သူကခပ်ဖြည်းဖြည်းဆက်ပြော၏။ "မျက်လှည့်ဆရာတွေလို မျက်စိလှည့်စားတာမျိုးက စင်ပေါ်မှာပဲဖြစ်နိုင်တာ။ ဝတ္ထုစာအုပ်တွေထဲမှာပဲ ဖြစ်နိုင်တာမျိုး။ တကယ့်ဘဝမှာ မဖြစ်နိုင်ဘူး။ အထူးသဖြင့် ကျုပ် မိတ်ဆွေပက်ထရစ်လို မျက်စိလျင်တဲ့သူမျိုးရှေ့မှာမဖြစ်နိုင်ဘူး။ ဒါပေမယ့် ကျုပ်စိတ်ကူးမိတာတစ်ခုရှိတယ်။ စိတ်ကူးသက်သက်ပဲနော်။ ပါမောက္ခလောင်း မင်းဟာအိမ်ကိုရောက်လာပြီး စကားလည်းနည်းနည်းပဲ ပြောတယ်။ စပရက်လင်မယားဟာ သူဘာကြောင့်လာသလဲလို့ သိချင်နေကြလိမ့်မယ်။ တစ်ခါ ဆိုင်မွန်ကလုဒ်က ပက်ထရစ်ကို အခေါ်လွှတ်လိုက်တဲ့အကြောင်းရင်းကို သူတို့ တလွဲမြင်သွားကြနိုင်တယ်။ ယူရီဒိုက်စ်စပရက်ကို အမွေအများကြီးပေးထားတဲ့ သေတမ်းစာ တစ်စောင်ရေးထားပြီးပြီလို့ သူတို့နားလည်ထားကြလိမ့်မယ်။ ပရော်ဖက်ဆာလောင်းမင်းပြန်သွားပြီးတဲ့နောက် ဖီးလစ်ဂါးရော့ကလည်း သူ့ဦးလေးကိုသွေးသားရင်းချာတွေအပေါ် ရက်စက်တယ်လို့ ဝေဖန်တာတွေကြောင့် အဘိုးကြီးဟာ သေတမ်းစာကို ပြန်ပြင်ပြီး တူ၊ တူမတွေကိုပဲ အမွေလွှဲဖို့ အသစ်ပြန်ရေးနိုင်ဖို့ ပက်ထရစ်ကို အခေါ်လွှတ်လိုက်တာလို့ ယုံကြည်လာ ကြလိမ့်မယ်။ အဲဒါကြောင့် မစ္စစ်စပရက်ဟာ သေတမ်းစာကို လဲယူဖို့စီစဉ်ခဲ့ ပြီး သူတစ်ယောက်တည်း ရှိတုန်း သူ့အကြံအတိုင်း လက်တွေ့လုပ်နေတဲ့အချိန် မှာ မမျှော်လင့်ဘဲ ပက်ထရစ်အခန်းထဲဝင်လာတော့ သေတမ်းစာအစစ်ကို ဖတ်ဖို့အချိန်မရတော့ဘဲ မီးရှို့ဖျက်ဆီးပစ်လိုက်တာ မဖြစ်နိုင်ပေဘူးလား"

ဂျွိုက်စ်က ခေါင်းကို သွက်သွက်ခါလိုက်ပါသည်။ "ဖတ်မကြည့်ဘဲ မီးရှို့လိုက်တယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး"

"ဒီအယူအဆက အားနည်းတယ်ဆိုတာတော့အမှန်ပါပဲ"ဟု ဆာဟင်နရီကဝန်ခံ၏။ "မစ္စတာပက်ထရစ်ကလည်း ဘုရားသခင်ရဲ့မကောင်းသူပယ်ကောင်းသူကယ်ဆိုတဲ့ ဩဝါဒတော်နဲ့ ညီညွတ်သွားအောင် သူကိုယ်တိုင်စီစဉ် လိုက်တာလည်း မဟုတ်လောက်ပါဘူး"

ရယ်စရာအဖြစ် ပြောလိုက်ခြင်းဖြစ်သော်လည်း ရှေ့နေက သူ့ဂုဏ်သိက္ခာကို ထိပါးခြင်းဟုယူဆပြီး "တော်တော်မသင့်လျော်တဲ့ အတွေးအမြင်ပဲဗျ" မျက်နှာတင်းတင်းဖြင့် ပြန်ပြောပါသည်။

"ဒေါက်တာပင်ဒါကော ဘယ်လိုထင်သလဲဗျ"ဟု ဆာဟင်နရီက အ
ပြောင်းပေးလိုက်၏။

"ရှင်းရှင်းလင်းလင်းမြင်တယ်လို့တော့ ကျွန်တော်မပြောနိုင်ပါဘူး"
ဒေါက်တာကပြန်ဖြေပါသည်။ "သေတမ်းစာကိုလဲလိုက်သူဟာ မစ္စစ်စပ
သို့မဟုတ် သူ့ခင်ပွန်းပဲလို့ ကျွန်တော်လည်း ထင်တယ်။ ဆာဟင်နရီပြော
ဘူ ရည်ရွယ်ချက်ကြောင့်ပေါ့။ မစ္စတာပက်ထရစ်ပြန်သွားပြီးကာမှ သေတ
ကို သူဖတ်ရတဲ့အခါ တော်တော်အကျပ်ရိုက်သွားရလိမ့်မယ်။ ဆုပ်လ
ဝ စားလည်းရူးဆိုသလိုဖြစ်သွားပြီလေ။ သေတမ်းစာလဲလိုက်မိလို့ သူဘာ
ရတဲဖြစ်တော့မှာကိုး။ ဒီတော့တစ်နည်းနည်းနဲ့ သူဟာသေတမ်းစာအစစ်
မစ္စတာကလုဒ်ရဲ့ စာရွက်စာတမ်းတွေကြားထဲမှာ ထည့်ထားလိုက်ပါလိမ့်မယ်
မစ္စတာကလုဒ်သေဆုံးသွားတဲ့အခါ ဒီသေတမ်းစာထွက်လာမယ်ဆိုတဲ့ မှေ
လင့်ချက်နဲ့ပေါ့။ ဒါပေမယ့် ဘာကြောင့် ထွက်မလာသလဲဆိုတာ ကျွန်တော်
တွေးမရတော့ဘူး။ စဉ်းစားကြည့်ရတာကတော့-အင်မာဂေါန် အဲဒီသေတမ်
စာကို တွေ့သွားပုံရတယ်။ သူ့သခင်ကလေးတွေအတွက် မမျှတဘူးဆိုပြီး
သုပဲ ဖျက်ဆီးလိုက်ပါလိမ့်မယ်"

"ဒေါက်တာပင်ဒါရဲ့ အယူအဆဟာ အမိပ္ပာယ်အရှိဆုံးပဲ"ဟု ဂျိုက်စ်က
မှတ်ချက်ချတ်။ ထို့နောက်- "ဒီအတိုင်းပဲလား၊ မစ္စတာပက်ထရစ်"ဟု မေး
လိုက်သည်။

ရှေ့နေက ခေါင်းခါပြပါသည်။ "ကျွန်တော့်ဇာတ်လမ်းကို ကျွန်တော်
ပြန်ဆက်ပါမယ့်။ တွေ့စတုန်းကတော့ ခင်ဗျားတို့လိုပဲ ကျွန်တော်လည်း နာ
မလည်နိုင်ဖြစ်ပြီး ကြက်သေသေသွားရသေးတယ်။ အဖြစ်မှန်ကို ဘယ်လို
သိနိုင်မှာမဟုတ်ဘူးလို့ တွေးခဲ့မိတယ်။ ဒါပေမယ့် သိစရာအကြောင်းတစ်
ကပေါ်လာခဲ့တယ်ဗျ"

"နောက်တစ်လလောက်အကြာမှာ ကျွန်တော်ဖီးလစ်ဂါးရော့ဖိတ်လို့ သူ
ညစာ သွားစားဖြစ်တယ်။ စားပြီးလို့စကားဝိုင်းဖွဲ့ကြတော့ သူလောလောလတ်
လတ်သိထားတဲ့ကိစ္စတစ်ခုအကြောင်း ပြောဖြစ်ကြတယ်။ အတော်စိတ်ဝင်စား
စရာကောင်းတဲ့ ကေ့စ်လို့ သူကပြောတယ်။ "ပက်ထရစ် ဒီကို့စ္စကို ခင်ဗျား
နှုတ်လုံမယ်လို့ ယုံကြည်လို့ပြောတာနော"တဲ့။ ကျွန်တော်လည်း နှုတ်လုံပါ
မယ်လို့ ကတိပေးရတာပေါ့။ ဒီတော့သူကဆက်ပြောတယ်။ "ကျွန်တော့် မိတ်
ဆွေတစ်ယောက်ဟာ အမွေရထိုက်ပေမယ့် သူ့ဆွေမျိုးအကြီးအကဲက လုံးဝ
မသင့်လျော်တဲ့ လူတစ်ယောက်ကိုပဲ အမွေပေးဖို့စဉ်းစားထားတာကို သူသိ

တော့ အတော်စိတ်ညစ်သွားရသတဲ့။ ကျွန်တော့်မိတ်ဆွေဟာ တစ်ခါတလေ
ဟုတ်မဟုတ်စိတ်ကူးလေးတွေ ရှိတတ်တဲ့သူဗျ။ သူ့အိမ်မှာက သူ့အပေါ်
သေလေးစားပြီး သံယောဇဉ်ရှိတဲ့ အိမ်ဖော်မိန်းကလေးတစ်ယောက်လည်း
ပါတယ်။ ကျွန်တော့်မိတ်ဆွေက အဲဒီမိန်းကလေးကို ခပ်ရိုးရိုးပဲ ညွှန်ကြားချက်
ပေးသတဲ့။ သူက ဖောင်တိန်တစ်ချောင်းပေးပြီး သူ့သခင်ကြီးအခန်းထဲက
စာရေးစားပွဲအံဆွဲထဲ သွားထည့်ခိုင်းလိုက်တယ်တဲ့။ ဒါပေမယ့် ထားနေကျ
အံဆွဲထဲတော့မဟုတ်ဘူးတဲ့။ သူ့သခင်ကြီးဟာ စာတစ်စောင်လက်မှတ်ထိုးချင်
လို့ ဖောင်တိန်အယူခိုင်းရင် အခုသူပေးတဲ့ဖောင်တိန်ကို ယူပေးရမယ်လို့ မှာ
ထားလိုက်တယ်။ အဲဒီဖောင်တိန်က မူလရှိနေတဲ့ဖောင်တိန်နဲ့တစ်ပုံစံတည်း
ပါပဲ။ သူကမိန်းကလေးကို နောက်ထပ် ဘာမှ မမှာဘူးတဲ့။ မိန်းကလေးဟာ
အလုပ်ကာဝန်ကို လေးလေးစားစား ထမ်းဆောင်တတ်တဲ့သူဆိုတော့ ပြောတဲ့
အတိုင်း တိတိကျကျလိုက်နာခဲ့သတဲ့"

သူကပြောရင်းနဲ့ စကားရပ်ပြီး ကျွန်တော့်ကို -"ပက်ထရစ်ခင်ဗျား ဒီ
အကြောင်း စိတ်မှဝင်စားရဲ့လားဗျာ"လို့ မေးတယ်။ ကျွန်တော်က သိပ်ကို
စိတ်ဝင်စားပါတယ်ဗျာလို့ဖြေလိုက်ပြီး ကျွန်တော်တို့နှစ်ယောက် တစ်ယောက်
ကိုတစ်ယောက် ကြည့်မိကြတယ်။ သူကဆက်ပြီး- "ကျွန်တော့်မိတ်ဆွေက
ခင်ဗျားကို မသိပါဘူးနော်"လို့ ပြောတယ်။ လုံးဝမသိပါဘူးဗျာလို့ ကျွန်တော်
ပြန်ပြောလိုက်တယ်။ ဒါဖြင့်လည်း ကောင်းပါလေရဲ့ဗျာလို့ ဖီးလစ်ဂါးရက်က
ပြောပါတယ်။

"ကဲ-မိတ်ဆွေတို့ မြင်ကြပြီမဟုတ်လား။ ဖောင်တိန်ထဲမှာ အလိုလိုပျက်
သွားနိုင်တဲ့မင်ကိုထည့်ထားတာဗျ။ ကော်တစ်မျိုးကို ဖျော်ပြီး အိုင်အိုဒင်းလေး
ငါးစက်လောက်ရောလိုက်တာပါပဲ။ နက်ပြာရောင်မင်အတိုင်း ဖြစ်သွားတယ်။
ဒါပေမယ့် ရေးပြီးရင် လေးရက်၊ ငါးရက်လောက်ရှိတာနဲ့ လုံးလုံးပျက်သွား
တော့တာပါပဲ"

မစ္စမာပယ်ကရယ်လျက်-"ကိုယ်ပျောက်မင်လို့ ကျွန်မတို့ ခေါ်ကြတာ
လေ။ ငယ်ငယ်တုန်းက ကလေးအချင်းချင်း အဲဒါနဲ့ဆော့ခဲ့ကြတာ၊ သိပ်ပျော်
ခဲ့ရတာပေါ့။ ဒါပေမယ့် မစ္စတာပက်ထရစ်-" သူမက လက်ညှိုးတလှုပ်လှုပ်
ယမ်းပြရင်း-"ဒီဇာတ်လမ်းမှာလည်း အဲဒီလိုဖမ်းထားတာပေါ့-ရှင်တို့ရှေ့နေ
တွေလိုပဲလေ"ဟု ပြောလိုက်ပါတော့သည်။

သွေး စက် ပ ဟေ ဋ္ဌ

"ကျွန်မပြောမယ့်ဇာတ်လမ်းက ထူးတော့ထူးတယ်" ဟု ဂျိုက်(စ)လင်း
စပြောသည်။ "ဒါပေမယ့် ပြောချင်စိတ်တော့သိပ်မရှိလှဘူး။ ဖြစ်ခဲ့တာ
ကြာပါပြီ။ ငါးနှစ်ရှိပြီ။ ခုချိန်ထိလည်းချောက်လှန့်သလိုဖြစ်နေတုန်းပါ
အပေါ်ယံကြည့်ရင် ရှူခင်းကပျော်စရာကြည်နူးစရာလို့ထင်ရပေမယ့်လန့်စ
စက်ဆုပ်စရာတွေက အောက်ခံအဖြစ်နဲ့ရှိနေတယ်။ ထူးဆန်းတာက အ
ကာလမှာ ကျွန်မရေးခဲ့တဲ့ရှူခင်းကားဟာ ကြည့်လိုက်တိုင်းစိတ်မသ
သာစရာခံစားမှုဖြစ်ဖြစ်လာရတတ်တာပဲ။ ပန်းချီခန်းထဲက ထောင့်တ
နေရာမှာနံရံ ဘက်လှည့်ထောင်ထားလိုက်တယ်"

"အဲဒီရွာနာမည်က 'ကြွက်တွင်း' တဲ့ရှင့်။ ကွန်ဝေါနယ်ထဲကတံငါရွာလေ
ပါ။ ရှူခင်းတွေကအတော်ကိုမျက်စိပသာဒ ဖြစ်ပါတယ်။ ရွာဆီဖောက်ထား
လမ်းတွေကတော့ ကျဉ်းလည်းကျဉ် မတ်လည်းမတ်ဆိုသလိုပါပဲ။ ကျွန်မ
ကွန်ဝေါမှာ နှစ်ပတ်လောက်နေပြီးပန်းချီရေးဖို့ရောက်လာတယ်ပြောပါတော့
ကြွက်တွင်းရွာမှာတည်းခိုခန်းလုပ်ထားတဲ့အိမ်အိုကြီးတစ်လုံးရှိတယ်။ ဖိုးလ
လို့နာမည်ပေးထားတယ်။ ဆယ့်ငါးရာစုလောက်ကဖြစ်ခဲ့တဲ့ စစ်ပွဲမှာမဟု
မီးကျန်ခဲ့တဲ့တစ်လုံးတည်းသောအိမ်ပေါ့။ ရှေ့မျက်နှာစာမှာတိုင်လေးတိုင်
ထောက်ထားတဲ့ဆင်ဝင်ရှိတယ်။ ကောင်းပေ့ဆိုတဲ့ ရှုထောင့်ကနေကားထော
ကဲ့ဆင်ပြီး အလုပ်စဖို့လုပ်နေတုန်းတောင်ကုန်းပေါ်ကနေ ကားတစ်စီးကွေ့
ကောက်ကောက်လမ်းအတိုင်းဖြည်းဖြည်းဆင်းလာပြီးအဆောင်ရှေ့လာရပ်
နော့။ ကျွန်မအတွက်အတော်ကသိကအောက်ဖြစ်သွားရတာပေါ့။ ယောကျ
တစ်ယောက်နဲ့မိန်းမတစ်ယောက်ကားပေါ်ကဆင်းလာတယ်။ မိန်းမကဝတ်
နော့ဦးထုပ်ပါကြက်သွေးရောင်တွေဝတ်ထားတယ်"

"ချက်ချင်းဆိုသလိုပဲ၊အမျိုးသားကအပြင်ပြန်ထွက်လာပြီး ရေဆိပ်နား
ကားကိုရွှေ့ထားလိုက်ပါတယ်။ ပြီးတော့ကျွန်မဘေးနားကဖြတ်ပြီးအဆော
ကိုပြန်သွားတယ်။ အဲဒီအချိန်မှာပဲနောက်ထပ်ကားတစ်စီးကုန်းပေါ်ကဆင်

ပြန်ပါရော။အဲဒီကားကတော့အဆောင်ရှေ့မရပ်ဘဲ ပထမ ကားနားအထိ
ဆင်းသွားပါတယ်။ မရန်းစေ့ရောင်တောက်တောက် ပွင့်ရိုက်ဂါဝန်နဲ့
မိန်းသမီးတစ်ယောက် ကားပေါ်ကဆင်းလာတယ်။ ဒေသသုံး ကောက်ရိုး
ဆုပ်ကြီးကြီးကိုလည်းဆောင်းထားတယ်"

"အဆောင်ဘက်ပြန်သွားနေတဲ့လူဟာ အဲဒီအမျိုးသမီးကိုမြင်တာနဲ့
အံ့တသြဖြစ်ပြီး"ကာရိုးလ်"လို့အော်ခေါ်လိုက်ပါတယ်။ ယုံနိုင်စရာတောင်
ပါလား။ ဒီလိုနေရာမျိုးမှာမှ ခင်ဗျားကိုလာတွေ့နေရတယ်။ မတွေ့ကြတာ
တွေ မနည်းတော့ဘူးနော်။ လာဗျာ၊ ကျွန်တော့် အမျိုးသမီး မာဂရီနဲ့
ရအောင်" လို့ဆက်ပြောတယ်။ ကာရိုးလ်လို့ခေါ်တဲ့ အမျိုးသမီး ကျွန်မ
ားကဖြတ်သွားတုန်းကြည့်လိုက်မိတော့ ပေါင်ဒါအဖွေးသားနဲ့နှုတ်ခမ်းကို
ည်း ရဲနေအောင်ဆိုးထားတာတွေ့နေရတယ်။ မာဂရီ ဆိုတဲ့အမျိုးသမီး
ဆောင်ထဲကပြန်ထွက်လာပါတယ်။ သူကတော့ ပုံရိုးရိုးတွေပဲ ဝတ်ထားပြီး
အရာကလည်း ရိုးရိုးအေးအေးပါ"

"သူတို့ကိစ္စတွေဟာ ကျွန်မနဲ့မပတ်သက်ဘူးဆိုပေမယ့် တစ်ခါတစ်ရံဘဝ
ျတ်ခနဲတွေ့လိုက်ရတာတွေဟာ စဉ်းစားတွေးတောစရာလေးတွေ
တာ်ပါတယ်။ သူတို့သုံးယောက်ရပ်ပြောနေရင်း တချို့စကားတွေကို
မကြားနေရ ပါတယ်။ သူတို့ရေသွားကူးကြဖို့ပြောနေကြတာပါ။ ဒင်းနစ်စ်
ခေါ်တဲ့အမျိုးသားက ကမ်းခြေတစ်လျှောက်လေ့စီးချင်နေတယ်။
မြို့ငှက်လောက်အကွာမှာ လူသိများတဲ့ ဂူကြီးကိုကြည့်ချင်ပေမယ့်
ကားဆောင်တွေပေါ် လျှောက်သွား ပြီးကမ်းပေါ်ကပဲ ကြည့်ချင်တယ်။
ဘီးရတာ သူမကြိုက်ဘူးလို့ပြောတယ်။ နောက်ဆုံးတော့ လင်မယား
ယောက် လှေနဲ့သွားပြီး ကာရိုးလ်ကလျှောက်သွားဖို့နဲ့ဂူကြီးမှာ ဆုံကြဖို့
လိုက်ကြတော့တယ်"

"သူတို့တွေရေကူးဖို့ပြောနေတာကြားတော့ ကျွန်မလည်းရေကူးချင်စိတ်
ကျလာတယ်။ မနက်ခင်း နေကပြင်းနေတော့ ပန်းချီရေးတဲ့အထဲစိတ်မပါ
ဖြစ်နေတယ်။ နေ့ခင်းပိုင်းမှာ ပန်းချီရေးဖို့ပိုအဆင်ပြေမယ်လို့ တွေးမိတာ
နဲ့ည်းတွေသိမ်းပြီး ကျွန်မတွေ့ထားတဲ့ ရေဆိပ်ကလေး တစ်ခုဆီသွားလိုက်
တယ်။ ဂူကြီးနဲ့မလှမ်းမကမ်းမှာပါ။ အဲဒီမှာ အားရပါးရရေကူးပြီး အဲဒီမှာ
အလှူးနှစ်လုံး စည်သွတ်ဘူးနဲ့နွေလယ်စာ စားလိုက်တယ်။ နေ့ခင်းပိုင်း
တော့ စိတ်အားသန်သန်နဲ့ ပန်းချီကားကို ဆက်ရေးဖို့ပြန်လာခဲ့တော့တာ
ပဲ"

ရောင်ခြည်ကျနေတဲ့ လူသွားစကြိပေါ်မှာ သွေးစက်တွေထည့်ရေးလိုက်
တာပါ။ နားထောင်နေရတဲ့စကားတွေနောက် လက်ကပါသွားတဲ့ သဘော
။ ဒါပေမယ့် အဆောင်ဘက်ကို ကြည့်လိုက်တော့ နားမလည်နိုင်အောင်
ကြသွားရပြန်ပါတယ်။ စကြိပေါ်မှာ သွေးစက်တွေက တကယ်ရှိနေတာပါ။
တယ်ရှိနေတာတွေကိုပဲ လက်ကရွေးခဲ့မိတာပါ။

ကျွန်မကိုယ့်မျက်စိကိုယ်မယုံနိုင်လောက်အောင် ဖြစ်သွားရပြီ။ သူ့ကို
မေးလိုက်ပါတယ်။

"မျက်စိတွေက မကောင်းဘူးရှင့်။ ကြည့်ပေးပါဦး။ အဲဒီစကြိလမ်းပေါ်မှာ
သွေးစက်တွေ တကယ်ရှိနေတာလားလို့"

သူက ကျွန်မကို သိမ်သိမ်မွေ့မွေ့ပြန်ကြည့်ပြီး-"သွေးစက်တွေ ဒီခေတ်
မရှိတော့ပါဘူးလေဒီရယ်။ ကျူပ်ပြောနေတဲ့ဇာတ်လမ်းက အရင်အနှစ်ငါး
လောက်က အကြောင်းတွေပါ"လို့ ပြန်ပြောပါတယ်။

"ဟုတ်ပါတယ်ရှင့်-ဟုတ်ပါတယ်လေ" ကျွန်မ ဆက်မပြောဖြစ်တော့ပါ
ကျွန်မမြင်ရတာကို သူ မမြင်နိုင်ဘူးလို့ ကျွန်မအလိုလို သိနေပါတယ်။
မတုန်နေတဲ့လက်တွေနဲ့ပဲ ပစ္စည်းတွေပြန်သိမ်းနေမိပါတယ်။ အဲဒီတုန်း
နက်ကကားနဲ့လာတဲ့ လူဟာအဆောင်ထဲကထွက်လာနေတာ တွေ့ရတယ်
။ သူဟာ စိတ်ရှုပ်နေတဲ့ အမူအရာရှိပြီး လမ်းတစ်လျှောက် လှမ်းကြည့်
ပါတယ်။ ဆင်ဝင်ပေါ်မှာလည်း သူ့ဇနီးပေါ်လာပြီး ရေကူးဝတ်စုံတွေ ပြန်
သူနေတယ်။ အမျိုးသားဟာ သူကားဆီသွားရင်းကနေ ရုတ်တရက်လှည့်
ပြီး ကျွန်မဘေးက တံငါသည်ကြီးဆီ လျှောက်လာရင်း မေးလိုက်ပါတယ်။

"ဗျို့ဆရာကြီး-ဟို-နောက်ကားတစ်စီးနဲ့ရောက်လာတဲ့ အမျိုးသမီးပြန်
တာများ မြင်လိုက်မိသလားဗျ"

"ပန်းပွင့်ပုံတွေပါတဲ့ ဝတ်စုံနဲ့လေဒီလား။ မတွေ့သေးဘူးဆရာ။ မနက်
သူကျောက်ဆောင်အတိုင်း ဂူကြီးဘက်ထွက်သွားတာ တွေ့လိုက်ပါတယ်"

"ဟုတ်ကဲ့- ကျွန်တော်သိတယ်။ ကျွန်တော်တို့အားလုံးမနက်က အတူတူ
ဘူးနေကြတာ။ သူလမ်းလျှောက်ပြန်သွားပြီး ခုထိမတွေ့ရဘူး။ ဒီလောက်
တော့ မကြာနိုင်ဘူးလားလို့ ကျောက်ဆောင်စွန်းတွေက သိပ်တော့
ဒုရယ် မရှိလောက်ပါဘူးနော"

"ဘယ်လမ်းအတိုင်းသွားတယ်ဆိုတဲ့အပေါ် တည်တယ်ခင်ဗျ။ အကောင်း
ဆုံးတော့ လမ်းသိတဲ့လူတစ်ယောက်ခေါ်သွားဖို့ပါပဲ။

သူက သူ့ကိုသာခေါ်မယ်ဆိုရင် ကောင်းကောင်း လမ်းပြနိုင်ကြောင်း

"ကြွက်တွင်းတစ်ရွာလုံးကတော့ အိပ်မောကျနေသလိုပါပဲ။ နေ့ခင်း
နေရောင်မှာ ပန်းချီရေးဖို့လွှေးခဲ့တာမှန်သွားပါတယ်။ နေ့လယ်ပိုင်း နေ
ကြောင့်ဖြစ်လာတဲ့ အရိပ်တွေဟာ ပိုပြီးကြည့်ကောင်းနေတယ်။ ဖိုးလဝင်း
ဆောင်ကို ကျွန်မ ပန်းချီကားမှာအဓိကထားပြီး ရေးဆွဲတာပါ။ နေရောင်
ဟာ စွေစွေစောင်းစောင်းနဲ့ အဆောင်ရှေ့မြေပေါ်ကိုကျနေတယ်။ ကြွက်
ရောင်နဲ့အပြာရင့်ရောင် ရေကူးဝတ်စုံနှစ်ထည်ကို ဆင်ဝင်ဘေးနေရော
မှာ လှန်းထားတာတွေ့လို့ ရေကူးသွားတဲ့အဖွဲ့ပြန်ရောက်နေပြီဆိုတာသ
ပါတယ်။ ပန်းချီကားထောင့်တစ်နေရာမှာ လွဲနေတာတစ်ခုရှိလို့ သေ
ချာချာပြန်စစ်ရင်း အဆောင်ဘက်ကို ပြန်ကြည့်လိုက်တော့ ဘယ်လို
လာမှန်းမသိရတဲ့လူတစ်ယောက် ဆင်ဝင်တိုင်ကို မှီရပ်နေတာတွေ့ရပါ
သူဟာ ပင်လယ်တွင်း အလုပ်သမားဝတ်စုံကို ဝတ်ထားတာမို့ ရေလုပ်
ကြီးတစ်ယောက် ဖြစ်ပါလိမ့်မယ်။ မုတ်ဆိတ်မွေးတွေက မည်းမည်းရှည်
နဲ့ပါ။ စပိန်က ပင်လယ်မားမြသင်္ဘောကပ္ပတိန်လို လူမျိုးကို ကျွန်မကားထဲ
ထည့်ရေးချင်ရင် ဒီလူဟာ အသင့်တော်ဆုံးပါပဲ။ ဒါကြောင့် သူထွက်သွ
ခင် ကျွန်မ ခပ်သွက်သွက်ပဲ သူ့ပုံကိုအရယူလိုက်ပါတယ်။

ခဏနေတော့ သူကျွန်မရှိရာကို လျှောက်လာပြီး စကားပြောပါတ
"ကြွက်တွင်းရွာဟာ တကယ်စိတ်ဝင်စားစရာကောင်းတဲ့နေရာဗျ"

လူကြီးက ရွာသမိုင်းကို အရှည်ကြီးရှင်းပြနေပါတော့တယ်။ တစ်ရွာ
စီစီညက်ညက်ကြေအောင် အဖျက်ဆီးခံရတာ။ ဖိုးလဝင်းအိမ်ကြီးရဲ့ပိုင်
ဟာလည်း အပြင်းအထန်ခုခံရင်း ခွေးကတက်မှာပဲ စပိန်စစ်ဗိုလ်တစ်ယော
ရဲ့ မားချက်မှာအသက်ပါသွားတာ။ သူသွေးတွေ လူသွားစကြိပလက်ဖော
ပေါ် ပန်းထွက်သွားလိုက်တာ နှစ်ပေါင်း တစ်ရာလောက်ကြာတဲ့အ
သွေးတွေကို ဆေးပစ်လို့မရခဲ့တာ။

သူပြောပြတာတွေကြောင့် ပျင်းနေတဲ့အိပ်ချင်နေတဲ့ စိတ်တောင်တွေ့
သွားရပါတယ်။ ညစ်ပြောတဲ့သူအသံတွေထဲမှာ ကြောက်စရာကောင်းလော
အောင် တိုးတိုးတိတ်တိတ် အသံနှိမ့်ပြောတာတွေလည်း ပါပါတယ်။ သူ့
အရာက နှိမ့်နှိမ့်ချချဟန် ရှိနေပေမယ့် သူဟာရက်စက်ကြမ်းကြုတ်မယ့်သူ
ကျွန်မ နားလည်နေပါတယ်။

ကျွန်မပန်းချီကားကို ရေးနေတဲ့တစ်လျှောက်လုံး သူကစကားတွေမပြ
အောင် ပြောနေတာပါ။ သူပြောတာတွေနားထောင်ရင်းနဲ့ ပန်းချီကားထဲ
တကယ်မရှိတာကို ထည့်လိုက်မိတယ်ဆိုတာ ရုတ်တရက် သိလိုက်ရပါတ

ဆက်ပြောပေမယ့် လာမေးတဲ့အမျိုးသားက ဆုံးအောင်နားမထောင်
အဆောင်ဘဲကို ပြန်ပြေးသွားပြီး ဆင်ဝင်ပေါ်မှာရှိတဲ့ သူမိန်းမကို
ပြောပါတယ်။

"ဟေး-မာဂရီ၊ ကာရိုးလ်ခုထိပြန်မရောက်သေးဘူးကွ။ ဘာဖြစ်
မသိဘူး"

မာဂရီပြန်ပြောသံကို ကျွန်မ မကြားရပါဘူး။ သူယောကျ်ားက ဆက်
ပါတယ်။ "အေးလေ-တို့ဆက်စောင့်ဖို့အချိန်မှမရှိတော့ဘာ။ ပင်ရီထာကို
ရောက်အောင်သွားမှဖြစ်မှာ မင်းအသင့်ပဲလား။ ကားသွားယူလိုက်တော့
သူတို့ခဏအတွင်းမှာပဲ ကားမောင်းထွက်သွားကြပါတယ်။ ကျွန်မ
မျက်စိတွေဝေပြီး ထင်ယောင်ထင်မှားဖြစ်နေတာကို ရှင်းရှင်းလင်းလင်း
သွားအောင် အဆောင်နားသွားပြီး လူသွားစကြိုကို သေသေချာချာကြည့်
ပါတယ်။ ဟုတ်ပါတယ်။ ဘာသွေးစက်မှ ရှိမနေပါဘူး။ ကျွန်မအတွေး
တွေ ကမောက်ကမဖြစ်နေလို့ဆိုတာ သေချာသွားပါတယ်။ ဒါပေမယ့်
ထဲမှာတော့ ကြောက်စရာတစ်ခုခုရှိနေတဲ့အတိုင်းပါပဲ။ ကျွန်မအဲဒီနား
နေတုန်း တံငါသည်ကြီးရဲ့အသံကို ကြားရပြန်ပါတယ်။ သူက ကျွန်
စူးစူး စိုက်စိုက်ကြည့်နေတာပါ။ "သွေးစက်တွေ တွေ့ရတယ်လို့ လေဒီထ
တာလား"လို့ သူကမေးပါတယ်။ ကျွန်မခေါင်းညိတ်ပြလိုက်တော့
"ထူးဆန်းတယ်၊ သိပ်ကိုထူးဆန်းတယ်။ ဒီအရပ်မှာ ယုံကြည်ထားကြ
တစ်ခုရှိတယ်ဗျ။ သွေးစက်တွေကို တစ်ယောက်ယောက်က တွေ့မိ
ဆိုရင်-" သူစကား ရပ်သွားလို့ "ဘာလဲပြောပါဦး"လို့ ကျွန်မဇာတ်ကော
တော့ သူက အသံကို နှိမ့်ပြီး-"သွေးစက်တွေကို တစ်ယောက်ယော
တွေ့ပြီးတဲ့နောက် နှစ်ဆယ့်လေးနာရီအတွင်းမှာ လူတစ်ယောက် သေ
တယ်တဲ့"

ကျွန်မကျောရိုးထဲစိမ့်သွားအောင် ကြောက်သွားမိတယ်။ သူက
ပြောသေးတယ်။ "လေဒီကြည့်ချင်ရင် ဘုရားကျောင်းထဲမှာ လူသေ
အကြောင်းကျောက်စာတစ်ချပ်မှာ ရေထားတာရှိတယ်"တဲ့ ကျွန်မ ကော
မကြည့်တော့ပါဘူးလို့ပြောပြီး တည်းခိုတဲ့အိမ်ကို ခပ်သွက်သွက်ပြန်သွား
ပါတယ်။ အဲဒီကိုရောက်ရုံရှိသေးတယ်။ ကာရိုးဆိုတဲ့အမျိုးသမီးကျောင်
အဆင်းလမ်းအတိုင်း ခပ်သုတ်သုတ်လာနေတာ တွေ့လိုက်ရဖါရော
ရောင်ကျောက်ဆောင်တွေနောက်ခံနဲ့ မရန်းစေ့ရောင်ဝတ်စုံဟာ အဆိ
ပန်းတစ်ပွင့်လားလို့ အောက်မေ့ရတယ်။ သူဦးထုပ်ကလည်း သွေးရောင်

ကျွန်မခေါင်းခါလိုက်မိတယ်။ ကျွန်မဦးနှောက်ထဲမှာ သွေးအကြောင်းချည်းပဲ
တွေးမိနေလို့ပါ။

နောက်တော့ သူကား မောင်းထွက်သွားသံကြားရတယ်။ သူလည်း
ပင်ရီထာကို လိုက်သွားလေသလားလို့ ကျွန်မတွေးမိသေးတယ်။ ဒါပေမယ့်
သူသွားတာက ဆန့်ကျင်ဘက်ကိုပါ။ တောင်ကုန်းပေါ်ပျောက်သွားတဲ့အထိ
သူကားကို ကျွန်မကြည့်နေခဲ့တယ်။ ဒီနောက်တော့ ကြွက်တွင်းရွာဟာ အိပ်
မောကျသလို တိတ်သွားပြန်ရော။

ဂျွိုက်စ်၏ဇာတ်လမ်းရပ်သွားချိန်တွင် နားထောင်နေသူများထဲမှ ရေမွန်
ဝက်စ်က ဦးစွာပြောလိုက်ပါ၏။"ဇာတ်လမ်းက ဒါပဲဆိုရင်တော့ ငါ့အယူအဆ
တိုပြောမယ်။ အစာစားပြီးတိုင်း မျက်လုံးထဲမှာ အစက်အပြောက်တွေ မြင်
တယ်ဆိုတာ အစာမကြေရောဂါကြောင့်ပဲ"

"ဇာတ်လမ်းမဆုံးသေးဘူးလား"ဟု ဂျွိုက်စ်က ပြန်ပြော၏" နောက်ဆက်
တွဲ ဇာတ်လမ်းကို နားထောင်ဦး။ နှစ်ရက်ကြာတော့ သတင်းစာထဲမှာ "ပင်လယ်
ရေချိုးရင်း အသက်ဆုံးရခြင်း"ဆိုတဲ့ ခေါင်းစဉ်နဲ့သတင်းကို ဖတ်ရတော့တာပဲ။
သတင်းထဲမှာ ကပ္ပတိန်ဒင်းနစ္စဒေးကားရဲ့ဇနီး မစ္စစ်ဒေးကားဟာ လင်းဒီးယား
ပင်လယ်ကွေ့မှာ ရေချိုးနေရင်း ရေနစ်သွားသတဲ့။ သူနဲ့ခင်ပွန်းဖြစ်သူတို့ဟာ
တမ်းခြေနားက ဟို တယ်တစ်ခုမှာ တည်းနေခဲ့ကြတာတဲ့။ သူတို့ပင်လယ်
ရေချိုးကြဖို့ စီစဉ်တုန်း လေအေးအေးတိုက်လာတော့ ကပ္ပတိန်ဒေးကားက
ရေမချိုးတော့ဘဲ ဂေါက် ရိုက်ဖို့ ဆုံးဖြတ်ပြီး အဖော်တချို့နဲ့ ဂေါက်ကွင်းကို
ထွက်သွားတယ်။ မစ္စစ်ဒေးကားကတော့ သိပ်ကြီးမအေးပါဘူးလို့ဆိုပြီး ရေချိုးဖို့
တစ်ယောက်တည်း ထွက်သွားသတဲ့။ ပြန်ချိန်ရောက်လို့ ပြန်မရောက်လာ
တော့ သူ့ခင်ပွန်းလည်း စိတ်ပူပြီး အဖော်တွေနဲ့အတူ ကမ်းစပ်မှာ လိုက်ရှာကြ
သတဲ့။ သူဇနီးရဲ့ အဝတ် အစားတွေကို ကျောက်ဆောင်တစ်ခုနားမှာ
တွေ့ရပေမယ့် လူကိုတော့ မတွေ့ တော့ဘူးလို့ဆိုတယ်။ နောက်တစ်ပတ်နီးနီး
လောက်ကြာမှ အောက်ဘက်ဝေး ဝေးတစ်နေရာမှာ အလောင်းကို တွေ့ကြရ
တယ်။ ခေါင်းမှာလည်းဆိုးဆိုးဝါးဝါး ဒဏ်ရာရထားတယ်လို့ဆိုတယ်။
ပင်လယ်ထဲကို ဒိုင်ဗင်ထိုးရင်း ကျောက်ဆောင် နဲ့တိုက်မိတာလို့ ယူဆကြတယ်။
ကျွန်မမှန်းကြည့်တဲ့အတိုင်းဆိုရင် သူသေတာဟာ သွေးစက်တွေကျွန်မ
တွေ့ခဲ့ပြီး နှစ်ဆယ့်လေးနာရီ အကြာလောက်မှာပဲ"

"ကန့်ကွက်တယ်" ဆာဟင်နရီက ပြောလိုက်ပါသည်။ "ဒါဟာ အပြေ
ရှာရမယ့်ပြဿနာတစ်ခုမဟုတ်ဘူး။ တစ္ဆေသရဲဇာတ်လမ်းသက်သက်ပဲ။ မစ္စ

ဂျိုက်စ်ဟာနတ်ဝင်သည်လို ဝိညာဏ်ခေါ် မလို့နဲ့တူတယ်"

မစ္စတာပက်ထရစ်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး-"ကျွန်တော်စဉ်းစ
မိတာ တစ်ခုရှိတယ်"ဟု ဝင်ပြောသည်။ "ခေါင်းကဒဏ်ရာပဲ။ ဘာကြော
ရခဲ့သလဲဆိုတာ မေ့ထားလို့မဖြစ်ဘူး။ ဒါပေမယ့် ဆက်စဉ်းစားဖို့က အခု
အလက်မပြည့်စုံဘဲဖြစ်နေတယ်။ မစ္စတ္ဂျိုက်စ် ထင်ယောင်ထင်မှားဖြစ်တာ
ဟာ စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။ ခက်တာက ကျွန်တော်တို့ ဘာ
အဖြေရှာပေးရမှာလဲဆိုတာ မရှင်းသလိုပဲ"

"မစာမကြေတာနဲ့ တိုက်ဆိုင်မှုတွေ ရောနေတယ်"ဟု ရေမွန်က ဖြ
ပြောသည်။ "ဘယ်လိုပဲဖြစ်ဖြစ် ဒီလူတွေပဲဆိုတာကိုလည်း သေချာပေါ
မပြောနိုင်ပါဘူး။ ပြီးတော့ ကျိန်စာလိုဟာကလည်း ကြွက်တွင်းရွာသူရွာသ
တွေနဲ့ပဲဆိုင်တာ မဟုတ်လား"

ဆာဟင်နရီက-"တွေးကြည့်ရတာမှာတော့ ရက်စက်ပုံရတယ်ဆိုတဲ့ ဝ
လယ်တံငါကြီးဟာလည်း ဒီဇာတ်လမ်းနဲ့ တစ်နည်းနည်း ပတ်သက်နေနိုင်တယ်
ဒါပေမယ့် မစ္စတာပက်ထရစ်ပြောတာ သဘာဝကျပါတယ်လေ။ မစ္စတ္ဂျိုက်စ်
အချက်အလက်ပြည့်စုံအောင်မှ မပေးသေးဘဲ"ဟု ပြော၏။

မစ္စတ္ဂျိုက်က ပြုံးလျက်ခေါင်းခါပြနေသော ဒေါက်တာပင်ဒါကို လှည့်ကြည့်
ပါသည်။ သူက "မှန်တယ်၊ ကျွန်တော်လည်း မစ္စတာဟင်နရီနဲ့ မစ္စတာ
ပက်ထရစ်တို့လိုပဲ သဘောရတယ်။ အချက်အလက်တွေနည်းလွန်းနေတယ်"
နောက်ဆုံးတွင် ဂျိုက်စ်က မစ္စမာပယ်ကို မေးခွန်းထုတ်ဟန်ဖြင့် ကြည့်
လိုက်၏။

"ဂျိုက်စ်ရယ်၊ မင်းလုပ်တာသိပ်မမျှတဘူးထင်တယ်ကွာလေးရဲ့"ဟု သူက
ပြုံးလျက်ပြောလိုက်သည်။ "အန်တီအတွက်တော့ တစ်မျိုးလေ၊ ဆိုလိုတာက
တို့အမျိုးသမီးတွေအနေနဲ့ အဝတ်အစားတွေအကြောင်း ကောင်းကောင်း သ
ကြတယ်။ အမျိုးသားတွေကို အဲဒီအကြောင်း စဉ်းစားခိုင်းတာကျ မမျှတတော့
ဘူး။ အဝတ်တွေမြန်မြန်သွက်သွက်လဲဝတ်တာမျိုးတွေရှိနိုင်တာကိုး။ အတော်
ကောက်ကျစ်တဲ့အမျိုးသမီးဖြစ်ရမယ်။ အမျိုးသားလည်း ဒီအတိုင်းပါပဲ"

ဂျိုက်စ်က သူမကို တအံ့တသြငေးစိုက်ကြည့်နေပါသည်။ "အန်တီဂျိန်"
ဟု သူကခေါ်လိုက်၏။ "အန်တီ အဖြစ်မှန်ကို သိနေပြီထင်တယ်-ဟုတ်လား"

"အေးလေးကွယ်"ဟု မစ္စဂျိန်းမာပယ်က ဖြေ၏။ "ဒီမှာထိုင်ပြီးဇာတိုးနေ
ရင်းနဲ့ အချက်အလက်တွေ စဉ်းစားလို့ရသွားတာပေါ့။ လူသွားစကြိုပေါ် တို့

သွေးစက်တွေရောက်နေရတာက အပေါ်မှာလှန်းထားတဲ့ ရေကူးဝတ်စုံက
ဂျူလာတာလေ။ ဝတ်စုံက အနီရောင်ဆိုတော့ သွေးစွန်းနေတာကို ရာဇဝတ်
ဆောင်တွေ သတိမထားမိကြဘူး။ အင်း-ဟိုတစ်ယောက် သနားစရာပဲ"

"ခဏလေး မစ္စမာပယ်-"ဟု ဆာဟင်နရီက ဖြတ်ပြောလိုက်သည်။
ကျုပ်တို့ ဘာမှနားမလည်နိုင်ဖြစ်နေတာ ခင်ဗျားသဘောပေါက်ပါလိမ့်မယ်။
ခင်ဗျားနဲ့ မစ္စတ္ဂျိုက်စ်တို့ကတော့ ကိုယ်ပြောတာကိုယ်ကောင်းကောင်းသိနေကြ
ပဲ။ ကျုပ်တို့ယောကျ်ားတွေကတော့ ဘယ်သူမှ အဖြေထုတ်မရကြသေးဘူး
ဗျ။"

"ဇာတ်လမ်းအဆုံးသတ်ပုံကို ကျွန်မပြောပြပါ့မယ်"ဟု ဂျိုက်စ်က ပြော
သိုက်သည်" နောက်တစ်နှစ်မှာပါပဲ။ အရှေ့ဘက်ကမ်းခြေမှာ ပန်းချီသွား
ဆွဲတုန်းကပါ။ ရှုခင်းကားရေးနေတုန်း ရုတ်တရက်ဆိုသလို ဟိုတုန်းကကြုံ
ဖူးခဲ့တဲ့ ခံစားမှုမျိုးပေါ်လာတယ်။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်
ယောက် ကျွန်မရှေ့လူသွားစကြိုမှာပါပဲ။ သူတို့နောက်ရောက်လာတဲ့
ကြက်သွေးရောင် ဝတ်စုံနဲ့အမျိုးသမီးတစ်ယောက်ကို စောင့်ကြိုနေကြတယ်။
အမျိုးသားက-"ကာရိုးလ်ပါလား။ အံ့သြစရာကောင်းလိုက်တာ။ မတွေ့ကြ
တာ အတော်ကြာပြီနော်။ ကျွန်တော့်အမျိုးသမီးကို ခင်ဗျား မတွေ့ဖူးသေးဘူး
ဆင်တယ်။ ဂျုံးရေ ဟောဒါ ကိုယ့်မိတ်ဆွေဟောင်းကြီးပေါ့။ မစ္စကာရိုးလ်တဲ့"
သို့ ပြောလိုက်တယ်။

အဲဒီအမျိုးသားကို ကျွန်မချက်ချင်းပဲ မှတ်မိသွားတယ်။ ကြွက်တွင်းရွာ
နာဆုံခဲ့တဲ့ မစ္စတာဒင်းနစ်ပါပဲ။ သူ့မိန်းမကတော့ အရင်တစ်ယောက် မဟုတ်
တော့ဘူး။ မာဂရီအစား ဂျုံးဖြစ်နေတယ်။ ဒါပေမယ့် ပုံစံကတော့ မထူးပါ
ဘူး။ ငယ်ငယ် ပုံရိုးရိုးနဲ့ထင်ထင်ပေါ်ပေါ် မရှိဘူး။ ကျွန်မစဉ်းစားရတော့တာ
ပေါ့။ ရှူးချင်သလိုတောင် ဖြစ်သွားတယ်။ သူတို့ကမ်းစပ်မှာ ရေသွားကူးကြဖို့
ဆိုင်ပင်နေကြတယ်။ ကျွန်မရဲစခန်းကို တန်းသွားလိုက်တော့တာပဲ။ ကျွန်မကို
စိတ်ဖောက်ပြန်နေပြီလို့ သူတို့ထင်ကြမှာပဲလို့လည်း တွေးမိပါတယ်။ ဘယ်လို
ထင်ကြထင်ကြ ကျွန်မကတော့ ဂရုမစိုက်နိုင်တော့ဘူးလေ။ ဒါပေမယ့် တော်
တော်လေး အဆင်ပြေသွားပါတယ်။ စကော့တလန်ယာဒ်က စုံထောက်တစ်
ယောက်ကလည်း ဒီကိစ္စအတွက်ပဲ ရွာကို ရောက်နေတယ်။ ဒင်းနစ္စဒေးကားကို
ခဲ့ကလည်း သံသယရှိနေတာကိုး။ အဲဒီလူဟာ နာမည်အမျိုးမျိုးနဲ့လှုပ်ရှားနေ
ခဲ့တာတဲ့ရှင့်။ သူဟာခပ်ရိုးရိုးအေးအေးနဲ့ ဆွေမျိုးသားချင်းမိတ်ဆွေ အနည်း
အကျဉ်းလောက်ပဲရှိတဲ့ မိန်းကလေးတွေကို ရင်းနှီးအောင်လုပ်ပြီး လက်ထပ်

ယူလိုက်တယ်။ အဲဒီနောက် မိန်းကလေးကို အသက်အာမခံငွေ အများကြီး ထားခိုင်းလိုက်တော့တယ်။ ကြောက်စရာကြီးပါရှင်။ ကာရိုးလ်ဆိုတာကမှ သူ ဦးနှောက်မစစ်။ သူတို့လင်မယားဟာ အဲဒီအကြံအစည်တစ်မျိုးတည်းကို ခဏ ခဏသုံးနေကြတာ။ နောက်ဆုံးတော့ အသက်အာမခံကုမ္ပဏီတွေ သံသယ ရှိလာကြတယ်။ မကြာသေးခင်က လက်ထပ်ထားတဲ့မိန်းမနဲ့သူလူသူအရောက် အပေါက်နည်းတဲ့ကမ်းခြေတစ်ခုကိုလာတယ်။ နောက်ထပ် အမျိုးသမီးတစ် ယောက်ရောက်လာပြီး ရေချိုးဖို့ထွက်သွားကြမယ်။ ဇနီးဖြစ်သူကိုသတ်ပြီး ကာရိုးလ်က သေသူ့အဝတ်တွေယူဝတ်မယ်။ လှေနဲ့ပြန်လာကြမယ်။ တည်းခို ဆောင်ရောက်တော့ ကာရိုးလ်ပြန်ရောက်မရောက် မေးမြန်းစုံစမ်းသလိုလုပ်ပြီး ကားနဲ့ထွက်သွားကြမယ်။ ရွာပြင်ရောက်တော့ ကာရိုးလ်က သူ့မူလဝတ်စုံတို့ မြန်မြန်ပြန်လဲဝတ်ပြီး အဆောင်ကို လျှောက်ပြန်သွားမယ်။ ပြီးတော့ သူ့ကား ကိုမောင်းထွက်သွားလိုက်တယ်။ ရောဘယ်လိုစီးနေတယ်ဆိုတာကိုလည်း သူတို့ ကြိုပြီးလှေ့လာထားကြမှာပေါ့။ ပြီးရင် နောက်ထပ်ရေချိုးဆိပ်တစ်ခုမှာ ကာရိုးလ်က သေသူအမျိုးသမီးရဲ့ ဝတ်စုံတချို့လူပြတ်တဲ့နေရာမှာ ပုံထား လိုက်မယ်။ နောက်တော့ယောကျ်ားဖြစ်သူနဲ့ခြိန်းထားတဲ့နေရာမှာ ဆုံကြဖို့ပေါ့။

"သူတို့ မာဂရီကို သတ်ခဲ့တုန်းက ရေကူးဝတ်စုံမှာ သွေးတွေပေလာခဲ့ပါ လိမ့်မယ်။ ဝတ်စုံက ကြက်သွေးရောင်ဖြစ်နေတော့ သတိမထားမိကြဘူးပေါ့။ ဆင်ဝင်ပေါ်မှာ လှန်းထားလိုက်တော့ အန်တီဂျိန်းပြောသလို ဒောက်တို့ သွေးစက်တွေ ကျကုန်လို့ ကွန်မထင်ယောင်ထင်မှား ဖြစ်ခဲ့ရတယ်" ဂွိုက်စ်က ကြက်သီးထလိုက်ပြီး "ခုထိတောင် မြင်နေတုန်းပဲ"ဟု ပြောပါသည်။

"ဩော်-ဟုတ်ပြီဗျို့"ဟု ဆာဟင်နရီကပြောလိုက်ပါ၏။ ကျုပ်ကောင်း ကောင်းသတိရပါပြီ။ ဟိုယောကျ်ားရဲ့နာမည်ရင်းက ဒေးဗစ်တဲ့ဗျ။ သူ့နာမည် တွေအမျိုးမျိုးထဲမှာ ဒေးကားဆိုတာလည်းပါတယ်ဆိုတာ ကျုပ်သတိလွတ် သွားတယ်။ တော်တော်ကောက်ကျစ်ရက်စက်တဲ့စုံတွဲပါပဲ။ လူအပြောင်းအလဲ လုပ်ထားတာကို ဘယ်သူမှသတိမထားမိကာ အံ့သြဖို့လည်းကောင်းတယ်။ မစ္စမာပယ်ပြောသလိုပေါ့လေ။ ဝတ်စုံတွေက ပေါ်ပေါ်ထင်ထင်ဆိုတော့ မျက်နှာတွေထက်ပိုပြီး သတိပြုစရာဖြစ်နေရတယ်။ ဒေးဗစ်က အလီဘိုင် ခိုင်ခိုင်မာမာရှိအောင် လုပ်ထားတာဆိုတော့ သူ့ကို သံသယရှိရင်တောင်မှ ဘယ်လိုမှ အမှုနဲ့ဆက်စပ်မရခဲ့ဘူးပေါ့"

"အန်တီဂျိန်း" ရေမွန်က မစ္စမာပယ်ကို စိတ်ဝင်စားစွာကြည့်ရင်း ပြော

လိုက်ပါသည်။ "ဘယ်လိုလုပ်ပြီး အဖြေထုတ်လိုက်နိုင်တာလဲဗျာ။ အန်တီ ဒိန့်မေရီမိဒ်ရွာကနေဘယ်မှ မသွားဘဲနဲ့ ပြဿနာမှန်သမျှ ဖြေရှင်းနိုင်နေတာ ချည့်ပဲ"

"ကမ္ဘာပေါ်မှာ ဖြစ်လာတဲ့ပြဿနာမှန်သမျှဟာ ဖြစ်ဖူးပြီးသားတွေချည့် ဝဲကွယ်"ဟု မစ္စမာပယ်ကပြန်ပြောပါသည်။ "မစ္စစ်ရင်းဆိုတာရှိခဲ့ဖူးတယ်။ လင်ပါကလေးငါးယောက်၊ တစ်ယောက်ပြီးတစ်ယောက် ဆုံးသွားကြတယ်။ ကလေးအားလုံးအသက်အာမခံထားခဲ့ကြတာချည့်ပဲ။ နောက်ဆုံးတော့လည်း သံသယဖြစ်ရတော့တာပေါ့"

သူမကခေါင်းကို ခါလိုက်ပါသည်။ "ကျေးရွာဘဝမှာလည်း ဒါမျိုးတွေ ရှိတတ်တာပါပဲ။ အင်း-ကမ္ဘာကြီးမှာ ကောက်ကျစ်ယုတ်မာတဲ့ကိစ္စတွေ ဘယ် ဇောက်များသလဲလို့ မင်းတို့လူငယ်တွေ မသိနိုင်ကြဘဲကိုးကွယ်"

အဖြေကို ဇာတ်လမ်းပြောတဲ့သူက သိနေပေမယ့် ကျန်တဲ့သူတွေကတော့ ဘယ်သူမှ မသိကြဘူးပေါ့။ စဉ်းစားကြံဆမှုတိုးတက်အောင် အလေ့အကျင့်သုပ်တဲ့ သဘောလည်းပါပါတယ်။ အနီးစပ်ဆုံးအဖြေကို ဘယ်သူပေးနိုင်သလဲသို့ ဉာဏ်ကြီးရှင်ရွေးကြတာပေါ့ဗျာ”

“ဟုတ်ကဲ့၊ အဲဒီတော့-”

“မစ္စမာပယ်ကိုတော့ သူစဉ်းစားတတ်လိမ့်မယ်လို့ ကျွပ်တို့မထင်ကြပါဘူး၊ သူစိတ်ပျက်အားငယ်မသွားရအောင်လည်း ယဉ်ယဉ်ကျေးကျေးနဲ့ အားပေးကြရတာပေါ့။ အဲ-နောက်ဆုံးမှာတော့ အဘွားကြီးက ကျွပ်တို့အားလုံးကို တော့်ပြီး အဖြေရသွားတာချည့်ပါပဲဗျား”

“အံ့သြစရာပါလားရှင့်-မစ္စမာပယ်ကြီးဟာ စိန့်မေရီမိဒ်ရှာပြင်ကိုတောင် ဆွက်ဟဲ့သူမဟုတ်ဘူးရှင့်”

“အဲဒါကြောင့်လည်း လူတွေကို အသေးစိတ်လေ့လာခွင့်ရနေပြီး လူသားတဝကို ကောင်းကောင်း ကျေညက်နေတာဖြစ်မှာပေါ့ဗျာ”

“ဟုတ်မယ်ထင်ပါရဲ့။ အင်း-အတော်ပဲ။ ညစာစားပြီးရင် အာသာရဲ့ ဘစ္စဇာတ်လမ်းကို သူပြောပြရမယ်။ သူရှင်းပေးနိုင်မလား ကြည့်ကြတာပေါ့”

“အာသာက တစ္ဆေဇာတ်လမ်းတွေကို မယုံဘူးလို့ ကျွပ်ထင်နေတာ”

“အို-မယုံပါဘူးရှင့်၊ ဂျော့ပရစ်ချတ်ဆိုတဲ့ သူမိတ်ဆွေကြုံရတဲ့ကိစ္စပါ။ အတော်ရိုးတဲ့လူပါပဲ။ လူတိုင်းက သူ့ကို ခင်မင်ကြပါတယ်။ သူ့ကိစ္စကို ဘယ်သူကမှ မယုံချင်ကြဘူး။ ဒါပေမယ့်လေ လူဆိုတာက တစ်ခါတလေ ထူးထူးဆန်းဆန်းတွေ လုပ်မိတတ်တာကိုး”

ဆာဟင်နရီကခေါင်းညိတ်ပါသည်။ လူတွေလုပ်တတ်သည့်ထူးထူးဆန်းဆန်းဆိုသည်များကို သူ မစ္စစ်ဘင်ထရီထက်ပို၍ သိထားပါ၏။

ဤသို့ဖြင့် ထိုညနေ ညစာစားပွဲတွင် မစ္စစ်ဘင်ထရီက သူမ၏ခင်ပွန်းဘေးတွင်ထိုင်နေသော အဘွားကြီးကို စူးစူးစိုက်စိုက်ကြည့်မိပါသည်။ မစ္စမာပယ်သည် အနက်ရောင် ဇာလက်အိတ်များဝတ်ဆင်ထား၏။ ဇာခြုံထည်တစ်ခုကိုလည်း ဆံပင်ဖြူဖြူများကို ပတ်ထားကာ ပခုံးများပေါ်တွင် တွဲလောင်းချထားသည်။ သူမက အခြားဧည့်သည်တစ်ဦးဖြစ်သော ဒေါက်တာလွိုက်ကို စိတ်ပါလက်ပါစကားပြောနေပါသည်။ ကုသိုလ်ဖြစ်ရိပ်သာ့အကြောင်း၊ အလာကဲ့သွားသော မြို့ဆေးရုံမှတာဝန်ကျဆရာမအကြောင်း စသည်တို့ဖြစ်၏။

မစ္စစ်ဘင်ထရီသည် ထိုအဘွားကြီးကို ကြည့်ရင်း ဆာဟင်နရီပြောခဲ့တာ တုတ်နိုင်ပါ့မလားဟု တွေးနေမိသည်။

အပြာရောင်ကြွေပန်း၏ ပဟေဠိ

စကော့တလန်ယာဒ်စုံထောက်ဌာနချုပ်မှ အငြိမ်းစားညွှန်ကြားရေးမှူးဖြစ်သူ ဆာဟင်နရီကလစ်ထရင်းသည် စိန့်မေရီမိဒ်ရှာအနီးတွင် နေထိုင်သော မိတ်ဆွေဖြစ်သူ ကာနယ်ဘင်ထရီတို့ ဇနီးမောင်နှံထံသို့ အလည်အပတ် ရောက် ရှနေထိုင်လျက်ရှိပါသည်။ အိမ်ရှင်၏ဇနီးဖြစ်သူ မစ္စစ်ဘင်ထရီသည် အိမ်တွင် ပြုလုပ်မည့် မိတ်ဆုံးညစာစားပွဲသို့ ဖိတ်ကြားရန် ဆဋ္ဌမမြောက် ဧည့်သည်တစ်ဦး လိုအပ်နေသည့်အတွက် မည်သူ့ကို ဖိတ်ကြားသင့်ကြောင်း ဆာဟင်နရီကလစ် ထရင်းအား အကြံတောင်းနေပါ၏။

“မနှစ်က ကျွပ်ဒီရှာကိုရောက်ခဲ့တုန်းကတော့-” ဆာဟင်နရီက စဉ်းစားရင်းပြောလိုက်ပါသည်။

“ဟုတ်ကဲ့-ပြောပါဦးရှင့်”ဟု မစ္စစ်ဘင်ထရီက စကားထောက်ပေး၏။

“နေဦးဗျ၊ ခင်ဗျားမစ္စစ်မာပယ်ဆိုတာများသိသလား”ဟု ဆာဟင်နရီက မြှတ်မေးလိုက်သည်။

မစ္စစ်ဘင်ထရီအံ့ဩသွား၏။ သူမ လုံးဝမျှော်လင့်မထားသည့် မေးခွန်းကြောင့် ဖြစ်ပါသည်။

“မစ္စ မာပယ်-ဟုတ်လား။ ဘယ်သူမသိဘဲ ရှိပါ့မလဲရှင်။ သိပ်ခင်စရာကောင်းတဲ့ အဘွားကြီးပဲ။ ခေတ်မမီတော့ဘူးလို့တော့ပြောလို့ရတာပေါ့။ ရှင်တ သူ့ကိုညစာစားပွဲဖိတ်စေချင်လို့လား”

“ဒီလိုဗျ၊ မနှစ်ကကျွပ်ဒီရှာကို ရောက်ခဲ့တုန်း ဖြေရှင်းမရတဲ့မှုခင်းတွေအကြောင်း စကားဝိုင်းလေးတစ်ခုပြောဖြစ်ခဲ့ကြတယ်။ မိတ်ဆွေငါးယောက်ခြောက်ယောက်လောက်စုပြီး ပြောကြတာပေါ့ဗျာ။ ရေမွန်ဝက်စ်ဆိုတဲ့ စာရေးဆရာတစ်ယောက်ကစပြီး အဆိုပြုခဲ့တာပါ။ အဲဒီစကားဝိုင်းမှာပါတဲ့ သူတစ်ယောက်ချင်းဆီက ကိုယ်သိဖူးတဲ့ ဇာတ်လမ်းတစ်ခုစီပြောကြရတယ်။

သူမ၏ခင်ပွန်းဖြစ်သူမှာ ချောမော၍ လူသိများသော ပြဇာတ်မင်းသား ကိုနိုင်းဟယ်လီယာကို မြင်းများအကြောင်းပြောပြနေ၏။ စင်ပေါ်မှာထက် *အပြင်မှာ ပိုချောသောကိုနိုင်းမှာ မျက်လုံးပြာပြာများကို ပြူးလျက် "ဟုတ်လား-သူဆန်းလိုက်တာ-အံ့သြစရာကြီး"* စသည်ဖြင့် တကယ်စိတ်မဝင်စားဘဲ ဟန်ဆောင်၍ အင်းလိုက်ရပါသည်။

"အာသာ"ဟု မစ္စစ်ဘင်ထရီက လှမ်းပြောလိုက်၏။ "ရှင့်မြင်းတွေနဲ့ ကိုနိုင်းကို စိတ်ညစ်အောင်မလုပ်စမ်းပါနဲ့။ တစ္ဆေဇာတ်လမ်းပဲ ပြောပြလိုက်စမ်း ။ ဂျော့ပရစ်ချတ်ပြောတဲ့ဟာလေ။ ဆာဟင်နရီကိုတောင် မနက်က ကျွန်မ ခြောပြထားလို့ သူကလည်း နားထောင်ချင်နေတာ ပြီးတော့ ကျန်တဲ့လူတွေ အဲဒီဇာတ်လမ်းကို ဘယ်လိုထင်မြင်ချက်ပေးလဲလို့ သိရရင်မကောင်းဘူးလား"

"အို-ပြောပါရှင့်၊ တစ္ဆေဇာတ်လမ်းတွေကို ကျွန်မသိပ်ကြိုက်တာပဲ"ဟု ကိုနိုင်းကဝင်ပြောပါသည်။

"အင်း-" ကာနယ်ဘင်ထရီက တွန့်ဆုတ်ဆုတ်နှင့်ပြန်ပြော၏။ "သဘာဝ သွန်ကိစ္စတွေကို သိပ်တော့မယုံလှပေမယ့် ဒီကိစ္စမှာတော့-ဘယ်လိုပြောရမလဲ မသိဘူး။ အဲ-ဂျော့ပရစ်ချတ်ဆိုတာ ခင်ဗျားတို့ သိကြမယ်မထင်ဘူးဗျ။ သူ ခိုနိုင်းမဟာ-အခုတော့ သေရှာပါပြီ။ သနားစရာပါပဲ။ သူ မသေခင်က ဂျော့လည်း အတော်ပင်ပန်းခဲ့ရတာပါ။ အမျိုးသမီးက အမြဲချုချာနေတဲ့သူပဲ ခြောပါတော့။ ကျန်းမာရေး မကောင်းလှတာတော့အမှန်ပါပဲ။ ဒါပေမယ့် သူကအဲဒါကို အခွင့်အရေးတစ်ခုလို သုံးနေတာကိုး။ စိတ်ကခုတစ်မျိုး၊ တော်ကြာတစ်မျိုးပြောင်းတတ်တယ်။ အမှားမခံတတ်ဘူး။ သည်းညည်းမခံတတ်ဘူး၊ မနက်ကညနေအထိ တစ်ခါနိုင်လုံး ညည်းညူနေတတ်တယ်။ ဂျော့က အမြဲစောင့်ကြည့်ပြီး လိုတာလုပ်ပေးနေရတာပေါ့။ ဒါပေမယ့် မျက်နှာကောင်း မရပါဘူး။ တချို့ယောကျ်ားတွေကဆို ပုဆိန်နဲ့သာ ခေါင်းရိုက်ခွဲပစ်လိုက် ဘော့လို့ အကြံပေးကြသေးတယ်"

"ဒိတ်ပျက်စရာအမျိုးသမီးပါရှင်"ဟု မစ္စစ်ဘင်ထရီကဝင်ပြော၏။ "ဂျော့ ပရစ်ချတ်က ခေါင်းကိုရိုက်ခွဲပစ်ခဲ့ရင်လည်း တရားရုံးရောက်ရင် ဂျူရီတွေက သူ့ကို လွှတ်ပေးလိုက်ကြမှာပဲ"

"ဘယ်လိုဖြစ်ခဲ့တယ်လို့တော့ ကောင်းကောင်းမသိဘူးဗျ။ ဂျော့ပြော တာလည်း ဝိုးတိုးဝါးတားကိုး။ ကျွန်တော်အထင်တော့ မစ္စစ်ပရစ်ချတ်ဟာ ဗေဒင်ဆရာတွေ၊ အကြားအမြင်ပုဂ္ဂိုလ်တွေ၊ လက္ခဏာဆရာတွေကို အတော် အားကိုးတဲ့သူဗျ။ ဂျော့ကတော့ စိတ်မဝင်စားပါဘူး။ သူ့မိန်းမ ကျေနပ်နေရင်

ပြီးရောဆိုတဲ့သဘောပါပဲ။ တစ်ယောက်ဝင်လိုက် ထွက်လိုက်ဆိုတော့ မစ္စစ် ရစ်ချတ်က မျက်စိရှုပ်လာတယ်နဲ့တူတယ်။ သူတို့ထဲက ခပ်ငယ်ငယ်တစ် ယောက်ကတော့ ဗေဒင်ဝါသနာကြီးတဲ့သူဖြစ်နေလို့ မစ္စစ်ပရစ်ချတ်က အတော်ကျေနပ်ခဲ့သေးတယ်ဆိုပဲ။ ဒါပေမယ့်နောက်တော့ သူကိုလည်း မောင်း ထုတ်တော့တာပါပဲ။ စောစောပိုင်းက လုပ်ခဲ့ဖူးတဲ့ အရွယ်လတ်ပိုင်းသူနာပြု ဆရာမကိုပဲ ပြန်ခေါ်ခဲ့တယ်။ သူကတော့ အာရုံကြောဝေဒနာရှင်တွေကို စောင့်ရှောက်ခဲ့ဖူးတယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့။ ဂျော့ အပြောအတိုင်း ဆိုရင် မစ္စကော်ပလင်ဆိုတဲ့ အဲဒီဆရာမဟာ တစ်ခါတလေ ဝုန်းဒိုင်းကြဲ တတ်တဲ့ မစ္စစ်ပရစ်ချတ်ကို လုံးဝ အေးအေးဆေးဆေးဆက်ဆံနိုင်တယ်တဲ့"

"မစ္စပရစ်ချတ်ဟာ အပေါ်ထပ်မှာပဲ နေ့လယ်စာ စားလေ့ရှိတယ်။ ဆရာမနဲ့ဂျော့နဲ့ တစ်ယောက်ယောက်က နေ့လယ်စာစားချိန်မှာ သူ့အနား နေပေးကြရတယ်။ မွန်းလွဲပိုင်းမှာ တစ်ခုခုလုပ်ပေးစရာရှိရင် သိရအောင်လို့ ပေါ့။ အတိအကျဆိုရင်တော့ ဆရာမဟာ နေ့လယ်နှစ်နာရီက လေးနာရီ ကြားမှာ ပြန်ပြီးနားတတ်တယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာတော့ လိုအပ်လို့ ရှိရင် လက်ဖက်ရည်သောက်ပြီးခိုနိုင်အထိ နေပေးတတ်တယ်။ တစ်ရက်မှာ တော့ ဆရာမက ညီမတစ်ယောက်နဲ့သွားတွေ့စရာရှိလို့ နည်းနည်းအပြန် နောက်ကျတယ်လို့ပြောသတဲ့။ ဂျော့လည်း စိတ်ညစ်သွားတယ်။ သူက ဂေါက် သွပ်ပွဲကစားဖို့ အခိုနိုင်းအချက် တစ်ခုလုပ်ထားခဲ့တာကိုး။ ဒါပေမယ့် ဆရာမက စိတ်မပျက်ဖို့ပြော့ပါတယ်။ ကျွန်မတို့နှစ်ယောက်စလုံး ဒီနေ့အဖို့လိုမှာ မဟုတ်ပါဘူးတဲ့။ ကျွန်မတို့ထက်ပိုကောင်းတဲ့ အဖော်တစ်ယောက်ရောက်လာ နေပါတဲ့။ ဘယ်သူလဲလို့ ဂျော့ကပြန်မေးတော့ ဆရာမက မျက်တောင်ပုတ်ခတ် လုတ်ခတ်လုပ်ပြီး 'ဇာရီဒါ'-ရှေ့ဖြစ်ဟော အကြားအမြင်ပညာရှင်ပါတဲ့ရှင့်လို့ ပြန်ပြောတယ်။

"ဘုရားရေလို့ ဂျော့ကလည်း ညည်းလိုက်ပြီး ဒါအသစ်တစ်ယောက်ထင် ပါရဲ့လို့မေးတော့ ဆရာမက အသစ်ပါပဲ။ ကျွန်မအရင်လုပ်ခဲ့တဲ့ သူနာပြု ဆရာမ မစ္စကာစတဲယားက လွှတ်ပေးလိုက်တာလို့ပြောတယ်။ မစ္စစ် ရစ်ချတ်က သူ့ကို အကြားအမြင်ဆရာမဆီ ဒီနေ့နေ့လယ်လာဖို့ ခိုနိုင်ခိုင်း တယ်လို့ ပြောပြတယ်။ ဒီလိုဆိုလည်း အေးအေးဆေးဆေးဂေါက်ရိုက် သာပေါ့လို့ ပြောပြီးဇာရီဒါဆိုတဲ့ အကြားအမြင်ဆရာမကို စိတ်ထဲကလှမ်းပြီး ဆူးဇူးတင်လိုက် ရသတဲ့"

"ကျော့အိမ်ပြန်ရောက်တော့ သိပ်စိတ်လှုပ်ရှားနေတဲ့ မစ္စပရစ်ချတ်
တွေ့ရသတဲ့။ ခါတိုင်းလိုပဲ အိပ်ရာထဲမှာ ရှုဆေးတစ်ဘူးနဲ့ပေါ့။ ကျော့-လာ
ပါဦးလို့ သူကပြောတယ်။ ဒီအိမ်အကြောင်း ကျွန်မပြောဖူးတာမှတ်မိရဲ့လား
ကျွန်မ ဒီအိမ်ကိုရောက်ရောက်ချင်း မကောင်းတာတစ်ခုခုရှိတယ်လို့ ပြော
တာလေလို့ ဆိုတော့ ကျော့က မင်း အမြဲတမ်း ပြောနေတာပဲလို့ ပြန်ပြော
ပေမယ့် စိတ်ကိုထိန်းပြီး ကိုယ်မမှတ်မိပါဘူးကွာလို့ပဲ ပြန်ပြောလိုက်သ
သူမိန်းမက ရှင် ကျွန်မနဲ့ပတ်သက်ရင် ဘာကိုမှ အမှတ်အသား မရှိဘူ
ယောက်ျားတွေ စာနာစိတ်မရှိတတ်ကြဘူးလို့ပြောတဲ့အထဲမှာ ရှင်ကတော့
စာနာစိတ်အကင်းမဲ့ဆုံးပဲလို့ ပြောရော။ သူက အဲဒီလို ပြောတာတော့
ဘယ်တရားပါ့မလဲကွာလို့ပဲ ပြန်ပြောတယ်"

"ဒီတော့ သူမိန်းမက- ကျွန်မလိုပဲ ဒီအမျိုးသမီးကလည်း ချက်ချင်းတ
သိတယ်။ သူတံခါးဝရောက်ရောက်ချင်း ဆတ်ခနဲတုန်သွားတယ်။ မကောင်
ရှိနေတယ်။ ဘေးအန္တရာယ်လည်းရှိတယ်လို့ တန်းပြောတာပဲတဲ့။ ဒီတော
ကျော့ကရယ်ပြီး အေး မင်းအတွက်တော့ ဒီနေ့လယ်ပိုင်းမှာ ထွက်သွားတဲ့ပို
ဆံနဲ့ထိုက်ထိုက်တန်တန်ရလိုက်တာပေါ့ကွာလို့ ပြန်ပြောလိုက်တယ်။ သူမိန်
က ရှုဆေးကိုခပ်ပြင်းပြင်းရှူရင်း ရှင်ကျွန်မကို အသေအလဲမုန်းနေတာကို
ကျွန်မသေကောင်ပေါင်းလဲဖြစ်နေရင်လည်း ရှင်ကလှောင်ရယ်ရယ်နေမ
သူပဲ လို့ စွပ်စွဲတော့ ကျော့ကမဟုတ်ပါဘူးကွာလို့ ကန့်ကွက်တယ်။ ခ
နေတော့ သူမိန်းမက ဆက်ပြောပြန်ရော။ ရှင်ရယ်ချင်ရင်ရယ်ပါ။ ကျွန်
ပြောချင်တာက ဒီအိမ်ကြီးဟာ ကျွန်မအတွက် အကြီးအကျယ် အန္တရာ
ရှိတယ်တဲ့။ အကြား အမြင်ဆရာမက ပြောသွားတယ်တဲ့။ ကျော့
ဇာနီဒါအပေါ် ကျေးဇူးတင် စိတ်လေးတောင် ပျောက်သွားတယ်
သူမိန်းမဟာ အိမ်သစ်တစ်လုံးဝယ်ပြီး ပြောင်းချင်တယ်လို့ မကြာမကြာ
ပြောဖူးခဲ့တာကိုး။ နောက်ထပ်ဘာတွေပြော သေးလဲကွလို့သူကမေးတော့
သူစိတ်ဖျက်နေလို့ များများမပြောနိုင်ဘူးတဲ့။ တစ်ခုပဲပြောတယ်တဲ့။ ဖန်ပန်
အိုးထဲက ဝိုင်အိုလက်ပန်းတွေကို လက်ညှိုးနဲ့ထိုးပြပြီး ဒါတွေလွှင့်ပစ်လိုက်
အပြာရောင်ပန်းကို ဒီအခန်းထဲမှာဘယ်တော့မှ မထားနဲ့။ အပြာရော
ပန်းဟာ ရှင့်အတွက် သေမင်းတမန်ပဲ။ ကောင်းကောင်း သတိထားတဲ့
ဒီမယ်ကျော့-ကျွန်မအမြဲပြောခဲ့တယ်မဟုတ်လား။ အပြာရောင် ဟာကျွန်မ
ဓာတ်မတည့်ဘူးဆိုတာကို။ အပြာရောင်တွေ့တိုင်း ကျွန်မအလိုလို လန့်
တတ်ဇယ်လို့ သူမိန်းမကပြောတယ်"

"ကျော့ကတော့ အဲဒီစကားကို သူမိန်းမတစ်ခုမှမပြောဖူးတာ သေချာပါ
တယ်တဲ့။ ဒါပေမယ့် သူက ဇာနီဒါဟာ ဘယ်လိုပုံမျိုးလဲလို့ပဲ ပြန်မေးလိုက်
တယ်။ သူမိန်းမက အားရပါးရပြန်ပြောတော့တာပဲ။ ဆံပင်ကနက်မှောင်နေ
နှာရွက်တွေပေါ်မှာ အခွေလေးတွေဖြစ်နေတယ်။ မျက်လုံးတွေက တစ်
ပဲ ဖွင့်စာဆိုတော့ မျက်ခွံတစ်ဝိုက်မှာ အမည်းရောင်ကွင်းတွေလိုမြင်နေရ
တယ်။ ပါးစပ်နဲ့မေးစေ့ကို အနက်ရောင်ပဝါနဲ့ ပုံးထားတယ်။ စကားပြောသံက
ခြင်းဆိုနေသလိုပဲတဲ့။ စပိန်သံဝဲတယ်တဲ့-ကျော့ကတော့ သူတို့တွေဟာ အဲဒီ
မျိုးတွေချည့်ပါပဲလို့ ပြောတယ်"

"သူမိန်းမက မျက်လုံးတွေမှိတ်ထားလိုက်ပြီး ကျွန်မနေလို့မကောင်းဘူး
ဆရာမကို ခေါ်ပေးလို့ပြောသတဲ့။ နောက်နှစ်ရက်လောက်နေတော့ ဆရာမ
စ္စကော်ပလင်ဟာ ကျော့ဆီကို အရေးတကြီးမျက်နှာနဲ့ရောက်လာပြီး-မစ္စစ်
ရစ်ချက်ကို လာကြည့်ပါဦးရှင့်။ စာတစ်စောင်ကြောင့် သူ တော်တော်
စိတ်သောကရောက်နေတယ်လို့ပြောတယ်။ ကျော့က သွားကြည့်တော့ သူမိန်း
မက လက်ထဲကစာကို သူလှမ်းပေးရင်း ဖတ်စမ်းပါဦးလို့ပြောသတဲ့။ ကျော့က
ဖတ်တယ်။ စာရွက်ကအမွှေးနုံလိုလိုထွက်နေပြီး အနက်ရောင်မင်နဲ့ လက်
ရေးကလည်း ကြီးကြီးလို့ပြောတယ်။ စာထဲမှာက-ကျွန်ုပ်အနာဂတ်ကိုမြင်ပြီး
ပြီ။ သိပ်နောက်မကျခင် အထူးဂရုစိုက်ပါ။ လပြည့်ညကိုသတိထား။ တောပန်း
ပြာရောင်ဟာ သတိပေးချက်၊ ပန်းချဉ်ပေါင်အပြာရောင်ဟာ အန္တရာယ်၊
ကြာပန်းအပြာရောင်ဟာ သေခြင်းတရားလို့ ရေးထားတယ်"

"ကျော့ဟာ အော်ရယ်တော့မလိုလုပ်ရင်းက ဆရာမ ကော်ပလင်ရဲ့
မျက်လုံးတွေကို သတိထားမိသွားတာနဲ့ မရယ်ဖြစ်တော့ဘူး။ သူက ဒီအမျိုး
သမီးဟာမင်းကို ခြောက်လှန့်ဖို့ကြိုးစားတာဖြစ်မှာပါမေရီရယ်။ တောပန်းပြာ
ဆိုတဲ့ကြေပန်းပြာတို့ဆိုတာ တကယ်ရှိနိုင်တာတွေမှ မဟုတ်ဘဲလို့ပဲ ပြောလိုက်
တယ်။ မစ္စစ်ပရစ်ချက်ကတော့ သူသေဖို့ ရက်နီးလာပြီလို့ပြောပြီး ငိုတော့
တတဲ့။ ကျော့အပြင်ပြန်ထွက်လာတော့ ဆရာမကော်ပလင်လည်း နောက်က
ထွက်လာတယ်။ အလကားဗရုတ်သုတ်ခဟာတွေလို့ သူကပြောတော့ အဲဒီလို
ပြစ်မယ်ထင်ရတာပဲလို့ ဆရာမကပြောတယ်။ ဆရာမလေသံက တစ်မျိုးဖြစ်
နေလို့ သူက တအံ့တသြနဲ့ကြည့်ရင်း-ခင်ဗျားမယုံဘူးလို့ဆင်နေတာလို့ပြော
တော့ ဆရာမက ကျွန်မရှေ့ဖြစ်ဟောတာတွေကို မယုံပါဘူး။ အဓိပ္ပာယ်မရှိ
ဘူးကိစ္စပါ။ ကျွန်မစိတ်ရှုပ်ရတာက ဘာကိုရည်ရွယ်တာလဲဆိုတာ မသိနိုင်လို့
လိုလေ-ဗေဒင်ဆရာတွေဟာ သူတို့အကျိုးရှိအောင် ဟောတတ်ကြတယ်။

အခုတော့ သူဟောသွားတာတွေက သူ့အကျိုးရှိဖို့မပါဘဲ မစ္စစ်ပရစ်ချက်ကို ချောက်လှန့်ဖို့သက်သက်ဖြစ်နေတယ်။ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာ စဉ်းစားမရဘူး။ နောက်ပြီးတစ်ခုလည်း ရှိသေးတယ်တဲ့။ ဇာရီဒါကို သူသိဖူးသူ ဘစ်ယောက်နဲ့ဆင်သလိုလိုထင်တယ်လို့လည်း မစ္စစ်ပရစ်ချက်က ပြောသေးသတဲ့။ ဒီတော့ကျွေ့က ဆရာမဘယ်လိုထင်လို့လဲမေးတော့ ဘယ်လို့မှ မထင်ပါဘူး။ စိတ်ထဲမှာ သဘောမကျသလိုဖြစ်မိလို့ပါလို့ပဲ ပြန်ပြော့တယ်။ ဆရာမလည်း အယူသီးတတ်သားပဲလို့ ကျွေ့ကပြောတော့ ဆရာမက ကျွန်မအယူမသီးတတ်ပါဘူး။ ဒါပေမယ့် တစ်ခုခုမူမမှန်သလိုဖြစ်ရင် ကျွန်မစိတ်မှာ လာဘိုးတော့တာပဲလို့ပြောသတဲ့"

"အဲဒီနောက် လေးရက်လောက်အကြာမှာ ပထမအဖြစ်အပျက်ကိုစပြီး ဘွေ့ရတယ်။ ဒါကိုရှင်းအောင်ပြောနိုင်ဖို့ဆိုရင် မစ္စစ်ပရစ်ချက်ရဲ့အခန်းအနေအထားကို အရင်ပြောမှဖြစ်လိမ့်မယ်။ သူ့အခန်းနံရံတွေမှာ ပန်းပုံတွေပါတဲ့ နံရံအလှဆင်စက္ကူတွေကပ်ထားတယ်။ အခန်းထဲဝင်လိုက်ရင် ပန်းဥယျာဉ်ကြီးထဲရောက်နေသလိုထင်ရတယ်။ ပန်းတွေကတော့ အမျိုးစုံပေါ့။ အဝါရောင်နဲ့ပန်းရောင်တောပန်းတွေလဲပါတယ်။ တစ်မနက်မှာတော့ မစ္စစ်ပရစ်ချက်က လူခေါ်ခေါင်းလောင်းကို တရစပ်နှိပ်တာကြောင့် တစ်အိမ်လုံး သူ့အခန်းဆီပြေးကုန်ကြတော့တာပေါ့။ ရောဂါသည်းနေပြီလို့ထင်ကြတာကိုး ဒါပေမယ့် ဒီလိုမဟုတ်ပါဘူး။ မစ္စစ်ပရစ်ချက်ဟာ သိပ်ကိုစိတ်လှုပ်ရှားနေပြီး နံရံကပ်စက္ကူကို လက်ညှိုးနဲ့ထိုးပြနေတယ်။ သူပြတဲ့နေရာကြည့်လိုက်တော့ ပန်းတွေအများကြီးကြားထဲမှာ အပြာရောင်တောပန်းတစ်ပွင့်ကို တွေ့ကြရသတဲ့။"

"အိုး-ကျောချမ်းစရာကြီးပဲ"ဟု မစ္စဟယ်လီယာက မှတ်ချက်ချလိုက်၏။

"မေးစရာဖြစ်လာတာက အဲဒီအပြာရောင်တောပန်းဟာ အရင်ကတည်းက အဲဒီမှာရှိနေခဲ့တာလား။ ကျွေ့နဲ့ဆရာမတို့က အဲဒီလိုထင်မြင်ချက်ပေးကြတယ်၊ ဒါပေမယ့် မစ္စစ်ပရစ်ချက်က သဘောမတူဘူး။ အဲဒီမနက်ခင်းမတိုင်ခင်က သူဘစ်ခါမှသတိမပြုမိခဲ့ဘူးတဲ့။ ပြီးတော့ကုန်ခဲ့တဲ့ညကလည်း လပြည့်ညဖြစ်နေတယ်။ ဒါကြောင့် အကြီးအကျယ်စိတ်ဓာတ်ကျသွားတော့တာပေါ့"

"ကျွေ့ပရစ်ချက်ကို အဲဒီနေ့မှာပဲ ကျွန်မတွေ့တော့ သူကပြန်ပြောပြတာရှင့်"ဟု မစ္စစ်ဘင်ထရီက ဝင်ပြောသည်။ ကျွန်မမစ္စစ်ပရစ်ချက်နဲ့သွားတွေ့ပြီး အာမှအဓိပ္ပာယ်မရှိတဲ့ကိစ္စပါလို့ပြောပြပေမယ့်အကြောင်းမထူးပါဘူး။ ကျွန်မ ဒေတ်ပုံပြီးပြန်ခဲ့ရတာပါပဲ။ မှတ်မိပါသေးတယ်။ အပြန်မှာ ဂျင်းအင်စတိုးနဲ့

ဆုံလို့ပြောပြခဲ့ရတာကိုး။ ဂျင်းက ခပ်ဆန်းဆန်းမိန်းကလေးရှင့်။ ကျွန်မက စ္စစ်ပရစ်ချက်ဟာ သေလုအောင်ကြောက်နေတာလို့ အယူသီးတာကလည်း လွန်လွန်းတယ်လို့ပြောလိုက်တော့ သူပြန်ပြောတာများ ကျွန်မလန့်တောင်လန့်သွားတယ်။ သူပြောတာက သေသွားလည်း အားလုံးအတွက်ကောင်းသွားတာပေါ့ရှင့်တဲ့။ တကယ့်ကိုအေးအေးဆေးဆေးပြောတာ။ သူကပြုံးပြီး ဆက်ပြောသေးတယ်။ ကျွန်မ ဒီလိုပြောတော့ ကြိုက်ကြမှာ မဟုတ်ဘူးတဲ့။ ဒါပေမယ့် အမှန်ပဲတဲ့။ ဒီတော့ ကျွန်မက ကျွေ့ဟာ သူ့မိန်းမအပေါ် အမြဲတမ်းကောင်းခဲ့တာပါလို့ ပြန်ပြောတော့ သူကဟုတ်ပါတယ်။ သူ့ကောင်းမှုတွေရဲ့အကျိုးပြန်ခံစားသင့်တာပေါ့တဲ့။ သူက အတော်ဆွဲဆောင်မှုရှိတဲ့သူပဲတဲ့။ နောက်ဆုံးအလုပ်လုပ်သွားတဲ့ သူနာပြုဆရာမခပ်ချောချောကလည်း အဲဒီလိုပဲပြောတယ်။ နေပါဦး-သူနာမည်-ဩော် ကာစတဲယားလေတဲ့။ အဲဒါကြောင့်လည်း မစ္စစ်ပရစ်ချက်နဲ့အဲဒီဆရာမ မတည့်ကြတာလို့ သူကပြောတယ်"

"ဂျင်းအဲဒီလိုပြောတာတွေကို ကျွန်မ သဘောမကျဘူးရှင့်၊ ဟုတ်တယ်လေ၊ ဒီလိုထင်ရာမြင်ရာပြောတာကျတော့လည်း-"

"မှန်တာပေါ့ကွယ်"ဟု မစ္စမာပယ်က အေးဆေးတည်ငြိမ်စွာ ဝင်ပြော၏။ "ဒီလိုပြောတတ်ကြတာပါပဲ။ အဲဒီမစ္စအင်စတိုးကကော ရုပ်ချောချောပဲလား။ ဂေါက်လည်းရိုက်တတ်မယ်ထင်ပါရဲ့"

"ဟုတ်ကဲ့၊ သူကတော့ ဘယ်အားကစားမှာမဆို တော်တာချည့်ပါပဲ။ ရုပ်ကလည်းဆွဲဆောင်မှုရှိပါတယ်။ အသားအရေကောင်းပြီး မျက်လုံးပြာပြာတွေနဲ့ပါ။ ကျွန်မတို့တောင် သူနဲ့ပရစ်ချက်ဆိုရင် အတော်လိုက်ဖက်တယ်လို့ပြောမိကြသေးတယ်"

"သူတို့ချင်းကလည်း မိတ်ဆွေတွေဖြစ်မှာပေါ့"ဟု မစ္စမာပယ်က ပြော၏။

"ဟုတ်ပါတယ်ရှင့်၊ ရင်းနှီးတဲ့မိတ်ဆွေတွေပါ"

"ဒေါ်လီရေ-"ဟု ကာနယ်ဘင်ထရီက သူဇနီးကို လှမ်းပြောလိုက်သည်။ "ကိုယ်ဇာတ်လမ်းဆက်ပြောပါရစေဦးကွာ"

"အင်း-အာသာက သူတစ္ဆေတွေဆီပြန်သွားချင်နေပြီကိုး"ဟု မစ္စဘင်ထရီက အလျှော့ပေးဟန်ဖြင့် ပြန်ပြောပါသည်။

"နောက်ပိုင်းဇာတ်လမ်းကိုတော့ ကျွေ့ကိုယ်တိုင်ပြောခဲ့တာပါဗျာ"ဟု ကာနယ်ဘင်ထရီက ပြော၏။ နောက်တစ်လကြာအောင်နေရတဲ့ရက်တွေမှာ မစ္စစ်ပရစ်ချက်ဘယ်လောက်စိတ်ရှုပ်နေမလဲဆိုတာတော့ ပြောဖို့တောင် မလိုတော့ပါဘူးဗျာ။ ဘယ်နေ့လပြည့်မလဲဆိုတာ ပြက္ခဒိန်ပေါ်မှာ အမှတ်အသား

လုပ်ထားလိုက်တယ်။ အဲဒီညရောက်လာတော့ ဆရာမနဲ့ဂျော့နဲ့နှစ်ယောက်စလုံးကိုခေါ်ပြီး နံရံကပ်ပန်းစက္ကူတွေကို သေသေချာချာကြည့်ခိုင်းတယ်။ ပန်းချဉ်ပေါင်တွေက အနီရောင်လည်းရှိတယ်။ အပြာတော့လုံးဝမပါဘူး။ ဂျော့တို့ပြန်ထွက်သွားပြီးတဲ့နောက် တံခါးကို အတွင်းကနေသော့ခတ်ထားလိုက်တယ်

"မနက်လည်းရောက်ရော အပြာရောင်ပန်းချဉ်ပေါင်ပွင့်ကြီး တွေ့ရော မဟုတ်လား"ဟု မစ္စဟယ်လီယာက အားပါးတရပြောလိုက်ပါသည်။

"အမှန်ပါပဲ"ဟု ကာနယ်ဘင်ထရီကထောက်ခံ၏။ "သူ့ခုတင်ခေါင်းရင်းက ပန်းချဉ်ပေါင်တစ်ပွင့်ဟာ အပြာရောင်ဖြစ်နေတယ်။ ဂျော့ မယုံနိုင်အောင်ဖြစ်နေတာပေါ့။ ဒါပေမယ့် သူမယုံနိုင်လေလေ၊ လက်ခံဖို့ငြင်းဆန်လေလေပါပဲ။ သူကတော့ တစ်ယောက်ယောက်နောက်ပြောင်တာလို့ပဲ သဘောထားတယ်။ တံခါးသော့ခတ်ထားတာတို့၊ အခန်းထဲဘယ်သူမှမဝင်သေးခင် မစ္စစ်ပရစ်ချက်က ပန်းပွင့်အရောင်ပြောင်းတာကို တွေ့ခဲ့တာတို့ကိုတော့ သူအလေးအနက်မထားဘူး"

"ကျုပ်ပြောသလိုပဲ၊ ဂျော့က မယုံနိုင်တဲ့အပြင် ယုတ္တိမရှိဘူးလို့မြင်တယ်။ သူ့မိန်းမအိမ်ပြောင်းချင်တာကိုလည်း ခွင့်မပြုဘူး။ မေရီ သူ့ကိုသူအရူးလုပ်နေတယ်လို့ပဲ သဘောထားတယ်။ ဒီလိုနဲ့တစ်လကုန်သွားပြန်ရော။ မစ္စစ်ပရစ်ချက်ကတော့ ပြင်းပြင်းထန်ထန်မကန့်ကွက်တော့ပါဘူး။ သူ့ကံကြမ္မာတိုသူလွန်ဆန်လို့မရတော့ဘူးလို့ထင်သွားပုံရတယ်။ စာထဲမှာပါတာတွေကိုပဲ သူမကြာခဏရွတ်နေတော့တယ်။ တောပန်းအပြာရောင်ဟာ သတိပေးချက်၊ ပန်းချဉ်ပေါင်အပြောရောင်ဟာ အန္တရာယ်၊ ကြွေပန်းအပြာရောင်ဟာ သေခြင်းတရားဆိုတာတွေပေါ့။ ပြီးတော့ သူ့ခေါင်းရင်းက ကြွေပန်းနီနီလေးတွေရဲ့ပုံ တွေကိုပဲကြည့်နေတော့တယ်"

"အခြေအနေက စိုးရိမ်စရာဖြစ်လာတယ်။ သူနာပြုဆရာမကိုယ်တိုင်တောင် ကြောက်စိတ်ဝင်လာပုံရတယ်။ လပြည့်မတိုင်ခင်နှစ်ရက်မှာ သူကဂျော့ကို မစ္စစ်ပရစ်ချက်ဆန္ဒရှိတဲ့အတိုင်း တစ်နေရာရာပြောင်းသွားလိုက်ဖို့တောင်းပန်တယ်။ ဂျော့ကစိတ်ဆိုးတာပေါ့။ စက္ကူနံရံပေါ်ကပန်းတွေ အကုန်လုံးအပြာရောင်ပြောင်းသွားစောင် လူတစ်ယောက်ကိုတော့ မသတ်နိုင်ဘူးလို့သူကပြောတယ်။ ကြောက်ပြီးရှော့ခ်ရတာမျိုးဟာ လူသေနိုင်တယ်လို့ ဆရာမကပြောပေမယ့် သူလက်မခံပါဘူး"

"ဂျော့ဟာ နည်းနည်းခေါင်းမာတတ်တယ်။ သူ့ကို အတင်းအကြပ်တိုက်တွန်းတာမျိုးသူမကြိုက်ဘူး။ ဒီကိစ္စတွေဟာ အိမ်ပြောင်းချင်တဲ့ သူ့မိန်းမကိုယ်

တိုင်အယူသီးတဲ့ အစွဲအလမ်းတွေကြောင့် လုပ်ထားတာတွေလို့ သူကယူဆတယ်။ ဒီလိုနဲ့လပြည့်ညရောက်လာရောဆိုပါတော့။ မစ္စစ်ပရစ်ချက်ခါတိုင်းလိုပဲ တံခါးကိုအတွင်းကနေ သော့ခတ်လိုက်တယ်။ သူဟာ အတော်လေးအေးဆေးငြိမ်သက်နေတယ်။ စိတ်ဓာတ်လည်းမြင့်တက်နေပုံရတယ်။ ဆရာမက သူ့အကဲခတ်ပြီး အခြေအနေကို မကြိုက်တာနဲ့ စိတ်ငြိမ်ဆေးပေးချင်ပေမယ့် သူကလက်မခံပါဘူး။ ဖြစ်သမျှအကြောင်းပဲလို့ ဆဘောထားလိုက်ပုံရနေတယ်လို့ ဂျော့ကပြောပြတယ်"

"ကျွန်မလည်း အဲဒီလိုပဲ ဖြစ်လိမ့်မယ်လို့ထင်တယ်"ဟု မစ္စစ်ဘင်ထရီက ဝင်ပြော၏။ "ဖြစ်ရပ်တစ်ခုလုံးကထူးဆန်းတဲ့နည်းနဲ့ကျေနပ်စရာဖြစ်ခဲ့ပုံရတယ်"

"နောက်တစ်နေ့မနက်မှာ လူခေါ်ခေါင်းလောင်းသံကို မကြားကြရဘူး။ မစ္စစ်ပရစ်ချက်ဟာမနက်တိုင်း ရှစ်နာရီလောက်မှာ အိပ်ရာထလေ့ရှိတယ်။ ရှစ်နာရီခွဲတဲ့အထိ ဘာသံမှမကြားရတော့ ဆရာမကတံခါးကို ခပ်ပြင်းပြင်းခေါက်တယ်။ ဒါနဲ့လည်း တုံ့ပြန်မှုမရှိတော့ ဂျော့ကိုခေါ်ပြီးတံခါးဖျက်ဝင်ဖို့အကြံပေးတာမှာ ဂျော့ကလည်းသဘောတူလို့ ဆောက်နဲ့ထွင်းပြီး တံခါးဖျက်ကြရတယ်။ တံခါးပွင့်သွားပြီး အိပ်ရာပေါ်လှမ်းကြည့်လိုက်တာနဲ့ ဆရာမကော်ပလင်အဖို့ အဖြေထွက်သွားတော့တာပါပဲ။ ဂျော့ကို ဆရာဝန်ဆီ ဖုန်းဆက်ခေါ်ခိုင်းတယ်။ ဒါပေမယ့် သိပ်နောက်ကျနေပါပြီ။ မစ္စစ်ပရစ်ချက်ဟာ သေဆုံးခဲ့တာ ရှစ်နာရီထက်မနည်းကြာပြီလို့ ဆရာဝန်ကပြောတယ်။ ရှူဆေးပုလင်းလေးက ခုတင်ပေါ်မှာ သူ့လက်ဘေးနားမှာ ရှိနေတယ်။ ခေါင်းရင်းက စက္ကူနံရံပေါ်မှာရှိတဲ့ အနီရောင်ကြွေပန်းတွေထဲက တစ်ပွင့်ဟာ အပြာရောင်ဖြစ်နေသတဲ့ဗျား"

"ကြောက်စရာကြီးပဲ"ဟု မစ္စဟယ်လီယာ ကြက်သီးထလျက်ပြော၏။ ဆာဟင်နရီမှာ မျက်မှောင်ကြုတ်ရင်း-"တခြားဘာတွေထူးခြားတာတွေ့သေးလဲ"ဟု မေးလိုက်သည်။ ကာနယ်လင်ထရီက ခေါင်းခါနေစဉ် မစ္စစ်ဘင်ထရီက "ဓာတ်ငွေ့လေ" ဟု ဝင်ပြော၏။

"ဓါတ်ငွေ့ကဘာဖြစ်လို့လဲ"ဟု ဆာဟင်နရီကမေးသည်။

"ဆရာဝန်ရောက်လာတော့ ဓာတ်ငွေ့နံ့နည်းနည်းရနေတယ်။ မီးလင်းဖိုနားကြည့်လိုက်တော့ ဓာတ်ငွေ့ပိုက်ခေါင်းကို နည်းနည်းလေးဖွင့်ပေးထားတာတွေ့ရတယ်။ သိပ်နည်းလွန်းတာမို့ ဘာမှသိသာလောက်အောင်မဟုတ်ပါဘူး"

"ဆရာမကတော့ နည်းနည်းလေးသတိပြုမိတယ်လို့ပြောတယ်။ ကျွန်ုပ်
သတိမပြုမိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဓာတ်ငွေ့ကြောင့် သေရတာမဟုတ်ဘူး
ဆိုတာတော့ သေချာပါတယ်။ ဓာတ်ငွေ့နဲ့က သတိပြုမိလောက်အောင် ထူထ
ဘာမှမဟုတ်ဘဲ။

"ဇာတ်လမ်းက ဒါပဲလား"

"မဟုတ်ဘူးဗျ။ ရှိသေးတယ်။ ပြောသံဆိုသံတွေက အတော်လေးထွက်
လာတာကိုး။ မစ္စစ်ပရစ်ချက်က သူ့ယောကျ်ားကို ကျွန်မသေကောင်ပေါင်းထ
ဖြစ်ရင်တောင် ရှင်ကရယ်နေဦးမှာပဲဆိုတာဗျို့၊ အိမ်ပြောင်းခိုင်းတာမရတော့
ကျွန်မသေလို့ကတော့ ရှင်သတ်တာလို့ အများကမြင်ကြမှာပဲဆိုတာမျိုးတွေ
ပြောခဲ့တာကို အလုပ်သမားတွေက ကြားခဲ့ကြတယ်။ ကံဆိုးချင်တော့ မစ္စစ်
ပရစ်ချက်မသေခင် တစ်ရက်ကမှ ကျွန်ုပ်ဥယျာဉ်ထဲမှာ ပိုးသတ်ဆေးဖျန်း
ဆေးစပ်နေခဲ့သေးတယ်တဲ့။ အလုပ်သမားတစ်ယောက်က အဲဒါကိုမြင်တဲ့အပြင်
နောက်ပိုင်းမှာ သူမိန်းမဆီ နွားနို့တစ်ဖန်ခွက်သွားပို့တာကိုလည်း မြင်ခဲ့တယ်လို့
ဆိုတယ်။ အတင်းအဖျင်းစကားတွေက ပိုပိုပြီးပြန့်လာတယ်။ ဆရာဝန်ထု
သေစာရင်းလက်မှတ်ထုတ်ပေးတယ်။ ဘာတွေရေးထားသလဲတော့မသိရဘူး
ရှောခ်ရတာတို့၊ နှလုံးခုန်ရပ်တာတို့လို ဆေးဝေါဟာရတစ်ခုခုပါမှာပေါ့
ဘစ်လတောင် မကြာပါဘူး။ အလောင်းပြန်ဖော်စစ်ဖို့ အမိန့်ကျလာတော့
တာပဲ"

"ပြန်ဖော်စစ်တော့လည်း ဘာမှမတွေ့ရဘူးဆိုတာ ကျုပ်မှတ်မိတယ်"ဟု
ဆာဟင်နရီက ဖြေပါသည်။

"ဖြစ်ရပ်တစ်ခုလုံးကလည်း ခပ်ရှုပ်ရှုပ်ပါရှင့်"ဟု မစ္စစ်ဘင်ထရီက ဝင်
ပြော၏။ "ဥပမာ-ဟိုအကြားအမြင်ဆရာမ ဇာရီဒါဆိုတာကို သူပေးထားတဲ့
လိပ်စာမှာသွားစုံစမ်းတော့ သိတဲ့လူဘယ်သူမှ မရှိဘူးရှင့်"

"သူက ဆိုင်းမဆင့် ဇုံမဆင့်တစ်ကြိမ်ပဲပေါ် လာပြီး နောက်ပိုင်းလုံးလုံး
ပျောက်သွားရော"ဟု ကာနယ်ဘင်ထရီက မှတ်ချက်ချသည်။

"သူ့ကို ဆက်သွယ်ပေးတဲ့ ဆရာမကာ စတဲယားကိုယ်တိုင်လည်း သူ့
အကြောင်းဘာမှ ရေရေရာရာမသိဘူးတဲ့"

"မစ္စတာပရစ်ချက်နဲ့မစ္စအင်စတိုးတို့ လက်ထပ်လိုက်ကြသလား"ဟု မစ္စ
မာပယ်ကမေးလိုက်ပါသည်။

ဆာဟင်နရီက "ဘယ်လိုကြောင့်မေးတာလဲဗျ"ဟု စူးစမ်း၏။ မစ္စမာပယ်
က သူမ၏ နူးညံ့သောမျက်လုံးပြာများကို ဖွင့်ပြီး-အရေးကြီးတယ်ထင်လို့ပါ

သူတို့လက်ထပ်ဖြစ်ကြသလား"ဟု ထပ်မေးပါသည်။ ကာနယ်ဘင်ထရီက
ခေါင်းခါပြပါသည်။ "ကျွန်တော်တို့-အဲ-ကျွန်တော်တို့လည်း အဲဒီလိုတော့
ထင်ခဲ့ကြပါတယ်။ ဒါပေမယ့် အခုဆယ့်ရှစ်လကြာသွားတဲ့အထိတော့ ဒီ
တိုင်းပါပဲ။ သူတို့အချင်းချင်းတောင် တွေ့ဖြစ်ကြပုံမရပါဘူး"

"ဒါအရေးကြီးတယ်ရှင့်-"ဟု မစ္စစ်မာပယ်က ပြောသည်။ "သိပ်ကို
အရေးကြီးတယ်"

"ဒီလိုဆိုရင်လည်း ကျွန်မထင်သလိုထင်နေပြီပေါ့"ဟု မစ္စစ်ဘင်ထရီက
ပြောလိုက်၏။

"ဟေး-ဒေါ်လီ"ဟု သူမ၏ခင်ပွန်းကပြောသည်။ "အဲဒီလိုစိတ်ထင်နဲ့ပဲ
သူတွေကို စွပ်စွဲတာကတော့ ဘယ်တရားပဲ့မလဲကွာ"

"သိပ်ပြီးယောကျ်ားဆန်မနေစမ်းပါနဲ့ အာသာရယ်။ ယောကျ်ားများဟာ
ဘာကိုမှ ရဲရဲမပြောပဲ့ကြဘူး။ အခုဒီမှာ ကိုယ့်မိတ်ဆွေတွေချည့်ပဲလေ။ ကျွန်မ
တစ်ကူးကတော့ စိတ်ကူးယဉ်တယ်ပဲပြောပြော-ဂျင်းအင်စတိုးဟာ သူ့ကိုယ်
အကြားအမြင်ဆရာမဟန်ဆောင်ပြီး ရုပ်ဖျက်ထားတယ်လို့ပဲ။ အပျော်
အဘောလောက်ပဲဖြစ်ချင်ဖြစ်မယ်လေ။ တစ်ခုခုအကြံနဲ့လုပ်တာလို့မဆိုလို
ဘူး။ ဒါပေမယ့် မစ္စစ်ပရစ်ချက်အကြောက်လွန်ပြီး သေသွားခဲ့ရင်-ဒါဆိုရင်
တော့ မစ္စမာပယ်ပြောချင်တာ ဒီအဓိပ္ပာယ်ပဲမဟုတ်လား"

"မဟုတ်ဘူးကွယ့်၊ အဲဒီအဓိပ္ပာယ်မဟုတ်ပါဘူး"ဟု မစ္စမာပယ်က ပြန်
ငြင်း၏။ "ဒီလိုလေ-ကျွန်မသာ လူသတ်ဖို့ရှိလာရင်တော့ ကြောက်လန့်ပြီး
သွားစေတာမျိုးလုပ်မှာမဟုတ်ဘူး။ အဲဒါက ဘာမှမရေရာတဲ့နည်းပဲ။
ချို့စိတ်အားငယ်တတ်သူတွေဟာ ထင်တာထက်ပိုပြီး သတ္တိကောင်းနေ
တာမျိုးရှိတတ်တယ်။ ဒီတော့သေချာတဲ့နည်းကိုရွေးပြီး ကောင်းကောင်း အ
ထင်ချစီစဉ်ရမှာပဲ"

"ဗျာ-မစ္စမာပယ်ရေ-ကျုပ်တော့ ကြောက်တောင်ကြောက်လာတယ်"ဟု
ဆာဟင်နရီက ပြောလိုက်၏။ "ခင်ဗျားကျုပ်ကိုတော့ ရှင်းပစ်ချင်စိတ် မဖြစ်
သာက်ပါဘူးနော်"

မစ္စမာပယ်က သူ့ကိုအပြစ်တင်ဟန်ဖြင့် ကြည့်ပါသည်။

"အဲဒီလောက် ရက်စက်တဲ့အလုပ်မျိုး ကျွန်မ ဘယ်တော့မှ စိတ်ကူးမိ
မဟုတ်ပါဘူးရှင့်၊ ကျွန်မတစ်ဦးတစ်ယောက်ရဲ့နေရာမှာဝင်ပြီး စဉ်းစား
ကြည့်တဲ့သဘောပါ"

"ခင်ဗျားဂျော့ပရစ်ချက်ကို ထင်နေတာလား"ဟု ကာနယ်ဘင်ထရီ
မေး၏။ "ကျွန်တော်တော့ဂျော့ကိုလုံးဝမထင်ဘူး။ သူနာပြုဆရာမကိုယ်တိုင်
တယုံကြည်နေသည့်တိုင်အောင်ပေါ့။ တစ်လလောက်အကြာမှာ ကျွန်တော်
ဆရာမကိုသွားတွေ့တယ်။ အလောင်းပြန်ဖော်စစ်တဲ့ အချိန်ပိုင်းလောက်မှာ
ပါပဲ။ ဘယ်လိုနည်းလမ်းနဲ့ဘယ်လိုစီစဉ်ခဲ့တယ်ဆိုတာ မသိပေမယ့် ဂျော့ဟာ
သူ့မိန်းမသေဆုံးမှုအတွက် တစ်နည်းနည်းပတ်သက်နေတယ်လို့ ဆရာမ
ယုံကြည်နေတယ်"

"အေးဗျ၊ သူယုံကြည်တယ်ဆိုတာ သိပ်မလွဲလောက်ဘူး"ဟု ဒေါက်တာ
လွှိုက်ကပြောသည်။ "သူနာပြုဆရာမတစ်ယောက်ဟာ
အတော်သိတယ်နော်၊ သက်သေအထောက်အထားရှိချင်မှရှိမယ်
သိတာတော့သိတာပဲ"

ဆာဟင်နရီက ရှေ့ကိုကိုင်းလိုက်ပြီး-"ပြောပါဦးဗျ၊ မစ္စမာပယ် ခင်ဗျား
အတွေးလွန်နေပြီထင်တယ်၊ ကျုပ်တို့ကို ခင်ဗျားထင်မြင်ပုံပြောဦးမှပေါ့"

မစ္စမာပယ်မှာ အိပ်ရာမှနိုးသွားသလိုဖြစ်ပြီး-"တောင်းပန်ပါတယ်ရှင်-
ကျွန်မရွာကသူနာပြုဆရာမအကြောင်း တွေးမိသွားလို့ပါ။ တစ်ခါတလေ
ကြုံရတဲ့ကိစ္စလေးတွေဟာ အတော်စဉ်းစားရခက်တာရှင့်-"

"ကြွေပန်းအပြာရောင်ဖြစ်သွားတာမျိုးထက်တောင် ခက်သေးသလားဗျာ"

"ဒါကတော့ တောပန်းတွေပေါ်တည်တယ်ရှင့်၊ ဆိုလိုတာက ကာနယ်
ဘင်ထရီပြောတဲ့အထဲမှာ တောပန်းအဝါနဲ့ပန်းရောင်တွေလို့ ပါတယ်။
ပန်းရောင်တောပန်းက အပြာရောင်ပြောင်းသွားတာဆိုရင်တော့ ကျွန်မအထူ
အဆမှန်တယ်။ အဝါကနေ အပြာပြောင်းတာဆိုရင်တော့-"

"ပန်းရောင်ပါရှင်"ဟု မစ္စစ်ဘင်ထရီကဖြတ်ပြောသည်။

"ဒီလိုဆိုရင်တော့ ကိုက်ပြီ" မစ္စမာပယ်ကခေါင်းကိုယမ်းလိုက်ပြီး "ပိုး
သတ်ဆေးစပ်တာတွေ၊ ဓာတ်ငွေ့ထွက်တာတွေ အားလုံးပဲ၊ အင်း-သူနာပြု
ဆရာမဆိုတာလည်း လူသားတွေပဲလေ။ မိသားစုဝင်တွေနဲ့တရင်းတနှီးဆက်ဆံ
နေကြရတာဆိုတော့-သိပ်အံ့သြစရာတော့ မရှိပါဘူး"

ဆာဟင်နရီ ရုတ်တရက်တစ်ခုခုသိလိုက်သလိုနှင့်-"ဆရာမကာစတဲယား
ကိုပြောတာမဟုတ်လား"ဟုမေးလိုက်ပါသည်။ မစ္စမာပယ်က-"မဟုတ်ဘူးရှင့်
ဆရာမကာစတဲယားမဟုတ်ပါဘူး။ ဆရာမကော်ပလင်ပါ။ သူအရင်ကလည်း
အဲဒီအိမ်မှာလုပ်ခဲ့သေးတယ်လေ။ မစ္စတာပရစ်ချက်နဲ့ရင်းရင်းနှီးနှီးရှိခဲ့မှာပေါ့။
မစ္စတာပရစ်ချက်က ဆွဲဆောင်မှုရှိတဲ့သူဆိုတော့ သူလည်းစိတ်ဝင်စားခဲ့မိမှာ

ပဲ။ မစ္စအင်စတိုးနဲ့ ဖြစ်နေတယ်ဆိုတာ နောက်ပိုင်းမှာ သိသွားတော့ သူဒေါသ
ဖြစ်သွားပြီး ရန်လုပ်ဖို့ကြံစည်ခဲ့တာဖြစ်မယ်။ စာရေးရတဲ့အခါမှာတော့ သူ့
အကွက်ဝင်သွားတော့တာပေါ့"

"ဘယ်စာလဲဗျ"

"မစ္စစ်ပရစ်ချက်က သူ့ကို အကြားအမြင်ဆရာမဆီ စာရေးခိုင်းတယ်
မဟုတ်လား။ စာရလို့အကြားအမြင်ဆရာမရောက်လာတယ်။ ဒါပေမယ့်
နောက်ပိုင်းမှာ သူ့ကိုလိုက်စုံစမ်းလို့မရတော့ဘူး။ ဒီ့တော့ ဆရာမကော်ပလင်
ဟာဒီကိစ္စထဲမှာ ပါနေပြီလို့သိနိုင်တယ်။ သူကိုယ်တိုင် အကြားအမြင်ဆရာမ
လိုဟန်ဆောင်ခဲ့တယ်ဆိုရင် သဘာဝမကျပေဘူးလား"

"စာနဲ့ပတ်သက်တဲ့အကြောင်းကို ကျုပ်လုံးဝ မစဉ်းစားမိခဲ့ဘူး"ဟု
ဆာဟင်နရီက ပြော၏။

"အတော်ရဲရဲဝံ့ဝံ့လှမ်းလိုက်တဲ့ခြေလှမ်းပေါ့ရှင်"ဟု မစ္စမာပယ်က ပြန်
ပြောသည်။ "ဘာကြောင့်လဲဆိုတော့ သူရုပ်ဖျက်ထားတာကို မစ္စစ်ပရစ်ချက်
ရိပ်မိသွားနိုင်တယ်လေ။ အဲဒီလိုဖြစ်လာခဲ့ရင် အပြောင်အပြက်ရယ်စရာလုပ်
တာပါလို့ပြောရတော့မှာပေါ့။ ပြီးတော့ ပန်းအပြာရောင်ပြောင်းတာတို့၊ သတိ
ပေးစာတို့ဆိုတာတွေက တကယ့်အဖြစ်ကို မမြင်နိုင်အောင် လမ်းလွှဲပေးထား
တာတွေပါ"

"ဒါဖြင့် တကယ့်အဖြစ်က ဘာပါလိမ့်"

"ပိုးသတ်ဆေးစပ်တဲ့အခါ ပိုတက်စီယမ်ဆိုင်ယာနိုက်ကို ပုလင်းလေး
တစ်လုံးထဲမှာ ရေနဲ့ရောပြီး လှုပ်ရတယ်ရှင့်။ သုံးရတဲ့ပုလင်းဟာ ရှူဆေး
ပုလင်းပုံစံလိုမျိုးပါပဲ။ ဒီတော့ရှူဆေးပုလင်းထဲမှာ ပိုးသတ်ဆေးဖျော်ပြီး ထည့်
ထားလိုက်ရင်ကော။ မစ္စစ်ပရစ်ချက်ဟာ ရှူဆေးပုလင်းကို မကြာမကြာ ရှူ
တတ်တယ်လေ။ နောက်ပိုင်းမှာ မစ္စတာပရစ်ချက်ဆရာဝန်ကို ဖုန်းဆက်ခေါ်ဖို့
ထွက်သွားတော့ ဆရာမက ရှူဆေးပုလင်းအစစ်နဲ့ပြန်လဲထားလိုက်လိမ့်မယ်။
ပြီးတော့ ဓာတ်ငွေ့ပိုက်ခေါင်းကို နည်းနည်းလေးဖွင့်ထားလိုက်တော့ ပိုးသတ်
ဆေးက ထွက်တဲ့ ဗာဒံသီးလိုအနံ့မျိုးဟာ မကြာခင်ပျောက်သွားတာပေါ့။ ဆိုင်
ယာနိုက်အနံ့ဟာလည်း လေထဲမှာကြာကြာမနေတတ်ပါဘူး။ ကျွန်မမှားချင်
သည်းမှားမယ်နော်။ ပုလင်းထဲမှာ တခြားတစ်မျိုးမျိုးရှိချင်ရှိနေနိုင်တယ်။ ဘာ
ပဲရှိရှိ အကြောင်းမဟုတ်ပါဘူး"

ဂျိန်းဟယ်လီယာကဖြတ်၍-"ဒါပေမယ့်ကြွေပန်းအပြာရောင်ပြောင်းတာ
ကော တခြားပန်းတွေလည်း အရောင်ပြောင်းတယ်လေ-"ဟု နားမလည်

နိုင်ငံခွာမေးလိုက်သည်။

"သူနာပြုဆရာမတွေဟာ လစ်တမတ်စက္ကူတွေသုံးကြရတယ်။ ဟုတ်
ဘယ်မဟုတ်လား"ဟု မစ္စစ်မာပယ်ကပြန်ပြော၏။ "ဓာတ်စမ်းတဲ့အခါမျိုး
လေ။ အက်ဆစ်မှာစမ်းရင် အပြာရောင်ကနေ အနီရောင်ပြောင်းတယ်
အယ်လ်ကာလီမှာကျတော့ အနီရောင်ကနေအပြာရောင် ပြောင်းတယ်
ပန်းပွင့်တစ်ပွင့်ပေါ်မှာ အနီရောင်လစ်တမတ်စက္ကူကပ်ထားဖို့က ဘာမှမခ
ပါဘူး။ ခုတင်ခေါင်းရင်းမှာပေါ့။ အမျိုးသမီးကြီးက ရှူဆေးပုလင်းဖွင့်ရှူတို့
အမိုးနီးယားငွေ့တွေထွက်လာပြီး လစ်တမတ်စက္ကူအနီဟာ အပြာရော
ပြောင်းသွားတော့တာပါပဲ။ တကယ်ကောင်းတဲ့စိတ်ကူးပဲရှင့်၊ သူတို့တံခါး
မှက်ဝင်ခဲ့တုန်းကတော့ ကြွေပန်းဟာ အပြာရောင်မပြောင်းသေးပါဘူး။ ဒါ
နောက်ပိုင်းကျမှ လူတွေသတိပြုမိကြတာ။ ဆရာမက ရှူဆေးပုလင်းကို
လဲရင်း အမိုးနီးယားငွေ့ကို နံရံကပ်စက္ကူနားရောက်အောင် လုပ်ခဲ့လိမ့်မယ်
ကျွန်မထင်တယ်"

"မစ္စမာပယ်ရယ်၊ ခင်ဗျား အဲဒီအခန်းထဲရောက်ခဲ့သလိုပါပဲလားဗျာ"
ဆာဟင်နရီက ပြောလိုက်ပါသည်။

"ကျွန်မစိတ်ပူနေတာရှိတယ်ရှင့်"ဟု မစ္စမာပယ်က ပြန်ပြော၏။ "မစ္စတ
ပရစ်ချက်နဲ့ ဟိုမိန်းကလေး မစ္စအင်စတိုးတို့လေ။ တစ်ယောက်ကိုတစ်ယော
သံသယတွေဝင်ရင်း ဝေးသွားကြတော့မယ်ထင်ပါရဲ့။ လူဘဝကလည်း တို
ဘိသုနဲ့"

"ဒီအတွက်တော့ မပူပါနဲ့ဗျာ"ဟု ဆာဟင်နရီက ပြောသည်။ "ဆရာ
ဘစ်ယောက် သူ့ကို အတော်အသင့်အမွေပေးထားတဲ့အသက်ကြီးကြီး လူ
ဘစ်ယောက်ကို လုပ်ကြံသတ်ဖြတ်မှုနဲ့ အဖမ်းခံရတယ်ဆိုတာ ကျုပ်ကြား
ပြီးပါပြီ။ ပိုတက်စီယမ်ဆိုင်ယာနိုက်အဆိပ်ကို ရှူဆေးနဲ့အစားထိုးခဲ့တာပါ
ဆရာမကော်ပလင်ဟာ နည်းတစ်မျိုးတည်းကို ထပ်သုံးခဲ့တာပါ။ မစ္စအင်စ
နဲ့ မစ္စတာပရစ်ချက်တို့ သံသယတွေ မရှိနိုင်ကြတော့ပါဘူးဗျာ"

ကောင်းပါလေရဲ့ရှင်၊ အဲ-နောက်ထပ်ဖြစ်တဲ့ လူသတ်မှုကို ပြော
မဟုတ်ဘူးနော်၊ သံသယရှင်းသွားတဲ့ ဟိုနှစ်ယောက်ကို ပြောတာပါ။"

မျက်နှာဖုံးစွပ်အမျိုးသမီး၏ပဟေဠိ

စုံထောက်ကြီးပွိုင်းရော့ စိတ်တိုင်းမကျဘဲ မကျေမနပ်ဖြစ်နေသည်မှာ အတော်ကြာလာပြီဆိုသည်ကို ကျွန်တော်သတိထားမိပါသည်။ ကျွန်တော်တို့တွင် စိတ်ဝင်စားစရာ အမှုဆန်းဆန်းဖြေရှင်းပေးရန်မရှိခဲ့သည်မှာလည်း ကြာခဲ့ပါပြီ။ အထူးသဖြင့် ကျွန်တော့်မိတ်ဆွေကြီးမှာ သူ၏အုံသြလောက်သည့် ဉာဏ်စွမ်းနှင့်ထူးထူးခြားခြား သိမြင်ဆင်ခြင်တတ်သည့် အရည်အသွေးတို့ကို ထုတ်နုတ်အသုံးချရလောက်သည့် ရှုပ်ထွေးခက်ခဲသော အမှုကိစ္စတို့ကို မကြုံရတာကြာပြီဖြစ်ပါ၏။ ယနေ့မနက်တွင် သူသည် သတင်းစာကို ဖတ်ပြီးသည်နှင့်ပစ်ချလိုက်ပြီး စိတ်ပျက်စွာ ညည်းညူလိုက်သည်မှာ ကြောင်တစ်ကောင် ဒေါမာန်ထသံအလား ထင်မှတ်ရပေသည်။

"သူတို့ ကျုပ်ကိုကြောက်နေကြတယ်ဟေစတင်ရဲ့။ ခင်ဗျားတို့အင်္ဂလန်ဆရာဇဝင်တော်ကောင်တွေလေ၊ ကြောင်ရှိနေရင် ဒိန်ခဲနားမကပ်ရဲတဲ့ ကြွက်လေးတွေလိုပေါ့ဗျာ"

သူ့စကားကြောင့် ကျွန်တော်မပြုံးဘဲမနေနိုင်ဖြစ်သွားရပြီး- "သူတို့ထဲက အတော်များများကတော့ ခင်ဗျားရှိနေတယ်ဆိုတာတောင် သိကြမယ်မထင်ဘူးဗျ"ဟု ကျီစယ်လိုက်ပါသည်။ ပွိုင်.ရော့က ကျွန်တော့်အား အပြစ်တင်လိုဟန်ဖြင့်ကြည့်၏။ သူသည်တစ်ကမ္ဘာလုံးက စုံထောက်ကြီးဟာကြူလီပွိုင်းဆရာအကြောင်း တွေးတောပြောဆိုနေကြသည်ဟု ထင်မှတ်ထားသူဖြစ်သည်။ အမှန်အားဖြင့်လည်း သူသည် လန်ဒန်တွင် သူနာမည်ကျော်ကြားအောင် ပြုမူဆောင်ရွက်ခဲ့သူဖြစ်ပါ၏။ သို့သော် ဒုစရိုက်လောကတွင် သူ့ကိုထိတ်လန့်ကြောက်ရွံ့နေကြရလောက်အောင် နာမည်စွမ်းထက်နေသည်ဆိုခြင်းမှာမူ သံကြည်ရန်မလွယ်လှပါ။

"တစ်နေ့က နေ့ခင်းကြောင်တောင် ဘွန်းလမ်းထဲမှာရတနာဆိုင်ဖောက်
သွားတာ ဘယ့်နှယ်လဲဗျ" ကျွန်တော်မေးလိုက်ရာ သူက- "သေသေသပ်သ
အကွက်ချပြီးလုပ်သွားတာပေါ့"ဟုပြန်ဖြေ၏။ "ဒါက ကျုပ်ရဲ့လိုင်းမဟုတ်
လေဗျာ။ ကြိမ်ချောင်းတွေထမ်းလာတဲ့လူတစ်ယောက်က ရတနာဆိုင်မှန်
ကို ထိုးခွဲလိုက်ပြီး အဖိုးတန်ရတနာတွေလက်တစ်ဆုပ်ယူပြီးပြေး
ဘာဝန် သိတဲ့လူတွေက ဝိုင်းဖမ်းကြရော၊ ရဲရောက်လာတော့ ရတနာ
အတူ လက်ပူးလက်ကြပ်မိတာပေါ့။ ရဲစခန်းခေါ်သွားပြီး စစ်လည်းစစ်
ရတနာ တွေက အတုတွေဖြစ်နေသတဲ့။ သူ့ကိုဝိုင်းဖမ်းတဲ့ တာဝန်သ
လူတွေထဲမှာ သူ့ပါတနာလည်းပါနေတာကိုး။ အဲဒီမှာ လက်ပြော
လက်လွှဲလုပ်ပြီး အတုတွေနဲ့လဲလိုက်တာပေါ့ဗျာ၊ သူထောင်ကျခံမယ်
ပြန်လွတ်တော့ ဝေစုတော်တော်များများ ရမှာကိုးဗျ။ စိတ်ကူးက
သိပ်မခေဘူးဆိုရမှာပေါ့။ ဒါပေမယ့်ကျုပ်သာ ဆိုရင် သူ့ထက်ကောင်းအော
လုပ်နိုင်ပါရဲ့ဗျာ။ တစ်ခါ တလေတော့လည်း ကျုပ်စုံထောက်ဖြစ်နေတာ
ဝမ်းနည်းရမလိုလိုဘဲ ဟေစတင်ရေ၊ အပြောင်းအလဲအနေနဲ့ ဥပ
ဆန့်ကျင်ဘက်အလုပ်ကလေး များ လုပ်ရရင်ကောင်းမလားလို့"

"ခင်ဗျားကလည်း ပြောရော့မယ်။ အမှုထောက်လှမ်းရာမှာ အတော်
စုံထောက်ဖြစ်နေပြီးတော့"

"ဒါပေမယ့် အဲဒီလိုထောက်လှမ်းရအောင် အခုဘာအမှုရှိလို့လဲဗျာ
ကျွန်တော်သတင်းစာကိုကောက်ယူလိုက်ပါသည်။ ထို့နောက် သူ့အ
"ဟောဒီမယ်ဗျ၊ အင်္ဂလိပ်အမျိုးသားတစ်ယောက် ဟော်လန်မှာ ခပ်ဆ
ဆန်း အသတ်ခံရတယ်ဆိုပါလား" ဟုပြောလိုက်ရာ သူက "ဒီလိုပဲ
ဘတ်ကြ တာပါပဲဗျာ၊ နောက်တော့လည်း သူ့ဘာသာအစား မှားပြီးဆုံးသွား
မှန်ပြန်လာမှာပါပဲ"

"ခင်ဗျားက ဘာဖြစ်ဖြစ်ငြင်းချင်တာကိုးဗျ"ဟု ကျွန်တော်ပြန်ပြောလို
စဉ် သူပြတင်းပေါက်မှလမ်းထဲသို့ ငုံ့ကြည့်နေပါသည်။ ထို့နောက် သူ
"ဟောဒီမှာဗျို့ ဝတ္ထုတွေထဲက မျက်နှာဖုံးစွပ်အမျိုးသမီးဆိုတာ
တစ်ယောက်လာနေပြီဗျ။ လေ့ကားကတက်လာနေပြီ။ ကျုပ်တို့ အ
သည်ဖြစ်ဖို့များတယ်။ စိတ်ဝင်စားစရာအမှုတစ်ခုရပြီ ထင်တယ်ဗို့
ဒီလောက်ချောတဲ့မိန်းမငယ်တစ်ယောက်ဟာ ကိစ္စကြီးကြီးမရှိဘဲ
သူ့မျက်နှာကို ဇာပဝါဖုံးလာမှာမဟုတ်ဘူးဗျ"

နောက်တစ်မိနစ်တွင် ကျွန်တော်တို့၏ ဧည့်သည်သည် ဧည့်ခန်းထဲသို့
ဆက်လာပါ၏။ ပွိုင်းရော့ပြောသလိုပင် အမျိုးသမီးကမျက်နှာကို လုံလုံခြုံခြုံ
ထားလေသည်။ ပဝါနက်ကိုမဖယ်ဘဲနှင့် သူရုပ်သွင်ကို မခန့်မှန်းနိုင်သော်
သည်း ထိုပဝါမရှိတော့သောအခါ အမျိုးသမီးမှာ ပွိုင်းရော့၏ မှန်းချက်နှင့်
ခဲ့ကြောင်းတွေ့ရပေသည်။ လွန်စွာချောမောလှပသည့် မိန်းကလေးငယ်
း ဆံပင်ကောင်းကောင်းနှင့်မျက်လုံးပြာများရှိ၏။ ခပ်ရိုးရိုးနှင့် တန်ဖိုးကြီး
သည့် အဝတ်အဆင်တို့ကြောင့် အထက်တန်းလွှာမှဖြစ်ကြောင်း မြင်မြင်ချင်း
နိုင် လောက်သူဖြစ်သည်။

"မွန်ဆီယာပွိုင်းရော့ရှင့်-" အမျိုးသမီးက ညင်သာ၍ကြည်လင်သော
သံဖြင့် ပြောပါသည်။ "ကျွန်မအကြီးအကျယ်ဒုက္ခတွေ့နေရပါတယ်။ ရှင်
ကျွန်မကို ကူညီနိုင်လိမ့်မယ်လို့စိတ်ချလက်ချမယုံနိုင်သေးပေမယ့် ရှင့်အရည်
ချင်းကို ကျွန်မ မကြာခဏ ကြားခဲ့ရတယ်ဆိုတော့ နောက်ဆုံးမျှော်လင့်
ချက်အနေနဲ့ စိတ်တုံးတုံးချပြီး လာခဲ့တာပါပဲ။ မဖြစ်နိုင်တဲ့ကိစ္စတစ်ခု ဖြစ်
သောအောင် လုပ်ပေးပါလို့ တောင်းပန်ပါတယ်ရှင်"

"ကျုပ်ကလည်း မဖြစ်နိုင်တဲ့ကိစ္စဆိုတာတွေကိုမှ သဘောကျတတ်တာပါပဲ။
ဒီ-ဆက်သာပြောပေတော့ မိန်းကလေး"

သို့သော်ကျွန်တော်တို့၏ ဧည့်သည်မိန်းကလေးမှာ ဆုတ်ဆိုင်းဆိုင်းဖြစ်နေ
သည်။

"ပွင့်ပွင့်လင်းလင်းပြောမှဖြစ်မယ်မိန်းကလေးရဲ့"ဟု ပွိုင်းရော့ကတိုက်
တွန်းလိုက်သည်။ "ဘယ်လိုအချက်အလက်မျိုးဖြစ်ဖြစ် ချန်ထားလို့မသင့်ဘူး
လို့ကွယ်"

"ကျွန်မရှင့်ကိုယုံကြည်လိုက်ပါပြီ"ဟု မိန်းကလေးကပြန်ပြောလိုက်၏။
"လေဒီမီလီဆင့်မော်ဂန်ဆိုတာ ကြားဖူးမှာပေါ့နော်"ဟု ဆက်ပြောသည်။ ထို
ကြောင့် ကျွန်တော်စိတ်ဝင်စားစွာ ကြည့်လိုက်မိ၏။ ဆောက်ရှင်းယား
ယ်စားလေးနှင့်လေဒီမီလီဆင့်တို့၏ ဧစ္ဆစပ်မင်္ဂလာသတင်းထွက်လာသည်မှာ
ကာပိုင်းမျှသာ ရှိသေးပေ။ သူမသည် အမျိုးအနွယ်မြင့်သော်လည်း
ကြေးချို့တဲ့သည့် အိုင်းရစ် လူကုံထံ တစ်ဦး၏ ပဉ္စမသမီးဖြစ်ပြီး
ဆောက်ရှင်းယားနယ်စားလေးမှာမူ အင်္ဂလန်ရှိ ထင်ရှားသူများထဲမှတစ်ဦး
ဖြစ်ပေသည်။

"ကျွန်မ လေဒီမီလီဆင့်ပါပဲ"ဟု မိန်းကလေးကဆက်ပြော၏။ "ကျွန်မ

စေ့စပ်တဲ့သတင်းကို ရှင်တို့ဖတ်ပြီးကြရော့ပေါ့။ အမှန်မှာတော့ ကျွန်မထ
အပျော်ဆုံးမိန်းကလေးတစ်ယောက်ဖြစ်ဖို့ပေါ့ရှင်၊ ဒါပေမယ့်-အို-မွန်ဆီထ
ပွိုင်းရော့၊ ကျွန်မ မလူးသာမလွန့်သာအကြပ်အတည်းထဲရောက်နေရပြီရှ
လူတစ်ယောက်-လာဗင်တန်ဆိုတယ့်လူတစ်ယောက်က-ကျွန်မဘယ်လိုပြ
ရမှန်းတောင် မသိတော့ပါဘူးရှင်၊ ကျွန်မရေးခဲ့ဖူးတဲ့ စာတစ်ခစောင်ရှိတယ်ရှ
အဲဒီတုန်းက ကျွန်မအသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာပါ၊ အဲဒါ သူက-

"စာက အဲဒီလာဗင်တန်ဆိုတဲ့လူဆီကို မိန်းကလေးရေးပို့ခဲ့တာလား"

"မဟုတ်ဘူးရှင့်၊ သူ့ဆီကိုမဟုတ်ပါဘူး။ စစ်သားလူငယ်တစ်ယောက်
ကိုရေးခဲ့တာပါ။ ကျွန်မသံယောဇဉ်ထားခဲ့ဖူးတဲ့သူပါရှင်၊ သူက စစ်အတွင်း
ကျဆုံးသွားခဲ့ပါတယ်"

"အင်း-အင်း နားလည်ပါပြီ"ဟု ပွိုင်းရော့က ကြင်နာစွာ ပြောလိုက်
သည်။

"အဲဒီမှာ ပွင့်ပွင့်လင်းလင်းရေးထားတာတာချို့ပါနေတယ်ရှင့်။ ဆိုးဆို
ဝါးဝါးတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် မသိတဲ့လူတစ်ယောက်ဖတ်မိရ
အဓိပ္ပာယ်ကောက်လွဲစရာတွေ ဖြစ်နေတာကိုး"

"သဘောပေါက်ပါပြီ"ဟု ပွိုင်းရော့ပြောပြီး "အခုအဲဒီစာက မစ္စတာလာ
ဗင်တန်လက်ထဲမှာ ရောက်နေတယ်ဆိုပါတော့-"

"ဟုတ်ပါတယ်ရှင်-သူကအဲဒီစာကိုင်ပြီး ကျွန်မကိုခြိမ်းခြောက်နေပါတယ်
ငွေတွေမတန်တဆတောင်းပြီး မပေးရင်စာကို နယ်စားလေးဆီပို့လိုက်မှာတဲ့ရှ
ငွေကလည်း ဘယ်လိုမှမဖြစ်နိုင်အောင် တောင်းတာပါရှင်"

"တော်တော်ယုတ်မာလွန်းတဲ့အကောင်ပဲ" ကျွန်တော်စိတ်မထိန်းနိုင်ပြ
ပြီးပြောလိုက်မိပါသည်။ "လေဒီ-မီလီဆင့်၊ တောင်းပန်ပါရဲ့ဗျာ"

"လေဒီရဲ့ခင်ပွန်းလောင်းကို အဖြစ်မှန်ရှင်းပြပြီးဝန်ခံလိုက်ရင်ကော
မကောင်းပေဘူးလား"

"အဲဒီလိုတော့-ကျွန်မ မလုပ်ဝံ့ဘူး မွန်ဆီယာပွိုင်းရော့၊ နယ်စားလေး
ဒီကိစ္စမျိုးမှာ သဘောထားတင်းမာတယ်ရှင့်၊ သဝန်တိုတာရော၊ သဲသယ
ပေါင်းပြီး အဆိုးဆုံးကို ယုံသွားတော့မှာပါရှင်၊ ကျွန်မတို့ စေ့စပ်ထား
ချက် ချင်းဖျက်လိုက်ရမှာပါပဲ"

"အင်း-ဟုတ်ပေမှာပေါ့"ဟု ပွိုင်းရော့က ကရုဏာသက်ဟန်ဖြင့် ခေါ်
ပါသည်။

"ဒီတော့ လေဒီက ကျွန်တော်တို့ကို ဘာများလုပ်ပေးစေချင်တာလဲ"

"ကျွန်မကတော့ လာဗင်တန်ကို ရှင့်နဲ့လာဆွေးနွေးဖို့ပြောမယ်စိတ်ကူး
တယ်။ မွန်ဆီယာပွိုင်းရော့ကို ဒီကိစ္စအတွက် ကျွန်မရဲ့ကိုယ်စားလှယ်လို့
ခြားလိုက်မယ်။ မွန်ဆီယာပြောရင်တော့ သူတောင်းတဲ့ငွေကို လျှော့ပေးချင်
းမှာပါ။

"သူက ဘယ်လောက်များ တောင်းထားတာတုံး"

"ပေါင်နှစ်သောင်းတဲ့ရှင့်၊ လုံးဝမဖြစ်နိုင်တဲ့ငွေပဲ။ ကျွန်မအတွက် ပေါင်
တစ်ထောင်တောင် မလွယ်လှပါဘူးရှင့်"

"လာမယ့်မင်္ဂလာအခမ်းအနားအကြောင်းပြုပြီး ငွေချေးမယ်ဆိုရင် ရနိုင်
ရောတော့ရှိပါရဲ့။ ဒါပေမယ့် သူတောင်းတဲ့ငွေရဲ့တစ်ဝက်လောက်ရဖို့တောင်
ခက်လိမ့်မယ်ထင်တယ်။ နောက်ပြီးတော့-ပြောရရင် ဒီလိုတောင်းတဲ့ငွေပေး
စားကို ကျွန်တော်တော့လုံးဝမကြိုက်ဘူး။ ဒီတော့-အဲဒီလာဗင်တန်ဆိုတဲ့လူ
ကို လွှတ်သာလွှတ်လိုက်ပါ။ ဟာကြူလီပွိုင်းရော့ရဲ့ ပါးနပ်တဲ့နည်းပျူဟာကို
သူသိသွားရအောင်၊ ဒါနဲ့အဲဒီစာကို သူနဲ့တစ်ပါတည်း ယူလာလိမ့်မယ်ထင်
သလား"

မိန်းကလေးကခေါင်းခါပြသည်။ "ယူလာမယ်မထင်ဘူးရှင့်၊ သူကသိပ်
သတိကြီးတဲ့သူဗဲ"

"သူ့ဆီမှာစာရှိနေတာတော့ သေချာပါတယ်နော်"

"ကျွန်မသူ့အိမ်သွားတုန်းက စာကိုထုတ်တောင်ပြပါတယ်ရှင့်"

"လေဒီ သူ့အိမ်သွားခဲ့တယ်-ဟုတ်လား၊ ဒါတော့မလုပ်သင့်တဲ့ကိစ္စပဲ"

"ဟုတ်လားရှင့်-ကျွန်မကတော့ သိပ်စိတ်ဆင်းရဲနေရတာနဲ့ သွားတောင်း
ခန်လိုက်ရင် သူနောက်ဆုတ်မလားလို့ပါ"

"အိုး-ဒီကမ္ဘာပေါ်မှာ လာဗင်တန်လိုလူမျိုးဟာ တောင်းပန်တာလောက်
နဲ့ အလျှော့ပေးမိုးမရှိဘူးဗျာ၊ ဒီစာအပေါ် လေဒီဘယ်လောက်အရေးတကြီး
သဘောထားတယ်ဆိုတာ ဝန်ခံသလိုတောင်ဖြစ်သွားသေးတယ်၊ အဲဒီပုဂ္ဂိုလ်
ဆယ်မှာနေတာတုံး"

"ဝင်ဘယ်လ်ဒန်က ဘိုနာဗီစတာမှာပါ၊ ကျွန်မအဲဒီကို ညမှောင်မှ သွား
ခဲ့တာပါ"

ပွိုင်းရော့ကစိတ်ပျက်စွာ ညည်းညူလိုက်ပါသည်။ လေဒီက ဆက်၍-
"နောက်ဆုံးတော့ ကျွန်မရဲကိုတိုင်မယ်လို့ပြောလိုက်တယ်ရှင့်၊ သူကတော့
မောခန့်နဲ့ရယ်နေတာပါပဲ၊ ရဲကိုတိုင်ချင်ရင်လည်း လေဒီမီလီဆင့်သဘော

"ကဲ-မိတ်ဆွေတို့" လာဗင်တန်က သူဦးထုပ်ကို ယူဆောင်း၍ပြန်ဟန်ပြင်ရင်းပြောပါသည်။ "ကျုပ်တို့ပြောနေရတာ လိုရင်းမရောက်ဘဲ ဖြစ်နေတယ်။ လေဒီမီလီဆင့်က သိပ်ဆွဲဆောင်မှုရှိတဲ့မိန်းကလေးတစ်ယောက်ဆိုတော့ သူ့အပေါ် သိပ်တင်းလို့ မတော်ပေဘူးပေါ့ဗျာ။ ဒီတော့နည်းနည်းလျှော့လိုက်ပါတော့မယ်။ တစ်သောင်းရှစ်ထောင်ပဲဗျို့၊ ဒီနေ့တော့ ကျုပ်လည်းအလုပ်ကိစ္စလေးတွေရှင်းဖို့ ပဲရစ်ကို သွားရဦးမယ်။ အင်္ဂါနေ့တော့ ပြန်ရောက်မှာပဲ။ အင်္ဂါနေ့ည‌နေမှာမှ ငွေမပေးနိုင်ရင် ဟိုစာကို နယ်စားလေးဆီအရောက်ပို့လိုက်ပြီမှတ်ပေတော့။ လေဒီမီလီဆင့်မှာ ဒီလောက်မတတ်နိုင်ဘူးလို့တော့ ပြောဖို့စိတ်မကူးကြနဲ့ဗျို့။ သူမိတ်ဆွေလူကြီးလူကောင်းတွေက ဒီလိုချောတဲ့ မိန်းကလေးတစ်ယောက်ကို ငွေချေးဖို့ဝန်လေးကြမှာမဟုတ်ပါဘူး။ ဟုတ်ရဲ့ မဟုတ်လား"

ကျွန်တော့်မျက်နှာမှာထူပူသွားပြီး ခြေတစ်လှမ်းရှေ့ကို တက်လိုက်ပါသည်။ သို့ရာတွင် လာဗင်တန်က သူ့စကားဆုံးသည်နှင့်အခန်းထဲမှ ထွက်သွားသောကြောင့် ဘာမှမလုပ်လိုက်နိုင်ပါ။ "ကဲဗျာ"ဟု ကျွန်တော်အော်ပြောလိုက်မိ၏။ "တစ်ခုခုတော့လုပ်မှဖြစ်တော့မယ်ဗျို့၊ ခင်ဗျားကြည့်ရတာ လက်လျှော့တော့မယ့်ပုံပဲ ပွိုင်းရော့"

"ခင်ဗျားစိတ်နှလုံးကဖြင့် အတော်ဖြူပါပေရဲ့ဗျာ၊ ဒါပေမယ့်မိတ်ဆွေကြီးရေ-ခင်ဗျားရဲ့ထိုးထွင်းဉာဏ်ကလာပစည်းတွေကတော့ သိပ်မဟုတ်လှသေးဘူး၊ ကျုပ်ကကျုပ်ရဲ့အစွမ်းသတ္တိတွေကို မစွတာလာဗင်တန်အကဲမခတ်မိစေချင်ဘူးဗျ၊ ကျုပ်ကိုသတ္တိနည်းတယ်၊ ကြောက်တတ်တယ်လို့သူက ထင်လေ၊ ပိုကောင်းလေပဲဗျာ"

"ဘာကြောင့်လဲဗျ"

ပွိုင်းရော့ကစကားမပြန်ဘဲ စဉ်းစားနေပြီးမှ- "တိုက်ဆိုင်တယ်ပြောရမလားမသိဘူး၊ လေဒီမီလီဆင့် မရောက်ခင်ကလေးကတင် ကျုပ်ပြောခဲ့သေးတယ်။ တစ်ခါတလေ ဥပဒေအပြင်ဘက်က အလုပ်တွေ လုပ်ကြည့်ရင် ကောင်းမလားလို့"

"ခင်ဗျား၊ သူခရီးသွားတုန်း သူ့အိမ်ကို ဖောက်ထွင်းမလို့လား"ဟု ကျွန်တော်အသက်မရှူနိုင်ဘဲ မေးလိုက်ပါသည်။ သူက-"ဟေစတင်-တစ်ခါတစ်ရံတော့လည်း ခင်ဗျားဉာဏ်က တယ်ပြေးသကိုးဗျ"ဟု ပြော၏။

"စာကိုသူနဲ့အတူ ယူသွားရော့ပေါ့ဗျာ"ဟု ကျွန်တော်ပြောရာ သူက ခေါင်းခါပါသည်။

ပါလို့ပြောသေးတယ်ရှင့်-"

"ဟုတ်တယ်လေ-ဒါမျိုးက ရဲနဲ့ပတ်သက်တာမှ မဟုတ်ဘဲကိုး" ဟု ပွိုင်းရော့က ခပ်တိုးတိုးပြောပါသည်။ "ပြီးတော့ သူဆက်ပြောတာက လေဒီဟာ ဒီထက်ပိုပြီး အသိဉာဏ်ရှိမှာပါပဲတဲ့၊ စာကိုကြည့်ချင်ရင်တော့ ဟောဒီမှာပါ-လို့ပြောပြီး တရုတ်ပဟေဠိသေတ္တာလိုမျိုး သစ်သားဘူးလေးထဲကစာကို ပြပါတယ်။ ကျွန်မသူ့လက်ထဲက လုယူဖို့တောင် ကြိုးစားခဲ့ပါသေးတယ်။ သူက စာကိုသေတ္တာလေးထဲပြန်ထည့်ပြီး ဒီမှာလုံခြုံစိတ်ချရပါတယ်ဗျာ၊ ဘယ်သူမှမတွေ့နိုင်တဲ့နေရာမှာ သိမ်းထားတာပါလို့ပြောတယ်ရှင့်၊ ကျွန်မက နံရံကပ်ဗီရိုကလေးဆီ မျက်စိဝဲကြည့်တော့ သူကခေါင်းခါပြီး ရယ်ပါတယ်။ ဒီထက် ပိုကောင်းတဲ့နေရာရှိပါတယ်ဗျာလို့လည်း ပြောပါသေးတယ်။ အိုမွန်ဆီယာပွိုင်းရော့၊ ဒီလူဟာ သိပ်ခွဲဖို့ကောင်းတဲ့သူပါရှင်၊ မွန်ဆီယာ ကျွန်မကို ကူညီနိုင်ပါ့မလားရှင့်"

"အပြည့်အဝထားလိုက်ပါတော့လေဒီ၊ နည်းလမ်းတစ်ခုခုတော့ တွေ့တို့တွေ့မှာပါ"

ပွိုင်းရော့ကအာမခံလိုက်ပြီး လေဒီမီလီဆင့်ကို လှေကားအောက်အထိလိုက်ပို့ပါသည်။ သူအာမခံလိုက်စေကာမူ ကျွန်တော်စိတ်ထဲတွင်တော့ မလွယ်ရေးချမလွယ်ဟု ထင်နေမိပါသည်။ ကျွန်တော့်ထင်မြင်ချက် သူတို့ပြောပြလိုက်သောအခါ ပွိုင်းရော့က ဖြည်းညင်းစွာခေါင်းညိတ်ပြီး-"မှန်ပါတယ်၊ အဖြေကစောမရှိသေးဘူးဗျ၊ လာဗင်တန်ဆိုတဲ့လူက ကောင်းကောင်းအပေါ်စီးရနေတာကိုး၊ လောလောဆယ်မှာတော့ သူ့ကို ကျော်လွှားနိုင်ဖို့ နည်းလမ်းရှာမရဘဲ ဖြစ်နေတယ်"ဟု စိတ်ပျက်အားလျော့ဟန်ဖြင့် ပြောပါသည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် မစွတာလာဗင်တန်သည် ကျွန်တော်တို့ကို လာတွေ့ပါသည်။ ထိုလူကို ရွံစရာကောင်းသည်ဟု လေဒီမီလီဆင့်ပြောခဲ့သည်မှာ မမှားပါ။ ကျွန်တော်ပင်လျှင် သူ့ကိုလှေကားပေါ်မှ ကန်ချပစ်လိုစိတ်က အကြိမ်ကြိမ်ဖြစ်ခဲ့ပါသည်။ သူသည်ဆောင့်ကြွားကြွားဟန့်ပန့်နှင့်ပွိုင်းရော့၏ညင်သာ နှိမ့်ချသောစကားတို့ကို ပြက်ရယ်ပြုပြီး သူ့ကိုယ်သူ အလွန်အရေးပါသော ပုဂ္ဂိုလ်တစ်ယောက်သဖွယ် ဆက်ဆံခဲ့လေသည်။ ပွိုင်းရော့သည်လည်းခါတိုင်း လိုမဟုတ်ဘဲ သူ့စွမ်းရည်တွေ ပျောက်ကွယ်နေသလို ထင်မှတ်ရပါသည်။ သူကြည့်ရသည်မှာ အားငယ်နေသလို ဖြစ်နေပါ၏။

"ယူသွားမှာမဟုတ်ဘူးဗျ။ သူ့အိမ်မှာဘယ်သူမှမသိနိုင်တဲ့နေရာရှိတယ်
သူစိတ်ချထားတယ်လေ"

"ဒါဖြင့်-ဘယ်တော့လောက်၊ အဲ-အဲဒီအလုပ်လုပ်ကြမလဲ"

"မနက်ဖြန်ညပဲဗျာ၊ ဆယ့်တစ်နာရီလောက် ဒီကနေထွက်ကြတာပေါ့
ချိန်းထားသည့်အချိန်ရောက်သောအခါ ကျွန်တော်အသင့်ဖြစ်နေပါ
ကျွန်တော်ဝတ်ထားသည်မှာ အမည်းရောင်ဝတ်စုံဖြစ်ပြီး မီးခိုးရောင်ဦးထုပ်
ဖြစ်ပါသည်။ ပွိုင်းရော့က ကျွန်တော့်ကို ပြုံး၍ကြည့်၏။

"ခင်ဗျားက အခြေအနေနဲ့ကိုက်အောင် ဝတ်ထားတာကိုး၊ ကဲ-ဝင်ဘ
ဒန်ကို ရထားနဲ့သွားကြစို့"

"ကျွန်တော်တို့ တစ်ခုခုယူမလာတော့ဘူးလား။ ထွင်းစရာဖောက်စ
ကိရိယာလေးဘာလေးပေါ့"

"မိတ်ဆွေကြီးရယ်၊ ဟာကြူလီပွိုင်းရော့ဟာ ပင်ပင်ပန်းပန်းလုပ်ရမ
နည်းတွေမသုံးပါဘူးဗျ"

ကျွန်တော်ဆက်မပြောဘဲ ဥပေက္ခာပြုလိုက်ပါတော့သည်။ သို့ရာတွင်
သိချင်စိတ်ကတော့ များနေပါ၏။ ဘိုနာဗီစတာရပ်ကွက်သို့ 'ကျွန်တော်
ရောက်သွားသောအခါ ညသန်းခေါင်ချိန်လောက် ဖြစ်နေပါပြီ။ ကျွန်တော်
ဝင်မည့်အိမ်မှာ မှောင်မည်းငြိမ်သက်နေသည်။ ပွိုင်းရော့က အိမ်နောက်ဘ
သို့ တောက်လျှောက်သွား၍ ပြတင်းပေါက်တစ်ခုကို အသံ မထွက်အော
ဖွင့်လိုက်ပြီး ကျွန်တော့်ကို အရင်ဝင်ခိုင်းပါသည်။ အထဲသို့ရောက်ပြီးနောက
ကျွန်တော်က ပွိုင်းရော့ကို "ဒီပြတင်းပေါက်ဖွင့်လို့ရမယ်လို့ခင်ဗျားဘယ်
သိတာလဲဗျ"ဟု လေသံကလေးနှင့်မေးလိုက်ပါသည်။ "မနက်က ကျုပ်လာ
မင်းတုပ်ကိုချောင်အောင်လုပ်ထားခဲ့တာလေ"ဟု သူကပြန်ပြောပါသည်။ ကျွ
တော်တအံ့တသြဖြစ်နေ၍ သူက- "ဟုတ်တယ် လွယ်လွယ်လေးပါ။ ရဲ
ကဆီက ကတ်ပြားလေးယူလာပြီး သူတို့ကိုပြလိုက်တယ်။ မစ္စတာလာ
ခင်ဗျာန် က သူခရီးထွက်တုန်း အိမ်မှာသူခိုးမဖောက်နိုင်တဲ့ အာမခံမင်းတုပ်
အော့ တပ်ချင်တယ်ဆိုလို့ စကော့တလန်ယာဒ်စုံထောက်ဌာနက လာစစ်ဆေ
ဘာ ပါလို့ပြောလိုက်တော့ လွယ်လွယ်ကူကူပဲ ဝင်ခွင့်ရတယ်။ မကြာသေးခ
က သူတို့အိမ်ကို နှစ်ခါအဖောက်ခံခဲ့ရသတဲ့ဗျ။ ဘာမှတော့ပါမသွားဖူးလို့ကြော
တယ်။ တံခါးပြတင်းတွေကို ကျုပ်စမ်းသပ်စစ်ဆေးတာတွေလုပ်ပြီး မနက်ဖြန်
အထိပြတင်းပေါက်တွေကို လျှပ်စစ်စီးကြောင်းလွတ်ထားမှာမို့ မထိကြနဲ့လို့
မှာခဲ့ရတာပေါ့ဗျာ"

"တကယ်ပဲဗျာ ပွိုင်းရော့ ခင်ဗျားမို့တတ်နိုင်ပါ့မလဲရဲ့"

"ဒါဖက်တဲ့ကိစ္စမဟုတ်ပါဘူးဗျာ၊ ကဲအလုပ်စကြမို့၊ အခိုင်းအ
အိမ်ပေါ် ထပ်မှာ အိပ်ကြတာဗျ၊ ဒီတော့ အနှောင့်အယှက်တွေ့ဖို့ သိပ်မရှိ
မ်ရပါဘူး"

"မီးခံသေတ္တာက နံရံတစ်နေရာရာမှာ မြှုပ်ထားမယ်ထင်တယ်နော်"

"မီးခံသေတ္တာ-တောက်ထီးတောက်တဲ့ဗျာ၊ ဘာမီးခံသေတ္တာမှ မရှိဘူးဗျ
စ္စတာလာဗင်တန်ဟာ ဉာဏ်သွားတဲ့သူဆိုတော့ မီးခံသေတ္တာထက်ပိုပြီး
ုံခြုံတဲ့အစီအစဉ်လုပ်ထားလိမ့်မယ်။ မီးခံသေတ္တာဆိုတာ ဘယ်သူဖြစ်ဖြစ်
အရင်ဆုံးရှာမယ့်နေရာမဟုတ်လား"

ကျွန်တော်တို့နေရာအနှံ့စနစ်တကျရှာဖွေကြပါသည်။ နာရီအတန်ကြာ
အောင် စေ့စေ့စပ်စပ်ရှာသော်လည်း အကျိုးမထူးပါ။ မွိုင်းရော့၏မျက်နှာတွင်
ဒါသရိပ်များပင် တွေ့လာရပါ၏။

"ဟာကြူလီပွိုင်းရော့ကို အလဲထိုးလိုက်တဲ့သဘောလား။ မဖြစ်ဘူးလေ။
ဒီလိုဘယ်အဖြစ်ခံနိုင်မလဲ၊ စိတ်ငြိမ်ငြိမ်ထားစမ်း၊ အေးအေးဆေးဆေးစဉ်းစား၊
သူတို့တန်တန်အဖြေရှာ၊ ထိုးထွင်းဉာဏ်ကလာပ်စည်းတွေကို အသုံးချစမ်း"
သူတိုးတိုးရေရွတ်ရင်း ငြိမ်သက်စွာ စဉ်းစားနေပါသည်။ မျက်မှောင်ကြုတ်၍
းစိုက်စိုက်အဖြေရှာနေပုံရ၏။ မကြာမီသူမျက်လုံးများသည် အဖြေတစ်ခုခု
တိုင်းဖြစ်တတ်သလို ခပ်စိမ်းစိမ်းအရောင်တောက်လာပါသည်။

"ဖျင်းပါပေ့ဗျာ၊ မီးဖိုချောင်ပေါ့ဗျ"

"မီးဖိုချောင်-" ကျွန်တော်တအံ့တသြပြောလိုက်မိ၏။ "မဖြစ်နိုင်တာဗျာ၊
အခိုင်းအစေတွေက-"

"မှန်တယ်၊ မှန်တယ် လူတစ်ရာမှာကိုးဆယ့်ကိုးယောက်က အဲဒီလိုစဉ်း
းမှာပဲ၊ ဒါကြောင့်လဲ မီးဖိုချောင်က အလုံခြုံဆုံးနေရာဖြစ်ရတာကိုး။ တိုလီ
ိုလီအိမ်သုံးပစ္စည်းတွေနဲ့ ရှုပ်နေတဲ့နေရာမျိုးဗျ။ ကဲလာသွားရှာကြစို့"

ကျွန်တော်သူ့နောက်လိုက်သွားပါသည်။ ပေါင်မုန့်ဘူးများ၊ ဒယ်အိုးမျာ
ုင့်ဂက်စ်မီးဖိုထဲပါမကျန် ရှာနေသောသူ့ကိုမယုံနိုင်အောင်ဖြစ်ကာ ကြည့်နေ
ိုပါသည်။ နောက်ဆုံးတွင်အကျိုးမဲ့စောင့်ကြည့်နေရသည်ကို ငြီးငွေ့လာပြီး
ကြည့်ခန်းထဲသို့ထွက်လာခဲ့ပါသည်။ ကျွန်တော်ကတော့ စာကြည့်ခန်းလို
နေရာမျိုးတွင်သာတွေ့နိုင်မည်ဟု ယုံကြည်ထားပါသည်။ အချိန်မှာလေးနာရီ
ဆယ့်ငါးမိနစ်ရှိပြီဖြစ်လေရာ မကြာမီအရုဏ်တက်တော့မည်ဖြစ်၍ မိနစ်
အနည်းငယ်သာရှာကြည့်ပြီး မီးဖိုခန်းသို့ပြန်သွားလိုက်ပါသည်။ ကျွန်တော်

ရုတ်တရက်ကြက်သေသေသွားမိ၏။ အကြောင်းမှာ မီးသွေးလှောင်ခန်း ထဲတွင် တစ်ကိုယ်လုံးညစ်ပေစွာ မတ်တတ်ရပ်နေသော ပွိုင်းရော့ကို တွေ့လိုက်ရ၍ ဖြစ်ပါသည်။ သူ့မျက်နှာက အလွန်စိတ်ထက်သန်နေဟန် ရှိ၏။

"ဟုတ်တယ်မိတ်ဆွေကြီး၊ ဒီလောက်ညစ်ပတ်စုတ်ပြတ်နေတာမျိုးဟာ ကျုပ်ရဲ့သဘာဝနဲ့တော့ ဆန့်ကျင်ဘက်ပေါ့ဗျာ၊ ဒါပေမယ့်-ခင်ဗျားထင်နေ တာက-"

"လာဗင်တန်က မီးသွေးတွေအောက်တော့ ဝှက်မထားလောက်ပါဘူးဗျာ"

"ခင်ဗျားသေသေချာချာကြည့်ဦးဗျ၊ ကျုပ်ရှာနေတာမီးသွေးပုံထဲ မဟုတ် ဘူး"

ထိုအခါမှ မီးသွေးပုံနောက်ရှိ စင်တစ်ခုပေါ်မှ ထင်တုံးများကို ကျွန်တော် သတိထားမိပါသည်။ ပွိုင်းရော့က ထင်းတုံးများကို တစ်ခုပြီးတစ်ခု ယူကြည့် ကာ ဖောက်သို့ချစီနေရင်း အာမေဋိတ်သံတိုးတိုး ရေရွတ်လိုက်၏။

"အား-ဟေစတင်၊ ဓားပါရဲ့မဟုတ်လား၊ ပေးစမ်းဗျာ"

ကျွန်တော်သူ့ကို ဓားလှမ်းပေးလိုက်သောအခါ သူကထင်းတုံးတစ်ခု အတွင်းသို့ ဓါးထည့်၍ ကလန့်လိုက်သည်။ ထင်းတုံးသည် နှစ်ခြမ်းကွဲသွားပြီး အထဲတွင် အခေါင်းဖြစ်နေကာ ထိုအထဲမှ တစ်စုံတစ်ခုကို ပွိုင်းရော့က ထုတ် ယူလိုက်ပါ၏။ တရုတ်နိုင်ငံဖြစ် သစ်သားဘူးလေးပါတကား။

"တော်တယ်ဗျာ" ကျွန်တော်စိတ်မထိန်းနိုင်ဘဲ အသံထွက်ပြောမိပါသည်။

"တိုးတိုးဗျ၊ ဟေစတင်၊ လူတွေကြားကုန်မယ်။ ကဲ-လာ-အလင်းရောင် မလာခင်ပြန်ကြစို့ရဲ့"

သေတ္တာဘူးငယ်လေးကို သူ့အိတ်ထဲတွင်ထည့်၍ မီးသွေးလှောင်ခန်းထဲမှ ထွက်ကာ အဝတ်များကိုခါပြီး ကျွန်တော်တို့လာလမ်းအတိုင်း အပြင်ထွက်ခဲ့ ကြပါသည်။ ထို့နောက် လန်ဒန်မြို့လယ်သို့ ခပ်သွက်သွက်လျှောက်ကြတော့၏။

"ဘယ်လိုစိတ်ကူးနဲ့များ ဒီလိုနေရာမျိုးလာဝှက်ထားပါလိမ့်ဗျာ" ကျွန်တော် အပြစ်တင်မိပါသည်။ "ထင်းတုံးယူသုံးတဲ့သူတွေ တွေ့သွားကြမှာပေါ့"

"ဒီလို ဇူလိုင်လမျိုးမှာလား ဟေစတင်ရဲ့၊ နောက်ပြီး ထင်းပုံရဲ့အောက် ဆုံးကတုံးထဲမှာဗျ။ သိပ်ရိုးပြီး ထင်စရာမရှိတဲ့နေရာပေါ့ဗျာ။ ဟောဟိုမှာ တက္ကစီတစ်စီးလာပြီဗျို့။ အိမ်ပြန်ပြီးရေမိုးချိုးတစ်ရေးလောက်မှေးလိုက်ကြဦး စို့"

ညကတွေ့ကြုံသည့် စိတ်လှုပ်ရှားစရာများကြောင့် ကျွန်တော်နောက်ကျမှ

အိပ်ပျော်သွားပါသည်။ နေ့တစ်နာရီထိုးကာနီးမှသာ ကျွန်တော်ဧည့်ခန်းသို့ ထွက်လာနိုင်ပါ၏။ လက်တင်ကုလားထိုင်တစ်လုံးပေါ်တွင်မှီ၍ထိုင်ကာ တရုတ်ဘူးငယ်ကိုဖွင့်လျက်သားချထားလျက် ထိုအထဲမှ စာကိုဖွင့်၍ စိမ်ပြေ နပြေဖတ်နေသော ပွိုင်းရော့ကိုကြည့်ပြီး ကျွန်တော်အံ့အားသင့်သွားပါသည်။ သူကကျွန်တော့်ကိုပြုံး၍ကြည့်ပြီး ကိုင်ထားသောစာကိုထောင်ပြကာ-"လေဒီ မီလီဆင့်ပြောတာ အမှန်ပဲဗျို့။ ဒီစာကို နယ်စားလေးသာဖတ်ရရင် လုံးဝ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး။ ရည်းစားစာတွေထဲမှာတော့ အသည်းဆုံး အကဲဆုံး လို့ဆိုရလိမ့်မယ်ဗျ"

"ဟာ-ပွိုင်းရော့၊ ခင်ဗျားနှယ်ဗျာ" ကျွန်တော်စိတ်ပျက်စွာ အပြစ်တင် လိုက်ပါသည်။ "ခင်ဗျား အဲဒီစာကို ဖတ်ဖို့မကောင်းဘူးဗျာ၊ မလုပ်သင့်တဲ့ တိစ္စပဲဗျ"

"ဟာကြူလီပွိုင်းရော့ကတော့ လုပ်ရမယ်လေ" သူကစာကိုအိတ်ထဲ ပြန် ထည့်ရင်း ခပ်အေးအေးပြန်ပြောပါသည်။

"နောက်တစ်ခုရှိသေးတယ်ဗျ၊ ရဲမှူးဂျက်ရဲ့ကတ်ပြားကို မနေ့က ယူသုံး တာလည်း သိက္ခာမရှိတဲ့အလုပ်ပဲ"

"ကျုပ်က သိက္ခာရှိဖို့လုပ်တာမဟုတ်ဘူးဗျ၊ အမှုတစ်ခုလိုက်နေတာလေ ဗျာ" ကျွန်တော် ပခုံးများစိုသာ တွန့်လိုက်ပါသည်။ အမြင်ချင်းမတူတာကို အငြင်းပွားမနေလိုသောကြောင့်ဖြစ်၏။

"လှေကားတက်လာသံကြားတယ်ဗျို့"ဟု သူကပြော၏။ "အဲဒါ လေဒီမီလီဆင့် ဖြစ်လိမ့်မယ်။ ကျွန်တော်တို့၏ အလုပ်ရှင်မိန်းကလေးသည် သိလိုစိတ်ပြင်းပြ နေသော မျက်နှာဖြင့်ဝင်လာပြီး ပွိုင်းရော့ကိုင် ထားသော စာအိတ်နှင့်ဘူးငယ် ကိုမြင်လိုက်သည်နှင့်ပျော်ရွှင်နေသော အမူအရာ ဖြစ်သွားပါသည်။ "အိုး- မွန်ဆီယာပွိုင်းရော့ တွေ့ခဲ့ပြီကိုး၊ တော်လိုက်တာရှင်"

"အပြစ်မကင်းတဲ့နည်းတွေသုံးခဲ့ရတယ်ဗျ၊ ဒါပေမယ့် မစ္စတာလာဗင်တန် ကတော့ တရားစွဲမှာမဟုတ်ပါဘူး။ ဒီစာဟုတ်ပါတယ်နော်-" ပွိုင်းရော့က စာအိတ်ကိုပေးလိုက်ရာ သူမကစာအိတ်ထဲသို့ကြည့်ပြီး-"ဟုတ်ပါတယ်ရှင့်-"

ပွိုင်းရော့ကအကြောင်းစုံပြောပြလိုက်ရာ သူမကတအံ့တသြနားထောင် ရင်း စားပွဲပေါ်မှဘူးငယ်ကို ယူရန်လက်လှမ်းလိုက်၏။ "ဒီဘူးလေးကိုတော့ အထိမ်းအမှတ်ပစ္စည်းအဖြစ် သိမ်းထားရမယ်"

"ကျွန်တော်ကလည်း ဒီဘူးလေးကို အထိမ်းအမှတ်အနေနဲ့ သိမ်းထား ချင်တာဗျ၊ ခွင့်ပြုနိုင်မယ်ထင်ပါရဲ့"

"ကျွန်မတို့မင်္ဂလာပွဲကျရင် ဒီထက်ကောင်းတဲ့လက်ဆောင်ရပါစေမယ်
ကျွန်မကကျေးဇူးမမေ့တတ်ပါဘူး မွန်ဆီယာပွိုင်းရော့ရဲ့" သူမက ရယ်
မောမောနှင့်ဘူးကို လှမ်းယူလိုက်၏။ သို့ရာတွင် ပွိုင်းရော့က ဘူးကိုလက်
ဦးစွာအုပ်ထားလိုက်ပြီး-"မဖြစ်ဘူးလေ"ဟု လေသံပြောင်းလျက်ပြောလို
သည်။ အမျိုးသမီးကလည်း "ဘာဆိုလိုတာလဲရှင့်"ဟု အသံပြတ်ပြတ်
မေးသည်။ ပွိုင်းရော့ကဘူးကိုကောက်ကိုင်ပြီး-"ဘူးထဲမှာဘာတွေရှိသေးတ
ဆိုတာကြည့်ကြရအောင်၊ ဘူးကနှစ်ဆင့်လုပ်ထားတာဗျ။ အပေါ်ဆင့်
စာကို ထည့်ထားတယ်။ အောက်ဆင့်မှာတော့-"ပွိုင်းရော့က ခပ်သွက်သွ
လှည့် လိုက်ပြီး သူ့လက်ဖဝါးကိုပြန်ပြလိုက်၏။ လက်ဖဝါးပေါ်တွင်ထ
ပြောင်ပြောင် လက်လက် ပတ္တမြားကြီးလေးလုံးနှင့်ပုလဲလုံးကြီးနှစ်လုံးတို့
တွေ့လိုက်ရပါ သည်။ သူက-"ဘွန်းလမ်းထဲက ရတနာဆိုင်မှာ အခိုးခံရ
ကျောက်တွေ ဖြစ်မှာပါပဲ။ ဒါတော့ ရဲမှူးကျက်ကပြောနိုင်ပါလိမ့်မယ်" ပွိုင်း
စကားအဆုံး တွင် အံ့အားသင့်သွားရလောက်အောင် အိမ်ခန်းထဲမှရဲမှူးတ
ထွက်လာလေ၏။ ပွိုင်းရော့က အမျိုးသမီးအားကြည့်လျက်-"တော်ပါပေရဲ့
ကျွန်မကို ဒီလောက်မြန်မြန်ဖမ်းနိုင်တာ"ဟု ပွိုင်းရော့ကို ကလေးတ
ကြည့်လျက် ပြောပါသည်။

"ကဲ-ဂါတီရေ" ရဲမှူးကျက်ကဝင်ပြော၏။"ပွဲကတော့စောစောသိမ်းပြီ
လာဗင်တန်လို့ သူ့ကိုယ်သူခေါ်တဲ့မင်းရဲ့မိတ်ဆွေကိုလည်း ဖမ်းမိထား
တွယ်၊ လာဗင်တန်အစစ်ကတော့ တစ်နေ့ကဟော်လန်မှာ အသတ်ခံလို့
ရတယ်၊ ရတနာတွေသူ့ဆီပါတယ်ထင်လို့ဖြစ်မှာပေါ့။ ဒါပေ
သူတမင်းတို့ထက် ပါးတယ်။ အိမ်ထဲမှာပဲ လုံလုံခြုံခြုံဝှက်ထားခဲ့တ
ခင်းတို့ရှာလို့မတွေ့တာကို မစ္စတာပွိုင်းရော့က တွေ့အောင်ရှာနိုင်တ
ပွဲပြီးသွားတာပေါ့ကွယ်"

ရဲမှူးကျက်က ဂါတီကိုဖမ်းခေါ်သွားပြီးနောက် ပွိုင်းရော့က စဉ်းစား
ရှင်းပြပါသည်။

"ဖိနပ်တွေလွဲနေတာကစပြီး မသက်ာဖြစ်ခဲ့တာပေါ့။ ခင်ဗျားတို့အင်္ဂ
တွေမှာ လေဒီလို့ခေါ်တဲ့လူကုံထံအမျိုးသမီးတွေဟာ အဝတ်ကိုတော်ရုံသ
ဝတ်ချင်ဝတ်မယ်။ ဖိနပ်ကျတော့ ခပ်ညည်ညည်ကို လုံးဝမစီးဘူးဗျ။ လေဒီမိလီဆ
ကတော့ တန်ဖိုးကြီးတဲ့အဝတ်တွေဝတ်ထားပြီး ဖိနပ်အပေါစား စီးထ
တာကိုး၊ လေဒီမိလီဆင့်အစစ်ကို ခင်ဗျားရောကျွပ်ရော မမြင်ဖူးကြဘူး

လည်း သူသိမှာပဲ။ လေဒီအစစ်က လန်ဒန်ကို သိပ်လာဖြစ်တာမဟုတ်
ူးလေ။ ဖိနပ်တွေရယ်၊ သူပြောတဲ့ဇာတ်လမ်းရယ်၊ မျက်နှာကိုဖုံးလာတာရယ်
ဟာ သဘာဝမကျဘဲဇာတ်ဆန်နေတော့ ပိုပြီးသံသယခိုင်မာလာတာပေါ့
၊ တရုတ်သေတ္တာလေးနဲ့စာတစ်စောင် အကြောင်းကတော့
တို့တစ်ဂိုဏ်း လုံးသိထားတဲ့ကိစ္စဖြစ်မှာပဲ။
ပေမယ့် ဝှက်ထားတဲ့နေရာကတော့ သေသွားတဲ့
တာလာဗင်တန်ရဲ့စိတ်ကူးပဲဖြစ်လိမ့်မယ်။ အင်း-ဟေစတင်ရေ-ခင်ဗျား
စ်နေ့က ကျုပ်ကိုပြောခဲ့တာမျိုး နောက်ထပ်ပြောဦးမှာလားဗျ။ ဒုစရိုက်
ကသားတွေက ကျုပ်ရှိနေတာတောင် သိကြမယ်မထင်ဘူးဆိုတာလေ။
ာ-အခုတော့ သူတို့ကိုယ်တိုင်မတတ်နိုင်တဲ့ကိစ္စမျိုးမှာ ဂျုပ်ကိုတောင်
လုပ်လာအပ်နေကြပါရောလားဗျာ-"

အကြံကြီး ကြံဝံ့သူ

မိတ်ဆွေဖြစ်သူ စုံထောက်ကြီး ဟာကြူလီ ပွိုင်းရော့နှင့်တစ်အိမ်တ
အတူနေခဲ့စဉ်က ကျွန်တော်၏ ထုံးစံတစ်ခုမှာ "မိုးကြိုး"သတင်းစာခေါင်
များကို မိတ်ဆွေကြီးအား တစ်ခုပြီးတစ်ခု ဖတ်ပြခြင်းဖြစ်ပါသည်။ 'မိုး
နေ့စဉ်သတင်းစာမှာ လူစိတ်ဝင်စားမည့်သတင်းများကို ရွေးချယ်ဖော်ပြ
ရှိပါ၏။ ဓါးပြမှု၊ လူသတ်မှုစသည့် အမှုကြီးများမှာ သတင်းစာများ မျက်
ဖုံးများတွင် နေရာပေးခံရလေ့ ရှိပါသည်။ ယနေ့ခေါင်းစီးသတင်းများမှာ ဤ
ဖြစ်သည်။

- ပေါင်ငါးသောင်းတန် အာမခံငွေစုလက်မှတ်များနှင့် ထွက်ပြေး
ရှောင်သွားသော ဘဏ်စာရေး
- ဓာတ်ငွေမီးဖိုထဲခေါင်းစိုက်သေကြောင်းကြံသော လင်ယောက်
စိတ်မချမ်းမြေ့ဖွယ် အိမ်ထောင်ရေး
- ပျောက်ဆုံးနေသော လက်နှိပ်စက်စာရေးမ၊ နှစ်ဆယ့်တစ်နှစ်အ
မိန်းမချောလေး အက်ဒနာဖီးလ် ဘယ်ရောက်နေသလဲ

"ကိုင်း-မိတ်ဆွေကြီးပွိုင်းရော့-ကြိုက်တာသာရွေးပေတော့၊ ထွက်ပြေ
တဲ့ ဘဏ်စာရေး၊ ထူးထူးဆန်းဆန်း သေကြောင်းကြံမှုတစ်ခု၊ ပျောက်နေ
လက်နှိပ်စက်စာရေးမတဲ့၊ ဘယ်သတင်း သဘောကျလဲဗျ"

ကျွန်တော့်မိတ်ဆွေကြီးက စိတ်မဝင်စားဟန်ဖြင့် ခေါင်းခါလု
"ဘယ်ဟာမှသဘောမကျဘူးဗျ၊ ဒီနေ့အဖို့မှာ သိပ်ကိုထူးခြားတဲ့ပြသ
မဟုတ်ရင် ကျုပ်ထိုင်ရာကမထတော့ဘူး။ ကိုယ်ရေးကိုယ်တာလုပ်စရာ
တွေ လုပ်ရဦးမှာကိုး"

"ဘယ်လိုကိစ္စတွေများလဲဗျ"

"ကျုပ်ရဲ့ကုတ်အကျီအသစ်လေဗျာ၊ အမဲဆီတစ်စက်စွန်းနေတာက
ပ်ကို စိတ်အနှောင့်အယှက်ပေးနေတယ်။ ဟေစတင်ရဲ့။ အနွေးထည်လည်း
ခံ့အသက်ပျောက်အောင်လုပ်ရဦးမယ်။ ပြီးတော့ ကျုပ်နှုတ်ခမ်းမွေးကိုလည်း
ည်းနည်းတိပေးဖို့ လိုနေပြီဗျ"

"ဟုတ်ပါပြီဗျာ" ကျွန်ဟော် ပြတင်းပေါက်မှ အောက်ငုံ့ကြည့်ရင်း-
င်ဗျားရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေ လုပ်မှလုပ်နိုင်ပါ့မလားမသိဘူး။
ာက်က ဘဲလ်တီးသံကြားတယ်ဗျ။ အမှုသည်တစ်ယောက် လာပုံရတယ်"

"နိုင်ငံနဲ့ချီပြီးအရေးကြီးတဲ့အမှုမဟုတ်လို့ကတော့ လက်ခံမှာမဟုတ်ဘူး
ဟု ပွိုင်းရော့က ခပ်ဝင့်ဝင့်ကြေညာလိုက်ပါသည်။ ခဏအကြာတွင် ကျွန်
တော်တို့ ဧည့်ခန်းသို့ မျက်နှာနီနီနှင့်ခပ်ဝဝ အမျိုးသမီးတစ်ဦးဝင်လာ၍ ထိုင်
လှေကားတက်လာရ၍ မောနေသောကြောင့် ရုတ်တရက်စကားမပြော
ရှာပါ။ အမောပြေမှ "ရှင်-မစ္စတာပွိုင်းရော့လား"ဟု မေးပါသည်။

"မှန်ပါတယ် မဒမ်၊ ဟာကြူလီပွိုင်းရော့ဆိုတာ ကျုပ်ပါပဲ"

"ရှင်က ကျွန်မထင်ထားတဲ့ပုံစံမျိုးမဟုတ်ဘူး" အမျိုးသမီးက သိပ်အထင်
ကြီးဟန်နှင့်ကြည့်ပြီး- "သတင်းစာထဲမှာ ရှင့်ကိုသိပ်တော်တဲ့ စုံထောက်ကြီး
ပါနေတာဟာ ရှင်ကငွေပေးပြီး ထည့်ခိုင်းတာလား။ သူတို့ဘာသာထည့်
လား"

ပွိုင်းရော့က ရုတ်တရက်ကိုယ်ကိုမတ်လိုက်ပြီး "မဒမ်"ဟု ရေရွတ်လိုက်
သည်။

"ဝမ်းနည်းပါတယ်ရှင်-ခက်တာက သတင်းစာတွေမှာလည်း မဟုတ်မဟတ်
ကြော်ငြာတွေပဲများနေတာကိုး၊ သတို့သမီးက သူ့မိန်းကလေးမိတ်ဆွေကို
ခေါင်းလျှော်ရည် ဘယ်လောက်ကြောင့် ပြောတာတို့ဘာတို့ပေါ့။ ကွမ်းယာဆိုင်
တောင် ရနိုင်တဲ့ ခေါင်းလျှော်ရည်လေ။ အဲဒါမျိုးတွေချည့်ပါပဲ။ ကဲ-
မရှင့်ကို လုပ်ပေးစေ ချင်တဲ့ကိစ္စကတော့ ကျွန်ရဲ့ထမင်းချက် ပျောက်နေ
ရှာပေးဖို့ပါပဲ"

ပွိုင်းရော့က သူမကိုကြက်သေသေလျက်ကြည့်နေပါသည်။ အစဉ်အမြဲ
တုံ့ပြန်ရန် အသင့်ဖြစ်နေတတ်သော သူ့နှုတ်ခမ်းမှာ ယခုအခါ အသံ
ကိုနေပါ၏။ ကျွန်တော်မှာမူ ရယ်ချင်စိတ်ကို မထိန်းနိုင်၍ တစ်ဖက်သို့
လိုက်ရပါသည်။

"အလုပ်လက်မဲ့တွေကို အစိုးရက ထောက်ပံ့ကြေးပေးနေတာကြောင့်
ပါမယ်ရှင့်" အမျိုးသမီးက ဆက်ပြောနေ၏။ "အခိုင်းအစေတွေ စိတ်

ဆဲ စာရေးမတို့ဘာတို့ လုပ်ချင်သလိုလိုဖြစ်ကုန်ကြတော့တာပဲ။ ကျွန်မအိမ်
သူတို့မကျေနပ်စရာ ဘာမှမရှိဘူးရှင့်၊ အပတ်တိုင်းနေ့ခင်းနဲ့ညပိုင်းနားရတ
ရှင်း၊ တစ်ပတ်ခြား တနင်္ဂနွေတိုင်း ရက်အားပေးတယ်။ ကျွန်မတို့ စားသ
စားရတယ်ရှင့်။ ထောပတ်ဆို အကောင်းစားပါရှင်" သူမ အသက်ရှ
နားလိုက်စဉ် ပွိုင်းရော့က ထိုအခွင့်အရေးကို အရယူပြီး မတ်တတ်ရပ်လို
ကာ လေသံမြင့်မြင့်နှင့် "မဒမ်၊ ခင်ဗျားနေရာမှားလာပြီ။ သာမန်အိမ်မှ
လောက် စုံစမ်းတာမျိုးဟာ ကျုပ်အလုပ်မဟုတ်ပါဘူး။ ကျုပ်က အလွ
ခုံထောက် တစ်ယောက်ပါဗျာ"ဟု ပြောလိုက်ပါသည်။

"သိပါတယ်ရှင့်"ဟု ဧည့်သည်ကပြန်ပြော၏။ ကျွန်မထမင်းချက်ကို
ပေးဖို့ပြောပြီးပြီလေ။ ဗုဒ္ဓဟူးနေ့က ဘာမပြောညာမပြော ထွက်သွားလိုက်
ပြန်ပေါ်မလာတော့ဘူး"

"ဝမ်းနည်းပါတယ် မဒမ်၊ ဒီကိစ္စ ကျုပ်မလုပ်နိုင်ပါဘူး၊ ကဲ မင်္ဂလာနံ
ပါပဲဗျာ" ပွိုင်းရော့က ငြင်းပယ်ရင်းနှင့်သလိုပြောလိုက်သောအခါ ဧည့်သ
အမျိုးသမီးက မကျေမနပ်နှင့်နှာခေါင်းရှုံ့လိုက်ပြီး-"ဩော်-ဒီလိုကိုး၊ သိပ်
ငယ်သွားတယ်ပေါ့။ အစိုးရ လျှို့ဝှက်ချက်တို့၊ ဝန်ကြီးကတော်၊ အတွင်
ကတော်တွေရဲ့ ရတနာတွေပျောက်တဲ့အမှုမျိုးမှ လက်ခံမယ်ပေါ့။ ဒီမယ်
ကျွန်မအတွက် အခိုင်းအစေဆိုတာ ရတနာစုံခြယ်တဲ့သရဖူထက် တ
ရှိတယ်ရှင့်။ အမျိုးသမီးတိုင်းက စိန်တွေ၊ ကျောက်တွေဆင်ပြီး ကားတစ်
လျှောက် လည်နေနိုင်တဲ့ လူချမ်းသာချည့်ပဲလို့ မထင်လိုက်နဲ့ဦး။ ထမင်း
ကောင်း တစ်ယောက်ပျောက်တယ်ဆိုတာ ချမ်းသာတဲ့အမျိုးသမီးတစ်ယော
ရတနာ တွေပျောက်တာနဲ့ ဘာမှမထူးဘူးရှင့်"

ပွိုင်းရော့မှာ ခေတ္တမျှ သူဂုဏ်သိက္ခာနှင့်ဟာသညာဏ်တို့ လွန်ဆွ
ရပါသည်။ ထို့နောက် ပြင်ထိုင်လိုက်ပြီး ရယ်မောလိုက်ပါ၏။ "မဒမ်-ဒီ
မှာ ခင်ဗျားမှန်ပါတယ်။ ကျုပ်အတွေးလွဲသွားတယ်။ ခင်ဗျားပြောတာတွေ
မှုတ်ပြီး ကောင်းလည်းကောင်းပါတယ်။ ဒီအမှုကတော့ ထူးထူးခြားခြား
ဆိုရမယ်ခင်ဗျ။ အခိုင်းအစေတစ်ယောက်ပျောက်တဲ့အမှုမျိုး ကျုပ်တစ်
မလိုက်ဖူးသေးဘူး၊ ဟုတ်တယ်ဗျို့။ ဒီအမှုဟာ ခင်ဗျားမလာခင်ကလေး
ကျုပ်ပြောနေတဲ့ နိုင်ငံတော်အရေးအခင်းလို အမှုမျိုးနဲ့မထူးပါဘူး။ ခင်ဗျ
ရတနာလိုတန်ဖိုးရှိတဲ့ ထမင်းချက်ဟာ ဗုဒ္ဓဟူးနေ့က ပျောက်သွားပြီး
ရောက်မလာတော့ဘူး။ အဲဒါဆိုရင် တမြန်နေ့ကပေါ့"

"ဟုတ်တယ်ရှင့်၊ အဲဒီနေ့က သူအားရက်ပဲ"

"ဒါဆိုရင် မဲဒမ်၊ မတော်တဆမှုတစ်ခုခုကြုံရတာ မဖြစ်နိုင်ပေဘူးလား။ ဆေးရုံတွေမှာ စုံစမ်းကြည့်ခဲ့သေးလား"ဟု မေးလိုက်ရာ အမျိုးသမီးက ချက်ချင်းပင်-"မနေ့ကတော့ ကျွန်မလည်း အဲဒီလိုပဲ ထင်တာရှင့်၊ ဒါပေမယ့် ဒီမနက်တော့ သူ့သေတ္တာကို လူလွတ်ယူခိုင်းလိုက်သတဲ့ရှင့်၊ အကျိုးအကြောင်းလေးကို စာတစ်ကြောင်းတလေမှ မရေးလိုက်ဘူးတဲ့။ ကျွန်မသာအိမ်မှာရှိနေရင် ဒါမျိုးဘယ်လက်ခံမလဲ၊ ကျွန်မအပြင်သွားတုန်း လာယူသွားတာမို့ပေါ့"

"သူ့ပုံပန်းက ဘယ်လိုပါလိမ့်"

"အရွယ်လတ်ပိုင်းပါပဲ၊ ဆံပင်နက်နက် ကိုယ်လုံးပြည့်ပြည့် ရုပ်ရည်သန့်သန့်ပါ။ အိမ်မှာပဲ ဆယ်နှစ်ရှိပါပြီရှင့်၊ နာမည်က အယ်လီဇာဒန်းတဲ့"

"ဗုဒ္ဓဟူးနေ့က ခင်ဗျားနဲ့သူ စကားများတာမျိုးတော့ မရှိဘူးမဟုတ်လား"

"မရှိပါဘူးရှင်၊ အဲဒါကြောင့်လည်း စဉ်းစားမရဖြစ်နေတာပေါ့"

"မဒမ်ရဲ့အိမ်မှာ အခိုင်းအစေ စုစုပေါင်း ဘယ်နယောက်ရှိတာလဲ"

"နှစ်ယောက်တည်းပါ၊ သူနဲ့အင်နီဆိုတဲ့ အိမ်ဖော်မိန်းကလေးနဲ့ပဲ။ အင်နီကတော်ပါတယ်။ နည်းနည်းမေ့တတ်တာတစ်ခုတော့ရှိတယ်။ အလုပ်နဲ့ပတ်သက်လို့က ကောင်းကောင်းစိတ်ချရပါတယ်"

"သူနဲ့ထမင်းချက်နဲ့ကော အဆင်ပြေပြေ ရှိကြရဲ့လား"

"တစ်ခါတလေ ကတောက်ကဆတ်ဖြစ်တာမျိုး ရှိပေမယ့် အဆင်ပြေကြပါတယ်ရှင်"

"ဒီကိစ္စမှာ အိမ်ဖော်မိန်းကလေးကကော ထင်မြင်ချက်မပေးနိုင်ဘူးလား"

"မပေးနိုင်ပါဘူးရှင်၊ အခိုင်းအစေတွေဆိုတာက သိတဲ့အတိုင်းပဲ၊ တစ်ယောက်နဲ့တစ်ယောက် ခိုက်ထားကြမှာကိုး"

"ကိုင်း-ဟုတ်ပါပြီဗျာ၊ ဒီကိစ္စ ကျုပ်တို့အဖြေရှာရမှာပေါ့။ မဒမ်ရဲ့အိမ်သိပ်စာက-"

"ကလာဖမ်မှာပါ၊ အဲလဗတ်မင်းသားလမ်း၊ အမှတ်ရှစ်ဆယ့်ရှစ်"

"ဒါဆိုရပါပြီ၊ ကဲ-နေ့လယ်ပိုင်း ကျုပ်တို့ကို အိမ်ကနေသာ စောင့်နေပါတော့ဗျာ"

မစ္စစ်တော့ဒ်ဟု အမည်ရှိသည့် ကျွန်တော်တို့အမှုသည် အိမ်အောက်ဆင်းသွားပြီး ပွိုင်းရော့က ကျွန်တော့်ကို ဝမ်းနည်းဟန်ဖြင့်ကြည့်လျက် "ဟေစတင်ရေ၊ ဒီအမှုကတော့ အရင်အမှုတွေနဲ့မတူဘူးဗျ။ ကဲလာဖမ်ရပ်ကွက် ထမင်းချက်ပျောက်ဆုံးမှု၊ ဒါကိုကျုပ်တို့မိတ်ဆွေ ရဲမှူးဂျက်သိသွားသို့တော့မဖြစ်ဘူးနော်"

ထို့နောက်တွင် သူကမင်နှိပ်စက္ကူနှင့်မီးပူအိုးတို့ဖြင့် သူကုတ်အကျီမှ ဆီအစွန်းကွက်ကိုပျောက်သည်အထိ စိတ်ရှည်စွာ တိုက်ပါသည်။ သူနှုတ်ခမ်းမွေးတိရန်ကိစ္စမှာမူ ရွှေ့ဆိုင်းလိုက်ရပါ၏။ မီးပူတိုက်ပြီးသည်နှင့် ကျွန်တော်တို့ကိ လာဖမ်ရပ်ကွက်သို့ ထွက်လာခဲ့ကြသည်။ အဲလဗတ်မင်းသားလမ်းရှိ အိမ်များမှာ ခပ်ရိုးရိုးဖြစ်ပြီး ပုံစံချင်းလည်းတူကြပါသည်။ ပြတင်းပေါက်များတွင် ဇာပန်းထိုးထားသည့် ခန်းဆီးများကာထားပြီး တံခါးများတွင် ပြောင်လက်နေအောင်တိုက်ထားသည့် ကြေးလက်ကိုင်ကွင်းများတပ်ထားသည်။ အိမ်အမှတ် ရှစ်ဆယ့်ရှစ်၏ ဘဲလ်ကိုနှိပ်လိုက်သောအခါ သေသေသပ်သပ်နှင့်ကြည့်ကောင်းသောမိန်းကလေးတစ်ယောက်က တံခါးလာဖွင့်ပေး၏။ မစ္စစ်တော့ဒ်က ကျွန်တော်တို့ကို ဧည့်ခန်းမှ စောင့်ကြိုပါသည်။

"အင်နီ၊ ညည်းမသွားနဲ့ဦး"ဟု သူမက မိန်းကလေးကို လှမ်းပြောလိုက်၏။ "ဒီဆရာက စုံထောက်ပဲ ညည်းကိုနည်းနည်းမေးချင်တာမေးလိမ့်မယ်"

အင်နီ၏မျက်နှာမှာ သတိထားခြင်းနှင့်ကျေနပ်စွာ စိတ်လှုပ်ရှားခြင်းတို့ ဖြစ်ပေါ်လာပါသည်။

"ကျေးဇူးပဲ မဒမ်" ပွိုင်းရော့က မစ္စစ်တော့ဒ်ကို ပြောလိုက်ပြီးဆက်၍- "ကျုပ်အခုပဲ ဒီမိန်းမလေးကို မေးချင်ပါတယ်။ သူတစ်ယောက်တည်း သီးသန့်မေးရရင် ပိုကောင်းမယ်ဗျ"

အခန်းငယ်တစ်ခုတွင် နေရာယူပြီးသောအခါ ပွိုင်းရော့ကစ၍ မေးမြန်းပါသည်။

"မိန်းကလေးအင်နီရေ-ဒီကိစ္စမှာ မင်းအကူအညီမပါဘဲ တို့ဘာမှလုပ်နိုင်မှာ မဟုတ်ဘူးကွယ့်၊ မင်းပြောမယ့်အချက်တွေဟာ သိပ်အရေးကြီးတာတွေဖြစ်လိမ့်မယ်" မိန်းကလေး၏ မျက်နှာတွင် သတိထားမှုများပျောက်ကွယ်သွားပြီး ကျေနပ်ဟန်ကို တွေ့ရပါသည်။ "ဟုတ်ကဲ့ရှင့်၊ ကျွန်မသိသမျှ အားလုံး ပြောပြပါ့မယ်"

"ဒါမှပေါ့ကွယ်" ပွိုင်းရော့ကပြုံး၍အားပေးလိုက်သည်။ "ဒီတော့ ဒီကိစ္စကို မင်းဘယ်လိုထင်တယ်ဆိုတာပြောပါဦး။ မင်းဟာဉာဏ်ထက်မယ့်မိန်းကလေးဆိုတာတော့ မြင်တာနဲ့သိနိုင်ပါတယ်။ အယ်လီဇာ ဘာလို့ပျောက်သွားတာလဲ"

အင်နီက မဆိုင်းမတွပင် အဖြေပေးပါသည်။ "လူကုန်ကူးတဲ့သူတွေဖြစ်ရမယ်ရှင့်။ အယ်လီဇာကိုယ်တိုင် ကျွန်မကို ခဏခဏ သတိပေးနေတာပါ။ ဘယ်သူကျွေးတာမှ မစားနဲ့။ ဘာအနံ့မှသွားမရှူနဲ့။ ဘယ်လိုလူကြီးလူကောင်းနဲ့တွေ့တွေ့ သတိထားလို့ပြောတယ်ရှင့်။ အခုတော့ သူကိုယ်တိုင်

အမိခံလိုက်ရတာဖြစ်မှာပါ။ တူရကိပဲလား၊ အရှေ့တိုင်းနိုင်ငံတစ်ခုခုပဲလား။ မပြောတတ်ဘူး။ အဲဒီရောက်သွားမှာပဲရှင့်"

ပွိုင်းရော့က ချီးကျူးဟန်ဖြင့်ကြည့်ပြီး- "ဒါနဲ့သူက သူ့သေတ္တာကို အယူခိုင်းလိုက်သေးတယ်ဆို-"

"အင်း-ဒါတော့ နိုင်ငံခြားမှာလည်း သူ့ပစ္စည်းတွေက အသုံးလိုမှာကိုး"

"သေတ္တာကို ဘယ်သူလာယူတာလဲကွယ့်။ ယောက်ျားတစ်ယောက်လား"

"ဟုတ်ကဲ့၊ ကာတာ ပီတာဆန် လာယူတာပါ"

"မိန်းကလေးက ပစ္စည်းတွေထည့်ပေးလိုက်ရတာလား"

"မဟုတ်ပါဘူးရှင့်၊ သေတ္တာက ပစ္စည်းထည့်ပြီးသား၊ ပိတ်ထားပြီးသားပါ"

"အာ-ဒါတော့ စိတ်ဝင်စားစရာကောင်းသကွယ့်။ ဒီအတိုင်းဆိုရင် ဗုဒ္ဓဟူးနေ့ သူထွက်သွားကတည်းက ပြန်မလာတော့လို့ ဆုံးဖြတ်ထားပုံရတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်-ဟုတ်ကဲ့ရှင့်" အင်နီမှာတွေဝေသွားပုံရပါသည်။ "ကျွန်မအဲဒါကို မစဉ်းစားမိဘူးရှင့်။ ဒါပေမယ့်-လူကုန်ကူးတဲ့လူတွေ လက်ချက်နဲ့ပဲ တူပါတယ် ရှင်"

"ဖြစ်နိုင်တာပေါ့ကွယ်၊ မင်းတို့နှစ်ယောက်က တစ်ခန်းတည်း အိပ်ကြတာလား"

"မဟုတ်ဘူးရှင့်၊ ကျွန်မတို့ ကိုယ့်အခန်းနဲ့ကိုယ်အိပ်ကြတာပါ"

"အယ်လီဇာက သူ့အလုပ်နဲ့ပတ်သက်လို့ မကျေနပ်တာများ ပြောဖူးသလားကွယ့်။ မင်းတို့ပျော်ကြရဲ့လား"

"သူထွက်မယ်လို့တော့ မပြောဘူးရှင့်၊ နေရတာလည်း ကောင်းတော့ကောင်းပါတယ်။ မိန်းကလေးမှာ ဆုတ်ဆိုင်းဆိုင်းဖြစ်နေ၍- "လွတ်လွတ်လပ်လပ်သာပြောပါကွယ့်"ဟု ပွိုင်းရော့က အားပေးလိုက်ပါသည်။

"ဟုတ်ကဲ့ရှင့်- အလုပ်ခိုင်းတာ အတော် စေ့စေ့စပ်စပ် ရှိပါတယ်။ အစားအသောက်လည်း စိတ်တိုင်းကျစားရတာပါပဲ။ ဘာပဲဖြစ်ဖြစ်ရှင်- အယ်လီဇာထွက်ချင်ရင်လည်း လကုန်တဲ့အထိတော့ လုပ်ပေးသင့်တာပေါ့"

"အလုပ်က သိပ်မပင်ပန်းဘူးမဟုတ်လား"

"ဟုတ်ကဲ့-သူကောင်းကောင်းလုပ်နိုင်ပါတယ်။ လူငှားအထွက်ကလည်း မနက်လင်းစာနဲ့ညစာပဲ ကျွန်မတို့ ဆရာလိုလုပ်ပေးရတာပါ။ သူတို့က တစ်နေကုန် မြို့ထဲသွားကြရတာပါရှင့်"

"မင်းရဲ့ဆရာကိုရော-သဘောကျရဲ့လား"

"ဆရာက သိပ်အေးပါတယ်ရှင်၊ နည်းနည်းတော့ ချွေတာတတ်ပါတ
"အယ်လီဇာထွက်မသွားခင် နောက်ဆုံးဘာပြောသွားတယ်ဆိုတာ
မိသေးလားကွယ့်"
"ဟုတ်ကဲ့-ညစာအတွက် သူချက်မယ့်ဟင်းတွေအကြောင်းပဲ ပြော
ပါ။ ဝက်ပေါင်ခြောက်တို့ အာလူးကြော်တို့ အကြောင်းပါပဲ"
"ဗုဒ္ဓဟူးနေ့က သူ့ပုံမှန်နားရက်ပဲလား"
"ဟုတ်ပါတယ်ရှင့်၊ သူကဗုဒ္ဓဟူးနေ့နားပြီး ကျွန်မကကြာသပတေး
နားရတာပါ"
ပွိုင်းရော့က မေးခွန်းအနည်းငယ်ဆက်မေးပြီး အင်နီကို သွားခွင့်ပြု
၏။ မစ္စစ်တော့ဒ်ပြန်ဝင်လာ၍ သူမခင်ပွန်းအကြောင်းမေးကြည့်သော
ခြို့ထဲရှိ အလုပ်ဌာနတစ်ခုတွင် အလုပ်လုပ်ကြောင်းနှင့် ညနေခြောက်နာ
ကျော်မှ ပြန်ရောက်မည်ဟု ပြောသည်။
"ဒီကိစ္စဖြစ်လာတော့ သူလည်း အတော်စိတ်သောကရောက်သွား
ထင်ပါရဲ့"
"သူက ဘယ်တော့မှ သောကရောက်တတ်တဲ့လူမျိုးမဟုတ်ပါဘူး
မစ္စစ်တော့ဒ်က ပြန်ဖြေပါသည်။ "ရတယ်၊ ရတယ်၊ ဖြစ်သလိုပေါ့ကွာ
ပြောတတ်တာရှင့်။ သိပ်အေးတဲ့လူမို့ တစ်ခါတလေ စိတ်မကောင်းတော
ဖြစ်ရပါသေးတယ်။ ခုကိစ္စမှာတော့ ကျေးဇူးမသိတတ်လို့ သွားတာ သွား
စေကွာလို့ပဲ ပြောတယ်ရှင့်"
"တခြားအိမ်သားတွေရောခင်ဗျ"
"ရှင်က မစ္စတာဆင်ပဆင်ကို မေးတာထင်တယ်။ ကျွန်မတို့အိမ်မှာ
နေတဲ့သူပါ။ သူကလည်း မနက်လင်းစာနဲ့ညစာကောင်းကောင်းရနေသ
ဘာအပူအပင်မှ မရှိတဲ့သူပါရှင်"
"သူ့အလုပ်ကကော မဒမ်"
"ဘဏ်မှာလုပ်တာပါ" ဘဏ်အမည်ပြောသောအခါ ကျွန်တော့်စိတ်
တွင်အနည်းငယ် ထင့်သွားမိ၏။ မနက်က ကျွန်တော်သေချာစွာဖတ်ခဲ့သော
မိုးကြိုးသတင်းစာတွင် သတင်းပါလာသည့်ဘဏ်ပင် ဖြစ်ပါသည်။
"လူငယ်ပဲလားခင်ဗျ"
"နှစ်ဆယ့်ရှစ်လောက်ရှိပါပြီ။ လူငယ်လူအေးပါရှင်"
"သူတို့နဲ့လည်း ကျုပ်စကားနည်းနည်းပြောချင်ပါသေးတယ်။ ညဦးပိုင်
လောက် တစ်ခေါက်ပြန်လာပါဦးမယ်။ မစ္စစ်တော့ဒ်လည်း အတော်ပင်ပန်

နေရောပေါ့။ နားလိုက်ပါဦး"
"နားဖို့ကောင်းပြီပေါ့ရှင်၊ အယ်လီဇာအတွက် ပူရတာအပြင်
ဆူးရောင်းလည်း ထွက်ရသေးတယ်ရှင့်၊ အိမ်မှုကိစ္စတွေလည်း ကုန်ပဲမကုန်
ဘဲကိုး။ အင်နီတစ်ယောက်တည်းနဲ့မနိုင်ဘူးဆိုတော့ ကျွန်မပဲ ပင်ပန်းရ
တော့တာပေါ့ရှင်"
ပွိုင်းရော့က ကြင်နာစွာ အားပေးစကားပြောပြီး နူတီဆက်၍ ပြန်ခဲ့ကြ
သည်။
"ကြံကြံဖန်ဖန်တိုက်ဆိုင်နေတယ်ဗျာ" အပြန်လမ်းတွင် ကျွန်တော် ပြော
ညိုက်ပါ၏။ "ထွက်ပြေးနေတဲ့ဘဏ်စာရေးဒေးဗစ်ဆိုတာ ဆင်ပဆင်အလုပ်
လုပ်တဲ့ဘဏ်ကမဲ့ဗျ။ အခုအမှုနဲ့ဆက်စပ်နေမလားမသိဘူး။ ခင်ဗျားဘယ်
လိုထင်သလဲ" ပွိုင်းရော့ကပြုံးလိုက်ပြီး-"တစ်ဖက်မှာက တာဝန်မဲ့တဲ့ ဘဏ်
တာရေး၊ နောက်တစ်ဖက်မှာက ပျောက်နေတဲ့ထမင်းချက်၊ ဒီနှစ်ယောက်
ဆက်အစပ်ရှိဖို့တော့ ခပ်ခက်ခက်ပဲဗျ။ အကယ်၍ ဒေးဗစ်က ဆင်ပဆင်
ဆီအလည်လာရင်း ထမင်းချက်နဲ့ ကြိုက်မိကြပြီး တစ်ပါတည်း ခေါ်သွားတာ
ဆိုရင်တော့ မပြောတတ်ဘူး" သူစကားကြောင့် ကျွန်တော်ရယ်မိသည်။ သူက
ဆိုးစဉ်းစားစားနှင့်-"အဲဒီလူက ဒီထက်ပိုဆိုးတာလည်း လုပ်ချင်လုပ်လိမ့်မယ်"
ဟု မန္တစ်မြို့စွာ ဆက်ပြော၏။ " တစ်ခုရှိတယ် ဟေစတင်ရဲ့ နိုင်ငံရပ်ခြားကို
ခွာသွားရပြီဆိုရင် မိန်းကလေးချောချောတစ်ယောက်ထက် ထမင်းချက်
တစ်ယောက်က အများကြီးပိုပြီး အသုံးတည့်တာဗျ" သူကစကားခေတ္တရပ်ပြီး
ဆက်ပြောပါသည်။ "ဒီအမှုဟာ ထူးတယ်ဗျ၊ ဆန့်ကျင်ဘက်အချက်အလက်
တွေရှိနေတယ်။ ကျုပ်တော့ အတော်စိတ်ဝင်စားနေမိပြီ"
ညဦးပိုင်းတွင် ကျွန်တော်တို့ ထိုအိမ်သို့တစ်ခေါက်ပြန်သွားကြပြီး မစ္စတာ
ဆော့ဒ်နှင့်ဆင်ပဆင်တို့ နှစ်ဦးစလုံးကို မေးမြန်းပါသည်။ မစ္စတာတော့ဒ်မှာ
မျက်နှာမဲ့မဲ့၊ မေးရိုးရှည်ရှည်နှင့် အသက်လေးဆယ်ခန့် ရှိ၏။ သူကိုမေးသော
အခါ-"အယ်လီဇာ-ဟုတ်တယ်၊ ဟုတ်တယ်၊ ထမင်းချက်ကောင်းပဲဗျ၊ ချွေချွေ
တာတာလည်း သုံးတတ်ပါတယ်။ ကျုပ်ကလည်း အပိုဖြုန်းရင် မကြိုက်ဘဲကိုး"
"သူအခုလို ရုတ်တရက် ထွက်သွားတာ ဘာကြောင့်များ ဖြစ်နိုင်မလဲ
ခင်ဗျ"
"အိုး-ဒါကတော့ အခိုင်းအစေတွေဆိုတာ ဒီလိုချည်းပါပဲဗျာ။ ကျုပ် မိန်း
ကတော့ အမြဲပူပန်နေတာပဲဗျ၊ ပြဿနာရှင်းရှင်းလေးပါဗျာ။ နောက်တစ်
ယောက်ရှာရုံပေါ့။ ဒါပဲရှိတာပါပဲ"

မစ္စတာဆင်ပဆင်ကလည်း ထူးထူးခြားခြားမပြောနိုင်ပါ။ သူသည် မျှတ်မှန်ဘပ်ရသူဖြစ်ပြီး ခပ်ရိုးရိုး၊ မ,ထင်ရှားသော ပုံဟန်မျိုးရှိသူဖြစ်သည်။ သူက-"ကျွန်တော်သူ့ကို တစ်ခါတလေမှတွေ့တယ်ခင်ဗျ။ နောက်တစ်ယောက်-အင်နီကိုတော့မကြာမကြာတွေ့ပါတယ်။ မိန်းမကောင်းကလေးပါပဲ။ အများကြီး အကူအညီရပုံတယ်။

ကျွန်တော်တို့ပြန်လာခဲ့ကြသောအခါ ဘာမှပို၍မသိရသောကြောင့် ပွိုင်းရော့စိတ်ပျက်နေပုံရပါသည်။

"ခင်ဗျားတစ်ခုခုသိမယ်လို့မျှော်လင့်ထားလို့လားဗျ" ဟုကျွန်တော်ဆေသောအခါ သူကခေါင်းခါပြီး"ဖြစ်နိုင်တာတစ်ခုတော့ရှိပါရဲ့၊ ဒါပေမယ့်သိပ်မရေရာလှပါဘူး" ဟုပြန်ပြော၏။

နောက်တစ်ရက်နံနက်တွင်စာတစ်စောင်ရောက်လာရာ ပွိုင်းရော့ကဖတ်ကြည့်ပြီ. ဒါသကြောင့်မျက်နှာမည်းနေသည်ကိုတွေ့ရပါသည်။ စာကိုကျွန်တော့်လှမ်းပေး၍ဖတ်ကြည့်သောအခါ အောက်ပါအတိုင်းတွေ့ရပါသည်။

-မစ္စစ်တော့ဒ်က မစ္စတာပွိုင်းရော့အား အလုပ်အပ်ထားခြင်းကိုပြန်ရုပ်သိမ်းပါကြောင်း ဝမ်းနည်းစွာအကြောင်းကြားပါသည်။ ခင်ပွန်းဖြစ်သူ,ငှင့်တိုင်ပင်ပြီးနောက် သာမန်မိသားစုကိစ္စအတွက် စုံထောက်တစ်ဦးကိုအလုပ်အပ်ရန်မသင့်လျော်ကြောင်း သိမြင်လာ၍ဖြစ်ပါသည်။ ဆွေးနွေးတိုင်ပင်ခ တစ်ဂိနီကိုပေးလိုက်ပါသည်။-

"ဟာကြူလီပွိုင်းရော့ကိုဒီလိုလွယ်လွယ်နဲ့ဖယ်ထုတ်ပစ်လို့ရမယ်ထင်နေကြတာကိုး " ပွိုင်းရော့ကဒေါသဖြင့်ပြောပါ၏။ "သူတို့ကိုအခွင့်အရေးပေးတဲ့အနေနဲ့ကျုပ်က ဒီလိုအမှုမျိုးကို လက်ခံခဲ့တာတောင် သူတို့က ကျုပ်ကို အလုပ်ဖြုတ်လိုက်ကြသေးတယ်လေ။ ဒီစာဟာမစ္စတာတော့ဒ်ရဲ့ စိတ်ကူးပဲဖြစ်ရမယ်။ ဒီလိုလုပ်လို့ဘယ်ရမလဲ၊ ကျုပ်ငွေနဲ့ကျုပ် ဘယ်လောက်ကုန်ကုန် ဟောဒီအမှုကို ဆုံးခန်းတိုင်လိုက်ပြမယ်ဗျ"

"ဒီတော့ဘာဆက်လုပ်မလဲဗျာ"ကျွန်တော်မေးလိုက်ရာသူက စဉ်းစဉ်းစားစားဖြင့်-"သတင်းစာထဲမှာဟောဒီလိုကြော်ငြာထည့်မယ်။ အယ်လီဇာဒန်းသည် မိမိအတွက်အကျိုးရှိမည့်ကိစ္စတစ်ခုကို သိလိုပါလျှင်အောက်ပါလိပ်စာအတိုင်းဆက်သွယ်ပါလို့။ ကိုင်း-ခင်ဗျားကသတင်းစာတိုင်းမှာ အဲဒီကြော်ငြာသွားထည့်ဗျာ။ ကျုပ်ကတော့အပြင်ထွက်ပြီး စုံစမ်းထောက်လှမ်းလိုက်ဦးမယ်၊ မြန်မြန်ဗျို့၊ ဟေစတင်ရော့ မြန်မှဖြစ်လိမ့်မယ်"

ပွိုင်းရော့သည် တစ်နေကုန်ပျောက်နေပြီး ညနေစောင်းမှသာ ပြန်ရောက်လာကာ သူလုပ်ခဲ့သမျှကို ပြန်ပြောပြပါသည်။ "မစ္စတာတော့ဒ် အလုပ်လုပ်တဲ့ဌာနမှာ သွားစုံစမ်းခဲ့တယ်ဗျ။ ဗုဒ္ဓဟူးနေ့က သူအလုပ်ဆင်းပါတယ်။ အကျင့်စာရိတ္တလည်း ကောင်းတယ်လို့သိခဲ့ရတယ်။ နောက်-မစ္စတာဆင်ပဆင်အကြောင်း စုံးစမ်းတော့ ဗုဒ္ဓဟူးနေ့က ဘဏ်မှာသူရှိတယ်။ ကြာသပတေးနေ့မှာတော့ နေမကောင်းလို့ အလုပ်မဆင်းဘူးလို့ဆိုတယ်။ သူကဒေးဗစ်နဲ့လည်းမိတ်ဆွေတွေတဲ့။ ထူးခြားတာ ဘာမှ မတွေ့ခဲ့ရဘူးဗျ။ ဒီတော့ကျုပ်တို့ ကြော်ငြာထည့်ထားတာ ထူးမထူး စောင့်ကြည့်ဖို့ ရှိတော့တာပေါ့ဗျာ"

ကြော်ငြာမှာ အဓိကသတင်းစာတိုင်းတွင် ပါလာပါသည်။ ပွိုင်းရော့၏မှာကြားချက်အရ ထိုကြော်ငြာကို တစ်ပတ်လုံးလုံး နေ့စဉ်ရက်ဆက်ဖော်ပြမည်ဖြ်သည်။ ထမင်းချက်ပျောက်ဆုံးသည့်ကိစ္စလောက်ကို သူဤမျှအာရုံစိုက်နေသည်မှာ ထူးဆန်းနေပါသည်။ ဤအမှုကို မပေါ်မချင်း သူလိုက်မည်ဆိုခြင်းမှာ ဂုဏ်သိက္ခာအတွက်ကြောင့်သာ ဖြစ်ပါလိမ့်မည်။ အခြားအမှုကြီးများစွာ ယခုရက်ပိုင်းအတွင်း လာအပ်သော်လည်း သူကငြင်းပယ်ခဲ့ပါ၏။ နံနက်တိုင်း သူ့အတွက် ရောက်လာသမျှ စာတိုင်းကိုလည်း စေ့စေ့စပ်စပ်နှင့် မျက်မကွက် စောင့်ကြည့်နေပါသည်။ နောက်ဆုံးတွင်ကား သူမျှော်လင့်ချက်ပြည့်ဝလာပါ၏။ အယ်လီဇာဒန်းဆိုသူက တွေ့လိုကြောင်း ကျွန်တော်တို့၏အစောင့်လာ၍သတင်းပို့လေရာ ပွိုင်းရော့က ဝမ်းသာစွာဖြင့် ချက်ချင်းလွှတ်လိုက်ရန် ပြောလိုက်ပါသည်။

ကျွန်တော်တို့တွေ့လိုသူမှာ သိထားသည့်အတိုင်းပင် အရပ်မြင့်မြင့်၊ ခပ်ဝဝ၊ ရုပ်ရည်သန့်သန့်ဖြစ်ပါ၏။ သူမက "ကြော်ငြာတွေ့လို့လာခဲ့တာပါ"ဟုပြောပါသည်။ ထို့နောက်ဆက်၍- "တစ်ခုခု ရှုပ်ထွေးသလိုများဖြစ်နေသလားလို့၊ ကျွန်မကတော့ အမွေကိစ္စအဆင်ပြေသွားပြီဆိုတာ ရှင်တို့မသိလို့ ကြော်ငြာထည့်တယ်ထင်နေတာပါ"

ပွိုင်းရော့က သူမကို စူးစူးစိုက်စိုက်လေ့လာနေပါသည်။ ထို့နောက် ကျေနပ်စွာ သူမအနီးသို့ ရွှေ့ထိုင်ပြီး-"အမှန်မှာတော့ မင်းရဲ့အလုပ်ရှင်မစ္စစ်ဟော့ဒ်က မင်းအတွက် အတော်စိတ်ပူနေလို့ပါပဲ။ မင်းတစ်ခုခုဖြစ်ပြီး ဒုက္ခရောက်နေပြီလို့ သူကထင်နေတာကွယ့်"

အယ်လီဇာဒန်းမှာ အတော်အံ့သြသွားပုံရပါသည်။ "ဒါဖြင့် သူ ကျွန်မနေ့တဲ့စာကို မရဘူးပေါ့" ပွိုင်းရော့က "ဘာစာမှသူမရခဲ့ဘူးကွယ့်"ဟု ပြောပြီးနောက်ဆက်၍ သိမ်မွေ့ညင်သာသောလေသံဖြင့်-"ဘာတွေဖြစ်ခဲ့တယ်

ဆိုတာ ပြောပြပါလားကွယ်"ဟု တိုက်တွန်းလိုက်ပါသည်။ အယ်လီဇာဒန်းမှ
များများ တိုက်တွန်းရန် မလိုအပ်ပါ။ အသေးစိတ်အကျယ်တဝင့် ပြောပြပါ၏

"ဗုဒ္ဓဟူးနေ့မနက် ကျွန်မအိမ်ပြန်လာတော့ အိမ်နားအရောက်မှာ
တစ်ယောက်က တားတယ်ရှင့်။ အရပ်ရှည်ရှည်၊ မုတ်ဆိတ်မွေးတွေနဲ့ ဦးထု
အကြီးကြီးဆောင်းလို့ပဲ။ သူက မစ္စအယ်လီဇာဒန်းလားလို့မေးတော့ ကျွန်မ
ဟုတ်ပါတယ်လို့ပြောလိုက်ရာ သူကအိမ်နံပါတ်ရှစ်ဆယ့်ရှစ်ကိုလည်း ရော
ခဲ့ကြောင်း ဒီအိမ်ကို ပြန်လာလိမ့်မယ်လို့ပြောတာနဲ့ စောင့်နေတာတဲ့။ သူ
ကျွန်မကို တွေ့ဖို့ဩစတြေးလျကတောင် လာခဲ့တာတဲ့ရှင့်။ ပြီးတော့သူ
မင်းရဲ့ မိခင်ဘက်က အဘွားနာမည်ကို သိသလားလို့မေးတော့ ကျွန်မလည်
သိပါတယ်။ ဂျိမ်းအဲမော့ပါလို့ ဖြေတော့အမှန်ပဲတဲ့။ ပြီးတော့ သူက "မစ္စဒ
မင်းအဘွားမှာသိပ်ခင်တဲ့မိတ်ဆွေတစ်ယောက်ရှိတာကို မင်းသိမှာမဟုတ်ဘူ
အဲဒီမိတ်ဆွေအမျိုးသမီးကြီးမဆုံးခင် ဩစတြေးလျမှာ ပစ္စည်းတွေ ငွေ
အများကြီးကျန်ခဲ့တယ်။ သူရဲ့သေတမ်းစာအရ မင်းဟာ ဒီနိုင်ငံမှာ အိမ်တ
လုံးနဲ့ငွေတချို့အမွေရခဲ့တယ်"လို့ ပြောတယ်ရှင့်။ ကျွန်မလည်း မမျှော်လ
တာကြားလိုက်ရတော့ အံ့အားကြီးသင့်သွားတော့တာပေါ့။ ကျွန်မ မယုံနိ
အောင် ဖြစ်နေတာကို ကြည့်ပြီး သူက မဲလဘုန်းမြို့က ရှေ့နေတွေရဲ့စာ
ကတ်တစ်ခုထုတ်ပြပါတယ်။ သူ့နာမည်က မစ္စတာကရော့ချက်တဲ့ရှင့်
ပြီးတော့ ဆက်ပြောတာက- "စည်းကမ်းချက်တချို့တော့ရှိတယ်ကွယ့်။
အလုပ်ရှင်က စိတ်ကူးနည်းနည်းဆန်းတဲ့သူဆိုတော့ ဒီအမွေပေးရာမှာ အချ
နှစ်ချက်နဲ့ကိုက်ညီမှ ပေးရမယ်လို့ဆိုတယ်။ ပထမအချက်က မင်းရမယ့်အိ
ကို မနက်ဖြန်နေ့လယ်ဆယ့်နှစ်နာရီထက်နောက်မကျဘဲလက်ခံယူရမယ်
နောက်တစ်ချက်ကတော့အရေးမကြီးပါဘူး။ မင်းဟာ သာမန်အခိုင်းအ
အလုပ်မျိုးလုပ်နေသူမဖြစ်ရဘူးတဲ့" အဲဒီမှာကျွန်မစိုးရိမ်သွားတာပေါ့။ "အို
မစ္စတာကရော့ချက်၊ ကျွန်မကထမင်းချက်ပါ"လို့လည်း ပြောလိုက်ရော သူ
"အဲဒါမှခွကျတာပဲ။ ငါက မင်းကို အိမ်ထောင်ထိန်းအကြီးအကဲတို့ ကျူရှင်
ဆရာမတို့လုပ်နေတယ်ထင်တာကွယ့်။ ကံမကောင်းလိုက်တာကွယ်"လို့ ပြော
ပါလေရော။ "ဒါဖြင့်-ကျွန်မအမွေတွေ လက်လွှတ်ရတော့မှာလားရှင့်"လို့
မေးတော့ သူနည်းနည်းကြာအောင် စဉ်းစားနေပြီး" တို့ရှေ့နေတွေက ဘော
မဝင်တာဝင်အောင် သွင်းပေးတဲ့အလုပ်လည်း လုပ်တတ်ပါတယ်ကွယ့်။
ကနေ့ နေ့လယ်ကစပြီး မင်းအဲဒီအလုပ်က ထွက်လိုက်ပေတော့"လို့ ပြော

ယ်။ ပြီးတော့ဆက်ပြီး "တို့လုပ်မပေးနိုင်တာ အချိန်ကွယ့်၊ မင်းအခုဆယ့်
စ်နာရီငါးမိနစ်မှာ ကင်းခရော့စ်ဘူတာက ထွက်မယ့်ရထားကိုလိုက်နိုင်မှ
ချိန်မီတော့မှာ။ ကဲ-ငါမင်းကိုကြိုတင်ငွေ ဆယ်ပေါင်တော့ ပေးနိုင်တယ်။
ဒီးစရိတ်ပေါ့။ ဘူတာရောက်မှပဲ မင့်အလုပ်ရှင်ဆီစာလေးရေးလိုက်ပေါ့
ကိုယ်တိုင်သွားပို့ပေးပါမယ်"တဲ့။ ကျွန်မလည်းသူပြောသလိုပဲ လုပ်ရတော့
ပါ။ ရထားပေါ်မှာလိုက်သွားရင်း ဟုတ်မှဟုတ်ပါ့မလားလို့လည်း သံသယ
ကွေနဲ့ပေါ့ရှင်။ ဒါပေမယ့်ကမ်ဘာလင်ကိုရောက်လို့လိပ်စာအတိုင်းသွားလိုက်
တော့ အမှန်ပဲရှင့်။ အိမ်ကလေးတစ်လုံးနဲ့တစ်နှစ်ကိုပေါင်နှစ်ရာထောက်ပံ့ငွေ
မယ်လို့ ဟိုကရှေ့နေတွေကပြောကြပါတယ်။ အသေးစိတ်တော့သူတို့လည်း
သိကြဘူးရှင့်။ သူတို့ကိုအဲဒီအိမ်နဲ့ ပထမခြောက်လစာ ပေါင်တစ်ရာကျွန်မ
ကိုလွှဲပေးဖို့ ညွှန်ကြားချက်ရှိတယ်လို့ပဲပြောကြပါတယ်။ မစ္စတာကရော့ချက်
ကျွန်မပစ္စည်းတွေကိုလည်းပို့ပေးပါတယ်။ ကျွန်မအလုပ်ရှင်ကတော့စိတ်
ဆိုးနေတယ်နဲ့တူပါရဲ့။ ကျွန်မသားရေသေတ္တာတောင်မပေးလိုက်ဘူး။ ပစ္စည်း
တွေကိုဂျပ်စက္ကူတွေနဲ့ပဲပါဆယ်ထုပ်ပြီးပို့လိုက်တာပါ။ ကျွန်မရေးတဲ့စာ သူ
ရရင်တော့စိတ်ဆိုးမယ်ဆိုလည်း ဆိုးလောက်တာပါပဲရှင်"

ပွိုင်းရော့ကရှည်လျားသည့်ဖြစ်စဉ်ကို နားထောင်ပြီးကျေနပ်စွာခေါင်းညိတ်
ပါသည်။ ထို့နောက်သူက-"ကျေးဇူးတင်တယ် မိန်းကလေးရေ၊ မင်းပြောသလို
ရှုပ်ရှုပ်ထွေးထွေးကိစ္စနည်းနည်းရှိတာတော့အမှန်ပဲ။ ဟောဒီမှာမင်းအတွက်
ပန်းရကျိုးနပ်အောင်ယူပေတော့" ဟုပြောလျက် ငွေပါသောစာအိတ်တစ်
တ်လှမ်းပေးလိုက်ပါသည်။

"မင်း-ကမ်ဘာလင်းကို အခုပြန်မှာမဟုတ်လား။ မင်းအတွက်အဖိုးတန်တဲ့
ကြံတစ်ခုပေးလိုက်ချင်တယ်ကွယ်၊ ထမင်းဟင်းချက်နည်းတွေကိုဘယ်တော့
ယ်တော့မှမေ့မပစ်လိုက်ပါနဲ့လို့။ ဘယ်လိုအခက်အခဲမျိုးကြုံကြုံ ကိုယ်တတ်
ကျွမ်းတဲ့ပညာဆိုတာဟာ အမြဲတမ်း အသုံးဝင်တယ်ကွယ့်"

ဧည့်သည်မိန်းကလေးပြန်သွားသောအခါ"တယ်ပြီးယုံလွယ်ထာကိုး" ဟု
ပြောရော့က မှတ်ချက်ချပါသည်။ "ဒါပေမယ့်လူတိုင်းကိုတော့ လှည့်စားလို့
ယ်ရပါ့မလဲ" ဟုဆက်ပြောပြီး လွန်စွာလေးနက်တည်ကြည်သောမျက်နှာနှင့်
ဟောစတင်၊ လာဗျို့နည်းနည်းမှအချိန်ကုန်ခံလို့မဖြစ်ဘူး။ ကျုပ်ရဲမှူးဂျက်ဆီ
ကို စာတစ်စောင်ရေးနေတုန်းမှာ ခင်ဗျားကတက္ကစီတစ်စီးခေါ်ထားဗျာ"
ပြော၏။

ကျွန်တော်အငှားကားခေါ် လာသောအခါ ပွိုင်းရော့ကလေ့ကားရင်း
ဆင်းစောင့်နေပါသည်။ "အခုဘယ်သွားကြမှာလဲဗျ" ဟုကျွန်တော်စိတ်ထ
စွာမေးလိုက်ရာသူက-"ပထမဆုံး ဒီစာကိုလူလွှတ်ပြီး ပို့ရလိမ့်မယ်" ပွိုင်း
က ဒီကိစ္စစီစဉ်ပြီးနောက် ကားထဲဝင်ထိုင်၍ ယာဉ်မောင်းကို ရှစ်ဆယ်
အဲလဘတ်မင်းသားလမ်း၊ ကလာဖမ်ရပ်ကွက်ကိုမောင်းပါဟု ပြောလိုက်ပါသ
"ဩော်-ကျွန်တော်တို့ အဲဒီအိမ်ပဲပြန်သွားကြမှာကိုး"

"မိတ်ဆွေကြီးရဲ့-ကျုပ်တို့လိုချင်တဲ့ဒုက်က မမိလိုက်ဘဲပို့သွား
ဝိုးနေရတယ်ဗျ"

"ဘယ်သူလဲဗျ၊ ကျွန်တော်တို့ဒုက်က-" ကျွန်တော်မေးသောအခါ ပွိုင်း
ကပြုံးလျက်- "ရိုးရိုးနဲ့မထင်မရှားနေတတ်တဲ့ မစ္စတာဆင်ပဆင်ပါတဲ့
ကျွန်တော်အံ့သြလွန်း၍ကြက်သေသေသွားရပါသည်။ "ဘယ့်နှယ်
ဟေစတင်၊ ခင်ဗျားစိတ်ထဲမှာတော့ ဘာမှမရှင်းလင်းဘူးထင်ပါရဲ့၊ ဟုတ်
ဟု သူကမေးသောအခါ။ "ဘာမှမသိဘူးဗျ" ဟုကျွန်တော်ပြန်ပြောလိုက်ပါသ
"မိန်းကလေးဆီမှာ သူလိုချင်တာရှိနေတယ်ဗျ"

"ငွေလားဗျ၊ ဒါမှမဟုတ်ဩစတြေးလျက အမွေဆိုတာလား"

"မဟုတ်ဘူးမိတ်ဆွေကြီးရဲ့၊ အဲဒါတွေနဲ့ဘာမှမဆိုင်တဲ့ဟာဗျ" သူ
ခေတ္တစကားဖြတ်ထားပြီးမှ လွန်စွာလေးနက်သောမျက်နှာနှင့်"လုံလုံခြုံခြုံ
ထားတဲ့သားရေသေတ္တာတစ်လုံးကိုလိုချင်တာဗျား"ဟုပြောလိုက်ပါ၏။
ကျွန်တော်သူမျက်နှာကိုစိုက်ကြည့်နေမိပါသည်။ နောက်ပြောင်ပြောနေ
ပေလောဟု ထင်မိသောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် သူ့မျက်နှာကိုကြ
ချဉ်းဖြင့် အတည်ပြောနေကြောင်းသိသာပါသည်။

"သားရေသေတ္တာများဗျာ၊ သူလိုချင်ရင်ဝယ်လို့ရသားပဲဗျ"ဟုကျွန်
အော်ပြောလိုက်ရာ သူက "အသစ်ကိုလိုချင်တာမဟုတ်ဘူးဗျ။ သုံးလ
သေတ္တာဟောင်းကိုလိုချင်တာ။ အယ်လီဇာဒန်းရဲ့သေတ္တာဟာ အသင့်တော်
ဖြစ်နေလို့ပဲ"

"ဟာ-ပွိုင်းရော့ခင်ဗျားနောက်နေတာလားဗျ" ဟုကျွန်တော်မယုံနိုင်သ
ပြောလိုက်ရာသူက ကျွန်တော့်ကိုစေ့စေ့ကြည့်ပြီး-"ခင်ဗျားက မစ္စတာဆင်ပ
ရဲ့ ဦးနှောက်နဲ့စိတ်ကူးဉာဏ်ကိုလျှော့တွက်နေတာကိုး။ ကဲ-ကျုပ်ရှင်းပြ
ဗုဒ္ဓဟူးနေ့တစ်မနက်မှာ ဆင်ပဆင်ကထမင်းချက်ကိုအဝေးထွက်သွားအ
လုပ်လိုက်တယ်။ စာရွက်တို့၊ ကတ်ပြားတို့ဆိုတဲ့အထောက်အထားတွေ
မခက်လှပါဘူး။ သူ့အကြံအောင်ဖို့ပေါင်တစ်ရာနဲ့ခြောက်လစာအိမ်ငှား

မြောဘူးဗျ။ ရုပ်ဖျက်ထားလိုက်တော့ သူ့ကိုမစ္စဒန်းက မမှတ်မိဘူး။ အဲဒါ
ဟူးနေ့နော်၊ အဲဒီအချိန်မှာဆင်ပဆင်က အာမခံငွေစုလက်မှတ်ပေါင်
သောင်းဖိုးကို ဘဏ်ကနေ ခိုးထားပြီးပြီ"

"ဗျာ-အဲဒါဒေးဗစ်လေဗျာ"

"ဟေစတင်-ကျုပ်စကားကိုဆုံးအောင်နားထောင်ပါဦး။ ဆင်ပဆင်က
ဦးမှဟာ ကြာသပတေးနေ့၊ နေ့ခင်းပိုင်းမှပေါ် လာမယ်ဆိုတာကိုသိနေတယ်။
ကြာသပတေးနေ့မှာ သူဘဏ်ကိုမသွားတော့ဘဲ ဒေးဗစ်အပြင်ထွက်လာမှာကို
စောင့်နေလိုက်တယ်။ ဒေးဗစ်ကိုသူယုံအောင်ပြောပြီးကလာဖမ်အိမ်ကိုခေါ်
သွားခဲ့လိမ့်မယ်။ အဲဒီနေ့ကအင်နီရဲ့အားရက်၊ မစ္စစ်တော့ဒ်လည်း စျေးရောင်း
ဖွင့်ရတော့ အိမ်မှာဘယ်သူမှမကျန်ခဲ့ဘူး။ ဘဏ်မှခိုးမှပေါ် လာပြီး ဒေးဗစ်
လည်းပျောက်နေတယ်ဆိုရင် ဒေးဗစ်ကို သူခိုးလို့စွပ်စွဲဖို့ရှိတော့တာပေါ့။ မစ္စတာ
ဆင်ပဆင်ကနောက်တစ်ရက်မှာ အေးအေးဆေးဆေး အလုပ်ပြန်ဆင်းလိုက်
တယ်"

"ဒေးဗစ်ကကော" ကျွန်တော်မေးလိုက်ရာ ပွိုင်းရော့ကဖြည်းညင်းစွာ
ဆင်းခါပြီး"သွေးအေးအေးနဲ့လုပ်လိုက်တဲ့ပုံပါဗျာ၊ လူသတ်သမားအတွက်
ဆက်အခဲကအလောင်းဖျောက်ဖို့ပဲ။ ဒါကိုဆင်ပဆင်ကကြိုစီစဉ်ထားတယ်။
လုပ်မသက်ာဖြစ်နေတာကိုပဲ။ အမှန်မှာတော့ဆင်ပဆင်ကိုယ်တိုင်ထုပ်ပိုး
ညှောင်ပြီး ကာတာပီတာဆန်ကိုယူခိုင်းလိုက်တာပေါ့ဗျာ။ သေတ္တာကပိုင်ရှင်
မည်၊ လိပ်စာပါပြီးသားဆိုတော့ဘူတာခုံတစ်ခုမှာ အပ်ခိုင်းပြီးဆင်ပဆင်က
ကားယူမှာပေါ့။ ပြီးတော့ လေဘယ်ကပ်ပြားတစ်မျိုးပြောင်းပြီးသေတ္တာမှာချိတ်၊
ရှင်းလာရွေးယူပါမည်လို့ရေးပြီး တခြားဘူတာ တစ်ခုမှာသွားအပ်လိုက် လိမ့်
ယ်။ တာဝန်ရှိသူတွေမသက်ာလို့ဖွင့်ကြည့်တဲ့အချိန်မှာ အဲဒီသေတ္တာ ဟာ
ဩာဖမ်အိမ်နဲ့ဘယ်လိုမှမပတ်သက်တော့ဘူး"

ပွိုင်းရော့၏ မှန်းဆချက်များမှန်ကန်ကြောင်းနောက်ပိုင်းတွင်သိရပါ၏။
ဆင်ပဆင်အိမ်မှ ထွက်သွားသည်မှာနှစ်ရက်ရှိပြီ။ သို့ရာတွင်သူပြေး၍မလွတ်ပါ။
မေရိကသို့ထွက်ခွာသော အိုလံပီယာသင်္ဘောပေါ် တွင် သူ့ကိုဖမ်းဆီးနိုင်ခဲ့
သည်။ မစ္စတာဟင်နရီဝင်းတားဟုအမည်တပ်ထားသော သားရေသေတ္တာ
အိတ်လုံးမှာ လာရှေးသူမရှိဘဲ ဂလပ်စဂိုတွင်ကြာမြင့်စွာရောက်နေရာမှ တာဝန်
ရှိသူတို့ မသက်ာ၍ဖွင့်ဖောက်စစ်ဆေးသောအခါ ဒေးဗစ်၏ အလောင်းကို
တွေ့ကြရလေသည်။

မစ္စစ်တော့ဒ် ပို့လိုက်သော တစ်ဂီနီတန် ချက်လက်မှတ်မှာ ငွေ

သုတ်ယူခြင်း မပြုဘဲ ပွိုင်းရော့ကမှန်ပေါင်သွင်း၍ ညှော်ခန်းတွင်ခြိုတ်ဆွဲထား
သည်။

"ဒါက ကျုပ်ကိုသတိပေးဖို့ပဲ ဟေစတင်ရဲ့၊ ဘယ်ကိစ္စကိုမှသိမ်ငယ်တာ
အရေးမပါဘူးလို့ယူဆပြီး မပစ်ပယ်လိုက်ဖို့ပေါ့ဗျာ။ တစ်ဖက်မှာက သာ
အခိုင်းအစေတစ်ယောက်ပျောက်ဆုံးမှု၊ နောက်တစ်ဖက်မှာက သွေးအေး
နဲ့သတ်တဲ့လူသတ်မှု၊ ဒီနှစ်ခုတစ်ဆက်တည်းဖြစ်နေတာကိုး၊ ကျုပ်အတွ
မမေ့နိုင်တော့တဲ့အမှုတစ်ခုပါပဲဗျာ"

လက်မတင်ကလေး

ဂျွန်ဟာရီဆန်သည် အိမ်ခန်းထဲမှ ထွက်လာပြီး ဝရန်တာတွင် ခေတ္တ
ရပ်ကာ ပန်းခြံကို လှမ်းကြည့်နေလိုက်သည်။ သူသည် ကိုယ်လုံးကိုယ်ထည်
ကြီးပြီး ဖြူဖပ်ဖြူရော်မျက်နှာရှိသူဖြစ်၏။ သူသည် အမြဲလိုလို မျက်နှာတည်
တည်နှင့်နေတတ်သူဖြစ်သော်လည်း ယခုလောလောဆယ်တွင် မျက်နှာတင်း
နေသည့်ပြင် ပြုံးယောင်ပင်ဖြစ်နေပါသည်။ နှင်းဆီပွင့်တို့ လန်းလန်းဆန်း
ဆန်း ပွင့်နေသော ယခုလိုဩဂုတ်လည်နေခင်းတွင် သူ့ပန်းခြံမှာ သင်းသင်း
ပျံ့နှင့်ကြည်နူးစရာကောင်းနေပါသည်။

အဝင်ဂိတ်တံခါးကို ကျော်ဖြတ်လျှောက်လာသည်။ သူကြားဖူးသော
ခြေသံပေါ်လာသဖြင့် ဟာရီဆန် လှည့်ကြည့်လိုက်သည်။ ဘယ်သူများပါလိမ့်။
တစ်မိနစ်အတွင်းမှာပင် သူမျက်နှာမှာ လွန်စွာအံ့အားသင့်သွားပုံပေါ်လာ၏။
သပ်ရပ်သော ဝတ်စုံဖြင့် အိမ်အဝင်လမ်းပေါ် လျှောက်လာသူမှာ ဤအရပ်
ဒေသမျိုးတွင် တွေ့ရလိမ့်မည်ဟု သူ လုံးဝမျှော်လင့်မထားသူပါတကား။

"ကျားသားမိုးကြိုးဗျာ"ဟု ဟာရီဆန် အံ့ဩစွာ ရေရွတ်လိုက်မိ၏။
"ဘုန်ဆီယာပွိုင်းရော့ပါလား"

မှန်ပါ၏။ စုံထောက်ကြီးတစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားလူသိများလှ
သည့် ဟာကြူလီပွိုင်းရော့ ဖြစ်ပါသည်။

"ဟုတ်ပါတယ်ဗျာ"ဟု သူကပြန်ဖြေ၏။ "ခင်ဗျားကျုပ်ကို ပြောဖူးတယ်
လား၊ ဒီအရပ်ဒေသကို အကြောင်းတစ်ခုခုကြောင့် ရောက်လာခဲ့ရင် ခင်ဗျား
ဆီ ဝင်ဖြစ်အောင်ဝင်ပါဆိုတာ ကျုပ်ကလည်း ကတိပေးခဲ့တယ်ဆိုတော့
ဟော-အခုရောက်လာပါပြီဗျာ"

"ဝမ်းသာတယ်ဗျို့" ဟာရီဆန်လှိုက်လှိုက်လှဲလှဲ ကြိုလိုက်ပါသည်။ "ဆိုင်ပါဗျာ၊ တစ်ခုခုသောက်တာပေါ့"

"ကျေးဇူးပဲ၊ ဖျော်ရည်တစ်ခုခုပဲသောက်ပါ့မယ်ဗျာ" ပွိုင်းရော့က ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း- "အား-ကျွပ်နှုတ်ခမ်းမွေးတွေတောင် ပျော့ခွေကုန်ပါလား အပူဒဏ်ကြောင့်ထင်ပါရဲ့"

"ပြောပါဦးဗျာ၊ ဘာလို့များ ဒီလောက်ခေါင်တဲ့အရပ်ကိုရောက်လာရတာ ဘုံး၊ အပန်းဖြေထွက်လာတာလား"

"မဟုတ်ဘူး မိတ်ဆွေကြီး အလုပ်ကိစ္စရှိလို့ပါ"

"အလုပ်ကိစ္စဟုတ်လား၊ ဒီလိုအစွန်အဖျား ဆင်ခြေဖုံးအရပ်မျိုးမှာလား ဘုံ"

ပွိုင်းရော့က တည်ကြည်စွာ ခေါင်းညိတ်ပြပါသည်။ "ဟုတ်တယ် မိတ်ဆွေကြီးရဲ့ ရာဇဝတ်မှုဆိုတာ လူထူထူရှိတဲ့နေရာမျိုးမှာတင် ဖြစ်ပွားတာ ဘာမျိုး မဟုတ်ဘူးလေ"

သူမိတ်ဆွေကရယ်လျက် "ဟုတ်ပါရဲ့၊ ကျွန်တော်ပြောတာ လွဲသွားတာ ဘုံ ဒါပေမယ့် ဘယ်လိုရာဇဝတ်မှုကို ဒီမှာလာထောက်လှမ်းရတာတုံး၊ အင်း ဒါလည်း မမေးသင့်တဲ့မေးခွန်းဖြစ်နေမလားဘဲ"

"မေးလို့ရပါတယ်ဗျာ၊ အမှန်မှာတော့ ကျွပ်ကလည်း မေးစေချင် ဘာပါ"

ဟာရီဆန်က နားမလည်ဟန်ဖြင့် သူမိတ်ဆွေကိုကြည့်၏။ စုံထောက်ကြီး ဟန်အမူအရာတွင် အနည်းငယ်ထူးခြားမှုရှိသည်ဟု သူထင်မိသည်။ "ဒါဖြင့် ရာဇဝတ်မှုတစ်ခုခုထောက်လှမ်းဖို့ လာတယ်ဆိုပါတော့၊ ခပ်ကြီးကြီး ရာဇဝတ်မှုမျိုးလား"

"အကြီးဆုံးရာဇဝတ်မှုပဲ ဆိုပါတော့ဗျာ"

"ခင်ဗျားဆိုလိုတာက-"

"လူသတ်မှုပဲဗျ"

"အခုထက်ထိတော့ ဘယ်သူမှအသတ်မခံရသေးပါဘူး"

"ဗျာ" ဟာရီဆန် အံ့အားသင့်သွားရပြန်ပါသည်။

"အဲဒါကြောင့်လည်း ခင်ဗျား မကြားနိုင်သေးဘူးလို့ ပြောတာပေါ့။ မကြား သေးတဲ့ရာဇဝတ်မှုတစ်ခုကို ထောက်လှမ်းဖို့ ကျွပ်ရောက်လာရတာပါပဲ"

"ဟာ-ဒါတော့ အဓိပ္ပာယ်မရှိဘူးထင်ပါတယ်ဗျာ"

"အဓိပ္ပာယ်ရှိတယ်ဗျ။ မဖြစ်သေးတဲ့လူသတ်မှုတစ်ခုကို ထောက်လှမ်းနိုင်ရင် ဖြစ်ပြီးသားကို ထောက်လှမ်းတာထက် အများကြီး ပိုကောင်းတာပေါ့ဗျာ။ မဖြစ်အောင်တောင် ကာကွယ်နိုင်ဦးမယ်လေ"

ဟာရီဆန်သူ့ကို စိုက်ကြည့်နေ၏။ "မွန်ဆီယာပွိုင်းရော့၊ ကာကွယ်ပြောနေတာမှ ဟုတ်ရဲ့လားဗျာ"

"တကယ်ပါဗျာ၊ ကျွပ်အလေးအနက်ပြောနေတာပါ"

"ဒါဖြင့် လူသတ်မှုတစ်ခုဖြစ်တော့မယ်လို့ ခင်ဗျားယုံကြည်နေတယ်ပေါ့။ သဘာဝမကျလိုက်တာဗျာ"

"အကယ်၍ ကျွပ်တို့မကာကွယ်နိုင်ခဲ့ရင်ပေါ့။ ဟုတ်တယ်မိတ်ဆွေကြီး ကျွပ်ဆိုလိုတာ အဲဒါပါပဲ"

"ဗျာ-ကျွပ်တို့-ဟုတ်လား"

"မှန်တယ် ကျွပ်တို့ပေါ့ ခင်ဗျားရဲ့ပူးပေါင်းပါဝင်မှုလိုတယ်ဗျ"

"အဲဒီအကြောင်းကြောင့် ခင်ဗျား ဒီကိုရောက်လာတာဆိုပါတော့"

ပွိုင်းရော့က သူ့ကိုထူးခြားသော အကြည့်ဖြင့်ကြည့်ပြန်ရာ ဟာရီဆန် နေဇာတ်သလို ဖြစ်ရပြန်သည်။

"ကျွပ်ဒီကို ရောက်လာရတာကတော့ မိတ်ဆွေကြီး ဟာရီဆန် ခင်ဗျားကို ကျွပ်သဘောကျလို့ပါ" ပွိုင်းရော့က လုံးဝကွဲပြားသောလေသံဖြင့် ဆက်ပြောပြန်ပါသည်။ "ဟောဟိုမှာ နကျယ်အုံကြီးတစ်ခုပါလား၊ ခင်ဗျားကို အဲဒါကို ဖျက်ပစ်သင့်တယ်ဗျ"

ရုတ်တရက်စကားလမ်းကြောင်း ပြောင်းလိုက်သောကြောင့် ဟာရီဆန် စိတ်ရှုပ်ဟန်ဖြင့် မျက်မှောက်ကြုတ်လိုက်မိသည်။ သူက ပွိုင်းရော့ကြည့်နေသောနေရာကို လိုက်ကြည့်ရင်း- "အမှန်မှာတော့ ကျွန်တော် ဖျက်တော့မလို့ပါပဲ။ လင်တန်ကို ဖျက်ခိုင်းမလို့ပါ။ ခင်ဗျား ကလော့ဒ်လင်တန်ကို မှတ်မိတယ်မဟုတ်လား။ ညစာစားပွဲမှာ ခင်ဗျားနဲ့ဆုံတုန်းက သူလည်းရှိတယ်လေ။ ဒီညပဲ သူ နကျယ်အုံလာဖျက်ဖို့ရှိတယ်။ အဲဒီလိုလုပ်ရတာကို သူက ဝါသနာတိုပါတာ"

"ဩော်-ဒီလိုကိုး" ပွိုင်းရော့ကပြော၏။ "သူကဘယ်လိုဖျက်မှာတဲ့တုံး"

"ဓာတ်ဆီနဲ့ဆေးဖျန်းပိုက်နဲ့ပေါ့ဗျာ၊ သူ့ဆေးဖျန်းပိုက်က ကျွန်တော့်ဟာထက်ပိုကောင်းတယ်"

"တခြားနည်းလမ်းရှိသေးတယ်မဟုတ်လားဗျ၊ ပိုတက်စီယမ်ဆိုင်ယာနိုက်နဲ့လေ"

ဟာရီဆန်အနည်းငယ် အံ့သြသွားပုံရပါသည်။ "အဲဒါနဲ့လည်း ရတော
ရပါတယ်။ အန္တရာယ်ကြီးတာပေါ့"

ပွိုင်းရော့က ဖြည်းဖြည်းခေါင်းညိတ်၏။ "ဟုတ်တယ်၊ အန္တရာယ်ကြီး
အဆိပ်ပဲ၊ တကယ်အန္တရာယ်ကြီးတယ်"

"ခင်ဗျား ယောကျ့ားမကြီးကို အဆိပ်ခတ်သတ်ချင်ရင်တော့ အသ
ဘည့်တာပေါ့ဗျာ၊ ဟုတ်လား"ဟု ဟာရီဆန်က ရယ်လျက်ပြောလိုက်သော
သည်း ပွိုင်းရော့မှာ လေးနက်တည်ကြည်နေဆဲ ဖြစ်ပါ၏။ "ခင်ဗျား သေ
ခဲ့လား၊ မိတ်ဆွေကြီး၊ မွန်ဆီယာလင်တန်က ခင်ဗျားရဲ့ နကျယ်အံ့ကို မာတ်
ဖျန်းပြီးဖျက်မယ်ဆိုတာလေ"ဟု ပြန်မေးလိုက်သည်။

"သေချာပါတယ်ဗျာ၊ ဘာဖြစ်လို့လဲ"

"သိချင်လို့မေးတာပါ၊ ဒီနေ့လယ်ကပဲ ဘာချက်စတာဆေးဆိုင်ကို ဝ
ရောက်ခဲ့တယ်၊ ကျုပ်ဝယ်တဲ့ပစ္စည်းအတွက် မှတ်ပုံတင်စာအုပ်မှာ လက်မှ
ထိုးခဲ့ရတယ်။ အဲဒီမှာ ကလော့ဒ်လင်တန်လက်မှတ်ထိုးထားတာလည်း တွေ့
တယ်။ ပိုတက်စီယမ်ဆိုင်ယာနိုက်ဝယ်တဲ့အတွက် ထိုးထားတာပဲ"

ဟာရီဆန်ကြက်သေသေသွား၏။ "ဒါတော့ ဆန်းတယ်"ဟု သူကရေ
သည်။ "ဒီလိုအဆိပ်မျိုး မသုံးသင့်ဘူးလို့ တစ်နေ့ကပဲ လင်တန်ပြောခဲ့သေ
တယ်။ ဆေးဖျန်းဖို့အတွက်ဆိုရင် ဒီလိုအဆိပ်မျိုးကို ရောင်းတောင်ရော
မပေးသင့်ဘူးလို့လည်း ပြောတယ်"

ပွိုင်းရော့က ပန်းခြံထဲသို့ ကြည့်ရင်း အေးဆေးစွာမေးလိုက်သည်
"ခင်ဗျား လင်တန်ကို သဘောကျရဲ့လား"

မမျှော်လင့်သော မေးခွန်းကြောင့် ဟာရီဆန်ကြောင်သွား၏။

"အာ- ဟုတ်ကဲ့-မကြိုက်စရာဘာရှိလို့လဲဗျာ"

"သိချင်လို့မေးတာပါပဲ။ သူကတော့ ခင်ဗျားကို သဘောကျရဲ့လားမ
ဘူး"

"ခင်ဗျား ဘာကို ဦးတည်မေးနေတာလဲ မွန်ဆီယာပွိုင်းရော့၊ ကျွန်တော
တော့ နားမလည်နိုင်တော့ဘူး"

"ကျုပ် ပွင့်ပွင့်လင်းလင်းပဲပြောပါ့မယ်။ ခင်ဗျားဟာ မော်လီဒိန်းဆို
အမျိုးသမီးနဲ့စေ့စပ်ထားတယ်။ သူ့ကို ကျုပ်သိပါတယ်။ သိပ်ချောတဲ့ အ
သမီးပဲ။ ခင်ဗျားနဲ့မစေ့စပ်ခင်မှာ သူဟာ ကလော့ဒ်လင်တန်နဲ့စေ့စပ်ထား
ပြီးသား။ အဲဒီနောက် သူစိတ်ပြောင်းသွားပြီး ခင်ဗျားကိုပဲ ရွေးချယ်ခဲ့တယ်
ဟာရီဆန်က သူ့ကို ခေါင်းညိတ်ပြ၏။ ပွိုင်းရော့ကဆက်၍-"ဘယ်လို

ကြောင်းတွေကြောင့် အမျိုးသမီးစိတ်ပြောင်းသွားတာလဲလို့ ကျုပ်မသိချင်ပါ
ဘူး၊ ကျုပ်ပြောချင်တာက လင်တန်ဟာ ဒီကိစ္စကို မေ့မပစ်နိုင်ဘူးဆိုတာပဲ"

"ခင်ဗျားမှားနေပြီ၊ မွန်ဆီယာပွိုင်းရော့၊ လင်တန်ဟာ အားကစားသမား
ကောင်းတစ်ယောက်လိုပါပဲ။ ယောကျ့ားပီသသနဲ့ပဲ သူလက်ခံခဲ့တာပါ။
သူဟာအံ့သြစရာကောင်းလောက်အောင် သိက္ခာရှိတဲ့သူပါဗျာ။ အခင်မင်လည်း
မပျက်ခဲ့ပါဘူး"

"အဲဒါကို ခင်ဗျားစိတ်ထဲမှာ ထူးဆန်းတယ်လို့မထင်ဘူးလား။ အံ့သြစရာ
ကောင်းလောက်အောင် ဆိုတဲ့စကားလုံးကို ခင်ဗျားခုနသုံးသွားပေမယ့် ခင်ဗျား
ကြည့်ရတာတော့ အံ့သြပုံမပေါ်ပါလားဗျာ"

"ဘာကိုဆိုလိုတာလဲ မွန်ဆီယာပွိုင်းရော့"

"ကျုပ်ဆိုလိုတာက လူဆိုတာ သူရဲ့အမုန်းတရားကို အခွင့်အခါသင့်တဲ့
အချိန်အထိ သိမ်းထားတတ်တယ်ဆိုတာပါပဲ"

"အမုန်းတရား-ဟုတ်လား"ဟာရီဆန်က ခေါင်းခါလျက်ရယ်ပါသည်။
ဦးနောက်ဆက်၍-"ခင်ဗျားကျွန်တော့်ကို သတိပေးနေတာကိုး၊ ကျွန်တော်
အဘေပေါက်ပါပြီ။ ကဲလော့ဒ်လင်တန်နဲ့ပတ်သက်ပြီး ကျွန်တော့်ကို သတိ
ပေးချင်လို့ ဒီနေ့ ဒီကို ရောက်လာတယ်ဆိုပါတော့-"

ပွိုင်းရော့က ခေါင်းညိတ်၏။ ဟာရီဆန်ရုတ်တရက် ထရပ်လိုက်သည်။
"ခင်ဗျားရူးနေပြီ မွန်ဆီယာပွိုင်းရော့၊ ဒါ-အင်္ဂလန်နိုင်ငံပါဗျာ။ ဒီနိုင်ငံမှာ
ဒါမျိုးမဖြစ်ပါဘူး။ အဆင်မပြေတဲ့အချစ်ရေးကြောင့် နှောက်ကျောကိုမားနဲ့
ထိုးတာတို့ အဆိပ်ခတ်တာတို့ဆိုတာတွေ ဒီမှာမဖြစ်နိုင်ဘူးဗျ။ ပြီးတော့
လင်တန်နဲ့ပတ်သက်လို့လည်း ခင်ဗျားအမြင်လွဲနေတယ်။ ဒီလူဟာ ယင်ကောင်
ငေးတစ်ကောင်ကိုတောင် သတ်မယ့်လူမျိုးမဟုတ်ဘူး"

"ယင်ကောင်တွေ သေမသေဆိုတာ ကျုပ်အလုပ်မဟုတ်ပါဘူး"ဟု
ပွိုင်းရော့က တည်ငြိမ်စွာပြန်ပြော၏။" ပြီးတော့ မွန်ဆီယာလင်တန်ဟာ ယင်
ကောင်လေးတစ်ကောင်တောင် သတ်မယ့်သူမဟုတ်ဘူးလို့ ခင်ဗျားပြောပေ
မဲ့ သူဟာနကျယ်ကောင်တွေ ထောင်ပေါင်းများစွာ သတ်ပစ်တော့မယ်
ဆိုတာ ခင်ဗျားမေ့သွားပြီထင်တယ်"

ဟာရီဆန်က ချက်ချင်းအဖြေမပေးပါ။ ပွိုင်းရော့က ထရပ်ပြီး သူ့
မိတ်ဆွေထံ လျှောက်သွားကာ ပခုံးပေါ်တွင် လက်တင်လိုက်သည်။ သူ့
မျက်မှာအနည်းငယ်တုန်နေ၏။ သူကဟာရီဆန်၏နားနားကပ်၍ တိုးတိုး
ပြောလိုက် သည်။ "ရှင်းရှင်းသိအောင်လုပ်စမ်းပါ မိတ်ဆွေကြီး ဟောဟိုမှာ

ကျုပ်ပြော နေတဲ့နေရာကို ကြည့်။ ဟိုအပင်ကြီးရဲ့ အမြစ်ဘေးမှာ တွေ့တ
မဟုတ်လား၊ နကျယ်ကောင်တွေ သူတို့အသိုက်အမြုံကို ပြန်လာကြတာ
တစ်နေ့တာ ကုန်ဆုံးသွားလို့ အေးအေးဆေးဆေး အိမ်ပြန်လာကြတာ
လာမယ့်နာရီ ပိုင်းအတွင်းမှာပဲ သူတို့သေကြေပျက်စီးကြရတော့မ
ဒါကိုသူတို့မသိကြဘူး။ ဘယ်သူကမှ သူတို့ကို သတိမပေးဘူး။ သူတို့အတွ
ဟာကြူလိပ္ပိုင်း ရော့ဆိုတာလည်းမရှိဘဲကိုး။ ကျုပ်ပြောခဲ့တယ်နော်။ ကျုပ်
လာတာ အလုပ်ကိစ္စနဲ့ဆိုတာ၊ လူသတ်မှုဆိုတာမျိုးဟာ ကျုပ်ကိစ္စပဲ။ လူသ
မှုဆိုရင် မကျူးလွန်ခင်မှာရော ကျူးလွန်ပြီးမှရော ကျုပ်ရဲ့ အလုပ် တာဝန်
ဒါနဲ့ မွန် ဆီယာလင်တန်က ဒီနကျယ်အုံကို ဘယ်အချိန်လာရှင်း မယ်တဲ့
"လင်တန်ဟာ ဘယ်တော့မှ-"
"သူဘယ်အချိန်လာမှာလဲ"
"ကိုးနာရီဗျ၊ ဒါပေမယ့်ခင်ဗျားမှားနေပြီ လင်တန်ဟာ ဘယ်တော့မ
"တော်ပါတော့ဗျာ၊ ခင်ဗျားတို့အင်္ဂလိပ်တွေ-" ပွိုင်းရော့ကအော်
လိုက်ပြီး သူဦးထုပ်နှင့်တုတ်ကောက်ကို ကောက်ယူကာ ဝရန်တာမှပြန်ဆ
သွား၏။ ထို့နောက်ပြန်လှည့်ပြီး "ခင်ဗျားနဲ့ကျုပ်ငြင်းမနေတော့ဘူး။ ဒါပေ
ခင်ဗျားသိအောင်ပြောဦးမယ်။ ကျုပ်ကိုးနာရီမှာပြန်လာမယ်"ဟု ပြောလို
သည်။ ဟာရီဆန် တစ်ခုခုပြန်ပြောရန် ပါးစပ်ဟလိုက်သောအခါ ပွိုင်းရော့
"ခင်ဗျားပြောမှာကျုပ်သိတယ်၊ လင်တန်ဟာ ဘယ်တော့မှ-ဒါပဲမဟုတ်လာ
ဘာပဲဖြစ်ဖြစ် ကျုပ်ကိုးနာရီမှာ ပြန်လာမယ်။ နကျယ်အုံဖျက်တာကြည့်ချင်
ဆိုပါတော့၊ ခင်ဗျားတို့ အင်္ဂလိပ်တွေရဲ့အားကစားနည်းတစ်မျိုးထင်ပါ
သူက ဟာရီဆန် ပြန်ပြောမည့်စကားကို စောင့်နားမထောင်တော့
လှည့်ထွက်လာခဲ့သည်။ ဂိတ်တံခါးအပြင်ဘက်လမ်းပေါ် သို့ရောက်သော
သွက်သွက်လျှောက်လာခဲ့ခြင်းကို ပြန်လျှော့ချလိုက်၏။ မျက်နှာအမူအရာ
လည်း လေးနက်ပြီးစိုးရိမ်ဟန် ဖြစ်လာသည်။ အိုက်ဆောင်နာရီကို ထုတ်ကြ
လိုက်ရာ ရှစ်နာရီဆယ်မိနစ်ကို ပြနေသည်။ "မိနစ်ငါးဆယ်လိုသေးတ
စောင့်နေလိုက်တာကောင်းမလား"ဟု သူရေရွတ်လိုက်၏။ သူခြေလှမ်း
နှေးသွားသည်။ ပြန်လှည့်တော့မလို လုပ်မိသေး၏။ အန္တရာယ်နီးကပ်နေ
ဟူသောအသိက သူ့ကို ထိုးနှက်နေသည်။ သို့ရာတွင် သူယတိပြတ်ဆုံးဖြ
လိုက်ပြီး ရွာဘက်သို့ ဆက်လျှောက်သွားတော့သည်။

ဟာရီဆန်၏ပန်းခြံဂိတ်တံခါးအနီးသို့ သူပြန်ရောက်လာသော
ကိုးနာရီထိုးရန် မိနစ်အနည်းငယ်လိုနေသေးသည်။ ငြိမ်သက်သော ညတ

ဖြစ်ပေသည်။ သစ်ရွက်များ လှုပ်ခတ်လောက်အောင်ပင် လေတိုးခြင်းမရှိပေ။
ဂိတ်တုန်လှုပ်စရာကောင်းလောက်အောင် တိတ်ဆိတ်နေ၏။ မုန်တိုင်းကျကာနီး
ငြိမ်သက်နေသလိုမျိုး ဖြစ်နေပါသည်။ ပွိုင်းရော့ ခြေကို ခပ်သွက်သွက်လှမ်း
သိုက်၏။ စိုးရိမ်စိတ်ရုတ်တရက်ပေါ်လာသောကြောင့်ဖြစ်သည်။ ထိုအခိုက်
မှာပင် ခြံတံခါးပွင့်သွားပြီး ကလော့ဒ်လင်တန်ထွက်လာသည်။ ပွိုင်းရော့ကို
မြင်သောအခါ သူအံ့အားသင့်သွားသည်။
"အိုး-အဲ-မင်္ဂလာညနေပါဗျာ"
"မင်္ဂလာညနေပါ မွန်ဆီယာလင်တန်၊ ခင်ဗျားစောသားပဲ"
"ခင်ဗျားနကျယ်အုံဖျက်ပြီးခဲ့ပလား"
"မဖျက်ပါဘူးဗျာ"
"ညော်-ပွိုင်းရော့က အေးဆေးစွာပြော၏ " မဖျက်ရသေးဘဲကိုး။ ဒါဖြင့်
ဒီမှာဘာလုပ်နေတာလဲ"
"ဟာရီဆန်ကြီးနဲ့ထိုင်စကားပြောနေတာပါဗျာ။ ကဲ-ကျွန်တော်သွားဦးမှပဲ။
မွန်ဆီယာပွိုင်းရော့ ဒီအပိုင်းကို ဘာလို့ရောက်နေသလဲဆိုတာ ကျွန်တော်
သိုးစားမရဘူး"
"အဲ့လုပ်ကိစ္စပေါ့ဗျာ"
"ညော်-ဟုတ်ကဲ့၊ ဟာရီဆန်ကြီး ဝရန်တာမှာရှိပါတယ်။ ကျွန်တော်
နေ နိုင်တာ ဆောရီးပါဗျာ"
သူခပ်သွက်သွက်ထွက်သွား၏။ ပွိုင်းရော့က သူ့ကိုလှမ်းကြည့်နေသည်။
"ခွပ်ကချောချောနဲ့အတော်စိတ်လှုပ်ရှားတတ်တဲ့သူငယ်ပဲ" သူဂိတ်တံခါးမှ
ထွင်လိုက်ပြီး ဝရန်တာရှိရာသို့ လျှောက်သွားလိုက်၏။ ဟာရီဆန်မှာ စားပွဲ
အနီးရှိ ထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်နေပါသည်။ ပွိုင်းရော့ရောက်လာသော်
သည်း သူကမတုန်မလှုပ်နှင့်လှည့်ကြည့်ခြင်း မရှိပါ။
"အာ-မိတ်ဆွေကြီး၊ ခင်ဗျားနေကောင်းရဲ့လား"ဟု ပွိုင်းရော့ကမေးလိုက်
သည်။ ဟာရီဆန်က အတော်ကြာအောင် ပြန်မပြောဘဲနေပြီးမှ-"ဘာပြော
စရာလဲဗျ"ဟုမေးသည်။
"ခင်ဗျား နေကောင်းရဲ့လားလို့မေးတာပါ"
"နေကောင်းတာပေါ့ဗျ၊ ဘာလို့မကောင်းရမှာလဲ"
"ခင်ဗျား ဗိုက်ထဲမှာ တစ်ခုခုမဖြစ်ဘူးဆိုပါတော့ ကောင်းတယ်ဗျာ"
"ဗိုက်ထဲမှာ-ဘာလို့တစ်ခုခုဖြစ်ရမှာလဲ"
"အဝတ်လျှော်ဆော်ဒါကြောင့်လေ"

ဟာရီဆန်ခေါင်းထောင်ကြည့်လိုက်၏။ "အဝတ်လျှော်ဆော်ဒါ-ဘ
အဓိပ္ပာယ်လဲဗျ"

ပွိုင်းရော့က တောင်းပန်ဟန်အမူအရာပြလိုက်ပြီး-"လိုအပ်လို့လုပ်ရ
ပါဗျာ၊ ကျုပ်စိတ်မကောင်းပါဘူး။ ခင်ဗျားအိတ်ထဲမှာ အဝတ်လျှော်ဆော်
တစ်ထုပ် ကျုပ်ထည့်ထားခဲ့တယ်"

"ကျွန်တော့်အိတ်ထဲမှာ ထည့်ထားခဲ့တယ်-ဟုတ်လား-ဘာသဘောလဲ

ဟာရီဆန် သူ့ကိုစိုက်ကြည့်နေသည်။ ပွိုင်းရော့က ကလေးတစ်ယောက်
ကိုပြောနေသလို အေးဆေးစွာရှင်းပြပါသည်။ "စုံထောက်တစ်ယောက်ဟာ
ရတာ ရာဇဝတ်ကောင်တွေနဲ့ ပတ်သက်နေရတာမို့ ဆိုးကျိုးရှိသ
ကောင်းကျိုး လည်းရှိတယ်ဗျ။ အဲဒီရာဇဝတ်ကောင်တွေဟာ အတော်စိတ်
စားစရာကောင်းတဲ့ ဒုစရိုက်ပညာတွေကို သင်ပေးနိုင်တဲ့သူတွေ
ဘစ်ခါတုန်းက ကျုပ်ခါးပိုက်နှိုက်တစ်ယောက်ကို အပြစ်ကလွတ်အော
ကူညီခဲ့ဖူးတယ်။ အဲဒီတုန်းက သူဟာ သူမကျူးလွန်တဲ့အပြစ်အတွ
အဖမ်းခံခဲ့ရတာကိုး။ သူကျုပ်ကို ကျေးဇူးတွေတင်ပြီး သူတတ်နိုင်တဲ့ နည်
ပြန်ကျေးဇူးဆပ်ခဲ့တယ်။ အဲဒါကတော့ ခါးပိုက်နှိုက်နည်းကို ကျုပ်ထ
အောင် သင်ပေးခဲ့တာပါပဲ။

"ဒီတော့ ကျုပ်ဟာကျုပ်ဆန္ဒရှိပြီဆိုရင် လူတစ်ယောက်ယောက်ဆီက
သူမသိအောင် ခါးပိုက်နှိုက်တတ်သွားတယ်။ ခါးပိုက်နှိုက်တော့မယ်ဆို
အဲဒီလူရဲ့ ပခုံးပေါ်ကျုပ်လက်တင်လိုက်တယ်။ စိတ်လှုပ်ရှားခံစားနေ
အမူအရာလုပ်လိုက်တယ်။ သူကတော့ ဘာမှမသိဘူး။ ကျုပ်သူ့အိတ်ထဲ
တစ်ခုခုကို နှိုက်ယူပြီး အဲဒီနေရာမှာ အဝတ်လျှော်ဆော်ဒါအထုပ်ကို ထ
ထားလိုက်တယ်။ ကိုင်း-ခင်ဗျား မြင်ပြီမဟုတ်လား။ လူတစ်ယောက်
ဖန်ခွက်တစ်ခုထဲကို အဆိပ်ခတ်ချင်တယ်ဆိုရင် ဘယ်သူမှမသိအော
ခပ်သွက်သွက်လုပ်နိုင်ဖို့လိုတယ်။ အဲဒီလိုလုပ်နိုင်ဖို့အတွက် အဆိပ်ကို
ညာဘက်အိတ်ထဲမှာ အသင့်ထည့်ထားရမှာပဲ"

သူကအိတ်ထဲသို့ လက်နှိုက်လိုက်ပြီး အဖြူရောင်အမှုန့်ကလေးမျာ
သောအထုပ်ကို ထုတ်ယူလိုက်သည်။

"သိပ်ကို အန္တရာယ်ကြီးတယ်"ဟု သူကပြောပြီး ကျန်အိတ်တဖက်
အဝကျယ်ပုလင်းတစ်လုံးကို ထုတ်လိုက်သည်။ ဖန်ခွက်ကို စားပွဲ
တင်လိုက်ပြီး အမှုန့်ဖြူများကိုထည့်ကာ ရေလောင်းထည့်လိုက်၏။ အမှုန့်
ပျော်ဝင်ရည်ပုလင်းကို တည်ငြိမ်စွာကိုင်လျက် ပွိုင်းရော့က သစ်ပင်ရိ

ားကာ နကျယ်အုံပေါ်တွင် လောင်းချလိုက်သည်။ နောက်သို့ ခြေနှစ်
ခန့်ဆုတ်ပြီး သူစောင့်ကြည့်နေပါသည်။

နကျယ်အုံပေါ်လာနားသော နကျယ်ကောင်များ ချက်ချင်းဆိုသလို ငြိမ်
သွားကြသည်။ အပေါက်များမှ ထွက်လာသော အခြားနကျယ်ကောင်
သည်း အပေါက်ဝ၌ပင် သေသွားကြရ၏။ ပွိုင်းရော့ က ခေါင်းတစ်ချက်
ပြီး ဝရန်တာပေါ် ပြန်တက်လာသည်။

"မြန်တယ်ဗျ၊ ချက်ချင်းသေကုန်တာပဲ"ဟု သူကပြောလိုက်သည်။ ဟာ
ရီဆန်သူ့ကိုကြည့်နေရင်း က-"ခင်ဗျားဘယ်လောက်သိထားသလဲ"ဟု မေးသည်။
ရော့ကသူ့ကို စိုက်ကြည့်၏။ "ကျုပ်ပြောခဲ့သလိုပဲ။ ကလော့ဒ်လင်တန်
ဆိပ်ဝယ်စာအုပ်ထဲမှာ လက်မှတ်ထိုးထားတာတွေ့ခဲ့တယ်။ ခင်ဗျားကို မပြော
ားတာက အဲဒီနောက် ခဏအကြာမှာ ကျုပ်သူ့ကိုတွေ့ခဲ့တယ်ဆိုတာပဲ။
ယ်အုံကို ဖျက်ချင်လို့ဝယ်ခဲ့ပေးပါလို့ ခင်ဗျားကခိုင်းတာနဲ့သူဝယ်တာပါ
သူက ကျုပ်ကို ရှင်းပြတယ်။ ကျုပ်အတွက် အုံသြစရာဖြစ်သွားရတယ်။
လို့လဲဆိုတော့ ညစာစားပွဲမှာ ခင်ဗျားနဲ့ တွေ့ခဲ့တုန်းက ခင်ဗျားပဲ ပိုတက်
ဆိုင်ယာနိုက်လိုအဆိပ်ကို ဘယ်နေရာမှာမှ မသုံးသင့်ဘူးလို့ ပြောခဲ့
လေ"

"ဆက်ပြောပါဦး"

"နောက်ထပ် ကျုပ် သိထားတာရှိသေးတယ်။ ကလော့ဒ်လင်တန်နဲ့
လီဒိန်းတို့ကို နှစ်ယောက်တည်းရှိနေကြတုန်း ကျုပ်တွေ့ခဲ့ပြီးပြီ။
ကတော့ ကျုပ်ရှိနေမှန်းမသိကြဘူးပေါ့။ သူတို့ချစ်သူရည်းစား
ယောက်ဘယ်လို အကြောင်းကြောင့် စိတ်ကောက်ပြီး ခွဲခွာခဲ့ကြတာကို
မသိပါဘူး။ မော်လီ ဒိန်းဟာ ခင်ဗျားဆီ ရောက်သွားခဲ့တယ်။ ဒါပေမယ့်
ပိုင်း အထင်အမြင် လွဲတာတွေရှင်းသွားပြီးတဲ့နောက် သူတို့နှစ်ယောက်
ည်မှုပြန်ပြီး ရသွား ကြတယ်။ မစ္စဒိန်းဟာ သူချစ်သူနဲ့ပဲ ပြန်ပြီးလက်တွဲ
တယ်"

"ဆက်ပြောပါ"

"ကျုပ်ဒို့ထက်ပိုပြီး သိထားတာရှိသေးတယ် မိတ်ဆွေကြီး။ တစ်ရက်မှာ
ာလေလမ် ကို ရောက်သွားတယ်။ အဲဒီမှာ ပါရဂူတစ်ယောက်ရဲ့ ဆေး
ာ ထွက်လာတဲ့ခင်ဗျားကို တွေ့ခဲ့ရတယ်။ အဲဒီပါရဂူကို ကျုပ်သိတယ်။
လိုလူနာတွေ သူ့ဆီလာတွေ့ရတယ်ဆိုတာလည်း ကျုပ်သိတယ်။ ခင်ဗျား
ကို မြင်လိုက်တာနဲ့ ကျုပ်သိလိုက်ပါတယ်။ ကျုပ်သက်တမ်းတစ်လျှောက်

ခဲ့ခင်ဗျား နှစ်ယောက်တည်းပဲရှိတယ်။ အဲဒီအချိန်မှာ ခင်ဗျား ရုတ်တရက်
သွားတယ်။ ခင်ဗျားသောက်တဲ့ဖန်ခွက်ထဲမှာ ဆိုင်ယာနိုက်အဆိပ်ကို
. ရတယ်။ ကလေ့ဒ်လင်တန်ကြိုးစင်တက်ရရော။ အဲဒါ
ဗျားအကြံပဲ"

ဟာရီဆန်ညည်းညူလိုက်ပြန်သည်။ "ဘာလို့လာတာလဲ၊ ခင်ဗျားဘာလို့
ဆုက်လာရတာလဲ"

"ကျုပ်ခင်ဗျားကို ပြောပြီးပါပြီ။ ဒါပေမယ့် တခြားအကြောင်းလည်း
သေးတယ်။ ကျုပ်ခင်ဗျားကို သဘောကျလို့ပဲ။ ဒီမယ်မိတ်ဆွေကြီး၊ ခင်ဗျား
သေလူပါ။ ခင်ဗျားချစ်တဲ့ မိန်းကလေးကို ခင်ဗျား ဆုံးရှုံးခဲ့ရတယ်။
ပေမယ့် ခင်ဗျားအတွက် ကောင်းကွက်တစ်ခု ရှိပါတယ်ဗျ။ ခင်ဗျားဟာ
သတ်ကောင်တစ်ယောက် မဖြစ်ရတော့ဘူး။ ကိုင်း-ပြောစမ်းပါ မိတ်ဆွေကြီး၊
ရှင်ရောက်လာတာကို ခင်ဗျားဝမ်းနည်းသလား။ ဒါမှမဟုတ် ဝမ်းသာသလား"

ခေတ္တမျှ တိတ်ဆိတ်သွားပါသည်။ ဟာရီဆန်ကိုယ်ကို မတ်လိုက်၏။
မှုက်နှာတွင် ဂုဏ်သိက္ခာမြင့်မားမှုကို တွေ့လာရပါသည်။ ကိုယ့်မကောင်း
အပေါ် ကိုယ်အောင်မြင်စွာ နှိမ်နင်းနိုင်သူတစ်ဦး၏ အမူအရာကို တွေ့
ာရသည်။ သူက စားပွဲကိုကျော်လျက် သူ့လက်ကို ဆန့်ထုတ်လိုက်သည်။
"ခင်ဗျားရောက်လာပေးလို့ဗျာ၊ ကျေးဇူးကြီးပါပေတယ်။ ခင်ဗျားရောက်
ာလေလို့ပဲ"ဟု ပြောကာ သူ့မိတ်ဆွေကို လှိုက်လှိုက်လှဲလှဲ လှုပ်ယမ်းလိုက်
လေ၏။

မှာ အဲဒီမျက်နှာမျိုးတစ်ကြိမ်နှစ်ကြိမ်လောက်ပဲ တွေ့ဖူးတာပါ။ ဒါပေ
မမှားနိုင်ဘူးဗျ။ အဲဒီမျက်နှာဟာ သေမိန့်ကျပြီးသားလူတစ်ယောက်ရဲ့မျ
ပဲ။ ဘယ်နှယ့်လဲ ကျုပ်ပြောတာ"

"ဟုတ်ပါတယ်၊ ကျွန်တော်နှစ်လထက်ပိုပြီး မနေရတော့ဘူး"

"ခင်ဗျားက ကျုပ်ကိုမမြင်ဘူးလေ။ ခင်ဗျားမှာ တခြားကိစ္စတွေက
ထဲရောက်နေတာကိုး။ တစ်ယောက်တည်းရှိနေတဲ့အချိန်ပဲဆိုပြီး ခင်ဗျား
ခံစားချက်ကို ဖုံးကွယ်မထားခဲ့ဘူး။ ခင်ဗျားရဲ့မျက်နှာမှာ အမုန်းတရား
လည်း ကျုပ်မြင်နိုင်ခဲ့တယ်။

"ဆက်ပြောပါဦးဗျာ"

"သိပ်များများပြောစရာမရှိတော့ပါဘူး။ ကျုပ်ပြောခဲ့ပြီးသလိုပဲ အ
ဝယ်စာအုပ်မှာ လင်တန်ရဲ့လက်မှတ်ကို တွေ့ခဲ့ရတယ်။ သူနဲ့လည်း
ပြီးနောက် ခင်ဗျားဆီကျုပ်လာခဲ့တယ်။ ခင်ဗျားနဲ့စကားပြောခဲ့တယ်။

လင်တန် ဆိုင်ယာနိုက်အဆိပ်ဝယ်တယ်ဆိုတာကို ခင်ဗျားအံ့သြသွ
ယောင်ဆောင်ခဲ့တယ်။ ကျုပ်ရောက်လာတာမြင်မြင်ချင်း ခင်ဗျားစိတ်ရှုပ်
ရတယ်။ ဒါပေမယ့် ချက်ချင်းပဲ ပိုကောင်းတယ်လို့ ခင်ဗျားယူဆလို့
ကျုပ်ရဲ့သံသယတွေကို အားပေးခဲ့တယ်။ လင်တန်ရှစ်နာရီခွဲမှာ ဒီကိုလာ
ဆိုတာ ကျုပ်သူ့ဆီက သိခဲ့ပြီးသားပါ။ ခင်ဗျားက ကိုးနာရီမှာသူလာလို့
လို့ ပြောခဲ့တယ်။ ကျုပ်အဲဒီအချိန်ရောက်လာတဲ့အခါမှာ အားလုံးပြီးပြီ
ဆိုတာ မျက်မြင်သက်သေဖြစ်အောင်ပေါ့။ ကျုပ်အားလုံးကို သိခဲ့တယ်
ဆွေကြီး"

"ခင်ဗျားဘာလို့ရောက်လာတာလဲဗျ"ဟု ဟာရီဆန်က အော်မေး
၏။ ခင်ဗျားသာရောက်မလာဘူးဆိုရင်-"

ပွိုင်းရော့က ဖြတ်ပြောလိုက်သည်။ "ကျုပ်ပြောခဲ့ပြီးပြီလေ။ လူသ
ဆိုတာကျုပ်အလုပ်ကိစ္စပဲ"

"လူသတ်မှု-ဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံမှု
ဘူးလား"

"မဟုတ်ဘူးဗျ" ပွိုင်းရော့က ရှင်းလင်းပြတ်သားစွာ ပြောလိုက်ပါ
"လူသတ်မှုလို့ ကျုပ်ပြောတာ။ ခင်ဗျားကချက်ချင်းပဲ လွယ်လွယ်လေးနဲ့
သွားမှာ။ ဒါပေမယ့် လင်တန်အတွက် ခင်ဗျားရည်ရွယ်ထားတာက အ
သေနည်းမျိုးနဲ့သေဖို့ပဲ။ သူအဆိပ်ကို ဝယ်ခဲ့တယ်။ ခင်ဗျားဆီကို သူလာ

ဂျစ်ပစီ

သူငယ်ချင်းဖြစ်သူ ဒစ်ကီကာပင်တာသည် ဂျစ်ပစီများအပေါ်
လား သည့် ထူးခြားသောသဘာဝ ရှိသူဖြစ်ကြောင်း မက်ဖာလိန်း သတိထ
ပါသည်။ အကြောင်းရင်းကို သူ မသိခဲ့ပါ။ ဒစ်ကီနှင့် အက်စသာ လာ
တို့၏ စေ့စပ်ကြောင်းလမ်းဖျက်သိမ်းလိုက်သောအခါ သူငယ်ချင်းနှ
ကလည်း ယာယီအားဖြင့် အဆက်အသွယ်ကဲ့သွားရပါသည်။

မက်ဖာလိန်းသည် လာဝက်စ်ညီအစ်မနှစ်ဦးတွင် အငယ်အဖြ
ရာချယ်နှင့် လွန်ခဲ့သောတစ်နှစ်ခန့်က စေ့စပ်ထားခဲ့သည်။ ညီအစ်မနှ
စလုံးကို သူ ကလေးဘဝကတည်းက သိကျွမ်းခဲ့ပါသည်။ ရာချယ်၏ က
ဆန်သော မျက်နှာနှင့်ရိုးသားသော မျက်လုံးညိုများကို ငယ်စဉ်ကပင်
ခဲ့လမ်းခဲ့ရ၏။ အက်စသာလောက် မချောစေကာမူ ရာချယ်သည် ရိုးရိုး
နှင့်ချစ်စရာကောင်းသူဖြစ်သည်။ အစ်မဖြစ်သူ အက်စသာ နှင့်ဒစ်
စေ့စပ်လိုက်သောအခါ သူငယ်ချင်းနှစ်ယောက်မှာ ပိုမိုနီးစပ်လာခဲ့ကြသ

ယခုတွင်မူ ရက်သတ္တပတ်အနည်းငယ်သာ ရှိသေးသော ၎င်းတို့
စေ့စပ်မှုသည် ပျက်ပြယ်သွားခဲ့ပေပြီ။ ဒစ်ကီအတော် ခံစားလိုက်ရ
ယခုချိန်ထိ သူ၏ လူငယ်ဘဝသည် ချောချောမွေ့မွေ့ ရှိခဲ့သည်။ ပင်လယ်
အနှေးအမူး ချစ်ခင်သော သူ၏ မွေးရာပါဆန္ဒနှင့်အညီ အသက်မွေး
ကျောင်း အလုပ်အဖြစ် ရေတပ်ကိုရွေးချယ်ခဲ့သည်။ သူသည် စိတ်လှုပ်
ခံစားမှုမျှားကို မနှစ်သက်သော နူတ်နည်းသည့် အင်္ဂလိပ် လူငယ်တ
ဖြစ်ပေ၏။ မပွင့်တပွင့် ပြောတတ်သည့် ထိုလူငယ်သည် ယခုအခါ
အတိတ်က ငယ်စဉ်ဘဝအကြောင်းကို သူငယ်ချင်းဖြစ်သူအား ပြောပြ
သည်။

မက်ဖာလိန်းက ဆေးလိပ်သောက်ရင်း သူသူငယ်ချင်း ပြတ်တောင်းပြတ်
ောင်း ပြောနေသည့် စကားတို့ကို နားထောင်နေပါသည်။ ရင်ဖွင့်သံတို့ကို
ကြားရတော့မည်ဟု သူမျှော်လင့်ထားသော်လည်း အက်စသာလာဝက်စ်နှင့်
တ်သက်၍ တစ်စွန်းတစ်စမှ ပါမလာပါ။ ကလေးဘဝက ထိတ်လန့်ခဲ့ရမှု
ို့ကိုသာ ပြောနေပါသည်။

" ကလေးဘဝတုန်းက အိပ်မက်မက်တာက စတာပါပဲ။ အိပ်မက်ဆိုး
က်တာမျိုးလည်း မဟုတ်ပါဘူး။ အိပ်မက်ထဲမှာ ဂျစ်ပစီတစ်ယောက် အမြဲ
ိုလိုပါနေတတ်တယ်။ ဝမ်းနည်းတဲ့ မျက်လုံးတွေနဲ့ ငါ့ကိုကြည့်နေတာပါ။
မသိတဲ့ကိစ္စတစ်ခုခုကို သူသိထားတဲ့ပုံမျိုးပဲ။ ငါလည်းဘာကြောင့်မှန်းမသိဘူး။
ကြည့်မှာကို ကြောက်နေတယ်။ အဲဒီလိုကြောက်စိတ်တွေနဲ့အိပ်ရာကနိုးလာတိုင်း
အထိန်းတော်မိန်းမကြီးက 'ဟော-ဒစ်ကီလေး၊ ဂျစ်ပစီ အိပ်မက်တွေမက်
ဲ့ပြီ'လို့ ပြောတတ်တယ်။

"အပြင်မှာရော ဂျစ်ပစီတစ်ယောက် ခြိမ်းခြောက်တာကို ကြုံရဖူးလား'

"တော်တော်ကြီးကြာတဲ့အထိ မကြုံခဲ့ဘူး။ တွေတော့လည်း ခပ်ဆန်း
ဆန်းပဲ။ ငါ့ခွေးကလေးတစ်ကောင်ထွက်ပြေးသွားလို့ လိုက်ဖမ်းရင်းတောလမ်း
ကလေးပေါ် ရောက်သွားတယ်။ သွားရင်းနဲ့မြေကွက်လပ်တစ်နေရာရောက်သွား
တာ့ ချောင်းတစ်ခုကို ဖြတ်ဆောက်ထားတဲ့ သစ်သားတံတားလေးတစ်ခု
တွေ့ရတယ်။ အဲဒီတံတားဘေးမှာ ရပ်နေတာ ဂျစ်ပစီတစ်ယောက်ပေါ့။
ခြင်းပေါ်မှာ ပဝါအနီစည်းထားတဲ့ပုံဟာ ငါ့အိပ်မက်ထဲကအတိုင်း တစ်ထပ်
တည်းပဲ။ ငါ ချက်ချင်းလန့်သွားတယ်။ သူငါ့ကို ကြည့်နေပုံကလည်း အိပ်မက်
ထဲကအတိုင်းပဲ။ ငါမသိတဲ့ကိစ္စတစ်ခုခု သူသိနေသလိုပေါ့။ ငါ့ကို သူခေါင်း
ညိတ်ပြီး "ငါသာမင်းနေရာမှာဆိုရင် ဒီတံတားကိုဖြတ်မှာ မဟုတ်ဘူး"လို့
ပြောလိုက်တယ်။ ဘာကြောင့်မှန်းမသိဘူး။ ငါအကြောက်ကြီးကြောက်ပြီး
တံတား ပေါ်ကနေ အပြေးဖြတ်သွားလိုက်တယ်။ တံတားကဆွေးနေပုံရတယ်။
ချက်ချင်းပြိုပြီး ငါလည်းချောင်းထဲကျသွားတော့တာပဲ။ ရေစီးသန်တဲ့ ချောင်းဆို
တာ့ ငါရေနစ်တော့မလိုဖြစ်ပြီး ကံကောင်းလို့မသေတာ။ အဲဒီအဖြစ်ကို
ငါဘယ် တော့မှမမေ့တော့ဘူး။ ဂျစ်ပစီကြောင့်လို့လည်း ငါ့စိတ်ထဲမှာ
ဲသွားတယ်"

"ဒါပေမယ့် တကယ်က သူမင်းကို သတိပေးခဲ့တယ်မဟုတ်လား"

အဲဒီလိုပြောမယ်ဆိုလည်း ပြောလို့တော့ရတယ်။ ဒစ်ကီက ခေတ္တနှုံးပြီး
"ငါ့ကလေးဘဝက အိပ်မက်အကြောင်းပြောရတာက နောက်ပိုင်းမှာ ဖြစ်လာ

တာတွေနဲ့ ဆက်စပ်နေတာကြောင့် မဟုတ်ဘူး။ အိပ်မက်တွေဟာ ငါ့ဘ
ဂျစ်ပစီတွေနဲ့ ပတ်သက်လို့ တာထွက်သလို ဖြစ်နေခဲ့လို့ပဲ။ ဒါမှလည်း ငါ့
ဖြစ်နေတဲ့ ဂျစ်ပစီခံစားမှုကို မင်းနားလည်နိုင်မှာ။ ကဲ-ငါ လာဝက်စ် မိသ
အိမ်ကို ပထမဆုံးရောက်တဲ့ညအကြောင်း ပြောပြမယ်။ အနောက်ဘက်
ခြေကနေ ပြန်ရောက်ခါစပေါ့။ လာဝက်စ်မိသားစုဟာ ငါ့မိဘတွေနဲ့ မိတ်ဆွေ
ဆွေမျောင်းတွေပါ။ ငါခုနစ်နှစ်သားကတည်းက သူတို့ညီအစ်မနဲ့ မတွေ့
ဘူး။ သူတို့အစ်ကိုအာသာဟာကတော့ ငါနဲ့အရင်းနှီးဆုံးသူငယ်ချင်းပဲ။
သာဆုံးသွားပြီးတဲ့နောက် အက်စသာက ငါ့ဆီစာတွေ မကြာမကြာရေး
မျော်စရာကောင်းတဲ့စာတွေပဲ။ ငါ့ကိုလည်း အားပေးတာပေါ့။ ငါ့ကတော့
ဖတ်ချင်စရာဖြစ်အောင် မရေးတတ်လို့ စာကိုကောင်းကောင်း မပြန်ဖြစ်
ဘူး။ တွေ့တာကတော့ သိပ်ကိုတွေ့ချင်ခဲ့တာပါ။ မိန်ကလေးတစ်ယောက်
သူစာတွေကနေပဲ ရင်းနှီးနေရတာ မထူးဆန်းဘူးလား။ ထားပါတော့၊ ငါ
ရောက်တာနဲ့ သူတို့အိမ်ကို သွားတယ်။ အိမ်ရောက်တော့ အက်စသာ
ခရီးထွက်နေလို့ မတွေ့ရဘူး။ ဒါပေမယ့် အဲဒီညမှာ ပြန်ရောက်မယ်လို့
တယ်။ ညစာစားတော့ ငါက ရာချယ်နဲ့ကပ်လျက် ထိုင်ရတယ်။ စားပွဲရှည်
ကို အပြန်ပြန်အလှန်လှန်ကြည့်ရင်း ငါစိတ်ထဲမှာ တစ်မျိုးကြီး ခံစားလာရတ
တစ်ယောက်ယောက်က ငါ့ကို စောင့်ကြည့်နေတယ်လို့ ခံစားရပြီး စိတ်ပ
မသာဖြစ်နေခဲ့ရတာပေါ့။ အဲဒီနောက် ငါ သူ့ကို တွေ့တော့တာပဲ"

" ဘယ်သူ့ကိုလဲ"

"မစ္စစ်ဟားဝပ်လေ-ငါအခု သူ့အကြောင်း ပြေနေတာပဲ"

မက်ဖာလိန်း၏နှုတ်ဖျားတွင် ငါကမင်းအက်စသာလာဝက်စ်အကြော
ပြောနေတယ်မှတ်လို့'ဟု ပြောလုဆဲဆဲဖြစ်သွားသော်လည်း သူနှုတ်ဆိတ်
လိုက်ရာ ဒစ်ကီက သူစကားကို ဆက်ပါသည်။

"သူဟာကျန်တဲ့ လူအားလုံးနဲ့ မတူတာတစ်ခုခုတော့ ရှိနေတာအမှ
သူက အဘိုးကြီးလာဝက်စ်နဲ့ ကပ်ထိုင်ပြီး အဘိုးကြီးပြောတာတွေကို ခေါင်း
သေသေချာချာ ဂူးစိုက်နားထောင်နေတယ်။ သူ့လည်ပင်းမှာ အနီရောင်ဇာ
ပတ်ထားတယ်။ ပဝါက ခေါင်းရဲနောက်မှာ အစွန်းထွက်ပြီး ထောင်နေတာ
မီးတောက်နေသလားလို့ အောက်မေ့ရတယ်။ အနီရောင်ပဝါနဲ့ ညိုညိုး
သမီးဟာ ဘယ်သူလဲလို့ ရာချယ်ကို ငါမေးကြည့်တော့ သူက အလယ်
ဟားဝပ်ကို ပြောတာလား။ အနီရောင်ပဝါကို သူအမြဲသုံးတယ်။ သူ မ
ဘူးဟ။ ဖြူပါတယ်လို့ ပြန်ပြောတယ်"

"တကယ်လည်း သူမညိုပါဘူး။ ဆံပင်က အဝါခြောက်အရောင်ခပ်တောက်
တောက်ပဲ။ ငါ့မျက်စိထဲမှာ သူ့အသားဟာ ညိုနေတယ်လို့ မြင်ရတယ်။ ကိုယ့်
မျက်စိတောင်ကိုယ်မယုံရသလို ဖြစ်နေတာပေါ့။ ညစာစားပြီးတော့ ရာချယ်
က သူနဲ့ငါ့ကို မိတ်ဆက်ပေးတယ်။ ပြီးတော့ တို့ပန်းခြံထဲမှာ လမ်းလျှောက်
ရင်း လူဝင်စားအကြောင်းတွေ ပြောဖြစ်ကြတယ်"

"အဲဒါ မင်းလိုင်းလည်း မဟုတ်ပါလား ဒစ်ကီရဲ့"

"အဲဒီလို ပြောလို့မရဘူးလေ၊ ငါသူ့ကို ပြောခဲ့သေးတယ်။ လူတွေအကြောင်း
အလိုလိုသိနေရတာဟာ ပျော်စရာကောင်းမှာပဲလို့။ အရင်ကတွေ့ဖူးပြီးသား
လို ဖြစ်နေမှာပဲဆိုတော့ သူက ချစ်သူတွေအကြောင်း ရှင်းပြတာဖြစ်မယ်လို့
ပြန်ပြောတယ်။ သူပြောပုံကနည်းနည်းထူးဆန်းနေသလိုပဲ။ ညင်ညင်သာသာနဲ့
စိတ်ဝင်တစားဖြစ်နေပုံပေါ်တယ်။ ငါလည်း အဲဒီအမူအရာကို တွေ့ဖူးသလိုလို
ခံစားမိပေမယ့် စဉ်းစားလို့မရဘူး။ ငါတို့ ဆက်စကားပြောနေတုန်းမှာပဲ အဘိုးကြီး
ဘဝက်စ်က ဝရန်တာပေါ်ကနေ တို့ကိုလှမ်းခေါ်တယ်။ အက်စသာ
ပြန်ရောက် လာပြီး ငါ့ကိုတွေ့ချင်နေတယ်တဲ့။ အဲဒီတော့ မစ္စစ်ဟားဝပ်က
ဦးလေးမောင်း ကိုလှမ်းကိုင်ပြီး "ရှင် အိမ်ထဲဝင်တော့မလို့လား"လို့ မေးတယ်။
ငါတ 'ဟုတ်တယ်၊ သွားကြရအောင်လေ'လို့ ပြန်ပြောတော့ သူက-သူက-"

" သူက ဘာပြန်ပြောလဲ"

" မဟုတ်ကဟုတ်ကပြောသလိုကြီးပါပဲကွာ။ သူက ကျွန်မသာ ရှင့်နေရာ
ဆိုရင် အိမ်ထဲဝင်မှာမဟုတ်ဘူးတဲ့" သူခေတ္တနားလိုက်ပြီးမှ "ငါကြောက်
သွားတယ်။ တော်တော်ကို ကြောက်သွားတာ။ မင်းကိုငါ့အိပ်မက်အကြောင်း
ပြောပြတာ အဲဒါကြောင့်ပဲ။ သူက အေးအေးဆေးဆေးနဲ့ ပြောလိုက်တာဟာ
အိပ်မက်ထဲက အတိုင်းပဲ။ ငါမသိတဲ့ကိစ္စတစ်ခုကို သူသိနေသလိုပဲပေါ့။ အမျိုး
သမီးချောချောတစ်ယောက်က ပန်းခြံထဲမှာ သူနဲ့အတူ ငါ့ကို နေစေချင်လို့
ပြောတဲ့ပုံမျိုးလည်း မဟုတ်ဘူး။ သူ့အသံက ကြင်ကြင်နာနာနဲ့ ဝမ်းနည်းနေတဲ့
အသံမျိုးပဲ။ ဖြစ်လာတော့မယ့်ကိစ္စတစ်ခုကို ကြိုသိနေပုံမျိုးနဲ့ပေါ့။ ငါလည်း
ခံစားတယ်ထင်ချင်ထင်ပစေတော့ဆိုပြီး တစ်ယောက်တည်း အိမ်ထဲဝင်သွား
လိုက်တယ်။ အဲဒီအချိန်ကစပြီး ငါသူ့ကို ကြောက်နေတယ်လို့ ခံစားခဲ့ရတာပဲ။
အိမ်ထဲမှာအဘိုးကြီးနဲ့ အက်စသာတို့ နှစ်ယောက်ကို တွေ့လိုက်တော့မှ
ကြောက်ပြေသွားတယ်။" သူခေတ္တတုံဆိုင်းနေလိုက်၏။ ခဏကြာမှ ခပ်တိုးတိုး
ရွတ်လိုက်သည်။ "ငါသူ့ကို တွေ့လိုက်တယ်ဆိုရင်ပဲ ကိုယ့်ကိုယ်ကိုယ်အပြစ်
တဲ့လူတစ်ယောက်လို ခံစားရတယ်"

မက်ဖာလိန်းစိတ်မှာ အက်စသာလာဝက်စ်ထံ ရောက်သွားသ
အရပ်အမောင်းမြင့်မားလှပြီး လိမ္မာပါးနပ်ဖြူဖွေးသော မျက်နှာပိုင်ရှင်
နှင့်မျက်လုံးတို့က နက်မှောင်နေသည်။ လူငယ်လေးတစ်ယောက်လို
အေးအေးသမားဒစ်ကီတစ်ယောက် ချက်ချင်းဒူးထောက်ချင်စိတ်ဖြစ်သွ
ဆိုလျှင်လည်း အံ့သြစရာမရှိပါ။ အက်စသာသည် သူ့ရင်ခုန်သံမြန်သွား
ဘာကိုမှ လုပ်လိမ့်မည်မဟုတ်သော်လည်း ခမ်းနားထယ်ဝါလှသည့် သူ
အလှအပတို့ကို သူအံ့သြခြီးကျူးခဲ့ရသည်မှာ အမှန်ဖြစ်ပါ၏။

"အဲဒီနောက်တော့" ဒစ်ကီက ဆက်ပြောသည်။ "ငါ့တို့ စေ့စပ်လို
တယ်"

"ချက်ချင်းပဲလား"

"တစ်ပတ်လောက်အကြာမှာပဲ။ ဒါပေမယ့် နောက်နှစ်ပတ်လောက
တော့ သူငါ့ကို တကယ်မချစ်နိုင်တဲ့အကြောင်း သိလာရတယ်တဲ့" ပြော
သူခါးသီးစွာရယ်လိုက်ပါသည်။ "ငါသင်္ဘောပေါ် ပြန်မတက်ခင် အဲဒါ
ဆုံးညနေပဲ။ ငါတောလမ်းကနေ ဖြတ်လာနေတုန်းမှာ သူ့ကို တွေ့လိုက်ရ
မစ္စစ်ဟားဝပ်ကိုပေါ့။ ရုတ်တရက်ဆိုတော့ ငါလန့်သွားမိတယ်။ ငါ့အ
အကြောင်းပြောခဲ့တဲ့အတိုင်းပဲ။ မင်းသိပါလိမ့်မယ်။ ငါတို့အတူ လမ်းလျှ
လာခဲ့ကြတယ်။ ဒါပေမယ့် အက်စသာ မကြားချင်တဲ့စကားမျိုးကို ငါတို့
မပြောခဲ့ကြပါဘူး။ အဲဒီနောက် အိမ်နားကိုရောက်တော့ သူကငါ့ကို
'ရှင့်အိမ်ကိုသွားတော့မှာမဟုတ်လား။ ကျွန်မသာရှင့်နေရာမှာဆိုရင် ဒီ
မြန်မြန် အိမ်ပြန်မှာမဟုတ်ဘူး'လို့ ပြောတယ်။ သူ့စကားကြောင့် အ
ငါ့အတွက် သတင်းဆိုးတစ်ခုတော့ရှိနေပြီလို့ သိလိုက်တော့တယ်။ ငါ
လည်းဝင်လိုက်ရော အက်စသာက ငါ့ကိုပြောတော့တာပါပဲ။ သူ
ဘကယ်ချစ်တာမဟုတ်ဘူးလို့ သူသိနေပြီတဲ့" မက်ဖာလိန်းက သူ့ကို ထ
သက်ပွာကြည့်ပြီး "မစ္စစ်ဟားဝပ်ကတော့ကော"ဟု မေးလိုက်သည်။

"ငါသူ့ကို နောက်ထပ်မတွေ့တော့ပါဘူး။ ဒီညအထိဆိုပါတော့"

"ဒီညအထိ ဟုတ်လား"

"ဟုတ်တယ်။ ဒေါက်တာဂျွန်နီ့ရဲ့ဆေးခန်းမှာတွေ့တာ။ တော်ပီဒို
ခံရတုန်းက ခြေထောက်ကို ရှုပ်ထိသွားခဲ့တယ်။ အဲဒီအတွက် ငါလည်း
နည်းတော့ စိတ်ပူနေမိတယ်။ ဒေါက်တာက ခွဲလိုက်တာကောင်းမယ်လို့
တယ်။ လွယ်လွယ်လေးပါလို့လည်းပြောတယ်။ ငါဆေးခန်းက ပြန်အထွ
အနီရောင်ဂျာစီဝတ်ထားတဲ့ သူနာပြုဆရာမတစ်ယောက်နဲ့ မျက်နှာခ

တော့ သူကငါ့ကို လှမ်းပြောတယ်။ "ကျွန်မသာရှင့်နေရာမှာဆိုရင်
ကို ခွဲမှာမဟုတ်ဘူး"တဲ့။ ဒီတော့မှသူဟာ မစ္စစ်ဟားဝပ်ပဲဆိုတာ
လိုက်ရတယ်။ ချက်ချင်းထွက်သွားတာမို့ သူ့ကို ငါမတားလိုက်နိုင်ဘူး။
ဆရာမတစ်ယောက်ကိုတွေ့လို့မေးကြည့်တော့ ဆေးခန်းမှာ အဲဒီနာမည်
ဆရာမ မရှိပါဘူးလို့ ပြန်ဖြေတယ်။ အတော်တွေးရခက်သွားတာပေါ့"

"သူဆိုတာကော သေချာရဲ့လား"

"သေချာပါတယ်ကွာ၊ သူကသိပ်လှတယ်လေ-" သူခေတ္တနားပြီး "ငါက
ဒဏ်ရာကို ခွဲမှာပါ၊ အကယ်၍ ခွဲရင်းတန်းလန်း ငါသေသွားခဲ့ရင်-"

"မဟုတ်တရုတ်ကွာ"

"အေးလေ-မဟုတ်တရုတ်ပဲထားပါတော့၊ ဒီဂျစ်ပစီကိစ္စကို မင်းပြောလိုက်
ငါ့စိတ်ထဲတော့ ပေါ့သွားတယ်။ ဒါတောင် ငါမမှတ်မိတာတွေ ရှိနိုင်သေး
ယ်"

■

မက်ဖာလိန်း ဖုန်းဆိုးမြေကုန်းမြင့် မတ်မတ်ပေါ်သို့ လမ်းကလေးအတိုင်း
ကွာက်သွားနေပါသည်။ ကုန်းမြင့်ထိပ်တွင်ရှိ အိမ်တစ်လုံး၏တံခါးဝတွင်
ယောက် ခေါင်းလောင်းကြိုးကိုဆွဲလိုက်သည်။ အိမ်အမှုထမ်း၊ အမျိုးသမီး
ယောက် တံခါးဖွင့်ပေးသောအခါ "မစ္စစ်ဟားဝပ်ရှိသလား"ဟု သူမေးလိုက်
သူအမည် ကိုလည်း ပြောလိုက်သည်။

"ရှိပါတယ်ရှင့်။ ကျွန်မပြောလိုက်ပါ့မယ်"ဟုပြောကာ သူ့ကို ရှည်ရှည်
ကျဉ်းအခန်းထဲတွင် ထားခဲ့ပြီး ထွက်သွား၏။ ပြတင်းပေါက်များမှကြည့်
ဖုန်းဆိုးမြေ၏ ခပ်ကြမ်းကြမ်းသဘာဝကို တွေ့နေရပါသည်။ သူအနည်း
မှောင်ကြုတ်လိုက်ပြီး သူခပ်ကြောင်ကြောင်တွေ လုပ်မိနေပြီလားဟု
းနေလိုက်သည်။ ထိုအချိန်မှာပင် အပေါ်ဘက်မှ သီချင်းသံကြားရ၍
ည်သွားရ၏။

"ဂျစ်ပစီအမျိုးသမီးပါ. . . ဖုန်းဆိုးမြေမှာသူနေတာ "

အသံရပ်သွားသည်။ မက်ဖာလိန်းအနည်းငယ်ရင်ခုန်လာမိသည်။ တံခါး
ွား၏။ သူစိတ်ရှုပ်ထွေးနေစဉ် စကင်ဒီနေးဗီးယန်းအလှမျိုးနှင့် အမျိုးသမီး
ာပါသည်။ ဒစ်ကီက မည်သို့ပင်ပြောထားစေကာမူ သူမကို ဂျစ်ပစီပုံစံ
းညှိညှိရှိလိမ့်မည်ဟုပင် သူတွေးထားပါသည်။ ယခုတွေ့လိုက်ရသောအခါ
စ်ကီ၏စကားတစ်ခွန်းကို သတိရမိလိုက်သည်။ "သူကသိပ်လှတယ်လေ"
ာ စကားဖြစ်သည်။ ဘာမှမလိုသည့်ပြီးပြည့်စုံသောအလှဆိုသည်မှာ

ရှားပါးပါသည်။ အလစ်တာဟားဝပ်ပိုင်ဆိုင်ထားသည်မှာ ထိုအလှမျိုး
ဖြစ်ပါ၏။

သူထရပ်လိုက်ပြီး သူမရှိရာသို့သွားသည်။ "ကျွန်တော့်ကို ခင်ဗျားသိ
မှသိမှာပါ။ လာဝပ်စ်မိသားစုဆီက ခင်ဗျားရဲ့လိပ်စာကို ကျွန်တော်ရလို့ လာ
တာပါပဲ။ ကျွန်တော်ဟာ ဒစ်ကီကာပင်တာရဲ့ သူငယ်ချင်းပါ"

သူမသူ့ကို ခေတ္တမျှစိုက်ကြည့်နေပါသည်။ ထို့နောက် "ကျွန်မ အ
အပြင်ထွက်တော့မလို့၊ ဖုန်းဆိုးကုန်းပြင်ပေါ်သွားမလို့ပါ။ ရှင်လိုက်ခဲ့ပါလ
ပြောပြောဆိုဆိုနှင့်သူမဘေးတံခါးတစ်ချပ်ကို တွန်းဖွင့်ပြီး ထွက်လိုက်
သူကနောက်ကလိုက်သွားပါသည်။ အရုပ်ဆိုးဆိုးနှင့်လူဝဝတစ်ယောက်
ထိုင်ခုံတစ်လုံးပေါ်တွင်ထိုင်ရင်း ဆေးလိပ်သောက်နေသည်ကို သူတွေ့
သည်။

"ဒါကျွန်မခင်ပွန်းပါ-မောရစ်စ်ကျွန်မတို့ ကုန်းပေါ်သွားမလို့ပြီးရင် မစ္စ
မက်ဖာလိန်း ကျွန်မတို့နဲ့ နေ့လယ်စာစားလိမ့်မယ်။ စားမယ်မဟုတ်လား

"ကျေးဇူးအများကြီးတင်ပါတယ်" ကုန်းမြင့်ပေါ်သို့ သူမနောက်ထ
လိုက်သွားသည်။ သွားနေစဉ် "ဘာကြောင့်လဲ၊ ဒီလူကြီးကို သူဘာ
လက်ထပ်ထားရတာလဲ"ဟု တွေးနေမိ၏။ ကျောက်တုံးအချို့ဝန်းရံထား
ကွက်လပ်တစ်နေရာသို့ ရောက်သောအခါ အလစ်တာက "ကျွန်မတို့
ထိုင်ကြမယ်။ ပြီးရင် ကျွန်မကို ပြောစရာရှိတာ ပြောတာပေါ့"ဟု သူ
ပြော၏။

"ခင်ဗျား သိထားလို့လား"

"သတင်းဆိုးတွေ ကြားရတော့မယ်ဆိုရင် ကျွန်မကြိုသိတတ်တယ်၊
သတင်းဆိုးယူလာတာမဟုတ်လား။ ဒစ်ကီအကြောင်းပဲပေါ့"

"သူခြေထောက်ခွဲစိတ်ပြီးကုတယ်။ ခက်ခဲတဲ့ ခွဲစိတ်မှုမျိုးမဟုတ်ပ
ခွဲစိတ်တာလည်း အောင်မြင်ပါတယ်။ ဒါပေမယ့် သူနှလုံးက အတော်
နေလို့ မေ့ဆေးပေးထားတုန်းမှာပဲ သူဆုံးသွားတယ်"

အမျိုးသမီး၏ မျက်နှာတွင် မည်သို့သော ခံစားမှုပြမည်ကို သူမခန့်
နိုင်ပါ။ သို့ရာတွင် သူတွေ့လိုက်ရသည့် အဆုံးမရှိသော ငြီးငွေ့ဟန်ကိုမူ
လင့်ထားခြင်းမရှိခဲ့ပေ။ သူမထံမှ ခပ်တိုးတိုးညည်းညူသံကို ကြားရသ

"စောင့်ရပြန်ပြီပေါ့။ အကြာကြီးပဲ။ သိပ်ကိုကြာသွားပြန်ပြီ" ထို့
သူ့ကိုမော့ကြည့်ပြီး "ဟုတ်ကဲ့-ရှင်ဘာပြောမလို့လဲ"ဟုမေး၏။ သူက-"ဒီ
သူခွဲစိတ်ခံမယ့်ကိစ္စကို တစ်ယောက်ယောက်က ဟန့်တားခဲ့တယ်။ သူ

ဆုံးမတစ်ယောက်ပဲ။ သူက အဲဒါခင်ဗျားလို့ ထင်နေတယ်"

သူမက ခေါင်းခါပါသည်။ "မဟုတ်ပါဘူး။ ကျွန်မ မဟုတ်ဘူး။ ဒါပေမယ့်
ကျွန်မရဲ့ ညီမဝမ်းကွဲသူနာပြုဆရာမတစ်ယောက်ရှိတယ်။ အလင်းရောင်
မှိန်ထဲမှာဆိုရင် ကျွန်မနဲ့ အတော်လေးတူတယ်။ သူပဲဖြစ်မှာပါ။" သူမက
ကြည့်ပြီး "ဒါက အရေးမကြီးပါဘူး၊ ဟုတ်တယ်မဟုတ်လား" ထို့နောက်
တရက် မျက်လုံးများဝိုင်းသွားပြီး "အိုး ရှင်ဘာလို့မသိရတာလဲ"ဟုမေး
သည်။ မက်ဖာလိန်းနားမလည်နိုင်အောင် ဖြစ်သွား၏။ သူမကသူ့ကို
ကြည့်နေရင်းနှင့် "ရှင်သိလိမ့်မယ်လို့ ကျွန်မထင်တယ်။ သိသင့်တာပေါ့။
မှာလည်း ရှိတဲ့ပုံပေါ်ပါတယ်"ဟု ပြောသည်။

"ဘာရှိရမှာလဲဗျ"

"ဘုရားပေးတဲ့အစွမ်းလို့ပြောပြောကျိန်စာလို့ပြောပြောပေါ့။ ရှင့်မှာ
ရှိပါတယ်။ ဟောဟိုကျောက်တုံးတွေကြားထဲကို စိုက်ကြည့်လိုက်စမ်းပါ။
ကိုမှ မစဉ်းစားဘဲ ကြည့်ရုံပဲကြည့်ပါ။ အား-ဟုတ်ပြီ။ ရှင်တစ်ခုခုကို
တယ်မဟုတ်လား။

"စိတ်ထင်နဲ့ပဲတူပါတယ်။ အဲဒီမှာ သွေးတွေပြည့်နေတယ်လို့ တစ်စက္ကန့်
ကြာမြင်လိုက်တယ်"

သူမက ခေါင်းညိတ်၏။ ရှင့်မှာရှိတယ်ဆိုတာ ကျွန်မသိပါတယ်။ အဲဒီ
ဆုဟာ ရှေးခေတ်တွေတုန်းက နေကိုကိုးကွယ်တဲ့သူတွေက လူတွေသတ်ပြီး
ပူဇော်တဲ့နေရာပေါ့။ အဲဒါကို ဘယ်သူကမှ မပြောခင် ကျွန်မသိနေခဲ့တယ်။
ခါတလေ သူတို့တွေဘယ်လိုယုံကြည်မှုတွေ ရှိခဲ့ကြတယ်ဆိုတာ ကျွန်မ
နေတတ်တယ်။ ကျွန်မကိုယ်တိုင် အဲဒီလူတွေထဲရောက်နေရသလိုပဲ။ ဒီ
ဆိုးမြေဟာလည်း တစ်ခါတစ်ရံမှာ ကျွန်မကိုယ့်နေရာကိုယ်ပြန်လာ
လို ခံစားမိတယ်။ အဲဒီ အလိုလိုသိတာမျိုး ကျွန်မမှာရှိနေတာဆန်းတော့
ဆန်းပါဘူး။ ကျွန်မမိသားစုထဲမှာ အပိုမြင်နိုင်စွမ်းရှိတဲ့သူတွေပါတယ်။
ဖေနဲ့ မယူခင်က ကျွန်မအမေဟာ နတ်ဝင်သည်တစ်ယောက်ပဲ။
စ်စတင်းတဲ့။ အတော်နာမည်ကျော်ကြားခဲ့သေးတယ်"

"ဘုရားပေးတဲ့လက်ဆောင်လို့ ခင်ဗျားပြောခဲ့တာဟာ မဖြစ်သေးတဲ့
ဘဝတ်ကို မြင်နိုင်တဲ့သဘောလား"

"ဟုတ်ပါတယ်။ အနာဂတ်ဖြစ်ဖြစ်၊ အတိတ်ဖြစ်ဖြစ် အတူတူပါပဲ။ ဥပမာ
ရှင် ကျွန်မဘာကြောင့်မောရစ်စ်ကို လက်ထပ်ခဲ့တာလဲလို့ ရှင်တွေးနေ

နောက်တစ်နေ့မနက် သူအိပ်ရာမှနိုးသောအခါ အာရုံများရှုပ်ထွေးနေသလို
းရ၏။ မနေ့ကနေ့ခင်းပိုင်းတွင် ကြုံခဲ့သမျှတို့ သူစိတ်ထဲပြန်ပေါ် လာသည်။
ကို တိုက်မိတော့မလိုဖြတ်သွားသောကား၊ တည်းခိုခန်းသို့ဖြတ်လမ်းမှ ပြန်
စဉ် ရုတ်တရက်မြူများထူထူထပ်ထပ်ဆိုင်းလာပြီး လမ်းပျောက်လုနီးနီး
ာ ရုံ့ဇွက်အိုင်ကြီးတစ်ခုထဲသို့ လဲကျတော့မလိုဖြစ်ခဲ့ပုံ၊ တည်းခိုဆောင်၏
ခေါင်းတိုင်ထိပ်မှ ပိုက်တိုတစ်ခုပြုတ်ကျလာပုံ၊ ညဘက်တွင် မီးလောင်
ည်နှံ့ရ၍ ထကြည့်လိုက်ရာ မီးလင်းဖိုရှေ့ရှိ အခင်းကော်ဇောပေါ်တွင် မီးရှို
းသော မီးသွေးခဲတစ်ခဲကို တွေ့ရပုံ။ မဆိုင်ဘူး၊ ဒါတွေနဲ့ ဘာမှမဆိုင်ဘူး
သူစိတ်ထဲမှပြောလိုက်သည်။ ဒါပေမယ့် သူမပြောခဲ့တဲ့စကားတွေ- သူ
နှလုံးထဲတွင် သူကိုယ်တိုင် မသိလိုက်ဘဲ စွဲနေသည်မှာ သူမ ကြိုးသိပြီး
နေသည်ဆိုသော အချက်ပင်။

စောင်များကို သူဆွဲခွာပစ်လိုက်သည်။ သူမကိုသူသွားတွေ့ရလိမ့်မည်။
သော နိမိတ်ပြောစကားများ ကြေပျက်သွားလိမ့်မည်။ အကယ်၍ အကယ်
သူဘေးကင်းကင်းနဲ့ ရောက်သွားနိုင်ရင်ပေါ့လေ။ ဘုရားရေ-သူဘာတွေ
ကွက်တွေးနေမိပါလိမ့်။

နံနက်ခင်းစာကို သူအနည်းငယ်သာ စားဖြစ်သည်။ ဆယ်နာရီထိုးသော
ကို သူလမ်းပေါ် သို့ရောက်နေပြီ။ ဆယ်နာရီခွဲတွင်မူ တံခါးခေါင်းလောင်း
းကို ဆွဲလိုက်နိုင်လေသည်။ ထိုအခါမှသာ စိတ်သက်သာရာရကာ
က်ပြင်းရှည်ကြီး ချလိုက်နိုင်ပါတော့သည်။

" မစ္စစ်ဟားဝပ်အိမ်မှာရှိသလား"

ယခင်အခေါက်က အမျိုးသမီးပင် တံခါးလာဖွင့်ပေးပါသည်။ သို့ရာတွင်
ကွက်နှာမှာ ယခင်အခေါက်ကကဲ့သို့မဟုတ်ပါ။ ပူဆွေးသောကကြီးစွာ မျက်
ကွက်နေပါသည်။

"အိုး-ဆရာ-ဆရာ မကြားသေးဘူးပေါ့"

"ဘာကိုကြားရမှာလဲ"

"မစ္စ အလစ္စတာလေ၊ သူ-သူအားဆေးပုလင်းပါ။ ညတိုင်းသောက်နေကျ
။ သူခင်ပွန်းကိုယ်တိုင် ယူပေးခဲ့တာ။ အခုတော့ သူရှူးတော့မလို ဖြစ်နေ
။ အမှောင်ထဲမှာဆိုတော့ စင်ပေါ်ကနေယူလိုက်တာ ပုလင်းမှားယူလိုက်
ယ်။ ဆရာဝန်အပြေးသွားခေါ်ပေမယ့် နောက်ကျသွားပြီ၊ မမီတော့ဘူး
ာရယ်-"

"သူကိုကြောက်စရာဘေးအန္တရာယ်တစ်ခုက အမြဲလွှမ်းခြုံနေတယ်ဆို

တယ်ဆိုတာ ကျွန်မသိတယ်။ ဟုတ်တယ်။ ရှင်တွေးခဲ့ပါတယ်။ ဘာကြော
ဆိုတော့ သူ့ကို ကြောက်စရာဘေးအန္တရာယ်တစ်ခုက အမြဲလွှမ်းခြုံနေ
ဆိုတာ ကျွန်မသိနေခဲ့လို့ပဲ။ အဲဒီအန္တရာယ်ကနေ သူ့ကို ကျွန်မကယ်
တယ်။ မိန်းမတွေဟာ ဒီလိုချည့်ပါပဲ။ ကျွန်မရဲ့ အစွမ်းနဲ့ အဲဒီအန္တ
ရောက်မလာအောင် ကာကွယ်နိုင်တယ်လေ။ ဒစ်ကီကိုတော့ ကျွန်မ မ
နိုင်ခဲ့ဘူး။ ဒစ်ကီကလည်း နားလည်မှာမဟုတ်ဘူး။ သူကကြောက်တတ်
ငယ်လည်းငယ်တာကိုး"

"သူ့အသက်နှစ်ဆယ့်နှစ် နှစ်ပါ"

"ကျွန်မက သုံးဆယ်ရှိပြီ။ ဒါပေမယ့် ဒါကိုပြောချင်တာမဟုတ်
အရွယ်တို့၊ အမြင့်တို့၊ အကျယ်တို့နဲ့ပိုင်းခြားတာတွေက နည်းလမ်းတွေ
ကြီးရှိတယ်။ အားလုံးထဲမှာ အချိန်နဲ့ပိုင်းခြားတဲ့နည်းကတော့ အဆိုးဆုံ
သူမက အတန်ကြာအောင် ဆွေးဆွေးမြည့်မြည့်နှင့် ငေးနေပါသည်။

နေ့လယ်စာအသင့်ဖြစ်ကြောင်း အချက်ပေးကြေးမောင်းသံပေါ် လာ
ကြောင့် သူတို့အိမ်ပြန်လာခဲ့ကြသည်။ နေ့လယ်စာစားစဉ် မက်ဖာလ်
မောရစ်ဟားဝပ်ကို အကဲခတ်ကြည့်နေပါသည်။ သူသည် ဇနီးဖြစ်
အရူးအမူးချစ်ခင်နေသူဖြစ်သည်။ အမျိုးသမီး၏တံ့ပြန်ကြင်နာမှုများကို
သူတွေ့မြင်ရပါ၏။ မိခင်တစ်ဦး၏ ကြင်နာမှုမျိုးနှင့် တူနေပေသေး
နေ့လယ်စာစားပြီးသောအခါ သူနှုတ်ဆက်ပြီးနောက် "ကျွန်တော်တည်း
မှာ တစ်ရက်နှစ်ရက်လောက်နေဖြစ်ဦးမှာပါ။ ကျွန်တော်တစ်ခေါက် လာ
ချင်သေးတယ်။ မနက်ဖြန်ဆိုပါတော့"

"အဲ-ဟုတ်ကဲ့-ဒါပေမယ့်"

"ဘာများရှိလို့လဲ"

သူမက မျက်လုံးများကို လက်ဖြင့်ပွတ်လိုက်သည်။ "မပြောတတ်ဘူး
ကျွန်မထင်တယ်။ ကျွန်မတို့ထပ်တွေ့ဖို့ မသင့်တော့ပါဘူး။ အဲဒါပါပဲ။
ဝွဒ်ဘိုင်နော်"

သူ ခပ်ဖြည်းဖြည်း ဆင်းလာခဲ့သည်။ သူနှလုံးသားကို လက်အေ
တစ်ဖက်က ဆုပ်ညစ်ထားသလို ခံစားနေရ၏။ သူမပြောခဲ့သောစကားထ
ဘာမှထူးခြားတာမပါခဲ့ပါ။ သို့သော်-

လမ်းထောင့်မှ ကားတစ်စီးပေါ် လာ၏။ သူလမ်းဘေးချုံတစ်ခုသို့ ခွ
ပြေးကပ်လိုက်ရသည်။ လွတ်ရုံကလေးဖြတ်သွား၏။ သူအကြီးအကျယ်ထ
မျက်နှာတွင် သွေးရောင်ပျောက်သွားရလေသည်။

တာ ကျွန်မသိနေခဲ့လို့ပဲ။ ကျွန်မရဲ့အစွမ်းနဲ့အဲဒီအန္တရာယ်ရောက်မလာအော
ကာကွယ်နိုင်တယ်လေ. . . ”

အား-ကံကြမ္မာကိုတော့ လှည့်စားလို့မရနိုင်ပါလား။ ကြိုတင်သိမြင်နိုင်စွ
သည် ထူးဆန်းစွာပျောက်ဆုံးခဲ့သောအခါ ကယ်ဆယ်နိုင်ခြင်းလည်း မရှိတော
ပြီ။

အမျိုးသမီးကဆက်ပြောနေ၏။ “ကျွန်မရဲ့အလှဆုံးသိုးငယ်ကလေးပါ
သိပ်သဘောကောင်းပြီး သိပ်သိမ်မွေ့တာပဲ။ ဒုက္ခရောက်နေသူတွေကိုလည်
ကိုယ်ချင်းစာတတ်တယ်။ ထိခိုက်ခံစားနေရသူတွေကို တွေ့ရင် သူမနေနိုင်
တော့ဘူး” ခေတ္တနားလိုက်ပြီး သူမဆက်ပြော၏။ “အပေါ်တက်ပြီး ကြည့်
မလားဆရာ၊ သူပြောဖူးတဲ့အတိုင်းဆိုရင် ဆရာနဲ့သူသိခဲ့တာ သိပ်ကိုကြာလှ
တဲ့။”

အမျိုးသမီးခေါ်ရာနောက်သို့ မက်ဖာလိန်း လိုက်သွားပါသည်။ အ
ရက်က သီချင်းညည်းသံထွက်လာခဲ့သော အခန်းဖြစ်ပါ၏။ ပြတင်းပေါ
ထိပ်နားရှိ စွန်းထင်းနေသော မှန်ကိုဖြတ်လျက် အလင်းရောင်နီနီသည် ခုတ
ခေါင်းရင်းတွင်ကျနေပါသည်။ “ခေါင်းပေါ်မှ ပဝါနီနီနဲ့ဂျစ်ပစီတစ်ယောက်
” ဟူသော စကားကသူ့ခေါင်းထဲတွင် ပေါ်လာပြန်သည်။ အဓိပ္ပာယ်မရှိဘူ
သူ့အာရုံများက လှည့်စားနေပြန်လေပြီ။ အလစ္စတာဟားဝပ်ကို နောက်ဆုံ
အကြိမ်အဖြစ် သူရှည်ကြာစွာ ကြည့်လိုက်ပါသည်။

□

“အမျိုးသမီးတစ်ယောက် လူကြီးမင်းကို တွေ့ချင်လို့တဲ့ ရောက်နေ
ပါတယ်”

“ဗျာ” မက်ဖာလိန်း တည်းခိုခန်းပိုင်ရှင်ဖြစ်သူ မစ္စစ်ရော့စ်ကို နားမလည်
နိုင်စွာ ကြည့်နေပါသည်။ “ဆောရီးဗျာ၊ ကျွန်တော် ခုတလော တစ္ဆေသရဲတွေ
တွေ့နေရသလို ဖြစ်နေလို့”

မဟုတ်ဘူး ထင်ပါတယ်ရှင်၊ ညဘက်ကျရင် ဖုန်းဆိုးကုန်းမြင့်ပေါ်
ထူးထူးဆန်းဆန်းတွေ တွေ့တယ်လို့ပြောကြတာကိုတော့ ကျွန်မသိပါတယ်
အဖြူရောင် အမျိုးသမီးတို့၊ နတ်ဆိုးရဲ့ပန်းပဲဆရာတို့၊ သင်္ဘောသားနဲ့ ဂျစ်ပစီ
အမျိုးမျိုးပြောကြတာပါပဲ”

“သင်္ဘောသားနဲ့ ဂျစ်ပစီကို တွေ့တယ်ဟုတ်လား”

“ပြောနေကျတွေပါရှင်၊ ကျွန်မ ကလေးဘဝကတည်းက ပုံပြင်

နားထောင်ခဲ့ရတာတွေပေါ့။ သမီးရည်းစားတွေလို တွဲလျှောက်နေကြတာတဲ့
ရှေး တုန်းကပါ။ အခုတော့ မတွေ့တော့တာတောင် အတော်ကြီးကြာသွားပါပြီ”

“မတွေ့တော့ဘူးတဲ့လား။ ကျွန်တော်အထင်တော့ သူတို့ပြန်တွဲလျှောက်
နေလောက်ပြီဗျ”

“ဘုရားရေ-ရှင်ဘာတွေ ပြောနေတာလဲ၊ ဟိုမိန်းကလေးက-”

“ဘယ်မိန်းကလေးကိုပြောတာလဲ”

“ဧည့်ခန်းထဲမှာ ရှင့်ကိုတွေ့ချင်လို့စောင့်နေတဲ့မိန်းကလေးပေါ့။ မစ္စလာ
တစ်တဲ့ သူ့နာမည်က”

“အိုး”

ရာချယ်-။ သူ့စိတ်ခံစားချက်များပြောင်းသွား၏။ အတွေးများပြန်စုစည်း
မိသောကြောင့် ဖြစ်သည်။ အခြားသောကမ္ဘာလောကတစ်ခုအတွင်းသို့ သူ့
စိတ်က ခေတ္တခိုးကြည့်ခဲ့မိခြင်းဖြစ်ပါ၏။ ရာချယ်ရောက်လာခြင်းကြောင့် သူ့
စိတ်သည် အတိုင်းအတာသုံးမျိုးသာရှိသည့် မူလကမ္ဘာလောကတွင် ပြန်၍
ကျင်လည်မိပါတော့သည်။

ဧည့်ခန်းတွင်းသို့ သူဝင်လိုက်၏။ ရိုးသားသော မျက်လုံးညိုညိုများနှင့်
ရာချယ်။ ရုတ်တရက် အိပ်မက်တစ်ခုမှ နိုးထလာသူလို ဝမ်းသာပျော်ရွှင်မှုက
သူ့ထံနွေးထွေးစွာ တိုးဝင်လာနေသည်။ သူအသက်ရှင်လျက်ရှိနေပါကလား။
သေချာတဲ့ဘဝဆိုတာ လက်ငင်းအသက်ရှင်နေရတဲ့ ဘဝပါပဲ။

“ရာချယ်”ဟုခေါ်ရင်း သူမ၏ လက်ကလေးကို သူလှမ်းဆုပ်လိုက်လေ
တော့သည်။

လနတ်သမီး၏ရပ်ထုစံအိမ်

"ကဲ-ဒေါက်တာပင်ဒါ၊ ရှင် ကျွန်မတို့ကို ဘာအကြောင်းပြောပြမှာ

သင်းအုပ်ဆရာဖြစ်သူ ဒေါက်တာပင်ဒါက သိမ်မွေ့စွာပြုံးပြပါသ
အပတ်စဉ် အဂါနေ့ညနေတိုင်းပြုလုပ်သည့် မိတ်ဆွေတစ်စု၏တွေ့ဆုံပွဲ
မိမိတွေ့ကြုံဖူးသော အမှုအခင်းသို့မဟုတ် ပြဿနာတစ်ရပ်ကို တစ်ဦး
အလှည့်ကျပြောပြပြီး ကျန်မိတ်ဆွေများက ထိုပြဿနာ၏ အဖြေကိုကြ
ဖော်ထုတ်ပေးကြသည့် အစဉ်အလာရှိပေရာ ဃနေ့သူ့အလှည့်ဖြစ်ပါသ

"ကျုပ်ဘဝတစ်လျှောက်လုံးကတော့ အေးချမ်းငြိမ်သက်တဲ့ နေ
တွေမှာ ပဲနေခဲ့ရတာပါ" ဟု သူကပြန်ပြော၏။ "ထူးခြားတဲ့ အဖြစ်အပ
ဆိုတာ တော်တော့ကိုနည်းပါတယ်။ အဲ ဒါပေမယ့် ကျုပ်လူငယ်ဘဝ
ထူးဆန်းပြီး ကြေကွဲစရာလည်းကောင်းတဲ့ အတွေ့အကြုံတစ်ခု ရှိခဲ့ဖူးတ

"အား-ဟုတ်ပြီ၊ ကောင်းတာပေါ့ရှင်"ဟု ဂျွိုက်စ်လင်းက စိတ်ထက်
စွာ အားပေးလိုက်ပါသည်။

"ဘယ်တော့မှ မမေ့နိုင်ခဲ့တဲ့အဖြစ်အပျက်ပါပဲ" သင်းအုပ်ဆရာ
ဆက်ပြော၏။ "အဲဒီအချိန်တုန်းက အကြီးအကျယ်စိတ်လှုပ်ရှားခဲ့ရတာ
ဒီနေ့ ထိအောင်လည်း သေလောက်တဲ့ ပယောဂမရှိဘဲ သေတဲ့အထိ
ခံစားသွားရတဲ့ လူတစ်ယောက်အကြောင်း စဉ်းစားမိတိုင်း အထိတ်တ
ဖြစ်နေရတုန်းပါပဲ"

ဒေါက်တာပင်ဒါ၊ ခင်ဗျားပြောပုံကြောင့် ကျုပ်တောင် ကျောချမ်း
သလိုပဲဗျ"ဟု ဆာဟင်နရီက ပြောလိုက်သည်။

"ကျုပ်လည်း ကျောချမ်းခဲ့ရတာပါပဲဗျာ"ဟု ဒေါက်တာပင်ဒါ
ပြန်ပြောပါသည်။ "အဲဒီအချိန်ကစပြီး ပတ်ဝန်းကျင်အငွေ့အသက်
ပြောတတ်တဲ့ လူတိုင်းကို ကျုပ်မသရော်တော့ပါဘူး။ အဲဒါတကယ်ရှိတယ်
ကျုပ်သိလာရ လို့ပါပဲ။ ကောင်းမှု သို့မဟုတ် မကောင်းမှု သိသိသာ
စိမ့်ဝင်နေပြီး အကျိုး လည်း ပေးနိုင်တဲ့နေရာမျိုးတွေဟာ တကယ်ရှိနိုင်
ပဲကိုး"

"ထင်းရှူးမြိုင်ဆိုတဲ့ အိမ်ကြီးလိုဖြစ်မှာပေါ့ရှင့်" မစ္စမာပယ်က မှတ်ချက်
၏ မစ္စတာစမစ်ထားဟာ အဲဒီအိမ်ကြောင့် ရှိသမျှကုန်ပြီး အိမ်ကိုရောင်း
လိုက်ရတယ်။ ကားစလိတ်က ဝယ်ပြီးတဲ့နောက် သူ့အပေါ် ထပ်လှေကားက
ကျပြီး ခြေကျိုးသွားတယ်။ သူ့မိန်းမလည်း ကျန်းမာရေးကြောင့် ပြင်သစ်
ကင်ပိုင်းမှာ ဆေးသွားကုရတယ်။ အခုအဲဒီအိမ်ကြီးက ဘာဒင်းတို့လက်ထဲ
ကန်နေပြီး ချက်ချင်းဆိုသလိုပဲ မစ္စတာဘာဒင်း ခွဲစိတ်ကုခံနေရသတဲ့"

"ကျွန်တော်ကတော့ အယူသီးတာတွေလို့ပဲ ယူဆတယ်ခင်ဗျ" မစ္စတာ
ထရစ်က ဝင်ပြောပါသည်။ "ရမ်းသန်းပြောတဲ့ ကောလာဟလတွေကလည်း
တော့ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဆိုသလို ဖြစ်ကုန်တတ်ကြတာပါပဲ"

"ကျုပ်တော့ တော်တော်ကြမ်းတယ်ဆိုတဲ့ တစ္ဆေဇာတ်လမ်းနှစ်ခုလောက်
ကြားဖူးသဗျ"ဟု ဆာဟင်နရီက ရယ်ရင်းပြောလိုက်ပါ၏။ စိတ်မရှည်တော့
သော မစ္စတာရေမွန်တ "ကျွန်တော်တို့ ဒေါက်တာပင်ဒါပြောမယ့် ဇာတ်လမ်း
ဆက်နားထောင်ကြရအောင်လားဗျာ"ဟု ဖြတ်ပြောလိုက်ပါသည်။

ဒေါက်တာပင်ဒါက ကုလားထိုင်နောက်သို့မှီထိုင်လိုက်ပြီး မျက်မှန်ကို
တ်လိုက်ကာ သူ့ဇာတ်လမ်းကိုပြန်တွေးနေသလိုနှင့် ပြောပြပါ၏။

"ဒတ်မိုးဆိုတဲ့ရွာကို ခင်ဗျားတို့ကြားဖူးကြသလား မသိဘူး။ အခုကျုပ်ပြော
ယ့်ကိစ္စဖြစ်ခဲ့တဲ့နေရာဟာ ဒတ်မိုးရွာစွန်မှာရှိတာပေါ့။ အတော်ကိုနေချင်စရာ
ကောင်းအောင်သာယာတဲ့နေရာလေးပါပဲ။ ဒါပေမယ့်နှစ်ပေါင်းအတော်ကြာတဲ့
ထိ အဲဒီနေရာအတွက် ဝယ်လက်ကပေါ် မလာခဲ့ဘူးတဲ့ဗျ။ ဆောင်းတွင်းမှာ
အေးကြမ်းတယ်ဆိုပေမယ့် ရှုခင်းတွေကသိပ်လှတယ်ဆိုတော့ အဲဒီနေရာ
ာ မကြိုက်စရာ အခြေအနေတစ်ခုခုများ ရှိနေခဲ့သလားလို့ ထင်စရာလည်း
ခဲ့တာပါပဲ။ နောက်ပိုင်းမှာ ဆာရစ်ချတ်ဟေဒွန်ဆိုတဲ့လူက ဝယ်လိုက်တယ်။
နဲ့ကျုပ်နဲ့က ကောလိပ်မှာကတည်းကရင်းနှီးခဲ့ကြတာပါ။ မတွေ့တာတော့ကြာ
ဆိုပေမယ့် မိတ်ဆွေဟောင်းတွေအနေနဲ့တော့ အဆက်အသွယ်မပျက်ပါဘူး။
တ်ငြိမ်ဟေဝန်"လို့နာမည်ခေါ်ကြတဲ့ သူ့နေရာသစ်ကိုအလည်လာဖို့ဖိတ်
တော့ ကျုပ်ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့တာပေါ့"

"သူ့အိမ်မှာလုပ်တဲ့ ပါတီပွဲဟာလူသိပ်မများပါဘူး။ အိမ်ရှင်ရစ်ချတ်ဟေဒွန်
ယ်၊ သူ့ရဲ့ညီမဝမ်းကွဲအဲလိယော့ဟေဒွန်ရယ်၊ လေဒီမင်းနရင်းနဲ့သူ့ရဲ့ဖြူရော်
ရာ်နဲ့ ပေါ်ပေါ်လွင်လွင်မရှိတဲ့သမီး ဗိုင်အိုလတ်၊ ပြီးတော့ကပ္ပတိန်ရောဂျား
င်မယား၊ မြင်းတွေနဲ့အမဲလိုက်ဖို့ပဲ ဝါသနာကြီးတဲ့သူတွေပေါ့။ အဲဒီနောက်
ဒါက်တာဆိုင်မွန်ဆိုတဲ့ လူငယ်တစ်ယောက်နဲ့ မစ္စဒိုင်ယာနာအက်ရှ်လေဆို

တဲ့မိန်းကလေးတစ်ယောက်တို့ပါပဲ။ မိန်းကလေးရဲ့ပုံပန်းက အတော်သ
တယ်။
အသားညိုညို အရပ်မြင့်မြင့်၊ တစ်ဝက်လောက်ပဲဖွင့်တဲ့ မျက်လုံးတွေ
ခပ်စောင်းစောင်းကြည့်တတ်တယ်။ စိတ်ဝင်စားစရာကောင်းတဲ့ အရှေ့
သူပုံမျိုးရှိတယ်။ အသံကလည်းအောင်ပြီး လိုဏ်သံမျိုးပါတယ်"

"ကျုပ်မိတ်ဆွေ ရစ်ချတ်ဟေဒွန်ဟာ ဒီမိန်းကလေး
မျက်စိကျနေပြီဆိုတာ ကျုပ်ချက်ချင်းအကဲခတ်မိလို့ကတယ်။ ပါတီပွဲ
မိန်းကလေးကိုအဓိကရည် ရွယ်ပြီးလုပ်တယ်လို့ယူဆစရာပါပဲ။ မိန်းက
ကဘယ်လို သဘောထားသလဲ ဆိုတာတော့ သိသိသာသာမတွေ့
စိတ်အပြောင်းအလဲလည်းမြန်ပုံရတယ်။ ပထမရက်မှာရစ်ချတ်ဟေ
တစ်ယောက်တည်းကိုပဲ အရေးတယူစကားပြော နေပေမယ့် နောက်ရက်
တော့ သူ့ကိုဂရုမစိုက်တော့ဘဲ သူ့ညီမဝမ်းကွဲကို အရောတဝင်လုပ်နေပြန်
တစ်ခါ အဲဒီနောက်တော့ အေးအေးဆေးဆေး နေတတ်တဲ့ ဒေါက်တာဆို
ကို သူ့ရဲ့ဖမ်းစားနိုင်တဲ့အပြုံးတွေနဲ့ တရင်းတနှီးပြောဆိုနေတတ်ပြန်တ

"ကျုပ်ရောက်ပြီးနောက် မနက်မှာပဲဧည့်သည်တွေကိုနေရာအနှံ့လို
ပါတယ်။ အိမ်ကြီးကတော့ပြောရလောက်အောင်ထူးခြားလှတာမဟုတ်ပါ
ဒီဗွန်ရှိင်းယားက ဂရင်းနိုက်ကျောက်တုံးတွေနဲ့သဘာဝဘေးဒဏ်ခံနိုင်အေ
ထူထူထဲထဲဆောက်ထားတာမို့ ကြည့်လိုလှတယ် မဆိုနိုင်ပေမယ့် နေရ
သက်သောင့်သက်သာရှိပါတယ်။ ပြတင်းပေါက်တွေက ကြည့်လိုက်
အလေ့ကျ ပေါက်နေတဲ့တောပန်းတွေနဲ့ ကွင်းပြင်ကျယ်ကြီးရဲ့နောက်
ကျောက်တောင်တွေကအထပ်ထပ်တန်းပြီးရှိနေတယ်။ ကျုပ်တို့နဲ့အနီ
ကျောက်တောင်ခြေမှာ ကျောက်ခေတ်ရဲ့လက်ကျန် စက်ဝိုင်းပုံဖော်
ဆောက်ထားတဲ့ကျောက်စီ တဲတွေတွေ့ရတယ်။ အခြားတောင်ကုန်းတ
ပေါ်မှတော့ မကြားသေးခင်ကမှတူးဖေါ်ထားတဲ့ ရှေးဟောင်းသချိုင်းဂူတ
ရှိတယ်။ ကြေးနဲ့လုပ်ထားတဲ့ လက်သုံးကိရိယာတွေတွေ့ကြရသတဲ့။ ဟေဒွန်
သမိုင်းခေတ်ဦးရဲ့တွေ့ရှိချက် တွေကိုအတော်စိတ်ဝင်စားတဲ့ သူဆို
ကျုပ်တို့ကိုစိတ်ပါလက်ပါရှင်းပြပါ တယ်။ သူဝယ်ထားတဲ့နေရာ
ခေတ်ဦးပိုင်းကသမိုင်းလက်ကျန်အများကြီး ရှိနေတယ်လို့လည်းပြောတ
အဲဒီအကြွင်းအကျန်တွေထဲမှာ ကျောက်တုံးစီတဲအိမ်တွေနဲ့နေခဲ့
ကျောက်ခေတ်နှောင်းပိုင်းလူတွေ၊ ရှေးဟောင်းဆဲလ်တစ် မျိုးနွယ်ဘုန်း
အသုံးအဆောင်တွေ၊ ရောမခေတ်သုံးပစ္စည်းတွေနဲ့ စောစော ပိုင်းဖိုနီး

ရဲ့အထောက်အထားတွေတောင်ပါတယ်လို့ဆိုတယ်"

"အားလုံးထဲမှာစိတ်ဝင်စားစရာအကောင်းဆုံးကတော့ ဒီနေရာပဲ" လို့
ပြောသေးတယ်။ "ဒီနေရာဟာနာမည်ရှိတယ်။"ဆိတ်ငြိမ်ဟေဝန်"တဲ့။
မည်ဘယ်လိုရလာတယ်ဆိုတာ သိဖို့မခက်လှပါဘူး" ပြောရင်းနဲ့ခပ်လှမ်း
တစ်နေရာကို လက်နဲ့ညွှန်ပြလိုက်တယ်။ တွေ့ရတာက ကျောက်တုံးတွေ၊
ရောင်ဟက်သာပန်းရိုင်းခြုံတွေ၊ ၃ရင်ကောက်ပင်ကြီးတွေပါ။ ဒါပေမယ့်
တနေ ကိုက်တစ်ရာအကွာလောက်မှာ ထူထူထပ်ထပ် အုံ့ဆိုင်းနေအောင်
ထားတဲ့တောအုပ်ကလေးတစ်ခုကိုလည်းမြင်ရတယ်။

"အဲဒါသမိုင်းဦးခေတ်ရဲ့ အကြွင်းအကျန်ပေါ့ဗျာ"လို့ ဟေဒွန်ကပြောပါ
။ "သစ်ပင်တွေက အရင်အပင်တွေသေပြီးတဲ့နောက် ပြန်စိုက်ထားတာ
ဒါပေမယ့်အနေအထားကတော့ ဖိုနီးရှန်းတွေခေတ်ကအတိုင်း မပြောင်း
အောင် ထိန်းသိမ်းခဲ့ကြတာပါ။ ကဲ-အဲဒီသွားကြည့်ကြရအောင်"

" ကျုပ်တို့အားလုံး သူ့နောက်ကလိုက်သွားကြတယ်။ သစ်ပင်အုပ်ထဲ
ကွားလိုက်တာနဲ့ ကျုပ်စိတ်ထဲမှာ လေးလေးကြီးနဲ့ မသက်မသာ ခံစားမှုမျိုး
ထွားမိတယ်။ သိပ်ကို တိတ်ဆိတ်နေတာကြောင့်နဲ့တူတယ်။ သစ်ပင်တွေ
ကတစ်ကောင်မှ ရှိနေပုံမရပါဘူး။ စိတ်ထဲမှာ အထီးကျန်သလိုဖြစ်ပြီး
ကျခုနေမိတယ်။ ဟေဒွန်ကတော့ ကျုပ်ကိုထူးခြားတဲ့ အပြုံးမျိုးနဲ့ လှမ်း
နေလေရဲ့"

"ဘယ်လိုလဲ ပင်ဒါ၊ ဒီနေရာနဲ့ပတ်သက်လို့ တစ်ခုခု ခံစားနေရသလား"
ည်း ကျုပ်ကိုမေးပါတယ်။ "စိတ်ထဲမှာ အတိုက်အခိုက်ခံနေရသလိုလား၊
ဟုတ် စိတ်မသက်မသာဖြစ်နေရသလိုပဲလား"

"ကြိုက်တော့ မကြိုက်လှဘူးဗျာ"လို့ ကျုပ်ပြန်ဖြေလိုက်ပါတယ်။

"မကြိုက်နိုင်တာ သဘာဝကျပါတယ်လေ။ ဒီနေရာဟာ ခင်ဗျားရဲ့ယုံကြည်
ယ်မှုတွေကို ဆန့်ကျင်ပြုနေတဲ့ ရှေးဦးရန်သူတော်ကြီးရဲ့ အခိုင်အမာ
ကိုး။ ဒါဟာ ဖိုနီးရှန်းတွေရဲ့ ယဇ်နတ်သမီးအက်စထာတီရဲ့ စံရာတော
"

"အက်စထာတီဟုတ်လား"

"အက်စထာတီခေါ်ခေါ်၊ အစ်ရှထာခေါ်ခေါ်၊ အက်ရှ်တောရက်သ်
ခေါ်၊ ဘယ်လိုပဲခေါ်ခေါ်ပေါ့ဗျာ၊ အက်စထာတီဆိုတဲ့ ဖိုနီးရှန်းတွေရဲ့
ကို ကျွန်တော် ပိုသဘောကျတယ်။ အက်စထာတီရဲ့ ပိုင်နက်တောအုပ်
ဆိုတဲ့ အယူအဆတွေကို ကျွန်တော်ယုံတယ်။ သက်သေအထောက်

အထား မရှိဘူးဆိုပေမယ့် အက်စထာတီပိုင်စိုးတဲ့ တောအုပ်အစစ်အမှန်
ဒီဟာပဲလို့ ကျွန်တော် လက်ခံထားတယ်။ ထူထူထပ်ထပ်ရှိနေတဲ့ ေ
တောအုပ်ဟာ ထူးခြားလေးနက်တဲ့အခမ်းအနားတွေ ကျင်းပရာ
ဖြစ်တယ်"

"ထူးခြားလေးနက်တဲ့အခမ်းအနားတွေ-" ဒိုင်ယာနာအက်ရှ်လေ
တိုးတိုးရေရွတ်လိုက်ပါတယ်။ သူမျက်လုံးတွေက တွေးေ
ကြည့်နေပုံပါပဲ။ "အဲဒါဘယ်လိုဟာတွေများလဲ"လို့ ဆက်မေးလိုက်တ
"သိပ်တော့ ဂုဏ်သိက္ခာရှိတဲ့ အခမ်းအနားမျိုး မဟုတ်နိုင်ဘူ
ကပ္ပတိန်ရောဂျားက အော်ရယ်ရင်း ပြောပါတယ်။ "စိတ်ခံစား
ဆူပွက်လာအောင် လှုံ့ဆော်တဲ့ အကအခုန်တွေ ဖြစ်မှာပါဗျာ"တဲ့။
ကတော့ သူစကားကို အလေးမထားပါဘူး။ 'တောအုပ်အလယ်ခေ
နတ်ပူဇော်တဲ့ဂူတစ်ခုရှိရမယ်ဗျ။ ကျွန်တော်ကိုယ်တွေ့မျက်မြင်တော့ မ
ဘူး။ ဒါပေမယ့် စိတ်ကူးနဲ့မြင်ကြည့်လို့ရတယ်'လို့ သူအယူအဆကို
တယ်။

"သွားနေရင်းနဲ့ကျွပ်တို့သစ်ပင်တွေကြားထဲက ကွက်လပ်ကျယ်
တစ်ခုဆီရောက်သွားတယ်။ ကွက်လပ်နဲ့ ဗဟိုမှာ ကျောက်တုံးတွေနဲ့
ထားတဲ့ တဲငယ်ငယ်ပုံစံတစ်လုံးကို တွေ့လိုက်ရတယ်။ ဒိုင်ယာနာအက်ရှ်
ဟေဒွန်ကို မွေးခွန်းထုတ်ဟန်နဲ့ကြည့်တော့ သူကဒါကို 'ရုပ်တုစံအိမ်'
မည်ပေးထားတဲ့အကြောင်း ပြောပြတယ်။ အက်စထာတီလနတ်သမီး
စံအိမ်ပေါ့'လို့ ပြောပြီး သူ့ရှေ့ကနေအထဲဝင်သွားတယ်။ အထဲမှာတွေ့
ကတော့ ရင်းတိုက်သားနက်နက်နဲ့ခပ်ကြမ်းကြမ်းထုထားတဲ့ တိုင်လုံးပုံ
ရုပ်တုငယ်ငယ်တစ်ခုပါပဲ။ လခြမ်းကွေးပုံဦးခါနှစ်ခုနဲ့ ခြသေ့ပေါ်မှာ ထိုင်
အမျိုးသမီးရုပ်တုတစ်ခုပါ။ "ဖိုနီးရှန်းတွေရဲ့ အက်စထာတီပေါ့။ လနတ်
ဆိုတာပါပဲ"လို့ ဟေဒွန်က ရှင်းပြတယ်။

"လနတ်သမီးဟုတ်လား"လို့ ဒိုင်ယာနာက အော်မြောလိုက်တယ်။ "ဒီ
ဒီည ကျွန်မတို့ သရုပ်ဆောင်ပျော်ပွဲလုပ်ကြရအောင်လား။ ဟောဒီကွ
မှာ လုပ်မယ်။ အက်စထာတီလနတ်သမီး ပူဇော်ပွဲအထိမ်းအမှတ်
"ကျုပ်ရုတ်တရက် တုန်လှုပ်သွားမိတယ်။ ဒါနဲ့ရစ်ချတ်ဟေ
ညီဝမ်းကွဲ အဲလီယော့ဟေဒွန်က ကျုပ်ကိုလှည့်ကြည့်ပြီး "ဒီအစီအ
မကြိုက်ဘူးထင်ပါရဲ့၊ ဟုတ်ပါသလားခင်ဗျာ"လို့ မေးပါတယ်။ "မကြိုက
လို့ ကျုပ်လေးလေးနက်နက်ပြောလိုက်တယ်။ သူကကျုပ်ကိုနားမလည်

ည့်ပြီး "ဒါက အပျော်အပြက်သဘောသက်သက်ပါခင်ဗျာ၊ ရစ်ချတ်လည်း
ကို ယဇ်ပူဇော်တဲ့ စံအိမ်လို့သေသေချာချာသိတာမဟုတ်ပါဘူး။ စိတ်ကူး
ည့်နေတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူထင်နေသလို မှန်တယ်ပဲထားဦး-" သူ့
ားရပ်သွားတာနဲ့ကျုပ်က "မှန်တယ်ဆိုရင်" လို့ထောက်ပေးလိုက်ပါတယ်။
ာ စကားရောဖွဲရောလုပ်ပြီး "ဘာသာရေးဆရာတစ်ယောက်အနေနဲ့ ဒါမျိုး
ယုံမှာမဟုတ်ပါဘူးခင်ဗျားလို့ ပြန်ပြောတယ်။ "ဘာသာရေးဆရာဖြစ်တာ
ကြောင့် ဒါမျိုးကို မယုံရဘူးလို့တော့ မရှိပါဘူး'လို့ ကျုပ်ကပြန်ပြောလိုက်တယ်။
တော့ဆက်ပြီး 'ပတ်ဝန်းကျင်အင်အွေအသက်ဆိုတာကို သိပ်ယုံလှတာမဟုတ်
မယ့် ဒီတောအုပ်ကို ဝင်လိုက်တာနဲ့ မကောင်းမှုတစ်ခုခု ကျုပ်ဘေးမှာ
နေသလိုလို ခံစားခဲ့ရတယ်'လို့လည်း ပြောလိုက်တယ်။

"သူနောက်လှည့်ကြည့်ပြီး-'ဟုတ်တယ်ခင်ဗျ၊ ထူးတော့ထူးတာအမှန်ပါပဲ၊
ပေမယ့် စိတ်ကူးတွေချဲ့မိပြီး ဒီလိုခံစားရတာနဲ့တူပါတယ်။ ခင်ဗျားဘယ်လို
လဲ ဆိုင်မွန်'လို့ထင်မြင်ချက်တောင်းလိုက်တော့၊ ဒေါက်တာက ခဏလောက်
ငြိစားနေပြီးမှ- 'ကျွန်တော်လည်းမကြိုက်ဘူး။ ဘာကြောင့်မှန်းမသိဘူး။
ကြိုက်တာတော့အမှန်ပဲ'လို့ ပြန်ပြောတယ်။" အဲဒီအချိန်မှာ မိန်းကလေး
အိုလက် ကျုပ်ဆီလျှောက်လာပြီး- 'ဒီနေရာကို ကျွန်မမကြိုက်ဘူး။ နည်း
ည်းမှမကြိုက်ဘူး။ ပြန်ကြပါစို့'လို့ပြောတာနဲ့ ပြန်ထွက်လာခဲ့ကြတယ်။ ကျွန်
လူတွေလည်းထွက်လိုက်လာကြတယ်။ ဒိုင်ယာနာအက်ရှ်လေ တစ်ယောက်
တရစ်ဝဲဝဲနဲ့ကျွန်ခဲ့တယ်။ ကျုပ်နောက်ပြန်လှည့်ကြည့်လိုက်တော့ သူဟာ
အဝကနေ ရုပ်တုကို စူးစူးစိုက်စိုက် ကြည့်နေတာ တွေ့ရတယ်။"

"အဲဒီနေ့ကစ ပူပြီး ရှုခင်းက သာသာယာယာရှိနေတော့ ဒိုင်ယာနာ
က်ရှ်လေအဆိုပြုတဲ့ သရုပ်ဆောင်ပျော်ပွဲဆိုတာကို လုပ်ဖို့အများစုက
ဘောတူကြတယ်။ တိတ်တိတ်ကြိတ်ရယ်သံတွေ တီးတိုးပြောသံတွေနဲ့
တ်ချပ်ကြ၊ စက္ကူတွေကပ်ကြနဲ့ တပျော်တပါးကိုယ်စီကိုယ်စီ လုပ်နေ
က်ကြတာ ညစာစားချိန်ရောက်လို့ ထွက်လာကြတော့ တစ်ယောက်ကို
စ်ယောက်ကြည့်ပြီး တဝါးဝါးတဟားဟားနဲ့ ကျွက်ကျွက်ဆူသွားတော့တာ
။ ရောဂျားတို့လင်မယားက ကျောက်ခေတ်ဆစ်လူသားပုံလုပ်ထားကြတယ်။
လင်းဖိုရှေ့က အခင်းစတွေကို ခြုံထားကြတယ်။ ရစ်ချတ်ဟေဒွန်ကတော့
ရှန်းခေတ်က သင်္ဘောသားတဲ့။ သူညီဝမ်းကွဲက တောပုန်းမားပြဒိုလ်၊
က်တာဆိုင်မွန်ကတော့ စားတော်ကဲ့။ လေဒီမင်းနရင်းက သူနာပြုဆရာမ၊
သမီးက ဆာကေးရှန်းဌေဝယ်ကျွန်၊ ကျုပ်ကိုယ်တိုင်ကတော့ ဘုန်းတော်ကြီး

တစ်ပါးလိုပဲ ခပ်ရိုးရိုးသရုပ်ဆောင်လိုက်တယ်။ ဒိုင်ယာနာအက်ရှ်လေ
နောက်ဆုံးမှ ထွက်လာတယ်။ အနက်ရောင်စောင်ကြီးကို ပြီးစလွယ်ခြုံလာ
အားလုံးက စိတ်ပျက်သွားကြတာပေါ့။ "အမျိုးအမည်မသိ" လို့ သူက
ပေါ့ပေါ့ပြီးစလွယ်ပြောတယ်။ "အဲဒါ ကျွန်မပဲ-ကဲညစာစားကြစို့လို့ ဆက်
လိုက်တယ်။ ညစာစားပြီးကြတော့ အပြင်ကို ထွက်ကြတယ်။ သာသာယာ
ရှိတဲ့ ညတစ်ညပါပဲ။ လေပြည်ကလေးတဖြူးဖြူးနဲ့၊ လပြည့်ဝန်းကလည်း လ
လင်းလက်လက်နဲ့တက်နေပြီ။ ကျုပ်တို့အားလုံးဟိုဟိုဒီဒီလျှောက်ကြ၊ စကား
ပြောကြနဲ့ အခုအချိန်လည်း ခပ်မြန်မြန်ကုန်သွားတယ်။ တစ်နာရီကျော်
လောက်ကြာမှ ဒိုင်ယာနာအက်ရှ်လေ ပျောက်နေတာသတိထားမိကြတ
"အိပ်ရာဝင်သွားတာတော့မဟုတ်နိုင်ဘူး"လို့ ရစ်ချတ်ဟေဒွန်ကပြောတ
ဗိုင်အိုလက်ကခေါင်းခါပြီး"မအိပ်သေးဘူးရှင့်၊ ပြီးခဲ့တဲ့ဆယ့်ငါးမီနစ်လော
ကမှ ဟိုဘက်သွားတာတွေ့လိုက်တယ်"လို့ တောအုပ်ကလေးဘက်ကို လက်
ထိုးပြတယ်။ ရစ်ချတ်ဟေဒွန်က"ဘာသွားလုပ်တာပါလိမ့်၊ ဗရုတ်ကျဦး
ထင်ပါရဲ့၊ သွားကြည့်ကြရအောင်"လို့ပြောပြီးအားလုံးပဲအတူတူသွားကြတ
မစ္စအက်ရှလေတစ်ယောက် ဘာစိတ်ကူးတွေပေါက်နေပါလိမ့်လို့လဲစဉ်း
ကြရင်းနဲ့ပေါ့။ ကျုပ်စိတ်ထဲမှာတော့ အဲဒီတောအုပ်ကလေးထဲပြန်ဝင်
စိတ်တထင့်ထင့်နဲ့ပါပဲ။ မဝင်ပါနဲ့လို့တစ်စုံတစ်ရာက တားထားသလိုလိုသိ
တယ်။ အဒီနေရာရဲ့ မကောင်းဆိုးဝါးအငွေ့အသက်ကို သေသေချာချာခံ
နေရတယ်။ တချို့လူတွေလည်း ဝန်ခံရင်သာရှိမယ်၊ ကျုပ်လိုခံစားနေကြ
ပါပဲ။ သစ်ပင်တွေစိုက်ထားတာက စိပ်လွန်းနေတော့ လရောင်ဖောက်မဝင်
ဘူး။ ကျုပ်တို့ဘေးပတ်ပတ်လည်မှာ ဖွဖွကလေးလျှောက်သံတွေ၊ လေသံ
လေသံကလေးနဲ့တီးတိုးပြောသံတွေ၊ သက်ပြင်းချသံတွေကြားနေရတ
ကျောချမ်းစရာချောက်ချောက်ချားချားတွေခံစားမိကြတော့ ကျုပ်တို့အား
အလိုအလျောက်နီးနီးကပ်ကပ်စုမိသွားကြတယ်။ ကွက်လပ်ထဲသို့ဝင်လို
တယ်ဆိုရင်ပဲ ကျုပ်တို့အားလုံးရုပ်တုစံအိမ်ဆီကြည့်ပြီး ကြက်သေသေ
တော့တယ်။ ဘာကြောင့်လဲဆိုတော့ ရုပ်တုစံအိမ်အဝမှာ နူးညံ့ပျော့ပျော
တဲ့ပိတ်ပါးလွှာကို ခြုံထားပြီး အရောင်တလက်လက်ထွက်နေတဲ့ လူပုံတစ်ခု
တွေ့ကြရလို့ပဲ။ ခေါင်းပေါ်မှာကလ့ခြမ်းကွေးပုံ ဦးချိနှစ်ချောင်းလည်းပါတယ်

'ဘုရားရေ'လို့ ရစ်ချတ်ဟေဒွန်အထိတ်တလန့်ရေရွတ်လိုက်တယ်။ နှ
မှာလည်း ချွေးစေးတွေကျနေတယ်။ ဗိုင်အိုလက်မင်းနရင်းကတော့ ခပ်မြန်မြ
အကဲခတ်လိုက်နိုင်ပါတယ်။'ဟာ-ဒါဒိုင်ယာနာပဲ' လို့ သူအော်ပြောတ

ဒီမှာဘာလုပ်နေတာပါလိမ့်၊ သူကြည့်ရတာတစ်မျိုးကြီးဖြစ်နေသလိုပါပဲလား'
လို့ဆက်ပြောတယ်။ သူစကားအဆုံးမှာ တံခါးဝမှာရှိတဲ့သဏ္ဌာန်ဟာ လက်တွေ
ကိုမြောက်လိုက်ပြီးတော့ အသံကြည်ကြည်နဲ့ "ကျွန်ုပ်ဟာအက်စထာတီလနတ်သမီး
ဖြစ်တယ်' လို့သီချင်းညည်းသလိုပြောတယ်။'ကျွန်ုပ်အနားသို့သင်တို့မလာကြ
နှင့်၊ သေခြင်းတရားသည်ကျွန်ုပ်လက်တွင်း၌ရှိ၏' လိုဆက်ပြောတယ်။"

'မလုပ်နဲ့လေဟယ်' လို့လေဒီမင်းနရင်းကတောင်းပန်သံနဲ့ပြောပါတယ်။
'တို့အားလုံးလန့်သွားကြရတာပဲ' ဟေဒွန်ကရှေ့သို့ထွက်ပြီး သူရှိနေရာကိုသွား
လိုက်တယ်။ 'ဟေး-ဒိုင်ယာနာ' လို့လှမ်းပြောတယ်။ 'မင်းတကယ်လှတာပါ
လားကွာ' တဲ့။ အဲဒီအချိန်မှာ ကျုပ်မျက်စိတွေက တစ်ဝက်တစ်ပျက်ဝင်နေတဲ့
လရောင်နဲ့ ကျင့်သားရသွားပြီမို့ ပိုပြီးရှင်းရှင်းမြင်နေပါပြီ။ ဗိုင်အိုလက်ပြော
သလိုပဲ၊ သူပုံကတစ်မျိုးဖြစ်နေတယ်။ မျက်နှာဟာအရှေ့တိုင်းဆန်ဆန်ဖြစ်နေ
ပြီး မျက်လုံးတွေမှာရက်စက်တဲ့အကြည့်မျိုးတွေ့ရတယ်။ သူနှုတ်ခမ်းမှာအရင်
တယ်တုန်းကမှ မတွေ့ဖူးခဲ့တဲ့ထူးထူးဆန်းဆန်းအပြုံးကို မြင်နေရတယ်။"

'ရှောင်ကြ' လို့သူကသတိပေးလိုက်တယ်။ 'နတ်သမီးအနီးသို့မကပ်ကြနှင့်
ကျွန်ုပ်ကိုထိကိုင်မိသူတစ်စုံတစ်ဦးသည် သေခြင်းတရားနှင့်ရင်ဆိုင်ရလိမ့်မည်'

'မင်းတကယ်လှတာပဲ ဒိုယာနာ' လို့ဟေဒင်ကအော်ပြောတယ်။ 'ဒါပေမယ့်
တော်ပါတော့၊ ရပ်လိုက်ပါတော့၊ ဒီလိုလုပ်နေတာကို ငါ-ငါမကြိုက်ဘူးကွာ'
သူကပြောရင်း မြက်ခင်းကိုဖြတ်ပြီးရှေ့တိုးသွားတော့ အမျိုးသမီးကသူ့ကိုလက်
တစ်ဖက်ဆန့်ထုတ်ပြီးတားလိုက်တယ်။ 'ရပ်လိုက်' တဲ့။ 'နောက်တစ်လှမ်းတိုး
လာရင်အက်စထာတီရဲ့မှော်အတတ်နဲ့သင့်ကိုဒဏ်ခတ်ရလိမ့်မယ်' လို့ပြော
တယ်။ ရစ်ချတ်ဟေဒွန်ကတော့ရယ်ရင်းနဲ့ခပ်သွက်သွက်ရှေ့တိုးသွားလိုက်တာ
မှာ ချက်ချင်းဆိုသလိုထူးထူးဆန်းဆန်းပဲ သူခဏလေးတုံ့သွားပြီးယိုင်တိယိုင်
ထိုးဖြစ်ရင်းကနေ မှောက်ထိုးလဲသွားတော့တယ်။ သူ ပြန်မထနိုင်တော့ဘူး။
လဲကျသွားတဲ့နေရာမှပဲ မှောက်ပြီးငြိမ်နေတော့တယ်"

"ဒိုင်ယာနာကတော့ ဟက်ဟက်ပက်ပက် ရယ်နေတယ်။ တိတ်ဆိတ်နေတဲ့
တောအုပ်ထဲမှာ သူ့ရယ်သံဟာ ကြောက်စရာကောင်းလောက်အောင်
ကျယ်လောင်နေတယ်။ အဲ့ဒီမှာ အဲလိယော့က ခပ်ကြမ်းကြမ်းတစ်ချက်အော်
ပြီး ရှေ့ထွက်သွားလိုက်တယ်။ 'မဟုတ်တာတွေပဲ။ ထစမ်းပါ၊ ရစ်ချတ်
ထပါတော့' လို့အော်ပြောနေတယ်။ ရစ်ချတ်ဟေဒွန်က မလှုပ်ပါဘူး။ သူ့ဘေး
နားမှာဒူးထောက်ထိုင်ရင်းသူ့ကိုယ်ကို အဲလိယော့ဟေဒွန်က ခပ်ဖြည်းဖြည်းနဲ့
ညင်ညင်သာသာ အပေါ်လှန်ပေးလိုက်တယ်။ ပြီးတော့မျက်နှာကိုစိုက်ကြည့်

နေတယ်။ ခဏနေတော့ သူရုတ်တရက်ထရပ်လိုက်ပြီး ယိုင်တိုယိုင်ထ
'ဒေါက်တာ' လို့အော်ခေါ်တယ်။ 'ဒေါက်တာ-ကျေးဇူးပြုပြီးမြန်မြန်လာ
ဝေးပါ။ သူ-သူသေပြီထင်တယ်' လို့ပြောတော့ ဆိုင်မွန်ကပြေးပြီးသွားကြ
တယ်။ အဲလိုယော့ ဖြည်းဖြည်းလေးလျှောက်ပြီး ကျုပ်တို့ဆီပြန်လာတ
သူ့လက်တွေကိုသူပြန်ကြည့်နေတဲ့အမူအရာကိုလည်းကျုပ်နားမလည်နိုင်ဖြစ်ရ

"အဲဒီအချိန်ပဲ ဒိုင်ယာနာဆီကစူးစူးဝါးဝါးအော်သံကြားရတယ်။ 'ကျွ
သူ့ကိုသတ်လိုက်မိပြီ' လို့အော်ပြောတယ်။ 'အိုး-ဘုရားသခင်၊ ကျွန်မဒီလို
မယ် မထင်ဘူး။ ကျွန်မ သတ်လိုက်မိပြီ' လို့ပြောရင်း သူမေ့မြောပြီး မြက်
ပေါ် လဲကျသွားတော့တယ်။ အဲဒီလိုဖြစ်တော့မစ္စတရောဂျားက 'အိုး-ဒီနေရာ
နေပြန်ထွက်ကြပါစို့၊ ကြောက်စရာကြီး' လို့အော်ပြောတယ်။ သူကငိုသံကြ
'ကျွန်မတို့အားလုံး ဒီနေရာမှာ ဒုက္ခရောက်ကြတော့မယ်' လို့ပြောနေတ
အဲလိုယော့ကတော့ 'မဖြစ်နိုင်တဲ့ကိစ္စပဲ' လို့ ခပ်တိုးတိုးရေရွတ်ရင်း 'လူ
ယောက်ဟာဒီနည်းနဲ့အသတ်ခံရတာမဖြစ်နိုင်ဘူး၊ ဒါသဘာဝကိုဆန့်ကျင်
ကိစ္စပဲ' လို့ပြောတယ်။ ကျုပ်ကသူ့ကိုဖျောင်းဖျတဲ့အနေနဲ့ 'အကြောင်းတစ်
ရှိပါလိမ့်မယ်၊ မောင်ရင့်အစ်ကိုမှာနှလုံးအားနည်းတဲ့ရောဂါမျိုးရှိချင်ရှိနေ
လေ။ ရုတ်တရက် မထင်မှတ်တာကို တွေ့လိုက်ရတော့ စိတ်လှုပ်ရှား
ကျုပ်စကားကိုဖြတ်ပြီးသူက- 'ခင်ဗျားနားမလည်ပါဘူးဗျာ၊ သူကကျွန်တော်
နိုင်အောင် သူ့လက်ကိုမြောက်ပြခဲ့တာဗျ။ သူ့လက်မှာ သွေးပေနေတ
သူ့ရှော့ခ်ရပြီးသေတာမဟုတ်ဘူး။ ဓားနဲ့ထိုးသတ်ခံရတာ။ နှလုံးတည့်တည့်
ဓားဒဏ်ရာရှိနေတယ်။ ဓားကိုတော့ရှာမတွေ့တော့ဘူး' လို့ပြောပါလေ
ကျုပ်မယုံနိုင်လောက်အောင်ဖြစ်ပြီး သူ့ကိုစိုက်ကြည့်နေမိတယ်။ အဲဒီအ
မှာ ဆိုင်မွန်ထလာပြီးမျက်နှာပျက်ပျက်၊ တုန်တုန်ယင်ယင်နဲ့ ကျုပ်တို့ဆီ
တယ်။ ကျုပ်တို့ရှေ့ကုန်ကြပြီလား၊ ဒီနေရာဟာဘယ်လိုဟာလဲ၊ ဒါမျိုးဒီနေရာ
ပြစ်နိုင်နေတာလား' လို့ပြောတော့ကျုပ်က 'ဒါဖြင့်တကယ်အမှန်ပဲပေါ့' လို့
ကမေးလိုက်တယ်။ သူကခေါင်းညိတ်ပြတယ်။ "သေးသေးရှည်ရှည် ဓားမြ
နဲ့အထိုးခံရတဲ့ဒဏ်ရာမျိုးပဲ။ ဓားမြောင်ကိုတော့ရှာမတွေ့ဘူး"တဲ့။ ကျုပ်
အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြတယ်။ 'ရှိရမှာ
လို့ အဲလိုယော့က ပြန်ပြောတယ်။ မြေကြီးပေါ် တစ်နေရာမှာရှိကိုရှိရမ
ရှာကြည့်ရအောင်ဗျာ' လို့ပြောပြီးအားလုံးပဲရှာကြပေမယ့် အကြောင်းမထူးပါ
အဲဒီမှာ ဒိုင်အိုလက်မင်းနရင်းက သတိရသွားသလိုနဲ့ရုတ်တရက်ပြောလိုက်တ
'ဒိုင်ယာနာ့လက်ထဲမှာတစ်ခုခုကျွန်မတွေ့လိုက်တယ်ရှင့်၊ ဓားမြောင်လိုဟာမို့

သူခြိမ်းခြောက်တုန်းက လက်ခနဲဖြစ်သွားသေးတယ်' တဲ့။ ဒီတော့ အဲလိယော့
ခေါင်းခါပြီးဒိုင်ယာနာနားဆယ်ပေထိတောင်သူရောက်ခဲ့တာမဟုတ်ဘူးလို့
ကန့်ကွက်တယ်။ လေဒီမင်းနရင်းက 'မြေကြီးပေါ်မှာလည်းဘာမှမတွေ့ရဘူး။
မြင်ခဲ့တာ သေချာရဲ့လား ဗိုင်အိုလက်၊ ငါတော့ မမြင်ခဲ့ပါဘူး' လို့ ဆက်ပြော
တယ်။

"ဒေါက်တာဆိုင်မွန်က မိန်းကလေးဆီကိုလာပြီး 'သူ့ကိုအိမ်ပြန်သယ်
သွားမှဖြစ်မယ်။ ရောဂျား၊ လာကူပေးပါလားလို့ပြောတယ်။ သတိလစ်နေတဲ့
မိန်းကလေးကိုအိမ်အထိသယ်သွားပြီး ဆာရစ်ချတ်ရဲ့အလောင်းကို နောက်တစ်
ခေါက်သယ်ကြရတယ်။ အလောင်းကိုသူ့အိပ်ခန်းထဲရွှေ့ထားပြီး ဘတ္တလာကို
တက်ဘီးနဲ့ရဲခေါ်ဖို့လွှတ်လိုက်ပါတယ်။ ဆယ့်နှစ်မိုင်လောက်သူစီးသွားရပါတယ်။
အဲဒီနောက်အဲလိယော့ဟေဒွန်က ကျုပ်ကိုလက်မောင်းလာဆွဲပြီး 'ဒီမယ်ဗျ-
ကျွန်တော်တောအုပ်ထဲပြန်သွားမယ်။ လူသတ်လက်နက်ကိုတွေ့အောင်ရှာချင်
တယ်' လို့ပြောတယ်။ ကျုပ်ကသံသယနဲ့ လက်နက်ကရှိနိုင်လို့လားလို့ မေးတော့
သူက ကျုပ်လက်မောင်းကိုလှုပ်ခါပြီး-'ခင်ဗျားကိုယ်တိုင်လည်းအဓိပ္ပာယ်မရှိ
အယူသီးနေပြီလား၊ သဘာဝလွန်နည်းလမ်းနဲ့သေတာလို့ထင်နေလို့လား၊
ဘာင်းပြီလေ -ကျွန်တော် တောအုပ်ထဲကိုပြန်သွားပြီးရှာမယ်' တဲ့။

"ကျုပ်ကသူ့ကိုအဲဒီလိုမလုပ်စေချင်ဘူး။ အမျိုးမျိုးဖျောင်းဖျပေမယ့်မရပါဘူး။
အဲဒီသစ်ပင်အုပ်အုပ်နေရာဟာ ကျုပ်စိတ်ထဲမှာရွံရှာစက်ဆုပ်စရာလိုဖြစ်နေပြီး
နောက်ထပ်လည်း ဘေးဒုက္ခကြုံနိုင်သေးတယ်လို့ စွဲစွဲမြဲမြဲထင်နေမိတာပါ။
အဲလိယော့က အတော်ကိုခေါင်းမာပါတယ်။ တကယ်တော့ဖွင့်ဝန်မခံတာသာ
မှန်ပေမယ့် သူလည်း ကြောက်နေတာပဲလို့ ကျုပ်ထင်တယ်။ သူပြဿနာရဲ့အဖြေ
ကိုတွေ့အောင်ရှာမယ်ဆိုတဲ့ပုံမျိုး ပြတ်ပြတ်သားသားဆုံးဖြတ်ချက်နဲ့ထွက်သွား
တာတာပဲ"

"အဲဒီညက အတော်ကိုဆိုးပါတယ်။ ဘယ်သူမှမအိပ်နိုင်ကြဘူး။ ရဲတွေ
ကတော့ လုံးဝမယုံနိုင်အောင်ဖြစ်နေကြတယ်။ သူတို့ မစ္စအက်ရှလေကို
မေးခွန်းထုတ်ချင်ကြပေမယ့် သတိပြန်လည်လာတာနဲ့အိပ်ဆေးပေးထားတဲ့
အခြေအနေမို့ ဒေါက်တာဆိုင်မွန်ကတွေ့ခွင့်မပေးဘူး။ နောက်နေ့မနက်အထိ
ယ်သူမှသူ့ကိုမနှောင့်ယှက်ရဘူးလို့ပြောထားတယ်"

"နောက်နေ့မနက်ခုနစ်နာရီအထိ အဲလိယော့ဟေဒွန်ကိုဘယ်သူမှသတိ
ရကြဘူး။ ဒေါက်တာဆိုင်မွန်ကအရင်ဆုံး မေးတော့မှကျုပ်လည်း ရှင်းပြ
ခဲ့ရတယ်။ ဆိုင်မွန်ရဲ့မျက်နှာတည်ဟည်ကြီးဖြစ်သွားတယ်။ 'မလုပ်သင့်

ဘူးဗျာ၊ ဒီလူအတော်မိုက်ရူးရဲဆန်တယ်' လို့ပြောပါတယ်။ 'သူတစ်ခုခုပြဿ
ဖြစ်မယ် လို့တော့မထင်ဘူး မဟုတ်လားလို့ကျုပ်ကမေးလိုက်တော့ သူ
ထင်ပါဘူး။ ဒါပေမယ့်ကျွန်တော်တို့သွားကြည့်ကြရင်ကောင်းမယ်'

"သူပြောတာမှန်တယ်လို့ကျုပ်သိပါတယ်။ ဒါပေမယ့် ကျုပ်တို့ပြန်သွ
ဖို့သတ္တိကိုမနည်းကြီးမွေးယူခဲ့ရတယ်။ ကျုပ်တို့နှစ်ယောက်အတူတူထွက်သွ
ပြီးကံဆိုးမိုးမှောင်ကျနေတဲ့တောအုပ်ထဲကို တစ်ကြိမ်ထပ်ပြီးဝင်လိုက်ကြပါတ
အဲလိယော့ရဲ့နာမည်ကိုနှစ်ကြိမ်ခေါ်ပေမယ့်ပြန်ထူးသံမကြားရဘူ
တစ်မိနစ်၊ နှစ်မိနစ်လောက်အတွင်း ကျုပ်တို့မလင်းတလင်းနဲ့ သုသာန်
ဆန်ဆန်ဖြစ်နေတဲ့ မြေကွက်လပ်အစကိုရောက်လာကြတယ်။ ဆိုင်မွန်
ကျုပ်လက်မောင်း ကိုဆုပ်ကိုင်လိုက်သလို ကျုပ်လည်း ထိတ်ခနဲ ဖြစ်ပြီးတို
လေးအသံပြုလိုက်မိတယ်။ မနေ့ညကတွေ့ခဲ့ရတဲ့နေရာမှာပဲ ဒီမနက်
လည်းအဲလိယော့ဟေဒွန် ကိုသူ့အစ်ကိုဝမ်းကွဲဖြစ်ခဲ့တဲ့အတိုင်း လဲနေ
မြင်လိုက်ရတော့တာပါပဲ"

'ဘုရားရေ-သူလည်းအမိခံလိုက်ရပြီကိုး' လို့ဆိုင်မွန်ကပြောလိုက်တ
ကျုပ်တို့သူလဲနေတဲ့နေရာကိုပြေးသွားကြတယ်။ အဲလိယော့ဟေဒွန်
သတိလစ်နေပေမယ့် အသက်တော့ရှုနေတုန်းပါပဲ။ ဒီတစ်ခါတော့သူဘာကြေ
ဒီလိုဖြစ်ရတယ်ဆိုတာသံသယရှိစရာမလိုတော့ပါဘူး။ သေးသေးရှည်ရှ
ကြေးလက်နက်တစ်ခုဟာ သူ့ကိုယ်မှာစိုက်နေဆဲပါ။

'တော်သေးတယ်ဗျို့၊ နှလုံးကိုမထိဘူး။ ပခုံးထဲပဲစိုက်ဝင်နေတာ ကံကော
သွားတယ်။ သူမသေနိုင်ဘူးဆိုတော့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာပြန်ပြော
တော့မှာပေါ့ဗျာ' လို့ဒေါက်တာက မှတ်ချက်ချတယ်။ ဒါပေမယ့် သူသတ်
လာ တဲ့အခါမှာတော့ အဲလိယော့ဟေဒွန်ဟာ ရေရေရာရာ မပြောနိုင်ပါ
ဓားမြောင် ကိုရှာရင်းမတွေ့နိုင်တဲ့အဆုံး ရုပ်တုစံအိမ်နားမှာရပ်နေခဲ့သ
အဲဒီအချိန်မှာ ပဲတောအုပ်ကနေတစ်ယောက်ယောက် သူ့ကိုစောင့်ကြ
နေတယ်လို့ စိတ်မှာ ခံစားရသတဲ့။ ရုပ်တုစံအိမ်ထဲကလည်း လေအေး
တိုက်လာတယ်လို့ဆိုတယ်။ သူလှည့်ပြီးစံအိမ်ထဲကြည့်လိုက်တော့ နတ်သ
ရုပ်တုကိုတွေ့ရပေမယ့် မျက်စိလှည့်စားသလိုမျိုးဖြစ်ပြီး ရုပ်တုက ကြည့်
ကြည့်ရင်းကြီးကြီးလာသတဲ့။ ပြီးတော့ ချက်ချင်းဆိုသလို နားထင်နှစ်ဖက်
ပြိုင်တူရိုက်လိုက်သလို ဖြစ်ပြီးယိုင်လဲသွားရသတဲ့။ လဲအသွားမှာ
ဘယ်ဘက်ပခုံး ဟာပူခနဲဖြစ်သွားတာကို သတိမလစ်ခင် သိလိုက်ရတ
လို့ဆိုတယ်။"

"ဓားမြောင်ဟာ တောင်ကုန်းပေါ်ကရှေးဟောင်းသချိုင်းကိုဖော်ရာက
ကျုပ်လာတဲ့ပစ္စည်းဖြစ်ပြီး ရစ်ချတ်ဟေဒွန်ကဝယ်ယူထားခဲ့တာလို့သိလာရတယ်။
ဓားမြောင်ကိုသူ့အိမ်မှာထားသလား။ ရုပ်တုစံအိမ်မှာထားသလားဆိုတာကိုတော့
သူမရှိဘူး။ ရဲကဓားမြောင်နဲ့ထိုးသူဟာ မစ္စအက်ရှလေပဲဖြစ်ရမယ်လို့ယူဆကြ
ပေမယ့် ကျုပ်တို့အားလုံးရဲ့ တညီတညွတ်တည်း သက်သေခံချက်ကြောင့်
တွေရဲ့အယူအဆပျက်သွားရတယ်။ ဒီလိုနဲ့ အဲဒီပြဿနာဟာ အဖြေမပေါ်တဲ့
ဟေဋ္ဌိအဖြစ် ရှိနေခဲ့တော့တာပါပဲ"

ခေတ္တတိတ်ဆိတ်သွားပါသည်။

"ဘာပြောရမှန်းတောင် မသိတော့ဘူး"ဟု ဂျိုက်စ်လင်းကစပြော၏။"
အဖြစ်အပျက်က အသည်းထိတ်စရာကြီး ရှင့်မှာကော အဖြေမရှိဘူးလား။
ဒေါက်တာပင်ဒါ"

ဒေါက်တာကခေါင်းညိတ်ပြပါသည်။ "ရှိပါတယ်။ အဖြေလို့ပဲပြောကြ
စို့။ ဒါပေမယ့် အဲဒီအဖြေက တချို့အချက်တွေကိုတော့ ပြေလည်အောင်
ဖြေမပေးနိုင်ဘူး"

ကျွန်မဝိညာဉ်ခေါ်ပွဲတွေကြည့်ဖူးပါတယ်"ဟု ဂျိုက်စ်ကဆက်ပြော၏။
တာပဲပြောပြော၊ ထူးဆန်းတာတွေရှိတာတော့အမှန်ပဲ၊ အိပ်မွေ့ချခံရတာမျိုး
ပြောချင်ပြောနိုင်တယ်။ အမျိုးသမီးဟာ သူ့ကိုယ်သူအက်စထာတီ ယဇ်
ကိုသမီးအဖြစ် မှတ်ယူသွားတာဖြစ်မှာပေါ့။ ပြီးတော့ တစ်နည်းနည်းသုံးပြီး
ဓားနဲ့ထိုးခဲ့တာဖြစ်လိမ့်မယ်။ ဒါမှမဟုတ် မစ္စဗိုင်အိုလက်မြင်လိုက်တယ်ဆို
ဓားနဲ့ပစ်ပေါက်လိုက်တာလားမှမသိဘဲ"

"ဒါမှမဟုတ် လှံတံလိုဟာမျိုးလည်းဖြစ်နိုင်တယ်"ဟု ရေမွန်ဓက်စ်က
ဝင်မြင်ချက်ပေး၏။ "လှံတံလိုဟာမျိုးနဲ့ဆိုရင် ခပ်လှမ်းလှမ်းကနေ ထိုးနိုင်
တယ်။ ဒီနောက်မှာတော့ အားလုံးကို အိပ်မွေ့ချလိုက်သလို ဖြစ်ပြီး အားလုံးရဲ့
ထဲမှာ သဘာဝလွန်စွမ်းအားတစ်ခုခုကြောင့် သူလဲကျသွားတယ်လို့ ထင်
ကြလိမ့်မယ်" ဆာဟင်နရီကလည်း သူ့အယူအဆကို ဝင်ပြော၏။ "ဇာတ်ရုံ
ပြပွဲတွေမှာ ဓားတို့၊ လှံတို့နဲ့ထူးထူးဆန်းဆန်းဖြစ်အောင် လုပ်ပြတာတွေ
တော်များများကို ကျုပ်ကြည့်ဖူးပါတယ်။ ကျုပ်အယူအဆကို ပြောရရင်
တာအုပ်ထဲက သစ်ပင်တွေနောက်မှာပုန်းရင်း လူတစ်ယောက်ယောက်ရှိနေ
တယ်ဆိုတာပါပဲ။ သူဟာဓားပေါက်ကျွမ်းကျင်သူတစ်ယောက်ဖြစ်မယ်
နေတဲ့နေရာကနေ တိတိကျကျထိအောင် ပစ်ပေါက်နိုင်မှာ
နည်းတယ်ဆိုပေမယ့် ဒါဟာအနီးစပ်ဆုံးအယူအဆလို့ ပြေ

ပြောသွားတဲ့ဇာတ်လမ်းထဲမှာ နောက်လူက သူ့ကို တောအုပ်ထဲက
တစ်ယောက်ယောက် စောင့်ကြည့်နေသလို ခံစားရတယ်လို့ပါတယ်မဟုတ်လား"

မစ္စတာပက်ထရစ်ချောင်းဟန့်ပြီး လည်ချောင်းရှင်းလိုက်၏။ ထို့နောက်
သူက "အခုပြောတဲ့အယူအဆတွေအတိုင်းဆိုရင် အရေးအကြီးဆုံး အချက်
တစ်ချက်ကို ပစ်ပယ်ထားသလို ဖြစ်နေတယ်လို့ဆိုရပါလိမ့်မယ်" ဟု ပြော
လိုက်၏။ လက်နက်က ဘယ်လိုဖြစ်သွားသလဲဆိုတာပါ။ ကွက်လ
မြေပြင်ရဲ့အလယ်မှာ ရပ်နေတဲ့ မစ္စအက်ရှ်လေဟာ လှံတံလိုလက်နက်မျိုး
ဖျောက်ဖျက်ပစ်ဖို့ မဖြစ်နိုင်ပါဘူး။ ပုန်းနေတဲ့လူသတ်သမားက ဓားမြောင်
ပစ်ပေါက်လိုက်တယ်ဆိုပြန်ရင်လည်း သေသူ့ကိုယ်ကို လှန်ကြည့်လိုက်တဲ့အ
ဓားမြောင်ကို တွေ့ရမှာပါပဲ။ သဘာဝမကျတဲ့ ဖြစ်နိုင်ခြေလည်း မရှိ
အယူအဆတွေကို ပယ်လိုက်တာကောင်းမယ်ထင်ပါတယ်။ ပြည့်စုံမှန်ကန်
အချက်တွေကိုသာ လက်ခံကြဖို့ပါ"

"ဘယ်ဟာတွေကို ပြည့်စုံမှန်ကန်တဲ့အချက်လို့ ဆိုချင်တာလဲဗျ"

"ဒီလိုပါ။ ရှင်းနေတာတစ်ချက်ရှိတယ်။ ဆာရစ်ချက်လဲကျသွားတဲ့အ
မှာ ဘယ်သူမှသူ့အနားမှာ မရှိဘူး။ ဒီတော့သူ့ကို ဓားနဲ့ထိုးနိုင်သူဟာ ဘယ်
လဲ။ သူ့ကိုယ်တိုင်ပဲပေါ့။ ကိုယ့်ကိုယ်သတ်သေတာပဲ ဖြစ်ရတော့မယ်"

"နေပါဦးဗျာ။ သူက ဘာအကြောင်းကြောင့် သူ့ကိုယ်သူသတ်သေ
မှာလဲ" ရေမွန်က မယုံနိုင်စွာမေးလိုက်သည်။

ရှေ့နေမစ္စတာပက်ထရစ်က လည်ချောင်းရှင်းလိုက်ပြန်၏။ အာ-အဲ
ဟာလည်းမေးရမယ့် သီဝရီတစ်ခုပါပဲ။ လောလောဆယ်မှာတော့ ကျွန်တော်
သီဝရီတွေကို မစဉ်းစားသေးပါဘူး။ သဘာဝလွန်ကိစ္စဆိုတာတွေကိုလည်
ကျွန်တော်မယုံကြည်နိုင်တော့ကာ ခုနပြောသလိုဖြစ်ခဲ့တယ်လို့ပဲ ယူဆ
ရှိတော့တယ်။ သူ့ကိုယ်သူထိုးသတ်လိုက်ပြီးတဲ့နောက် သူလဲကျသွားတဲ့အ
မှာလက်တွေကို ဆန့်ရင်းဓားမြောင်ကို သစ်ပင်တွေကြားထဲပစ်လိုက်တာ
ကျွန်တော်ထင်တယ်။ ဒီအယူအဆအားနည်းတယ်ဆိုပေမယ့် ဒါအနီးစပ်
ဖြစ်နိုင်ခြေလို့ပြောရမယ်"

"ကျွန်မကတော့ သေချာတယ်ဆိုတဲ့အယူအဆမဟုတ်ဘူးပေါ့နော"
မာပယ်က ဝင်ပြောပါသည်။ "အတော်ကို စိတ်ရှုပ်ထွေးရတဲ့ ပြဿနာပါ
ထူးထူးဆန်းဆန်းကိစ္စတွေကလည်း ဖြစ်တတ်တာကိုး။ လေဒီရှာပလေရဲ့ မ
က လုပ်တဲ့ပျော်ပွဲပါတီမှာ လူတစ်ယောက်ဂေါက်တံတွေ နေရာချရင်း ခလု
တိုက်လဲပါလေရော။ အဲဒီလူ သတိလစ်သွားလိုက်တာ ငါးမိနစ်လောက် သ

ည်မလာဘူး"

"ဟုတ်ကဲ့ အန်တီဂျိန်း၊ ဒါပေမယ့် အဲဒီလူဓားနဲ့တော့ အထိုးမခံရဘူး
ဟုတ်လား" ဟု ရေမွန်က ညင်ညင်သာသာမေးလိုက်၏။ မစ္စမာပယ်က "မခံ
ပါဘူးကွယ်၊ အဲဒါအန်တီပြောနေတာပေါ့။ ဆာရစ်ချတ် ဓားနဲ့အထိုးခံရဖို့က
စ်နည်းပဲရှိတယ်။ ဒါပေမယ့် သူဘာဖြစ်လို့ လဲကျသွားသလဲဆိုတာ ပထမ
ဖို့လိုသေးတယ်။ သစ်မြစ်တစ်ခုခုပဲလို့ ယူဆရတာပေါ့။ သူကအမျိုးသမီးကို
ကြည့်ရင်း ရှေ့တိုးသွားနေတယ်။ လရောင်ကလည်း အပြည့်အဝမဝင်ဘူး
တော့ ခလုတ်တိုက်နိုင်တာပေါ့ကွယ်"

"မစ္စမာပယ်၊ ဆာရစ်ချတ်ဓားနဲ့အထိုးခံရဖို့ တစ်နည်းပဲရှိတယ်လို့ ခင်ဗျား
ပြောတယ်နော်" သင်းအုပ်ဆရာက အံ့ဩနေဟန်ဖြင့် ပြော၏။

"စိတ်မကောင်းစရာကြီးပါ။ သူဟာညာသန်ပဲ၊ ဟုတ်တယ်မဟုတ်လား။
ကျွန်မပြောချင်တာက သူ့ဘယ်ဘက်ပခုံးကို သူ့ဘာသာဓားနဲ့ စိုက်လိုက်တယ်
ပဲ၊ စစ်ကြီးထဲတုန်းက ဂျက်ဘေးနက်စ် သူ့ခြေထောက်သူသေနတ်နဲ့
သလိုမျိုးလေ။ တိုက်ပွဲပြင်းပြင်းထန်ထန်ဖြစ်ပြီးစမှာပေါ့။ သူဆေးရုံတက်
တုန်း ကျွန်မသွားကြည့်တော့ သူက အဖြစ်မှန်ကို ပြန်ပြောပြရင်း သူလုပ်
တဲ့ အလုပ်အတွက် သူ့ဘာသာ အရှက်ကြီးရှက်နေတယ်။ အခုလည်း အဲဒီ
လိယော့ဟေဒွန်ဆိုတဲ့လူ သူကောက်ကောက်ကျစ်ကျစ် ကျူးလွန်ခဲ့တဲ့
ဇဝတ်မှုအတွက် အကျိုးအမြတ်ခံစားရမယ်မထင်ဘူး"

"ဗျာ-အဲလိယော့ဟေဒွန်-ဟုတ်လား" ရေမွန်က အော်မေးလိုက်၏။
လုပ်တာလို့ထင်နေတာလား"

"သူကလွဲလို့လုပ်နိုင်မယ့်သူမမြင်ပါဘူး" မစ္စမာပယ်ကခပ်အေးအေးဖြေ
သည်။ "မစ္စတာပက်ထရစ်ပြောသလို သဘာဝမကျတဲ့၊ ဖြစ်နိုင်ခြေမရှိတဲ့
ယူအဆတွေကိုဖယ်ပြီးစဉ်းစားမယ်ဆိုရင် အချက်အလက်တွေက ဒီအဖြေ
ပေးနေတယ်။ သူက သူအစ်ကိုဝမ်းကွဲလဲနေတဲ့နေရာကိုသွားပြီး ကိုယ်ကို
ပေါ်လှန်လိုက်တယ်။ အဲဒီလိုလုပ်တုန်းတခြားလူတွေကို သူကျောပေးထား
ယ်လေ။ တောပုန်းဓားပြဗိုလ်လိုသရုပ်ဆောင်ထားတာဆိုတော့ သူ့ခါးပတ်
မှာဓားမြောင်ပါလာလိမ့်မယ်။ ကျွန်မငယ်ငယ်တုန်းက အဲဒီလိုပါတီပွဲမှာ
တပုန်းဓားပြဗိုလ်လုပ်ရတဲ့လူကိုတွေ့ဖူးတယ်။ သူ့မှာခါးမြောင်ငါးမျိုးပါလာတယ်"
အားလုံး၏မျက်စိများက ဒေါက်တာပင်ဒါထံကြည့်လိုက်ကြပါသည်။
"အဖြစ်မှန်ကို ကျုပ်သိခဲ့ရပါတယ်" ဟု သူကပြော၏။ အဲဒီအဖြစ်ဆိုး
တ်ပိုင်းငါးနှစ်အကြာမှာပေါ့။ အဲလိယော့ဟေဒွန်ကိုယ်တိုင် ကျုပ်ဆီကိုရေး

တဲ့အထဲမှာ အားလုံးကိုဝန်ခံထားတယ်။ သူကိုကျူပ်က သံသယရှိနေတယ်
သူအမြဲထင်နေတယ်တဲ့။ ရုတ်တရက်ဖြစ်လာတဲ့စိတ်ဆန္ဒကြောင့် ကျူးလွန်
တာလို့သူက ဆိုတယ်။ ဒိုင်ယာနာအက်ရှ်လေကို သူလည်းချစ်နေတာ
ဒါပေမယ့်သူက ရုန်းကန်နေရတဲ့ရှေ့နေလေးတစ်ယောက်။ ရစ်ချတ်သာ
တော့ဘူးဆိုရင် ဘွဲ့ထူးဂုဏ်ထူးရောစည်းစိမ်ဥစ္စာတွေရော သူအမွေဆက်
မှာဆိုတော့ အနာဂတ်နိဗ္ဗာန်ဘုံကသူ့ကိုဆွဲဆောင်နေတယ်လေ။ သူအ
ဝမ်းကွဲဘေးမှာ ဒူးထောက်ထိုင်ချလိုက်တာနဲ့ဓားမြောင်ကိုဆွဲထုတ်ပြီးသား
နေပြီ။ ပြန်စဉ်းစားမကြည့်နိုင်ခင်မှာပဲ ဓားနဲ့ထိုးစိုက်လိုက်ပြီးသူ့ခါးပတ်ထဲ
သိမ်းလိုက်တော့တယ်။ နောက်ပိုင်းကျတော့သူအပေါ် သံသယမရှိအောင်
ပခုံးကိုသူဓားနဲ့ထိုးခဲ့တာပေါ့။ တောင်ဝင်ရိုးစွန်းကို စူးစမ်းရှာဖွေဖို့ ခရီးထွ
မယ့် ဆဲဆဲမှာသူကျူပ်ဆီကိုစာရေးပို့လိုက်တာ။ သူပြန်မလာနိုင်ခဲ့ရင် အ
မှန်ကို သိစေချင်လို့ပါတဲ့။ ကျူပ်စိတ်ထင်သူပြန်မလာတော့ဖို့ ဆုံးဖြတ်
သားဖြစ်ပါ-လိမ့်မယ်။ ပြီးတော့မစ္စမာပယ်ခန့်မှန်းသလိုပဲ၊ သူရာဇဝတ်မှုတ
ဘာအကျိုးအမြတ်မှမရခဲ့ပါဘူး။ သူ့စာထဲမှာ ငါးနှစ်လုံးလုံး သူငရဲကျနေခဲ့
ပါတယ်တဲ့။ နောက်ဆုံးမှာတော့ ဂုဏ်သိက္ခာရှိရှိသေဆုံးခြင်းနဲ့ပဲ သူအ
အတွက်ပြန်ပေးဆပ်နိုင်မယ်လို့ သူမျှော်လင့်ပါတယ်တဲ့”

ခေတ္တတိတ်ဆိတ်သွားပါသည်။

“အင်း-သူဂုဏ်သိက္ခာရှိရှိသေသွားခဲ့တာပါပဲ” ဆာဟင်နရီကဝင်
လိုက်၏။ “ခင်ဗျား ဇာတ်လမ်းထဲမှာ နာမည်တွေ ပြောင်းထားတာ
ဒေါက်တာပင်ဒါရဲ့၊ ဒါပေမယ့် ခင်ဗျားပြောတဲ့လူကိုကျူပ်မှတ်မိသွားပါ
“ကျူပ်ပြောခဲ့သလိုပါပဲ” သင်းအုပ်ဆရာကဆက်ပြောပါသည်။ “အဲဒီ
ရှင်းချက်ဟာအပြည့်အဝရှင်းလင်းသွားပြီလို့တော့မယူဆပါဘူး။ တောအုပ်
မှာမကောင်းမှုအငွေ့အသက်တွေစိုးမိုးနေခဲ့တယ်လို့ ကျူပ်ခုထိထင်နေတ
ပါပဲ။ အဲလိယော့ဟောဒွန်ရဲ့အပြုအမူတွေကို ထိန်းချုပ်စေစားခဲ့တဲ့မကောင်း
အငွေ့အသက်တွေပေါ့။ “အက်စထာတီရဲ့ ရုပ်တုစံအိမ်”တဲ့။ အဲဒီအကြော
ပြန်တွေးမိတိုင်း ကျူပ်ကျောရိုးထဲမှာ စိမ့်သွားရတုန်းပါပဲဗျာ”

အကြံသမားနှင့် ဉာဏ်ကစားပွဲ

“မစ္စစ်ပင်ဂယ်လီက တွေ့ချင်လို့ပါတဲ့ဆရာ” ကျွန်တော်တို့၏ ည့်ကြို
အမှုထမ်းက ရိုကျိုးစွာပြောပြီးနောက် ပြန်ထွက်သွားပါသည်။

ကျွန်တော်၏မိတ်ဆွေ ပွိုင်းရော့ကို လာရောက်ဆွေးနွေးကြသူများမှာ
အမျိုးစုံဖြစ်ပါသည်။ သို့ရာတွင်တံခါးဝတွင် မရေမရာဟန်ဖြင့်ရပ်နေသော
အမျိုးသမီးမှာမူ အမှုသည်တစ်ယောက်နှင့်မတူဟုထင်မိပါသည်။ သူမ၏
မျက်နှာပေါ်မှာ အလွန်ရိုးပါ၏။ အသက်ငါးဆယ်ခန့်ရှိပြီး အမြီတ်များပါသောကုတ်
အင်္ကျီနှင့်စကတ်တို့ဝတ်ဆင်ထားသည်။ လည်ပင်းတွင်ရွှေဆွဲကြိုးဆင်ထားပြီး
ဦးရောင်ဆံပင်များရှိသည့်ခေါင်းပေါ်တွင်မလိုက်ဖက်လှသောဦးထုပ်ကိုဆောင်း
ထားသည်။ လမ်းမျှားပေါ်တွင်နေ့စဉ်နှင့်အမျှတွေ့မြင်နေရသော အမျိုးသမီး
စဉ်ဦး၏ပုံအတိုင်းဖြစ်ပါ၏။

ပွိုင်းရော့က အနေရခက်သလို အမူအရာရှိနေသည့် အမျိုးသမီးကို
မျက်နှာထွေးရင်းနှီးစွာကြိုဆိုပါသည်။

“မဒမ်၊ လာပါခင်ဗျာ၊ ထိုင်ပါ။ ဟောဒါက ကျူပ်ရဲ့လုပ်ဖော်ကိုင်ဖက်
ဒွတိန်ဟောစတင်ပါတဲ့”

အမျိုးသမီးက ဝင်ထိုင်ရင်း လေသံတိုးတိုးဖြင့်-“ရှင်ဟာ စုံထောက်ကြီး
ပွိုင်းရော့ဟုတ်ပါတယ်နော်” ဟုပြောရာ ပွိုင်းရော့က-“မှန်ပါတယ်၊ အကူအညီ
ပေးဖို့အသင့်ပါဗျာ” ဟုပြန်ပြောပါသည်။

သို့ရာတွင်အမျိုးသမီးမှာ ပြောမထွက်သလိုဖြစ်နေပါသည်။ သက်ပြင်းချ
လက်ချောင်းများကိုချိုးလိမ်နေ၏။ မျက်နှာလည်းတဖြည်းဖြည်းနီလာပါသ

"ကျုပ်ကူညီနိုင်မယ့်ကိစ္စများရှိသလားမဒမ်" ဟုပွိုင်းရော့ကမေးလိုက်

"ဟုတ်ကဲ့၊ ကျွန်မထင်တာက၊ ရှင့်အနေနဲ့-"

"ပြောပါ မဒမ်၊ ပွင့်ပွင့်လင်းလင်းနဲ့ပြောစရာရှိတာ ပြောသာပြော

မစ္စစ်ပင်ဂယ်လီ ထိုအားပေးစကားကြောင့် ရဲတင်းသွားပုံရပါသည်

"ဒီလိုပါရှင့်၊ မစ္စတာပွိုင်းရော့၊ ကျွန်မရဲနဲ့မပတ်သက်ချင်လို့ပါ။ ဒါပေ
ကျွန်မမှာသိပ်ကိုစိတ်ဒုက္ခရောက်နေရပါတယ်။ ဘာလုပ်ရမှန်း မသိနိုင်အ
ကို ဖြစ်နေတာပါ" ပြောရင်း သူမ စကားရပ်သွား၏။

"ကျုပ်ကရဲနဲ့ပတ်သက်စရာမရှိပါဘူး။ ကျုပ်စုံစမ်းသမျှအားလုံးဟာ
လွတ်လပ်မှုရှိပါတယ်"

မစ္စစ်ပင်ဂယ်လီကျေနပ်သွားပုံရပါသည်။

"အို ကျွန်မလည်းအဲဒါကိုပဲလိုချင်တာပါရှင့်။ လူတွေထဲပြောကြ
တာမျိုးတွေ၊ သတင်းစာထဲပါလာတာမျိုးတွေ မဖြစ်စေချင်ပါဘူး။ မိ
တစ်စုံလုံးခေါင်းမဖော်နိုင်အောင်ရေးကြမှာရှင့်။ ပြီးတော့ကျွန်မ ခေါင်း
ဖျောက်မရ အောင်စွဲနေတဲ့ကိစ္စဟာ သေချာတယ်လို့ပြောနိုင်လောက်အ
လည်းမဟုတ်သေးသလိုပါပဲ။ ကျွန်မ အက်ဒဝပ်အပေါ်မှာပြီး စွပ်စွဲနေ
ဖြစ်ချင်လည်းဖြစ်မှာပါ။ ဇနီးတစ်ယောက်အနေနဲ့တော့ ကြောက်
ကောင်းတဲ့ အတွေးပါ ပဲရှင်။ ဒါပေမယ့် ဒီလိုကိစ္စမျိုးတွေဟာ စာတွေ
ခဏခဏဖတ်နေရတဲ့ သတင်းကွေဖြစ်နေပါပြီ"

"ခဏလေး ခင်ဗျ၊ ယခုပြောနေတာ မဒမ်ရဲ့ခင်ပွန်းအကြောင်း

"ဟုတ်ပါတယ်ရှင့်"

"သူ့အပေါ် ဘာအတွက် သံသယရှိနေတာပါလဲ"

"ကျွန်မဖြင့် ပြောတောင်မပြောချင်လောက်အောင်ပါ မစ္စတာပွိုင်း
ရှင်လည်းဒီလိုကိစ္စမျိုးတွေဖတ်ဖူးမှာပါ။ ဘာမှသံသယမရှိဘဲဒုက္ခရောက်
တဲ့သူတွေ-"

လိုရင်းကိုမရောက်နိုင်သော အမျိုးသမီး၏စကားကြောင့်ကျွန်တော်
ပျက်စပြုလာပါသည်။ ပွိုင်းရော့မှာမူ စိတ်ရှည်ရှည်ထားနိုင်ပုံရပါ၏။

"ရဲရဲသာပြောပါခင်ဗျာ၊ မဒမ်ရဲ့သံသယတွေဟာ အမှန်မဟုတ်ပါ
ကျုပ်တို့သက်သေပြနိုင်ရင် မဒမ်လည်း ဝမ်းသာမှာပဲမဟုတ်လား"

"ဟုတ်ပါတယ်ရှင့်၊ ဒီလိုမရေမရာဖြစ်နေတာနဲ့စာရင် တစ်ခုခု

ုတာက ပိုကောင်းပါတယ်။ အို-မစ္စတာပွိုင်းရော့၊ ကျွန်မ-ကျွန်မ အခြေခံ
ခံနေရတယ်လို့ ခံစားနေရတယ်ရှင့်"

"ဘယ်လိုအကြောင်းကြောင့် အဲဒီလိုခံစားရတာလဲ"

မစ္စစ်ပင်ဂယ်လီက ပြည့်စုံစွာနှင့် ပွင့်လင်းစွာပြောပြလေရာသူမ၏မိသားစု
ဆရာဝန်သာနားလည်နိုင်မည့် ရောဂါလက္ခဏာများဖြစ်နေပါသည်။

"အစာစားပြီးတိုင်း နာကျင်တယ်၊ နေမကောင်းဖြစ်တယ်ဆိုတော့ကာ-"

ပွိုင်းရော့က စဉ်းစဉ်းစားစားနှင့်ပြော၏။ "ခင်ဗျား ကျန်းမာရေးအတွက် အမြဲ
ကြည့်ပေးနေတဲ့ ဆရာဝန်ရှိတယ်မဟုတ်လား မဒမ်၊ သူကကော ဘယ်လို
ဆင်မြင်ချက်ပေးလဲ"

"အပြင်းစား အစာအိမ်ရောင်ရမ်းနာလို့ပြောတယ်ရှင့်၊ ဒါပေမယ့်
သွက်ကြည့်ရတာ ဇဝေဇဝါဖြစ်နေပုံပါပဲ။ ဆေးကိုလည်း အမျိုးမျိုးပြောင်းပေး
တယ်။ ဘယ်ဆေးမှတည့်တယ်လို့မရှိသေးပါဘူး"

"မဒမ်စိတ်ထဲမှာ ဖြစ်နေတဲ့ စိုးရိမ်စိတ်ကို သူမပြောပြဘူးလား"

"မပြောပြပါဘူး မစ္စတာပွိုင်းရော့၊ အဲဒီကိစ္စသတင်းပြန့်သွားလို့မကောင်း
ဘူး။ ပြီးတော့တကယ်လည်း အစာအိမ်ရောင်ရမ်းနာဖြစ်ချင်ဖြစ်နိုင်တာပါပဲ။
ဘယ်လိုပဲဖြစ်ဖြစ် ထူးဆန်းတာတစ်ခုက စနေ တနင်္ဂနွေလိုရက်တွေမှာအက်ဒဝပ်
အဝေးကိုရောက်နေရင် ကျွန်မ ဘာမှမဖြစ်သလို အကောင်းပဲ။ ကျွန်မရဲ့တူမ
ခင်ဗျားတောင် အဲဒါကို သတိထားမိတယ်။ ပြီးတော့ ဘယ်တော့မှ မသုံးရပါဘူး
လို့ မာလီကပြောတဲ့ ပေါင်းသတ်ဆေးပုလင်းဟာ တစ်ဝက်လျော့နေတာ တွေ့
ရတယ်"

သူမက ပွိုင်းရော့ကို အကူအညီတောင်းဟန်ဖြင့် ကြည့်၏။ ပွိုင်းရော့က
အားပေးသည့်အနေဖြင့် ပြုံးပြလိုက်ပြီးမှ မှတ်စုစာအုပ်နှင့်ခဲတံကို ထုတ်ယူ
လိုက်ပါသည်။

"ကဲ-ကျုပ်တို့ အလုပ်သဘောဆန်ဆန်လုပ်ကြရအောင်။ မဒမ်နဲ့ခင်ပွန်း
ဖြစ်သူတို့နေကြတဲ့ အိမ်လိပ်စာက-"

"ပိုလ်ဂါဝစ် မှာပါ။ ကွန်ဝေါနယ်ထဲက စျေးမြို့လေးပါပဲ"

"အဲဒီမှာနေတာကြာပြီလား"

"ဆယ့်လေးနှစ် ရှိပြီရှင့်"

"မိသားစုမှာ မဒမ်ရယ်၊ ခင်ပွန်းဖြစ်သူရယ်၊ ကလေးတွေကော ရှိသလား"

"မရှိပါဘူးရှင့်"

"တူမတစ်ယောက် ရှိသေးသလားလို့၊ စောစောကပြောတဲ့အထဲမှာ-"

"ဟုတ်ပါတယ်၊ မရိုဒါ စတန်တွန်တဲ့ ကျွန်မခင်ပွန်းရဲ့တစ်ဦးတည်း
နှမက မွေးတဲ့ကလေးပါ။ ကျွန်မတို့နဲ့ အတူတူနေတာ ရှစ်နှစ်ရှိပါပြီ ပြီး
တစ်ပတ်လောက်အထိ ဆိုပါတော့"

"ဩော် ဒီလိုဖြင့် ပြီးခဲ့တဲ့တစ်ပတ်က ဘယ်လိုများ ဖြစ်ခဲ့လို့လဲ"

"အဆင်မပြေဖြစ်တာကကြာပါပြီ။ မရိုဒါ ဘယ်လိုဖြစ်နေသလဲဆို
ကျွန်မလည်း မသိပါဘူး။ ရိုင်းရိုင်းပျပျပြောတတ်လာတယ်။ ဒေါသ
ဖြစ်လွယ်တယ်။ တစ်ရက်မှာတော့ သူဒေါသပေါက်ကွဲပြီး အိမ်ကထွက်
တယ်။ မြို့ထဲမှာ အခန်းတစ်ခန်းငှားနေတယ်။ အဲဒီကတည်းက သူ့ကို
ရတော့တာပါပဲ။ သူဘာသာသူ အမြင်မှန်မြင်တတ်လာအောင် ပစ်ထား
တာကောင်းတယ်လို့ မစ္စတာရက်ဒနာကလည်း ပြောပါတယ်"

"မစ္စတာရက်ဒနာဆိုတာက ဘယ်သူများပါလိမ့်"

မစ္စစ်ပင်ဂယ်လီ၏ ရှက်ကိုးရှက်ကန်းအမူအရာ ပြန်ပေါ်လာပါ
" အို-သူက-သူက မိတ်ဆွေတစ်ယောက်ပါပဲ။ လူငယ်လူကောင်း
ယောက်ပါ"

"သူနဲ့မဒမ်ရဲ့တူမတို့ကော ပြဿနာတစ်ခုခုရှိနေသလား"

"ဘာမှမရှိပါဘူးရှင်"ဟု သူမကပြတ်ပြတ်သားသား အဖြေပေးပါ
ပွိုင်းရော့က အခြားအကြောင်းအရာကို ဆက်မေး၏။

"မဒမ်နဲ့ခင်ပွန်းဖြစ်သူတို့က အစစအရာရာပြည့်စုံကြတယ် ထင်
"ဟုတ်ကဲ့ရှင်၊ ကျွန်မတို့ စီးပွားရေး ချောင်လည်ကြပါတယ်"

"အဲဒီ စီးပွားဥစ္စာ ငွေကြေးတွေဟာ ဘယ်သူပိုင်တာဖြစ်မလဲခင်
"အို-အဲဒါအားလုံး အက်ဒဝပ်ပိုင်ချည့်ပါပဲရှင့်၊ ကျွန်မပိုင်တာ
မရှိ ပါဘူး။"

"ဟုတ်ကဲ့မဒမ်၊ အလုပ်သဘောအရဆိုရင် အပွင့်လင်းဆုံးပြောဖို့လို
ခင်ဗျ၊ ဆိုလိုတာကတော့ ရည်ရွယ်ချက်တစ်ခုခုကို ရှာကြဖို့ပါ။ ငွေကြေးအ
သာဆိုရင် မဒမ်ရဲ့ခင်ပွန်းဟာ မဒမ်ကို အဆိပ်ခတ်ပြီး လုပ်ကြံဖို့အကြေ
မရှိဘူးပေါ့။ ဒီတော့ တခြားအကြောင်းတစ်ခုခုရှိတယ်လို့များ ထင်မိသလ
"ဆံပင်ဝါဝါနဲ့ရှပ်ပြာပြာကောင်မလေးတစ်ယောက်ရှိတယ်ရှင့်" မ
ပင်ဂယ်လီ အနည်းငယ်တင်းသွားသော မျက်နှာနှင့် ပြောသည်။ "တ
ခင်ပွန်းက သွားဆရာဝန်ပါ။ သူ့အတွက် မရှိမဖြစ်လိုတာက ကုပ်ဝဲဆံပ
တစ်ကိုယ်လုံးအဖြူရောင်ဆင်ပြီး သူ့အလုပ်ကိစ္စတွေမှာ အတွင်းရေးမှူး
ယောက်လို တာဝန်ယူပေးမယ့် မိန်းကလေးတစ်ယောက်ပဲလို့ သူကပြော

ကပ်ပိုင်းတော့ သူတို့နှစ်ယောက်အကြောင်း ကျွန်မနားထဲရောက်လာတယ်။
တာတော့ မဟုတ်ပါဘူးလို့ ကိုနှိပ်တွယ်ပြောတာပေါ့"

"ပေါင်းသင်္ဘောဆေးဆိုတာက ဘယ်သူဝယ်တာပါလဲ"

"မဒမ်ရဲ့တူမမှာကော သူ့ကိုယ်ပိုင်ငွေ ရှိသလား"

"တစ်နှစ်ကို ပေါင်ငါးဆယ်လောက်တော့ ဝင်ငွေရှိပါတယ်။ ကျွန်မ
က်ဒဝပ်နဲ့ခွဲခွာပြီးရင် အိမ်ကိုစောင့်ရှောက်ဖို့ သူပြန်လာမှာသေချာ
တယ်"

"ဒါဖြင့် မဒမ်က ခင်ပွန်းသည်ကို ခွဲခွာဖို့ စဉ်းစားနေပြီပေါ့"

"သူလုပ်ချင်သလိုလုပ်နေမှာကို ကျွန်မကြည့်မနေနိုင်ဘူးလေ။ မိန်းမ
ဟာ ဟိုခေတ်ဟောင်းတုန်းကလို ထားရာနေ စေရာသွားမဟုတ်ကြတော့
မစ္စတာပွိုင်းရော့"

"မဒမ်ရဲ့ကိုယ်ပိုင်လွတ်လပ်တဲ့အယူအဆကို ချီးကျူးပါတယ်။ သို့သော်
တ်တွေ့ကျကျ စဉ်းစားကြဦးစို့။ ပိုလ်ဂါဝစ်ကို မဒမ် ဒီနေ့ပဲ ပြန်မှာလား"

"ဟုတ်ကဲ့၊ လေ့လာရေးအဖွဲ့ခရီးစဉ်နဲ့ကျွန်မလိုက်လာတာပါ။ မနက်
ဆာက်နာရီရထားနဲ့ထွက်လာပြီး ညနေငါးနာရီပြန်ထွက်မှာပါ"

"ကိုင်း-ကျုပ်မှာလည်းလတ်တလောအရေးကြီးတဲ့အမှုမရှိတော့ မဒမ်ရဲ့
ကိုအာရုံစိုက်နိုင်ပါလိမ့်မယ်။ မနက်ဖြန်ပိုဂါဝစ်ကိုကျုပ်တို့ရောက်လာမှာ
ဟောဒီ ဟေစတင်က မဒမ်ရဲ့တူဝမ်းကွဲတစ်ယောက်ဆိုပါစို့ရဲ့။ ကျုပ်က
ာ့ သူ့ရဲ့နိုင်ငံခြားသားမိတ်ဆွေပေါ့။ လတ်တလောရက်တွေမှာ မဒမ်ကိုယ်တိုင်
ဖြစ် မဒမ်ရဲ့မျက်စိအောက်မှာဖြစ်ဖြစ် စီစဉ်ချက်ပြုတ်တဲ့ အစားအစာကိုပဲ
ပါ။ ယုံကြည်စိတ်ချရတဲ့ အခိုင်းအစေလည်းရှိရဲ့မဟုတ်လား"

"ဟုတ်ကဲ့၊ ဂျက်စီဆိုတဲ့မိန်းကလေးဟာ စိတ်ချရပါတယ်"

"ဟုတ်ပြီ၊ မနက်ဖြန်ဆုံကြတာပေါ့။ စိတ်အေးအေးသာနေပါဗျာ"

ပွိုင်းရော့က အမျိုးသမီးကို အပြင်သို့လိုက်ပို့ပြီး ပြန်လာသောအခါ
းစားတွေးတောနေဟန်ဖြင့် သူကုလားထိုင်တွင် ဝင်ထိုင်ပါသည်။

"လေဒီ သံသယရှိနေသလို မှန်နေရင်တော့ အတော်စိတ်ပျက်စရာကိစ္စ
တော့မှာပဲ။ ဒါပေမယ့် မှန်ချင်မှလည်းမှန်မယ်။ သူ့ခင်ပွန်းကလည်းဟော
ာက်ကြီးထဲမှာ ပေါင်းသင်္ဘောဆေးမှာသုံးရတယ်လို့။ သူ့ခင်ပွန်းမဟာ အစာအိမ်
ဆင်ရမ်းနာဖြစ်နေပြီး စိတ်ကယောင်ချောက်ချားဖြစ်တတ်တဲ့သူဆိုရင်တော့
ဒုက္ခရောက်စရာရှိတယ်"

"ခင်ဗျားအဲဒီလိုဖြစ်လိမ့်မယ်လို့ပဲ ယူဆထားတာလား"

"အား-ကျုပ်မသိဘူးဟေစတင်၊ ဒါပေမယ့် ဒီအမှုကို အတော်လေးခ
ဝင်စားမိတယ်။ ခင်ဗျားတွေ့တဲ့အတိုင်း ဒီအမှုမှာ အသစ်အဆန်းအဖြစ်အ
ရယ်လို့ ဘာမှမရှိဘူး။ မစ္စစ်ပင်ဂယ်လီဟာလည်းကျုပ်မျက်စိထဲ
စိတ်ကယောင်ချောက်ချားဖြစ်တတ်မယ့်ပုံမျိုးမရှိဘူး။ ဟုတ်တယ် ကျုပ်
မိသလောက်ပြောရရင် ကျုပ်တို့ဟာ ဆွတ်ပျံ့ဖွယ်ကရကာဇာတ်လမ်းတစ်
ကြည့်ရတော့မယ်နဲ့တူတယ်ဗျ။ ဒါနဲ့ဟေစတင်၊ မစ္စစ်ပင်ဂယ်လီဟာ သူခင်
အပေါ် ဘယ်လိုခံစားမှုမျိုးရှိနေနိုင်မလဲဗျာ၊ ခင်ဗျား အမြင်ပြောစမ်းပါ
"အကြောက်တရားရောယှက်နေတဲ့ သစ္စာရှိမှုလို့ထင်တယ်"
"ဒါပေမယ့် သာမန်အားဖြင့်စဉ်းစားကြည့်ရင် မိန်းမတစ်ယောက်သ
တခြားဘယ်သူကိုမဆို စွပ်စွဲတတ်ပေမယ့် ကိုယ့်ခင်ပွန်းကိုယ်ဆော့စွပ်စွ
လေ့မရှိဘူးဗျ။ ကိုယ့်ခင်ပွန်းအပေါ် စွဲစွဲမြဲမြဲယုံကြည်တတ်ကြတာကိုး"
"ရှုပ်ပြာပြာကောင်မလေး ဆိုတာကလည်း ဇာတ်လမ်းထဲလာရှုပ်
သေးတယ်လေ"
"မှန်တယ်၊ သဝန်တိုမှုကြောင့် အချစ်ဟာအမုန်းကို ပြောင်းသွားတ
တယ်။ ဒါပေမယ့်အမုန်းကြောင့်ဆိုရင် သူကျုပ်ဆီမလာဘဲရဲဆီကိုပဲသွားဖို့
ဟိုးလေးတကျော်ဖြစ်အောင်လုပ်ချင်လိမ့်မယ်။ မဟုတ်သေးဘူးဗျ။ ကျုပ်
အသိဉာဏ်ကလာပ်စည်းလေးတွေကို အလုပ်ပေးမှဖြစ်မယ်။ သူဘာကြော
ကျုပ်ဆီလာခဲ့သလဲ။ သူသံသယတွေလွဲနေတယ်ဆိုတာ သက်သေပြစေ
လို့လား။ ဒါမှမဟုတ် မှန်နေတယ်လို့ပြစေချင်လို့လား။ အင်း-နားမလည်
စရာအချက်တစ်ခုခုတော့ရှိနေပြီ။ ကျုပ်တို့ရဲ့မစ္စစ်ပင်ဂယ်လီဟာမင်းသ
တစ်ယောက်လို သရုပ်ဆောင်ပြသွားတာများလား။ မဟုတ်နိုင်ဘူး။ သူအ
အမှန်ပဲလို့ကျုပ်ယုံတယ်။ ဒါကြောင့်လည်းကျုပ်စိတ်ဝင်စားမိတာပဲ။ ကိုင်
ဟေစတင်ရေ၊ ပိုလ်ဂါဝစ်သွားဖို့ ရထားခိုန်ကြည့်ပေတော့ဗျာ"
ပက်ဒင်တန်ဘူတာမှ တစ်နာရီငါးဆယ်ရထားဖြင့်လိုက်လာကြ
ခုနစ်နာရီထိုးပြီးစတွင် ပိုလ်ဂါဝစ်သို့ရောက်ကြပါသည်။ မှောင်ကုပ်ကုပ်ဘူတာ
ပလက်ဖောင်းပေါ် သို့ ကျွန်တော်တို့ဆင်းကြပြီး ဒါခြံဟိုစာယ်တွင်တည်းကြသည့်
ညနေစာစားပြီးကြသောအခါ ပွိုင်းရော့က ကျွန်တော်၏ဝမ်းကွဲအဒေါ်ဖြင့်
ထံသွားတွေ့ကြရန် အကြံပြုပါသည်။
ပင်ဂယ်လီမိသားစု၏အိမ်မှာ လမ်းမမှအနည်းငယ်လှမ်းသောနေရာတွ
ရှိပြီး အိမ်ရှေ့ဥဒ္ဓရှေးဆန်ဆန် ပန်းဥယျာဉ်ရှိပါသည်။ ညနေခင်းလေပြည်တွ
ပန်းရန့်များသင်းပျံ့နေလေရာ ထိုအိမ်တွင်ပေါ် ပေါက်နေသော မနှစ်မြို့ဝ

အနေနှင့် မဟပ်မိသလိုဖြစ်နေပါ၏။ ပွိုင်းရော့ကလူခေါ် ခေါင်းလောင်း
သည့်အပြင် တံခါးကိုလည်းခေါက်ပါသည်။ အတန်ကြာမှ ဖိုသီဖတ်သီ
နှင့် အလုပ်သမားမိန်းကလေးတစ်ဦး တံခါးဖွင့်ပေး၏။ ထိုမိန်းကလေးမှာ
လုံးများနီနေပြီး နှာတစ်ရှုပ်ရှုပ်ဖြစ်နေပါသည်။
"မစ္စစ်ပင်ဂယ်လီနဲ့တွေ့ချင်ပါတယ်" ဟုပွိုင်းရော့ကပြော၏။ "ခဏဝင်
မလား"
မိန်းကလေးမျက်လုံးပြူးသွားပြီး ချက်ချင်းအဖြေပေးပါ၏။ "ဆရာတို့
ကားသေးဘူးထင်တယ်။ သခင်မဆုံးသွားပြီရှင့်၊ ဒီညနေမှာပါပဲ၊ လွန်ခဲ့တဲ့
တက်လောက်ကပါ"
ကျွန်တော်တို့ ကြက်သေသေပြီး သူမကို စိုက်ကြည့်နေမိကြပါသည်။
"ဘယ်လိုဖြစ်သွားတာလဲကွယ်"ဟု ကျွန်တော်မေးလိုက်သောအခါ မိန်း
လေးက" ကျွန်မပြောနိုင်သလောက် ပြောပြပါ့မယ်။ "သူမက ခပ်သွက်သွက်
ကာလှည့်ကြည့်လိုက်ပြီး-" သခင်မအနားမှာ တစ်ယောက်ယောက်ရှိစရာ
ဘူး ဆိုရင် ကျွန်မ ဒီညနေပဲ အထုပ်အပိုးပြင်ပြီး ထွက်ဖို့ပါပဲ။ ဒါပေမယ့်
ခင်မ ကို ဒီအတိုင်းထားခဲ့ပြီး ထွက်သွားလို့မဖြစ်ပါဘူး။ ကျွန်မအနေနဲ့
မပြောခွင့် မရှိဘူးရှင့်၊ ပြောလည်းပြောမှာမဟုတ်ပါဘူး။ ဒါပေမယ့်
ရှိလုံး သိကြ ပါတယ်လေ။ ပြည်ထဲရေးဌာနကို မစ္စတာရက်ဒနာစာမရေး
ဆိုရင်လည်း တစ်ယောက်ယောက်ကတော့ သတင်းပို့မှာပါပဲ။ ဆရာဝန်
တော့ သူကြိုက်သလိုပြောမှာပေါ့။ ဒီညနေကပဲ ပေါင်းသင်းဆေးပုလင်းကို
ခင်ကိုယ်တိုင် စင်ပေါ် ကနေယူလိုက်တာ ကျွန်မမြင်ဖြစ်အောင် မြင်ခဲ့တယ်
ကျွန်မကို တွေ့လိုက်တော့ သူလန့်ပြီးတုန်သွားရသေးတာပဲ။ ပြီးတော့
ခင်မအတွက် ဆန်ပြုတ်ပန်းကန်က စားပွဲပေါ် မှာအသင့် "ကျွန်မတော့
ခင်ကအစားအစာတွေကို သေလုအောင်ကြိုက်နေပစေ၊ လျှာပေါ်
ခင်တော့ဘူးရှင့်"
"မင်းရဲ့သခင်မကို ကြည့်ပေးတဲ့ ဆရာဝန်က ဘယ်မှာနေတာလဲ"
"ဒေါက်တာအာဒမ်ပါတဲ့ရှင့်၊ လမ်းမတော်မှာ ထောင့်အိမ်နဲ့ကပ်လျက်
"
ပွိုင်းရော့ချက်ချင်းပြန်လှည့်ထွက်ခဲ့ပါသည်။ သူမျက်နှာမှာ ဖြူဖပ်ဖြူရော်
နေ၏။
"ဘာမှပြောမှာမဟုတ်ဘူးဆိုတဲ့ မိန်းကလေးကလည်း ပြောလိုက်ဘာ
သည်းပါလား"ဟု ကျွန်တော်မှတ်ချက်ချလိုက်ရာ ပွိုင်းရော့က သူလက်ဝင်း

ပေါ်သို့ လက်သီးဆုပ်လျက် ထုလိုက်ပါသည်။

"တော်တော်ဖျင်းတာပဲ၊ ကျုပ်တော်တော့်ကို ဉာဏ်နည်းလွန်းလှတ
ကျုပ်ရဲ့အသိဉာဏ်ကလာပ်စည်းတွေအပေါ် ကြွားလုံးထုတ်ခဲ့သမျှ ခ
ကျုပ်အသုံးမကျလို့ လူအသက်တစ်ချောင်းဆုံးရပြီဗျ။ ကျုပ်ကိုအားကိုး
အကူအညီလာတောင်းခဲ့တဲ့ အသက်တစ်ချောင်းလေဟေစတင်ရဲ့။ "ဒီလ
မြန်မြန်ဆန်ဆန်ကြီး ဖြစ်လာလိမ့်မယ်လို့လည်း မထင်ခဲ့မိဘူးဗျာ။ သူလူ
ပြောနေသလားလို့တောင် အထင်လွဲခဲ့သေးတယ်။ ဟောဒီမှာ ဆရာဝန်ရဲ့
ပဲ။ သူ ဘာပြောမလဲလို့ ကြည့်ကြရအောင်"

ဒေါက်တာအာဒမ်သည် မျက်နှာနီနီနှင့်ဖော်ရွေဟာန်ပြတတ်သူ
သည်။ ကျွန်တော်တို့ကိုလည်း ပျူပျူငှာငှာကြိုဆိုပါ၏။ သို့ရာတွင် ကျွန်
တို့၏ လာရင်းကိစ္စကို သိသွားသောအခါ နီသောမျက်နှာမှာ ခရမ်းရောင်
ဖြစ်သွားပါသည်။

"အဓိပ္ပာယ်မရှိတာဗျာ၊ လုံးဝကို အဓိပ္ပာယ်မရှိဘူး၊ သူ့ရောကို ကျွန်
ကုနေတာပါဗျ။ အစာအိမ်ရောင်ရမ်းနာသက်သက်ပဲ။ ဒီမြို့ကိုက အ
အဖျင်း ပြောလွန်းပါတယ်ဗျာ။ အဘွားကြီးတွေစုမိကြရင် စကားပ
စကား ဝယ်လုပ်ဖို့ပဲသိကြတယ်။ သတင်းစာတွေထဲက မတော်မတ
ပုတ်ခတ်ထားတဲ့ သတင်းတွေဖတ်ပြီး တစ်မြို့မြို့မှာ အဆိပ်ခတ်မှုဖြ
ကိုယ့်ဆီမှာလည်း ဖြစ်မှာပဲလို့ မျှော်လင့်နေကြတာ။ စင်ပေါ်မှာ ပေါင်း
ဆေးပုလင်းတင်ထား တာလည်းတွေ့လိုက်ရော-ဟော-အဆိပ်ခ
ဖြစ်တော့တာပါပဲဗျာ။ အက် ဒဝ်ပင်ဂယ်လီကို ကျွန်တော် ကောင်းကော
သိပါတယ်။ သူ့အဘွားရဲ့ခွေးကိုတောင် အဆိပ်ခတ်ချင်တဲ့သူမဟုတ်
သူ့မိန်းမကို သူဘာအကြောင်းကြောင့် အဆိပ်ခတ်ချင်ရတာတဲ့လဲဗျ၊ ပြော

"ဒေါက်တာမသိသေးတဲ့ ကိစ္စတစ်ခုရှိတာတော့ အမှန်ပဲဗျ"ဟု ပြော
ဖွိုင်းရော့က သူ့ထံမစွစ်ပင်ဂယ်လီရောက်လာခဲ့ခြင်းအကြောင်းကို ရှ
လိုက်ပါသည်။ ဒေါက်တာအာဒမ် အံ့အားသင့်သွားလိုက်သည်မှာ မျက်လုံ
ကျွတ်ထွက်လာမလားဟုပင် ထင်ရပါ၏။

"ဘုရား ဘုရား ဖြစ်မှဖြစ်ရလေ၊ အမျိုးသမီး ရူးသွားတာပဲဖြစ်ရမယ်
ဒေါက်တာရေရွတ်လိုက်ပါသည်။ သူက ကျွန်တော်ကို ဘာကြောင့် မ
တာတဲ့လဲ။ ကျွန်တော့်ကို အရင်ပြောသင့်တာပေါ့"

"သူ့ကို ခပ်ကြောင်ကြောင်ပဲလို့ အထင်ခံရမှာ စိုးလို့ပါဗျာ"

"မဟုတ်သေးပါဘူးဗျာ။ ကျွန်တော်အမြင်ကျဉ်းတဲ့သူ မဟုတ်ပါဘူး"
ဖွိုင်းရော့ သူ့ကိုကြည့်၍ပြုံးပါသည်။ ဆရာဝန်မှာ အမှုအရာမပျက်အောင်
နှိမ်းချုပ်နေသော်လည်း အတော်စိတ်အနှောင့်အယှက် ဖြစ်နေမှန်း သိသာ
သည်။ ကျွန်တော်တို့အိမ်ထဲမှ ထွက်လာကြသောအခါ ဖွိုင်းရော့ရယ်လိုက်
၏။ "အတော်ခေါင်းမာတဲ့ဆရာဝန်ပါလားဗျာ။ သူက အစာအိမ်ရောင်ရမ်း
လို့ပြောလိုက်တာနဲ့ အစာအိမ်ရောင်ရမ်းနာပဲ ဖြစ်ရမတဲ့၊ ဘာပဲဖြစ်ဖြစ်
လည်းစိတ်တော့ အတော်ရှုပ်သွားပါပြီ"

"အခု ဘာဆက်လုပ်ကြမလဲဗျ"

"ဟိုတယ်ကိုပြန်ပြီး ခပ်ကြမ်းကြမ်းအိပ်ရာပေါ် အိပ်ကြဖို့ပေါ့ဗျာ၊ မနက်
ကျရင်တော့ မြို့ပြန်ပြီးအခြေအနေကို စောင့်ကြည့်ဖို့ ရှိတာပါပဲ"

"ဘာမှထူးခြားမလာဘူးဆိုရင်ကောဗျာ"ဟု ကျွန်တော်စိတ်ပျက်စွာ ပြန်
ပြောလိုက်ရာ သူက-"တစ်ခုခုထူးလာရမယ်ဗျာ၊ ကျုပ်ကတိပေးပါတယ်။ ကျုပ်
ဆရာဝန်က ဘာလက်မှတ်ထွေထုတ်ပေးနေနေ ရာပေါင်းများစွာ ရှိတဲ့
စပ်တွေကို သူမပိတ်နိုင်ဘူးဗျ။ အဲဒီပါးစပ်တွေက တစ်ခုခုပြောလာကြပါ
မှ်မယ်။ စောင့်ကြည့်ဗျာ"

နောက်တစ်ရက်နံနက်ဆယ့်တစ်နာရီတွင် ကျွန်တော်တို့လိုက်မည့်ရထား
တက်မည်ဖြစ်ပါသည်။ ဘူတာသို့မသွားမီ ဖွိုင်းရော့က သေသူ၏တူမဖြစ်သူ
ဖရီဒါစတန်တွန်ကို တွေ့လိုကြောင်းပြော၍ လိုက်ရှာကြရာ သူတည်ခိုနေ
သောအဆောင်ကို အလွယ်တကူပင် တွေ့ရပါသည်။ သူနှင့်အတူ အသား
ညိုညိုအရပ်မြင့်မြင့်လူငယ်တစ်ဦးရှိနေရာ မစ္စတာဂျကော့ဗ်ရက်ဒ်နာဟု မိန်း
လေးက မိတ်ဆက်ပေးပါ၏။

မစ္စဖရီဒါစတန်တွန်သည် ရှေးကွန်ဝေါနယ်သူတို့ ပုံစံအတိုင်း အလွန်
ချောမောလှပသူဖြစ်သည်။ ဆံပင်နှင့်မျက်လုံးတို့ ညိုမှောင်နေပြီး ပါးပြင်တို့က
နီဆီရောင်ပြေးနေသည်။ ဖွိုင်းရော့က လာရင်းကိစ္စကိုပြောပြလိုက်သော
အခါ သူမက "စိတ်မကောင်းစရာကြီးပါ၊ ကျွန်မစိတ်ရှည်ရှည်နဲ့သည်းခံခဲ့ဖို့
ကောင်းတယ်လို့ တစ်မနက်လုံး တွေးနေပါတယ်"ဟု ပြန်ပြော၏။

"ဖရီဒါရယ်၊ မင်းအများကြီး သည်းခံနေခဲ့ပြီပဲကွာ"ဟု ရက်ဒ်နာက
ပြောပါသည်။

"ဟုတ်တယ်ဂျကော့ဗ်၊ ဒါပေမယ့် ကျွန်မက စိတ်ဆတ်တဲ့သူ၊ အန်တီ
နေတာကို ကျွန်မဂရုမစိုက်ဘဲနေလိုက်ရင်လည်း ဖြစ်တာပါပဲ။ အန်ကယ်

သူ့ကို အဆိပ်ခတ်နေတယ်ဆိုတာ အဓိပ္ပာယ်မှမရှိဘဲ။ အန်ကယ်တွေ
အစားအစာတစ်ခုခုစားပြီးတိုင်း နေမကောင်းဖြစ်တယ်ဆိုတာ သူ့စိတ်ထ
အဲဒီလိုစွဲထင်နေလို့ ဖြစ်တာပါ၊ ဖြစ်မှာပဲလို့ စွဲနေလို့ဖြစ်သွားတဲ့သဘော
"မိန်းကလေးတို့ သဘောကွဲခဲ့ကြရတဲ့ အကြောင်းရင်းက ဘာများလဲတ
မစ္စစတန်တွန်ပြန်ဖြေရန် တုန့်နှေးနေပါသည်။ ရက်ဒ်နာကိုလည်း ထ
ကြည့်၏။ ရက်ဒ်နာက သဘောပေါက်ပါသည်။ ဖရီဒါရေ- ကိုယ်သွား
ဖြစ်မယ်။ ညနေကျမှတွေ့ကြတာပေါ့။ ဂွဒ်ဘိုင်လူကြီးမင်းတို့၊ ဘူတာဆင်
တော့မလို့ ထင်ပါတယ်"ဟု သူကပြောပါ၏။

ပွိုင်းရော့က ဟုတ်မှန်ကြောင်းပြန်ပြောသောအခါ သူထွက်သွားပါသ
"မင်းတို့နှစ်ယောက် အတော်လိုက်ဖက်တဲ့ အတွဲဖြစ်မယ်ထင်ပါရဲ့-တ
လား"ဟု ပွိုင်းရော့ကမေးလိုက်ရာ မိန်းကလေးက မျက်နှာနီနီနှင့် ဝန်
သည်။ "အဲဒါကြောင့်လည်း အန်တီနဲ့ ပြဿနာဖြစ်ခဲ့ရတာပါ"ဟု ဆက်
၏။

"သူက မင်းတို့နှစ်ယောက်ကို သဘောမတူလို့လား"

"အဲဒီလောက်တင် မဟုတ်ဘူးရှင့်၊ သူက-" မိန်းကလေးအပြောရ
နေပုံပေါ်ပါသည်။

"ပြောပါဦးကွယ်"ဟု ပွိုင်းရော့က အားပေးသောအခါ သူမက-" အ
အကြောင်းပြောရတာအတော်ခက်ပါတယ်ရှင်။ အခုသူမရှိတော့ဘူးဆိုရ
ပိုဆိုးတာပေါ့။ ဒါပေမယ့် မပြောရင်လည်း ဘယ်လိုမှနားလည်မှာ မဟုတ်
ဘူး။ အန်တီက ဂျကော့ဗ်ကို အရူးအမူး စွဲလမ်းနေတာရှင့်"

"ဟော-တကယ်ပဲလား"

"ဟုတ်ပါတယ်၊ ရယ်စရာမကောင်းဘူးလားရှင်၊ သူကငါးဆယ်ကျော်
ပါပြီ၊ ဂျကော့ဗ်က သုံးဆယ်တောင်မပြည့်သေးဘူး။ နောက်ဆုံးတော့ ဂျက
လိုချင်တာ ကျွန်မကိုပါလို့ ဖွင့်ပြောရတော့တာပေါ့။ ဒီတော့ သူဒေါသ
ထတော့တာပဲ။ သူမယုံဘူးဆိုပြီး စော်ကားမော်ကားတွေပြောလာတော့ ကျွ
လည်း စိတ်မထိန်းနိုင်တော့ဘူး။ ဂျကော့ဗ်ကို ကျွန်မပြန်ပြောပြလိုက်တ
သူက အန်တီသဘောပေါက်လာတဲ့အထိ ရှောင်နေလိုက်ပါလို့ အကြံပေးတ
အန်တီက သနားစရာပါ။ စိတ်ပုံမှန်မဖြစ်တော့တာနဲ့တူပါတယ်"

"ဟုတ်ပါရဲ့၊ ကဲ-ရှင်းပြပေးလို့ ကျေးဇူးပါပဲ မိန်းကလေးရယ်"

ကျွန်တော်တို့ ပြန်ထွက်လာကြသောအခါ လမ်းထဲတွင် ရက်ဒ်နာ
နေသည်ကို အံ့သြစွာတွေ့ရပါသည်။

"ဖရီဒါ ဘာပြောမယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသိပါတယ်ခင်ဗျာ
ဟု သူကပြော၏။ ကျွန်တော်ကို လိုလိုလားလား ရှိခဲ့တယ်လို့ထင်ခဲ့တာဗျ၊
ရယ်စရာလည်းကောင်းရဲ့၊ စိတ်ညစ်စရာလည်းကောင်းရဲ့ ဆိုသလိုပါပဲ"

"မောင်ရင်နဲ့ မစ္စစတန်တွန်တို့ ဘယ်တော့လောက် လက်ထပ်ကြမှာလဲ"

"မကြာခင်မှာပဲ၊ ကဲ-မစ္စတာပွိုင်းရော့၊ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ
ပြောပါတော့မယ်။ ကျွန်တော်ဖရီဒါထက် ပိုသိထားတာရှိတယ်ခင်ဗျ၊ သူက
သူ့အန်ကယ်အပြစ်မရှိဘူးလို့ ယုံကြည်နေတာပါ။ ကျွန်တော်ကတော့ ကိုယ်
သိထားတာကို ရေငုံနေဖို့ပဲ စိတ်ကူးထားခဲ့တာပါပဲ။ ကိုယ့်ဇနီးရဲ့ဦးလေး
လူသတ်မှုနဲ့ကြိုးစင်တင်ခံရတာမျိုး ဘယ်ဖြစ်စေချင်ပါ့မလဲခင်ဗျာ"

"အဲဒါကို ဘာကြောင့် ငါ့ပြောပြတာလဲကွယ့်"

"ကျွန်တော် လူကြီးမင်းအကြောင်း သိထားလို့ပေါ့ခင်ဗျာ။ လူကြီးမင်းက
ဒီအမှုကို အမှန်ပေါ်အောင် အဖြေထုတ်ပေးနိုင်မယ့်သူပါ။ ဒါပေမယ့်ဘယ်လို
အကျိုးရှိနိုင်မှာလဲ၊ အမျိုးသမီးကြီးဟာလဲ ဘယ်သူကမှ ပြန်မခေါ်နိုင်တဲ့လမ်းကို
ရောက်သွားပါပြီ။ တမလွန်မှာ သူ့စိတ်ငြိမ်းငြိမ်းချမ်းချမ်းရှိမနေသင့်ဘူးလား
ခင်ဗျာ"

"မောင်ရင်တွေးတာမှန်နိုင်ပါတယ်။ ဒီကိစ္စကို ကျုပ်မေ့ထားလိုက်စေ
ချင်တယ်ပေါ့"

"မှန်ပါတယ်ခင်ဗျ။ ကျွန်တော်တစ်ကိုယ်ကောင်းဆန်တယ်လို့ ပြောမယ်
ဆိုရင်လည်းပြောနိုင်ပါတယ်။ ကျွန်တော်ကတော့ စက်ချုပ်ဆိုင်လေးဖွင့်ပြီး
အေးအေးဆေးဆေးနေဖို့ စီစဉ်ပြီးသားပါ"

"လူတိုင်းလိုလို တစ်ကိုယ်ကောင်းဆန်ကြတာပါပဲ ရက်ဒ်နာရယ်။ ပွင့်ပွင့်
လင်းလင်းဝန်မခံကြလို့ပါ။ မောင်ရင်ပြောသလို ကျုပ်တိတ်တိတ်နေလိုက်ဖို့က
ဖြစ်ပါတယ်။ ဒါပေမယ့် ကျုပ်ပြောမယ်။ ဒီကိစ္စတိတ်တိတ်ဆိတ်ဆိတ်ပြီးသွား
မှာမဟုတ်ဘူး"

"ဘာလို့လဲခင်ဗျ"

ပွိုင်းရော့က လက်ညှိုးတစ်ချောင်းထောင်ပြ၏။ ထိုနေ့မှာ ဈေးနေ့ဖြစ်
သောကြောင့် အသံဗလံများ ကြားနေရပါသည်။ "လူတွေရဲ့အသံကြောင့်ပေါ့
ကွယ်။ လူတွေက ပါးစပ်ပိတ်နေကြမှာမဟုတ်ဘူး။ ကိုင်း-တို့ပြေးလိုက်ဦးမှ
ကွယ့်။ ရထားလွတ်သွားမှာ စိုးရတယ်"

"ဘယ့်နယ်လဲ ဟေစတင်၊ စိတ်ဝင်စားစရာ မကောင်းပေဘူးလား"
ဘူတာမှ ရထားစထွက်သည်နှင့်ပွိုင်းရော့ကပြောလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားကြည့်ရတာတော့စိတ်ဝင်စားနေပုံပါပဲ" ဟုကျွန်တော်ပြန်ဖြေလိုက်၏။" ကျွန်တော်ကတော့ရွံရှာစက်ဆုပ်စရာလို့ပဲထင်တယ်။ အမှုကလည်းရှင်းရှင်းကြီးပါ"

"ဒါတော့ကျုပ်သဘောတူပါတယ်။ အမှုကဘာမှရှုပ်ရှုပ်ထွေးထွေးမရှိပါဘူး"

"မိန်းကလေးက သူ့အဒေါ်အကြောင်းပြောတာတစ်ခုပဲ ထူးထူးဆန်းဆန်းနဲ့ မသင်္ကာစရာကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ သူ့အဒေါ်ဟာလေးစား လောက်တဲ့အမျိုးသမီးပေါ့ဗျာ"

"မထူးဆန်းပါဘူးဗျ၊ သတင်းစာတွေထဲကြည့်ရင် အမျိုးသမီးကြီးကြီးတစ်ယောက်ဟာ လူငယ်အမျိုးသားတစ်ယောက်နဲ့ လက်တွဲချင်လို့ ခင်ပွန်းနဲ့ကလေးတွေကို စွန့်ပစ်လိုက်တယ်ဆိုတာ မကြာမကြာ ဖတ်နေရတာပဲ။ ရုပ်ချောချောနဲ့သဘောကောင်းကောင်း အမူအရာရှိတဲ့ အမျိုးသမီးဆိုရင် ခင်ဗျားက ချီးကျူးလိုက်တော့တာကိုး။ သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာကို ခင်ဗျားမကြည့်တော့ဘူး။ အေးအေးသက်သာနေရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဘဝမှာ တစ်ကြိမ်လောက်ရူးရူးနှမ်းနှမ်းဖြစ်သွားတာမျိုး ကြုံရတတ်တယ်ဗျ။ ဆွတ်ပျံ့ကြည်နူးရတာမျိုးတို့၊ စွန့်စားရတာမျိုးတို့ပေါ့ဗျာ။ မြို့ငယ်ကလေးတစ်ခုမှာ ဂုဏ်သရေရှိ သွားဖက်ဆိုင်ရာဆရာဝန်တစ်ယောက်ရဲ့ ဇနီးဆိုတာလည်း ဒီသဘာဝနဲ့မလွတ်နိုင်ပါဘူး"

"ဒါဖြင့်-ခင်ဗျား ထင်တာက-"

"လူလည်တစ်ယောက်က အဲဒီအခြေအနေမျိုးကို အခွင့်ကောင်းယူနိုင်တယ်လေ"

"ပင်ဂယ်လီကို လူလည်တစ်ယောက်လို့ ကျွန်တော်မထင်ဘူးဗျ။ တစ်မြို့လုံးက သိကြမယ့်ကိစ္စကိုး။ ဒါပေမယ့် ခင်ဗျားအယူအဆ မှန်ပါလိမ့်မယ်။ ရက်ဒ်နာရော၊ ဒေါက်တာရော နှစ်ယောက်စလုံး ဒီကိစ္စကိုအသံတိတ်သွားစေချင်ကြမှာပဲ။ အဲ-ဒီကိစ္စမှာ ခင်ဗျား ဘာကို စိတ်ဝင်စားနေတာလဲဆိုတာ ကျွန်တော် မတွေးတတ်ဘူး"

"ခင်ဗျားရဲ့မှတ်ချက်တစ်ခုကို ကြားလိုက်ကတည်းက ကျုပ်စိတ်ဝင်စားမိတော့တာပဲ။ တံခါးဖွင့်ပေးတဲ့ မိန်းကလေးနဲ့တွေ့ပြီးတဲ့နောက် ခင်ဗျားမှတ်ချက်ချခဲ့တာလေ။ ဘာမှပြောမှာမဟုတ်ဘူးဆိုတဲ့ မိန်းကလေးကလည်း ပြောလိုက်တာ မနည်းပါလားတဲ့။"

"ဩော်-ဒါနဲ့ ခင်ဗျားပင်ဂယ်လီကိုမတွေ့ဘဲ ပြန်ခဲ့တာကို ကျွန်တော်နားမလည်နိုင်ဖြစ်နေရတယ်"

"ဒီလို မိတ်ဆွေကြီးရဲ့၊ ကျုပ်သူ့ကို သုံးလအချိန်ပေးထားတယ်။ ဒီ့နောက်ပိုင်းမှာ တရားခံဝက်ခြံထဲရောက်နေမယ့်သူ့ကို ကျုပ်ကြိုက်သလောက်တွေ့နိုင်မှာပါ"

ပွိုင်းရော့၏ ကြိုတင်ဟောကိန်းထုတ်ချက်တို့ လွဲချော်တော့မည်ဟုကျွန်တော်ထင်မြင်နေပါသည်။ အချိန်ကြာလာသည်နှင့် အမျှတွန်ဝေါအမှုမှာ ထူးခြားလာခြင်းမရှိပါ။ အခြားကိစ္စအထွေထွေနှင့် ကျွန်တော်တို့ အလုပ်ရှုပ် နေပြီး ပင်ဂယ်လီအဖြစ်အပျက်ကို မေ့လုနီးနီးဖြစ်လာချိန်တွင် ပြည်ထဲရေး ဌာနမှ စွစ်ပင်ဂယ်လီ၏အလောင်းကို ပြန်ဖော်စစ်ဆေးရန် အမိန့်ပေးလိုက် ပြီဟု သတင်းစာပါ အပိုဒ်တိုတစ်ပိုဒ်ကြောင့် ကျွန်တော်ရုတ်တရက် အာရုံစိုက်မိလာပါ၏။

ရက်အနည်းငယ်ကြာလာသောအခါ ကွန်ဝေါအမှုသည် သတင်းစာတိုင်း၏ ခေါင်းစီးသတင်းဖြစ်လာပါသည်။ လူပြောသူပြောလည်း များလာပေရာ မုဆိုးဖိုဆရာဝန်သည် သူ၏အတွင်းရေးမှူးဖြစ်သူ မစ္စမတ်စ်နှင့်စေ့စပ်လိုက်ကြောင်း ကြေညာလိုက်သောအခါ အသံဗလံများ ပိုမိုကျယ်လောင်စွာထွက်လာပါတော့သည်။ အလောင်းကို ပြန်ဖော်စစ်ဆေးသောအခါ ပမာဏများလှသော အာဆင်းနစ်အဆိပ်တို့ကို တွေ့ကြရပါ၏။ မစ္စတာပင်ဂယ်လီအား ဇနီးသည်ကို အဆိပ်ခတ်သတ်မှုဖြင့် ဖမ်းဆီးလိုက်ပါတော့သည်။

အကြိုစစ်ဆေးကြားနာပွဲသို့ ပွိုင်းရော့နှင့်ကျွန်တော်တို့ တက်ရောက်ခဲ့ကြပါသည်။ သက်သေထွက်ချက်တို့မှာ မျှော်လင့်ထားသည့်အတိုင်းပင် အတော်များပါ၏။ အာဆင်းနစ် အဆိပ်မိခြင်းနှင့် အစာအိမ်ရောင်ရမ်းနာဖြစ်ခြင်းတို့သည် လက္ခဏာအားဖြင့် မကွဲပြားသောကြောင့် အလွယ်တကူမှားယွင်းဆုံးဖြတ်နိုင်ကြောင်း ဒေါက်တာအာဒမ်တာ ဝန်ခံထွက်ဆိုပါသည်။ ပြည်ထဲရေးဌာနမှ ကျွမ်းကျင်သူကလည်း တွေ့ရှိသမျှ အစစ်ခံထွက်ဆိုပါ၏။ ဂျက်ဆီအမည်ရှိ အိမ်မှုထမ်းမိန်းကလေးကမူ အာပေါင်အာရင်းသန်သန်နှင့် တရားရေလွှတ် ထွက်ချက်ပေးလေရာ အများစုမှာ ကန့်ကွက်ပယ်ချခြင်းခံရသည့်တိုင်အောင် တရားခံ၏ အပြစ်ရှိကြောင်း ယူဆဖွယ်တို့ ပို၍အားကောင်းသာရပါ၏။

ဖရီဒါစတန်တွန်က သူမ၏ အဒေါ်သည် ခင်ပွန်းဖြစ်သူ စီစဉ်ပေးသော အစားအစာတို့ စားပြီးတိုင်း နေမကောင်းပို၍ ဖြစ်လာတတ်ကြောင်း အစစ်

ခံသည်။ ဂျကော့ဗ်ရက်ဒ်နာ အစစ်ခံရာတွင် မစ္စစ်ပင်ဂယ်လီ ကွယ်လွန်မည့်နေ့တွင် မမျှော်လင့်ဘဲ ထိုအိမ်သို့ သူရောက်ခဲ့ကြောင်း ပင်ဂယ်လီပေါင်းသင်းဆေးပုလင်းကို စင်တစ်ခုပေါ်သို့ တင်နေသည်ကို တွေ့ခဲ့ရပါကြောင်း၊ မစ္စစ်ပင်ဂယ်လီအတွက် ဆန်ပြုတ်ပန်းကန်မှာ အနီးရှိစားပေါ်တွင် ရှိနေကြောင်း ထွက်ဆို၏။ အတွင်းရေးမှူးဖြစ်သူ မစ္စမတ်စ်မှာမူ ငိုယိုရင်းက သူမနှင့်အလုပ်ရှင်တို့ မေတ္တာသက်ဝင်နေကြပြီး မစ္စစ်ပင်ဂယ်လီသေဆုံးပါက လက်ထပ်ကြမည် သဘောတူထားကြောင်း ဝန်ခံထွက်ဆိုသွားပါသည်။ သို့ဖြစ်ရာ ပင်ဂယ်လီမှာ တရားစွဲဆိုတင်ပို့ခြင်းခံရပြီး ခုခံကာကွယ်ခွင့်ပြုကြောင်း စီရင်ဆုံးဖြတ်လိုက်ပါတော့သည်။

ပဏာမကြားနာပွဲပြီးသောအခါ ဂျကော့ဗ်ရက်ဒ်နာ ကျွန်တော်တို့တည်းခိုခန်းသို့အပြန်တွင် လိုက်လာပါသည်။ ပွိုင်းရော့က- "ရက်ဒ်နာရေ-မောင်ရင်တွေ့တဲ့အတိုင်းပဲ၊ ကျုပ်ပြောခဲ့တာမှန်တယ်မဟုတ်လား။ လူတွေရဲ့အသံထွက်လာမှာမို့ ဒီကိစ္စတိတ်တိတ်ဆိတ်ဆိတ်နဲ့ပြီးသွားမှာမဟုတ်ဘူးဆိုတာလေ" ဟု ပြောပါ၏။

"ဟုတ်ပါတယ်ခင်ဗျ၊ အဲဒီအတိုင်းဖြစ်လာတာပါပဲ။ သူလွတ်ကော လွတ်နိုင်ပါ့မလားခင်ဗျ"

"အင်း-သူမှာကာကွယ်ပိုင်ခွင့်ရှိတယ်လေ။ သူ့အတွက် ဝှက်ဖဲတစ်ခုခု ရှိချင်ရှိနေမှာပေါ့၊ ကျုပ်တို့နဲ့အဆောင်ကို လိုက်ခဲ့ပါလား။ စကားပြောရတာပေါ့"

ရက်ဒ်နာက ဖိတ်ခေါ်ချက်ကိုလက်ခံပါသည်။ အဆောင်ရောက်သောအခါ ဝီစကီ၊ ဆိုဒါနှင့်ပွိုင်းရော့အတွက် ချောကလက်တစ်ပွဲတို့ကို ကျွန်တော်မှာပေးပါသည်။ ပွိုင်းရော့က စကားစ၍ပြော၏။

"အမှန်မှာတော့ ဒီလိုကိစ္စမျိုးအတွက် ကျုပ်မှာအတွေ့အကြုံအများကြီးရှိပါတယ်။ ကျုပ်တို့မိတ်ဆွေတရားခံ လွတ်မြောက်ဖို့က တစ်လမ်းတည်းသာရှိတယ်ကွယ့်"

"အဲဒါ ဘာများလဲခင်ဗျ"

"တခြားမဟုတ်ဘူးကွယ့်၊ ဟောဒီစာရွက်မှာ မောင်ရင်လက်မှတ်ထိုးလိုက်ဖို့ပါပဲ"

"ဘာစာရွက်လဲခင်ဗျ"

"မစ္စစ်ပင်ဂယ်လီကို မောင်ရင်သတ်ခဲ့ကြောင်း ဝန်ခံချက်ပေါ့ကွယ်"

ခေတ္တမျှ တိတ်ဆိတ်သွားပါသည်။ ထို့နောက် ရက်ဒ်နာရယ်လိုက်ပြီး

"ခင်ဗျား ရူးနေပြီ"

"မရူးပါဘူး မိတ်ဆွေရဲ့၊ မောင်ရင်ဟာ ငွေကြေးအခက်အခဲတွေနဲ့ ဒီကိုရောက်လာတယ်။ မစ္စတာပင်ဂယ်လီဟာ ချမ်းသာတဲ့သူတစ်ယောက်လို့ မောင် ရင်သိတယ်။ သူ့တူမကို ဆွဲဆောင်သိမ်းသွင်းတယ်။ ဒါပေမယ့် သူရနေတဲ့ ထောက်ပံ့ငွေလေးက မောင်ရင့်အတွက် မလုံလောက်ဘူး။ ဦးလေးရော၊ အဒေါ်ရော မရှိတော့မှ သူက တစ်ဦးတည်းသော ဆွေမျိုးဖြစ် အမွေ ဆက်ခံရမှာကိုး။ မောင်ရင်ပါးပါးနပ်နပ်နဲ့ အကွက်ဆင်ခဲ့တယ်။ ဦးနှိုးအေးအားနဲ့မစ္စစ်ပင်ဂယ်လီကို ကပ်ပေါင်းပြီး မောင်ရဲ့ကိုစွဲလမ်းတယ်တာလာအောင် လုပ်ခဲ့တယ်။ အိမ်ကို မကြာမကြာရောက်တတ်တဲ့ မောင်ရင်က သူ့ခင်ပွန်း သူ့ကို အဆိပ်ခတ်နေတယ်လို့ သံသယဝင်လာအောင်ဖန်တီးခဲ့တယ်။ သူစားမယ့် အစာတွေထဲ အားဆေးနစ် ထည့်နိုင်တဲ့ အခွင့်အလမ်း မောင်ရင် ရခဲ့တယ်။ ဒါပေမယ့် သူ့ခင်ပွန်း အဝေးရောက်နေတာမှာ ဘယ်တော့မှ အဲဒါမျိုးမလုပ်ဘူး။ ဒီသံသယတွေကို သူကတူမကိုရော၊ ပေါင်းအသင်းတွေကိုရော ပြောပြခဲ့တယ်။ မောင်ရင်တို့ကိစ္စမရိပ်မိအောင် မောင်ရင်က သူ့တူမကို ပိုးသလိုဟန်ဆောင်ရမယ်လို့ အယုံသွင်းခဲ့တယ်။ နှိုးကလေးကလည်း သူ့အဒေါ်ကို ပြိုင်ဖက်ရန်သူအဖြစ် တကယ်ထင်ခဲ့တာမဟုတ်ပါဘူး"

"နောက်ပိုင်းမှာ မစ္စစ်ပင်ဂယ်လီဟာ ဘယ်သူမှအသိမပေးဘဲ ကျုပ်နဲ့တာဆွေးနွေးတော့တယ်။ သူ့ခင်ပွန်းဟာ သူ့ကို အဆိပ်ခတ်နေတာ အမှန်ပဲဆိုရင် မပေါင်းတော့ဖို့ သူ ဆုံးဖြတ်ရတော့မယ်။ ပြီးရင်မောင်ရင်နဲ့လက်တွဲသွားဖို့ပေါ့။ ဒါပေမယ့် စုံထောက်တစ်ယောက် ဒီကိစ္စထဲဝင်လာမှာကို မောင်ရင်ခွင့်မပြုနိုင်ဘူး။ ဒီအချိန်မှာ ပင်ဂယ်လီက သူ့မိန်းမကို ဆန်ပြုတ်တိုက်ဖို့ စဉ်နေတာနဲ့ သွားကြုံကြိုက်တော့ မောင်ရင်အဆိပ်ကို လုံလုံလောက်လောက် တိုက်လိုက်တော့တယ်။ နောက်ထပ် လုပ်ရမယ့်ကိစ္စတွေက လွယ်ပါတယ်။ သဘာဝသယဖြစ်စရာတွေ မောင်ရင် တိတ်တိတ်သတင်းဖြန့်တော့တာပေါ့။ ဒါပေမယ့် ဟာကြူလီပွိုင်းရော့ရဲ့ အသိဉာဏ်စွမ်းရည်ကို မောင်ရင်ထည့်မတွက်တာတော့ မှားသွားတယ်"

ရက်ဒ်နာမှာ သွေးဆုတ်သွားသလို မျက်နှာပျက်နေပါသည်။ သို့ရာတွင် အခြေအနေကို ဟန်မပျက်အောင် ကြိုးစား၍ ထိန်းသိမ်းလိုက်ပါ၏။

"စိတ်ဝင်စားစရာကောင်းပါတယ်ဗျာ၊ ဇာတ်လမ်းလည်း ထွင်တတ်ပါပေတယ်။ ဒါပေမယ့် ဒါတွေ ဘာလို့ကျွန်တော့်ကို ပြောနေတာလဲဗျ"

"ဘာလို့လဲဆိုတော့ ကျုပ်ကဥပဒေကို ကိုယ်စားပြုနေတာမဟုတ်
မစ္စစ်ပင်ဂယ်လီကိုပဲ ကိုယ်စားပြုနေတာလေ။ သူ့အတွက်ကြောင့် က
မောင်ရင့်ကို အခွင့်အရေးတစ်ခုပေးမယ်။ ဟောဒီစာရွက်မှာ လက်မှတ်ထိ
တာနဲ့ မောင်ရင် နှစ်ဆယ့်လေးနာရီတိတိ အချိန်ရလိမ့်မယ်။ နှစ်ဆယ့်
နာရီနော်။ အဲဒီအချိန်စေ့တာနဲ့ ဒီစာကို ကျုပ်ရဲလက်အပ်လိုက်မှာပဲ"

ရက်ဒ်နာ အပြင်းအထန် စဉ်းစားနေပါသည်။

"ခင်ဗျားမှာ ဘာသက်သေမှ မရှိဘူး"

"မရှိဘူး-ဟုတ်လား။ ကျုပ်ဟာ ဟာကြူလီပွိုင်းရော့နော်။ ဟောဒီပြ
ကနေ အပြင်ကို လှမ်းကြည့်လိုက်စမ်းပါ။ လမ်းပေါ်မှာ လူနှစ်ယောက်
လိမ့်မယ်။ သူတို့မောင်ရင့်ကို မျက်ချည်မြဲတ်ခံမှာ မဟုတ်ဘူး။"

ရက်ဒ်နာပြတင်းဆီသို့ လျှောက်သွား၍ ခန်းဆီးကို ဖယ်ကြည့်လိုက်သ
ထို့နောက် ခပ်တွန့်တွန့်အမူအရာနှင့် ပြန်လာ၏။

"မောင်ရင်တွေ့ပြီမဟုတ်လား။ လက်မှတ်ထိုးပေတော့။ ဒါအကောင်း
အခွင့်အရေးပဲ"

"ဘယ်လို အာမခံချက် ရှိမှာမို့လဲဗျ"

"ကျုပ်စကား တည်မတည်ပြောတာလား။ ဟာကြူလီပွိုင်းရော့ရဲ့ စ
ဟာ အမြဲတမ်း တည်တည်ကြည်ကြည်ပဲဆိုတာ လူတိုင်းသိတယ်။ လက်မ
ထိုးမယ်မဟုတ်လား။ ဟုတ်ပြီ-ဒီလိုမှပေါ့။ ကိုင်း ဟောတင်ရေ-ဘယ်ဘက်
ခန်းဆီးကို တစ်ဝက်ခေါက်တင်လိုက်ပါ။ အဲဒါဟာ မစ္စတာရက်ဒ်နာ အ
အတားမရှိ၊ လွတ်လွတ်လပ်လပ် သွားနိုင်ပြီဆိုတဲ့ အဓိပ္ပာယ်ပဲ"

မျက်နှာဖြူဖပ်ဖြူရော်ဖြင့် ခပ်ကြမ်းကြမ်းဆဲဆိုပြီး ရက်ဒ်နာအခန်း
ပြေးထွက်သွားပါသည်။ ပွိုင်းရော့က ဖြည်းဖြည်းခေါင်းညိတ်ရင်း- "သူရဲ
နည်းတဲ့ကောင်ပဲ၊ ကျုပ်သိတာပေါ့"ဟု ပြော၏။

"ခင်ဗျားလုပ်ပုံ မဟုတ်သေးဘူး ပွိုင်းရော့"ဟု ကျွန်တော် စိတ်တိုတိ
ပြောလိုက်ပါသည်။ "ပြတ်ပြတ်သားသား လုပ်ရမယ့်ကိစ္စကို ဆွယ်တ
ဟောနေတာနဲ့ လူသတ်တရားခံ လွတ်သွားတော့မှာပေါ့ဗျာ"

"ဆွယ်တရားဟောတာမဟုတ်ဘူးဗျ၊ ဒါအလုပ်လုပ်နေတာ"ဟု ပွိုင်း
က ပြန်ပြော၏။ "မိတ်ဆွေကြီး မရိပ်မိဘူးလား။ ကျုပ်တို့မှာ ဘာအထော
အထားမှမရှိဘူးလေ။ ထုံပေပေနဲ့ဂျူရီလူကြီး ဆယ့်နှစ်ယောက်ကို ဟာကြ
ပွိုင်းရော့ဆိုတဲ့ ကျုပ်က အဖြစ်မှန်ကို တကယ်သိတာပါလို့ ထပြောရမှာလ
သူတို့ရယ်မှာပေါ့ဗျာ။ သူ့ကိုချောက်လှန့်ပြီး ဝန်ခံချက်လက်မှတ်ထိုးအော

ုပ်ဖို့ဆိုတာ တစ်ခုတည်းသော နည်းလမ်းပဲ။ အပြင်မှာကျုပ်သတိထားမိတဲ့
နှစ်ယောက်ရှိနေတာ အတော်အသုံးတည့်သွားတယ်။ ကဲ-ခန်းဆီးကို ပြန်ချ
းလိုက်ပါတော့ဗျာ မလိုတော့ပါဘူး"

"အင်း-ကိုယ့်စကားကိုယ်တော့ တည်အောင် ထိန်းရလိမ့်မယ်ဗျို့။
ဆယ့်လေးနာရီ-ဟုတ်လား။ ပင်ဂယ်လီအတွက်တော့ ကြာလွန်းတယ်လို့
ငါ့မှာပဲ။ ဒီလောက်တော့လည်း သူခံထိုက်ပါတယ်။ သူ့မိန်းမကို သူလှည့်
းခဲ့တယ်လေ။ ကျုပ်က မိသားစုဘဝဆိုတာကို သိပ်တန်ဖိုးထားတဲ့သူဗျ။
ိုင်း-နှစ်ဆယ့်လေးနာရီပေါ့ဗျာ။ ဒီနောက်မှာတော့ စကော့တလန်ယာဒ်ကို
ျုပ်ကောင်းကောင်းယုံပါတယ်။ သူတို့သေချာပေါက် အဓိဖမ်းနိုင်ကြမှာပါ"

ထူးဆန်းသောမင်္ဂလာလက်ဖွဲ့

မစ္စတာ ဆတ္ထဝိတ်သည် အော်ပရာဇာတ်ရုံ၏ ပထမထပ်တွင်ရှိသည့် ကျယ်ဝန်းသော Box ခေါ် သီးသန့်ခန်းတွင် တစ်ဦးတည်းထိုင်နေပါသည်။ အခန်းတံခါးအပြင်တွင် သူ့အမည်ကို ပုံနှိပ်ထားသောကဒ်ပြား တစ်ခုချိတ်ဆွဲ ထား၏။ အားလုံးသော အနုပညာတို့နှင့်ပတ်သက်၍ နားလည်ခံစားတတ် သည့်ပြင် နှစ်ခြိုက်စွာအားပေးတတ်သော မစ္စတာ ဆတ္ထဝိတ်သည် ဂီတကို ထူးတလည် စွဲလမ်းမှုရှိသောကြောင့် ကွန်ဗင်္ဂျယ်ဇာတ်ရုံကြီး၏ ပုံမှန် ဖောက်သည်တစ်ဦးဖြစ်သည်သာ မကပြဇာတ်ရာသီတစ်ခုလုံးတွင် အဂ်ါနေ့တိုင်း နှင့် သောကြာနေ့တိုင်း Box တစ်ခန်း ယူထားမြဲဖြစ်ပါသည်။

အမှန်အားဖြင့် သူသည် သီးသန့်ခန်းတွင် တစ်ဦးတည်း ကြည့်လေ့ရှိသူ ဟုတ်ပါ။ အထက်တန်းလွှာမှ သူနှင့် စိတ်တူ၊ ဝါသနာတူ မိတ်ဆွေတစ်ဦးဦး အမြဲအဖော်ပါလေ့ရှိပါသည်။ ယနေ့ညတွင်မူ သူတစ်ဦးတည်း ဖြစ်နေရခြင်းမှာ အတူလိုက်မည့် မိတ်ဆွေက သူ့ကလေးတို့ ပါးခိုက်ရောင်နာ ရုတ်တရက်ဖြစ် လာသောကြောင့် မလိုက်နာတော့ခြင်း ဖြစ်ပါသည်။ ထုံးစံအတိုင်း သူသည်ယနေ့ ည၏ ပထမအခန်းပြီးခါနီးလေး ရောက်လာ၏။ ပထမအခန်းမှာ သူ စိတ်မ ဝင်စားသော ဖျော်ဖြေမှုများသာ ပါသောကြောင့်ဖြစ်သည်။

ပထမအခန်းပြီးသည်နှင့် ကန့်လန့်ကာ ကျလာသည်တွင် ပရိသတ်များ ခေတ္တမျှ အနားယူရန်နှင့် ကော်ဖီ၊ အချိုရည် စသည်တို့အတွက် အပြင်ထွက် ကြလေသည်။ မစ္စတာ ဆတ္ထဝိတ်က သူ၏ ပွဲကြည့်မျက်မှန်ကို ချိန်လိုက်ပြီးပရိ သတ်များကို တစ်ဦးချင်း အကဲခတ်နေလိုက်၏။ ချက်ချင်းဆိုသလိုပင် သူ့သီးသန့် ခန်းရှေ့တည့်တည့်၌ အသားညိုညိုလူတစ်ယောက်ကို မြင်လိုက်မိ လေသည်။

" မစ္စတာကွင်း" ဟု သူက အံ့ဩြဂမ်းသာစွာ လှမ်းခေါ်လိုက်သည်။ထို နောက် ထိုသူလေထဲတွင် ဝင်ရောက်ပျောက်ကွယ်သွားမည်ကို စိုးဘိသည့်အ လားလက်ကို ဖမ်းဆုပ်ထားလိုက်ပါ၏။ " ခင်ဗျား ကျွန်တော်နဲ့အတူတူ ကြည့် ရမယ်" ဟုလည်း ပိုင်နိုင်စွာပြောသည်။ " ခင်ဗျား အခု တစ်ယောက်တည်းပဲ ဟုတ်လား"

" တစ်ယောက်တည်းပါပဲဗျာ" ဟု မစ္စတာကွင်း က ပြုံးလျက်ပြန်ဖြေ ပါသည်။

" ဒါဖြင့် အဆင်ပြေပြီပေါ့ဗျာ" မစ္စတာဆတ္ထဝိတ် က ကျေနပ်စွာပြောပြီး နောက် သူတို့ တစ်ခုခုသောက်ရန်အပြင်ထွက်သွားကြ၏။

ပထမခေါင်းလောင်းထိုးသောအခါ သူတို့ သီးသန့်ခန်းတွင် ပြန်လာထိုင် ကြပြီး စတေလ် ဟုခေါ်သော ရှေ့ဘက် ခပ်နိမ့်နိမ့် ရှိသည့် ထိုင်ခုံများဆီသို့ ပြန်လာနေကြသောပရိသတ်များကို ကြည့်နေကြပါသည်။

" ဟော ဟို ခေါင်းလေးက အတော်ကြည့်ကောင်းတယ်ဗျ" မစ္စတာဆတ္ထဝိတ် က နောက်မှ မြင်ရသည့် မိန်းကလေးတစ်ယောက်၏ ဦး ခေါင်းကို ညွှန်ပြလျက် ပြောလိုက်ပါသည်။ မိန်းကလေး၏ မျက်နှာကို မမြင်ရ ပါ။ ဖြူဖွေးသော လဲ့ညီကုပ်ပေါ်သို့ ဝဲကျနေသည့် ရွှေရောင်ဆံပင်များကိုသာ မြင်ရ၏။ " ဂရိနိုင်ငံသူရဲ့ ခေါင်းမျိုးပဲ" ဟု မစ္စတာဆတ္ထဝိတ် က ချီးကျူး လိုဟန်ဖြင့် ဆက်ပြောသည်။ " မျက်နှာနဲ့ဆံပင်ပုံစံ လိုက်ဖက်တယ်ဆိုတာ အံ့သြလောက်အောင် ရှားတယ်ဗျ။ တစ်ထောင်မှာတစ်ယောက်လို့ ဆိုရ လောက်တယ်။ အဲဒီ မိန်းကလေး မျက်နှာကိုလည်း စောင့်ကြည့်ဗျာ။ လိုက် ဖက်မယ်လို့ ကျုပ်မထင်ဘူး"

ထိုခဏမှာပင် အလင်းရောင်များ မှိန်ကျသွားပြီး တီးဝိုင်းခေါင်းဆောင်၏ အချက်ပေးသံပေါ်လာ၏။ အော်ပရာ ဒုတိယပိုင်းစ ပြပါသည်။ သံစဉ်မြင့် အဆိုတော်သစ်တစ်ဦး ယခုညတွင် ဖျော်ဖြေရန် အစီအစဉ် ပါဝင်၏။ ယခင် အမည်ကြီးခဲ့သော သံစဉ်မြင့် အဆိုတော် ကာရူ ဆိုကဲ့သို့ပင် ဆိုနိုင်သူ ဖြင်ဆာ

သူကို ဒုတိယ ကာရ ဆိုဟုပင် ခေါ်နေကြပါသည်။ အဲလဘတ်ခန်းမတွင် အထူးဖျော်ဖြေပွဲအနေဖြင့် သူသီဆိုခဲ့ရာ သူဇာတိ တောင်ကုန်းမြင့်မှာ ပေါ်မှ ရိုးရာသီချင်းများကို သံစုံ တီးဝိုင်းကြီးဖြင့် ဆန်းပြားသော သံစဉ်မြင့်မြင့် တို့သုံးလျက် အများ အံ့ဩသွားရလောက်အောင် ဖျော်ဖြေခဲ့၏။ ယနေ့ညမှာ အဆိုတော်သစ် ယော်ရှာဘင် က သာမန် အီတလီ သီချင်းများကို သာသီချင်းမည်ဟုသိရပါသည်။ ထိုသီချင်းများ အပြီးတွင် ပရိသတ်၏ အားပေးသံ ဆူညံစွာပေါ်ထွက်လာပါ၏။ ကန့်လန့်ကာ ကျအလာတွင် မစ္ဆာဆတ္ထာဝိတ် က သူ့မိတ်ဆွေကို လှည့်ကြည့်လိုက်သည်။ မစ္ဆတာကွင်းသည် အဆိုတော်ဘဝ ဖျော်ဖြေမှုနှင့်ပတ်သက်၍ သူ့အမြင်ကို ရလိုဟန်ရှိပါသည်။ သူ့အမြင်မှာ အများအားဖြင့် မျှတဲ့ မှန်ကန်လေ့ရှိသောကြောင့် ဖြစ်ပါသည်။

သူက ဖြည်းဖြည်း ခေါင်းညိတ်ပြီး " တကယ့် ပညာသည်အစစ်ပဲ" ဟု မှတ်ချက်ချလိုက်၏။

" ခင်ဗျား အဲဒီလို ထင်တယ်ပေါ့ " ဟု သူ့မိတ်ဆွေက ပြန်မေးသည်။

" ကာရ ဆိုလောက်ကို ကောင်းအသံမျိုးဗျ။ ဆိုနည်းဆိုပေါက် နည်းနည်း ကလေး လိုနေသေးတာပဲရှိတယ်။ ဒါပေမယ့် အတော်ကိုကောင်းပါတယ်ဗျာ"

" အဲလ်ဘတ် ခန်းမ မှာ သူဖျော်ဖြေတာ ကျွန်တော်သွားကြည့်ဖြစ်သေးတယ်ဗျ။" ဟု မစ္ဆတာကွင်းက ပြော၏။

" ဟုတ်လား၊ ကျုပ် အဲဒီတုန်းက မရောက်လိုက်ဘူးဗျာ"

" ကျေးလက် သိုးထိန်း သီချင်းတစ်ပုဒ်ကို ထူးထူးခြားခြား မြင့်တဲ့ အသံ ဟစ်သွားတာဗျ"

" အဲဒီ သတင်းကိုတော့ ဖတ်လိုက်ရပါတယ်။" ဟု မစ္ဆတာဆတ္ထာဝိတ် က ပြော၏။ " သံပြိုင်တွေနဲ့ အဆုံးတိုင်းမှာ အော်သံလိုမျိုး သံမြင့် ထွက်ထားတာ။ အေ နဲ့ ဘီ ဖလက်တို့ရဲ့ ကြားမှာပေါ့။ အတော်ဆန်းတယ်ဗျ"

ယော်ရှာဘင် မှာ ပရိသတ် တောင်းဆိုချက်အရ သုံးကြိမ် ဖျော်ဖြေရသည်။ ထို့နောက် မီးဖျားလင်းလာပြီး ပရိသတ်များ ဖြည်းဖြည်းချင်း အပြင် ထွက်ကြသည်။ ရွှေရောင်ဆံပင်နှင့် မိန်းကလေး ထလိုက်ပြီး မျက်နှာကို လှည့်လိုက်ပါသည်။ သူ့အဖော် အမျိုးသားနှင့်အတူ တံခါးပေါက်ရှိရာသို့ သွားနေ၏။ အနီးဝန်းကျင်ရှိ အမျိုးသား အားလုံးမိန်းကလေးကို မသိမသာ ကြည့်နေကြ သည်ကို မစ္ဆတာဆတ္ထာဝိတ် သတိပြုမိပါသည်။

မိန်းကလေး၏ မျက်နှာကို တွေ့လိုက်ရသည်နှင့် သူအသက်ရှူ မှားတက် ဖြစ်သွားရ၏။ ကမ္ဘာ့သမိုင်းတွင် ကြီးကျယ်ထင်ရှားသော မှတ်တိုင်များ စိုက်နိုင်ခဲ့သူ အမျိုးသမီးတို့၏မျက်နှာမျိုးပါတကား။ " အလှတ်စစ်ပါပဲ" ဟု မစ္ဆတာ ဆတ္ထာဝိတ် မှတ်ချက်ချလိုက်သည်။ လူတွေ့ ဖွံ့ဖြိုးခဲ့ရသော ပြောတတ်သည့် ဆွဲဆောင်မှုမျိုး၊ ညို့ဝါတိမ်မျိုး၊ သိလိုက်ခါတိမ်မျိုး မဟုတ်ပါ။ အလှတစ်ရား သက်သက်ဖြစ်သည်။ " သင်္ဘောတစ်စင်းတောင်ကို စေ့စေး လွှမ်းမိုးနိုင်သော မျက်နှာ" ဟူသည့် ဆိုစကားတစ်ရပ် ကို သူအမှတ်ရမိပါသည်။ ထိုစကားစု၏ အဓိပ္ပာယ်ကို သူပထမဆုံးအကြိမ် နားလည်နိုင်လိုက်ပါ၏။ သူလိုပင် ခ်ီးကျူးလိုပုံရသော မစ္ဆတာကွင်း ကို သူက - " ဟယ်လင်၊ ကလီယို ပါထရာ၊ မေရီ စတူးအတ် ဘယ်သူမျက်နှာနဲ့ တူနေပါလိမ့်ဗျာ" ဟု မေးလိုက် သည်။ " ကျွန်တော်တို့ အပြင်ထွက်ရင်တွေ့ရမှာပေါ့ " ဟု သူ့မိတ်ဆွေက ပြန်ပြော၏။

အပြင်တွင် သူတို့တွေ့ရပါသည်။ လေ့ကားတစ်ဝက်ခန့်ရှိ နားစရာနေရာတွင် သူတို့အတွဲရှိနေပါသည်။ မိန်းကလေး၏ အဖော် အမျိုးသားမှာ အသားညိ၏။ လူချောတစ်ယောက်ဟု မဆိုနိုင်သော်လည်း စိတ်ထက်ဟန်ရှိသည်။ မျက်ခုံးမည်းမည်းများအောက်တွင် တောက်ပြောင်၍ လေးနက်သော မျက်လုံးများ ရှိပါ၏။ ထို လူငယ်က တစ်စုံတစ်ခု စိတ်အားထက်သန်စွာ ပြောနေရာ မိန်းကလေးက စူးစိုက်နားထောင်နေပါသည်။

ခဏအကြာတွင် သူတို့အတွဲအနီးသို့ တတိယ လူငယ်တစ်ယောက် ရောက်လာလေသည်။ သူရောက်လာသောကြောင့် အနည်းငယ် ကသိကအောက် ဖြစ်သွားရပုံပေါ်၏။ ရောက်လာသော လူငယ်သည် ဂနာမငြိမ်ဟန်နှင့် သူ့လည်စီး သူ ကိုင်လှုပ်နေပြီး နေမထိထိုင်မသာ ဖြစ်နေပုံရကာ မိန်းကလေး က သူ့ကို တည်ကြည်စွာ ပြန်ကြည့်နေပါသည်။ ပထမလူငယ်က သုန်သုန်မာန်မာန် အမူအရာ ရှိနေပါ၏။

" တွေ့နေကျ ဇာတ်လမ်းမျိုးပါပဲလား" ဟု မလှမ်မကမ်း မှ ဖြတ်လျှောက်ရင်း မစ္ဆတာကွင်း က မှတ်ချက်ချရာ မစ္ဆတာဆတ္ထာဝိတ် က သဘောတူစွာပင် " အမဲရိုး တစ်ချောင်းကြောင့် မာန်ဖီနေကြတဲ့ ခွေးနှစ်ကောင်လိုပေါ့ဗျာ ဒါမျိုးတွေ ဘယ်တော့မှ ကုန်နိုင်မှာ မဟုတ်ပါဘူး" ဟု ပြန်ပြော၏။ ထို့နောက် သူတို့ နောက်ဆုံးအခန်းကို ကြည့်ရန် နေရာပြန်ယူကြပါသည်။

အော်ပရာ ပြဇာတ်ဖျော်ဖြေမှု ပြီးဆုံးသောအခါ မစ္ဆတာ ဆတ္ထာဝိတ်က သူ့မိတ်ဆွေကို ကားဖြင့် လိုက်ပို့မည်ဟု ပြောသော်လည်း မစ္ဆတာကွင်း က သက်မခံပါ။ " ကျွန်တော့်ဘာသာပဲ ပြန်ပါရစေတော့၊ ပြီးတော့ ကျွန်တော်တို့

နှစ်ယောက် ဆုံတိုင်း ထူးခြားတာ တစ်ခုခု ဖြစ်တတ်တယ်နော်။ ဖြစ်တဲ့အခါ
တိုင်းလည်း ခင်ဗျားပဲ ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့တာချည်းပါပဲ။ ကဲ-
ဂွဒ်နိုက်ပါဗျာ။ ကျွန်တော်တို့ ဇာတ်လမ်းတစ်ပုဒ် အတူတူကြည့်ခဲ့ကြရပြန်ပြီ
ပေါ့" ဟု ပြောပြီး ခပ်သွက်သွက်ထွက်သွားပါတော့သည်။ မစ္စတာ ဆတ္ထဝိတ်
ဇဝေဇဝါ နှင့် ကျန်ရစ်ခဲ့ရ၏။ သူပြောသွားသော ဇာတ်လမ်းဆိုသည်မှာ
ဇာတ်ရုံထဲမှာ ကြည့်ရသည့် ဇာတ်လမ်းလား။ အပြင်ဘက်က ဇာတ်လမ်းလား

သူ၏ ယာဉ်မောင်း သည် ကားကို ဘေးလမ်းသွယ်တစ်နေရာတွင်
ရပ်ထားလေ့ရှိပါသည်။ ဇာတ်ရုံရှေ့တွင် ကားများရှေ့တိုးနောက်ဆုတ် လုပ်ကြ
ရင်း အချိန်ကုန်မည်ကို မစ္စတာ ဆတ္ထဝိတ် က မကြိုက်သောကြောင့် ဖြစ်
သည်။ ယခု ယာဉ်မောင်းကားရပ်ထားမည့်နေရာသို့သူလျှောက်သွားနေ
သည်။ သူ့ရှေ့နားတွင် ယခင်တွေ့ခဲ့သော စုံတွဲကို တွေ့ရပြန်၏။ တတိယ
လူငယ်လည်း ရောက်လာပြန်သည်။ မိနစ်ပိုင်းအတွင်းမှာပင် အော်ဟစ်ဆူ
ညံသံနှင့်အတူ ထွေးလုံးသတ်ပုတ်သည့် ရန်ပွဲတစ်ခု ဖြစ်ပွားလေတော့သည်

အုတ်နံရံကို ကျောပေးလျက် ထိတ်လန့်တုန်လှုပ်စွာ ရပ်နေသော မိန်း
ကလေးအနီးသို့ မစ္စတာဆတ္ထဝိတ် ကပ်သွားလိုက်သည်။ " ခွင့်ပြုပါ မိန်း
ကလေး" ဟု သူက ပြောလိုက်၏။ "မင်း ဒီမှာ ဆက်နေဖို့ မသင့်ဘူး"သူက
မိန်းကလေး၏ လက်မောင်းကို ကိုင်ပြီး သူ့ကားရှိရာသို့ ညင်သာစွာ ဆွဲခေါ်
သွားသည်။ မိန်းကလေးက ဇဝေဇဝါ ဟန်ဖြင့် နောက်သို့ လှည့်ကြည့်၏
မစ္စတာ ဆတ္ထဝိတ်က ခေါင်းခါပြပြီး " ဒီကိစ္စထဲ မင်း ရောပါနေ
ဘယ်ကောင်းပါ့မလဲ၊ ဆက်နေရင် မင်းပါ ရဲစခန်း ကို လိုက်သွားရလိမ့်မယ်
ဒါကို မင်း မိတ်ဆွေနှစ်ယောက်စလုံးက လိုလားကြမှာ မဟုတ်ဘူး " ဟု
ရှင်းပြလိုက်သည်။ ကားဆီသို့ ရောက်သောအခါ သူက " ဟောဒါ ကျုပ်ကား
ပဲ။ မင်း သဘောတူမယ်ဆိုရင် ဒီကားနဲ့မင်းအိမ်ကို လိုက်ပို့ပေးပါမယ်
ဟု ပြော၏။

မိန်းကလေး က သူ့ကို ကြည့်ပါသည်။ ဣန္ဒေကြီး၍ လေးစားလောက်
သော မစ္စတာ ဆတ္ထဝိတ်၏ မျက်နှာကို တွေ့ရပြီး သူမကားထဲသို့ ငုံ့ရှိ
ဝင်လိုက်သည်။ ယာဉ်မောင်းက သူမအတွက် တံခါးဖွင့်၍ ကိုင်ဆားပေး
သည်။"ကျေးဇူးတင်ပါတယ်" ဟု ပြောကာ သူမ၏ အိမ်လိပ်စာ ကိုလည်
တစ်ဆက် တည်း ပြောပြလိုက်ပါ၏။

မိန်းကလေးမှာ စိတ်ရှုပ်ပြီး စကားပြောလိုဟန် မရှိသောကြောင့် မစ္စတာ
ဆတ္ထဝိတ် က အလိုက်သိစွာပင် ငြိမ်နေလိုက်ပါသည်။ သို့ရာတွင် မိန်းကလေး

ပင် သူ့ဘက်လှည့်၍ စကားစပြော၏။ " လူတွေဟာ ဆင်ဆင်ခြင်ခြင်
နေတတ်ကြဖို့ ကောင်းတယ်ရှင်"

" ဟုတ်တယ်၊ ဆင်ဆင်ခြင်ခြင် မနေရင် စိတ်အနှောင့်အယှက် ဖြစ်ရ
တော့တာပဲ" ဟု သူက ထောက်ခံလိုက်ပါသည်။ သူစကားနှင့်တည်ကြည်
သောအမူအရာကြောင့် မိန်းကလေးတွင် ဖွင့်ဟတိုင်ပင်လိုစိတ် ဖြစ်လာပုံရပါ
သည်။

" ကျွန်မဆိုလိုတာက ဒီလိုပါ။ မစ္စတာအိစနေး နဲ့ ကျွန်မတို့ မိတ်ဆွေ
တွေ ဖြစ်ခဲ့ကြတာကြာပါပြီ။ ကျွန်မရဲ့ အသံကောင်းလာဖို့ သူအမျိုးမျိုး ဒုက္ခခံ
ပြီး နည်းလမ်းတွေ ရှာပေးခဲ့တာပါ။ သူက ဂီတကို အရူးအမူးစွဲလန်းတဲ့သူပါ
ပဲ။ ဒီည ကျွန်မကို ဇာတ်ရုံမှာ ခေါ်ပြတာလည်း သူတတ်နိုင်လှတော့ မဟုတ်
ပါဘူး။ ကျွန်မကိုကြည့်စေချင်လို့ပါ။ အဲဒီမှာ မစ္စတာဘန်း က ကျွန်မတို့ကို
လာစကားပြောတယ်။ ကောင်းကောင်းမွန်မွန်ပြောတာပါ။ ဒါပေမယ့် မစ္စတာ
အိစနေး က စိတ်ကောက်သွားတယ်။ ကျွန်မနားမလည်နိုင်အောင်ပဲ။
တယ်သူမဆို လွတ်လွတ်လပ်လပ် စကားပြောလို့ ရပါတယ်။ မစ္စတာဘန်း
တာလည်းစိတ် ကောင်းရှိတဲ့သူပါ။ ကျွန်မတို့ အိမ်ပြန်ဖို့ မြေအောက်ဘူတာရုံ
ကို သွားနေတုန်းမှာလည်း သူရောက်လာတယ်။ စကားစရုံရှိသေးတယ်၊
အိစနေးက အရူးတစ်ယောက်လို သူ့ကို ရန်လုပ်တော့တာပဲ။ အိုး - ကျွန်မ
ကျုံးဝမကြိုက်ပါဘူး"

မိန်းကလေးမှာ စိုးရိမ်ခြင်းနှင့် စိတ်ရှုပ်ခြင်းတို့ ရော၍ ခံစားနေရဟန်ရှိ
ပါသည်။ သူမက ဆက်၍ " သူဆိုးဆိုးဝါးဝါး ထိခိုက်အောင်တော့ မလုပ်
လောက် ပါဘူးနော်" ပြော၏။ ဘယ်သူမ မလုပ်မှာပါလိမ့် ဟု တွေးရင်း
အမှောင်ထဲတွင် မစ္စတာဆတ္ထဝိတ် ပြုံးမိပါသည်။ သူက - " မစ္စတာအိစနေး
က မစ္စတာဘန်း ကို ထိခိုက်အောင် မလုပ်လောက်ဘူးလို့ မိန်းကလေးမျှော်
လင့်နေတာထင်တယ်" ဟု ပြန်ပြောလိုက်သည်။ မိန်းကလေးခေါင်းညိတ်၏။
ကားက ဖြည်းဖြည်းချင်း ရပ်သွားပါသည်။

" မင်း မှာ တယ်လီဖုန်း ရှိသလားကွယ့်" ဟု သူက မေးရာ ရှိကြောင်း
မိန်းကလေးက ပြန်ဖြေပါသည်။

" ဒီလိုဆိုရင် ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ စုံစမ်းပြီး မင်းဆီကို ကျုပ်
ခန်းဆက်ပြောမယ်၊ ဟုတ်ပြီလား"

မိန်းကလေး ၏ မျက်နှာ ဝင်းပသွားပါသည်။ " အို - လူကြီးမင်း က
ဒီပဲကို ကြင်နာတတ်တာပဲရှင် အနှောင့်အယှက် ပေးသလိုများဖြစ်နေမလား

ရှင့်”

“ မဖြစ်ပါဘူးကွယ်”

သူမက ကျေးဇူးတင် စကား ထပ်ပြောပြီး ဖုန်းနံပါတ်ကို ပြောပါသည်။ ထို့နောက် အနည်းငယ်ရှက်နေဟန်ဖြင့် - “ ကျွန်မနာမည်က ဂီလီယဲ့ ဝင်ပါရှင့်”

မစ္စတာဆတ္ထဝိတ် ပြန်လာခဲ့ပါသည်။ သူပေးခဲ့သော ကတိကိုလည်း အောင်ဆောင်ရွက်ပေးလိုက်ပါ၏။

နောက်တစ်ပတ် တနင်္ဂနွေ နေ့လယ်ပိုင်းတွင် တောင်ဇလပ်ပန်းများ ကြည့်ရန် ကယူးပန်းခြံသို့ မစ္စတာဆတ္ထဝိတ် ရောက်သွားပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အမျိုးသမီးငယ်တစ်ယောက်နှင့်အတူ ဤ ပန်းခြံ အပြာရောင်ခေါင်းလောင်းပန်းများ ကြည့်ရန်ရောက်ခဲ့ဖူးပါသည်။ ထိုအခါ အမျိုးသမီးငယ်ကို သူ့အချစ်ဖွင့်ဆိုပြီး သူမ၏ တုံ့ပြန်မေတ္တာကို တောင်းခံ လည်း စိတ်ပိုင်းဖြတ်ထား၏။ သူပြောမည့် စကားတို့ကိုလည်း ဂရုတစိုက် နှင့် သေချာစွာ ရွေးချယ်ထားပြီးဖြစ်ပါသည်။ မိန်းကလေးက ခေါင်းလောင်း ပန်းပြာများကို သဘောကျစွာ ခြီးကျူးနေစဉ်တွင် သူက အလိုက်သင့် အ လိုက်နေပြီး စိတ်ထဲတွင်မူ ပြောမည့်စကားတို့ကို စီစဉ်နေမိ၏။ ထိုအခြိန်ပင် မမျှော်လင့်သော ကံဆိုးမှုရောက်လာခဲ့ခြင်းဖြစ်သည်။ မိန်းကလေး သူ့ကို မိတ်ဆွေရင်းချာတစ်ဦးအဖြစ် ယုံကြည်စွာနှင့်တခြားတစ်ဦးအ ထားရှိသော သူမ၏ အချစ်ကို ဖွင့်ဟတိုင်ပင်လေလာတော့သည်။ ကြိုး ပမ်းစား ရွေးချယ်ရှာဖွေခဲ့သော သူ့စကားတို့ကို မစ္စတာ ဆတ္ထဝိတ် စွန့် လိုက်ရပါ၏။ မိတ်ဆွေစစ်တစ်ဦးအနေဖြင့် အဖြောင့်မှန်ဆုံး စေတနာစ တို့ဖြင့်သာ အကြံဉာဏ်ပေးခဲ့ရပါတော့သည်။

မစ္စတာဆတ္ထဝိတ် ၏ နှလုံးသားဇာတ်လမ်းမှာ ဤမျှနှင့် နိဂုံးချုပ်ခဲ့ပါ ပြင်းထန်ဆူပွက်ခြင်းမရှိဘဲ၊ ကြက်သီးနွေးမျှသာဖြစ်သော ရှေးဟောင်းဇာ လမ်းတစ်ပုဒ် ဖြစ်ပါသည်။ သို့ရာတွင် ထိုဇာတ်လမ်းကြောင့်ပင် ကယူးပန်း သို့ သူကြာခဏ လွမ်းစိတ်များနှင့် ရောက်လေ့ရှိပါသည်။ ခေါင်းလောင်း ပြာများကိုလည်းကောင်း၊ တောင်ဇလပ်ပန်းများကိုလည်းကောင်း လွမ်းလို့ ဆွေးဆွေးကြည့်ရှုရင်း တစ်ကိုယ်တည်း ဘဝကို ဖြတ်သန်းခဲ့ရပါသည်။

ပန်းခြံထဲ လျှောက်သွားနေစဉ်တွင် ကော်ဖီဆိုင်တစ်ခု၏ မြင်ခင်း ပေ စားပွဲတစ်လုံး၌ ဂီလီယဲ့ ဝက်စ်နှင့် အဖော်အမျိုးသားကို သူတွေ့လိုက် ရသည် သူတို့ကလည်း သူ့ကိုမြင်၏။ မိန်းကလေးက သူ့အဖော်ကို တစ်စုံတစ်

ပြာပြအပြီးတွင် မစ္စတာ ဆတ္ထဝိတ် က သူတို့၏ ဖိတ်ခေါ်ချက်ကို လက်ခံ ပါသည်။

“ ဂီလီယဲ့ ကို စောင့်ရှောက်ခဲ့တဲ့အတွက် ဘယ်လောက်ကျေးဇူးတင် ကြောင်းဆိုတာကို ပြောမပြတတ်လောက်အောင်ပါပဲခင်ဗျာ” ဟု မစ္စတာဘန်း က သူ့ကို ပြော၏။ မိန်းကလေးကလည်း - “ ဟုတ်ပါတယ်ရှင်၊ သိပ်ကို ကျေးဇူးတင်ဖို့ကောင်းပါ” ‘ဟု ဖြည့်ပြောသည်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး မစ္စတာဆတ္ထဝိတ် ကြည်နူးမှုဖြစ်ရပါသည်။ ထိုနေ့မှာပင် သူတို့ စေ့စပ်ပြီး ကြောင်း သိရသောအခါ သူ မအံ့သြတော့ပါ။ ဘန်းမှာ သဘော်ကုမ္ပဏီ ခုတွင် စာရေးတစ်ယောက်ဖြစ်သည်။ သူ့ကိုယ်ပိုင်ငွေလည်း အတန်အ ဆင့် ရှိပါ၏။ မကြာမီ သူတို့ လက်ထက်ကြမည်ဖြစ်သည်။

လာမည့်ကြာသပတေးနေ့တွင် ဂီလီယဲ့ နှင့်အတူ လက်ဖက်ရည်သောက် ရန် ကတိပေးခဲ့ပြီးနောက် မစ္စတာဆတ္ထဝိတ် ပြန်လာခဲ့ပါသည်။

ကြာသာပတေးနေ့တွင် ဂီလီယဲ့ ၏ အိမ်သို့ သူရောက်သွားသောအခါ ဧည့်သည်တစ်ဦးတည်းသာ ရှိနေပါသည်။ မစ္စတာဘန်း မှာနောက်မ ကျသွားလာမည်ဖြစ်သည်။ မိန်းကလေးမှာ ဗျော်နေပုံရပါသည်။ စိတ်ထဲတွင် ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားသည့်အလားဖြစ်၏။ သူမက ပွင့်ပွင့်လင်း ပင်း ရှင်းပြပါသည်။

“ ကျွန်မ အိစနေးကို စေ့စပ်တဲ့သတင်း ပြောပြဖို့ အတော်တွန့်ဆုတ်နေ ဘာ။ ကျွန်မ စိုးရိမ်သလို မဟုတ်ပါဘူး။ သူ အေးအေးဆေးဆေး ပဲ လက်ခံ တယ်။ ပထမတော့ စိတ်ပျက်သွားတာပေါ့။ ဒါပေမယ့် သူသဘောထားပြည့် တယ်။ ဒီမှာလေ- ဒီမနက်ပဲ သူ ကျွန်မဆီ ဝို့လိုက်တာ၊ မင်္ဂလာလက်ဖွဲ့တဲ့။ လှဘူးလား”

အလွန်လှပါ၏။ နောက်ဆုံးပေါ် ရေဒီယို အသံဖမ်းစက်တစ်လုံးဖြစ်ပါ သည်။

“ ဂီတကို ကျွန်မတို့နှစ်ယောက်စလုံး သိပ်ကြိုက်တယ်လေ” ဟု မိန်းက လေး က ရှင်းပြ၏။ “ အိစနေး က ပြောတယ်။ ရေဒီယိုကလာတဲ့ တေးဂီတ ကို့ဖြေပွဲကို ကျွန်မ နားထောင်နေတဲ့အခါ သူ့ကို နည်းနည်းတော့ သတိရမိ ပါပဲတဲ့။ ဟုတ်ပါတယ်၊ သတိရမှာပါ။ ကျွန်မတို့က ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ခဲ့တာကိုး”

“ မင်းရဲ့ မိတ်ဆွေအတွက် မင်းဂုဏ်ယူချင်မှာပေါ့ကွာ” ဟု မစ္စတာ ဆတ္ထဝိတ် က ပြန်ပြော၏။ “ သူ ဟာ ရုံးနိမ့်မှုကို တကယ့်အားကစားသမား

ကောင်းတစ်ယောက် လိုလက်ခံခဲ့တာပဲ”

ဂီလီယံ က ခေါင်းညိတ်ပါသည်။ သူမျက်လုံးများတွင် မျက်ရည်ဝဲ
စုလာ၏။ “ သူက ကျွန်မကို တောင်းဆိုထားတာ တစ်ခုရှိတယ်။ ဒီနေ့
ဟာ ကျွန်မတို့ စတွေ့ခဲ့ကြတဲ့ နှစ်ပတ်လည်နေ့မို့ ကျွန်မ အိမ်မှာပဲနေ
ဂီတ တွေ နားထောင်နေစေချင်ပါတယ်တဲ့။ ကျွန်မ ကတိပေးလိုက်ပါတယ်
သီချင်းတွေ နားထောင်ရင်း ကျွန်မတို့ရဲ့ မိတ်ဆွေဘဝကို သတိရနေမှာ

မစ္စတာဆတ္ထဝိတ် ခေါင်းညိတ်၏။ သို့ရာတွင် နည်းနည်းတော့ စိတ်
သွားဟန်ရှိပါသည်။ သူသည် လူတို့၏ သဘောသဘာဝကို ဝေဖန်အကဲခြ
ရာတွင် လွန်စွာမှားခဲ့လှပါသည်။ အိစနေး သည် ထိုသို့သော လွမ်းဆွတ်ကြည
နူးဖွယ် တောင်းဆိုမှုမျိုး လုပ်မည့်သူ မဟုတ်ဟု သူ ထင်မြင်ပါ၏။ ထို လူ
သည် ပြဿနာဖန်တီးရန်ကိုသာ ပို၍ စိတ်ညွှတ်တတ်သူဖြစ်သည်။

ဂီလီယံ မှာ ထိုအယူအဆကို လက်ခံနိုင်လိမ့်မည် မဟုတ်ပါ။ မစ္စတာ
ဆတ္ထဝိတ် အနည်းငယ် စိတ်ပျက်သလို ဖြစ်မိပါသည်။ ကြည်နူးဆွတ်ပျံ့စ
စိတ်ခံစားမှုမျိုးကို သူကောင်းစွာ နားလည်ပါ၏။ သူလို အသက်အရွယ်ကြ
သူများက ထိုခံစားမှုမျိုးကို ပို၍ နားလည်ပါသည်။ ခေတ်ဆန်သော လော
တွင် ထိုခံစားမှုမျိုးအတွက် နေရာမရှိပါ။ ဂီလီယံ၏ အဆိုတော် တစ်ယော
ဖြစ်လာရန် ကြိုးပမ်းမှုကို သူ စူးစမ်းကြည်၏။ သူမ၏ အသံမှာ ဆွဲဆော
မှု ရှိသည်မှန်သော်လည်း ဒုတိယတန်းစား အဆင့်သာဖြစ်သည်။ အဆိုတော
လုပ်မည်ဆိုပါက သူမ၏ အသံကြောင့်ထက် မျက်နှာကြောင့်သာ အောင်မြ
နိုင်ဖွယ်ရှိပါသည်။ ဘန်း ရောက်လာသည်အထိ မစောင့်တော့ဘဲ သူပြန်
ပြင်လိုက်၏။ ထိုအချိန်တွင် စင်တစ်ခုပေါ်ရှိ အလှဆင်ပစ္စည်းတစ်ခု
သူသတိပြုမိလိုက်သည်။ အပေါစား ပစ္စည်းများကြားတွင်ရှိ ထိုပစ္စည်း
အမှိုက်ပုံထဲက ရတနာ တစ်ပါးလိုပေါ်လွင်နေပါသည်။

ထိုပစ္စည်းမှာ အစိမ်းရောင်ဖန်ထည်ဖြင့် ပြုလုပ်ထားသော ရေတကော
တစ်ခုဖြစ်သည်။ လည်ရှည်ရှည်နှင့် ကြည့်၍လှပါသည်။ နှုတ်ခမ်းအဖျား
ဆပ်ပြာပူဖောင်းကြိုး တစ်ခုကို ဖန်ပါးပါးဖြင့် အလှအပသဖွယ် ပြုလုပ်ထား
ကြည့်သည့်နေရာပြောင်းသလိုအရောင် လိုက်ပြောင်းတတ်သော ဖန်
ဖြစ်ပေသည်။ သူစိတ်ဝင်တစားကြည့်နေသည်ကို ဂီလီယံ သတိပြုမိသွား
“ အဲဒါလည်း အိစနေး ပေးတဲ့ မင်္ဂလာလက်ဖွဲ့ပါပဲ။ တော်တော်လှတာ
ရှင့်။ သူအလုပ်လုပ်တဲ့ ဖန်ထည်စက်ရုံက ထွက်တာပါ။

“ တကယ် လက်ရာမြောက်ပါပေတယ်။” မစ္စတာဆတ္ထဝိတ်

တလေးတ စား ခိုးကျူးလိုက်ပြီးနောက် ပြန်လာခဲ့သည်။ သူခေါင်းထဲတွင်
အတွေးများစွာ ရှိနေ၏။ အိစနေးသည် ထူးထူးခြားခြား စိတ်ဝင်စားစရာ
ကောင်းသော လူငယ် တစ်ယောက်ဖြစ်သည်။ သို့တိုင်အောင် ထူးခြားသော
အလှမျက်နှာရှိသည့် မိန်းကလေးသည် ဘန်းကို ပို၍ ချစ်ခင်ခဲ့လေသည်။
နားလည်ရန် ခက်သော လောကကြီးပါတကား။

မစ္စတာကွင်း အကြောင်းကိုလည်း သူစဉ်းစားမိသည်။ ယခုတစ်ကြိမ်
မစ္စတာကွင်း နှင့် တွေ့ဆုံခဲ့ပြီးနောက်တစ်စုံတစ်ရာ ထူးခြားသော အဖြစ်အ
ပျက် မကြုံခဲ့ရပေ။ သူ့မိတ်ဆွေနှင့် ယခင်က တွေ့ကြုံခဲ့သည့်အခါတိုင်းတွင်
တစ်ခုခု ထူးထူးခြားခြား ကြုံရမြဲဖြစ်ပါသည်။ မစ္စတာကွင်းနှင့် တိုက်ရိုက်
မပတ်သက်သည့် ကိစ္စမျိုး ဖြစ်စေကာမူ ကြိုတင်မမြင်နိုင်သော ကိစ္စတစ်ခုခု
ပေါ်ပေါက်ခြင်းမှာ အစဉ်အလာတစ်ခုလို ဖြစ်နေပါတော့သည်။ ထိုအ
ကြောင်းကြောင့်ပင် သူမိတ်ဆွေကြီး ရောက်နေကျ ‘ လမ်းဆုံ’ စားသောက်
ဆိုင်ဘက်သို့ ဦးလှည့်လိုက်၏။

ဆိုင်ထဲတွင် နေရာအနှံ့ လိုက်ရှာသော်လည်း အသားညှိညှိ မျက်နှာ
ပြုံးပြုံးနှင့် သူမိတ်ဆွေကို မတွေ့ရပါ။ သို့ရာတွင် စားပွဲငယ်တစ်ခုတွင်
တစ်ယောက်တည်း ထိုင်နေသူ တစ်ဦးကို သူတွေ့ရ၏။ အိစနေး ဖြစ်ပါသည်။
ဆိုင်ထဲတွင် လူပြည့်သလောက်ရှိနေသောကြောင့် မစ္စတာဆတ္ထဝိတ် က
လူငယ်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ မစ္စတာကွင်း ပြောခဲ့
သည့် ဇာတ်လမ်းဆိုသည်မှာ ဤ လူငယ်နှင့်ပတ်သက်ကောင်း ပတ်သက်နိုင်
ပေသည်။ အိစနေး နှင့် စကားလက်ဆုံကျရန်မှာ မခက်လှပါ။ သူသည်
စကား ပြောရန် ဝါသနာ ရှိပုံပေါ်ပါသည်။ မစ္စတာဆတ္ထဝိတ် မှာမူ ပြောသူကို
အားပေးတတ်သည့် နားထောင်သမားသာဖြစ်၏။ သူတို့စစ်ပွဲအကြောင်း၊
ပေါက်ကွဲစေတတ်သော ယမ်းဘီလူးများအကြောင်း၊ အဆိပ်ငွေ့များ
အကြောင်း ပြောဖြစ်ကြ၏။ အိစနေးသည် ထိုအကြောင်းအရာများကို
ကောင်း စွာကျွမ်းကျင်ပါသည်။ စစ်ကြီးအတွင်းက အဆိပ်ငွေ့ထုတ်လုပ် ရာ၌
ကိုယ် တိုင်ပါဝင်ခဲ့ရသူဖြစ်၏။ မစ္စတာဆတ္ထဝိတ် အဖို့ လွန်စွာ စိတ်ဝင်
စားရသော အကြောင်းအရာများ ဖြစ်ပါပေသည်။

တစ်ကြိမ်တစ်ခါမှ အသုံးမပြုခဲ့ရသေးသော ဓာတ်ငွေ့တစ်မျိုးအကြောင်း
ကို သူက ရှင်းပြ၏။ စစ်ပွဲတွင် အပစ်အခတ်ရပ်ရန် သဘောတူညီခဲ့ကြ
စောစီးစွာ ပေါ်ထွက်လာသောကြောင့် မသုံးခဲ့ရခြင်းဖြစ်သည်။ စစ်ပွဲကို အပြီး
သတ်အောင်နိုင်စေမည့် လက်နက်အဖြစ် ထိုဓာတ်ငွေ့ တီထွင်မှုအပေါ် အား

ထားခဲ့ကြပါ၏။ ရှုမိသူကို တစ်ခဏလေးအတွင်းမှာပင် အသက်ဆုံးရှုံးစေ
လောက်အောင် အန္တရာယ်ကြီးလှပါသည်။

စစ်လက်နက်တီထွင်မှုများအကြောင်း အားပါးတရ နှင့် မဆုံးနိုင်အောင်
ပြောနေသောကြောင့် မစ္စတာ ဆတ္ထဝိတ်က စကားလမ်းကြောင်းကို ဂီတဘက်
သို့ မသိမသာ ပြောင်းပေးလိုက်ပါသည်။ အိစနေး ပို၍ သွက်လက်လာ၏
ဂီတတွင် လွန်စွာနှံ့စပ်သူ တစ်ဦးဖြစ်ကြောင်း သူ့စကားတို့အရ သိသာလှ
သည်။ ယော်ရှာဘင်၏အကြောင်းကို ဆွေးနွေးကြသောအခါ သူ စိတ်ထ
သန်စွာပြောဆိုပါ၏။ အမျိုးသား အဆိုတော်များတွင် သူ့အသံထ
ပိုမြင့်အောင် သီဆိုနိုင်သူ မရှိတော့ဟု သူတို့နှစ်ဦးစလုံးသဘောတူကြ
သည်။ အိစနေးသည် ကလေးဘဝက ကာရူဆို၏ သီဆိုသံကို နားထော
ခဲ့ဖူးပါသည်။ သူဘယ်တော့မှ မမေ့နိုင်ခဲ့ပါ။

" သူဆိုတဲ့သီချင်းသံကြောင့် ဝိုင်ဖန်ခွက်ကွဲသွားရတာဆိုတာ ကြား
သလား ခင်ဗျ" ဟု အိစနေးကမေးရာ မစ္စတာ ဆတ္ထဝိတ်က ပြုံးလျက်
ကျုပ်ကတော့ စိတ်ကူးယဉ်ပုံပြင်လို့ပဲသဘောထားတယ်" ဟု ပြန်ဖြေ၏။

" မဟုတ်ဘူးခင်ဗျ၊ အဲဒါတကယ့်အမှန်ပါ။ ပဲတင်ထပ်လောက်တဲ့ ခြင်
ဟိန်းသံကို အဆုံးတင်လိုက်တာပါ"

သူက အသေးစိတ် ကျွမ်းကျင်မှုဆိုင်ရာ အချက်အလက်များကို ရှင်းပြ
သည်။ သူမျက်လုံးများမှာ စိတ်ထက်သန်မှုဖြင့် တောက်ပြောင်နေပါ၏။
အကြောင်းအရာမှာ မစ္စတာဆတ္ထဝိတ်ကို ကောင်းစွာ ဆွဲဆောင်နိုင်ပေ
လူငယ်သည် ထိုဘာသာရပ်နှင့် ပတ်သက်၍ ကျွမ်းကျင်နှံ့စပ်ပါပေသည်
သူ စိတ်ထဲမှ ခီးကျူးလိုက်ပါသည်။ တကယ်ကိုထူးချွန်တောက်ပြောင်
ဦးနှောက်ပိုင်ရှင်ပါပဲ ဟု သူအသိအမှတ်ပြုရ၏။

အခြိန်အတော်ပင်ကြာသွားကြောင်းသတိပြုမိသောအခါမှ မစ္စတာဆတ္ထ
ဝိတ် ကျေးဇူးတွေရှင်းလိုက်ပြီး ပြန်ရန်ပြင်ပါသည်။ အိစနေး က တောင်းပ
ဟန်ဖြင့် - " ကျွန်တော့် စကားတွေ ပေရှည်သွားတာနဲ့ လူကြီးမင်းရဲ့အချိ
တွေ အတော်ကုန်သွားပြီထင်ပါတယ်။ လူကြီးမင်းရောက်လာတာ ကျွန်တော်
အတွက်တော့ အတော်ကောင်းတယ်ခင်ဗျ။ ဒီညနေမှာ တစ်ယောက်ယောက်
ကို ကျွန်တော်စကားပြောဖို့ လိုအပ်နေတာမို့ပါ" စကားအဆုံးတွင် သူ
ခပ်ဆန်းဆန်းရယ်လိုက်၏။ သူမျက်လုံးများက စိတ်လှုပ်ရှားစရာ ခံစား
တစ်ခုခုကို ထိန်းချုပ်ထားရသလို တောက်ပြောင်နေပါသည်။ သို့တိုင်အော

သူကြည့်ရသည်မှာ ဝမ်းနည်းစိတ်မကောင်းစရာတစ်ခုခု ရှိသလိုထင်နေရ
ပါ၏။

" စကားပြောလို့ကောင်းပါတယ်။ တော်တော်စိတ်ဝင်စားစရာ
ကောင်းတဲ့ အကြောင်းတွေပဲ" ဟု မစ္စတာ ဆတ္ထဝိတ် က ပြောပြီးနောက်
နှုတ်ဆက်လျက် ဆိုင်ထဲမှ ထွက်လာခဲ့သည်။ လမ်းလျှောက်နေရင်း
ထူးဆန်းသောအတွေးများ လည်း သူ့စိတ်ထဲတွင်ဖြစ်နေပါ၏။ မိတ်ဆွေကြီး
မစ္စတာကွင်း ကို ဆိုင်ထဲတွင် သူတွေ့ခဲ့သလိုလိုထင်နေမိသည်။ ထို့နောက်
သူနှင့်အတူတူ လမ်းလျှောက် နေသည်ဟူသော အတွေးများသာဖြစ်ပါသည်။
သူ့ဘေးတွင် မစ္စတာ ကွင်း ရှိမနေပါ။ ထို့နောက် အခြားအတွေးတစ်ခုထပ်၍
ထင်လာပြန်ပါသည်။ သူ အရေးတကြီးလုပ်စရာတစ်ခုခု ရှိနေသည်ဟူသော
အတွေးဖြစ်ပါသည်။ မစ္စတာကွင်းနှင့် သူခွဲခွာခါနီးတွင် သူ့ မိတ်ဆွေကြီးက
" ကျွန်တော်တို့ နှစ်ယောက် ဆုံလို့ ထူးခြားတာတစ်ခုခုဖြစ်တိုင်း ခင်ဗျားပဲ
ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့တာချည်းပါပဲ" ဟု ပြောခဲ့သည်။ ယခု သူတွင်
ဖြေရှင်းစရာ တစ်ခုခု ရှိနေပြီဟု သူထင်နေမိ၏။ သူ အလျှင်အမြန်
ထားဆီးရမည့် အန္တရာယ်တစ်ခုခုရှိသကဲ့သို့ ခံစားနေမိသည်။ ဘာမှန်း
သိသော တစ်ခုခု ကတော့ အကြီးအကျယ် လွဲချော်နေပေပြီ။

မစ္စတာကွင်း သာ သူ့ဘေးနားတွင် ရှိနေလျှင် ဘယ်လိုပြဿနာမျိုးလဲ
ဟု သူမေးကြည့်နိုင်ပေလိမ့်မည်။ သို့ရာတွင် အကြောင်းထူးဖွယ်တော့မရှိလှ
ပါ။ မစ္စတာကွင်း သည် သူ့ထုံးစံအတိုင်းပင် " ခင်ဗျား လက်ထဲမှာ အချက်အ
လက်တွေ အကုန်ရှိနေသားပဲ' ဟု ပြောမည်မှာ သေချာပါသည်။ အချက်အ
လက်တွေ ဘယ်လို အချက်အလက်တွေလဲ။ ဘယ်သူ့အတွက် ဘယ်လို အန္တ
ရာယ် ရှိတဲ့ အချက်အလက်မျိုးလဲ။ ပြီးခဲ့သော အဖြစ်အပျက်တို့ကို
သုံးပြန်စဉ်း စားကြည့်သည်။ ဂီလီယံဝက်စ် ကို သူပြန်မြင်သည်။ ယခုဆိုလျှင်
သိမ်းက လေး သည် ရေဒီယိုအစီအစဉ်ကို ထိုင်နားထောင်နေပေလိမ့်မည်။
ရေဒီယိုက ဘာ အစီအစဉ်တွေ လွှင့်မှာလဲ။ သူသည် အနားမှဖြတ်သွားသော
သတင်းစာ ရောင်းသူကလေးတစ်ဦးထံမှ သတင်းစာတစ်စောင်ဝယ်ပြီး
သန့်ဒန်ရေဒီယို အစီအစဉ်ကို လှန်ကြည့်လိုက်သည်။ ယနေ့သည် ယော်ရှာဘင်
သီဆိုဖျော်ဖြေ အသံလွှင့်မည်ဖြစ်သည်။ သူ၏ ကျော်ကြားသော
တေပေါ်တေးစု၊ ထို့နောက် ရိုးရာတေးများဖြစ်သည့် သိုးထိန်းသီခွင်
ကလေး' ' ရွှေသမင်' စသည်တို့ ဖြစ်သည်။

အိစနေး ၏ ထူးခြားသော ဖောင်းဆိုမှုကို သူသတိရသည်။ သူ ပင်ကို
ဘာဝနှင့် မကိုက်ညီသောတောင်းဆိုမှု၊ အိစနေး သည် ဆွတ်ပျံကြည်နူးဖွယ်
စားမှုမျိုးကို သာယာတတ်သူမဟုတ်။ သူသည် ပြင်းထန်သည့် လှုပ်ရ
မှုများကို အားသန်သူဖြစ်သည်။ ဘေးအန္တရာယ်ဖန်တီးမှုကို စိတ်ဝင်စား
ဖြစ်သည်။ သူသည် အန္တရာယ်ရှိနိုင်သလား။ " ခင်ဗျားလက်ထဲမှာ အချက်
လက်တွေ အကုန်ရှိနေသားပဲ" ဟု သူမိတ်ဆွေ ပြောလေ့ရှိသည်။ ထိုအချ
အလက်များတွင် အိစနေး ပါဝင်နေဖို့ သေချာသလောက်ပင်။ သူ အိစနေး
တွေ့ဆုံပြောဆိုခဲ့ရသည်တို့ကို ပြန်စဉ်းစား၏။ သူစိတ်ထဲတွင် အရေးတ
လုပ်စရာတစ်ခုခု ရှိနေသည်ဟု ထင်လာရခြင်းမှာ ထိုစကားပိုင်းနှင့် ပတ်သ
နေနိုင်ပေသည်။ သူတို့ ဘာတွေ ပြောဖြစ်ကြသလဲ။ စစ်ပွဲ၊ စစ်လက်နက်
တေးဂီတ၊ ကာရူဆို။

ကာရူဆို - မစ္စတာ ဆတ္ထဝိတ် ယော်ရှာဘင် ကို ရုတ်တရက် သတိရသွား
သည်။ ယော်ရှာဘင်၏ အသံမှာ ကာရူဆိုနှင့် အတော်တူပေသည်။ ထိုအ
ကို ယခု ထိုင်နားထောင်နေမည်ဖြစ်သော ဘီလီယံကို သူ့အတွေးတွင် မြင်
သည်။ အင်အားကြီးသော၊ ပဲ့တင်ထပ်သောတေးသံက တစ်ခန်းလုံးပြ
အောင် မြည်ဟိန်းနေပေလိမ့်မည်။ ဖန်ခွက်တို့ကိုပင် ကွဲစေနိုင်သည့် အ
သူရုတ်တ ရက် သက်ပြင်းရှိက်လိုက်မိ၏။ အစိမ်းရောင် ဖန်ခွက်ပါးပါး
လုပ်ထားသော ရေတကောင်းတစ်ခု၊ ဆပ်ပြာပူဖောင်းသဏ္ဌာန် ဖန်
တစ်လုံး။

ထိုအခိုက်မှာပင် မစ္စတာဆတ္ထဝိတ် ရှူးသွပ်သလိုဖြစ်သွားပါ၏။ သတ
စာကို သွေးရူးသွေးတန်းနှင့်ပြန်လှန်ကြည့်၏။ ထို့နောက်လမ်းပေါ်
သူပြေးလေတော့သည်။ ပထမ ဆုံး တွေ့သော တက္ကစီထဲသို့ ခုန်ဝင်လိုက်
လိပ်စာကို ဒရောသောပါးပြော ကာ အမြန်ဆုံးနှုန်းနှင့် မောင်းခိုင်းလိုက်
သည်။ ယာဉ်မောင်းက ချမ်းသာ ပုံရသော သူ့ ခရီးသည်ကို ကြည့်ပြီး လိ
အဆုံးနင်းလိုက်ပါ၏။

မစ္စတာဆတ္ထဝိတ် နော်က်ကို မှီထိုင်လျက်တွေးရင်းလိုက်ပါလာသည်
သူ့ခေါင်းထဲတွင် အချက်အလက်တို့က အပိုင်းအစတွေလို ရောထွေးနေသည်
အိစနေး ပြောခဲ့သည့် ပညာရပ်ဆိုင်ရာ စကားလုံးများ။ ပဲ့တင်ထပ်လော
သည့် မြည်ဟိန်းသံ၊ အင်အားသုံးလိုက်သည့် အခိုက်အတန့်သည် သဘာ
ပိုင်ဆိုင်သည့် အခိုက်အတန့်နှင့် အတိအကျ ထပ်မိသွားသည့်အခါ - အိစနေ
သည် ဤဘာသာရပ်ကို ကောင်းစွာလေ့လာထားပေသည်။ ဤဘာသာ

ွင် သူသည် ပါရမီရှင်ပင်ဖြစ်တော့သည်။

ဆယ်နာရီလေးဆယ့်ငါးတွင် ယော်ရှာဘင် စတင်ဖော်ဖြေမည်ဖြစ်
သည်။ ယခုပင် ထိုအချိန်ရောက်နေပြီ။ ခေတ်ပေါ်တေးစုတို့ အရင်လာမည်
ဖြစ်၏။ ထို့နောက်မှ ပဲ့တင်ထပ်လောက်သော မြည်ဟိန်းသံကြီးနှင့် "သိုးထိန်း
သီချင်း"

သူစိတ်မှာ အတွေးတွေ ချာချာလည်နေဆဲဖြစ်သည်။ ဘုရားသိကြားမလို့
အချိန်မီရောက်ပါစေ။

တက္ကစီရပ်သွားသည်နှင့် ဝုန်းခနဲပြေးထွက်ပြီး ဒုတိယထပ်သို့ လူငယ်
အားကစားသမား တစ်ဦးပမာသူပြေးတက်သွားသည်။ အိမ်ရှေ့တံခါးမှာ
ခေါ့ထားရုံသာ ဖြစ်၍ သူတွန်းဖွင့်လိုက်၏။ အသံမြင့် သီချင်းသံကို
ကြားရသည်။ သိုးထိန်း သီချင်း၏ စာသားတို့နှင့် သူမစိမ်းလှပါ။

" သိုးထိန်းရေ- မင်းရဲ့မြင်းတွေ လည်ဆံမွေးတယမ်းယမ်းနဲ့"

သူအချိန်မီပါသေးသည်။ ဧည့်ခန်းတံခါးကို သူခပ်ကြမ်းကြမ်းတွန်းဖွင့်
လိုက်၏။ ဂီလီယံသည် မီးလင်းပုံဘေးရှိ ထိုင်ခုံရှည်တွင် ထိုင်နေသည်။

" ဘာယာ မစ်ရှားရဲ့သမီးလေး . . သူမဂ်လာပွဲဟာ ဒီနေ့ . .
ငါက ဆုန်စိုင်းနေပြီ . . သူမဂ်လာအမိမေ့. . . "

မိန်းကလေးက သူရှူးနေပြီဟု ထင်ပေလိမ့်မည်။ သူက မိန်းကလေး ၏
သက်မောင်းကို ဆုပ်ကိုင်လိုက်၏။ ဗလုံးဗထွေးနှင့်တစ်ခုခု အော်ပြောနေ
သည်။ ထို့နောက် တရွတ်ဆွဲလုနီးပါး အပြင်သို့ခေါ်သွားလိုက်သည်။ လှေကား
ရောက်သည် အထိပင်။

" ငါ ဒုန်စိုင်းလာနေပြီ . . . . မင်းလက်ထပ်ပွဲကိုဟေ့ . . .
ယား . . . . အား . . . . . "

ထူးဆန်းစွာ မြည်ဟိန်းလိုက်သည့်အသံ၊ လည်ချောင်းအပြည့်၊ အားကြီး
ခြင်းနှင့် ရှိသမျှ အသံကုန်အောင် အော်လိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်း
ပင် အခြားအသံတစ်ခုကိုလည်း ကြားရသည်။ ဖန်ထည်တစ်ခု ကွဲကြေသွား
သံ၊

ကြောင်လေးတစ်ကောင် သူတို့ နှစ်ဦးနားမှဖြတ်၍ အခန်းထဲသို့ လှစ်ခနဲ
ပြေးဝင်သွားသည်။ ဂီလီယံက လှုပ်ရှားမည်ပြုသော်လည်း မစ္စတာဆတ္ထဝိတ်
က ဖမ်းဆွဲထားလိုက်ပြီ မသွားနဲ့- သိပ်ကို အန္တရာယ်များတယ်၊ တစ်
ချက်ရှုမိတာနဲ့ ကိစ္စတုံးရော။ တခြား ဘာနဲ့မှ မတူဘူး။"

အိစနေး သူ့ကို ရှင်းပြခဲ့သောကြောင်းတို့ကို သူပြန်ပြောနေခြင်းဖြစ်ပါ

သည်။ ဂီလီယံမှာမူ နားမလည်နိုင်စွာပင် သူ့ကို စိုက်ကြည့်နေပါ၏။

အိစနေး သူ့နာရီကို ကြည့်လိုက်သည်။ ဆယ့်တစ်နာရီခွဲပြီ။ ပြီးခဲ့
ဆယ့်ငါးမိနစ်က တာပေါ်တွင် သူခေါက်တုံ့ခေါက်ပြန် လမ်းလျှော
နေခဲ့သည်။ သိမ်းမြစ်ကြီးကို သူ့ကြည့်နေရင်းမှ လမ်းဘက်သို့ မျက်နှာ
လိုက်ရာ ညနေက တွေ့ခဲ့သည့် သူ့စကားပြောဖော်နှင့် မျက်နှာချင်းဆိုင်လို
ရလေသည်။

" ထူးလှချည့်လား" ဟု သူ ပြောရင်းရယ်လိုက်၏။ " ဒီည ကျွန်တော်
အတော်ကံဆုံနေကြတယ်ထင်ပါရဲ့"

" ကံ လို့မောင်ရင်က ထင်နေလား" ဟု မစ္စတာဆတ္ထဝိတ် က မေးလို
သည်။

" ဒါဖြင့် ဘာကြောင့်လဲဗျ" ဟု လူငယ်က အေးအေးဆေးဆေးမေး

မစ္စတာဆတ္ထဝိတ် အကြောင်းရင်းကို တည့်တည့်ပင်ပြောပါသည်။ "
အခု မစ္စဂီလီယံဝက်စ် ရဲ့အခန်းကနေပြန်လာခဲ့တာ"

" အဲဒီတော့ . . . " လူငယ်၏ အသံမှာ အေးဆေးတည်ငြိမ်လျက်
ရှိပါသည်။

" ကြောင်သေတစ်ကောင်ကို တို့ အိမ်ခန်းထဲကနေ ဆွဲထုတ်ခဲ့ရတယ်

ခေတ္တ တိတ်ဆိတ်သွား၏။ ထို့နောက် အိစနေးက" ခင်ဗျားဘယ် သူ
ဟု မေးလိုက်သည်။

မစ္စတာဆတ္ထဝိတ် အကျယ်အဝင့်ပြောပြလိုက်ပါသည်။ ဖြစ်ပျက်ခဲ့သ
အစအဆုံး ပြန်ပြောလိုက်၏။

" ကျုပ် အချိန်မီရုံကလေး၊ ရောက်သွားခဲ့တယ်" ဟု ပြောပြီး သူ့စကား
အဆုံးသတ်လိုက်သည်။ ထို့နောက် ဆက်၍ "မောင်ရင် ဘာပြောစ
ရှိသေးလဲ"

တစ်ခုခုပေါက်ကွဲသွာမည့်စကားတို့ကို သူမျှော်လင့်ထားပါသည်။ ခုခံ
ပမည့် အကြောင်းပြချက်တို့ကို သူစောင့်စားနေ၏။ သို့ရာတွင် ထိုစကား
မထွက်လာပါ။

" ဘာမှမရှိပါဘူး" ဟု အိစနေးက တည်တည်ငြိမ်ငြိမ်ပြန်ပြောပြီးနော
လှည့်ထွက်သွားလေတော့သည်။ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွ
သည်အထိ သူ့ကို မစ္စတာဆတ္ထဝိတ် လိုက်ကြည့်နေသည်။ အနုပညာရှင်တ
ယောက်က အခြားအနုပညာရှင် တစ်ယောက်ကို ကြည့်သလို၊ စိတ်ကူးယ
လွမ်းဆွတ်ကြည်နူးမိသူတစ်ဦးက အချစ်စစ်သမားတစ်ဦးကို ကြည့်သ

ာမန်လူတစ်ယောက်က ပါရမီရှင်တစ်ယောက်ကိုကြည့်သလို ကြည့်နေခြင်း
ပြစ်သည်။

နောက်ဆုံးတွင် အိစနေးသွားသည့်ဘက်သို့ သူလိုက်သွားပါသည်။
နှင်းဖြူတို့ ကျစပြုနေပေပြီ။ ချက်ချင်းဆိုသလို ရဲအမှုထမ်းတစ်ယောက်နှင့်
မျက်နှာချင်းဆိုင်တွေ့လိုက်ရသည်။

" ရေထဲ တစ်ခုခုကျတဲ့ အသံများကြားလိုက်မိသလား ခင်ဗျ" ဟု ရဲက
သူ့ကို မေး၏။

" မကြားပါဘူး"ဟု မစ္စတာဆတ္ထဝိတ် က ပြန်ဖြေသည်။

ရဲက မြစ်ထဲသို့ လှမ်းကြည့်ရင်း - " နောက်ထပ်သေကြောင်းကြံမှုတစ်ခု
ထင်ပါရဲ့ခင်ဗျာ" ဟု စိတ်ပျက်သည့် လေသံဖြင့်ပြော၏။ " ဒီနားမှာ မကြာခ
က ကြုံရတယ်"

" လူတစ်စု ပူမှုရယ်တဲ့ ဆယ်ကုဋ္ဌေဆိုတယ်မဟုတ်လား၊ သူတို့အ
ကြောင်းနဲ့ သူတို့ပေါ့လေ"

" အများအားဖြင့်တော့ ငွေကိစ္စတွေပါပဲ" ဟု ရဲက ထင်မြင်ချက်ပေး၏။
" တစ်ခါတလေတော့လည်း မိန်းမကိစ္စ ဖြစ်တတ်တယ်၊ တချို့မိန်းမတွေဟာ
ထိပ် ဒုက္ခပေးနိုင်ကြတယ်ခင်ဗျ"

ရဲ ပြန်ထွက်သွားသောအခါ မစ္စတာဆတ္ထဝိတ် ခုံရှည်တစ်ခုပေါ်တွင်
ဝင်ထိုင်လိုက်သည်။ နှင်းမြူများက သူ့ဘေးဝန်းကျင်တွင် ထူထူထပ်ထပ်ကျ
နေပါပြီ။ သူစဉ်းစားခန်းဝင်နေမိသည်။ ထရွိုင်မြို့က စစ်ပွဲကြီးတွေ ဖြစ်ပွားစေ
ခဲ့တဲ့ ဟယ်လင်။ ထူးထူးခြားခြားလှတဲ့ မျက်နှာတစ်ခုဟာ ဘာတွေဖြစ်စေနိုင်
သလဲ၊ ကောင်းကျိုးတွေလား၊ ဘေးအန္တရာယ်တွေလား။

ကောင်းကင်ပေါ်က သဲလွန်စ

တရားသူကြီးသည် ဂျူရီလူကြီးမင်းများအား ရှင်းလင်းပြောကြားနေသည်
အမှုနှင့် ပတ်သက်သောစွဲချက်ကို အဆုံးသတ်တော့မည်ဖြစ်ပါသည်။

" လူကြီးမင်းများ ခင်ဗျား၊ အခုဆိုရင် ကျွန်တော်ဆွေးနွေး အသိ
လိုတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံ ပြောကြားပြီးဖြစ်တဲ့အတွက်အမှု
ပတ်သက်တဲ့ စွဲချက်ကို နိဂုံးချုပ်ပါတော့မယ်။ တရားခံဟာ ဗီဗီယံ ဘာနာ
ကို သတ်မှုအတွက် အပြစ်ရှိတယ်လို့ဆိုနိုင်လောက်တဲ့ သက်သေ ထွက်
ချက်တွေကိုလည်း လူကြီးမင်းတို့ ဘည့်သွင်းစဉ်းစားနိုင်ဖို့ ပေးထားပြီး ဖြစ်
တယ်။ သေနတ်ပစ်ခတ်တဲ့ အချိန်နဲ့ပတ်သက်လို့ အိမ်အမှုထမ်းတွေ
တညီတညွတ်တည်း ထွက်ဆိုချက်၊ အခင်းဖြစ်ပွားတဲ့ စက်တင်ဘာလ
ရက်၊ သောကြာနေ့ မနက်ပိုင်းမှာ ဗီဗီယံဘာနာဘီ က တရားခံဖြစ်သူ
ရေးပို့ခဲ့ပြီး တရားခံကလည်း သူကိုယ်တိုင် လက်ခံရရှိခဲ့ပါတယ်လို့ ဝန်ခံ
ဖြစ်တဲ့စာတစ်စောင်၊ တရားခံဟာ သမင်ခြံဂေဟာကို သူ မရောက်ခဲ့ပါဘူး
ပထမငြင်းကွယ်ခဲ့ပြီး ရဲရဲ့ စစ်ဆေးဖော်ထုတ်ချက်တွေကြောင့် နောက်ပိုင်း
သူရောက်ခဲ့ပါတယ် လို့ ဝန်ခံရတဲ့အချက်၊ ဒီအချက်တွေကို အခြေခံစဉ်း
ပြီးတဲ့နောက် လူကြီး မင်းများရဲ့ သုံးသပ်ချက်ကို အပြီးသတ် ဖော်ထုတ်ကြ
ဖြစ်ပါတယ်။ ဒီအမှုဟာ တိုက်ရိုက်သက်သေရှိတဲ့ အမှုမျိုးမဟုတ်ပါဘူး
ဒါကြောင့် လူကြီးမင်းများရဲ့ သုံးသပ်ချက်ဟာ ရည်ရွယ်ချက်၊ နည်းလမ်း
အခွင့်အလမ်းဆိုတာတွေ အပေါ်မှာသာ အခြေခံစဉ်းစားရဖို့ ဖြစ်ပါတယ်
တရားခံရဲ့ ခုခံချေပချက်ကတော့ သူ အခင်းဖြစ် အိမ်
ပြန်လာခဲ့ပြီးတဲ့နောက် တစ်စုံတစ်ယောက်ဟာ သူ မေ့ကျန်နေခဲ့
သေနတ်ကို ယူပြီး ဂီတခန်းထဲမှာ ဗီဗီယံဘာနာဘီ
သတ်ပစ်ခဲ့တာလို့ဆိုပါတယ်။ တရားခံဟာ သမင်ခြံ ဂေဟာက ပြန်လာခဲ့
သူ့အိမ်ကိုရောက်အောင် နာရီဝက်ကြာ လမ်းလျှောက် ခဲ့ပါတယ်လို့ ထွက်

ခဲ့ဘာကိုလည်း လူကြီးမင်းတို့ ကြားသိခဲ့ပြီးဖြစ်ပါတယ်။ လူကြီးမင်းများအနေနဲ့
တရားခံရဲ့ထွက်ဆိုချက်တွေကို မယုံကြည်ဘဲ စက်တင်ဘာလ ၁၃ ရက်
သောကြာနေ့က တရားခံဟာသူသေနတ်နဲ့ ဗီဗီယံ ဘာနာဘီရဲ့ ဦးခေါင်းကို
အနီးကပ် ပစ်သတ်ခဲ့တယ်လို့ ယူဆ နိုင်လောက်တဲ့ အထောက်အထားတွေကို
လက်ခံကြမယ်ဆိုရင် တရားခံဟာ အပြစ်ရှိတယ် လို့ သုံးသပ်ဆုံးဖြတ်ကြရမှာ
ဖြစ်ပါတယ်။ အကယ်၍ လူကြီးမင်းများမှာ ဆုံးဖြတ်ဖို့ သင့် မသင့် သံသယ
တွေ ရှိနေမယ်ဆိုရင်တော့ လူကြီးမင်းတို့ရဲ့ တာဝန်ဟာ တရားခံကို အပြစ်မ
လွှတ်ပေးလိုက်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် အခု လူကြီးမင်းများအနေနဲ့ မိမိတို့
အခန်းကို ပြန်ပြီး နားနေရင်းနဲ့ စဉ်းစား သုံးသပ်ကြပြီးတဲ့နောက် ဆုံးဖြတ်ချက်
ရရှိတဲ့အခါ ရုံးတော်ကို အသိပေးကြဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား"

ဂျူရီ လူကြီးများ စဉ်းစားချိန်မှာ နာရီဝက်ပင်မကြာပါ။ သုံးသပ်ချက်
မှာလည်း အားလုံးမျှော်လင့်ထားသလိုပင် ဖြစ်ပါ၏။ " အပြစ်ရှိသည်" ဟူ၍
ဖြစ်ပါသည်။

ဆုံးဖြတ်ချက်ကို သိရပြီးနောက် မစ္စတာဆတ္ထဝိတ် နဖူးတွန့်အောင် စဉ်း
စားရင်း တရားရုံးထဲမှ ထွက်လာခဲ့သည်။ သာမန်လူသတ်မှုမျိုးကို သူစိတ်ဝင်
စားလေ့ မရှိပါ။ သူသည် ရိုင်းစိုင်းကြမ်းတမ်းသော ရာဇဝတ်မှုမျိုးအပေါ်စိတ်
ဝင်စားတတ်သည့် သဘာဝရှိသူပင်မဟုတ်ပါ။ သို့ရာတွင် ယခုတရားခံ
ဖြစ်သူ ဝိုင်းလ် ၏ အမှုမှာမူ တစ်မျိုးဖြစ်နေသည်။ လူငယ် မာတင်ဝိုင်းလ်
သည် ဂုဏ်သရေရှိ လူကြီးလူကောင်း ဟု ခေါ်နိုင်လောက်သည့် တည်ကြည်မှု
ရှိသည်။ ထို့ပြင် ဆာဂျော့ ဘာနာဘီ၏ ဇနီးဖြစ်သူ၊ အသတ်ခံရသည့် အမျိုး
သမီးသည် ပုဂ္ဂိုလ်ရေးအရ သူ သိကျွမ်းသူတစ်ဦးဖြစ်နေပေသည်။

ထို့ကြောင်းအရာများကို စဉ်းစားရင်း သွားနေကျ စားသောက်ဆိုင်တစ်ခု
ဆီသို့ သူလျှောက်လာခဲ့သည်။ ထို စားသောက်ဆိုင်မှာ သေးငယ်ပြီး
လူသိလည်း နည်း၏။ အစားကောင်းကြိုက်သူများသာလာရောက်လေ့ရှိပြီး
ဈေးလည်း အလွန်ကြီးပေသည်။ ဆိုင်တွင် ဂီတသံများ မကြားရဘဲ
တိတ်ဆိတ်နေမြဲဖြစ်သည်။ အလင်းရောင်မှိန်မှိန်သာ ထွန်းထားပြီး
စားပွဲထိုးများက ငွေလင်ပန်း များကို ဘာသာရေးအခမ်းအနား ကျင်းပ
နေသည့်အလား တိတ်ဆိတ်သွားနေတတ်သည်။
ဆိုင်အမည်မှာ ဟောဝန် ဟူ၏။

မစ္စတာဆတ္ထဝိတ် ဆိုင်ထဲဝင်သွားပြီး ထောင့်တစ်နေရာရှိ သူထိုင်နေကျ
အခန်းငယ်တစ်ခုစီသို့ သွားလိုက်ရာ အသားညိုညို အရပ်မြင့်မြင့် လူတစ်

ယောက်ကယူထားပြီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် သူအခြား
တစ်ခန်းခန်းကို သွားရှာမည်အပြုတွင် အခန်းထဲမှ လူက သူ့ကို လှမ်းကြည့်
လိုက်ရာမှ သူ ရုတ်တရက် မှတ်မိသွားသည်။

" အို - မစ္စတာကွင်း ပါလား" သူမိတ်ဆွေ မစ္စကွင်း ကို ယခင်သုံးကြိမ်
တွေ့ဆုံခဲ့စဉ်က သုံးကြိမ်စလုံးမှာပင် ထူးခြားသောအဖြစ် တစ်ခုခုနှင့် တွေ့
ကြုံပတ်သက်ခဲ့ရသည်ချည်းဖြစ်ခဲ့သည်။ သူမိတ်ဆွေသည် ကိစ္စတစ်စုံတစ်ရာ
နှင့် ပတ်သက်၍ အများသူငါ မမြင်မိသော ရှုထောင့်မှ ထူးထူးခြားခြား ခြေ
တတ်သူလည်း ဖြစ်သည်။ ချက်ချင်းပင် မစ္စတာဆတ္ထဝိတ် ပျော်ရွှင်ခြင်းနှင့်
အတူ စိတ်လှုပ်ရှားရင်ခုန်သွားရသည်။ သူသည် သာမန်အားဖြင့် ကိစ္စများ
တွင် ဘေးမှ ကြည့်သည့် ပရိသတ်ဖြစ်လေ့ရှိပါ၏။ သို့ရာတွင် မစ္စကွင်းနှင့်
ပတ်သက်ကြုံဆုံရသည့်အခါတို့တွင်ကား သူကိုယ်တိုင် ဇာတ်ကောင်တစ်ဦး
သဖွယ် လှုပ်ရှားကပြရတတ်ပါသည်။ အဓိကဇာတ်ကောင်တစ်ဦးပင် ဖြစ်
လေ့ရှိပါ၏။

" ဝမ်းသာလိုက်တာဗျာ"သူက အားရပါးရပြုံးလျက်ပြောလိုက်သည်
"တကယ်ဝမ်းသာပါတယ်၊ ကျုပ် ခင်ဗျားနဲ့ အတူတူ ဝိုင်းဖွဲ့ရလိမ့် မယ်ဆို
မကန့်ကွက်ပါဘူးနော်"

" လိုက်လိုက်လဲလဲ ကြိုဆိုပါတယ်ဗျာ - မြင်တဲ့အတိုင်း ကျွန်တော်လည်း
ခုထိ မစားရသေးပါဘူး"

စားပွဲထိုးခေါင်းဆောင်က အမှောင်ထဲမှ ထွက်လာပြီး သူတို့စားပွဲအနီး
တွင် တရှိတသေလာ၍ ရပ်၏။ မစ္စတာဆတ္ထဝိတ်က သူ့အတွက် စားစရာများ
လိုက်ပြီးနောက် မစ္စတာကွင်း နှင့်စကားစလိုက်သည်။ " ကျုပ် အခု
တရားရုံးချုပ်က ပြန်ခဲ့တာဗျ၊ စိတ်မကောင်းစရာပါဗျာ"

" အပြစ်ရှိတယ်လို့ ဆုံးဖြတ်လိုက်တယ်ပေါ့" ဟု မစ္စတာကွင်း က ဆေ
၏။

" ဟုတ်တယ်၊ ဂျူရီလူကြီးတွေက နာရီဝက်အတွင်း အဆုံးအဖြတ်ပေး
လိုက်တယ်။"

" သက်သေအထောက်အထားတွေအရ ဆိုရင်တော့ ဒီအဖြေပဲထွက်ဖို့
ရှိတာကိုး၊ ဒါပေမယ့် ခင်ဗျား စိတ်ထဲမှာ တရားခံအပေါ် ကရုဏာသက်နေ
တယ်ထင်ပါရဲ့၊ ဟုတ်လား"

" ဟုတ်တယ်ဆိုပါတော့၊ မာတင်ဝိုင်းလ် ဟာ ရုပ်ရည်သန့်သန့်နဲ့ တည်
ကြည်တဲ့ လူငယ်တစ်ယောက်ဗျ။ သူ အပြစ်ကျူးလွန်တယ်လို့ ယုံနိုင်စရာမရှိ

ဘူး။ အေးလေ - ခု ခေတ်မှာ ရက်စက်တဲ့ လူသတ်မှုမျိုးကို သွေးအေးအေးနဲ့
ကျူးလွန်သူတွေထဲမှာ လူရည်သန့် လူငယ်တွေအများကြီးပါနေပြီဆိုတာတော့
ငြင်းနိုင်ပါဘူး။"

" အဲဒီအမှုမျိုးတွေ များလွန်းနေပြီဗျာ၊ ဆိုလိုတာက နောက်အိမ်ထောင်
ထူချင်လို့ လက်ရှိအိမ်ထောင်ကို အကြောင်းရှာပြီး ဖျက်ဆီးတာမျိုးပြောတာ
ပါ"

" အင်း - ဒီအမှုမှာတော့- " မစ္စတာဆတ္ထဝိတ်သံသယဖြင့် ပြန်ပြော
၏။" အထောက်အထားတွေက - "

မစ္စတာကွင်း က ဖြတ်၍ - " အာ - ကျွန်တော် အထောက်အထားတွေ
အပြည်အစုံမသိသေးဘဲပြောမိနေပြီ"

မစ္စတာဆတ္ထဝိတ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြန်ရသွားပြီး သူမိတ်ဆွေ
ကို ရှင်းပြလိုက်ပါသည်။

" အဲဒါတွေ အပြည့်အစုံ ကျုပ်ပြောပြပါ့မယ်။ ဘာနာတီ လင်မယားနဲ့
ကျုပ် အရင်ကတည်းက သိခဲ့ပါတယ်။ သူတို့ရဲ့ အခြေအနေက ပုံမှန်မဟုတ်ခဲ့
ဘဲကိုး"

မစ္စကွင်း က ရှေ့သို့ အနည်းငယ်ကိုင်းလျက် ပြုံး၍ အားပေးလိုက်၏။
" ကျွန်တော့်ကို နားလည်လာအောင် ရှင်းပြနိုင်တဲ့သူရှိတယ်ဆိုရင် အဲဒီလူဟာ
မစ္စတာဆတ္ထဝိတ် ကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ"

မစ္စတာဆတ္ထဝိတ် ကျေနပ်စွာပင် သမင်ခြေဂေဟာအကြောင်း ပန်းချီဆ
ရာ တစ်ယောက်က ပန်းချီကားပေါ်တွင် စုတ်ရာတစ်ချက်ပြီးတစ်ချက်တင်
သလို တစ်ဆင့်ပြီးတစ်ဆင့်ရှင်းပြပါ၏။ ဆာလော့ဘာနာဘီသည် အသက်ကြီး
ကြီး၊ လူဝကြီးတစ်ဦးဖြစ်ပြီး ငွေဂုဏ်မောက်သူ လည်းဖြစ်သည်။ အရေးမပါ
သော ကိစ္စလေးများ၌ပင် နေစဉ်နှင့်အမျှ အလိုမကျဖြစ်နေတတ်၏။ သူ
သည် သောကြာ နေ့လယ်ရောက်တိုင်းတွင် အိမ်ရှိနာရီအားလုံးကို သော့ပေးမြဲ
ဖြစ်ပြီး အင်္ဂလန်တိုင်းတွင် တစ်ပတ်စာ အသုံးစရိတ်စာရင်းများကို ရှင်းလေ့ရှိ
သည်။ အိမ်ရှေ့တံခါးကြီးသော့ခတ်ပြီး မပြီးကိုလည်း ညစဉ်စစ်ဆေးတတ်၏။
ဆတိကြီးသူတစ်ဦးပင်။

ဆာလော့အကြောင်းပြောပြီးသောအခါ လေဒီဘာနာဘီ အကြောင်းကို
ဆက်၏။ ပို၍ ညင်သာသော လေသံဖြင့် ပြောခြင်းဖြစ်ပါသည်။ လေဒီကို
သူတစ်ကြိမ်သာလျှင် တွေ့ဖူး၏။ သို့ရာတွင် သူ၏အကဲဖြတ်ချက်မှာ

တိကျခိုင်မာပါသည်။ ပြောင်ပြောင်တင်းတင်း ရန်လိုအတိုက်အခံ ပြုတတ်သ
ဖြစ်သည်။ နုပျိုငယ်ရွယ်လှ၏။ အကျဉ်းချခံထားရသော ကလေးငယ်တဲ့သ
ဖြစ် ပေသည်။ ဤသည်မှာ လေဒီနှင့်ပတ်သက်သော သူ့အမြင်ဖြစ်ပါသည်

" သူဟာ ခင်ပွန်းသည်ကို မုန်းနေတယ်ဗျ။ သူ ရေရေလည်လည် မ
လိုက်ဘဲ လက်ထပ်ခဲ့ရတာကိုး- ခုတော့ အတော်စိတ်ပျက်နေပြီလေ။ သူ
ကိုယ်ပိုင်ငွေလည်းမရှိဘူး။ ခင်ပွန်းသည် အဘိုးကြီးကိုပဲ မှီခိုနေရတယ်
ချောင်ပိတ်မိနေတဲ့ သတ္တဝါတစ်ကောင်လို ဖြစ်နေရတာပေါ့။ ပြီးတော့
ဒီက လောဘလည်းကြီးတယ်။ တစ်ဖက်မှာ ရန်လိုစိတ်ရှိပြီး တစ်ဖက်
လိုချင်ရချင်စိတ်တွေက များနေတယ်။ တစ်ချိန်လုံး ရန်ိုင်သမျှ ဖမ်းဆုတ်
တဲ့သဘောပါပဲ။"

" ကျုပ် မာတင်ဝိုင်းလ်ကိုတော့ အရင်က မတွေ့ဖူးပါဘူး" ဟု မစ္စတာ
ဆတ္ထဝိတ် က ဆက်ပြော၏။ " သူ့အကြောင်း ဟိုတုန်းက ကြားတော့ကြား
ဖူးတယ်။ သူနေတဲ့ အိမ်က သမင်ခြံကနေ တစ်မိုင်တောင်မရှိပါဘူး။ သူ
ယာ လုပ်တယ်။ လေဒီ ကလည်း ယာအလုပ်ကို စိတ်ပါသတဲ့။ ဒါမှမဟုတ်
စိတ်ပါချင်ဟန်ဆောင်တာဖြစ်ချင်လည်းဖြစ်မယ်ပေါ့။ ကျုပ်အထင်မှာတော့
လေဒီဟာ သူ့ကို လွတ်မြောက်ရာလမ်းပေါက်တစ်ခုအဖြစ် အသုံးချချင်ပုံ
တယ်။ ဒါကြောင့် ကလေးတစ်ယောက်လိုပဲ၊ သူ့ကို အမိအရဖမ်းတော့တာ
စာတွေ အပြန်အလှန်ရေးခဲ့ကြတယ်။ သူက လေဒီ့ စာတွေသိမ်းထားပေမ
လေဒီကတော့ သူ့ကို ဖျောက်ဖျက်ပစ်တယ်။ လေဒီရဲ့စာတွေကို တရားရုံး
ဖတ်ပြတော့ မာတင်ဝိုင်းလ် ဟာ လေဒီနဲ့ ပတ်သက်လို့ စိတ်မပါ လက်မ
ဖြစ်နေပြီဆိုတာ ထင်ရှားလာတယ်။ သူကလည်း ဝန်ခံထားတယ်။ သူ
ရည်ရွယ်ထားတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်ဆိုတာပေါ့။ တစ်ရွာတည်
သားချင်းတွေပါပဲ။ ကလေးမလေးရဲ့အဖေက ရွာမှာ ဆရာဝန်ပေါ့။ ကလေ
လေးကို ကျုပ်တရားရုံးမှာတွေ့ခဲ့သေးတယ်။ အေးအေးဆေးဆေးနဲ့ သစ္စာ
မယ့်ပုံပါ။"

သူက မစ္စကွင်းကို အကဲခတ်ကြည့်လိုက်၏။ သူ့မိတ်ဆွေကြီးက စိတ်
စားဟန်ဖြင့် မြိုးလျက် အားပေးနေသောကြောင့် သူဇာတ်လမ်းကို ဆက်
ပါသည်။

" စက်တင်ဘာ ဆယ့်သုံးရက်၊ သောကြာနေ့ မနက်မှာ ရေးပို့ခဲ့တဲ့စာ
ခင်ဗျားသတင်းစာမှာ ဖတ်ခဲ့ရမှာပေါ့။ စာထဲမှာ ခြိမ်းခြောက်တာတွေ၊ အပြ

တင်တာတွေနဲ့ ပြည့်နေတာပါပဲ။ နောက်ဆုံးမှာတော့ မာတင်ဝိုင်းလ်ကို
အဒီနဲ့ ညနေ ခြောက်နာရီမှာ သမင်ခြံဂေဟာကို လာဖြစ်အောင်လာဖို့
တောင်းပန် ထားတယ်။ သူလာတာကို ဘယ်သူမှ မမြင်နိုင်အောင် ဘေးတံခါး
ခွင့်ထားမယ် တဲ့။ " ကျွန်မ ဂီတခန်းထဲကနေ စောင့်နေမယ်" လို့
ရေးထားတယ်။ စာကို လူလွှတ်ပြီး ပို့ခိုင်းတာပါ။

မစ္စတာဆတ္ထဝိတ် ခေတ္တမျှ နားနေလိုက်သည်။ ထို့နောက်မှ " ခင်ဗျား
တော်မိမှာပေါ့၊ သူအဖမ်းခံရခါစမှာ အဲဒီညနေက သမင်ခြံဂေဟာကို မရောက်
ပါဘူးလို့ ငြင်းသေးတယ်။ သူတောထဲမှာ အမဲပစ်ထွက်နေကာပါလို့ အ
ကြောင်းပြတယ်။ ဒါပေမယ့် ရဲတွေက သက်သေအထောက်အထားတွေ
ထုတ်ပြတော့ သူငြင်းလို့မရတော့ဘူး။ ဘေးတံခါးရဲ့ မျက်နှာပြင်နှစ်ဘက်ပေါ်
ရော၊ ဂီတခန်းထဲက စားပွဲပေါ် မှာရှိတဲ့ ကော့ခ်တေးလ် ဖန်ခွက်တစ်လုံးပေါ်
ရော သူ့လက်ဗွေရာတွေ ရှိနေတယ်။ ဒီတော့ သူ လေဒီဘာနာဘီနဲ့ တွေ့ဖို့
စီစဉ်ပါတယ်ဆိုတာ ဝန်ခံရတော့တာပေါ့။ အဲဒီမှာ သူတို့ အချေအတင်စကား
ပြောကြတယ်။ နောက်ဆုံး လေဒီ ဓဒါသမပေါက်ကွဲအောင် သူအတော်ကြိုးစား
ရတယ်။ သူက သေနတ်ကို တံခါးဘေးအပြင်နံရံမှာ ထောင်ထားခဲ့တာပါ
အခိုင်အမာ ပြောတယ်။ ခြောက်နာရီဆယ့်ငါး သာသာလေးမှာ သူအိမ်ထဲ
ပြန်ထွက်လာတော့ လေဒီဘာနာဘီဟာ အသက်ရှင်လျက် ကျန်ခဲ့ပါတယ်
ဗျ။ သူအိမ်ကို သူတန်းပြန်လာခဲ့ပါတယ်ဆိုပေမယ့် သက်သေတချို့ရဲ့ ထွက်
ချက်အရ ခုနစ်နာရီမတိတင်းအထိသူဟာ သူ့ယာခင်းအိမ်ကို ပြန်ရောက်မ
လာဘူးလို့ဆိုတယ်။ ကျုပ်ပြောခဲ့သလိုပဲ။ သူ့အိမ်ကတစ်မိုင်တောင် မဝေးပါ
ဘူး။ ဒီတော့ သူ့အိမ်ကို တန်းတန်းမတ်မတ်ပြန်ရင် နာရီဝက်ကြာဖို့အကြောင်း
ရှိဘူးပေါ့။ သေနတ်ကိုတော့ သူမေ့ကျန်ခဲ့ပါတယ်လို့ဆိုတယ်။ ဒါလည်းယုတ္တိ
တန်လှဘူး၊ ဒါပေမယ့်-"

"ဟုတ်ကဲ့- အဲဒီတော့" မစ္စတာကွင်း က ထောက်ပေးလိုက်၏။ မစ္စတာ
ဆတ္ထဝိတ်က ခပ်ဖြည်းဖြည်းဆက်ပြောသည်။ " မဖြစ်နိုင်ဘူးလို့လည်း ပြော
ရဘူးပေါ့။ တရားလိုရှေ့နေကြီးကတော့ သူ့ အကြောင်းပြချက်ကို ပြက်လုံး
စ်ခုလို့ သဘောထားတယ်။ ကျုပ်ကတော့ အဲဒီလို သဘောမထားသင့်ဘူး
ထင်တယ်။ စိတ်ပင်ပန်းစရာ ကိစ္စတွေကြောင့် အရေးတကြီးကိစ္စတွေကို မေ့
စ်တတ်တဲ့ လူငယ်တွေ ကျုပ်အများကြီး တွေ့ခဲ့ဖူးပါတယ်။ အထူးသဖြင့်
လူငယ်တတ်ပြီး စိတ်လှုပ်ရှားတတ်တဲ့ မာတင်ဝိုင်းလ်ကို လူငယ်မျိုးတွေပေါ့။
အမျိုးသမီးတွေကတော့ ဒီလို ပြဿနာမျိုး ရင်ဆိုင်ပြီးရင် မြန်မြန်ဆန်ဆန်ပဲ

ပုံမှန်ဖြစ်သွားတတ်တယ်။ သူတို့ စိတ်အာရုံကို ခပ်မြန်မြန်ထိန်းသိမ်းနိုင်
တယ်။ ဒါပေမယ့် မာတင်ဝိုင်းလ်လို လူငယ်ဟာ ခေါင်းထဲမှာ ချာချာလည်
ထွေးနေရင် အဲဒီအိမ်က ပြန်ထွက်လာတော့ နံရံမှာ ထောင်ထားခဲ့တဲ့
သေ နတ်ကို လုံးလုံးသတိမရတော့ဘူးဆိုတာ ဖြစ်နိုင်တာပါပဲ”

သူ မိနစ်အနည်းငယ်မျှ နားလိုက်ပြီး ဆက်ပြော၏။ “ အဲဒီ အချက်
တကယ်တော့ အရေးမပါတော့ပါဘူး။ နောက်ပိုင်းပေါ်လာတဲ့, သ
သေထွက်ချက်တွေအရ အတော်လေး ရှင်းသွားတယ်။ သေနတ်သံကြားရ
ဟာ ခြောက်နာရီမိနစ်နှစ်ဆယ်တိတိမှာ ဖြစ်နေတယ်။ အိမ်အမှုထမ်း
အားလုံးကြားကြတယ်။ ထမင်းချက်၊ မီးဖိုအကူ၊ ဘတ္တလာ၊ အိမ်အကူမိန်း
လေး၊ လေဒီဘာနာဘီ ရဲ့ သီးသန့် အခိုင်းအစေ၊ အားလုံးပါပဲ။ သူတို့အား
ဂီတခန်းထဲကို ပြေးသွားကြတယ်။ လေဒီဟာ သူ ကုလားထိုင်ပေါ်မှာ ပုံလု
လဲကျနေတယ်။ နောက်ကနေ ခေါင်းကိုကပ်ပြီး ပစ်ထည့်လိုက်တာပဲ။
နောက်ထဲကို ကျည်ဆန်အနည်းဆုံး နှစ်တောင့်လောက်ဝင်သွားတယ်။”

မစ္စတာကွင်းက သူ့စကားအပြတ်တွင် မေးခွန်းတစ်ခုမေးလိုက်၏။ “
မှုထမ်းအားလုံးက သက်သေထွက်ချက်ပေးကြတယ်ပေါ့!” မစ္စတာဆတ္ထဝိတ်
က ခေါင်းညိတ်ပြပြီး၊ “ ဘတ္တလာက သူများတွေထက် စက္ကန့်ပိုင်းလောက်
လေး စောပြီး ရောက်သွားတယ်။ ဒါပေမယ့် သက်သေထွက်ချက်အားလုံး
အတူတူကွေပါပဲ၊ နည်းနည်းမှ မကွဲလွဲဘူး”

“ အားလုံးပဲ သက်သေထွက်ကြတာကိုး” မစ္စကွင်း က ပြန်စဉ်းစား
ပြော၏။ “ တစ်ယောက်မှ မကျန်ဘူးပေါ့!”

“ အဲ - အခုမှ သတိရတယ်” မစ္စတာဆတ္ထဝိတ် ပြန်ဖြေ၏။ “ အိမ်အ
မိန်းကလေး ဟာ ပဏာမကြားနာပွဲမှာပဲ အခေါ်ခံရတယ်။ အဲဒီနောက်
ကနေဒါကို ထွက်သွားတာကို”

“ သြော” မစ္စတာကွင်း က အသံပြုလိုက်သောကြောင့် မစ္စတာဆ
ဝိတ် နားမလည်နိုင်သလို ခံစားလိုက်ရသည်။ ထို့ကြောင့် သူက- “ မသ
နိုင်စရာ ဘာကြောင်းရှိလို့လဲဗျာ” ဟု တုံးတိတိ မေးလိုက်၏။ မစ္စတာကွင်
သူ့ကို စိုက်ကြည့်ပြီး- “ သွားဖို့ကော- ဘာအကြောင်းရှိလို့လဲဗျ” ဟု
လိုက်သည်။ မစ္စတာဆတ္ထဝိတ် ထိုမေးခွန်းကို မဖြေနိုင်ပါ။ သူက အ
အကြောင်းအရာတစ်ခုကို လှီးလွဲပြောလိုက်ပါ၏။

“ သေနတ်ကို ဘယ်သူကပစ်တယ်ဆိုတာ ဘယ်သူမှ မသိလိုက်တာ
ဟာ မဖြစ်သင့်တဲ့ ကိစ္စပဲ။ ကြည့်ရတာ အိမ်အမှုထမ်းတွေ ရုတ်တရက်

သုပ်ရမှန်းမသိအောင် ခဏလောက်ကြောင်သွားကြပုံရတယ်။ အခြေအနေကို
ဘာဝန်ယူ ထိန်းသိမ်းနိုင်တဲ့သူဆိုလို့ အိမ်ထဲမှာ ဘယ်သူမှ မရှိတဲ့ပုံပဲ။ ရဲကို
ခေါ်ဆက်ခေါ်ဖို့တောင်မှ မိနစ်အတော်ကြာမှ သတိရကြသတဲ့။ တကယ်ခေါ်
ကြည့်တော့လည်း တယ်လီဖုန်းက ပျက်နေတယ်”

“ ဗျာ-တယ်လီဖုန်း ပျက်နေတဲ့ယ်- ဟုတ်လား” မစ္စတာကွင်း
အံ့တသြနှင့် မေးလိုက်သည်။

“ ဟုတ်တယ်ဗျ” ဟု မစ္စတာဆတ္ထဝိတ်က ဖြေ၏။ သူလည်း ယခုမှပင်
အချက် လွန်စွာ အရေးကြီးနိုင်သည် ဟု ခံစားလာရသည်။ “ တမင်များ
ထားတာ ဖြစ်မလား၊ ဒါပေမယ့် ဘာမှတော့ အဓိပ္ပာယ်မရှိသလိုပါပဲ။
သတာကလည်း ချက်ချင်းကြီးကိုး” မစ္စတာကွင်း က မှတ်ချက်မပေးပါ။
စ္စ တာဆတ္ထဝိတ် ကိုယ်တိုင်လည်း သူ့စကားသူကျေနပ်နိုင်ခြင်းမရှိပေ။ ထို့
နောက် သူက ဆက်၍“ သံသယဖြစ်စရာဆိုလို့ လူငယ်လေး ဝိုင်းလ်
လွဲရင် ဘယ်သူမှ မရှိဘူး။ သူ့စကားအတိုင်း ဆိုရင်ကိုပဲ။ သူအဲဒီအိမ်က
ထွက်သွားတာဟာ သေနတ်သံမကြားရခင် သုံးမိနစ်အလိုမှာ ဖြစ်နေ
ယ်။ ဘယ်သူပစ်တာဖြစ်မလဲ။ ဆာဂျော့ခ်ျ ဟာ အိမ် သုံးလေးလုံး အကွာ
ဘရစ်ခ်္ဂ ဖဲ ကစားနေတယ်။ အဲဒီကနေ ခြောက်နာရီခွဲမှာ ဖဲဝိုင်းသိမ်းလို့
ပြန်လာတယ်။ ဂိတ်တံခါး အပြင်ဘက်နားလေးမှာ အိမ်အမှုထမ်း တစ်
ယောက် အပြေးအလွှားသတင်းလာပေးလို့ သူသိရတယ်။ နောက်တစ်
ယောက်၊ ဆာဂျော့ခ်ျရဲ့ အတွင်းရေးမှူး ဟင်နရီသွန်ပဆင် က အဲဒီနေ့မှာ
နှံဒန်ကို ရောက်နေတယ်။ သေနတ်ပစ်တဲ့ အချိန်က သူဟာ အလုပ်ကိစ္စ
စဉ်းအဝေးတစ်ခု တက်နေတုန်းပဲ။ နောက်ဆုံးတစ်ယောက်ကတော့
လ်ဗီယာ ဒေးလ် ဆိုတဲ့ အမျိုးသမီး၊ သူမှာ သတ်ဖို့ရည်ရွယ်ချက်ရှိချင်ရှိ
တယ်။ ဒါပေမယ့် အမှုနဲ့သူ့ကို ဆက်စပ်လို့မရနိုင်ဘူး။ သူက ခြောက်နာရီ
ဆယ့်ရှစ်မိနစ် ရထားနဲ့ လိုက်မယ့် မိတ်ဆွေတစ်ယောက်ကို ဘူတာရုံ
တ်ပို့နေတယ်။ ကဲ- အိမ်အလုပ်သမားတွေပဲ ကျန်တော့တယ်။ သူတို့မှာ
လုပ်ရှင်ကို သတ်ဖို့ရည်ရွယ်ချက်ဘယ်လိုလုပ် ရှိနိုင်ပါ့မလဲ။ ပြီးတော့
ခင်းဖြစ်တဲ့နေရာကို သူတို့အားလုံး တစ်ချိန်တည်း ရောက်လာ ကြတာ။
တို့လည်း မဖြစ်နိုင်ဘူး။ မာတင်ဝိုင်းလ် ပဲရှိတော့တာပါပဲဗျာ”

သူလေသံမှာမူ ထိုအယူအဆကို လက်မခံလိုကြောင်း သိသာနေပါ
သည်။ သူတို့နေ့လယ်စာဆက်၍ စားနေကြစဉ် မစ္စတာကွင်းမှာ
တ်တိတ်ဆိတ်ဆိတ်ပင် ရှိနေပါသည်။ မစ္စတာဆတ္ထဝိတ်အနေဖြင့်လည်း

ရိတ်တွေ တွက်နေတဲ့သူမျိုးမဟုတ်ပါဘူး။ တခြားလူတွေရဲ့ ဘဝဇာတ်လမ်းတွေကို ခင်ဗျားဘေးကနေ ကြည့်ခဲ့မြင်ခဲ့ပြီးပြီ။ ကိုယ်တိုင်ပါဝင်လှုပ်ရှားဖို့ကိုကော၊ တစ်ခါမှ စဉ်းစားမကြည့်မိဘူးလား။ တခြားလူတွေရဲ့ အရေးကိစ္စတွေမှာ ခင်ဗျားစီရင် ဆုံးဖြတ်ပေးတဲ့ အဓိက ပုဂ္ဂိုလ်တစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ် နေရာချ မကြည့်ဖူးဘူးလား။ သေရေးရှင်ရေး ကိစ္စတစ်ခုမှာ ဆုံးဖြတ်ချက် ချမှတ်ရမယ့် သူ တစ်ဦးအဖြစ်လေ"

မစ္စတာဆတ္ထဝိတ် ရှေ့သို့ ကိုင်းလိုက်၏။ ယခုအခါ သူ၏ စိတ်ထက်သန်မှုများ ပြန်အားကောင်းလာပါသည်။ " ကနေဒါကို ကျုပ်သွားရင် အဖြေတစ်ခုခု ရနိုင်တယ်ပေါ့။ အကယ်၍ သွားဖြစ်တယ်ထားပါတော့၊ ပြန်လာရင် ခင်ဗျားနဲ့ ပြန်ဆုံချင်တယ်ဗျာ"

"လောလောဆယ်မှာ ကျွန်တော် လိပ်စာအတည်တကျ ပေးဖို့ ခက်နေတယ်။ ဒီဆိုင်ကိုတော့ မကြာမကြာရောက်နေတာပါပဲ။ ဒီတော့ ခင်ဗျားလာရင် တစ်ကြိမ်မဟုတ် တစ်ကြိမ်တွေ့ကြမှာပါဗျာ"

ဤမျှနှင့်သူတို့ ခွဲခွာခဲ့ကြပါ၏။ မစ္စတာဆတ္ထဝိတ် အလွန်စိတ်အားထက်သန် နေပါသည်။ သင်္ဘောခရီးစဉ်ကို သူ စုံစမ်း၏။ ထို့နောက် သမင်ခြံဂေဟာသို့ ဖုန်းဆက်သည်။ ချေငံသော အသံဖြင့် ဘတ္တလာက ဖုန်းကိုင်ပါသည်။

" ကျုပ်နာမည် ဆတ္ထဝိတ်ပါ။ ရှေ့နေအဖွဲ့တစ်ဖွဲ့က ဆိုပါတော့။ ကျုပ်တို့အဖွဲ့က သမင်ခြံဂေဟာမှာ နေသွားဖူးတဲ့ အိမ်အကူအမျိုးသမီးတစ်ယောက် အကြောင်းမေးစရာရှိလို့ပါ"

"ဒါဆိုရင် လူဆာ ထင်ပါတယ်။ လူဆာဘူးလတ် ကို မေးချင်တာလား ဆရာ"

" ဟုတ်ပါတယ်၊ သူပါပဲ" ဟု မစ္စတာဆတ္ထဝိတ်က ကျေနပ်စွာပြန်ဖြေ၏။

" သူ အခု ဒီနိုင်ငံမှာ မရှိတော့ပါဘူးဆရာ၊ လွန်ခဲ့တဲ့ ခြောက်လကတည်းက ကနေဒါကို ရောက်နေပါတယ်"

" ဒါဖြင့် သူ အခုရှိနေတဲ့ လိပ်စာမျှ ရနိုင်မလား"

လိပ်စာကို ဘတ္တလာ မပေးနိုင်ပါ။ ဘန့်စ် ဟု စကော့ချ် အမည်မျိုးရှိသည့် ကုန်းမြေဒေသသို့ သွားသည်ဟုသာ သူသိထားပါသည်။ အိမ်တွင် ကျန်ခဲ့ သည့် အမှုထမ်းမိန်းကလေးတို့ ထံသို့လည်း ယခုထိ ဆက်သွယ်လာခြင်းမရှိ သေးပါ။

မစ္စတာဆတ္ထဝိတ် ကျေးဇူးတင်ကြောင်း ပြောပြီး ဖုန်းချလိုက်၏။ သူ

ပြောစရာတို့ကို ပြောခဲ့ပြီးဖြစ်သည်။ သို့ရာတွင် သူ့စိတ်ထဲ မကျေလည်မှုတို့က တိုး၍တိုး၍ဖြစ်လာနေပါသည်။ သူ့မိတ်ဆွေ ငြိမ်နေလေလေ သူ့စိတ်က ယောက်ယက်ခတ်လေဖြစ်နေပါ ၏။ နောက်ဆုံး မနေနိုင်ဖြစ်ကာ သူမါးနှင့် ခက်ရင်းကို လွှတ်ချလိုက်ပါသည်။

" အဲဒီလူငယ် အပြစ်ကင်းတယ်ဆိုရင် ဘယ်နှယ့်လုပ်မလဲ။ သူကြီးခံရတော့မှာဗျ" သူ အလွန်စိတ်ပျက်နေပုံရပါသည်။ သို့တိုင်အောင် မစ္စတာကွင်း က ဘာမှ ဝေဖန်ချက်မပေးပါ။ မစ္စတာဆတ္ထဝိတ် အမျိုးမျိုး စဉ်းစားတွေးတောနေရင်းနှင့် ကောက်ကာ ငင်ကာ မေးလိုက်ပြန်ပါသည်။ " နေပဉ်ဟို အမျိုးသမီးက ဘာလို့ ကနေဒါကို မသွားနိုင်ရမှာလဲ"

" မစ္စတာကွင်း က ခေါင်းခါလျက်- " အဲဒါကို ခင်ဗျား မစုံစမ်းနိုင်ဘူးလား" ဟု ပြန်မေးသည်။

" စုံစမ်းလို့မရနိုင်စရာ မရှိပါဘူး။ ဘတ္တလာ ရှိတယ်ဗျာ၊ ဒါမှမဟုတ် ဆွန်ပဆင် ဆိုတဲ့ အတွင်းရေးမှူးကိုလည်း မေးနိုင်တာပဲ။ ဒါပေမယ့် ကျုပ်တို့ ရမယ့် အလုပ်မဟုတ်သလိုပဲ။ မဆိုင်သလိုဖြစ်နေတယ်"

" လာမယ့် သုံးပတ်အတွင်းမှာ လူငယ်လေးတစ်ယောက် ကြိုးပေးခံရတော့ ကိစ္စလေဗျာ"

" အဲဒီလို တွေးရင်တော့လည်း တစ်မျိုးပေါ့။ သေရေး ရှင်ရေး ဆိုပါတော့။ ဒါပေမယ့် သိပ်စိတ်ကူးယဉ် ဆန်မသွားနိုင်ဘူးလား။ ဟို အမျိုးသမီး ကတော့ ဘယ်အပိုင်းမှာ ရှိတယ်ဆိုတာ သိရပြီပဲ ထားတော့၊ ကိုယ်တိုင်လိုက်မသွားဖြစ်မှာမှ မဟုတ်ဘဲ။ ကျုပ်က နောက်တစ်ပတ် ရီဗိုင်းရား ကမ်းခြေကို သွားတောင် စီစဉ်ထားပြီးပြီ" မစ္စတာဆတ္ထဝိတ် စိတ်ပျက်စွာ ပြောရင်း သူ့မိတ်ဆွေကို အကူအညီတောင်းသည့် အဓိပ္ပာယ်ဖြင့် ကြည့်လိုက်ပါသည်။

" ခင်ဗျား ကနေဒါကို မရောက်ဖူးသေးဘူးထင်တယ်" ဟု မစ္စတာကွင်း က ပြန်ပြော၏။

" တစ်ခါမှ မရောက်ဖူးပါဘူး"

" သိပ်စိတ်ဝင်စားစရာ ကောင်းတဲ့နိုင်ငံဗျ"

မစ္စတာဆတ္ထဝိတ် သူ့ကို ဇဝေဇဝါနှင့်ကြည့်ပြီး-" ကျုပ်သွားသင့် ထင်ထင်လို့လား" ဟု မေးလိုက်သည်။ မစ္စတာကွင်း က ထိုင်ခုံနောက်မှီထိုင်လိုက်ပြီး စီးကရက်တစ်လိပ် မီးညှိလိုက်သည်။ စီးကရက်မီးခိုးများကို မှုတ်ရင်း သူကအေးဆေးစွာပြန်ပြော၏။ " ခင်ဗျားဟာ လူချမ်းသာတယောက်ပဲ မိတ်ဆွေကြီးရဲ့၊ ကိုယ်လုပ်ချင်တဲ့ ကိစ္စတစ်ခုလုပ်နိုင်ဖို့ ကုန်ကျ

စိတ်မပျက်ပါ။ စွန့်စား ရှာမဖွလိုသော သူဆန္ဒက အားကောင်းနေပါသည်။ ဘန့်ဖ်ကုန်းမြင့်ဒေသသို့ သူသွားမည်။ ဟိုရောက်မှတစ်နည်းနည်းဖြင့် ခြေရာခံ၍တွေ့အောင်ရှာမည်။

ခရီးထွက်ဖြစ်သောအခါ သူ့ကိုယ်သူ အံ့ဩသွားရလောက်ပင် သူပျော်ရွှင်နေမိသည်။ ပင်လယ်ခရီးမထွက်ဖြစ်ခဲ့သည်မှာ ကြာလှပေပြီ။ ရင်ခုန်စရာလျှို့ဝှက်ချက်တစ်ခုပါဝင်နေသည့် သူ့ခရီးစဉ်မှာ ရည်မှန်းချက်ပြည့်နိုင်မပြည့်နိုင် မရေရာပါ။ ထိုရည်မှန်းချက်အကြောင်း အတူသွားနေကြသည့် ခရီးဖော်တို့ သိကြလျှင် သူ့ကို ရူးပါပေ့ဟု ဆိုချင်ကြလိမ့်မည်။ သို့ရာတွင် ထိုခရီးဖော်တို့သည် သူ့ကို မသိသလို မစ္စတာကွင်းကိုလည်း သိကြသူများမဟုတ်ပါ။

ဘန့်ဖ်သို့ ရောက်သောအခါ သူတွေ့လိုသူကို ခက်ခက်ခဲခဲမရှာလိုက်ရပါ။ လူဆာဘူးလတ် သည် ဟိုတယ်ကြီးတစ်ခုတွင် အလုပ်ဝင်လုပ်နေပေသည်။ သူရောက်သွားပြီး ဆယ့်နှစ်နာရီကြာသောအခါ သူသည် အမျိုးသမီးနှင့် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိနေပေပြီ။

လူဆာဘူးလတ် သည် အသက်သုံးဆယ့်ငါးနှစ်ခန့်ဖြစ်သည်။ ဖြူဖျော့ဖျော့နှင့် သွေးအားနည်းပုံရသော်လည်း ခန္ဓာကိုယ်မှာမူ တောင့်တင်းမှုရှိပါ၏။ ရိုးသားမှုကို ဖော်ပြနေသည့် အညိုရောင်မျက်လုံးများကြောင့် ယုံကြည်စိတ်ချထိုက်သူဖြစ်ကြောင်းသိသာပါသည်။ သမင်ခြံဂေဟာတွင် ဖြစ်ပွားခဲ့သော အဖြစ်ဆိုးနှင့်ပတ်သက်၍ အချက်အလက်အချို့ကို မေးမြန်းရန် လာခဲ့ခြင်းဖြစ်ကြောင်း မစ္စတာဆတ္ထဝိတ်က ပြောသောအခါ သူမက အလွယ်တကူပင် ဖြေကြားရန်အသင့်ဖြစ်နေပါသည်။

" မစ္စတာမာတင်ဝိုင်းလ် စီရင်ချက်ချခံရတယ်လို့ ကျွန်မ သတင်းစာမှာ ဖတ်ရပါတယ်ရှင့်၊ စိတ်မကောင်းပါပဲ" သူမက ထိုသို့ပြောသော်လည်း မာတင်ဝိုင်းလ် ၏ အပြစ်အတွက်မူ သံသယရှိပုံမရပါ။ " သဘောကောင်းတဲ့ လူငယ်တစ် ယောက် သတိလက်လွတ်ဖြစ်ပြီး အပြစ်ကျူးလွန်မိသွားတာ ဖြစ်မျှာပါဆရာ၊ သေသွားတဲ့သူအပေါ် မကောင်းမပြောချင်ပေမယ့် သခင်မကိုယ်တိုင်က ဒီလို ဖြစ်အောင် တွန်းပို့သလိုဖြစ်ခဲ့တာပါပဲ။ ခုတော့ နှစ်ယောက်စလုံးကိုယ့်အပြစ် ကိုယ်ခံကြရပြီပေါ့။ ကျွန်မ ကလေးဘဝက အိမ်နံရံမှာ ချိတ်ဆွဲထားတဲ့စာတမ်း တစ်ခုကို အမြဲသတိရတယ်။ " ဘုရားသခင်ကို လှည့်ဖြား၍ မရ" တဲ့ " အဲ ဒီနေ့ ညနေက တစ်ခုခုဖြစ်တော့မယ်လို့ ကျွန်မ အတိတ်နိမိတ်ရခဲ့တယ်။ တကယ်လည်းဖြစ်တာပါပဲ"

" ဘယ်လိုအတိတ်နိမိတ်ရတာလဲ" ဟု မစ္စတာဆတ္ထဝိတ်က စိတ်ဝင်စား

စွာမေးလိုက်၏။

" ကျွန်မ အခန်းထဲမှာ အဝတ်အစားလဲနေတုန်း ပြတင်းပေါက်ကနေ အပြင်ဘက်ကို အမှတ်တမဲ့ကြည့်လိုက်မိပါတယ်။ ရထားတစ်စီးဖြတ်သွားတာ တွေ့ရပြီး မီးခိုးဖြူဖြူတွေ လေထဲမှာ လွင့်နေတာဟာ သိပ်ကြီးတဲ့လက်ကြီးတစ်ခုပုံမျိုး ဖြစ်နေတော့တာပါပဲ။ ကောင်းကင်နီနီနောက်ခံပေါ်မှာ လက်ဖြူဖြူကြီးတစ်ဖက် တွေ့နေတဲ့ အတိုင်းပါရှင့်။ လက်ချောင်းတွေက ကွေးလိမ်နေပုံဟာ တစ်ခုခုကို လှမ်းဖမ်းတော့မယ့်ပုံမျိုးဖြစ်နေပါတယ်။ အဲဒီနိမိတ်ပုံကြီးကို တွေ့လိုက်တာနဲ့ တစ်ခုခုဖြစ်တော့မယ်လို့ သိလိုက်ရတော့တာပါ။ ချက်ချင်းဆိုသလိုပဲ သေနတ်သံကို ကြားလိုက်ရတယ်။ ဟော - ဖြစ်ပြီလို့ ကျွန်မ ကိုယ့်ဘာသာပြောရင်း အောက်ထပ်ကို ပြေးဆင်းသွားလိုက်ပါတယ်။ ခန်းမထဲမှာ ရောက်နေတဲ့ ကာရီနဲ့ တခြားလူတွေပါ အားလုံးစုပြီး ဂီတခန်းထဲပြေးဝင်သွားကြတော့ သွေးတွေဆိုတာ မနည်းပါဘူးရှင်၊ ကြောက်စရာကြီးပါ။ ကျွန်မ ဆာဂျော့ချ် ကိုတောင် ကျွန်မမြင်ခဲ့တဲ့ အတိတ်နိမိတ်ကို ပြောပြပါသေးတယ်။ သူကတော့ အလေးအနက် သဘောမထားပါဘူး။ ကံမကောင်းတဲ့နေ့ပါရှင်။ ဆယ့်သုံးရက်၊ သောကြာနေ့ ဆိုတာ ကျွန်မခေါင်းထဲစွဲသွားတော့တာပါပဲ"

အမျိုးသမီးက ကပေါက်တိကပေါက်ချာ နှင့် ဆက်ပြောနေပါသည်။ မစ္စတာဆတ္ထဝိတ်က စိတ်ရှည်စွာပင် ရာဇဝတ်မှုနှင့် ပတ်သက်မည့်ကိစ္စတို့ကို ပြန်၍ ဆက်စပ်ပေးပြီး မေးခွန်းများမေးပါ၏။ သို့ရာတွင် သူဘာမှ ထူးထူးခြားခြားမသိရဘဲ လက်လျှော့လိုက်ရပါသည်။ လူဆာဘူးလတ်သည် သူသိသမျှ အားလုံးပြောပြခဲ့ပါသည်။ သူ ပြောသမျှမှာ ရိုးရိုးစင်းစင်းနှင့် အာရုံစူးစိုက်လောက်စရာဘာမှ မပါခဲ့ပေ။

အရေးပါသည်ဟု ဆိုနိုင်သော အချက်တစ်ခုကိုတော့ မစ္စတာဆတ္ထဝိတ်ရလိုက်သည်ဟု ဆိုနိုင်ပါသည်။ လူဆာဘူးလတ် ၏ လက်ရှိအလုပ်အကိုင်ကို ဆာဂျော့ချ်၏ အတွင်းရေးမှူးဖြစ်သူ မစ္စတာသွန်ပဆင်က စီစဉ်သွင်းပေးခဲ့ခြင်းသည်ဟူသော အချက်ဖြစ်၏။ ထိုအလုပ်ကို လက်ခံနိုင်ရန် အင်္ဂလန်မှ ချက်ချင်းထွက်ခွာရမည်ဟု ဆိုသည့်တိုင်အောင် လုပ်ခ လစာငွေမှာ များလွန်းလှသောကြောင့် မငြင်းနိုင်ခဲ့ပါ။ ကနေဒါ ရောက်သောအခါ မစ္စတာ ဒန်းမင်းဆိုသူက အလုပ်ဝင်နိုင်ရန် စီစဉ်ပေးပြီး အင်္ဂလန်တွင် ကျန်ခဲ့သည့် မည်သူ့ထံသို့မှ စာရေးဆက်သွယ်ခြင်းမပြုရန် တားမြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ စုံစမ်းအရေးယူမည်စိုးရ၍ ဟူသော အကြောင်းပြချက်ကို သူမ ယုံကြည်လက်ခံပြီး အပေါင်းအသင်းများထံ ဆက်သွယ်မှုမပြုခဲ့ပါ။

သူမရရှိသည့် လစာငွေမှာ မစ္စတာဆတ္ထဝိတ် မျက်လုံးပြူးသွားရလောက်
ပင် များလှပါ၏။ မစ္စတာဒန်းမင်း ဆိုသူကို တွေ့ဆုံကြည့်ရန် သူစဉ်းစားလိုက်
ပါသည်။ တွေ့ရသောအခါ မစ္စတာဒန်းမင်း က ပြည့်ပြည့်စုံစုံပင်ရှင်းပြ၏။
သူသည် လန်ဒန်သို့ရောက်စဉ်က သွန်ပဆင်က သူ့ကို ကောင်းစွာ ဧည့်ဝတ်
ပြုခဲ့ကြောင်း စက်တင်ဘာလ ရောက်သောအခါ သွန်ပဆင် က သူ့ထံ ဖုန်း
ဆက်၍ အကူအညီတောင်းခံကြောင်း၊ ဆာဂျော့ခ်ျက အမျိုးသမီးတစ်ဦး၏
အင်္ဂလန်မှ ထွက်သွားစေလိုသောကြောင့် ကနေဒါတွင် သူမအတွက် အလုပ်
အကိုင် တစ်ခုရှာဖွေပေးစေလိုကြောင်း၊ လစာငွေများများ ပေးနိုင်ရန်လည်း
သူ့ထံငွေများ ပို့ပေးခဲ့ကြောင်း၊ ဒန်းမင်း က ပြောပြပါသည်။ " ဖြစ်နေတာ
ပြဿနာမျိုးပဲထင်ပါရဲ့" ဟု သူက ဆက်ပြော၏။ " အမျိုးသမီး က အေးအေး
ဆေးဆေးနဲ့ သဘောကောင်းပုံရပါတယ်"

ဖြစ်နေကျပြဿနာ ဆိုသည်ကို မစ္စတာဆတ္ထဝိတ် သဘောမတူနိုင်ပါ။
လူဆာဘူးလတ် သည် ဆာဂျော့ခ်ျ ဘာနာဘီ သတိထားမိလောက်အောင်ပင်
ဆွဲဆောင်မှုရှိသူမဟုတ်ပါ။ အရေးကြီးသော အကြောင်းတစ်ခုခုကြောင့် သူ
ကို အင်္ဂလန်နိုင်ငံပြင်ပသို့ ပို့ခဲ့ခြင်းဖြစ်ရပေမည်။ ဘာကြောင့်လဲ။ ဒီကိစ္စနဲ့
နောက်ကွယ်မှာ ဘယ်သူရှိနေသလဲ။ ဆာဂျော့ခ်ျလား။ ဒါမှမဟုတ် သွန်ပဆင်
က သူ့ကိုယ်ရေးကိုယ်တာကိစ္စအတွက် သူ့ဆရာနာမည်ကို အလွဲသုံးခဲ့တာ
လား။ မစ္စတာဆတ္ထဝိတ် အပြန်ခရီးတွင်လည်း ထိုမေးခွန်းတို့၏ အဖြေများကို
လေးလေးနက်နက် စဉ်းစားရှာဖွေခဲ့ပါ၏။ မျှော်လင့်ချက်ကုန်ပြီး စိတ်ဓာတ်
လည်း ကနေပါသည်။ သူ၏ ကနေဒါခရီးစဉ်မှာ အောင်မြင်မှုမရခဲ့ပေ။

ဆုံးရှုံးမှုကြောင့် စိတ်ပျက်လျက်နှင့်ပင်နောက်တစ်နေ့၌ သူ ' ဟောန်
စားသောက်ဆိုင်သို့ ရောက်လာခဲ့သည်။ သေချာပေါက် မျှော်လင့်မထားသော
လည်း ထိုင်နေကျ အခန်းတွင် သူမိတ်ဆွေကြီး မစ္စကွင်းကို တွေ့လိုက်ရသော
ကြောင့် သူဝမ်းသာသွားပါသည်။ မစ္စတာကွင်း က သူ့ကို အပြုံးနှင့်ကြိုဆို
၏။

မစ္စတာဆတ္ထဝိတ်ထိုင်၍ စားစရာမှာလိုက်ပြီးနောက် စကားဝိုင်း
စလိုက်၏။ " အေးဗျာ- ခင်ဗျား ကျုပ်ကို အကျိုးမရှိတဲ့ ခရီးတစ်ခု သွားခိုင်း
သလိုဖြစ်နေပြီ"

မစ္စတာကွင်း က မျက်ခုံးများကို ပင့်ပြီး - " ကျွန်တော်သွားခိုင်းတာ
- ဟုတ်လား။ ခင်ဗျားကိုယ်တိုင်သွားချင်တဲ့ ဆန္ဒနဲ့ သွားတာပါဗျာ။"

" ဘယ်သူကြောင့်ပဲ သွားသွားပါ။ သွားရကျိုးမနပ်ခဲ့ပါဘူး။ လူဆာဘူး
သတ် ဘာမှ ထွေထွေထူးထူးပြောမပြနိုင်ဘူး"။ မစ္စတာဆတ္ထဝိတ်က
အိမ်အကူ အမျိုးသမီးနှင့် တွေ့ဆုံပြောဆိုခဲ့ရပုံတို့ကို အသေးစိတ်
ပြန်ပြောပြလိုက်ပါ သည်။ ထို့နောက် မစ္စတာ ဒန်းမင်းနှင့် တွေ့ခဲ့ပုံကိုလည်း
ဆက်ပြော၏။ မစ္စတာကွင်း က ငြိမ်သက်စွာနားထောင်ပါသည်။

" သိလိုက်ရတာ တစ်ခုတော့ရှိတယ်ပေါ့လေ" မစ္စတာဆတ္ထဝိတ်က
ဆက်ပြော၏။ " လူဆာဘူးလတ် ဟာ တမင်လမ်းရှင်းသွားအောင်လုပ်တာခံ
ထိုက်ရတာပဲ။ ဒါပေမယ့် ဘာဖြစ်လို့လဲဆိုတော့ ကျုပ်စဉ်းစားမရဘူး"

" ခင်ဗျား လိုချင်တာမရခဲ့ဘူးဆိုတာ သေချာရဲ့လား"ဟု မစ္စတာကွင်း
က မေးလိုက်ရာ သူမိတ်ဆွေက စိတ်ပျက်ဟန်ဖြင့်ကြည့်ပြီး - " ကျုပ် ပါးပါး
ပါးနပ်နဲ့ အဖြေရအောင် မမေးနိုင်ခဲ့ဘူးလို့ ခင်ဗျားထင်ချင်ထင်မှာပဲ၊ ကျုပ်
ဖြစ်ပျက်ခဲ့သမျှကို မေးလိုက်တာမှ ထပ်ခါတလဲလဲပါပဲဗျာ။ ဘာမှ မထူးတာ
တော့ မတတ်နိုင်တော့ဘူး"

ခေတ္တမျှ တိတ်ဆိတ်သွားပါသည်။ ထို့နောက် မစ္စတာကွင်း " အမှုနဲ့
တက်သက်လို့ ဟိုရက်က ရှိခဲ့တဲ့လူတွေကြောင်း ခင်ဗျား ကျွန်တော့်ကို တစ်နေ့
က ပြောပြခဲ့တယ်နော်။ ခင်ဗျား ပြောပြတာ အတော်ရှင်းပါတယ်။
သူတို့ဓာတ်ပုံတွေကို မြင်ရတဲ့အတိုင်းပါပဲ။ ဒါပေမယ့် အဲဒီနေရာနဲ့ ပတ်သက်
လို့တော့ ကောင်းကောင်းမရှင်းသေးဘဲ ဖြစ်နေတယ်ဗျ"

" နေရာ - သမင်ခြံဂေဟာလား။ ခပ်ရိုးရိုးအိမ်ပါပဲဗျာ။ အုန်နံ့၊ နီနီနဲ့
ဆားဘက်ပြတင်းပေါက်တွေနဲ့ အပြင်ကကြည့်တော့ ပုံဆိုးဆိုးပဲ။ အထဲမှာ
ကျတော့ အတော်နေလို့ကောင်းပါတယ်။ အဲဒီနားတဝိုက်က အိမ်တွေဟာ
အတူတူလို ချည်းပါပဲ။ လူချမ်းသာတွေအတွက် ဆောက်ထားတဲ့အိမ်တွေပေါ့။
တွင်းမှာ က ဟိုတယ်တစ်ခုလိုပဲ။ အိပ်ခန်းတွေမှာ ဟိုတယ်တွေအတိုင်း
ရေပူရေအေးနဲ့ သန့်စင်ခန်းနဲ့၊ လျှပ်စစ်မီးပွင့်တွေလည်း မနည်းဘူး။
ဘားလက်အိမ်တွေနဲ့ တော့ တခြားစီပေါ့ဗျာ။ တကယ်တော့ ရွာကလည်း
ခန်ဒန်ကနေ ဆယ့်ကိုး မိုင်ပဲဝေးတာကိုး"

မစ္စတာကွင်း က စူးစူးစိုက်စိုက် နားထောင်၏။" ရတားခရီးစဉ်ကကော
ကောင်းရဲ့လားမသိဘူး"

" ပြီးခဲ့တဲ့နွေက ကျုပ် အဲဒီရွာကို ခဏရောက်ခဲ့သေးတယ်။ မြို့ကို
ခြံဖို့ အတော်လေး အဆင်ပြေပါတယ်။ ရထားက တစ်နာရီတစ်ခေါက်နေ
တာကိုး။ ဝါတာလူး ဘူတာကနေ လေးဆယ့်ရှစ်မိနစ်ရောက်တိုင်း ဆောက်

တိုင်း ရထားတစ်စီးထွက်တယ်။ ည ဆယ်နာရီလေးဆယ့်ရှစ်မိနစ်အထိ
" ရွာကို ခရာက်ဖို့ ဘယ်လောက် ကြာအောင်စီးရလဲ"
" နာရီသုံးမတ်တောင် မရှိပါဘူး။ ရွာကနေ ထွက်တဲ့ရထားကတော့
နှစ်ဆယ့်ရှစ်မိနစ်ရောက်တိုင်း ထွက်တယ်။
"ဟာ- ဟုတ်သားပဲ။" မစ္စတာ ကွင်းကသတိရသွားဟန်ဖြင့် ပြော
"အဲဒီညနေက မစ္စဒေးလ်ဟာ ခြောက်နာရီနှစ်ဆယ့်ရှစ်မိနစ်ရထားနဲ့ လို
မယ့် ပိတ်ဆွေတစ်ယောက်ကို ဘူတာလိုက်ပို့တယ်လေ"
မစ္စတာဆတ္ထဝိတ်၏ စိတ်မှာ အဖြေမရသေးသော ပြဿနာအတွ
လှည့်ပတ်စဉ်းစားနေဆဲဖြစ်ပါသည်။ " လိုချင်တာမရခဲ့ဘူးဆိုတာ သေချာ
လား လို့ ခုနက ခင်ဗျားမေးတာ ကျုပ်ကောင်းကောင်းနားမလည်သေးဘူ
" ကျွန်တော်သိချင်တာက ခင်ဗျားစုံစမ်းခဲ့တာမှာ မရ ရအောင်ညစ်ထူ
ပြီးမေးခဲ့တာ မျိုးရှိရဲ့လားဆိုတာပါ။ ဘာပဲဖြစ်ဖြစ်လေ၊ လူဆာဘူးလတ်
နှိုင်ငံကထွက်သွားအောင် တမင်စီစဉ်ခဲ့တယ်ဆိုတာ ခင်ဗျားဖော်ထုတ်နိုင်
တယ်။ အဲဒါဆိုရင် အကြောင်းဘစ်ခုခု ရှိရတော့မှာပေါ့။ အဲဒီအကြောင်း
လည်း သူ ခင်ဗျားကို ပြောပြခဲ့တဲ့ အထဲမှာပဲ ပါနေရလိမ့်မယ်။"
" ဟုတ်ရဲ့လားဗျာ" မစ္စတာဆတ္ထဝိတ်က ငြင်းခုန်လိုဟန်ဖြင့်ပြော
" သူ ဘာပြောခဲ့တာလဲ၊ အကယ်၍ သူဟာ တရားခွင်မှာ သက်သေခံ
သူ ဘာပြောမှာတဲ့လဲ"
" သူ မြင်ခဲ့တာကို ပြောနိုင်တာပေါ့ဗျာ" ဟု မစ္စတာကွင်း က ပြန်ပြော
" သူ ဘာမြင်ခဲ့လို့လဲ"
" ကောင်းကင်ပေါ်က နိမိတ်ပုံလေ"
မစ္စတာဆတ္ထဝိတ် သူမိတ်ဆွေကို စိုက်ကြည့်နေမိ၏။ " ခင်ဗျားက ဒ
အဓိပ္ပာယ် မရှိတာမျိုးကို ယုံနေလို့လား။ ဘုရားသခင်ရဲ့လက် ဆိုတာမျိုး
ယုံကြည်တာဟာ အယူသီးတာသက်သက်ပါဗျာ၊ အမျိုးသမီးကိုယ်တိုင်
အဲဒါဟာ မီးရထားက ထွက်တဲ့ မီးခိုးဖြူဖြူတွေပါလို့ ပြောပြီးပြီပဲ"
မစ္စတာကွင်းက အေးဆေးစွာပင်- " အဲဒီရထားဟာ အစုန်လား၊ အ
လားလို့ ကျွန်တော်စဉ်းစားနေတာ" ဟု ပြန်ပြော၏။ သူမိတ်ဆွေက ချက်
ပြန်ဖြေပါသည်။ " အဆန်ရထားတော့ မဟုတ်နိုင်ဘူးဗျ။ ခြောက်နာရီ
ဆယ့်ရှစ်မိနစ်မှာ ထွက်တဲ့ အစုန်ရထားဖြစ်ရမယ်။ အဲ- အဲဒါလည်း မဟု
သေးဘူး။ သေနတ်သံက ရထားမီးခိုးတွေ မြင်ပြီးမှ ကြားရတာကိုး။ ပြီး
သေနတ်သံကြားရချိန်က ခြောက်နာရီမိနစ်နှစ်ဆယ်လို့ ကျုပ်တို့ သိထား

ားပဲ။ ရထားဟာ ဆယ်မိနစ်စောနေတယ်ဆိုတာလည်း မဖြစ်နိုင်ဘူး"
" ဟုတ်တယ်၊ အဲဒါတော့မဖြစ်နိုင်ဘူး" ဟု မစ္စတာကွင်း က ထောက်ခံ
" ကုန်ရထား၊ တစ်စီးစီးများဖြစ်နေမလား" ဟု မစ္စတာဆတ္ထဝိတ် တိုးတိုး
ပြောပြီးနောက် " အဲဒီလိုဆိုရင်လည်း . . . "
" မှန်တယ်၊ အဲဒီလိုဆိုရင် အမျိုးသမီးကို နိုင်ငံအပြင်ရောက်တဲ့အထိ
ဖို့လိုမှာ မဟုတ်ဘူး" ဟု မစ္စတာကွင်းက သူစကားကို ဖြည့်ပြောလိုက်သည်။
စ္စတာဆတ္ထဝိတ် သူ့ကို စိတ်ထက်သန်စွာစိုက်ကြည့်နေ၏။ " ခြောက်နာရီ
စ်ဆယ့်ရှစ်မိနစ်" ဟု သူခပ်ဖြည်းဖြည်း ပြောလိုက်သည်"။ အဲဒီနောက်မှ
သနတ်သံကြားရတာဆိုရင် ဘာလို့ လူတိုင်းက ဒီထက်စောပြီးကြားရတာ
ပြောခဲ့ကြတာလဲ။
" တစ်ခုပဲရှိတော့တယ်" ဟု မစ္စတာကွင်း က ပြော၏။ "နာရီတွေမှားနေ
ပဲ"
" ဗျာ - နာရီတွေအကုန်လုံးလား" ဟု မစ္စတာဆတ္ထဝိတ် က သံသယနှင့်
မေး၏။ " ဒီလောက်တိုက်ဆိုင်တယ်လို့ဗျာ"
" ကျွန်တော်ကတော့ တိုက်ဆိုင်တာလို့ မထင်ပါဘူး" ဟု သူမိတ်ဆွေက
ပြောသည်။ " အဲဒီနေ့ဟာ သောကြာနေ့လေ"
" သောကြာနေ့- ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ" မစ္စတာဆတ္ထဝိတ်
ပြီးစွာ ပြန်မေးလိုက်ရာ မစ္စတာကွင်း က - " ခင်ဗျားပဲ ကျွန်တော့်ကို
ပြောခဲ့တာလေ၊ ဆာဂျောခ်ျဟာ သောကြာ နေ့လယ်တိုင်းမှာ နာရီတွေသံပတ်
းတယ်လို့"
" လက်စသတ်တော့ နာရီတွေကို သူ ဆယ်မိနစ်နောက်ပြန်ရွှေ့ထားတာ
း" မစ္စတာဆတ္ထဝိတ် ရေရွတ်လိုက်ပါသည်။ ပေါ်ပေါက်လာသော အချက်
သူ အံ့အားသင့်စွာ ဆက်တွေးရင်းပြောနေပါ၏။ " ပြီးတော့ သူ ဘရစ်ခ်
တစားဖို့ထွက်သွားတယ်။ ကျုပ်ထင်တယ် မနက်ပိုင်းက မာတင်ဝိုင်းလ်ဆီ
မိန်းမရောပို့ခဲ့တဲ့ စာကို သူဖွင့်ဖတ်ခဲ့လိမ့်မယ်။ ခြောက်နာရီခွဲမှာ သူ
ိုင်းက ထ ပြန်လာတယ်။ အိမ်ရောက်တော့ ဘေးတံခါးနားမှာ ထောင်ထား
သေနတ်ကိုတွေ့လို့ ယူပြီး သူမိန်းမကို နောက်ကနေပစ်သတ်လိုက်တယ်။
ဒီနောက် အပြင်ပြန်ထွက်သွားပြီး သေနတ်ကို ချုံတစ်ချုံထဲ ထားခဲ့လိုက်
ယ်။ ဒါပေမယ့်၊ တယ်လီဖုန်းက ဘာကြောင့် ပျက်နေရတာလဲ။ ဟုတ်ပြီ
ရဲစခန်းကို ချက်ချင်းဆက်ခေါ်တာမျိုး မလုပ်နိုင်အောင် သူကိုယ်တိုင်ပြတ်

နေစဉ်တွင် သူမက ဆက်၍- " လူဆာဘူးလတ် ဟာ သူတွေ့ခဲ့ တာကို ရဲစခန်းမှာ ဖွင့်ပြောလိုက်ပြီလို့ ကျွန်မသူ့ကို ပြောလိုက်တယ်။ ရဲတွေက ဆက်စုံစမ်းကြလို့ သူအိမ်ထဲဝင်သွားပြီး ခြောက်နာရီခွဲပြီးစမှာ ပြန်ထွက်လာတာ မြင်လိုက်တဲ့သူတစ်ယောက်ကို ရဲတွေက မေးနေကြပြီ။ ရှင်သတ်တာပေါ်တော့မယ်လို့ ပြောလိုက်တော့ သူအကြီးအကျယ်ကြောက်ပြီး ပုံကျသွားတယ်။မကြာခင် ရဲတွေ ရှင့်ကို လာဖမ်းတော့မယ်၊ ရှင်အခုပြေးဖို့ အချိန်ရသေး တယ်။ ဒါပေမယ့် ရှင် ဗီလိန် ကို သတ်ခဲ့ကြောင်း ဝန်ခံချက် ရေးပြီးလက်မှတ် ထိုးပေးရမယ်။ မထိုးနိုင်ရင် ကျွန်မ အခုပဲအော်ပြီး တစ်ရုံးလုံး အဖြစ်မှန် သိအောင် ဖွင့်ချလိုက်မယ်လို့ ခြိမ်ခြောက်တော့ သူ သွေးရူးသွေးတန်းနဲ့ လက်မှတ်ထိုးပေးတယ်။ ဟော ဒီမှာ၊ ဒါကို ရှင်ယူပြီး မာတင်ကို လွတ်အောင် လုပ်ပေးလိုက်ပါ"

သူမက သူ့လက်ထဲသို့ စာရွက်တစ်ရွက်ကို ထည့်ပေးပါ၏။ မစ္စတာဆတ္ထဝိတ် က " သူတကယ်ပဲ လက်မှတ်ထိုးခဲ့တာလား" ဟု မယုံနိုင်စွာမေးရာ မိန်းကလေးက - " သူ ဟာ လူဖျင်း လူညံ့တစ်ယောက်ပါ။ ကျွန်မလည်း ဒီအတိုင်းပဲ။ ကျွန်မဖျင်းလို့ သူ့ကို ယုံပြီးမှားခဲ့မိတယ်။ မှားပြီးကာမှ နောင်တ တွေနဲ့ စိတ်သောက ရောက်ရတော့တာပါပဲ"

" မစ္စတာဆတ္ထဝိတ်က သူမ၏လက်ကို ညင်သာစွာ ပွတ်သပ်၍ နှစ်သိမ့်လျက် - "မင်း အခုအမှန်ရောက်အောင် လုပ်နိုင်ခဲ့ပြီပဲကွာ" ဟု ပြောလိုက်ပါသည်။ ထို့ နောက် သူက ဆက်၍- " ဟော ဟိုရှေ့နားမှာ ငါထိုင်နေကျ စားသောက်ဆိုင် လေးတစ်ခုရှိတယ်။ မင်းကိုယ်ရောစိတ်ပါပင်ပန်းနေပြီ။ ခဏဝင်ပြီး အပန်း ဖြေ လိုက်တာကောင်းမယ်" ဟောဝန်သို့ ရောက်သောအခါ ကားရပ်ခိုင်းလိုက် ပြီး မစ္စတာဆတ္ထဝိတ် က သူမကို သူထိုင်နေကျ အခန်းသို့ ခေါ်သွားလိုက်၏။ သို့ရာတွင် သူတွေ့ရန် အမျှော်လင့်ကြီး မျှော်လင့်နေရသော သူမိတ်ဆွေကြီး ကို မတွေ့ရပါ။ သူ စိတ်ပျက်သွားပုံကြောင့် " ဘာဖြစ်လို့လဲ" ဟု မိန်းကလေး က မေးလိုက်ရာ သူက" ဘာမှ မဟုတ်ပါဘူးကွယ်၊ တွေ့မယ်ထင်ထားတဲ့ မိတ်ဆွေတစ်ယောက်ကို မတွေ့ရလို့ပါ။ ကိစ္စမရှိဘူးလေ. . တစ်ချိန်ချိန်မှာ တော့ ဒီအကြောင်းတွေ သူ့ကို ပြောပြနိုင်ပါလိမ့်မယ်" ဟု ပြန်ပြောလိုက်ပါ သည်။

ထားခဲ့တာပဲ။ ချက်ချင်းဖုန်းဆက်ခဲ့ရင် ရဲက ဖုန်းဝင်လာချိန်ကို မှတ်ထားတော့မှာကိုး။ ဝိုင်းလ် ပြောခဲ့တာလည်း ဒီမှာလာပြီး အံဝင်သွားတယ်။ သူ တကယ် ပြန်ထွက်လာတဲ့အချိန်ဟာ ခြောက်နာရီနှစ်ဆယ့်ငါးမိနစ်ဖြစ်မယ်။ ဖြည်း ဖြည်းလျှောက်ရင် သူ့အိမ်ကို ခုနစ်နာရီမတ်တင်းမှာရောက်လောက်တာပေါ့ မှန်တယ်၊ ဒီအတိုင်းပဲဖြစ်ရမယ်။ လူဆာဘူးလတ် ဟာ သူတွေ့တဲ့ မီးခိုးနံ့ပုံ အကြောင်း လူတိုင်းကို လျှောက်ပြောနေရင် အဲဒါဟာ အန္တရာယ်ပဲ။ တယောက်ယောက် က ရထားခိုန်ကို သတိပြုမိသွားနိုင်တယ်။ နာရီတွေ နောက် ပြန်လှည့်ပြီး သူ့အတွက် အလီဘိုင်ရအောင် လုပ်ထားတာ အလကား သွားတော့မယ်"

" ကောင်းပါပေ့ဗျာ" ဟု မစ္စတာကွင်း က ခိုးကျူးလိုက်၏။ မစ္စတာဆတ္ထဝိတ် က ကျေနပ်စွာပြန်ကြည့်ပြီး- " ဘာဆက်လုပ်ကြမလဲ ဆိုတာ စဉ်းစားရှိတော့တယ်" ဟု ပြောရာ မစ္စတာကွင်း က " ဆီလ်ဗီယာဒေးလ် ထံ အသင့်တော်ဆုံးဖြစ်လိမ့်မယ်ဗျ" ဟုအကြံပေး၏။ "သူ့မှာဖခင်တို့ အစ်ကိုတို့ရှိမှာပေါ့၊ သူတို့ကလည်း ကူညီကြမှာပဲ"

" မှန်တယ်ဗျ၊ ဒီအကြံကောင်းတယ်" ဟု မစ္စတာဆတ္ထဝိတ် က သဘော တူပါသည်။

တိုတောင်းလှသော အချိန်အတွင်းတွင် သူမိန်းကလေးနှင့် မျက်နှာချင်း ဆိုင် ထိုင်လျက် အလုံးစုံရှင်းပြလိုက်ပါ၏။ မိန်းကလေးက တစ်ခွန်းမှ ဝင် ပြောဘဲ သေချာစွာနားထောင်ပါသည်။ ပြီးသောအခါ ချက်ချင်းထိုင်ရာ ထပြီး- " ကျွန်မ တက္ကစီတစ်စီးရမှ ဖြစ်မယ်" ပြောလိုက်၏။ မစ္စတာဆတ္ထဝိတ် က နားမလည်နိုင်စွာပင် - မင်းဘာလုပ်မလို့လဲ၊ မိန်းကလေး" ဟု မေး " ကျွန် မ ဆာဂျော့ခ်ျ ဘာနာဘီဆီကို အခုသွားမယ်" ဟု ပြောလေသည်

" မဖြစ်နိုင်တာပဲ၊ နည်းလမ်းလွဲနေပြီ၊ ဒို့ပဲ ဒီကိစ္စတာဝန်ယူမှာပါ" သို့ တွင် ဆီလ်ဗီယာဒေးလ်မှာ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ချပြီး ဖြစ်နေပါသည်။ သူမနှင့်အတူ တက္ကစီပေါ်တွင် သူ့ကို လိုက်ပါခွင့်ပြုသော်လည်း ဘာစကားမှ နားမထောင်တော့ပါ။ ဆာဂျော့ခ်ျ ၏ ရုံးခန်းထဲသို့ သူ၄ ဝင်သွားသောအခါ သူ့ကို တက္ကစီထဲတွင် စောင့်နေခိုင်းပါသည်။

နာရီဝက်ခန့် ကြာသောအခါ မိန်းကလေးပြန်ထွက်လာ၏။ သူမ အတွက် ပင်ပန်းနွမ်းနွယ်နေပုံရပါသည်။ မစ္စတာဆတ္ထဝိတ်က ဂရုတစိုက်နှင့် စောင့်ကြည့် ပါ၏။ ကားပေါ်ရောက်သည်နှင့် သူမ မျက်လုံးများကို မှိတ်ပြီး 'ကျွန်မ အနိုင်ရခဲ့တယ်' ဟု ပြောပါသည်။ မစ္စတာ ဆတ္ထဝိတ် နားမလည် နိုင်

မျိုးဆက်ကျိန်စာ

ကျွန်တော်သည် ပွိုင်းရော့နှင့်အတူ ထူးဆန်းလှသည်ဆိုသော အမှုပေါင်းများစွာတွင် အတူလိုက်ပါထောက်လှမ်းခဲ့ဖူးပါသည်။ သို့ရာတွင် ယခုဖော်ပြမည့် အမှုလောက် ကျွန်တော်တို့ စိတ်ဝင်စားမှုကို ကာလကြာမြင့်စွာဆွဲဆောင်နိုင်သည့် အမှုမျိုးမရှိသည့်အပြင် ပွိုင်းရော့ဖြေရှင်းခဲ့ရသည်။ အမှုပေါင်းများစွာတွင်လည်း ဤအမှုက ထူးခြားမှုတွင် သရဖူဆောင်းနိုင်သည်ဟု ဆိုရပါလိမ့်မည်။

စစ်အတွင်း တစ်ညနေတွင် လမ်း(မ်)ဆားရား မိသားစု၏နောက်ကြောင်းရာဇဝင် ကို ကျွန်တော်တို့ စိတ်ဝင်စားစွာပြောဆိုခဲ့ခြင်းက အစပြုခဲ့ခြင်းဖြစ်ပါသည်။ ပွိုင်းရောနှင့်ကျွန်တော်တို့ မကြာသေးမီက ပြန်လည်ဆုံစည်းမိပြီး ဘယ်လ်ဂျီယံ တွင် ကြုံခဲ့သည့်ရှေးဟောင်း နှောင်းဖြစ်များကို ပြန်ပြောင်း တွေးတောပြောဆို နေခဲ့ကြပါ၏။ နေရာမှာ ကာလ်တန် ဟိုတယ်ဖြစ်ပြီး ကျွန်တော်တို့ပြန်ကြ တော့မည့်ဆဲဆဲတွင် ကျွန်တော့်အမည်ခေါ်၍ နှုတ်ဆက်သံကြားသောကြောင့် လှည့်ကြည့်လိုက်ရာ ပြင်သစ်တွင် ကျွန်တော်တွေ့ဆုံခင်မင်ခဲ့ဖူးသော ကပ္ပ တိန် ဗင်းဆင့်လမ်း(မ်) ဆားရားဟူ သည့် လူငယ်ဖြစ်နေကြောင်း တွေ့ရပါသည်။ သူနှင့်အတူပါသော လူတစ်ယောက်မှာ သူနှင့်မျက်နှာချင်းဆင်ပြီး မစ္စတာဟူးရိုးလမ်း(မ်) ဆားရားဖြစ်ကြောင်း နှင့်သူ့ဦးလေးဖြစ်ကြောင်းမိတ် ဆက်ပေးပါသည်။

ကပ္ပတိန် လမ်း(မ်)ဆားရားကို ကျွန်တော်ရင်းရင်းနှီးနှီး သိခဲ့ခြင်းတော့မဟုတ်ပါ။ သူသည် ပျော်တတ်သူ လူငယ်တစ်ဦးဖြစ်ပြီး လွန်စွာရှေးကျရှိ

သီးသန့်ဖြစ်သော သက်တမ်းရှည်မိသားစုကြီးမှ မွေးဖွားခဲ့သူဖြစ်ပါသည်။ ပွိုင်းရော့နှင့် ကျွန်တော်တို့မှာ အရေးတကြီးကိစ္စ လတ်တလေမရှိကြပေရာ မိတ်ဆွေသစ် နှစ်ဦးနှင့်အတူ စားပွဲတစ်ခုတွင် ထိုင်ကြပြီး ရောက်တတ်ရာရာ အကြောင်း မျိုးစုံတို့ပြောရင်း စကားဝိုင်းဖွဲ့နေကြပါ၏။ လူငယ်၏ဦးလေးဖြစ်သူမှာ အသက်လေးဆယ်ခန့်ရှိပြီး ပညာတတ်တစ်ဦးဟန်ရှိလျက် အစိုးရ၏ဓာတု ဆေးဝါး သုသေသနလုပ်ငန်းတွင် လုပ်ကိုင်နေသူဖြစ်ကြောင်း သိရပါသည်။ မကြာမီပင် ကျွန်တော်တို့ စကားဝိုင်းရှိရာသို့ ကပျာကသီ ရောက်လာသော အသားညိုညို အရပ်မြင့်မြင့် လူငယ်တစ်ယောက်ကြောင့် စကားဝိုင်းကို ရပ်လိုက်ရပါသည်။ ထိုလူငယ်မှာ အမောတကောနှင့် စိတ်လှုပ်ရှားနေပုံရ၏။

" ဘုရားသိကြားမလို့ပါလား။ နှစ်ယောက်စလုံး တစ်ပြိုင်တည်း တွေ့ရတော့တာပဲ" သူ ရေရွတ်လိုက်ပါသည်။

" ဘာဖြစ်လာတာလဲ၊ ရော်ဂျာ"

" ခင်ဗျား အဖေကြီး- မြင်းလေးတစ်ကောင်အစီးကျင့်ရင်း လိမ့်ကျလို့ဗျ။ အခြေအနေ မကောင်းဘူး"

မိနစ်အနည်းငယ်အတွင်း မိတ်ဆွေနှစ်ယောက်ကျွန်တော်တို့ကို နှုတ်ဆက်လျက် ဒရောသောပါး ထွက်သွားကြပါသည်။ လူငယ်၏ပြောပြချက်အရ ဗင်းဆင့် လမ်း(မ်)ဆားရား ၏ ဖခင်မှာ မြင်းငယ်တစ်ကောင်ကို အစီးကျင့်နေစဉ် လိမ့်ကျခဲ့ရာ အတော်ဆိုးစွာ ထိခိုက်ဒဏ်ရာရခဲ့သောကြောင့် နောက်တစ်ရက်နံနက်အထိ အသက်ရှည်နိုင်ဖွယ်မရှိတော့ဟု ဆိုပါသည်။ ထိုသတင်းကြောင့် ဗင်းဆင့်မှာ သွေးမရှိတော့သလို ဖြူသွားပြီး ကြက်သေ သေသွားရပါ၏။ ကျွန်တော်ပင်လျှင် သူ့ကိုကြည့်ပြီး အံ့ဩသွားရပါသည်။ အကြောင်းမှာ ပြင်သစ်တွင်သူနှင့် ဆုံခဲ့ကြစဉ်က သူနှင့်သူ့ဖခင်တို့မှာ မေတ္တာပျက်လျက် စိမ်းစိမ်းကားကား ဖြစ်နေကြကြောင်း သူပြော၍သိခဲ့ရသောကြောင့် ဖြစ်ပါသည်။ ယခုဖခင်အတွက် စိုးရိမ်ကြောင့်ကြသွားသော သားတစ်ဦး၏ ခံစားမှုကြောင့် ကျွန်တော်အံ့ဩရခြင်းဖြစ်ပါ၏။

သတင်းလာပေးသည့် လူငယ်မှာ ရော်ဂျာ်လမ်း(မ်) ဆားရား ဆိုသူဖြစ်ပြီး ဗင်းဆင့်၏ ဝမ်းကွဲညီတော်စပ်ပါသည်။ သူသည် နောက်ချန်နေခဲ့ပြီး ကျွန်တော်တို့နှင့် အတူ လမ်းလျှောက်ရင်းစကားပြောလာကြပါသည်။

" တော်တော်ထူးဆန်းတဲ့ ကိစ္စ ခင်ဗျ" ဟု လူငယ်က ပြော၏။ " မစ္စတာပွိုင်းရော့ စိတ်ဝင်စားမယ့်ကိစ္စမျိုးပါပဲ၊ ကျွန်တော် ဟစ်ဂင်ဆန် ဆိုတဲ့ ပုဂ္ဂိုလ်

ဆီက မစ္စတာပ္ပိုင်းရော့ အကြောင်းသိခဲ့ရတာပါ။ (ဟစ်ဂင်ဆန်မှာ ကျွန်တော်တို့၏ မိတ်ဆွေတစ်ဦးဖြစ်ပါသည်။) သူက မစ္စတာပ္ပိုင်းရော့ ဟာ စိတ္တဗေဒမှာ ပါရဂူတစ်ယောက်လိုပဲတဲ့ခင်ဗျ"

" စိတ္တဗေဒကို ကျုပ်လေ့လာထားတာတော့ အမှန်ပါပဲ" ဟု ပ္ပိုင်းရော့ က မယုတ်မလွန်ဝန်ခံလိုက်၏။

" ကျွန်တော့်ဝမ်းကွဲ အစ်ကို မျက်နှာကို တွေ့လိုက်တယ်မဟုတ်လား ခင်ဗျ။ အလဲထိုးခံလိုက်ရသလိုပဲလေ။ အဲဒါဘာကြောင့် လို့ထင်သလဲဗျ။ ခေတ်အဆက်ဆက်ရှိခဲ့တဲ့ မိသားစု ကျိန်စာကြောင့်ပါခင်ဗျာ။ သိချင်ကြမယ် ထင်ပါရဲ့"

" ပြန်ပြောပြနိုင်ရင်တော့ ကျေးဇူးပေါ့ကွယ်"

ရော်ဂျာလမ်း(မ်) ဆားရား လက်ပတ်နာရီကို ကြည့်ပြီး." အချိန်ရပါတယ်။ သူတို့နဲ့ ကင်းခရော့မှာ ပြန်ဆုံဖို့ ချိန်းထားတယ်။ ဒီလိုပါ မစ္စတာပ္ပိုင်းရော့။ လမ်း(မ်)ဆားရားဟာ အတော်သက်တမ်းရှည်ခဲ့တဲ့ မျိုးဆက်တစ်ခုပါ။ အလယ်ခေတ်ကာလပိုင်းလောက်မှာ လမ်း(မ်) ဆားရားမိသားစုဝင်တစ်ဦးဟာ သူ့ဇနီးအပေါ် သံသယဝင်နေခဲ့တယ်။ သူ့ဇနီးအကြောင်း လူပြော သူပြော များနေတာကိုး။ အမျိုးသမီးက မဟုတ်ပါဘူးလို့ ကျိန်တွယ်ပြောပေမယ့် မှုမတ်ဖြစ်တဲ့ ဟူးဂိုးကြီးက လက်မခံဘူးတဲ့။ သူတို့မှာ သားကလေးတစ်ယောက်ရှိပေမယ့် ဟူးဂိုးက သူ့သားမဟုတ်ဘူးလို့ ငြင်းပြီး အမွေဆက်ခံခွင့်မပေးဘူးပြီးတော့ အဲဒီခေတ်က ဓလေ့အတိုင်း သားအမိနှစ်ယောက်စလုံးကို အခန်းတစ်ခုထဲ လှောင်ပြီး သေတဲ့အထိ ပိတ်ထားလိုက်တော့သတဲ့။ အမျိုးသမီးဟာ သေသည်အထိ သူအပြစ်မရှိကြောင်း ငြင်းသွားတဲ့အပြင် လမ်း(မ်) ဆားရား မိသားစုကိုလည်း လေးလေးနက်နက် ကျိန်စာတိုက်သွားခဲ့သတဲ့။ သူ့ကျိန်စာကတော့ လမ်း(မ်) ဆားရားမိသားစုရဲ့ သားဦးဖြစ်သူတိုင်း အမွေမဆက်ခံရပါစေနဲ့တဲ့ခင်ဗျ။"

" အချိန်တွေကုန်လွန်လာပြီးတဲ့နောက် အမျိုးသမီးအပြစ်ကင်းတယ်ဆိုတာ နောက်ပိုင်းမှာ ထင်ထင်ရှားရှား ပေါ်လာပါတော့တယ်။ ဟူးဂိုးဟာ သူ့ဘဝနှောင်းပိုင်းကာလတွေကို ဘုရားကျောင်းက အပြစ်ဝန်ချခန်းငယ်တစ်ခုမှာ ဒူးထောက်ရင်း ကုန်ခဲ့ရတော့ တာပါပဲ။ ထူးဆန်းတာက အဲဒီအချိန်ကစပြီး အခုကာလအထိ မိသားစုအမွေကို ဘယ်သားဦးကမှ ဆက်ခံနိုင်ခဲ့ပါဘူး။ ညီတွေ၊ တူတွေကပဲ ဆက်ခံခဲ့ရတော့တယ်။ ဗင်းဆင့်ရဲ့အဖေက သားငါးယောက်ထဲက ဒုတိယပါ။ အကြီးဆုံးသားက

မွေးကင်းစမှာပဲ ဆုံးသွား ခဲ့တယ်။ ဗင်းဆင့်ဟာလည်း တခြားလူတွေ သေကိန်းကြုံကြုံ၊ မကြုံကြုံ သူက တော့ ကြုံရမှာပဲလို့ ယုံကြည်နေတယ်။ ဒါပေမယ့် သူ့ညီနှစ်ယောက်သာ ဆုံးသွားတယ်။ သူကတော့ ခလုပ်မထိ ဆူးမငြိဘဲကျန်ခဲ့တယ်။"

" စိတ်ဝင်စားစရာကောင်းတဲ့ မိသားစုရာဇဝင်ပါပဲ" ဟု ပ္ပိုင်းရော့ က မှတ်ချက်ချပါသည်။ " ဒါပေမယ့် အခု သူ့ဖခင်က သေလုမြောပါး ဖြစ်နေပြီဆိုတော့ သူက သားဦးအနေနဲ့ အမွေဆက်ခံရတော့မယ် မဟုတ်လား"

" ဟုတ်ပါတယ်ခင်ဗျ။ ကျိန်စာဟာလည်း ကြာလာတော့ သံချေးတက်ပြီး ခေတ်အပြောင်းအလဲရဲ့ ဒဏ်ကို မခံနိုင်တော့ဘူးထင်ပါတယ်"

ပ္ပိုင်းရော့ က ခေါင်းခါပါသည်။ လူငယ်၏ ပြက်လုံးထုတ်ဟန်လေသံကို အပြစ်တင်လိုပုံရှိပါ၏။ ရော်ဂျာလမ်း(မ်)ဆားရား က နာရီကိုထပ်၍ ကြည့်လိုက် ပြီး သူသွားမှ ဖြစ်မယ်ဟု ပြောကာ ထွက်သွားပါသည်။

ဇာတ်လမ်း၏ နောက်ဆက်တွဲအဖြစ် နောက်တစ်နေ့တွင် ကပ္ပတိန် ဗင်းဆင့်လမ်း(မ်)ဆားရား ရုတ်ကရက် ကွယ်လွန်သည့် ကြေကွဲဖွယ်သတင်းကို သိလိုက်ရပါသည်။ သူသည် စကော့ချ် စာပို့ရထားဖြင့် မြောက်ပိုင်းသို့ ခရီးသွားစဉ် ညဘက်၌ ရထားတံခါးကို ဖွင့်၍ ခုန်ချသွားခြင်းဖြစ်သည်ဟု သတင်းက ဆို၏။ သူ့ဖခင် အသက်ဆုံးရှုံးရမှုကြောင့် စိတ်ချောက်ချားရာမှ အခိုက်အတန့်စိတ်ဝေဒနာ ခံစားရစဉ် ကံမကောင်း အကြောင်းမလှမှု ဖြစ်သွားရခြင်းဟု ယူဆကြပါသည်။ လမ်း(မ်)ဆားရား ဆွေစဉ်မျိုးဆက်ပျံ့နှံ့ခဲ့သော ကျိန်စာနှင့် ပတ်သက်၍ အယူသီးမှုမှာ သူ့ဖခင်၏ညီဖြစ်သူ ရိုနယ်လမ်း(မ်)ဆားရား အမွေဆက်ခံသောအခါ ပြန်လည်ပြောဆိုလာကြပြန်သည်။ ရိုနယ်၏ တစ်ဦးတည်းသော သားမှာ ကလေးဘဝကတည်းက သေဆုံးသွားခဲ့သောကြောင့်ဖြစ်၏။

လူငယ် ဗင်းဆင့်နှင့် မတော်တဆတွေ့ဆုံခဲ့မှုမှာ သူ၏ နောက်ဆုံးညနေ ဖြစ်သွားခဲ့ခြင်းကပင် ကျွန်တော်တို့ လမ်း(မ်)ဆားရားမိသားစုအပေါ် စိတ်ဝင်စားနေမှုကို အားကောင်းစေသည့် အကြောင်းဖြစ်ပါသည်။ မိသားစုအမွေကို ဆက်ခံခဲ့သူ ရိုနယ်လမ်း(မ်) ဆားရားသည် မူလကပင် မသန်မစွမ်းဖြစ်ကွိတ တစ်ဦးဖြစ်နေခဲ့ပေရာ နှစ်နှစ်ကြာသောအခါ ကွယ်လွန်သွားပါသည်။ သူ၏ ညီဖြစ်သူ ဂျွန်က သူ့ အရိုက်အရာနှင့် မိသားစုအမွေကို ဆက်ခံ၏။ သူသည် အသက်မငယ်လှသော်လည်း ကျန်းမာသန်စွမ်းသူဖြစ်ပါသည်။ ဒီတန်တွင် နေထိုင်သော သားတစ်ယောက်ရှိသည်။

ဆိုးရွားသော ကံကြမ္မာက လမ်း(မ်)ဆားရား မိသားစုအပေါ် အ
မည်းဆိုးနေခြင်းမှာ ရပ်တန့်ခြင်းမရှိသေးပါ။ အဆိပ်ရှိသော ပိတုန်းအတို
ခံရပြီး ဂျွန်လမ်း(မ်)ဆားရား ရုတ်တရက် သေဆုံးသွားသည်နှင့် ရွှေ
နောက်ဆင့် ဆိုသလိုပင် အိတန်ရှိ သားဖြစ်သူသည် သေနတ်ကို ကစား
ကျည်ထွက်၍ သေဆုံးသွားရပါသည်။ ညီအစ်ကိုငါးဦးထဲမှ အငယ်ဆုံးဖြစ်
ဟူးဂိုးက အဓမ္မဆက်ဆံရတော့သည်။ ဟူးဂိုးမှာ ကာလတန်ဟိုတယ်
ကျွန်တော်တို့ တွေ့ခဲ့ရသူဖြစ်ပါသည်။

လမ်း(မ်)ဆားရား မိသားစု ဆွေစဉ်မျိုးဆက်အပေါ် ကျရောက်ခဲ့
ကြကမ္ဘာဆိုးတို့နှင့် ပတ်သက်၍ ဆွေးနွေးဝေဖန်ခဲ့ကြခြင်းထက် ပိုလွန်
စိတ်ဝင်စားမှုမျိုး ကျွန်တော်တို့တွင် မဖြစ်မိခဲ့ကြပါ။ သို့ရာတွင် ကျွန်တော်
မသိမြင်နိုင်ခဲ့ကြသည်မှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ရတော့
အချိန်ကာလလွန်စွာ နီးကပ်နေပြီဆိုသော အချက်ပင်ဖြစ်ပါ၏။

တစ်နံနက်တွင် ကျွန်တော်တို့ထံတွင် မစ္စစ်လမ်း(မ်) ဆားရား ရောက်
ပါသည်။ သူမသည် အရပ်မြင့်၍ ဖျတ်လတ်သူ တစ်ဦးဖြစ်ပါသည
အသက်မှာ သုံး ဆယ်ခန့် ရှိပါပြီ။ ကိုယ်ပိုင်ဉာဏ်ထက်မြက်ပြီး ဆုံးဖြတ်
ပြတ်သားမည့် ဟန်အမူအရာရှိသူဖြစ်၏။

" မစ္စတာပွိုင်းရော့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မ ခင်
ဟူးဂိုးလမ်း(မ်) ဆားရားကိုတော့ လွန်ခဲ့တဲ့ နှစ်အတော်ကြာတုန်းက တွေ့
တယ် မဟုတ်ပါလားရှင့်။ ကြာပြီဆိုတော့လည်း မေ့နေလောက်ပြီ ထ
တယ်"

" ကောင်းကောင်းမှတ်မိပါတယ် မဒမ်၊ သူနဲ့ ကာလတန်ဟိုတယ်မှာ
ဖူးတာပါ"

" မစ္စတာပွိုင်းရော့ က သိပ်မှတ်ဉာဏ်ကောင်းတာကိုး။ ကျွန်မ အ
တာ စိတ်ပူစရာရှိနေလို့ပါရှင့်"

" ဘာအတွက်ပါလိမ့်၊ မဒမ်"

" ကျွန်မ သားအကြီးလေးအတွက်ပါရှင့်၊ ကျွန်မမှာ သားနှစ်ယော
တာ ရှင်သိပါလိမ့်မယ်။ ရိုနယ်က ရှစ်နှစ်၊ ဂျရယ်က ခြောက်နှစ်ပါ"

" ဟုတ်ကဲ့၊ ပြောပါဦး မဒမ်၊ ရိုနယ်လေးအတွက် စိတ်ပူစရာဘာ
ရှိနေလို့ပါလဲ"

" ဒီလိုပါ မစ္စတာပွိုင်းရော့၊ ပြီးခဲ့တဲ့ ခြောက်လအတွင်းမှာ သူဟာ
လောက်တဲ့ ဘေးအန္တရာယ်နဲ့ သုံးကြိမ်တောင် ကြုံခဲ့ရပါတယ်။ ပထမအ

ရေနစ်မလိုဖြစ်တာပါ။ နွေတုန်းက ကျွန်မတို့ မိသားစု ကွန်ဝေါကို သွား
သည်ကြတုန်းကပါ။ နောက်တစ်ကြိမ်က အိမ်မှာပါပဲ၊ ကလေးထိန်းခန်းရဲ့
တင်းပေါက်ကနေ ထွက်နေကျတာရှင့်၊ နောက်ဆုံးအကြိမ်ကတော့ တိုမိန်း
ဆိပ်မိတာပါ။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ဇာခွဲနေတယ်လို့များထင်နေ
လားမသိဘူး။ ကျွန်မ တကယ်စိတ်ပူနေတာပါရှင့်"

" မထင်ပါဘူး မဒမ် ဒီအခြေအနေမျိုးမှာ ဘယ်မိခင်မဆို စိတ်ပူမှာ
မှန်ပါပဲ။ ဒါပေမယ့် ကျုပ်ဘယ်လိုအကူညီပေးနိုင်မလဲဆိုတာ စဉ်းစားရ
တ်နေတယ်။ ကျုပ်က ပင်လယ်လှိုင်းတွေငြိမ်သွားအောင် ဖန်ဆင်းနိုင်တဲ့
နိုးရှင် မဟုတ်ပါဘူး။ ကလေးထိန်းခန်းနဲ့ ပတ်သက်လို့တော့ ပြတင်းမှာ
တိုင်တွေ စိုက်ဖို့ပဲအကြံပေးချင်တယ်။ သူစားတဲ့ အစာနောက်ထပ်
ဆိပ်မဖြစ်ဖို့မှာ တော့ မိခင်တစ်ယောက်ထက် ဘယ်သူက ပိုဂရုစိုက်နိုင်ပါ့
လဲခင်ဗျာ"

" ဒါပေမယ့် ဒီအန္တရာယ်ကတော့ ဂျရယ်မှာမဖြစ်ဘဲ ဘာလို့ ရိုနယ်မှာ
ည်းဖြစ်နေတာလဲရှင့်"

" ဒါကတော့ အခွင့်အလမ်း ကြုံတာနဲ့ ဆိုင်ပါတယ် မဒမ်"

" ရှင်ဒီလိုပဲ ထင်တယ်ပေါ့"

" မဒမ် နဲ့ ခင်ပွန်းဖြစ်သူတို့က ဘယ်လိုများထင်နေလို့ပါလဲ"

မစ္စစ်လမ်း(မ်) ဆားရား ၏ မျက်နှာတွင် အရိပ်တစ်ခုဖြတ်သွားသလို
ငင်ရပါသည်။" ဟူးဂိုးကို ပြောလို့တော့ အပိုပဲရှင့်၊ သူနားထောင်မှာ
တုတ်ပါ ဘူး။ ဒီမျိုးရိုးမှာ ကျိန်စာမိနေတယ်ဆိုတာကို ရှင်လည်းကြားဖူး
သားဖြစ်ပါလိမ့်မယ်။ ဘယ်သားဦးမှ အမွေမဆက်ခံရဘူးဆိုတာလေ။
ဂိုးက အဲဒါကို ယုံနေတယ်ရှင့်။ မိသားစုရာဇဝင်ကို အပြန်ပြန်အထပ်ထပ်
သူလာစူးစမ်း ပြီးပြင်းပြင်းထန်ထန်အယူသီးနေတော့တာပါပဲ။ ကျွန်မ
ရိမ်တာတွေ သူ့ ပြောပြရင် ဒါကျိန်စာပဲကွာ၊ ဘယ်လိုလုပ်လွတ်နိုင်ပါ့မလဲ
ပဲပြန်ပြောပါတယ်။ ကျွန်မက အမေရိကား ကလာတာပါ မစ္စတာပွိုင်းရော့
ွန်မ တို့ဆီမှာ ဒီလောက်ထိအယူမသီးကြပါဘူး။ သူတို့ ဟာရွှေကတည်းက
စဉ် အလာကြီးခဲ့တဲ့ မိသားစုကြီးကို ပိုင်ဆိုင် ထားတာအတွက် ကျွန်မ
ဘောကျပါတယ်။ ဂုဏ်ယူလေးစားစရာပဲကိုး၊ ဟူးဂိုးနဲ့ကျွန်မ စတွေ့ခဲ့တုန်း
ကျွန်မ မြို့ငယ်လေးတစ်ခုမှာ တေးသရုပ်ဖော် ဇာတ်အဖွဲ့ဆဲ လိုက်နေတဲ့
းသမီး လေးပဲလုပ်နေတုန်းပါ။ ကျွန်မထင်ပါတယ် သူတို့ မိသားစု ကျိန်စာ
တာ ဟာ ပုံပြင်အနေနဲ့ပဲ ပြောလို့ကောင်းတာပါ။ အဲဒါက ကိုယ့်ရင်သွေး

တွေနဲ့ ပတ်သက်လာတာတော့ ဘယ်သဘောကျပါ့မလဲရှင်။ ကျွန်မ ကလေးတွေကို ကျွန်မ ချစ်တာပေါ့။ ကလေးတွေ ဘေးကင်းဖို့ဆိုရင် ကျွန်မ ဘာမဆိုလုပ်မှာ ပါပဲ"

" ဒါဖြင့် မဒမ် က မိသားစုရဲ့ မျိုးရိုးစဉ်လာဇာတ်ကြောင်းကို မယုံကြည်ဘူးဆိုပါတော့"

" အဲဒီ မျိုးရိုးစဉ်လာ ဇာတ်ကြောင်းဆိုတာက နွယ်ပင်ကိုင်းကို လွှဲတိုက်ဖြတ်နိုင်သလားရှင်"

"ဗျာ - မဒမ် ဘယ်လိုပြောလိုက်တာလဲ" ပွိုင်းရော့က အော်မေးလိုက်ပါ၏။ သူမျက်နှာမှာ အကြီးအကျယ် အံ့အားသင့်နေဟန်ကို ဖော်ပြနေသည်။

"ကျွန်မ ပြောချင်တာက မျိုးရိုးစဉ်လာပဲ ပြောပြော၊ တစ္ဆေသရဲပဲ ဆိုဆို အဲဒါက နွယ်ပင်ရဲ့ ကိုင်းကို လွှဲနဲ့တိုက်ဖြတ်နိုင်သလားဆိုတာပါ။ ကွန်ဝေါ်ဖြစ်ခဲ့တာကိုကျွန်မ မပြောဘူး ဘယ်ကလေးမဆို ရေကူးရင်း အဝေးကြီး ရောက်သွားပြီးဒုက္ခရောက် နိုင်တာပါပဲ။ လေးနှစ်သားကတည်းက ရေကူး ကျွမ်းကျင်တဲ့ ရိုနယ်လည်း ဒီအ တိုင်းပါပဲ။ ဒါပေမယ့် နွယ်ပင်ကိုင်းကိုင်း တစ်မျိုးရှင့်။ ကလေးနှစ်ယောက်စ လုံး နွယ်ပင်ကြီးကို တက်လိုက်၊ ဆင်းလိုက် ဆော့နေကျပါ။ ဂျရယ် အဝေး ရောက်နေတုန်းမှာ ရိုနယ် တစ်ယောက်တည်း နွယ်ပင်ကို တက်တာ ကိုင်းကျိုးကျပါ ရော။ ကံကောင်းလို့ ဆိုးဆိုးဝါးဝါး မဖြစ်တာ။ ကျွန်မ နွယ်ပင်ကိုင်းကို ကြည့်လိုက်တော့ ကျိုးကျတာ မဟုတ်သေးရှင့်၊ ပြတ်လုနီးနီး အထိ လွှဲ တိုက် ထားတာ"

" ဒီကိစ္စဟာတော့ အတော်အရေးကြီးတယ် မဒမ်၊ အဲဒါဖြစ်တုန်းသားငယ်က အဝေးကို ရောက်နေတယ်ပေါ့"

" ဟုတ်ပါတယ်"

" ဒါဖြင့် တိုမိန်း အဆိပ်မိတယ်ဆိုတုန်းကရော၊ သူအဝေးရောက်နေသေးလား"

" မဟုတ်ဘူးရှင့်၊ အဲဒီတုန်းက နှစ်ယောက်စလုံး အတူတူ ရှိကြပါတယ်"

" ထူးတာပဲ" ဟု ပွိုင်းရော့ တိုးတိုးရေရွတ်လိုက်၏။ ထို့နောက် ဆက် - " ကိုင်း - မဒမ်။ အိမ်မှာ နေစဲ့သူတွေအကြောင်း ကျွပ်သိပါရစေ"

" မစ္စဆောင်းဒါး ဆိုတာက ကလေးထိန်းပါ။ ပြီးတော့ ဂျွန်ဂါဒီနာက ကျွန်မခင်ပွန်းရဲ့ အတွင်းရေးမှူး" မစ္စစ်လမ်း(မ်) ဆားရား ခေတ္တစဉ်းရပ်သွား၏။ စိတ်ကသိကအောက် ဖြစ်သွားဟန်ရှိပါသည်။ ပွိုင်းရော့က

" တခြားဘယ်သူတွေများ ရှိသေးသလဲ" ဟု ဆက်မေးရာ သူမက -" မေဂျာရော်ဂျာလမ်း(မ်) ဆားရားလည်း ကျွန်မတို့ဆီမှာ နေတာကြာပါပြီ။ ရှင်တို့ သူ့ကိုတွေ့ဖူးပြီးသားပါ"

" အာ- ဟုတ်ကဲ့၊ သူက ဝမ်းကွဲညီတစ်ယောက်ထင်ပါရဲ့"

" ဝမ်းကွဲဆိုပေမယ့် သွေးဝေးပါတယ်။ ကျွန်မတို့ မိသားစုဘက်က မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်၊ လောလောဆယ်မှာ သူဟာ ကျွန်မ ခင်ပွန်းရဲ့ အနီးစပ်ဆုံးဆွေမျိုးဖြစ်နေပါပြီ။ ခင်စရာကောင်းတဲ့ လူတစ်ယောက်ပါပဲ။ ကျွန်မတို့ အားလုံးသူ့ကို သဘောကျကြပါတယ်။ ကလေးတွေကလည်း သူ့ကို တွယ်တာကြတယ်။"

" ကလေးတွေ နွယ်ပင်တက်တတ်အောင် သင်ပေးတာတော့ သူ မဟုတ်ဘူးထင်ပါရဲ့"

" သူပဲ ဖြစ်နိုင်တယ်ရှင့်၊ ကလေးတွေပေါက်ပေါက်ရှာရှာ ဆော့တတ်အောင် သူ မြှောက်ဟောတတ်တယ်"

" မဒမ်၊ စောစောက ကျွပ်ပြောခဲ့တာအတွက် ပြန်ပြီးစောင်းပန်ပါရစေ။ အန္တရာယ်ဟာ တကယ်ရှိနေတာပါ။ ကျွပ်တစ်ခုခု လုပ်ပေးနိုင်မယ်ထင်ပါတယ်။ ဒီတော့ ကျွပ်တို့နှစ်ယောက် ကို အဲဒီမှာ လာနေဖို့ ဖိတ်နိုင်မလား။ မဒမ်ရဲ့ ခင်ပွန်းက ကန့်ကွက်မယ်ထင်သလား"

" အို - မကန့်ကွက်ပါဘူးရှင့်၊ ဒါပေမယ့်သူကတော့ အကြောင်းမထူးဘူးလို့ ထင်မှာပဲ။ ကျွန်မ စိတ်တိုရတာက ကလေးအန္တရာယ်ဖြစ်လာတဲ့အထိ သူ ထိုင်စောင့်နေပုံမျိုးကြောင့်ပါ"

" စိတ်အေးအေးထားပါ မဒမ်၊ လုပ်ရမယ့်ကိစ္စတွေကို ကျွပ်တို့ စနစ်တကျ စီစဉ်ကြတာပေါ့"

လိုအပ်သည်များကို စီစဉ်ပြီးနောက်၊ နောက်တစ်ရက်မှာပင် ကျွန်တော်တို့ ခရီးထွက်ကြပါသည်။ လမ်းတွင် ပွိုင်းရော့ အတွေးနယ်ချဲ့နေရာမှ ရုတ်တရက် ပြောလိုက်ပါ၏။ " ဗင်းဆင့်လမ်း(မ်) ဆားရား လိမ့်ကျခဲ့တာ ဒီလိုရထားမျိုးပဲ မဟုတ်လား" သူက လိမ့်ကျခဲ့တာဟူသော စကားလုံးသုံးလိုက်သောကြောင့် ကျွန်တော်က " အဲဒီဖြစ်ရပ်မှာ မရိုးဖြောင့်တာမျိုးမရှိဘူးလို့ ခင်ဗျားထင်ပုံရတယ်" ဟု သူ့ကို ပြောလိုက်ပါသည်။

" အင်း - ဟေစတင်ရေ၊ ခင်ဗျားစိတ်ထဲမှာ လမ်း(မ်)ဆားရား မိသားစုတချို့သေဆုံးရတာဟာ တမင်ကြံရွယ်စီစဉ်ထားတာတွေလို့ ထင်မိသလား။ ဥပမာ ဗင်းဆင့်ဗျာ။ ပြီးတော့ အီတန်က ကလေးဗျာ။ သေနတ်နဲ့မတော်

တဆဖြစ်တယ်ဆိုတာ စိတ်ဒွိဟ ဖြစ်စရာ ကိစ္စမျိုးပဲ။ အခု . . . အခုလည်း ဘာကြောင့် ညီအစ်ကိုနှစ်ယောက်ထဲက အစ်ကိုတစ်ယောက် တည်းပဲ အန္တရာယ်တွေ တွေ့နေရတာလဲ။ သူသေရင် ညီက အမွေကို ဆက်ခံ ရမယ်။ ခြောက်နှစ်အရွယ်ကလေးလေးဗျာ။ စဉ်းစားကြည့်ပါဦး"

" အစ်ကိုပြီးရင် ညီကိုလည်း နောက်ပိုင်းမှာ သူတို့ရှင်းပစ်ဖို့ အစီအစဉ် ရှိချင်ရှိနေမှာပေါ့ဗျ" ဟု ကျွန်တော်ပြန်ပြောလိုက်ပါသည်။ သူတို့ ဆိုသည်မှာ မည်သူတွေ ဖြစ်မည်ကိုတော့ ကျွန်တော်လည်း မတွေးတတ်ပါ။ ပွိုင်းရော့မှာမူ စိတ်ကျေနပ်မှုမရဟန်ဖြင့် ခေါင်းခါပါသည်။

" ပြီးတော့ တိုမိန်းအဆိပ်မိတာတဲ့" သူက ပြန်တွေးရင်းပြော၏။ "အထရိုပင်း ဟာလည်း အဲဒီလို လက္ခဏာမျိုး ပေါ်စေတတ်တယ်။ ဟုတ်တယ်၊ ကျုပ်တို့ ရှိနေဖို့လိုတာ အမှန်ပဲ"

မစ္စစ်လမ်း(မ်) ဆားရား က ကျွန်တော်တို့ကို အားတက်သရော ကြိုဆိုပါသည်။ ကျွန်တော်တို့ကို သူ့ခင်ပွန်းရှိရာ စာကြည့်ခန်းထဲသို့ ပို့ပြီး သူ့ခင်ပွန်းနှင့် ထားခဲ့ပါသည်။ မစ္စတာ ဟူးဂိုးမှာ နောက်ဆုံးတွေ့ခဲ့ရစဉ်ကနှင့်စာသော် အတော်ပြောင်းလဲနေပါပြီ။ ပခုံးများကိုင်းနေပြီး မျက်နှာမှာလည်း မီးခိုးရောင် သန်းလျက်ဖြူရော်ရော်ဖြစ်နေပါ၏။ ပွိုင်းရော့ က ကျွန်တော့်တို့ ရောက်လာရ ခြင်းအကြောင်းကို ရှင်းပြသောအခါ သူက - " ဆာဒီ ရဲ့ စိတ်ကူးနဲ့တစ်ထပ် တည်းဆိုပါတော့။ မစ္စတာပွိုင်းရော့ ကြိုက်သလောက်နေပါဗျာ။ လာတော့ လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျိန်စာက ကျိန်စာပဲဗျ။ လောကကြီး ရဲ့ ပြဌာန်းချက်တစ်ခုကို ဆန့်ကျင်ဖို့ဆိုတာ မလွယ်ပါဘူး။ ကျွန်တော်တို့ လမ်း(မ်)ဆားရားတွေ အားလုံးသိကြပါတယ်။ သေကိန်းရှိတဲ့ သူဟာ ဘယ် နည်းနဲ့မှ မလွတ်မြောက်နိုင်ပါဘူး။"

ပွိုင်းရော့က လွှဖြင့် တိုက်ဖြတ်ထားသော နွယ်ပင် အကြောင်းပြောရာ တွင် ဟူးဂိုးအလေးအနက် နားထောင်ပါသည်။

" ပီပီပြင်ပြင် မလုပ်တတ်တဲ့ မာလီတစ်ယောက်ယောက်ကြောင့်ဖြစ်လိမ့် မယ်။ ဟုတ်ပါတယ်။ ပြယုဂ်တစ်ခုခုကတော့ ရှိရမှာပဲ။ သူ့နောက်ကွယ်မှာ ရှိတဲ့ အကြောင်းရင်းက ရှိပြီးသားပါ။ ဒီမယ် မစ္စတာပွိုင်းရော့၊ ကျွန်တော် ပြောမယ်။ ဖြစ်ရမယ့် ကိစ္စဟာ ကြာမှာမဟုတ်တော့ဘူး"

ပွိုင်းရော့ က သူ့ကို စိတ်ဝင်တစားကြည့်ပြီး- " ဘာလို့ပြောနိုင်တာလဲ ခင်ဗျ" ဟု မေးပါသည်။

" ဘာလို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က သေလုဖြစ်နေပြီလေ။ မနှစ်

က ကျွန်တော် အထူးကုတစ်ယောက်နဲ့ ပြခဲ့တယ်။ ကျွန်တော့် ရောဂါက ကုသနိုင်တဲ့ အခြေအနေမဟုတ်တော့ဘူးတဲ့။ ကျွန်တော့်သက်တမ်းကို သိပ် ဆွဲဆန့်လို့ မရနိုင်တော့ဘူး။ ဒါပေမယ့် ကျွန်တော်မသေခင် ရိုနယ်က အရင် သွားရမှာ။ အမွေဆက်ခံမယ့်သူက ဂျရယ်ပဲ"

" အကယ်၍ အဲဒီ ဒုတိယသာ တစ်စုံတစ်ရာ ဖြစ်သွားရင်ကော ခင်ဗျာ"

" သူ ဘာမှ မဖြစ်နိုင်ပါဘူး။ ကျိန်စာဟာ သူနဲ့ မပတ်သက်ပါဘူး"

" အကယ်၍ ဖြစ်သွားခဲ့ရင် လို့ စဉ်းစားကြည့်ရအောင်ပါ" ပွိုင်းရော့က ဇွဲကောင်းကောင်းနှင့် ထပ်မေး၏။

" သူ နောက် ဆက်ခံမယ်သူက ကျွန်တော့် ညီဝမ်းကွဲရော်ဂျာပေါ့ဗျာ" နီညိုရောင် ဆံပင်ခွေများဖြင့် အရပ်မြင့်မြင့်၊ ကိုယ်ဟန်ဖြောင့်ဖြောင့် လူတစ် ယောက် စာရွက်တစ်ထပ် ကိုင်လျက် အခန်းထဲဝင်လာသောကြောင့် စကား ပြတ်သွားရပါသည်။

" အဲဒါတွေ အရေးမကြီးသေးဘူး၊ ဂါဒီနာ" ဟု ဟူးဂိုး က လှမ်းပြောလိုက် ၏။ " ကျွန်တော့်အတွင်းရေးမှူး၊ မစ္စတာ ဂါဒီနာ ပါ" ဟု ကျွန်တော်တို့ကို အသိပေးလိုက်ပါသည်။ အတွင်းရေးမှူးက ကျွန်တော်တို့ကို ဦးညွတ်ပြပြီး ယဉ်ယဉ်ကျေးကျေးနှုတ်ဆက်လျက် ပြန်ထွက်သွား၏။ သူသည် ကြည့် ကောင်းသော ရုပ်ရည်ရှိစေကာမူ မနှစ်မြို့စရာ တစ်ခုခုရှိနေသလိုလည်း ထင် ရပါသည်။ မကြာမီ ကျွန်တော့်တို့ အိမ်ဝင်းအတွင်းလျှောက်ကြည့်နေကြ စဉ် ထိုအကြောင်းကို ကျွန်တော်ပြောပြလိုက်ရာ အံ့သြဖွယ်ပင် ပွိုင်းရော့ တ သဘောတူပါသည်။ " ဟုတ်တယ်၊ ဟေစတင်း ခင်ဗျား တွေးတာမှန်ပါ တယ်။ ကျုပ်လည်း သူ့ကို မကြိုက်ဘူး။ အဲဒီလူဟာ သိပ်ကို ကြည်ကောင်း လွန်းနေတယ်ဗျ။ တစ်သက်လုံး လက်ကြောတင်းအောင် မလုပ်ခဲ့ရဘူးနဲ့တူပါ တယ်။ ဟော - ဟိုမှာ ကလေးတွေကို တွေ့ပြီဗို့"

မစ္စစ်လမ်း (မ်) ဆားရားသည် ကလေးနှစ်ယောက်နှင့်အတူ ကျွန်တော်တို့ ထံလာနေပါသည်။ ရုပ်ချောသော ကလေးများဖြစ်ပါ၏။ အငယ်ကလေးမှာ မိခင်နှင့်ပို၍ အသားညို၏။ အကြီးလေးမှာမူ ဆံပင်နီနီနှင့်ဖြစ်သည်။ ခဏအတွင်းမှာပင် ကလေးများသည် ပွိုင်းရော့ နှင့် ရင်းနှီးသွားကြပါသည်။ မစ္စဆောင်းဒါးနှင့်လည်း ကျွန်တော်တို့ကို မိတ် ဆက်ပေးပါ၏။ သူ့ရုပ်ရည်မှာ မူ ပြောလောက်အောင်မရှိပါ။

ရက်အတန်ကြာမျှ ကျွန်တော်တို့ အေးအေးဆေးဆေးနှင့်သက်တောင့် သက်သာ နေကြရပါသည်။ နီးနီးကြားကြား သတိထား၍ နေကြသော်လည်း

လမ်း(မ်)ဆားရား က ခပ်အေးအေးနှင့် " ဘာမှမဖြစ်ပါဘူး၊ ရောင်တောင်မရောင်ဘူး။ အမိုးနီးယား လိမ်းပေးထားလိုက်တယ်" ဟု ပြောပါ၏။ ပို့ဂင်းရော့ကရိုနယ်အနီးကပ်၍ " ပြပါဦးကလေးရဲ့၊ ဘယ်နေရာမှာလဲ" ဟု မေးရာ နယ်က အရေးတကြီးဟန်ဖြင့် " ဒီမှာလေ - လည်ပင်းဘေးမှာ" ဟု ပြ၏။ " မနာဘူးခင်ဗျ၊ ဒယ်ဒီက ငြိမ်ငြိမ်လေးနေလို့ပြောပြီး ပျားကို ဖယ်ပစ်လိုက်တယ်။ ဒါပေမယ့် တစ်ချက်တော့တုပ်သွားသေးတယ်။ ပင်ကလေးနဲ့ ထိုးသလောက်ပါပဲ။ သားက လူကြီးဖြစ်နေပြီ မဟုတ်လား။ ဒီလောက်တော့ အပျော့ပေါ့"

ပို့ဂင်းရော့ က ကလေး၏ လည်ပင်းကို သေချာစွာကြည့်ပါသည်။ ထို့နောက် ကျွန်တော့်လက်မောင်းကို ကိုင်လျက် တစ်နေရာသို့ ခေါ်သွားပြီး - " မိတ်ဆွေကြီး၊ ဒီညပဲ၊ ကျုပ်တို့ လှုပ်ရှားရလိမ့်မယ်။ ဘယ်သူ့ကိုမှ ဘာမှမပြောပါနဲ့" ဟု တိုးတိုးပြောပါ၏။

ညဘက်တွင် သူ ခပ်စောစော နားလိုက်ရာ ကျွန်တော်လည်း သူနှင့်အတူ အပေါ်ထပ်တက်လိုက်သွားပါသည်။ သူက အသံနှိမ့်လျက် - " အဝတ်အစားမလဲနဲ့။ အတော်လေးနေတော့ မီးပိတ်ပြီး ကျုပ်ဆီလာခဲ့" ဟု ပြောပါသည်။

သူပြောသည့်အတိုင်း ကျွန်တော်ရောက်သွားသောအခါ ကျွန်တော့်ကို အသံအထွက်ရန် အမူအရာပြပြီး ကလေးထိန်းခန်းရှိရာဘက်သို့ တိတ်တိတ်ကလေးလျှောက်သွားကြ၏။ ရိုနယ်မှာ အခန်းငယ်ကလေးတစ်ခုကိုယ်ပိုင်ယူထားပါသည်။ ကျွန်တော်တို့ ထိုအခန်းအတွင်းသို့ဝင်ပြီး အမှောင်ဆုံးထောင့်တစ်နေရာတွင် ရပ်နေလိုက်ကြပါသည်။ ကလေးမှာ အသက်ရှူသံပြင်းပြင်းနှင့် အိပ်မောကျနေ၏။ ကျွန်တော်က လေသံကလေးနှင့် - " ကောင်းကောင်း အိပ်ပျော်နေပုံပဲ" ဟု ပြောလိုက်ရာ သူက ခေါင်းညိတ်လျက်- " အိပ်ဆေးကြောင့်ပေါ့" ဟုဖြေပါ၏။ " ဘာဖြစ်လို့လဲ" ဟု ကျွန်တော်ကမေးရာ" ဆေးထိုးတဲ့အခါ မအော်အောင်လို့ပဲ၊ ကျုပ်တို့ အတော်ကြာအောင်စောင့်ရလိမ့်မယ်။ ဒါပေမယ့် ဘာမှ မမေးပါနဲ့တော့ဗျ" ဟု ပြောပါသည်။

သို့ရာတွင် ပို့ဂင်းရော့၏ ခန့်မှန်းချက်လွဲသွားပါသည်။ ဆယ်မိနစ်မျှ မကြာမီ တံခါးဖြည်းဖြည်းချင်းပွင့်သွား၍ တစ်စုံတစ်ဦးဝင်လာပါ၏။ ခုတင်ဆီသွားသောခြေသံများကို ကြားရသည်။ ကလစ်ဟူသော အသံနှင့်အတူ အိပ်နေသော ကလေးအပေါ်တွင် လျှပ်စစ်မာတ်မီးရောင်လင်းသွားပါသည်။ မာတ်မီးကိုင်ထားသူမှာ အမှောင်ထဲ၌ပင်ရှိနေပါ၏။ မာတ်မီးကို ချပြီးနောက် ထိုလူက

တစ်စုံတစ်ရာထူးခြားချက်မတွေ့ရပါ။ ကလေးများမှာလည်း ပျော်ပျော်ရွှင်ရွှင်ရှိကြပါ၏။ ကျွန်တော်တို့ရောက်ပြီး လေးရက်မြောက်နေ့တွင် မေဂျာရော်ဂျာလမ်း(မ်)ဆားရား ရောက်လာပါသည်။ သူသည် ကြော့ကြော့လေး နေတတ်သူဖြစ်ပြီး ဘာကိုမှ အလေးအနက်ရှိပုံမရပါ။ ကလေးများမှာမူ သူရောက်လာသည်နှင့် ပျော်ရွှင်သွားကြပြီး သူ့ကို ပန်းခြံထဲသို့ ဆွဲခေါ်သွားကြပါသည်။ ပို့ဂင်းရော့က သူတို့နောက်သို့ မသိမသာလိုက်သွားသည်ကို ကျွန်တော်သတိပြုမိပါသည်။

နောက်တစ်ရက်တွင် ခြံနီးချင်းဖြစ်သူ လေဒီကလေးဂိတ် က တစ်အိမ်သားလုံး ကို လက်ဖက်ရည်သောက်ဖိတ်ပါသည်။ မစ္စစ်လမ်း(မ်)ဆားရားတ ကျွန်တော်တို့ကို အတူလိုက်ခဲ့ရန် ခေါ်သော်လည်း ပို့ဂင်းရော့က အိမ်တွင် သာနားနေလိုကြောင်းပြောရာ သူမ စိတ်သက်သာရာရသွားပုံပေါ်ပါသည်။

ကလေးများအပါအဝင် အားလုံးထွက်သွားသောအခါ ပို့ဂင်းရော့က သူ့အလုပ်ကို စ၏။ အသိဉာဏ်ကြီးသော တာရီယာ ခွေးတစ်ကောင်ကဲ့သို့ တင်းအိမ်လုံး၊ တစ်ဝင်းလုံးနှံ့အောင် ရှာနေပါတော့သည်။ စနစ်တကျနှင့်တိတ်ဆိတ်စွာရှာခြင်းဖြစ်သောကြောင့် သူ့အမူအရာမှာ သဲတိထားမိလောက်စရာ မရှိပါ။ နောက်ဆုံးတွင် စိတ်ကျေနပ်မှုမရဘဲ ရပ်လိုက်ရပါ၏။ ဝရန်တာပေါ်တွင် ကျွန်တော်တို့ မစ္စဆောင်းဒါးနှင့်အတူ လက်ဖက်ရည်သောက်ကြပါသည်။ " ကလေးတွေ ပျော်ကြမှာပဲ" ဟု သူမကပြော၏။ " ပန်းခင်းတွေ နင်းကြမှာပဲ စိုးရတယ်။ ပြီးတော့ ပျားအုံတွေနားလည်း မသွားကြမှ -"

ပို့ဂင်းရော့ လက်ဖက်ရည်ပန်းကန်ကို ကိုင်ရင်းတန်းလန်း ရပ်နေ၏။ သူ့အမူအရာမှာ တစ္ဆေတစ်ကောင်တွေ့ရသလို ဖြစ်နေပါသည်။ " ပျားအုံတွေ-ဟုတ်လား" သူ မိုးခြိမ်းသံမျိုးနှင့် မေးလိုက်၏။

" ဟုတ်ပါတယ်၊ မစ္စတာပို့ဂင်းရော့၊ ပျားအုံ သုံးခုရှိတယ်ရှင့်၊ လေဒီကလေးမိတ်က သိပ်ဂုဏ်ယူတဲ့ပျားအုံတွေပေါ့" ပို့ဂင်းရော့ ရုတ်တရက်ထလိုက်ခြင်း ဝရန်တာပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေပါသည်။ လက်များကို ခေါင်းပေါ်တင်ထား၏။ ပျားအုံအကြောင်း ပြောလိုက်သည်နှင့် သူဘာကြောင့် ဤမျှစိတ်လှုပ်ရှားသွားရသည်ကို ကျွန်တော်တွေးမရပါ။ ထိုအခိုက်မှပင် ပြန်လာသောကားသံကို ကြားရပါသည်။ ပို့ဂင်းရော့က လှေကားထိပ်မှ စောင့်ကြည့်နေ၏။

" ရိုနယ် ပျားတုပ်ခံရတယ်" ဟု ဂျရယ်က အော်ပြောပါသည်။ မစ္စ

ညာလက်ဖြင့် ဆေးထိုးပြွန်ကို ကိုင်ထားပြီး ဘယ်လက်ဖြင့် ကလေး၏ လည်
ပင်းကို ကိုင်လိုက်ပါသည်။

ထိုခဏမှာပင် ပွိုင်းရော့နှင့်ကျွန်တော်တို့ ခုန်အုပ်လိုက်ကြသည်။ ဓာတ်
မီးမှာ ကြမ်းခင်းပေါ် လိမ့်ကျသွား၏။ အမှောင်ထဲတွင် ထိုလူနှင့်ကျွန်တော်တ
အပြင်းအထန် လုံးထွေးသတ်ပုတ်ကြရသည်။ အလွန်သန်စွမ်းသူတစ်ယောက်
ဖြစ်သော်လည်း နောက်ဆုံးတွင် သူ့ကို ကျွန်တော်တို့ ထိန်းချုပ်နိုင်ကြပါသည်

" ဓာတ်မီး ယူလိုက်၊ ဟေစတင်၊ မြန်မြန်" ကျွန်တော်ကြမ်းပေါ်မှ ဓာတ်
ကို လိုက်စမ်း၍ ရှာပါ၏။ ထိုအခိုက်အတန့်၌ပင် ထိုလူမှာ ကျွန်တော်ကိုတွ
သဘောမကျဖြစ်နေသော အတွင်းရေးမှူးဆိုသူဖြစ်ရမည်ဟု တွေးနေမိ
သည်။ သို့ရာတွင် ပို၍နီးစပ်သည်မှာ တူကလေးနှစ်ယောက်မရှိသည့်အ
အမွေဆက်ခံရမည့် ဦးလေးလုပ်သူသာ ဖြစ်ရပါလိမ့်မည်။

လက်နှိပ်ဓာတ်မီးကို ခြေထောက်ဖြင့် စမ်းမိ၍ကောက်ယူပြီး မီးဖွင့်လိုက်
ပါသည်။ ရန်ပြုသူ၏မျက်နှာကို ထိုးကြည့်လိုက်သောအခါ - ကလေး၏ဖခ
ဟူးဂိုးလမ်း(မ်)ဆေးရား ကိုယ်တိုင်ပါတကား။

ကျွန်တော့်လက်မှ ဓာတ်မီး လွတ်ကျသွားမတတ် အံ့အားသင့်သွား
သည်။ " မဖြစ်နိုင်ဘူး၊ အဖြစ်နိုင်ဘူး" ဟု ကျွန်တော်ရေရွတ်နေမိပါ၏။

သတိလစ်နေသော လမ်း(မ်)ဆားရားကို ကျွန်တော်တို့နှစ်ယောက် သူ
ခန်းခုတင်ပေါ် သို့ ရွှေ့ကြပါသည်။ သူ့ ညာဘက်လက်ထဲမှ ဆေးထိုး
ကို ပွိုင်းရော့က ယူလိုက်သည်။ " အဆိပ်လား" ဟု ကျွန်တော်မေးလိုက်
ပွိုင်းရော့က " ဖေါ်မစ်အက်စစ်ဖြစ်လိမ့်မယ်" ဟု ဖြေပါသည်။ ထို့နောက်
ဆက်၍ -" ပရွက်ဆိတ်တွေကို ပေါင်းခံပြီး ထုတ်ယူတဲ့ အဆိပ်မျိုးပဲ။ သူ
ဓာတုဗေဒ ကျွမ်းကျင်သူဆိုတာ ခင်ဗျားမှတ်မိမှာပေါ့။ ပျားတုပ်ခံရလို့ သေ
လို အဖြေထွက်လာအောင် လုပ်တာလေ"

" ဘုရားရေ - ကိုယ့်သားအရင်းကိုတောင်လုပ်ရက်သတဲ့လား။ ခင်
ဒါကို ကြိုသိနေတာလား"

ပွိုင်းရော့က ခေါင်းညိတ်ပြီး - " သူစိတ်မမှန်တော့ဘူးဗျ။ မျိုးရိုးစဉ်ဆ
ကျိန်စာဆိုတာကို သူစွဲလမ်းနေတယ်။ မူးမတ်ဘွဲ့ထူးနဲ့အမွေတွေကို အလူး
လိုချင်ပြီး လူသတ်မှုတွေ ဆက်တိုက်ကျူးလွန်တော့တာပေါ့။ ဗင်းဆင့်နဲ့အ
မြောက်ပိုင်းကို ခရီးထွက်ရင်း ဒီလုပ်ကြံမှုတွေစခဲ့တာဖြစ်မယ်။ သေနတ်
မတော်တဆဖြစ်ပြီး ကလေးသေရတာ၊ သူ့အစ်ကို ဂျွန်ကို ဖောမစ်အက်
ထိုးပြီး သတ်လိုက်တာတွေက အောင်မြင်ပြီး သူဟာ သူရည်မှန်းချက်အတိုင်

ဖြစ်ချင်တာတွေ ဖြစ်လာခဲ့တယ်။ ဒါပေမယ့် လူဘဝမှာ ကြာကြာမနေရတော့
ဘူးလို့ သိလိုက်ရတဲ့အခါ၊ အချူးတစ်ယောက်ရဲ့ စွဲလမ်းမှုမျိုးနဲ့ ကျိန်စာအ
တိုင်း ဖြစ်အောင် စီမံတော့တာပဲ။ ကလေးကို ရေနစ်အောင် လုပ်တာတွေ၊
ပြတင်းပေါက်က လိမ့်ကျတာတွေ၊ နွယ်ပင်ကိုင်းကို ဖြတ်ထားတာတွေနဲ့
အဆိပ်ခတ်တာတွေဟာ သူလက်ရာတွေချည်းပေါ့ဗျာ။"

" ရက်စက်တာက ကမ်းကုန်အောင်ပါပဲလား၊ ပညာလည်း ပါပါဝေရဲ့"
ဟု ကျွန်တော်ပြောပြီး ကြက်သီးဆမိပါသည်။

" မှန်တယ်မိတ်ဆွေကြီး၊ စိတ်မမှန်တဲ့သူက တစ်ခုခုသဘာဝကျကျ ကြံ
စည်အားထုတ်ပြီဆိုရင် သိပ်ကြောက်စရာကောင်းတယ်။ သူဟာ မကြာသေး
ခင်ကမှ အကောင်းနဲ့ အရူးနယ်နိမိတ်ကို လုံးလုံးလျားလျား ဖြတ်ခဲ့တာဗျ။"

" ကျွန်တော်ကတော့ ရော်ဂျာကို သွားပြီး သံသယဝင်နေခဲ့တာပါဗျာ"
ဟု ပြောလိုက်ရာ သူက - " ယုတ္တိတန်တစ် စဉ်းစားတဲ့သူတိုင်း ဒီလိုပဲတွေ့ရမှာ
ပါဗျို့။ ဗင်းဆင့်မြောက်ပိုင်းကို ခရီးထွက်တော့ သူလည်းပါသွားတယ်လေ။
ဦးကော့ သူက ဟူးဂိုးနဲ့ ကလေးနှစ်ယောက်မရှိတော့ရင် အမွေဆက်ခံရမယ့်
သူ ဒါပေ မယ့် အချက်အလက်တွေမ သူ့အပေါ် ထားနိုင်ငဲ့ သံသယတွေကို
ခေါ့ဖျက် ပေးခဲ့တယ်။ နွယ်ပင်ကိုင်းဂ ဖြတ်ထားတာဟာ ရိုနယ်တစ်ယောက်
တည်း ကျန်ခဲ့တဲ့အခြိန်မှာဖြစ်တာ အဆိပ်ခတ်တာကလည်း ရိုနယ်ရဲ့
အစာထဲမှာ ချည့်ပဲ။ ရော်ဂျာရဲ့ နေရာကြည့်ရင် ကလေးနှစ်ယောက်စလုံး
ကြင်းသွားမှ သူအကျိုးရှိမှာလေ။ ပြီးတော့ ဒီနေ့ အိမ်ပြန်လာကြတဲ့အခါ ရိုနယ်
ကားတုပ်ခံ ရတယ်ဆိုတာ သူ့အဖေရဲ့ကားပဲရှိတယ်။ အရင်ကလည်း ပျား
တုပ်ခံရပြီး သေသူတစ်ယောက်ရှိခဲ့တယ်ဆိုတော့ ကျုပ်အဖြေရလိုက်တာပေါ့"

ဟူးဂိုးလမ်း(မ်)ဆားရားသည် ပုဂ္ဂိုဝ်က စိတ်ကူးဆေးရုံတစ်ခုတွင် လအ
သည်းငယ်အကြာ၌ ကွယ်လွန်သွားပါသည်။ တစ်နှစ်ကြာသောအခါ သူ၏
ကျွန်ရစ်သူမုဆိုးမ မစ္စတာဂျွန်ဂါဒီနာနဲ့ လက်ထပ်လိုက်ပါ၏။ ရိုနယ်မှာ
သူဖခင်၏အမွေများကို ဆက်ခံရပြီး ဆေလက်ကြီးပွားတိုးတက်နေပါတော့
သည်။

" အင်း - ကောင်းပါပေရဲ့ဗျာ၊ အစွဲလမ်းမှားကြီးတစ်ခု ပျောက်ပျက်
သွားရပြီပေါ့" ဟု ပွိုင်းရော့ကို ကျွန်တော်ပြောလိုက်ပါသည်။ " လမ်း(မ်)ဆား
ရား မိုးဆက်ရဲ့ကျိန်စာကြီးကို ခင်ဗျားအေ့အောင်မြင်မြင်ဖယ်ရှားပေးလိုက်
နိုင်တာပါပဲ"

" ကျုပ် သိချင်နေတာ တစ်ခုရှိတဲ့ဗျ။ သိပ်ကိုသိချင်နေတာ" ဟု

ပို့ဂ်ီးရော့ က တွေးတွေးဆဆနှင့်ပြောပါသည်။

" ဘာများလဲဗျာ"

" ခင်ဗျားမေးတာကို အတိုဆုံးဖြေရရင်တော့ အနီရောင်ဘာကြောင့် ဖြစ်ရ သလဲဆိုတာပါပဲ"

" သွေးလား" ဟု ကျွန်တော်ပြန်မေးလိုက်ရာ ပို့ဂ်ီးရော့က - " ခင်ဗျား စိတ်ကူးက တောတော်ဇာတ်ဆန်ပါလားဗျာ။ ကျုပ်ရည်ညွှန်းတာ ရိုးရိုးလေးပါ။ ရိုနယ်လမ်း(မ်)ဆားရား ကလေးရဲ့ဆံပင်အရောင်ကို ပြောတာ မိတ်ဆွေ ကြီးရဲ့" ဟု ပြန်ဖြေပါလေ၏။

လှည့်စားကြွေး မလွတ်သာ

" မာဂရီအတွက် ကျွန်မစိတ်ပူနေမိတယ်ရှင့်" ဟု ဧလဒီ စထန်းလေး ကပြောလိုက်ပါသည်။ " ကျွန်မသမီးလေ ရှင်သိတယ်မဟုတ်လား" ဟု ဆက် ပြော၏။ မစ္စတာဆတ္ထဝိတ်သည် ဖြူဖြူသွယ်သွယ်နှင့် ယခုတိုင်ရုပ်မကျသေး သော လေဒီစထန်းလေးကို ကြည့်နေပါသည်။ ခပ်လှမ်းလှမ်းမှ မြင်ရသူအဖို့ သူမသည် အရွယ်လတ်ပိုင်းသို့ပင် မရောက်သေး ဟု ထင်မှတ်ဖွယ်ဖြစ်ပါ သည်။ သို့ရာတွင် လူအတော်များများအကြောင်းကို သိသော် မစ္စတာဆတ္ထ ဝိတ် က သူမတွင် အရွယ်ရောက်သော မြေးပင်ရှိလောက်သည့်အရွယ်ဟု သိနေပါ၏။

" ဟုတ်တယ်၊ ကျွန်မ မာဂရီအတွက် စိတ်နည်းနည်းပူနေတယ်" သူမက လှုပသော ခြေထောက်များကို ချိတ်၍ ထိုင်ရင်း စီးကရက်တစ်လိပ်ခဲကာ ဆက်ပြောနေပါသည်။

" ဘယ်လိုပြဿနာ ဖြစ်နေလို့လဲ" ဟု မစ္စတာဆတ္ထဝိတ် က မေးရာ သူမက မျက်လုံးပြာပြာများဖြင့် သူ့ကို ကြည့်ရင်း- " ရှင် သူ့ကို မတွေ့ဖူးသေး ဘူးထင်ပါရဲ့- ဟုတ်လား။ သူက ချားလ် ရဲ့ သမီးပါ" ဟု ပြန်ပြော၏။ "သူ သာ ရူးဒဲ့ရဲ့ ကလေးဖြစ်ရင် ကျွန်မနားလည်နိုင်မှာပါ။ ရူးဒဲ့ ကိုတော့ ရှင်မှတ်မိမှာပေါ့။ သူက စိတ်ဆတ်တယ်ေ။ ကျွန်မတို့ လက်ထက်ပြီး ခြောက်လအကြာမှာ သူလုပ်တာကိုင်တာတွေက ပုံမှန်မဟုတ်တာတွေနိုလာ လို့ ဝေဖန်တော့ အိမ်ထောင်ရေးအဆင်မပြေဖြစ်ပြီး ကွဲကြတာပဲ။"

" ဟုတ်ပါပြီ၊ မာဂရီ၊ ပြဿနာကို ပြောပါဦး"

" အဲ- မာဂရီ က တကယ်မရှိတာတွေကို မြင်နေရ- ကြားနေရသတဲ့ တစ္ဆေ၊ သရဲ လိုမျိုးပေါ့။ မာဂရီ ဒီလောက်စိတ်ကူးယဉ်တတ်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး။ ဒီကလေးက နည်းနည်း အေးတယ်ရှင့်။ သူ့အရွယ်ကလေးမလေးတွေကို ကပွဲသွားဖို့၊ ကော့ခ်တေးလ်ပါတီသွားဖို့ ဆိုတာတွေကို လုံးဝ စိတ်မဝင်စားဘူး။ အိမ်မှာပဲ နေချင်တာ။ အခုလည်း ကျွန်မနဲ့ လိုက်မလာတာသာ ကြည့်တော့"

မစ္စတာဆတ္ထဝိတ်မှာ အိမ်ထောင်လေးဆက်ရှိပြီ ဖြစ်သည့် လေဒီစထန်လေးနှင့် အေးဆေးစွာနေတတ်သော သမီးဖြစ်သူတို့ကို စိတ်ကူးထဲ၌ပင် ဆက်စပ် မရဘဲ ဖြစ်နေပါ၏။ အမျိုးသမီးကြီးက မာဂရီအကြောင်း ဆက်ပြောနေပါသည်။

" ဘယ်လိုကြောင့်များ သူ ကြောင်သွားရတယ်မသိဘူး။ အသံတွေကြားနေတယ်ဆိုတာမျိုးဟာ မကောင်းတဲ့လက္ခဏာတဲ့ရှင့်။ အဲမှော်မိဒ် ဆိုတဲ့ ကျောင်းဟောင်းကြီး မီးလောင်ပြာကျသွားတာ နှစ်ပေါင်းရာချီနေပြီ။ အဲဒီနေရာမှာ ဝိတိုရိယခေတ်ပုံစံ အိမ်ကြီးကို အခိုင်အမာပြန်ဆောက်ခဲ့တာပဲ။ တစ္ဆေခြောက်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး"

မစ္စတာဆတ္ထဝိတ် နားမလည်နိုင်ဖြစ်နေပါသည်။ သူ့ကို ဘာကြောင့် ဒီ အကြောင်းတွေပြောနေရတာလဲ။ သူ စဉ်းစားနေစဉ်မှာပင် လေဒီက -"ကျွန်မ ထင်တယ်လေ၊ ရှင်အဲဒီကိစ္စမှာ ကျွန်မကို ကူညီနိုင်လိမ့်မယ်လို့" ဟု ပြောလိုက်ပါသည်။

" ဗျာ - ကျေးကလား"

" ဟုတ်ပါတယ်။ ရှင် မနက်ဖြန် အင်္ဂလန်ပြန်မှာမဟုတ်လား"

" အင်း- ပြန်ဖြစ်မှာပါ" ဟု မစ္စတာဆတ္ထဝိတ်က သတိနှင့်ဖြေ၏။

" ဒီထက် အဆင်ပြေတာသာ ရှိသေးလဲရှင့်။ ရှင်က အသိအကျွမ်းသိပ်ပေါတယ်လေ။ မုတ်ဆိတ်ကြီးတွေနဲ့ မျက်မှန်ထူထူတွေနဲ့ ပညာရှင်ကြီးတွေကို ရှင် ရင်ရင်းနှီးနှီးသိတယ်။ သင့်တော်တဲ့ အစီအစဉ်မှန်သမျှ ရှင်ကြိုတ်သလို စီစဉ်ပေးပါ။ မာဂရီ အခြေအနေတကယ်ဆိုးနေစာယ်ဆိုရင် ကျွန်မ ပြန်လာခဲ့မှာပေါ့။ ဟုတ်ပြီနော်။ အများကြီး ကျေးဇူးတင်ပါတယ်ရှင်"

မီးရထား အထက်တန်းတွဲ၏ တာဝန်ကျတွဲစောင့်သည် မစ္စတာဆတ္ထဝိတ် အား ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းပြနေစဉ် သူ့နောက်ဘက်မှ ပြုံးပြုံးနေသော လူတစ်ယောက်ကို မစ္စတာဆတ္ထဝိတ် တွေ့လိုက်ရသည်နှင့် " အိုး- မိတ်ဆွေကြီး မစ္စတာကွင်း" ဟု သူ ဝမ်းသာအားရ နှုတ်ဆက်လိုက်ပါသည်။

" တိုက်ဆိုင်ပါပေ့ဗျာ၊ ကျုပ်တို့နှစ်ယောက်စလုံး အင်္ဂလန်ရထားပေါ်လာဆုံနေတယ်လို့၊"

" အရေးကြီးတဲ့ အလုပ်ကိစ္စတစ်ခုတစ်ခုရှိလို့ ခရီးထွက်သွားတာပါ။ စားသောက်တွဲမှာ စကားပြောကြရအောင်လေ"

စားသောက်တွဲရှိ စားပွဲငယ်တစ်ခုတွင် နေရာယူပြီးကြသောအခါ မစ္စတာဆတ္ထဝိတ် က စ၍- " မတွေ့ကြတာ အတော်ကြာပြီနော်၊ ကော်ဆီကာမှာ နောက်ဆုံးတွေ့ခဲ့ကြတာမဟုတ်လား။ အခုဘာတွေ လုပ်နေသေးတုံး" ဟုမေးလိုက်သည်။ မစ္စတာကွင်း က ဝိုင်နီပုလင်း၏စက္ကူပတ်ကို ကြည့်ရင်း - "ခါတိုင်းလိုပါပဲဗျာ၊ သွားလိုက်ပြန်လာလိုက်ပေါ့။ ခင်ဗျားလိုပါပဲ"

" ကျုပ်ကတော့ အင်္ဂလန်ရောက်ရင် လုပ်ပေးဖို့ တာဝန်တစ်ခုပါလာတယ်ဗျ၊ လေဒီစထန်းလေး ကိုများ ခင်ဗျားသိသလား" မစ္စတာကွင်း က ခေါင်းခါပြသောအခါ သူက ဆက်၍- " အတော်ရှေးကျတဲ့ မှူးမတ်မျိုးနွယ်တစ်ခုပါပဲ။ သူကိုယ်ကိုင်က မြို့စားရာထူးကို ဆက်ခံထားရတယ်။ မိုးရိုးအစဉ်အဆက်၊ ခံယူခဲ့ရတဲ့ ရာထူးပေါ့။"

မစ္စတာကွင်း က ထိုင်ခုံတွင် သက်တောင့်သက်သာ ဖြစ်အောင် မှီ၍ထိုင်လိုက်ရင်း စားပွဲထိုးလာချပေးသွားသော ဟင်းချိုရည်ကို ဖြည်းဖြည်းသောက်လျက် သူ့မိတ်ဆွေပြောနေသည့်အကြောင်းကို နားထောင်နေလိုက်ပါသည်။

" အတော်ထူးခြားပါပဲဗျာ" ဟု မစ္စတာ ဆတ္ထဝိတ် က ဆက်ပြော၏။ " ခြောက်ဆယ်ထက်မငယ်တော့ဘူးဗျ။ သူက ဘာဘရာတဲ့။ သူ့အစ်မက ဘက်ထရစ်စ်။ ညီအစ်မနှစ်ယောက်စလုံး ငယ် ငယ် ကလေးဘဝကတည်းက ကျုပ်သိခဲ့တာပါ။ လေဒီစထန်းလေးရဲ့ ဘဝမှာ ကြေကွဲစရာ အဖြစ်ဆိုးတွေ ရှိခဲ့တယ်။ ယူရာလီယာ သင်္ဘောပျက်တဲ့ သတင်းကို ခင်ဗျားကြားဖူးမှာပေါ့။ နယူးဇီလန်ကမ်းခြေမှာ ပျက်ခဲ့တာ။ အဲဒီသင်္ဘောပေါ်မှာ ညီအစ်မနှစ်ယောက် စလုံးပါတယ်။ အကြီးမ ဘက်ထရစ်စ် ရေနစ်ပြီး ဆုံးသွားတယ်။ အသက် မသေဘဲ လွတ်လာတဲ့ လူ အနည်း အကျဉ်းထဲမှာ ဘာဘရာလည်းပါတယ်။ ခြောက်လလောက်ကြာ တော့ မြို့စားကြီး စထန်းလေးတွယ်လွန်သွားလို့ သူက မြို့စားအရိုက်အရာနဲ့ စည်းစိမ်ဥစ္စာအားလုံးကို ဆက်ခံရပြီးကြီးပွားချမ်း သာသွားတော့တာပေါ့။ အဲဒီ အချိန်ကစပြီး သူဟာ သူ့ကိုယ်သူက လွဲလို့ ဘာကိုမှ ဂရုမစိုက်တော့ဘူး။ တခြား သူတွေအတွက် ဘာမှ မစဉ်းစားဘဲ ကိုယ့်အရေးကိုယ့်ကိစ္စပဲ အာရုံထားတော့ တယ်၊

အိမ်ထောင်လည်း လေးဆက်ရှိခဲ့ပြီး မကြာခင် ပဥ္စမမြောက် အိမ် ထောင်သ
ထူဖို့ ရှိနေတယ်။" ထို့နောက် သူ့ကို လေဒီစထန်းလေး ယုံယုံကြည်ကြည်
တာဝန်ပေးလိုက်သည့်ကိစ္စကိုလည်း ရှင်းပြလိုက်ပါသည်။

" အင်္ဂလန်ရောက်တာနဲ့ ကျုပ်အဲဗော့မိဒ် အိမ်ကြီးကို သွားပြီး မိန်းထ
လေး ကို အကဲခတ်ကြည့်ဖို့ စဉ်းစားထားတယ်။ သူ ပြဿနာအတွက်တစ်ခု
လုပ်ပေးသင့်တယ်လို့ ထင်တယ်လေ။" သူက သူ့မိတ်ဆွေကို ကြည့်ပြီး
"ခင်ဗျားပါလိုက်လာနိုင်ရင် ပိုကောင်းမှာပဲ" ဟု ပြောလိုက်၏။

"လိုက်တော့မလိုက်နိုင်သေးဘူးဗျ" ဟု မစ္စတာကွင်း က ပြန်ပြောသည်
" ဒါပေမယ့် အဲဗော့မိဒ် အိမ်ကြီးက ဝစ်ရှိုင်းယား နယ်ထဲမှာ မဟုတ်လား
ဟု မေးရာ မစ္စတာ ဆတ္ထာဝိတ် က ခေါင်းညိတ်ပြပါသည်။ " ကျွန်တော်တည်
မယ့်နေရာက အဲဒါနဲ့သိပ်မဝေးဘူးလေ။ ခင်ဗျားမှတ်မိမှာပါ။ ကျွန်တော်တို့
နှစ်ယောက်ဆုံခဲ့ဖူးတဲ့ ဘဲလ်နဲ့မော့တလေ ဟိုတယ်လေဗျာ။"

" မှတ်မိတာပေါ့ဗျာ၊ ခင်ဗျားအဲဒီမှာ ရှိနေမှာလား"

" တစ်ပတ်၊ ဆယ်ရက်လောက်ဆိုပါတော့၊ ဒီထက်ပိုကြာချင်လည်း ကြာ
နိုင်တယ်။ အဲဒီမှာ ပြန်ဆုံကြသေးတာပေါ့ဗျာ"

မစ္စတာ ဆတ္ထာဝိတ် သူ့ မိတ်ဆွေ၏ စကားကြောင့် ကျေနပ်သွားပါသည်

" မာဂရီ - မိန်းကလေးရေ၊ ငါ အခု ရောက်လာတာ မင်းတွေ့ကြုံနေတ
တွေကို လျှောင်ချင် သရော်ချင်တာကြောင့်လို့တော့ မထင်လိုက်နဲ့နော်"

မာဂရီ အနည်းငယ်မျက်မှောင်ကြုတ်နေ၏။ သူတို့သည် အဲဗော့မိ
အိမ်ကြီး၏ ကြီးမားသော ဧည့်ခန်းတွင် ထိုင်နေကြခြင်းဖြစ်သည်။ မိန်းကလေ
သည် မိခင်ဖြစ်သူနှင့် မတူလှပါ။ ဖခင်ဖြစ်သူ မြေပိုင်ရှင်မျိုးနွယ်နှင့်သာ
နီးစပ်၏။ သူမသည် လန်းလန်းဆန်းဆန်းနှင့် ကျန်းမာကြံ့ခိုင်သူဖြစ်ပြီး စိတ်
မမှန်သည့် အနေအထား လုံးဝမရှိပါ။ သို့ရာတွင် မိခင်၏ မျိုးရိုးတွင် စိတ်ရော
ဂါရှင် အချို့ရှိခဲ့ဖူးကြောင်း မစ္စတာ ဆတ္ထာဝိတ် စဉ်းစားနေမိသည်။ မာဂ
သည် ဖခင်ဘက်မှ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုကိုအမွေဆက်ခံခဲ့သလို မိခ
ဘက်မှ စိတ်မူမမှန်မှု အနည်းငယ်မျှ အမွေရခဲ့လေသလား။

" ကာဆန်ဆိုတဲ့ အမျိုးသမီးကို ကျွန်မ မကြိုက်ဘူး။" ဟု မာဂရီက
ပြော၏။ " ဝိညာဉ် ခေါ်တယ်ဆိုတဲ့ အလုပ်တွေကို ကျွန်မ အယုံအကြည်
ဘူး။ သူဟာ အဲဒါမျိုး ဝါသနာပါတဲ့ သူတွေကို အရူးအမူးဖြစ်ပြီး ငါးပါးမှော
တဲ့အထိ လုပ်တတ်တယ်။ ကျွန်မကိုလည်း ဒီမှာ နတ်ဝင်သည် တစ်ယော
ပင့်ပြီး ဝိညာဉ်ခေါ်ပွဲလုပ်ဖို့ ခဏခဏ တိုက်တွန်းပြီး စိတ်ညစ်အော

လုပ်နေတယ်"

မစ္စတာ ဆတ္ထာဝိတ် ထိုင်နေရင်းမှ ဂနာမငြိမ်သလို နေရာပြင်ပြီး နှိုင်းနှိုင်း
ချိန်ချိန် အမူအရာဖြင့် ပြောလိုက်၏။

" ဒီကိစ္စနဲ့ ပတ်သက်လို့ အချက်အလက်တွေကို ငါ အကုန်မသိသေးဘူး
ထင်တယ်။ မင်းထင်ယောင်ထင်မှားဖြစ်တာတွေဟာ လွန်ခဲ့တဲ့နှစ်လလောက်
က စတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်" ဟု မိန်းကလေးကဖြေ၏။ "တစ်ခါတလေအသံက
တိုးတိုးညင်းညင်းလေးပဲ။ တစ်ခါတစ်လေတော့လည်း ကောင်းကောင်းကြား
ရတယ်၊ ပြောတဲ့စကားကတော့ တစ်မျိုးတည်းပါပဲ"

" ဘာတဲ့လဲ"

" ကိုယ့်ဟာ မဟုတ်ဘဲယူထားတာပြန်ပေး၊ ခိုးထားတဲ့ ငါ့ပစ္စည်းကိုပြန်
ပေး တဲ့။ အသံကြားရတိုင်းကျွန်မ မီးဖွင့်လိုက်တော့ အခန်းထဲမှာ ဘယ်သူမှ
မရှိဘူး။ နောက်ပိုင်း ကျွန်မ စိတ်ရှုပ်လာတာနဲ့ မာမီရဲ့ အကူအမျိုးသမီး
ကလေတန်ကို ကျွန်မအခန်းထဲက ဆိုဖာပေါ် အိပ်ခိုင်းရတယ်။"

" ဒီတော့ အသံကို ကြားရသလား"

" ကြားရတာပဲ။ အဲဒါကြောင့် ကျွန်မ ကြောက်နေတာ။ ကလေတန်
ကတော့ ဘာမှ မကြားဘူးတဲ့"

မစ္စတာ ဆတ္ထာဝိတ် ခေတ္တာမျှ စဉ်းစားနေလိုက်ပြီး- " အဲဒီညက အသံကို
ကြားရတာ တိုးတိုးလား၊ ကျယ်ကျယ်လား"

" လေသံကလေးနဲ့ပဲ" ဟု မာဂရီက ဖြေ၏။ " ကလေတန် အိပ်နေရင်
ကြားမှာ မဟုတ်ပါဘူး။ သူက ကျွန်မကို ဆရာဝန်နဲ့ ပြစေချင်တာသတဲ့လေ
သူမက မဲ့မဲ့ရွဲ့ရွဲ့နှင့် ရယ်၍ပြောပါသည်။ ထို့နောက်ဆက်၍ - " မနေ့ညက
တော့ သူကိုယ်တိုင်ကို ယုံသွားရတော့တာပဲ" ဟုပြော၏။

" မနေ့ညက ဘယ်လိုဖြစ်လို့လဲ"

" အဲဒါ အခုပြောမလို့ပါပဲ။ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောသေးဘူး။
နေ့က ကျွန်မ တောလယ်ထွက်တယ်။ အပြန်မှာ ပင်ပင်ပန်းပန်းနဲ့ အိမ်မော
သွားတယ်။ အိပ်မက်ဆိုးတွေလည်း မက်တယ်။ အိပ်မက်ထဲမှာ ကျွန်မ
လက်ရန်းတန်း တစ်ခုပေါ် ကနေ လိမ့်ကျသွားတယ်တဲ့။ ကျွန်မလည်ပင်း
သံချောင်းတစ်ချောင်း စိုက်ဝင်နေသလို ခံစားရတယ်။ ပြီးတော့ အသံတို့
နဲ့ - ငါ့ပစ္စည်းကို မင်းခိုးထားတယ်။ သေဖို့သာပြင်တဲ့ ပြောတယ်၊
ကျွန်မအော်လိုက်တော့တာပေါ့။ ကလေတန်ကအော်သံကြားလို့ ကပ်လာ

အခန်းမှာ အိပ်နေရာကနေပြေးလာတယ်။ သူမြေး လာရင်း တစ်ခုခုသူ့ တိုက်ပြီးထွက်သွားတယ်လို့လည်းပြောတယ်။ အဲဒီလို တိုက်သွားတာဟာ လူမဟုတ်တာတော့ သေချာတယ်တဲ့။"

မစ္စတာ ဆတ္ထဝိတ် မိန်းကလေးကို စိုက်ကြည့်နေမိသည်။ သူမသည် တုန်တုန်ယင်ယင်နှင့် စိတ်ချောက်ချားနေပုံရ၏။ သူမ၏လည်ပင်း ဘယ်ဖက်တွင် ပလာစတာ ဖြူးသေးတစ်ခု ကပ်ထားသည်ကို တွေ့ရသည်။ သူမက သူ့ကို ခေါင်းညိတ်ပြ၏။

" ဟုတ်တယ်။ အိပ်မက်ထဲတင် မဟုတ်ဘူး။ တကယ်ဖြစ်တာ"

မစ္စတာဆတ္ထဝိတ် က တွေးတွေးဆဆနှင့် မေးခွန်းတစ်ခုမေးလိုက်သည်။

" မင်းအပေါ် မလိုမုန်းထားဖြစ်နေတဲ့ တစ်ယောက်ယောက်များ ရှိနေသလား"

" မရှိပါဘူးရှင့်၊ ကျွန်မဖြင့် လုံးဝစဉ်းစားကြည့်လို့မရဘူး"

" ပြီးခဲ့တဲ့ နှစ်လအတွင်း မင်းဆီကို လာတဲ့ဧည့်သည်တွေတော့ရှိမှာပေါ့"

" စနေ၊ တနင်္ဂနွေတွေမှာပဲ လာတတ်ကြတာပါ။ မာရှာကင်း ဆိုတာ ကျွန်မရဲ့ အရင်းနှီးဆုံး သူငယ်ချင်း။ ကျွန်မလိုပဲ မြင်းနဲ့ တောလည်ထွက်ရတာ ဝါသနာပါတယ်။ ပြီးတော့ ရိုလေး ဗာဗေဆော ဆိုတာက ကျွန်မရဲ့ ဝမ်းတူ အစ်ကို။ သူလည်း ခဏခဏလာတယ်"

မစ္စတာဆတ္ထဝိတ် က ခေါင်းညိတ်ပြီး ကလေတန်အကြောင်းကို ဆက်ကြည့်ပြန်ပါသည်။ " သူဒီမှာနေတာကြာပြီထင်ပါရဲ့၊ ဟုတ်လား"

"ကမ္ဘော် ကမ္ဘာ ကတည်းကပဲ၊ ကြာလှပြီ။ မာမီနဲ့ အန်တီဘက်ထရစ်တို့ ငယ်ငယ်တုန်းက သူတို့ရဲ့ အဖော်ပေါ့။ ဒါကြောင့်လည်း မာမီက သူ့ကို ပြင်သစ်အမျိုးသမီးတစ်ယောက်အကူရှိနေရဲ့သားနဲ့ ကလေတန်ကိုပါ ခေါ်ထားတာ။ အလုပ်တော့သိပ်မလုပ်ရပါဘူး။ စက်ချုပ်တာတို့ ဟိုဟာဒီတာ ဟာဟီရ ကိစ္စလေးတွေလောက်ပါပဲ။"

မစ္စတာဆတ္ထဝိတ် က တွေ့ချင်သည်ဆိုသဖြင့် အပေါ် ထပ်သို့ ခေါ်သွားပါသည်။ ကလေတန်သည် ဝိန်ဝိန်ရှည်ရှည် အသက်ကြီးကြီးအမျိုးသမီးကြီး ဖြစ်သည်။ မီးခိုးရောင်ဆံပင်ကို အလယ်မှ ခွဲထား၏။ လေးစားလောက်သော ရုပ်ရည်ရှိသူဖြစ်သည်။ မစ္စတာဆတ္ထဝိတ် ၏ မေးခွန်းများကို ရိုရိုသေသေ ဖြေပါသည်။

" အိမ်ကြီးမှာ တစ္ဆေခြောက်တယ်လို့ ဘယ်တုန်းကမှ မကြားဖူးပါဘူးရှင့်

မနေ့ညကအထိတော့ မစ္စမာဂရီ ထင်ယောင်ထင်မှား ဖြစ်တာနေမှာပါလို့ ကျွန်မ ထင်ခဲ့ပါတယ်။ ဒါပေမယ့် ညတုန်းကအမှောင်ထဲမှာ ကျွန်မကို တစ်ခုခု ကဝင်တိုက် ပြီး ထွက်သွားတာကို သေသေချာချာ သိလိုက်တယ်ရှင့်။ လူတစ်ယောက် မဟုတ်ဘူးဆိုတာလည်း သေချာပါတယ်။ ပြီးတော့ မစ္စမာဂရီရဲ့ လည်ပင်းက ဒဏ်ရာလည်းရှိသေးတယ်။ အဲဒါ သူ့ဘာသာသူ လုပ်တာ မဟုတ်ပါဘူးရှင့်"

မစ္စတာဆတ္ထဝိတ် အနေဖြင့်မူ စဉ်းစားစရာဖြစ်နေရပါသည်။ မာဂရီသည် ထိုဒဏ်ရာကို မိမိဘာသာပင် ဖန်တီးခဲ့ခြင်းမဖြစ်နိုင်ဘူးလား။ မာဂရီလိုပင် စိတ်အခြေအနေ လုံးဝမူမမှန်သောမိန်းကလေး အချို့ ထိုသို့သောဆူးဆန်းသည့် အပြုအမူမျိုးပြုကြသည်ကို သူ ကြုံဖူးပါသည်။

" အနာဂ မကြာခင်ကျက်သွားမှာပါ" ဟု ကလေတန်ကပြော၏။ " ကျွန်မလို အမာရွတ်မျိုးဖြစ်မှာ မဟုတ်ပါဘူး" သူမကနဖူးရှိ အမာရွတ်တစ်ခုကို လက်ညှိုးထိုးပြလျက် ပြောခြင်းဖြစ်သည်။ " အနှစ်လေးဆယ်ကြာပြီရှင့်၊ ခုထက်ထိ စမ်းလို့ရတုန်းရှိသေးကယ်"

" ယူရာလီယာ သဘော်နစ်တုန်းက ဖြစ်ခဲ့တာလေ" ဟု မာဂရီ ကပြောပြသည်။ " ရွက်တိုင်နဲ့ တိုက်မိတာပဲ၊ ဟုတ်တယ်မဟုတ်လား ကလေတန်" ဟု မေးရာ ကလေတန်က " ဟုတ်ပါတယ် မစ္စ" ဟု ဖြေပါသည်။

" ကဲ -ကလေတန်၊ မစ္စမာဂရီ တွေ့ကြုံနေရတာတွေနဲ့ ပတ်သက်လို့ ခင်ဗျားကကော ဘယ်လိုထင်သလဲ" ဟု မစ္စတာဆတ္ထဝိတ် က မေးလိုက်ရာ ကလေတန်က - " ကျွန်မ မပြောပါရစေနဲ့ဆရာ" ဟု ပြန်ပြောပါ၏။ အတွေ့အကြုံရင့်ကျက်သော အမှုထမ်းတစ်ဦး၏ သဘာဝကို မစ္စတာဆတ္ထဝိတ် နားလည်သောကြောင့် ထပ်၍ တိုက်တွန်းပြန်ပါသည်။

" ပြောသာပြေပါ ကလေတန်၊ ခင်ဗျားအမြင်ကို သိချင်လို့မေးတာပါ"

" ကျွန်မ အထင်မှာတော့ - ဒီအိမ်မှာ အင်မတန်ကောက်ကျစ်တဲ့ အရာစုံခုခုရှိနေတယ်လို့ပါပဲဆရာ၊ အဲဒါကို ရှင်းမပစ်နိုင်ရင် အေးအေးချမ်းချမ်း နေရမှာ မဟုတ်ပါဘူး"

အမျိုးသမီးကြီးက အလေးအနက်ပြောနေခြင်းဖြစ်ပါ၏။ သူမ၏ နှုတ်ပြာပြာ မျက်လုံးများကမစ္စတာဆတ္ထဝိတ်ကို တည်ငြိမ်စွာကြည့်နေသည်။

စိတ်ပျက်ပျက်နှင့် မစ္စတာဆတ္ထဝိတ် အောက်ထပ်ပြန်ဆင်းလာခဲ့သည်။ ကလေတန်သည် အတိတ်ဖြစ်ရပ်တစ်ခုခုကြောင့် နာနာဘာဝတို့က ခြောက်

လှန့်နေခြင်း ဖြစ်သည်ဟူသော သမားရိုးကျ အမြင်ကိုသာ စွဲကိုင်ထား
သည်။ သူ့အနေဖြင့်မူ ထိုသို့သော အယူအဆကို ကျေနပ်စွာ လက်မခံနိုင်
ထင်ယောင်မြင်ယောင်ဖြစ်ခြင်းတို့သည် ပြီးခဲ့သော နှစ်လကမှ စတင်ခဲ့ခြင်း
ဖြစ်သည်။ မာရှာကင်းနှင့် ရိုလီဗာဗေဆောတို့ လာသည့်အချိန်ပိုင်းလောက်
ဟု ဆိုနိုင်၏။ ထိုနှစ်ယောက် အကြောင်းစုံစမ်းသင့်သည်ဟု သူထင်သည်
ဖြစ်ရပ်တစ်ခုလုံးမှာ ရယ်စရာသက်သက်ဖြစ်အောင် လက်တွေ့ပြက်လုံးထုတ်
ခြင်းကော မဖြစ်နိုင်ဘူးလား။ သူ ခေါင်းခါလိုက်ပါသည်။ ထိုအယူအဆသည်
လည်း လက်ခံနိုင်စရာ မရှိပါ။ ဖြစ်ခဲ့သည်တို့မှာ အမှန်ပင်အန္တရာယ်
ရောက်နိုင်သော အနေအထားဖြစ်နေပါ၏။

စာဝေချိန်တွင် ရောက်လာသော စာများကို ဖွင့်ဖတ်ရင်း မာဂရီ တ
ဘသြ ရေရွတ်လိုက်သည်။ " မာမီက အတော်ပေါ့တီးပေါ့ဆ နေတာပဲ
ဖတ်ကြည့်ပါဦး" ဟု ပြောပြီး စာတစ်စောင်ကို မစ္စတာဆတ္ထဝိတ် အားလှမ်း
ပေး၏။ လေဒီစထန်းလေး ရေးလိုက်သောစာမှာ အောက်ပါအတိုင်းဖြစ်သည်။

ချစ်သောမာဂရီ

မစ္စတာဆတ္ထဝိတ် အဲဒီမှာ ရောက်နေတာကို မာမီ ဝမ်းသာနေတယ်
သူဟာ သိပ်တော်တဲ့သူပဲ။ ပြီးတော့ အရေးပါတဲ့လူကြီးတွေဆိုရင် တစ္ဆေဖြစ်
နေရင်တောင် သူသိတယ်။ အဲဒါတွေ ခေါ်ပြီး စစ်ကြည့်ပေါ့။ သမီးအတွက်
အရမ်းစိတ်ဝင်စားစရာဖြစ်မှာပါ။ မာမီ ကိုယ်တိုင်လာချင်တာ အရင်ရက်ပိုင်း
က နေမကောင်းဖြစ်နေလို့ မလာနိုင်တာ။ ဟိုတယ်တွေဟာ အစားအ
ပေးတက်ကို ဂရတစိုက်နဲ့ သန့်သန့်ရှင်းရှင်း လုပ်မပေးကြဘူး။ မာမီ့ကို အစာ
အဆိပ်ဖြစ်တာလို့ ဆရာဝန်ကပြောတယ်။ သမီးပို့လိုက်တဲ့ ချောကလက်ဘူး
က အကောင်းစားပဲ။ ဒီမှာလည်း မုန့်ဆိုင်ကတော့ ကောင်းကောင်းရှိတယ်။

ဘိုင့်ဘိုင် သမီးရေ။ မိသားစု တစ္ဆေတွေနဲ့ စကားဝိုင်းဖွဲ့ပြီး ပျော်နေဦးပေါ့
နော။

သမီးရဲ့ - ဘာဘရာ။

" မာမီ ဟာ သူ့ကို ကျွန်မက ဘာဘရာလို့ ခေါ်မှကြိုက်တယ်။ ဘာလို့မှန်း
လည်း မသိဘူး"

လေဒီစထန်းလေး ၏ စာမှာ သမီးဖြစ်သူအတွက် အာရုံစိုက်ချင်စရာဖြစ်
မစ္စတာဆတ္ထဝိတ် က စာထဲမှ အကြောင်းတစ်ခုကို သိလို၍စူးစမ်း
ပါသည်။

" မင်းရဲ့ မာမီဆီကို ချောကလက်ဘူး ပို့ပေးလိုက်တယ်ပေါ့၊ ဟုတ်လား"

မာဂရီ က ခေါင်းခါလျက် - " မပို့ပါဘူးရှင်၊ တစ်ယောက်ယောက်နဲ့
လွဲနေတာဖြစ်မှာပါ"

မစ္စတာဆတ္ထဝိတ် အလေးအနက် ဖြစ်လာပါ၏။ အချက်နှစ်ခုကို သူ
ကောင်းစွာ သတိပြုမိသည်။ လေဒီစထန်းလေး သည် ချောကလက်တစ်ဘူး
လက်ဆောင်ရရှိခဲ့၏။ သူမသည် အစာအဆိပ်သင့်မှုကြောင့် နေမကောင်းဖြစ်
ခဲ့သည်။ ထိုနှစ်ချက်ကို သူမ ဆက်စပ်တွေးတောခြင်းမရှိသည်မှာ ထင်ရှား
သည်။ အဆက်အစပ်ကော ရှိနိုင်သလား။ သူကတော့ အဆက်အစပ်ရှိသည်
ဟု ထင်မြင်နေမိသည်။

အသားညိုညို အရပ်မြင့်မြင့်နှင့် မိန်းကလေးတစ်ယောက် သူတို့ နား
သို့ ရောက်လာ၏။ မာရှာကင်း ဟူ၍ မာဂရီက သူ့ကို မိတ်ဆက်ပေးပါသည်။
ထိုမိန်းကလေးက သူ့ကို ပွင့်လင်းဟန်ဖြင့် ပြုံးပြလျက် နှုတ်ဆက်စကား ပြော
၏။

" လူကြီးမင်းက မာဂရီရဲ့ အချစ်တော် တစ္ဆေအကြောင်း လာစုံစမ်း
တာထင်ပါရဲ့၊ ကျွန်မတို့အားလုံးလည်း သူ့ တစ္ဆေအကြောင်း ပြောကြလွန်းလို့
သူ့ကိုအတော် စိတ်ဓာတ်ကျဆင်းနေပြီ- ဟော ဟိုမှာ ရိုလေးပါလား၊ ဟလို
ရိုလေး"

အိမ်ရှေ့တံခါးအနီး ကားတစ်စီးလာရပ်ပြီး အရပ်မြင့်မြင့်၊ ဆံပင်ကောင်း
ကောင်း၊ စိတ်ထက်သန်သောမျက်နှာနှင့်လူငယ်တစ်ယောက် ဆင်းလာပါ
သည်။ " ဟလို - မာဂရီ" ဟု သူက အော်၍ နှုတ်ဆက်၏။ " ဟေး-မာရှာ၊
ငါစစ်ကူတွေခေါ်လာခဲ့ပြီ" သူက ပြောရင်း ခန်းမထဲသို့ ဝင်လိုက် လာသော
အမျိုးသမီးနှစ်ဦးကို လှည့်ကြည့်လိုက်သည်။ ပထမ ဝင်လာသော အမျိုးသမီး
မှာ မာဂရီ ပြောသော မစ္စစ်ကာဆန် ဆိုသူဖြစ်ကြောင်း မစ္စတာဆတ္ထဝိတ်
မှတ်မိလိုက်၏။

" ငါ့ကို ခွင့်လွတ်ပေတော့ မာဂရီရေ" ဟု ထိုအမျိုးသမီးက လေးလေး
တွဲတွဲ ပြောသည်။ မစ္စတာဗာဗေဆော က အကြံပေးတာနဲ့ မစ္စစ်လွိုက် ကို
တစ်ပါတည်း ပင့်လာခဲ့တယ်ကွယ်" သူမက အဖော်ပါလာသူကိုလက်ဖြင့်
ညွှန်ပြ၏။ " ဟောဒါ မစ္စစ်လွိုက် ပါပဲ။ နတ်ဝင်သည်တွေထဲမှာ အထင်ရှား
အကျော်ကြားဆုံး ပုဂ္ဂိုလပေါ့"

မစ္စစ်လွိုက်ဆိုသူက ဦးခေါင်းကို အနည်းငယ် ညွှတ်ပြပြီး လက်များကို
ပိုက်ထားဟန်ဖြင့် ရပ်နေပါသည်။ သူသည် အသက်မကြီးလှသေးဘဲ သမား
ရိုးကျ ပုံပန်းရှိပြီး ဖက်ရှင်မဖြစ်သော်လည်း ပြိုးပြိုးပြက်ပြက် အဝတ်များ

ဝတ်ထား၏။ ဆွဲကြိုးကြိုးကြိုးတစ်ကုံးနှင့် လက်ကောက်များစွာ ဝတ်ဆင်ထားပေသည်။ မာဂရီမှာ သူမသိဘဲ စီစဉ်လာခြင်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေပုံ ရပါသည်။ သူက ရိုလေး ဗာဗေဆော ကို ဒေါသ မျက်လုံးများနှင့် ကြည့်၏။ လူငယ်ကမူ လုံးဝသတိထားမိပုံမရပါ။

" ကဲ - နေ့လယ်စာ အသင့်ဖြစ်နေပြီထင်တယ်" ဟု မာဂရီ ကပြောလိုက်ရာ မစ္စစ်ကာဆန်က - " ကောင်းတယ်" ဟု ပြောပြီး ဆက်၍ - " စားပြီးတာနဲ့ ဒို့ ဝိညာဉ်ခေါ်ပွဲ လုပ်ကြမယ်။ မစ္စစ်လို့ကိုက်အတွက် သစ်သီးအာဟာရ ရှိရဲ့လား။ ဝိညာဉ်ခေါ်ပွဲမတိုင်ခင် သူဘယ်တော့မှ အသားမစားဘူး"

နေ့လယ်စာ စားပွဲတွင် နတ်ဝင်သည်က ငှက်ပျောသီးနှလုံးနှင့်ပန်းသီးတစ်လုံးစား၏။ မာဂရီ ပြောသမျှတို့ကိုလည်း သူက တိုတိုနှင့် သတိထားလျက် ဖြေကြားပါသည်။ စားပွဲမှ သူတို့မထမီတွင် နတ်ဝင်သည်က ဦးခေါင်းကို ရုတ်တရက်မော့လိုက်ပြီး တစ်ချက်နှစ်ချက်ရှုရှိုက်လိုက်၏။ " ဒီအိမ်ထဲမှာ တစ်ခုခုအမှားအယွင်း ရှိနေတယ်" ဟု လည်းပြောလိုက်သည်။ မစ္စစ်ကာဆန်က အသံတိုးတိုးဖြင့် " မထူးဆန်းဘူးလား" ဟု မစ္စတာဆတ္ထဝိတ် ကို ကပ်၍ ပြောရာ သူကဖြည်းဖြည်းခေါင်းညိတ်ပြပါသည်။

ဝိညာဉ်ခေါ်ပွဲကို စာကြည့်ခန်းထဲတွင် ပြုလုပ်ကြ၏။ အိမ်ရှင်ဖြစ်သူ မာဂရီမှာ စိတ်မပါလက်မပါ ဖြစ်နေသော်လည်း သူ့ည့်သည်များက စိတ်အားထက်သန်စွာ အားတက်သရော စီစဉ်လုပ်ကိုင်ကြသောကြောင့် မကြာမီလိုက်လိုက်လျောလျော ဖြစ်လာပါ၏။ အတွေ့အကြုံများသော မစ္စစ်ကာဆန်က စေ့စပ်သေချာစွာစီစဉ်ပေးပါသည်။ ကုလားထိုင်များကို စက်ဝိုင်းပုံချထားပြီး ခန်းဆီးများကို ပိတ်ထားလိုက်၏။ ထို့နောက် နတ်ဝင်သည်က အသင့်ဖြစ်ပြီဟု ကြေညာလိုက်သည်။ သူက ပရိသတ်ကို ကြည့်ပြီး " ခြောက်ယောက် ဖြစ်နေတယ်၊ မကောင်းဘူး။ မ ဂဏန်းဖြစ်ဖို့ လိုတယ်။ ခုနစ်ယောက်ဆိုရင် အကောင်းဆုံးပဲ။ တစ်ယောက်ထပ်ခေါ်ပါဦး" ဟု ပြော၏။ ရိုလေးက ဘတ္တလာကို ခေါ်ရန် ထလိုက်ရာ မာဂရီက ကလေတန် ကို ခေါ်မယ်ဟု ပြောသည့်အတွက် ရိုလေးမျက်နှာ ပျက်သွားရပါသည်။ " ကလေတန် ကင့်ကို မုန်းနေတာဟ" ဟု သူကကန့်ကွက်ဟန်ဖြင့် ပြောသော်လည်း မာဂရီ အလျှော့မပေးပါ။ ကလေတန်ကိုသာ ခေါ်လိုက်ပါသည်။

နေရာယူကြပြီးသည့်နောက် ခေတ္တမျှ တိတ်ဆိတ်သွားပါသည်။ ထို့နောက် တဒေါက်ဒေါက်သံကို ကြားရပြီး နတ်ဝင်သည်၏ အစောင့်အရှောက်ဖြစ်သူ ချယ်ရိုကီး ဟု ခေါ်သည့် အိန္ဒိယ လူနီ၏ အသံပေါ်လာ၏။

" အမျိုးသမီးများနဲ့ လူကြီးမင်းများကို ကျွန်ုပ်အိန္ဒိယ လူနီသူရဲကောင်းက နှုတ်ခွန်းဆက်ပါတယ်။ တစ်စုံတစ်ဦးဟာ စကားပေးဖို့ စောင့်ဆိုင်းနေတယ်။ အမျိုးသမီးငယ်အတွက် အရေးကြီးတဲ့ သတင်းစကားပေးချင်တယ်လို့ ဒီပုဂ္ဂိုလ်က ပြောနေတယ်။ ကောင်းပြီ၊ကျွန်ုပ် သွားပြီ။ ဝိညာဉ်အမျိုးသမီးကို လွှဲပေးလိုက်ပြီ။ သူပေးချင်တဲ့ သတင်းစကားကို နာထောင်ကြပေတော့"

ခေတ္တတိတ်ဆိတ်သွားပြီးနောက် အမျိုးသမီးတစ်ဦး၏ ညင်သာသော အသံပေါ်လာ၏။

" မာဂရီ ရှိသလား"

ရိုလေးဗာဗေဆော က ကမန်းကတမ်း ဝင်ဖြေလိုက်သည်။ " ရှိပါတယ်၊ အခု ပြောနေတာ ဘယ်သူပါလဲ"

" ကျွန်ုပ်ဘက်ထရစ်စ်ပါ"

" ဘက်ထရစ် - ဘယ်ဘက်ထရစ်စ်လဲခင်ဗျ"

" ဘက်ထရစ်စ်- ဘာရွန်ဖြစ်တယ်"

မစ္စတာဆတ္ထဝိတ် ရှေ့သို့ ကိုင်းလိုက်၏။ သူအလွန်ပင် စိတ်လှုပ်ရှားနေပါသည်။ " ယူရာလီယာ သဘော်မြူပ်ရာမှာပါသွားတဲ့ ဘက်ထရစ်စ် ဘာရွန်လား" ဟု သူက မေးလိုက်၏။

" မှန်တယ်၊ ယူရာလီယာကို ကျွန်ုပ်မှတ်မိတယ်၊ ကျွန်ုပ်မှာ သတင်းစကားတစ်ခုရှိတယ်။ ဒီအိမ်အတွက်ပဲ။ နားထောင်ပါ။ - " ကိုယ့်ဟာမဟုတ်ဘဲ ယူထားတာပြန်ပေး"

" ကျွန်မ နားမလည်ဘူး" ဟု မာဂရီက စိတ်ပျက်စွာပြော၏။ " ကျွန်မ-အို - အခု ပြောတာအန်တီဘက်ထရစ် အမှန်ပဲလားရှင့်"

"မှန်တယ်။ ကျွန်ုပ်ဟာ သင့်ရဲ့အဒေါ်ပဲ"

" သေချာပါတယ်" ဟု မစ္စစ်ကာဆန်က အပြစ်တင်ဟန်ဖြင့် မာဂရီကို ပြောလိုက်သည်။ " ဘာလို့ မယုံသင်္ကာဖြစ်နေတာလဲ၊ ဝိညာဉ်တွေက အဲဒါမျိုးကို မကြိုက်ဘူး"

ရုတ်တရက်ပင် မစ္စတာဆတ္ထဝိတ် စမ်းသပ်မှုတစ်ခုပြုလုပ်ရန်စဉ်းစားမိလေသည်။ သူမေးလိုက်သော အသံမှာ အနည်းငယ်တုန်နေပါသည်။ " မစ္စတာ လေမောက်တူဂီး ကို မှတ်မိသေးလားခင်ဗျ"

နတ်ဝင်သည်ထံမှ ရယ်သံထွက်လာ၏။ " မစ္စတာ လေမောက် သူကြီးကို ကောင်းကောင်းသတိရလျက်ပါ"

မစ္စတာဆတ္ထဝိတ် ကြက်သေသေသွားရပါသည်။ သူ့ စမ်းသပ်ခုက်

အောင်မြင်ပါသည်။ သူငယ်စဉ်က ဘာရွန်ညီအစ်မနှင့်အတူ ပင်လယ်ကမ်းစပ်တွင် လှေစီးကစားကြရင်း ထိုအပြောင်အပြက်စကား ဖြစ်လာခဲ့သည်မှာ အနှစ်လေးဆယ်ကြာခဲ့ပြီ။ သူတို့နှင့်အတူပါလာသည့် လေမောက်တူဆိုသော အီတလီလူငယ်မှာ လှေကို မထိန်းနိုင်ဘဲ မှောက်ပစ်ခဲ့လေရာ ဘာရွန်ညီအစ်မက သူ့ကို လှေမှောက်သူကြီးဟု နာမည်ပြောင် ပေးလိုက်တော့သည်။ ထို အဖြစ်အပျက်ကို ယခုတွင် အခန်းထဲတွင် သူမတစ်ပါး သိသူမရှိနိုင်ပါ။

နတ်ဝင်သည် ညည်းညူရင်း သမ်းဝေလိုက်၏။

" သူထွက်သွားပြီ"ဟု မစ္စစ်ကာဆန်က ပြောသည်။ " ဒီနေ့အဖို့တော့ ဒီလောက်နဲ့ပဲ တော်ရတော့မှာပေါ့"

အခန်းထဲသို့ နေအလင်းရောင် ပြန်ဝင်လာသည်။ လူစုထဲမှ နှစ်ဦးမှာ ထိတ်လန့်နေပုံရပါသည်။ မစ္စတာဆတ္ထဝိတ် မာဂရီကို ကြည့်လိုက်ရာ သိသ်သာသာ တုန်လှုပ်နေသည်ကို တွေ့ရ၏။ မစ္စစ်ကာဆန်နှင့် နတ်ဝင်သည်တို့ ပြန်သွားကြသောအခါ သူက အိမ်ရှင်မိန်းကလေးနှင့် သီးသန့်တွေ့ဆုံပြီး မေးမြန်းစုံစမ်းလိုက်သည်။

" မေးခွန်း တစ်ခုနှစ်ခုလောက်မေးချင်တယ် မစ္စမာဂရီ၊ မင်းနဲ့မင်းခဲ့မိခင်တို့ ကွယ်လွန်တဲ့အခါ လက်ရှိအဆောင်အယောင်နဲ့ စည်းစိမ်ဥစ္စာတွေတို့ ဘယ်သူက အမွေဆက်ခံရမလဲ"

" ရှိလေး ဗာပေဆော ပဲ ဖြစ်ပါလိမ့်မယ်။ သူ့အမေက မာမီနဲ့ ဝမ်းကွဲညီအစ်မ တော်တယ်"

မစ္စတာ ဆတ္ထဝိတ်ခေါင်း ညိတ်ပြီး "ဒီနှစ်ဆောင်းတွင်းမှာ သူ ဒီမှာ အနေများတယ်။ ဒါနဲ့ စိတ်မရှိနဲ့နော်။ သူမင်းကိုများ မေတ္တာရှိနေသလား"

"လွန်ခဲ့တဲ့ သုံးပတ်က သူ ကျွန်မကို လက်ထပ်ခွင့်တောင်းတယ်။ ကျွန်မ ငြင်းလိုက်ပါတယ်။"

" ထပ်မေးပါရစေဦးကွယ်၊ မိန်းကလေး က တခြားတစ်ယောက်ကို ရည်ရွယ်ထားတာများရှိနေသလား"

မိန်းကလေးမျက်နှာ သွေးရောင်လျှမ်းလာပါသည်။ " ရှိတယ်ရှင့်၊ ကျွန်မ နို့အယ်လ်ဘာတန် ကို လက်ထပ်မှာပါ။ သင်းထောက်ဘာသာရေးဆရာကို လက်ထပ်မယ်ဆိုတော့ မာမီက ရယ်စရာအောက်မေ့နေတယ်။ ဘာမှ ရယ်စရာမရှိဘူးလို့ ကျွန်မယုံကြည်တယ်"

" မှန်တာပေါ့ကွယ်"

အိမ်အမှုထမ်းတစ်ယောက်က ကြေးနန်းစာတစ်စောင်ကို လင်ပန်းပေါ်တင်လျက် ယူလာပေး၏။ မာဂရီက ဖွင့်ဖတ်လိုက်သည်။ " မာမီ မနက်ဖြန် ပြန်ရောက်မယ်တဲ့။ စိတ်ရှုပ်ပါတယ်။ မာမီ အဝေးမှာပဲနေရင်ကောင်းတယ်"

မစ္စတာဆတ္ထဝိတ် က မှတ်ချက်မပေးပါ။ သူ့စိတ်ထဲတွင်မူ ' ဒါဆိုရင် ငါပြန်လို့ရပြီ" ဟု တွေးလိုက်မိ၏။

ပြဿနာကို ရှင်းမပေးနိုင်ဘဲ ပြန်ခဲ့ရခြင်းကြောင့် မစ္စတာဆတ္ထဝိတ် စိတ်ကသိကအောက် ဖြစ်နေပါသည်။ လေဒီစထန်းလေး ပြန်ရောက်လာခြင်းကြောင့် သူတာဝန်ပြီးဆုံးပြီဟု ပြောနိုင်ပါသည်။ သို့ရာတွင် အဲဗော့မိဒ် အိမ်ကြီးတွင်ရှိ ပဟေဠိမှာ အဆုံးမသတ်သေးဟု သူခံစားနေရပါသည်။

နောက်ထပ် သတင်းတစ်ခုထွက်လာသောအခါတွင်ကား သူ အကြီးအကျယ်အံ့အားသင့်သွားရပါ၏။ သံတော်ဆင့်နေ့စဉ်သတင်းစာတွင် မြို့စားလေဒီစထန်းလေး ရေချိုးနေစဉ် ကွယ်လွန်အနီစ္စရောက်ခြင်းဟူ၍ ဖော်ပြထားပါသည်။ လေဒီသည် ရေချိုးကန်ထဲတွင် ရေချိုးနေစဉ် သတိလစ်သွားပြီး ရေနစ်သေဆုံးရသည်ဟု ဖော်ပြထားသည်။ ထိုအချက်ကို မစ္စတာဆတ္ထဝိတ် စိတ်ထဲမှ ကျေနပ်လက်ခံနိုင်ခြင်းမရှိပါ။ ချက်ချင်းပင် သူကားဖြင့် လန်ဒန်မြို့ပြင်သို့ ထွက်လာခဲ့တော့သည်။

ကားမှာ အဲဗော့မိဒ် သို့သွားနေခြင်း မဟုတ်ပါ။ လန်ဒန်မှ ဆယ့်ငါးမိုင် အဝေးတွင်ရှိသည့် ဘဲလ်နဲ့မောတလေ အမည်ရှိသော ဟိုတယ်ငယ်လေး တစ်ခုသို့ ဦးတည်သွားနေပါသည်။ ကံအားလျော်စွာပင် မစ္စတာဟာလေကွင်းမှာ ဟိုတယ်၌ ရှိနေဆဲဖြစ်ပါ၏။

မစ္စတာဆတ္ထဝိတ် က သူ့မိတ်ဆွေ၏ လက်ကိုအားပါးတရဆုပ်ကိုင်ပြီး - " ခင်ဗျားကျုပ်ကို ကူညီမှ ဖြစ်မယ်၊ ကျုပ်သိပ်ကို စိတ်ပျက်နေပြီ။ ပြီးတော့ နောက်ကျသွားတော့မယ်လို့လည်း ခံစားနေရတယ်။ ဟိုမိန်းကလေး- သိပ်သဘောကောင်းတဲ့ မိန်းကလေးဟာ သူ့အလှည့်ရောက်တော့မယ်လို့ ကျုပ်ထင်နေတယ်"

မစ္စကွင်းက ပြုံးလျက် - " ကဲပါဗျာ၊ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြောပြပါဦး" ဟု ဖြေရာ မစ္စတာဆတ္ထဝိတ် က အသေးစိတ်ရှင်းပြလိုက်ပါ၏။ " အဲပါပဲဗျာ၊ အဖြေတစ်ခုခုတော့ရှိကိုရှိရမှာပဲ" ဟု သူက ဆက်၍မျှော်လင့်တကြီး ပြောလိုက်ပါသည်။ မစ္စတာကွင်း က သူ့ကိုကြည့်ပြီး " ပြဿနာတို့ ရှင်းရမှာ ခင်ဗျားပဲဗျ၊ ကျွန်တော်က သူတို့ကို မသိဘူးလေ။ ခင်ဗျားက

ကောင်းကောင်း သိထားတာကိုး" ဟုတ်ပါတယ်။ လွန်ခဲ့တဲ့အနှစ် လေးဆယ်
ကတည်းက ဘာရွှန်ညီအစ်မကို ကျုပ်သိခဲ့တာ။ ကျုပ်လည်း ကလေးဘဝ
ဆိုတော့ ပျော်ပျော်နေပြီး ရွှတ်နောက်နောက်တွေ လုပ်ခဲ့ဖူးသေးတယ်။ သူတို့ရဲ့
အကူမိန်းကလေးနာမည်က အဲလစ်စ်တဲ့ဗျ၊ ကြဲကြဲဖန်ဖန် ဒီနာမည်ခေါ်
ပေးတတ်တယ်။ တစ်ခါတော့ ဝရန်တာမှာ သူ့ကို ကျွန်တော် နမ်းလိုက်တာ
ဘာရွှန်မိန်းကလေးတစ်ယောက်က တွေ့လို့ ဝိုင်း ရယ်ကြသေးတယ်။ အင်း
- နှစ်တွေမနည်းကြာခဲ့ပြီကိုး" သူကခေါင်းခါပြီး သက်ပြင်းချပါသည်။
ထို့နောက် - " ခင်ဗျား မကူညီနိုင်ရင်တော့ - " မစ္စ ကွင်း က သူ့စကားကို
ဖြတ်၍ " ကျွန်တော်မကူညီနိုင်ရင် ခင်ဗျားဘာသာ ဖြေရှင်းမှာမဟုတ်လား
ဟိုတုန်းကလည်း ခင်ဗျားဘာသာ ပြဿနာတွေကို အောင်အောင်မြင်မြင်
ဖြေရှင်းခဲ့တယ်လေဗျာ။ အခုလည်းဒီလိုပဲဖြစ်မှာပါ။ ကျွန်တော်သာ ခင်ဗျား
နေရာမှာဆိုရင် ခုချက်ချင်း အဲဗားမိဒ်ကို သွားမှာပဲဗျ" မစ္စတာဆတ္ထဝိတ်
" ကျုပ်လည်း အဲဒီလိုစိတ်ကူးနေတာပါ" ဟု ပြောကာ သူ မိတ်ဆွေကို
နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့ပါသည်။

အဲဗားမိဒ် သို့ရောက်သောအခါ စိတ်တည်ငြိမ်မှု ရနေပြီဖြစ်သော မာဂရီ
က သူ့ကို လှိုက်လှဲစွာ ကြိုဆိုပါသည်။ သူရောက်လာ၍ ဝမ်းသာသွားပုံရပါ၏၊
" ရိုလေးနဲ့ မာရှာတို့ အခုပဲ ပြန်သွားကြတယ်။ ဖြစ်ခဲ့တဲ့ကိစ္စဟာ ဆရာဝန်
တွေ ထင်သလို မဟုတ်ဘူးရှင့်၊ ကျွန်မ ကောင်းကောင်းသိတယ်။ မာမီ က
ရေနစ်ပြီး အသတ်ခံခဲ့ရတာ။ သူ့ကို သတ်တဲ့သူ ဘယ်သူပဲဖြစ်ဖြစ် ကျွန်မက်
လည်း သတ်ချင်မှာပဲ။ ဒါ့ကြောင့် ကျွန်မ -" သူက ရှေ့ရှိစာရွက်အပုံကို
လက်ညှိုးထိုးပြပြီး - " သေတမ်းစာ ရေးနေတာ၊ ကျွန်မ ပိုင်ဥစ္စာတွေရော
ဒယ်ဒီထားခဲ့တဲ့ဥစ္စာတွေရော ပေါင်းလိုကရင်အများကြီးပဲ။ ကျွန်မ နိုအယ်လ်
ကို အားလုံးလွှဲပေးခဲ့တယ်။ ရိုလေးကို ကျွန်မ မယုံနိုင်ဘူးလေ။ သူက သူဘာမှ
နိုင်မလဲလို့ အမြဲစဉ်းစားနေတဲ့သူ။ ကဲ- ဒီသေတမ်းစာမှာ သက်သေအနေနဲ့
လက်မှတ်ထိုးပေးမယ်မဟုတ်လား"

" သက်သေက နှစ်ယောက်ထိုးရတယ် မိန်းကလေးရဲ့။ ကာယကံရှင်ရဲ့
ရှေ့မှာ နှစ်ယောက်စလုံးထိုးမှ တရားဝင်တာ"

" စောစောကလေးပဲ ကျွန်မ လက်မှတ်ထိုးပြီးတာနဲ့ ကလေတန် က
သက် သေလက်မှတ် ထိုးတယ်။ နောက်သက်သေအဖြစ် ဘတ္တလာကိုခေါ်ပြီ
စဉ်းစား နေတုန်းရှင်ရောက်လာတာမို့ပါ" မစ္စတာဆတ္ထဝိတ် က မငြင်းတော့
ဘဲ လက်မှတ်ထိုးရန် သူဖောင်တိန်အဖုံးကို ချွတ်လိုက်ပါသည်။ သူလက်မှတ်

ထိုးရမည့် နေရာအထက်တွင် အဲလစ်စ် ကလေတန် ဟူသော လက်မှတ်ကို
တွေ့နေရ ၏။ သူ အတွေးတို့က အတိတ်သို့ တစ်မှုတ်ချင်း ရောက်သွား
ရသည်။ အဲလစ်စ်ကလေတန် တစ်စုံတစ်ခုကို သူနားမလည်နိုင်သလို ဖြစ်နေ
၏။ မကြာသေးမီကပင် မစ္စတာကွင်းကို သူအဲလစ်စ် အကြောင်းတစ်ခုခု
ပြောခဲ့သေးသည်။ ဟုတ်တယ်။ အချိန်တွေအများကြီးကုန်လွန်ခဲ့သလို
အသက်အရွယ်တွေကလည်း ကြီးလာခဲ့ပြီ။ သဘာဝ တရားကြီးက အပြောင်း
အလဲများစွာ ဖြစ်စေခဲ့၏။ သို့သော်ပြောင်း၍ မရသည်လည်း ရှိပေလိမ့်မည်။
သူစိတ်ရှုပ်ထွေးသွား၏။ သူသိခဲ့သောအဲလစ်စ် ကလေတန်မှာ မျက်လုံး
ညိုများရှိသည်။ စဉ်းစားရင်း အခန်းကြီးက ချာချာလည်သလို ဖြစ်လာသည်။
သူ ကုလားထိုင်လက်တန်းများကို ဆုပ်ကိုင်ထားရ၏။ ခပ်ဝေးဝေးမှာ လာသလို
မာဂရီစကားပြောသံကိုကြားနေရသည်။ " မစ္စတာဆတ္ထဝိတ်၊ နေမကောင်းဘူး
လား၊ အို- ဟုတ်ပါ တယ်၊ ရှင်နေမ ကောင်းဖြစ်နေပြီ"

ခဏအကြာတွင် သူသက်သာလာပါသည်။ သူက မာဂရီ၏လက်ကို
လှမ်းကိုင်လိုက်သည်။

" ဒီမယ် - မိန်းကလေး၊ ငါအားလုံးကို သိသွားပြီ။ မင်းစိတ်တွေကို
ငြိမ်အောင်ထိန်းပါ။ ကလေတန်လို့ ခေါ်တဲ့အပေါ် ထပ်က အမျိုးသမီးဟာ
ကလေတန် မဟုတ်ဘူးကွယ့်။ ကလေတန်အစစ်ဟာ ယူရာလီယာနဲ့အတူ
ရေအောက်ကို ပါသွားခဲ့ပြီးပြီ"

မာဂရီ သူ့ကို စိုက်ကြည့်နေမိ၏။ " ဒါဖြင့် - သူ - သူက ဘယ်သူလဲ"

" ငါတွေးတာမလွဲနိုင်ပါဘူး၊ ဟုတ်တယ်၊ လုံးဝမလွဲနိုင်ဘူး။ ကလေတန်
လို့ မင်းခေါ်နေတဲ့ အမျိုးသမီးကြီးကဟာ မင်းမာမီရဲ့ အစ်မ၊ ဘက်ထရစ်စ်
ဘာရွှန်ပဲ။ သူနဖူးမှာ ရွှက်တိုင်နဲ့ တိုက်မိလို့ အမာရွတ်ရှိနေခဲ့တ မင်းပြောဖူး
တယ်လေ။ အဲဒီအဖြစ်အပျက်ကြောင့် သူအတိတ်ကို မေ့သွားခဲ့လိမ့်မယ်။
အဲဒါကို မင်းရဲ့ မာမီက အခွင့်ကောင်းယူပြီး -"

" မြို့စားရာထူးနဲ့ အမွေတွေကို အပိုင်သိမ်းခဲ့တယ်ဆိုပါတော့" မာဂရီ
က ခါးသီးသည့် လေသံဖြင့်ဖြတ်ပြောလိုက်သည်။ " ဟုတ်တယ်၊ မာမီဟာ
အဲဒီလို လုပ်မယ့်သူမျိုးပဲ။ သေသွားတဲ့သူကို မကောင်းပြောသလိုဖြစ်နေပေ
မယ့် အဲဒါ အမှန်ဖြစ်လိမ့်မယ်"

" ဘက်ထရစ်စ် က သူ့ရဲ့ အစ်မလေ။" ဟု မစ္စတာဆတ္ထဝိတ်က ဆက်
ပြော၏။ " မြို့စားကြီးရဲ့အမွေအားလုံးကို အစ်မဖြစ်သူကပဲ ဆက်ခံရမှာကိုး၊
သဘော်ပျက်ပြီး ဒဏ်ရာကြောင့် အတိတ်မေ့သွားတဲ့ မိန်းကလေးကို မင်းနဲ့

မာမီက အဲလစ်စ်ကလေတန်ပဲလို့ ပြောခဲ့လိမ့်မယ်။ ရေနစ်ပြီး ဆုံးသွားသူထ
ဘက်ထရစ်စ်ပေါ့။ မိန်းကလေးကလည်း သူ့ကို ပြောထားတဲ့အတိုင်း သူ့ကိုယ်
သူ အဲလစ်စ်ကလေတန် လို့ပဲ သဘောထားလာခဲ့တော့မှာပေါ့။ ငါ စဉ်းစား
ကြည့်မိသလောက်ဆိုရင် သူဟာ မကြာသေးခင်က အတိတ်ဖြစ်စဉ်တွေကို
ပြန်သတိရလာခဲ့လိမ့်မယ်။ အဖြစ်မှန်ကို သိသွားတဲ့အခါ သူစိတ်ထဲမကျေနပ်
မှုကြောင့်လည်း သည်းမခံနိုင်တဲ့ စိတ်တွေ ဝင်လာခဲ့လိမ့်မယ်"

မာဂရီ ထိတ်လန့်နေသော မျက်လုံးများဖြင့် သူ့ကို ကြည့်နေပါ၏။

" သူ မာမီ့ကို သတ်လိုက်ပြီပေါ့။ ကျွန်မကိုလည်း သတ်ချင်နေမှာပဲ"

" အဲဒီလိုပဲ ယူဆရတယ်" ဟု မစ္စတာဆတ္ထဝိတ် က ပြော၏။ " သူခေါင်း
ထဲမှာ စွဲနေတဲ့ အတွေးတစ်ခုပဲရှိတယ်။ အဲဒါကတော့ သူ ရရမယ့်အမွေတွေ
ကို မင်းတို့သားအမိက ခိုးယူထားတယ်ဆိုတာပဲပေါ့"

" ဒါပေမယ့် မာမီနဲ့ ယှဉ်လိုက်တော့ ကလေတန်က သိပ်အိုနေသလိုပဲ"
ဟု မာဂရီ က မှတ်ချက်ချသည်။

မစ္စတာဆတ္ထဝိတ် ခေတ္တမျှ စဉ်းစားခန်းထဲဝင်လိုက်မိ၏။ မီးခိုးရောင်ဆ
ပင် မွဲခြောက်ခြောက်နှင့် အသက်ကြီးကြီး အမျိုးသမီးတစ်ဦး။ နောက်တစ်
ယောက်မှာကား ရွှေရောင်ဆံပင်နှင့် လောကစည်းစိမ်တို့ကို ခံစားနေဆဲ အ
ရွယ်လတ်ပိုင်းဟု ထင်ရသူ။ ညီအစ်မ အရင်းတွေတွေတဲ့။ ကလေးအရွယ်က
တစ်ဦးကို တစ်ဦး ချစ်ခင်တွယ်တာခဲ့ကြသော ညီအစ်မများ၊ ဆန့်ကျင်ဖက်
ဘဝလမ်းကြောင်းတို့က သူတို့၏ ကိုယ်နှင့်စိတ်ကိုပါ ပြောင်းလဲပေးခဲ့ခြင်း
ဖြစ်ပေသည်။ အံ့သြဖွယ်၊ ကြေကွဲဝမ်းနည်းဖွယ် ဘဝတစ်ခု၏ ကံကြမ္မာလှည့်
စားမှုကို မစ္စတာဆတ္ထဝိတ် နားလည်သဘောပေါက်စွာ ခေါင်းခါနေမိပါ၏။
ထို့နောက် သူ မာဂရီကို ကြင်နာစွာပြောလိုက်ပါသည်။ " ဒို့ အပေါ်ထပ်သွား
ပြီး သူ့ကို သွားတွေ့ကြရအောင်ကွယ်"

ကလေတန်ကို သူ့အခန်းထဲတွင် သူတို့ကို ကျောပေးလျက် ထိုင်နေသည်
ကို တွေ့ရပါသည်။ သူတို့ဝင်လာသော်လည်း သူက လှည့်မကြည့်ပဲ
အကြောင်းရင်းကို ခဏအကြာတွင် မစ္စတာဆတ္ထဝိတ် သိလိုက်ရပါသည်
အေးစက်တောင့်တင်းနေပြီဖြစ်သော ပခုံးကို ကိုင်ကြည့်ရင်း သူတို့တိုးရေရွ
လိုက်၏။ " နှလုံးထိခိုက်သွားရတာကိုး။ ဒီလိုဖြစ်သွားတာပဲကောင်းပါတ
ကွယ်"

နိဂုံးမြစ်ပေါ်ကမရဏာ

လေဒီဂရေးလ် အလိုမကျဖြစ်နေပါသည်။ အက်စ်အက်စ်ဖေယွန်
သဘော်ပေါ်သို့ရောက်ကတည်းက အားလုံးကို စိတ်တိုင်းမကျဖြစ်နေခဲ့ပါ၏။
သဘော်ပေါ်တွင် သူရသည့်အခန်းကို မကြိုက်ဟုဆို၍ တူမဖြစ်သူပင်မလာ
ကအခန်းချင်းလဲပေးခဲ့ရသည်။ သူနာပြုဆရာမဖြစ်သူ မစ္စမက်၊ နော်တန်
ကိုလည်း သူတောင်းသောမြို့ထည်ကို မှားယူလာသည့်အတွက် ငေါက်ငန်း၏။
ခင်ပွန်းဖြစ်သူ ဆာကျော့ချ်ကိုကား အပြာနုရောင်အစား အနီရောင် စိပ်ပုတီး
ကိုဝယ်လာသည့်အတွက် အသံမာမာနှင့်အပြစ်တင်လေ သည်။ ဆာကျော့ချ်
က စိတ်ရှည်စွာနှင့် 'ဆောရီးပါကွာ၊ ကိုယ်ပြန်သွားလဲ ပေးပါမယ်၊ အချိန်
အများကြီးရှိတာပဲ' ဟု လေပျော့ပျော့နှင့်ပြန်ပြော၏။

သူငေါက်ငန်းအပြစ်တင်ခြင်းခံရသူတို့အထဲတွင် ခင်ပွန်းသည်၏
အတွင်းရေးမှူးဖြစ်သူ ဘာဆီးလ်ဝက်စ် တော့မပါဝင်ပါ။ မည်သူကမှ သူ့ကို
ငေါက်ငန်းအပြစ်တင်ခြင်းမပြုကြပါ။ သူ့ကိုစကားမစနိုင်မီ သူကပြုံးပြ
နေတတ်သောကြောင့် ဖြစ်ပါလိမ့်မည်။

ကြိမ်ထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်နေသူတစ်ဦးကိုတွေ့ပြီး ထိုသူသည်
ခရီးသည် တစ်ဦးဖြစ်သည်ဟု သိလိုက်ရသောအခါ မစ္စစ်ဂရေးလ် ဒေါသအိုး
ပေါက်ကွဲလေတော့သည်။

"ရုံးမှာတုန်းက ဒီသဘော်ပေါ်မှာ ငါတို့ချည့်ပဲလို့ပြောခဲ့တာပဲ။ ခရီးသွား
ရာသီကုန်ပြီမို့ နောက်ထပ်ခရီးသည်မရှိတော့ပါဘူးတဲ့၊ ပြောခဲ့ကြတာ"

"မှန်ပါတယ်လေဒီ" ဟု ကုန်းပတ်ဝန်ထမ်း မိုဟာမက်ကအေးဆေးစွာ
ပြော၏။ "လေဒီတို့အဖွဲ့အပြင် ဒီလူကြီးလူကောင်းတစ်ယောက်ပဲပါပါတယ်"

"ဒါပေမယ့် ငါတို့ကိုပြောခဲ့တုန်းက ငါတို့ချည့်ပါပဲလို့ တာဝန်ယူခဲ့တယ်
လေ"

"မှန်ပါတယ်လေဒီ"

"ဘယ်မှာမှန်လို့လဲ၊ ဒါလိမ်တာပဲ။ အဲဒီလူက ဘာလို့ဒီရောက်နေရတာ
လဲ"

"သူအရောက်နောက်ကျလို့ပါခင်ဗျ၊ လေဒီတို့နောက်မှသူလက်မှတ်ဝယ်
တာပါ။ ဒီမနက်မှ ရောက်လာတာပါ"

"ဒါ ကလိန်ကျတာသက်သက်ပဲ"

"မှန်ပါတယ် လေဒီ၊ ဒီလူကြီးလူကောင်းဟာ အလွန်အေးဆေးပါတယ်။ အလွန်ကောင်းပါတယ်ခင်ဗျ"

"နင် အရူးပဲ၊ ဘာမှလည်းနားမလည်ဘူး။ မစ္စမက်နော်တန် ဘယ်ရောက်နေသလဲ။ ဒီနားမှာနေပါလို့ ခဏခဏပြောနေရတယ်။ ငါတို့ အခန်းထဲလိုက်ပို့ပြီး အက်စပရင်တစ်လုံးပေးစမ်း၊ မိုဟာမက်ကို ငှဲနားမလာစေနဲ့၊ သူပြောလိုက်ရင် မှန်ပါတယ်လေဒီပဲ ပြန်ပြောတတ်တယ်။ ကြာရင် ငါအော်ပစ်လိုက်မိလိမ့်မယ်"

မစ္စမက်နော်တန်က ဘာမှပြန်မပြောဘဲ သူ့လက်မောင်းတစ်ဖက်ကိုသာ ဆွဲနိုင်ရန်လှမ်းပေးပါ၏။ သူသည် အသက်သုံးဆယ့်ငါးနှစ်ခန့်အသားညိုညို အေးအေးဆေးဆေးနှင့်ရုပ်ချောသူ တစ်ဦးဖြစ်သည်။ သူကလေ ဒီဂရေးလ်ကို အခန်းထဲတွင် သက်သာစွာ လှဲနေစေပြီး အက်စပရင်တစ်လုံး ပေးကာ ညည်းညူသမျှကို ထိုင်နားထောင်နေလိုက်ပါသည်။ လေဒီဂရေးလ်မှာ လေးဆယ့်ရှစ်နှစ်ရှိပြီ။ ချမ်းသာကြွယ်သူတစ်ဦးဖြစ်ပြီး လွန်ခဲ့သော ဆယ်နှစ်က ဘယ်ရွန်ဘွဲ့ခံတစ်ဦးဖြစ်သူ ဆာကျော့ချ်နှင့်လက်ထပ်ခဲ့သည်၊ သူသည် ကိုယ်လုံးကိုယ်ထည်ကြီးသော အမျိုးသမီးတစ်ဦးဖြစ်ပြီး အရုပ်ဆိုးသူ ဟု မဆိုနိုင်ပါ။ မျက်နှာမှာ အမြဲအလိုမကျဖြစ်နေဟန်ရှိပြီး ထူနေအောင် လိမ်းထားသော မိတ်ကပ်တို့ကြောင့် ရင့်ရော်မှုနှင့်အရေးအကြောင်းတို့ကို ပို၍ထင်ရှားစေသလိုဖြစ်နေပါသည်။ ဆံပင်မှာ ပလက်တီနမ်နှင့်ရွှေရောင် တစ်လှည့်၊ အနီရောင်တစ်လှည့် ဆိုးထားလေ့ရှိသည်။ အဝတ်အစားတို့ကို လိုအပ်သည်ထက်ပို၍ ဝတ်ဆင်တတ်ပြီး လက်ဝတ်ရတနာတို့ကိုလည်း လွန်လွန် ကဲကဲ ဆင်ထားတတ်ပါ၏။

နောက်ဆုံးမှကပ်၍ ရောက်လာသည်ဆိုသော ခရီးသည်မှာကြွိမ်ထိုင်ခုံတွင် ထိုင်လျက်နိုင်းမြစ်ရေပြင်ကို ကျော်ပြီးအဝေးတွင်ရှိ တောင်ကုန်းမိုမို့တို့ကို ငေးကြည့်နေပါသည်။ မစ္စစ်ဂရေးလ်အခန်းထဲမှ ထွက်လာသော မစ္စမက်နော်တန်သည် ထိုခရီးသည်ဘေးမှ ဖြတ်ပြီးဧည့်ခန်းဆီသို့သွားရာ စိပ်ပုတီးတစ်ကုံးကို ဇဝေဇဝါနှင့်ကြည့်နေသော ဆာကျော့ချ်ကိုတွေ့၏။

"မစ္စမက်နော်တန်ရေ ဟောဒီမှာကြည့်ပါဦး၊ ဒီအရောင်ဟုတ်ရဲ့လား၊ လေဒီဂရေးလ်ဒါကိုကြိုက်ပါ့မလား"

"အရောင်ကကောင်းပါတယ်ရှင့်၊ ဒါပေမယ့် သူကတော့ကြိုက်ချင်မှ ကြိုက်မှာပါ။ သူက ဘာကိုမှစိတ်တိုင်းကျတယ်လို့ မရှိပါဘူး။ သူကျန်းမာရေး

ကြောင့် အဲဒီလိုဖြစ်နေတာပါ။ သူပြောတာတွေ သိပ်အလေးအနက်ထား မနေနဲ့ပေါ့ရှင်"

"သူ့ကျန်းမာရေး တကယ်ဆိုးနေတယ်လို့ ဆရာမထင်တာလား" သူမေးခွန်းကို ဆရာမပြန်ဖြေသော အခါအနည်းငယ် တွန့်ဆုတ်သလို ဖြစ်နေ၏။ "ဟုတ် ဟုတ်ကဲ့ သူ့အခြေအနေကို ကျွန်မသိပ်မကြိုက်ဘူးဆိုပါတော့၊ ဒါပေမယ့် ဆာကျော့ချ်၊ သိပ်တော့ စိတ်မပူပါနဲ့ရှင်" ဆရာမက တရင်းတနှီးပြုံးပြပြီး ပြန်ထွက်သွားပါသည်။ ခဏအကြာတွင် ပင်မလာရောက်လာ၏။ "ဟလို အန်ကယ်၊ ဘာကြည့်နေတာလဲ၊ ဟယ်-လှလိုက်တာ"

"တကယ်လှရဲ့လား။ သမီးအဒေါ်က ကြိုက်ပါ့မလားကွယ့်"

"သူကဘာများကြိုက်တာရှိဖူးလို့လဲ။ အန်ကယ်ဘာကို သဘောကျလို့ အန်တီကို လက်ထပ်ခဲ့တာလဲ ဟင်"

ဆာကျော့ပြန်စဉ်းစားမိ၏။ မြင်းပွဲများတွင် သူ့ရှုံးခဲ့ရမှုများ၊ ကြွေးရှင်တွေက ပူခဲ့ပုံ။ ရုပ်ချောသော်လည်း ငွေဂုဏ်မောက်လှသော အမျိုးသမီးနှင့်လက်ထပ် ခဲ့ရပုံတို့ စိတ်အတွေးတွင်ပေါ်လာသည်။

"ဟုတ်ပါတယ်လေ၊ အန်ကယ်မယူချင်ပဲယူခဲ့ရတာပါ။ သူ့သမီးတို့ နှစ်ယောက်စလုံးကို ကြင်ကြင်နာနာမရှိပါဘူး။ ဟုတ်တယ်မဟုတ်လား အန်ကယ်"

"သူ့ ကျန်းမာရေးက မကောင်းတော့ - ဆာကျော့ချ်စကားမဆုံးခင် သူတူမက ဖြတ်၍ "ဘာမှမဟုတ်ဘူး အန်ကယ်၊ သူဘာမှ ဖြစ်နေတာ မဟုတ်ဘူး။ သူလုပ်ချင်သမျှ ဘာမဆိုလုပ်နိုင်တယ်။ အန်ကယ် အဆွမ်ကို ရောက်နေတုန်းကဆိုသူ ပျော်နေလိုက်တာမှ အရူးတစ်ယောက်လိုပဲ သူဟန်ဆောင်နေတာပါ။ မစ္စမက်နော်တန်လည်း အဲဒါကို သိတယ်"

"အေး မစ္စမက်နော်တန်သာမရှိရင် တို့တော့ အတော်ခက်ကြရမှာ" ဆာကျော့ချ်က သက်ပြင်းချလျက်ပြော၏။

"သူဟာ အတော်ကိုစွမ်းဆောင်ရည်ရှိပါတယ်" ဟု ပင်မလာက ဝန်ခံ၏"။ သမီးက သူ့ကို အန်ကယ်ချစ်သလောက်တော့ မချစ်ပါဘူး ဟုတ်ပါတယ်။ အန်ကယ်မငြင်းနဲ့။ အန်ကယ်သူ့ကို သိပ်အထင်ကြီးတယ်၊ သူတော်တာလည်း မှန်ပါတယ်။ ဒါပေမယ့် သူဟာ ဇာတ်မြုပ်ထားတဲ့ လူတစ်ယောက်လိုပဲ။ သူ့စိတ်ထဲဘာရှိတယ်ဆိုတာ သမီးလုံးဝမခန့်မှန်းနိုင်ဘူး၊ သူအတွားကြီးကို ကောင်းကောင်းထိန်းထားနိုင်တာတော့သေချာတယ်"

"ပင်မလား ကိုယ့်အဒေါ်ကို အဲဒီလိုမပြောနဲ့လေ၊ သူသမီးအပေါ်

ကောင်းပါတယ်"

"ဟုတ်ပါတယ်၊ သမီးတို့အသုံးစရိတ်တွေ သူရှင်းပေးတယ်။ သိပ်ငြီးငွေ့စရာ ကောင်းတဲ့ အဖြစ်မျိုးပဲ"

ဆာဂျော့ချ်က စကားလမ်းကြောင်းပြောင်းသည့်အနေဖြင့် မေးလိုက်ပါသည်။ "ဒီသင်္ဘောနဲ့ပါလာတဲ့ ဟိုခရီးသည် တစ်ယောက်ကိစ္စ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ သမီးအဒေါ်က တော်တော်စိတ်အနှောင့်အယှက်ဖြစ်နေတယ်"

"ဘယ်တတ်နိုင်ပါမလဲ" ဟု ပင်မလာကအေးဆေးစွာပြန်ပြော၏။ "အဲဒီလူက သဘောကောင်းပုံရပါတယ်။ သူ့နာမည်က ပါကားပိုင်းတဲ့၊ ရယ်စရာ ကောင်းတာက ဒီနာမည်ကို သမီးတစ်နေရာရာမှာ တွေ့ဖူးနေတယ်။ ဘာဆီးလ် "သူက အခန်းထဲဝင်လာသော အတွင်းရေးမှူးဖြစ်သူကို ခေါ်လိုက်သည်။ "ပါကားပိုင်း ဆိုတဲ့နာမည်ကျွန်မ ဘယ်မှာတွေ့ဖူးတာလဲ မသိဘူး"

"တိုင်း သတင်းစာရဲ့ မျက်နှာဖုံး၊ လူမှုရေးကြော်ငြာမှာပါ" ဟု လူငယ်က ချက်ချင်းပြန်ဖြေ၏။ "သင်ပျော်ရွှင်နေသလား၊ မဟုတ်လျှင်တော့ မစ္စတာ ပါကားပိုင်းနဲ့ ဆွေးနွေးလှည့်ပါ - ဆိုတာလေ"

"ဟုတ်တာပေါ့။ ရယ်စရာကောင်းလိုက်တာ၊ ကျွန်မတို့ပြဿနာတွေ သူ့ကို အကုန်ပြောပြလိုက်ရအောင်"

" ငါမှာဘာပြဿနာမှ မရှိပါဘူးဟာ" ဟု ဘာဆီးလ်ဝက်စ်ကပြောပြန်၏။ " ရွှေရောင်နိုင်းမြစ်ကြီးထဲ စုန်ဆင်းရင်း၊ နတ်ဘုရားကျောင်းတွေကြည့်ကြရမှာ ဘယ်လောက်ကောင်းသလဲ" သူက သတင်းစာ ကောက်ကိုင် လိုက်သော ဆာဂျော့ချ်ကို အကဲခတ်ရင်း အသံကိုနှိမ့်လျက် "တို့အတူတူလေ" ဟု ဆက်ပြောလိုက်သည်။

"ဟုတ်တယ် ဘာဆီးလ်၊ အဲဒါကောင်းတယ်" ဟု ပင်မလာကပြန်ဖြေစဉ် ဆာဂျော့ချ်အပြင်သို့ ထွက်သွား၏။ ပင်မလာ မျက်နှာမကောင်းဖြစ်နေ၍ ဘာဆီးလ်က "အချစ်လေး ဘာဖြစ်နေလို့လဲ" ဟု မေးလိုက်သည်။

"အန်ကယ်ရဲ့ မုန်းစရာကောင်းတဲ့ မိန်းမကြီးကြောင့်ပေါ့"

"စိတ်မပူပါနဲ့ကွာ" - ဟု ဘာဆီးလ်က ချော့၏။ "သူဘာတွေ လုပ်နေနေ၊ မသိသလိုနေလိုက်ပေါ့။ သူကိုယ်ဆန့်ကျင်ဘက်မလုပ်ချင်ပါနဲ့ တို့အခု အတိုင်း ဘာမှမဖြစ်သလို ဟန်လုပ်နေတာ မကောင်းဘူးလား"

ထိုစဉ် သဘောကောင်းပုံရသော မစ္စတာ ပါကားပိုင်း ဧည့်ခန်းထဲ

ဝင်လာ၏။ သူ့နောက်မှာ မိုဟာမက်လိုက်ပါလာသည်။ သူက ခရီးသည်များကို အသိပေးကြေညာလိုက်သည်။ "အမျိုးသမီးများနှင့်လူကြီး လူကောင်းများခင်ဗျား၊ ကျွန်တော်တို့ သင်္ဘောခရီးစဉ်စပါပြီ။ မိနစ်အနည်းငယ်အတွင်းမှာ ကာနက်ရဲ့နတ်ဘုရားအကြောင်းတွေကို ညာဘက်မှာတွေ့နိုင်ပါလိမ့်မယ်။ အခု ဖခင်အတွက် သိုးသားကင် အဝယ်ထွက်တဲ့ တလေးတစ်ယောက်အကြောင်း သမိုင်းပုံပြင်ကို ကျွန်တော်စပြောပါတော့မယ်။

မစ္စတာ ပါကားပိုင်း နဖူးပြင်မှချွေးများကိုသုတ်လိုက်သည်။ ဒင်ဒီရာ နတ်ဘုရားအကြောင်းကို သွားကြည့်ပြီး ယခုပင် သူပြန်ရောက်လာခြင်းဖြစ်၏။ မြည်းတစ်ကောင်ပေါ်တွင် ထိုင်လိုက်သွားရခြင်းမှာ သူ့ခန္ဓာကိုယ်နှင့် အဆင်မပြေလှပါ။ သူကလည်စည်းကို လျှော့မည်ပြုစဉ် ဧည့်ခန်းစားပွဲပေါ်၌ သူ့အမည်တပ်ထားသော အရွက်ခေါက်တစ်ခုကိုမြင်လိုက်ရ၍ ယူပြီး ဖတ်ကြည့်လိုက်သည်။ စာမှာ "ခင်မင်ပါသော လူကြီးမင်း - အဘိုင်ဒေါ့စ် ဘုရားကျောင်းသို့ သွားကြည့်မည့်အစီအစဉ်တွင် လူကြီးမင်းမလိုက်ဘဲ ကျန်နေခဲ့စေလိုပါသည်။ လူကြီးမင်းနှင့်ဆွေးနွေးလိုသောကြောင့် ဖြစ်ပါသည်။ ဖြောင့်မှန်စွာဖြင့် - အာရီယတ်နီဂရေးလ်" ဟူ၍ပါ၏။

မစ္စတာ ပါကားပိုင်း ခပ်ပေါ့ပေါ့ပြုံးရင်း စာရွက်အလွတ်တစ်ရွက် ထုတ်ယူလိုက်ကာ စာအနည်းငယ်ရေးလိုက်သည်။

"ခင်မင်ပါသော လေဒီဂရေးလ် - ယခုလောလောဆယ်တွင် ကျွန်တော်အားလပ်ရက်ယူ၍ အပန်းဖြေခရီးထွက်နေခြင်းဖြစ်သောကြောင့် အလုပ်လက်ခံခြင်းကို ယာယီရပ်ဆိုင်းထားပါကြောင်း ဝမ်းနည်းစွာ အသိပေးပါသည်။" စာကို လက်မှတ်ထိုးပြီးနောက် သင်္ဘောဝန်ထမ်းတစ်ဦးကို အပို့ခိုင်းလိုက်၏။ မကြာမီပင် နောက်ထပ်စာတစ်စောင်ရောက်လာပြန်ပါပြီ။

"ခင်မင်သော မစ္စတာ ပါကားပိုင်း - လူကြီးမင်းအပန်းဖြေခရီးထွက်နေခြင်း ဖြစ်ကြောင်းကို သိရှိပါသည်။ အရေးကြီးသောကိစ္စတစ်ခု တိုင်ပင်ဆွေးနွေးရန်အတွက် ကျွန်မအနေဖြင့် ပေါင်နှစ်ရာပေးရန် အသင့်ရှိပါသည်။

ဖြောင့်မှန်စွာဖြင့် - အာရီယတ်နီဂရေးလ်

မစ္စတာပါကားပိုင်း၏ မျက်ခုံးများမြင့်တက်သွားရ၏။ သူက သွားများကို ဆောင်တိန်ဖြင့် ခေါက်ရင်းစဉ်းစားနေလိုက်သည်။ အဘိုင်ဒေါ့စ် ကိုသူကြည့်လိုပါသည်။ သို့ရာတွင် ပေါင်တစ်ရာဆိုသည်မှာ အနည်းလှပေ။ ထို့ပြင် အီဂျစ်

သည်သူထင်သည်ထက်များစွာဈေးကြီးလွန်းလှပါ၏။သူစာပြန်လိုက်ပါသည်။

"ခင်မင်သောလေဒီဂရေးလ်-အဘိုင်ဒေါ့စ်နတ်ဘုရားကျောင်း ကိုတွ
တော်မကြည့်ဖြစ်တော့ပါ။

ဖြောင့်မှန်စွာဖြင့်-ဂျေးပါကားပိုင်း"

မစ္စတာပါကားပိုင်း ကုန်းပတ်ပေါ်တွင် စောင့်နေလိုက်သည်။ ခဏ
ကြာတွင်လေဒီဂရေးလ်သူရှိရာသို့ လျှောက်လာ၏။ "အတော်ပူတဲ့နေ့ပဲ" ဟု
စကားစပြီး နောက်ဆက်၍ "ကျွန်မတို့ဧည့်ခန်းမှာ လက်ဖက်ရည်သွား
သောက်ကြရအောင်လား" ဟုပြောပါသည်။ ထို့နောက်သူတို့ စားပွဲတွင်
ထိုင်ရင်း စကားပြောကြရာ လေဒီကရေး၏ စကားမှာ ထော်တော်နှင့်လိုရင်း
မရောက်နိုင်ပါ။ နောက်ဆုံးတွင် သူလေသံပြောင်းပြီး ပြောလေတော့၏။

"မစ္စတာပိုင်း ကျွန်မအခုပြောမယ့်ကိစ္စဟာ လုံးဝပေါက်ကြားလို့မဖြစ်
ဘူး။ ရှင်နားလည်မှာပါနော်"

"နားလည်ပါတယ်ဗျာ"

သူခေတ္တနားပြီးနောက် "ကျွန်မ သိချင်တာကတော့ ကျွန်မခင်ပွန်း
ကျွန်မကို အဆိပ်ခတ်နေသလားဆိုတာပါပဲ"

မစ္စတာ ပါကားပိုင်း လုံးဝမျှော်လင့်မထားသော စကားကို ကြားလို
ရခြင်းကြောင့် လွန်စွာ အံ့ဩသွားပါသည်။ သူက 'အတော်ပြင်းထန်တဲ့ စွပ်
ချက်ပါလား လေဒီဇရေးလ်" ဟု မှတ်ချက်ချလိုက်သည်။

"ကျွန်မ အရူးတစ်ယောက်မဟုတ်ပါဘူး။ မနေ့တစ်နေ့ကမှ မွေးလာ
သူလည်း မဟုတ်ဘူး။ ကျွန်မ သံသယဖြစ်နေခဲ့တာ အတော်ကြာပြီ။ ဂျော
အဝေးကို ရောက်နေတိုင်း ကျွန်မနေလို့ထိုင်လို့ကောင်းတယ်။ ကျွန်မစား
အစားအစာတွေကို ကျွန်မ မသင်္ကာဘူး။ တစ်မျိုးကြီးဖြစ်ဖြစ်နေတ
အကြောင်းတစ်ခုခုရှိမှာ သေချာတယ်"

"သိပ်ကြီးကျယ်တဲ့ ကိစ္စဖြစ်နေတယ် လေဒီဂရေးလ်၊ ခင်ဗျားသိ
အတိုင်း ကျွန်တော်ဟာ စုံထောက်မဟုတ်ပါဘူး။ ကျွန်တော်ဟာ စိတ်မ
မရှင်ဖြစ်နေတဲ့ သူတွေကို "

"ကျွန်မ သိပ်ကို စိတ်အနှောင့်အယှက်ဖြစ်နေရတယ်လေ။ သိပ်
စိတ်သောကရောက်နေတယ်ဆိုတာ ရှင်လက်မခံနိုင်ဘူးလား။ ရဲကစုံစမ်း
ကို ကျွန်မ မလိုချင်ဘူး။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင်ပါတ
အဖြစ်မှန်ကိုကျွန်မသိချင်တာ။ ကျွန်မ ကောက်ကျစ်တဲ့ မိန်းမမျိုးမဟုတ်
မစ္စတာပိုင်း။ ကျွန်မအပေါ်မျှမျှတတဆက်ဆံ သူမှန်သမျှ ကျွန်မကလ

မျှမျှတတ တုံ့ပြန်တယ်။ ကျွန်မဘက်က တာဝန်မကြေတာ မရှိစေရဘူး။
ကျွန်မခင်ပွန်းရဲ့ အကြွေးတွေကို ကျွန်မ ရှင်းပေးခဲ့တယ်။ ငွေကြေးနဲ့ပတ်သက်
လို့ ကျွန်မ မတွန့်တိုပါဘူး"

မစ္စတာ ပါကားပိုင်း ဆာဂျော့ခ်ျအပေါ် သနားညှာတာစိတ်ဖြစ်လိုက်မိ
၏။ လေဒီဂရေးလ်ဆက်ပြောနေပါသည်။ "မိန်းကလေးကို ဆိုရင်လည်း
အဝတ်အစားတို့၊ ပါတီပွဲတတ်ချင်တာတို့ အမျိုးမျိုးထောက်ပံ့နေတာပါပဲ။
တော်ရုံလောက် ကျေးဇူးသိတယ်ဆိုရင် ကျွန်မကျေနပ်တယ်"

"ကျေးဇူးသိဖို့ဆိုတာ အမိန့်ပေးသခိုင်းရတာမျိုး မဟုတ်ဘူးလေ -
မစ္စစ်ဂရေးလ်"

"အဓိပ္ပာယ်မရှိတာရှင် - ကဲ - အဲဒါတွေထားလိုက်ပါ၊ ကျွန်မသိချင်တဲ့
အဖြစ်မှန်ကို ရှင်ဖော်ထုတ်ပေးပါ။ အမှန်သိရပြီဆိုရင် - "

သူက အမျိုးသမီးကို ကြည့်ပြီး "အမှန်သိရပြီဆိုရင် ဘာလုပ်မှာလဲခင်ဗျ"
ဟု မေးလိုက်၏။

"ဒါက ကျွန်မကိစ္စပါ" ဟုပြောပြီး လေဒီပါးစပ်ကို တင်းတင်းစေ့ထား
လိုက်သည်။ မစ္စတာ ပါကားပိုင်းခေတ္တမျှငြိမ်နေလိုက်ပြီးမှ ပြန်ပြော၏။
"တစ်ခုရှိတယ် လေဒီဂရေးလ်၊ ကျွန်တော့်စိတ်ထဲမှာ လေဒီဟာ ကျွန်တော့်ကို
ပွင့်ပွင့်လင်းလင်း မချင်းမချန်မပြောသေးဘူးလို့ ထင်နေပါတယ်"

"မဟုတ်တာပဲ။ ကျွန်မသိချင်တာ ဖော်ထုတ်ပေးဖို့ တိတိကျကျပြောပြီး
ပြီပဲရှင့်"

"ဟုတ်ပါတယ်။ ဒါပေမယ့် ဘာအကြောင်းကြောင့်လဲဆိုတာ မပြောသေး
ပါဘူး" သူတို့ မျက်လုံးချင်းဆုံကြ၏။ လေဒီက ဦးစွာ မျက်နှာလွှဲပြီး
"အကြောင်းကတော့ ကျွန်မပြတ်ပြတ်သားသား ဖြစ်ချင်လို့ပဲ"

"လေဒီရဲ့ သံသယတွေဟာ အမှန်ပဲလို့သိချင်တာလား။ မမှန်ဘူးလို့
သိချင်တာလား"

"ဟာ-မစ္စတာပိုင်း"၊ လေဒီထရပ်လိုက်၏။ ဒေါသကြောင့် တုန်တုန်
ယင်ယင် ဖြစ်နေပါသည်။ မစ္စတာ ပါကားပိုင်း ညင်သာစွာခေါင်းညိတ်လျက်
ဟုတ်တယ်၊ အဲဒီအဖြေကို ရဖို့လိုသေးတယ်" ဟုပြောသည်။ လေဒီ
မှန်မဖြေပါ။ ဒေါသဖြစ်လျက်နှင့်ပင် အခန်းထဲမှ ထွက်သွားလိုက်ပါသည်။

တစ်ဦးတည်းကျန်ခဲ့စဉ် မစ္စတာ ပါကားပိုင်းထိုင်စဉ်းစားနေလိုက်၏။
အတွေးနက်နေသောကြောင့် သူရှေ့တွင် တစ်စုံတစ်ယောက် လာထိုင်သော
အခါမှသာ သတိပြန်ဝင်လာပါသည်။ ထိုသူမှာ မစ္စမက်နော်တန်ဖြစ်သည်။

"ဆရာမတို့ပြန်လာတာစောသားပဲ" ဟုသူက ပြောလိုက်၏။

"ကျွန်မခေါင်းကိုက်လို့ လို့ပြောပြီး တစ်ယောက်တည်းပြန်လာတာပါ။ ကျန်တဲ့လူတွေ မပြန်လာကြသေးဘူး။ အခု လေဒီဂရေးလ် ဘယ်မှာလဲရှင့်"

"သူ့အခန်းထဲမှာပဲ နားနေတယ်ထင်ပါရဲ့"

"ဒါဆိုလည်းကောင်းပါတယ်။ ကျွန်မ ပြန်လာတာသူမသိစေချင်ဘူး။ ကျွန်မ ရှင်နဲ့တွေ့ရအောင် ပြန်ခဲ့တာပါ"

မစ္စတာ ပါကားပိုင်း အံ့သြသွား၏။ မစ္စမက်နော်တန်သည် မည်သူ့အတွက် အညီမမယူဘဲ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်နိုင်သူဖြစ်ပြီး ကိုယ့်ပြဿနာကိုယ် ရှင်းတတ်သူတစ်ဦးဟု သူထင်မြင်ထားသည်မှာ မှားနေလေသလား။

"ကျွန်မတို့ သဘော်ပေါ်တက်ကတည်းက ရှင့်ကို စောင့်ကြည်နေခဲ့တာပါ။ ရှင်ဟာ အတွေ့အကြုံများပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်သူတစ်ယောက်လို့ ကျွန်မယုံကြည်နေမိတယ်။ ရှင့်ဆီက အကြံဉာဏ်ကို ကျွန်မသိပ်လိုအပ်နေပါတယ်"

"နေပါဦး မစ္စမက်နော်တန်၊ ခင်ဗျားကြည့်ရတာ သူတစ်ပါးဆီက အကြံဉာဏ်တောင်းတတ်တဲ့ သူမျိုးမဟုတ်ပါဘူး။ ကိုယ့်ဘာသာဆုံးဖြတ်လုပ်ကိုင်တတ်သူမျိုးနဲ့ တူပါတယ်။

"သာမန်အားဖြင့် အဲဒီအတိုင်းဟုတ်ပါတယ်။ အခုဟာက အတော်ထူးခြားတဲ့ အခြေအနေမျိုးမို့ပါ။ ကျွန်မကိုယ်ရေးကိုယ်တာကိစ္စတွေကိုလည်း သိပ်ပြောလေ့မရှိပါဘူး။ လော်လောဆယ်မှာတော့ လိုအပ်တယ်ထင်လို့ပါပဲ။ ဒီလိုပါ မစ္စတာပိုင်း၊ ကျွန်မ လေဒီဂရေးလ်နဲ့အတူ အင်္ဂလန်ကို ထွက်လာခဲ့တုန်းက အားလုံးအဆင်ပြေပြေပါပဲ။ သူမှာ ကျန်းမာရေးပြဿနာ ဘာမှမရှိခဲ့ပါဘူး။ ဒါပေမယ့် ပိုက်ဆံလည်း ချမ်းသာပြီး ငြိမ်ငြိမ်သက်သက် နေခဲ့ရတာကြာတော့ ခန္ဓာကိုယ်ကစည်းဝါးမမှန်ဖြစ်လာတယ်။ ဆရာမ တစ်ယောက်အနေနဲ့ ကျွန်မသူ့ရောဂါကို သဘောပေါက်ပါတယ်။ သူဟာ သူ့ကျန်းမာရေးမကောင်းဘူးဆိုတဲ့ အပေါ်မှာ သာယာနေတာပါ။ ဒီတော့ သူခံစားနေတာတွေကို သက်သာအောင် ကျွန်မကြိုးစားလုပ်ပေးနေဖို့ပေါ့ပါဘူး။ အေးအေးဆေးဆေး စောင့်ကြည့်နေဖို့ပဲရှိတာပါ"

"ဟုတ်တယ်။ သဘာဝကျပါတယ်" ဟု မစ္စတာပါကားပိုင်းကထောက်၏"

"ဒါပေမယ့် မစ္စတာပိုင်း အခြေအနေက ပြောင်းလာတယ်

လေဒီဂရေးလ် ညည်းညူအပြစ်ပြောနေတဲ့ကိစ္စတွေဟာ အစစ်အမှန်ဆိုတာ ကျွန်မသိလာရတယ်။"

"ဆရာမ ဘာကိုဆိုလိုတာလဲ"

"လေဒီ ဂရေးလ် အဆိပ်ခတ်ခံနေရတာအမှန်ပဲလို့ ကျွန်မသံသယရှိလာတယ်"

"ဘယ်တုန်းက စပြီး သံသယရှိလာတာလဲ"

"ပြီးခဲ့တဲ့ သုံးလပတ်လောက်ကပဲ"

"အဲဒါနဲ့ ပတ်သက်လို့ တစ်ယောက်ယောက်ကို ဆရာမ မသက်ာဖြစ်နေတယ်မဟုတ်လား။ ဥပမာ ဆာလော့ခ်ချ်ဆိုပါတော့"

"အို . . . မဟုတ်ပါဘူးရှင့်၊ သူဟာ ကလေးတစ်ယောက်လိုပဲ။ သနားစရာ ဖြစ်နေတဲ့ လူတစ်ယောက်ပါ။ သွေးအေးအေးနဲ့ အဆိပ်ခတ်တဲ့သူဟာ သူဘယ်လိုမှ မဖြစ်နိုင်ပါဘူး" သူ့အသံမှာ အနည်းငယ် စိတ်ဆိုးသွားပုံပေါ်နေပါသည်။

"ဒါပေမယ့် ဆာလော့ခ်ချ်ရှိတဲ့ အချိန်မှာပဲ သူမိန်းမနေမကောင်းဖြစ်တတ်ပြီး မရှိတဲ့အချိန်ကျတော့ ကောင်းနေတတ်တယ်ဆိုတာလည်း ဆရာမသိပြီးသား ဖြစ်မှာပေါ့" ဆရာမက အဖြေမပေးပါ။ မစ္စတာ ပါကားပိုင်းက ဆက်မေး၏။ "ဘယ်လိုအဆိပ်လို့ ထင်သလဲ၊ အာဆင်းနစ်လား" ဆရာမစဉ်းစား၍ " အဲဒါမျိုး ဆန်ဆန်ပါပဲ။ တိတိကျကျတော့မသိဘူး"

"ဒီတော့ ဆရာမ ဘယ်လိုအစီအစဉ်တွေလုပ်ထားလဲ"

"လေဒီဂရေးလ်ရဲ့ အစားအသောက်တွေကို ကျွန်မ အတတ်နိုင်ဆုံး ဂရုစိုက်ကြည့်နေပါတယ်"

မစ္စတာ ပါကားပိုင်းကခေါင်းညိတ်ပြီး "လေဒီဂရေးလ်ကိုယ်တိုင်ကော မသက်ာဖြစ်နေတဲ့သူရှိမှာပေါ့" သူကအမှတ်တမဲ့မေးလိုက်ရာ ဆရာမက "မရှိပါဘူးရှင့်၊ သေချာပါတယ်" ဟု ဖြေ၏။ "ဒါတော့ ခင်ဗျားမှားသွားပြီ" ဟု သူကပြန်ပြောသည်။ "လေဒီဂရေးလ် မသက်ာဖြစ်နေတဲ့ သူရှိတယ်ဗျ" ထိုစကားကြောင့် မစ္စမက်နော်တန် အံ့သြသွားရပါသည်။

"လေဒီဂရေးလ်ဟာ ခင်ဗျားထင်တာထက်ပိုပြီး သိသိပ်တယ်။ လျှို့ဝှက်ချက်ကိုလုံအောင်ထိန်းတတ်တယ်"

"အဲဒီလိုဆိုရင်တော့ ကျွန်မသိပ်ကို အံ့သြစရာဖြစ်သွားပြီ"

"ကျွန်တော်တစ်ခုမေးချင်သေးတယ် မစ္စမက်နော်တန်။ လေဒီဂရေးလ်ဟာခင်ဗျားကို သဘောကျရဲ့လား"

"ကျွန်မ ဘယ်တုန်းကမှ မစဉ်းစားခဲ့မိဘူး"

ထိုအခိုက်မှာပင် မိုဟာမက်ရောက်လာပြီး "လေဒီက ဆရာမကိုမေးနေပါတယ်။ ပြန်ရောက်လာပြီး သူ့ဆီဘာလို့မလာတာလဲတဲ့ခင်ဗျ" ဟု မစ္စမက်နော်တန်ကို သတင်းပေး၏။ ဆရာမခပ်သွက်သွက် ထလိုက်သည်။ မစ္စတာ ပါကားပိုင်းလည်းထရပ်ပြီး "မနက်ဖြန်မနက်စောစော ဆိုရင်ပြန်တွေ့ကြဖို့ အဆင်ပြေမလား" ဟု မေးရာ ဆရာမက "ဟုတ်ကဲ့၊ အဆင်ပြေပါတယ်။ လေဒီဂရေးလ်အိပ်ရာထ နောက်ကျတတ်တယ်။ ဒီကြားထဲ ကျွန်မ အထူးဂရုစိုက်နေမှဖြစ်မယ်"

ညစာစားချိန်ရောက်ခါနီးအထိ မစ္စတာ ပါကားပိုင်း လေဒီဂရေးလ်ကို မတွေ့ရပါ။ ထို့နောက် စီးကရက်သောက်ရင်း စာတစ်စောင်ကို ထိုင်၍ မီးရှို့နေသော လေဒီကို ခပ်လှမ်းလှမ်းမှ သူတွေ့လိုက်ရသည်။ လေဒီက သူ့ကို လုံးဝသတိမထားမိပါ။ သူ့အပေါ် စိတ်ဆိုးမပြေသေးခြင်းလည်း ဖြစ်နိုင်ပါသည်။

ညစာစားပြီးသောအခါ ဆာဂျော့ချ်၊ ပင်မလာ၊ ဘာဆီးလ်တို့နှင့်အတူ သူဘရစ်ချ်ဖဲကစားပြီးနောက် ခပ်စောစောပင် ပွဲသိမ်းပြီးအိပ်ရာဝင်လိုက်သည်။ နာရီအတန်ကြာသောအခါ သူနိုးလာရ၏။ မိုဟာမက်လာနှိုးသောကြောင့်ဖြစ်သည်။

"လေဒီးကြီး သိပ်နေမကောင်းဖြစ်နေပါတယ်။ ဆရာမလည်း ထိတ်ထိတ်ပျာပျာ ဖြစ်နေတယ်။ ကျွန်တော်အခု ဆရာဝန်သွားခေါ်မလို့ ခင်ဗျ"

မစ္စတာ ပါကားပိုင်း အဝတ်မြန်မြန်လဲပြီး ထွက်သွားလိုက်ရာ လေဒီဂရေးလ်၏ အခန်းဝသို့ ဘာဆီးလ်နှင့်တစ်ပြိုင်တည်း ရောက်သွား၏။ ဆာဂျော့ချ်နှင့်ပင်မလာတို့က အထဲမှာ ရောက်နေကြသည်။ ဆရာမ မက်နော်တန်မှာ သူ့လူနာကို အသည်းအသန်ပြုစုပေးနေသည်။ မစ္စတာ ပါကားပိုင်းဝင်သွားလျှင်သွားချင်း လေဒီဂရေးလ် ခပ်ပြင်းပြင်းတစ်ချက်လှုပ်ခါသွားသည်ကို တွေ့ရ၏။ ခန္ဓာကိုယ်မှာ ရုန်းထနေပုံမျိုးနှင့်ကွေးလိမ်နေသည်။ ရုတ်တရက်ဆိုသလို ခေါင်းအုံးပေါ်လဲကျသွားပြန်သည်။ မစ္စတာ ပါကားပိုင်းက ပင်မလာကို ညင်ညင်သာသာဆွဲလျက် အပြင်ခေါ်ထုတ်လိုက်၏။

"ကြောက်စရာကောင်းလိုက်တာ" မိန်းကလေးရှိုက်သံဖြင့်ပြောသည်။ "ကြောက်စရာကြီးပဲ၊ သူ - သူ - "

"ဟုတ်တယ်ကွယ်၊ ဘယ်လိုမှ မရနိုင်တော့ပါဘူး" သူက မိန်းကလေးကို

ဘာဆီးလ်နှင့်ထားခဲ့ပြီး နားမလည်နိုင်သော မျက်နှာနှင့်အပြင်ထွက်လာသော ဆာဂျော့ချ်ကို ဘေးဖယ်ကာ အထဲဝင်သွားလိုက်သည်။ ဆရာမ မက်နော်တန်မှာ သွေးမရှိသလို ဖြူဖွေးနေပြီး ဘာမှ မတတ်နိုင်တော့သလို ဖြစ်နေ၏။ "ဆရာဝန်ခေါ်ထားပြီထင်တယ်" ဟု သူက ပြော၏။ မစ္စတာ ပါကားပိုင်းက ခေါင်းညိတ်ပြပြီး "စထရွိုက်ခနင်းလား" ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်။ သူ့ခန္ဓာကိုယ်ဖြစ်နေပုံက မှားစရာမရှိပါဘူး။ အိုး-ကျွန်မ မယုံနိုင်ဘူး" ဟု ပြောပြီး ထိုင်ခုံတစ်ခုပေါ်ထိုင်ကာ ရှိုက်ငိုနေ၏။ မစ္စတာ ပါကားပိုင်းက သူ့ပခုံးကို ပွတ်ကာ နှစ်သိမ့်လိုက်ပါသည်။ ထိုစဉ်တွင် သူ တစ်စုံတစ်ခုကို သတိရသွားသည်။ ချက်ချင်း အပြင်ထွက်ပြီး ဧည့်ခန်းသို့သွားလိုက်၏။ ဆေးလိပ်ပြာခံခွက်ထဲတွင် စာရွက်အပိုင်းသေးသေးလေးတစ်ခုကို သူတွေ့ရသည်။ စကားလုံးအနည်းငယ်ကို ဖတ်၍ရပါ၏။

ဒီနှလုံးငြိမ်ဆေး

စာကိုလဲ မီးရှို့ပစ်လိုက်

"အင်း - စိတ်ဝင်စားစရာပဲ" ဟု မစ္စတာ ပါကားပိုင်းက ရေရွတ်လိုက်ပါသည်။

ကိုင်ရှိ ရဲဌာနချုပ်မှရောက်လာသော အရာရှိတစ်ဦးကို မစ္စတာ ပါကားပိုင်း တွေ့ဆုံဆွေးနွေးနေပါ၏။ "အထောက်အထားကတော့ အဲဒါပါပဲ ခင်ဗျာ" ဟု သူကတွေးတွေးဆဆနှင့်ပြောသည်။ ရဲအရာရှိက "ဟုတ်ပါတယ်၊ ပြည့်စုံပါတယ်၊ အတော်ရူးတဲ့လူပဲ" ဟု မှတ်ချက်ချ၏။

"ဆာဂျော့ချ် ဟာ သိပ်ဉာဏ်ပြေးတဲ့သူတော့ မဟုတ်ဘူးခင်ဗျ"

"အင်းပေါ့လေ။ လေဒီကရေးလ်ဟာ အားဆေးတစ်ခွက် သောက်ချင်တယ် ဆိုတော့ ဆရာမက ဆေးစပ်ပေးတယ်။ ဆေးက ရှယ်ရီနဲ့ စပ်ဖို့လိုတော့ ဆာဂျော့ချ်က ရှယ်ရီယူပေးတယ်။ ၂ နာရီအကြာမှာ လေဒီဂရေး စထရွိုက်ခနင်း အဆိပ်မိတဲ့ လက္ခဏာနဲ့ သေသွားတယ်။ စထရွိုက်ခနင်း မှုံ့ပါတဲ့ အထုပ်တစ်ထုပ်ကို ဆာဂျော့ချ်ရဲ့ အခန်းထဲမှာတွေ့တဲ့အပြင် သူ့ဂျက်ကက် အကျီအိတ်ထဲမှာလည်း တစ်ထုပ်တွေ့တယ်။" ရဲအရာရှိက စဉ်းစားရင်း ဆက်ပြော၏။ "စထရွိုက်ခနင်းက ဘယ်ကနေရောက်လာနိုင်သလဲ၊ ဒီအချက်မှာ သံသယ နည်းနည်းဝင်စရာရှိတယ်။ လေဒီဂရေးလ်ရဲ့ နှလုံးခုန်နှုန်း ပြောင်းတဲ့ အခါ လိုအပ်ရင်သုံးဖို့ ဆရာမမှာ စထရွိုက်ခနင်း စုထားတာ အသင့်ရှိတယ်။ ဒါပေမယ့် သူကိုယ်တိုင်က ဇဝေဇဝါဖြစ်နေပုံပဲ။ ပထမပြောတော့ ခြေရာလက်ရာ မပျက်ပါဘူးတဲ့။ နောက်တော့လည်း မသေချာပြန်ဘူး"

"ဇဝေဇဝါဖြစ်တယ်ဆိုတာတော့ ဆရာမရဲ့သဘာဝနဲ့ မကိုက်လှဘူး။" ဟု မစ္စတာပိုင်းက မှတ်ချက်ချ၏။

"ကျုပ်သဘောက သူတို့နှစ်ယောက်စလုံး တစ်ကျိတ်တည်းတဉာဏ်တည်းလို့ထင်တယ်။ သူတို့အချင်းချင်းလည်း ငြိနေပုံရပါတယ်။"

"ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် မစ္စမက်နော်တန်ဟာ လူသတ်ဖို့ အကြံအစည်ရှိရင် ဒို့ထက်ပိုကောင်းအောင် စီစဉ်နိုင်မယ့်သူပါပဲ။ သူဟာ အတော်လေးထက်မြက်တဲ့သူပါ။ ကိုင်း - ကျုပ်လည်းလုပ်စရာတွေ ဆက်လုပ်ဦးမှပဲ။" ထို့နောက်သူ ပင်မလာကို မေးမြန်းရန် ရှာလိုက်သည်။ မိန်းကလေးမှာ သူကြားသော သတင်းကြောင့်စိတ်တိုနေပုံရပါသည်။ "အန်ကယ်ဟာ အဲဒါမျိုးလုပ်မှာမဟုတ်ဘူး၊ မလုပ်ဘူး၊ ဘယ်တော့မှ မလုပ်ဘူးရှင့်"

"ဒါဖြင့် ဘယ်သူလုပ်တာလဲ" မစ္စတာ ပါကားပိုင်းက အေးဆေးစွာ မေးလိုက်သည်။ ပင်မလာသူ့အနီးသို့ ကပ်လာပြီး - "သူ့ကိုယ်သူ သတ်သေသွားတာပဲ။ သူ့စိတ်က နောက်ပိုင်းမှာ မူမမှန်ဖြစ်လာတယ်၊ မဟုတ်က ဟုတ်ကတွေလျှောက်တွေးတတ်လာတယ်"

"ဘယ်လိုတွေ တွေးတာလဲကွယ့်"

"ထူးထူးဆန်းဆန်းတွေပဲ၊ ဥပမာ ဘာဆီးလ်က သူ့ကို ကြိုက်နေတယ်ဆိုတာမျိုးပေါ့။ တကယ်တော့ ဘာဆီးလ်နဲ့ကျွန်မတို့ဟာ "

"အေး - ငါအဲဒါကို ရိပ်မိပါတယ်" ဟု မစ္စတာပါကားပိုင်းက ပြုံးလျက်ပြော၏။ ပင်မလာက ဆက်၍ "ဘာဆီးလ်နဲ့ပတ်သက်လို့ သူပြောတာဟာ ထင်ရာမြင်ရာပြောတာပါ။ ကျွန်မစိတ်ထင် သူဟာ အန်ကယ့်အပေါ် အငြိုးထားနေတယ်။ အဲဒါကြောင့် လုပ်ကြံဇာတ်လမ်းထွင်ပြီး စထရှိုက်ခနင်းကို အန်ကယ့်အိတ်ထဲမှာထည့်၊ သူကိုယ်တိုင်လည်း သောက်ပြီး သတ်သေလိုက်တာ ဖြစ်မယ်။ လူတွေအဲဒါမျိုးလုပ်တတ်ကြတယ်မဟုတ်လား"

"အင်း- လုပ်တတ်ပါတယ်။ ဒါပေမယ့် လေဒီဂရေးလ်အဲဒီလိုလုပ်ခဲ့တယ်လို့တော့ ငါမထင်ဘူးကွယ့်၊ သူ့စရိုက်က အဲဒါမျိုးမဟုတ်ဘူး။"

"ဒါပေမယ့် သူထင်ယောင်ထင်မှားဖြစ်တာကျတော့ကော"

"ဟုတ်ယ် - အဲဒီအကြောင်း မစ္စတာ ဝက်စ်ကိုမေးကြည့်တာကောင်းမယ်"

ဘာဆီးလ်ဝက်စ်ကို သူ့အခန်းထဲတွင်တွေ့ရပါသည်။ သူက မစ္စတာ ပါကားပိုင်းမေးသမျှကို တုံ့နှေးခြင်းမရှိဘဲ ဖြေပါ၏။

"ပြောရရင်တော့ ခပ်ကြောင်ကြောင်လို့ ထင်စရာပါပဲ။ လေဒီကျွန်တော့်ကို စိတ်ညွှတ်နေတာခင်ဗျ။ ဒါကြောင့်လည်း ပင်မလာနဲ့ ကျွန်တော့်အကြောင်းကို သူမပြောဝံ့တာပါ။ ပြောလိုက်တာနဲ့ ကျွန်တော်တန်အထုတ်ခံရမှာပဲ"

"မိန်းကလေးရဲ့ အယူအဆကိုကော ဖြစ်နိုင်တယ်လို့ထင်သလား"

"ဟုတ်ကဲ့ ဖြစ်နိုင်စရာရှိပါတယ်ခင်ဗျ" လူငယ်က သံသယနှင့်ဖြေပါသည်။

"သိပ်ကောင်းတဲ့ အယူအဆတော့ မဟုတ်ဘူးကွယ့်" မစ္စတာပါကားပိုင်းကတည်ငြိမ်စွာပြော၏။ "ဒို့ထက်ပိုကောင်းတဲ့အဖြေကို ရှာဖို့လိုတယ်လေ" သူပြောပြီး ခေတ္တမျှ စဉ်းစားနေလိုက်ပါသည်။ "ဝန်ခံချက်ပေးတဲ့ နည်းပဲကောင်းပါလိမ့်မယ်ကွယ်" ဟု သူက ဆုံးဖြတ်ပြီးဟန်နှင့်ပြောကာ ဖောင်တိန်အဖုံးချွတ်လျက် စာရွက်လွတ်တစ်ရွက်နှင့်အတူ လူငယ်ထံပေးလိုက်ပြီး၊ ကိုင်း ဝန်ခံချက်သာရေးပေတော့" ဟုပြောလိုက်လေ ၏။ ဘာဆီးလ်ဝက်စ်ကြက်သေသေသွားပြီး "ကျွန်တော့်ကို ဘာအဓိပ္ပာယ် လဲဗျ"

"ဒီမှာ ကိုယ့်လူရဲ့" မစ္စတာပါကားပိုင်းက ပိုင်ဆိုင်သော လေသံဖြင့်ပြောလိုက်သည်။ "ငါအားလုံးသိပြီးပါပြီ။ အမျိုးသမီးကြီးကို မင်းဘယ်လို ဆွဲဆောင်ခဲ့တယ်ဆိုတာ၊ ရုပ်ချောပြီး ပိုက်ဆံမရှိတဲ့သူ တူမနဲ့ မင်းချစ်ကျွမ်းဝင်ခဲ့တာ၊ ဖြည်းဖြည်းချင်းမျှင်းပြီး အဆိပ်ခတ်ဖို့စီစဉ်ခဲ့တာ၊ ဆာဂျော့ချ်အပေါ် သံသယဝင်စရာဖြစ်အောင် သူရှိတဲ့ အချိန်မှာမှ အဆိပ်ခတ်ခဲ့တာ၊ နောက်တော့ လေဒီသံသယဖြစ်လာပြီး ငါ့ကို တိုင်ပင်ခဲ့တာသိတော့ မြန်မြန်ယူပ်ရှားဖို့လို့လာတယ်။ မစ္စမက်နော်တန်ရဲ့ ဆေးသေတ္တာထဲက စထရှိုက်နင်း တချို့ယူပြီးဆာဂျော့ချ်ရဲ့ အခန်းထဲမှာရော ဂျတ်ကက်အိတ်ထဲမှာပါ ညီးနည်းစီထားလိုက်တယ်။ ကျန်တဲ့ အဆိပ်မှုံ့တွေကို စာတစ်စောင်နဲ့အတူ လုံးငြိမ်ဆေးတွေပါလို့ရေးပြီး လေဒီဆီပို့ပေးလိုက်တယ်။ တော်တော်ဆွတ်ပုံ့ ကြည်နူးစေလောက်တဲ့ စိတ်ကူးပဲ။ ဆရာမလည်း အခန်းထဲက ထွက်ရော၊ သူသောက်ချလိုက်တော့တာပေါ့။ ဘယ်သူမှ ဒါကို မသိနိုင်ဘူး။ ဒါပေမယ့် မောင်ရင်စိတ်ကူးလွဲသွားတာ တစ်ခုရှိတယ်။ အမျိုးသမီး တစ်ယောက်ကို တွေမီးရှို့လိုက်ပါလို့ ဘယ်တော့မှ မတိုက်တွန်းလေနဲ့။ အဲဒါမျိုး သူတို့ မလုပ်ဘူး။ မီးရှို့လိုက်ပါလို့ ရေးပြီးနှလုံးငြိမ်ဆေးနဲ့အတူတူပို့ထားတဲ့ စာအပါအဝင် မောင်ရင်ရဲ့ စာအားလုံး ငါတို့ရထားပြီးပြီ။"

ဘာဆီးလ်ဝက်စ် မျက်နှာမဲသွား၏။ ဘယ်လိုမှကြည့်မကောင်းအောင်

ပြောင်းလဲသွားပါသည်။ ချောင်ပိတ်မိနေသော်ကြွက်တစ်ကောင်လို ဖြစ်လာ
၏။

"ခင်ဗျားကြီး" သူဒေါသကြီးစွာ မာန်ဖီလိုက်သည်။ "ခင်ဗျားကြီးအကုန်
သိနေပြီကိုး။ မဆိုင်တဲ့ နေရာလာစပ်စုတဲ့ သတ္တဝါကြီး သိရောပေါ့"
သူပြောပြောဆိုဆို ကြမ်းတမ်းစွာ ရန်ပြုလိုက်ရာ စေ့ထားသော တံခါးအပြင်
ဘက်တွင် ကြိုတင်စောင့်ဆိုင်းနားထောင်နေကြသူတို့၏ အကူအညီဖြင့်
မစ္စတာ ပါကားပိုင်း အန္တရာယ်မကျရောက်လိုက်ပါ။

မစ္စတာ ပါကားပိုင်းက သူ့မိတ်ဆွေရဲအရာရှိနှင့်ပြန်၍ဆွေးနွေး
ပါသည်။

"သက်သေပြစရာရယ်လို့ ဘာမှမရှိဘူးလေဗျာ။ မီးကျွမ်းနေတဲ့
စက္ကူအပိုင်းအစလေးပဲရှိတယ်။ အဲဒါကို ကြည့်ပြီး ဖြစ်ခဲ့တဲ့ ဇာတ်လမ်းကို
စိတ်ကူးတည်ဆောက်ယူရတာပဲ။ တွေးတဲ့အတိုင်း တည့်သွားတယ်ဆိုရင်
ပေါ့။ လေဒီဂရေးလ်ဟာ စာတိုင်းကို မီးရှို့ဖျက်ဆီးပစ်ခဲ့တယ်ဆိုတာ
သူသိမထားဘူး။ အမျိုးသမီးကြီးဟာ အတော်ထူးခြားပါတယ်။ သူ
ကျူပ်ဆီလာခဲ့တုန်းက သူ့ယောကျ်ားက သူ့ကို အဆိပ်ခတ်နေပါတယ်လို့
သက်သေပြပေးစေချင်တာကိုး။ ဒါမှသူ ဘာဆီးလ်ဝက်စ်နဲ့ လက်တွဲနိုင်မယ်
ဒါပေမယ့် အမှန်အတိုင်း မျှမျှတတလည်း ဖြစ်စေချင်ခဲ့တာဗျ"

"ကလေးမလေးတော့ အတော်ခံစားရမှာပေါ့" ဟု သူမိတ်ဆွေကပြော၏။

"နောက်တော့လည်း မေ့သွားမှာပါ။ သူအမျှားကြီးငယ်သေးတာပဲ
ဆာဂျော့ခ်ျတစ်ယောက် ဆယ်နှစ်လောက် အညှင်းဆဲခံနေရတာလည်း
ပြီးသွားတော့မှာပေါ့။ ဆရာမ မက်နော်တန်ဟာ သူ့အပေါ် ကြင်နာရှာ
တယ်"

သူပြုံးလိုက်၏။ ထို့နောက် သက်ပြင်းချလိုက်သည်။ "ကျုပ် ဂရိကိုနာမည်
ဝှက်နဲ့ပဲ သွားတော့မယ်ဗျာ၊ ဒီတစ်ခါတော့ တကယ်အပန်းဖြေနိုင်ကောင်း
ပါရဲ့"

မအောင်မြင်သောလှည့်ကွက်

" ဒီလိုကျေးလက်ဆင်ခြေဖုံးမြို့လေးနဲ့တူတာတော့ ဘယ်မှာမှ မရှိပါဘူး
ဗျာ" ရဲမှူးဂျက် က သန့်ရှင်းလတ်ဆတ်သော လေကို တဝကြီး ရှူလိုက်ရင်း
ပြောလိုက်ပါသည်။ ပွိုင်းရော့နှင့်ကျွန်တော်တို့က သူ့အယူအဆကို လှိုက်
လှိုက်လဲ့လဲ့ ထောက်ခံကြပါ၏။ ဆင်ခြေဖုံးမြို့ငယ်ကလေးဖြစ်သော မားကက်
ဘေဆင် သို့ ရက်သတ္တပတ်အဆုံးတွင် အလည်အပတ်သွားကြရန် အကြံကို
စကော့တလန်ယာဒ်စုံထောက်ဌာနမှ ရဲမှူးဂျက်ကပင် အဆိုပြုခဲ့ခြင်းဖြစ်ပေ
သည်။ တာဝန်မရှိသောအချိန်မျိုးဌ ဂျက်သည် အလွန်တက်ကြွသော ခုက္ခ
ဒေဗပညာရှင်တစ်ဦးဖြစ်နေတတ်သည်။ မယုံနိုင်လောက်အောင် ရှည်လျား
သော နာမည်များနှင့်ပန်းမျိုးစုံတို့အကြောင်းကို အကျယ်တဝင့် ရှင်းပြနေ
တတ်၏။ သူ ထောက်လှမ်းရသော အမှုများထက်ပင် ပို၍စိတ်ထက်သန်နေ
တတ်ပါသည်။

" ဘယ်သူကမှ ကျွန်တော်တို့ကို မသိဘူးဗျ ကျွန်တော်တို့တွေလည်း
ဘယ် သူ့မှ မသိဘူး၊ အဲဒါကြောင့် ဒီကိုလာခဲ့တာပဲ" ဟု ဂျက်က ရှင်းပြ
ပါသည်။ တောမြို့ကလေး၏ တည်းခိုဆောင်ဧည့်ခန်းတွင် ထိုင်လျက်
ကျွန်တော်တို့ နံနက်ခင်းစာ စားနေကြခြင်းဖြစ်ပါသည်။ နံနက်ခင်း နေရောင်
မှာ လင်းလင်း ချင်းချင်းရှိပြီး ပြတင်းပေါက်တွင် အနှံ့သင်းသော ပျားရည်စို့
ပန်းပင်၏ နွယ်တချို့ကွေးကွေးလိမ်လိမ်တက်နေသည်ကို တွေ့ရ၏၊
ဝက်ပေါင်ခြောက်နှင့် ကြက်ဥကြော်တို့ကလည်း အလွန်ကောင်းပါသည်၊
ကော်ဖီမှာ သိပ်မကောင်း လှ သော်လည်း အငွေ့တထောင်းထောင်းထနေ
ပါသည်။

" ဘဝအရသာဆိုတာ ဒါပဲဗျ" တဲ့ ဂျက်က ပြော၏။ " ကျွန်တော် အ
ငြိမ်းစားယူတဲ့အခါ ရာဇဝတ်မှုတွေနဲ့ ဝေးတဲ့ဟောဒီလို ရွာမြို့လေးမှာ လာနေ
ဖို့ စိတ်ကူးထားတယ်"

" ရွာမြို့လေးမို့ ရာဇဝတ်မှု အဖြစ်တော့ဘူးလို့တော့ မဆိုနိုင်ပါဘူး ဟု ပွိုင်းရော့ က လေးထောင့်ပုံပေါင်မုန့်တစ်ချပ်ကို ယူရင်း မှတ်ချက်ချ၏။ သူ့ စကားအဆုံးမှာပင် ခဲ့ခဲ့ထည်ထည် လူတစ်ယောက် တံခါးဝတွင်လာရပ်ပါသည်။ ရဲစခန်းမှူး ပိုးလတ်ဖြစ်ပါ၏။ " လူကြီးမင်းများခွင့်ပြုပါခင်ဗျ ကျွန်တော် ရဲမှူးဆီက အကြံဉာဏ်ရချင်တာလေးရှိလို့ပါ" ဟု သူက ပြောသည်။

ဂျက် က ကပျာကသီနှင့် - " ငါ အားရက်မှာလာအပန်းဖြေနေတာကွ အလုပ်ကိစ္စနဲ့လာတာမဟုတ်ဘူး၊ ဘာကိစ္စရှိလို့လဲ"

" လေးဟော မှာနေတဲ့ လူတစ်ယောက် သူ့ကိုယ်သူခေါင်းကိုသေနတ်နဲ့ ပစ်သေသွားတဲ့ ကိစ္စပါခင်ဗျ"

" အေး - ဒါဆိုလည်း ဆက်လုပ်ပေါ့ကွာ၊ ငွေကိစ္စတို့ မိန်းမကိစ္စတို့မှာ ပေါ့၊ ငါလည်း ဒီ့ထက်ပိုပြီးအကြံမပေးတတ်ဘူး"

" ဒီလိုပါ ရဲမှူးခင်ဗျား၊ ဒေါက်တာဂိုင်းရဲ့စကားအတိုင်းဆိုရင် သူ့ကိုယ် သူသတ်သေတာ မဖြစ်နိုင်ဘူးလို့ဆိုပါတယ်"

ဂျက် က သူ့ကော်ဖီပန်းကန်ကို ပြန်ချလိုက်၏။ " သတ်သေတာမဖြစ်နိုင်ဘူး - ဟုတ်လား၊ ဘာဆိုလိုတာလဲကွ"

" ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ သူက ပြောပါတယ်။ သူလည်း အကော်ဖီခေါင်းရှပ်နေပါတယ်။ တံခါးက အတွင်းကနေ ပိတ်ထားတာခင်ဗျ။ ပြတင်းပေါက်တွေလည်း မင်းတုပ်ချထားပါတယ်။ ဒါပေမယ့် သတ်သေတာတော့ မဖြစ်နိုင်ဘူးလို့ပဲ သူ ပြောနေတယ်ခင်ဗျ"

သူတို့၏ နံနက်ခင်းစာ စားပွဲအဆုံးသတ်လိုက်ရပါသည်။ မိနစ်အနည်းငယ်ကြာသောအခါ သူတို့သည် လေးဟောသို့မြန်နိုင်သမျှ မြန်မြန်လျှောက်သွားနေကြပါပြီ။ သွားရင်းနှင့်ဂျက်က ရဲစခန်းမှူးကို မေးစရာရှိသည်တို့ ဆေပါ၏။

သေသူ အမည်မှာ ဝေါ်လ်တာပရိသရိုးဖြစ်သည်။ လူလတ်ပိုင်းအရွယ် ရှိပြီး တစ်ကိုယ်တည်းနေတက်သူဖြစ်ပါသည်။ လွန်ခဲ့သောရက်နှစ်က မား ကက်ဘောဆင် သို့ သူရောက်လာခဲ့ပြီး လေးဟောအဆောက်အအုံကို ငှားရမ်း နေထိုင်ခဲ့သည်။ ထောင့်ခန်းတစ်ခန်းတွင် သူနေပြီး သူ့လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရန် မစ္စကလက် ဟုခေါ်သော အိမ်ထောင်ထိန်းအမျိုး သမီးကြီးတစ်ဦးလည်းရှိ၏။ သူမသည် ထက်မြက်သူဖြစ်ပြီး ရွာက လေးစား ရသူလည်းဖြစ်သည်။ မကြာသေးမီက မစ္စတာပါကား ဆိုသူနှင့် သူဇနီးတို့

သည် လန်ဒန်မှ ရောက်လာကြပြီး မစ္စတာပရိသရိုးထံ တည်းခိုနေထိုင်ကြပါ သည်။ ယနေ့မနက်တွင် သူ့ဆရာကို အော်နှိုး၍မရသည့်အပြင် တံခါးကို လည်းအတွင်းမှ ပိတ်ထားသောကြောင့် မစ္စကလက် စိုးရိမ်လာပြီး ရဲနှင့်ဆရာ ဝန်တို့ထံ ဖုန်းဆက်အကြောင်းကြားခဲ့သည်။ စခန်းမှူးပိုးလတ်နှင့်ဒေါက်တာ ဂိုင်းတို့ တစ်ပြိုင်တည်း လိုလိုရောက်လာကြကာ အခန်းတံခါးကို ဖျက်၍ဖွင့် ဝင်ကြသည်။ မစ္စတာပရိသရိုး ကို ကြမ်းခင်းပေါ် လဲလျက်တွေ့ကြရ၏။ ခေါင်းကို သေနတ်ဖြင့်ပစ်ထားခြင်းဖြစ်ပြီး သူ့ညာလက်ထဲတွင်ပစ္စတိုကို ဆုပ်ကိုင်ထားလျက်ရှိသည်။ ကိုယ့်ကိုယ်ကိုပစ်သတ်ထားကြောင်းရှင်းနေပါ၏။

အလောင်းကို စစ်ဆေးကြည့်ပြီးသောအခါတွင်မူ ဒေါက်တာဂိုင်း စိတ်ရှုပ် ထွေးသွားရပြီး စခန်းမှူးကိုဘေးသို့ခေါ်ကာ သူနားမလည်ဖြစ်ရခြင်းအကြောင်း ကို ရှင်းပြပါသည်။ စခန်းမှူးပိုးလတ်က ချက်ချင်းပင် ရဲမှူးဂျက်ကို သတိရ သွားပြီး ဒေါက်တာဂိုင်းကို စောင့်ခိုင်းထားခဲ့ကာ တည်းခိုဆောင်သို့ လာခဲ့ခြင်း ဖြစ်သည်။

ရဲစခန်းမှူးက ဖြစ်ပျက်ခဲ့ပုံကို ပြန်ပြောပြပြီးအချိန်တွင်ပင် ကျွန်တော်တို့ လေးဟော အိမ်သို့ရောက်လာကြပါသည်။ အိမ်ကြီးမှာ ကြီးပြီးထီးထီးရှိနေသည့် ပြင် ပတ်ဝန်းကျင်မှာလည်း ပေါင်းပင်များ၊ အမှိုက်များနှင့် ရှုပ်ပွေနေသော ပန်းခြံဟောင်းတစ်ခုရှိပါသည်။ အခန်းငယ်တစ်ခုအတွင်းသို့ ကျွန်တော်တို့ ရောက်သွားသောအခါ လူလေးယောက်ရှိနေသည်ကို တွေ့ရပါသည်။ တစ်ဦးမှာ ပြိုးပြိုးပြောင်ပြောင်အဝတ်များ ဝတ်ဆင်ထားပြီး ကောက်ကျစ်မည့် မျက်နှာထားရှိသူဖြစ်ရာ မြင်သည်နှင့် ကျွန်တော်ရဲ့မုန်းစိတ်ဖြစ်သွားပါသည်။ နောက်တစ်ဦးမှာ အမျိုးသမီးဖြစ်ပြီး ပထမလူနှင့်ဟန် ပန်ချင်းမကွာလှပါ။ ကျွန်သောအမျိုးသမီးမှာ အနက် ရောင်ဝတ်စုံဝတ်ထားပြီး ကျန်လူများနှင့် ပေါ်ခွာခွာရပ်နေပေရာ အိမ်ထောင် ထိန်းအမျိုးသမီးကြီးဖြစ်မည်ဟု ခန့်မှန်းရပါ၏။ နောက်ဆုံးကျန်သော အရပ် မြင့်မြင့်နှင့်ပါးနပ်ဟန်ရှိပြီး အခြေအနေကို စောင့်ကြပ်ထိန်းသိမ်းနေသူ ဖြစ်ပါ သည်။

" ဒေါက်တာဂိုင်း ပါ" ဟု ရဲစခန်းမှူး ကပြော၏။ " စကော့တလန်ယာဒ် ဝုံထောက်ရဲမှူးဂျက်နဲ့ သူ့မိတ်ဆွေတွေပါ" ဟု ဒေါက်တာကို မိတ်ဆက်ပေး သည်။ ဒေါက်တာက ကျွန်တော်တို့ကို ကြိုဆိုပြီး အခန်းထဲရှိ လူနှစ်ဦးမှာ မစ္စတာပါကား ဇနီးမောင်နှံဖြစ်ကြောင်း အသိပေးပါသည်။ သူနှင့်အတူ ကျွန် တော်တို့ အပေါ်ထပ်သို့ တက်သွားကြပါသည်။ စခန်းမှူးပိုးလတ်မှာ ဂျက်၏ အချက်ပြမှုကြောင့် အောက်ထပ်တွင်ပင် စောင့်ဆိုင်းကျန်ရစ်နေပါ၏၊ အ

ပေါ်ထပ်လျှောက်လမ်းအဆုံးတွင် အခန်းတစ်ခန်းရှိပြီး တံခါးမှာ ပျက်စီးလုလု
ပြုတ်ထွက်နေပါသည်။

ကျွန်တော်တို့ အခန်းထဲသို့ ဝင်လိုက်၏။ အလောင်းမှာ ကြမ်းခင်းပေါ်
ပင် ရှိနေသေးပြီး အရွယ်လတ်ပိုင်း၊ မုတ်ဆိတ်မွှေးရှိပြီး နားထင်တွင် မီးခဲ
ရောင်ခဲပင်များနှင့်ဖြစ်၏။ ဂျက်က အလောင်းဘေးတွင် ဒူးထောက်လိုက်
သည်။

" အလောင်းကို တွေ့တဲ့အတိုင်း မထားခဲ့ဘဲကိုးဗျ" ဟု သူက အပြစ်တ
လိုက်ရာ ဒေါက်တာက " တွေ့စတုန်းကတော့ ကိုယ်ကိုယ်ကိုယ် သတ်သေထ
လို့ပဲ ယုံကြည်ရတာကိုး" ဟု ပြန်ဖြေ၏။

" ကျည်ဆံက ဘယ်ဘက်နားရွက်နောက်နားကနေ ဖောက်ဝင်သွား တ
ပဲ။"

" ဟုတ်ပါတယ်။ လက်ကခေါင်းကို ပတ်ပြီးမှ ပစ်ရမှာဆိုတော့ ဒါ မဖြ
နိုင်ဘူးဆိုတာ ရှင်းပါတယ်"

" ပစ္စတို သေနတ်ကိုလက်ထဲမှာ တွေ့တယ်ဆိုဗျ။ အဲဒါဘယ်မှာလဲ"

ဒေါက်တာကစားပွဲကို ခေါင်းဆတ်ညွှန်ပြပြီး " လက်ထဲမှာဆိုပေမ
ဆုပ်ကိုင် ထားတာတော့မဟုတ်ဘူး။" ဟုပြော၏။

" နောက်မှ ထည့်ထားတဲ့သဘောပေါ့" ဟု ဂျက်က မှတ်ချက်ချသည်
ပါးပါးနပ်နပ်လုပ်ထားတာပဲ" သူက သေနတ်ကိုစစ်ဆေးကြည့်၏။ " တ
ချက်ပစ်ထားတယ်။ လက်ဗွေရာတွေရှာကြည့်ရမှာပဲ။ ဒါပေမယ့် ဒေါက်တ
လက်ဗွေရာတွေပဲတွေ့ရဖို့များတယ်။ သေတာဘယ်လောက်ကြာသွားပလဲ

" မနေ့ညကပါပဲ။ စုံထောက်ဝတ္ထုတွေထဲက ဆရာဝန်တွေလိုတော့ နာ
တိတိကျကျ မမှန်းနိုင်ပါဘူးအကြမ်းဖျင်းပြောရရင် ဆယ့်နှစ်နာရီလောက
တော့ရှိပြီ။"

ယခုအချိန်ထိ ပွိုင်းရော့ ဘာမှ လှုပ်ရှားခြင်းမပြုပါ။ ကျွန်တော့်ဘေးတွ
ရပ်နေပြီး ဂျက်လုပ်နေသမျှ ကြည့်နေပြီး ပြောစကားများကို နားထောင်နေ
သည်။ တစ်ခါတစ်ရံ နှာခေါင်းရှုံ့၍ လေထဲမှအနံ့တစ်ခုခုရှုရှိုက်သလို လုပ်
စိတ်ရှုပ်ခနဲပုံရပါ၏။ ကျွန်တော်ကိုယ်တိုင်လည်း သူ့နည်းတူ ရှုရှိုက်ကြည့်သေ
လည်း ထူးထူးခြားခြား အနံ့မရပါ။ အခန်းတွင်းရှိလေမှာ လတ်ဆတ်ပြီး အ
အသက်ကင်းပါသည်။ သို့တိုင်အောင် ပွိုင်းရော့ကတော့မကြာခဏ လေ
ရှုရှိုက်ကြည့်နေပါသည်။

ယခုအခါ ဂျက်အလောင်းကို စစ်ဆေးပြီး၍ ထရပ်လိုက်သည်နှင့် ပွိုင်

ရော့က ဒူးထောက်ထိုင်လိုက်ပါသည်။ ဒဏ်ရာကို သူ စိတ်ဝင်စားခြင်းမရှိပါ။
ထမတွင် သေနတ်ကိုင်ခဲ့သော လက်ချောင်းများကို သူကြည့်နေသည်ဟု
ကွျန် တော်ထင်မိသော်လည်း သူတကယ်စိတ်ဝင်စားသည်မှာ ကုတ်အင်္ကျီ
လက်ထဲတွင်ထည့်ထားသောလက်ကိုင် ပုဝါတစ်ထည်ဖြစ်နေပါသည်။ မစ္စတာ
ရိုသရိုးမှာ မီးခိုးရင့်ရောင်ဝမ်းဆက်ကို ဝတ်ထား၏။ နောက်ဆုံးတွင်
သူထိုင်ရာမှ ထလိုက်သော်လည်း မျက်လုံးများက လက်ကိုင်ပုဝါကိုပင်
ကြားမလည်နိုင်စွာ ကြည့်နေဆဲဖြစ်ပါသည်။

ဂျက် က ကြမ်းပါပြုတ်ကျနေသော တံခါးကြီးကို မနိုင်ရန် သူ့ကို အကူအ
ညီခေါ် လိုက်ရာ ကျွန်တော်ထိုအခွင့်အရေးကိုယူလျက် အလောင်းဘေးတွင်
ထိုင်ပြီး လက်ကိုင်ပုဝါကို ဂရုတစိုက်ကြည့်လိုက်ပါသည်။ အဖြူရောင်ရိုးရိုး
လက်ကိုင်ပုဝါတစ်ထည်ဖြစ်ပါသည်။ မည်သည့်အမှတ်အသားအစွန်းအထင်း
ရှိမ့နေပါ။ လက်ကိုင်ပုဝါကို သူ့နေရာသူပြန်ထားလိုက်ပြီး ကျွန်တော် ဇေ
ဝါနှင့် ပြန်ထလိုက်ပါသည်။

ကျန်သာလူများက တံခါးကို ဝိုင်းမနေကြပါသည်။ သူတို့သော့ကို
နေကြ ခြင်းဖြစ်သော်လည်း မတွေ့ရပါ။

" ဒါဆိုရင်တော့ ရှင်းပါတယ်" ဟု ဂျက်က ပြောသည်။ "ပြုတင်းပေါက်
တွက အတွင်းကနေ မင်းတုပ်ထားတယ်။ လူသတ်သမားဟာ တံခါးကနေ
ထွက်ပြီး တံခါးကို သော့ခတ်သွားတာပဲ။ ပရိသရိုး ဟာ တံခါးကို အတွင်းက
နေ သော့ခတ်ပြီး သူ့ကိုယ်သူ သတ်သေတယ်လို့ ထင်စရာဖြစ်အောင် လုပ်
ထားတာဖြစ်ရမယ်။ သော့ပျောက်နေတာကို ဘယ်သူမှ သတိထားမိမှာ
ဟုတ်ဘူးဆိုတဲ့အတွေးနဲ့ပေါ့။ ဘယ်နယ်လဲ မွန်ဆီယာပွိုင်းရော့၊ သဘောတူ
လား"

" သဘောတူပါတယ်။ ဒါပေမယ့် သော့တံကို တံခါးအောက်ကနေ အထဲ
ထိုးသွင်းထားခဲ့ရင် ပိုမလွယ်ပေဘူးလား။ သော့ပေါက်ကနေ ပြုတ်ကျ
ယ်လို့ ထင်စရာဖြစ်အောင်လေ"

" အာ - လူတိုင်းခင်ဗျားလို ဉာဏ်ပြေးလိမ့်မယ်လို့တော့ မယူဆနဲ့လေ
။ ခင်ဗျားသာ ရာဇဝတ်မှုတစ်ခု ကျူးလွန်ရင် ပေါ်ဖို့အတော်ခက်လိမ့်မယ်
ကဲ - ခင်ဗျားဘယ်လိုမြင်တယ်ဆိုတာ ပြောပါဦး"

ပွိုင်းရော့မှာ အတွေးလွန်နေပုံရပါသည်။ သူ အခန်းကို လှည့်ပတ်ကြည့်
- " ဒီလူဟာ စီးကရက်တွေအတော်များများ သောက်ထားတယ်" ဟု
တိုးတိုးပြောသည်။ စားပွဲငယ်တစ်လုံးပေါ်ရှိ ပြာခံခွက်ထဲတွင် စီးကရက်တို

များပြည့်နေသည်ကို မြင်၍ ပြောခြင်းဖြစ်ပါလိမ့်မည်။

" မနေ့ညက စီးကရက် အလိပ်နှစ်ဆယ်လောက်သောကခဲ့တယ်ဗျ" ဟု ဂျက်က ပြောပြီး စီးကရက်တိုများကို ကြည့်လိုက်သည်။ " တစ်မျိုးတည်းပဲ လူတစ်ယောက်က သောက်တာ၊ ဘာများထူးလို့လဲ ပ္ပိုင်းရော့"

" ထူးတယ်လို့ ကျုပ်မပြောပါဘူးဗျာ" ဟု ကျွန်တော့်မိတ်ဆွေကြီးက ပြန်ပြောပါသည်။

" ဟာ -ဟောဒီမှာ ဘာလဲဗျို့" ဂျက်က အလောင်းဘေးနားတစ်နေရာ တွင် ပြောင်လက်လက် ပစ္စည်းလေးတစ်ခုကိုတွေ့၍ ကောက်ယူကြည့်လိုက် ၏။ " လက်ကြယ်သီး အပဲ့လေးပါလား။ ဒါ ဘယ်သူ့ပစ္စည်းဖြစ်နိုင်မလဲ ဒေါက်တာဂိုင်း၊ ကျေးဇူးပြုပြီး အိမ်ထောင်ထိန်းအမျိုးသမီးကို ခေါ်ပေးပါလား ဗျာ၊ မေးကြည့်ရအောင်"

" ပါကား လင်မယားကို ဘယ်လိုလုပ်မလဲဗျ၊ သူက အရေးကြီးတဲ့ကိစ္စ ရှိလို့တဲ့။ လန်ဒန်ကို သွားချင်နေတယ်"

" လက်ရှိအခြေအနေအရဆိုရင်တော့ ဒီမှာလည်း သူ့အတွက် အရေး ကြီးတဲ့ ကိစ္စရှိတာပါပဲ။ ကဲ - ဟို အမျိုးသမီးကို သာလွှတ်လိုက်ပါဗျာ၊ ပါကား လင်မယားကိုတော့ ဘယ်မှမသွားပါရစေနဲ့ ပိုးလတ်ကိုပြောပေးပါ။ ဒီမနက် တခြားအိမ်သားတွေရော ဒီနေရာကိုလာကြသေးလား" ဒေါက်တာစဉ်းစား ပြီး- " ဘယ်သူမှ မလာပါဘူး။ သူတို့အားလုံး ဝရန်တာမှာပဲ ရှိနေကြတာပါ ပြော ပြီး ဒေါက်တာ အပြင်ထွက်သွားပါသည်။ ဂျက်က " ဒီလူ မဆိုးဘူးဗျ ပထမတန်းစား ဆရာဝန်တစ်ယေက်ပဲ။ ကိုင်း ဒီပုဂ္ဂိုလ်ကို ဘယ်သူသတ်သလ လို့ အဖြေရှာရတော့မယ်။ အိမ်မှာရှိတဲ့ သုံးယောက်ကိုပဲ ထင်စရာဖြစ်နေ တယ်။ အိမ်ထောင်ထိန်းအမျိုးသမီးကိုတော့ ကျွန်တော်မထင်ဘူး။ သူက ဒီလူ ရှစ်နှစ် တောင်ကြာနေပြီကိုး။ သတ်ချင်ရင်အစောကြီးတတည်းက သတ်မှာပဲ ပါ ကား လင်မယားက ဘယ်သူတွေလဲ။ အထင်ကြီးလောက်စရာ ဟိတ်ဟန် တော့မရှိကြပါဘူး"

မစ္စကလက် အခန်းထဲဝင်လာပါသည်။ ပိန်သေးသေးနှင့် ပီးခိုးရောင်ဆံ ပင်ကို အလယ်တည့်တည့်မှ ခွဲထားသည်။ အမူအရာမှာ အေးဆေးတည် ကြည်ဟန်ရှိပါ၏။ ဂျက်က မေးမြန်းသောအခါ သူနှင့်သူနေခဲ့သည်မှာ ဆယ် လေးနှစ်ကြာပြီဖြစ်ကြောင်း၊ ရက်ရော၍သဘောကောင်းသောဆရာဖြစ် ကြောင်း။ လွန်ခဲ့သော သုံးရက်ကမှ လာရောက်နေထိုင်သော မစ္စတာပါကား လင်မယားကို ယခင်က မတွေ့ဖူးပါကြောင်း၊ သူတို့သဘောနှင့်သူတို့ ရောက်

လာကြခြင်းဖြစ်ပြီး ဆရာက သူတို့ကိုကြိုက်ပုံမရပါကြောင်း၊ လက်ကြယ်သီး အပဲ့မှာ မစ္စတာပရိုသရိုး၏ ပစ္စည်းမဟုတ်ပါကြောင်း၊ သူသေသေချာချာသိ ကြောင်း၊ ပစ္စတိုသေနတ်အကြောင်းမေးသောအခါ သူ့ဆရာတွင် ထိုသေနတ် မျိုးရှိသည်ဟု သူ့သိခဲ့ပါကြောင်း၊ သေနတ်ကို သော့ခတ်သိမ်းဆည်းထားလေ့ ရှိကြောင်း၊ မနေ့ညက သေနတ်သံမကြားပါကြောင်း သူမနှင့် မစ္စတာပါကား လင်မယားတို့ အခန်းများမှာ အိမ်ကြီး၏အခြားအစွန်ဘက်တွင် ရှိသော ကြောင့် မကြားရခြင်းဖြစ်နိုင်ပါကြောင်း၊ မစ္စပရိုသရိုး အိပ်ရာဝင်ချိန်ကို မသိပါကြောင်း၊ သူမအိပ်ရာဝင်ပြီး ည ကိုးနာရီခွဲထိ ဆရာ မအိပ်သေးပါ ကြောင်း၊ ဆရာသည် အခန်းထဲသို့ ရောက်ပြီး ချက်ချင်းမအိပ်တတ်ပါ ကြောင်း၊ စာဖတ်လျက်လည်းကောင်း၊ ဆေးလိပ်သောက်လျက်လည်းကောင်း ညဝက်ခန့်အထိနေလေ့ရှိပါကြောင်း၊ စီးကရက်ကို ဆရာအလွန်ကြိုက်ပါ ကြောင်း၊ စသည်ဖြင့် ပြောပြပါသည်။

ထို့နောက် ပ္ပိုင်းရော့က မေးခွန်းဆက်၍မေးပါသည်။

" ခင်ဗျားရဲ့ဆရာဟာ ပြူတင်းပေါက်ကို ပိတ်ပြီးမှ အိပ်တတ်သလား။ ပိတ်ဘဲ အိပ်တတ်သလား" မစ္စတာကလက် က စဉ်းစားလိုက်ပြီး ခါတိုင်း တော့မပိတ်ဘဲ အိပ်တတ်ပါတယ်ရှင့်" ဟု ပြန်ဖြေပါ၏။

" အခုတော့ပိတ်ထားပါလား။ ဘာ့ကြောင့်လို့ခင်ဗျားထင်သလဲ"

" မသိပါဘူးရှင့်၊ လေစိမ်းတိုက်လို့ ဆရာ ထပိတ်လိုက်တယ်ထင်ပါတယ်"

ဂျက်က သူမကိုမေးခွန်းအနည်းငယ်ထပ်မေးပြီးနောက် ပြန်လွှတ် လိုက်ပါသည်။ ထို့နောက်တွင် ပါကားလင်မယားကို သီးခြားသီခွဲ၍ မေးမြန်းပါသည်။ မစ္စတာပါကားမှာ အကြီးအကျယ် စိတ်ဓာတ်ပျက်သလို ဖြစ်နေပြီး ငိုကြွေးနေပါသည်။ မစ္စတာပါကားမှာမူ မာမာထန်ထန်နှင့် ကြမ်းတမ်းစွာ ပြန်ပြောနေ၏။ လက်ကြယ်သီး အကွဲမှာ သူ့ပစ္စည်းမဟုတ်ဟု ဆူက ငြင်းသော်လည်း သူ့ဇနီးကမူ မြင်သည်နှင့်မှတ်မိနေပါသည်။ သို့ဖြစ်ရာ ဟု ပရိုသရိုး၏ အိပ်ခန်းအတွင်းသို့ လုံးဝ မရောက်ခဲ့ပါဟူသော ငြင်းကွယ်မှု ကလည်း အားနည်းသွားရပါသည်။ ရဲမှူးဂျက်က သူ့အနေဖြင့် ဖမ်းဝရမ်းထုတ် ရန် လုံလောက်နေပြီဟု စဉ်းစား မိပုံရပါသည်။

ပိုးလတ်ကို အစောင့်တာဝန်ချခဲ့ပြီးနောက် ဂျက်ခပ်သုတ်သုတ်နှင့်ရွာထဲ ပြန်သွားပါသည်။ ဌာနချုပ်နှင့်တယ်လီဖုန်းအဆက် အသွယ်လုပ်ရန် စီပါ၏။ ပ္ပိုင်းရော့နှင့်ကျွန်တော်တို့မှာမူ တည်းခိုဆောင်သို့ပင် ပြန်ခဲ့ကြပါ သည်။

" ခင်ဗျားကြည့်ရတာ အေးတိအေးစက်ဖြစ်နေသလိုပဲ" ဟု ကျွန်တော်
ပွိုင်းရော့ကို ဝေဖန်လိုက်ပါ၏။ " ဒီအမှုကို ခင်ဗျားစိတ်မဝင်စားဘူး
ထင်တယ်"

" စိတ်ဝင်စားပါတယ်ဗျာ၊ သိပ်ကိုစိတ်ဝင်စားတယ်။ ဒါပေမယ့် ခေါင်း
တော့ တော်တော်ရှုပ်နေရတယ်ဗျ"

" ရည်ရွယ်ချက်ကမထင်ရှားဘူးဆိုပေမယ့် ပါကားဟာ လူကောင်း
ဟုတ်တာတော့ သေချာပါတယ်" ဟု ကျွန်တော်ထင်မြင်ချက်ပေးလိုက်သည်

" သူတရားခံပဲဆိုတာ ရှင်းနေပါတယ်ဗျာ၊ ရည်ရွယ်ချက်ကိုနောက်တော
သိရမှာပါ"

" ထူးခြားတဲ့အချက်တစ်ခုခု ခင်ဗျားသတိမထားမိဘူးလား၊ ဂျက်မြို
ခဲ့တဲ့ အချက်မျိုးပေါ့ဗျာ"

ကျွန်တော်သူ့ကို တအံ့တသြကြည့်မိပါသည်။ " ခင်ဗျားဘာကိုတွေးတ
လို့လဲ ပွိုင်းရော့"

" ဩော်- လက်ကိုင်ပုဝါလေဗျာ"

" လက်ကိုင်ပုဝါလား၊ သင်္ဘောသားတွေဟာ လက်ကိုင်ပုဝါကို အ
လက်မှာ ထည့်ထားတတ်တာပဲဗျ" ဟု ကျွန်တော်စဉ်းစဉ်းစားစားနှင့် ပြ
လိုက်ရာ ပွိုင်းရော့က- " သိပ်ကောင်းတဲ့အချက်ပဲ ဟေစတင်၊ ကျုပ်စဉ်းစ
နေတာကတော့ အဲဒါ မဟုတ်ဘူး"

" တခြား ဘာအချက်ရှိသေးလို့လဲ"

" ရှိတယ်လေ၊ စီးကရက် မီးခိုး အနံ့ဆိပဲ ကျုပ်စိတ်က ရောက်ရော
သွားတယ်"

" ကျွန်တော်တော့ ဘာ အနံ့မှမရခဲ့ပါဘူးဗျာ" ဟို ကျွန်တော် စောဒ
တက်လိုက်၏။

" ကျုပ်လည်း မရခဲ့ပါဘူး မိတ်ဆွေကြီးရဲ့" ကျွန်တော်သူ့ကို နားမလ
နိုင်စွာ ကြည့်မိပါသည်။ ပွိုင်းရော့သည် တစ်ခါတစ်ရံတွင် လွန်စွာ အာ
ခက်သူဖြစ်၏။ သူကတော့ မျက်မှောင်ကုတ်လျက် လေးလေးနက်နက်
စဉ်းစားနေပါသည်။

ပဏာမ ကြားနာစစ်ဆေးပွဲကို နှစ်ရက်အကြာတွင် ပြုလုပ်ပါသည်။
အတောအတွင်း အခြားသက်သေအထောက်အထား တစ်ခုပေါ် ထွက်လာ
သည်။ ခြေသလုံး အိမ်တိုင် လူလေလူလွင့်တစ်ဦးသည် လေးဟောအိမ်ကြီး
ဝင်းထရံကိုကျော်ဝင်ပြီး သော့မခတ်ဘဲထားသော တဲငယ်တစ်လုံးထဲတွင်

နံဝင်သွားရာ ထိုအချိန်မှာ ညဆယ့်နှစ်နာရီဖြစ်ပြီး လူနှစ်ယောက်ရန်ဖြစ်
ကားများနေသဲကို ကြားခဲ့ရကြောင်း ဝန်ခံထွက်ဆို၏။ တစ်ယောက်က ငွေ
တောင်းနေခြင်းဖြစ်ပြီး ကျန်တစ်ယောက်က မပေးနိုင်ကြောင်း ငြင်းဆန်နေ
ခြင်းဖြစ်သည်။ ခဏတစ်ခုအတွင်း ပုန်းခြံကြည့်နေရာမှ လူနှစ်ယောက် ပြူတင်း
ပေါက်ရှေ့တွင် အပြန်အပြန်အလှန်လှုန် ဖြတ်လျှောက်သည်ကို မြင်ခဲ့ကြောင်း၊
နှစ်ယောက်မှာ 'အိမ်ရှင် မစ္စတာပရိုသရိုး' ဟု သူသိပြီး ကျန်တစ်ယောက်မှာ
စ္စတာပါကားဖြစ်သည် ဟု အခိုင်အမာထွက်ဆိုပါသည်။

ယခုအခါ အထောက်အထားများအရ ပါကားလင်မယားသည် လေး
ဟာ အိမ်ကြီးသို့ ပရိုသရိုးကို ငွေညှစ်ရန်အကြံဖြင့် ရောက်လာခဲ့ကြခြင်း
စ်ကြောင်း ရှင်းလင်းလာပါသည်။ နောက်ပိုင်းထပ်မံဖော်ထုတ်သိရှိ
ချက်များအရ သေသူ၏အမည်ရင်းမှာ ဝင်ဒိုဗာ ဖြစ်ပြီး ရေတပ်တွင် ဗိုလ်
ဖြစ်တာဝန် ဖူးကြောင်း၊ ၁၉၁၀ ခုနှစ်က ပထမတန်းခရူဇာ စစ်သင်္ဘော
စ်သည့် " မဲ့ ရီးသော့တ်" ကို ဖောက်ခွဲခဲ့သည့် ကိစ္စတွင် ပါဝင်ပတ်သတ်
ကြောင်း၊ ဝင်ဒိုဗာတာဝန်ယူခဲ့သည် ကဏ္ဍကို ပါကားက သိရှိခဲ့ရာ
ခြရာဖျောက်သွားသော ဝင်ဒိုဗာကို လိုက်လံစုံစမ်းရှာဖွေပြီး နှုတ်ပိတ်ခ
ကောင်းခြင်းဖြစ်ကြောင်း၊ ဝင်ဒို ဗာက ငြင်းဆန်ခဲ့ပြီး စကားများရန်ဖြစ်ရာမှ
ပစ္စတိုသေနတ်ကို ထုတ်လိုက်စဉ်တွင် ပါကားက ဝင်လုပြီးပစ်သတ်
က်ခြင်းဖြစ်ကြောင်း၊ ထို့နောက် ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် ပုံစံ
စ်အောင် အကွက်ဆင်ထားခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိလာရပါသည်။

ပါကားမှာ လူသတ်မှုဖြင့် တရားစွဲဆိုခြင်းခံရပြီး ခုခံချေပခွင့်ရရှိသွားပါ
သည်။ ရဲတရားရုံးကြားနာပွဲကို တက်ရောက်နားထောင်ပြီးနောက် ကျွန်တော်
ပြန်လာခဲ့ကြစဉ် ပွိုင်းရော့က ခေါင်းညိတ်လျက် " ဒီလိုပဲဖြစ်ရမှာပေါ့။
မြန်လုပ်ဖို့ လိုလာပြီပေါ့"

သူ စာတိုက်ထဲသို့ ဝင်သွားပြီး စာတစ်စောင်ရေး၍ အထူးဆက်သားဖြင့်
လွှတ်လိုက်ပါသည်။ မည်သူ့ထံပို့သည်ကို မသိရပါ။ ထို့နောက် ကျွန်တော်
တည်းခိုဆောင်သို့ပြန်ခဲ့ကြပါသည်။ ပွိုင်းရော့သည် ပြူတင်းပေါက်ဘေး
ခေါက်တုံ့ခေါက်ပြန်လျှောက်လျက် စိတ်မငြိမ်မသက်ဖြစ်နေပုံရပါ၏။

" ကျုပ် ည့်သည်တစ်ယောက်ကို စောင့်နေတဲ့ဗျ" ဟု သူက
သည်။ " ကျုပ်မမှားနိုင်ပါဘူးဗျာ၊ ထင်တဲ့အတိုင်းဖြစ်ရမှာပါပဲ။ ဟော-
မှာ လာပြီဗျ"

ကျွန်တော် အံ့အားကြီးသင့်သွားရလောက်အောင်ပင် အခန်းထဲသို့ဝင်

လာသူမှာ မစ္စကလက်ဖြစ်နေပါသည်။ သူမသည် ခါတိုင်းလိုတည်တည်ငြိ
ငြိမ်မဟုတ်တော့ဘဲ ပြေးလာရသလိုမောနေပါသည်။ ပွိုင်းရော့ကို ကြည့်လိုက်
သော သူမ၏မျက်လုံးများတွင် ကြောက်ရွံ့မှုကို တွေ့နေရပါ၏။ ပွိုင်းရော့က
သူမကို ကြင်နာဟန်ဖြင့် ကြိုဆိုပြီး၊ " ထိုင်ပါ အမျိုးသမီး၊ ကျွပ်မှန်းတာ
မလွဲပါဘူးနော်" ဟု ပြောလိုက်သည်။ သူမ မဖြေနိုင်ဘဲ ငိုချလိုက်ပါတော့
သည်။ ပွိုင်းရော့က ကြင်နာသည့်လေသံဖြင့်- " ပြောပါဦးဗျာ၊ ခင်ဗျား ဘာ
လို့ ဒီလိုလုပ်ရတာလဲ" ဟုမေးရာ အမျိုးသမီးက " ကျွန်မ သူ့ကို သံယောဇဉ်
ကြီးလွန်းလို့ပါ" ဟု ဖြေ၏။ " သူ ကလေးဘဝကတည်းက ကျွန်မ ထိန်းခဲ့ရ
တာပါ၊ ကျွန်မကို ခွင့်လွှတ်ပါရှင်"

" ကျွပ် တတ်နိုင်သလောက် လုပ်ပေးပါမယ်လေ၊ ဒါပေမယ့် အပြစ်ရှိ
ကဲ့ လူတစ်ယောက်ကို ကြိုးစင်တတ်ခိုင်းတာမျိုးတော့ ကျွပ်ခွင့်မပြုနိုင်ဘူး
အဲဒီလူဟာ ဘယ်လောက်ပဲဆိုးနေနေပေါ့"

သူမက " နောက်ဆုံးတော့လည်း ကျွန်မ လက်လျှော့ရတာပါပဲ၊ လုပ်
သင့်သလိုသာ လုပ်ပါတော့ရှင်" ဟု ညည်းညူကာ အခန်းထဲမှ ထွက်သွား
တော့သည်။ ကျွန်တော် အံ့သြစွာဖြင့်- " သူ သတ်လိုက်တာလား" ဟု မေး
ပွိုင်းရော့က ပြုံး၍ခေါင်းခါပြပါသည်။ " သူ့ကိုသူ သတ်သေတာပါဗျာ။ ခင်ဗျား
မှတ်မိသေးလား၊ သူ့လက်ကိုင်ပုဝါကို ညာလက်အင်္ကျီလက်ထဲမှာ ထည့်ထား
ကာလေ။ အဲဒါသူဟာ ဘယ်သန်ဆိုတာကိုပြနေတာပဲ။ မစ္စတာပါကား
စကားများပြီးနောက် သူ အခြေအနေမဟန်တော့ဘူးဆိုတာသိပြီး သူ့ကိုယ်သ
ပစ်သတ်လိုက်တာပါပဲ။ မနက်ကျတော့ မစ္စကလက် သူသေနေတာတွေ့သွား
တယ်။ သူ ခုနက ပြောသွားသလိုပဲ၊ ကလေးဘဝကတည်းက သူ ထိန်းခဲ့ရ
သံယောဇဉ်ရှိခဲ့သူဆိုတော့ ပါးဟားလင်မယားကို သူအကြီးအကျယ်စိတ်ဆိုး
သွားတယ်။ သူ့ဆရာ သတ်သေတာဟာ သူတို့ကြောင့်ပဲလို့သိပြီး သူတို့ကို
လူသတ်ကောင်တွေလို သဘောထားလိုက်တော့တယ်။ အဲဒီမှာပဲ သူပြန်ပြီး
ဒဏ်ခတ်နိုင်မယ့် အခွင့်အရေးတစ်ခုကိုမြင်သွားတယ်။ သူ့ဆရာဟာ ဘယ်
သန်ဖြစ်တယ်ဆိုတာကို သူတစ်ယောက်ပဲ သိတာကိုး။ ပစ္စတိုကို ယူပြီး သေ
ရဲ့ ညာဘက်လက်ထဲ ထည့်လိုက်တယ်။ ပြီးတော့ ပြူတင်းပေါက်ကို အပွင့်
ကနေ မင်းတုပ်ချ၊ အောက်ထပ်မှာ သူကောက်တွေ့ထားတဲ့ လက်ကြွယ်သံ
အပဲ့ကလေးကို ကြမ်းပေါ် ပစ်ချခဲ့ပြီး ပြန်ထွက်လာခဲ့တာပဲ။ တံခါးကိုလည်း
အပြင်က နေသော့ခတ်ပြီး သော့ကို ယူသွားလိုက်တယ်"

" ပွိုင်းရော့ - တော်ပါသေးရဲ့ ဗျာ" ဟု ကျွန်တော် အားရပါးရ ချီးကျူ

လိုက်၏။ " လက်ကိုင်ပုဝါ သဲလွန်စလေး တစ်ခုတည်းနဲ့ ခင်ဗျား အဖြေထုတ်
နိုင်ခဲ့တာပဲ"

" စီးကရက်မီးခိုးလည်း ရှိသေးတယ်ဗျ။ ပြူတင်းပေါက်ပိတ်ထားမယ်
ဆိုရင် သောက်ခဲ့တဲ့ စီးကရက်တွေရဲ့ အနံ့ဟာ ဘယ်လိုမှ ပျောက်သွားစရာ
မရှိဘူး။ ဒါပေမယ့် အခန်းထဲက လေဟာ လုံးဝ လတ်ဆတ်နေတယ်လေ။
ဒါကြောင့် ပြူတင်းပေါက်ဟာ တစ်ညလုံးပွင့်နေရမယ်လို့ ကျွပ်လက်ခံလိုက်
တယ်။ မနက်ကျမှ ပိတ်လိုက်တာပဲ။ အဲဒီမှာ ကျွပ်စိတ်ဝင်စားစရာကောင်း
တဲ့ မှန်းဆချက်တစ်ခု ရသွားတော့တယ်။ လူသတ်မှု အမှုနဲ့ဖြစ်ခဲ့ရင် ပြူတင်း
ပေါက်ဟာပွင့်နေမှ အဓိပ္ပာယ်ရှိမယ်။ ပြူတင်းပေါက်ကနေ ထွက်ပြေးသွားမှာ
ကိုး။ အခုတော့ အဲဒီလိုပြေးသွားတယ်လို့ မထင်ရအောင် ပြူတင်းပေါက်ကို
မနက်ကျမှ အမျိုးသမီးက ပိတ်လိုက်တယ်။ နောက်တော့ လူလေလူလွင့်ရဲ့
ထွက်ချက်က ကျွပ်သံသယကို အတည်ပြုလိုက်တယ်။ ပြူတင်းပေါက်ပွင့်
နေလို့သာ စကားများကြတာတွေကို သူကြားခဲ့ရတာပေါ့ဗျာ"

" ကောင်းပါပေရဲ့ဗျာ၊ သပ်ရပ်ပါပေရဲ့" ဟု ကျွန်တော် လှိုက်လှိုက်လဲ
လဲ ချီးကျူးလိုက်မိပါ၏။

မမျော်လင့်သော ကယ်တင်ရှင်

နှစ်သစ် အကြိုညဖြစ်ပါသည်။

ရွှိုင်စတန် နေအိမ်ရှိလူကြီးများ ခန်းမကြီးထဲတွင် စုဝေးရောက်ရှိနေကြပါသည်။ လူငယ်များ အိပ်ရာဝင်သွားကြသည့်အတွက် မစ္စတာဆတ္ထဝိတ် ဝမ်းသာမိ၏။ လူငယ်များ အုပ်စုဖွဲ့နေကြလျှင် သိမ်မွေ့လေးနက်မှုမရှိတတ်ကြတော့ပေ။ သူတွင် ဘဝအတွေ့အကြုံအတော်များခဲ့ပြီဖြစ်ရာ သိမ်မွေ့လေးနက်မှုကို သူလွန်စွာတန်ဖိုးထားတတ်နေပြီဖြစ်သည်။

ယခု သူအသက်ခြောက်ဆယ့်နှစ်နှစ်ရှိပြီ။ ခါး အနည်းနယ်ကိုင်းပြီး မျက်စိလည်း အားစိုက်ကြည့်ရတတ်ပါ၏။ အခြားသူတို့၏ ဘဝမျိုးစုံဖြစ်ပျက်ပုံတို့အပေါ် လွန်စွာစိတ်ဝင်စားတတ်သည့် သူသဘာဝမှာမူ မပြောင်းလဲသေးပါ။ သူ ဘဝတစ်လျှောက်လုံးတွင် မျက်စိရှေ့၌ အမျိုးမျိုးဖြစ်ပျက် ပြောင်းလဲခဲ့သော လူတို့၏ဖြစ်ပုံသနစ်စုံကို ပြဇာတ်တစ်ခုသဖွယ် သူစောင့်ကြည့်ခဲ့သည်။ ပွဲကြည့်ပရိသတ်တစ်ဦးအဖြစ် သူအမြဲနေခဲ့ပါ၏။ အသက်အရွယ်ကြီးရင့်လာသောအခါ သူကြည့်နေရသော ဇာတ်ကွက်များကို ငြီးငွေ့လာရခြင်းလည်းရှိပါသည်။ ထိုအခါမျိုးတွင် သာမန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော အဖြစ်ဆန်းက လေးများကို သူတောင့်တမိတတ်ပါသည်။

ဘဝ၏ အဖြစ်ဆန်းကလေးများကို တွေ့ကြုံလိုသည်မှာ သူပင်ကို ဝါသနာဖြစ်၏။ အဖြစ်ဆန်းကလေးများတွေ့ရတော့မည်ဆိုလျှင်လည်း သူအတွင်းစိတ်တွင် လာတိုးတတ်လေ့ရှိပါသည်။ စစ်မြင်းတစ်ကောင်လိုပင်၊ သူ ထူးခြားမှုကို အနံ့ရတတ်၏။ ယခုနေ့လယ်ပိုင်းတွင် ရွှိုင်စတန်သို့ သူရောက်လာစဉ်ကလည်း သူ့အတွင်းစိတ်က တစ်စုံတစ်ခုအတွက် အသင့်ပြင်ထားရန် သတိပေးသလိုရှိခဲ့ပေသည်။ စိတ်ဝင်စားဖွယ် အဖြစ်အပျက် တစ်ခုခုဖြစ်နေသည်၊ သို့မဟုတ်ဖြစ်လာတော့မည်ဟု သူခံစားနေရပါ၏။

အိမ်တွင် လုပ်သည့်ပါတီပွဲသို့ လာသူများမှာ သိပ်အများကြီးမဟုတ်ပါ။ ဖော်ရွေပြီး ပျော်ပျော်နေတတ်သည့် အိမ်ရှင်တွမ်အိဝရှမ်၊ နိုင်ငံရေးသမားတစ်ဦးဖြစ်သော အိမ်ရှင်မ၊ သူနှင့်လက်မထပ်မီက သူမကို လေဒီလော်ရာကင်းဟု လူသိများခဲ့၏။ ထို့နောက် စစ်သားတစ်ဦးလည်းဖြစ်၊ ကမ္ဘာလှည့်ခရီးသည်ဖြစ်သလို အားကစားသမားလည်းဖြစ်သည့် ဆာရစ်ချတ်ကွန်ဝေး၊ လူငယ်ခြောက်ယောက်၊ ခုနစ်ယောက်ခန့်နှင့် ပေါ်တယ်တို့လင်မယား စသည်တို့ဖြစ်ကြသည်။

မစ္စတာဆတ္ထဝိတ် စိတ်ဝင်စားနေသည်မှာ ပေါ်တယ်တို့ ဇနီးမောင်နှံကိုဖြစ်သည်။ အဲလက်စ်ပေါ်တယ်ကို ယခင်က သူ မတွေ့ဖူးခဲ့သော်လည်း သူအကြောင်းကိုတော့ ကောင်းကောင်းသိခဲ့ပါသည်။ သူဖခင်၊ သူအဘိုးတို့ကို မစ္စတာဆတ္ထဝိတ် သိခဲ့ပါ၏။ အဲလက်စ်ပေါ်တယ် သည် ရိုးရိုးပုံမှန်သမားတစ်ယောက်ဖြစ်သည်။ အသက်လေးဆယ်နီးနီးရှိပြီ။ ပေါ်တယ်မျိုးရိုးအတိုင်းပင် ဆံပင်ကောင်းကောင်း၊ မျက်လုံးပြာပြာနှင့် အားကစားကိုနှစ်ခြိုက်၏၊ ခပ်ဆိုးဆိုး အင်္ဂလိပ်ထစ်ယောက်ပုံစံအတိုင်းဖြစ်သည်။

သူဇနီးမှာ သူလိုမဟုတ်ပါ။ ဩစတြေးလျသူ ဖြစ်သည်၊ လွန်ခဲ့သောနှစ်ခုစ်က ပေါ်တယ်ဩစတြေးလျသို့ရောက်ခဲ့စဉ် သူမကို တွေ့ဆုံနှစ်သက်၍ လက်ထပ်ခဲ့ပြီး အင်္ဂလန်သို့ခေါ်ခဲ့ခြင်းဖြစ်၏၊ လက်မထပ်မီက သူမ အင်္ဂလန်ကို မရောက်ဖူးခဲ့ပါ။

ယခု သူက သူမကို တိတ်တိတ်စောင့်ကြည့်နေပါသည်။ စိတ်ဝင်စားစရာကောင်းတဲ့ အမျိုးသမီးပဲ၊ တည်တည်ငြိမ်ငြိမ်ရှိနေပေမယ့် သွက်တယ်၊ ဖျတ်လတ်တယ်ဆိုတာ သိသာတယ်။ လှတယ်လို့မဆိုနိုင်ဘူး။ သူမျက်နှာဟာကဲဆိုးမိုးမှောင်ကျတတ်တဲ့ မှော်ဆန်ဆန်မျက်နှာမျိုးပဲ။ ပြီးတော့ သူဆံပင်ကိုလည်း ဆေးဆိုးထားသေးတယ်။

ဆံပင်ဆေးဆိုးထားသည်ကို အခြားလူတစ်ယောက်ယောက်က သိချင်မှသိမည်ဖြစ်သော်လည်း မစ္စတာဆတ္ထဝိတ် က တော့သိပါသည်။ သိရုံသာမကတိတ်လည်း ရှုပ်သွားမိ၏။ အသားဖြူဖြူလတ်လတ်ရှိသူ အမျိုးသမီးတစ်ယောက် ဆံပင်ကို အနက်ရောင်ဆိုးခြင်းကို သူတစ်ခါမှ မတွေ့ဖူးခဲ့ပါ။ သူမ ရှင့်ပတ်သက်၍ သိချင်စရာတွေများပါသည်။ သူအလိုလို သိနေသောအချက်

မာ သူမသည် လွန်စွာပျော်ရွှင်နေသည်၊ သို့မဟုတ် လွန်စွာ စိတ်ညစ်နေသည်
ဖြစ်ပါ၏။ သို့ရာတွင် ထိုနှစ်မျိုးအနက် ဘယ်ဟာအမှန်ဖြစ်မည်ဆိုသည်
ကို သူစိတ်အနှောင့်အယှက်ဖြစ်လောက်အောင် အဖြေရှာမရဖြစ်နေပါသည်
တို့ပြင် သူမသည် ခင်ပွန်းဖြစ်သူအတွက် ထူးခြားသောသက်ရောက်မှု ရှိနေခဲ့
လည်းရပါ၏။ သူမိန်းမကို ချစ်တာတော့အမှန်ပဲဟု မစ္စတာဆတ္ထဝိတ် အထ
ခတ်မိ၏။ ဒါပေမယ့် တစ်ခါတလေတော့ ကြောက်နေပုံလည်းရတယ်။ စိတ်
ဝင်စားစရာကောင်းတယ်။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘူး။

ပေါ်တယ် အတော်များများသောက်ထားသည်။ ထို့နောက် သူမိန်းမထံ
ဖသိမသာခိုးကြည့်နေ၏။ ထိုလင်မယားကိုကြည့်ရင်း သူနားမလည်နိုင်စရာ
တစ်ခုခုရှိနေပြီဟု မစ္စတာဆတ္ထဝိတ် ခံစားမိလေသည်။

အခန်းထောင့်ရှိ တိုင်ကပ်နာရီကြီးက မြည်လာသဖြင့် သူအတွေးမှ
ပြတ်ဟောက်သွားရပါသည်။

" ဆယ့်နှစ်နာရီထိုးပြီ" ဟု အိမ်ရှင်မက ပြော၏။ " နှစ်သစ် စပြီ။ အား
လုံး မင်္ဂလာနှစ်သစ်ပါ။ နာရီကြီးက ငါးမိနစ်တော့ မြန်တယ်။ ကလေးတွေ
ဘာလို့ နှစ်သစ်ကို မကြိုကြသလဲ မသိဘူး"

" သူတို့အိပ်ဦးမှာ မဟုတ်ပါဘူး" ဟု ဇနီးက အေးဆေးစွာပြန်ပြော
သည်။" ကျွန်မတို့ အိပ်ရာအောက်မှာ ဝက်မင်္ဂဘီးတို့ ဘာတို့ သွားထား
ကြရော့ပေါ့။ သူတို့ပျော်ကြပုံက တစ်မျိုးပဲ။ ကျွန်မတို့ကလေးဘဝတုန်းက
ဒါမျိုး မရှိပါဘူး"

" သူခေက်နဲ့ သူကိုးဗျ" ကွန်ဝေးကပြုံးလျက် ပြောပါသည်။ သူသည်
အရပ်မြင့်မြင့်နှင့်စစ်သားဆန်သော ဟန်ပန်ရှိသူဖြစ်သည်။ ရိုးသားခြင်းဖြော
မှုန်ခြင်းနှင့် စိတ်သဘော သိမ်မွေ့ခြင်းတို့မှာ အိမ်ရှင်မနှင့်မထူးလှပါ။

" ဒို့ ကလေးဘဝတုန်းက စက်ဝိုင်းပုံဖြစ်အောင် လက်ချင်းဆက်ကြ
" အတိတ်ကမိတ်ဆွေရင်းတွေ" ဆိုတဲ့ သီချင်းကို ဝိုင်းဆိုပြီး နှစ်သစ်ကြိုက
ကာပါပဲ။ မိတ်ဆွေရင်းဆိုတာ မမေ့အပ်ဘူးတဲ့။ စာသားတွေကိုက သိပ်သ
ဘောကျဖို့ကောင်းတာ"

အိပ်ရှမ် စိတ်ရှုပ်ပြီး မနေတတ်သလိုဖြစ်လာပါသည်။ "တော်ပါတော့
လော်ရာရယ်၊ ဒီမှာ အဲဒါ မပြောပါနဲ့တော့" သူက ပြောပြီး အခန်းထောင့်
မီးတစ်ပွင့်ကို သွားဖွင့်လိုက်သည်။

" ကျွန်မ အတော်ညံ့သေးတာပဲ" ဟု လော်ရာက ပြော၏။ " မစ္စတာ
ကာပယ်ကို သူ ဇတိရသွားတာကိုး၊ ဟဲ့ - မိန်းကလေးမီးနဲ့ ဒီလောက်ကပ်ထိ

နေတာ၊ မပူဘူးလား" ဟု အီလေနာပေါ်တယ်ကို ဆက်ပြောလိုက်ရာ အမျိုး
သမီးက " ဟုတ်ကဲ့၊ ကျေးဇူးပဲ၊ ကျွန်မ ကုလားထိုင်ကို နောက်ဆုတ်ထိုင်ပါ
မယ်" ဟု ပြန်ဖြေ၏။

သိပ်နားထောင်ကောင်းတဲ့အသံပါလား ဟု မစ္စတာဆတ္ထဝိတ် စိတ်ထဲမှ
မှတ်ချက်ချလိုက်သည်။ တိုးတိုးသက်သာနှင့် စိတ်ထဲတွင် စွဲကျန်လောက်သည့်
အသံမျိုးဖြစ်ပေသည်။ ယခုအခါ သူမ၏ မျက်နှာမှာ အမှောင်ရိပ်ထဲရောက်
သွားသည်။ ထိုအရိပ်ထဲမှပင် သူမက စကားဆက်ပြောပါ၏။ " မစ္စတာ
ကာပယ်- ဟုတ်လားရှင့်"

" အေး -ဒီအိမ်ရဲ့ မူလပိုင်ရှင်ပေါ့။ သူ့ကိုယ်သူသေနတ်နဲ့ ပစ်သတ်သေ
သွားခဲ့တယ်လေ။ အိုး - ဆောရီးတွမ်၊ ရှင် မကြိုက်ရင် ဒီအကြောင်းမပြော
တော့ပါဘူး။ အဲဒီတုန်းက တွမ်ဒီမှာရှိနေခဲ့တာဆိုတော့ သူ့အတွက်အကြီးအ
ကျယ် စိတ်ပျက်သွားခဲ့ရမှာပေါ့။ ဆာရစ်ချတ်၊ ရှင်လည်း အဲဒီတုန်းက ဒီမှာ
ရှိခဲ့တာမဟုတ်လား"

" ဟုတ်ပါတယ်၊ လေဒီလော်ရာ"

အခန်းထောင့်ရှိ တိုင်ကပ်နာရီဟောင်းကြီးတစ်လုံးက ရင်ကြပ်နေသူ
အသက်ပြင်းပြင်းရှူသောအသံမျိုးနှင့် တိရစ္ဆာန်တို့ နာမှုတ်သံမျိုး မြည်လာပြီး
နောက် ဆယ့်နှစ်ချက်ထိုးလိုက်ပါသည်။

" ပျော်စရာနှစ်သစ်ဖြစ်ပါစေ တွမ်" ဟု အားလုံးကပြောကြရာ တွမ်အိမ်
ရှမ်က ခပ်ရိုးရိုးပင်အသိအမှတ်ပြုပါ၏။ လေဒီလော်ရာက သူမ၏ဇာထိုး
အလုပ်ကို ရပ်လိုက်ပြီး- " ကဲ- နှစ်သစ်ကို ကြိုပြီးပြီပေါ့" ဟု ပြောကာ
မစ္စစ်ပေါ်တယ် ကို ကြည့်လိုက်လျက်-"ဘယ်လိုလဲမိန်းကလေး" ဟုမေးလိုက်
သည်။ အီလေနာ ပေါ်တယ်ကထရပ်လိုက်၏။ " ကျွန်မတော့ အိပ်တော့
မယ်" ဟု ခပ်ပေါ့ပေါ့ ပြန်ပြောပါသည်။ မစ္စတာဆတ္ထဝိတ်ထ၍ ဖယောင်း
တိုင်များ မီးညှိရင်း ဒီအမျိုးသမီးမျက်နှာဖြူပပ်ဖြူရော်နဲ့ ဟု တွေးနေမိသည်။
အရင်က ဒီလိုမဖြစ်ဖူး ပါဘူး ဟုလည်း ထင်မိ၏။ သူက ဖယောင်းတိုင်ကို
အမျိုးသမီးအား ပေးလိုက်ရာ ကျေးဇူးစကား တစ်ခွန်းသာပြောပြီးအပေါ် ထပ်
တက်သွားပါ၏။ ထိုစဉ် သူ့စိတ်ထဲ၌အမျိုးသမီးတွင် အန္တရာယ် တစ်ခုခုနှင့်
နေသလို ခံစားမိပြီးနောက် ခဏအတွင်း ထိုခံစားချက်ပျောက်သွားပါသည်၊
သူ ရှက်သွားမိ၏။ သူ့စိတ်တွေ မငြိမ်မသက်ဖြစ်နေပါလား။

အမျိုးသမီး အပေါ်ထပ်တက်သွားစဉ် ခင်ပွန်းဖြစ်သူကို မကြည့်ခဲ့သော်
လည်း လှေကားထိပ်ရောက်သောအခါ နောက်လှည့်ပြီး သူ့ခင်ပွန်းကို ငုံးငုံး

စိုက်စိုက်နှင့် ထူးခြားသော အဓိပ္ပာယ်ပါသည့် အကြည့်ဖြင့်ကြည့်ပါသည်။ မစ္စတာဆတ္ထဝိတ် ထိုအဓိပ္ပာယ်ကို နားမလည်နိုင်ဖြစ်ရပါသည်။ အိမ်ရှင်အမျိုးသမီးကို သူပျော်စရာနှစ်သစ်ဖြစ်ပါစေ ဟု နှုတ်ခွန်းဆက်စကားပြောသောအခါ လေဒီလော်ရာက " ပျော်စရာနှစ်သစ်ဖြစ်ဖို့ မျှော်လင့်ရတာပဲ ဒါပေမယ့် နိုင်ငံ ရေးအခြေအနေက စိတ်အေးစရာမဖြင်ဘူး။ နှစ်သစ်ကူးတဲ့နေ့မှာ အသားမည်းလူတစ်ယောက် အိမ်ရှေ့တံခါးဝကိုအရင်ဆုံး ရောက်လာရင် ကံကောင်းမယ်ဆိုတဲ့ အယူသီးသမားတွေရဲ့ ယုံကြည်ချက်မှန်မယ်ဆိုရင်တော့ ဒီမနက် အသားမည်းတဲ့ လူကို မျှော်ဖို့ရှိတော့တာပဲ။" ဟု ပြောပြီး အိပ်ရာဝင်ရန် လေ့ကားပေါ်တက်သွားလိုက်ပါသည်။

အမျိုးသမီးများမရှိတော့သောအခါ မီးလင်းဖို့ကို ဝိုင်းပတ်လျက် ကုလားထိုင်များကို ပြန်ရွှေ့ကြ၏။ အိမ်ရှင်မက သူ့မိတ်ဆွေများ၏ ဖန်ခွက်များကို ထပ်ဖြည့်ပေးပြီးသောအခါ သူတို့စကားဝိုင်းဖွဲ့ကြပြန်ပါသည်။

" ဆတ္ထဝိတ်၊ ခင်ဗျား ဒါးရက်ကာပယ်ကို သိတယ်မဟုတ်လား" ဟု ကွန်ဝေးကမေးရာ "နည်းနည်းပါ" ဟု ဖြေ၏။ ပေါ်တယ်ကို ဆက်မေးသောအခါ " မသိဘူး၊တစ်ခါမှ မတွေ့ဖူးဘူး" ဟု ဖြေပါသည်။ သူ့အဖြေမှာ တုံးတိုးကြီးဖြစ်နေသောကြောင့် မစ္စတာဆတ္ထဝိတ် အံ့သြလျက်ကြည့်မိ၏။

" လော်ရာ အဲဒီအကြောင်းပြောတိုင်း ကျွန်တော် စိတ်ပျက်ရတယ်ဗျ" ဟု အိမ်ရှင်မက ခပ်ဖြည်းဖြည်းပြောပါသည်။

အဲဒီအဖြစ်ဆိုးကြီးဖြစ်ပြီးတဲ့နောက် ဒီအိမ်ကို ကုန်ထုတ်လုပ်ငန်းရှင်ကြီး တစ်ယောက်က ဝယ်လိုက်တယ်။ သူလည်း တစ်နှစ်အကြာမှာ ပြန်ရောင်းထုတ်လိုက်တာပါပဲ။ သရဲခြောက်တယ်လို့ လူတွေက ပေါက်တတ်ကရ လျှောက်ပြောကြတော့ အိမ်လည်းနာမည်ပျက်ရတာပေါ့။ နောက်တော့ လော်ရာက အနောက်ကစ်ဒဲလ်ဘီနယ်မြေကနေ အရွှေးခံဖို့ ဖြစ်လာတော့ ဒီနယ် မြေမှာ အခြေချရတော့တာပဲ။ အိမ်ကောင်းကောင်းသင့်သင့်ရဖို့ဆိုတာ မ လွယ်ဘူးလေ။ အဲဒီတုန်းက ရွှေ့စတန်အိမ်ကြီးက စျေးသိပ်ချိနေတယ် နောက်ဆုံးတော့ ဝယ်ဖြစ်သွားပါတယ်။ တစ္ဆေသရဲ ရှိတယ်ဆိုတာက အလကားပေါက်ကရစကားတွေပါ။ မိတ်ဆွေတစ်ယောက် ကိုယ့်အသက်ကိုယ် ရန်ရှာသွားခဲ့တဲ့ အိမ်ဆိုတော့ တစ်ခါတစ်ရံ သတိရမိတာတော့ရှိတာပေါ့လေ ဒါးရက် - သနားစရာပါ။ သူ ဘာလို့ဒီလိုလုပ်သွားတယ်ဆိုတာ ဘယ်တော့မှ သိရမှာ မဟုတ်တော့ဘူး။"

" ဘာအကြောင်းမှ မသိရဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတာဟာ

သူ ပထမဆုံး မဟုတ်သလို နောက်ဆုံးလည်းမဟုတ်နိုင်ဘူး။ " အဲလက်စ်ပေါ်တယ်က ဝီစကီ နောက်တစ်ခွက်သောက်ရင်း အသံလေးလေးနှင့်ပြော၏။

" ဒီလူ တစ်ခုခုတော့မှားနေပြီ" ဟု မစ္စတာဆတ္ထဝိတ်က သူ့ကိုယ်သူ ပြောမိသည်။ " ဟုတ်တယ်၊ အတော်ကို လွဲချော်နေတဲ့ပုံပဲ။ ဘာများဖြစ်နေတာပါလိမ့်"

" အပြင်မှာ လေ အတော်ကြမ်းနေပါလား" ဟု ကွန်ဝေးက လေတိုက်သံကို နားထောင်ရင်းပြော၏။ " လေဒီလော်ရာပြောသလိုဆိုရင် ကံကောင်းဖို့ အတွက် အသားမည်းတဲ့ လူလာနိုင်ဖို့မလွယ်ပါဘူး။ တစ္ဆေသရဲပဲ လာချင်လာနိုင်လိမ့်မယ်"

လေပြင်းပြင်းတစ်ချက်တိုက်လိုက်ပြန်သည်။ လေသံငြိမ်သွားခိုက်တွင် ကျယ်လောင်သောတံခါးခေါက်သံသုံးချက်ကို ရှေ့တံခါးမကြီးဆီမှ ကြားလိုက်ရ၏။ လူတိုင်းပင် ကြက်သေ သေသွားကြသည်။

" ဒီအချိန်ကြီးကျမှ ဘယ်လိုလူများရောက်လာတယ်မသိဘူး" ဟု အိမ်ရှင်မက မှတ်ချက်ချပြီး ထိုင်ရာမှ ထလျက်- " ကျွန်တော်ပဲ သွားဖွင့်လိုက်မယ်၊ အိမ်ဖော်တွေလည်း အိပ်ကုန်ကြပြီ" ဟု ပြောကာ တံခါးမင်းတုပ်ကြီးများကို ဖြည်းဖြည်းဖြုတ်လိုက်၏။ တံခါးပွင့်သွားသောအခါ လေအေးအေးကြီး ရုတ်တရက်ဝင်လာသည်။ လေအေးကို သူတို့ ဂရုမထားနိုင်ကြပါ။

တံခါးဝတွင် ပိန်ပိန်မြင့်မြင့် လူတစ်ယောက်ရပ်နေ၏။ ထို လူရှေ့တစ်လှမ်းတိုးဝင်လာသောအခါ ယာဉ်မောင်းဝတ်စုံဝတ်ထားသည့်အသားမည်းမည်းလူတစ်ယောက်ဖြစ်ကြောင်းတွေ့လိုက်ရပါသည်။

" အခုလိုအချိန်မတော်ရောက်လာရတာကို တောင်းပန်ပါတယ်ဗျာ" ဟု ထိုလူက အေးအေးသက်သာနှင့်ပြော၏။

" ကျွန်တော့်ကား ပျက်သွားလို့ပါ။ ဆိုးဆိုးရွားရွားတော့လည်း မဟုတ်ပါဘူး။ ကျွန်တော့်ယာဉ်မောင်းက ပြင်နေပါပြီ။ ဒါပေမယ့် နာရီဝက်လောက်ကြာဦးမှာပါ။ အပြင်မှာလည်း တအားအေးလွန်းတာကြောင့်-"

အိမ်ရှင်မက ခပ်သွက်သွက်ဝင်ပြောပါသည်။ " ဟုတ်ပါတယ်။ သိပ်အေးတယ်။ ဝင်ပါခင်ဗျ။ တစ်ခုခုသောက်ပါဦး။ ကားပြင်ဖို့ကော ကျွန်တော်တို့ အကူအညီပေးဖို့ လိုဦးမလား"

" ကျေးဇူးပါပဲဗျာ၊ မလိုတော့ပါဘူး။ ကျွန်တော့်လူပြင်နိုင်ပါတယ်။ ဒါနဲ့ ကျွန်တော့်နာမည် က ကွင်းပါ။ ဟာလေကွင်း လို့ခေါ်ပါတယ်"

" ထိုင်ပါ မစ္စတာကွင်း" ဟု အိမ်ရှင်မက ဖိတ်ခေါ်၏။ " ဟောဒါတာ

ဆာရစ်ချတ် ကွန်ဝေးနဲ့ မစ္စတာဆတ္ထဝိတ်ပါ။ ကျွန်တော်က အိဗ်ရှမ် ပါ"

မစ္စတာကွင်း က ပြုံး၍ အသိအမှတ်ပြုပြီး ကုလားထိုင်တစ်လုံးထွင်ဝင်ထိုင်လိုက်သည်။ သူ့ မျက်နှာပေါ်တွင် အရိပ်တစ်ခုကျရောက်နေရာ မျက်နှာဖုံးစွပ်ထားသလိုထင်ရပါသည်။

" ဒီအရပ်ကို မစ္စတာကွင်း ကောင်းကောင်းသိတယ်ထင်ပါရဲ့" ဟု အိဗ်ရှမ်ကဝီစကီတစ်ဖန်ခွက်လှမ်းပေးရင်းပြောလိုက်ပါသည်။ မစ္စတာကွင်း က " လွန်ခဲ့တဲ့ နှစ်အတော်ကြာလောက်က ဖြတ်သွားဖူးပါတယ်" ဟု ပြန်ပြော၏။ " အဲဒီတုန်းက ဒီအိမ်ကိုမစ္စတာကာပယ်ဆိုတဲ့ လူပိုင်တာပါ"

" ဟုတ်ကဲ့၊ ဒါးရက် ကာပယ်ပါ။ သူ့ကို သိသလားခင်ဗျ"

" သိပါတယ်ဗျာ"

အိဗ်ရှမ်၏အမူအရာ မသိမသာ ပြောင်းသွား၏။ ပို၍ရင်းနှီးဟန်ရှိလာပ်သည်။ မစ္စတာကွင်းသည် ဒါးရက်ကာပယ်ကို သိ၏။ သူ့မိတ်ဆွေ၏ မိတ်ဆွေတစ်ယောက် ဟု မစ္စတာကွင်းကို အသိအမှတ်ပြုလိုက်ပါသည်။

" အတော်အံ့သြစရာကောင်းတဲ့ အဖြစ်ပါဗျာ၊ အခုပဲ ကျွန်တော်တို့ အဲဒီအကြောင်း ပြောနေကြတာပါ။ ဒီအိမ်ကိုဝယ်ခဲ့တာလည်း စိတ်တထင့်ထင့်နဲ့ပါပဲ။ တခြားသင့်တော်တဲ့ အိမ်ကလည်း ရှာမရခဲ့ဘူးလေ။ သူ့ကိုယ်သူ ပစ်သတ်ပြီး သေသွားတဲ့ညက ကျွန်တော်လည်း ဒီမှာရှိနေတာပေါ့။ ကွန်ဇေးလည်း အတူတူပဲ။ ဘယ်တော့များ တစ္ဆေတွေရမလဲလို့ အမြဲတွေးနေမိတော့တာပဲဗျို့"

" တော်တော်နားလည်ရခက်တဲ့ကိစ္စပါပဲ" ဟု မစ္စတာကွင်းက ဖြည်းဖြည်းနှင့်လေးလေးနက်နက်ပြော၏။

" ကြောက်စရာကောင်းတဲ့ ပဟေဠိတစ်ခုလို အမြဲတမ်းရှိတော့မှာပါပဲ" ဟု ကွန်ဝေးက မှတ်ချက်ချပါသည်။ ထို့နောက် သူ့အယူအဆကို ဆက်ပြော၏။ တကယ့်အံ့သြဖို့ကောင်းတယ်။ အရွယ်ကလည်း ကောင်းတုန်း၊ ပျော်ပျော်ရွှင်ရွှင်နဲ့ လွတ်လပ်ပေါ့ပါးတဲ့ စိတ်ရှိတဲ့သူ၊ အပူအပင်ဆိုလို့ ဘာမှ မရှိတဲ့သူဗျာ။ ရင်းနှီးတဲ့ မိတ်ဆွေငါးယောက်ခြောက်ယောက်က သူနဲ့ အတူရှိနေတယ်။ ညစာစားပွဲမှာတက်ကြွထက်သန်တဲ့ စိတ်နဲ့အနာဂတ် စီမံကိန်းတွေ အကြောင်းပြောနေသေးတယ်။ ညစာစားပွဲကနေ အပေါ်ထပ် သူ့အခန်းကိုတက်သွားတယ်။ အံ့ဆွဲထဲက ရီဗော်လ်ဗာ သေနတ်ကို ထုတ်ယူပြီး သူ့ကိုယ်သူပစ်သတ်လိုက်တယ်။ ဘာကြောင့်တဲ့လဲ။ ဘယ်သူမှ မသိခဲ့ကြဘူး။ ဘယ်တော့မှလည်း သိမှာ မဟုတ်တော့ဘူး"

" အဲဒီလိုဆိုရင် ခွင်းချက်မရှိ ဆုံးဖြတ်လိုက်ရာ မရောက်ပေဘူးလားဗျာ" ဟု မစ္စတာကွင်းက ပြုံးလျက် ပြောလိုက်ရာ ကွန်ဝေး နားမလည်နိုင်စွာသူ့ကို စိုက်ကြည့်၏။ " ဘာကိုဆိုလိုတာလဲဗျ၊ ကျွန်တော်တော့ နားမလည်ဘူး"

"ပြဿနာတစ်ခုဟာ မဖြေရှင်းနိုင်သေးတဲ့အတွက် ဖြေရှင်းလို့မရတော့ဘူးလို့ မဆိုနိုင်ပါဘူးဗျာ"

"အိုး- မိတ်ဆွေရဲ့ အဲဒီအချိန်ကမှ မဖြေရှင်းနိုင်ခဲ့ရင် အခုဆယ်နှစ်ကြာမှ ဘယ်လို လုပ်ရှင်းနိုင်ပါ့တော့မလဲ"

မစ္စတာကွင်းက ခေါင်းကို ဖြည်းညင်းစွာခါလိုက်ပါသည်။

" ဒါတော့ ကျွန်တော်သဘောမတူနိုင်ဘူး။ ဖြစ်ရပ်တစ်ခုရဲ့ သမိုင်းအထောက်အထားဟာ အဲဒီကာလမှာ ရှိနေတဲ့သမိုင်းပညာရှင်တစ်ယောက်အတွက် မပြည့်စုံတာမျိုးရှိတာဘဲတယ်။ သမိုင်းပညာရှင်တစ်ယောက်ဟာ ပစ္စက္ခအခြေအနေတွေကို ဘယ်တော့မှ မရေးဘူးဗျ။ နောက်ပေါ်လာမယ့် နှောင်းပိုင်းကာလ သမိုင်းပညာရှင်တွေရေးဖို့ ချန်ထားတတ်ကြတယ်။ ဖြစ်ရပ်မဲ့နိမ့်တွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရှုမြင်သုံးသပ်နိုင်ဖို့က အရေးကြီးတာကိုး။ နှိုင်းယှဉ်မှုသဘောတရားဆိုတာမျိုးနဲ့ အလားတူပါပဲဗျာ"

အဲလက်စ်ပေါ်တယ်က ရှေ့ကိုင်းလျက် စိတ်ထက်သန်စွာပြောလိုက်ပါသည်။" မှန်တယ် မစ္စတာကွင်း၊ ခင်ဗျားမှန်တယ်။ အချိန်ကာလဟာ မေးခွန်းပြဿနာတစ်ခုကို ဖျောက်ဖျက်မပစ်နိုင်ဘူး။ ကွဲပြားခြားနားတဲ့ ပုံစံမျိုးဖြစ်ချင်ဖြစ်မယ်၊ အသစ်ပြန်ပြီးတော့ပေါ်လာရတာပဲ"

အိဗ်ရှမ်က သဘောထားကြီးသောအပြုံးမျိုးပြုံးလျက်ဝင်ပြော၏။ " ဒါဖြင့် မစ္စတာကွင်းဆိုလိုတာက ဒါးရက်ကာပယ် သေဆုံးခဲ့တဲ့အခြေအနေနဲ့ ပတ်သက်ပြီး ဒီညမှာ ကျွန်တော်တို့ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့အနေနဲ့ ညှိနှိုင်းစုံးစမ်းကြည့်ကြမယ်ဆိုရင် ဟိုတုန်းကတည်းက ရှိခဲ့တဲ့အဖြေကိုအခု ဖော်ထုတ်နိုင်မယ်ဆိုတဲ့သဘောလား"

" ဖြစ်နိုင်စရာရှိပါတယ်၊ မစ္စတာအိဗ်ရှမ်။ အဲဒီတုန်းက ရှိခဲ့တဲ့လူတွေရဲ့ ပုဂ္ဂိုလ်ရေး အယူအဆတွေကို ခုချိန်မှာ ဖယ်ပစ်လိုက်ပြီးသားဖြစ်နေပြီ။ ခုချိန်မှာ အချက်အလက်တွေကို အချက်အလက်တွေအတိုင်းပဲ ဘာအစွဲမှာမပါဘဲ ပြန်စဉ်းစားကြည့်လို့ရနိုင်ပါပြီ" မစ္စတာအိဗ်ရှမ်မှာမူ သံသယဖြစ်ဟန်ဖြင့် မျက်မှောင်ကုတ်နေပါသည်။

" ဘယ်သူမှာမဆို စစဉ်းစားတဲ့အချက်တစ်ခုခုရှိကြတာချည့်ပါပဲ။" ဟု မစ္စတာကွင်းက တည်ငြိမ်အေးဆေးသော လေသံဖြင့်ဆက်ပြောပါသည်၊

"စ စဉ်းစားတဲ့အချက်ဟာ အယူအဆတစ်ခုပါပဲ။ ခင်ဗျားတို့တစ်ဦးချင်းစီမှာ သီဝရီအယူအဆတစ်ခုစီရှိကြမှာချည်းပဲ။ သေချာပါတယ်။ ဘယ့်နယ့်လဲ ဆာရစ်ချတ်"

ကွန်ဝေးက မျက်မှောင်ကုတ်လျက် စဉ်းစားရင်းပြန်ပြော၏။ "အားလုံးပဲ၊ ကိုယ့်အယူအဆနဲ့ကိုယ်ရှိခဲ့ကြတာပေါ့။ မိန်းမပြဿနာတစ်ခုခုလို့ ယူဆခဲ့ကြ တယ်။ ငွေကိစ္စဖြစ်ဖြစ် မိန်းမကိစ္စဖြစ်ဖြစ် ဒီလိုပဲ ပြဿနာဖြစ်လေ့ရှိတာကိုး။ ငွေကြောင့်မဟုတ်တာတော့ သေချာတယ်။ ဒီတော့ တစ်ခုပဲ စဉ်းစားဖို့ရှိတော့ တာပေါ့"

မစ္စတာဆတ္ထဝိတ် သူ့ကိုယ်ပိုင် မှတ်ချက်တစ်ခုပေးရန်ရွေ့သို့အနည်းငယ်ကိုင်းလိုက်၏။ ထိုစဉ်တွင် အပေါ်ထပ်ဝရန်တာလက်ရမ်းများကို ကွယ်လျက် ငြိမ်သက်စွာ ဝပ်နေသော အမျိုးသမီးတစ်ယောက်ကို သူသတိပြုမိလိုက်သည်။ ထိုအမျိုးသမီးကို သူနေရာမှသာ မြင်နိုင်ပါသည်။ အောက်တွင် ဘာတွေပြောနေကြသည်ကို အာရုံစိုက်နားထောင်နေခြင်းမှာလည်း သိသာနေပါသည်။ တုတ်တုတ်မျှမလှုပ်ဘဲ ရှိနေခြင်းဖြစ်သောကြောင့် မစ္စတာဆတ္ထဝိတ်ကိုယ့်မျက်စိကိုယ်မယုံချင်သလိုပင်ဖြစ်မိသေးသည်။ သို့ရာတွင် အဝတ်အစားကို မြင်ရသောကြောင့် သူခန့်မှန်းနိုင်ပါသည်။ အီလေနာပေါ်တယ် ဖြစ်ပါ၏။ ဖြစ်နေသောအခြေအနေမှာ ပြဇာတ်တစ်ခုမှ ဇာတ်ဝင်ခန်းနှင့်တူပါသည်။ မစ္စတာကွင်းသည် မရည်ရွယ်ဘဲရောက်လာခဲ့ခြင်းဖြစ်သော်လည်း သူဝင်ရမည့် အခန်းရောက်၍ ဝင်လာသလိုဖြစ်နေပါသည်။ ရွှိုင်စတန်အိမ်ကြီး၏ ခန်းမထဲတွင် ယနေ့ည ပြဇာတ်တစ်ပုဒ်တင်ဆက်လျက်ရှိပါ၏။ ဇာတ်ဆောင်တစ်ဦးမှာမူ သေဆုံးခဲ့ပြီးဖြစ်ပေသည်။ မှန်ပါသည်။ ဒါးရက်ကာပယ်သည်လည်း သူကပြရသည့် ကဏ္ဍာရှိပါ၏။ ထိုအချက်ကို မစ္စတာဆတ္ထဝိတ် အသေအချာသိပါသည်။

ထို့ပြင် သူတွင် အတွေးသစ်တစ်ခုဝင်လာ၏။ ယခုပြဇာတ်ကို ဖန်တီးတင်ဆက်သူမှာ မစ္စတာကွင်း ပင်ဖြစ်သည်။ သရုပ်ဆောင်များကို သူက စဉ်နေရာချထားပေးနေ၏။ ဇာတ်ကို အဓိကကြိုးကိုင်သူမှာ သူဖြစ်ပါသည်။ အပေါ်ထပ်ဝရန်တာမှ စောင့်နားထောင်နေသောအမျိုးသမီးကိုပင်လျှင် သူသိနေပုံရပါသည်။

မစ္စတာဆတ္ထဝိတ် ထိုင်ခုံပေါ်တွင် သက်သာစွာပြန်ထိုင်ပါသည်။ ပွဲကြည့်ပရိသတ်တစ်ဦးလို ရှေ့တွင်ခင်းကျင်းပြသနေသော ဇာတ်ပွဲကို သူကြည့်တော့မည်ဖြစ်သည်။ ဒီဇာတ်ကို မစ္စတာကွင်း ဘယ်လိုစီးနင်း ဆိန်းကျောင်းသွားမလဲ

ဟု သူသိလိုပေသည်။

"အမျိုးသမီးတစ်ယောက်" မစ္စတာကွင်း ခပ်တိုးတိုးရေရွတ်လိုက်သည်။ "ညစာ စားပွဲမှာ အမျိုးသမီးတစ်ယောက်အကြောင်း ပြောဖြစ်တာမျိုးမရှိဘူးလား"

"ရှိတယ်လေ" ဟု အိဗ်ရွမ်က အားတက်သရောပြော၏။ "သူ့စေ့စပ်တဲ့သတင်းကို အဲဒီမှာပြောခဲ့တာပဲ။ သူအတော်ကို စိတ်တက်ကြွနေတယ်၊ ဘယ်သူနဲ့ဆိုတာကို အဲဒီတုန်းက မကြေညာချင်သေးဘူးလို့ပြောတယ်။ စိတ်ကြိုက်မြင်းကို ပုံအောထားရသလိုပဲလို့လည်း စဉ်းစားစရာ သဲလွန်စတစ်ခုပေးခဲ့သေးတယ်။"

"အမျိုးသမီး ဘယ်သူဖြစ်မလဲဆိုတာ ကျွန်တော်တို့အားလုံး ခန့်မှန်းနိုင်ခဲ့ကြပါတယ်" ဟု ကွန်ဝေးကပြော၏။ "မာဂျော်ရီ ဒီလိုခေးပါပဲ၊ တော်တဲ့မိန်းကလေးပါ"

မစ္စတာကွင်း ပြောရမည့်အလှည့်ရောက်ပြီဟု ဆိုနိုင်သော်လည်း သူက ဘာမှ မပြောပါ။ သူတိတ်တိတ်နေခြင်းသည် ကျန်လူများ စိတ်အနှောင့်အယှက်ဖြစ်စေရန် ဖန်တီးသလိုဖြစ်နေပါသည်။ ကွန်ဝေး၏ နောက်ဆုံးပြောကြားချက်ကို သူလက်မခံနိုင်သည့်ပုံပေါ်နေပါသည်။ သို့ဖြစ်ရာ ကွန်ဝေးက အိဗ်ရွမ်ကို စစ်ကူတောင်းသလို မေးလိုက်၏။ "တခြားဘယ်သူဖြစ်နိုင်လို့လဲဗျ"

"ကျွန်တော်မပြောတတ်ဘူး" ဟု တွမ်အိဗ်ရွမ်က ဖြည်းဖြည်းပြော၏၊ "သူပြောခဲ့တဲ့စကားက ဘာတဲ့လဲ။ စိတ်ကြိုက်မြင်းကို ပုံအောထားရသလိုပဲတဲ့။ ခွင့်ပြုချက်မရဘဲ အမျိုသမီးနာမည်ကို ထုတ်မပြောချင်တဲ့သဘောပေါ့။ ကျွန်တော်မှတ်မိတာကတော့ သူသိပ်ကံကောင်းတယ်တဲ့၊ သူမိတ်ဆွေရင်းနှစ်ယောက်ကို အသိပေးထားတာလည်း ရှိတယ်၊ နောက်နှစ်ဒီလိုအချိန်မှာဆိုရင် သူဟာ အိမ်ထောင်သည်တစ်ဦးအဖြစ်နဲ့ ပျော်နေရတော့မယ်တဲ့၊ တွန်တော်တို့လည်း မာဂျော်ရီလို့ပဲ နားလည်ထားခဲ့ကြတာပါ။ သူတို့နှစ်ယောက်ဟာ သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေကိုး။ နှစ်ယောက်အတူတွေ့ရတာလည်း မကြာခဏပဲ"

"တစ်ခုတော့စဉ်းစားစရာရှိတယ်ပေါ့" ဟု ကွန်ဝေးကပြောသည်၊ "အဲဒါဟာ မာဂျောရီပဲဆိုရင်တော့ စေ့စပ်တာကို ချက်ချင်းမကြေညာနိုင်တာဟာ အံ့သြစရာဖြစ်နေတယ်။ လျှို့ဝှက်ထားဖို့လိုတာမှ မဟုတ်ဘဲ၊ အမျိုးသမီးက လွတ်လပ်သူမဟုတ်ရင်တော့လည်း တစ်မျိုးပေါ့- ဥပမာ လင်ယောက်ျား

သေဆုံးပြီးခါစဖြစ်ဖြစ်၊ ကွာရှင်းလုဆဲဆဲဖြစ်ဖြစ်ပေါ့"

" မှန်ပါတယ်" ဟု အိဗ်ရှမ်က ထောက်ခံသည်။ " အဲဒီလိုဆိုရင်တော့ စေ့စပ်တာကို ချက်ချင်းကြေညာလို့ မဖြစ်ပါဘူး။ ပြီးတော့ မာဂျောရီနဲ့က အရင်တစ်နှစ်လောက်ကသာ ရင်းရင်းနှီးနှီးရှိခဲ့ကြတာပါ။ အဲဒီအချိန်မှာ သူတို့ သိပ် နီးနီးကပ်ကပ်မရှိကြတော့ပါဘူး။"

" ထူးတာပဲဗျ" ဟု မစ္စတာကွင်းက ပြော၏။ " သူတို့နှစ်ယောက်ကြားမှာ တခြားတစ်ယောက်ဝင်လာသလိုပေါ့"

" နေဦးဗျ၊ အဲဒီညက ဒါးရက်ဟာ ရယ်စရာကောင်းလောက်အောင်ကို ပုံပျက်နေတယ်။ အပျော်လွန်နေတဲ့ ပုံမျိုးပဲ။ ဒါပေမယ့် တစ်ခါတစ်ခါတော့လည်း သူစိတ်ကသိကအောက် ဖြစ်တာမျိုး တွေ့ရသေးတယ်။ ဘာမှန်းကို မသိဘူး"

ကံကြမ္မာကိုဆန့်ကျင်တွန်းလှန်နေတဲ့ လူလိုဖြစ်နေမှာပေါ့ဗျာ" ဟု အဲလက်စ်ပေါ်တယ် က ပြောလိုက်သည်။ မစ္စတာဆတ္ထဝိတ် က သူ့ကိုကြည့်ရင်း ဒါးရက်အကြောင်းပြောတာလား၊ သူ့အကြောင်းသူ ပြောနေတာများလား ဟု စဉ်းစားမိ၏။ ဟုတ်တယ်။ အဲဒါ အဲလက်စ်ပေါ်တယ်ဖြစ်နေတဲ့ပုံပဲ။ ကံကြမ္မာကို ဆန့်ကျင်တွန်းလှန်နေတဲ့သူ။

မစ္စတာဆတ္ထဝိတ် အပေါ်မေ့ကြည့်လိုက်၏။ အမျိုးသမီးရှိနေဆဲပင်၊ မလှုပ်မရှားနှင့်လူသေတစ်ယောက်လို ငြိမ်သက်နေတာ စောင့်ကြည့်နားထောင်နေပါ၏။

" ဟုတ်တယ်၊ အဲဒီအတိုင်းပဲ" ဟု ကွန်းဝေးက ပြော၏။ " ကာပယ်ဟာ သိပ်စိတ်လှုပ်ရှားနေတယ်။ အကြီးအကျယ်ပုံအောလောင်းထားပြီး အနိုင်ကြီးနိုင်ရတော့မယ်လူလိုဖြစ်နေတယ်။"

" သူလုပ်မယ်လို့ စိတ်ပိုင်းဖြတ်ထားတဲ့ အလုပ်တစ်ခုအတွက် သတ္တိမွေးနေတာလည်းဖြစ်နိုင်တာပေါ့" ဟု ပေါ်တယ် က ထင်မြင်ချက်ပေး၏။ ထို့နောက် သူထ၍ တစ်ခွက်သောက်လိုက်ပြန်သည်။

အိဗ်ရှမ် က သူ့ထင်မြင်ချက်ကို လက်မခံပါ။ " အဲဒီလိုတော့ မဟုတ်နိုင်ဘူးဗျ။ ကွန်ဝေးပြောတာမှန်ပါတယ်။ လောင်းကစားသမားတစ်ယောက်ဟာ နိုင်နိုင်စရာမရှိတဲ့ ကစားပွဲမှာ ပုံအောလောင်းခဲ့ပြီး အနိုင်ရတော့မယ်ဆိုတော့ သူ့အောင်မြင်မှုကို သူ့ဘာသာသူ မယုံနိုင်အောင် ဖြစ်နေတဲ့သဘောပါပဲ"

သို့ရာတွင် ကွန်ဝေးက စိတ်ပျက်အားလျော့ဟန်ဖြင့် ပြန်ပြောပါသည်။

" ဒါနဲ့တောင်ဗျာ - ဆယ်မိနစ်ကြာတော့-" သူတို့တိတ်ဆိတ်သွားပါသည်။ ထို့နောက် အိဗ်ရှမ်က စားပွဲကို လက်ဖြင့် ခပ်ပြင်းပြင်းပုတ်လိုက်ပြီး - "အဲဒီဆယ်မိနစ်အတွင်းမှာ တစ်ခုခုဖြစ်သွားခဲ့ရ မယ်ဗျာ၊ ဘာဖြစ်ခဲ့တာလဲ၊ ကျွန်တော်တို့ သေသေချာချာပြန်စဉ်းစားကြည့်ရ အောင်။ ကျွန်တော်တို့ အားလုံး စကားပြောနေကြတယ်။ ပြောနေရင်းနဲ့ ကာပယ်ဟာ အခန်းထဲကနေထထွက်သွားတယ်။"

" ဘာဖြစ်လို့လဲ" ဟု မစ္စတာကွင်းက မေး၏။ သူဖြတ်မေးလိုက်သောကြောင့် အိဗ်ရှမ်စိတ်ရှုပ်သွားရပါသည်။ သူက မျက်မှောင်ကုတ်ပြီး အသည်းအသန်ပြန်စဉ်းစားနေ၏။ " သိပ်အရေးတကြီးတော့လည်း မဟုတ်ဘူးဗျ။ အဲဒီတုန်းက - အို - ဟုတ်ပြီ၊ စာပို့သမားရောက်လာတာပဲ။ ခေါင်းလောင်းသံ ကြားလိုက်တော့ ကျွန်တော်တို့ တော်တော်စိတ်လှုပ်ရှားသွားကြရတယ်လေ။ နှင်းမုန်တိုင်းကျပြီး အဆက်အသွယ်ပြတ်နေတာသုံးရက်ရှိပြီကိုး။ လမ်းတွေကသွားမရတော့စာတွေ သတင်းစာတွေလည်း မရောက်လာနိုင်ဘူးပေါ့။ ကာပယ် အပြင်ထွက်ကြည့်ပြီး ပြန်ဝင်လာတော့ စာတွေနဲ့ သတင်းစာတွေတပွေ့တပိုက်ပါလာတယ်။ သတင်းစာမှာ ဘာသတင်းတွေထူးမလဲလို့ သူဖွင့်ဖတ်တယ်။ ပြီးတော့ စာတွေယူပြီး အပေါ်ထပ်တက်သွားတယ်။ သုံးမိနစ်လောက်ကြာတော့ သေနတ်သံကြားရတာပဲ။ ဘယ်လိုမှ နားမလည်နိုင်စရာမရှိဘူး"

" နားမလည်နိုင်လောက်အောင်လည်း မဟုတ်ဘူးဗျ" ဟု ပေါ်တယ်က ပြော၏။ " သူစာတွေဖောက်ဖတ်မယ်ဗျာ၊ အဲဒီမှာ မမျှော်လင့်တဲ့ တစ်ခုခုကို သိလိုက်ရလိမ့်မယ်။ အဲဒါပါပဲဗျ၊ ရှင်းပါတယ်"

" ဟာ - ကျွန်တော်တို့ အဲဒါတော့မစဉ်းစားမိဘဲရှိပါ့မလား၊ စစ်ဆေးကြားနာပွဲအရာရှိကလည်း အဲဒီမေးခွန်း မေးခဲ့သေးတာပဲ။ ကာပယ်က စာတစ်စောင်မှ ဖောက်မဖတ်ခဲ့ပါဘူးဗျာ။ စာတွေအာလုံးသူ့အခန်းထဲကစားပွဲပေါ်မှာ အထပ်လိုက်ရှိနေခဲ့တာပါ။"အိဗ်ရှမ်၏ စကားကြောင့် ပေါ်တယ်သူ့အမှားကို မြင်ပြီး ဝမ်းနည်းသွားရ၏။ သို့ရာတွင် သူက ထပ်မေးလိုက်ပါသည်။ " စာတစ်စောင်မှ ဖောက်မဖတ်ဘူးဆိုတာ သေချာရဲ့လားဗျာ။ ဖတ်ပြီး ဖျက်ဆီးပစ်လိုက်တာကော မဖြစ်နိုင်ဘူးလား"

" မဖြစ်နိုင်ပါဘူးဗျာ။ ဘယ်စာမှ ဖွင်မဖတ်ခဲ့တာပါ။ ဆုတ်ဖြဲပစ်တာတို့ မီးရှို့ပစ်တာတို့လည်း မလုပ်ခဲ့ဘူး။ မီးဖိုထဲမှာ မီးကို မရှိပါဘူး"

" ထူးဆန်းတယ်" ပေါ်တယ်က ခေါင်းခါလျက်ပြောသည်။ အိဗ်ရှမ်က

အသံနိမ့်နိမ့်ဖြင့် - " ကြောက်စရာလည်းကောင်းတယ်။ သေနတ်သံကြားလို့ ကွန်ဝေးနဲ့ ကျွန်တော်အပေါ်ထပ်တက်သွားကြည့်တော့ - မမြင်ရက်စရာပါဗျာ"

" ဘာမှ မလုပ်နိုင်တော့လို့ ရဲကိုပဲဖုန်းဆက် ခေါ်လိုက်တယ်ဆိုပါတော့" ဟု မစ္စတာကွင်းက ပြော၏။

" ရွိုင်စတန်မှာ အဲဒီတုန်းက ဖုန်းလိုင်းမရှိသေးဘူးဗျ။ ကျွန်တော်ဝယ်ပြီးမှ ဖုန်းရတာ၊ ကံကောင်းချင်တော့ ဒေသခံရဲစခန်းမှူး က အိမ်ကိုရောက်လာတယ်။ ကွန်ဝေး - ခင်ဗျားမှတ်မိမှာပေါ့၊ အိမ်မှာရှိတဲ့ ရိုဗာဆိုတဲ့ခွေးဟာ အရင်ရက်က ပျောက်နေတယ်လေ။ အဲဒီကောင်နှင်းပုံထဲမှာ တစ်ဝက်မြုပ်နေတာကို လှည်းသမားတစ်ယောက်တွေ့လို့ ရဲစခန်းကို ယူသွားပေးတယ်။ ရဲကာပယ်ရဲ့ ခွေးမှန်းသိပြီး စခန်းမှူးကလည်း ခွေးချစ်တတ်သူဆိုတော့ သူကိုယ်တိုင်အိမ်ကို ယူလာပေးတာကိုး။ သေနတ်သံကြားခါနီး တစ်မိနစ်လောက်ပဲရှိမယ်၊ သူရောက်လာတာ။ ကံကောင်းတဲ့တိုက်ဆိုက်မှုပါပဲ။"

" ဟုတ်တယ်၊ ဒီလိုအချိန်မျိုးပါပဲ၊ ဇန်နဝါရီလဆန်းပိုင်းမှာမှ နှင်းမုန်တိုင်းကျလာတာ" ကွန်ဝေးက အတိတ်ကိုပြန်တွေးပြီးပြောရာ အိဗ်ရှမ်က " ဖေဖော်ဝါရီ မဟုတ်ဘူးလားဗျ၊ သိပ်မကြာခင် ကျွန်တော်တို့ နိုင်ငံခြားထွက်သွားခဲ့တာပဲ" ဟု ပြန်ပြော၏။ ကွန်ဝေးကလည်း " ဇန်နဝါရီ သေချာပါတယ်ဗျာ၊ ကျွန်တော့်အမဲလိုက်မြင်း နက်ဒ် ဟာ ဇန်နဝါရီအကုန်မှာ ခြေကျိုးသွားတာပဲ။ အဲဒါ အမှုပြီးကာစပေါ့" ဟု အခိုင်အမာပြောသည်။

" ဒီလိုဖြင့်ရင် ဇန်နဝါရီကုန်ခါနီးလောက်မှာ ဖြစ်ပါလိမ့်မယ်။ ရယ်စရာကောင်းတယ်။ သိပ်ကြာသွားတဲ့အခါ ရက်တွေပြန်စဉ်းစားရတာမလွယ်ဘူး"

" မှန်တာ့ပေါ့ဗျာ၊ အခက်ဆုံးအလုပ်တစ်ခုပါပဲ" ဟု မစ္စတာကွင်းက ထောက်ခံ၏။ " အထင်ကရ အဖြစ်အပျက်တစ်ခုခုနဲ့ တိုက်ဆိုင်နေရင်သာ မှတ်မိနိုင်တာပါ။ ဥပမာ နိုင်ငံတော်လုပ်ကြံမှုတို့၊ ကြီးကျယ်တဲ့လူသတ်မှုတို့လိုမျိုးပေါ့"

" ဟာ -ဟုတ်သားပဲ၊ ရှိတာပေါ့။ အဲဒါ အဲပယ်လ်တန် အမှုမတိုင်ခင်လေးမှာပဲလေ။" ဟု ကွန်ဝေးက အားတက်သရောပြောရာ အိဗ်ရှမ်က အမှုဖြစ်ပြီးခါစ မဟုတ်ဘူးလား" ဟု ပြန်မေး၏။

" မဟုတ်ဘူးဗျ၊ ခင်ဗျားမမှတ်မိဘူးလား။ အဲပယ်လ်တန် လင်မယားကာပယ်လ် က ရင်းနှီးတယ်လေ။ ပြီးခဲ့တဲ့နွေဦးပေါက်မှာသူတို့အိမ်သူသွားနေသေးတယ်ဗျာ။ အဲပယ်လ်တန် မသေခင် တန်[illegible]လောက်ကပေါ့။ တ[illegible]ညမှာသူအဲပယ်လ်တန်အကြောင်း ပြောသေးတယ်။ တော်တော်စိတ်ထားပုပ်တဲ့ အဘိုးကြီးတဲ့။ ငယ်ငယ်ချောချောနဲ့ သူ့မိန်းမဟာ သူနဲ့နေရတာ အတော်စိတ်ဆင်းရဲမှာပဲတဲ့။ အဘိုးကြီးသေတော့ သူ့မိန်းမ သတ်လိုက်တာလို့ သံသယ ဖြစ်ခဲ့ကြသေးတယ်လေ။"

" ဟာ - ဟုတ်တာပေါ့ဗျာ။ သတင်းစာထဲမှာ အလောင်းပြန်ဖော်စစ်ဆေးဖို့ အမိန့်ချလိုက်ပြီလို့ ပါလာတာ ကျွန်တော်ဖတ်မိတယ်။ အဲဒါ ဒါးရက်သတ်သေတဲ့နေ့ပဲဗျ။ အဲဒီသတင်းကို ကျွန်တော်အာရုံတစ်ဝက်ပဲစိုက်မိခဲ့တာ၊ ကျန်တဲ့တစ်ဝက်က အပေါ်ထပ်မှာ သေနေတဲ့ ဒါးရက် အလောင်းဆီရောက်နေတာကိုး"

" ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝပါပဲ" ဟု မစ္စတာကွင်းက မှတ်ချက်ချ၏။ " အာရုံကိုသိပ်စူးစိုက်ရတဲ့ အခါမျိုးမှာ အရေးမပါတဲ့ ကိစ္စတစ်ခုကို စိတ်ကအလို အလျောက်ပဲ ခပ်ပေါ့ပေါ့ထိန်းသိမ်းထားလိုက်တယ်။ နောက်သိပ်ကြာသွားတဲ့ အခါမှာ အဲဒီသိမ်းဆည်းထားတဲ့ အဖြစ်အပျက်ကို အကြောင်းတိုက်ဆိုင်နဲ့ တိတိကျကျ ပြန်ထုတ်ပေးလိုက်တတ်တယ်။ ဘယ်လိုမှ မပတ်သက် မဆီဆိုင်တဲ့အခြေအနေမျိုးမှာ ပေါ်ချင်ပေါ်လာတတ်တာမျိုးပဲ။ နံရံကပ်အလှဆင် စက္ကူပေါ်က ဒီဇိုင်းတွေလိုပေါ့ဗျာ။ မေ့ပျောက်သွားတယ်လို့တော့ မရှိဘူးဗျ"

" ခင်ဗျားပြောတာ တော်တော်တော့ဆန်းတာပဲ မစ္စတာကွင်း၊" ဟု ကွန်ဝေး က ပြန်ပြော၏။ " ခင်ဗျားပြောတာနဲ့ကျွန်တော်ဒါးရက်ကာပယ်ရဲ့ အခန်းထဲ ပြန်ရောက်သွားသလို ခံစားလိုက်ရတယ်။ ဒါးရက်က ကြမ်းပေါ်မှာ လဲနေတယ်။ ကျွန်တော်အမှတ်တမဲ့ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်မိတော့ သစ်ပင်ကြီးတစ်ပင်နဲ့ သူ့အရိပ်က နှင်းပြင်ပေါ်ထင်နေတာ တွေ့ခဲ့တယ်။ ဟုတ်တယ်၊ လရောင်ရယ်၊ နှင်းပြင်ကြီးရယ်၊ သစ်ပင်အရိပ်ရယ်၊ အခုတောင်ပြန်မြင်သေးတယ်ဗျာ"

" သူ့အခန်းက ဆင်ဝင်အပေါ်မှာ ရှိတဲ့အခန်းကျယ်ကြီးမဟုတ်လား" ဟု မစ္စတာကွင်းက မေး၏။

" ဟုတ်ပါတယ်။ သစ်ပင်ကြီးက ပင်စည်ချောချောနဲ့ ယူကလစ်လို အပင်ကြီးပါ။ အိမ်အဝင်ထောင့်မှာ ရှိနေတာ။"

" မစ္စတာကွင်း ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်ပါသည်။ မစ္စတာဆတ္ထင်တ်မှာ ထူးထူးခြားခြားထိတ်လန့်သလိုဖြစ်နေသည်။ မစ္စတာကွင်း၏ စကားလုံးတိုင်းတွင် ရည်[illegible]စ်ခုခုပါနေပါကြောင်း သူသိ၏။ သူတစ်ခုခုဆိုသို့

တွန်းပို့နေသည်ဟု သိသော်လည်း ဘာဆိုသည်ကို မစ္စတာဆတ္ထဝိတ် မမြင်နိုင်ပါ။

ခေတ္တမျှတိတ်ဆိတ်သွားပြီး အိဗ်ရှမ်က စကားလမ်းကြောင်းကို ပြန်ကောက်ပါသည်။

" အဲဒီအဲပယ်လ်တန်အမှုကို ကျွန်တော် အခုကောင်းကောင်းမှတ်မိလာပြီ။ အမျိုးသမီးဟာ အမှုကလွတ်သွားတယ် မဟုတ်လား"

မရည်ရွယ်ဘဲနှင့်မစ္စတာ ဆတ္ထဝိတ်၏ မျက်လုံးများက ဝရန်တာပေါ်သို့ ကြည့်မိပြန်သည်။ သူ့စိတ်ထင်ပဲလားမသိ။ အမျိုးသမီး၏ လက်တစ်ဖက်က ဝရန်တာပေါ်ဖြန့်တင်ထားသည့် လိုက်ကာအဝတ်စကို ဆွဲယူနေရာမှ ရပ်လိုက်သလို ဖြစ်သွားသည်။

ဖန်ခွက်တစ်ခုခုကျကွဲသံကြားရ၏။ အဲလက်စ်ပေါ်တယ် ဝီစကီထပ်သောက်ရန်လှမ်းအယူတွင် ဝီစကီဖန်ချိုင့်ကျကွဲသွားခြင်းဖြစ်သည်။

" ဆောရီးဗျာ၊ ဗဲရီးဆောရီးပါ။ ကျွန်တော်ဘယ်လိုဖြစ်သွားတယ်မသိဘူး"

အိဗ်ရှမ်က သူ့တောင်းပန်စကားကို ဖြတ်ပြောလိုက်သည်။ " ရပါတယ်ဗျာ၊ တောင်းပန်စရာမလိုပါဘူး မိတ်ဆွေရဲ့၊ အင်း - ဖန်ချိုင့်ကွဲတာကြောင့် ကျွန်တော်တစ်ခု သတိရသွားပြန်ပြီ။ မစ္စစ်အဲပယ်လ်တန်ပဲမဟုတ်လားဗျ ဝိုင်နီဖန်ချိုင့်ကို ကြေမွသွားအောင်လုပ်ပစ်လိုက်တာလေ"

" ဟုတ်ပါတယ်၊ အဲပယ်လ်တန်ကြီးက ညတိုင်းဝိုင်နီတစ်ဖန်ခွက်သောက်တတ်တယ်။ သူသေပြီးတဲ့နောက်တစ်ရက်မှာ အစေခံတစ်ယောက်က သူ့ဘဲခင်မ ဝိုင်ဖန်ချိုင့်ကို တမင်ရိုက်ခွဲပစ်လိုက်တာကို မြင်ခဲ့တယ်။

အဲဒီအကြောင်းက လူတွေထဲပြန့်ပြီး ပြောကုန်ကြတော့တာပေါ့။ သူဟာ သူ့ခင်ပွန်းကြောင့် သိပ်စိတ်ဆင်းရဲနေရတယ်ဆိုတာကို အားလုံးက အဲဒီအကြောင်းက လူတွေထဲပြန့်ပြီး ပြောကုန်ကြတော့တာပေါ့။ သူဟာ သူ့ခင်ပွန်းကြောင့် သိပ်စိတ်ဆင်းရဲနေရတယ်ဆိုတာကိုအားလုံးက သိကြတယ်လေ။ ကောလာဟလက ပိုပိုကျယ်လောင်လာတော့ရှစ်လကိုးလူလောက် အကြာမှာ ဆွေမျိုးတွေက အလောင်းပြန်ဖော်စစ်မေးဖို့ လျှောက်လွှာတင်ကြတယ်။ ခွင့်ပြုချက်ရလို့ ပြန်ဖော်စစ်ဆေးတော့ အာဆင်းနစ် အဆိပ်ကို တွေ့ရတယ် မဟုတ်လား"

" မဟုတ်ဘူးဗျ၊ စထရွိုက်ခနင်းအဆိပ်ပါ။ ဒါက အရေးမကြီးပါဘူး အဆိပ်ခတ်နိုင်သူကလည်း တစ်ယောက်ပဲ ရှိတယ်။ မစ္စစ်အဲပယ်လ်တန် အဖမ်းခံရပြီး အမှုကို ရင်ဆိုင်ရတယ်။ သူကျူးလန်ကြီးဆိုတဲ့ သက်သေ

အထောက်အထားကမရှိသလောက်ဖြစ်နေတာကိုး။ အပြစ်ကင်းပါတယ်ဆိုတဲ့ ထွက်ချက်တွေကပဲ များနေတယ်။ ကံကောင်းတယ် ပြောရမှာပေါ့ဗျာ။ သူလွတ်သွားတယ်။ သူ့လက်ချက်ပဲဆိုတာ တကယ်တော့ သံသယ ဖြစ်စရာ သိပ်မရှိဘူးဗျ။ နောက်ပိုင်း သူဘာဖြစ်သွားလဲမသိဘူး"

"ကနေဒါကို ထွက်သွားတာဗျ။ ဒါမှမဟုတ် သြစတြေလျဖြစ်ချင်ဖြစ်မယ်။ အဲဒီမှာ သူ့ဦးလေးတစ်ယောက်က သူ့ကို စောင့်ရှောက်ထားတာပေါ့။ အခြေအနေအရ သူ့အတွက် အဲဒါပဲအကောင်းဆုံးဆိုရမှာပါ။"

အဲလက်စ်ပေါ်တယ် သူ့ဖန်ခွက်ကို ညာလက်ဖြင့် ဆုပ်ထားသည်မှာ တင်းကြပ်လွန်းသည့်အတွက် မစ္စတာဆတ္ထ ဝိတ်အံ့သြစွာ ကြည့်နေမိသည်။ ဒီအတိုင်းဆိုရင် ဖန်ခွက်ကွဲတော့မယ် ကိုယ့်လူ၊ သတိထားဟု သူစိတ်ထဲမှ ပြောမိ၏။ ကြည့်စမ်း သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်ကွက်ပါလား။

အိဗ်ရှင်ကထ၍ တစ်ခွက်ထပ်သောက်ရင်း "အင်း-ဒါးရက်ကာပယ် တစ်ယောက်ဘာအကြောင်းကြောင့် သူ့ကိုယ်သူစီရင်လိုက်သလဲဆိုတာ ကျွန်တော်တို့ နီးနီးစပ်စပ် ဖြစ်အောင် မတွေးနိုင်ကြပါလား။ စုံစမ်းရေးအဖွဲ့ဟာ သိပ်အောင်မြင်မှုမံရဘူးဆိုပါတော့။ ဟုတ်လား မစ္စတာကွင်း" ဟု ပြောလိုက်သည်။

မစ္စတာကွင်းကရယ်၏။ သူ့ရယ်သံမှာ သရော်သလိုလိုဖြစ်သည့်ပြင် စမ်းနည်းဟန်လည်းပါနေ၏။ အားလုံးပင် လန့်ဖျပ်သွားကြရလေသည်။ သူက "တောင်းပန်ပါတယ်" ဟု ပြန်ပြော၏။ "ခင်ဗျားဟာ ခုထက်ထိ အတိတ်မှာ နေတုန်းပဲကိုး မစ္စတာအိဗ်ရှမ်ရဲ့။ ကြိုတင်မှန်းဆထားတဲ့ အယူအဆတွေက ခင်ဗျားကို ချုပ်ကိုင်ဟန့်တားထားတုန်းပဲကိုး။ ဒါပေမယ့် အပြင်ကလာတဲ့ လမ်းသွားလမ်းလာ တစ်ယောက်ဖြစ်တဲ့ ကျွန်တော်ကတော့ အချက်အလက်တွေကိုပဲမြင်တယ်ဗျ"။

"ဗျာ - အချက်အလက်တွေ -"

" ဟုတ်ပါတယ်၊ အချက်အလက်တွေပါပဲ"

"ဘာဆိုလိုတာလဲဗျ၊" ဟု အိဗ်ရှမ်က ပြန်မေး၏။

"ခင်ဗျားတို့ ပြောတဲ့ အထဲကနေ အချက်အလက်တွေရဲ့ ဖြစ်စဉ်ကို ကျွန်တော်တွေ့တာပေါ့ဗျာ၊ အဲဒီအချက်အလက်တွေရဲ့ ထူးခြားပေါ်လွင်မှုကို ခင်ဗျားတို့ မမြင်ခဲ့ကြဘူး။ ကိုင်း - ပြီးခဲ့တဲ့ ဆယ်နှစ်ဆီကို ပြန်သွားကြည့်ကြရအောင်။ စိတ်ကူးတွေ ခံစားမှုတွေရဲ့ အချုပ်အချယ် မပါဘဲနဲ့ပေါ့ဗျာ။"

မစ္စတာကွင်း [illegible]လိုက်သည်။ သူသည် အရပ်အတော်မြင့်သည်ဟု

ထင်ရ၏။ မီးလင်းဖိုမှ မီးညွှန့်အရောင်တို့က သူနောက်ဘက်တွင် ကြိုးကြား ကြိုးကြားလင်းနေပါသည်။ သူက အသံနိမ့်နိမ့် ဆွဲဆောင်မှုရှိသော လေသံဖြင့် ပြောပါသည်။

"ခင်ဗျားတို့အားလုံး ညစာစားပွဲမှာရှိကြတယ်။ ဒါးရက် ကာပယ်က သူစေ့စပ်ပြီးပြီဆိုတာ ပြောပြတယ်။ ခင်ဗျားတို့က သူနောက်တွင် ကြိုးကြား ကြိုးကြား လင်းနေပါသည်။ သူက အသံနိမ်နိမ့် ဆွဲဆောင်မှုရှိသော လေသံဖြင့် ပြောပါသည်။

"ခင်ဗျားတို့အားလုံး ညစာစားပွဲမှာ ရှိကြတယ်။ ဒါးရက် ကာပယ်က သူစေ့စပ်ပြီးပြီဆိုတာ ပြောပြတယ်။ ခင်ဗျားတို့က မာဂျော်ရီ ဒီလ်ခေးနဲ့လို့ ထင်ကြတယ်။ အခုတော့ ခင်ဗျားတို့သိပ်မသေချာတော့ဘူး။ သူ့ဟန်ကကံကြမ္မာကို ရင်ဆိုင်ပြီး အောင်ပွဲရလို့ သိပ်ကို စိတ်လှုပ်ရှားနေတဲ့ အမူအရာရှိနေတယ်။ အဲဒီအချိန်မှာ ခေါင်းလောင်းထိုးသံကြားရတယ်။ သူအပြင်ထွက်ပြီး အရောက်နောက်ကျနေတဲ့ စာတွေသတင်းစာတွေ သွားယူတယ်။ စာတွေကို ဖောက်မဖတ်ခဲ့ဘူး။ ဒါပေမယ့် ခင်ဗျားတို့ပြောတဲ့ အထဲမှာပါတယ်နော်။ သတင်းတွေ သိရအောင် သတင်းစာကိုတော့ သူဖွင့်ဖတ်လိုက်တယ်။ ဟုတ်လား။ အခု-ဆယ်နှစ်ကြာခဲ့ပြီ။ အဲဒီနေ့က ဘာသတင်းပါတယ်လို့ ခုချိန်မှာ ဘယ်လိုမှ သိနိုင်စရာမရှိတော့ဘူး။ ကျွန်တော်တို့ သိထားတဲ့ သတင်းက တစ်ခုပဲ ရှိတယ်။ ပြည်ထဲရေးဌာနက မစ္စတာအဲပယ်လ်တန်ရဲ့ အလောင်းကို ပြန်ဖော်စစ်ဆေးခွင့်ကို ပြီးခဲ့တဲ့ သုံးရက်က ခွင့်ပြုလိုက်ပြီဆိုတဲ့ သတင်းတိုလေးပါပဲ။"

အားလုံးပင်အသက်ရှုဖို့ မေ့နေသလိုဖြစ်နေခိုက်တွင် မစ္စတာကွင်းက ဆက်ပြော၏။

" ဒါးရက် ကာပယ် အပေါ်ထပ်တက်သွားတယ်။ သူ့အခန်းပြတင်းပေါက်ကနေ သူ တစ်ခုခုလှမ်းမြင်လိုက်တယ်။ ပြတင်းပေါက်ပွင့်နေပြီး ခန်းဆီးလည်း ကာမထားဘူးဆိုတာ ဆာရစ်ချက် ကွန်ဝေးက ပြောပြီးပြီနော်။ အဲဒီကနေ အိမ်အဝင်လမ်းကို လှမ်းမြင်နေရတယ်။ သူဘာကို မြင်ခဲ့တာလဲ။ သူ့အသက်ကိုသူ စီရင်လိုက်လောက်အောင် တစ်ခုခုသူမြင်ခဲ့ရတယ်။"

" ဘာဆိုလိုတာလဲဗျ၊ သူဘာကိုမြင်ခဲ့လို့လဲ"

" ကျွန်တော်ထင်တယ်" ဟု မစ္စတာကွင်းက ပြော၏။ " ရဲအရာရှိတစ်ယောက်လာနေတာကို သူမြင်ခဲ့တာဖြစ်ရမယ်။ ခွေးတစ်ကောင်ရဲ့ ကိစ္စနဲ့လာတဲ့သူပေါ့ဗျာ။ ဒါးရက်ကာပယ်က ဒီအကြောင်းကို [illegible]ဘူး။ ရဲအရာရှိ

တစ်ယောက်လာနေတာကိုပဲ သူမြင်တယ်။"

အတန်ကြာအောင် တိတ်ဆိတ်သွား၏။ သူတို့၏မူလအတွေးအထင်များ ပျောက်သွားလောက်အောင် ကြာပါသည်။ နောက်ဆုံးတွင် အင်ရှမ်က ခပ်တိုးတိုးရေရွတ်လိုက်၏။ " ဘုရားရေ- ခင်ဗျား အဲဒီလို ဆိုချင်တာတော့မဟုတ်လောက်ပါဘူး။ အဲပယ်လ်တန် ကိစ္စလား။ အဲပယ်လ်တန်သေတုန်းက သူ အဲဒီမှာမရှိဘူးလေ။ အဘိုးကြီးနဲ့ သူ့မိန်းမပဲရှိတာ"

" အဲဒီမတိုင်ခင်တစ်ပတ်ကတော့ သူအဲဒီမှာရှိခဲ့တယ်မဟုတ်လား။ စထရွိုက်ခနင်း အဆိပ်ဟာ ဟိုက်ဒရိုကလိုရိုဒ် ပုံစံနဲ့ဆိုရင် လွယ်လွယ်နဲ့ ပျော်ဝင်မသွားဘူးဗျ။ ဝိုင်နီထဲမှာထည့်လိုက်ရင်အများစုက အောက်မှာ အနယ်ထိုင်နေတတ်တယ်။ အဲ- နောက်ဆုံးလက်ကျန်တစ်ခွက်စာကို သောက်လိုက်ရင်တော့ အကုန်ပါသွားတော့မှာပေါ့ဗျာ၊ နောက်တစ်ပတ်လောက်အကြာမှာ ဆိုပါတော့"

ပေါ်တယ်ရုတ်တရက် ထရပ်လိုက်၏။ " အမျိုးသမီးက ဝိုင်ဖန်ချိုင့်ကို ဘာကြောင့်ခွဲခြေပစ်ရတာလဲ။" သူအော်၍မေး၏။ " ပြောစမ်းပါဗျ။ သူဘာလို့ အဲဒီလိုလုပ်ရတာလဲလို့"

ထိုညအဖို့ ပထမဆုံးအကြိမ်အဖြစ် မစ္စတာကွင်းက မစ္စတာဆတ္ထဝိတ်ကို ဦးတည်၍ပြောလိုက်ပါသည်။

" လူ့ဘဝရဲ့ အတွေ့အကြုံတွေ ကျယ်ကျယ်ပြန့်ပြန့် ခင်ဗျားမှာ ရှိထားတယ်လို့ ကျွန်တော်ယုံတယ် မစ္စတာဆတ္ထဝိတ်၊ ဒီတော့ အဲဒီမေးခွန်းကို ခင်ဗျား ဖြေနိုင်ပါလိမ့်မယ်"

မစ္စတာဆတ္ထဝိတ် ပြောပြသောအခါ သူအသံအနည်းငယ်တုန်နေပါသည်။ နောက်ဆုံးတွင် သူကပြရမည့်အခန်းရောက်လာလေပြီ။ လွန်စွာအရေးပါလှသော ဇာတ်ဝင်စကားတို့ကို သူပြောရပြီဖြစ်ပါ၏။ ယခုအခါ သူသည် ပရိသတ်တစ်ဦးမဟုတ်တော့ပါ။ ဇာတ်ဆောင်တစ်ဦးဖြစ်လာရပါသည်။ သူက ရိုးရိုးပင်ပြောပြလိုက်ပါသည်။

" ကျွန်တော်မြင်တဲ့အတိုင်းဆိုရင် အမျိုးသမီးဟာ ဒါးရက်ကာပယ်ကို ချစ်ခင်နေတယ်။ သူဟာ မိန်းမကောင်းတစ်ယောက်ပါ။ ဒါးရက်ကို သူ အဝေးမှာပဲ နေခိုင်းလိုက်တယ်။ သူ့ ခင်ပွန်းဆုံးသွားတဲ့အခါ အဖြစ်မှန်ကို သူ ရိပ်မိခဲ့လိမ့်မယ်။ ဒီတော့ သူချစ်ခင်တဲ့ လူတစ်ယောက်ကို ကယ်တင်နိုင်ဖို့ သက်သေအထောက်အထားဖြစ်လာနိုင်တဲ့ ပစ္စည်းကို သူ ဖျောက်ဖျက်ပစ်လိုက်တာပဲ။ နောက်[illegible] - ကျွန်တော်ထင်တယ်၊ အမျိုးသမီးကို သံသယ

တွေ ပျောက်သွားအောင် သူသွေးဆောင်နိုင်ခဲ့ပါလိမ့်မယ်။ ဒီတော့ အမျိုးသမီး
က သူ့ကို လက်ထပ်ဖို့ သဘောတူခဲ့လိမ့်မယ်။ ဒါပေမယ့် အမျိုးသမီးက
လက် ထပ်ဖို့ကိစ္စကို ဆုတ်ဆိုင်းဆိုင်းလုပ်ထားခဲ့ပုံရတယ်။ အမျိုးသမီးများမှာ
အလိုလိုကြြိသိတာမျိုးတွေ ရှိတတ်တယ်မဟုတ်လား။"

မစ္စတာဆတ္ထဝိတ် သူကျရာအခန်းမှ ပြောစရာတို့ကိုပြောခဲ့ပြီဖြစ်
သည်။

စိတ်လှုပ်ရှားစွာ သက်ပြင်းရှည်ကြီးချလိုက်သံကို ကြားရပါသည်။

" ဘုရားရေ-" အိဝ်ရှမ်အံ့သြတုန်လှုပ်စွာ ရေရွတ်လို့က်၏။ " ဘာများ
လဲဗျ"

အပေါ်ထပ်ဝရန်တာတွင်ရှိနေသော အီလေနာပေါ်တယ်ထံမှ ဖြစ်
ကြောင်း မစ္စတာဆတ္ထဝိတ် ပြောပြနိုင်ပါ၏။ သို့ရာတွင် ပြဇာတ်၏ ရင်ဖိုဖွယ်
အနေအထားကို သူ မဖျက်ဆီးလိုပါ။

မစ္စတာကွင်းက ပြုံးလျက်နှင့် -" ကဲ- ကျွန်တော့်ကားလည်းပြင်ပြီ
လောက်ပါပြီ။ ဧည့်ဝတ်ကျေတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်၊ မစ္စတာ
အိဝ်ရှမ်၊ ကျွန်တော်ထင်ပါတယ်။ ကျွန်တော့် မိတ်ဆွေအတွက် တစ်ခုခုလုပ်
ပေးနိုင်ခဲ့ပြီလို့"

သူတို့က သူ့ကို နားမလည်သေးသောအကြည့်ဖြင့် ကြည့်နေပါသည်

" အဖြစ်မှန်ကို ခင်ဗျားတို့သဘောမပေါက်ကြသေးဘူးလား။ အမျိုးသမီ
ကို သူချစ်တယ်လေ။ အမျိုးသမီးရဲ့ စိတ်ချမ်းသာမှုအတွက် သူလူသတ်
ဝန်မလေးခဲ့ဘူး။ သူ ဝင့်လည်ပြီ၊ အဖြစ်မှန်ပေါ်ပြီလို့ အထင်မှားသွားတဲ့အခ
သူ့အသက်ကို သူအဆုံးစီရင်လိုက်တာပါပဲ။ ဒါပေမယ့် သူအဲဒီလိုလုပ်လိုက
တာဟာ အမျိုး သမီးကို ကိုယ်ဖြစ်ကိုယ်ခံလို့ ထားခဲ့သလိုဖြစ်သွားတယ်။

" သူအပြစ်မခံရဘဲ လွတ်သွားတာပဲ" ဟု အိဝ်ရှမ် မှတ်ချက်ချလိုက်
သည်။

"သက်သေအထောက်အထားမပြည့်စုံလို့ မဟုတ်လား။ ကျွန်တော် ထ
တယ်လေ- ကျွန်တော့်စိတ်ကူးသက်သက်ပါ။ အမျိုးသမီးဟာ ခုထက်
အဲဒီပြဿနာကြီးရဲ့ အရိပ်ထိုးခံနေတယ်လို့"

ပေါ်တယ် ကုလားထိုင်ပေါ်ထိုင်ချလိုက်၏။ မျက်နှာကို ငုံ့လျက် လက်
ဝါးများဖြင့် အုပ်ထားသည်။

" မစ္စတာဆတ္ထဝိတ်၊ ဒီဇာတ်လမ်းကို စိတ်ဝင်စားရဲ့ မဟုတ်လား- ဂ
အားလုံးကို နှုတ်ဆက်ပါဟယ်၊ ဂွဒ်ဘိုင်"

သူ ခြေလှမ်းကျဲကျဲ လျှောက်လျက် အမှောင်ထုထဲ ဝင်ရောက်သွားပါ
တော့သည်။ မစ္စတာဆတ္ထဝိတ် အပေါ်ထပ် သူ့အိပ်ခန်းသို့ တက်လာခဲ့၏။
ပြင်ပမှ လေအေးတိုးဝင်နေသောကြောင့် သူပြတင်းပေါက်ပိတ်ရန် လှမ်းကိုင်
လိုက်စဉ် အိမ်အဝင်လမ်းဘက်သို့ သူ အမှတ်တမဲ့ ကြည့်မိသည်။ ဂိတ်တံခါး
ဆီသို့ သွားနေသော မစ္စတာကွင်း နောက်သို့ အမျိုးသမီးတစ်ယောက်ပြေး
လိုက်နေသည်ကို သူ မြင်လိုက်ရ၏။ သူတို့ ခေတ္တမျှ စကားပြောပြီး အမျိုး
သမီး အိမ်ဘက်သို့ ပြန်ပြေးလာပါသည်။ အမျိုးသမီး၏ မျက်နှာမှာ ပျော်စရာ
အိပ်မက်တစ်ခုထဲကလို ကြည်လင်ဝင်းပနေပါ၏။ " အီလေနာ" ဟုခေါ်
လျက် အဲလက်စ်ပေါ်တယ်က သူမကို စောင့်ကြိုနေပါသည်။ သူက နွေးထွေး
ဖွယ်လှမ်းဖက်လိုက်ရင်း - " အီလေနာ- ကိုယ့်ကိုခွင့်လွှတ်ပါ။ မင်းပြောခဲ့တာ
တွေဟာ အမှန်တွေလို့ အခုကိုယ်သိနေပါပြီ၊ ခွင့်လွှတ်ပါကွာ- ကိုယ်မယုံခဲ့
ဘူး"

မစ္စတာဆတ္ထဝိတ်သည် လူသဘာဝကို လွန်စွာစိတ်ဝင်စားသူဖြစ်ပါ
သည်။ သို့ရာတွင် သူသည် လူကြီးလူကောင်းတစ်ဦးအနေဖြင့် သူတစ်ပါး၏
အရေးကိစ္စတို့ကို လျှို့ဝှက်စွာ စောင့်ကြည့်နားထောင်နေရန် မသင့်ဟု ခံယူ
ထားပါသည်။ သို့ဖြစ်သောကြောင့် ပြတင်းပေါက်ကို သူပိတ်လိုက်မှ သင့်
တော်ပါလိမ့်မည်။ သူပိတ်လိုက်ပါ၏။ သို့ရာတွင် ဖြည်းညင်းစွာပိတ်ခြင်းဖြစ်
သောကြောင့် အီလေနာ ပြန်ပြောသောစကားအချို့ကို သူ ကြားရပါသည်။
ဖော်မပြနိုင်လောက်အောင် သိမ်မွေ့လှပသည့် စကားများဖြစ်ပါပေသည်။

"ကျွန်မသိတယ်။ သိပါတယ်။ ရှင်စိတ်ဒုက္ခရောက်နေတယ်ဆိုတာကို။
ကျွန်မလည်း ဒီအတိုင်းပါပဲ။ ချစ်ပါလျက်နဲ့ သံသယတွေရဲ့ အတိုက်အခိုက်
ကို ခံနေရတယ်။ သံသယတွေက ဖယ်ပစ်လိုက်ရင်း၊ ပြန်ရောက်လာရင်း ပဲ
ဟုတ်လား။ ကျွန်မသိတယ် အဲလက်စ်၊ ရှင့်သံသယတွေ၊ ကျွန်မကို ကြောက်
နေတဲ့ ရှင့်ရဲ့မျက်လုံးတွေကို မြင်နေရပြီး ကျွန်မလည်း ငရဲကျနေခဲ့ရတာပါ။
ကျွန်မတို့နှစ်ယောက်ရဲ့ အချစ်တွေဟာ သံသယတွေရဲ့ အဆိပ်လောင်းတာ
ကို ခံနေခဲ့ရတာပါ။ ဟိုလူ- မမျော်လင့်ဘဲရောက်လာတဲ့ ဟိုလူက ကျွန်မ
သက်သက်ကို ကယ်လိုက်တာပါပဲ။ ကျွန်မဆက်ပြီး ဒုက္ခတွေကို ရင်မဆိုင်နိုင်
တာပါဘူး။ ရှင်နားလည်မှာပါနော်။ ဒီည - ဒီညမှာပဲ ကျွန်မကိုယ့်ကိုယ်ကိုယ်
ဆုံးစီရင်ဖို့ပါပဲ။ အဲလက်စ် - အို - အဲလက်စ်ရယ်. . . "

အတောင်ကျိုးငှက်ငယ်ပမာ

မိုးရွာနေသည်ကို ပြတင်းပေါက်မှ ကြည့်ရင်း မစ္စတာဆတ္ထဝိတ်ကြက်ဆီထသွား၏။ ကျေးလက်ဆင်ခြေဖုံး အိမ်များ၌ အပူပေးစနစ်မရှိသလောက်နည်းပေသည်။ လာမည့် နာရီပိုင်းအတွင်း သူ လန်ဒန်သို့ ပြန်ရန် စိတ်ကူးထားသည်။ သူလိုအသက်ခြောက်ဆယ်ရောက်နေသည့် လူကြီးတစ်ယောက်အဖို့လန်ဒန်သည်သာလျှင် အသင့်လျော်ဆုံးနေရာဖြစ်ပါ၏။

ယခုသူရောက်နေသည့် အိမ်တွင် အများစုမှာ လူငယ်တွေဖြစ်သည်။ သူတို့အထဲမှ လေးယောက်သည် စားပွဲခုံနှတ်မေးရန် စာကြည့်ခန်းထဲသို့ ဝင်သွားကြသည်။ ထိုလူငယ်တို့က သူ့ကို နှတ်မေးပွဲတွင်ဝင်ပါရန် ခေါ်ကြသေး၏။ သူငြင်းလိုက်ပါသည်။ စားပွဲငယ်လှပ်ယမ်းသည်ကို ရေတွက်ရင်း စာလုံးဖော်သော နှတ်မေးနည်းမှာ ငြီးငွေ့စရာ ကောင်းလှပြီး ထွက်လာသော စာလုံးများသည်လည်း အများအားဖြင့် အဓိပ္ပာယ်မရှိလှပါ။

ဟုတ်ပါ၏။ လန်ဒန်သာလျှင် သူ့အတွက် သင့်လျော်ပါသည်။ လွန်ခဲ့သော နာရီဝက်က ညစာလာစားရန် လေးဒဲနေအိမ်သို့ မိန်းကလေး မက်ခ်ျကလိက ဖိတ်ခေါ်ခဲ့သည်ကိုလည်း သူငြင်းခဲ့ပြီးဖြစ်သည်။ အအေးဒဏ် မကြုံသူကြက်သီးထသွားပြန်၏။ စာကြည့်ခန်းထဲတွင် မီးလင်းဖိုရှိသည်ကို သူသတိရသွားပြီး အမှောင်ချထားသော စာကြည့်ခန်းတံခါးကို ဖြည်းဖြည်းဖွင့်ကာဝင်သွားလိုက်သည်။ လူငယ်တစ်စုမှာ သူတို့၏ နှတ်မေးခြင်း လုပ်ငန်းတွင် အာရုံဝင်နေကြပါသည်။

"N လား M လား မသေချာဘူးကွ။ ပြန်ရေကြည်းစို့။ အာ - မစ္စတာဆတ္ထဝိတ်၊ လာပါခင်ဗျ။ အတော်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဝိညာဉ်ကသူနာမည် အေဒါစပီးယားလို့ပြောတယ်။ ဟောဒီ ဂျွန်ဟာဂလယ်ဒီဘန်းစ်ဆိုတဲ့ အမျိုးသမီးနဲ့ မကြာခင်လက်ထပ်ရမှာတဲ့။"

မစ္စတာဆတ္ထဝိတ် မီးလင်းဖိုရှေ့ရှိ ပက်လဲက်ကုလားထိုင်ကြီးတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ခဏအကြာတွင် မျက်ခွံများလေးလာပြီး အိပ်ငိုက်လာ၏။ လူငယ်တွေပြောကြဆိုကြသည်ကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်လာသည်။

"PABZL ဆိုတာတော့ မဖြစ်နိုင်ဘူးကွ။ ရုရှားနာမည် များဖြစ်နေမလား။ ဟေ့ ဂျွန်း သိပ်မတိုးနဲ့လေ။ ကြည့်ရတာ ဝိညာဉ်အသစ်ဝင်လာလို့နဲ့တူတယ်။"

သူအိပ်ငိုက်နေရာမှ နာမည်တစ်ခုကြားလိုက်ရသောကြောင့် ချက်ချင်းမျက်လုံးကျယ်သွားပါသည်။

"QUIN ဟုတ်လား။ ဟုတ်တယ်တဲ့ဟေ့။ ကွင်းတဲ့။ တစ်ယောက်ယောက်ကို သတင်းပေးစရာရှိလို့ပါလားခင်ဗျ။ ဟုတ်တယ်တဲ့။ ဂျွန်တော့်ကိုလား။ ဂျွန်အတွက်လား။ ဆရာအတွက်လား။ အီဗလင်းလား။ မဟုတ်သေးဘူး။ တခြားလူလည်း မရှိတော့ပါဘူး။ ဩော်-မစ္စတာဆတ္ထဝိတ်အတွက်ထင်တယ်။ ဟော ဟုတ်တယ်တဲ့။ မစ္စတာ ဆတ္ထဝိတ်၊ ဝိညာဉ်ကသတင်းပေးချင်လိုတဲ့ခင်ဗျ" "သူကဘာတဲ့လဲ" ဟု မစ္စတာ ဆတ္ထဝိတ်ကပြန်မေးလိုက်သည်။ သူသည် ယခုအခါ ကောင်းစွာ မျက်လုံးကျယ်နေပါပြီ။ ကုလားထိုင်ပေါ်တွင် မတ်မတ်ထိုင်နေ၏။ မျက်လုံးများလည်း အရောင်တောက်လာပါသည်။

စားပွဲငယ် ယိမ်းထိုးနေစဉ် မိန်းကလေးတစ်ဦးက အက္ခရာများရေတွက်နေ၏။ "LAI ဆိုပါလား။ မဟုတ်နိုင်ဘူးထင်တယ်။ LAI နဲ့စတဲ့စာလုံးဘာရှိလို့လဲ"

"ဆက်လုပ်ပါ" ဟု မစ္စတာ ဆတ္ထဝိတ်က စိတ်ထက်သန်စွာ ပြောလိုက်ရာ လူငယ်တစ်စု သူစကားကို အလိုလို လိုက်နာမိကြလေသည်။ "LAIDEL ပြီးတော့ နောက်ထပ် L တစ်လုံး။ အိုး - ရပ်သွားပြီ။ ဒါပဲထင်တယ်၊ ခဏစောင့်ကြည့်ရအောင်။ ဟော-မလာတော့ဘူး။ LAIDELL လေးဒဲ ဆိုတာကတော့ အဓိပ္ပာယ်မရှိတာပဲ"

"အဓိပ္ပာယ်ရှိပါတယ်ကွ" ဟု ပြောကာ မစ္စတာ ဆတ္ထဝိတ်ထ၍ အခန်းထဲမှ ထွက်ခဲ့၏။ သူအလျင်စလိုပင် တယ်လီဖုန်းရှိရာသို့ သွားလိုက်သည်။

"မက်ချ်ကီလီနဲ့ပြောချင်ပါတယ်။ ဟေး-မက်ချ်လား။ အန်ကယ် ဆတ္ထဝိတ်ပါ။ အန်ကယ်စိတ်ပြောင်းသွားပြီ။ မြို့ကို ပြန်ဖို့အရေးတကြီးမလို သေးပါဘူး။ ညစာစားဖို့ အန်ကယ်လာခဲ့ပါ့မယ်။ အေးဟုတ်တယ်၊ ဒါပဲနော်"

ဖုန်းကို သူပြန်ချိတ်လိုက်၏။ သူ၏ ပိန်ချည့်ချည့်ပါးပြင်မှာ သွေးရောင်လျှမ်းလာပါသည်။ မစ္စတာကွင်းတဲ့။ ပဟေဠိဆန်သော သူ့မိတ်ဆွေကြီး မစ္စတာဟာလေကွင်း။ သူ့မိတ်ဆွေကြီးနှင့်ဆုံရတိုင်း ထူးခြားသော အဖြစ်အပျက် တစ်ခုခုကြုံရမြဲဖြစ်သည်။ လေးဒဲ မှာဘာဖြစ်နေပြီလဲ။ ဒါမှမဟုတ် ဘာဖြစ်လာမှာလဲ။ ဘာတွေပဲဖြစ်ဖြစ် သူလုပ်စရာ တစ်ခုခုရှိတော့ မည်သာဖြစ်သည်။ မစ္စတာကွင်းနှင့် ဆက်စပ်ပတ်သက်လာတိုင်းတွင် ထူခြားသော အဖြစ်အပျက်တစ်ခုခု ကြုံရမြဲဖြစ်သလို ထိုအဖြစ်အပျက်တွင်ရှိ ပြဿနာ တစ်ခုခုကို သူသာလျှင် ဖြေရှင်းပေးခဲ့ရမြဲဖြစ်ပါ၏။

လေးဒဲ အိမ်သည်အိမ်ကြီးတစ်လုံးဖြစ်သည်။ အိမ်ရှင်ဖြစ်သူ ဒေးဗစ်ကီလီသည် တိတ်တိတ်ဆိတ်ဆိတ်နှင့်ဘာသိသာသာနေတတ်သူ ဖြစ်ရာအိမ်ရှိ ပရိဘောဂပစ္စည်းတစ်ခုအလား ထင်မှတ်ရသူဖြစ်သည်။ ထိုသို့ မထင်မရှား နေတတ်ခြင်းမှာ အသိဉာဏ်ထက်ခြင်း တုံးခြင်းနှင့်မဆိုင်ပါ။ သူသည် အထူးချွန်ဆုံး သင်္ချာပညာရှင်တစ်ဦးဖြစ်ပြီး လူတစ်ရာတွင် တစ်ယောက်လောက်သာ နားလည်နိုင်စွမ်းရှိသော ပညာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်ကို ပြုစုခဲ့သူဖြစ်သည်။ သို့ရာတွင် အခြားသော ပညာတတ်ပုဂ္ဂိုလ်များနည်းတူ သူ့ကို လူတွေအာရုံစိုက်မှု နည်းနိုင်သမျှနည်းအောင်နေလေ့ရှိပါ၏။ ဒေးဗစ်ကီလီမှာ ကိုယ်ပျေက်နေသူဖြစ်သည်ဟုပင် ရယ်စရာပြောကြသည်။ ဧည့်ကြိုအလုပ်သမားတို့က ဟင်းသီးဟင်းရွက်များနည်းတူ ကျော်သွားတတ်ကြပြီး ဧည့်သည်တို့က သူ့ကို နှုတ်ဆက်စကားပြောရန်မေ့လျော့နေတတ်ကြသည်။

သူ့သမီးဖြစ်သူ မက်ချ်မှာ မူတစ်မျိုးဖြစ်ပါသည်။ အရပ်အမောင်းကောင်းသော အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး သွက်လက်ဖျတ်လတ်ကာ လူသိများပေသည်။ စေ့စပ်သေချာသူဖြစ်ပြီး ကျန်းမာကြံ့ခိုင်သည့်အပြင် အလွန်ချောမောလှပသူလည်းဖြစ်ပါ၏။ မစ္စတာဆတ္ထဝိတ် ရောက်လာသောအခါ သူမကပင် ဆီးကြိုပါသည်။ မစ္စတာဆတ္ထဝိတ်က သူမကို တွေ့သည်နှင့် -" ဟေးမက်ချ်သိပ်လှနေပါလား။ ကျန်းမာပျော်ရွှင်နေတယ်ဆိုပါတော့" ဟု နှုတ်ဆက်လိုက်သည်။

" ဟုတ်ကဲ့၊ ကျွန်မ အမြဲကျန်းမာပျော်ရွှင်လျက်ပါရှင့်"

" အန်ကယ်သိတယ်လေ၊ ဒါပေမယ့် အဲဒါတင်မဟုတ်သေးဘူ။ မိန်းကလေးက အစွမ်းကုန်ဖူးပွင့်နေတဲ့ ပန်းကလေးအတိုင်းပဲ၊ ကြည့်ရတာ ခူးဆွတ်မယ့်သူများ ရောက်နေပြီလားလို့"

" ဟုတ်တယ်ပြောပါတော့ အန်ကယ်၊ ဘယ်သူမှတော့ မသိကြသေးပါဘူး။ လျှို့ဝှက်ထားတာလေ။ ဒါပေမယ့် အန်ကယ်ကိုတော့ အသိပေးနိုင်ပါတယ်။ အန်ကယ်က လူတိုင်းအပေါ် နားလည်တတ်တာကိုး"

" ကံထူးရှင် ဘယ်သူဆိုတာ မမေးတော့ပါဘူး။ ဒါပေမယ့် မင်းရွေးချယ်ထားတဲ့သူဆိုတော့ မင်းနဲ့ထိုက်တန်လောက်အောင် ဂုဏ်အဆင့်အတန်း ပြည့်စုံလိမ့်မယ်လို့တော့ အန်ကယ်ယုံကြည်ပြီးသားပါ။"

အတော်စိတ်ချမ်းသာအောင်ပြောတတ်တဲ့ လူကြီးပဲဟု မက်ချ်ကတွေးမိ၏။ " ကျွန်မတို့ အဆင်ပြောကြမှာပါရှင့်၊ စိတ်သဘောထားချင်းလည်းတူကြပါတယ်၊ အဲဒါအရေးကြီးတယ်မဟုတ်လား။ တစ်ယောက်အကြောင်း တစ်ယောက်တစ်ယောက်သိပြီးသားမို့ စိတ်အေးချမ်းလုံခြုံမှုလည်းရကြမှာပါ"

" မှန်တာပေါ့ကွယ်၊ ဒါပေမယ့် အန်ကယ့်အတွေ့အကြုံအရဆိုရင် လူတစ်ယောက်က တခြားတစ်ယောက်အကြောင်းကို အပြည့်အဝ သိဖို့ဆိုတာ မဖြစ်နိုင်လောက်အောင်ပဲကွယ့်၊ ဘဝအပေါ် ရှုမြင်သုံးသပ်ပုံဆိုပါတော့ကွယ်"

"အိုး၊ ဒါတော့ စွန့်ရမှာပေါ့ရှင်" ရယ်ရယ်မောမော ပြောရင်း ညစာဝတ်စုံလဲရန် အပေါ်တက်သွားကြ၏။

မစ္စတာဆတ္ထဝိတ် အောက်ဆင်းလာသောအခါ နားနေခန်းတွင် အားလုံးစုံနေပါပြီ၊ မက်ချ်နှင့် အရပ်မြင့်မြင့် မီးခိုးရောင်ဆံပင်ရှိသော အမျိုးသမီးကြီးတစ်ဦးတို့က ဧည့်သည်များကို ထမင်းစားခန်းသို့ ခေါ်သွားပါသည်။ ထိုအမျိုးသမီးကြီးမှာ ထူးခြားစွားဆွဲဆောင်နိုင်သည့် ဟန်အမူအရာရှိပြီး ရှင်းလင်ပြတ်သားသော လေသံဖြင့် ပြောတတ်သည်။ မျက်နှာမှာ ရှင်းရှင်းနှင့်ချောမောသူဖြစ်သည်။

" ဆတ္ထဝိတ် နေကောင်းရဲ့နော်" မစ္စတာကီလီက နှုတ်ဆက်လိုက်ရာ မစ္စတာဆတ္ထဝိတ် လန့်သွားမိသည်။ " ကောင်းပါတယ်ဗျာ၊ ကျွန်တော် ခင်ဗျားကို သတိမထားမိဘူး" ဟု သူကပြော၏။ မစ္စတာကီလီက " ဘယ်သူကမှ သတိမထားမိပါဘူးဗျာ" ဟုဝင်းနည်းသံဖြင့်ပြန်ပြောသည်။

ထမင်းစားခန်းထဲတွင် ဘဲဥပုံ မဟောဂနီစားပွဲရှိ၏။ မစ္စတာဆတ္ထဝိတ်မှာ အိဝ်ရှမ်အ[illegible]ပုပုအသားညိုညို မိန်းကလေးတစ်ယောက်တို့

ကြားတွင် ထိုင်ရသည်။ ထိုမိန်းကလေးသည် စကားကို အားပါးတရနှင့် တရင်းတနှီးပြောတတ်ပြီး၊ ရယ်သံလွင်လွင်နှင့် ဟန်လုပ်၍ရယ်တတ်သူ ဖြစ်သည်။ သူမ၏အမည်မှာ ဒေါရစ်စ် ဟု သိရ၏။ မစ္စတာဆတ္ထဝိတ် မနှစ်သက်သော စရိုက်ရှိသူမျိုးဖြစ်ပါသည်။ သူမဘာကြောင့် ညစာစားပွဲတွင် ရောက်နေခြင်းကိုလည်း မစ္စတာဆတ္ထဝိတ်မသိပါ။

မက်ခ်၏ အခြားတစ်ဖက်တွင်ထိုင်နေသူမှာ အသက်သုံးဆယ်ခန့်ရှိသော အမျိုးသားတစ်ဦးဖြစ်ပြီး မီးခိုးရောင်ဆံပင်ပိုင်ရှင် အမျိုးသမီးကြီးနှင့် မျက်နှာချင်းအတော်ဆင်ပေရာ သားအမိဖြစ်ကြောင်း သိသာလှပါသည်။ သူ၏ဘေးတွင် ထိုင်နေသူမှာ- မစ္စတာဆတ္ထဝိတ် ရင်ဖိုသွားမိ၏။ တိတိကျကျတော့ ရှင်းပြ၍ မရပါ။ အလှတရားဟူ၍လည်း မဆိုနိုင်။ အလှတရားထက်ပိုမို နက်နဲ၍ အသိရခက်သော တစ်စုံတစ်ရာဟု ပြောရမည်ထင်သည်။ သူမသည် ဘေးမှမစ္စတာကီလီပြောနေသည့် ထွေရာလေးပါးစကားတို့ကို အနည်းငယ် ခေါင်းငဲ့လျက် နားထောင်နေပါသည်။ မစ္စတာဆတ္ထဝိတ်၏ အမြင်တွင် သူမသည် ရှိနေပါလျက် ရှိမနေသလိုဖြစ်နေ၏။ ထမင်းစားပွဲတွင် ထိုင်နေကြ သူအားလုံးထဲ၌ သိသာပေါ်လွင်မှု မရှိဆုံးဟု ဆိုရမည့်သူဖြစ်ပါသည်။ လျော့တိလျော့ရဲနှင့် ကိုင်းညွတ်နေသလို ရှိသော သူမ၏ ဘေးတိုက်မြင်ရသည့် ကိုယ်ဟန်မှာ အတော်လှပါသည်။

သူမ မော့ကြည့်လိုက်ရာ မစ္စတာဆတ္ထဝိတ်၏ မျက်လုံးများနှင့် သွားဆုံပါသည်။ " ညို့ဓာတ် " ဟူသော စကားလုံး သူ့စိတ်ထဲအလိုလိုပေါ်လာ၏။ သူမတွင် ညို့ဓာတ် ရှိပေသည်။ တစ်ချိန်တည်းမှာပင် သူ့တွင် ကရုဏာစိတ်ကိုလည်း ပေါ်လာစေပါ၏။ သူမသည် လူတစ်ဦးအဖြစ်စိမ်ပြည့်ဝခြင်းမရှိသလို ခံစားခဲ့ရသည်။ ဘာနဲ့တူနေသလဲ။ ဟုတ်ပြီ။ အတောင်တစ်ဖက်ကျိုးနေတဲ့ ငှက်ငယ်လေးလို။

သူမက မက်ခ်အားလေသံတိုးတိုးဖြင့်- "မင်းရဲ့အဖေနဲ့ ကပ်လျက် ထိုင်နေတဲ့ အမျိုးသမီးဟာ ဘယ်သူလဲကွယ့်" ဟု မေးလိုက်သည်။ " မစ္စတာ ဂရေဟမ်လား- အို မဟုတ်ပါဘူး၊ အန်ကယ်မေးတာ မောဘယ်လ်ဖြစ်မယ် မောဘယ်လ်အင်နက်စလေ ကို အန်ကယ်မသိဘူးလား။ ကံဆိုးမိုးမှောင်ကျနေတဲ့ ကလိုင်ဒက်စလေ မိသားစုထဲကလေ။"

သူ အံ့ဩသွား၏။ ကံဆိုးသောကလိုင်ဒက်စလေ မိသားစုအကြောင်း သူမှတ်မိပါသည်။ အစ်ကိုဖြစ်သူ တစ်ယောက်မှာ သူ့ကိုယ်သူ ပစ်သတ်ခဲ့သေသွား၏။ အစ်မတစ်ယောက်မှာ ရေနစ်သေဆုံးပြီး [illegible] တစ်ယောက်

မှာ ငလျင်လှုပ်၍အိမ်ပြိုရာတွင် သေဆုံးခဲ့ရ၏။ ထူးခြားစွာကြမ္မာဆိုးဝင်နေသည့် မိသားစုဖြစ်ပါသည်။ ဤ မိန်းကလေးမှာ မိသားစုထဲမှ အငယ်ဆုံးဖြစ်ပုံရသည်။

မက်ခ်ျက စားပွဲအောက်မှ သူ့လက်ကိုလာထိသဖြင့် သူစိတ်ကူးရပ်သွားရ၏။ လူတိုင်းလိုလိုပင် အချင်းချင်းစကားပြောနေကြပါသည်။ သူမက ဘယ်ဘက်သို့ ခေါင်းကိုမဆိုစလောက်ငဲ့ပြလိုက်ပြီး - " သူပဲ" ဟု တိုးတိုးပြောသည်။ မစ္စတာဆတ္ထဝိတ် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်ပါသည်။ ဂရေဟမ် လူငယ်ဟာ မိန်းကလေးရွေးချယ်ထားတဲ့သူပဲကိုး။ သူ့ပုံဟန်ကို အကဲခတ်ကြည့်သောအခါ မက်ခ်ျ အကောင်းဆုံးရွေးချယ်နိုင်ခဲ့ပုံရနေပါသည်။ မစ္စတာဆတ္ထဝိတ်သည် အမြင်စူးရှသူတစ်ဦးဖြစ်ပါသည်။ ဂရေဟမ်သည် နှစ်သက်စရာကောင်း၍ တည်ကြည်လေးနက်သည့် လူငယ်တစ်ယောက် ဖြစ်ပေသည်။ သူတို့နှစ်ယောက်အတွဲညီ လိုက်ဖက်သည့် အိမ်ထောင်သည်ဘဝကို ရကြပါလိမ့်မည်။

ညစာစားပွဲပြီးသောအခါ အမျိုးသမီးများက ဦးစွာပြန်ထွက်သွားကြ၏။ မစ္စတာဆတ္ထဝိတ် ဂရေဟမ်ထံသွား၍ စကားပြောလိုက်သည်။ လူငယ်နှင့် ပတ်သက်၍ သူ့ထင်မြင်ချက် မလွဲပါ။ သို့ရာတွင် ဂရေဟမ်သည် လောလော ဆယ်တွင် အာရုံထွေပြားနေပုံရ၏။ သူ့စိတ်မှာ ကိုယ်နှင့်မကပ်ဘဲ အဝေးရောက်နေဟန်ရှိပါသည်။ စားပွဲပေါ်သို့ သူ့ဖန်ခွက်တင်လိုက်သောအခါ လက်တုန်နေပါ၏။ သူ တစ်ခုခုအတွေးလွန်နေတယ်ဟု မစ္စတာဆတ္ထဝိတ် သိလိုက်သည်။ ဘာအကြောင်းရှိလို့ပါလိမ့်။

အစာစားပြီးတိုင်း အစာကြေဆေးပြားနှစ်ပြားသောက်ခြင်းမှာ မစ္စတာဆတ္ထဝိတ်၏ ပုံမှန်အလေ့အထဖြစ်ပါသည်။ ဆေးယူရန် သူအပေါ်ထပ်သို့ ဘက်သွားရ၏။ နားနေခန်းသို့ ပြန်ဆင်းလာသောအခါ မြေညီထပ်တွင် အတန်ငယ်ရှည်သော ဝရန်တာမှ သွားရ၏။ ဝရန်တာ တစ်ဝက်ခန့်တွင် အခန်းငယ်တစ်ခုရှိသည်။ လျှောက်သွားရင်း ထိုအခန်းကို အမှတ်တမဲ့ကြည့်မိသောအခါ သူအလိုအလျောက်ရပ်လိုက်မိသည်။ လရောင်က အခန်းငယ်ထဲသို့ ကျရောက်လျက် အလင်းပေးနေ၏။ ခပ်နိမ့်နိမ့်ပြတင်းပေါက်တစ်ခုပေါ်တွင် ထိုင်နေသူတစ်ဦးရှိသည်။ ခေါင်းငုံ့လျက် ဂစ်တာငယ်တစ်လက်ကို တီးတေ်နေသည်။ ခေတ်ပေါ်ဂျပ်စ် ဂီတသံ မဟုတ်ပါ။ ခေတ်ဟောင်းတေးသွားပြစ်၏။ နုတ်သမီးပုံပြင်ထဲမှ နတ်မြင်းများ အိပ်မက်တောင်ကုန်းများပေါ်တွင် ခရီးနှင်နေကြ [illegible] များကို ဂီတဖြင့် သရုပ်ဖော်နေဟန်ရှိပါသည်။

မစ္စတာဆတ္ထဝိတ် ဂီတ၏ ဖမ်းစားချက်ကြောင့် နေရာမရွေ့ ရပ်နားထောင်နေမိသည်။ သူမသည် အပြာရင့်မှိုင်းမှိုင်းနှင့် ပိုးဝတ်စုံပါးပါးကို ဝတ်ထားသည်။ ဇာအနားတွန့်များလည်း ပါဝင်လေရာ ငှက်အတောင်ကလေးများသဖွယ် ဖြစ်နေပါသည်။ သူမက ဂစ်တာကို ငုံ့၍တီးခတ်ရင်းသီချင်းတစ်ပုဒ်ညည်းနေပါ၏။ သူ့အခန်းတွင်းသို့ ဖြည်းဖြည်းချင်းလှမ်း၍ ဝင်လိုက်ပါသည်။ သူမ အနီးသို့ ရောက်မှ မိန်းကလေးကမေ့ကြည့်၏။ အံ့ဩသွားပုံမရပါ။ မစ္စတာ ဆတ္ထဝိတ်က " အနှောင့်အယှက်မဖြစ်လောက်ပါဘူးနော်" ဟု ပြောလိုက် သည်။

" ထိုင်ပါရှင့်"

သူမအနီးရှိ ဝက်သစ်ခုံသားကုလားထိုင်ပေါ်တွင် သူထိုင်လိုက်သည်။ မိန်းကလေးက တေးသွားတစ်ခုညည်းရင်းနှင့် - " ဒီည အတော်ကြည်နူးစရာကောင်းလောက်အောင် ဆွဲဆောင်မှုရှိနေတယ်" ဟု စကားစပြော၏။ မှန်ပါသည်။ အတော်ဆွဲဆောင်မှုရှိသော ညဖြစ်ပါသည်။ " သူတို့က ကျွန်မကို ဂစ်တာ ယူခဲ့ဖို့ ပြောတယ်။ ကျွန်မ ဒီနားက ဖြတ်သွားတော့၊ အခန်းမှောင်မှောင်ထဲက လရောင်အောက်မှာ တစ်ယောက်ထဲနေချင်စိတ်ဖြစ်လာတာနဲ့ ဝင်ထိုင်နေတာပါ"

" ဒါဖြင့်- " ပြောပြောဆိုဆို မစ္စတာဆတ္ထဝိတ် ထမည်ပြုရာ သူမက တားပါသည်။ " မသွားပါနဲ့ရှင်၊ ရှင်ရှိနေတာ တစ်မျိုးကောင်းပါတယ်။ ဒီမှာပဲထိုင်ပါရှင့်" ဟု သူပြန်ထိုင်လိုက်သည်။

" ဒီည ဟာ ထူးဆန်းသလိုပဲ" ဟု သူမက ဆက်ပြော၏။" ညနေစောင်းလောက်က ကျွန်မတောအုပ်ကလေးထဲကို ရောက်သေးတယ်။ အဲဒီမှာ ခပ်ဆန်းဆန်း လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ အသားညိုညို အရပ်မြင့်မြင့်နဲ့ပဲ။ နေက ဝင်ခါနီးပြီ။ သစ်ပင်တွေကြားက ဝင်လာတဲ့ နေရောင်ကြောင့် သူ့ ပုံဟာ ဇာတ်ထဲက မျက်နှာဖုံးစွပ်ပြီး ဝတ်ရုံဝတ်ထားတဲ့ သရုပ်ဆောင်နဲ့ တူနေတယ်။

" အာ-" မစ္စတာဆတ္ထဝိတ် စိတ်ဝင်စားစွာ ရှေ့ကိုင်း၍ နားထောင်နေပါသည်။

" ကျွန်မနဲ့ သိတဲ့လူများလာလို့ စကားပြောရအောင် ရှေ့တိုးသွားတော့ သူ သစ်ပင်တွေကြားဝင်ပြီး ပျောက်သွားတယ်"

" အင်း- ငါသိတဲ့လူဖြစ်မယ်ထင်တယ်" မစ္စတာဆတ္ထဝိတ် စိတ်ရှုပ်သွား၏။ ဘူမိတ်ဆွေ မစ္စတာကွင်းနှင့် ဆုံရတိုင်း ထူးခြားနေ[illegible]စ်အပျက်ဟစ်

ခုခု ပေါ်လာမြဲဖြစ်ပြီး ထိုအဖြစ်အပျက်ထဲမှ ပြဿနာတစ်ခုခု ကို သူရှင်းပေးရမြဲဖြစ်သည်။ ယခုဘယ်လို ပြဿနာကြုံရဦးမှာလဲ။ သူ စဉ်းစားမရပါ။ ဤမိန်းကလေးနှင့်ပတ်သက်ဖို့တော့ သေချာလောက်ပင်ဖြစ်သည်။ သူ စိတ်ကသိကအောက်ဖြစ်လျက်နှင့် ပြောလိုက်၏။ " တစ်ခါတလေတစ်ယောက်ယောက်ဟာ စိတ်မပျော်မရွှင်ဖြစ်နေရင် တစ်နေရာရာ ထွက်သွားချင်စိတ်ဖြစ်တတ်တာပါပဲ"

" ဟုတ်ပါတယ်" ဟု မိန်းကလေး ကပြော၏။ ထို့နောက် ရုတ်တရက် ဆက်ပြောသည်။ " အိုး- ရှင်ဘာဆိုလိုတယ်ဆိုတာ ကျွန်မသိပြီ။ ဒါပေမယ့် ရှင်မှားနေတယ်။ ကျွန်မတစ်ယောက်တည်း နေချင်တာ ကျွန်မပျော်နေလို့ပဲ"

" ပျော်နေတယ်၊ ဟုတ်လား"

" သိပ်ကိုပျော်နေပါတယ်" သူမက အေးဆေးတည်ငြိမ်စွာပြောခြင်းဖြစ်သည်။ မစ္စတာဆတ္ထဝိတ် ကောင်းကောင်းသဘောမပေါက်ပေ။ မက်ချ်ကီလီကလည်း ထို စကားမျိုးကို ပြောခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ယခုမိန်းကလေးပြောသောစကားနှင့် ဆိုလိုချက်ချင်းမတူဟု သူ အလိုလိုသိနေ၏။ မေဘဲလ် အင်နက်စလေအတွက်၊ ပျော်ရွှင်မှုဆိုသည်မှာ လူသားတို့ရနိုင်သည့် အကြီးအကျယ်ဆုံး ပျော်ရွှင်မှုမျိုးထက်ပင် ပိုလွန်နေသလို ထင်ရပါသည်။ သို့သော် သူ နားမလည်နိုင်ပါ။ ထိုအချက်ကို**လည်း** မေလဲလ် ကသိ၏။ " နားလည်နိုင်ဖို့ မလွယ်ပါဘူး၊ အမှန်မှာ**တော့ ဇာခု** ကျွန်မပျော်နေရတာမဟုတ်သေးပါဘူး။ မကြာခင် ပျော်ရတော့မှာမို့ပါ။ တောကြီးမျက်မဲထဲမှာ မျက်စိလည်ပြီးတယ်တော့မှ ပြန်ထွက်မရလောက်အောင် ပိတ်မိနေတဲ့ လူတစ်ယောက်ဟာ ချက်ချင်းဆိုသလို ထွက်ပေါက်တွေ့ပြီး တစ်လှမ်းနှစ်လှမ်း လှမ်းလိုက်တာနဲ့ ကိုယ့်အိမ်ကိုယ့်ယာကို ရောက်တော့မယ်ဆိုရင် အဲဒီလူဘယ်လိုခံစားရမလဲ"

" ကိုယ်မပိုင်သေးခင်မှာ တချို့တွေဟာ သိပ်လှပနေတာမျိုးဖြစ်တတ်တယ်" ဟု မစ္စတာဆတ္ထဝိတ်ကပြန်ပြော၏။

ဝရန်တာပေါ် လျှောက်လာသော ခြေသံကြားရ၍ သူ လှည့်ကြည့်လိုက်၏။ အဓိပ္ပာယ်မသိနိုင်သည့် မျက်နှာသေနှင့်လူတစ်ယောက် အခန်းဝတွင် ရပ်နေသည်။ ထိုသူမှာ ညစာစားပွဲတွင် သူကောင်စွာသတိမပြုမိခဲ့သူ တစ်ဦးဖြစ်ပါသည်။

"မေဘဲလ်၊ သူတို့စောင့်ကြည့်နေကြတယ်"ဟု ထိုလူကပြောရာ မိန်းကလေး ထရပ်လိုက်သည်။ စောစောက သူမ မျက်နှာတွင်ရှိခဲ့သည့် အမူအရာ ပျောက်သွားပါ[illegible] သူမက တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။ " ကျွန်မ

လာတော့မလို့ပဲ ဂျရတ်၊ မစ္စတာဆတ္ထဝိတ် နဲ့ ခဏစကားပြောနေတာ" သူမ အပြင်သို့ထွက်သွား၏။ မစ္စတာဆတ္ထဝိတ် လည်းလိုက်သွားပါသည်။ သူတွေ့ရသော သူမ၏ခင်ပွန်းမျက်နှာမှာ စိတ်ပျက် နေပုံရပါ၏။

နားနေခန်းထဲတွင် လင်းထိန်နေအောင် မီးထွန်းထားသည်။ မက်ချ်နှင့် ဒေါရစ်စတို့က ဆူဆူညံညံနှင့်အပြစ်တင်ကြသည်။

" မေဘဲလ် -နင်တော်တော်မကောင်းတာပါလား၊ ဒို့ စောင့်နေတာကြာလှပြီ"

သူမက ထိုင်ခုံပုတစ်လုံးတွင် ထိုင်လိုက်ပြီး ဂစ်တာကို အသံစမ်းကာ သီချင်းတစ်ပုဒ်စဆိုလိုက်သည်။ အားလုံးပင် ဝိုင်း၍လိုက်ဆိုကြ၏။ အသံနိမ့်မြင့်တို့ ပေါင်းစပ်ထားသော တီးလုံးမှာစိတ်လှုပ်ရှားစရာဖြစ်ပါသည်။

အတန်ကြာဆိုတီးပြီးကြပြီးနောက်၊ ရပ်ပြီးလူစုခွဲလိုက်ကြပါသည်။ မက်ချ်၏ ဖခင်က ဘေးချထားသောဂစ်တာကိုကောက်ယူပြီး တစ်ချက်နှစ်ချက်အသံမြည်အောင် လက်ဖြင့်ဆွဲလိုက်လှတ်လိုက်ကြည့်နေသည်။ လူစုက အချင်းချင်း ဂွဒ်နိုက်လုပ်ကြပြီး ကံခါးဆီသို့ သွားနေကြသည်။ ဂျရတ်အင်နက်စလေက တစ်နေရာသို့ ဘယ်သူမှ သတိမပြုမိဘဲထွက်သွားပါ၏။

နားနေခန်းတံခါး အပြင်ဘက်တွင် မစ္စတာဆတ္ထဝိတ် မစ္စစ်ဂရေဟမ်ကို ဂွဒ်နိုက်ဟု နှုတ်ဆက်သည်။ အပေါ်ထပ်သို့ တက်ရန်လှေကားနှစ်စင်းရှိရာ သူ အခန်းမှာဝေးသောလှေကားမှတက်ရပါသည်။ မစ္စစ်ဂရေဟမ်နှင့်သူသားတို့က နီးသောလှေကားမှ တက်ကြသည်။ ဂျရတ်အင်နက်စလေ တက်သွားသည်မှာလည်း ထိုလှေကားပင်ဖြစ်ပါသည်။

" မေဘဲလ်-နင့် ဂစ်တာကိုယူသွားဦးလေ"ဟု မက်ချ်ကပြောလိုက်သည်။" နင်မနက်အစောကြီးသွားရမှာမဟုတ်လား၊ မှေကျန်နေခဲ့ဦးမယ်"

မက်ချ်နှင့်ဒေါရစ်စ်တို့က မစ္စတာဆတ္ထဝိတ်နှင့်အတူ သုံးဦးသားဝရန်တာဆီသို့ လျှောက်လာကြ၏။ သူတို့နောက်မှ မီးများကိုပိတ်ရင်းဖြည်းဖြည်းလိုက်လာသော ဒေါစ်ကီလီကို ဝရန်တာမှ စောင့်ကြသည်။ ထို့နောက် သူတို့လေးဦး အတူတကွလှေကားပေါ်တက်သွားကြပါသည်။

နောက်တစ်နေ့နံနက်တွင် Breakfast ခေါ် နံနက်စာစားရန်အတွက် မစ္စတာဆတ္ထဝိတ် အောက်ထပ်သို့ ဆင်းရန်ပြင်နေစဉ် တံခါးခေါက်သံကို တိုးတိုးကြားရပြီး မက်ချ်ကီလီဝင်လာ၏။ သူမ မျက်နှာမှာ သွေးမရှိသလို ဖြူနေပြီး တစ်ကိုယ်လုံးလည်း တုန်နေပါသည်။

" အိုး -မစ္စတာဆတ္ထဝိတ်"

" ဘာဖြစ်လာလို့လဲ၊ ကလေးရဲ့" မစ္စတာဆတ္ထဝိတ်က သူမလက်ကိုကိုင်ပြီး မေးလိုက်ပါသည်။

" မေဘဲလ်- မေဘဲလ် အင်နက်စလေ-သူ "

" သူဘာဖြစ်လို့လဲကွယ့်" တစ်ခုခုဆိုးဆိုးဝါးဝါးဖြစ်ခဲ့ပြီဟု သူ သိလိုက်ပါသည်။ မက်ချ်မှာ ထုတ်ပြန်ပြောရန် အတော်ခက်ခဲနေပြီးမှ ကြိုးစားပမ်းစားပြောရပါသည်။ " သူ-သူ မနေ့ညက ကြိုးဆွဲချသတ်သေသွားတယ်။ သူ့အခန်းတံခါးနောက်မှာပဲ။ အိုး သိပ်ကြောက်စရာကောင်းတယ်ရှင့်" သူမ စကားရပ်သွားပြီး ရှိုက်၍ငိုပါသည်။

ကြိုးဆွဲချသေသွားတယ်- မဟုတ်နိုင်တာဘဲ၊ အဓိပ္ပာယ်မရှိဘူး။ သူက မက်ချ်ကိုနှစ်သိမ့်စကားအနည်းငယ်ပြောပြီး အောက်ထပ်သို့ သွက်လက်စွာဆင်းခဲ့ပါသည်။ အောက်ထပ်တွင် ဒေးဗစ်ကီလီကို စိတ်သောကရောက်ပြီး မလုပ်တတ်မကိုင်တတ်ဖြစ်နေဟန်ဖြင့် တွေ့ရ၏။ သူက- "ဆတ္ထဝိတ်၊ ကျွပ်ရဲကို ဖုန်းဆက်ခေါ်ထားတယ်။ ဒါလုပ်ကိုလုပ်ရမှာပဲလို့ ဒေါက်တာကလည်း ပြောတယ်။ သူ အခုပဲဟို - အလောင်းကိုကြည့်ပြီးသွားဗြီ။ ဘုရား-ဘုရား အတော်ဆိုးပါလားဗျာ။ ကလေးမဟာ ဒီလောက်ထိဖြစ်ရအောင် တော်တော်စိတ်ညစ်နေလို့ဖြစ်မှာပဲ။ ညက သီချင်းထဲမှာလည်း သေသွားတဲ့ ငန်းအကြောင်းပါသေးတယ်မဟုတ်လား။"

" ဟုတ်တယ်ဗျ"

" သူ ကိုယ်တိုင်က ငန်းကလေးလိုထင်နေရတယ်။ သူ့စိတ်ထဲမှာ အဲဒီအတိုင်းထင်နေသလားမှ မသိဘဲ"

" ဟုတ်တယ်၊ ထင်စရာဖြစ်နေတာပေါ့၊ ဒါနဲ့ ကျွန်တော်သွားကြည့်လို့ရမလား" ဟု မေးလိုက်ရာ ဒေးဗစ်ကီလီက " ခင်ဗျားဆန္ဒအတိုင်းပါ။ ခင်ဗျားဒီလိုအဖြစ်ဆိုးတွေ ကြည့်တတ်တယ်ဆိုတာ ကျွပ်မေ့သွားတယ်၊ လာပါ သူက လှေကားကျယ်ကြီးဆီသို့ သူ့ကိုခေါ်သွားသည်။ လှေကား ထိပ်နားရှိ အခန်းမှာ ရော်ဂျာဂရေဟမ်၏အခန်းဖြစ်ပြီး မျက်နှာချင်းဆိုင်တွင် သူမိခင်၏ အခန်းရှိ၏။ ထိုအခန်းတံခါးမှာ အနည်းငယ်ဟနေပြီး တံခါးကြား မှ မီးခိုးငွေ့ အနည်းငယ်ထွက်နေပါသည်။ မစ္စတာဆတ္ထဝိတ်၏ စိတ်တွင် အံ့သြသောခံစားမှုတစ်ခုဖြစ်သွား၏။ မစ္စစ်ဂရေဟမ်သည် မနက်စောစော ဆေးလိပ်သောက်တတ်သူဟု သူမထင်ခဲ့ပါ။ သူ့စိတ်ထဲတွင် မစ္စစ်ဂရေဟမ်ဆေးလိပ်မသောက်[illegible] ထင်ခဲ့ပါသည်။ သူတို့ လျှောက်လမ်းအစွန်နှင့်ကပ်

လျက် အခန်းထိသွားပြီး အခန်းထဲဝင်လိုက်ကြ၏။ ထိုအခန်းမှာ သိပ်မကျယ်လှဘဲ နံရံတွင်ရှိ အခြားတံခါး တစ်ခုက နောက်အခန်းတစ်ခုသို့ ဝင်နိုင်ရန် ဖြစ်၏။ ထိုတံခါးအတွင်းဘက်တွင် ဖြတ်ထားသော ကြိုးတစ်စသည် တံခါးအပေါ် မြင့်မြင့်တစ်နေရာရှိ ချိတ်တစ်ခုမှ တွဲလောင်းကျနေပါသည်။ ခုတင်ပေါ်တွင်ကား -

မစ္စတာဆတ္ထဝိတ် ပိုးသားဝတ်စုံမှိုင်းမှိုင်း အပုံတစ်ခုကို ရပ်ကြည့်နေမိသည်။ ဝတ်စုံ၏ဇာအနားတွန့်များမှာ ငှက်တစ်ကောင်၏အမွေးအတောင်များနှင့် တူနေသေးသည်။ မျက်နှာကို တစ်ချက်ကြည့်ပြီးနောက် ထပ်၍ မကြည့်ဖြစ်တော့ပါ။

" ဒီတံခါးက ပွင့်နေတာလား" ဟု မစ္စတာဆတ္ထဝိတ်ကမေးရာ" အိမ်ဖော်ကောင်မလေးကတော့ ပွင့်နေတယ်လို့ပြောတာပဲ" ဟု ဖြေ၏။

" ဟိုဘက်အခန်းမှာ အင်နက်စလေအိပ်တာမဟုတ်လား။ သူက ဘာသံမှ မကြားဘူးတဲ့လား"

" မကြားဘူးတဲ့ဗျ"

" ဆန်းပါပေ့ဗျာ။ မယုံနိုင်လောက်အောင်ပါပဲ" ဟု မစ္စတာဆတ္ထဝိတ်မှတ်ချက်ချ၏။ ခုတင်ပေါ်မှ အုပ်ကို သူပြန်၍ကြည့်ပြီး- " သူဘယ်မှာလဲ" ဟု မေးလိုက်သည်။ " အင်နက်စလေလား၊ အောက်ထပ်မှာဆရာဝန်နဲ့ အတူတူရှိနေတယ်"

သူတို့ အောက်ထပ်သို့ ဆင်းလာသောအခါ ရဲအုပ်တစ်ဦးရောက်လာသည်ကို တွေ့ရသည်။ ရောက်လာသောရဲအုပ်မှာ ဝင့်ဖီးလ်ဆိုသူ သူ့အသိအကျွမ်းတစ်ဦးဖြစ်နေကြောင်း မစ္စတာဆတ္ထဝိတ် သိလိုက်ရ၏။ ရဲအုပ်က ဆရာဝန်နှင့်အတူ အလောင်းကို သွား၍စစ်ဆေးပြီးနောက် ခဏအကြာတွင် အိမ်ရှိ ညစာစားပွဲလာသူအားလုံး နားနေခန်းထဲတွင် စုဝေးကြရန်ခေါ်ယူလိုက်ပါသည်။

လိုက်ကာများကိုဆွဲပိတ်ထား၏။ တစ်ခန်းလုံးတွင် အသုဘရှုအခမ်းအနားပမာ တိတ်ဆိတ်နေပါသည်။ ဒေါ်ရစ်ကိုးလ်မှာ ထိတ်လန့်နေဟန်ရှိပြီး သူမျက်လုံးများကို မကြာခဏလက်ကိုင်ပုဝါဖြင့် အုပ်ထား၏။ မက်ခ်ျမှာမူ သွက်သွက်လက်လက်ပြန်ဖြစ်နေပါသည်။ သူစိတ်ကို သူကောင်းစွာထိန်းနိုင်သွားပုံရပါသည်။ မစ္စစ်ဂရေဟမ်မှာ မျက်နှာတည်တည်နှင့် လေးလေးနက်နက် ရှိနေပါသည်။ ယခုဖြစ်ရပ်ဆိုးကြောင့် သူမ၏သားဖြစ်သူမှာ အခြားသူများထက်ပို၍ စိတ်ထိခိုက်သွားပုံရပါ၏။ ယနေ့ [illegible] သူမျက်နှာမှာ

သိသိသာသာပျက်နေပါသည်။ ဒေးဗစ်ကီလီမှာမူ ခါတိုင်းကဲ့သို့ပင် နောက်နားတွင် မထင်မရှားရှိနေ၏။

သေသူ၏ ခင်ပွန်းမှာအခြားသူများနှင့်မရောဘဲ တစ်ဦးတည်းသီးသန့် ထိုင်နေပါသည်။ သူ့ အမူအရာမှာ ဘာဖြစ်ခဲ့သည်ကို ရေရေရာရာ သဘောမပေါက်သလို တွေဝေနေပါ၏။ မစ္စတာဆတ္ထဝိတ်မှာမူ စိတ်တည်ငြိမ်အောင် ထိန်းသိမ်းထားသည့်အမူအရာကို အပြင်ပမ်းပြထားသော်လည်း အတွင်းစိတ်မှာ သူဆောင်ရွက်ရမည့် အရေးကြီးသောတာဝန်တစ်ခုကို စောင့်ဆိုင်းရင်း စိတ်လှုပ်ရှားနေရပါသည်။ ရဲအုပ်ဝင့်ဖီးလ် အခန်းထဲဝင်လာ၏။ ဒေါက်တာမောရစ်ကနောက်ကလိုက်လာပြီး တံခါးကို အတွင်းမှ ပိတ်လိုက်ပါသည်။

ရဲအုပ်ကစ၍ပြော၏။ " စိတ်မကောင်းစရာ အဖြစ်ဆိုးတစ်ခုပါပဲ။ လက်ရှိအခြေအနေအရ လူတိုင်းကိုမေးမြန်းစုံစမ်းစရာတွေရှိပါလိမ့်မယ်။ ခင်ဗျားတို့လည်း နားလည်နိုင်ကြမှာပါ။ ဒီတော့ မစ္စတာအင်နက်စလေကို အရင်ဆုံးမေးပါရစေ။ လူကြီးမင်းရဲ့ဇနီးဟာ သူ့အသက်သူရန်ရှာမယ့် စကားမျိုးပြောဖူးတာများရှိပါသလားခင်ဗျ"

မစ္စတာဆတ္ထဝိတ် လွှတ်ခနဲ တစ်ခုခုပြောတော့မလိုဖြစ်ပြီးမှ သူပါးစပ်ကို ပိတ်ထားလိုက်ပါသည်။ အချိန်ကောင်းကောင်းရနိုင်ပါတယ်။ သိပ်စောစောပြောလို့မဖောင်းသေးဘူး။

" ကျွန်တော် - အဲ့ မပြောခဲ့ဘူးထင်ပါတယ်"

သူ့အသံမှာ တွန့်ဆုတ်ဆုတ်ဖြစ်နေ၍ ကျန်လူအားလုံးက သူ့ကို တိတ်တိတ်ကြည့်မိကြသည်။

" သိပ်မသေချာဘူး ဆိုပါတော့ဗျာ"

" အဲ့ - သေချာပါတယ်ခင်ဗျ၊ မပြောဖူးပါဘူး"

" သူအကြောင်းတစ်ခုခုကြောင့် စိတ်မပျော်မရွှင်ဖြစ်နေခဲ့တယ်လို့ကော မထင်ဘူးလားခင်ဗျ"

" ကျွန်တော် - အဲ့ - မထင်ပါဘူး"

" သူ စိတ်ညစ်တယ်လို့ မပြောဖူးလားခင်ဗျ၊ အကြောင်းတစ်ခုခုနဲ့ ပတ်သက်လို့ပေါ့ဗျာ"

" ကျွန်တော် - အဲ့ မပြောဖူးဘူးခင်ဗျ၊ ဘာမှ မပြောဖူးပါဘူး"

ရဲအုပ်မည်သို့ပင် ထင်မြင်ယူဆသည်ဖြစ်စေ၊ အင်နက်စလေ ဘာမှမပြောနိုင်ပါ။ ထို့ကြောင့် အခြားအကြောင်းကို ပြောင်းမေး၏။

" မနေ့ည[illegible]ခဲ့ပုံတွေ ပြောပြပါလားဗျာ"

" ကျွန်တော်တို့ - အဲ - အားလုံးပဲ အိပ်ရာဝင်ခဲ့ကြတာပါ။ ကျွန်တော် ချက်ချင်းပဲ အိပ်မောကျသွားပြီး ဘာသံကိုမှ မကြားခဲ့ပါဘူး။ အိမ်ဖော်မိန်း ကလေး အသံကုန်အော်လိုက်တော့မှ ကျွန်တော်နိုးလာတယ်။ ကပ်လျက်အ ခန်းကို ကျွန်တော် ပြေးဝင်သွားတော့ သူ - အဲ-ကျွန်တော့်မိန်းမကို-" သူအ သံတိမ်သွားပါသည်။ ရဲအုပ်ကခေါင်းညိတ်လျက် - " ရပါပြီ၊ ရပါပြီ။ အရင် ညက ခင်ဗျားရဲ့ ဇနီးကို ဘယ်အချိန်က နောက်ဆုံးမြင်ခဲ့တာပါလဲ"

" ကျွန်တော် - အဲ - အောက်ထပ်မှာပါ"

" အောက်ထပ်မှာ - ? "

" ဟုတ်ပါတယ်။ နားနေခန်းထဲက အားလုံးပဲ အတူတူထွက်ခဲ့ကြတာပါ။ ကျွန်တော် အပေါ်ထပ်ကို ဆက်ပြီးတက်ခဲ့ပါတယ်။ ကျွန်တဲ့လူတွေက အောက်ထပ်မှာ စကားပြောနေကြတုန်းပါ"

" အဲဒီနောက် ခင်ဗျားဇနီးကို ထပ်တွေ့ရသေးလား။ သူ အိပ်ရာမဝင်ခင် ဂွဒ်နိုက်မလုပ်ဘူးလား"

" သူအပေါ်တက်လာတော့ ကျွန်တော်အိပ်ပျော်နေပါပြီ"

" သူက ခင်ဗျား နောက်မိနစ်ပိုင်းကလေးလောက်အကြာမှာ လိုက်လာ တာမဟုတ်လား ခင်ဗျ။ ဟုတ်ပါတယ်နော်" ရဲအုပ်က ဒေးဗစ်ကီလီ ကိုမေး သည့်အနေဖြင့် ကြည့်ရှု ဒေးဗစ်ကီလီက ခေါင်းညိတ်ပြပါသည်။

" နာရီဝက်ကြာတဲ့အထိ သူတက်မလာဘူး" ဟု အင်နက်စလေက ခေါင်းမာစွာပြော၏။ ရဲအုပ်၏မျက်လုံးများက မစ္စစ်ဂရေဟမ်ထံအကြည့်ကို ရွှေ့လိုက်သည်။ " မဒမ်ရဲ့-အခန်းထဲမှာများ စကားဝင်ပြောနေသေးလား ခင် ဗျ"

မစ္စစ်ဂရေဟမ် ပြန်မဖြေမီ နည်းနည်းလေးလောက်တွန့်ဆုတ်သွားသလား ဟု မစ္စတာဆတ္ထာဝိတ် စိတ်ထဲမှ ထင်လိုက်မိ၏။ ပြန်ဖြေသောအခါ ထုံးစံအ တိုင်း သူမတည်ကြည်အေးဆေးစွာဖြေပါသည်။ " မဝင်ပါဘူးရှင့်၊ ကျွန်မကိုယ့် အခန်းကိုယ်ပြန်ပြီး တံခါးပိတ်လိုက်ပါတယ်။ ဘာသံမှလည်း မကြားပါဘူး"

ရဲအုပ်က အင်နက်စလေဘက်ပြန်လှည့်ပြီး - " လူကြီးမင်း အိပ်သွားပြီး ဘာသံမှ မကြားရဘူးလို့ ပြောတယ်နော်။ အခန်းနှစ်ခုကြားက တံခါးကတော့ ပွင့်နေတာမဟုတ်လား"

" ကျွန်တော် - အဲဒီလိုပဲထင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်မိန်းမက သူ့အခန်းထဲကို ဝရန်တာဘက်က တံခါးကနေ ဝင်ခဲ့ပါလိမ့်မယ်"

" အဲဒီလိုဆိုရင်တောင် - အသံတစ်ခုခုတော့ ကြားရမယ်ထင်ပါတယ်။ ခြေသံတို့၊ တံခါးကို ကိုယ်လုံးနဲ့ ရိုက်မိတဲ့အသံတို့ပေါ့"

" မကြားနိုင်ဘူး" မစ္စတာဆတ္ထာဝိတ် ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဘဲ ဝင် ပြောလိုက်ခြင်းဖြစ်ပါသည်။ လူတိုင်းပင် သူ့ကို အံ့သြစွာလှည့်ကြည့်ကြ၏။ သူကိုယ်တိုင်လည်း ရင်ခုန်စိတ်လှုပ်ရှားလျက် အသံတုန်နေပါသည်။

" ရဲအုပ်ကို တောင်းပန်ပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောမှဖြစ်တော့ မယ်။ ရဲအုပ်မေးမြန်းနေပုံဟာ လမ်းကြောင်းလွဲနေပါတယ်။ မစ္စစ်အင်နက် စလေဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေတာ မဟုတ်ဘူးဗျ။ သူ အသတ်ခံ ခဲ့ရတာပါ"

ရုတ်တရက် တိတ်ဆိတ်သွားပါသည်။ ခဏနေမှ ရဲအုပ်ဝင့်ဖီးလ်က တည်ငြိမ်စွာမေး၏။ " ဘယ်လိုအကြောင်းကြောင့် ပြောနိုင်တာပါလဲခင်ဗျာ"

" ကျွန်တော်- အဲ- ကျွန်တော့်စိတ်ထဲက ခံစားမှုပါပဲ။ သေသေချာချာ ကို ထက်သန်တဲ့ ခံစားမှုပါ"

" ဒါပေမယ့်ခင်ဗျ၊ ဒီထက်တော့ ပိုလိမ့်မယ်ထင်ပါတယ်။ သိသာတဲ့ အကြောင်းရင်းတစ်ခုခုရှိရမှာပါ"

မှန်ပါ၏။ သိသာသောအကြောင်းရင်းရှိပါသည်။ မစ္စတာကွင်းထဲမှ ထူး ဆန်းသော သတင်းစကားရှိခဲ့ပါ၏။ သို့ရာတွင် ရဲအုပ်တစ်ဦးကို ထိုအကြောင်း ရင်းပြောပြ၍ မဖြစ်နိုင်ပါ။ မစ္စတာဆတ္ထာဝိတ် အဓိပ္ပာယ်ရှိသောအကြောင်းရင်း ကို ပြောနိုင်ရန် အပြေးအလွှားစဉ်းစားရ၏။ သူအဖြေရသွားပါသည်။ " မနေ့ ညက သူနဲ့ ကျွန်တော် စကားပြောခဲ့ကြတယ်။ သူသိပ်ကို ပျော်နေတယ်လို့ ကျွန်တော့်ကိုပြောတယ်။ သိပ်ပျော်နေတဲ့ အမျိုးသမီးတစ်ယောက်ဟာ ကိုယ့် ကိုယ်ကိုသေကြောင်းကြံမှာ မဟုတ်ပါဘူး။" သူ့စကားကို လက်ခံကြပါသည်။ သူဆက်၍ပြော၏။ " သူနားနေခန်းထဲကို ပြန်သွားပြီး သူဝတ်စားကို ပြန်ယူ သေးတယ်။ မနက်ကျတော့ မွေ့မကျန်အောင်လို့ပါ။ ဒါကလည်း သတ်သေ မယ့်သူမဟုတ်ဘူးဆိုတာ ပြနေတယ်"

" မှန်ပါတယ်" ဟု ရဲအုပ်က ပြော၏။ ထို့နောက် ဒေးဗစ်ကီလီဘက် လှည့်၍ - " ဂစ်တာကို သူအပေါ်ထပ်ယူသွားခဲ့သလား" ဟု မေးလိုက်သည်။ ဒေးဗစ်ကီလီက ပြန်စဉ်းစားလိုက်ပြီး - " ယူသွားတယ်ထင်ပါတယ်။ ဟုတ်ပါ တယ်။ ယူသွားတယ်။ အပေါ်ထပ်တက်တော့ သူ့လက်ထဲမှာ ကိုင်သွားတယ်။ ကျွန်တော်မီးတွေမပိတ်ခင် လှေကားအကွေ့မှာ သူကိုင်သွားတာမြင်လိုက် တယ်"

" အိုး" ဟု မက်ချ် ကအော်လိုက်၏။ " အခုဒီမှာရှိနေပါလား" သူမက စားပွဲတစ်လုံးပေါ်တွင် ရှိနေသော ဂစ်တာကိုလက်ဖြင့် ညွှန်ပြလိုက်သည်။

" အဲဒါတော့ထူးတယ်ဗျ" ဟု ရဲအုပ်ကပြောကာ အနီးရှိလူခေါ်ခေါင်းလောင်းကို တီးလိုက်၏။ ဘတ္တလာ လာသောအခါ နံနက်ပိုင်းတွင် အခန်းသန့်ရှင်းရေးလုပ်သည့် အိမ်ဖော်မိန်းကလေးကို ခေါ်ခိုင်းလိုက်သည်။ ရောက်လာသောအခါ ရဲအုပ်က မေးလိုက်ရာတွင် သူမက ပြတ်သားစွာ အဖြေပေးပါသည်။ သူမ သန့်ရှင်းရေးလုပ်စဉ်ကတည်းက ဂစ်တာမှာ စားပွဲပေါ်တွင် ရှိနေခဲ့ပါသည်။ ရဲအုပ် ဝင့်ဖီးလ်က မိန်းကလေးကို ပြန်လွှတ်လိုက်ပြီး အားလုံးကို လှည့်ပြောလိုက်၏။ " မစ္စတာဆတ္ထဝိတ် နဲ့ ဒေါက်တာတို့ကို ကျွန်တော်သီးသန့် တိုင်ပင်စရာရှိပါတယ်။ ကျန်တဲ့သူတွေသွားလို့ရပါပြီ။ အိမ်ကနေ ဘယ်မှတော့မသွားကြပါနဲ့ဦး" ရဲအုပ်ကတံခါး ပြန်ပိတ်လိုက်ပြီးသည်နှင့် မစ္စတာဆတ္ထဝိတ် ခပ်သွက်သွက်ရှင်းပြလိုက်ပါသည်။

ဒီအမှုကို ရဲအုပ် ကိုင်တွယ်ဖြေရှင်းနေတာဟာ အတော်စနစ်ကျပါတယ်။ သိပ်ကောင်းပါတယ်။ ကျွန်တော်ကတော့ စိတ်ထဲမှာ ထက်ထက်သန်သန် ခံစားလာရလို့ -" ရဲအုပ်က သူ့ကို လက်မြှောက်ပြ၍ တားလိုက်ပါသည်။

" ခင်ဗျား ထင်တာမှန်ပါတယ်၊ မစ္စတာဆတ္ထဝိတ်၊ အမျိုးသမီးဟာ အသတ်ခံခဲ့ရတာပါ"

" ခင်ဗျားသိတယ်ပေါ့" ဟု မစ္စတာဆတ္ထဝိတ် အံ့ဩသွားဟန်ဖြင့် ပြော၏။ ရဲအုပ်က - " ဒေါက်တာမောရစ် နားမလည်နိုင်တဲ့ အချက်တစ်ချို့ရှိနေတာကိုး" ဟု ဒေါက်တာကို ကြည့်ရင်း ပြောပါသည်။ ဒေါက်တာက ခေါင်းညိတ်ပြ၏။ " ကျွန်တော်တို့ စေ့စေ့စပ်စပ်ကြည့်ခဲ့ပါတယ်။ သူ့လည်ပင်းမှာ ရှိနေတဲ့ ကြိုးကွင်းကြောင့် သူသေခဲ့ရတာမဟုတ်ပါဘူး။ အဲဒီကြိုးထက်အများကြီးပိုသေးတဲ့ ဝါယာကြိုးလိုဟာမျိုးကြောင့် သေခဲ့ရတာပါ။ အသားကိုပါဖောက်သွားတယ်။ အဲဒီဒဏ်ရာပေါ်ကမှ ကြိုးအရာဖြစ်နေတာ။ ကြိုးသေးသေးနဲ့ သူလည်ပင်းညှစ်သတ်ခံခဲ့ရတယ်။ ပြီးမှ ကြိုးဆွဲချသေတဲ့ပုံမျိုး ဖြစ်အောင် တမင်စီစဉ်ထားခဲ့တာပါ။"

" ဒါပေမယ့် - ဘယ်သူက -"

" ဟုတ်ပါတယ်" ဟု ရဲအုပ်က ပြော၏။" ဘယ်သူဖြစ်မလဲဆိုတာ ဖော်ထုတ်ကြဖို့ပေါ့။ ကပ်လျက်အခန်းမှာ အိပ်ပြီး ဂွဒ်နိုက်လည်းမလုပ်၊ ဘာသံမှလည်း မကြားပါဘူး ဆိုတဲ့ ခင်ပွန်းယောက်ျားက ဘယ်လိုလဲဗျာ။ ကျွန်တော်တို့ သိပ်ပေးဝေးရှာဖို့ လိုမယ်မထင်ပါဘူး။ သူတို့ထဲက [illegible] ဘယ်လိုဆို

တာမေးကြည့်ကြဖို့ပါပဲ။ အဲဒီမှာ မစ္စတာဆတ္ထဝိတ်ရဲ့ အကူအညီကို လိုလာတာပေါ့ဗျာ"

" ကျွန်တော်တော့ သိပ် - " မစ္စတာဆတ္ထဝိတ် ငြင်းဆန်မည်အပြုတွင် ရဲအုပ်က ဖြတ်ပြော၏။ " ကျွန်တော်တို့ကို ခင်ဗျားကူညီဖော်ထုတ်ပေးခဲ့တဲ့ လူသတ်မှုတွေမှာ ဒါ - ပထမဆုံးမဟုတ်ပါဘူးဗျာ။ မစ္စစ်စထရိန့်ချ်ဝေး ရဲ့ အမှုကို ကျွန်တော်မှတ်မိသေးတယ်။ ခင်ဗျားမှာ ထူးထူးခြားခြား အဖြေမှန်ထုတ်နိုင်တဲ့ စိတ်ကူးဉာဏ်ရှိပါတယ်။ တကယ်ကို သူမတူတဲ့ စိတ်ကူးစိတ်သန်းမျိုးရှိတာပါဗျာ"

ထိုအချက် မှန်ပါလိမ့်မည်။ သူ စိတ်ကူးကောင်းတို့ ထုတ်တတ်သူဖြစ်သည်ကိုတော့ သူ့ကိုယ်သူ သိပါသည်။ သူက တည်ငြိမ်စွာပြန်ပြောလိုက်ပါသည်။ " ကောင်းပါပြီရဲအုပ်၊ ကျွန်တော်အစွမ်းကုန်ကြိုးစားကြည့်ပါမယ်"

ဂျရတ်အင်နက်စလေဟာ သူ့မိန်းမကို သတ်ခဲ့သလား။ မနေ့ညက သုန်သုန်မှုန်မှုန်ဖြစ်နေသော သူ့မျက်နှာကို မစ္စတာဆတ္ထဝိတ် ပြန်စဉ်းစားကြည့်သည်။ သူ့မိန်းမကို သူချစ်ပုံရသည်။ သူ ဆိုးဆိုးဝါးဝါး ခံစားနေရပုံလည်းရှိသည်။ ဆိုးဆိုးဝါးဝါး ခံစားနေရသူများသည် ထူးဆန်းသော အလုပ်များကို လုပ်တတ်ကြပေသည်။

ဒါပေမယ့် တခြားအချက်တစ်ခုလည်းရှိတယ်။ မေဘဲလ်ဟာ သူ့ကိုယ်သူ တောအုပ်ထဲက ထွက်နိုင်တော့မယ့်သူလို့ ပြောခဲ့တယ်။ ပျော်ရွှင်မှုကို သူရတော့မယ်တဲ့။ သဘာဝကျကျ အခြေအမြစ်ရှိရှိ ပေါ်ပေါက်လာမည့် ပျော်ရွှင်မှုမျိုးမဟုတ်ပါ။ မမျှော်လင့်ဘဲ ဟုန်းခနဲ ထတောက်သည့်မီးလို၊ သူပျော်ရွှင်မှုမှာ ရုတ်တရက်ပေါ်ပေါက်လာတတ်သည့် အဆုံးစွန်ပျော်ရွှင်မှုမျိုးဖြစ်နေပါသည်။

ဂျရတ် အင်နက်စလေသည် အမှန်ကို ပြောခဲ့သည်ဆိုလျှင် မေဘဲလ်သည် သူ့ထက်နာရီဝက်မနည်းနောက်ကျပြီးမှ သူမအခန်းသို့ ရောက်လာပေလိမ့်မည်။ သို့တိုင်အောင် သူမ အပေါ်ထပ်သို့ တက်သွားသည်ကို ဒေးဗစ်ကီလီက မြင်ခဲ့ပါသည်။ ထိုအခြမ်းဘက်တွင် နောက်ထပ်အခန်းနှစ်ခု ရှိပေသေးသည်။ မစ္စစ်ဂရေဟမ်နှင့် သူ့သားတို့၏အခန်းများပင်တည်း။

သူ့သား - ။ ဂရေဟမ်လူငယ်က မက်ချ်နဲ့ - ။ သေချာတယ်၊ မက်ချ်စဉ်းစားမိခဲ့လိမ့်မယ်။ ဒါပေမယ့် မက်ချ်လို မိန်းကလေးဟာ စဉ်းစားတွေးတောရင်း အချိန်ကုန်ခံတတ်သူမျိုးမဟုတ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် မီးမရှိဘဲ မီးခိုး မထွက်နိုင်တာ [illegible] ခမှန်ပင်။ မီးခိုး -။ ဟုတ်ပြီ၊ သူသတိရပြီ၊ မစ္စစ်ဂရေ

ဟန် ၏ အိပ်ခန်းတံခါးကြားမှ မီးခိုးငွေ့တလူလူထွက်ခဲ့သည် မဟုတ်လား။ ရုတ်တရက်ပေါ်လာသော စိတ်ကူးဖြင့် သူလှေကားပေါ်တက်သွားပြီး မစ္စစ်ဂရေဟမ်၏ အခန်းထဲသို့ ဝင်လိုက်သည်။ အခန်းထဲတွင် ဘယ်သူမှမရှိပါ။ သူက တံခါးကိုပြန်ပိတ်လိုက်ပြီး သော့ချထားလိုက်သည်။

မီးဖိုတစ်လုံးရှိရာသို့ သူသွားကြည့်သည်။ စက္ကူအချို့ မီးရှို့ထား၍ ပြာဖြစ်နေပြီး အပိုင်းအစများစုပုံနေသည်ကို တွေ့ရ၏။ လက်ညိုးဖြင့် ဖွဖွကလေး ယက်ကြည့်ရာ သူကံကောင်းပါသည်။ အလယ်လောက်တွင် မီးမကျွမ်းသေးသော စာတစ်စောင်၏ အပိုင်းအစများကို တွေ့လိုက်ရပါသည်။ စာရွက်ပိုင်းကလေးများမှာ အစိတ်စိတ်အမွှာမွှာ ဖြစ်နေသော်လည်း သူ၏စိတ်ရှည်စွာဆက်စပ်ပေးမှုဖြင့် အတော်အတန် အရေးပါသောအချက်ကို သိလိုက်ရပါတော့သည်။

" ဘဝဆိုတာ အံ့သြစရာတွေလည်း ဖန်တီးတတ်တယ် ရော်ဂျာ၊ အချစ်ရေ။ ကျွန်မဘယ်တုန်းကမှ မသိခဲ . . . ရှင်နဲ့တွေ့ရတဲ့ အချိန်အထိ ကျွန်မဘဝဟာ အိပ်မက်တစ်ခုလိုပဲ၊ အစစ်အမှန်မဟုတ်သလို . . . ဂျရတ်သိနေတယ်လို့ ကျွန်မထင်. . . စိတ်မကောင်းဖြစ်ပေမယ့် ကျွန်မဘာလုပ်နိုင်မှာလဲ၊ ရော်ဂျာ်ရယ် - ရှင်ကလွဲရင် အားလုံးဟာ ကျွန်မအတွက် အစစ်အမှန်မဟုတ်သလို . . . မကြာခင် ကျွန်မတို့ ဆုံစည်းနိုင်တော့မှာပါ။ လေးဒဲ အိမ်မှာ ရှင် သူ့ကို ဘာပြောမှာလဲ။ ရော်ဂျာ၊ ရှင့်စာမှာရေးထားတာက ထူးခြားနေသလို . . . ကျွန်မ မကြောက်ပါဘူး . . . "

စာရေးစားပွဲပေါ်မှ စာအိတ်တစ်လုံးကိုယူ၍ မီးကျွမ်းစာရွက်အပိုင်းအစများကို မစ္စတာဆတ္ထဝိတ် ဂရုတစိုက် ထည့်လိုက်သည်။ ထို့နောက် တံခါးဆီသို့သွား၍ ဖွင့်လိုက်ရာ တံခါးဝတွင် ရပ်နေသော မစ္စစ်ဂရေဟမ်ကို တွေ့လိုက်ရပါလေ၏။

ကသိကအောက်ဖြစ်ရသောအခိုက်အတန့်ဖြစ်ပါသည်။ မစ္စတာဆတ္ထဝိတ် ရုတ်တရက် မျက်နှာမထားတတ်အောင်ဖြစ်သွားရ၏။ သူက အမှန်အတိုင်းဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။ " ကျွန်တော် မစ္စစ်ဂရေဟမ်ရဲ့ အခန်းကို ဝင်ရှာနေတာပါ။ တွေ့ခဲ့တာကတော့ တစ်ဝက်တစ်ပျက် မီးကျွမ်းနေတဲ့ စာရွက်အပိုင်းအစတွေပဲ။"

သူမမျက်နှာတွင် စိုးရိမ်သည့် အမူအရာ ဖျပ်ခနဲပေါ်သွားပါသည်။ ချက်ချင်းပြန်ပျောက်သွား၏။

" မစ္စစ်အင်နက်စလေ က မဒမ်ရဲ့ သားဆီ[illegible]ပါ"

သူမ ခေတ္တတုံ့ဆိုင်းနေပြီးမှ တည်ငြိမ်စွာပြန်ပြောပါသည်။ " ဟုတ်ပါတယ်။ အဲဒါတွေမီးရှို့လိုက်တာကောင်းမယ်လို့ ကျွန်မထင်လို့ပဲ။"

" ဘာကြောင့်ပါလဲ ခင်ဗျ"

" ကျွန်မသားဟာ မကြာခင်လက်ထပ်ဖို့ စေ့စပ်ထားသူဖြစ်တယ်။ မိန်းကလေး သတ်သေသွားပြီးတဲ့နောက် ဒီစာတွေကို တစ်ယောက်ယောက်တွေ့သွားရင် အထင်လွဲစရာတွေဖြစ်ကုန်နိုင်တယ်"

" မဒမ်ရဲ့သားဟာ သူ့စာတွေကို သူကိုယ်တိုင် မီးရှို့ပစ်နိုင်သားပဲ"

သူ့စကားအတွက် သူမတွင် အဖြေအဆင်သင့်မရှိပါ။ မစ္စတာဆတ္ထဝိတ်က ထိုအခွင့်အရေးကို ယူပြီး ဆက်ပြောပါသည်။ " ဒီစာတွေကို သူ့အခန်းမှာ မဒမ် တွေ့ခဲ့တယ်။ မဒမ်ရဲ့ အခန်းထဲယူလာပြီး မီးရှို့လိုက်တယ်။ ဘာကြောင့်လဲ၊ မဒမ် ကြောက်နေလို့ပေါ့"

" ကျွန်မ ကြောက်တတ်တဲ့သူ မဟုတ်ပါဘူး၊ မစ္စတာဆတ္ထဝိတ်"

"ဒါပေမယ့် အခုကိစ္စကတော့ စိုးရိမ်စရာဖြစ်နေတာကိုး"

" ဘယ်လိုစိုးရိမ်စရာလဲ"

" မဒမ်ရဲ့သားဟာ လူသတ်မှုနဲ့ အဖမ်းခံရနိုင်တဲ့ အန္တရာယ်ရှိနေလို့ပေါ့"

" လူသတ်မှု-"

သူမ မျက်နှာတွင် ကြောက်လန့်မှုကြောင့် ဖြူသွားပါသည်။ သူက ခပ်သွက်သွက်ဆက်ပြောလိုက်၏။ " မနေ့ညက မစ္စစ်အင်နက်စလေ ခင်ဗျားသား ရဲ့ အခန်းကိုဝင်သွားတာ ခင်ဗျားသိလိုက်တယ်။ သူ စေ့စပ်လိုက်တဲ့သတင်းကို အဲဒီမှာ ပြောပြလိုက်လိမ့်မယ်။ သူတို့ စကားများကြတယ်။ ပြီးတော့ သူ- "

" မဟုတ်ဘူး၊ လိမ်တာ"

သူတို့နှစ်ဦး စကားလုပြောနေကြစဉ် အနီးသို့ကပ်လာသော ခြေသံကို မကြားမိကြပါ။ သူတို့ သတိမပြုမိ မီရောဂျာဂရေဟမ် အနားရောက်လာပါသည်။

" ဘာမှ မဖြစ်ပါဘူး မာမီ၊ မစိုးရိမ်ပါနဲ့။ မစ္စတာဆတ္ထဝိတ် ကျွန်တော့် အခန်းကို ခဏလိုက်ခဲ့စေချင်ပါတယ်" မစ္စတာဆတ္ထဝိတ် လိုက်သွားပါ၏။ မစ္စစ်ဂရေဟမ်က လိုက်မလာပါ။ ရော်ဂျာက သူ့အခန်းတံခါးကို ပိတ်လိုက်သည်။

" မစ္စတာဆတ္ထဝိတ် - မေဘဲလ်ကို ကျွန်တော်လည်ပင်းညှစ်သတ်တယ်လို့ ထင်နှေတပ[illegible]ား။ သူ့ကို ကျွန်တော် သူ့အခန်းခေါ်သွားပြီး လူတွေ

အိပ်ကုန်တဲ့အချိန်မှာ သတ်ပစ်လိုက်တယ်လို့။"

မစ္စတာဆတ္ထဝိတ် သူ့ကို စိုက်ကြည့်နေပါသည်။ ထို့နောက် - " ငါ အဲဒီလို မထင်ပါဘူး" ဟု ပြန်ပြောလိုက်သည်။

" တော်ပါသေးရဲ့၊ ဘုရားသခင်ကျေးဇူးတော်ကြောင့်ပဲ။ ကျွန်တော် မေဘဲလ်ကို ဘယ်သတ်နိုင်ပါ့မလဲဗျာ၊ ကျွန်တော် သူ့ကို ချစ်တာကိုး။ ဒါပေမယ့် တကယ်ချစ်တာကော- ဟုတ်ရဲ့လား။ သပ္ပတ်အူတစ်ခုလို ရှင်းပြရခက်တဲ့ကိစ္စပါ။ ကျွန်တော်မက်ချ် ကို သဘောကျပါတယ်။ ဟိုတုန်းကတည်းက ပါပဲ။ ကျွန်တော်တို့ချင်းလည်း တစ်ယောက်အကြောင်းတစ်ယောက် သိကြတယ်။ မေဘဲလ်ကတော့ - ဘယ်လိုပြောရမလဲမသိဘူး၊ သူက ညို့ဓာတ်ရှိသလိုပဲ။ ကျွန်တော်သူ့ကို - သူ့ကိုကြောက်တယ်ခင်ဗျ"

မစ္စတာဆတ္ထဝိတ် နားလည်စွာခေါင်းညိတ်ပါသည်။ " ရှုပ်ရှုပ်ထွေးထွေး ဖြစ်တတ်တဲ့ စိတ်အ့လိုလိုက်မှုမျိုးပဲ။ ယာယီရူးသွပ်သွားတာမျိုးပေါ့ကွာ။ ဒါမျိုးဟာ ကြာရှည်မခံပါဘူး။ မင်းစိတ်ကို စိုးမိုးနေခဲ့တဲ့ ညို့ဓာတ်တွေကို ငါ အခု သဘောပေါက်ပါတယ်။ ဟုတ်တယ်။ ဒီလိုပဲ ဖြစ်ခဲ့ရမှာပဲ"

" ကျွန်တော် အဲဒီအကြပ်အတည်းထဲက လွတ်ချင်နေခဲ့တယ်။ မနေ့ညက မေဘဲလ်ကို ကျွန်တော်ဖွင့်ပြောတော့မလို့ပဲ"

"မပြောဖြစ်ခဲ့ဘူးလား။"

" မပြောဖြစ်ခဲ့ဘူးခင်ဗျာ။" သူက ခပ်ဖြည်းဖြည်းပြန်ဖြေသည်။ " ကျွန်တော် ကျိန်ပြောရဲပါတယ်။ မနေ့ညက အောက်ထပ်မှာ သူ့ကို ဂွဒ်နိုက်လို့ နှုတ်ဆက်ပြီးတဲ့နောက် ကျွန်တော်တို့ ထပ်မတွေ့ရတော့ပါဘူး"

" ငါ မင်းကို ယုံပါတယ်ကွာ" ဟု မစ္စတာဆတ္ထဝိတ်က ပြောပါသည်။ သူထရပ်လိုက်၏။ မေဘဲလ်အင်နက်စလေ ကို သတ်သူမှာ ရော်ဂျာဂရေဟမ် မဟုတ်ပေ။ သူမထံမှ သူ လွတ်ထွက်လိုနေပါ၏။ သို့ရာတွင် သူသတ်ခဲ့ခြင်းတော့ မဟုတ်ပါ။ မိန်းကလေး၏ စူးရှရဲရင့်သော - အမျိုးအမည် မဖော်ပြနိုင်သော - နတ်သမီးပုံပြင်ထဲက တန်ခိုးစွမ်းအားမျိုးရှိသော ထူးခြားမှုတို့ကို သူ ကြောက်ရွံ့နေခဲ့ပါသည်။ အမျိုးအမည်မသိ စွမ်းအားကြီးသော ညို့ဓာတ်တို့ကို သူ နားလည်ပြီး တွန်းလှန်ကျောခိုင်းကာ သူ့အတွက် လုံခြုံစိတ်ချရမည့် တည်ငြိမ်အေးချမ်းသော ဘဝကိုသာရယူနိုင်ရန် ဦးတည်နေပြီဖြစ်ပါသည်။ သူ့ကို အခန်းထဲတွင် ထားခဲ့ကာ မစ္စတာဆတ္ထဝိတ်•အောက်ထပ်သို့ ဆင်းလာခဲ့၏။ နားနေခန်းထဲမှာ လူရှင်းနေပါသည်။ မေဘဲလ်၏ ဂစ်တာငယ်မှာ ပြတင်းပေါက်ဘေးရှိ ခုံနိမ့်ကလေးပေါ်တွင် [illegible]။ သူ ဂစ်တာကို

ကောက်ယူလိုက်ပြီး အမှုမဲ့အမှတ်မဲ့ လှုပ်ခတ်ကစားကြည့်နေပါသည်။ တူရိယာနှင့်ပတ်သက်၍ သူ နားမလည်သော်လည်း ထွက်လာသောအသံမှာ သူ့နားထဲတွင် အဆင်မပြေ အချိုးမကျဖြစ်နေပါသည်။ ကြိုးညှိပေးဖို့ လိုနေသည်မှာ သေချာပါသည်။ သူက ကြိုးထိန်းကီး တစ်ခုကို စမ်း၍လှည့်ကြည့်၏။

ဒေါရစ်စ်ကိုးလ် အခန်းထဲဝင်လာပါသည်။ သူမက သူ့ကိုအပြစ်တင်လိုဟန်ဖြင့် ကြည့်၏။ " မေဘဲလ်ရဲ့ ဂစ်တာလေးပဲ။ " မစ္စတာဆတ္ထဝိတ်က သူမ၏ အပြစ်တင်သောလေသံကို အမှုမထားဘဲ - " ကြိုးညှိတတ်ရင်ညှိပေးစမ်းပါ" ဟု ပြောလိုက်သည်။ ဒေါရစ်စ်က သူ့ကို အထင်သေးဟန်ဖြင့် ပြောသည်ဟု မှတ်ယူကာ ဂစ်တာကို လှမ်းယူ တစ်ချက်တီးကြည့်ပြီး ကီး တစ်ခုကို ခပ်သွက်သွက် လှည့်လိုက်ပါ၏။ ဂစ်တာကြိုးတစ်ချောင်း ထောက်ခနဲ ပြတ်သွားတော့သည်။

" အိုး - ဘယ်လိုကြီးလဲ၊ ဒီလိုတစ်ခါမှမဖြစ်ဖူးပါဘူး - ဟာ- လက်စသတ်တော့ ကြိုးမှားထားတာကိုး၊ ဒါက A ကြိုးကြီးပဲ။ အကြီးဆုံးကြိုးနဲ့များ မှားတပ်ရတယ်လို့။ ကြိုးတပ်တဲ့သူကလည်း ညံ့လိုက်တာ၊ ဒီလောက်တောင်နားမလည်ဘူး"

" ဟုတ်တာပေါ့၊ ပါးပါးနပ်နပ်လုပ်လိုက်ပေမယ့် လွဲတတ်တယ်လေ" ဟု မစ္စတာဆတ္ထဝိတ် က ပြောပါသည်။ ထူးခြားသော သူ့လေသံကြောင့် မိန်းကလေးမော့ကြည့်၏။ သူက ဂစ်တာကိုပြန်ယူပြီး ပြတ်သွားသောကြိုးကို ဖြုတ်လိုက်သည်။ ထိုကြိုးနှင့်အတူ သူ စာကြည့်ခန်းထဲသို့သွားသောအခါ ဒေးဗစ်ကီလီကို တွေ့ရပါသည်။ ကြိုးပြတ်ကို သူက ဒေးဗစ်ကီလီအားပေးလိုက်၏။ ဒေးဗစ်ကီလီက လှမ်းယူရင်း - " ဘာလဲဗျ" ဟု မေးသည်။

" ဂစ်တာကြိုး အပြတ်တစ်ချောင်းပါ။ နောက်တစ်ချောင်းကို ခင်ဗျား ဘာလုပ်ပစ်လိုက်သလဲ"

" ဗျာ၊ ဘယ်လို နောက်တစ်ချောင်းလဲ"

" မိန်းကလေးကို လည်ပင်းပတ်ပြီး သတ်လိုက်တဲ့ကြိုးတစ်ချောင်းပေါ့။ ခင်ဗျားဟာ အတော်ပါးနပ်တဲ့လူပဲ။ ကျွန်တော်တို့ ခန်းမထဲမှာ ရယ်မောစကား ပြောနေကြတုန်း အချိန်ကလေးမှာတောင် ကိစ္စပြီးအောင်လုပ်လိုက်နိုင်တယ်" သူ ဆက်ပြော၏။ " မေဘဲလ် က သူ့ဂစ်တာကိုယူဖို့ အခန်းထဲပြန်လာတယ်။ ခင်ဗျားက အဲဒီအချိန်မှာ ကြိုးတစ်ချောင်းဖြုတ်ပြီးနေပြီ။ ခင်ဗျား သူ့ကို အဲဒါနဲ့ လက်လိုက်ပြီး ဒီအတိုင်းထားခဲ့တယ်။ ပြီးတော့ တံခါးသော့

ခတ်ပြီး ကျွန်တော်တို့ဆီကိုလာတယ်။ နောက်ပိုင်း သန်းခေါင်ကျော်လောက် ကျမှ အလောင်းကို သူအခန်းတံခါး၊ အထက်မှာ ကြိုးဆွဲချတဲ့ပုံချိတ်ထားလိုက်တယ်။ ဂစ်တာမှာ ကြိုးအသစ်တစ်ချောင်း ပြန်ထည့်ထားလိုက်တယ်။ ဒါပေမယ့် အဲဒီမှာ ခင်ဗျားမှားသွားတယ်က ဂစ်တာကြိုးဟာ တလွဲကြိုးဖြစ်နေတာပဲ"

ခေတ္တမျှ တိတ်ဆိတ်သွားပါသည်။ ထို့နောက် မစ္စတာဆတ္ထဝိတ် ကမေး၏။ " ခင်ဗျားဘာလို့ ဒီလိုလုပ်ရတာလဲ၊ ပြောပါဦးဗျ၊ ဘာဖြစ်လို့လဲ"

မစ္စတာကီလီ ရယ်လိုက်သည်။ တခစ်ခစ်နှင့်ကျေနပ်အားရစွာရယ်လိုက်ခြင်းဖြစ်ရာ မစ္စတာဆတ္ထဝိတ် မနှစ်မြို့နိုင်ဖြစ်ဆွားရပါသည်။ " သိပ်လွယ်တယ်ဗျ" ဟု သူက ပြန်ပြော၏။ " ဘယ်သူကမှလည်း ကျုပ်ကို သတိမထားမိကြဘူး။ ကျုပ်ဘာလုပ်နေနေ ဘယ်သူကမှ ဘယ်တုန်းကမှ အတိမထားမိကြဘူး၊ ကျုပ် အဲဒီလူတွေကို ရယ်ချင်တယ်ဗျာ" သူက တခစ်ခစ်ဆက်ရယ်နေပြန်သည်။ သူ၏ ရူးကြောင်ကြောင်မျက်လုံးများက မစ္စတာဆတ္ထဝိတ်ကို ကြည့်နေပါ၏။

ထိုအချိန်တွင် ရဲအုပ်ဝင့်ဖီးလ် အခန်းထဲဝင်လာသောကြောင့် မစ္စတာဆတ္ထဝိတ် စိတ်သက်သာရာရသွားပါသည်။

နောက်နှစ်ဆယ့်လေးနာရီကြာသောအခါ မစ္စတာဆတ္ထဝိတ် လန်ဒန်သို့ ပြန်လာခဲ့ပါသည်။ ရထားထိုင်ခုံပေါ်တွင် အိပ်ငိုက်လျက် လိုက်လာရာမှ တစ်ချက်သတိဝင်လာသောအခါ သူ့ရှေ့ရှိ ထိုင်ခုံတွင် အသားညိုညိုအရပ်မြင့်မြင့် လူတစ်ယောက်ထိုင်လိုက်လာသည်ကို တွေ့ရသည်။

" အိုး - မိတ်ဆွေကြီး မစ္စကွင်း"

" ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ"

မစ္စတာဆတ္ထဝိတ် ဖြည်းဖြည်းပြန်ပြော၏။ " ကျုပ် ခင်ဗျားကို မျက်နှာချင်းဆိုင်ရမှာတောင် ခက်နေတယ်၊ ကျုပ် အရေးနိမ့်ခဲ့တယ်ဗျ၊ ရှက်စရာကြီးပဲ"

" ဟုတ်ရဲ့လား၊ သေချာရဲ့လားဗျာ"

" ကျုပ် မိန်းကလေးကို မကယ်နိုင်ခဲ့ဘူး"

" အမှန်ကိုတော့ ဖော်ထုတ်နိုင်ခဲ့တယ်ဆိုပါတော့"

" ဒါတော့ ဟုတ်ပါတယ်၊ လူငယ်တစ်ယောက်နှစ်ယောက်ဟာ အစွပ်စွဲခံရပြီး အဖြစ်ရှိတယ်တောင် အထင်ခံခဲ့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်လူတစ်ယောက်ရဲ့ အသက်ကိုတော့ ကယ်နိုင်ခဲ့ပါတယ်၊ ငါ့မယ့် - ထူးထူး

ခြားခြားညှို့ဓာတ်ရှိတဲ့ မိန်းကလေး- အဲဒီမိန်းကလေးဟာတော့ - " သူအသံပျောက်သွားပါသည်။

မစ္စတာကွင်း သူ့ကို ကြည့်နေ၏။

" လူတစ်ယောက်အပေါ် ကျရောက်နိုင်တဲ့ အဆိုးဆုံး အဖြစ်ဟာ သေခြင်းတရားပဲလားဗျ" ဟု လည်းမောလိုက်သည်။

" အဲဒါတော့ - အင်း - မဟုတ်ပါဘူးဗျာ"

မစ္စတာဆတ္ထဝိတ် မျက်လုံးမှိတ်လျက် ပြန်စဉ်းစားကြည့်၏။ မက်ချ်နှင့် ရော်ဂျာဂရေဟမ်၊ လရောင်အောက်မှ မောဘဲလ်၏ ဝင်းပနေသောမျက်နှာ၊ တည်ငြိမ်လွန်းလှစွာ ကျောချမ်းစရာကောင်းလောက်အောင် ပြောခဲ့သည့် သူမ၏ ပျော်ရွှင်မှုအတွေးအမြင်၊ မဟုတ်ဘူး ဟု သူစိတ်ထဲမှ ပြောမိ၏။ သေခြင်းတရားဆိုတာဟာ အဆိုးဝါးဆုံး အဖြစ်အပျက်မဟုတ်နိုင်ပါဘူး။ ဖရိဖရဲပုံကျနေသော အပြာမှိုင်းမှိုင်းအရောင်ဝတ်စုံမှာ သူမျက်စိထဲတွင် ဌက်တစ်ကောင်၏ အမွေးအတောင်များနှင့် တူသည်ဟု ထင်ခဲ့၏။ အတောင်တစ်ဖက်ကျိုးဌက်တစ်ကောင်၊

သူ မှေးမှေး မှေးမှေးဖြစ်သွားပြီး မျက်စိနှင့်ကြည့်လိုက်သောအခါ သူ့ရှေ့ထိုင်ခုံကို ဗလာကျင်းလျက်တွေ့ရ၏။ သူမိတ်ဆွေ မစ္စတာကွင်း ရှိမနေတော့ပါ။

ကျော်မွေးစာပေမှ ဆက်လက်စီစဉ်လျက်

၄၈။ ခင်စောတင့် **အမှာစာများ**
၄၉။ သခင်ဘသောင်း **လောကနိဗ္ဗာန်**
၅၀။ ကိုလေးမြတ် **စာအုပ် ၅၀**
၅၁။ ပိုင် **အရိုးစစ်ဆေးမှု လဲက်ရွေးစဉ်ကဗျာများ**
၅၂။ မြင့်သန်း **ဘာသာစကား အခြေခံတည်ဆောက်မှုအတွင်းမှ**
၅၃။ သန်းဝင်းလှိုင် **ဒေါက်တာဘမော်၏ နိုင်ငံရေးလုပ်ဆောင်ချက်များ**
၅၄။ မောင်မောင်မြင့်သိန်း **စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်စကား ပြောကြစို့**
၅၅။ မောင်မောင်မြင့်သိန်း **တယ်လီဖုန်းအင်္ဂလိပ်**
၅၆/၅၇။ နိုင်သစ် **ENGLISH ROR EVERY0NE စာစဉ် ၁/၂**
၅၈။ ကျော်ဝင်း **ဂျပန်အိပ်မက်**
၅၉။ စိုင်းဝင်းမြင့် **ရှေ့ရေး နောက်ရေး အလယ်ရေး ဘေးရေး**